

မြင်းခြံမြို့၊
ကိုးဆောင်တိုက်၊ ပခုက္ကူကျောင်းသစ်၊
ဂဏဝါစက
အရှင်ကုန္ဒကာဘိဝံသ
ရေးသားစီရင်တော်မူအပ်သော

# အခြေခံ

# ဘာသာရေးကျမ်းကြီး

မြင်းခြံမြို့

ကိုးဆောင်တိုက်၊ ပခုက္ကူကျောင်းသစ်

မှ

အရှင်ဇနကာဘိဝံသ

၏

သာသနာပြု မြင်းခြံစာပေ

ခေါ်

# အခြေခံဘာသာရေး

# ကျမ်းကြီး


သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်မှတ် (၄) ကျမ်းစာ



သုဓမ္မဝတီစာပုံနှိပ်တိုက်
တိုက်နံပါတ် ၅၃—စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။



[illegible]
စာကြည့်တိုက်
[illegible]

ထုတ်ဝေသူ — ဒေါ်စိန်စိန် မှတ်ပုံတင်အမှတ် ၀၂၀၃၃

တင်တင်အေး ပိဋကတ်စာပေတိုက်၊

အမှတ် - ၁၄၊ ရွှေတိဂုံဘုရား ဈေးတော်ရှိ တောင်ဘက်၊

ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် ၈၄၀၉ - က

ပုံနှိပ်သူ — ဦးသိန်းဝင်း မှတ်ပုံတင်အမှတ် ၀၂၁၅၅

သုဓမ္မဝတီစာပုံနှိပ်တိုက်၊

အမှတ် - ၅၃၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

၁၃၃၉- ခု၊ ကဆုန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၂၀၀၀။

အဘိုး ၂၀ိ

၆၉၅၇



## ကျမ်းပြု အရှင်ဇနကာဘိဝံသ

မြင်းခြံမြို့၊ ၁၉-လမ်း၊ နွားကူးတန်း အိမ်အမှတ်-၅၈ နေ၊
ဆေးရိုးစက်ပိုင်ရှင် ဦးကြည်-ဒေါ်ပန်းရင် တို့မှ
၁၂၉၅-ခု၊ နယုန် လဆန်း ၅-ရက် တနင်္ဂနွေနေ့
ည၌ သန်းခေါင်ကျော် ၁-နာရီ အချိန်တွင်
ဖွားမြင်သည်။

မြင်းခြံမြို့၊ ၁၅-ရပ်ကွက်၊ မိတ္ထီလာလမ်း၊ တိုက်အမှတ်
၃၂၉-နေ မင်္ဂလာသီရိဆေးရိုးစက်ပိုင်ရှင် - ဆေးကုန်သည်နှင့်
ပွဲစား ဦးဘမောင်-ဒေါ်ကျင်ရွှေ တို့၏
ညီအရင်း ဖြစ်သည်။

# အချီးနိဒါန်း

**သာသနာပြု မြင်းခြံစာပေ**

သာသနာတိ တေ သဒ္ဓမ္မော၊
ပြုသူတိ အာဒိဂေါတမော။
မြင်းခြံ ပုရေ လိခိတ္ဘာယံ၊
စာပေ တတော သုမုဒ္ဒိတော။

တေ သဒ္ဓမ္မော၊ ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, အဓိဂမသဒ္ဓမ္မ အားဖြင့် သုံးပါးသော သဒ္ဓမ္မသည်။ သာသနာတိ-သာသနာ နာမ၊ သာသနာမည်၏။ ပြုသူတိ၊ သုံးရပ်သာသနာ ပြုသူသည်ကား။ အာဒိဂေါတမော၊ အဦးအစ ပထမ၌ ဂေါတမတွင် ဘုရားရှင်ပင်တည်း။ တတော၊ ထိုလက်ဦးပထမ သာသနာပြု ရှင်တော်ဂေါတမ၏ သုံးရပ်သာသနာ ပိဋကတ်သုံးဖြာမှ။ အယံ စာပေ၊ ဤသမ္မာအယူ မြန်မာလူတို့ လွယ်ကူစွာပင် ရှုမြင်နိုင်လေ အခြေခံ ဘာသာရေး ကျမ်းစာပေကို။ မြင်းခြံပုရေ၊ တိုင်းမန္တလာ တောင်လက်ျာတွင် ရောရွှေစွန်း တောက်ထွန်းထင်ပေါ် မြင်းခြံမြို့တော်၌။ လိခိတ္ဘာ၊ ဗုဒ္ဓဘာသာ သာသနာကို နှောင်လာမြန်လူ လေးမူလိုက်နာ အကျိုးဖြာမူ ရည်မှတ်ပြုကာ ပေါင်းစု သားနား ရေးသားပြီး၍။ သုမုဒ္ဒိတော၊ ကောင်းစွာစက်တင် ပြုပြင်သေသပ် ပုံနှိပ်အပ်ပါသတည်း။ (သာသနာတိ-၌ ဣတိသဒ္ဒါ နာမဝါစက။)

**သဒ္ဓမ္မသုံးဖြာ သာသနာ**

“တိဝိဓော သဒ္ဓမ္မော ပရိယတ္တိသဒ္ဓမ္မော, ပဋိပတ္တိသဒ္ဓမ္မော, အဓိဂမသဒ္ဓမ္မောတိ၊ တတ္ထ ပိဋကတ္တယသင်္ဂဟိတံ သဗ္ဗမ္ပိ ဗုဒ္ဓဝစနံ ပရိယတ္တိသဒ္ဓမ္မော နာမ၊တေရသဓုတဂုဏာ,စုဒ္ဒသခန္ဓကဝတ္တာနိ, ဒွေအသီတိ မဟာဝတ္တာနိ, သီလသမာဓိ ဝိပဿနာတိ အယံ

သုမင်္ဂလဝိလာသိနီ (က) ၁၀၄– က

(၁) အချီးနိဒါန်း

ပဋိပတ္တိသဒ္ဓမ္မော နာမ၊ စတ္တာရော အရိယမဂ္ဂါ, စတ္တာရိ စ
သာမညဖလာနိ, နိဗ္ဗာနဥ္စာတိ အယံ အဓိဂမသဒ္ဓမ္မောနာမ။

ပရိယတ္တိသဒ္ဓမ္မ

ဗောဓိပင်နှင့် ရတနာပလ္လင်တွင် သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရတော်မူသည်မှ အစပြုပြီး ကုသိနာရုံ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် ပရိနိဗ္ဗာန် ပြုတော်မူသည် တိုင်အောင် လေးဆယ့်ငါးဝါ ကာလပတ်လုံး ဆင်ခြင်သုံးသပ်ဆုံးဖြတ်ဟောကြား ဆုံးမတော်မူ၍ ထားခဲ့တဲ့ နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာ အင်္ဂါကိုးတန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်တို့သည်'ပရိယတ္တိသဒ္ဓမ္မ' မည်ကုန်၏။

ပဋိပတ္တိသဒ္ဓမ္မ

ဓုတင်တဆယ့်သုံးပါး, ခန္ဓကဝတ်တဆယ့်လေးပါး, မဟာဝတ်ရှစ်ဆယ့်နှစ်ပါး,သီလ,သမာဓိ,ဝိပဿနာတို့သည် 'ပဋိပတ္တိသဒ္ဓမ္မ'မည်ပါကုန်၏။

အဓိဂမသဒ္ဓမ္မ

အရိယာမဂ်လေးပါး, သာမညဖိုလ်လေးပါး, နိဗ္ဗာန် အားဖြင့် ကိုးပါးသော လောကုတ္တရာတရားတော်တို့သည် 'အဓိဂမသဒ္ဓမ္မ'မည်ပါကုန်၏။

ဤသဒ္ဓမ္မ သုံးဖြာသည်ပင် မြတ်ဘုရား၏ အဆုံးအမ သာသနာမည်ပါသည်။

လက်ဦးပြုပြင် ဘုရားရှင်

"ဣမသ္မိံ ဘဒ္ဒကပ္ပေ ကကုသန္ဓော, ကောဏာဂမနော,
ကဿပေါ,ဂေါတမော အမှာကံ သမ္မာသမ္ဗုဒ္ဓေါတိ စတ္တာရော
ဗုဒ္ဓါ ဥပ္ပန္နာ၊ မေတ္တေယျော ဥပ္ပဇ္ဇိဿတိ၊ ဧဝမယံ ကပ္ပေါ
ပဥ္စဗုဒ္ဓုပ္ပါဒပဋိမဏ္ဍိတတ္တာ သုန္ဒရကပ္ပေါ သာရကပ္ပေါတိ။"

(သုတ်မဟာဝါ အဋ္ဌကထာမှ)

ဤဘဒ္ဒကမ္ဘာ၌ ဘုရားငါးဆူ ပွင့်မည်ဖြစ်ရာ ကကုသံ, ကောဏာဂုံ, ကဿပ, ဂေါတမ ဘုရားလေးဆူ ပွင့်တော်မူပြီးဖြစ်သည်၊ မေတ္တေယျဘုရား တဆူကား

ပွင့်ရန် ကျန်သေး၏၊ လက်ရှိသာသနာကား ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား၏သာသနာပင် ဖြစ်ပေသည်။

ဂေါတမဘုရားရှင်လည်း ပဉ္စဝဂ္ဂီငါးဦး ရှင်ယသအမှူးရှိတဲ့ ရဟန္တာများခြောက်ကျိပ်သော တပည့်သားတို့ကို—

"စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ"

စသည်ဖြင့် ချစ်သားတို့.... လူနတ်ပြဟ္မာ သတ္တဝါတို့၏ စီးပွားချမ်းသာအလို့ငှါ ရွာ,နိဂုံး,မင်းနေပြည်များသို့ ဒေသစာရီ လှည့်လည်ပြီး သာသနာပြုကြရမည်။

"မာ ဧကေန ဒွေ အဂမိတ္ထ"

ခရီးတလမ်းကို နှစ်ပါး မသွားကြရဘူး။

"ဒေသေထ ဘိက္ခဝေ ဓမ္မံ အာဒိကလျာဏံ"

စသည်ဖြင့် ချစ်သားတို့.... ရောက်ရာရောက်ရာ ရွာ,နိဂုံး, မင်းနေပြည်တို့မှာ တရားအစမှာ သရဏဂုံ, ပဉ္စသီလ စသည်အပြား သီလများကို ဟောပြောပြသကြရမည်၊ တရားအလည်မှာ ဝိပဿနာအချက်နှင့် ဉာဏ်စဉ်တက်ပြီးသစ္စာလေးပါး အရိယာမဂ်များကို ဟောပြောပြသကြရမည်၊ တရားအဆုံးမှာ ဘဝလက်စ ရပ်ပြီး ရပ်ရောနာမ်ပါ အပြီးသတ် ချုပ်ငြိမ်းခြင်းသဘော နိဗ္ဗာန်ကို ပမာပြမည်၊ အနည်းနည်းဖြင့် သိပ်သည်း သေချာ ထင်ရှားလာအောင် ဟောပြောပြသကြရမည်။

ဤကဲ့သို့ သီလမှစပြီး မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် အာဒိကလျာဏ, မဇ္ဈေကလျာဏ, ပရိယောသာနကလျာဏ အစ အလည် အဆုံး ကောင်းခြင်းသုံးဖြာ အနက်သဒ္ဒါတို့နှင့် ပြည့်စုံလှတဲ့ တရားတော်များကို ဟောကြားကြရမည်၊ အဓိဂမ သဒ္ဓမ္မကို ရထိုက်တဲ့ ဥပနိဿယနှင့်ပြည့်စုံဟဲ့ သတ္တဝါတွေ ရှိကြပါတယ်၊ ဒီသတ္တဝါတွေဟာ တရားတော်ကို မနာကြားရပါလျှင် မဂ်ဖိုလ်မှ ဆုတ်ယုတ်နစ်နာကြပါလိမ့်မည်၊ တရားတော်ကို နာကြားကြရပါလျှင် မဂ်ဖိုလ်တရားထူးကို ရကြပါလိမ့်မည်။

"တုမှေ ဒါနိ ဘိက္ခဝေ တာသု တာသု ဒိသာသု တေသု တေသု ဇနပဒေသု ပဗ္ဗာဇေထ ဥပသမ္ပာဒေထ"

"အနုဇာနာမိ ဘိက္ခဝေ တီဟိ သရဏဂမနေဟိ ပဗ္ဗဇ္ဇံ ဥပသမ္ပဒံ"

ချစ်သားတို့....ရောက်ရာ ရောက်ရာ ရွာ,နိဂုံး, မင်းနေပြည်တို့မှာ ရှင်ပြုလိုတဲ့ ပုဂ္ဂိုလ်များကို ရှင်ပြုပေးကြပါ၊ ရဟန်းခံလိုတဲ့ ပုဂ္ဂိုလ်များကို ရဟန်းခံပေးကြပါဟု သရဏဂုံသီလဖြင့်ပင် ရှင်အဖြစ်, ရဟန်းအဖြစ်ကို ခွင့်ပြုမိန့်မှာတော်မူပြီး အမြို့မြို့ အရွာရွာသို့ သာသနာပြု စေလွှတ်တော်မူသည်၊ ယင်းသို့လျှင် ဂေါတမ ဘုရားရှင်လည်း တပည့်များနှင့်အတူ လေးဆယ့်ငါးဝါ ကာလပတ်လုံး နေ့ရော ညပါ အားလပ်ခွင့် မရသာအောင် အမြို့မြို့ အရွာရွာသို့ လှည့်လည်ပြီး သာသနာ ပြုတော်မူခဲ့လေသည်။

**ဆက်လက်ပြုပြင် တပည့်စဉ်**

ဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် ဘုရားရှင်၏ တပည့်အဆက်ဆက်ပင် ထက်မြက်သော သဒ္ဓါတရားဖြင့် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ စီးပွား ချမ်းသာ အလို့ငှါ ဓမ္မစက်, အာဏာစက်တို့ဖြင့် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပြီး သာသနာတော်၏ ရန်ဆူးရန်ငြောင့်တို့ကို ဖယ်ရှင်း သုတ်သင် သံဃါယနာ ခြောက်ကြိမ်တိုင် တင်၍ သဒ္ဓမ္မသုံးဖြာ ရှည်မြင့်စွာ တည်စိမ့်ငှါလျှင် အမြို့မြို့ အရွာရွာမှာ သာသနာပြုတော်မူခဲ့ကြလေသည်။

**ခုခေတ် ပြုပြင် ဒို့မြန်ခွင်**

ခုခေတ် မြန်မာတိုင်းပြည်တွင် အချို့အရပ်ဒေသတွေမှာ သာသနာပြု ပုဂ္ဂိုလ်တွေ အများအပြား ထွန်းကားပြီး–

၁။ ဘာသာရေး ခံယူပွဲကြီးတွေ၊

၂။ စုပေါင်း တရားပွဲကြီးတွေ၊

၃။ စုပေါင်း ရှင်ပြုပွဲကြီးတွေ၊

၄။ စုပေါင်း ရှဟန်းခံပွဲကြီးတွေ၊

ကျင်းပပြုလုပ်ကြတယ်၊ အလွန်ကောင်းမြတ် မှန်ကန်တဲ့ သာသနာ့ဘာသာ ကြီးပွားရေး အလေ့အထကြီးတွေပင် ဖြစ်ပေ၏၊ မြို့တိုင်း ရွာတိုင်းမှာပင် အခါ အခွင့် သင့်သလို ပြုလုပ်သင့်ပေ၏၊ သဒ္ဓမ္မသုံးဖြာ ရှည်မြင့်စွာ တည်ကြောင်း များပင် ဖြစ်လေသည်။

**သာသနာပြုရာ သိသင့်စွာ**

သာသနာပြု ပုဂ္ဂိုလ်ဟူသည် သာမညပုဂ္ဂိုလ်မျိုး မဖြစ်သင့်ပေ၊ ပါရမီ ဓာတ်ခံနှင့် ရေးဘုန်းကံ အခွင့်သာတဲ့ သူမွန်သူမြတ်တို့သာ သဒ္ဓမ္မသုံးဖြာ ရှည်မြင့်စွာ တည်ထွန်းအောင် ကြိုးစားနိုင်ကြသည်၊ သာသနာပြု လုပ်ငန်းတိုင်း မှာလည်း အတ္တဟိတထက် ပရဟိတကို အဓိကထားရလေသည်၊ ထို့ကြောင့် သာသနာပြု ပုဂ္ဂိုလ်သည် ကိုယ်ကျိုးရှာ ပစ္စုပ္ပန်အရေးကို မရှုငဲ့ဘဲ အများချမ်း သာမှုကို ပဓာနပြုပြီး ရတနာသုံးပါးကို မကြည်ညို မကိုးကွယ် မဆည်းကပ် သူတို့ကို ကြည်ညို, ကိုးကွယ်, ဆည်းကပ်လာအောင် ဟောပြောပြသ၍ သရဏဂုံ ဆောက်တည်စေပြီး ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိပုဂ္ဂိုလ်အဖြစ်သို့ ရောက်အောင် ပြုကြ ရမည်။

ရတနာသုံးပါးကို ကြည်ညိုကိုးကွယ်ဆည်းကပ်ပြီး ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်များကို ငါးပါးသီလ ဆောက်တည်စေကြရမည်၊ သရဏဂုံ တည်ပုံ ပျက်ပုံ အကျိုးအပြစ် အနက်အဓိပ္ပါယ်၊ ငါးပါးသီလ တည်ပုံပျက်ပုံ အကျိုး အပြစ် အနက်အဓိပ္ပါယ်တို့ကို ဟောပြောပြသ၍ လူတိုင်း လူတိုင်း၏ သန္တာန်မှာ သရဏဂုံ ပဥ္စသီ ခါးဝတ်ထည်ကဲ့သို့ တည်အောင် ပြုကြရမည်၊ ထို့ထက်အလွန် ရှစ်ပါးသီလ, ဆယ်ပါးသီလ ဆောက်တည်စေခြင်း၊ ရှင်ပြုလိုတဲ့ ပုဂ္ဂိုလ်များကို ရှင်ပြုပေးခြင်း၊ ရဟန်းခံလိုတဲ့ ပုဂ္ဂိုလ်များကို ရဟန်းခံပေးခြင်း၊ ကောင်းခြင်း သုံးဖြာ အနက်သဒ္ဒါတို့နှင့် ပြည့်စုံတဲ့ တရားတော်များကို ဟောပြောပြသခြင်း ဖြင့် သဒ္ဓမ္မသုံးဖြာ ရှည်မြင့်စွာ တည်အောင်ပြုကြရမည်။

**မြင်းခြံ၌ဘုံနေ ဤစာပေ**

ဤသာသနာပြု အခြေခံဘာသာရေး စာပေကို မြင်းခြံမြို့တွင် စာပေပို့ချရင်း အားလပ်ခွင့် အချိန်အခါဖြင့် ကောင်းနိုးရာရာ ပိဋကတ်သုံးဖြာ ပါဠိ

အဋ္ဌကထာ ဋီကာတို့မှ ရွေးချယ်စီစစ်ပြီး မကျယ်မဝန်း လိုရင်းမျှကိုသာ ယူ၍ သာသနာပြုသူ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိလူတို့နှင့် အံဝင်ဂွင်ကျ ဆီလျော်လှပြီး ပစ္စုပ္ပန်တမလွန် အကျိုးစီးပွား ဖွံ့ထွားနိုင်အောင် ကန်တော့ခဏ်း,သရဏဂုံခဏ်း, ငါးပါးသီလခဏ်း, ရှစ်ပါးသီလခဏ်း, ဆယ်ပါးသီလခဏ်း အဖွင့်များ၊အပဒါန် ပါဠိတော်နှင့် အခြားပါဠိတော်လာ ဒါနအကျိုးများ၊ မှတ်သိဖွယ်ရာ အကျိုး အပြစ် ဝတ္ထုသက်သေ မှတ်ချက်အထွေထွေ လေ့ကျင့်ခဏ်း မေးခွန်းတွေဖြင့် စုံလင်စွာ တန်းဆာဆင်ပြီး သေချာ ကျစ်လစ် အနှစ်ပါပါ ရေးသားထား ပါသည်။

## လေ့ကျင့်သင့်စွာ လူတိုင်းသာ

သို့ပါ၍ ဤ အခြေခံဘာသာရေး စာပေကို သာသနာပြု အာဇာနည် လူရည် ချွန် ပုဂ္ဂိုလ်များ၊ ကျောင်းသား လူငယ်ပိုင်း, လူလတ်ပိုင်း, လူကြီးပိုင်း၊ ရဟန်း တော်များ၊ ရှင်သာမဏေများ၊ သီလရင်များ အားလုံးပင် လက်စွဲပြုပြီး ဘတ်ရှု လေ့လာ လိုက်နာကျင့်ကြံ အဖန်ဖန် ဖွားထုတ်ပြီး သဒ္ဓမ္မသုံးဖြာ ရှည်မြင့်စွာ တည်မှုမိမိတို့အဘို့လည်း ပစ္စုပ္ပန် တမလွန် အကျိုးစီးပွား ဖွံ့ထွားမှုကို အလေးဂရု ပြုကြရမည်။

## ရည်ရွယ်ချက်မှာ ဤသို့သာ

မြန်မာလူမျိုးမှ ပေါက်ဖွားလာတဲ့ မြန်မာအမျိုးသား အမျိုးသမီးတိုင်းပင် ဗုဒ္ဓဘာသာဝင်ဟု လူတိုင်းပင် မှတ်ထင်လေ့ရှိသည်၊ ဟုတ်လည်း ဟုတ်ပါပေသည်၊ အမေ အဖေ မိစ္ဆာမျိုးဖြစ်လျှင် သားသမီးလည်း မိစ္ဆာဒိဋ္ဌိ၊အမေအဖေ သမ္မာမျိုး ဖြစ်လျှင် သားသမီးလည်း သမ္မာဒိဋ္ဌိလို့အများမှတ်ယူမှုကိုအများအားဖြင့် မငြင်း ပယ်နိုင်ပါချေ၊ အကြောင်းကို ဆင်ခြင်လျှင် သမ္မာဒိဋ္ဌိ မိခင်ဘခင်တို့ စေတီပုထိုး ရုပ်ပွားဆင်တုတော်များကို တွေ့မြင်လျှင် 'သား,သား ဘုရားကို ဦးချလိုက် လေ၊' ရဟန်းသံဃာကို တွေ့မြင်ပြန်လျှင်လည်း သား,သား ဘုန်းဘုန်းကို ဦးချ လိုက်လေ'ဟု ကိုယ်တိုင်လည်း ဦးချ၊ သားငယ် သမီးငယ်တို့ကိုလည်း သင်ပြ၍ အစဉ် အရာရာ ဒိဋ္ဌာနုဂတိဖြင့် သမ္မာဒိဋ္ဌိဘက်သို့သာ သက်စေခဲ့ကြလေသည်။

ယင်းသို့လျှင် မြန်မာတိုင်းပြည်အနေနှင့် ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ လက်ခံရှိလည်း အချို့ကား သရဏဂုံမျှ မဆောက်တည်တတ်၊ သရဏဂုံ အနက်အဓိပ္ပါယ် တည်ပုံပျက်ပုံ အပြစ်အကျိုးတို့ကိုလည်း မသိ နားမလည်၊ အချို့ကား ငါးပါးသီလမျှ မဆောက်တည်တတ်၊ ငါးပါးသီလ၏ အနက်အဓိပ္ပါယ် တည်ပုံပျက်ပုံ အပြစ်အကျိုးတို့ကိုလည်း မသိ နားမလည်၊ ယောင်ဝါးဝါး ဗုဒ္ဓဘာသာ အမည်ခံ အပေါ်ရံလောက်သာ ဒိဋ္ဌာနုဂတိဖြင့်ဘဲ နှစ်သိမ့်ကျေနပ်နေကြသည်။

ခုလို သာသနာ အလွန်ထွန်းလင်းခိုက်မှာ ဒါလောက်နှင့်နှစ်သိမ့်ကျေနပ်နေမှုကိုပင် လက်မခံနိုင်ပါချေ၊ တကယ် ထိထိမိမိနှင့် ကိုယ်တိုင် သိရှိနားလည်ပြီး လက်ခံကျင့်သုံးနိုင်ဘို့ အရေးကြီးပေသည်၊ဤကျမ်းစာအုပ်သည် ထိုပုဂ္ဂိုလ်မျိုးတို့အတွက် အရေးပါသော ကူညီချက်တရပ်ပင် ဖြစ်ပေ၏၊ ယင်းသို့ အချက်အလက်များကို ရှု၍ သဒ္ဓမ္မသုံးဖြာ ရှည်မြင့်စွာ တည်စေရန် သတ္တဝါများ ချမ်းသာစီးပွားများစေရန် ဟူသော အဓိက ရည်ရွယ်ချက် ထက်မြက်သော သဒ္ဓါတရားကို အရင်းခံထားပြီး **'သာသနာ့ပူ မြင်းခြံစာပေ'** ဟူသော အမည်ဖြင့် ဤ **အခြေခံဘာသာရေး စာအုပ်**ကို ရေးသားထုတ်ဝေလိုက်ရပါသတည်း။

**သန္ဒဿေကထာ**

အယုတ္တမိမစေကတ္ထိ၊ ပဿေ ကတ္ထာန သောခနံ။
ဟိတတ္ထိကေန စိတ္တေန၊ သမ္မာ ပေက္ခန္တု သဇ္ဇနာ။

အရှင်ဉာဏကာဘိဝံသ
ပခုက္ကူကျောင်း- ကိုးဆောင်တိုက်
မြင်းခြံမြို့။

## ဤ စာအုပ်တွင် မှိုင်မြင်း ပါဝင်သည့်
# ကျမ်းစာများ

**ဒီဃနိကာယ်**

၁။ သီလက္ခန် ပါဠိတော်
၂။ ၎င်း အဋ္ဌကထာ
၃။ ၎င်း ဋီကာ
၄။ သုတ်မဟာဝါ အဋ္ဌကထာ
၅။ ၎င်း ဋီကာ
၆။ သုတ်ပါထေယျ ပါဠိတော်
၇။ ၎င်း အဋ္ဌကထာ
၈။ ၎င်း ဋီကာ

**မဇ္ဈိမနိကာယ်**

၉။ မဇ္ဈိမပဏ္ဏာသ ပါဠိတော်
၁၀။ ၎င်း အဋ္ဌကထာ
၁၁။ ၎င်း ဋီကာ
၁၂။ ဥပရိပဏ္ဏာသ ပါဠိတော်
၁၃။ ၎င်း အဋ္ဌကထာ
၁၄။ ၎င်း ဋီကာ

**သံယုတ္တနိကာယ်**

၁၅။ သံယုတ်ငါးကျမ်း ပါဠိတော်
၁၆။ ၎င်း အဋ္ဌကထာ
၁၇။ ၎င်း ဋီကာ

**အင်္ဂုတ္တရနိကာယ်**

၁၈။ အင်္ဂုတ္တိုရ် (၁၁)ကျမ်း ပါဠိတော်
၁၉။ ၎င်း အဋ္ဌကထာ
၂၀။ ၎င်း ဋီကာ

ခုဒ္ဒကနိကာယ်

၂၁။ ပါစိတ် ပါဠိတော်
၂၂။ ၎င်း အဋ္ဌကထာ
၂၃။ ဝိနည်း မဟာဝါပါဠိတော်
၂၄။ ၎င်း အဋ္ဌကထာ
၂၅။ ၎င်း ဋီကာများ
၂၆။ ခုဒ္ဒကပါဌ ပါဠိတော်
၂၇။ ၎င်း အဋ္ဌကထာ
၂၈။ ဓမ္မပဒ ပါဠိတော်
၂၉။ ၎င်း အဋ္ဌကထာ
၃၀။ သုတ္တနိပါတ် အဋ္ဌကထာ
၃၁။ အပဒါန် ပါဠိတော်
၃၂။ ၎င်း အဋ္ဌကထာ
၃၃။ ပေတဝတ္ထု အဋ္ဌကထာ
၃၄။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်
၃၅။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ
၃၆။ အဋ္ဌသာလိနီ အဋ္ဌကထာ
၃၇။ ဇာတ် အဋ္ဌကထာများ
၃၈။ ကင်္ခါဝိတရဏီ အဋ္ဌကထာ
၃၉။ အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာ
၄၀။ အင်္ကုရ ဋီကာ
၄၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- | --- |
| ၁။ | အချီးနိဒါန်း .... .... .... | (က) |
| ၂။ | သာသနာပြု မြင်းခြံစာပေ .... .... .... | (က) |
| ၃။ | သဒ္ဒမှ သုံးဖြာ သာသနာ .... .... .... | (က) |
| ၄။ | ပရိယတ္တိသဒ္ဓမ္မ .... .... .... | (ခ) |
| ၅။ | ပဋိပတ္တိသဒ္ဓမ္မ .... .... .... | (ခ) |
| ၆။ | အဓိဂမသဒ္ဓမ္မ .... .... .... | (ခ) |
| ၇။ | လက်ဦးပြုပြင် ဘုရားရှင် .... .... .... | (ခ) |
| ၈။ | ဆက်လက်ပြုပြင် တပည့်စဉ် .... .... .... | (ဃ) |
| ၉။ | ခုခေတ်ပြုပြင် ဒို့မြန်ခွင် .... .... .... | (ဃ) |
| ၁၀။ | သာသနာပြုရာ သိသင့်စွာ .... .... .... | (င) |
| ၁၁။ | မြင်းခြံဌာနေ ဤစာပေ .... .... .... | (င) |
| ၁၂။ | လေ့ကျင့်သင့်စွာ လူတိုင်းသာ .... .... .... | (စ) |
| ၁၃။ | ရည်ရွယ်ချက်မှာ ဤသို့သာ .... .... .... | (စ) |
| ၁၄။ | သန္နေသကထာ .... .... .... | (ဆ) |
| | **ပဏ္ဍာမ နှင့် ပဋိညာဉ်** | |
| ၁၅။ | ဗုဒ္ဓပ္ပဏာမ .... .... .... | ၁ |
| ၁၆။ | ဓမ္မပ္ပဏာမ .... .... .... | ၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁၇။ | သံဃပူဇာဝမ | ၁ |
| ၁၈။ | ပဋိညာဉ် | ၁ |


## ပဌမပိုင်း


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁၉။ | သီလဆောက်တည် သိသင့်သည် | ၄ |
| ၂၀။ | ဂဟဋ္ဌသီလ နိစ္စ, အနိစ္စ | ၄ |
| ၂၁။ | အပေါင်း အစိတ် ဆောက်တည်နိုင်သည် | ၄ |
| ၂၂။ | အပေါင်း အစိတ် ဆောက်တည်ရာ၌ ခြားနားချက် | ၅ |
| ၂၃။ | ဤပုဂ္ဂိုလ်များထံ ဆောက်တည်နိုင်သည် | ၇ |
| ၂၄။ | ကိုယ်တိုင်လည်း ဆောက်တည်နိုင်သည် | ၇ |
| ၂၅။ | သီလဆောက်တည်ရာ၌ နှုတ်မြွက်ပါ | ၈ |
| ၂၆။ | သရဏဂုံပါမှ အကျိုးကြီး | ၈ |
| ၂၇။ | သရဏဂုံ ဤပုဂ္ဂိုလ်များထံ ဆောက်တည်နိုင်သည် | ၈ |
| ၂၈။ | ကိုယ်တိုင်လည်း ဆောက်တည်နိုင်သည် | ၉ |
| ၂၉။ | လေ့ကျင့်ခဏ်း မေးခွန်းများ | ၉ |
| ၃၀။ | ခွင့်တောင်းခဏ်း အဖွင့် | ၁၀ |
| ၃၁။ | ကန်တော့ခဏ်း အဖွင့် | ၁၁ |
| ၃၂။ | ပြစ်မှားမိလျှင် ဒဏ်သင့်မည် | ၁၂ |
| ၃၃။ | ဒဏ်ဆယ်ပါး | ၁၂ |
| ၃၄။ | ကျက်မှတ်ရန် | ၁၃ |
| ၃၅။ | မနောဂကံအပြစ် (သောရေယျဝတ္ထုရဝတ္ထု) | ၁၄ |

| ဦးရေ | အကြောင်းအရာ | စာချက်နှာနံပါတ် |
| --- | --- | --- |
| ၃၆။ | သောရေယျသူဌေးသား ရေချိုးထွက် .... .... | ၁၄ |
| ၃၇။ | ကစ္စည်းထေရ်အား စိတ်ဖြင့်ပြစ်မှား .... .... | ၁၄ |
| ၃၈။ | ပုရိသလိင်ကွယ်ပျောက် ဣတ္ထိလိင်ရောက် .... .... | ၁၄ |
| ၃၉။ | သေပြီအထင်နှင့် မတကာဘတ်ပေး .... .... .... | ၁၅ |
| ၄၀။ | တက္ကသိုလ်ပြည်သို့သွား .... .... .... | ၁၅ |
| ၄၁။ | တက္ကသိုလ်ပြည်၌ သူဌေးသားနှင့် အိမ်ထောင်ကျ .... | ၁၅ |
| ၄၂။ | သားလေးယောက် .... .... .... | ၁၆ |
| ၄၃။ | မိတ်ဆွေဟောင်း သူဌေးသားနှင့်တွေ့ .... .... | ၁၆ |
| ၄၄။ | ကြောင်းကျိုးထွေရာ မေးမြန်းလာ .... .... .... | ၁၆ |
| ၄၅။ | အသျှင်ကစ္စည်းထေရ်အား ကန်တော့ရန်ပြောကြား .... | ၁၈ |
| ၄၆။ | ကစ္စည်းထေရ်အား ဆွမ်းဖြင့်ပင့်ဘိတ် .... .... | ၁၈ |
| ၄၇။ | အသျှင်ကစ္စည်း ထေရ်အား ကန်တော့ .... .... | ၁၉ |
| ၄၈။ | အပြစ်ကိုသည်းခံ .... .... .... | ၁၉ |
| ၄၉။ | ယောကျ်ားပြန်ဖြစ် .... .... .... | ၂၀ |
| ၅၀။ | ရဟန္တာဖြစ် .... .... .... | ၂၀ |
| ၅၁။ | ကန်တော်လျှင် ဒဏ်ကြေပျောက် .... .... .... | ၂၀ |
| ၅၂။ | ဝစီကံအပြစ် .... .... .... | ၂၀ |
| ၅၃။ | ဘုရားကို မျက်စိတဖက်ကန်း နွားမနှင့်ပုံခိုင်း .... .... | ၂၀ |
| ၅၄။ | အမြင်မှန်ဖြင့် ပြန်ကန်တော့ .... .... .... | ၂၁ |
| ၅၅။ | ဘုရားရှင် သည်းခံခြင်း .... .... | ၂၁ |
| ၅၆။ | အပြစ်အား လျော်စွာ ကုစား၍ ချမ်းသာခွင့်ရ .... .... | ၂၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၅၇။ | ကာယကံအပြစ် .... .... .... | ၂၂ |
| ၅၈။ | ကောကခွေးမုဆိုးဝတ္ထု .... .... .... | ၂၂ |
| ၅၉။ | ခွေးနှင့် ရှူးတိုက် .... .... .... | ၂၂ |
| ၆၀။ | ခွေးနှင့် ရှူးမတိုက်ရန် တောင်းပန်လည်း မရ .... .... | ၂၃ |
| ၆၁။ | သစ်ပင်ပေါ်တက် မြွေဦးနှင့်ထိုး .... .... .... | ၂၃ |
| ၆၂။ | ခွေးကိုက်၍ မုဆိုးသေ .... .... .... | ၂၃ |
| ၆၃။ | ပြစ်မှား၍ ဒဏ်ထိ .... .... .... | ၂၄ |
| ၆၄။ | ဆုတောင်းခန်း အဖွင့် .... .... .... | ၂၄ |
| ၆၅။ | ကံသုံးပါး အဓိပ္ပါယ် .... .... .... | ၂၄ |
| ၆၆။ | စေတနာကံ .... .... .... | ၂၄ |
| ၆၇။ | ပြုလုပ်မှုကံ .... .... .... | ၂၅ |
| ၆၈။ | ကုစား၍ မရသော ကံကြီးများ .... .... .... | ၂၆ |
| ၆၉။ | အာနန္တရိယ ကျူးလွန်က ဖြစ်ရငရဲရွာ .... .... | ၂၇ |
| ၇၀။ | အာနန္တရိယကံကို ကံတပါး မတားမြစ်နိုင် .... .... | ၂၇ |
| ၇၁။ | ဘဝ မထရှိ မိစ္ဆာဒိဋ္ဌိ .... .... .... | ၂၈ |
| ၇၂။ | အပြစ်ကြီးဘိ မိစ္ဆာဒိဋ္ဌိ .... .... .... | ၂၈ |
| ၇၃။ | ကံသုံးပါး အပြစ်ကြီးငယ် .... .... .... | ၂၉ |
| ၇၄။ | ဘုရားအလို .... .... .... | ၂၉ |
| ၇၅။ | နိဂဏ္ဌတို့အလို .... .... .... | ၂၉ |
| ၇၆။ | ဥပါလိသုတ် .... .... .... | ၃၀ |
| ၇၇။ | ဘုရားနှင့်တပဿီ အခြေအတင် စကားပြောခန်း .... | ၃၀ |

| ဦးရေး | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၇၈။ | ကာယဒဏ် အပြစ်အကြီးဆုံး .... .... .... | ၃၀ |
| ၇၉။ | စကားတည်စေ .... .... .... | ၃၁ |
| ၈၀။ | မနောဒဏ် အပြစ်အကြီးဆုံး .... .... .... | ၃၁ |
| ၈၁။ | စကားတည်စေ .... .... .... | ၃၂ |
| ၈၂။ | မဟာနိဂဏ္ဌကိုပြန်၍ ပြောကြားခြင်း .... .... | ၃၂ |
| ၈၃။ | ကာယဒဏ် အပြစ်အကြီးဆုံး .... .... .... | ၃၃ |
| ၈၄။ | ဥပါလိသူကြွယ် ဘုရားထံသွားရန် ခွင့်ပန်ခြင်း.... .... | ၃၄ |
| ၈၅။ | ခွင့်ပြုခြင်း .... .... .... | ၃၄ |
| ၈၆။ | ဘုရားထံ ဥပါလိသူကြွယ် သွားရန် ခွင့်ပေးခြင်းကို ဒီဃတပဿီ တားမြစ် .... .... .... | ၃၄ |
| ၈၇။ | ထပ်မံ ခွင့်ပေးခြင်း .... .... .... | ၃၅ |
| ၈၈။ | သုံးကြိမ်တိုင် စေလွှတ် .... .... .... | ၃၅ |
| ၈၉။ | သုံးကြိမ်တိုင် တားမြစ် .... .... .... | ၃၅ |
| ၉၀။ | ဥပါလိသူကြွယ် ဘုရားရှင်ထံချဉ်းကပ် .... .... | ၃၆ |
| ၉၁။ | ဘုရားနှင့် ဥပါလိသူကြွယ် အချေအတင် စကားဆိုခဏ်း .... | ၃၆ |
| ၉၂။ | ကာယဒဏ် အပြစ်အကြီးဆုံး .... .... .... | ၃၆ |
| ၉၃။ | ဆွေးနွေးမှု ဖြစ်ပါစေ .... .... .... | ၃၇ |
| ၉၄။ | စကားမစပ် .... .... .... | ၃၇ |
| ၉၅။ | ကာယဒဏ် အပြစ်အကြီးဆုံး .... .... .... | ၃၇ |
| ၉၆။ | စေတနာမရှိ၍ အပြစ်မကြီး .... .... .... | ၃၈ |
| ၉၇။ | စကားမစပ် .... .... .... | ၃၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- | --- |
| ၉၈။ | ကာယဒဏ် အပြစ်အကြီးဆုံး .... .... .... | ၃၉ |
| ၉၉။ | ကိုယ်အားထက် စိတ်အားထက် .... .... .... | ၃၉ |
| ၁၀၀။ | ကိုယ်စွမ်း မတတ်နိုင် .... .... .... | ၃၉ |
| ၁၀၁။ | စိတ်စွမ်း တတ်နိုင်ပုံ .... .... .... | ၄၀ |
| ၁၀၂။ | စကားမစပ် .... .... .... | ၄၁ |
| ၁၀၃။ | ကာယဒဏ် အပြစ်အကြီးဆုံး .... .... .... | ၄၁ |
| ၁၀၄။ | ဒဏ္ဍကီတိုင်းပြည် တောအတိဖြစ် .... .... .... | ၄၁ |
| ၁၀၅။ | စကားမစပ် .... .... .... | ၄၂ |
| ၁၀၆။ | တရားနာလို၍ ဆန့်ကျင် .... .... .... | ၄၂ |
| ၁၀၇။ | ဥပါလိသူကြွယ် သရဏဂုံတည် .... .... .... | ၄၂ |
| ၁၀၈။ | ဆင်ခြင်၍ပြု .... .... .... | ၄၃ |
| ၁၀၉။ | နှစ်ကြိမ်မြောက် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း | ၄၃ |
| ၁၁၀။ | ဆွမ်းဒါနကို မပိတ်ပင် .... .... .... | ၄၄ |
| ၁၁၁။ | ဥပါလိသူကြွယ် ဘုရားကို အလွန်ကြည်ညို .... .... | ၄၄ |
| ၁၁၂။ | ဘုရား သံဃာအားလှူလျှင် အကျိုးကြီး .... .... | ၄၄ |
| ၁၁၃။ | သုံးကြိမ်မြောက် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း | ၄၅ |
| ၁၁၄။ | ဥပါလိသူကြွယ် သောတာပန်ဖြစ်.... .... .... | ၄၅ |
| ၁၁၅။ | ဥပါလိသူကြွယ် တံခါးစောင့်ကို မှာထားပုံ .... .... | ၄၆ |
| ၁၁၆။ | ဒီဃတပဿီကို သွားရောက် စုံစမ်းခိုင်းခြင်း .... .... | ၄၇ |
| ၁၁၇။ | တပဿီ သွားရောက်စုံစမ်းခြင်း .... .... .... | ၄၇ |
| ၁၁၈။ | စုံစမ်းပြီး မဟာနိဂဏ္ဌအား ပြန်ပြော .... .... | ၄၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁၁၉။ | မဟာနိဂဏ္ဍ သွားရောက် စုံစမ်းခြင်း .... .... | ၄၉ |
| ၁၂၀။ | ဥပါလိသူကြွယ်ကို တွေ့မြင်လို .... .... .... | ၄၉ |
| ၁၂၁။ | အလယ်တံခါးမှုခ်၌ နေရာခင်း .... .... .... | ၅၀ |
| ၁၂၂။ | မဟာနိဂဏ္ဍအား တံခါးအတွင်းသို့ ဝင်ခွင့်ပြု.... .... | ၅၀ |
| ၁၂၃။ | ထိုင်လိုက ထိုင်ပါ .... .... .... | ၅၀ |
| ၁၂၄။ | စိတ်ညှိုအတတ်ဖြင့် လှည့်ပတ် .... .... .... | ၅၁ |
| ၁၂၅။ | မြတ်ဘုရား၏ စိတ်ညှိုအတတ်ဖြင့် လှည့်ပတ်ခံရမှု ချမ်းသာပါ၏ | ၅၁ |
| ၁၂၆။ | မျောက်ရုပ် ဥပမာ .... .... .... | ၅၂ |
| ၁၂၇။ | ဖွပ်လျှော်ပွတ်တိုက် မခံနိုင် .... .... .... | ၅၂ |
| ၁၂၈။ | နိဂဏ္ဍတို့၏ဝါဒသည် ပညာရှိတို့၏ စိစစ်မှုကို မခံနိုင် .... | ၅၃ |
| ၁၂၉။ | ဗုဒ္ဓဝါဒသည် ပညာရှိတို့၏ စိစစ်မှုကို ခံနိုင်၏ .... .... | ၅၃ |
| ၁၃၀။ | ဘုရားတပည့် ဥပါလိ .... .... .... | ၅၄ |
| ၁၃၁။ | ချီးကျူးထိုက်သူကို ချီးကျူး .... .... .... | ၅၄ |
| ၁၃၂။ | မဟာနိဂဏ္ဍ သွေးအန်ကွယ်လွန် .... .... .... | ၅၅ |
| ၁၃၃။ | ဆုတောင်းခဏ်းပါ သရုပ်များ .... .... .... | ၅၅ |
| ၁၃၄။ | လေ့ကျင့်ခဏ်း မေးခွန်းများ .... .... .... | ၅၆ |
| ၁၃၅။ | အပါယ်လေးပါး၌ သိမှတ်ဖွယ် .... .... .... | ၅၉ |
| ၁၃၆။ | အပါယ် .... .... .... | ၅၉ |
| ၁၃၇။ | ငရဲ .... .... .... | ၆၀ |
| ၁၃၈။ | ငရဲကြီး (၈) ခု .... .... .... | ၆၀ |
| ၁၃၉။ | ဥဿဒငရဲငယ် (၁၂၈) ခု .... .... .... | ၆၈ |

| နံပါတ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁၄၀။ | သင်္ဂြိုဟ်းငရဲ .... .... .... | ၆၁ |
| ၁၄၁။ | ကာဠသုတ်ငရဲ .... .... .... | ၆၁ |
| ၁၄၂။ | သံဃာတငရဲ .... .... .... | ၆၂ |
| ၁၄၃။ | ဇာလရောရုဝငရဲ .... .... .... | ၆၂ |
| ၁၄၄။ | ဓူမရောရုဝငရဲ .... .... .... | ၆၂ |
| ၁၄၅။ | တာပနငရဲ .... .... .... | ၆၃ |
| ၁၄၆။ | ပတာပနငရဲ .... .... .... | ၆၃ |
| ၁၄၇။ | အဝီစိငရဲ .... .... .... | ၆၃ |
| ၁၄၈။ | မီးလျှံ အကြားအလပ် မရှိ .... .... .... | ၆၃ |
| ၁၄၉။ | ငရဲသတ္တဝါ အကြားအလပ် မရှိ .... .... .... | ၆၄ |
| ၁၅၀။ | ဆင်းရဲဒုက္ခ အကြားအလပ် မရှိ .... .... .... | ၆၄ |
| ၁၅၁။ | ဥဿဒငရဲငယ်များ .... .... .... | ၆၄ |
| ၁၅၂။ | မစင်ဘင်ပုပ်ငရဲ .... .... .... | ၆၄ |
| ၁၅၃။ | ပြာပူငရဲ .... .... .... | ၆၅ |
| ၁၅၄။ | လက်ပံတောငရဲ .... .... .... | ၆၅ |
| ၁၅၅။ | သံလျက်ရွက်တောငရဲ .... .... .... | ၆၅ |
| ၁၅၆။ | ကြေးနီမြစ်ငရဲ .... .... .... | ၆၆ |
| ၁၅၇။ | တကိုယ်လုံး ပျက်ကွဲ .... .... .... | ၆၆ |
| ၁၅၈။ | မီးလျှံရဲရဲ သံတွေခဲကို ခံတွင်းမှသွင်း .... .... | ၆၆ |
| ၁၅၉။ | လောလောပူတဲ့ ကြေးနီရည်ကို ခံတွင်းမှသွင်း .... | ၆၇ |
| ၁၆၀။ | တိရစ္ဆာန် .... .... .... | ၆၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁၆၁။ | ပြိတ္တာ | ၆၈ |
| ၁၆၂။ | အသုရကာယ် | ၆၈ |
| ၁၆၃။ | အပါယ်ဘုံ၌ အတ္တဘော ကိုယ်ပမာဏ | ၆၉ |
| ၁၆၄။ | ငရဲ | ၆၉ |
| ၁၆၅။ | တိရစ္ဆာန် | ၇၀ |
| ၁၆၆။ | ပြိတ္တာ | ၇၀ |
| ၁၆၇။ | အသုရကာယ် | ၇၀ |
| ၁၆၈။ | အပါယ်ဘုံ၌ အာဟာရ | ၇၁ |
| ၁၆၉။ | ငရဲ၌ အာဟာရ | ၇၁ |
| ၁၇၀။ | တိရစ္ဆာန်၌ အာဟာရ | ၇၁ |
| ၁၇၁။ | ပြိတ္တာ၌ အာဟာရ | ၇၂ |
| ၁၇၂။ | အသုရကာယ်၌ အာဟာရ | ၇၂ |
| ၁၇၃။ | ကပ်သုံးပါး၌ သိမှတ်ဘွယ် | ၇၂ |
| ၁၇၄။ | ကပ်သုံးပါး | ၇၂ |
| ၁၇၅။ | ဒုဗ္ဘိက္ခန္တရကပ် | ၇၃ |
| ၁၇၆။ | ရောဂန္တရကပ် | ၇၃ |
| ၁၇၇။ | သတ္ထန္တရကပ် | ၇၄ |
| ၁၇၈။ | ရပ်ပြစ်ရှစ်ပါး၌ မှတ်သားဖွယ် | ၇၅ |
| ၁၇၉။ | ငရဲ | ၇၅ |
| ၁၈၀။ | တိရစ္ဆာန် | ၇၆ |
| ၁၈၁။ | ပြိတ္တာ | ၇၆ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁၀၂။ | အသညာသတ်ပြဟ္မာ .... .... .... | ၇၆ |
| ၁၀၃။ | ပစ္စန္တရာဇ် .... .... .... | ၇၇ |
| ၁၀၄။ | မိစ္ဆာဒိဋ္ဌိ .... .... .... | ၇၇ |
| ၁၀၅။ | သုဂတိအဟိတ် .... .... .... | ၇၇ |
| ၁၀၆။ | သာသနာပ .... .... .... | ၇၈ |
| ၁၀၇။ | ရှန်သူမျိုးငါးပါး၌ သိမှတ်ဖွယ် .... .... .... | ၇၈ |
| ၁၀၈။ | ရေ .... .... .... | ၇၈ |
| ၁၀၉။ | မီး .... .... .... | ၇၉ |
| ၁၁၀။ | မင်း .... .... .... | ၈၀ |
| ၁၁၁။ | ခိုးသူ .... .... .... | ၈၁ |
| ၁၁၂။ | မုန်းသူ အမွေခံဆိုး .... .... .... | ၈၁ |
| ၁၁၃။ | ဝိပတ္တိတရားလေးပါး၌ သိမှတ်ဖွယ် .... .... | ၈၁ |
| ၁၁၄။ | ဂတိဝိပတ္တိ .... .... .... | ၈၁ |
| ၁၁၅။ | အကုသိုလ်အခွင့်သာ .... .... .... | ၈၁ |
| ၁၁၆။ | ဂတိသမ္ပတ္တိ .... .... .... | ၈၂ |
| ၁၁၇။ | ကုသိုလ်အခွင့်သာ .... .... .... | ၈၂ |
| ၁၁၈။ | ဥပဓိဝိပတ္တိ .... .... .... | ၈၂ |
| ၁၁၉။ | အကုသိုလ်အခွင့်သာ .... .... .... | ၈၂ |
| ၁၂၀။ | ဒီပရာဇ်မင်းဝတ္ထု .... .... .... | ၈၃ |
| ၁၂၁။ | မင်းအဖြစ်ဆု .... .... .... | ၈၃ |
| ၁၂၂။ | ဥပဓိဝိပတ္တိ အကျိုး .... .... .... | ၈၄ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|


၂၀၃။ ဥပမိသမ္ပတ္တိ .... .... .... ၀၄
၂၀၄။ ကုသိုလ်အခွင့်သာ .... .... .... ၀၄
၂၀၅။ ဥပမိသမ္ပတ္တိ အကျိုး .... .... .... ၀၄
၂၀၆။ ဥပမိသမ္ပတ္တိဖြစ်မူ ချမ်းသာခွင့်သာ .... .... ၀၅
၂၀၇။ လောကမျက်မြင် .... .... .... ၀၆
၂၀၈။ ကာလဝိပတ္တိ .... .... .... ၀၆
၂၀၉။ အကုသိုလ်အခွင့်သာ .... .... .... ၀၆
၂၁၀။ မဟာသောဏတ္ထေရဝတ္ထု .... .... .... ၀၇
၂၁၁။ ကာလဝိပတ္တိ အပြစ်ပြ .... .... .... ၀၇
၂၁၂။ ရဟန္တာ (၂၄၀၀၀) .... .... .... ၀၇
၂၁၃။ ပရိနိဗ္ဗာန်ပြု .... .... .... ၀၇
၂၁၄။ သူခိုးသူပုန်ကို သိကြား မတားမြစ်နိုင် .... .... ၀၈
၂၁၅။ မဟာသောဏထေရ်ကို လက်မလွှတ်နှင့် .... .... ၀၈
၂၁၆။ ကာလပျက်၍ စေတီဘုရားမှစ၍ အကျိုးစီးပွားမဲ့ .... ၀၉
၂၁၇။ စူဠသိဝထေရ်ကို ရက္ခစိုးနတ် စောင်မ .... .... ၀၉
၂၁၈။ စူဠသိဝထေရ် သစ်ရွက်ဖြင့် မျှတ .... .... .... ၉၀
၂၁၉။ ဣသိဒတ္တနှင့် မဟာသောဏ သစ်မည်စည်သီးအခွံဖြင့် မျှတ ၉၁
၂၂၀။ ဣသိဒတ္တနှင့် မဟာသောဏ ကြာရိုးဖြင့် မျှတ .... ၉၁
၂၂၁။ ဣသိဒတ္တနှင့် မဟာသောဏ ငှက်ပျောသီးဆွမ်းဖြင့် မျှတ ၉၂
၂၂၂။ ခိုးသူဘေး မငြိမ်းမချင်း နေရန် ဝန်ခံ .... .... ၉၂
၂၂၃။ ကာလသမ္ပတ္တိ အကျိုးပြ .... .... .... ၉၃

မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၂၂၄။ | ခိုးသူဘေး ငြိမ်းအေးခြင်း .... .... .... | ၉၃ |
| ၂၂၅။ | ပုဆိုးနှင့် ဆွမ်းလှူရန် နတ်တွေနှိုးဆော် .... .... | ၉၃ |
| ၂၂၆။ | မဟာသောဏ ထေရ်အား ကိုးတောင်ရှည်ပုဆိုး (၇၀၀) တကျပ်တန်ဆွမ်း (၇၀၀) လှူ .... .... .... | ၉၄ |
| ၂၂၇။ | မဟာသောဏထေရ် ပုဆိုး (၇၀၀) နှင့် တကျပ်တန်ဆွမ်း (၇၀၀) ကို သံဃာအား ဝေဖန် .... .... .... | ၉၄ |
| ၂၂၈။ | ကာလဝိပတ္တိ အပြစ်ပြ .... .... .... | ၉၅ |
| ၂၂၉။ | ဝတ္တဗ္ဗက နိဂြောဓတ္ထေရ ဝတ္ထု .... .... .... | ၉၅ |
| ၂၃၀။ | ထန်းသီးခိုင်ခုတ် .... .... .... | ၉၅ |
| ၂၃၁။ | ထန်းသီးဖြင့် မျှတ .... .... .... | ၉၆ |
| ၂၃၂။ | စေတီယင်ပြင် ပေါင်းမြက်သုတ်သင် .... .... | ၉၆ |
| ၂၃၃။ | ပျားရည်လှူပြီး နေရပ်ပင့်သွား .... .... .... | ၉၇ |
| ၂၃၄။ | ဥပဇ္ဈာယ်ဆရာနှင့် သာမဏေ နေ့ချင်းကြွလိုက် .... | ၉၇ |
| ၂၃၅။ | သစ်ဥ သစ်ဖု သစ်ရွက် သစ်သီးများကို ပေးလှူ .... | ၉၈ |
| ၂၃၆။ | ပိဋကတ်သုံးပုံဆောင်ပုဂ္ဂိုလ်ဖြစ်လာ .... .... | ၉၈ |
| ၂၃၇။ | ကာလသမ္ပတ္တိ အကျိုးပြ .... .... .... | ၉၉ |
| ၂၃၈။ | အခါကောင်း၌ လာဘ်များ .... .... .... | ၉၉ |
| ၂၃၉။ | ကာလသမ္ပတ္တိ .... .... .... | ၁၀၀ |
| ၂၄၀။ | ကုသိုလ်အခွင့်သာ .... .... .... | ၁၀၀ |
| ၂၄၁။ | ပယောဂဝိပတ္တိ .... .... .... | ၁၀၀ |
| ၂၄၂။ | အကုသိုလ်အခွင့်သာ .... .... .... | ၁၀၀ |

| ဦးရေး | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၂၄၃။ | ဆင်းရဲအမျိုးမျိုး .... .... .... | ၁၀၁ |
| ၂၄၄။ | ပယောဂသမ္ပတ္တိ .... .... .... | ၁၀၁ |
| ၂၄၅။ | ကုသိုလ်အခွင့်သာ .... .... .... | ၁၀၁ |
| ၂၄၆။ | ချမ်းသာအမျိုးမျိုး .... .... .... | ၁၀၁ |
| ၂၄၇။ | သမ္မာပယောဂ၌ တည်သူ ဘုန်းကြီး .... .... | ၁၀၂ |
| ၂၄၈။ | မစင်ခံအိုးကို ဦးတိုက် .... .... .... | ၁၀၃ |
| ၂၄၉။ | ကျက်မှတ်ရန် .... .... .... | ၁၀၃ |
| ၂၅၀။ | ဝိပတ္တိ (၄) ပါး .... .... .... | ၁၀၃ |
| ၂၅၁။ | သမ္ပတ္တိ (၄) ပါး .... .... .... | ၁၀၄ |
| ၂၅၂။ | ဗျသနတရားငါးပါး၌ သိမှတ်ဖွယ် .... .... | ၁၀၄ |
| ၂၅၃။ | ဉာတိဗျသန .... .... .... | ၁၀၄ |
| ၂၅၄။ | ဉာတိသမ္ပဒါ .... .... .... | ၁၀၄ |
| ၂၅၅။ | ဘောဂဗျသန .... .... .... | ၁၀၅ |
| ၂၅၆။ | ဘောဂသမ္ပဒါ .... .... .... | ၁၀၅ |
| ၂၅၇။ | ရောဂဗျသန .... .... .... | ၁၀၅ |
| ၂၅၈။ | အာရောဂျသမ္ပဒါ .... .... .... | ၁၀၆ |
| ၂၅၉။ | သီလဗျသန .... .... .... | ၁၀၆ |
| ၂၆၀။ | သီလသမ္ပဒါ .... .... .... | ၁၀၆ |
| ၂၆၁။ | ဒိဋ္ဌိဗျသန .... .... .... | ၁၀၆ |
| ၂၆၂။ | ဒိဋ္ဌိသမ္ပဒါ .... .... .... | ၁၀၇ |
| ၂၆၃။ | လေ့ကျင့်ခဏ်း မေးခွန်းများ .... .... .... | ၁၀၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၂၆၄။ | သီလတောင်း အဖွင့် | ၁၁၁ |
| ၂၆၅။ | ငါးပါးသီလတောင်း အနက် | ၁၁၂ |
| ၂၆၆။ | ရှစ်ပါးသီလတောင်း အနက် | ၁၁၂ |
| ၂၆၇။ | ဆယ်ပါးသီလတောင်း အနက် | ၁၁၂ |
| ၂၆၈။ | စကားပျိုး အဖွင့် | ၁၁၂ |
| ၂၆၉။ | အာမ ဘန္တေ အဖွင့် | ၁၁၃ |
| ၂၇၀။ | နမော တဿ အဖွင့် | ၁၁၃ |
| ၂၇၁။ | ဓနဥ္စာနိ ပုဏ္ဏေးမ ဝတ္ထု | ၁၁၄ |
| ၂၇၂။ | သောတာပန်ပုဂ္ဂိုလ်၏ အင်္ဂါ (၄)ပါး | ၁၁၇ |
| ၂၇၃။ | သောတာပတ္တိမဂ်ကို ရကြောင်း အင်္ဂါ (၄)ပါး | ၁၁၈ |
| ၂၇၄။ | ဖြဟ္မာယုပုဏ္ဏား ဝတ္ထု | ၁၁၉ |
| ၂၇၅။ | လေ့ကျင့်ခဏ်း မေးခွန်းများ | ၁၂၀ |
| ၂၇၆။ | ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ် | ၁၂၁ |
| ၂၇၇။ | ဗုဒ္ဓဘာသာဝင် ဖြစ်ကြောင်း | ၁၂၃ |
| ၂၇၈။ | စက်လေးပါး | ၁၂၄ |
| ၁၇၉။ | ပဋိရူပဒေသဝါသစက် | ၁၂၄ |
| ၂၈၀။ | သပ္ပုရိသူပနိဿယစက် | ၁၂၄ |
| ၂၈၁။ | သူတော်ကောင်း မိတ်ဆွေအမှီဖြင့် ဗုဒ္ဓဘာသာဝင် ဖြစ်ရသော မိစ္ဆာဒိဋ္ဌိပုဏ္ဏား ဝတ္ထု | ၁၂၆ |
| ၂၈၂။ | အတ္တသမ္မာပဏိဓိစက် | ၁၂၇ |
| ၂၈၃။ | ပုဗ္ဗေစ ကတပုညတာစက် | ၁၂၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၂၈၄။ | ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့၏ သီလ .... .... | ၁၂၉ |
| ၂၈၅။ | ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့၏ အသက်မွေးမှု .... .... | ၁၃၀ |
| ၂၈၆။ | ဗုဒ္ဓဘာသာဝင်တို့ ကုန်မသွယ်ရာသည့် ငါးမျိုး .... | ၁၃၀ |
| ၂၈၇။ | ပျက်စီးမှု .... .... .... | ၁၃၁ |
| ၂၈၈။ | ပြည့်စုံမှု .... .... .... | ၁၃၃ |
| ၂၈၉။ | လေ့ကျင့်ခဏ်း, မေးခွန်းများ .... .... .... | ၁၃၄ |
| ၂၉၀။ | သရဏဂုံ အဖွင့် .... .... .... | ၁၃၅ |
| ၂၉၁။ | သရဏဂုံအစ ဣသိပတန .... .... .... | ၁၃၅ |
| ၂၉၂။ | သရဏဂုံခရီးဖြင့် သာသနာသို့ဝင် .... .... | ၁၃၅ |
| ၂၉၃။ | သရဏဂုံတည်သူ လက်ဦးလူ .... .... .... | ၁၃၆ |
| ၂၉၄။ | ယသ, သတို့သား စည်းစိမ်ခံစား.... .... .... | ၁၃၆ |
| ၂၉၅။ | သုသာန်အသွင် စိတ်ဝယ်ထင် .... .... .... | ၁၃၆ |
| ၂၉၆။ | ဥဒါန်း ကျူးရင့် .... .... .... | ၁၃၇ |
| ၂၉၇။ | ယသ, သတို့သား တောတာပန်ဖြစ် .... .... | ၁၃၇ |
| ၂၉၈။ | ယသ, သတို့သားကို လိုက်ရှာ .... .... .... | ၁၃၈ |
| ၂၉၉။ | ယသ, သတို့သားကို တန်ခိုးဖြင့် ကွယ်ထား.... .... | ၁၃၈ |
| ၃၀၀။ | သူဌေးကြီး သောတာပန်ဖြစ် .... .... .... | ၁၃၈ |
| ၃၀၁။ | ဥပါသကာအဖြစ်ကို လျှောက်ထား .... .... | ၁၃၉ |
| ၃၀၂။ | ရဟန္တာဖြစ် .... .... .... | ၁၄၀ |
| ၃၀၃။ | ဧဟိဘိက္ခုရဟန်း .... .... .... | ၁၄၀ |
| ၃၀၄။ | ရှင်ယသ၏ မိခင်နှင့် ဇနီး သောတာပန်ဖြစ်.... .... | ၁၄၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- | --- |
| ၃၀၅။ | ဒွေဝါစိက သရဏဂုံ .... .... .... | ၁၄၂ |
| ၃၀၆။ | သရဏဂုံပါဠိ၏ အနက် .... .... .... | ၁၄၄ |
| ၃၀၇။ | သာသနာပြုသူများအတွက် မှတ်ချက် .... .... | ၁၄၅ |
| ၃၀၈။ | လေ့ကျင့်ခန်း မေးခွန်းများ .... .... .... | ၁၄၅ |
| ၃၀၉။ | သုံးပါး ရတနာ ကိုးကွယ်ရာ .... .... .... | ၁၄၆ |
| ၃၁၀။ | ရတနာမည်ပုံ .... .... .... | ၁၄၇ |
| ၃၁၁။ | စိတ္တီကတ .... .... .... | ၁၄၈ |
| ၃၁၂။ | မဟဂ္ဃ .... .... .... | ၁၄၉ |
| ၃၁၃။ | အတုလ .... .... .... | ၁၄၉ |
| ၃၁၄။ | ဒုလ္လဘဒဿန .... .... .... | ၁၄၉ |
| ၃၁၅။ | အနောမသတ္တပရိဘောဂ .... .... .... | ၁၄၉ |
| ၃၁၆။ | ကိုးကွယ်ရာဖြစ်ပုံ .... .... .... | ၁၅၀ |
| ၃၁၇။ | သရဏဂုံနှင့် သရဏဂုံတည်သူ .... .... .... | ၁၅၁ |
| ၃၁၈။ | သရဏဂုံ အပြား .... .... .... | ၁၅၃ |
| ၃၁၉။ | လောကုတ္တရာသရဏဂုံ အပြား မရှိ .... .... | ၁၅၃ |
| ၃၂၀။ | လောကီသရဏဂုံ အပြား .... .... .... | ၁၅၃ |
| ၃၂၁။ | အတ္တသန္နိယျာတနသရဏဂုံ ဆောက်တည်ပုံ .... .... | ၁၅၃ |
| ၃၂၂။ | တပ္ပရာယဏတာသရဏဂုံ ဆောက်တည်ပုံ .... .... | ၁၅၆ |
| ၃၂၃။ | သိဿဘာဝူပဂမနသရဏဂုံ ဆောက်တည်ပုံ.... .... | ၁၅၈ |
| ၃၂၄။ | ပဏိပါတသရဏဂုံ ဆောက်တည်ပုံ .... .... | ၁၆၀ |
| ၃၂၅။ | ပဏိပါတသရဏဂုံ အပြား .... .... .... | ၁၆၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၃၂၆။ | ဉာတိ, ဘယ, အာစရိယ ပဏိပါတတို့၌ သရဏဂုံ မတည် | ၁၆၁ |
| ၃၂၇။ | ဒက္ခိဏေယျပဏိပါတ၌ သရဏဂုံ တည်သည် .... | ၁၆၂ |
| ၃၂၈။ | ဉာတိ, ဘယ, အာစရိယ ပဏိပါတတို့၌ သရဏဂုံ မပျက် | ၁၆၃ |
| ၃၂၉။ | မိဘဆရာ သက်ကြီးပါ ရှိခိုးနိုင်သည့်သာ .... .... | ၁၆၃ |
| ၃၃၀။ | ဒက္ခိဏေယျပဏိပါတ၌ သရဏဂုံ ပျက်သည် .... .... | ၁၆၃ |
| ၃၃၁။ | လောကီသရဏဂုံ တည်ပုံ ပျက်ပုံ .... .... | ၁၆၄ |
| ၃၃၂။ | သရဏဂုံတည်သူတို့ ရှောင်ကြဉ်ဖွယ် .... .... | ၁၆၄ |
| ၃၃၃။ | လောကုတ္တရာသရဏဂုံ၏ အကျိုးရင်း အကျိုးဆက် .... | ၁၆၅ |
| ၃၃၄။ | လောကီသရဏဂုံ၏ အကျိုးရင်း အကျိုးဆက် .... | ၁၆၇ |
| ၃၃၅။ | သရဏဂုံ နှစ်ပါး .... .... .... | ၁၆၇ |
| ၃၃၆။ | ဉာဏဝိပ္ပယုတ် သရဏဂုံ .... .... .... | ၁၆၇ |
| ၃၃၇။ | ဉာဏသမ္ပယုတ် သရဏဂုံ .... .... .... | ၁၆၈ |
| ၃၃၈။ | လောကီသရဏဂုံ အကျိုးပြ .... .... .... | ၁၆၈ |
| ၃၃၉။ | ကျက်မှတ်ရန် .... .... .... | ၁၇၂ |
| ၃၄၀။ | သရဏဂုံအကျိုးပြ(တိသရဏဂမနိယတ္ထေရအပဒါန်) .... | ၁၇၃ |
| ၃၄၁။ | သရဏဂုံအကျိုးပြ(သရဏဂမနိယတ္ထေရအပဒါန်) .... | ၁၇၅ |
| ၃၄၂။ | သရဏဂုံအကျိုးပြ(သရဏဂမနိယတ္ထေရအပဒါန်) .... | ၁၇၆ |
| ၃၄၃။ | လောကုတ္တရာသရဏဂုံ မညစ်နွမ်း မပျက်စီးနိုင်ပုံ .... | ၁၇၆ |
| ၃၄၄။ | လောကီသရဏဂုံ ညစ်နွမ်း ပျက်စီးနိုင်ပုံ .... .... | ၁၇၇ |
| ၃၄၅။ | လောကီသရဏဂုံ ပျက်စီးပုံ နှစ်မျိုး .... .... | ၁၇၇ |
| ၃၄၆။ | လူသေ သရဏဂုံတင် .... .... .... | ၁၇၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၃၄၇။ | မသေခင်က သရဏဂုံတင် .... .... .... | ၁၇၉ |
| ၃၄၈။ | မရဏာသတိနှင့် ဒါန .... .... .... | ၁၇၉ |
| ၃၄၉။ | ယနေ့ ကုသိုလ်ပြု .... .... .... | ၁၇၉ |
| ၃၅၀။ | လေ့ကျင့်ခဏ်း မေးခွန်းများ .... .... .... | ၁၈၁ |

## ဒုတိယပိုင်း

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၃၅၁။ | သီလအနက် .... .... .... | ၁၈၅ |
| ၃၅၂။ | ငါးပါးသီလ .... .... .... | ၁၈၆ |
| ၃၅၃။ | ပါဏာတိပါတ သိက္ခာပုဒ် အဖွင့် .... .... | ၁၈၆ |
| ၃၅၄။ | ပါဏာတိပါတ အနက် .... .... .... | ၁၈၆ |
| ၃၅၅။ | ပါဏာတိပါတ တရားကိုယ် .... .... .... | ၁၈၇ |
| ၃၅၆။ | ပါဏာတိပါတ အင်္ဂါ (၅)ပါး .... .... .... | ၁၈၇ |
| ၃၅၇။ | အင်္ဂါမစုံ ကံ မထိုက်ပုံ .... .... .... | ၁၈၇ |
| ၃၅၈။ | သတ်ခြင်းလုံ့လ (၆)မျိုး .... .... .... | ၁၈၈ |
| ၃၅၉။ | အပြစ်ငယ် အပြစ်ကြီး .... .... .... | ၁၈၉ |
| ၃၆၀။ | ဤသိက္ခာပုဒ်ပျက်မှု ထပ်မံဆောက်တည်ပါ.... .... | ၁၉၀ |
| ၃၆၁။ | အဒိန္နာဒါန သိက္ခာပုဒ် အဖွင့် .... .... .... | ၁၉၀ |
| ၃၆၂။ | အဒိန္နာဒါန အနက် .... .... .... | ၁၉၀ |
| ၃၆၃။ | အဒိန္နာဒါန တရားကိုယ် .... .... .... | ၁၉၀ |
| ၃၆၄။ | အဒိန္နာဒါန အင်္ဂါငါးပါး .... .... .... | ၁၉၁ |
| ၃၆၅။ | အင်္ဂါမစုံ ကံ မထိုက်ပုံ .... .... .... | ၁၉၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၃၆၆။ | ခိုးခြင်းလုံ့လ (၆) မျိုး .... .... .... | ၁၉၂ |
| ၃၆၇။ | အပြစ်ငယ် အပြစ်ကြီး .... .... .... | ၁၉၃ |
| ၃၆၈။ | ဤသိက္ခာပုဒ်ပျက်မှု ထပ်မံဆောက်တည်ပါ .... .... | ၁၉၃ |
| ၃၆၉။ | ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် အဖွင့် .... .... | ၁၉၃ |
| ၃၇၀။ | ကာမေသုမိစ္ဆာစာရ အနက် .... .... .... | ၁၉၃ |
| ၃၇၁။ | ယောက်ျားတို့ မသွားလာအပ်သော မိန်းမ (၂၀) .... | ၁၉၄ |
| ၃၇၂။ | မိန်းမ (၁၂) ယောက်တို့ မသွားလာကောင်းသော ယောကျ်ားများ .... .... .... | ၁၉၅ |
| ၃၇၃။ | ကာမေသုမိစ္ဆာစာရမှ လွတ်သော မိန်းမ(၈)ယောက် .... | ၁၉၆ |
| ၃၇၄။ | ကာမေသုမိစ္ဆာစာရ တရားကိုယ် .... .... | ၁၉၆ |
| ၃၇၅။ | ကာမေသုမိစ္ဆာစာရ အင်္ဂါ (၄)ပါး .... .... | ၁၉၆ |
| ၃၇၆။ | အင်္ဂါမစုံ ကံ မထိုက်ပုံ .... .... .... | ၁၉၇ |
| ၃၇၇။ | မှိုဝဲခြင်းလုံ့လ (၁) မျိုး .... .... .... | ၁၉၈ |
| ၃၇၈။ | အပြစ်ငယ် အပြစ်ကြီး .... .... .... | ၁၉၈ |
| ၃၇၉။ | ဤသိက္ခာပုဒ်ပျက်မှု ထပ်မံဆောက်တည်ပါ .... .... | ၁၉၈ |
| ၃၈၀။ | မုသာဝါဒ သိက္ခာပုဒ် အဖွင့် .... .... .... | ၁၉၈ |
| ၃၈၁။ | မုသာဝါဒ အနက် .... .... .... | ၁၉၈ |
| ၃၈၂။ | မုသာဝါဒ တရားကိုယ် .... .... .... | ၁၉၉ |
| ၃၈၃။ | မုသာဝါဒ အင်္ဂါလေးပါး .... .... .... | ၁၉၉ |
| ၃၈၄။ | အင်္ဂါမစုံ ကံ မထိုက်ပုံ .... .... .... | ၁၉၉ |
| ၃၈၅။ | လိမ်ခြင်းလုံ့လ (၁) မျိုး .... .... .... | ၂၀၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- | --- |
| ၃၈၆။ | အပြစ်ငယ် အပြစ်ကြီး .... .... .... | ၂၀၀ |
| ၃၈၇။ | ဤသိက္ခာပုဒ်ပျက်မှု ထပ်မံဆောက်တည်ပါ .... .... | ၂၀၁ |
| ၃၈၈။ | သုရာမေရယပ ါန သိက္ခာပုဒ်အဖွင့် .... .... | ၂၀၁ |
| ၃၈၉။ | သုရာမေရယမဇ္ဇပမာဒဋ္ဌာန အနက် .... .... | ၂၀၁ |
| ၃၉၀။ | သေရည် ငါးမျိုး .... .... .... | ၂၀၁ |
| ၃၉၁။ | အရက် ငါးမျိုး .... .... .... | ၂၀၂ |
| ၃၉၂။ | သုရာမေရယမဇ္ဇပမာဒဋ္ဌာန တရားကိုယ် .... .... | ၂၀၂ |
| ၃၉၃။ | သုရာမေရယပါန အင်္ဂါ လေးပါး .... .... | ၂၀၂ |
| ၃၉၄။ | အင်္ဂါမစုံ က မထိုက်ပုံ .... .... .... | ၂၀၃ |
| ၃၉၅။ | သောက်မျိုခြင်း လုံ့လ (၁) မျိုး .... .... | ၂၀၃ |
| ၃၉၆။ | အပြစ်ငယ် အပြစ်ကြီး .... .... .... | ၂၀၃ |
| ၃၉၇။ | ဤသိက္ခာပုဒ်ပျက်မှု ထပ်မံ ဆောက်တည်ပါ .... | ၂၀၄ |
| ၃၉၈။ | လေ့ကျင့်ခန်း မေးခွန်းများ .... .... .... | ၂၀၄ |
| ၃၉၉။ | ပါဏာတိပါတကံ၏ အကျိုး .... .... .... | ၂၀၆ |
| ၄၀၀။ | သူ့အသက်သတ်သူအား ယခုဘဝတွင် ရနိုင်သောအပြစ်များ | ၂၀၇ |
| ၄၀၁။ | သူ့အသက်သတ်သူအား တမလွန်တွင် ရနိုင်သောအပြစ်များ | ၂၀၇ |
| ၄၀၂။ | ကျက်မှတ်ရန် .... .... .... | ၂၀၉ |
| ၄၀၃။ | ပစ္စုပ္ပန်ပြစ် .... .... .... | ၂၀၉ |
| ၄၀၄။ | တမလွန်ပြစ် .... .... .... | ၂၀၉ |
| ၄၀၅။ | အဒိန္နာဒါနကံ၏ အကျိုး .... .... .... | ၂၀၉ |
| ၄၀၆။ | သူ့ဥစ္စာခိုးသူအား ယခုဘဝတွင် ရနိုင်သော အပြစ်များ | ၂၁၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၄၀၇။ | သူ့ဥစ္စာခိုးသူအား တမလွန်တွင် ရနိုင်သော အပြစ်များ | ၂၁၁ |
| ၄၀၈။ | ကျက်မှတ်ရန် .... .... .... | ၂၁၁ |
| ၄၀၉။ | ပစ္စုပ္ပန်ပြစ် .... .... .... | ၂၁၁ |
| ၄၁၀။ | တမလွန်ပြစ် .... .... .... | ၂၁၁ |
| ၄၁၁။ | ကာမေသုမိစ္ဆာစာရကံ၏ အကျိုး .... .... | ၂၁၂ |
| ၄၁၂။ | သူ့မယားကို ကျူးလွန်သူအား ယခုဘ၀တွင် ရနိုင်သော အပြစ်များ .... .... .... | ၂၁၃ |
| ၄၁၃။ | သူ့မယားကို ကျူးလွန်သူအား တမလွန်တွင် ရနိုင်သော အပြစ်များ .... .... .... | ၂၁၃ |
| ၄၁၄။ | ကျက်မှတ်ရန် .... .... .... | ၂၁၄ |
| ၄၁၅။ | ပစ္စုပ္ပန်ပြစ် .... .... .... | ၂၁၄ |
| ၄၁၆။ | တမလွန်ပြစ် .... .... .... | ၂၁၄ |
| ၄၁၇။ | မုသာဝါဒကံ၏ အကျိုး .... .... .... | ၂၁၄ |
| ၄၁၈။ | လိမ်လည်ပြောကြား မုသားဆိုသူအား ယခုတွင် ရနိုင်သော အပြစ်များ .... .... .... | ၂၁၅ |
| ၄၁၉။ | လိမ်လည်ပြောကြား မုသားဆိုသူအား တမလွန်တွင် ရနိုင်သော အပြစ်များ .... .... .... | ၂၁၆ |
| ၄၂၀။ | ကျက်မှတ်ရန် .... .... .... | ၂၁၇ |
| ၄၂၁။ | ပစ္စုပ္ပန်ပြစ် .... .... .... | ၂၁၇ |
| ၄၂၂။ | တမလွန်ပြစ် .... .... .... | ၂၁၇ |
| ၄၂၃။ | သုရာမေရယပါနကံ၏ အကျိုး .... .... .... | ၂၁၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၄၂၄။ | အရက်သောက် ဘိန်းစားသူအား ယခုဘဝတွင် ရနိုင်သော အပြစ်များ .... .... .... | ၂၁၈ |
| ၄၂၅။ | ဓနဇာနိ .... .... .... | ၂၁၉ |
| ၄၂၆။ | ကလဟပ္ပဝဍ္ဎနီ .... .... .... | ၂၂၀ |
| ၄၂၇။ | ရောဂါနံ အာယတနံ .... .... .... | ၂၂၀ |
| ၄၂၈။ | အကိတ္တိသဉ္ဇနနီ .... .... .... | ၂၂၀ |
| ၄၂၉။ | ကောပိနနိဒံသနီ .... .... .... | ၂၂၁ |
| ၄၃၀။ | ပညာယ ဒုဗ္ဗလီကရဏီ .... .... .... | ၂၂၁ |
| ၄၃၁။ | အရက်သေစာသောက်စားသူအား တမလွန်တွင် ရနိုင်သော အပြစ်များ .... .... .... | ၂၂၁ |
| ၄၃၂။ | ကျက်မှတ်ရန် .... .... .... | ၂၂၃ |
| ၄၃၃။ | ပစ္စုပ္ပန်ပြစ် .... .... .... | ၂၂၃ |
| ၄၃၄။ | တမလွန်ပြစ် .... .... .... | ၂၂၃ |

## ပါဏာတိပါတကံ၏ အကျိုးပြ

| | | |
|---|---|---|
| ၄၃၅။ | နွားသတ်ယောကျ်ား ဝတ္ထု .... .... .... | ၂၂၃ |
| ၄၃၆။ | အမဲမပါ ထမင်းမစား .... .... .... | ၂၂၃ |
| ၄၃၇။ | ညှော်သည်လာလို့ အမဲသားကြွေးရောင်းပါ .... .... | ၂၂၄ |
| ၄၃၈။ | မရောင်းလို့ အတင်းယူသွား .... .... .... | ၂၂၄ |
| ၄၃၉။ | အမဲဟင်းလျှာ ဘယ်မှာလဲ .... .... .... | ၂၂၄ |
| ၄၄၀။ | နွားသတ် ယောကျ်ား အဝီစိငရဲကျ .... .... | ၂၂၅ |

ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ်

## ပါဏာတိပါတကံ၏ အကျိုးပြ


၄၄၁။ ဆိတ်ကုလား(သိုး) သတ်ပုဏ္ဏားဝတ္ထု .... .... ၂၂၆
၄၄၂။ သတ်ရန်ရာထား ဆိတ်ကုလား .... .... ၂၂၆
၄၄၃။ ရယ်မောင်ငိုကြွေး သိုးကလေး .... .... .... ၂၂၆
၄၄၄။ ရယ်မောင်ငိုကြွေး အကြောင်းရင်းမေး .... .... ၂၂၆
၄၄၅။ ရယ်မောရခြင်း အကြောင်းရင်းကို သိုးကဖြေ .... ၂၂၇
၄၄၆။ ငိုကြွေးရခြင်း အကြောင်းရင်းကို သိုးကဖြေ .... ၂၂၇
၄၄၇။ ကျောက်လွှာခတ်၍ သိုးလည်ပင်းပြတ် .... .... ၂၂၈
၄၄၈။ သူများကိုသတ်လျှင် ကိုယ့်ကိုလည်း သူများက သတ်မည်
အမှန် .... .... .... ၂၂၈


## အဒိန္နာဒါနကံ၏ အကျိုးပြ


၄၄၉။ ဝတ်ပန်းဆိုး အဝတ်ခိုးသူ ဝတ္ထု .... .... .... ၂၂၉
၄၅၀။ တန်ဆောင်မုန်းလ နက္ခတ်ပွဲသဘင် .... .... ၂၂၉
၄၅၁။ မယားစကားဖြင့် ဝတ်ပန်းခိုး .... .... .... ၂၂၉
၄၅၂။ တံကျင်လျှိုခံရတာ မဆင်းရဲ မယားအတွက် စိတ်ဆင်းရဲ.... ၂၃၀
၄၅၃။ ဝတ်ပန်းခိုးမှုဖြင့် ငရဲကျ .... .... .... ၂၃၁
၄၅၄။ ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ပါ .... .... .... ၂၃၁


## ကာမေသုမိစ္ဆာစာရကံ၏ အကျိုးပြ


၄၅၅။ သူဌေးသားလေးယောက် ဝတ္ထု .... .... .... ၂၃၁
၄၅၆။ ဥစ္စာအစုဖြင့် ဒါနမပြု .... .... .... ၂၃၁

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|


၄၅၇။ ဥစ္စာအစုဖြင့် မိတ္တာဝစာရပြု .... .... .... ၂၃၂

၄၅၈။ မိတ္တာဝစာရအမှုဖြင့် ငရဲကျ .... .... .... ၂၃၂

၄၅၉။ ဒု-သ-န-သော တလုံးစီပြော .... .... .... ၂၃၂

၄၆၀။ ပဌမ သူဌေးသား .... .... .... ၂၃၃

၄၆၁။ ဒုတိယ သူဌေးသား .... .... .... ၂၃၃

၄၆၂။ တတိယ သူဌေးသား .... .... .... ၂၃၄

၄၆၃။ စတုတ္ထ သူဌေးသား .... .... .... ၂၃၄

၄၆၄။ မိတ္တာဝစာရ ကြည်ကုန်ကြ .... .... .... ၂၃၄


## ကာမေသုမိစ္ဆာစာရကံ၏ အကျိုးပြ


၄၆၅။ မဟာပဒုမ ပစ္စေကဗုဒ္ဓါအလောင်း သူဌေးသား ဝတ္ထု .... ၂၃၅

၄၆၆။ မိတ္တာဝစာရကံဖြင့် မိန်းမဖြစ်ရ .... .... .... ၂၃၅

၄၆၇။ မုန်းသူများ .... .... .... ၂၃၅

၄၆၈။ ရှင်, မချစ်လျှင် ကျမ မိဖအိမ် ပြန်မည် .... .... ၂၃၅

၄၆၉။ ဥယျာဉ်သို့ သွားမည်အပြု .... .... .... ၂၃၆

၄၇၀။ ရှင်ပစ္စေကဗုဒ္ဓါ ကြွလာ .... .... .... ၂၃၆

၄၇၁။ ရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူ၍ ဆု(၅)မျိုး တောင်း .... ၂၃၇

၄၇၂။ ပဌမဆု .... .... .... ၂၃၇

၄၇၃။ ဒုတိယဆု .... .... .... ၂၃၇

၄၇၄။ တတိယဆု .... .... .... ၂၃၈

၄၇၅။ စတုတ္ထဆု .... .... .... ၂၃၈

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- | --- |


၄၇၆။ ပဉ္စမဆု .... .... .... ၂၃၀

၄၇၇။ ရှင်ပစ္စေကဗုဒ္ဓါ ဆုပေးခြင်း .... .... .... ၂၃၉

၄၇၈။ မိစ္ဆာစာရကံကုန်၍ ချစ်သူများ .... .... .... ၂၃၉

၄၇၉။ မဟာပဒုမ နတ်သားဖြစ် .... .... .... ၂၃၉

၄၈၀။ အမွေဆက်ခံ သားရရန်လျှောက်.... .... .... ၂၄၀

၄၈၁။ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ ပူပြင်း .... .... ၂၄၀

၄၈၂။ မဟာပဒုမနတ်သားကို သိကြား တောင်းပန် .... ၂၄၀

၄၈၃။ မဟာပဒုမနတ်သား သိကြားမင်း စကားကို လက်ခံ .... ၂၄၁

၄၈၄။ ပဒုမ္မာကြာတိုက်မှ ဖွား .... .... .... ၂၄၁

၄၈၅။ ခေတြဇသား .... .... .... ၂၄၂

၄၈၆။ ဆု သုံးပါး ပြည့်စုံ .... .... .... ၂၄၂

၄၈၇။ သားသမင်တို့ကို မြင်၍ မေးမြန်း.... .... .... ၂၄၃

၄၈၈။ ပစ္စေကဗုဒ္ဓါ ဝင်ခြေရာပြ အရပ်တပါးကြွ .... .... ၂၄၃

၄၈၉။ ပစ္စေကဗုဒ္ဓါ ဆုပြည့်စုံ .... .... .... ၂၄၄

၄၉၀။ မိစ္ဆာစာရအမှုမှ ရှောင်ကြဉ်ပါ .... .... .... ၂၄၄

၄၉၁။ မိန်းမ မဖြစ်ဘူးသော ယောကျ်ား ယောကျ်ား မဖြစ်ဘူးသော မိန်းမ မည်သည် မရှိ .... .... .... ၂၄၅

၄၉၂။ မိန်းမဘဝမှ ယောကျ်ားဖြစ်ရန် နည်းလမ်းမှန် .... ၂၄၆

၄၉၃။ ဆိုလိုရင်း အဓိပ္ပါယ် အကျဉ်း .... .... .... ၂၄၆

၄၉၄။ ယောကျ်ားအဖြစ်မှ မိန်းမအဖြစ် ပြောင်းလဲကြောင်းကံ.... ၂၄၇

၄၉၅။ မိန်းမအဖြစ်မှ ယောကျ်ားအဖြစ် ပြောင်းလဲကြောင်းကံ.... ၂၄၇

ဦးရေ    အကြောင်းအရာ    စာမျက်နှာနံပါတ်

## မုသာဝါဒကံ၏ အကျိုးပြ


၄၉၆။ မုသားဆို၍ မြေမျိုသော စေတိယမင်း ဝတ္ထု.... .... ၂၄၀
၄၉၇။ ငယ်စဉ်က ဝန်ခံကတိ .... .... .... ၂၄၀
၄၉၈။ ကပိလပုဏ္ဏားရဟန်းပြု .... .... .... ၂၄၀
၄၉၉။ သားအား ပုရောဟိတ်ရာထူးကို ပေးခဲ့သည်.... .... ၂၄၉
၅၀၀။ ညီအား မုသားဆို၍ ပုရောဟိတ်ရာထူးကို ပေးမည် .... ၂၄၉
၅၀၁။ မုသားဆိုတာ ဘယ်လိုဟာလဲ .... .... .... ၂၅၀
၅၀၂။ ခုနစ်ရက်မြောက်နေ့၌ မုသားဆိုမည် .... .... ၂၅၀
၅၀၃။ ခုနစ်ရက်မြောက်နေ့ မုသားဆိုပွဲ .... .... ၂၅၀
၅၀၄။ တရားသတ်သူကို တရားက ပြန်သတ် .... .... ၂၅၁
၅၀၅။ မုသားဆိုလျှင် မြေမျိုမည် .... .... .... ၂၅၁
၅၀၆။ စေတိယမင်း ပဌမအကြိမ် မုသားဆို၍တန်ခိုးလေးပါးကွယ် ၂၅၁
၅၀၇။ ဒုတိယအကြိမ် မုသားဆို၍ ခြေဖမျက်တိုင် မြေမျို .... ၂၅၂
၅၀၈။ တတိယအကြိမ် မုသားဆို၍ ဒူးဆစ်တိုင် မြေမျို .... ၂၅၂
၅၀၉။ စတုတ္ထအကြိမ် မုသားဆို၍ ခါးတိုင်အောင် မြေမျို .... ၂၅၃
၅၁၀။ ပဥ္စမအကြိမ် မုသားဆို၍ ချက်တိုင်အောင် မြေမျို .... ၂၅၃
၅၁၁။ ဆဋ္ဌမအကြိမ် မုသားဆို၍ သားမြတ်တိုင် မြေမျို .... ၂၅၃
၅၁၂။ သတ္တမအကြိမ် မုသားဆို၍ အဝီစိကျ .... .... ၂၅၄
၅၁၃။ မုသား မဆိုပါနှင့် .... .... .... ၂၅၄

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|

## သုရာမေရယပါနကံ၏ အကျိုးပြ


၅၁၄။ သုရာပါနဇာတ် .... .... .... ၂၅၅
၅၁၅။ အဆိပ်ထန်ပြင်း အမွတိတ္ထနဂါးမင်း .... .... ၂၅၅
၅၁၆။ နဂါးမင်းကို ဆုံးမ .... .... .... ၂၅၅
၅၁၇။ အရက်လှူရန် ပြောကြား .... .... .... ၂၅၆
၅၁၈။ အရက်သောက်ပြီး မူး .... .... .... ၂၅၆
၅၁၉။ အရက်သောက်လျှင် ပါစိတ် .... .... .... ၂၅၇
၅၂၀။ အရက်သောက်ပြစ် အတိတ်ဝတ္ထု.... .... .... ၂၅၇
၅၂၁။ ရသေ့ငါးရာ လူ့ရွာလား .... .... .... ၂၅၇
၅၂၂။ မိုဃ်းလပတ်လုံး မင်းဥယျာဉ်၌နေ .... .... ၂၅၈
၅၂၃။ အရက်သောက်ကာ အရှုးပမာ .... .... .... ၂၅၈
၅၂၄။ တပည့်တသင်း ဆရာနှင့်ကင်း၍ မှားယွင်း .... .... ၂၅၉
၅၂၅။ အရက်၏ အပြစ် .... .... .... ၂၅၉
၅၂၆။ အရက် မသောက်ပါနှင့် .... .... .... ၂၅၉
၅၂၇။ လူဒုဿီလ ငရဲကျ .... .... .... ၂၅၉
၅၂၈။ ကံငါးပါး အပြစ်ငယ် အပြစ်ကြီး .... .... ၂၆၁
၅၂၉။ အသက်သတ်ရာ၌ .... .... .... ၂၆၁
၅၃၀။ ဥစ္စာခိုးရာ၌ .... .... .... ၂၆၂
၅၃၁။ မိစ္ဆာစာရအရာ၌ .... .... .... ၂၆၂
၅၃၂။ မုသားဆိုရာ၌ .... .... .... ၂၆၃
၅၃၃။ အရက်သောက်ရာ၌ .... .... .... ၂၆၃

မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၅၃၄။ | ကျက်မှတ်ရန် .... .... .... | ၂၆၃ |
| ၅၃၅။ | လေ့ကျင့်ခန်းမေးခွန်းများ .... .... .... | ၂၆၄ |
| ၅၃၆။ | ဆက်ဆံသော ပုဒ်အနက်များ .... .... .... | ၂၆၉ |
| ၅၃၇။ | ဝေရမဏိ ပုဒ်အနက် .... .... .... | ၂၆၉ |
| ၅၃၈။ | ဝိရတီ (၃)မျိုး .... .... .... | ၂၇၁ |
| ၅၃၉။ | သမ္ပတ္တဝိရတီနှင့် ဝတ္ထု .... .... .... | ၂၇၁ |
| ၅၄၀။ | ယုန်ငယ်ကို ဖမ်း .... .... .... | ၂၇၂ |
| ၅၄၁။ | ပြန်လွှတ် .... .... .... | ၂၇၂ |
| ၅၄၂။ | သမာဒါနဝိရတီနှင့် ဝတ္ထု .... .... .... | ၂၇၃ |
| ၅၄၃။ | စပါးကြီးမြွေဖမ်း .... .... .... | ၂၇၃ |
| ၅၄၄။ | သီလအတွက် အသက်မငဲ့ .... .... .... | ၂၇၃ |
| ၅၄၅။ | သေတုဃာတဝိရတီ .... .... .... | ၂၇၄ |
| ၅၄၆။ | ယောနိသိဒ္ဓ .... .... .... | ၂၇၄ |
| ၅၄၇။ | ဓမ္မတာသိဒ္ဓ .... .... .... | ၂၇၄ |
| ၅၄၈။ | သိက္ခာပဒ ပုဒ်အနက် .... .... .... | ၂၇၅ |
| ၅၄၉။ | ဝေရမဏိသိက္ခာပဒ ပုဒ်အနက် .... .... .... | ၂၇၅ |
| ၅၅၀။ | သမာဒိယာမိ ပုဒ်အနက် .... .... .... | ၂၇၆ |
| ၅၅၁။ | သိက္ခာပုဒ် အနက်များ .... .... .... | ၂၇၆ |
| ၅၅၂။ | အနည်းနည်း အဖုံဖုံ ငါးပါးသီလ ဆောက်တည်ပုံ .... | ၂၇၇ |
| ၅၅၃။ | တနည်း .... .... .... | ၂၇၈ |
| ၅၅၄။ | တနည်း .... .... .... | ၂၇၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၅၅၅။ | တနည်း | ၂၇၈ |
| ၅၅၆။ | တနည်း | ၂၇၉ |
| ၅၅၇။ | တနည်း | ၂၇၉ |
| ၅၅၈။ | ပါဠိမြန်မာ ဆောက်တည်ပုံ | ၂၇၉ |
| ၅၅၉။ | တနည်း | ၂၈၀ |
| ၅၆၀။ | တနည်း | ၂၈၀ |
| ၅၆၁။ | တနည်း | ၂၈၁ |
| ၅၆၂။ | တနည်း | ၂၈၁ |
| ၅၆၃။ | မြန်မာသက်သက် ဆောက်တည်ပုံ | ၂၈၂ |
| ၅၆၄။ | တနည်း | ၂၈၂ |
| ၅၆၅။ | တနည်း | ၂၈၃ |
| ၅၆၆။ | တနည်း | ၂၈၃ |
| ၅၆၇။ | လေ့ကျင့်ခဏ်း မေးခွန်းများ | ၂၈၄ |
| ၅၆၈။ | ငါးပါးသီလ အကျိုးပြ (ပစ္စုပ္ပန်) | ၂၈၅ |
| ၅၆၉။ | အသက်သတ်လျှင် ရန်များ | ၂၈၆ |
| ၅၇၀။ | အသက် မသတ်လျှင် ရန်ငြိမ်း | ၂၈၇ |
| ၅၇၁။ | ဥစ္စာခိုးလျှင် ရန်ပွား | ၂၈၇ |
| ၅၇၂။ | ဥစ္စာ မခိုးလျှင် ရန်ငြိမ်း | ၂၈၈ |
| ၅၇၃။ | မိစ္ဆာမှားလျှင် ရန်ပွား | ၂၈၈ |
| ၅၇၄။ | မိစ္ဆာ မမှားလျှင် ရန်ငြိမ်း | ၂၈၈ |
| ၅၇၅။ | မုသားဆိုလျှင် ရန်ပွား | ၂၈၉ |

| ခဲ့ရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၅၇၆။ | မုသား မဆိုလျှင် ရန်ငြိမ်း .... .... .... | ၂၈၉ |
| ၅၇၇။ | အရက်သောက်လျှင် ရန်ပွား .... .... .... | ၂၉၀ |
| ၅၇၈။ | အရက် မသောက်လျှင် ရန်ငြိမ်း.... .... .... | ၂၉၀ |
| ၅၇၉။ | ငါးပါးသီလတန်ခိုး အကျိုးကြီးပုံ .... .... | ၂၉၁ |
| ၅၈၀။ | အရှင်ကြီး အရှင်ကောင်း ကယ်တော်မူပါ .... .... | ၂၉၁ |
| ၅၈၁။ | သီလ အားကိုးဖြင့် မကြောက် .... .... .... | ၂၉၁ |
| ၅၈၂။ | သီလပေးရန် တောင်းပန် .... .... .... | ၂၉၁ |
| ၅၈၃။ | ငါးပါးသီလ ခုနစ်ကြိမ် ပေးခြင်း.... .... .... | ၂၉၂ |
| ၅၈၄။ | ငါးပါးသီလဖြင့် နတ်ဖြစ်ကြ .... .... .... | ၂၉၂ |
| ၅၈၅။ | ငါးပါးသီလ ဆောက်တည်ပါ.... .... .... | ၂၉၃ |
| ၅၈၆။ | လူသုသီလ လူ နတ် ဗြဟ္မာပြည်မှာဖြစ်ရ .... .... | ၂၉၃ |
| ၅၈၇။ | ကံငါးပါး ပစ္စုပ္ပန်အဖြစ် .... .... .... | ၂၉၅ |
| ၅၈၈။ | ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်ရာဇာသုတ် .... .... | ၂၉၅ |
| ၅၈၉။ | အနက် .... .... .... | ၂၉၈ |
| ၅၉၀။ | အသက် မသတ်လျှင် မင်းဒဏ်လွတ် .... .... | ၂၉၈ |
| ၅၉၁။ | အသက်သတ်လျှင် မင်းဒဏ်ခံ .... .... .... | ၂၉၉ |
| ၅၉၂။ | ဥစ္စာ မခိုးလျှင် မင်းဒဏ်လွတ် .... .... .... | ၃၀၀ |
| ၅၉၃။ | ဥစ္စာ ခိုးလျှင် မင်းဒဏ်ခံ .... .... .... | ၃၀၁ |
| ၅၉၄။ | မိစ္ဆာ မမှားလျှင် မင်းဒဏ်လွတ်.... .... .... | ၃၀၂ |
| ၅၉၅။ | မိစ္ဆာ မှားလျှင် မင်းဒဏ်ခံ .... .... .... | ၃၀၃ |
| ၅၉၆။ | မုသား မပြောလျှင် မင်းဒဏ်လွတ် .... .... | ၃၀၄ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- | --- |
| ၅၉၇။ | မုသားပြောလျှင် မင်းဒဏ်ခံ .... .... .... | ၃၀၅ |
| ၅၉၈။ | အရက် မသောက်လျှင် မင်းဒဏ်လွတ် .... .... | ၃၀၆ |
| ၅၉၉။ | အရက် သောက်လျှင် မင်းဒဏ်ခံ .... .... | ၃၀၈ |
| ၆၀၀။ | ငါးပါးသီလ အကျိုးပြ တရားတော် .... .... | ၃၀၉ |
| ၆၀၁။ | အသက်သတ်ခြင်းမှ ရှောင်ကြဉ်.... .... .... | ၃၁၀ |
| ၆၀၂။ | ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ် .... .... .... | ၃၁၀ |
| ၆၀၃။ | သူ့မယား မှားယွင်းခြင်းမှ ရှောင်ကြဉ် .... .... | ၃၁၁ |
| ၆၀၄။ | မုသားဆိုခြင်းမှ ရှောင်ကြဉ် .... .... .... | ၃၁၂ |
| ၆၀၅။ | အရက် သောက်ခြင်းမှ ရှောင်ကြဉ် .... .... | ၃၁၂ |
| ၆၀၆။ | ဆိုလိုရင်း .... .... .... | ၃၁၃ |
| ၆၀၇။ | ငါးပါးသီလ၏ အကျိုးငါးပါး .... .... | ၃၁၄ |
| ၆၀၈။ | သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား ယခုဘဝတွင် ရနိုင်သော အကျိုးများ .... .... .... | ၃၁၅ |
| ၆၀၉။ | သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား တမလွန်တွင် ရနိုင်သော အကျိုးများ .... .... .... | ၃၁၆ |
| ၆၁၀။ | ကျက်မှတ်ရန် .... .... .... | ၃၁၇ |
| ၆၁၁။ | ပစ္စုပ္ပန်အကျိုး .... .... .... | ၃၁၇ |
| ၆၁၂။ | တမလွန်အကျိုး .... .... .... | ၃၁၇ |
| ၆၁၃။ | သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်သူအား ယခုဘဝတွင် ရနိုင်သော အကျိုးများ .... .... .... | ၃၁၇ |
| ၆၁၄။ | သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်သူအား တမလွန်တွင် ရနိုင်သော အကျိုးများ .... .... .... | ၃၁၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၆၁၅။ | ကျက်မှတ်ရန် .... .... .... | ၃၁၈ |
| ၆၁၆။ | ပစ္စုပ္ပန်အကျိုး .... .... .... | ၃၁၈ |
| ၆၁၇။ | တမလွန်အကျိုး .... .... .... | ၃၁၉ |
| ၆၁၈။ | သူ့မယားကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်သူအား ယခုဘဝတွင် ရနိုင်သော အကျိုးများ .... .... | ၃၁၉ |
| ၆၁၉။ | သူ့မယားကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်သူအား တမလွန်တွင် ရနိုင်သော အကျိုးများ .... .... | ၃၁၉ |
| ၆၂၀။ | ကျက်မှတ်ရန် .... .... .... | ၃၂၀ |
| ၆၂၁။ | ပစ္စုပ္ပန်အကျိုး .... .... .... | ၃၂၀ |
| ၆၂၂။ | တမလွန်အကျိုး .... .... .... | ၃၂၀ |
| ၆၂၃။ | မုသားဆိုခြင်းမှ ရှောင်ကြဉ်သူအား ယခုဘဝတွင် ရနိုင်သော အကျိုးများ .... .... .... | ၃၂၁ |
| ၆၂၄။ | မုသားဆိုခြင်းမှ ရှောင်ကြဉ်သူအား တမလွန်တွင် ရနိုင်သော အကျိုးများ .... .... .... | ၃၂၁ |
| ၆၂၅။ | ကျက်မှတ်ရန် .... .... .... | ၃၂၂ |
| ၆၂၆။ | ပစ္စုပ္ပန်အကျိုး .... .... .... | ၃၂၂ |
| ၆၂၇။ | တမလွန်အကျိုး .... .... .... | ၃၂၂ |
| ၆၂၈။ | အရက်သေရက် ဘိန်းစားခြင်းမှ ရှောင်ကြဉ်သူအား ယခုဘဝတွင် ရနိုင်သော အကျိုးများ .... .... | ၃၂၂ |
| ၆၂၉။ | အရက်သေရက် ဘိန်းစားခြင်းမှ ရှောင်ကြဉ်သူအား တမလွန်တွင် ရနိုင်သော အကျိုးများ .... .... | ၃၂၃ |
| ၆၃၀။ | ကျက်မှတ်ရန် .... .... .... | ၃၂၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၆၃၁။ | ပစ္စုပ္ပန်အကျိုး .... .... .... | ၃၂၅ |
| ၆၃၂။ | တမလွန်အကျိုး .... .... .... | ၃၂၅ |
| ၆၃၃။ | လေ့ကျင့်ခန်း မေးခွန်းများ .... .... .... | ၃၂၅ |

**တတိယပိုင်း**

| | | |
|---|---|---|
| ၆၃၄။ | ရှစ်ပါးသီလ .... .... .... | ၃၂၇ |
| ၆၃၅။ | အဗြဟ္မစရိယ သိက္ခာပုဒ် အဖွင့် .... .... .... | ၃၂၇ |
| ၆၃၆။ | အဗြဟ္မစရိယ အနက် .... .... .... | ၃၂၇ |
| ၆၃၇။ | အဗြဟ္မစရိယ တရားကိုယ် .... .... .... | ၃၂၇ |
| ၆၃၈။ | အဗြဟ္မစရိယ အင်္ဂါလေးပါး .... .... .... | ၃၂၇ |
| ၆၃၉။ | အင်္ဂါမစုံ သိက္ခာပုဒ် မပျက်ပုံ .... .... .... | ၃၂၈ |
| ၆၄၀။ | မှိဲခြင်း လုံ့လ (၁)မျိုး .... .... .... | ၃၂၉ |
| ၆၄၁။ | ရှောင်ကြဉ်ဖွယ်ရာ .... .... .... | ၃၂၉ |
| ၆၄၂။ | ဆောက်တည်လိုမူ ရှေးနည်းတူ .... .... .... | ၃၂၉ |
| ၆၄၃။ | ဝိကာလဘောဇန သိက္ခာပုဒ် အဖွင့် .... .... | ၃၃၀ |
| ၆၄၄။ | ဝိကာလဘောဇန အနက် .... .... .... | ၃၃၀ |
| ၆၄၅။ | ကာလနှင့် အာဟာရ .... .... .... | ၃၃၀ |
| ၆၄၆။ | ဝိကာလနှင့် သင့်ရာပြ .... .... .... | ၃၃၀ |
| ၆၄၇။ | ဝိကာလ၌ မစားသင့်သော အာဟာရများ .... .... | ၃၃၁ |
| ၆၄၈။ | ယာဝကာလိက ခဲဘွယ် (၁၂)ပါး .... .... | ၃၃၁ |
| ၆၄၉။ | ဘောဇဉ် (၅) ပါး .... .... .... | ၃၃၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၆၅၀။ | ဝိကာလ၌ စားသောက်သင့်သည်များ .... .... | ၃၃၂ |
| ၆၅၁။ | ယာမကာလိက အဖျော် (၈) ပါး .... .... | ၃၃၂ |
| ၆၅၂။ | အနုလောမ အဖျော်များ .... .... .... | ၃၃၂ |
| ၆၅၃။ | သတ္တာဟကာလိက .... .... .... | ၃၃၃ |
| ၆၅၄။ | ယာဝဇီဝက .... .... .... | ၃၃၃ |
| ၆၅၅။ | အမြစ် .... .... .... | ၃၃၃ |
| ၆၅၆။ | အဥ .... .... .... | ၃၃၄ |
| ၆၅၇။ | အစွယ် .... .... .... | ၃၃၄ |
| ၆၅၈။ | အညွန့် အညှောက် .... .... .... | ၃၃၄ |
| ၆၅၉။ | ပင်စည် .... .... .... | ၃၃၄ |
| ၆၆၀။ | အခေါက် အခွံ .... .... .... | ၃၃၄ |
| ၆၆၁။ | အရွက် .... .... .... | ၃၃၅ |
| ၆၆၂။ | အပွင့် .... .... .... | ၃၃၅ |
| ၆၆၃။ | အသီး .... .... .... | ၃၃၅ |
| ၆၆၄။ | အစေ့ .... .... .... | ၃၃၅ |
| ၆၆၅။ | အမှုန့် .... .... .... | ၃၃၅ |
| ၆၆၆။ | အစေး .... .... .... | ၃၃၆ |
| ၆၆၇။ | အဖျော်ယာမကာ ပြုနည်း .... .... .... | ၃၃၆ |
| ၆၆၈။ | ဝိကာလဘောဇန တရားကိုယ် .... .... .... | ၃၃၈ |
| ၆၆၉။ | ဝိကာလဘောဇန အင်္ဂါလေးပါး .... .... | ၃၃၈ |
| ၆၇၀။ | အင်္ဂါမစုံ သိက္ခာပုဒ် မပျက်ပုံ .... .... .... | ၃၃၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၆၇၁။ | ဆောက်တည့်လိုမှု ရှေးနည်းတူ .... .... .... | ၃၃၉ |
| ၆၇၂။ | ကွမ်းစား,ဆေးဝါး, ဆေးလိပ်သောက် အဆုံးအဖြတ် .... | ၃၃၉ |
| ၆၇၃။ | ပါဠိ .... .... .... | ၃၄၀ |
| ၆၇၄။ | အနက် .... .... .... | ၃၄၀ |
| ၆၇၅။ | အဖျော်,ဆာလျှင် သောက်, မဆာလျှင် မသောက်ရ .... | ၃၄၁ |
| ၆၇၆။ | ဆေး, ရောဂါဖြစ်လျှင် စား, မဖြစ်လျှင် မစားရ .... | ၃၄၁ |
| ၆၇၇။ | ကွမ်း, အကြောင်းရှိ ဝါး, မရှိ မဝါးရ .... .... | ၃၄၂ |
| ၆၇၈။ | ဆေးရွက်, အကြောင်းရှိ ငုံ, မရှိ မငုံရ .... .... | ၃၄၂ |
| ၆၇၉။ | ဆေးလိပ်,အကြောင်းရှိ သောက်, မရှိ မသောက်ရ .... | ၃၄၂ |
| ၆၈၀။ | ဆေးလိပ် ဆေးတံ လှူကျိုး (၃)ပါး .... .... | ၃၄၃ |
| ၆၈၁။ | ကျက်မှတ်ရန် .... .... .... | ၃၄၄ |
| ၆၈၂။ | နစ္စဂီတသိက္ခာပုဒ် အဖွင့် .... .... .... | ၃၄၅ |
| ၆၈၃။ | နစ္စဂီတ စသည့် အနက် .... .... .... | ၃၄၅ |
| ၆၈၄။ | နစ္စ ဂီတ ဝါဒိတ အဆုံးအဖြတ် .... .... .... | ၃၄၅ |
| ၆၈၅။ | နစ္စ အဆုံးအဖြတ် .... .... .... | ၃၄၅ |
| ၆၈၆။ | ဂီတ အဆုံးအဖြတ် .... .... .... | ၃၄၆ |
| ၆၈၇။ | ဝါဒိတ အဆုံးအဖြတ် .... .... .... | ၃၄၈ |
| ၆၈၈။ | ပါဠိတော်ပြ ဝိသုကဒဿန .... .... .... | ၃၄၉ |
| ၆၈၉။ | ရှောင်ကြဉ်ဘွယ်ရာ .... .... .... | ၃၅၀ |
| ၆၉၀။ | မာလာဂန္ဓ စသည်ပြ .... .... .... | ၃၅၀ |
| ၆၉၁။ | ရှောင်ကြဉ်ဘွယ်ရာ .... .... .... | ၃၅၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၆၉၂။ | နစ္စ ဂီတ (လ) ဌာန တရားကိုယ် | ၃၅၂ |
| ၆၉၃။ | နစ္စ ဂီတ (လ) ဌာန အင်္ဂါ (၂)ပါး | ၃၅၂ |
| ၆၉၄။ | အင်္ဂါမစုံ သိက္ခာပုဒ် မပျက် | ၃၅၂ |
| ၆၉၅။ | ဆောက်တည်လိုမှု ရှေးနည်းတူ | ၃၅၂ |
| ၆၉၆။ | ဥစ္စာသယန သိက္ခာပုဒ်အဖွင့် | ၃၅၃ |
| ၆၉၇။ | ဥစ္စာသယန မဟာသယန အနက် | ၃၅၃ |
| ၆၉၈။ | ဥစ္စာသယန အဆုံးအဖြတ် | ၃၅၄ |
| ၆၉၉။ | ပါဠိတော်ပြ ဥစ္စာသယန မဟာသယန | ၃၅၄ |
| ၇၀၀။ | ရှောင်ကြဉ်ဘွယ်ရာ | ၃၅၆ |
| ၇၀၁။ | ဥစ္စာသယန မဟာသယန တရားကိုယ် | ၃၅၆ |
| ၇၀၂။ | ဥစ္စာသယန မဟာသယန အင်္ဂါ(၂)ပါး | ၃၅၆ |
| ၇၀၃။ | အင်္ဂါမစုံ သိက္ခာပုဒ် မပျက် | ၃၅၆ |
| ၇၀၄။ | ဆောက်တည်လိုမှု ရှေးအတူ | ၃၅၇ |
| ၇၀၅။ | သိက္ခာပုဒ် အနက်များ | ၃၅၇ |
| ၇၀၆။ | အပေါင်းဥပုသ်၌ | ၃၅၈ |
| ၇၀၇။ | အဓိဋ္ဌာန်ဥပုသ်၌ | ၃၅၈ |
| ၇၀၈။ | အပ္ပမာဒပုဒ် အနက် | ၃၅၈ |
| ၇၀၉။ | လေ့ကျင့်ခဏ်း မေးခွန်းများ | ၃၅၈ |
| ၇၁၀။ | အဋ္ဌင်္ဂသီလ အကျိုးပြ | ၃၅၉ |
| ၇၁၁။ | အဋ္ဌင်္ဂိက ဥပုသ်သီလ | ၃၅၉ |
| ၇၁၂။ | အကျိုးကြီးပုံ | ၃၆၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၇၁၃။ | ဥပုသ်သီလ အကျိုးကြီးပုံ | ၃၆၄ |
| ၇၁၄။ | စတုမဟာရာဇ် နတ်သက် | ၃၆၅ |
| ၇၁၅။ | တာဝတိံသာ နတ်သက် | ၃၅၅ |
| ၇၁၆။ | ယာမာ နတ်သက် | ၃၆၅ |
| ၇၁၇။ | တုသိတာ နတ်သက် | ၃၆၆ |
| ၇၁၈။ | နိမ္မာနရတိ နတ်သက် | ၃၆၆ |
| ၇၁၉။ | ပရနိမ္မိတဝသဝတ္တီ နတ်သက် | ၃၆၆ |
| ၇၂၀။ | ဥပုသ်သီလ အကျိုးကြီးလှ | ၃၆၆ |
| ၇၂၁။ | တရက်ထက်ဝက် ညဘက် ဥပုသ်သီလတန်ခိုး အကျိုးကြီးပုံ | ၃၆၇ |
| ၇၂၂။ | ဥပုသ်စောင့်ကြရှဲလား | ၃၆၇ |
| ၇၂၃။ | အတိတ်ဝတ္ထု ပြန်ဟော | ၃၆၇ |
| ၇၂၄။ | သဒ္ဓါပြည့်တင်း ဗြဟ္မာမင်း | ၃၆၈ |
| ၇၂၅။ | ညဘက် ဥပုသ်စောင့် | ၃၆၈ |
| ၇၂၆။ | သရက်သီးမှည့် ဒါန | ၃၆၈ |
| ၇၂၇။ | ဝေမာနိကပြိတ္တာဖြစ် | ၃၆၉ |
| ၇၂၈။ | အကြောင်းကံနှင့်တူစွာ အကျိုးရ | ၃၆၉ |
| ၇၂၉။ | ကြောင်းကျိုးတူပုံ | ၃၇၀ |
| ၇၃၁။ | နေ့ထက်ဝက် အဌင်္ဂဥပုသ်သီလတန်ခိုး အကျိုးကြီးပုံ | ၃၇၀ |
| ၇၃၁။ | ကောင်းမှုကို မေး | ၃၇၀ |
| ၇၃၂။ | အလုပ်သမားတိုင်း ဥပုသ်စောင့် | ၃၇၁ |
| ၇၃၃။ | နေ့ထက်ဝက် ဥပုသ်အကျိုး နတ်စည်းစိမ်ရ | ၃၇၁ |

| နံပါတ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၇၃၄။ | ပါဠိအဋ္ဌကထာလာ ဥပုသ်နေ့များ .... .... | ၃၇၂ |
| ၇၃၅။ | ဥပုသ်ရက် သုံးမျိုး .... .... .... | ၃၇၂ |
| ၇၃၆။ | ပကတိ ဥပုသ်ရက် .... .... .... | ၃၇၂ |
| ၇၃၇။ | ပဋိဇာဂရ ဥပုသ်ရက် .... .... .... | ၃၇၃ |
| ၇၃၈။ | ပါဋိဟာရိယပက္ခ ဥပုသ်ရက် .... .... .... | ၃၇၅ |
| ၇၃၉။ | ဥပုသ်အပြား .... .... .... | ၃၇၆ |
| ၇၄၀။ | နွားကျောင်းသား ဥပုသ် .... .... .... | ၃၇၆ |
| ၇၄၁။ | ခွေးဥပုသ် ဝက်ဥပုသ် ဆက်ရက်ဥပုသ် .... .... | ၃၇၇ |
| ၇၄၂။ | ဒီသီလမျိုး အကျိုးမကြီး .... .... .... | ၃၇၇ |
| ၇၄၃။ | တိတ္ထိနိဂဏ္ဌဥပုသ် .... .... .... | ၃၇၈ |
| ၇၄၄။ | ဒီသီလမျိုး အကျိုးမရှိ .... .... .... | ၃၇၈ |
| ၇၄၅။ | အရိယာဥပုသ် .... .... .... | ၃၇၉ |
| ၇၄၆။ | ဗြဟ္မူပေါသထ (ဘုရားဥပုသ်).... .... .... | ၃၇၉ |
| ၇၄၇။ | ဓမ္မူပေါသထ (တရားဥပုသ်) .... .... .... | ၃၇၉ |
| ၇၄၈။ | သံဃူပေါသထ (သံဃာဥပုသ်).... .... .... | ၈၃၀ |
| ၇၄၉။ | သီလူပေါသထ (သီလဥပုသ်) .... .... .... | ၃၈၀ |
| ၇၅၀။ | ဒေဝတူပေါသထ (နတ်ဥပုသ်) .... .... .... | ၃၈၁ |
| ၇၅၁။ | အရဟန္တူပေါသထ (ရဟန္တာဥပုသ်) .... .... | ၃၈၁ |
| ၇၅၂။ | ဒီသီလမျိုး အကျိုးကြီး၏ .... .... .... | ၃၈၃ |
| ၇၅၃။ | ဥပုသ်, ဥပုသ်စောင့်, ဥပုသ်နေ့ .... .... .... | ၃၈၄ |
| ၇၅၄။ | ဥပုသ်စောင့်ပုံ အစီအစဉ် .... .... .... | ၃၈၄ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|


၇၅၅။ ဥပုသ်နှင့် မှတ်ချက် .... .... .... ၃၀၅
၇၅၆။ ဘုရားလက်ထက်တော်အခါက ဥပုသ်သည်မ ငါးရာ .... ၃၀၆
၇၅၇။ နိဗ္ဗာန်တောင့်တ ဥပုသ်စောင့်ကြ .... .... ၃၀၆
၇၅၈။ ရှောင်ကြဉ်ဖွယ် .... .... .... ၃၀၇
၇၅၉။ ဥပုသ်နေ့ အလုပ်ပိတ် .... .... .... ၃၀၇

## ဆယ်ပါးသီလ

၇၆၀။ ဇာတရူပ သိက္ခာပုဒ် အဖွင့် .... .... .... ၃၀၈
၇၆၁။ ခံခြင်း သုံးမျိုး .... .... .... ၃၀၈
၇၆၂။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏ တရားကိုယ် .... .... ၃၀၉
၇၆၃။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏ အင်္ဂါ(၃)ပါး.... .... ၃၀၉
၇၆၄။ သိက္ခာပုဒ် အနက်များ .... .... .... ၃၀၉
၇၆၅။ အပ္ပမာဒပုဒ် အနက် .... .... .... ၃၉၀
၇၆၆။ သံကိလေသ .... .... .... ၃၉၀
၇၆၇။ ခဏ္ဍ .... .... .... ၃၉၁
၇၆၈။ ဆိဒ္ဒ .... .... .... ၃၉၁
၇၆၉။ သဗလ .... .... .... ၃၉၁
၇၇၀။ ကမ္မာသ .... .... .... ၃၉၂
၇၇၁။ မေထုန်ငယ်(၇)ပါး .... .... .... ၃၉၂
၇၇၂။ ဝေါဒါန .... .... .... ၃၉၃
၇၇၃။ ဝေါဒါနသီလ၏ အကျိုးပြ .... .... .... ၃၉၄

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၇၇၄။ | ဤပံ မေ ပုညံ အနက် .... .... .... | ၃၉၆ |
| ၇၇၅။ | လေ့ကျင့်ခန်း မေးခွန်းများ .... .... .... | ၃၉၆ |

## စတုတ္ထပိုင်း

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၇၇၆။ | ဒါနခန်း ဒါနတရားတော်များ .... .... | ၃၉၉ |
| ၇၇၇။ | အနုဂါမိက မြတ်ဒါန .... .... .... | ၃၉၉ |
| ၇၇၈။ | ယဉ်ကျေးအောင် ဆုံးမ မြတ်ဒါန .... .... | ၄၀၀ |
| ၇၇၉။ | ချမ်းသာ အမျိုးမျိုးရ မြတ်ဒါန.... .... .... | ၄၀၀ |
| ၇၈၀။ | ဒါန, သီလ, ဘာဝနာ သုံးဖြာစုံမှ နိဗ္ဗာန်ရ .... .... | ၄၀၁ |
| ၇၈၁။ | ခပ်သိမ်းကျိုးပြီးလှ မြတ်ဒါန .... .... .... | ၄၀၁ |
| ၇၈၂။ | ဒါန နှစ်မျိုး .... .... .... | ၄၀၁ |
| ၇၈၃။ | စေတနာဒါန .... .... .... | ၄၀၂ |
| ၇၈၄။ | ဝတ္ထုဒါန .... .... .... | ၄၀၂ |
| ၇၈၅။ | ပြည့်စုံပါမှ အကျိုးလှ .... .... .... | ၄၀၂ |
| ၇၈၆။ | ထီးအလှူ၌ အကျိုး(၈)ပါး .... .... .... | ၄၀၃ |
| ၇၈၇။ | အဝတ်သင်္ကန်းအလှူ၌ အကျိုး(၈)ပါး .... .... | ၄၀၆ |
| ၇၈၈။ | သပိတ်အလှူ၌ အကျိုး (၁၀)ပါး .... .... | ၄၀၈ |
| ၇၈၉။ | ပဲခွပ်အလှူ၌ အကျိုး(၈)ပါး .... .... .... | ၄၀၉ |
| ၇၉၀။ | ဓားငယ်အလှူ၌ အကျိုး(၅)ပါး .... .... | ၄၁၂ |
| ၇၉၁။ | အပ်အလှူ၌ အကျိုး(၅)ပါး .... .... .... | ၄၁၄ |
| ၇၉၂။ | လက်သည်းလှီးဓားအလှူ၌ အကျိုး(၅)ပါး.... .... | ၄၁၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၇၉၃။ | ယပ်အလှူ၌ အကျိုး(၈)ပါး .... .... .... | ၄၁၆ |
| ၇၉၄။ | ဥဒေါင်းမြီးယပ် သားမြီးယပ် အလှူ၌ အကျိုး(၁)ပါး .... | ၄၁၈ |
| ၇၉၅။ | ရေစစ် ဓမ္မကရိုဏ်အလှူ၌ အကျိုး(၅)ပါး .... .... | ၄၁၈ |
| ၇၉၆။ | ဆီကျည်အလှူ၌ အကျိုး(၅)ပါး .... .... | ၄၂၀ |
| ၇၉၇။ | အပ်ကျည်အလှူ၌ အကျိုး(၃)ပါး .... .... | ၄၂၁ |
| ၇၉၈။ | အံသကိုဋ္ဌ်အလှူ၌ အကျိုး(၃)ပါး .... .... | ၄၂၂ |
| ၇၉၉။ | ခါးပန်းကြိုးအလှူ၌ အကျိုး(၆)ပါး .... .... | ၄၂၃ |
| ၈၀၀။ | သပိတ်ခြေအလှူ၌ အကျိုး(၅)ပါး .... .... | ၄၂၅ |
| ၈၀၁။ | အိုးအလှူ၌ အကျိုး(၃)ပါး .... .... .... | ၄၂၆ |
| ၈၀၂။ | ခွက်အလှူ၌အကျိုး(၃)ပါး .... .... .... | ၄၂၇ |
| ၈၀၃။ | ဆေးအလှူ၌ အကျိုး(၁၀)ပါး .... .... .... | ၄၂၉ |
| ၈၀၄။ | ဘိနပ်အလှူ၌ အကျိုး(၃)ပါး .... .... .... | ၄၃၁ |
| ၈၀၅။ | ခြေနင်းအလှူ၌ အကျိုး(၁)ပါး .... .... .... | ၄၃၂ |
| ၈၀၆။ | တဘက် ရေသုတ်အဝတ် အလှူ၌ အကျိုး(၅)ပါး .... | ၄၃၃ |
| ၈၀၇။ | တောင်ဝှေး အလှူ၌ အကျိုး (၆)ပါး .... .... | ၄၃၄ |
| ၈၀၈။ | မျက်စဉ်းဆေး အလှူ၌ အကျိုး (၈)ပါး .... .... | ၄၃၅ |
| ၈၀၉။ | သံကောက် (သော့)အလှူ၌ အကျိုး(၁)ပါး .... | ၄၃၇ |
| ၈၁၀။ | သံကောက်အိမ် (သော့ခလောက်)အလှူ၌ အကျိုး(၂)ပါး | ၄၃၇ |
| ၈၁၁။ | အာယောဂပတ် အလှူ၌ အကျိုး(၆)ပါး .... .... | ၄၃၈ |
| ၈၁၂။ | အခိုးတံ, ဆေးတံ, ဆေးလိပ် အလှူ၌ အကျိုး (၃)ပါး.... | ၄၃၉ |
| ၈၁၃။ | ဿမီးတိုင် (လျှပ်စစ်မီး)အလှူ၌ အကျိုး(၃)ပါး .... | ၄၄၀ |

| ဇာတ်ဝင်ရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၈၁၄။ | ပုဏ္ဏားနှင့် ကြူတ်အလှူ၌ အကျိုး (၁၀)ပါး .... .... | ၄၄၁ |
| ၈၁၅။ | လက်သုတ်ပုဝါ အလှူ၌ အကျိုး (၅)ပါး .... .... | ၄၄၃ |
| ၈၁၆။ | သင်ဓုန်း အလှူ၌ အကျိုး (၁)ပါး .... .... | ၄၄၄ |
| ၈၁၇။ | မွေးညှပ် အလှူ၌ အကျိုး(၁)ပါး .... .... | ၄၄၅ |
| ၈၁၈။ | နှာနှပ်တံ အလှူ၌ အကျိုး (၈)ပါး .... .... | ၄၄၅ |
| ၈၁၉။ | အင်းပျဉ် (ကုလားထိုင်) အလှူ၌ အကျိုး (၅)ပါး .... | ၄၄၇ |
| ၈၂၀။ | ဘုံလျှို အလှူ၌ အကျိုး (၆)ပါး .... .... | ၄၄၈ |
| ၈၂၁။ | ခေါင်းအုံး အလှူ၌ အကျိုး (၆)ပါး .... .... | ၄၅၁ |
| ၈၂၂။ | ပျဉ်ချပ် အလှူ၌ အကျိုး (၂)ပါး .... .... | ၄၅၃ |
| ၈၂၃။ | ခြေဆေးအင်းပျဉ် အလှူ၌ အကျိုး(၂)ပါး .... .... | ၄၅၄ |
| ၈၂၄။ | ခြေနယ်ဆီ အလှူ၌ အကျိုး (၅)ပါး .... .... | ၄၅၅ |
| ၈၂၅။ | ထောပတ်ဆီ အလှူ၌ အကျိုး (၅)ပါး .... .... | ၄၅၆ |
| ၈၂၆။ | သွားတိုက်ဆေး အလှူ၌ အကျိုး (၅)ပါး .... .... | ၄၅၈ |
| ၈၂၇။ | နို့ဓမ်း အလှူ၌ အကျိုး (၂)ပါး .... .... | ၄၅၉ |
| ၈၂၈။ | ပျားရည် အလှူ၌ အကျိုး (၁)ပါး .... .... | ၄၅၉ |
| ၈၂၉။ | အရသာ အလှူ၌ အကျိုး (၁)ပါး .... .... | ၄၆၀ |
| ၈၃၀။ | ထမင်းအဖျော် အလှူ၌ အကျိုး (၁၀)ပါး .... | ၄၆၀ |
| ၈၃၁။ | အမွှေးတိုင် အလှူ၌ အကျိုး (၁၀)ပါး .... .... | ၄၆၂ |
| ၈၃၂။ | ဘောဇဉ်ငါးပါး အလှူ၌ အကျိုး (၅)ပါး .... .... | ၄၆၄ |
| ၈၃၃။ | ယာဂု အလှူ၌ အကျိုး (၅)ပါး.... .... .... | ၄၆၆ |
| ၈၃၄။ | ယာဂု အလှူ၌ အကျိုး (၅)ပါး .... .... .... | ၄၆၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁၃၅။ | ဆန်ပြုတ် ယာဂု အလှူ၌ အကျိုး (၁၀)ပါး .... .... | ၄၆၈ |
| ၁၃၆။ | ဒန်ပူ အလှူ၌ အကျိုး (၅)ပါး .... .... .... | ၄၇၂ |
| ၁၃၇။ | လေ့ကျင့်ခဏ်း မေးခွန်းများ .... .... .... | ၄၇၃ |

ပဉ္စမပိုင်း

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁၃၈။ | သုတ်ပါထေယျ သိင်္ဂါလသုတ် .... .... .... | ၄၇၆ |
| ၁၃၉။ | ဒေသနှင့် ဒေသက .... .... .... | ၄၇၆ |
| ၁၄၀။ | ဝေဠုဝန် .... .... .... | ၄၇၆ |
| ၁၄၁။ | ကလန္ဒကနိဝါပ .... .... .... | ၄၇၆ |
| ၁၄၂။ | သိင်္ဂါလက သတို့သားအား မိဖနှစ်ပါး ဆုံးမပုံ .... | ၄၇၇ |
| ၁၄၃။ | သိင်္ဂါလက သတို့သား မိဖစကားကို မနာယူ .... | ၄၇၇ |
| ၁၄၄။ | သေခါနီး ဖခင်၏ ဩဝါဒ .... .... .... | ၄၇၈ |
| ၁၄၅။ | သိင်္ဂါလက သတို့သား အရပ်မျက်နှာတို့ကို ရှိခိုးခြင်း .... | ၄၇၈ |
| ၁၄၆။ | ဘုရားရှင် သိင်္ဂါလက သတို့သားကို မြင်တော်မူခြင်း .... | ၄၇၉ |
| ၁၄၇။ | ဂိဟိဝိနယကို ဟောကြားရန် တောင်းပန်ခြင်း .... | ၄၈၀ |
| ၁၄၈။ | ဂိဟိဝိနယကို ဟောကြားတော်မူခြင်း .... .... | ၄၈၁ |
| ၁၄၉။ | မာတိကာ .... .... .... | ၄၈၁ |
| ၁၅၀။ | ကံ ကိလေသာ (၄) ပါး .... .... .... | ၄၈၁ |
| ၁၅၁။ | အဂတိ (၄) ပါး .... .... .... | ၄၈၁ |
| ၁၅၂။ | အဂတိလေးပါး လိုက်စား၍ မကောင်းမှုပြု .... | ၄၈၂ |
| ၁၅၃။ | အဂတိလေးပါး မလိုက်စား ဂုဏ်းပွား စည်းစိမ် အခြံရံ .... | ၄၈၃ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|


၈၅၄။ စည်းစိမ်ဥစ္စာ ပျက်စီးကြောင်း (၆) ပါး .... .... ၄၈၄
၈၅၅။ အရက် သောက်သူ၌ အပြစ် (၆) ပါး .... .... ၄၈၄
၈၅၆။ အချိန်မဲ့ အခါမဲ့ လည်ပတ်သူ၌ အပြစ် (၆) ပါး .... ၄၈၅
၈၅၇။ မိမိကိုယ်ကို မစောင့်ရှောက် မလုံခြုံပုံ .... .... ၄၈၅
၈၅၈။ သား မယားတို့ကို မစောင့်ရှောက် မလုံခြုံပုံ .... .... ၄၈၅
၈၅၉။ ပစ္စည်းဥစ္စာကို မစောင့်ရှောက် မလုံခြုံပုံ .... .... ၄၈၆
၈၆၀။ ယုတ်မာမှုတို့၌ ယုံမှားဖွယ်ဖြစ်ပုံ .... .... .... ၄၈၆
၈၆၁။ မဟုတ်မမှန် အစွပ်စွဲခံရပုံ .... .... .... ၄၈၆
၈၆၂။ များစွာသော ဒုက္ခတရားတို့၏ ရှေ့သွားဖြစ်ပုံ .... ၄၈၆
၈၆၃။ ပွဲလမ်းသဘင် ပျော်ရွှင်မှုးတူး အသွားကြူးသူ၌ အပြစ် (၆) ပါး .... .... .... ၄၈၆
၈၆၄။ ဂျင် ဖဲ လောင်းတမ်း ကစားကြူးသူ၌ အပြစ် (၆)ပါး .... ၄၈၇
၈၆၅။ နိုင်လျှင် ရန်ဖြစ်တတ်ပုံ .... .... .... ၄၈၈
၈၆၆။ ရှုံးလျှင် ပူပန်ရပုံ .... .... .... ၄၈၈
၈၆၇။ စီးပွား ဥစ္စာ ဆုတ်ယုတ်ပုံ .... .... .... ၄၈၈
၈၆၈။ တရားရုံးတွင် သက်သေအရာ မဝင်ပုံ .... .... ၄၈၉
၈၆၉။ မိတ်ဆွေများက နှိမ်ချ ပစ်ပယ်ပုံ .... .... ၄၈၉
၈၇၀။ ထိမ်းမြားမင်္ဂလာ၌ အပယ်ခံရပုံ .... .... ၄၈၉
၈၇၁။ ယုတ်မာသော မိတ်ဆွေနှင့် ပေါင်းခြင်း၌ အပြစ် (၆)ပါး ၄၉၀
၈၇၂။ ပျင်းရိသူ၌ အပြစ် (၆)ပါး .... .... .... ၄၉၀
၈၇၃။ ချမ်းလွန်းတယ် .... .... .... ၄၉၁

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁၇၄။ | ပူလွန်းတယ် .... .... .... | ၄၉၁ |
| ၁၇၅။ | မိုးချုပ်လွန်းတယ် .... .... .... | ၄၉၁ |
| ၁၇၆။ | စောလွန်းတယ် .... .... .... | ၄၉၁ |
| ၁၇၇။ | ဆာလွန်းတယ် .... .... .... | ၄၉၂ |
| ၁၇၈။ | ဝလွန်းတယ် .... .... .... | ၄၉၂ |
| ၁၇၉။ | မိတ်တု (၄)ယောက် .... .... .... | ၄၉၂ |
| ၁၈၀။ | အညဒတ္ထုဟာရ မိတ်ဆွေတု .... .... .... | ၄၉၃ |
| ၁၈၁။ | ဝစီပရမ မိတ်ဆွေတု .... .... .... | ၄၉၃ |
| ၁၈၂။ | အတီတေန ပဋိသန္ထရတိ .... .... .... | ၄၉၃ |
| ၁၈၃။ | အနာဂတေန ပဋိသန္ထရတိ .... .... .... | ၄၉၄ |
| ၁၈၄။ | နိရတ္ထကေန သင်္ဂဏှာတိ .... .... .... | ၄၉၄ |
| ၁၈၅။ | ပစ္စုပ္ပန္နေသု ကိစ္စေသု ဗျသနံ ဒဿေတိ .... .... | ၄၉၄ |
| ၁၈၆။ | အနုပ္ပိယဘာဏီ မိတ်ဆွေတု .... .... .... | ၄၉၅ |
| ၁၈၇။ | ပါပကံပိဿ အနုဇာနာတိ .... .... .... | ၄၉၅ |
| ၁၈၈။ | ကလျာဏံပိဿ အနုဇာနာတိ .... .... .... | ၄၉၅ |
| ၁၈၉။ | သမ္မုခါဿ ဝဏ္ဏံ ဘာသတိ .... .... .... | ၄၉၅ |
| ၁၉၀။ | ပရမ္မုခါဿ အဝဏ္ဏံ ဘာသတိ .... .... .... | ၄၉၆ |
| ၁၉၁။ | အပါယသဟာယ မိတ်ဆွေတု .... .... .... | ၄၉၆ |
| ၁၉၂။ | သုရာမေရယမဇ္ဇပမာဒဋ္ဌာနာနုယောဂေ သဟာယော ဟောတိ .... .... .... | ၄၉၆ |
| ၁၉၃။ | ဝိကာလဝိသိခါစရိယာနုယောဂေ သဟာယော ဟောတိ | ၄၉၆ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၈၉၄။ | သမဏ္ဍာဘိစရဏော သဟာယော ဟောတိ .... .... | ၄၉၆ |
| ၈၉၅။ | ဇူတပ္ပမာဒဋ္ဌာနာနုယောဂေ သဟာယော ဟောတိ .... | ၄၉၇ |
| ၈၉၆။ | မိတ်ဆွေကောင်း မိတ်ဆွေစစ် (၄)ယောက် .... | ၄၉၇ |
| ၈၉၇။ | ဥပကာရ မိတ်ဆွေစစ် .... .... .... | ၄၉၈ |
| ၈၉၈။ | ပမတ္တံ ရက္ခတိ .... .... .... | ၄၉၈ |
| ၈၉၉။ | ပမတ္တဿ သာပတေယျံ ရက္ခတိ .... .... .... | ၄၉၈ |
| ၉၀၀။ | ဘီတဿ သရဏံ ဟောတိ .... .... .... | ၄၉၈ |
| ၉၀၁။ | ဥပ္ပန္နေသု ကိစ္စကရဏီယေသု တဒ္ဒိဂုဏံ ဘောဂံ အနုပ္ပဒေတိ | ၄၉၈ |
| ၉၀၂။ | သမာန သုခဒုက္ခ မိတ်ဆွေစစ် .... .... .... | ၄၉၉ |
| ၉၀၃။ | ဂုယှမဿ အာစိက္ခတိ .... .... .... | ၄၉၉ |
| ၉၀၄။ | ဂုယှမဿ ပရိဂူဟတိ .... .... .... | ၄၉၉ |
| ၉၀၅။ | အာပဒါသု န ဝိဇဟတိ .... .... .... | ၄၉၉ |
| ၉၀၆။ | ဇီဝိတမ္ပိဿ အတ္ထာယ ပရိစ္စတ္တံ ဟောတိ .... .... | ၅၀၀ |
| ၉၀၇။ | အတ္ထက္ခာယီ မိတ်ဆွေစစ် .... .... .... | ၅၀၀ |
| ၉၀၈။ | ပါပါ နိဝါရေတိ .... .... .... | ၅၀၀ |
| ၉၀၉။ | ကလျာဏေ နိဝေသေတိ .... .... .... | ၅၀၀ |
| ၉၁၀။ | အဿုတံ သာဝေတိ .... .... .... | ၅၀၁ |
| ၉၁၁။ | သဂ္ဂဿ မဂ္ဂံ အာစိက္ခတိ .... .... .... | ၅၀၁ |
| ၉၁၂။ | အဘာဝေနဿ န နန္ဒတိ .... .... .... | ၅၀၁ |
| ၉၁၃။ | ဘာဝေနဿ နန္ဒတိ .... .... .... | ၅၀၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၉၁၄။ | အဝဏ္ဏံ ဘာဏမာနံ နိဝါရေတိ | ၅၀၂ |
| ၉၁၅။ | ဝဏ္ဏံ ဘာဏမာနံ ပသံသတိ | ၅၀၂ |
| ၉၁၆။ | မိတ်ဆွေကောင်းနှင့် ပေါင်းသင်းပါ | ၅၀၂ |
| ၉၁၇။ | ပျားနှင့် ခြပမာ ဥစ္စာအစု ပြုရာ၏ | ၅၀၃ |
| ၉၁၈။ | ပစ္စည်းဥစ္စာ ခွဲဝေ သုံးစွဲနည်း | ၅၀၃ |
| ၉၁၉။ | ဆဒိသာ ပဋိစ္ဆာဒနကဏ္ဍ | ၅၀၄ |
| ၉၂၀။ | အရပ် (၆) ပါး | ၅၀၄ |
| ၉၂၁။ | ပါဠိ | ၅၀၄ |
| ၉၂၂။ | မြန်မာ | ၅၀၅ |
| ၉၂၃။ | အကျယ် အဓိပ္ပါယ် | ၅၀၅ |


## သား သမီး ကျင့်ဝတ် (၅) ပါး


| | | |
|---|---|---|
| ၉၂၄။ | ပါဠိ | ၅၀၆ |
| ၉၂၅။ | မြန်မာ | ၅၀၆ |
| ၉၂၆။ | အကျယ် အဓိပ္ပါယ် | ၅၀၆ |


## မိဘ ကျင့်ဝတ် (၅) ပါး


| | | |
|---|---|---|
| ၉၂၇။ | ပါဠိ | ၅၀၈ |
| ၉၂၈။ | မြန်မာ | ၅၀၈ |
| ၉၂၉။ | အကျယ် အဓိပ္ပါယ် | ၅၀၉ |

ဦးရေ အကြောင်းအရာ စာမျက်နှာနံပါတ်

## တပည့်ကျင့်ဝတ် (၅) ပါး

၉၃၀။ ပါဠိ .... .... .... ၅၁၀
၉၃၁။ မြန်မာ .... .... .... ၅၁၁
၉၃၂။ အကျယ် အဓိပ္ပါယ် .... .... .... ၅၁၁

## ဆရာကျင့်ဝတ် (၅) ပါး

၉၃၃။ ပါဠိ .... .... .... ၅၁၂
၉၃၄။ မြန်မာ .... .... .... ၅၁၂
၉၃၅။ အကျယ် အဓိပ္ပါယ် .... .... .... ၅၁၃

## လင်ကျင့်ဝတ် (၅)ပါး

၉၃၆။ ပါဠိ .... .... .... ၅၁၅
၉၃၇။ မြန်မာ .... .... .... ၅၁၅
၉၃၈။ အကျယ် အဓိပ္ပါယ် .... .... .... ၅၁၅

## မယားကျင့်ဝတ် (၅)ပါး

၉၃၉။ ပါဠိ .... .... .... ၅၁၇
၉၄၀။ မြန်မာ .... .... .... ၅၁၇
၉၄၁။ အကျယ် အဓိပ္ပါယ် .... .... .... ၅၁၇

## အဆွေခင်ပွန်းကျင့်ဝတ် (၅)ပါး

၉၄၂။ ပါဠိ .... .... .... ၅၁၈

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- | --- |
| ၉၄၃။ | မြန်မာ .... .... .... | ၅၁ဂ |
| ၉၄၄။ | အကျယ် အဓိပ္ပါယ် .... .... .... | ၅၁၉ |

**မိတ်ဆွေကျင့်ဝတ် (၅)ပါး**

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- | --- |
| ၉၄၅။ | ပါဠိ .... .... .... | ၅၂၀ |
| ၉၄၆။ | မြန်မာ .... .... .... | ၅၂၀ |
| ၉၄၇။ | အကျယ် အဓိပ္ပါယ် .... .... .... | ၅၂၀ |

**အရှင်ကျင့်ဝတ် (၅)ပါး**

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- | --- |
| ၉၄ဂ။ | ပါဠိ .... .... .... | ၅၂၁ |
| ၉၄၉။ | မြန်မာ .... .... .... | ၅၂၁ |
| ၉၅၀။ | အကျယ် အဓိပ္ပါယ် .... .... .... | ၅၂၁ |

**ကျွန်ကျင့်ဝတ် (၅)ပါး**

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- | --- |
| ၉၅၁။ | ပါဠိ .... .... .... | ၅၂၃ |
| ၉၅၂။ | မြန်မာ .... .... .... | ၅၂၃ |
| ၉၅၃။ | အကျယ်အဓိပ္ပါယ် .... .... .... | ၅၂၃ |

**ဒါယကာ ကျင့်ဝတ် (၅)ပါး**

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- | --- |
| ၉၅၄။ | ပါဠိ .... .... .... | ၅၂၅ |
| ၉၅၅။ | မြန်မာ .... .... .... | ၅၂၅ |
| ၉၅၆။ | အကျယ်အဓိပ္ပါယ် .... .... .... | ၅၂၅ |

ဒိုင်ခံ　　　　　　　အကြောင်းအရာ　　　　　　　စာမျက်နှာနံပါတ်

## ရဟန်း သာပဏော ကျင့်ဝတ် (၆)ပါး


၉၅၇။ ပါဒို .... .... .... ၅၂၇
၉၅၈။ မြန်မာ .... .... .... ၅၂၇
၉၅၉။ အကျယ် အဓိပ္ပါယ် .... .... .... ၅၂၇
၉၆၀။ ရှိခိုးရမည့် အရပ်(၆)ပါး .... .... .... ၅၂၈
၉၆၁။ စည်းစိမ်အခြံအရံ ရကြောင်းများ .... .... ၅၂၈
၉၆၂။ ပြုကျင့်သင့်စွ သင်္ဂဟ .... .... .... ၅၂၉
၉၆၃။ တရားဟောပြီး၍ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင် .... .... ၅၂၉
၉၆၄။ သေခါ နတ်ပြည် .... .... .... ၅၃၀


## နိဂုံး


၉၆၅။ နိဂုံး ရေးသားရခြင်း၏ အကြောင်း .... .... ၅၃၁
၉၆၆။ ကျမ်းစာ ပြီးချိန် .... .... .... ၅၃၁
၉၆၇။ သာသနာတော် အခြေအနေ .... .... .... ၅၃၂
၉၆၈။ ကျမ်းရေးသူ၏ ဇာတိပဝတ္တိ မိဘမျိုးရိုး ဘဝဖြစ်စဉ် .... ၅၃၂
၉၆၉။ ဆရာအနွယ် .... .... .... ၅၃၄
၉၇၀။ စီရင်ရပုံနှင့် အချိန်ကာလ .... .... .... ၅၃၅
၉၇၁။ ဤကျမ်းစာ မပြီးမီ .... .... .... ၅၃၆
၉၇၂။ ဆုတောင်း .... .... .... ၅၃၆
၉၇၃။ အာသီသနှင့် မေတ္တာမင်္ဂလာ .... .... .... ၅၃၇


**အခြေခံ ဘာသာရေး မာတိကာ ပြီး၏။**

# အခြေခံ
# ဘာသာရေးကျမ်းကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမနှင့်ပဋိညာဉ်

**ဗုဒ္ဓပ္ပဏာမ**

(က) မဟာကာရုဏိကံ ဗုဒ္ဓံ၊ သဒ္ဓမ္မဇ္ဈိတိကာရကံ။
အရဟတ္တာဒိသမ္ပန္နံ၊ အဟံ ဝန္ဒာမိ အာဒရံ။

**ဓမ္မပ္ပဏာမ**

(ခ) ဝဋ္ဋဒုက္ခာ ဥဒ္ဓါရေန္တံ၊ သတ္တံ သဒ္ဓမ္မ သံ ဓရံ။
သွာက္ခာတတာဒိသမ္ပန္နံ၊ အဟံ ဝန္ဒာမိ အာဒရံ။

**သံဃပ္ပဏာမ**

(ဂ) သွာက္ခာတတာဒိသမ္ပန္နံ၊ သံဃံ သဒ္ဓမ္မဓာရဏံ။
သုပ္ပဋိပန္နတာဒိပုဏ္ဏံ၊ အဟံ ဝန္ဒာမိ အာဒရံ။

**ပဋိညာဉ်**

(ဃ) သောသေတွာန ပစ္စုပြောဟံ၊ ပုညေနေတေန သာဓုနံ။
ဟိတတ္ထာယ ဣမံ ဂန္ထံ၊ ကရိဿာမိ ယထာဗလံ။

သုဓမ္မဝတီ (က) ၁၀၄-၁

(က) အဟံ၊ “**ဣန္ဒကာဘိဝံသ**”ဟု သမ္မုတိသစ္စာ သညာဘွဲ့ရှိ ငါသည်။ မဟာကာရုဏိကံ၊ သတ္တဝါများ ရင်ဝယ်သားသို့ သနားကယ်တင် မဟာကရုဏာ အရှင် ဖြစ်တော်မူထသော။ သဒ္ဓမ္မဋ္ဌိတိကာရကံ၊ ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, အဓိဂမသဒ္ဓမ္မ အားဖြင့် သဒ္ဓမ္မသုံးဖြာ တည်စိမ့်ငှါလျှင် ကောင်းစွာငဲ့ရှု ပြုတော်မူထသော။ အရဟာတာဒိ သမ္ပန္နံ၊ အရဟတာ အစလာသည့် ကိုးဖြာသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူထသော။ ဗုဒ္ဓံ၊ လောကတခွင် ဘက်မမြင်သည့် သုံးခွင်ထွတ်ထား သဗ္ဗညုဘုရားကို။ အာဒရံ၊ကိုယ်ရောစိတ်ပါ ရိုသေစွာ။ ဝန္ဒာမိ၊ အန္တရာယ် ကင်းပျောက် ကျမ်းပြီးမြောက်အောင် စောင့်ရှောက်စေငှါ ရှိခိုး ပါ၏။ (အရဟတ္တာ–ဦ ဆန္ဒာနုရက္ခဏ ဒွေးဘော်)

(ခ) အဟံ၊ ငါသည်။ သံ၊ မိမိမည်ရ သဒ္ဓမ္မကို။ ဓရံ၊ အရအမိ ကိုယ်တွင် ရှိအောင် ဆောင်ထားတတ်သော။ သတ္တံ၊ အခေါ်တဆူ အာဂလူဟု နှံ့ဆူထင် ပေါ် ပုဂ္ဂိုလ်မေ်ာကို။ ဝဋ္ဋဒုက္ခာ၊ ဖြစ်ပျက်မစဲ သံသရာဝဋ်ဆင်းရဲမှ။ ဥဒ္ဓါရေန္တံ၊ မလည်မစုပ် မနစ်မြုပ်အောင် ထုတ်ဆောင်ကယ်တင်တတ်သော။ သွာက္ခာတ-တာဒိသမ္ပန္နံ၊ သွာက္ခာတတာ အစလာတုံ ခြောက်ဖြာသောဂုဏ်တို့နှင့် ပြည့်စုံ သော။ သဒ္ဓမ္မံ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ပိုင်းခြား သူတော်ကောင်း တရားကို။ အာဒရံ၊ ကိုယ်ရောစိတ်ပါ ရိုသေစွာ။ ဝန္ဒာမိ၊ အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်အောင် စောင့်ရှောက်စေငှါ ရှိခိုးပါ၏။ (သဒ္ဓမ္မ–ဦ ဆန္ဒာ-နုရက္ခဏ နိဂ္ဂဟိတလောပ)

(ဂ) အဟံ၊ ငါသည်။ သွာက္ခာတတာဒိသမ္ပန္နံ၊သွာက္ခာတတာ အစလာတုံ ခြောက်ဖြာသော ဂုဏ်တို့နှင့် ပြည့်စုံသော။ သဒ္ဓမ္မဓာရဏံ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ပိုင်းခြား သူတော်ကောင်းတရားကို ဆောင်ထားခြင်းရှိ သော။ သုပ္ပဋိပန္နတာဒိပုဏ္ဏံ၊ သုပ္ပဋိပန္နတာ အစလာသည့် ကိုးဖြာသောဂုဏ်တို့နှင့် ပြည့်စုံသော။ သံဃံ ရှစ်ယောက်အရိယာ ပရမတ္ထ မြတ်သံဃာကို။ အာဒရံ၊ ကိုယ်ရော စိတ်ပါ ရိုသေစွာ။ ဝန္ဒာမိ၊ အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက် အောင် စောင့်ရှောက်စေငှါ ရှိခိုးပါ၏။

(ဃ) အဟံ၊ ငါသည်။ ဧတေန ပုညေန၊ ဤ ရတနာသုံးပါး ဂုဏ်တော်များကို လေးစားကော်ရော် ပူဇော်မြတ်နိုး ရှိခိုးခြင်းပြု မြတ်ကောင်းမှုဖြင့်။ ပစ္စူပဟော၊ ဥပဒ်ဘေးဒဏ် ရန်အသွယ်သွယ် ရောဂါစသော အန္တရာယ်တို့ကို။ သောသေတွာန၊ ကိုယ်သို့မရောက် ကင်းပျောက်ပယ်ဖြတ် ချောက်ကပ်စေပြီး၍။ သာဓုနံ၊ ဗုဒ္ဓဘာသာ သမ္မာလူပေါင်း သူတော်ကောင်းတို့၏။ ဟိတတ္ထာယ၊ လောကုတ် လောကီ နှစ်လီ ခံစား အစီးအပွား အကျိုးငှါ။ ဣမံ ဂန္ထံ၊ ဤ **သာသနာပြု မြင်းခြံစာပေ** အမည်တင့်ဆန်း **အခြေခံ ဘာသာ**ရေး**ကျမ်း**ကို။ ယထာဗလံ၊ လုံ့လဉာဏ်သွား စွမ်းပကား အားလျော်စွာ။ ကရိဿာမိ၊ ရေးသားပြုပြင် စီရင်ပေအံ့သတည်း။

ပဏာမ နှင့် ပဋိညာဉ် ပြီး၏။

# ပထမပိုင်း

## သီလ ဆောက်တည် သင့်သည်

**ဂဟဋ္ဌသီလ နိစ္စ, အနိစ္စ**

"ဥပါသက ဥပါသိကာနံ နိစ္စသီလဝသေန ပဉ္စသိက္ခာ-
ပဒါနိ၊ သတိဝါ ဥဿာဟေ ဒသ၊ ဥပေါသထင်္ဂဝသေန အဋ္ဌာတိ
ဣဒံ ဟေဋ္ဌသီလံ"

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ)

"ဂဟဋ္ဌသ ပဉ္စင်္ဂသီလံ နိစ္စသီလံ နာမ၊ ဂဟဋ္ဌာနံ အဋ္ဌင်္ဂု-
ပေါသထသီလ ဒသင်္ဂသီလာနိ အနိစ္စသီလံ နာမ"

(အင်္ဂုတ္တိုရဋ္ဌီကာ)

"ဤသို့ အဋ္ဌကထာ ဋီကာ လာသောကြောင့် လူတို့စောင့်သုံး ဆောက်တည်ကောင်းသော သီလများမှာ—

၁။ ငါးပါးသီလ၊

၂။ ရှစ်ပါးသီလ၊

၃။ ဆယ်ပါးသီလ—

ဟူ၍ သုံးမျိုး ရှိသတည်း။

ထိုတွင် ငါးပါးသီလကား အသက်ထက်ဆုံး ခါးဝတ်ပုဆိုးကဲ့သို့ အမြဲစောင့်သုံးအပ်သော နိစ္စသီလတည်း၊ ရှစ်ပါးသီလ, ဆယ်ပါးသီလတို့ကား ဟတ်နိုင်သမျှ ကာလအပိုင်းအခြားပြု၍ စောင့်သုံးအပ်သော အနိစ္စသီလတို့တည်း။

**အပေါင်းအစိတ် ဆောက်တည်နိုင်သည်**

"ကေဗ္ဗ သမာဒိန္နမ္ပိ သမာဒိန္နမေဝ ဟောတိ၊ ပစ္စေကံ
သမာဒိန္နမ္ပိ"

(တိကအင်္ဂုတ္တိုရ် ဥပေါသထသုတ်ဋီကာ)

ဤသို့ ဋီကာ လာသောကြောင့် ဂဟဋ္ဌသီလ၌—

* ပဥ္စင်္ဂသမန္နာဂတံ သီလံ သမာဒိယာမိ၊

* အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ သမာဒိယာမိ၊

* ဒသင်္ဂသမန္နာဂတံ ဂဟဋ္ဌသီလံ သမာဒိယာမိ–

ဟု သိက္ခာပုဒ်များကို တပေါင်းတည်းလည်း ဆောက်တည်နိုင်သည်။

* ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ–

စသည်ဖြင့် သိက္ခာပုဒ်များကို အသီး အသီး တခုစီ တခုစီလည်း ဆောက်တည်နိုင်သည်၊ (သီလဆောက်တည်ပုံကို ဓမ္မကထိကဂုဏ်ရည် မြင်းခြံဆုပေးကျမ်းစာ၌ ပြပြီးဖြစ်၍ ၎င်း၌ ရှုပါ)

**အပေါင်း, အစိတ် ဆောက်တည်ရာ၌ ခြားနားချက်**

"တံ ပန ကေဝ္လံ သမာဒိယတော ကောယေဝ ဝိရတိ ကော စေတနာ ဟောတိ၊ ပစ္စေကံ သမာဒိယတော ပန နာနာ ဝိရတိ စေတနာယော ယထာသကံ ကိစ္စဝသေန ဥပ္ပဇ္ဇန္တိ"

(ဥပေါသထသုတ်ဋီကာ)

တပေါင်းတည်း ဆောက်တည်သူအား ဝိရတိ တခု စေတနာ တခုသာလျှင် ဖြစ်၏၊ အသီး အသီး တခုစီ တခုစီ ဆောက်တည်သူအား ဝိရတိ အသီးသီး စေတနာ အသီးသီး သိက္ခာပုဒ် သီလအားလျော်စွာ ဖြစ်၏။

"ယော ပဉ္စသိက္ခာပဒါနိ ဧကတော ဂဏှာတိ၊ တဿ ဧကသ္မိံ ဘိန္နေ သဗ္ဗာနိ ဘိန္နာနိ ဟောန္တိ၊ ယော ဧကေကံ ဂဏှာတိ၊ သော ယံ ဝီတိက္ကမတိ၊ တဒေဝ ဘိဇ္ဇတိ"

(ကူဋဒန္တသုတ် အဋ္ဌကထာ)

## ငါးပါးသီလ

သိက္ခာပုဒ်ငါးပါး တပေါင်းတည်း ဆောက်တည်ထားမှု ထိုသိက္ခာပုဒ်ငါးပါးမှ တပါးပါးကို ကျူးလွန်ရာ၌ ငါးပါးလုံး ပျက်၏၊ တဖန် ပြန်လည်၍ ငါးပါးလုံးပင် ဆောက်တည်ရ၏၊ သိက္ခာပုဒ်ငါးပါးကို အသီး အသီး တပါးချင်း ဆောက်တည်ထားမှု ထိုသိက္ခာပုဒ်ငါးပါးမှ တပါးပါးကို ကျူးလွန်ရာ၌ ထိုကျူးလွန်သော သိက္ခာပုဒ်သာ ပျက်၏၊ ထိုပျက်သော သိက္ခာပုဒ်ကိုသာ တဖန် ပြန်လည်၍ ဆောက်တည်ရ၏၊ အလုံးစုံ ဆောက်တည်မှု မလို။

ထင်ရှားအောင် ပြဦးမည်- ငါးပါးသီလကို ဗုဒ္ဓဘာသာဝင် တဦးသည်—

"ပဉ္စင်္ဂသမန္နာဂတံ သီလံ သမာဒိယာမိ"

ဟု တပေါင်းတည်း ဆောက်တည်ထား၏၊ ထိုဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်သည်—

၁။ သူ့အသက် သတ်မှု၊

၂။ သူ့ဥစ္စာ ခိုးမှု၊

၃။ မှားယွင်းသော မေထုန်အမှု၊

၄။ လိမ်လည် ပြောဆိုမှု၊

၅။ သေရည်, အရက်, ဘိန်း ယစ်မျိုးများကို သောက်စားမှု။

ဤ ကံငါးခုတွင် တခုခုကို ပြုပါက ငါးပါးလုံး ပျက်၏၊ တဖန် ပြန်လည်၍ ငါးပါးလုံးပင် ဆောက်တည်ရ၏။

သိက္ခာပုဒ် ငါးပါးကို အသီး အသီး တပါးချင်း—

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ—

ဟု ဆောက်တည် ထားသော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်သည် ငါးခုတွင် သူ့အသက်သတ်မှုကိုပြုက ပါဏာတိပါတ သိက္ခာပုဒ်သာ ပျက်၏၊ ကျန်သိက္ခာပုဒ် လေးခု မပျက်၊ တဖန်ပြန်၍ ထိုပျက်သော ပါဏာတိပါတသိက္ခာပုဒ်ကိုသာ–

"ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"

ဟု ဆောက်တည် ရသည်၊ ကျန်သိက္ခာပုဒ် လေးခု ထပ်မံ ဆောက်တည်ဘွယ် မလို၊ ထို့အတူ သိက္ခာပုဒ်နှစ်ခုပျက်လျှင် နှစ်ခု၊ သုံးခုပျက်လျှင် သုံးခု၊ ပျက်သော သိက္ခာပုဒ်များကိုသာ ပြန်လည်ဆောက်တည်ရ၏၊ မပျက်သော သိက္ခာပုဒ်များ ထပ်မံ မဆောက်တည်ရ။

(ရှစ်ပါးသီလ, ဆယ်ပါးသီလတို့၌လည်း အတူပင် မှတ်ယူ)

**ဤပုဂ္ဂိုလ်များထံ ဆောက်တည်နိုင်သည်**

"ဘိက္ခုဿ ဝါ ဘိက္ခုနိယာ ဝါ ဒသသီလလက္ခဏညုနော
ဥပါသကဿ ဝါ ဥပါသိကာယ ဝါ သန္တိကေ"

ဟု ဥပေါသထသုတ် အဋ္ဌကထာမှာ လာသောကြောင့်– ငါးပါး သီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလများ ဆောက်တည်ရာ၌ ရဟန်းတော်များ အထံမှာ ဖြစ်စေ၊ (ဘိက္ခုနီမများ မရှိတော့)ဆယ်ပါးသီလ လက္ခဏာကို ကောင်းမွန်စွာ သိနားလည်သော ရှင်သာမဏေများ အထံမှာ ဖြစ်စေ၊ လူဒါယကာများ အထံမှာ ဖြစ်စေ၊ ဒါယိကာမများ အထံမှာ ဖြစ်စေ၊ သီလရှင်များ အထံမှာ ဖြစ်စေ၊ ဆောက်တည်နိုင်သည်။

**ကိုယ်တိုင်လည်း ဆောက်တည်နိုင်သည်**

"ဥပါသကသီလံ ဟိ အတ္တနာ သမာဒိယန္တေနပိ သမာဒိန္နံ
ပရသန္တိကေ သမာဒိယန္တေနပိ"

(ဥပေါသထသုတ် ဋီ)

ဒုနိုးအနုသားမှာ ရဟန်း, သာမဏေ, ဥပါသကာ, ဥပါသိကာမတို့ မရှိခဲ့ပါမူ မိမိကိုယ်တိုင် စေတီ ပုထိုး ရုပ်ပွား ဆင်းတုတော်တို့၏ ရှေ့မှောက်မှာ ဖြစ်စေ၊ သို့မဟုတ် မိမိနေရာမှာပင် ဖြစ်စေ၊ ဆောက်တည်နိုင်သည်။

**သီလဆောက်တည်ရာ၌ နှုတ်မြွက်ပါ**

"ဝစီဘေဒေါ ပန ကာတဗ္ဗောယေဝ"

(ဥပေါသထသုတ် အဋ္ဌကထာ)

သူတပါးအထံမှာ ဆောက်တည်သည် ဖြစ်စေ၊ မိမိကိုယ်တိုင် ဆောက်တည်သည် ဖြစ်စေ၊ သိက္ခာပုဒ်များကို တပေါင်းတည်း ဆောက်တည်သည် ဖြစ်စေ၊ အသီး အသီး ဆောက်တည်သည် ဖြစ်စေ၊ သီလ ဆောက်တည်ရာ၌ နှုတ်မြွက် ဆောက်တည်မှုကိုကား အခါခပ်သိမ်း ပြုရမည်။

**သရဏဂုံပါမှ အကျိုးကြီး**

"သရဏ ဂမနေယေဝ ပတိဋ္ဌာယ ရက္ခိတ သီလ ဝသေန မဟပ္ဖလံ"

(ကူဋဒန္တသုတ် အဋ္ဌကထာ)

"သရဏ ဂမနေယေဝ ပတိဋ္ဌာယာတိ ဣမိနာ တဿ သီလဿ သရဏဂမနေန အဘိသင်္ခတတ္တာ တတော မဟပ္ဖလတံ၊ တထာ အနဘိသင်္ခတဿ စ သီလဿ အပ္ပဖလတံ ဒဿေတိ"

(ဋင်း ဋီ)

သရဏဂုံ၌ တည်ပြီး ဆောက်တည် ကျင့်သုံးအပ်သော သီလသည်သာလျှင် အကျိုးပိုမိုကြီးမြတ်သောကြောင့် ရှေးဦး သရဏဂုံဆောက်တည်ပြီးမှ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလများကို ဆောက်တည်ရမည်။

**သရဏဂုံ ဤပုဂ္ဂိုလ်များထံ ဆောက်တည်နိုင်သည်**

"သရဏံ ပန ကေဝါကဗ္ဗုဿ ဝါ သန္တိကေ သံဃဿ ဝါ ဂဏဿ ဝါ သကိံ ဂဟိတံ ဂဟိတမေဝ ဟောတိ"

(ကူဋဒန္တသုတ် အဋ္ဌကထာ)

သရဏဂုံ ဆောက်တည်ရာ၌ "ဒဋ္ဌတ ရ သမာဒါန" ဖြစ်စေခြင်းငှါ ရဟန်းတော်တပါး အထံမှာ ဖြစ်စေ၊ သံဃာဂိုဏ်းတို့ အထံမှာ ဖြစ်စေ၊ ဆောက်တည်နိုင်သည်။

## ကိုယ်တိုင်လည်း ဆောက်တည်နိုင်သည်

"ကေဘိက္ခုဿ ဝါတိ အာဒိ ဥပါသကာနံ တထာ
သမာဒါနေ အာစိဏ္ဏံ ဒဋ္ဌတရံ သမာဒါနဥ္စ ဒဿေတုံ ဝုတ္တံ၊
သရဏံ ပန တေသံ သာမံ သမာဒိန္နမ္ပိ သမာဒိန္နမေဝ ဟောတိ"
(ၒင်းဋီကာ)

လူပုဂ္ဂိုလ်တို့အား ယင်းသို့ သံဃာဂိုဏ်း ရဟန်းတော်တို့ အထံမှာ သရဏဂုံ ဆောက်တည်ခွင့် မရခဲ့ပါမူ စေတီ ပုထိုး ရုပ်ပွား ဆင်းတုတော်တို့၏ ထံမှောက်မှာ ဖြစ်စေ၊ သို့မဟုတ် မိမိနေရာမှာပင် ဖြစ်စေ ကိုယ်တိုင်ဆောက်တည်နိုင်သည်။

## လေ့ကျင့်ခန်း မေးခွန်းများ

၁။ လူတို့ ကျင့်သုံး ဆောက်တည်ကောင်းသော သီလများကို ရေတွက်ပြပါ။

၂။ လူတို့၏ သီလများ၌ အမြဲသက်ဆုံးတိုင် ဆောက်တည်ရသည့် သီလ, အမြဲမဟုတ် တတ်နိုင်သမျှ ကာလအပိုင်းအခြားဖြင့် ဆောက်တည်ရသည့် သီလ ၂-မျိုး ခွဲခြားပြပါ။

၃။ ဂဟဋ္ဌသီလ အပေါင်း ဆောက်တည်ပုံ၊ အသီးအသီး ဆောက်တည်ပုံကို ဖြေဆိုပါ။

၄။ ဂဟဋ္ဌသီလ အပေါင်း ဆောက်တည်မှု, အသီး အသီး ဆောက်တည်မှု ၂-ခု ခြားနားချက်ကို ဖြေဆိုပါ။

၅။ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလများကို အဘယ်ပုဂ္ဂိုလ်များထံ ဆောက်တည်နိုင်ပါသနည်း။

၆။ လူတို့၏ ငါးပါး,ရှစ်ပါး, ဆယ်ပါးသီလများကို သူတပါးထံ မဆောက်တည်ဘဲ ကိုယ်တိုင်ဆောက်တည်လို့ ရ-မရ ဖြေပါ။

၇။ သီလဆောက်တည်ရာ၌ ကိုယ်, နှုတ်, စိတ် သုံးပါးတွင် အဘယ်ကို ထင်စွာ ပြုရသနည်း။

၈။ ငါးပါး,ရှစ်ပါး,ဆယ်ပါးသီလများ ဆောက်တည်ရာ၌ အဘယ့်ကြောင့် သရဏဂုံကို ရှေးဦး ဆောက်တည်ရပါသနည်း။

၉။ သရဏဂုံ ပါသော သီလနှင့် မပါသော သီလတို့ အကျိုး ဘယ်က သာသနည်း။

၁၀။ သရဏဂုံကို အဘယ်ပုဂ္ဂိုလ်များထံ ဆောက်တည်နိုင်ပါသနည်း။

၁၁။ သရဏဂုံကို သူတပါးထံ မဆောက်တည်ဘဲ မိမိဘာသာ ဆောက်တည်လို့ ရပါသလား။

၁၂။ သရဏဂုံကို မိမိဘာသာ ဆောက်တည်မှု, ရဟန်း သံဃာထံ ဆောက်တည်မှု ၂-ခုရှိရာ အသို့ ခြားနားသနည်း။

**ခွင့်တောင်းခဏ်း အဖွင့်**

ဩကာသ, ဩကာသ, ဩကာသ ဖြင့် ခွင့်တောင်းသည်။

အဝ-ရှေးရှိသော ကာသ-ဓာတ်၊ ဏ-ပစ္စည်းမှ အဝ-ကို ဩ-ပြု၊ က-၏မှီရာ အ-ကို အာ-ဝုဒ္ဓိပြု၊ ဏ-အနုဗန်ကို ချေပြီး၊ သ-ကို အ-သို့ကပ်က "ဩကာသ" ဖြစ်လာသည်။

ဩကာသသဒ္ဒါ- အခွင့်, အကြောင်း, တည်ရာအရပ်, ဩကာသကာရက အနက်တို့တွင် ဤနေရာ၌ အခွင့်အနက် ဟောသည်။

ဘုရား, တရား, သံဃာ ရတနာသုံးပါး၊ အဖေ, အမေ, အတတ်ပညာ သင်ပေးသော ဆရာ၊ အခြား သီလ, သမာဓိ, ပညာ ဂုဏ်ရှိသူ၊ အသက်အရွယ် အားဖြင့် ကြီးရင့်သူတို့အား—

၁။ ကိုယ်ဖြင့် မှားမှားယွင်းယွင်း ပြုမိခြင်း၊

၂။ နှုတ်ဖြင့် မှားမှားယွင်းယွင်း ပြောဆိုမိခြင်း၊

၃။ စိတ်ဖြင့် မှားမှားယွင်းယွင်း ကြံစည်မိခြင်း။

ဤ ကာယကံ, ဝစီကံ, မနောကံ သုံးပါးတွင် တပါးဖြင့် ဖြစ်စေ၊ နှစ်ပါးဖြင့် ဖြစ်စေ၊ သုံးပါးလုံးဖြင့် ဖြစ်စေ ပြစ်မှားမိမှု ထိုအပြစ်တို့ ကြေပျောက်စေရန် တဖန်ပြန်၍ ကန်တော့တောင်းပန် သည်းခံစေမည်ဖြစ်၍ ခွင့်ပြု ခွင့်ပေးတော်မူပါရန် အခွင့်တောင်းသည်၊ ဩကာသသဒ္ဒါ သုံးခုဖြင့် တကြိမ် နှစ်ကြိမ်မျှမက သုံးကြိမ်တိုင်အောင် ခွင့်တောင်းသည်၊ ကိစ္စတခုပြုရာ၌ သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့ထံ ခွင့်တောင်းခြင်း၊ လေးနက်ခိုင်မြဲစေရန် သုံးကြိမ်တိုင် ပြုခြင်း တို့မှာလည်း လောကထုံးစံ ဓမ္မတာပင် ဖြစ်၏၊ ဤ၌လည်း လောကထုံးစံအတိုင်း ကန်တော့မည့် ကိစ္စရပ် ပြုမည်ရှိရာ သက်ဆိုင်ရာ ရတနာသုံးပါး မိဘ ဆရာ ဂုဏဝုဒ္ဓိ ဝယဝုဒ္ဓိ ရှိသူတို့ထံ ဩကာသ ဩကာသ ဩကာသ-ဟု သုံးကြိမ်တိုင် ကန်တော့ ခွင့်တောင်းသည်။

**ကန်တော့ခဏ်း အဖွင့်**

"ကာယကံ (လ) ကန်တော့ပါ၏" ဖြင့် ကန်တော့သည်။

ဩကာသ သုံးခုဖြင့် သုံးကြိမ်တိုင်အောင် ခွင့်တောင်းပြီးဖြစ်၍ ကန်တော့ခွင့် ရရကား ဗာလ မူဠ္ဋ အကုသလ မိုက်မဲတွေဝေကာ မသိမလိမ္မာသည်အားလျော်စွာ ကာယကံ, ဝစီကံ, မနောကံ-ဟု ကံသုံးခုတွင် အမှတ်မထား တပါးပါးဖြင့် ရတနာသုံးပါး မိဘ ဆရာ ဂုဏဝုဒ္ဓိ ဝယဝုဒ္ဓိ ရှိသူတို့အား ပြုမှား ပြောမှား ကြံမှား ပြစ်မှားမိပါက ထိုကာယကံမှု, ဝစီကံမှု, မနောကံမှု အပြစ်စုတို့ ကြေပျောက်စေရန် အကျိုးငှါ ရတနာသုံးပါး မိဘ ဆရာ ဂုဏဝုဒ္ဓိ ဝယဝုဒ္ဓိရှိသူ ပြစ်မှားမိသူထံ သွား၍ ပစ္စည်းဝတ္ထုဖြင့် ပူဇော်ပြီး (မတတ်နိုင်လျှင်)လက်အုပ်ချီမိုး ရှိခိုးရုံမျှ အရိုအသေပေးရုံမျှပြုပြီး တပည့်တော်သည် ကျနော် ကျမသည် ဘုရား၌ တရား၌ သံဃာ၌ အဖေ၌ အမေ၌ မှားယွင်း ပြောဆိုမိပါတယ်၊ စိတ်ဖြင့် မှားမှားယွင်းယွင်း ကြံစည်မိပါတယ်၊ နောက်ကို မပြုတော့ပါ၊ မပြော

တော့ပါ၊ မကြံစည်တော့ပါ၊ မှားမိတဲ့အပြစ်ကို သည်းခံ ကျေနပ်တော်မူပါဟု မိမိကိုယ်ကို နှိမ်ချပြီး ကန်တော့တောင်းပန် သည်းခံစေသည်။

ပြစ်မှားမိလျှင် ဒဏ်သင့်မည်

ဒဏ် (၁၀) ပါး

(၁) ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္န မညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။

(၂) ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ စ ဘေဒနံ။
ဂရုကံဝါပိ အာဗာဓံ၊ စိတ္တက္ခေပဥ္စ ပါပုဏေ။

(၃) ရာဇတောဝ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနဥ္စ ဒါရုဏံ။
ပရိက္ခယဥ္စ ဉာတီနံ၊ ဘောဂါနဥ္စ ပဘင်္ဂုနံ။

(၄) အထ ဝဿ အဂါရာနိ၊ အဂ္ဂိ ဍယှတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။

ဓမ္မပဒ ဒဏ္ဍဝဂ် မဟာမောဂ္ဂလာနတ္ထေရဝတ္ထု၌ လာသည်နှင့်အညီ မပြစ်မှားထိုက်သော ဘုရား, တရား, သံဃာ, မိဘ, ဆရာ, ဂုဏဝုဍ္ဍိ, ဝယဝုဍ္ဍိ ရှိသူတို့အား ကာယကံ, ဝစီကံ, မနောကံဖြင့် ပြစ်မှားမိမူ ယခုဘဝမှာပင် ပြစ်မှားသူအား—

၁။ ဦးခေါင်းခဲရောဂါ စသည်အပြား ပြင်းထန်ကြမ်းတန်းသော ဝေဒနာများ စွဲကပ်ခြင်း။

၂။ ပစ္စည်းဥစ္စာ ဆုံးရှုံးခြင်း။

၃။ ဒုတ်, ဓား စသည်တို့ဖြင့် ရိုက်ပုတ်ပစ်ခတ် ခုတ်ဖြတ်ခံရ၍ ထိပ်ပေါက် ခေါင်းကွဲ လက်ခြေပြတ်ကွဲ ကိုယ်ပေါက်ပြဲ အသက်ဆုံးရှုံးရခြင်း။

၄။ ဆွံ့အ နူနာ အနာကြီး စွဲခြင်း။

၅။ အရူး အနှမ်း ဖြစ်သွားခြင်း။

၆။ ရာထူး ဂုဏ်သိရ် စည်းစိမ်လျှောကျ မင်းဘေးမှလည်း ဆုတ်ယုတ် ပျက်စီးခြင်း။

၇။ မဟုတ်မတရား စွပ်စွဲခံရခြင်း။

၈။ မိမိ မှီခိုအားထားရာ ဆွေမျိုးတို့ ပျက်စီးခြင်း။

၉။ အိမ်ရှိ သက်မဲ့သက်ရှိပစ္စည်းများ ပကတိသဘောမှ ပြောင်းလဲ ဖောက် ပြန် ပျက်စီးခြင်း။

၁၀။ တနှစ်အတွင်း နှစ်ကြိမ် သုံးကြိမ် နေအိမ်ကို မီးလောင်ခြင်း(သို့မဟုတ်) လောင်မီးကျခြင်း။

ဤဒဏ်ဆယ်ပါးတွင် တပါးပါးသည် လျင်စွာ ကျရောက်လာတတ်သည်၊ သေပြီး နောက်အခါမှာလည်း အပါယ်ငရဲသို့ ကျကာ ဆင်းရဲဒုက္ခ ဖြစ်ရ လေသည်။

## ကျက်မှတ်ရန်

သုံးပါးရတနာ၊ ဆရာမိဘ၊ ဂုဏာဝုဍ္ဎာ၊ ဝယာဝုဍ္ဎ၊ ဟူသမျှကို၊ မိုက်ထ တွေဝေ၊ ပြစ်မှားချေက၊ မရှေကာလ၊ ခုဘဝတွင်၊ ပြင်းစွာအနာ[၁]၊ ဥစ္စာဆုံးရှုံး[၂]၊ ကိုယ်လုံးပျက်ကွဲ[၃]၊ နူရွဲဆွံ့အ[၄]၊ ရူးရတခါ[၅]၊ ကြိမ်လာမင်းဘေး[၆]၊ ခံရေးစွပ်စွဲ[၇]၊ မျိုးထဲပျက်စီး[၈]၊ ပြုန်းတီးဥစ္စာ[၉]၊ အိမ်မှာမီးလောင်[၁၀]၊ နောင်သံသရာ၊ အပါယ်ရွာဟု၊ ဆယ်ဖြာဒဏ်မျိုး၊ လက်ငင်းကျိုးနှင့်၊ အကျိုးတမလွန်၊ အမှန်မြတ်စွာ၊ ကျမ်းဂန် လာသည်၊ မှတ်ရာမြဲမြဲ ရှောင်ဘိုသော်။

## မနောကံ အဖြစ်

''ရှင်မဟာကဿပမထေရ်အား စိတ်ဖြင့် ပြစ်မှားမိ၍ ယောက်ျားအဖြစ်မှ မိန်းမဖြစ်သွားရာ ပြန်လည်ကန်တော့ သည်းခံစေသဖြင့် ယောက်ျား ပြန်ဖြစ်လာသော သောရေယျသူဌေးသားဝတ္ထု''

(ဓမ္မပဒ စိတ္တဝဂ် သောရေယျတ္ထေရဝတ္ထု)

### သောရေယျ သူဌေးသား ရေချိုးထွက်

ဘုရားရှင် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူစဉ် သောရေယျပြည်၌ သောရေယျသူဌေးသားသည် သူငယ်ချင်း တယောက်နှင့်အတူ ချမ်းသာကောင်းမြတ်သော ယာဉ်၌ ထိုင်၍ များစွာသော အခြံအရံ ပရိသတ်နှင့် ရေချိုးရန်အလို့ငှါ သောရေယျပြည်မှ ထွက်၏။

### ကဿပထေရ်အား စိတ်ဖြင့်ပြစ်မှား

ထိုအခိုက် ရှင်မဟာကစ္စည်းထေရ်သည် သောရေယျပြည်သို့ ဆွမ်းခံဝင်လို၍ မြို့ပြင်ဘက်၌ ဒုကုဋ်သင်္ကန်းကိုရုံ၏၊ မထေရ်၏ကိုယ်သည် ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏၊ ဝသောရေယျ သူဌေးသားသည် ထိုရှင်မဟာကစ္စည်းထေရ်ကိုမြင်၍ စိတ်ဖြင့် ပြစ်မှားမိသည်မှာ—

"ဤမထေရ်သည် ငါ့မယား ဖြစ်ပါမူကား ကောင်းလေစွ၊ ငါ့မယား၏ ကိုယ်အဆင်းသည်မူလည်း ဤကစ္စည်းထေရ်၏ ကိုယ်အဆင်းကဲ့သို့ ဖြစ်ပါမူကား ကောင်းလေစွ"တဲ့။

### ပုရိသလိင်ကွယ်ပျောက် ဣတ္ထိလိင်ရောက်

ဤကဲ့သို့ စိတ်ဖြင့်ကြံစည်ပြစ်မှားမိသောခဏမှာပင် သောရေယျသူဌေးသား အား ပုရိသလိင် ကွယ်ပျောက်၍ ဣတ္ထိလိင်ရောက်လာကာ ယောက်ျားအဖြစ်မှ မိန်းမဖြစ်သွား၏။

## သေပြီအထင်နှင့် မတကဘတ်ပေး

သောရေယျ သူဌေးသားလည်း မိန်းမအဖြစ်ဖြင့် အလွန်ပင် ရှက်ခြင်းကြောင့် ယာဉ်ထက်မှ ဆင်းသက်၍ ပြေး၏၊ အခြံအရံ ပရိသတ်လည်း သူဌေးသား ဘယ်သွားမှန်း မသိ၊ လိုက်လံ ရှာဖွေသော်လည်း မတွေ့မြင်ခြင်းကြောင့် ရေချိုးပြီး အိမ်သို့ ပြန်ကြကုန်၏၊ သူဌေးသား၏ မိဖတို့သည် သားကို မေးမြန်းရာ ရေချိုးပြီး အရပ်တပါး ထွက်သွားသည် ထင်တယ်ဟု အလုပ်အကျွေး ပရိသတ် ပြောဆိုချက်အရ လိုက်လံ ရှာဖွေစေသော်လည်း မတွေ့မမြင်၍ သေသည်အထင်နှင့် ငိုကြွေးမြည်တမ်းကာ မတကဘတ်ကို ပေးကြကုန်၏။

## တက္ကသိုလ်ပြည်သို့သွား

သူဌေးသမီးလည်း တက္ကသိုလ်ပြည်သို့ သွားသော လှည်းကုန်သည်တို့ကို တွေ့မြင်၍ လှည်းနောက်မှ အစဉ်လိုက်၏၊ ထိုမိန်းမကို လှည်းပေါ်ပါ လူတို့သည် "ငါတို့လှည်းနောက်မှ အဘယ်ကြောင့် လိုက်သနည်း၊ အဘယ်သူ၏ မယားနည်း၊ သင့်ကို ငါတို့မသိပါ"ဟု ဆိုကုန်၏၊ သူဌေးသမီးလည်း အရှင်တို့ ကျမကို မပြောမဆိုကြပါနှင့်၊ ကိုယ့်လှည်းကိုသာ ကိုယ်မောင်းပါ၊ ကျမခြေလျင် လိုက်ပါမယ်ဟု ပြောဆို၍ သွားသည်ရှိသော် ခြေတို့သည် ကျင်နာပေါက်ကွဲကုန်၏၊ ထိုအခါ သူဌေးသမီးသည် လက်စွပ်ကို ပေး၍ လှည်းပေါ်၌ စီးခွင့်ရ၏။

## တက္ကသိုလ်ပြည်၌ သူဌေးသားနှင့် အိမ်ထောင်ကျ

ထိုအခါ လှည်းပေါ်ပါ လူတို့အကြံဖြစ်သည်မှာ "တက္ကသိုလ်ပြည်ရှိ ငါတို့၏ သူဌေးသားမှာ မယား မရှိ၊ ထိုသူဌေးသားအား ပြောကြားရလျှင် ငါတို့ လက်ဆောင် များစွာ ရမှာဘဲ"၊ ဤကဲ့သို့ ကြံစည်ကြပြီး သူဌေးသားအိမ်သို့ သွားကာ"အရှင်သူဌေးသား ငါတို့သည် သင့်အတွက် တယောက်သော မိန်းမ ရတနာကို ဆောင်ယူခဲ့ပါသည်" ဟု ပြောကြားလျှင် သူဌေးသားလည်း ထိုသူဌေးသမီးကို ခေါ်စေ၍ မိမိအရွယ်နှင့် လျောက်ပတ်သော လုပတင့်တယ် ရှုချင်ဖွယ်သော အဆင်းရှိသည်ကို မြင်၍ ချစ်ခင်နှစ်သက်ခြင်းရှိရကား မိမိအိမ်၌ မယားအဖြစ်ဖြင့် နေစေ၏။

## သား လေးယောက်

ထိုသူဌေးသမီးသည် တက္ကသိုလ်ပြည်၌ သူဌေးသားနှင့် ပေါင်းဖော်၍ သား နှစ်ယောက်ပင် ရ၏၊ သောရေယျပြည်၌ သူဌေးသားအဖြစ်ဖြင့် သားနှစ်ယောက် ရခဲ့၏၊ အားလုံး သားလေးယောက် ရှိသတည်း။

## မိတ်ဆွေဟောင်း သူဌေးသားနှင့်တွေ့

အခါတပါး သောရေယျပြည်မှ သူဌေးသမီး၏ အဆွေခင်ပွန်း ဖြစ်သော သူဌေးသားသည် လှည်းငါးရာဖြင့် တက္ကသိုလ်ပြည်သို့ လာရာ ကောင်းမြတ် ချမ်းသာသော ယာဉ်၌ ထိုင်၍ မြို့တွင်းသို့ ဝင်၏၊ သူဌေးသမီးလည်း အထက် ဖြစ်သော ပြာသာဒ်အပြင်၌ လေသာပြူတင်းကို ဖွင့်၍ ခရီးမကို ရပ်မျှော်ကြည့် သည်ရှိသော် ထို အဆွေခင်ပွန်းဟောင်း သူဌေးသားကို မြင်သိ၍ ကျွန်မ တယောက်ကို စေလွှတ် ခေါ်စေပြီး ပြာသာဒ်အပြင်၌ နေစေ၍ အမြတ်တနိုး ပူဇော်မှုကို ပြု၏။

## ကြောင်းကျိုးထွေရာ မေးမြန်းကာ

အဆွေခင်ပွန်း သူဌေးသားလည်း ထိုသူဌေးသမီးကို—

**သူဌေးသား** "နှမ....သင့်ကို ရှေးက ငါတို့မမြင်ဘူးပါ၊ ဘာကြောင့် ငါတို့ကို အမြတ်တနိုး ပူဇော်မှုကိုပြုပါသလဲ၊ငါတို့ကိုသင်သိပါသလား။"

**သူဌေးသမီး** "အရှင်သူဌေးသား....သိပါ၏၊ ရှင်တို့သည် သောရေယျ ပြည် သားများ မဟုတ်ပါလား။"

**သူဌေးသား** "နှမ....ငါတို့ သောရေယျပြည်သားများ ဟုတ်ပါကုန်၏။"

**သူဌေးသမီး** "အဲဒီ သောရေယျပြည်မှာ ဤမည်ဤမည်သော အမိ, အဖ, မယား, သား နှစ်ယောက်တို့ ကျန်းမာကြပါရဲ့လား။"

**သူဌေးသား** "နှစ်မ....ကျန်းမာပါ၏၊နှစ်မ....အဲဒီ မေးမြန်းတဲ့ ပုဂ္ဂိုလ်များကို သိပါသလား။"

**သူဌေးသမီး** "အရှင်သူဌေးသား....သိပါ၏။"

**သူဌေးသား** "နှမ....အဲဒီ သင်မေးတဲ့ သူဌေးကြီးနှင့် သူဌေးကတော်တို့မှာ သားတယောက် ရှိခဲ့ပါ၏။"

**သူဌေးသမီး** "အရှင်....အဲဒီ သူဌေးသားမှာ ကျမဘဲ ဖြစ်ပါတယ်။"

**သူဌေးသား** "နှမ....မဟုတ်မမှန် မပြောပါနှင့်၊ ငါတို့သည် အဲဒီ သူဌေးသားနှင့် အတူ တနေ့သ၌ ချမ်းသာသော ယာဉ်မှာ ထိုင်၍ သောရေယျပြည်မှ ရေချိုးထွက်လာရာ ခရီးအကြား သူဌေးသား ဘယ်ထွက်သွားမှန်း မသိကြပါ၊ လိုက်လံရှာဖွေသော်လည်း မတွေ့မြင်၍ ထိုသူဌေးသား၏ မိဘတို့ကို ပြောကြားကြပါတယ်၊ သူဌေးသား၏ မိဘတို့လည်း သေပြီအထင်နှင့် ငိုကြွေးမြည်တမ်းကြပြီး မတကဘတ်ကို ပေးကြပါတယ်။"

**သူဌေးသမီး** "အရှင်....အဲဒီသူဌေးသားဟာ ကျမဘဲ ဖြစ်ပါတယ်။"

**သူဌေးသား** "နှမ....ဘယ်လိုပြောတာလဲ၊ ငါ၏အဆွေခင်ပွန်း သူဌေးသားဟာ နတ်လုလင်ကဲ့သို့ ယောကျ်ားပင် ဖြစ်ပါ၏။"

**သူဌေးသမီး** "အရှင်....ထိုသို့ပင် ဖြစ်စေ- ထိုသူဌေးသားမှာ ကျမပင် ဖြစ်ပါ၏။"

**သူဌေးသား** "နှမ....ဒါဖြင့် ယောကျ်ားမှ မိန်းမ ဖြစ်လာတာ ဘာကြောင့်ဘာလဲ။"

**သူဌေးသမီး** "အရှင်....ဒီလိုပါ၊ ကျမ ရှင်းပြပါဦးမယ်၊ အဲဒီ သောရေယျပြည်မှ ရေချိုးထွက်လာတဲ့အခါ အရှင်ကစ္စည်းထေရ်ကို မမြင်ပါလား။"

**သူဌေးသား** "နှမ....မြင်ပါ၏။"

**သူဌေးသမီး** "ကျမ အဲဒီ အရှင်ကစ္စည်းထေရ်ကို ကြည့်ပြီး၊ ဤမထေရ်သည် ငါ့မယား ဖြစ်ပါမူကား ကောင်းလေစွ၊ ငါ့မယား၏ ကိုယ်အဆင်းသည်မူလည်း ဤကစ္စည်းထေရ်၏ ကိုယ်အဆင်းကဲ့သို့ ဖြစ်ပါမူကား ကောင်းလေစွ။"

ဟု စိတ်ဖြင့် ကြံစည် ပြစ်မှား မိပါတယ်၊ ထိုခဏမှာပင် ပုရိသလိင် ကွယ်ပျောက်၍ ဣတ္ထိလိင်ရောက်လာကာ ယောကျာ်းအဖြစ်မှ မိန်းမအဖြစ်ပြောင်းလဲခဲ့ပါတယ်၊ ကျွန်မလည်း ရှက်ရှက်နှင့် ဘယ်သူကိုမှ မပြောကြားဘဲ ထွက်လာရာ ဤတက္ကသိုလ်ပြည်သို့ ရောက်လာခဲ့ပါတယ်။

## အသျှင်ကစ္စည်းထေရ်အား ကန်တော့ရန် ပြောကြား

**သူဌေးသား** "နှမ.... သင်၏ မနောကံအပြစ်ကား အလွန်ပင် ဝန်လေးစွ၊ အဘယ့်ကြောင့် ငါ့အား မပြောကြားဘဲ နေပါသနည်း၊ စင်စစ်မူကား သင်သည် အသျှင်ကစ္စည်းထေရ်ကို ပြန်လည်၍ ကန်တော့ပြီးပြီလား။"

**သူဌေးသမီး** "အရှင်သူဌေးသား.... ကျွန်မ– မကန်တော့ရသေးပါ၊ အသျှင်ကစ္စည်းထေရ်သည် ယခု အဘယ်အရပ်မှာ နေပါသနည်း။"

**သူဌေးသား** "နှမ.... ဤတက္ကသိုလ်ပြည်ကို အမှီပြု၍ နေပါ၏။"

**သူဌေးသမီး** "အရှင်သူဌေးသား.... ဤအိမ်သို့ ကြွလာပါလျှင် အသျှင်ကစ္စည်းထေရ်အား ကျွန်မ ဆွမ်းလှူချင်ပါ၏။"

**သူဌေးသား** "နှမ.... လှူဒါန်းပူဇော်ဖွယ်များကိုသာ ပြည့်စုံအောင် စီရင်ထားပါ၊ ငါတို့ အသျှင်ကစ္စည်းထေရ်ကို သည်းခံစေပါအံ့။"

## ကစ္စည်းထေရ်အား ဆွမ်းဖြင့် ပင့်ဘိတ်

သူဌေးသားလည်း အသျှင်ကစ္စည်းထေရ် နေရာအရပ်သို့ သွား၍ ရိုသေစွာ ရှိခိုးပြီးလျှင်–

**သူဌေးသား** "အသျှင်ဘုရား.... မနက်ဖြန် တပည့်တော်တို့၏ဆွမ်းကို အလှူခံတော်မူပါဘုရား။"

**အသျှင်ကစ္စည်း** "သူဌေးသား.... သင်သည်ကား ဧည့်သည်မဟုတ်ပါလား။"

**သူဌေးသား** "အသျှင်ဘုရား.... တပည့်တော်တို့ ညှော်သည်၏ အဖြစ်ကို မေးမနေပါနှင့်ဘုရား၊ မနက်ဖြန် တပည့်တော်တို့၏ ဆွမ်းကို အလှူခံတော်မူပါဘုရား။"

**အသျှင်ကစ္စည်း** "ဆိတ်ဆိတ်နေ၍ ဝန်ခံ၏။"

## အသျှင်ကစ္စည်းထေရ်အား ကန်တော့

သူဌေးသမီးလည်း အိမ်၌ ပူဇော်ဖွယ်များကို ပြည့်စုံအောင် စီရင်၍ ထား၏၊ ကစ္စည်းထေရ်လည်း နံနက်မိုးသောက် အလင်းရောက်လျှင် သူဌေးသမီးအိမ်သို့ ကြွတော်မူ၏၊ သူဌေးသားလည်း မထေရ်ကို မွန်မြတ်သောနေရာ၌ ထိုင်စေ၍ မွန်မြတ်သောဆွမ်းဖြင့် ဆက်ကပ်လုပ်ကျွေး၏၊ သူဌေးသမီးကို ခေါ်၍ မထေရ်အား ကန်တော့ခိုင်း၏၊ သူဌေးသမီးလည်း ကစ္စည်းထေရ်အား ရိုသေစွာ ရှိခိုး၍ ကန်တော့၏။

## အပြစ်ကို သည်းခံ

**သူဌေးသား** "အသျှင်ဘုရား....တပည့်တော်၏ အဆွေခင်ပွန်းမ၏ အပြစ်ကို သည်းခံတော်မူပါဘုရား။"

**အသျှင်ကစ္စည်း** "သူဌေးသား.... သည်းခံရခြင်း၏ အကြောင်းအား အဘယ်နည်း။"

**သူဌေးသား** "အသျှင်ဘုရား.... ဤသူဌေးသမီးသည် ရှေးတုန်းက တပည့်တော်၏ ချစ်ကျွမ်းဝင်သော သူငယ်ချင်း သောရေယျပြည်သား သူဌေးသား ဖြစ်ပါသည်ဘုရား၊ သောရေယျပြည်မှ ရေချိုးအထွက် အသျှင်ဘုရားကို ကြည့်၍ "ဤမထေရ်သည် ငါ့မယား ဖြစ်ပါမူကား ကောင်းလေစွ၊ ငါ့မယား၏ ကိုယ်အဆင်းသည်မူလည်း ဤကစ္စည်းထေရ်၏ ကိုယ်အဆင်းကဲ့သို့ ဖြစ်ပါမူကား ကောင်းလေစွ"

ဟု စိတ်ဖြင့် ကြံစည်ပြစ်မှား မိပါတယ် ဘုရား။

ထိုခဏမှာပင် ပုရိသလိင် ကွယ်ပျောက်၍ ဣတ္ထိလိင် ရောက်လာကာ ယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့ ပြောင်းလဲခဲ့ပါတယ် ဘုရား၊ ဤ အဆွေ ခင်ပွန်းမ၏ အပြစ်ကို သည်းခံတော်မူပါ ဘုရား။

**အသျှင်ကစ္စည်း** "သူဌေးသား... ဤသူဌေးသမီး၏အပြစ်ကို ငါသည်းခံပါ၏။"

## ယောကျ်ား ပြန်ဖြစ်

ဤကဲ့သို့ အသျှင်ကစ္စည်းထေရ် မိန့်တော်မူသော ခဏမှာပင် ဣတ္ထိလိင် ကွယ်ပျောက်၍ ပုရိသလိင်ရောက်လာကာ မိန်းမအဖြစ်မှ ယောကျ်ားအဖြစ်သို့ ပြောင်းလဲသွား၏။

## ရဟန္တာဖြစ်

ဤကဲ့သို့ တဘဝတည်းမှာပင် ယောကျ်ားအဖြစ်မှ မိန်းမဖြစ်ရပြီး တဖန် မိန်းမအဖြစ်မှ ယောကျ်ားပြန်ဖြစ်ရ၍ ဝတ်ကြောင်မုန်းကာ ရဟန်းပြုပြီး နောက် ကာလ၌ ရဟန္တာဖြစ်ကာ သောရေယျထေရ် တွင်သည်။

## ကန်တော့လျှင် ဒုက္ခကြေပျောက်

ဤ ဝတ္ထု၌ စိတ်ဖြင့် ပြစ်မှားမှု မနောကံ အပြစ်ကို ပြန်လည်ကန်တော့ သည်းခံစေသဖြင့် ဒုက္ခကြေပျောက်ကာ ပြကတေ့ ချမ်းသာသုခကို ရသည်။

## ဝစီကံ အပြစ်

**ဘုရားကို မျက်စိတဖက်ကန်း နွားမနှင့် ပုံခိုင်း**

ပါထေယျ ဥဒုမ္ဗရိကသုတ်၌ နိဂြောဓ ပရိဗိုဇ်သည် ဘုရားရှင်အား– "သုညာဂါရဟတာ သမဏဿ ဂေါတမဿ ပညာ" စသည်ဖြင့် မျက်စိတဖက် ကန်းနွားမနှင့် ပုံခိုင်းကာ ရိုင်းစိုင်းစွာ ပြောကြားခဲ့လေသည်။

သာသနာရေး ... ဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။



## အမြင်မှန်ဖြင့် ပြန်ကန်တော့

ဤကဲ့သို့ ပြောကြားခဲ့သော ဝစီကံအပြစ်ကို နိဂြောဓပရိဗိုဇ်သည် အမြင်မှန် ရလာသောအခါ တဖန်ပြန်၍ ဘုရားရှင်အား ကန်တော့တောင်းပန် သည်းခံ စေသည်မှာ—

"အစ္စယော မံ ဘန္တေ အစ္စာဂမာ ယထာဗာလံ ယထာမူဠံ ယထာအကုသလံ၊ ယွာဟံ ဧဝံ ဘဂဝန္တံ အဝစာသိံ၊ တဿ မေ ဘန္တေ ဘဂဝါ အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု အာယတိံ သံဝရာယာ"တိ။

"ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား....ဝစီကံအပြစ်သည် တပည့်တော် ကို မိုက်မဲတွေဝေကာ မသိ မလိမ္မာသည်အားလျော်စွာ လွှမ်းမိုး နှိပ်စက်၍ ဖြစ်ခဲ့ပါ၏၊ တပည့်တော်သည် မြတ်ဘုရားကို—

"သုညာဂါရဟတာ သမဏာဿ ဂေါတမဿ ပညာ။"

စသည်ဖြင့် မျက်စိတဖက်ကန်း နွားမနှင့် ပုံခိုင်းကာ ရိုင်းစိုင်းစွာ ပြောကြား ပြစ်မှားမိပါ၏ဘုရား၊ မြတ်ဘုရားသည် တပည့်တော်၏ ဝစီကံ အပြစ်ကို သည်းခံတော်မူပါဘုရား၊ နောင်အခါ ဒီအပြစ်မျိုး မဖြစ်ရအောင် စောင့်စည်း ပါမည် ဘုရား။

## ဘုရားရှင် သည်းခံခြင်း

ဤကဲ့သို့ ကန်တော့တောင်းပန် သည်းခံစေလျှင် ဘုရားရှင်လည်း နိဂြောဓ ပရိဗိုဇ်၏ ဝစီကံအပြစ်ကို သည်းခံ၏ဟု မိန့်ကြားသည်မှာ—

"တဂ္ဃ တွံ နိဂြောဓ အစ္စယော အစ္စာဂမာ ယထာဗာလံ ယထာမူဠံ ယထာအကုသလံ၊ ယော မံ တွံ ဧဝံ အဝစာသိ၊ ယတော စ ခေါ တွံ နိဂြောဓ အစ္စယံ အစ္စယတော ဒိသွာ ယထာဓမ္မံ ပဋိကရောသိ၊ တံ တေ မယံ ပဋိဂ္ဂဏှာမ။"

၉၉၅၈

နိဂြောဓ....အမှန်စင်စစ်လျှင် သင်သည် မိုက်မဲတွေဝေကာ မသိမလိမ္မာသည်အားလျော်စွာ ငါဘုရား၌ ပြစ်မှားမိသော ဝစီကံအပြစ်သည် သင်အား လွှမ်းမိုးနှိပ်စက်၍ ဖြစ်ခဲ့၏၊ နိဂြောဓ ...သင်သည် ငါဘုရားကို မျက်စိတဖက်ကန်းနွားမနှင့် ပုံခိုင်းကာ ရိုင်းစိုင်းစွာ ပြောကြား ပြစ်မှားခဲ့၏၊ နိဂြောဓ.... သင်သည် အပြစ်ကို အပြစ်ဟု အမှန်အားဖြင့် သိမြင်ပြီး ကုစားခဲ့၏၊ ကန်တော့တောင်းပန် သည်းခံစေခဲ့၏၊ သင်၏ဝစီကံအပြစ်ကို ငါဘုရား သည်းခံပါ၏။

## အပြစ်အားလျော်စွာ ကုစား၍ ချမ်းသာခွင့်ရ

ဤကဲ့သို့ နိဂြောဓပရိဗိုဇ်၏ ဝစီကံအပြစ်ကို သည်းခံပြီး ထို့နောက်တဖန်ကန်တော့တောင်းပန် သည်းခံစေခြင်း၊ အပြစ်အားလျော်စွာ ကုစားခြင်းကြောင့် ပစ္စုပ္ပန် တမလွန် ချမ်းသာသုခ ကြီးပွားခွင့် ရနိုင်ပုံကို ဟောကြားတော်မူပြန်သည်မှာ-

> "ဝုဒ္ဓိ ဟေသာ နိဂြောဓ အရိယဿ ဝိနယေ၊ ယော အစ္စယံ
> အစ္စယတော ဒိသွာ ယထာဓမ္မံ ပဋိကရောတိ၊ အာယတိံ
> သံဝရံ အာပဇ္ဇတိ။"

နိဂြောဓ.... ငါဘုရားသာသနာတော်၌ အကြင်သူသည် အပြစ်ကို အပြစ်ဟု အမှန်အတိုင်း သိမြင်ပြီး၊ အပြစ်အားလျော်စွာ ကုစား၏၊ နောက်နောင် ထိုအပြစ်မျိုး မဖြစ်ရအောင် စောင့်စည်း၏၊ ဤကဲ့သို့ ပြုခြင်းသည် ထိုသူ၏ ပစ္စုပ္ပန် တမလွန် ကြီးပွားချမ်းသာကြောင်းပင် ဖြစ်၏။

## ကာယကံအပြစ်

"ဓမ္မပဒ-ပါပဝဂ်မှ ကောကခွေးမုဆိုး ဝတ္ထု"

### ခွေးနှင့် ရှူးတိုက်

ဘုရားလက်ထက်တော်အခါက ကောကမည်သော ခွေးမုဆိုးသည် ရှိသတတ်၊ ထိုခွေးမုဆိုးသည် တခုသော နံနက်ခင်းတွင် လေးကိုထမ်းကာ ခွေးများခြံရံလျက်တောသို့ သွား၏၊ ခရီးအကြားတွင် ဆွမ်းခံကြွလာသော ရဟန်းတပါးကို

မြင်၍ စိတ်ဆိုး၏၊ ခရီးအကြားမှာ သူယုတ်မာကို တွေ့မြင်၍ နိမိတ်မကောင်း၊ ဒီကနေ့ ငါ တောအရပ်မှာ လှည့်လည်လို့ ဘာတခုမျှ ရလိမ့်မယ် မထင်ဟု ကြံစည်တွေးတောပြီး ရှောင်လွှဲ၍ သွားသတတ်၊ ရဟန်းတော်လည်း ရွာအတွင်း ဆွမ်းခံ လှည့်လည်၍ ဆွမ်းစားပြီး ကျောင်းသို့ ပြန်လာရာ၊ မုဆိုးလည်း တောအရပ်တွင် လှည့်လည်၍ တစုံတခုမျှ မရခဲ့ဘဲ ပြန်လာရာ၊ တဖန် ရဟန်းတော်ကို မြင်၍ ဒီကနေ့ တောသို့အသွား သူယုတ်မာကို မြင်၍ တစုံတခုမျှ မရရှိခဲ့၊ ယခုတဖန် တောမှအပြန် သူယုတ်မာကို မြင်ရပြန်၏၊ ဒီသူယုတ်မာကို ခွေးကိုက်အောင် ပြုမှဘဲဟု ကြံ၍ ခွေးနှင့် ရှူးတိုက်၏။

## ခွေးနှင့်ရှူးမတိုက်ရန် ဘောင်းပန်လည်း မရ

ထိုအခါ ရဟန်းတော်သည် "ဒါယကာ....ငါ့ကို ခွေးနှင့် ရှူးမတိုက်ပါနှင့်" ဟု တောင်းပန်၏၊ မုဆိုးလည်း "ဒီကနေ့ တောသို့အသွား သင့်ကိုမြင်ရ၍ တစုံတခုမျှမရခဲ့၊ ယခုတဖန် တောမှအပြန်လည်း သင့်ကို မြင်ရပြန်၏၊ သင့်ကို ခွေးကိုက်အောင် ပြုမှဘဲ"ဟု ပြောကြား၍ ခွေးဖြင့် ရှူးတိုက်မြဲ တိုက်ပြန်၏။

## သစ်ပင်ပေါ် တက် မြှားဦးနှင့်ထိုး

ရဟန်းတော်လည်း လျင်မြန်စွာ သစ်ပင်ပေါ်သို့ တက်၍ တသူမျှလောက်သော နေရာတွင် နေ၏၊ ခွေးတို့သည် သစ်ပင်ကို ဝန်းရံကုန်၏၊ ကောကမုဆိုးလည်း သစ်ပင်ရင်းသို့ ကပ်၍ "သူယုတ်မာ....သင် သစ်ပင်ပေါ်သို့ တက်၍ နေသော်လည်း သေဘေးမှ မလွတ်နိုင်"ဟု ပြောကြားကာ မြှားဦးဖြင့် ရဟန်းတော်၏ ခြေဖဝါးကို ထိုး၏။

## ခွေးကိုက်၍ မုဆိုးသေ

ထိုအခါ ရဟန်းတော်သည် "ဒါယကာ ...ဤကဲ့သို့ မပြုပါနှင့်"ဟု တောင်းပန်၏၊ မုဆိုးလည်း ရဟန်းတော်၏ စကားကို မနာယူဘဲ ထိုးမြဲထိုး၏၊ ရဟန်းတော်သည် ဒုက္ခဝေဒနာဖြင့် သတိမထားနိုင်ဘဲ ကိုယ်ဝတ် ကောသိ လျောကျ၍ မုဆိုး၏ကိုယ်တွင် ခြုံမိနေ၏၊ ခွေးတို့သည် ရဟန်းကျလာပြီ အမှတ်ဖြင့် သက်နိုး

တွင်းသို့ ငင်၍ သခင်မုဆိုးကို ကိုက်သတ်ခဲစားကြရာ အရိုးမျှသာ ကြွင်းလေ၏၊ ရဟန်းတော်သည် သစ်ကိုင်းခြောက်တခုကို ချိုး၍ ခွေးတို့ကို ပစ်ခတ်ချောက်လှန့်၏၊ ခွေးတို့သည် ရဟန်းကို မြင်၍ ငါတို့သခင်ကို ကိုက်သတ် ခဲစားမိပြီဟု သိ၍ တောသို့ ဝင်ပြေးကြကုန်၏။ (အကြွင်း ၎င်း၌ ရှု)

## ပြစ်မှား၍ ဒဏ်ထိ

ဤဝတ္ထု၌ ကောကမုဆိုးသည် မပြစ်မှားထိုက်သော ဘုရားသားကျော် ရဟန်းတော်အား ပြစ်မှားမိ၍ ထိုဒဏ်မှာပင် အသက်ဆုံးရှုံးရလေသည်။

### ဆုတောင်းခဏ်း အဖွင့်

"ကန်တော့ (လ) အရှင်ဘုရား"ဖြင့် ဆုတောင်းသည်၊ ရတနာသုံးပါး, မိဖ, ဆရာ, ဂုဏဝုဒ္ဓိ, ဝယဝုဒ္ဓိ ရှိသူတို့အား ကန်တော့တောင်းပန် သည်းခံစေပြီး၍ မိမိလိုလား နှစ်သက်သော ပစ္စုပ္ပန် တမလွန် အကျိုးတရား ဆုများကို တောင်းသည်။

### ကံသုံးပါး အစိပ္ပါယ်

'ကမ္မ' ပုဒ်မှ ဆင်းသက်၍ 'ကံ'ဟု ခေါ်သည့် 'ပြုလုပ်မှု' စေတနာပင်၊ ထိုကံသည်—

၁။ ကာယကံ၊

၂။ ဝစီကံ၊

၃။ မနောကံ

ဟူ၍ သုံးပါးတည်း။

## စေတနာကံ

၁။ ကိုယ်ဖြင့် ပြုလုပ်မှုကို ကာယဒွါရ၌ ဖြစ်သော ကာမာဝစရကုသိုလ် စေတနာ (၈)ခု၊ အကုသိုလ်စေတနာ (၁၂) ခု၊ ဤနှစ်ဆယ်သော စေတနာကို 'ကာယကံ' ခေါ်သည်။

၂။ နှုတ်ဖြင့် ပြုလုပ်မှုကို ဝစီဒွါရ၌ဖြစ်သော ကာမာဝစရ ကုသိုလ်စေတနာ (၈)ခု၊ အကုသိုလ်စေတနာ (၁၂)ခု၊ ဤနှစ်ဆယ်သော စေတနာကို 'ဝစီကံ' ခေါ်သည်။

၃။ စိတ်ဖြင့် ပြုလုပ်မှုကို မနောဒွါရ၌ဖြစ်သော ကာမာဝစရ ကုသိုလ်စေတနာ (၈)ခု၊ ရူပါဝစရ ကုသိုလ်စေတနာ (၅)ခု၊ အရူပါဝစရ ကုသိုလ်စေတနာ (၄)ခု၊ အကုသိုလ်စေတနာ (၁၂)ခု၊ ဤနှစ်ဆယ့်ကိုးခုသော စေတနာကို 'မနောကံ' ခေါ်သည်။

## ပြုလုပ်မှု ကံ

ဒုစရိုက် ဆယ်ပါးတွင်—

"ကာယကံ (၃)ပါး"

၁။ သူ့အသက်ကို သတ်ခြင်း၊
၂။ သူ့ဥစ္စာကို ခိုးခြင်း၊
၃။ မေထုန်အကျင့်တို့၌ ယုတ်မာမှားယွင်း ပြုကျင့်ခြင်း ဤသုံးပါးကို ကာယကံ ခေါ်သည်။

"ဝစီကံ (၄) ပါး"

၁။ မုသားပြောခြင်း၊
၂။ ကုံးချောခြင်း၊
၃။ ကြမ်းကြုတ်စွာ ပြောခြင်း၊
၄။ သိမ်ဖျင်းစွာ ပြောခြင်း၊
ဤလေးပါးကို ဝစီကံ ခေါ်သည်။

"မနောကံ (၃)ပါး"

၁။ သူ့စည်းစိမ်ကို မတရားကြံခြင်း၊
၂။ သူပျက်စီးမှုကို ကြံခြင်း၊
၃။ အယူလွဲမှားခြင်း၊
ဤသုံးပါးကို မနောကံ ခေါ်သည်။

"ပြုလုပ်မှု" ကိုလည်း ကံခေါ်သည်၊စေတနာကိုလည်း ကံ-ဟု ခေါ်သည်၊ စေတနာဖြင့် စေ့ဆော်၍ ပြုလုပ်မှု ဖြစ်ပေါ်လာရသည်။

"ကမ္မံ့ ဟိ ဘဂဝါ ကမ္မန္တိ ပညပေတိ၊ စေတနမှိ၊ ယထာဟ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရော- တိတိ၊ ကသ္မာ ပန စေတနာ ကမ္မန္တိ ဝုတ္တာ၊ စေတနာမူလ- ကတ္တာ ကမ္မဿ။"

(မဏိမဉ္ဇူသာကထာ ဥပါလိသုတ် အဖွင့်)

ထိုကံသည် ကုသိုလ်ပက္ခ၌—

၁။ ကုသိုလ်ကာယကံ၊ (ကာယဒွါရ၌ ဖြစ်သော မဟာကုသိုလ်စေတနာ ၈-ခု၊)

၂။ ကုသိုလ်ဝစီကံ (ဝစီဒွါရ၌ဖြစ်သော မဟာကုသိုလ်စေတနာ ၈-ခု)

၃။ ကုသိုလ်မနောကံ (မနောဒွါရ၌ ဖြစ်သော မဟာကုသိုလ် စေတနာ ၈-ခု, မဟဂ္ဂုတ် ကုသိုလ်စေတနာ ၉-ခု)

အကုသိုလ်ပက္ခ၌—

၁။ အကုသိုလ်ကာယကံ(ကာယဒွါရ၌ဖြစ်သောအကုသိုလ်စေတနာ ၁၂-ခု)

၂။ အကုသိုလ်ဝစီကံ (ဝစီဒွါရ၌ဖြစ်သော အကုသိုလ်စေတနာ ၁၂-ခု)

၃။ အကုသိုလ်မနောကံ(မနောဒွါရ၌ဖြစ်သော အကုသိုလ်စေတနာ ၁၂-ခု)

ဤသို့လျှင် ကုသိုလ်, အကုသိုလ် 'ကံ' နှစ်ပက္ခ ရှိသတည်း။

**ကုစား၍ မရသော ကံကြီးများ**

၁။ မာတုဃာတကံ (အမိကို သတ်သော ကံ) 'ကာယကံ'

၂။ ပိတုဃာတကံ (အဖကို သတ်သော ကံ) 'ကာယကံ'

၃။ အရဟန္တဃာတကံ (ရဟန္တာကို သတ်သော ကံ) 'ကာယကံ'

၄။ လောဟိတုပ္ပါဒကံ (ဘုရားကို သွေးစိမ်းတည်အောင် ပြုသောကံ) 'ကာယကံ'

၅။ သံဃဘေဒကံ(သံဃာကို သင်းခွဲသော ကံ)'ဝစီကံ'အားဖြင့်အာနန္တရိယ ကံကြီး ၅ါးပါး။

၁။ နတ္ထိကဒိဋ္ဌိ (ကံ၏ အကျိုး မရှိဟု ယူခြင်း) 'ဝိပါကပဋိဗာဟနေန နတ္ထိကဒိဋ္ဌိကော။'

၂။ အကိရိယဒိဋ္ဌိ (ကံမရှိဟု ယူခြင်း) 'ကမ္မပဋိဗာဟနေန အကိရိယ ဒိဋ္ဌိကော။'

၃။ အဟေတုကဒိဋ္ဌိ (ကံလည်း မရှိ, ကံ၏အကျိုးလည်း မရှိဟု ယူခြင်း) 'ဥဘယပဋိဗာဟနေန အဟေတုက ဒိဋ္ဌိကော။'

ဎင်း သုံးပါးကို နိယတမိစ္ဆာဒိဋ္ဌိ ဆိုသည်။ 'မနောက'

## အာနန္တရိယ ကျူးလွန်က ဖြစ်ရငရဲရွာ

အာနန္တရိယ ကံကြီးငါးပါးတွင် တပါးပါးမျှကိုလည်း ကျူးလွန်မိပါလျှင် ထိုအာနန္တရိယကံကို တားမြစ်နိုင်သော အခြားတပါးသော ကံသည် မရှိ၊ သေသည်၏ အခြားမဲ့မှာ ထိုအာနန္တရိယကံသည် အကျိုးပေး၍ ငရဲ၌ အမှန်ပင် ဖြစ်ရလေသည်။

## အာနန္တရိယကံကို ကံတပါး မတားမြစ်နိုင်

မြင်းမိုရ်တောင်လောက်ကြီးတဲ့ ရွှေစေတီကြီးကို တည်စေကာမူ၊ စကြဝဠာမျှလောက်သော ရတနာတံတိုင်းဖြင့် ကာရံပြီး ကျောင်းပေါင်း များစွာ ဆောက်လုပ်၍ ဘုရားအမှူးရှိသော သံဃာတော်အား လှူဒါန်းနေထိုင်စေလျက် အသက်ထက်ဆုံး ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးသော်လည်း အာနန္တရိယကံကို ကုစားတားမြစ်ခြင်းငှါ မစွမ်းနိုင်။

"အာနန္တရိကာနီတိ အနန္တရာယေန ဖလဒါယကာနိ၊ မာတုဃာတကကမ္မာဒီနမေတံ အဓိဝစနံ၊ တေသု ဟိ ကေသ္မိမ္ပိ ကမ္မေ ကတေ တံ ပဋိဗာဟိတွာ အညံ ကမ္မံ အတ္တနော အတ္တနော ဝိပါကဿ ဩကာသံ ကာတုံ န သက္ကောတိ၊ သိနေရုပ္ပမာဏေပိ ဟိ သုဝဏ္ဏထူပေ ကတွာ စက္ကဝါဠမတ္တံ ဝါ ရတနမယပါကာရံ ဝိဟာရံ ကာရေတွာ တံ ပူရေတွာ နိသိန္နဿ ဗုဒ္ဓပ္ပမုခဿ

သံဃဿ ယာဝဇီဝံ စတ္တာရော ပစ္စယေ ဒဒတောပိ တံ ကမ္မံ
ဧတေသံ ကမ္မာနံ ဝါပါကံ ပဋိဗာဟေတုံ န သက္ကောတိဝေ”
(အင္ဂုတ္တရနိကာယ် နိကာယဋ္ဌကထာ)

## ဘဝ,မထရှိ မိစ္ဆာဒိဋ္ဌိ

နိယတမိစ္ဆာဒိဋ္ဌိကံကား ဒိဋ္ဌိဂတသမ္ပယုတ် စေတနာ (၄) ခုတည်း၊ နိယတမိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တို့သည် ဘုရားတရား, ဘုရားတထောင်ပင် ချွတ်သော်လည်း မကျွတ်နိုင်၊ ဝဋ္ဋဘဝမှ ထခြင်းမည်သည် မရှိပြီ။

“ယာ စ မိစ္ဆာဒိဋ္ဌိ နိယတာတိ အဟေတုကဝါဒ အကြိယဝါဒ နတ္ထိကဝါဒေသု အညတရာ၊ ယာ ဂဟေတွာ ဌိတံ ပုဂ္ဂလံ ဗုဒ္ဓသတမ္ပိ ဗုဒ္ဓသဟဿမ္ပိ ဗောဓေတုံ န သက္ကောတိ။”
(အင္ဂုတ္တရနိကာယ် နိကာယဋ္ဌကထာ)

## အပြစ်ကြီးဘိ မိစ္ဆာဒိဋ္ဌိ

နိယတမိစ္ဆာဒိဋ္ဌိကံကား အာနန္တရိယ ကံကြီး ငါးပါးထက်ပင် အပြစ်ကြီးလေး၏၊ အာနန္တရိယ ကံကြီး ငါးပါး၌ အပြစ် အပိုင်းအခြားသည် ရှိ၏။

၁။ အမိကို သတ်သော ကံ၊

၂။ အဖကို သတ်သော ကံ၊

၃။ ရဟန္တာကို သတ်သော ကံ၊

၄။ ဘုရားကို သွေးစိမ်းတည်အောင် ပြုသော ကံ၊

ဤ ကံလေးပါးကို ကျူးလွန်က ငရဲ၌ နှစ်ပေါင်းများစွာ ကျရ၏ဟု လာသည်။

၅။ သံဃာကို သင်းခွဲသော ကံ၊

ဤကံကို ကျူးလွန်က အာယုကပ်ပတ်လုံး ငရဲမှာ ကျရမည်ဟု လာသည်၊ ဤကဲ့သို့ အပြစ်အပိုင်းအခြား ရှိလေသည်။

နိယတမိစ္ဆာဒိဋ္ဌိကံသည်ကား အပြစ်အပိုင်းအခြား မရှိ၊ ကမ္ဘာပျက်သော်လည်း ပြဟ္မာ့ပြည်သို့ မတက်နိုင်၊ ကောင်းကင်တနေရာမှာ ကျရသည်ဟုသာလာသည်။

"နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ မဟာသာဝဇ္ဇံ၊ ယထယိဒံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိပရမာနိ ဘိက္ခဝေ မဟာသာဝဇ္ဇာနိ။"

(အင်္ဂုတ္တိုရ်)

"ပဉ္စဟိ အာနန္တရိယကမ္မာနိ မဟာသာဝဇ္ဇာနိ နာမ၊ တေဟိပိ မိစ္ဆာဒိဋ္ဌိယေဝ မဟာသာဝဇ္ဇတရာတိ။"

(ငှင်း အဋ္ဌကထာ)

**မှတ်ချက်။** ။အာယုကပ်ဆိုရာ၌ အန္တရကပ်ဟု မှတ်။

"အာယုကပ္ပသညိတံ အန္တရကပ္ပံ တိဋ္ဌတီတိ ကပ္ပဋ္ဌော။"

(အင်ဋီ)

## ကံသုံးပါး အပြစ်ကြီးငယ်

**ဘုရားအလို**

ဘုရားအလိုတော်အားဖြင့် ကံသုံးပါး ပညတ်၍—

၁။ မနောကံ ပထမ၊

၂။ ဝစီကံ ဒုတိယ၊

၃။ ကာယကံ တတိယ—

ဟု အပြစ် အကြီးအငယ်ကို ဟောတော်မူသည်။

**နိဂဏ္ဌတို့အလို**

သာသနာပ နိဂဏ္ဌတို့အလိုအားဖြင့် ဒဏ်သုံးပါး ပညတ်၍—

၁။ ကာယဒဏ် ပထမ၊

၂။ ဝစီဒဏ် ဒုတိယ၊

၃။ မနောဒဏ် တတိယ၊

ဟု ကာယဒဏ်ကို အပြစ်အကြီးဆုံးဟု ဆိုသည်။

# ထင်ရှားအောင်ပြမည်
## မဇ္ဈိမပဏ္ဏာသ ဂဟပတိဝဂ် ဥပါလိသုတ်

**ဘုရားနှင့်တပဿီ အမေးအဖြေ စကားပြောခန်း**

အခါတပါး မြတ်ဘုရားသည် နာဠန္ဒမြို့ကို ဆွမ်းခံရွာပြု၍ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူ၏၊ ထိုအခါ နာဋ၏သား နိဂဏ္ဌသည် နာဠန္ဒမြို့၌ များစွာသော နိဂဏ္ဌပရိသတ်နှင့်အတူ နေ၏၊ ထိုအခါ ဒီဃတပဿီ နိဂဏ္ဌသည် နာဠန္ဒမြို့၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံရာမှဖဲကာ ဆွမ်းစားပြီးနောက် ဘုရားရှင်ထံချဉ်းကပ်၍ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်စကား ပြောကြား၏၊ ယင်းသို့ ပြောကြားပြီး တခုသော နေရာမှာ ရပ်၍နေသော ဒီဃတပဿီ နိဂဏ္ဌကို—

**ဘုရား** "တပဿီ....ထိုင်စရာ နေရာတွေ အများကြီး ရှိပါတယ်၊ ထိုင်လိုက ထိုင်"ဟု မိန့်ကြားလျှင် ဒီဃတပဿီ နိဂဏ္ဌသည် နိမ့်သော နေရာ၌ ထိုင်၏။

### ကာယဒဏ် အပြစ် အကြီးဆုံး

ထိုအခါ မြတ်စွာဘုရားက

**ဘုရား** တပဿီ နာဋ၏သား နိဂဏ္ဌသည် မကောင်းမှုပြုရာ၌ မကောင်းမှု ဖြစ်ရာ၌ အဘယ်မျှလောက်သော 'ကံ'တို့ကို ပညတ်လေသနည်း။

**တပဿီ** "ငါ့ရှင် ဂေါတမ....နာဋ၏သား နိဂဏ္ဌသည် 'ကံ, ကံ' ဟု မပညတ်ပါ၊ ဒဏ်, ဒဏ်"ဟု ပညတ်ပါသည်။

**ဘုရား** "တပဿီ နာဋ၏သား နိဂဏ္ဌသည် မကောင်းမှု ပြုရာ၌ မကောင်းမှု ဖြစ်ရာ၌ အဘယ်မျှလောက်သော ဒဏ်တို့ကို ပညတ်ပါသနည်း၊"

**တပဿီ** "ငါ့ရှင် ဂေါတမ....နာဋ၏သား နိဂဏ္ဌသည် မကောင်းမှု ပြုရာ၌ မကောင်းမှုဖြစ်ရာ၌ 'ကာယဒဏ်, ဝစီဒဏ်, မနောဒဏ်'ဟု ဒဏ် သုံးပါးကို ပညတ်ပါသည်။"

ဘုရား “တပဿီ ကာယဒဏ်သည် တခြားတပါးလော၊ ဝစီဒဏ်သည် တခြားတပါးလော၊ မနောကံသည် တခြားတပါးလော။”

တပဿီ “ငါ့ရှင် ဂေါတမ...ကာယဒဏ်သည် တခြားတပါးသာ ဖြစ်၏၊ ဝစီဒဏ်သည် တခြားတပါးသာ ဖြစ်၏၊ မနောဒဏ်သည် တခြားတပါးသာ ဖြစ်၏။”

ဘုရား “တပဿီ...တခြားတပါးစီဖြစ်တဲ့ ဒဏ်သုံးပါးတို့တွင် မကောင်းမှု ပြုရာ၌ မကောင်းမှုဖြစ်ရာ၌ အဘယ်ဒဏ်ကို အပြစ်အကြီးဆုံး”ဟု နာဋ၏သား နိဂဏ္ဌသည် ပညတ်ပါသနည်း။

တပဿီ “ငါ့ရှင် ဂေါတမ...တခြား တပါးစီဖြစ်တဲ့ ဒဏ်သုံးပါးတို့တွင် မကောင်းမှုပြုရာ၌ မကောင်းမှုဖြစ်ရာ၌ ကာယဒဏ်ကို အပြစ်အကြီးဆုံး”ဟု နာဋ၏သား နိဂဏ္ဌသည် ပညတ်ပါသည်။

## စကားတည်စေ

ဘုရား “တပဿီ....အပြစ်အကြီးဆုံး ‘ကာယဒဏ်’ ဘဲလား။”

တပဿီ ငါ့ရှင် ဂေါတမ....အပြစ်အကြီးဆုံး ‘ကာယဒဏ်’ဘဲ ဆိုသည်။”

ဤသို့လျှင် ဘုရားရှင်သည် ဒီဃတပဿီ နိဂဏ္ဌကို သုံးကြိမ်တိုင်အောင် မေးမြန်း၍ စကားကို တည်စေတော်မူသည်။

## မနောကံ အပြစ်အကြီးဆုံး

ဤသို့ မိန့်တော်မူသော် ဒီဃတပဿီ နိဂဏ္ဌသည် မြတ်ဘုရားအား တဖန်ပြန်၍ လျှောက်ထား မေးမြန်းသည်မှာ--

တပဿီ “ငါ့ရှင်ဂေါတမ.... သင်သည်ကား မကောင်းမှုပြုရာ၌ မကောင်းမှုဖြစ်ရာ၌ အဘယ်မျှလောက်သော ဒဏ်တို့ကို ပညတ်ပါသနည်း။”

ဘုရား “တပဿီ.... ‘ဒဏ်, ဒဏ်’ဟု ငါဘုရား မပညတ်ပါ၊ ‘ကံ, ကံ’ဟု ငါဘုရား ပညတ်ပါသည်။”

**တပဿီ** "ငါ့ရှင် ဂေါတမ...မကောင်းမှုပြုရာ၌ မကောင်းမှုဖြစ်ရာ၌ အဘယ် မျှလောက်သော ကံတို့ကို သင်ပညတ်ပါသနည်း။"

**ဘုရား** "တပဿီ....မကောင်းမှုပြုရာ၌ပကောင်းမှုဖြစ်ရာ၌'ကာယကံ,ဝစီကံ, မနောကံ'ဟု ကံသုံးပါးကို ငါဘုရား ပညတ်ပါသည်။"

**တပဿီ** "ငါ့ရှင် ဂေါတမ.... ကာယကံဟူသည် တခြားတပါးလော၊ ဝစီကံ ဟူသည် တခြားတပါးလော၊ မနောကံဟူသည် တခြားတပါး လော။"

**ဘုရား** "တပဿီ.... ကာယကံဟူသည် တခြားတပါးသာ ဖြစ်၏၊ ဝစီကံ ဟူသည် တခြားတပါးသာ ဖြစ်၏၊ မနောကံဟူသည် တခြားတပါး သာ ဖြစ်၏။"

**တပဿီ** "ငါ့ရှင် ဂေါတမ.... တခြားတပါးစီဖြစ်တဲ့ ကံသုံးပါးတို့တွင် မကောင်းမှုပြုရာ၌ မကောင်းမှုဖြစ်ရာ၌ အဘယ်ကံကို အပြစ်အကြီး ဆုံးဟု သင် ပညတ်ပါသနည်း။"

**ဘုရား** "တပဿီ.... တခြားတပါးစီဖြစ်တဲ့ ကံသုံးပါးတို့တွင် မကောင်းမှု ပြုရာ၌ မကောင်းမှုဖြစ်ရာ၌ မနောကံကို အပြစ်အကြီးဆုံးဟု ငါဘုရား ပညတ်သည်။"

### စကားတည်စေ

**တပဿီ** "ငါ့ရှင်ဂေါတမ.... အပြစ်အကြီးဆုံး 'မနောကံ' ဘဲလား။"

**ဘုရား** "တပဿီ....အပြစ် အကြီးဆုံး 'မနောကံ'ဘဲ ငါဆိုသည်။"

ဤသို့လျှင် ဒီဃတပဿီ နိဂဏ္ဌသည် မြတ်ဘုရားကို သုံးကြိမ်တိုင် အောင် မေးမြန်း၍ စကားကို တည်စေသည်။

### မဟာနိဂဏ္ဌကို ပြန်၍ပြောကြားခြင်း

ယင်းသို့လျှင် စကားတည်စေပြီး နေရာမှထကာ နာဋ၏သား နိဂဏ္ဌထံသို့ ချဉ်းကပ်၏၊ ထိုအခါ နာဋ၏သား နိဂဏ္ဌသည် ဥပါလိသူကြွယ် အမှူးရှိသော

'ဗာလကိနိယာ' ရွာသား များစွာသော လူပရိသတ်နှင့် အတူနေ၏၊ နာဠ၏သား မဟာနိဂဏ္ဌသည် အဝေးမှလာသော ဒီဃတပဿီ နိဂဏ္ဌကို မြင်၍ ဒီဃတပဿီ နိဂဏ္ဌအား—

**မဟာနိဂဏ္ဌ** "တပဿီ.... ယခု နေ့လည်ခင်းမှာ ဘယ်အရပ်က လာခဲ့ပါသလဲ။"

**တပဿီ** "အရှင်.... အကျွန်ုပ် ရဟန်းဂေါတမ အထံမှ လာခဲ့ပါတယ်။"

**မဟာနိဂဏ္ဌ** "တပဿီ.... သင့်မှာ ရဟန်းဂေါတမနှင့် အတူ တစုံတခု စကား ပြောဆိုမှု ဖြစ်ခဲ့ပါသလား။"

**တပဿီ** "အရှင်....အကျွန်ုပ် ရဟန်း ဂေါတမနှင့် အတူ စကားပြောဆိုမှု ဖြစ်ခဲ့ပါ၏"ဟု ဘုရားနှင့် ပြောဆိုခဲ့သမျှ စကားအားလုံးကို နာဠ၏ သား မဟာနိဂဏ္ဌအား ပြန်လည် ပြောကြားလေ၏။

## ကာယဒဏ် အပြစ်အကြီးဆုံး

ဤသို့ ပြောကြားသော် နာဠ၏သား မဟာနိဂဏ္ဌသည် ဒီဃတပဿီ နိဂဏ္ဌ အား တပဿီ....ကောင်းလေစွ, ကောင်းလေစွ, အကြားအမြင် ဗဟုသုတရှိတဲ့ ဆရာ၏ အဆုံးအမကို ကောင်းစွာသိတဲ့ တပည့်၏ ထုံးစံအတိုင်းပင် ဒီဃတပဿီ နိဂဏ္ဌသည် ရဟန်းဂေါတမအား ပြောကြားခဲ့ပေ၏၊ ဤကဲ့သို့ ကြီးကျယ်သော ကာယဒဏ်ကို ထောက်၍ သေးငယ်သော မနောဒဏ်သည် အဘယ်မှာလျှင် ပြောပလောက်မည်နည်း၊ အမှန်အားဖြင့် ကာယဒဏ်သည်သာလျှင် မကောင်းမှု ပြုရာ၌ မကောင်းမှု ဖြစ်ရာ၌ ကြီးကျယ်သော အပြစ်ရှိ၏၊ ဝစီဒဏ်နှင့် မနောဒဏ် တို့သည် ကာယဒဏ်လောက် အပြစ်မကြီးဟု ဆို၏။

ဤသို့ဆိုသော် ဥပါလိသူကြွယ်သည် နာဠ၏သား မဟာနိဂဏ္ဌကို အရှင် ဘုရား....ဒီဃတပဿီသည် ကောင်းလေစွ, ကောင်းလေစွ, အကြားအမြင် ဗဟု သုတရှိတဲ့ ဆရာ၏အဆုံးမကို ကောင်းစွာသာလျှင် သိတဲ့ တပည့်၏ ထုံးစံအတိုင်း ပင် တပဿီ အရှင်ကောင်းသည် ရဟန်းဂေါတမအား ပြောကြားခဲ့ပေ၏၊ ဤကဲ့သို့ ကြီးကျယ်သော ကာယဒဏ်ကို ထောက်ဆ၍ သေးငယ်သော မနောဒဏ်သည် အဘယ်မှာ ပြောပလောက်မည်နည်း၊ အမှန်အားဖြင့် ကာယဒဏ်သည်သာ

မကောင်းမှုကို ပြုရာ၌ မကောင်းမှုဖြစ်ရာ၌ ကြီးကျယ်သော အပြစ်ရှိ၏၊ ဝစီဒဏ်နှင့် မနောဒဏ်တို့သည် ကာယဒဏ်လောက် အပြစ်မကြီးပါ။

## ဥပါလိသူကြွယ် ဘုရားထံသွားရန် ခွင့်ပန်ခြင်း

အရှင်ဘုရား...အကျွန်ုပ် ယခု ရဟန်းဂေါတမထံ သွားပါအံ့၊ ဤစကားအရာ၌ ရဟန်းဂေါတမအား အပြစ်တင်ချေပါအံ့၊ တပဿီ အရှင်ကောင်းသည် တည်စေအပ်သကဲ့သို့၊ ထို့အတူ ရဟန်းဂေါတမသည် အကျွန်ုပ်အား အကယ်၍ တည်စေလတ္တံ့သည် ဖြစ်ငြားအံ့၊ အားရှိသော ယောကျ်ားသည် အမွေးရှည်သော သိုးကို အမွေးတို့၌ ကိုင်၍ ဆွဲငင်ဝှေ့ရမ်းရာသကဲ့သို့၊ ထို့အတူသာလျှင် အကျွန်ုပ်သည် မိမိ အယူဝါဒဖြင့် ရဟန်းဂေါတမ၏ အယူဝါဒကို ဆွဲငင်လှုပ်ရမ်းပါအံ့။

* ဤနေရာ၌ ဥပါလိသူကြွယ်သည် ဥပမာအမျိုးမျိုးဖြင့် ပြောကြားသေး၏။

"အရှင်ဘုရား....အကျွန်ုပ် ယခု ရဟန်းဂေါတမထံ သွားပါအံ့၊ ဤစကားအရာ၌ ရဟန်းဂေါတမကို အပြစ်တင်ချေပါအံ့"ဟု ခွင့်ပန်၏။

## ခွင့်ပြုခြင်း

သူကြွယ်....သင်သွားလေလော့၊ ဤစကားအရာ၌ ရဟန်းဂေါတမကို အပြစ်တင်ချေပါလော့၊ သူကြွယ်....ရဟန်း ဂေါတမအား ငါသည်လည်းကောင်း၊ ဒီဃတပဿီနိဂဏ္ဌသည်လည်းကောင်း၊ သင်သည်လည်းကောင်း အပြစ်တင်ရာ၏။

## ဘုရား ထ ဥပါလိသူကြွယ်သွားရန် ခွင့်ပေးခြင်းကို ဒီဃတပဿီ တားမြစ်ခြင်း

ဤသို့ဆိုသော် ဒီဃတပဿီ နိဂဏ္ဌသည် နာဋ၏သား မဟာနိဂဏ္ဌအား—

**တပဿီ** အရှင်ဘုရား.... ရဟန်းဂေါတမအား ဥပါလိသူကြွယ် အပြစ်တင်မည်ကို အကျွန်ုပ် မနှစ်သက်ပါ၊ အရှင်ဘုရား....ရဟန်းဂေါတမသည်

လှည့်ပတ်တတ်ပါ၏၊ စိတ်ညွှတ်၍ လှည့်ပတ်ခြင်းအတတ်ကိုတတ်ပါ၏၊ ယင်းအတတ်ဖြင့် အယူတမျိုးရှိသူတို့၏ တပည့်တို့ကို ညွှတ်တတ်ပါ၏။

**မဟာနိဂဏ္ဌ** တပဿီ.... ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ဥပါလိသူကြွယ် ရောက်နိုင်သော အခွင့်အကြောင်းမရှိပါ၊ ဥပါလိသူကြွယ်၏ တပည့်အဖြစ်သို့ ရဟန်းဂေါတမသာ ရောက်နိုင်သော အခွင့်အကြောင်း ရှိပါ၏။

## ထပ်မံ ခွင့်ပေးခြင်း

သူကြွယ်....သင်သွားလေလော့၊ ဤစကားအရာ၌ ရဟန်းဂေါတမကို အပြစ်တင်ချေပါလော့၊ သူကြွယ်....ရဟန်းဂေါတမအား ငါသည်လည်းကောင်း၊ ဒီဃတပဿီ နိဂဏ္ဌသည်လည်းကောင်း၊ သင်သည်လည်းကောင်း အပြစ်တင်ရာ၏။

## သုံးကြိမ်တိုင် စေလွှတ်

နာဋ၏သား မဟာနိဂဏ္ဌသည် ဘုရားနှင့်အတူ တခုသောမြို့ကို အမှီပြု၍ နေပါသော်လည်း ဘုရားရှင်ကို မဖူးမြင်ဘူး၊ ထို့ကြောင့်ပင် ဘုရားရှင်၏ 'ဒဿနသမ္ပတ္တိ, နိယျာနိက ကထာ' ရှိသည်၏အဖြစ်ကို မသိခြင်းကြောင့် ဥပါလိသူကြွယ်အား ဘုရားရှင်ထံ သုံးကြိမ်တိုင်အောင် စေလွှတ်၏။

## သုံးကြိမ်တိုင် တားမြစ်

ဒီဃတပဿီ နိဂဏ္ဌသည် ရံဖန်ရံခါ ဘုရားရှင်ထံ ချဉ်းကပ်၍ မေးခြင်း ထိုင်ခြင်း ပြဿနာမေးခြင်းဖြင့် ဘုရားရှင်၏ 'ဒဿနသမ္ပတ္တိ, နိယျာနိက ကထာ' ရှိသည်၏အဖြစ်ကို သိ၏၊ ထို့ကြောင့်လျှင် ဤသူကြွယ်သည် ပညာရှိ၏၊ ရဟန်းဂေါတမထံ သွား၍ ဖူးမြင်ရုံမျှဖြင့်လည်း ရဟန်းဂေါတမကို ကြည်ညိုရာ၏၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း တရားစကား 'နိယျာနိကကထာ'ကို ကြားနာရ၍လည်း ရဟန်းဂေါတမကို ကြည်ညိုရာ၏၊ နောက်ထပ်တဖန် ငါတို့ထံသို့ ပြန်လာမည်မဟုတ်ဟု ကြံစည်၍ သုံးကြိမ်တိုင်အောင်ပင် တားမြစ်၏။

## ဥပါလိသူကြွယ် ဘုရားရှင်ထံ ချဉ်းကပ်

ဥပါလိသူကြွယ်သည် နာဋ၏သား 'မဟာနိဂဏ္ဌ'၏ စကားကိုဝန်ခံပြီး နေရာမှထကာ ရှိခိုး အရိုအသေပြုပြီး ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူသော ဘုရားရှင်ထံ ချဉ်းကပ်၍ ရိုသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ပတ်သော အရပ်၌ ထိုင်၏။

## ဘုရားနှင့် ဥပါလိသူကြွယ် အမေးအဖြေ စကားဆိုခန်း

ယင်းသို့ ထိုင်ပြီးလျှင် ဘုရားရှင်အား—

**ဥပါလိ** ''အရှင်ဘုရား....ဒီဃတပဿီ နိဂဏ္ဌသည် ဤအရပ်သို့ လာပါသလား။''

**ဘုရား** ''သူကြွယ်....ဒီဃတပဿီ နိဂဏ္ဌသည် ဤအရပ်သို့ လာပါ၏။''

**ဥပါလိ** ''အရှင်ဘုရား....အရှင်ဘုရားအား ဒီဃတပဿီ နိဂဏ္ဌနှင့် တစုံတခု စကားပြောဆိုမှု ဖြစ်ပါသလား။''

**ဘုရား** ''သူကြွယ်....ငါ့အား ဒီဃတပဿီ နိဂဏ္ဌနှင့် တစုံတခု စကားပြောဆိုမှု ဖြစ်ခဲ့ပါ၏။''

**ဥပါလိ** ''အရှင်ဘုရား....အရှင်ဘုရားအား ဒီဃတပဿီ နိဂဏ္ဌနှင့် အဘယ်သို့လျှင် စကားပြောဆိုမှု ဖြစ်ပါသနည်း။''

**ဘုရား** ထိုအခါ ဘုရားရှင်က ဒီဃတပဿီ နိဂဏ္ဌနှင့် စကားပြောဆိုမှု ဖြစ်သမျှအားလုံးကို ဥပါလိသူကြွယ်အား မိန့်ကြား၏။

## ကာယဒဏ် အပြစ်အကြီးဆုံး

ဤသို့ ဘုရားမိန့်ကြားသော်–ဥပါလိသူကြွယ်သည် ဘုရားရှင်အား—

**ဥပါလိ** ''အရှင်ဘုရား....တပဿီသည် ကောင်းလေစွ, ကောင်းလေစွ, အကြားအမြင် ဗဟုသုတရှိတဲ့ ဆရာ၏ အဆုံးအမကို ကောင်းစွာ သိသောတပည့်၏ ထုံးစံအတိုင်းပင် ဒီဃတပဿီ နိဂဏ္ဌသည် မြတ်ဘုရားအား ပြောကြားပါပေ၏၊ ဤသို့သဘောရှိတဲ့ ကြီးကျယ်သောကာယဒဏ်ကို

ထောက်၍ သေးငယ်သော မနောဒဏ်သည် အဘယ်မှာ ပြောပလောက်မည်နည်း၊ အမှန်အားဖြင့် ကာယဒဏ်သည်သာလျှင် မကောင်းမှု ပြုရာ၌ မကောင်းမှု ဖြစ်ရာ၌ ကြီးကျယ်သော အပြစ်ရှိ၏၊ ဝစီဒဏ်နှင့် မနောဒဏ်တို့သည် ကာယဒဏ်လောက် အပြစ်မကြီးပါ။

## ဆွေးနွေးမှု ဖြစ်ပါစေ

**ဘုရား** ''သူကြွယ်....သင်သည် မှန်သော သစ္စာစကား၌ တည်၍ အကယ်၍ ဆိုအံ့၊ ဤအရာ၌ ငါတို့ စကားဆွေးနွေးမှု ဖြစ်နိုင်ရာ၏။''

**ဉပါလိ** ''အရှင်ဘုရား....အကျွန်ုပ်သည် မှန်သော သစ္စာစကား၌ တည်၍ ဆိုပါအံ့၊ ဤအရာ၌ တပည့်တော်တို့ စကားဆွေးနွေးမှု ဖြစ်ပါစေ။''

## စကားမစပ်

**ဘုရား** ''သူကြွယ်....ထိုစကားကို အဘယ်သို့ မှတ်ထင်သနည်း၊ နိဂဏ္ဌတယောက်သည် အနာနှိပ်စက်နေ၏၊ဆင်းရဲရောက်၏၊ပြင်းစွာနာ၏၊ရေအေးကိုဖယ်၍ ရေနွေးကိုသာ သုံးဆောင်လေ့ရှိ၏၊ ထိုနိဂဏ္ဌသည် ရေအေးကို မရသည် ဖြစ်၍ သေရာ၏၊ သူကြွယ်.... နာဋ၏သား နိဂဏ္ဌသည် ဤသေသူ နိဂဏ္ဌကို အဘယ်အရပ်၌ ဖြစ်၏ဟု ပညတ်ပါသနည်း။

**ဉပါလိ** ''အရှင်ဘုရား.... စိတ်စွဲလမ်း၍ဖြစ်သော နတ်မည်သည် ရှိပါ၏၊ ထိုနတ်မျိုး၌ ထိုနိဂဏ္ဌသည် ဖြစ်ပါ၏၊ ထိုသို့ဖြစ်ခြင်းသည် ထိုသူ၏စိတ်စွဲလမ်း၍ သေသောကြောင့် ဖြစ်ပါသည်။''

**ဘုရား** ''သူကြွယ်.... သင်စဉ်းစားပြောလော့၊ သင်၏ ရှေ့စကားနှင့် နောက်စကား၊ နောက်စကားနှင့် ရှေ့စကားသည် မစပ်မိဘဲ ရှိတယ်။''

## ကာယဒဏ် အပြစ်အကြီးဆုံး

**ဘုရား** ''သူကြွယ်.... သင်သည် 'အရှင်ဘုရား.... တပည့်တော်သည် မှန်သော သစ္စာစကား၌ တည်၍ ဆိုပါအံ့၊ ဤအရာ၌ တပည့်တော်တို့ စကား

ဆွေးနွေးမှု ဖြစ်ပါစေ'ဟု ဤစကားကို ပြောဆိုခဲ့သည် မဟုတ်ပါလော။''

ဥပါလိ ''အရှင်ဘုရား.... မြတ်စွာဘုရားသည် ဤသို့ မိန့်ကြားသော်လည်း အမှန်အားဖြင့် မကောင်းမှု ပြုရာ၌ မကောင်းမှု ဖြစ်ရာ၌ ကာယဒဏ်သည်သာ ကြီးကျယ်သော အပြစ်ရှိ၏၊ ဝစီဒဏ်နှင့် မနောဒဏ်တို့သည် ကာယဒဏ်လောက် အပြစ်မကြီးပါ။

## စေတနာမရှိ၍ အပြစ်မကြီး

**ဘုရား** ''သူကြွယ်.... ငါပြောမည့်စကားကို သင်ဘယ်လို မှတ်ထင်သနည်း၊ နာဋ၏သား နိဂဏ္ဌသည် စောင့်စည်းခြင်း လေးမျိုးဖြင့် စောင့်စည်း၍ နေ၏။

၁။ အလုံးစုံသော ရေအေးကို ပယ်၏။

၂။ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းကို အားထုတ်၏။

၃။ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် ခါတွက်၏။

၄။ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် ပြန့်နှံ့၏။

ထိုနာဋ၏သား နိဂဏ္ဌသည် ရှေ့သို့သွား နောက်သို့ ဆုတ်သည်ရှိသော် များစွာသော သတ္တဝါငယ်တို့ကို သေကြေပျက်စီးခြင်းသို့ ရောက်စေ၏၊ သူကြွယ်.... နာဋ၏သား နိဂဏ္ဌသည် ဤသို့ သေကြေပျက်စီးခြင်းသို့ ရောက်စေသော သူ၏အကျိုးကို အဘယ်အကျိုးဟု ပညတ်ပါသနည်း။''

ဥပါလိ ''အရှင်ဘုရား.... နာဋ၏သား နိဂဏ္ဌသည် စေ့ဆော်ခြင်း စေတနာ မရှိသည်ဖြစ်၍ ကြီးသော အပြစ်ရှိ၏ဟု မပညတ်ပါ။''

## စကားမစပ်

ဘုရား ''သူကြွယ်.... အကယ်၍ စေတနာရှိငြားအံ့၊ အဘယ်သို့ ဖြစ်သနည်း။''

ဥပါလိ ''အရှင်ဘုရား.... ကြီးသော အပြစ်ရှိပါ၏။''

ဘုရား "သူကြွယ်....စေ့ဆော်မှု စေတနာကို နာဋ္ဌ၏သား နိဂဏ္ဌသည် အဘယ် ဒဏ်ဟု ပညတ်ပါသနည်း။"

ဥပါလိ "အရှင်ဘုရား....စေ့ဆော်မှုစေတနာကို မနောဒဏ်ဟု ပညတ်ပါသည်။"

ဘုရား "သူကြွယ်....စဉ်းစား၍ ပြောပါ၊ သင့်၏ရှေ့စကားနှင့် နောက်စကား၊ နောက်စကားနှင့် ရှေ့စကားသည် မစပ်မိဘဲ ရှိတယ်။"

## ကာယဒဏ် အပြစ်အကြီးဆုံး

ဘုရား "သူကြွယ်....သင်သည် 'အရှင်ဘုရား တပည့်တော်သည် မှန်သောသစ္စာစကား၌တည်၍ ပြောဆိုပါအံ့၊ ဤအရာ၌ တပည့်တော်တို့ စကားဆွေးနွေးမှု ဖြစ်ပါစေ'ဟု ဤစကားကို ပြောကြားခဲ့သည် မဟုတ်ပါလား။"

ဥပါလိ "အရှင်ဘုရား....မြတ်ဘုရားသည် ဤသို့ မိန့်ကြားသော်လည်း အမှန်အားဖြင့် မကောင်းမှုပြုရာ၌ မကောင်းမှုဖြစ်ရာ၌ 'ကာယဒဏ်'သည်သာ အပြစ်အကြီးဆုံး ဖြစ်၏၊ ဝစီဒဏ်နှင့် မနောဒဏ်တို့သည် ကာယဒဏ်လောက် အပြစ်မကြီးပါ။"

## ကိုယ်အားထက် စိတ်အားထက်

### ကိုယ်စွမ်း မတတ်နိုင်

ဘုရား "သူကြွယ်....ငါပြောမည့်စကားကို သင် အဘယ်သို့ မှတ်ထင်သနည်း၊ ဤနာဠန္ဒမြို့သည် စည်ပင်ဝပြောသည် များစွာသောလူတို့ဖြင့် စည်ကားသိုက်မြိုက်သည် မဟုတ်ပါလား။"

ဥပါလိ "အရှင်ဘုရား.... မှန်ပါ၏၊ ဤနာဠန္ဒမြို့သည် စည်ပင်ဝပြောပါ၏၊ များစွာသောလူတို့ဖြင့် စည်ကားသိုက်မြိုက်ပါ၏။"

ဘုရား "သူကြွယ်....ငါပြောမည့်စကားကို သင် အဘယ်သို့ မှတ်ထင်သနည်း၊ ယောကျ်ားတယောက်သည် သန်လျက်မိုး၍ လာရာ၏၊ ထိုယောကျ်ားသည် 'ငါသည် ဤနာဠန္ဒမြို့၌ရှိသော သတ္တဝါအားလုံးကို တခဏချင်း

တမှုဟုတ်ချင်းဖြင့် တခုတည်းသော အသားစု အသားပုံ ဖြစ်အောင် ပြုပါအံ့'ဟု ဆိုရာ၏၊ သူကြွယ်....ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ထိုယောကျ်ားသည် ဤနာဠန္ဒမြို့၌ ရှိသမျှသတ္တဝါ အားလုံးကို တခဏချင်း တမဟုတ်ချင်းဖြင့် တခုတည်းသော အသားစု အသားပုံ ဖြစ်အောင် ပြုနိုင်ပါမည်လော။"

ဥပါလိ ''အရှင်ဘုရား....ယောကျ်ား ဆယ်ယောက် ဖြစ်စေ၊ နှစ်ဆယ် ဖြစ်စေ၊ သုံးဆယ် ဖြစ်စေ၊ လေးဆယ် ဖြစ်စေ၊ ငါးဆယ် ဖြစ်စေ၊ ဤနာဠန္ဒမြို့၌ ရှိရှိသမျှ သတ္တဝါအားလုံးကို တခဏချင်း တမဟုတ်ချင်းဖြင့် တခုတည်းသော အသားစု အသားပုံ ဖြစ်အောင် ပြုခြင်းငှါ မစွမ်းနိုင်ပါ၊ အနည်းငယ်သော တယောက်တည်းသော ယောကျ်ားသည် အဘယ်မှာ ပြောပလောက်မည်နည်း။

**စိတ်စွမ်း တတ်နိုင်ပုံ**

**ဘုရား** "သူကြွယ်....ငါပြောမည့်စကားကို သင် အဘယ်သို့ မှတ်ထင်သနည်း၊ တန်ခိုးရှိတဲ့စိတ်, တန်ခိုးရှိတဲ့ သမဏဗြာဟ္မဏ, သို့မဟုတ် ပုဂ္ဂိုလ်တဦးဦးက 'ငါသည် ဤနာဠန္ဒမြို့ကို တကြိမ်စိတ်ဆိုးကာမျှဖြင့် ပြာဖြစ်အောင် ပြုအံ့'ဟု ဆိုရာ၏၊ သူကြွယ်....ထိုစကားကို သင် အဘယ်သို့ မှတ်ထင်သနည်း၊ တန်ခိုးရှိတဲ့ စိတ်,တန်ခိုးရှိတဲ့ ထိုသမဏ ဗြာဟ္မဏ, သို့မဟုတ် ပုဂ္ဂိုလ်တဦးဦးသည် ဤနာဠန္ဒမြို့ကို တကြိမ် စိတ်ဆိုးကာမျှဖြင့် ပြာဖြစ်အောင် ပြုခြင်းငှါ စွမ်းနိုင်ပါသလား။"

ဥပါလိ "အရှင်ဘုရား....နာဠန္ဒမြို့လိုဟာမျိုး ဆယ်မြို့ ဖြစ်စေ၊ နှစ်ဆယ် ဖြစ်စေ၊ သုံးဆယ် ဖြစ်စေ၊ လေးဆယ် ဖြစ်စေ၊ ငါးဆယ် ဖြစ်စေ၊ စိတ်တန်ခိုးရှိတဲ့ ထိုသမဏ ဗြာဟ္မဏ, သို့မဟုတ် ပုဂ္ဂိုလ်တဦးဦးက တကြိမ် စိတ်ဆိုးကာမျှဖြင့် ပြာဖြစ်အောင် ပြုခြင်းငှါ စွမ်းနိုင်ပါ၏၊ တခုတည်းသော နာဠန္ဒမြို့ကိုကား အဘယ်မှာလျှင် ပြောပလောက်မည်နည်း။"

### စကားမစပ်

ဘုရား "သူကြွယ်....ထိုသို့ဖြစ်လျှင် စဉ်းစား၍ ပြောပါ၊ သင်၏ ရှေ့စကားနှင့် နောက်စကား၊ နောက်စကားနှင့် ရှေ့စကားသည် မစပ်မိဘဲ ရှိတယ်။"

### ကာယဒဏ် အပြစ်အကြီးဆုံး

ဘုရား "သူကြွယ်....သင်သည်'အရှင်ဘုရား....တပည့်တော်သည် မှန်သောသစ္စာစကား၌ တည်၍ ပြောဆိုပါအံ့၊ ဤအရာ၌ တပည့်တော်တို့ စကားဆွေးနွေးမှုဖြစ်ပါစေ'ဟု ဤစကားကို ပြောဆိုခဲ့သည် မဟုတ်ပါလား။"

ဥပါလိ "အရှင်ဘုရား...မြတ်ဘုရား ဤသို့ မိန့်ကြားသော်လည်း မကောင်းမှုပြုရာ၌ မကောင်းမှု ဖြစ်ရာ၌ ကာယဒဏ်သည်သာ အပြစ်အကြီးဆုံးဖြစ်ပါ၏၊ ဝစီဒဏ်နှင့် မနောဒဏ်တို့သည် ကာယဒဏ်လောက် အပြစ်မကြီးပါ။"

### ဒဏ္ဍကီတိုင်းပြည် တောအတိဖြစ်

ဘုရား "သူကြွယ်....ငါပြောမည့်စကားကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ သင်သည် ဒဏ္ဍကီတိုင်း ကာလိင်္ဂတိုင်း မဇ္ဈတိုင်း မာတင်္ဂတိုင်းတို့ တောအတိ ဖြစ်သွားတယ်ဟု မကြားဘူးဘူးလား။"

ဥပါလိ "အရှင်ဘုရား....မှန်ပါသည်၊ ဒဏ္ဍကီတိုင်း ကာလိင်္ဂတိုင်း မဇ္ဈတိုင်း မာတင်္ဂတိုင်းတို့ တောအတိ ဖြစ်သွားသည်ဟု ကြားဘူးပါသည်။"

ဘုရား "သူကြွယ်....ထိုစကားကို သင်အဘယ်သို့မှတ်ထင်သနည်း၊ အဘယ်သို့ သင်ကြားဘူးသနည်း၊ အဘယ့်ကြောင့် ဒဏ္ဍကီတိုင်း ကာလိင်္ဂတိုင်း မဇ္ဈတိုင်း မာတင်္ဂတိုင်းတို့ တောအတိ ဖြစ်သွားသည်ဟု ကြားဘူးသနည်း။"

ဥပါလိ "အရှင်ဘုရား.... ရသေ့တွေ စိတ်ဆိုးခြင်းကြောင့် တောအတိ ဖြစ်သွားသည်ဟု တပည့်တော် ကြားဘူးပါသည်။"

သ၈၄၁၀တီ (က) ၁၁၄-၆

### စကားမစပ်

ဘုရား "သူကြွယ်....ထိုသို့ဖြစ်လျှင် စဉ်းစား၍ ပြောကြားပါ၊ သင်၏ရှေ့စကားနှင့် နောက်စကား၊ နောက်စကားနှင့် ရှေ့စကားသည် မစပ်မိဘဲ ရှိတယ်။"

### တရားနာလို၍ ဆန့်ကျင်

ဘုရား "သူကြွယ်.... သင်သည် 'အရှင်ဘုရား.... တပည့်တော်သည် မှန်သော သစ္စာစကား၌ တည်၍ ဆိုပါအံ့၊ ဤအရာ၌ တပည့်တော်တို့ တရားဆွေးနွေးမှု ဖြစ်ပါစေ'ဟု ဤစကားကို ပြောကြားခဲ့သည် မဟုတ်ပါလား။"

ဥပါလိ "အရှင်ဘုရား.... တပည့်တော်သည် ရှေးဦး ဥပမာဖြင့်ပင် မြတ်ဘုရား၏ စကားတော်ကို နှစ်သက်ဝမ်းမြောက်လှပါပြီ၊ သို့သော်လည်း တပည့်တော်သည် မြတ်ဘုရား၏ ဆန်းကြယ်လှသော ပြဿနာ ဖြေဆိုဟောကြားခြင်းကို နာကြားလို၍ မြတ်ဘုရားကို ဆိုခဲ့သည့်အတိုင်း ဆန့်ကျင်ဘက် ပြုမိပါ၏ဘုရား။"

### ဥပါလိသူကြွယ် သရဏဂုံတည်

ဥပါလိ "အရှင်ဘုရား.... တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါ၏၊ အရှင်ဘုရား.... ဥပမာသော်ကား- မှောက်၍ထားသောဝတ္ထုကို လှန်ဘိသကဲ့သို့လည်းကောင်း၊ ဖုံးလွှမ်းထားသော ဝတ္ထုကို လှန်ဘိသကဲ့သို့လည်းကောင်း၊ မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့လည်းကောင်း၊ မျက်စိအမြင်ရှိသောသူတို့သည် ရူပါရုံတို့ကို မြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးကို ထွန်းညှိ၍ ပြဘိသကဲ့သို့လည်းကောင်း၊ ထိုအတူသာလျှင် မြတ်ဘုရားသည် အမျိုးမျိုး အဖုံဖုံ နည်းမျိုးစုံဖြင့် တရားတော်ကို ဟောကြားပြသတော်မူပါ၏။

တပည့်တော်သည်—

၁။ အရှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၂။ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၃။ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

မြတ်ဘုရားသည် တပည့်တော်ကို 'ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ဒါယကာဟူ၍ မှတ်တော်မူပါ ဘုရား''ဟု လျှောက်ထား၏။

## ဆင်ခြင်၍ပြု

ဘုရား ''သူကြွယ်.... စူးစမ်းဆင်ခြင်၍ ပြုပါ၊ သင်လို ကျော်စောထင်ရှားသူတို့အား စူးစမ်းဆင်ခြင်၍ ပြုခြင်းသည် ကောင်း၏။''

ဥပါလိ ''အရှင်ဘုရား...မြတ်ဘုရားသည် တပည့်တော်ကို 'သူကြွယ်....စူးစမ်းဆင်ခြင်၍ပြုပါ၊ သင်လို ထင်ရှား ကျော်စောသူတို့အား စူးစမ်းဆင်ခြင်၍ ပြုခြင်းသည် ကောင်း၏'ဟု မိန့်တော်မူသော ဤစကားဖြင့်လည်း တပည့်တော်သည် မြတ်ဘုရားအား အတိုင်းထက်အလွန် နှစ်သက်ဝမ်းမြောက်ပါ၏။''

## နှစ်ကြိမ်မြောက် ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ခြင်း

ဥပါလိ ''အရှင်ဘုရား....တပါးသော အယူရှိသော တိတ္ထိတို့သည် တပည့်တော်ကဲ့သို့သော တပည့်မျိုးကို ရခဲ့သော် 'ဥပါလိ-မည်သော သူကြွယ်သည် ငါတို့၏ တပည့်အဖြစ်သို့ ရောက်၏'ဟု နာလန္ဒာမြို့လုံးကို တံခွန်အောင်လံ စိုက်ကုန်ရာ၏၊ ထိုသို့ဖြစ်ပါလျက်လည်း မြတ်ဘုရားသည် တပည့်တော်ကို 'သူကြွယ် စူးစမ်းဆင်ခြင်၍ ပြုပါ၊ သင်လို ထင်ရှား ကျော်စောသူတို့အား စူးစမ်းဆင်ခြင်၍ ပြုခြင်းသည် ကောင်း၏'ဟု မိန့်တော်မူ၏၊ အရှင်ဘုရား....တပည့်တော်သည် နှစ်ကြိမ်မြောက် လည်း--

၁။ မြတ်ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၂။ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၃။ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

မြတ်ဘုရားသည် တပည့်တော်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ဒါယကာ ဟူ၍ မှတ်တော်မူပါဘုရား''ဟု လျှောက်ထား၏။

## ဆွမ်းဒါနကို မပိတ်ပင်

**ဘုရား** ''သူကြွယ်... ရှည်စွာသော နေ့ညဥ့်တို့ပတ်လုံး သင်၏အိမ်သည် နိဂဏ္ဌတို့၏ ရေတွင်းသဖွယ် ဖြစ်ခဲ့သောကြောင့် သင့်အိမ်သို့ လာရောက်သော နိဂဏ္ဌတို့အား ဆွမ်းလှူရမည်ကို အောက်မေ့လော့''ဟု မိန့်တော်မူ၏။

## ဥပါလိသူကြွယ် ဘုရားကို အလွန် နှစ်သက် ကြည်ညို

**ဥပါလိ** ''အရှင်ဘုရား... မြတ်ဘုရားသည် တပည့်တော်ကို 'သူကြွယ်... ရှည်မြင့်စွာသော နေ့ညဥ့်တို့ပတ်လုံး သင်၏အိမ်သည် နိဂဏ္ဌတို့၏ ရေတွင်းသဖွယ် ဖြစ်ခဲ့သောကြောင့် သင့်အိမ်သို့ လာရောက်သော နိဂဏ္ဌတို့အား ဆွမ်းလှူရမည်ကို အောက်မေ့လော့'ဟု မိန့်တော်မူ၏၊ ဤစကားဖြင့် မြတ်ဘုရားကို အတိုင်းထက်အလွန် ကြည်ညို ဝမ်းမြောက် နှစ်သက် မြတ်နိုးပါ၏ ဘုရား။''

## ဘုရား သံဃာအား လှူလျှင် အကျိုးကြီး

**ဥပါလိ** ''အရှင်ဘုရား.... တပည့်တော်သည် မြတ်ဘုရားထံမှ တဆင့်စကားကြားဘူးသည်မှာ ရဟန်းဂေါတမသည် 'ငါ့အားသာလျှင် အလှူဒါနကို ပေးလှူအပ်၏၊ တပါးသူတို့အား မပေးလှူအပ်၊ ငါ၏ တပည့်များကိုသာ အလှူဒါနကို ပေးလှူအပ်၏၊ တပါးသူတို့၏ တပည့်များကိုကား မပေးလှူအပ်၊ ငါ့အား လှူသော အလှူသည်သာလျှင် အကျိုးကြီး၏၊ တပါးသူတို့အား လှူသော အလှူသည် အကျိုးမကြီး၊ ငါ၏တပည့်သား

တို့အား လှူသော အလှူသည်သာလျှင် အကျိုးကြီး၏၊ တပါးသူတို့၏ တပည့်သားတို့အား လှူသော အလှူသည် အကျိုးမကြီး''ဟု ဟောတော်မူပါသည်။

## သုံးကြိမ်မြောက် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း

**ဥပါလိ** ''အရှင်ဘုရား....ထိုသို့ဖြစ်လျက်လည်း မြတ်ဘုရားသည် တပည့်တော်ကို နိဂဏ္ဌတို့အားလည်း ပေးလှူခြင်းဒါနကို ဆောက်တည်စေ၏၊ အရှင်ဘုရား....စင်စစ်သော်ကား တပည့်တော်သည် သုံးကြိမ်မြောက်—

၁။ မြတ်ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၂။ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၃။ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

မြတ်ဘုရားသည် တပည့်တော်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ဒါယကာဟူ၍ မှတ်တော်မူပါဘုရား''ဟု လျှောက်ထား၏။

## ဥပါလိသူကြွယ် သောတာပန်ဖြစ်

ထိုအခါ မြတ်ဘုရားသည် ဥပါလိသူကြွယ်အား အစဉ်အတိုင်းသော တရားစကားကို ဟောကြားတော်မူ၏။

၁။ ဒါနကျေးဇူးနှင့် စပ်သောစကား။

၂။ သီလကျေးဇူးနှင့် စပ်သောစကား။

၃။ နတ်ပြည်ချမ်းသာနှင့် စပ်သောစကား။

၄။ ကာမဂုဏ်၏အပြစ် ယုတ်မာသောအဖြစ် ငြစ်ငြူးခြင်း၊

၅။ ကာမဂုဏ်မှ ထွက်မြောက်ခြင်း ရဟန်းပြုခြင်း၌ အကျိုးတို့ကို ဟောကြားတော်မူ၏။

ထို့နောက် ဘုရားရှင်သည် ဥပါလိသူကြွယ် စိတ်ယားနူးညံ့ပြီး နီဝရဏကင်း တက်ကြွယုံကြည်သော စိတ်ရှိလာပြီဟု သိတော်မူ၍ သစ္စာလေးပါး တရား

တော်ကို ဟောကြားပြသတော်မူ၏၊ ဒေသနာတော်၏ အဆုံးမှာပင် ဥပါလိ သူကြွယ် သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်လာပြီး သောတာပန်ဖြစ်ကာ တရားတော်ကို သာဓု အနုမောဒနာ ပြုပြီး။

ဥပါလိ "မြတ်စွာဘုရား.... တပည့်တော်တို့ ပြန်ပါကုန်အံ့၊ တပည့်တော်တို့ အိမ်ရာထောင်သူ လူပုဂ္ဂိုလ်တို့မည်သည် များသောကိစ္စရှိပါကုန်၏" ဟု လျှောက်၏။

ဘုရား "သူကြွယ်.... သင်၏အလိုဆန္ဒအတိုင်း ပြန်လိုလျှင် ပြန်လေတော့" ဟု မိန့်တော်မူ၏။

## ဥပါလိသူကြွယ် တံခါးစောင့်ကို မှာထားပုံ

ထိုအခါ ဥပါလိ သူကြွယ်သည် ဝမ်းမြောက် ဝမ်းသာ နေရာမှ ထကာ မြတ်ဘုရားကို ရိုသေစွာ ရှိခိုးပြီး အိမ်သို့ ပြန်သွား၍ တံခါးစောင့်ကို ပြောဆိုသည်မှာ

ဥပါလိ "အချင်းတံခါးစောင့်.... ယနေ့ကို အစပြု၍ နိဂဏ္ဌယောကျ်ား၊ နိဂဏ္ဌမိန်းမတို့အတွက် တံခါးကို ပိတ်ထား၏၊ မြတ်ဘုရား၏ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဒါယကာ၊ ဒါယိကာမတို့အတွက် တံခါးကို ဖွင့်ထား၏၊ အကယ်၍ တစုံတယောက်သော နိဂဏ္ဌသည် လာငြားအံ့၊ ထိုနိဂဏ္ဌကို သင်သည် ဤသို့ ပြောကြားပါ။"

"အသျှင်.... ရပ်ဦးလော့၊ မဝင်ပါလင့်၊ ယနေ့မှစ၍ ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ကပ်ရောက်၏၊ နိဂဏ္ဌယောကျ်ား၊ နိဂဏ္ဌမိန်းမတို့အတွက် တံခါးကို ပိတ်ထား၏၊ မြတ်ဘုရား၏ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဒါယကာ၊ ဒါယိကာမတို့အတွက် တံခါးကို ဖွင့်ထား၏၊ အသျှင်.... အသျှင်သည် အကယ်၍ ဆွမ်းအလိုရှိပါအံ့၊ ဤနေရာ၌သာလျှင် ရပ်ပါ၊ ဤနေရာ၌ပင်လျှင် အသျှင်တို့အတွက် ဆွမ်းကို ဆောင်ယူလာပါကုန်လတ့်၊ ဤသို့ ပြောကြားပါ" ဟု မှာထား၏။

**တံခါးစောင့်** "အသျှင်....ကောင်းပါပြီ"ဟု တံခါးစောင့်သည် ဥပါလိသူကြွယ်၏ စကားကို ဝန်ခံ၏။

## ဒီဃတပဿီ သွားရောက် စုံစမ်းခိုင်းခြင်း

"ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ကပ်ရောက်လေပြီတဲ့" ဟု ဒီဃတပဿီ နိဂဏ္ဌသည် ကြားလေ၏၊ ထိုအခါ ဒီဃတပဿီ နိဂဏ္ဌသည် နာဋ၏သား မဟာနိဂဏ္ဌထံသို့ ချဉ်းကပ်၍ "အသျှင်.... ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏တပည့်အဖြစ်သို့ ကပ်ရောက်ပြီ"ဟု အကျွန်ုပ် ကြားရပါသည်"ဟု ပြောကြား၏။

**မဟာနိဂဏ္ဌ** "တပဿီ.... ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ရောက်ရာသော အကြောင်းအခွင့် မရှိပါ၊ ရဟန်းဂေါတမသည်သာ ဥပါလိသူကြွယ်၏ တပည့်အဖြစ်သို့ ရောက်ရာသော အကြောင်းအခွင့် ရှိပါ၏"ဟု ပြောကြား၏။

ဤသို့လျှင် ဒီဃတပဿီ နိဂဏ္ဌသည် သုံးကြိမ်တိုင်အောင် ပြောကြား၏၊ နာဋ၏သား မဟာနိဂဏ္ဌကို—

**တပဿီ** "အသျှင်....ဥပါလိ သူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ကပ်ရောက်သည် မကပ်ရောက်သည်ကို သိရအောင် အကျွန်ုပ်ယခု သွားရောက်စုံစမ်းပါအံ့။"

**မဟာနိဂဏ္ဌ** "တပဿီ....ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ကပ်ရောက်သည် မကပ်ရောက်သည်ကို သိရအောင် သင် သွားရောက် စုံစမ်းပါလေ"ဟု ပြောကြား၏။

## တပဿီ သွားရောက် စုံစမ်းခြင်း

ထိုအခါ ဒီဃတပဿီ နိဂဏ္ဌသည် ဥပါလိသူကြွယ်၏ နေအိမ်သို့ ချဉ်းကပ်လေ၏၊ တံခါးစောင့်သည် အဝေးမှပင် လာသော ဒီဃတပဿီ နိဂဏ္ဌကို မြင်လျှင် ဒီဃတပဿီ နိဂဏ္ဌအား—

**တံခါးစောင့်** "အသျှင်...ရပ်ပါဦးလော့၊ မဝင်ပါလင့်၊ 'ယနေ့မှစ၍ ဥပါလိ သူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ကပ်ရောက်၏၊ နိဂဏ္ဌယောကျ်ား, နိဂဏ္ဌမိန်းမတို့အတွက် တံခါးကို ပိတ်ထား၏၊ မြတ်ဘုရား၏ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဒါယကာ, ဒါယိကာမတို့အတွက် တံခါးကို ဖွင့်ထား၏၊ အသျှင်...အသျှင်တို့သည် အကယ်၍ ဆွမ်းကို အလိုရှိကုန်ငြားအံ့၊ ဤနေရာ၌သာလျှင် ရပ်ပါလော့၊ ဤနေရာ၌ပင် အသျှင်တို့အတွက် ဆွမ်းကို ဆောင်ယူလာပါကုန်လတ့်"ဟု ပြောကြား၏။

## စုံစမ်းပြီး မဟာနိဂဏ္ဌအား ပြန်ပြော

**တပဿီ** "အချင်း တံခါးစောင့်...ငါ ဆွမ်းအလိုမရှိ"ဟု ဆို၍ ထိုအရပ်မှ ပြန်ခဲ့ပြီးလျှင် နာဋ၏သား မဟာနိဂဏ္ဌထံသို့ ချဉ်းကပ်၍—

**တပဿီ** "အသျှင်...ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ရောက်သွားသည်မှာ အမှန်ပင် ဖြစ်ပါ၏၊ 'အသျှင်...ဥပါလိသူကြွယ်သည် ရဟန်းဂေါတမအား အပြစ်တင်မည်ကို အကျွန်ုပ် မနှစ်သက်ပါ၊ အသျှင်...ရဟန်းဂေါတမသည် လှည့်ပတ်တတ်ပါ၏၊ စိတ်ညို့၍ လှည့်ပတ်ခြင်း အတတ်ကို တတ်ပါ၏၊ ယင်းအတတ်ဖြင့် အယူတမျိုးရှိသောသူတို့၏ တပည့်တို့ကို ညှို့တတ်ပါ၏'ဟု အသျှင်အား တားမြစ်ပါလျက် မရခဲ့ပါ၊ အသျှင်...သင်၏ ဥပါလိသူကြွယ်ကို ရဟန်းဂေါတမသည် စိတ်ညှို့လှည့်ပတ်ခြင်းဖြင့် လှည့်ပတ်ထားလေပြီ"ဟု ပြောကြား၏။

**မဟာနိဂဏ္ဌ** "တပဿီ...ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ရောက်နိုင်သော အကြောင်း မရှိပါ၊ ရဟန်းဂေါတမသည်သာ ဥပါလိသူကြွယ်၏ တပည့်အဖြစ်သို့ ရောက်နိုင်သော အကြောင်း ရှိပါ၏"ဟု ပြောကြား၏။

## မဟာနိဂဏ္ဍ သွားရောက်စုံစမ်းခြင်း

ဤသို့လျှင် ဒီဃတပဿီ နိဂဏ္ဍသည် သုံးကြိမ်တိုင်အောင် ပြောကြား၏၊ နာဋ၏သား မဟာနိဂဏ္ဍသည် သုံးကြိမ်တိုင်အောင် မဖြစ်နိုင်ကြောင်းပြောကြားပြီးလျှင် 'တပဿီ....ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ကပ်ရောက်သည် မကပ်ရောက်သည်ကို ကိုယ်တိုင် သိရအောင် ယခု ငါသွားပြီး စုံစမ်းဦးမည်'ဟု ပြောကြားပြီး မဟာနိဂဏ္ဍသည် များစွာသော နိဂဏ္ဍပရိသတ်နှင့်အတူ ဥပါလိသူကြွယ်၏ နေအိမ်သို့ ချဉ်းကပ်လေ၏၊ တံခါးစောင့်သည် အဝေးမှပင် လာနေသော နာဋ၏သား မဟာနိဂဏ္ဍကို မြင်လျှင်—

**တံခါးစောင့်** "အသျှင်....ရပ်ဦးလော့၊ မဝင်ပါလင့်၊ ယနေ့မှစ၍ ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ကပ်ရောက်၏၊ နိဂဏ္ဍယောကျ်ား, နိဂဏ္ဍမိန်းမတို့ အတွက် တံခါးကို ပိတ်ထား၏၊ မြတ်ဘုရား၏ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဒါယကာ,ဒါယိကာမတို့အတွက် တံခါးကို ဖွင့်ထား၏၊ အသျှင်....အသျှင်တို့သည် အကယ်၍ ဆွမ်းကို အလိုရှိပါကုန်ငြားအံ့၊ ဤနေရာ၌သာ ရပ်ပါလော့၊ ဤနေရာ၌ပင် အသျှင်တို့အတွက် ဆောင်ယူလာပါကုန်လတ့်"ဟု ပြောကြား၏။

## ဥပါလိသူကြွယ်ကို တွေ့မြင်လို

**မဟာနိဂဏ္ဍ** "အချင်းတံခါးစောင့်....ဤသို့ဖြစ်မူ ဥပါလိသူကြွယ်သို့ ချဉ်းကပ်၍ 'အသျှင်.... နာဋ၏သား မဟာနိဂဏ္ဍသည် များစွာသော နိဂဏ္ဍပရိသတ်နှင့် အတူ တံခါးမုခ်၏ပြင်ပ၌ ရပ်လျက်ရှိပါ၏၊ မဟာနိဂဏ္ဍသည် အသျှင်အား တွေ့မြင်လိုပါသတဲ့'ဟု ပြောကြားပါ"ဟုဆို၏။

တံခါးစောင့်သည် နာဋ၏သား မဟာနိဂဏ္ဍ၏ စကားကို ဝန်ခံ၍ ဥပါလိသူကြွယ်ထံ ချဉ်းကပ်ပြီးလျှင်—

**တံခါးစောင့်** "အသျှင်.... မဟာနိဂဏ္ဍသည် များစွာသော နိဂဏ္ဍပရိသတ်နှင့် အတူ တံခါးမုခ်၏ပြင်ပ၌ ရပ်လျက် ရှိပါ၏၊ မဟာနိဂဏ္ဍသည် အသျှင်အား တွေ့မြင်လိုပါသည်"ဟု ပြောကြားပါ၏။

## အလယ်တံခါးမုခ်၌ နေရာခင်း

**ဥပါလိ** "အချင်းတံခါးစောင့်.... ယင်းသို့ဖြစ်မူ အလယ်တံခါးမုခ်၌ နေရာခင်းထားပါလော့။"

**တံခါးစောင့်** "အသျှင်....ကောင်းပါပြီ"ဟု တံခါးစောင့်သည် ဥပါလိသူကြွယ်၏ စကားကို ဝန်ခံ၍ အလယ်တံခါးမုခ်၌ နေရာ ခင်းထားပြီးလျှင် ဥပါလိသူကြွယ်ထံသို့ ချဉ်းကပ်၍—

**တံခါးစောင့်** "အသျှင်....အလယ်တံခါးမုခ်၌ နေရာခင်းထားပြီးပါပြီ၊ အသျှင်၏ အလိုအတိုင်းပင် သွားနိုင်ပါ၏"ဟု ပြောကြား၏။

## မဟာနိဂဏ္ဌအား တံခါးအတွင်းသို့ ဝင်ခွင့်ပြု

ထိုအခါ ဥပါလိသူကြွယ်သည် အလယ်တံခါးမုခ်သို့ ချဉ်းကပ်၍ မွန်မြတ်သော နေရာ၌ ထိုင်ပြီးလျှင် တံခါးစောင့်ကို ခေါ်၍—

**ဥပါလိ** "အချင်း တံခါးစောင့်....နာဋ၏သား မဟာနိဂဏ္ဌထံသို့ ချဉ်းကပ်၍ 'အသျှင်....အကယ်၍ အလိုရှိပါက အတွင်းသို့ ဝင်ခဲ့ပါလော့ဟု ဥပါလိသူကြွယ်သည် ပြောလိုက်ပါ၏'ဟု ပြောကြားပါလော့"ဟု ဆို၏။

**တံခါးစောင့်** "အသျှင်....ကောင်းပါပြီ"ဟု တံခါးစောင့်သည် ဥပါလိသူကြွယ်၏ စကားကို ဝန်ခံ၍ မဟာနိဂဏ္ဌထံသို့ ချဉ်းကပ်ပြီးလျှင် 'အသျှင်.... အလိုရှိပါက အတွင်းသို့ ဝင်ခဲ့ပါလော့ဟု ဥပါလိ သူကြွယ်သည် ပြောလိုက်ပါ၏'ဟု ပြောကြား၏။

## ထိုင်လိုက ထိုင်ပါ

ထိုအခါ နာဋ၏သား မဟာနိဂဏ္ဌသည် များစွာသော နိဂဏ္ဌပရိသတ်နှင့် အတူ အလယ်တံခါးမုခ်သို့ ချဉ်းကပ်လေ၏၊ ထိုအခါ ဥပါလိသူကြွယ်သည် ရှေးအခါက မဟာနိဂဏ္ဌ အဝေးမှ လာသည်ကို မြင်လျှင် မြင်ရာအရပ်မှ ခရီးဦးကြိုဆို၍ ထိုအရပ်၌ မွန်မြတ်သောနေရာကို ကိုယ်ဝတ်အပေါ်ရုံဖြင့် ပွတ်တိုက်၍

ဖေးမ, ကိုင်တွယ်ကာ ထိုင်စေ၏၊ ယခုမူကား ထိုသူကြွယ်သည် မွန်မြတ်သော နေရာ၌ ကိုယ်တိုင် ထိုင်၍ မဟာနိဂဏ္ဌကို 'အသျှင်...နေရာတို့သည် ရှိပါကုန်၏၊ အကယ်၍ ထိုင်လိုက ထိုင်ပါ'ဟု ပြောကြား၏။

## စိတ်ညှို့ အတတ်ဖြင့် လှည့်ပတ်

ဤကဲ့သို့ ပြောကြားသော်–မဟာနိဂဏ္ဌသည် ဥပါလိသူကြွယ်အား–

**မဟာနိဂဏ္ဌ** "သူကြွယ်....သင်ရူးသလော၊သူကြွယ်....သင်မိုက်သလော'အသျှင်.... အကျွန်ုပ် သွားပါအံ့၊ ရဟန်း ဂေါတမအား အပြစ်တင်ချေပါအံ့" ဟု ဆို၍ သွားပါလျက် များစွာသော ဝါဒအပေါင်းဖြင့် စွပ်စွဲခံပြီး ပြန်လာခဲ့၏၊ သူကြွယ် ဥပမာ သော်ကား–ဝှေးသင်း သမား ယောကျ်ားတယောက်သည် သွား၍ ဝှေးစေ့အထုတ်ခံရပြီး ပြန်ရသကဲ့သို့၊ သူကြွယ်....ဥပမာ တနည်းသော်ကား– မျက်လုံး ထုတ်သမား ယောကျ်ားတယောက်သည် သွား၍ မျက်လုံးအထုတ် ခံရပြီး ပြန်လာသကဲ့သို့၊ ထို့အတူ သူကြွယ်....သင်သည် အသျှင်.... အကျွန်ုပ်သွားပါအံ့၊ ရဟန်း ဂေါတမကို အပြစ်တင်ချေပါအံ့'ဟု ဆို၍ သွားပါလျက် များစွာသော ဝါဒအပေါင်းဖြင့် စွပ်စွဲခံခဲ့ရပြီး ပြန်လာခဲ့တာ သူကြွယ်....သင့်ကို ရဟန်း ဂေါတမသည် စိတ်ညှို့ အတတ်ဖြင့် လှည့်ပတ်၍ ထားလေပြီတကား"ဟု ပြောကြား၏။

## မြတ်ဘုရား၏ စိတ်ညှို့အတတ်ဖြင့် လှည့်ပတ်ခံရမှု ချမ်းသာပါ၏

ထိုအခါ ဥပါလိသူကြွယ်က မဟာနိဂဏ္ဌကို 'အသျှင်....စိတ်ညှို့အတတ်ဖြင့် လှည့်ပတ်ခြင်းသည် အလွန်အမင်း ကောင်းခြင်းရှိပါ၏၊ မွန်မြတ်ခြင်း ရှိပါ၏၊ အသျှင်....အကျွန်ုပ်၏ ချစ်လှစွာသော ဆွေမျိုးသားချင်းတို့သည် ဤစိတ်ညှို့ အတတ်ဖြင့် လှည့်ပတ်ခြင်း ခံရပါကုန်မူကား အကျွန်ုပ်၏ ချစ်လှစွာသော ဆွေမျိုးသားချင်းတို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာ ဖြစ်ကုန်ရာ၏၊အသျှင်... အလုံးစုံသော မင်းတို့သည်လည်း ဤစိတ်ညှို့အတတ်ဖြင့်

လှည့်ပတ်ခြင်း ခံရပါကုန်မူကား အလုံးစုံသော မင်းတို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာ ဖြစ်ကုန်ရာ၏၊ အသျှင်....အလုံးစုံသော ပုဏ္ဏား, သူကြွယ်, ကုန်သည်, ပွဲစား, ဆင်းရဲသား, လူနတ်ဗြဟ္မာ သတ္တဝါအားလုံးပင် ဤ စိတ်ညွှတ်အတတ်ဖြင့် လှည့်ပတ်ခြင်း ခံရပါမူကား အလုံးစုံသော လူနတ်ဗြဟ္မာ သတ္တဝါအားလုံးပင် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာ ဖြစ်ကုန်ရာပါ၏။

## မျောက်ရုပ် ဥပမာ

အသျှင်....လောကဥပမာ ပုံတူရှာပြီး ပြောပြပါဦးမည်၊ ရှေးက ဖြစ်ဘူးသည်မှာ– ပုဏ္ဏားအိုတယောက်မှာ ကိုယ်ဝန်ဆောင် မယားငယ် ရှိ၏၊ မယားငယ်သည် လင်ပုဏ္ဏားအိုကြီးကို–

**မယား** "ချစ်လင်ပုဏ္ဏားကြီး....ဈေးသို့သွားပြီး ကျမသားငယ် ကစားဘို့ မျောက်ရုပ်ငယ်ကို ဝယ်ပြီး ယူခဲ့ပါ"ဟု ပြောကြား၏။

**ပုဏ္ဏားအို** "ရှင်မ....သားဖွားသည်တိုင်အောင် ဆိုင်းငံ့ပါဦး၊ သင်သည် သားယောကျ်ားကို ဖွားမြင်အံ့၊ သင်၏သားငယ် ကစားဘို့ မျောက်ထီးရုပ်ကို ဈေးမှဝယ်ပြီး ယူခဲ့မည်၊ သမီးမိန်းမကို ဖွားမြင်အံ့ သင့်သမီးငယ် ကစားဘို့ မျောက်မရုပ်ကို ဈေးမှဝယ်ပြီး ယူခဲ့မည်"ဟု ဆို၏၊ ဤသို့ဆိုလျှင် မယားငယ်သည် လင်ပုဏ္ဏားအိုကြီးကို သုံးကြိမ်တိုင်အောင် မျောက်ရုပ်ငယ် ဝယ်ခိုင်း၏၊ သုံးကြိမ် မြောက်၌ကား ပုဏ္ဏားအိုကြီးသည် မယားစကားကို ဝန်ခံ၍ ဈေးမှ မျောက်ရုပ်ငယ်ကို ငါဝယ်ပြီးလာခဲ့ပြီ၊ ဤမျောက်ရုပ်ငယ်သည် ရှင်မသားငယ် ကစားဘို့ ဖြစ်သည်ဟု ပြောကြား၏။

## ဖွပ်လျှော်ပွတ်တိုက် မခံနိုင်

ထိုအခါ မယားငယ်သည် လင်ပုဏ္ဏားအိုကြီးကို "ချစ်လင် ပုဏ္ဏားကြီး.... မျောက်ရုပ်ငယ်ကို ယူပြီး ရတ္တပါဏိ မည်သော ပန်းဆိုးသမား၏ သားထံ

ချဉ်းကပ်၍ 'အဆွေ ရတ္တပါဏိ....ငါသည် ဤမျောက်ရုပ်ကို ရိုက်နှက်ဖွပ်လျှော်၍ နှစ်ဘက်လုံး ချောမွေ့အောင်ပြုပြီး အဝါရောင်ဆေးဖြင့် ဆိုးထားသည်ကို အလို ရှိပါ၏'ဟု ပြောဆိုပါ''ဟု ပြောကြား၏။

ပုဏ္ဏားအိုလည်း မယား ခိုင်းစေတိုင်းပင် ရတ္တပါဏိမည်သော ပန်းဆိုး သမား၏ သားထံ သွား၍ ပြောကြားရာ၊ ရတ္တပါဏိမည်သော ပန်းဆိုးသမား ၏ သားက ''အဆွေပုဏ္ဏားကြီး....သင်၏ မျောက်ရုပ်ငယ်သည် အဆိုးကား ခံနိုင် ပါ၏၊ ရိုက်နှက် ဖွပ်လျှော်မှုကို မခံနိုင်ပါ၊ ပွတ်တိုက်မှုကို မခံနိုင်ပါ''ဟု ပြောကြား၏။

## နိဂဏ္ဌတို့၏ဝါဒသည် ပညာရှိတို့၏ စီစစ်မှုကို မခံနိုင်

ဥပါလိ ''အသျှင်.... ဤအတူသာလျှင် မိုက်ကန်သော နိဂဏ္ဌတို့၏ အယူဝါဒ သည် သူမိုက်တို့၏ အစွဲကိုသာ ခံနိုင်၏၊ ပညာရှိတို့၏ အစွဲကို မခံနိုင်၊ အစီအစစ်ကို မခံနိုင်၊ အစမ်းအသပ်ကို မခံနိုင်။

## ဗုဒ္ဓဝါဒသည် ပညာရှိတို့၏ စီစစ်မှုကို ခံနိုင်၏

အသျှင်.... ထိုပုဏ္ဏားအိုကြီးသည် နောက်အခါ၌ ပုဆိုးသစ် အစုံကို ယူဆောင်၍ ရတ္တပါဏိ မည်သော ပန်းဆိုးသမား၏ သားထံ ချဉ်းကပ်ပြီးလျှင် ''အဆွေ ရတ္တပါဏိ.... ငါသည် ဤပုဆိုးသစ်အစုံကို ရိုက်နှက်ဖွပ်လျှော်၍ နှစ်ဖက် လုံး ချောမွေ့အောင် ပြုပြီး အဝါရောင် ဆေးဖြင့် ဆိုးထားသည်ကို အလိုရှိ၏''ဟု ပြောကြား၏။

အသျှင်.... ဤသို့ ပြောကြားလတ်သော် ရတ္တပါဏိမည်သော ပန်းဆိုး သမား၏ သားသည် ထိုပုဏ္ဏားအိုကြီးကို ''အဆွေပုဏ္ဏားကြီး....သင်၏ ဤပုဆိုး အစုံသည် အဆိုးကိုလည်း ခံနိုင်ပါ၏၊ ရိုက်နှက်ဖွပ်လျှော်မှုကိုလည်း ခံနိုင်ပါ ၏၊ ပွတ်တိုက်မှုကိုလည်း ခံနိုင်ပါ၏''ဟု ပြောကြား၏။

''အသျှင်.... ဤအတူသာလျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော တရား အားလုံးကို မှန်စွာ သိတော်မူသော မြတ်ဘုရား၏ အယူဝါဒသည် ပညာရှိတို့၏

အစွဲကို ခံနိုင်၏၊ သူမိုက်တို့၏ အစွဲကို မခံနိုင်၊ စိစစ်မှုကိုလည်း ခံနိုင်ပါ၏၊ စမ်းသပ်မှုကိုလည်း ခံနိုင်ပါ၏''ဟု ဆို၏။

## ဘုရားတပည့် ဥပါလိ

ထိုအခါ နာဠ၏သား မဟာနိဂဏ္ဌသည် ဥပါလိသူကြွယ်ကို—

**မဟာနိဂဏ္ဌ** ''သူကြွယ်.... သင့်ကို မင်းနှင့်တကွသော ပရိသတ်သည် ဥပါလိ သူကြွယ်သည် မဟာနိဂဏ္ဌ၏ တပည့်တည်းဟု သိ၏၊ သူကြွယ်.... ယခု သင့်ကို မည်သူ၏တပည့်''ဟု မှတ်ရပါမလဲ။

**ဥပါလိ** ''ဥပါလိသူကြွယ်သည် နေရာမှ ထကာ ပခုံးတဖက်၌ ကိုယ်ဝတ်ကို စံပယ်တင်လျက် ဘုရားရှိရာ အရပ်သို့ လက်အုပ်ချီပြီး ပုဒ်တရာဖြင့် မြတ်ဘုရား၏ ဂုဏ်ကျေးဇူးကို ချီးမွမ်း၍ ဘုရားတပည့်ဖြစ်ကြောင်း ကို ပြောကြား၏။

## ချီးကျူးထိုက်သူကို ချီးကျူး

ထိုအခါ နာဠ၏သား မဟာနိဂဏ္ဌသည် ဥပါလိသူကြွယ်ကို ''သူကြွယ်.... သင်သည် ရဟန်းဂေါတမ၏ ဤဂုဏ်ကျေးဇူးတို့ကို ဘယ်အခါက ဖွဲ့ဆိုသီကုံး ပေါင်းစုထားပါသနည်း။

**ဥပါလိ** ''အသျှင်.... ဥပမာသော်ကား အထူးထူးသော ပန်းတို့ဖြင့် စုပေါင်း ထားသော ပန်းစုပန်းပုံသည် ရှိလေရာ၏၊ ထိုပန်းပုံကို ပန်းကုံးခြင်း၌ လိမ္မာသော ပန်းသည်သည်လည်းကောင်း၊ ထိုပန်းသည်၏ တပည့်သည်လည်းကောင်း၊ ဆန်းကြယ်သော ပန်းကုံးကို သီကုံး လေရာသကဲ့သို့၊ ထို့အတူသာလျှင် မြတ်ဘုရားသည် များစွာသော ဂုဏ်ကျေးဇူး ရှိတော်မူ၏၊ အသျှင်....ချီးကျူးထိုက်သူ၏ ဂုဏ်ကျေး ဇူးကို အဘယ်မှာလျှင် မချီးကျူးဘဲ နေနိုင်ပါအံ့နည်း''ဟု ပြောကြား၏။

### မဟာနိဂဏ္ဍ သေွးအန်ကွယ်လွန်

ထိုအခါ နာဋ္ဋ၏သား မဟာနိဂဏ္ဍသည် မြတ်ဘုရားအား ပူဇော်သက္ကာရ ပြုသည်ကို သည်းမခံနိုင်ရကား—

''ငါတို့ ထမင်းအိုးကွဲပြီ''ဟု တွေးတောပူပန် ခံတွင်းမှာ သွေးအန်လည်းကျ၍ ထမ်းစင်ဖြင့် ယူဆောင်ကာ မကြာမြင့်မီသာလျှင် ပါဝါပြည်၌ ကွယ်လွန်လေသည်။

**ဆုတောင်းခဏ်းပါ သရုပ်များ**

**အပါယ်လေးပါး**

(၁) ငရဲ၊ (၂) တိရစ္ဆာန်၊ (၃) ပြိတ္တာ၊ (၄) အသုရကာယ်။

**ကပ်သုံးပါး**

(၁) ဒုဗ္ဘိက္ခန္တရကပ်၊ (၂) သတ္ထန္တရကပ်၊ (၃) ရောဂန္တရကပ်။

**ရပ်ပြစ် (၈) ပါး**

(၁) ငရဲဘုံ၊ (၂) တိရစ္ဆာန်ဘုံ၊ (၃) ပြိတ္တာဘုံ၊ (၄) အသညသတ် ဗြဟ္မာဘုံ၊ (၅) ပစ္စန္တရာဇ်အရပ်၊ (၆) မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်၊ (၇) သုဂတိ အဟိတ်ပုဂ္ဂိုလ်၊ (၈) သာသနာပကာလ။

**ရန်သူမျိုး (၅) ပါး**

(၁) ရေ၊ (၂) မီး၊ (၃) မင်း၊ (၄) ခိုးသူ၊ (၅) မချစ်မနှစ်သက်သူ။

**ဝိပတ္တိတရား (၄) ပါး**

(၁) ဂတိဝိပတ္တိ၊ (၂) ဥပဓိဝိပတ္တိ၊ (၃) ကာလဝိပတ္တိ၊ (၄) ပယောဂ ဝိပတ္တိ။

**ဗျသနတရား (၅) ပါး**

(၁) ဉာတိဗျသန၊ (၂) ဘောဂဗျသန၊ (၃) ရောဂဗျသန၊ (၄) သီလ ဗျသန၊ (၅) ဒိဋ္ဌိဗျသန။

မဂ်(၄)ပါး

(၁) သောတာပတ္တိမဂ်၊ (၂) သကဒါဂါမိမဂ်၊ (၃) အနာဂါမိမဂ်၊ (၄) အရဟတ္တမဂ်။

ဖိုလ် (၄) ပါး

(၁) သောတာပတ္တိဖိုလ်၊ (၂) သကဒါဂါမိဖိုလ်၊ (၃) အနာဂါမိဖိုလ်၊ (၄) အရဟတ္တဖိုလ်။

နိဗ္ဗာန် (၁)

မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတတရား။

## လေ့ကျင့်ခန်း မေးခွန်းများ

၁။ သြကာသသဒ္ဒါ၏ အနက်နှင့် ရုပ်ပြီးပုံကို ရေးခဲ့ပါ။

၂။ သြကာသ သုံးခုဖြင့် အဘယ်ပြုသနည်း၊ သုံးကြိမ်တိုင် ပြုရကြောင်းကို လည်း ဖော်ပြပါ။

၃။ ကာယကံ (လ) ကန်တော့ပါ၏- ဖြင့် အဘယ်ကို ဆိုပြသနည်း။

၄။ ရတနာသုံးပါး, ဆရာ, မိဘ, သက်ကြီးရွယ်ကြီးတို့ကို သင်တို့ အဘယ့်ကြောင့် ကန်တော့ရသနည်း။

၅။ ရတနာသုံးပါး, မိဘ, ဆရာများကို ကိုယ် နှုတ် စိတ်ဖြင့် ပြစ်မှားသူအား ယခုဘဝတွင် ရနိုင်သောအပြစ်, နောင်ဘဝတွင် ရနိုင်သောအပြစ် ဒဏ်များကို ဖြေပါ။

၆။ ရတနာသုံးပါး, မိဘ, ဆရာများကို ပြစ်မှားသူအား ယခုဘဝတွင် ကျရောက်နိုင်သော ဒဏ်ဆယ်ပါးကို ရေတွက်ပြပါ။

၇။ ကစ္စည်းထေရ်အား စိတ်ဖြင့် ပြစ်မှားမိသောသူကား အဘယ်သူနည်း၊ ၎င်း၏ပြစ်မှားပုံ၊ လက်ငင်းရသော ဒဏ်ပြစ်တို့ကို ဖော်ပြပါ။

၈။ သောရေယျ သူဌေးသား မိန်းမဘဝနှင့် ယောကျ်ားဘဝနှင့် သား ဘယ်နှစ်ယောက် ရပါသနည်း။

၉။ သောရေယျ သူဌေးသား ကစ္စည်းထေရ်အား ပြန်လည် ကန်တော့ပုံ ချမ်းသာသုခ ရပုံတို့ကို ဖော်ပြပါ။

၁၀။ သောရေယျသူဌေးသား မနောကံပြစ်ဒဏ် ကြေပျောက်အောင် အသို့ပြုသနည်း၊ ဒဏ်ပြစ်ကြေပျောက်ပြီး နောက်ကာလ၌ ရသောချမ်းသာသုခကို ဖော်ပြပါ။

၁၁။ နိဂြောဓ ပရိဗိုဇ်သည် ဘုရားရှင်အား ပြစ်မှားသော ဝစီကံကို ဖော်ပြပါ။

၁၂။ နိဂြောဓပရိဗိုဇ်သည် ဘုရားရှင်အား ပြစ်မှားမိသော ဝစီကံပြစ်ကို ကုစားပုံကို ရေးခဲ့ပါ။

၁၃။ နိဂြောဓပရိဗိုဇ်၏ ဝစီကံပြစ်ကို ဘုရားရှင် သည်းခံပုံ အပြစ်ကို ကုစားခြင်းကြောင့် ရနိုင်သောအကျိုး ဘုရားမိန့်ကြားပုံကို ရေးပြပါ။

၁၄။ ကောကမုဆိုး၏ ရဟန်းတော်အား ပြစ်မှားသော ကာယကံကို ဖော်ပြပါ။

၁၅။ ကောကမုဆိုး တောလိုက်အသွား ရဟန်းတော်ကို တွေ့မြင်ရာ အဘယ်သို့ စိတ်အကြံ ဖြစ်သနည်း။

၁၆။ ကောကမုဆိုး ရဟန်းတော်ကို ပြစ်မှားသဖြင့် ချက်ခြင်း လက်ငင်း ရသော ဒဏ်ပြစ်ကို ဖော်ပြပါ။

၁၇။ "ကန်တော့ (လ) အရှင်ဘုရား"ဖြင့် အဘယ်ကို ပြသနည်း။

၁၈။ အဘယ်အရာကို 'ကံ' လို့ ဆိုသနည်း၊ ကံသုံးပါးကိုလည်း ရေတွက်ပြပါ။

၁၉။ ကုသိုလ်ပက္ခ၌ ကာယကံဟူသည် အဘယ်နည်း၊ အကုသိုလ်ပက္ခ၌ ကာယကံဟူသည် အဘယ်နည်း၊ သရုပ်သကောင် ထုတ်ဆောင်ပြပါ။

၂၀။ ကုသိုလ်ဘက်၌ ဝစီကံဟူသည် အဘယ်နည်း၊ အကုသိုလ်ဘက်၌ ဝစီကံဟူသည် အဘယ်နည်း၊ သရုပ်သဘောကို ထုတ်ပြပါ။

၂၁။ ကုသိုလ်မနောကံဟူသည် အဘယ်နည်း၊ အကုသိုလ်မနောကံဟူသည် အဘယ်နည်း၊ သရုပ်ထုတ်ပြပါ။

၂၂။ ဒုစရိုက်ဆယ်ပါးကို ရေတွက်ပြပြီး၊ ၎င်းကို ကံသုံးပါးဖြင့် ဝေဘန်ပြပါ။

၂၃။ ကုစား၍ မရသော ကံကြီးများကို ဖော်ပြပါ။

၂၄။ အာနန္တရိယ ကံကြီး ငါးပါး၊ နိယတမိစ္ဆာဒိဋ္ဌိ သုံးပါးကို ကံသုံးပါး ဖြင့် ဝေဘန်ပြပါ။

၂၅။ အမေ,အဖေကို သတ်မိလျှင် အဘယ်ကံထိုက်သနည်း၊ ကုစား၍ ရပါ သလော၊ သေသည်၏ အခြားမဲ့၌ ရနိုင်သော အပြစ်ကို ပြပါ။

၂၆။ နိယတမိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်ကို ဘုရားချွတ်၍ ကျွတ်နိုင်ပါသလော၊ ၎င်းပုဂ္ဂိုလ် ၏ အပြစ်ဒဏ်ခံရပုံကို ပြပါ။

၂၇။ အာနန္တရိယ ကံကြီးငါးပါးကို ကျူးလွန်မိသူ၏ အပြစ်ကို ပိုင်းခြား ပြပါ။

၂၈။ ကာယကံ, ဝစီကံ, မနောကံ သုံးပါးတွင် အဘယ်ကံသည် အပြစ်ကြီး သနည်း၊ ပထမ,ဒုတိယ,တတိယ အပြစ် အကြီးအငယ် စဉ်ပြပါ။

၂၉။ ဘုရားရှင်နှင့် ဒီဃတပဿီနိဂဏ္ဌတို့ ကံနှင့်စပ်၍ အပြန်အလှန် မေးမြန်း ဖြေဆိုပုံကို ပြပါ။

၃၀။ ဥပါလိသူကြွယ် ဘုရားထံ အပြစ်တင်ရန် သွားကာနီး လောကူပမာဖြင့် ကြုံးဝါး ပြောဆိုပုံများကို ပြပါ။

၃၁။ ဥပါလိသူကြွယ် ဘုရားထံ အပြစ်တင်ရန် သွားမည်ကို ဒီဃတပဿီ နိဂဏ္ဌသည် အဘယ့်ကြောင့် မနှစ်သက်သနည်း။

၃၂။ ဘုရားရှင်နှင့် ဥပါလိသူကြွယ်တို့ အခြေအတင် တရားဆွေးနွေးပုံကို ပြပါ။

၃၃။ ဥပါလိသူကြွယ် အမြင်မှန်ရကာ ဥပါသကာအဖြစ်ကို ခံယူလျှောက် ထားပုံကို ပြပါ။

၃၄။ နိဂဏ္ဌတို့အား ဆွမ်းလှူမှုနှင့်စပ်၍ ဥပါလိသူကြွယ်အား ဘုရားမိန့်ကြားပုံကို ဖော်ပြပါ။

၃၅။ ဥပါလိသူကြွယ်က တံခါးမှူးကို မှာထား ပြောဆိုပုံကို ညွှန်ပြပါ။

၃၆။ ·တံခါးမှူးက ဒီဃတပဿီ နိဂဏ္ဌအား ပြောကြားပုံကို ဖော်ပြပါ။

၃၇။ ဥပါလိသူကြွယ်က နာဋ္ဌ၏သား မဟာနိဂဏ္ဌကို ဥပမာ အမျိုးမျိုးဆောင်၍ ပြောဆိုပုံကို ဖြေပါ။

၃၈။ နိဂဏ္ဌတို့၏ အယူဝါဒသည် အဘယ်နှင့်တူသည်၊ ဘုရား၏အယူဝါဒသည် အဘယ်နှင့် တူသည်ဟု ဥပါလိ ပြောဆိုသနည်း။

၃၉။ အပါယ်လေးပါး, ကပ်ကြီးသုံးပါးတို့ကို ရေတွက်ပြပါ။

၄၀။ ရပ်ပြစ်ရှစ်ပါးကို ရေတွက်ပြပါ။

၄၁။ ရန်သူမျိုးငါးပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရား ငါးပါးတို့ကို ရေတွက်ပြပါ။

၄၂။ မဂ်လေးပါး, ဖိုလ်လေးပါးတို့ကို ရေတွက်ပြပါ။

၄၃။ နိဗ္ဗာန်ဟူသည် အဘယ်နည်း။

## အပါယ်လေးပါး၌ သိမှတ်ဖွယ်

**အပါယ်**

'အပါယ' ပါဠိကို 'အပါယ်'ဟု မြန်မာပြန်ဆိုထားသည်။

အပါယ - အပ+အယ—ပုဒ်ခွဲ၊ အပ—ကင်းခြင်း၊ အယ—ကောင်းမှု။

"ပုညသမ္မတာ အယာ ယေဘုယျေန အပဂတောတိ အပါယော"

ကောင်းမှု ကုသိုလ်ဟု ဆိုအပ်သော ပြည့်စုံခြင်းမှ ကင်းသောကြောင့် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ကို အပါယ်ဟု ဆိုသည်။

ကုသိုလ်ကင်းပ၊ လေးဌာန၊ ခေါ်ရ အပါယ်တဲ့။

## ငရဲ

'နိရယ' ပါဠိ–ကို 'ငရဲ'ဟု မြန်မာပြန်ဆိုသည်။

နိရယ=နိ+အယ–ပုဒ်ခွဲ၊ နိ–ထွက်မြောက်ခြင်း၊ အယ–ချမ်းသာ။

"အယတော သုခတော နိဂ္ဂတောတိ နိရယော"

"ချမ်းသာသုခမှ ထွက်မြောက်တတ်သောကြောင့် ငရဲဆိုသည်။

ချမ်းသာသုခ၊ ထွက်မြောက်ကျ၊ ခေါ်ရ ငရဲတဲ့။

## ငရဲကြီး (၈) ခု

၁။ သဉ္ဇိုဝ်း၊
၂။ ကာဠသုတ်၊
၃။ သံဃာတ၊
၄။ ဇာလရောရုဝ၊
၅။ ဓူမရောရုဝ၊
၆။ တာပန၊
၇။ ပတာပန၊
၈။ အဝီစိ၊

၁။ သဉ္ဇီဝေါ ကာဠသုတ္တော စ၊
သံဃာတော ဒွေ စ ရောရုဝါ။
အထာပရော မဟာဝီစိ၊
တာပနော စ ပတာပနော။
၂။ ဣစ္စေတေ အဋ္ဌ နိရယာ၊
အက္ခာတာ ဒုရတိက္ကမာ။
အာကိဏ္ဏာ လုဒ္ဒကမ္မေဟိ၊
ပစ္စေကာ သောဠသုဿဒါ။
(သင်္ခိုနိပါတ် သံကိစ္စဇာတ်)

## ဥဿဒငရဲငယ် (၁၂၈) ခု

ငရဲကြီးရှစ်ခုတွင် တခုတခုသော ငရဲ၌ တံခါးလေးခုရှိ၏၊ တံခါးတခုတခု၌–

၁။ မစင်ဘင်ပုပ်ငရဲ၊
၂။ ပြာပူငရဲ၊
၃။ လက်ပံတောငရဲ၊
၄။ သန်လျက်ရွက်တောငရဲ–

ဟူ၍ 'ဥဿဒ' ငရဲငယ် လေးခုစီ ရှိ၍ ငရဲကြီး တခု တခု၌ 'ဥဿဒ' ငရဲငယ် တဆယ့်ခြောက်ခု ရှိ၏၊ ငရဲကြီး ရှစ်ခုတွင် 'ဥဿဒ' ငရဲငယ် (၁၂၈) တရာ နှစ်ဆယ်ရှစ်ခု ရှိသတည်း၊ ငရဲကြီး, ငရဲငယ် နှစ်ခု ပေါင်းလျှင် (၁၃၆) တရာ သုံးဆယ်ခြောက်ခု ရှိသည်။

"တေသံ နိရယာနံ ဧကေကဿ စတူသု ဒွါရေသု ဧကေကသ္မိံ စတ္တာရော စတ္တာရော ကတွာ သောဠသ ဥဿဒ နိရယာတိ သဗ္ဗေပိ သတံ အဋ္ဌဝီသတိ စ ဥဿဒနိရယာ အဋ္ဌ စ မဟာနိရယာတိ ဆတ္တိံသနိရယသတံ။

(သင်္ဂြိနိပါတ် သံကိစ္စဇာတ်)

## (၁) သဉ္ဇီဝနရဲ

သဉ္ဇီဝနရဲ၌ ငရဲထိန်းတို့သည် မီး ရဲရဲပြောင်ပြောင် တောက်လောင်နေတဲ့ လက်နက်အမျိုးမျိုးတို့ကို ဆွဲကိုင်ပြီး ငရဲသတ္တဝါတို့ကို အပိုင်းပိုင်း အပြတ်ပြတ် အမျှင်မျှင် ခုတ်ဖြတ်၍ အမျိုးမျိုး ညှဉ်းပန်း သတ်ဖြတ်ကြကုန်၏၊ ငရဲသားတို့ အကုသိုလ်ကံ မကုန်မချင်း အဖန်ဖန်ပင် အသက်ရှင်ကြကုန်၏။

အဖန်ဖန်ပင်၊ အသက်ရှင်၊ ခေါ်တွင် သဉ္ဇီဝတဲ့။

## (၂) ကာဠသုတ်ငရဲ

ကာဠသုတ်ငရဲ၌ ငရဲထိန်းတို့သည် မီးလျှံ ရဲရဲပြောင်ပြောင်စွဲတဲ့ လက်နက် အမျိုးမျိုးတို့ကို ဆွဲကိုင်ပြီး မီးလျှံ ရဲရဲပြောင်ပြောင်စွဲတဲ့ သံမြေထက်၌ ငရဲ သတ္တဝါတို့ကို ထိမှဉ်မှ အစဉ်တစိုက် နောက်မှလိုက်၍ ရိုက်နှက်ထိုးခုတ် ညှဉ်းပန်း နှိပ်စက်ရာ ထိုငရဲသတ္တဝါတို့ မီးလျှံ ရဲရဲပြောင်ပြောင်စွဲတဲ့ သံမြေထက်၌ လဲသော အခါ မီးလျှံ ရဲရဲပြောင်ပြောင်စွဲတဲ့ မျဉ်းကြိုးကို ချ၍ ထိုငရဲသတ္တဝါတို့ကို ရှစ်မြှောင့်, တဆယ့်ခြောက်မြှောင့် စသည်ဖြင့် ခုတ်ရွေကြကုန်၏။

မျဉ်းကြိုးကိုချ၊ ခုတ်ရွေကြ၊ ခေါ်ရ ကာဠသုတ်။

## (၃) သံဃာတငရဲ

သံဃာတငရဲ၌ ငရဲသတ္တဝါတို့ကို မီးလျှံ ရဲရဲပြောင်ပြောင်စွဲတဲ့ သံမြေ၌ ခါးတိုင်အောင် မြှုပ်၍ မလှုပ်နိုင်ရှိသောအခါ အရှေ့အရပ်မှ မီးလျှံ ရဲရဲပြောင်ပြောင်စွဲသည့် သံတောင်ကြီးသည် ထလတ်၍ မိုဃ်းချုန်းသံကဲ့သို့ မြည်ဟီး၍ လာပြီး ငရဲသတ္တဝါတို့ကို ကြိတ်ချေကာ အနောက်အရပ်၌ တည်၏၊ အနောက်အရပ်မှ မီးလျှံ ရဲရဲပြောင်ပြောင်စွဲသည့် သံတောင်ကြီးသည်လည်း ထို့အတူ လာလတ်၍ ငရဲသတ္တဝါတို့ကို ကြိတ်ချေပြီး အရှေ့အရပ်၌ တည်၏၊ တောင်အရပ်, မြောက်အရပ်တို့မှလည်း ထို့အတူ သံတောင်ကြီးတွေ ထ၍ ငရဲသတ္တဝါတို့ကို ကြိတ်ချေပြီး တည်၏။

သံတောင်ကြီးတွေ၊ ကြိတ်ခါချေ၊ ခေါ်လေ သံဃာတ။

## (၄) ဇာလရောရုဝငရဲ

ဇာလရောရုဝငရဲ၌ မီးလျှံဖြင့် ပြည့်၏၊ ထိုငရဲ၌ကျကုန်သော ငရဲသတ္တဝါတို့အား ကိုးခုသောဒွါရ အမာဝမှ မီးလျှံသည် ဝင်၍ တကိုယ်လုံးကို လောင်မြိုက်လေသည်၊ ငရဲသတ္တဝါတို့လည်း ထန်သည်းတဲ့ ဆင်းရဲဝေဒနာဖြင့် ကယ်ပါ ယူပါ တစာစာနှင့် ဟစ်အော် ငိုမြည်တမ်းကြလေသည်။

ကိုးဒွါရတွင်၊ မီးလျှံဝင်ထ၊ အော်ဟစ်ကြ၊ ဇာလရောရုဝ။

## (၅) ဓူမရောရုဝငရဲ

ဓူမရောရုဝငရဲ၌ ငန်ခါးကြမ်းတန်းသော မီးခိုးဖြင့် ပြည့်၏၊ ထိုငရဲ၌ကျကုန်သော ငရဲသတ္တဝါတို့အား ကိုးခုသောဒွါရ အမာဝမှ ငန်ခါး ကြမ်းတန်းသော မီးခိုးသည် ဝင်၍ တကိုယ်လုံးကို နူးနှပ်ပေါင်းထားသကဲ့သို့ ပင်ပန်းစေသည်၊ ငရဲသတ္တဝါတို့လည်း ကယ်ပါ ယူပါ တစာစာနှင့် ဟစ်အော်ငိုမြည်တမ်းကြလေသည်။

ကိုးဒွါရတွင်၊ မီးခိုးဝင်ထ၊ အော်ဟစ်ကြ၊ ဓူမရောရုဝ။

## (၆) တာပနငရဲ

တာပနငရဲ၌ ငရဲသတ္တဝါတို့ကို ထန်းလုံးခန့်ရှိသော မီးလျှံ ရဲရဲပြောင်ပြောင်စွဲသည့် သံတံကျင်၌ ထိုင်စေ တည်နေစေကြကုန်၏၊ အောက်ခံသံမြေ, သံတကျင်, ငရဲသတ္တဝါတို့သည် မီးလျှံ ရဲရဲပြောင်ပြောင် စွဲကုန်၏၊ ဤသို့လျှင် တာပနငရဲ၌ မတုန်မလှုပ်ကုန်သော သတ္တဝါတို့ကို ပူစေသည်။

ငရဲသူကပ်၊ ပူစေတတ်၊ ခေါ်လတ် တာပန။

## (၇) ပတာပနငရဲ

ပတာပနငရဲ၌ ငရဲထိန်းတို့သည် ငရဲသတ္တဝါတို့ကို မီးလျှံ ရဲရဲပြောင်ပြောင်စွဲသည့် လက်နက်မျိုးစုံတို့ဖြင့် ရိုက်နှက်ပုတ်ခတ်၍ မီးလျှံ ရဲရဲပြောင်ပြောင်စွဲသည့် သံတောင်ကြီးပေါ်သို့ တက်ခိုင်းကုန်၏၊ သံတောင်ကြီးပေါ်သို့ ရောက်သောအခါ လေဖြင့်တိုက်ခတ်၍ သံတောင်ကြီးပေါ်မှ ဦးခေါင်းစောက်ထိုး ခြေကိုမိုးသည် မြှော်ပြု၍ အောက်သို့ကျ၏၊ ထိုအခါ အောက်ခံသံမြေမှ မီးလျှံ ရဲရဲပြောင်ပြောင်စွဲသည့် သံတံကျင်တို့သည် ပေါ်ထွက်၍ ဦးခေါင်းမှသည် ကိုယ်တွင်းသို့ စူးဝင်၍ အလွန်အကျွံ ပူစေကုန်၏။

* ကြီးကဲလွန်စွာ၊ ပူစေရာ၊ ပတာပနခေါ်။

## (၈) အဝီစိငရဲ

### မီးလျှံ အကြားအလပ် မရှိ

အဝီစိငရဲကြီး၌ မီးလျှံလည်း အကြားမရှိ၊ ငရဲသတ္တဝါလည်း အကြားမရှိ၊ ဆင်းရဲဒုက္ခလည်း အကြားမရှိ၊ ထို့ကြောင့်လျှင် အဝီစိမည်၏၊ ၎င်းငရဲကြီး၌ အရှေ့အရပ်နံရံမှ ထလတ်သော မီးလျှံသည် အနောက်အရပ်နံရံကို ဖောက်ထွင်း၍ ယူဇနာတရာတိုင်အောင် ပြန့်နှံ့၏၊ ထို့အတူ အနောက်အရပ်မှ ထလတ်သော မီးလျှံသည် အရှေ့အရပ်၊ တောင်အရပ်မှ ထလတ်သော မီးလျှံသည် မြောက်အရပ်၊ မြောက်အရပ်မှ ထလတ်သော မီးလျှံသည် တောင်အရပ်ရှိ တံတိုင်းနံရံ

တို့ကို ဖောက်ထွင်း၍ ယူဇနာ တရာတိုင်အောင် ပြန့်နှံ့၏၊ အောက်အရပ်မှ မီးလျှံထလတ်၍ အထက်အရပ် သံအမိုးတိုင်၊ အထက်အရပ်မှ မီးလျှံ ထလတ်၍ အောက်အရပ် သံမြေတိုင် ပြန့်နှံ့၏၊ဤသို့လျှင် မီးလျှံသည် နေရာအကြားအလပ် မရှိအောင် ပြန့်နှံ့သည်။

## ငရဲသတ္တဝါ အကြားအလပ် မရှိ

အဝီစိငရဲကြီး၏ အတွင်း၌ အိပ်လျက် ထိုင်လျက် ရပ်လျက် သွားလျက် ကျက်ရသော ငရဲသတ္တဝါတို့သည်ကား နေရာအကြားအလပ် မရှိအောင်ပင် များလှကုန်၏။

## ဆင်းရဲဒုက္ခ အကြားအလပ် မရှိ

အဝီစိငရဲကြီး၌ အကုသလဝိပါတ် (၇) ခုနစ်ခုဖြစ်ရာ ဥပမာ–လျှာပေါ်၌ ပျားရည် ခြောက်စက် ခုနစ်စက် မြောက် သံရေပူတစက်ကျရာ ၎င်းသံရည်ပူ ထန်ပြင်း အားကြီးသော ပူလောင်မှုကြောင့် ရှေ့ပျားရည် ခြောက်စက်သည် မပြောပလောက်သကဲ့သို့ ထို့အတူ ဥပေက္ခာခြောက်ခုသည် မပြောပလောက်ဘဲ ဒုက္ခသဟဂုတ် ကာယဝိညာဏ်သည်သာ မပြတ်မလပ်ဖြစ်၍ ဆင်းရဲဒုက္ခလည်း အကြားအလပ်မရှိ ဖြစ်သည်။

* မီးလျှံဆင်းရဲ၊ ငရဲသူပါ၊ သုံးဖြာလုံးထိ၊ ကြားမရှိ၊ ခေါ်ဘိ အဝီစိ။

## ဥဿဒငရဲ ငယ်များ

### မစင်ဘင်ပုပ်ငရဲ

ငရဲကြီး ရှစ်ထပ်၏ အခြားမဲ့၌ မစင်ဘင်ပုပ်ငရဲသည် တကွဆက်စပ်လျက် တည်ရှိ၏၊ ထိုမစင်ဘင်ပုပ်ငရဲ၌ ကျကုန်သော ငရဲသတ္တဝါတို့အား အပ်သွားနှင့် တူသော နှုတ်သီးရှိသော ပိုးတို့သည် အရေပါး အရေထူ အသား အကြော အရိုး ခြင်ဆီတို့ကို ခဲစားကြကုန်၏၊ ငရဲသတ္တဝါတို့သည် အလွန်ဆင်းရဲတဲ့ ဒုက္ခဝေဒနာကို ခံစားကြရကုန်၏၊ အကုသိုလ်ကံ မကုန်သေးသမျှ ငရဲမှ လွတ်ခွင့်မရ။

## ပြာပူငရဲ

မစင်ဘင်ပုပ်ငရဲ၏ အခြားမဲ့၌ တကွဆက်စပ်လျက် တည်သော ပြာပူငရဲသည် ရှိ၏၊ ယူဇနာ တရာမျှကျယ်၍ အတွင်း၌ အိမ်ထွန်းလောက်ရှိသော မီးကျီးတို့ဖြင့် ပြည့်၏၊ လောလောပူသော ပြာရှိ၏၊ ထိုငရဲ၌ ကျသူတို့အား လူး, စပါးအစ၌ ပစ်ချအပ်သော သဲ, ခဲ, ကျောက်ခဲ စသည်တို့ကဲ့သို့ စုံးစုံးမြုပ်ကာ အောက် အပြင်သို့သာ ရောက်ကုန်၏၊ အလွန်ပြင်းထန်သော ပူလောင်မှု ဆင်းရဲကို ခံစား ကြရကုန်၏။

## လက်ပံတောငရဲ

ထိုပြာပူငရဲ၏ အခြားမဲ့၌ တကွဆက်စပ်လျက် တည်သော လက်ပံတောငရဲ သည် ရှိ၏၊ တယူဇနာ မြင့်၏၊ ရဲရဲပြောင်ပြောင် တောက်လောင်သော မီးလျှံ မီးခိုးနှင့် တကွ တဆယ့်ခြောက်လက်သစ် အတိုင်းအရှည် ရှိသော ဆူးရှိ၏၊ ထိုလက်ပံတောငရဲ၌ ကျသော ငရဲသတ္တဝါတို့ကို ငရဲထိန်းတို့သည် မီးလျှံ ရဲရဲ ပြောင်ပြောင်စွဲသော သံတင်းပုတ်ကြီးများဖြင့် ရိုက်နှက်ပုတ်ခတ်၍ လက်ပံပင် ပေါ်သို့ တက်လည်း တက်ခိုင်းကုန်၏၊ လက်ပံပင်ပေါ်မှ ဆင်းလည်း ဆင်းခိုင်း ကုန်၏၊ တက်သောအခါ လက်ပံဆူးသည် အောက်သို့ အဖျားညွတ်လျက် ရှိ၏၊ ဆင်းသောအခါ အထက်သို့ အဖျားကော့လျက် ရှိ၏၊ ထိုလက်ပံတော ငရဲ၌ ငရဲသတ္တဝါတို့သည် အလွန်ဆင်းရဲတဲ့ ဒုက္ခဝေဒနာကို ခံစားကြရကုန်၏။

## သန်လျက်ရွက်တောငရဲ

ထိုလက်ပံတောငရဲ၏ အခြားမဲ့၌ တကွဆက်စပ်လျက် တည်သော သန်လျက် သွား အရွက်ရှိသော သန်လျက်ရွက်တော ငရဲသည် ရှိ၏၊ ထိုငရဲ၌ ကျသော ငရဲ သတ္တဝါတို့အား သန်လျက်သွား အရွက်တို့သည် ကံကြောင့်ဖြစ်သော လေသည် တိုက်ခတ်အပ်သည်ဖြစ်၍ ကြွေကျကုန်သည်ရှိသော်–လက်, ခြေ, နား, နှာခေါင်း တို့ကို ခုတ်ဖြတ်၍ ပြတ်ကုန်၏၊ အကယ်၍ ထ၍ပြေးခဲ့မူ သံတံတိုင်းသည် ထ၍ ကာရံ၏၊ အောက်ခံမြေအရပ်၌ သင်ဓုန်းသွားတို့သည် ထကာ ခံကုန်၏။

သုခမ္မဝတီ (က) ၁၀၄–၉

ကြေးနီမြစ် ငရဲ

## တကိုယ်လုံး ပျက်ကွဲ

သန့်လျက်ရှက်တောငရဲ၏ အခြားမဲ့၌ တကွ ဆက်စပ်လျက် တည်သော ကြိမ်ပိုက်ချောင်းခေါ်သော ကြေးနီမြစ်ငရဲသည် ရှိ၏၊ ထိုငရဲ၌ ငန်ခါးစပ်သော ရေသည် ရှိ၏၊ သံဖြင့်ပြီးသော ကြမ်းသော သဲ, ကြာရွက်, သင်ဓုန်းသွားတို့သည် ရှိကုန်၏၊ ကမ်းနှစ်ဘက်တို့၌ ကြိမ်နွယ်, သမန်းမြက်တို့သည် ရှိကုန်၏၊ ထိုကြေးနီမြစ် ငရဲ၌ ကျသော ငရဲသတ္တဝါတို့အား အစုန်အဆန် မျောသည်ရှိသော် ကြာရွက်, သဲ, ဆူး, သမန်းမြက်, ကြိမ်နွယ်တို့ဖြင့် ထိခိုက် စုတ်ပြတ်, ထိခိုက်, ရှခြင်း ဖွဲ့မိခြင်းကြောင့် ကိုယ်အလုံး ပျက်ကွဲ၍ ထန်သည်းတဲ့ ဆင်းရဲဒုက္ခဝေဒနာကို အကုသိုလ်ကံ မကုန်မချင်း ခံစားကြရလေသည်။

### မီးလျှံရဲရဲ သံတွေခဲကို ခံတွင်းမှသွင်း

ကြေးနီမြစ်ငရဲသို့ ကျသော ငရဲသတ္တဝါကို ငရဲထိန်းတို့သည် သံမျှားချိတ်ဖြင့် ရေမှထုတ်ဆောင်၍ ကုန်း၌ တင်ထားပြီးလျှင်—

**ငရဲထိန်း** အချင်းငရဲသား....ဘာကို အလိုရှိသနည်း။

**ငရဲသား** အရှင်....အကျွန်ုပ် မွတ်သိပ်ဆာလောင်ပါ၏။

ထိုအခါ ငရဲထိန်းတို့သည် သံဖြင့်ပြီးသော ကြီးစွာသော တောင်ကြီးကို လောလောပူသော သံတုံး သံခဲများဖြင့် ပြည့်စေ၍ ယူလာ၏၊ ငရဲသားသည် သံတုံး သံခဲများဟု သိ၍ သွားစိ၍ ထား၏၊ ထိုအခါ ငရဲထိန်းတို့သည် ငရဲသား၏ ခံတွင်း (ပါးစပ်)ကို လောလောပူသော သံချွန်းဖြင့် ထိုးနှက်၍ ဖွင့်ပြီး ဖြဲပြီးလျှင် လောလောပူသော သံတွေခဲကို ခံတွင်း၌ ထည့်ကြကုန်၏၊ ထိုသံတွေခဲသည် ငရဲသား၏ နှုတ်ခမ်း ခံတွင်း လည်ချောင်း ရင်ဘတ်တို့ကို လောင်မြိုက်၍ အူမ, အူသိမ်တို့ကို ယူပြီး အောက်အဖို့ဖြင့် ထွက်၏၊ ထိုအခါ ငရဲသားအား အလွန် ထန်သည်း ဆင်းရဲတဲ့ ဝေဒနာကို ခံစားရလေသည်၊ အကုသိုလ်ကံ မကုန်မချင်း ငရဲမှ လွတ်ခွင့်မရ။

## လောလောပူတဲ့ ကြေးနီရည်ကို ခံတွင်းမှသွင်း

ကြေးနီမြစ်ငရဲသို့ ကျလာသော ငရဲသတ္တဝါကို ငရဲထိန်းတို့သည် သံမျှား ချိတ်ဖြင့် ရေမှထုတ်ဆောင်၍ ကုန်း၌ တင်ထားပြီးလျှင်—

**ငရဲထိန်း** အချင်း ငရဲသား....သင်သည် ဘာကို အလိုရှိပါသလဲ။

**ငရဲသား** အရှင်....အကျွန်ုပ် ရေဆာပါ၏။

ထိုအခါ ငရဲထိန်းတို့သည် သံဖြင့်ပြီးသော အိုးကြီး၌ လောလောပူသော ကြေးနီရည်ဖြင့် ပြည့်စေ၍ ယူလာ၏၊ ထိုအခါ ငရဲသားက ကြေးနီရည်ဟု သိ၍ သွားစိ၍ ထား၏၊ ထိုအခါ ငရဲထိန်းတို့သည် လောလောပူသော သံချွန်းဖြင့် ငရဲသား၏ ခံတွင်းကို ဖြဲပြီး လောလောပူသော ကြေးနီရည်ကို ခံတွင်း၌ လောင်းထည့်ကုန်၏၊ ကြေးနီရည်သည် ငရဲသား၏ နှုတ်ခမ်း ခံတွင်း လည်ချောင်း ရင်ဘတ်တို့ကို လောင်မြိုက်၍ အူမ, အူသိမ်တို့ကို ယူပြီး အောက်အဖို့ဖြင့် ထွက်၏၊ ထိုအခါ ငရဲသားအား အလွန် ထန်သည်း ဆင်းရဲတဲ့ ဝေဒနာကို ခံစား ရလေသည်၊ အကုသိုလ်ကံ မကုန်မချင်း ငရဲမှ လွတ်ခွင့်မရ။

**မှတ်ရန်။** ။ဤ ကြေးနီမြစ် ငရဲငယ်ကား ဥပရိပဏ္ဏာသပါဠိတော် သုညတဝဂ် ဒေဝဒူတသုတ်တွင် လာသည်၊ ၎င်းသုတ်၌ အရံဥဿဒငရဲငယ် တဖက် ငါးလုံး လာသည်၊ ထိုမှတပါး ဥဿဒငရဲငယ်များကား များစွာပင် ရှိသေးသည်။

## တိရစ္ဆာန်

တိရစ္ဆာန- ပါဠိကို 'တိရစ္ဆာန်'ဟု မြန်မာပြန်ဆိုသည်။

တိရစ္ဆာန=တိရိယ+အဉ္စ+ယု၊ တိရိယ-ကို တိရ-ပြု၊ အဉ္စ-ကို စ္ဆ-ပြု၊ ယု-ကို အနပြု၊ အ-ကို အာဒီဃပြု၍ တိရစ္ဆာန။

မင်ဖိုလ်မှ ဖီလာဖြစ်တတ်သောကြောင့်၊ ဝါ-ဖီလာ လျားလျား သွားတတ် သောကြောင့် တိရစ္ဆာန် ဆိုသည်။

"တိရိယံ အဥ္စိတာတိ တိရစ္ဆာနာ"

တိရိယ-ဖီလာ၊ အဥ္စ-ဖြစ်,သွား 'ဂတိ' အနက်၊ ယု-ပစ္စည်း-ကတ္တား၊ ၎င်း တိရစ္ဆာန်တို့ကား ကျွဲ, နွား, ဆင်, မြင်း, ကြက်, ဝက်, ငှက်, ငါး စသည်အားဖြင့် အလွန်ပင် များလှ၏၊ မျက်စိဖြင့် လူတိုင်းပင် မြင်နေရ၍ သိသာထင်ရှားလှ၏၊ ၎င်း တိရစ္ဆာန်တို့၏ ခန္ဓာကိုယ်သည်ပင် တိရစ္ဆာန်ဘုံမည်၏၊ ရေနေတိရစ္ဆာန်၊ ကုန်းနေတိရစ္ဆာန်၊ ကောင်းကင်ပျံနေ တိရစ္ဆာန်တို့ အလွန်ပင်များ၍ အမည်ကိုပင် ကုန်စင်အောင် သိနိုင်ဘို့ မလွယ်ကူပါချေ။

* မဂ်ဖိုလ်ဖီလာ၊ ဖြစ်သွားလာ၊ ခေါ်ပါ တိရစ္ဆာန်။

## ပြိတ္တာ

ပေတ—ပါဠိကို 'ပြိတ္တာ'ဟု မြန်မာပြန်ဆိုသည်။

ပေတ=ပ+ဣတ-ဟု ပုဒ်ခွဲ၊ ပ-အဝေး၊ ဣတ-ဖြစ်ခြင်း။

"ပကဋ္ဌေန ဣတာတိ ပေတာ"

ချမ်းသာသုခမှ ဝေးသောအားဖြင့် ဖြစ်တတ်သောကြောင့် ပြိတ္တာဆိုသည်၊ ၎င်းပြိတ္တာတို့ကား သီးခြားဘုံဌာနမရှိ၊ ၎င်းတို့၏ ခန္ဓာကိုယ်သည်ပင် ဘုံမည်၏၊ တနည်း- တော,တောင်ခြေရင်း အစရှိသော ၎င်းတို့နေရာအရပ်ကို ပြိတ္တာဘုံ ဆိုနိုင်သေးသည်။

* ချမ်းသာသုခ၊ ဝေးတတ်စွ၊ ခေါ်ရ ပြိတ္တာကို။

## အသုရကာယ်

အသုရကာရ- ပါဠိကို 'အသုရကာယ်'ဟု မြန်မာပြန်ဆိုသည်။

အသုရကာယ=န+သုရ+ကာယ-ပုဒ်ခွဲ၊ န-ပဋိသေဓ-ကို အ-ပြု၊ သုရ-ထွန်းပခြင်း၊ ကာယ-ကိုယ်-အပေါင်းအစု။

"န သုရန္တိ ဣဿရိယ ကီဠာဒီဟိ န ဒိဗ္ဗန္တီတိ အသုရာ"

စည်းစိမ်ချမ်းသာ စိတ်မွေလျော်ခြင်းတို့ဖြင့် မထွန်းပတတ်သောကြောင့် 'အသုရာ'ဆိုသည်၊ပြိတ္တာ အသုရာတို့တည်း၊နတ်အသုရာတို့ကိုတာဝတိံသာနတ်တို့၌ သွင်းယူ၊ ၎င်းကို 'သုရာနံ ပဋိပက္ခာ အသုရာ'ဟု ပြု၊ တာဝတိံသာနတ်တို့၏ ဆန့်ကျင်ဘက် 'န' သဒ္ဒါ ပဋိပက္ခအနက်ဟော၊ ထို ပြိတ္တာအသုရာတို့၏ ကိုယ်၊ ဝါ- အပေါင်းအစုကို အသုရကာယ ဆိုသည်။

* စည်း စိမ် သုခ၊ မထွန်းပ၊ ခေါ်ကြ အသုရာ။

* အသုရာကိုယ်၊ ပေါင်းစုကို၊ ခေါ်ဆို အသုရကာယ။

## အပါယ်ဘုံ၌ အတ္တဘော ကိုယ် ပမာဏ

ငရဲ

"နိရယေသု ဟိ ကေသဉ္စိ ဂါဝုတံ, ကေသဉ္စိ အဍ္ဎယောဇနံ, ကေသဉ္စိ ယောဇနံ အတ္တဘာဝေါ ဟောတိ၊ ဒေဝဒတ္တဿ ပန ယောဇနသတိကော ဇာတော။"

(အင် သတ္တက-၄)

**ရှင်ဒေဝဒတ်**

ငရဲ၌ ခန္ဓာကိုယ် ပမာဏမှာ-အချို့ တဂါဝုတ်, အချို့ နှစ်ဂါဝုတ်, အချို့ သုံးဂါဝုတ်, အချို့ လေးဂါဝုတ် (တယူဇနာ) မျှ ရှိ၏၊ အဝီစိငရဲမှာ ကျသော ဒေဝဒတ်၏ ကိုယ်ကောင်သည်ကား ယူဇနာတရာပင် ကြီး၏၊ အရှေ့, အနောက်, တောင်, မြောက်, အထက်, အောက် မီးလျှံ ခြောက်ခု၏ အလယ်၌ ဖြစ်၏၊ အရှေ့ဘက်သို့ မျက်နှာပြုကာ မတ်တတ်ရပ်လျက် ခြေထောက်နှစ်ဖက်တို့သည် မီးရဲရဲတောက်လောင်နေတဲ့အောက်ခံ သံမြေ၌ ခြေဖမျက် ခြေမျက်စိတိုင်အောင် ကျွန်နစ်၍ နေ၏၊ လက်နှစ်ဘက်တို့သည် မီးရဲရဲ တောက်လောင်နေတဲ့ ဘေး တဘက်စီရှိ သံတတိုင်း၌ လက်ကောက်ဝတ် တိုင်အောင် နစ်ဝင်၍ နေ၏၊ ဦးခေါင်းသည် မီးရဲရဲ တောက်လောင်နေတဲ့ အထက်ဖြစ်သော သံအမိုး၌ မျက်မှောင်ရိုးတိုင်အောင် နစ်ဝင်၍ နေ၏၊ အောက်ဘက်မှ မီးရဲရဲတောက် လောင်နေတဲ့ သံတကျင်သည် ဒေဝဒတ်၏ ကိုယ်ကို စူးဝင် ပေါက်ထွင်းပြီးလျှင်

အထက်ဖြစ်သော သံအမိုးသို့ ဝင်၏၊ အရှေ့ဘက်ဖြစ်သော သံတံတိုင်းမှ ထွက်လာသော မီးရဲရဲတောက်လောင်နေတဲ့ သံတကျင်သည် ဒေဝဒတ်၏ ရင်ဝနှလုံးသားကို ဖောက်ထွင်း၍ အနောက်ဖက်ဖြစ်သော သံတံတိုင်းသို့ ပြေးဝင်၏၊ မြောက်ဖက် သံတံတိုင်းမှ ထွက်လာသော မီးရဲရဲတောက်လောင်နေတဲ့ သံတကျင်သည် ဒေဝဒတ်၏ နံရိုးတို့ကို ဖောက်ထွင်း၍ တောင်ဘက်ရှိ သံတံတိုင်းသို့ ပြေးဝင်၏၊ ဤသို့လျှင် ဒေဝဒတ်သည် တုန်လှုပ်ခြင်းမရှိသော မြတ်စွာဘုရား၌ ပြစ်မှားသောကြောင့် အကြောင်းကံနှင့် တူစွာသာလျှင် မတုန်မလှုပ် အဝီစိငရဲကြီး၌ ကျက်ရလေသည်။

(ဥပရိပဏ္ဏာသ အဋ္ဌကထာ)

**တိရစ္ဆာန်**

"တိရစ္ဆာနေသုပိ ကေစိ ခုဒ္ဒကာ၊ ကေစိ မဟန္တာ"

(အင် သတ္တက-၅)

ခွေး, နွား, ဆင်, မြင်း, ကြက်, ငှက်, ဝက်, ကျား စသည်အားဖြင့် တိရစ္ဆာန်တွေ နာမည် မသိနိုင်အောင် အလွန်ပင် ပေါများလေသည်၊ ၎င်း တိရစ္ဆာန်တို့၏ ခန္ဓာကိုယ် ပမာဏမှာ မျက်စိမြင်တဲ့ ပုဂ္ဂိုလ်တိုင်းပင် တွေ့မြင်နေကြရ၍ အထူးတလည် ရေးနေစရာမလို၊ ရေးပြလို့လည်း မကုန်နိုင်၊ အချို့ တိရစ္ဆာန်တွေမှာ အလွန်သေးငယ်၏၊ ဖြုတ်, ခြင်, သန်း, ကြမ်းပိုး စသည်များ၊ အချို့ တိရစ္ဆာန်တွေမှာ ခန္ဓာကိုယ် ကြီး၏၊ ဆင် အစရှိတဲ့ သတ္တဝါများ ဖြစ်သည်။

**ပြိတ္တာ**

"ပေတ္တိဝိသယေသုပိ ကေစိ သဋ္ဌိဟတ္ထာ, ကေစိ အသီတိ-
ဟတ္ထာ ဟောန္တိ"

(အင် သတ္တက-၄)

ပြိတ္တာတို့၏ ခန္ဓာကိုယ် ပမာဏမှာ အချို့ပြိတ္တာ အတောင် ခြောက်ဆယ်အထိ ရှိ၏၊ အချို့ပြိတ္တာ အတောင် ရှစ်ဆယ်အထိ ရှိ၏၊ အချို့ ပြိတ္တာတို့ ရွှေအဆင်းနှင့်တူစွာ အဆင်းလှ၏၊ အချို့ပြိတ္တာတို့ အဆင်းမလှကုန်၊ ဒီဃပိဋ္ဌိက ပြိတ္တာတို့ ယူဇနာခြောက်ဆယ်တိုင် ခန္ဓာကိုယ် ကြီး၏။

**အသုရကာယ်**

"တထာ ကာလကဉ္စိကာ အသုရာ"

(အင် သတ္တက-ဋ္ဌ)

ကာလကဉ္စိကာ အသုရာတို့လည်း ပြိတ္တာတို့အတူ အတောင် ခြောက်ဆယ်, ရှစ်ဆယ် စသည်ဖြင့် ခန္ဓာကိုယ် ပမာဏ ရှိကြကုန်၏၊ အချို့ ကာလကဉ္စိက အသုရာတို့ သုံးဂါဝုတ်မျှ ခန္ဓာကိုယ် ရှိ၏၊ နည်းသော အသားအသွေး ရှိ၏၊ ပုဇွန်မျက်စိကဲ့သို့ မျက်စိနှစ်ဖက် ပြူးထွက်၍ ဦးခေါင်း၌ တည်၏၊ ခံတွင်းက အပ်နဖါးပေါက်ခန့်ရှိ၍ ခေါင်း၌ ရောက်၏၊ ငုံ၍ အစာကို ယူရ၏။

(ပါဒေသယု-ဋ္ဌ)

## အပါယ်တို့၌ အာဟာရ

**ငရဲ၌ အာဟာရ**

"နေရယိကာနံ အာဟာရော နာမ တတ္ထ နိဗ္ဗတ္တနကမ္မမေဝ၊
တေနေဝ ဟိ တေ တတ္ထ ယာပေန္တိ"

(အင် ဒသက-ဋ္ဌ)

ငရဲသတ္တဝါတို့အား ထိုငရဲဘုံ၌ ပစ်ချသော အကုသိုလ်ကံသည်ပင် အစာ အာဟာရ ရှိ၏၊ ထိုအကုသိုလ်ကံ ဟူသော အာဟာရဖြင့်ပင် ငရဲဘုံ၌ မျှတ တည်နေကြရကုန်၏။

**တိရစ္ဆာန်၌ အာဟာရ**

"တိရစ္ဆာနယောနိကာနံ ပန တိဏပဏ္ဏာဒိဝသေန အာဟာ-
ရော ဝေဒိတဗ္ဗော"

(အင် ဒသက-ဋ္ဌ)

တိရစ္ဆာန်သတ္တဝါတို့အား မြက်သစ်ရွက် အစရှိသော အာဟာရဖြင့် မျှတ တည်နေကြကုန်၏၊ တိရစ္ဆာန် ခွေး, နွား, ကြက်, ဝက်, ငှက် စသည်တို့တွင်

ဘယ်တိရစ္ဆာန် ဘယ်အစာအာဟာရကို စားသည်ကိုမူ မျက်မြင်ထင်ရှား သိသူများလှ၏၊ ရေးလို့လည်း ကုန်နိုင်ဖွယ်မရှိ။

**ပြိတ္တာ၌ အာဟာရ**

> ပေတ္တိ ဝေသယိကာနံ ခေဠသိင်္ဃာဏိကာဒိဝသေန၊ ယံ ဝါပနညာ ဉာတော အနုပ္ပဝေစ္ဆန္တီတိ ယံ တဿ မိတ္တာဒယော ဉာတော ဒဒန္တာ အနုပဝေသေန္တိ။

ပြိတ္တာတို့အား တံတွေး, နှပ်, အန်ဖတ်စသော အစာအာဟာရများဖြင့် ပြိတ္တာဘဝမှာ မျှတနေထိုင်ကြရသည်၊ 'ပရဒတ္တူပဇီဝိ' ပြိတ္တာတို့ကား-ဤလူပြည်မှ အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ ရည်ညွှန်းပေးလှူတဲ့ ဒါနဖြင့်လည်း ဒါနကို သုံးဆောင် စားသောက်၍လည်း ပြိတ္တာဘဝမှာ မျှတတည်နေကြသည်။

**အသုရကာယ်၌ အာဟာရ**

ကာလကဉ္စိက အသုရာတို့၏ အစာအာဟာရမှာ ပြိတ္တာများနှင့် မထူးပြီ၊ လူ့ပြည်က အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့၏ ရည်ညွှန်းပေးလှူတဲ့ ဒါနကို ကား မသုံးဆောင် မစားသောက်ရ။

## ကပ်သုံးပါး၌ သိမှတ်ဖွယ်

**ကပ်သုံးပါး**

> အန္တရကပ္ပေါ စ နာမေသ ဒုဗ္ဘိက္ခန္တရကပ္ပေါ ရောဂန္တရကပ္ပေါ သတ္ထန္တရကပ္ပေါတိ တိဝိဓော။
>
> (ပါထေယျ-စက္ကဝတ္တိသုတ်-အဋ္ဌကထာ)

'ကပ်'ဟူသည် 'ကပ္ပ' ပါဠိပုဒ်မှ မြန်မာပြန်ဆိုခြင်းပင်၊ ပျက်စီးခြင်းအနက်ကို မှတ်၊ ထိုကပ်သည်—

၁။ ဒုဗ္ဘိက္ခန္တရကပ်။
၂။ ရောဂန္တရကပ်။
၃။ သတ္ထန္တရကပ်—

ဟူ၍ ကပ်သုံးပါး ရှိ၏။

## ဒုဗ္ဘိက္ခန္တရကပ္ပ

ဒုဗ္ဘိက္ခ+အန္တရ+ကပ္ပ–ဟု–ပုဒ်ခွဲ။

ဒုဗ္ဘိက္ခ-ထမင်းဖြင့် မပြည့်စုံခြင်း၊ ဝါ- ငတ်မွတ်ခေါင်းပါး အစာရှားခြင်း၊ အန္တရ-အကြားကာလ၊ ကပ္ပ-ပျက်စီးခြင်း။

ထမင်းဖြင့် မပြည့်စုံသဖြင့်၊ ဝါ- ငတ်မွတ်ခေါင်းပါး အစာရှားခြင်းကြောင့် ကမ္ဘာပျက်နေသော သံဝဋ္ဋ ကပ်သို့ မရောက်မီ အကြား ကာလ၌ သာလျှင် လူသတ္တဝါများ ပျက်စီးခြင်းကို ဒုဗ္ဘိက္ခန္တရကပ်ဟု ဆိုသည်။

"ဒုဗ္ဘိက္ခန္တရကပ္ပေါတိ ဒုဗ္ဘိက္ခေန အန္တရကပ္ပေါ၊ သံဝဋ္ဋကပ္ပံ အပ္ပတွာ အန္တရာဝ လောကဝိနာသော။"

သတ္တဝါတွေ 'လောဘ' တရား အဖြစ်များသောအခါ ဒုဗ္ဘိက္ခန္တရကပ် ဆိုက်လာတတ်သည်၊ ထင်ရှားစေအံ့–မင်းမှစ၍ တိုင်းသူပြည်သား လူအများတို့ 'လောဘ' တရားဖြင့် လွှမ်းမိုးနှိပ်စက် ကိုယ်စောင့်နတ်မှစ၍ ဘုမ္မစိုး, ရုက္ခစိုး, အာကာသစိုးနတ်တို့လည်း တရားပျက်ခြင်းကြောင့် မိုးလေမမှန် ဖောက်ဖောက် ပြန်ပြန် ရွာသင့်ရာအချိန်အခါ၌ မရွာ၊ မရွာသင့်ရာ အချိန်အခါ၌ ရွာ၍ အသီး အပင်များ ပျက်စီးပြီး ငတ်မွတ်ခေါင်းပါး အစာရှားကာ ဒုဗ္ဘိက္ခန္တရကပ်နှင့် ကြုံရလေသည်။

"လောဘုဿဒါယ ပဇာယ ဒုဗ္ဘိက္ခန္တရကပ္ပေါ ဟောတိ"
(ပါထေယျ စက္ကဝတ္တိသုတ် အဋ္ဌကထာ)

* သတ္တဝါများ၊ လောဘပွား၊ ဆိုက်ငြား ဒုဗ္ဘိက္ခန်။

## ရောဂန္တရကပ္ပ

ရောဂ+အန္တရ+ကပ္ပ–ဟုပုဒ်ခွဲ။

ရောဂ–အနာရောဂါ၊ အန္တရ–အကြားကာလ၊ ကပ္ပ–ပျက်စီးခြင်း။

'အနာရောဂါဖြင့် ကမ္ဘာပျက်နေသော သံဝဋ္ဋကပ်သို့ မရောက်မီ အကြား ကာလ၌သာလျှင် လူသတ္တဝါများ ပျက်စီးခြင်းကို ရောဂန္တရကပ်'ဟု ဆိုသည်။

သုမင်္ဂလဝိလာသိနီ (က) ၁၀၄–၁၀

"ရောဂန္တရကပ္ပေ ါတိ ရောဂေန အန္တရကပ္ပေါ၊ သံဝဋ္ဋကပ္ပံ
အပ္ပတွာ အန္တရာဝ လောကဝိနာသော။"

သတ္တဝါတွေ မောဟတရား အဖြစ်များသောအခါ၌ ရောဂန္တရကပ် ဆိုက်လာတတ်သည်။

"မောဟုဿဒါယ ရောဂန္တရကပ္ပေါ"
(ပါထေယျ စက္ကဝတ္တိသုတ် အဋ္ဌကထာ)

* သတ္တဝါများ၊ မောဟပွား၊ ဖြစ်ငြား ရောဂန္တရ။

**သတ္ထန္တရကပ္ပ**

သတ္ထ÷အန္တရ+ကပ္ပ—ပုဒ်ခွဲ။

သတ္ထ—ဒုတ်,ဓား, သေနတ်စသော လက်နက်၊ အန္တရ-အကြားကာလ၊ ကပ္ပ-ပျက်စီးခြင်း။

ဒုတ်, ဓား, သေနတ်စတဲ့ လက်နက်များဖြင့် ကမ္ဘာပျက် သံဝဋ္ဋကပ်သို့ မရောက်မီ အကြားကာလ၌သာလျှင် လူသတ္တဝါများ အချင်းချင်း ထိုးခုတ်ပစ်ခတ် သတ်ဖြတ်၍ သေကြေပျက်စီးခြင်းကို သတ္ထန္တရကပ်ဟု ဆိုသည်။

"သတ္ထန္တရကပ္ပေ ါတိ သတ္ထေန အန္တရကပ္ပေါ၊ သံဝဋ္ဋကပ္ပံ
အပ္ပတွာ အန္တရာဝ လေကဝိနာသော။"

သတ္တဝါတွေ ဒေါသတရား အဖြစ်များသောအခါ၌ သတ္ထန္တရကပ် ဆိုက်လာတတ်သည်၊ အလွန်ထင်ရှားတဲ့ သာဓက သက်သေ ပြရလျှင် ဒုတိယကမ္ဘာစစ်အတွင်းက သတ္ထန္တရကပ်ဆိုက်ရာ ဒေသတွေမှာ ဗုံး သေနတ် လက်နက် ထိမှန်ပြီး သေကြေပျက်စီးကြတဲ့ လူ တိရစ္ဆာန် သတ္တဝါတွေ မရေမတွက်နိုင်အောင်ပင် များလေသည်။

လူတို့အသက် ဆယ်နှစ်တမ်းတွင် လူတွေ ဒေါသတရား အဖြစ်များပြီး အချင်းချင်း ထိုးခုတ် သတ်ဖြတ် ခုနစ်ရက်ပတ်လုံး သတ္ထန္တရကပ် ဆိုက်မည် ဖြစ်၏။

(ပါထေယျ ပါဠိတော်)

"ဒေါသုဿဒါယ သတ္ထန္တရကပ္ပေါ"

(ပါထေယျ စက္ကဝတ္တိသုတ် အဋ္ဌကထာ)

* သတ္တဝါများ၊ ဒေါသပွား၊ ဖြစ်ငြား သတ္ထန္တရ။

ဒုဗ္ဘိက္ခန္တရကပ်ဖြင့် သေကြေပျက်စီးသူတို့ အာဟာရ၌ တပ်နှစ်သက်မှု အားကြီးသောကြောင့် အများအားဖြင့် ပြိတ္တာဘုံ၌ ဖြစ်ကြကုန်၏။

ရောဂန္တရကပ်ဖြင့် သေကြေပျက်စီးသူတို့ 'ငါမှတပါးကုန်သော သတ္တဝါတို့အား ဤကဲ့သို့သော အနာရောဂါ မဖြစ်ပါမူကား ကောင်းလေစွဟု သတ္တဝါတို့၌ မေတ္တာစိတ် ဖြစ်သောကြောင့်' အများအားဖြင့် နတ်ပြည်၌ ဖြစ်ကြရကုန်၏။

သတ္ထန္တရကပ်ဖြင့် သေကြေပျက်စီးသူတို့'အချင်းချင်း ရန်ငြိုးထား၍ ဒေါသတရား အားကြီးသောကြောင့်' အများအားဖြင့် ငရဲ၌ ဖြစ်ကြရကုန်၏။

## ရပ်ပြစ်ရှစ်ပါး၌ မှတ်သားဖွယ်

အဋ္ဌကနိပါတ် အင်္ဂုတ္တိုရ် ဂဟပတိဝဂ် အက္ခဏသုတ်၌ ရပ်ပြစ် ရှစ်ပါး လာသည်၊ မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို ရနိုင်ခွင့်မရှိတဲ့ အပြစ်ရှိတဲ့ အရပ်ဌာန ရှစ်ပါးဟု ဆိုသည်၊ ၎င်းကို အက္ခဏရှစ်ပါး အနေနှင့် လာသည်။

## (၁) ငရဲ

ဘုရားပွင့်နေခိုက် သာသနာထွန်းလင်းခိုက် ဖြစ်သော်လည်း ငရဲကျနေသူအား မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို ရဘို့ရန် မဆိုထားနှင့် ကိုယ်၏ချမ်းသာခွင့် စိတ်၏ချမ်းသာခွင့်မျှ မရ၊ အကုသိုလ်ကံ မကုန်မချင်း အမြဲတစေ ငရဲဒုက္ခတွေကို အလူးအလဲ ခံစားနေရလေသည်၊ ထိုကြောင့် ငရဲဘုံ ဌာနသည် မဂ်ဖိုလ်၏

အန္တရာယ်, မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ခွင့်မရှိတဲ့ ဘုံဌာန 'ပဌမ အက္ခဏ' ခဏ, မဟုတ်တဲ့ အပြစ်ရှိတဲ့ ရှေးဦး အရပ်တပါးပင်။

## (၂) တိရစ္ဆာန်

ဘုရားပွင့်နေခိုက် သာသနာထွန်းလင်းခိုက် ဖြစ်သော်လည်း တိရစ္ဆာန်မျိုးမှာ ဖြစ်နေသူအား မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို ရဘို့ရန် မဆိုထားနှင့် စားရမဲ့ သောက်ရမဲ့ ခဲနှင့်အပစ်ခံရ ဒုတ်နှင့် အရိုက်ခံရနှင့် ဒုက္ခတွေ အဝဝ၊ ယုတ်လှတဲ့ ဘဝမျိုးမှာ အမြဲတစေ ဒုက္ခကို ရင်ဆိုင်နေရလေသည်၊ ထိုကြောင့် တိရစ္ဆာန်ဘုံ ဌာနသည် မဂ်ဖိုလ်၏အန္တရာယ် မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ခွင့်မရှိတဲ့ ဘုံဌာန 'ဒုတိယ အက္ခဏ' ခဏ, မဟုတ်တဲ့ အပြစ်ရှိတဲ့ နှစ်ခုမြောက် အရပ်တပါးပင်။

## (၃) ပြိတ္တာ

ဘုရားပွင့်နေခိုက် သာသနာထွန်းလင်းခိုက် ဖြစ်သော်လည်း ပြိတ္တာမျိုးမှာ ဖြစ်နေသူအား မဂ်ဖိုလ်နိဗ္ဗာန် တရားအထူးကို ရခွင့်မရှိ၊ လေပူ နေပူတို့ ထိပါး နှိပ်စက် အဝတ်အထည် အစာရေစာမှ စ၍ မရှိမရ၊ ဝတ်မွတ်ခေါင်းပါး ဆင်းရဲ ဒုက္ခ အမျိုးမျိုး အဖုံဖုံနှင့် ကြုံရလေသည်၊ ထိုကြောင့် ပြိတ္တာဘုံ ဌာနသည် မဂ်ဖိုလ်၏အန္တရာယ်,မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ခွင့်မရှိတဲ့ ဘုံဌာန 'တတိယ အက္ခဏ' ခဏ,မဟုတ်တဲ့ အပြစ်ရှိတဲ သုံးခုမြောက် အရပ်တပါးပင်။

## (၄) အသညသတ်ပြဟ္မာ

ဘုရားပွင့်နေခိုက် သာသနာထွန်းလင်းခိုက် ဖြစ်သော်လည်း အသညသတ် ပြဟ္မာ ဖြစ်နေသူအား မဂ်ဖိုလ်နိဗ္ဗာန် တရားအထူးကို ရခွင့်မရှိ၊ ထိုအသညသတ် ပြဟ္မာဘုံ၌ ကမ္ဘာငါးရာပတ်လုံး နာမ်တရား ဆိပ်သုဉ်းကာ ရုပ်တရားသက်သက် မျှသာ ရှေ့တုံး ရွှေခဲကြီးတွေပမာ မလှုပ်မရှက် ငြိမ်သက်စွာ တည်နေကြလေသည်၊ ထိုကြောင့် အသညသတ် ဘုံဌာနသည် မဂ်ဖိုလ်၏ အန္တရာယ်, မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်ခွင့်မရှိတဲ့ ဘုံဌာန 'စတုတ္ထ အက္ခဏ' ခဏ, မဟုတ်တဲ့ အပြစ်ရှိတဲ့ လေးခုမြောက် အရပ်တပါးပင်။

## (၅) ပစ္စန္တရာဇ်

ဘုရားပွင့်နေခိုက် သာသနာထွန်းလင်းခိုက် ဖြစ်သော်လည်း ဘုရားရှင်နှင့် တကွ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာမတို့ မရှိ· မရောက်သောနေရာ တိုင်းစွန်းပြည်နား အစွန်အဖျားဖြစ်တဲ့ ပစ္စန္တရာဇ် ဇနပုဒ်များ၌ မွေးဖွား၍ တောင်သူလူရိုင်းမျိုးမှာ ဖြစ်နေသူအား ဘုရားတရားတော်များကို နာကြားရခွင့် နားလည်နိုင်ခွင့် မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို ရနိုင်ခွင့် မရှိ၊ ထို့ကြောင့် ပစ္စန္တရာဇ်အရပ်သည် မဂ်ဖိုလ်၏ အန္တရာယ်, မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ခွင့်မရှိတဲ့ အရပ်ဌာန 'ပဥ္စမ အက္ခဏ' ခဏ,မဟုတ်တဲ့ အပြစ်ရှိတဲ့ ငါးခုမြောက် အရပ်တပါးပင်။

## (၆) မိစ္ဆာဒိဋ္ဌိ

ဘုရားပွင့်ရာ သာသနာထွန်းလင်းရာ မဇ္ဈိမဒေသ ဇနပုဒ်များ၌ မွေးဖွားသော်လည်း 'အလှူ၏အကျိုးသည် မရှိ၊ ယဇ်ကြီးယဇ်ငယ် ပူဇော်ခြင်း၏အကျိုးသည် မရှိ၊ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးသည် မရှိ၊ ပစ္စုပ္ပန်လောက မရှိ၊ တမလွန်လောက မရှိ၊ အမိမရှိ၊ အဖမရှိ၊ ကိုယ်ထင်ရှားဖြစ်သော သတ္တဝါတို့ မရှိ၊ ညီညွတ်ကောင်းမြတ်တဲ့ အကျင့်ရှိတဲ့ ရဟန်းပုဏ္ဏားတို့ ဤလောကမှာ မရှိ၊ ပစ္စုပ္ပန်လောက တမလွန်လောကကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိမြင် မျက်မှောက်ပြု၍ ဟောကြား သိစေသူတို့ မရှိ' ဟု အယူမမှန် ဖောက်ပြန်တဲ့ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်မျိုး၌ ဖြစ်နေသူအား ဘုရား တရားတော်များကို နာကြားခွင့် ကြုံသော်လည်း နာကြားလိမ့်မည်မဟုတ်၊ မဂ်ဖိုလ်နိဗ္ဗာန် တရားအထူးကို မရနိုင်၊ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်သည် မဂ်ဖိုလ်၏ အန္တရာယ်,မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ခွင့် မရှိတဲ့ ပုဂ္ဂိုလ် 'ဆဋ္ဌမ အက္ခဏ' ခဏ, မဟုတ်တဲ့ အပြစ်ရှိတဲ့ ခြောက်ခုမြောက် အရပ်တပါးပင်။

## (၇) သုဂတိအဟိတ်

ဘုရားပွင့်ရာ သာသနာထွန်းလင်းရာ မဇ္ဈိမဒေသ ဇနပုဒ်များ၌ မွေးဖွားသော်လည်း ဆွံ့အနားပင်း, တရားတော်၏ အနက်အဓိပ္ပါယ်ကို သိခြင်းငှါ

မစွမ်းနိုင်တဲ့ သုဂတိအဟိတ်ပုဂ္ဂိုလ်မျိုး ဖြစ်နေသူအား ဘုရား တရားတော်များ ကို နာကြားခွင့် ရသော်လည်း အနက်အဓိပ္ပါယ်ကို မသိ နားမလည်၊ မဂ်ဖိုလ် နိဗ္ဗာန် တရားထူးကို မရနိုင်ပြီ၊ ထိုကြောင့် သုဂတိအဟိတ်ပုဂ္ဂိုလ်သည် မဂ်ဖိုလ် ၏အန္တရာယ်, မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ခွင့်မရှိတဲ့ ပုဂ္ဂိုလ် 'သတ္တမ အက္ခဏ' ခဏ, မဟုတ်တဲ့ အပြစ်ရှိတဲ့ ခုနစ်ခုမြောက် အရပ်တပါးပင်။

မှတ်ရန်။ ။ဒွိဟိတ်ပုဂ္ဂိုလ်ကိုလည်း ပဋိသန္ဓေဉာဏ်ကင်း၍ မဂ်ဖိုလ်ကို မရနိုင် သောကြောင့် ၎င်း၌ပင် သွင်းယူ။

## (၈) သာသနာပ

မဇ္ဈိမဒေသ ဇနပုဒ်များ၌ မွေးဖွား၍ မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို ရနိုင် လောက်တဲ့ တိဟိတ်ပဋိသန် ပညာဉာဏ်နှင့် ပြည့်စုံသူ ဖြစ်ပါသော်လည်း သာသနာပ အချိန်ကာလမျိုးမှာ ဖြစ်ခဲ့ပါလျှင် တရားတော်များကို မနာကြားရ မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို မရနိုင်၊ ထိုကြောင့် သာသနာပ ကာလသည် မဂ်ဖိုလ်၏ အန္တရာယ်, မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ခွင့်မရှိတဲ့ အချိန်ကာလ 'အဋ္ဌမ အက္ခဏ' ခဏ, မဟုတ်တဲ့ အပြစ်ရှိတဲ့ ရှစ်ခုမြောက် အရပ်တပါးပင်။

## ရန်သူမျိုးငါးပါး၌ သိမှတ်ဖွယ်

**"ရေ"**

(၁) ရေကို ရန်သူဟု ဆို၏၊ အသက်ခန္ဓာ စည်းစိမ်ဥစ္စာတို့ကို ဖျက်ဆီး တတ်သောကြောင့်ပင် မိုးရေ, ချောင်းရေ, အင်းရေ, အိုင်ရေ, မြစ်ရေ, တွင်းရေ, သမုဒ္ဒရာရေတို့သည် သတိရှိသူ, ဉာဏ်နှင့်ယှဉ်သော လုံ့လရှိသူ, ကံရှိသူတို့အတွက် ရန်သူမဟုတ်ပါ၊ အကျိုးစီးပွားကို ကူညီတဲ့ မိတ်ဆွေတမျိုးပင် ဖြစ်ပါ၏၊ သတိမရှိသူ, ဉာဏ်နှင့်ယှဉ်တဲ့ လုံ့လမရှိသူ, ကံမရှိသူတို့အတွက် ရန်သူပင် ဖြစ်၏၊ ရေသည် အသုံးချတတ်လျှင် မိတ်ဆွေ၊ အသုံးမချတတ်လျှင် ရန်သူဖြစ်၏၊ ရေမရှိလျှင် သတ္တဝါတိုင်း မတည်နိုင်၊ ရေမသောက်ရလျှင် အသက် ပင် သေမည်၊ အသက် မရှည်နိုင်၊ ရေကို အသုံးမပြုလျှင် ကိုယ်တွင်း ကိုယ်ပ

စင်ကြယ်သန့်ရှင်းမှုလည်း မဖြစ်နိုင်၊ သက်ရှိ သတ္တဝါကို မဆိုထားနှင့်၊ သက်မဲ့ သစ်ပင်များပင် မိုးရေ၊ မြစ်ရေ၊ တွင်းရေ၊ ရေကို အမှီပြုကာ ပေါက်ရောက် စည်ပင် ပွင့်ရ သီးရလေသည်။

ပူအိုက်သောအခါ ရေကို ချိုးသောက်ခြင်းဖြင့် ပူအိုက်ခြင်း ပြေပျောက်ပြီး ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းကို ရကာ ရေသည် အကျိုးစီးပွားကို ကူညီသူ မိတ်ဆွေနှင့် တူ၏၊ အာပေါခတ်လွန်ကဲ ဖောက်ပြန်ပြီး အအေးပတ်နေသောအခါ ရေကို ချိုးသောက်၍ ရောဂါတိုးကာ အသက်သေပျောက်လျှင် ရေသည် အကျိုးစီးပွားကို ဖျက်ဆီးသူ ရန်သူပင် မည်တော့၏၊ ရွာသင့်သော အချိန်အခါ၌ မိုးရွာ၍ အသီးအပင်များ ပြည့်စုံလျှင် ထိုမိုးရေသည် အကျိုးစီးပွားကို ကူညီသူ မိတ်ဆွေနှင့် တူ၏၊ မရွာသင့်သော အချိန်အခါ၌ မိုးရွာ၍ အသီး အပွင့်များ ပျက်စီးလျှင် ထိုမိုးရေသည် အကျိုးစီးပွားကို ဖျက်ဆီးသူ ရန်သူနှင့် တူ၏။

မြစ်ထဲရေဆင်းချိုးရာ ကံဆိုး၍ ရေနစ်သေဆုံးသူ၊ မြစ်အတွင်း လှေသင်္ဘောဖြင့် ခရီးသွားစဉ် လှေသင်္ဘော နစ်မြုပ်၍ ပစ္စည်းဥစ္စာ ဆုံးရှုံးသူတို့အတွက် မြစ်ရေသည် အကျိုးစီးပွားကို ဖျက်ဆီးသူ ရန်သူ မည်၏၊ မြစ်ရေကို ချိုးသောက်၍ ချမ်းသာသုခ ရသူ၊ ထင်းဖောင် သစ်ဖောင် မျှောချ ရေလမ်းခရီးဖြင့် ချမ်းသာသုခ ရသူတို့အတွက် မြစ်ရေသည် အကျိုးစီးပွားကို ကူညီသူ မိတ်ဆွေနှင့် တူ၏၊ ရေဘေး ရေဒဏ်သင့်သူတို့အတွက် ရေသည် ရန်သူမည်၏၊ ရေဖြင့် အကျိုးရသူတို့အတွက် ရေသည် မိတ်ဆွေပင်မည်၏ဟု မှတ်ယူရာ၏။

"မီး"

(၂) မီးကို ရန်သူဟု ဆို၏၊ အသက်ခန္ဓာ စည်းစိမ်ဥစ္စာတို့ကို ဖျက်ဆီးတတ်သောကြောင့်ပင် မီးသည် သတိရှိသူ၊ ဉာဏ်နှင့်ယှဉ်သော လုံ့လရှိသူ၊ ကံရှိသူတို့အတွက် ရန်သူမဟုတ်ပါ၊ အကျိုးစီးပွားကို ကူညီတဲ့ မိတ်ဆွေတမျိုးပင် ဖြစ်၏၊ သတိမရှိသူ၊ ဉာဏ်နှင့်ယှဉ်တဲ့ လုံ့လမရှိသူ၊ ကံမရှိသူတို့အတွက် ရန်သူပင် ဖြစ်၏၊

မီးသည် အသုံးချတတ်လျှင် မိတ်ဆွေ၊ အသုံးမချတတ်လျှင် ရန်သူ ဖြစ်၏၊ လူသတ္တဝါတို့အား မီးမရှိလျှင် မဖြစ်၊ မီးဖြင့် ချက်ပြုတ် ဖုတ်ကင် ကြော်လှော်၍ စားရ၏၊ ညဘက်မှာ မီးအလင်းရောင်ဖြင့် ရူပါရုံကို မြင်ရ၊ သွားလာနေထိုင် လုပ်ကိုင်ရ၏၊ချမ်းအေးသောအခါ၌ မီးကို မှီဝဲရ၏၊ ထို့ကြောင့် မီးသည် အကျိုး စီးပွားကို ကူညီသူ မိတ်ဆွေနှင့် တူ၏၊ မီးမရှိသေသူ, သတိပေါ့ဆ ကံဆိုးသူတို့ အတွက် နေအိမ်အဆောက်အဦး ပစ္စည်းများကို မီးလောင်ခြင်း၊ လူကိုပင် မီးလောင်၍ သေဆုံးရခြင်း ဖြစ်ပါလျှင် ထိုမီးသည် အကျိုးစီးပွားကို ဖျက်ဆီးသူ ရန်သူပင် မည်၏၊ ဆိုလိုရင်းမှာ မီးဘေး မီးဒဏ် သင့်သူတို့အတွက် ထိုမီးသည် ရန်သူမည်၏၊ မီးဖြင့် ချမ်းသာသုခ ရသူတို့အတွက် ထိုမီးသည် မိတ်ဆွေမည်၏ဟု မှတ်ယူရာ၏။

"မင်း"

(၃) မင်းကို ရန်သူဟု ဆို၏၊ အသက်ခန္ဓာ စည်းစိမ်ဥစ္စာတို့ကို ဖျက်ဆီး တတ်သောကြောင့်ပင် မင်းသည် သတိရှိသူ, ဉာဏ်နှင့်ယှဉ်သော လုံ့လရှိသူ, ကံရှိသူတို့အတွက် ရန်သူမဟုတ်ပါ၊ အကျိုးစီးပွားကို ကူညီတဲ့ မိတ်ဆွေတမျိုးပင် ဖြစ်ပါသည်၊ သတိမရှိသူ, ဉာဏ်နှင့်ယှဉ်တဲ့ လုံ့လမရှိသူ, ကံမရှိသူတို့အတွက် ရန်သူပင် ဖြစ်၏၊ လူတို့အား ကြီးမှူး အုပ်ချုပ်သော အစိုးရမင်း မရှိလျှင် မဖြစ်နိုင်၊ 'နိန္နာယကာ ဝိနဿန္တိ' လာရှိသည့်အတိုင်း ဦးစီးနာယက မင်းမရှိ သော တိုင်းပြည် မြို့ရွာသည် အချင်းချင်း လုယက်တိုက်ခိုက် သတ်ဖြတ်ခြင်း စသည်ဖြင့် ပျက်စီးဆုံးပါး မကြီးပွားနိုင်၊ တိုင်းပြည် ကြီးပွား ချမ်းသာမှု၌ မင်းသည် ပဓာန ဖြစ်ရကား–မင်းတို့ ကျင့်သုံးအပ်သော မင်းကျင့်တရား ဆယ်ပါး, သင်္ဂဟဝတ္ထု လေးပါးနှင့် အညီ ကျင့်သုံးသော အစိုးရမင်းသည် ပြည်သူ့မိတ်ဆွေပင် ဖြစ်၏၊မင်းကျင့်တရား ဆယ်ပါး, သင်္ဂဟဝတ္ထု လေးပါးနှင့် မညီ ဖောက်ဖောက်ပြန်ပြန် မှားမှား ယွင်းယွင်း ကျင့်သုံးသော မင်းသည် ပြည်သူ့ရန်သူပင် ဖြစ်၏၊ ဆိုလိုရင်းမှာ မင်းဖြင့် ချမ်းသာသုခ ရသူတို့အတွက် မင်းသည် မိတ်ဆွေမည်၏၊ မင်းဖြင့် အကျိုးစီးပွား ပျက်စီးသူတို့အတွက် မင်းသည် ရန်သူမည်၏ဟု မှတ်ယူရာ၏။

**"ခိုးသူ"**

(၄) သူခိုး, ဓားပြကို ရန်သူ ဆို၏၊ အသက်ခန္ဓာ စည်းစိမ် ဥစ္စာတို့ကို ဖျက်ဆီးတတ်သောကြောင့်ပင်၊ သူခိုး, ဓားပြကား အကျိုးစီးပွား မရှိသူပင်၊ အခွင့်သာပါလျှင် ဘယ်သူ့ပစ္စည်းဥစ္စာ အသက်ခန္ဓာကို မဆို ခိုးဝှက်လုယက် တိုက်ခိုက်ဖျက်ဆီးမည်ဖြစ်၍ မုချရန်သူပင် မည်၏၊ သတိရှိသူ,ဉာဏ်နှင့်ယှဉ်သော လုံ့လရှိသူ, ကံရှိသူတို့ အသက်ခန္ဓာ စည်းစိမ်ဥစ္စာတို့ကို မဖျက်ဆီးနိုင်၊ သတိမရှိသူ,ဉာဏ်နှင့်ယှဉ်သောလုံ့လမရှိသူ ကံမရှိသူတို့၏ အသက်ခန္ဓာ စည်းစိမ်ဥစ္စာတို့ကို ဖျက်ဆီးနိုင်၍ ရန်သူစင်စစ်ပင် ဖြစ်တော့၏။

**မုန်းသူ အမွေခံဆိုး**

၅။ "မချစ်မနှစ်သက်သူ အမွေခံဆိုး"ကို ရန်သူဆို၏၊ အသက်ခန္ဓာ စည်းစိမ် ဥစ္စာတို့ကို ဖျက်ဆီးတတ်သောကြောင့်ပင်၊ မုန်ထားရန်ငြိုး အမွေခံဆိုးသည် သတိရှိသူ, ဉာဏ်နှင့်ယှဉ်တဲ့ လုံ့လရှိသူ, ကံရှိသူတို့၏ အသက်ခန္ဓာ စည်းစိမ် ဥစ္စာများကို မဖျက်ဆီးနိုင်၊ သတိမရှိသူ, ဉာဏ်နှင့်ယှဉ်တဲ့ လုံ့လမရှိသူ, ကံမရှိသူ တို့၏ အသက်ခန္ဓာ စည်းစိမ်ဥစ္စာများကို ဖျက်ဆီးနိုင်၍ ရန်သူပင် ဖြစ်၏။

* ရေ, မီး, မင်း, ခိုး၊ မွေခံဆိုး၊ ငါးမျိုး ရန်အပြား။

## ဝိပတ္တိတရားလေးပါး၌ သိမှတ်ဖွယ်

## (၁) ဂတိဝိပတ္တိ

**အကုသိုလ်အခွင့်သာ**

"ဂတိဝိပတ္တီတိ ဝိပန္နာ ဂတိ စတ္တာရော အပါယာ။"

(သမ္မောဟဝိနောဒနီ အဋ္ဌကထာ)

ဂတိ-လားရာအရပ်၊ ဝိပတ္တိ-ပျက်စီးခြင်း, မပြည့်စုံခြင်း။

ဖောက်ပြန်ပျက်စီး, မပြည့်စုံသော အရပ်ဌာန အပါယ်လေးဘုံသည် ဂတိ ဝိပတ္တိမည်၏။

ဂတိဝိပတ္တိဖြစ်သော အပါယ်လေးဘုံသည်ကား အကုသိုလ်တရားတို့ အကျိုးပေးခွင့်သာရာ ကုသိုလ်တရားတို့၏ အခွင့်အခါမဟုတ်ရာ ဘုံဌာနဖြစ်၏၊ သတ္တါတဦးသည် လူ့အသက်သေခြင်း စသော မကောင်းမှု အကုသိုလ်ကို ပြု၏၊ ထိုအကုသိုလ်ကံတို့သည် 'ဂတိသမ္ပတ္တိ' ဖြစ်သော လူ့ပြည် နတ်ရွာ ဗြဟ္မာပြည်၌ ဖြစ်ခိုက် အကျိုးပေးခွင့် မရသော်လည်း တခုသော မကောင်းမှုကံဖြင့် ဂတိဝိပတ္တိ၌ ဖြစ်၏၊ ယိုအကုသိုလ်ကံတို့သည် အခွင့်သာ၍ ငံဖန်ရံခါ ငရဲမှာ ဖြစ်စေ၏၊ ရံဖန်ရံခါ တိရစ္ဆာန်မျိုးမှာ ဖြစ်စေ၏၊ ရံခါ ပြိတ္တာဘုံမှာ ဖြစ်စေ၏၊ ရံခါ ဝိနိပါတိက အသုရကာယ်ဘုံမှာ ဖြစ်စေ၏၊ ဤကဲ့သို့ အပါယ်တခွင် တက်တက်စင်အောင် အကျိုးပေး၍ အပါယ်မှ ခေါင်းဖေါ်ခွင့် မရ မပေးကြ။

## (၁) ဂတိသမ္ပတ္တိ

### ကုသိုလ်အခွင့်သာ

"ဂတိသမ္ပတ္တီတိ သမ္ပန္နာ ဂတိ ဒေဝလောကော စ မနုဿလောကော စ။"

ဂတိ-လားရာအရပ်၊ သမ္ပတ္တိ-ပြည့်စုံခြင်း။

ပြည့်စုံသော လားရာအရပ်ဌာန လူနတ်ဗြဟ္မာဘုံသည် ဂတိသမ္ပတ္တိ မည်၏၊ ဂတိသမ္ပတ္တိဖြစ်သော လူ့ပြည်နတ်ရွာ ဗြဟ္မာဘုံသည် ကုသိုလ်တရားတို့၏ အကျိုးပေးခွင့်သာရာ အကုသိုလ်တရားတို့ အခွင့်အခါ မဟုတ်ရာ ဘုံဌာန ဖြစ်၏။

## (၂) ဥပဓိဝိပတ္တိ

### အကုသိုလ်အခွင့်သာ

"ဥပဓိဝိပတ္တီတိ ဟီနအတ္တဘာဝတာ"

(သမ္မော ၄)

ဥပဓိ+အတ္တဘော, ခန္ဓာကိုယ်, ရုပ်၊ ဝိပတ္တိ- ပျက်စီးခြင်း, မပြည့်စုံခြင်း၊ ယုတ်နိမ့်ချို့တဲ့ မပြည့်စုံသော အတ္တဘော, ခန္ဓာကိုယ်, ရုပ်- ရှိသည်ကို 'ဥပဓိဝိပတ္တိ'ဟု ဆိုသည်။

ဥပမိဝိပတ္တိ ဖြစ်သူတို့အား အကုသိုလ်တရားတို့ အကျိုးပေးခွင့် သာ၍ ကုသိုလ်တရားတို့ အကျိုးပေးခွင့် မသာ။

ထင်ရှားအောင် ပြဦးမည်၊ တဦးသော သတ္တဝါသည် ဟခုသော မကောင်းမှုကံဖြင့် ဥပမိဝိပတ္တိ ဖြစ်ခဲ့၏၊ ရုပ်ရေအဆင်း ဖောက်ပြန် ပုံပန်းသဏ္ဌာန် မလှ အရုပ်ဆိုး အကြည့်တန် မြောက်ဘိလူး သူရဲသူဘက်နှင့် တူ၏၊ ထိုသူသည် ကျွန်မသား ဖြစ်ခဲ့ပါမူ ပန်းမိုက်သွန် အမှိုက်ကျုံး ဘင်ကျုံး စသော ညစ်ညမ်းသောအမှုတို့ကို ဤသူ၏ ရုပ်ရေနှင့် လျောက်ပတ်၏ဟု ပြုစေ၏၊ မိန်းမဖြစ်ခဲ့မူ ဆင့်စာ ထမင်းချက်ခြင်း စသော ညစ်ညမ်းသော အမှုလုပ်ငန်းတို့ကို ဤသူမ၏ ရုပ်ရေနှင့် လျော်ကန်လျောက်ပတ်၏ဟု ပြုစေ၏၊ ရုပ်လက္ခဏာ အင်္ဂါချို့တဲ့သူမှာ ချမ်းသာတဲ့အမျိုး မင်းစိုးရာဇာ အမျိုးမှာပင် ဖြစ်ရသော်လည်း မင်းစိုးရာဇာ သူဌေး သူကြွယ် မဖြစ်ရဘဲ အိမ်ကျွန်သဖွယ် ဖြစ်ရ မျက်နှာငယ်ရ သူတပါး ကျီစယ်ပြောင်လှောင် ခံရ အရှက်ရလေသည်။

## ဒိပရာဇ်မင်း ဝတ္ထု

### မင်းအဖြစ် ဆု

သီဟိုဠ်ကျွန်း၌ မင်းတဦးအား မင်းသားထွန်းကားရာ မိဖုယား၌ ချစ်မြတ်နိုးမှုဖြင့် လိုချင်သောဆုကို ပေးသတတ်၊ မိဖုယားလည်း သား၏ မင်းအဖြစ်ဆုကို ယူထား၏၊ ထို မင်းသားသည် ခုနစ်နှစ် ရှစ်နှစ် ရှိသော အခါ၌ မင်းယင်ပြင်၌ ကြက်တိုက်ရာ တကောင်သော ကြက်သည် ခုန်ပျံတက်၍ မင်းသား၏ မျက်စိကို ဖျက်ဆီးလေသည်၊ မိဖုယားသည် မင်းသား တဆယ့်ခြောက်နှစ် အရွယ်၌ မင်းအဖြစ်ကို ပြုစေအံ့ဟု မင်းကြီးသို့ ချဉ်းကပ်၍ မြတ်သော မင်းကြီး....သင်မင်းကြီးသည် မင်းသား ဖွားမြင်စ အချိန်အခါ၌ လိုချင်သော ဆုကို ပေးခဲ့၏၊ ယခုမင်းသား အရွယ်ရောက်ပြီဖြစ်၍ မင်းအဖြစ်ဆုကို ပေးပါရန် တောင်းဆို၏။

### ဥပဓိဝိပတ္တိအကျိုး

ထိုအခါ မင်းကြီးက "မိဖုယား....သင့်သားသည် မျက်စိအင်္ဂါ ချို့တဲ့ပြီး ဥပဓိဝိပတ္တိ ဖြစ်နေခဲ့၍၊မင်းအဖြစ်နှင့် မသင့်တော် မတိုက်တန်ပါ"ဟု ပြောကြားပါသော်လည်း မိဖုယား၏ အဖန်ဖန် အခါခါ ပူဆာ တောင်းရမ်း မှုကြောင့် သီဟိုဠ်ကျွန်း၌ မင်းအဖြစ်ကို မပေးဘဲ နာဂကျွန်းသို့ ပို့၍ မင်းပြုစေ၏၊ ဒီပရာဇ်မင်းဟု တွင်၏၊ အကယ်၍သာ မျက်စိအင်္ဂါ မချို့တဲ့ ဥပဓိဝိပတ္တိ မဖြစ်ခဲ့ပါမူ ထိုမင်းသားသည် ယူဇနာသုံးရာကျယ်သော သီဟိုဠ်ကျွန်း၌ မင်းအဖြစ်ကို ရရာ၏၊ အင်္ဂါချို့တဲ့ ဥပဓိဝိပတ္တိ ဖြစ်ခဲ့ခြင်းကြောင့် သီဟိုဠ်ကျွန်း၌ မင်းအဖြစ်ကို မရဘဲ နာဂကျွန်းငယ်၌ ပိုင်စိုးရလေသည်။

## (၂) ဥပဓိသမ္ပတ္တိ

### ကုသိုလ်အခွင့်သာ

"ဥပဓိသမ္ပတ္တိတိ အတ္တဘာဝသမိဒ္ဓိ"

ဥပဓိ–အတ္တဘော, ခန္ဓာကိုယ်, ရုပ်၊ သမ္ပတ္တိ–ပြည့်စုံခြင်း။

ရုပ်လက္ခဏာ အင်္ဂါမချို့တဲ့ ပြည့်စုံခြင်းကို 'ဥပဓိသမ္ပတ္တိ'ဟု ဆိုသည်။

ဥပဓိသမ္ပတ္တိ ဖြစ်သူတို့အား ကုသိုလ်တရားတို့ အကျိုးပေးခွင့် သာ၍ အကုသိုလ်တရားတို့ အကျိုးပေးခွင့် မသာ။

### ဥပဓိသမ္ပတ္တိအကျိုး

ထင်ရှားအောင် ပြဦးမည်၊ တဦးသော သတ္တဝါသည် တခုသော ကောင်းမှုကံဖြင့် ဥပဓိသမ္ပတ္တိ ဖြစ်ခဲ့၍၊ ကောင်းစွာတည်သော အင်္ဂါကြီးငယ် ရှိ၏၊ အလွန်အဆင်းလှ၏၊ ရှုချင်ဖွယ် ရှိ၏၊ ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့သော ကိုယ်ရှိ၏၊ ထိုသူသည် ကျွန်မသားဖြစ်စေကာမူ ဤသူ၏ရုပ်ရေနှင့် ညစ်ညမ်းသော ဆင်ထိန်း ဆိတ်ထိန်း မြင်းထိန်း နွားထိန်း စသော အမှုလုပ်ငန်းတွေနှင့် မသင့်တော်

မလျှောက်ပတ်ဟု မပြုလုပ်စေကြ၊ ချောမောသော အဝတ်ပုဆိုးတို့ကို ဝတ်စေပြီး ဘဏ္ဍာစိုးအရာ စသည်တို့၌ ထားကြကုန်၏။

မိန်းမဖြစ်ခဲ့မူ ဤမိန်းကလေး၏ ရုပ်ရေနှင့် ညစ်ညမ်းတဲ့ ဆင်စာ ထမင်း ချက်ခြင်း စသော အမှုလုပ်ငန်းတွေနှင့် မသင့်တော် မလျှောက်ပတ်ဟု မပြုစေ မခိုင်းစေကြကုန်၊ အဝတ်တန်းဆာကို ပေး၍ အိပ်ရာစောင့် စသော အရာကို ပြုကြစေကုန်၏၊ သာမ,မိဖုယားမြတ်ကဲ့သို့ အကျွမ်းဝင်သော အရာ၌မူလည်း ထားကြကုန်၏၊ ဘာတိကမင်း ဖြစ်သောကာလ၌ နွားကိုသတ်၍ စားကုန်သော သူတို့ကို ဖမ်းဆီး၍ မင်းအား ပြကြကုန်သတတ်၊ ထို နွားသတ်ယောကျ်ားတို့ သည် ဥစ္စာဒဏ်ကို ပေးဆောင်ခြင်းငှါ မစွမ်းနိုင်ကြ၍ မင်းယင်ပြင်၌ သုတ်သင် စင်ကြယ်အောင် ပြုရသော လုပ်ငန်းများကို လုပ်ဆောင်ကြရကုန်၏၊ ထိုနွား သတ်ယောကျ်ားတို့၏ သမီးသည်ကား အလွန်အဆင်းလှ၏၊ ဘာတိကမင်းသည် ထိုမိန်းကလေးကို နန်းတွင်းသို့ ခေါ်ဆောင်၍ မောင်းမအရာ၌ ထား၏၊ မိဖ ဆွေမျိုးသားချင်းတို့လည်း ထိုမိန်းကလေး၏ ဘုန်းကံကြောင့် ချမ်းသာစွာ အသက်မွေးကြရကုန်၏၊ ဤကဲ့သို့ ဥပမိသမ္ပတ္တိနှင့် ပြည့်စုံသူအား မကောင်းမှု ကံသည် ဥပမိသမ္ပတ္တိဖြင့် တားမြစ်အပ်သည်ဖြစ်၍ အကျိုးပေးခွင့် မသာနိုင်။

## ဥပဓိသမ္ပတ္တိဖြစ်မူ ချမ်းသာခွင့်သာ

ဥပဓိသမ္ပတ္တိနှင့် ပြည့်စုံသူ ယောကျ်ားသည် မင်းမျိုး၌ဖြစ်မူ ရုပ်အင်္ဂါချို့တဲ့ သူ အကိုကြီးများ ရှိသော်လည်း ရုပ်အဆင်းလှပခြင်းကြောင့် ဤသူက မင်း ဖြစ်ထိုက်၏ဟု မင်းအဖြစ်ကို ပြုစေ၍ မင်းအဖြစ်ကို ရ၏၊ အိမ်ရှေ့မင်း၏သား, စစ်သူကြီး၏သား, ပုရောဟိတ်အမတ်၏သား, သူဌေး၏သား ဖြစ်ခဲ့ပါမူ အဖ လွန်သဖြင့် အဖ၏ရာထူးကို ရ၏၊ ဥပဓိသမ္ပတ္တိနှင့် ပြည့်စုံသူ မိန်းမသည် မင်းမျိုး၌ ဖြစ်မူ မိဖုယား ဖြစ်ရ၏၊ စစ်သူကြီး စသည်တို့၏ သမီးဖြစ်မူ အမျိုးတူနှင့် အိမ်ထောင်ပြုရသဖြင့် စစ်သူကြီးကတော်, ပုရောဟိတ်ကတော်, သူဌေးကတော် ဖြစ်ရ၏။

### လောကမျက်မြင်

ပိုမိုထင်ရှားအောင် လောကမျက်မြင် ပြဦးမည်၊ ယခုခေတ် လူချမ်းသာ သမီးများ အရုပ်ဆိုး အကြည့်တန် မျက်စိတဖက်ကန်း မျက်စိစွေ နားထိုင်း နားလေး လက်ပြတ် ခြေပြတ် အင်္ဂါချို့တဲ့ ဥပဓိဝိ တ္တိ ဖြစ်ခဲ့မူ အမျိုးတူ လူချမ်းသာ သားများနှင့် အိမ်ထောင်မကျနိုင်၊ သူဆင်းရဲသား မုဆိုးဖိုများနှင့်သာ အိမ်ထောင်ကျ၍ ကိုယ်စိတ် ဆင်းရဲရလေသည်၊ ဆင်းရဲ နွမ်းပါးသူ၏ သမီးများ ဖြစ်သော်လည်း ရုပ်ရေအဆင်း ချောမောလှပခြင်း အင်္ဂါမချို့တဲ့ ဥပဓိသမ္ပတ္တိ ဖြစ်ခဲ့မူ လူချမ်းသာ သားများနှင့် အိမ်ထောင်ကျ၍ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာသုခ ရလေသည်။

## (၃) ကာလဝိပတ္တိ

### အကုသိုလ် အခွင့်သာ

"ကာလဝိပတ္တီတိ ဒုရာဇဒုမနုဿကာလသင်္ခါတော ဝိပန္န-ကာလော။"

ကာလ+အခါကာလ၊ ဝိပတ္တိ+ပျက်စီးခြင်း, မပြည့်စုံခြင်း။

မကောင်းသောမင်း, မကောင်းသော လူတို့၏ လက်ထက်အခါဟု ဆိုအပ်သော မပြည့်စုံသော ကာလကို "ကာလဝိပတ္တိ"ဟု ဆိုသည်။

ကာလဝိပတ္တိ အချိန်အခါ၌ အကုသိုလ်တရားတို့ အကျိုးပေးခွင့် သာ၍ ကုသိုလ်တရားတို့ အကျိုးပေးခွင့် မသာပါလေ။

ထင်ရှားအောင် ပြဦးမည်၊ တဦးသော သတ္တဝါသည် တခုသော မကောင်းမှုကံဖြင့် ကာလဝိပတ္တိဖြစ်သော မကောင်းသောမင်း, မကောင်းသော လူတို့၏ လက်ထက်အခါ အနှစ်မဲ့ဘက် အကာသက်သက်သာ ဖြစ်သော ဩဇာ ညှံ့ဖျင်းကင်းသော ဆယ်နှစ်တမ်းမှာ လူဖြစ်၏၊ ထိုအချိန်အခါ၌ ငါးပါး ကုန်သော နွားနို့ အရသာတို့သည် ပျောက်ပျက်ကုန်၏၊ လူးထမင်းကို မြတ်သော အစာ ပြု၍ သုံးဆောင် စားသောက်ကြရ၏၊ ထိုအချိန်အခါမျိုး၌ လူ့ပြည်မှာ

လူဖြစ်ရသော်လည်း သမင် နွားတို့နှင့် တူသော အသက်မွေးမှုကို ပြုကြရ၏၊ ထိုကာလဝိပတ္တိ အချိန်အခါမျိုး၌ ကုသိုလ်တရား အကျိုးပေးခွင့်သည် မရှိ၊ စင်စစ်လျှင် အကုသိုလ်တရား၏ အခွင့်အခါသာ ဖြစ်၏။

## မဟာသောဏတ္ထေရဝတ္ထု

## ကာလဝိပတ္တိ အပြစ်ပြ

ရဟန္တာ (၂၄၀၀၀)

သီဟိုဠ်ကျွန်းတွင် ဗြာဟ္မဏတိဿ အမည်ရှိသော ခိုးသူဘေးကြီး ဖြစ်သော ကာလ၌ စိတ္တလတောင်, ကျောင်းတွင် တသောင်း နှစ်ထောင်ကုန်သော ရဟန်းတော်တို့သည် သီတင်းသုံး နေတော်မူကြ၏၊ တိဿ အမည်ရှိသော ကျောင်းကြီး၌လည်း တသောင်း နှစ်ထောင်ကုန်သော ရဟန်းတော်တို့သည် သီတင်းသုံး နေတော်မူကြ၏၊ ထိုကျောင်းတိုက်ကြီး နှစ်ခုတို့၌ လှူဒါန်းထားသော သုံးနှစ်စာ အလှူဝတ်ကို တည်ခွဲတည်းဖြင့်သာလျှင် ကြွက်ကြီးတွေ စားပစ်သဖြင့် စပါးခွံမျှသာလျှင် ကြွင်းကျန်၏၊ စိတ္တလတောင်, ကျောင်းမှ သံဃာတော် အပေါင်းသည် 'တိဿ' အမည်ရှိသော ကျောင်းတိုက်ကြီး၌ အလှူဝတ်သည် ဖြစ်လိမ့်လတ္တံ့၊ ငါတို့ ထိုကျောင်းတိုက်ကြီး၌ သီတင်းသုံး နေထိုင်ကြကုန်အံ့ဟု နှလုံးပြု၍ စိတ္တလတောင်, ကျောင်းမှ ထွက်ခွါလာကြကုန်၏။

## ပရိနိဗ္ဗာန်ပြု

တိဿ အမည်ရှိသော ကျောင်းတိုက်ကြီးမှ သံဃာတော် အပေါင်းသည်လည်း စိတ္တလတောင်ကျောင်း၌ အလှူဝတ်သည်ဖြစ်လိမ့်လတ္တံ့၊ ငါတို့ ထိုကျောင်းတိုက်ကြီးသို့ သွား၍ သီတင်းသုံး နေထိုင်ကြကုန်အံ့ဟု နှလုံးပြု၍ တိဿအမည်ရှိသော ကျောင်းတိုက်ကြီးမှ ထွက်ခွါ၍ လာကြကုန်၏၊ ကျောင်းတိုက်ကြီး နှစ်ခုမှ နှစ်သောင်း လေးထောင်သော သံဃာတော် အပေါင်းသည်လည်း တခုသော နက်ရှိုင်းသော ချောက်ကြီး၏ ကမ်းနား၌ ဆိုင်မိကြရာ အချင်းချင်း

မေးမြန်း၍ အလှူဝတ် ကုန်သည်၏ အဖြစ်ကို သိကြရလျှင် ငါတို့ ကျောင်းသို့ သွားနေဘို့ မလိုဟု ဆိုကြ၍ နက်စွာသော ချောက်တောသို့ ဝင်၍ နေသော အမှတ်ဖြင့်လျှင် ပရိနိဗ္ဗာန် ပြုကြကုန်၏၊ ဗြာဟ္မဏတိဿ ခိုးသူဘေး ငြိမ်းအေးရာ နောက်အခါ၌ ရဟန်းသံဃာတော် အပေါင်းသည် သိကြားမင်းကို ခေါ်၍ ထိုနှစ်သောင်း လေးထောင်သော ရဟန္တာတို့၏ ဓာတ်တော်များကို စုရုံးစေပြီး စေတီတည်ထားကြ၏။

## သူခိုးသူပုန်ကို သိကြား မတားမြစ်နိုင်

'ဗြာဟ္မဏတိဿ' အမည်ရှိသော ခိုးသူသည်လည်း ဇနပုဒ်ကို ဖျက်ဆီး၏၊ သံဃာတော် အပေါင်းသည် စည်းဝေးတိုင်ပင်၍ ခိုးသူကို တားမြစ်ပေးပါရန် သိကြားမင်းထံ ရှစ်ယောက်သော မထေရ်တို့ကို စေလွှတ်၏၊ သိကြားမင်းလည်း "အရှင်ဘုရားတို့....ဖြစ်ပေါ်လာသော ခိုးသူကို တားမြစ်ခြင်းငှါ တပည့်တော် မတတ်နိုင်ပါ၊ သံဃာတော် အားလုံးပင် သမုဒ္ဒရာတဖက် ဇမ္ဗူဒိပ်သို့ ကြွတော်မူကြပါ၊ တပည့်တော်သည် သမုဒ္ဒရာ၌ ဘေးမရှိစေရန် စောင့်ရှောက်မှုကို ပြုပါအံ့"ဟု လျှောက်ထား၏၊ သံဃာတော် အပေါင်းသည် အလုံးစုံသော အရပ်မှ နာဂကျွန်းသို့ ကြွ၍ ဇမ္ဗုကောလ အမည်ရှိသော သင်္ဘောဆိပ်၌ ဘုံသုံးဆင့်ရှိသော ဖောင်ကို ဖွဲ့စေ၏။

## မဟာသောဏထေရ်ကို လက်မလွှတ်နှင့်

တဆင့်သည် ရေ၌ နစ်မြုပ်၏၊ တဆင့်၌ သံဃာတော်တို့ နေထိုင်ကြ၏၊ တဆင့်၌ သက်နီး, သပိတ် ပရိက္ခရာတို့ ထားကုန်၏၊ သံယုတ္တနိကာယ်ကို ဆောင်သော စူဠသိဝထေရ်သည်၎င်း၊ ဣသိဒတ္တထေရ်သည်၎င်း၊ မဟာသောဏ ထေရ်သည်၎င်း ဤမထေရ်သုံးပါးသည် ထိုပရိသတ်တွင် အကြီးအမှူး ဖြစ်၏၊ ထိုမထေရ် သုံးပါးတွင် နှစ်ပါးသော မထေရ်တို့သည် မဟာသောဏထေရ်ကို 'ငါ့ရှင် မဟာသောဏ.... ဖောင်ပေါ်သို့ တက်ပါ'ဟု ပြောဆိုကြကုန်၏၊ မဟာသောဏထေရ်ကလည်း "အရှင်ဘုရားတို့....ကြွတော်မူကြပါ"ဟု ပြန်လည် ပြောဆို၏၊ "ငါ့ရှင် သောဏ....ရေမှာဘဲ သေသေ၊ ကုန်းမှာဘဲ သေသေ၊ သေတာ

ချင်းတော့ အကူတူပါဘဲ၊ ငါတို့ မလိုက်ကြပါ၊ "ငါ့ရှင်သောဏ...သင့်ကိုမှီ၍ နောင်အနာဂတ်အခါ သာသနာတော်၏ အစဉ်အဆက်သည် တည်ပါလတ္တံ့၊ ငါ့ရှင်သောဏ သင်လိုက်သွားပါချေ"ဟု သုံးကြိမ်တိုင်အောင် ပြောကြားပါ သော်လည်း "အရှင်ဘုရားတို့ မလိုက်မကြွပါလျှင် ပဗ္ဗည့်တော်လည်း မလိုက်ပါ"ဟု ငြင်းဆိုသဖြင့် စူဠသိဝထေရ်သည် ဣသိဒတ္တထေရ်ကို "ငါ့ရှင် ဣသိဒတ္တ.... အနာဂတ်အခါ၌ မဟာသောဏထေရ်ကို အမှီပြု၍ သာသနာတော်၏ အစဉ် အဆက်သည် တည်ပါလတ္တံ့၊ မဟာသောဏထေရ်ကို လက် မလွှတ်နှင့်"ဟု မိန့်ကြား၏။

## ကာလပျက်၌ စေတီဘုရားမှစ၍ အကျိုးစီးပွားမဲ့

"အရှင်ဘုရား....သင်တို့သည်ကား ဘယ်အရပ်သို့ ကြွမည်နည်း"ဟု လျှောက် ထားမေးမြန်းလျှင် ငါသည် မဟာစေတီကို ရှိခိုးအံ့ဟု မိန့်ကြား မထေရ်နှစ်ပါး ကို ဆုံးမမှာထား၍ အစဉ်အားဖြင့် ဒေသစာရီ ကြွချီလေသော် မဟာဝိဟာရသို့ ရောက်၏၊ ထိုအခါ မဟာဝိဟာရ၌ ရဟန်းသံဃာသည် ဆိတ်သုဉ်း၏၊ စေတီ ယင်ပြင်၌ ကြက်ဆူပင်တို့သည် ပေါက်ရောက်ကုန်၏၊ စေတီတော်ကို ဝန်းရံ၍ ချုံနွယ်ပိတ်ပေါင်းတို့ ပေါက်ရောက် မြေးယှက်ကုန်၏၊ စူဠသိဝထေရ်သည် သက်တော်ထင်ရှား ဘုရားကဲ့သို့ စေတီတော်ကို ရိုသေစွာ ရှိခိုးပြီးလျှင် အနောက် မျက်နှာ၌ရှိသော ကျောင်းသို့ပင်၍ ကြည့်ရှုလျက် ဤသို့သဘောရှိသော လာဘ် အခြံအရံအားဖြင့် မနှိုင်းယှဉ်နိုင်အောင် မြင့်မြတ်သော ဘုရားရှင်၏ သရီရ ဓာတ်တော်များ ကိန်းဝပ်ရာ စေတီတော်ကြီး ဖြစ်ပါလျက် ဆွမ်း, ရေချမ်း, ဆီမီး, ပန်းတို့ဖြင့် ပူဇော်ဦးတင် မြက်အမှိုက်တို့ကို သုတ်သင် ပြုပြင်သူချို့တဲ့ ကိုးကွယ်ရာမဲ့ ဖြစ်ခဲ့၏တကား"ဟု ကာလဝိပတ္တိကြောင့် စေတီဘုရားမှ စ၍ အကျိုးစီးပွားမဲ့ ဖြစ်နေပုံကို ကြံစည်စဉ်းစားလျက် နေ၏။

## စူဠသိဝထေရ်ကို ရက္ခစိုးနတ် စောင့်မ

ထိုအခါ အနီးရှိ သစ်ပင်၌ နေသော ရက္ခစိုးနတ်သည် ခရီးသွားသော လူအသွင်ဖြင့် တကွမ်းစားသောဆန်ကိုရင်း၊တင်လဲခဲကိုရင်း ယူ၍ စူဠသိဝထေရ်၏

အထံသို့ လာပြီးလျှင် "အရှင်ဘုရား.... ဘယ်အရပ်သို့ ကြွမှာလဲ ဘုရား"ဟု လျှောက်ထား မေးမြန်း၏၊ "ဒါယကာ....တောင်အရပ်သို့ ငါသွားမည်"ဟု စူဠသိဝထေရ် မိန့်ကြားလျှင် "တပည့်တော်လည်း တောင်အရပ်သို့ သွားမည်၊ အတူ သွားကြပါစို့ဘုရား"ဟု လျှောက်ထား၏၊ ထိုအခါ စူဠသိဝထေရ်က "ဒါယကာ.... ငါသည် အသက်အရွယ်ကြီးပြီ အားနည်းပြီ သင်နှင့်အတူ မှီအောင် မလိုက်နိုင်ပါ၊ ဒါယကာ....သင်ရှေ့က သွားနှင့်လော့၊ ငါနောက်က ဖြေးဖြေးဘဲ လိုက်လာခဲ့မည်၊" "အရှင်ဘုရား.... တပည့်တော်လည်း အရှင်ဘုရား သွားသလောက် ဖြေးဖြေးဘဲ သွားပါမည်၊ အတူဘဲ သွားကြပါစို့"ဟု လျှောက်ထားပြီးလျှင် မထေရ်၏လက်မှ သပိတ်,သင်္ကန်းကို ယူ၍ အတူသွား၏။

## စူဠသိဝထေရ် သစ်ရွက်ဖြင့်မျှတ

'တိဿ' အမည်ရှိသော ကန်ပေါင်ရိုးသို့ တက်သောအခါ၌ သပိတ်ကို ဆောင်စေ၍ အဖျော်ကိုပြု၍ ပေး၏၊ စူဠသိဝထေရ် သောက်ခါမျှ ခဏ၌လျှင် အနည်းငယ် အားရှိလာ၏၊ ရုက္ခစိုးနတ်သည် မြေကို ချုံး၍ 'ဝေဏု' မည်သော မြစ်၏အနီး၌ ရှိသော ရဟန်းမရှိသော ကျောင်းတကျောင်းသို့ ရောက်၍ မထေရ်၏ နေရာအရပ်ကို သုတ်သင်၍ ပေး၏၊ မိုးသောက်သော အခါ၌ စူဠသိဝထေရ်သည် မျက်နှာသစ် ခံတွင်းကို လုပ်ကျင်းပြီးသော ခဏ၌လျှင် လူအသွင် ဖန်ဆင်းထားသော ရုက္ခစိုးနတ်သည် ယာဂုကျို၍ ကပ်၏၊ ယာဂု သောက်ပြီး၍ မကြာမြင့်မီ ဆွမ်းချက်၍ ကပ်၏၊စူဠသိဝထေရ်သည် "ဒါယကာ.... သင်စားဘို့ရန် ထားဦးလော့"ဟု ဆို၍ သပိတ်ကို လက်ဖြင့် ပိတ်၏။

ထိုအခါ လူ့အသွင် ဖန်ဆင်းထားသော နတ်သည် "တပည့်တော် ဝေးသော အရပ်သို့ မလိုက်တော့အံ့"ဟု ဆို၍ မထေရ်၏ သပိတ်၌ ဆွမ်းကို ထည့်၏၊ စူဠသိဝထေရ်သည် ဆွမ်းစားခြင်းကိစ္စပြီးလျှင် ရှေ့သို့ ခရီးဆက်၍ သွားရာ နတ်သည် မြေကို ချုံး၍'ဇဇ္ဇရ'အမည်ရှိသော မြစ်၏အနီးသို့ ဆောင်၍ "အရှင်

ဘုရား....ဤအရပ်သည် သစ်ရွက်ကို စားကုန်သောသူတို့၏ နေရာအရပ်ပါတည်း၊ ချက်ပြုတ်ရာ နေရာမှ မီးခိုးကို မြင်ရပါ၏၊ တပည့်တော်သည် ရှေ့သို့သွားပါအံ့''ဟု လျှောက်ထား၍ မထေရ်ကို ရှိခိုးပြီးလျှင် မိမိနေရာဘုံဗိမာန်သို့ ပြန်သွား၏၊ စူဠသိဝထေရ်သည် သူခိုးဘေး မအေးမချင်း သစ်ရွက်ကို စားကုန်သော လူတို့ကို မှီ၍နေ၏။

## ဣသိဒတ္တနှင့် မဟာသောဏ သစ်မည်စည်သီးအခွံဖြင့် မျှတ

ဣသိဒတ္တထေရ်နှင့် မဟာသောဏထေရ်တို့သည် အစဉ်အားဖြင့် ဒေသစာရီ ကြွချီကြလေလျှင် 'အဋ္ဌ' အမည်ရှိသော ဇနပုဒ်သို့ ရောက်ကြ၏၊ ထိုဇနပုဒ်၌ လူတို့သည် မမှည့်လွန်းသော သစ်မည်စည်သီးတို့ကို ခွဲ၍ အဆံကို ယူကာ အခွံကို စွန့်ပစ်၍ သွားကြကုန်၏၊ ဣသိဒတ္တထေရ်သည် မဟာသောဏထေရ်ကို ''ငါ့ရှင် မဟာသောဏ... ဒီနေရာမှာ ဆွမ်းရမည် ထင်၏၊ သပိတ်,သက်န်းကိုပေးလော့''ဟု ဆိုကာ သက်န်းကို ရုံပြီး သပိတ်ပိုက်လျက် ရပ်၏၊ သူငယ်တို့သည် မထေရ် ဆွမ်းရပ်သည်ကို မြင်သဖြင့် ''ဤအရှင်အား ပေးလှူခြင်းဖြင့် တစုံတခုသော အကျိုးသည် ရသည် ဖြစ်လတ္တံ့''ဟု နှလုံးပြု၍ သဲကို သုတ်၍ သစ်မည်စည်သီး အခွံကို သပိတ်၌ထည့်၍ ပေးလှူကုန်၏၊ မထေရ်နှစ်ပါးတို့သည် သစ်မည်စည်သီး အခွံကို ဘုဉ်းပေးကြကုန်၏၊ ထိုအာဟာရသည် ခုနစ်ရက်သာလျှင် မျှ၏။

## ဣသိဒတ္တနှင့် မဟာသောဏ ကြာရိုးဖြင့် မျှတ

ရှေ့သို့ ခရီးဆက်၍ သွားကြပြန်ရာ 'စောရိယ' အမည်ရှိသော အိုင်သို့ ရောက်ကုန်၏၊ လူတို့သည် ကြာစွယ်တို့ကို ယူ၍ ကြာရိုးတို့ကို စွန့်ပစ်ပြီး သွားကြကုန်၏၊ ဣသိဒတ္တထေရ်သည် မဟာသောဏထေရ်ကို ''ငါ့ရှင် မဟာသောဏ.... ဒီနေရာမှာ ဆွမ်းရမည် ထင်၏၊ သပိတ်, သက်န်းကို ပေးလော့''ဟု ဆိုကာ သက်န်းကိုရုံပြီး သပိတ်ပိုက်လျက် ရပ်၏၊ ရွာသူသားငယ်တို့သည် ကြာရိုးတို့ကို သုတ်သင်၍ သပိတ်၌ထည့်၍ ပေးလှူကုန်၏၊ မထေရ်နှစ်ပါးတို့သည် ကြာရိုးကို ဘုဉ်းပေးကြကုန်၏၊ ထိုအာဟာရသည် ခုနစ်ရက်သာလျှင် မျှတ၏။

## ဣလိဒတ္တနှင့် မဟာသောဏ ငှက်ပျောသီးဆွမ်းဖြင့် မျှတ

ရှေးသို့ ခရီးဆက်၍ သွားကြပြန်ရာ သစ်ရွက်ပြုတ်ကို စားကြရကုန်သော လူတို့၏နေရာ တခုသော ရွာတံခါးသို့ ရောက်ကုန်၏၊ ထိုရွာ၌ တဦးသော သူငယ်မ၏ အမိအဖတို့သည် သမီးငယ်ကို "ချစ်သမီး....ငါတို့တောသို့ အလုပ်လုပ်သွားမည်၊ ရဟန်း သံဃာ ကြွလာပါလျှင် တပါးအရပ်သို့ ကြွမသွားအောင် လျှောက်ထား၍ ဤအရပ်တွင် သီတင်းသုံး နေထိုင်ရန်နေရာအ ျပ်ကို ပြောကြားပါ"ဟု မှာထားခဲ့၍ တောအရပ်သို့ အလုပ်လုပ် သွားကြကုန်၏၊ သမီးငယ်လည်း မထေရ်နှစ်ပါး ကြွလာသည်ကို မြင်လျှင် လက်မှသပိတ်ကို ယူကာ ထိုင်ရန် နေရာခင်းပေး၏၊ အိမ်မှာ စပါးမျိုးဟူ၍ လုံးဝမရှိပါ၊ ဓားမကို ယူ၍ ချိုသော တောငှက်ပျောသီး, သစ်ခေါက်, နွယ်ချိုရွက်တို့နှင့် တပေါင်းတည်း ရောနှော ခုတ်စင်း ထုထောင်း၍ ဆွမ်းသုံးဘို့ ပြုပြီးလျှင် တဘို့ကို ဣလိဒတ္တထေရ်၏ သပိတ်၌ ထည့်လှူ၏၊ တဘို့ကို မဟာသောဏထေရ်၏ သပိတ်၌ ထည့်လှူ၏၊ ကျန်တဘို့ကို ဣလိဒတ္တထေရ်၏ သပိတ်၌ ထပ်မံထည့်လှူရန် လက်ကိုဆန့်တန်းရာ လက်သည်လည်၍ မဟာသောဏထေရ်၏ သပိတ်၌ ထည့်၏၊ ဣလိဒတ္တထေရ်သည် ဗြာဟ္မဏတိဿ အမည်ရှိသော ခိုးသူဘေး၌ ချိုသော ငှက်ပျောသီးဆွမ်း၏ အကျိုးကို ဒေသကာလ၏ ပြည့်စုံခြင်းဖြင့် အဘယ်မျှလောက်သော အကျိုးကို ပေးလတ္တံ့နည်းဟု မိန့်၏။

## ခိုးသူဘေး မငြိမ်းမချင်း နေရန်ဝန်ခံ

မထေရ်နှစ်ပါးတို့လည်း ငှက်ပျောသီးဆွမ်းကို ဘဉ်းပေးတော်မူကြပြီး နေရာအရပ်သို့ ကြွတော်မူကြ၏၊ သူငယ်မလည်း တောအရပ်မှ ပြန်လာကုန်သော မိဘတို့အား "အို မိခင် ဖခင်တို့.... ရဟန်းတော်နှစ်ပါး ကျမတို့အိမ်သို့ ဆွမ်းခံကြွလာပါတယ်၊ ကျမ ငှက်ပျောသီးဆွမ်း လောင်းလှူပြီး နေထိုင် သီတင်းသုံးရန် နေရာကို လျှောက်ထားလိုက်ပါတယ်"ဟု ပြောကြား၏၊ မိဖ နှစ်ဦးလုံးပင် မထေရ်နှစ်ပါးအထံသို့ သွား၍ ရှိခိုးပြီးလျှင် "အရှင်ဘုရားတို့....

အကြောင် အာမိသကို တပည့်တော်တို့ ရကုန်၏၊ ထိုအာမိသဝတ္ထုဖြင့် အရှင်ဘုရားတို့အား လုပ်ကျွေးပြုစုပါမည်၊ ဤအရပ်၌ပင် သီတင်းသုံး နေထိုင်တော်မူကြပါ” ဟု ပဋိညာဉ်ခံမှုကို ပြုစေကြ၏၊ မထေရ်နှစ်ပါးတို့လည်း ခိုးသူဘေး မအေးမချင်း ထိုအရပ်၌သာလျှင် ထိုသူတို့ကိုမှီ၍ နေတော်မူကြကုန်၏။

## ကာလသမ္ဘတ္တိ အကျိုးပြ

### ခိုးသူဘေး ငြိမ်းအေးခြင်း

'ဗြာဟ္မဏတိဿ' အမည်ရှိသော ခိုးသူ သေလွန်၍ အဖဖြစ်သော မင်းကြီးသည် လီးဆောင်း မင်းပြု၏၊ သူခိုး သူပုန်ဘေးလည်း ငြိမ်းအေး၏၊ ဇနပုဒ်သည် အေးချမ်းပြည့်စုံပြီဟု ကြား၍ ဇမ္ဗူဒိပ်မှ သင်္ဘောဖြင့် သမုဒ္ဒရာကို ကူး၍ ကြွလာသော ရဟန်းသံဃာတော် အပေါင်းသည် မဟာတိတ္ထ အမည်ရှိသော သင်္ဘောဆိပ်သို့ ရောက်၍ မဟာသောဏထေရ်သည် အဘယ်အရပ်၌ နေသနည်းဟု မေးမြန်းပြီးလျှင် မထေရ်၏အထံသို့ ကြွသွားကြကုန်၏၊ မဟာသောဏထေရ်သည် ရဟန်းငါးရာ ခြံရံလျက် ကြွတော်မူရာ 'ကာလက' ရွာ 'မဏ္ဍလာရာမ' အမည်ရှိသော ကျောင်းတိုက်ကြီးသို့ ရောက်၏။

### ပုဆိုးနှင့်ဆွမ်းလှူရန် နတ်တွေနှိုးဆော်

ထိုအချိန်အခါ 'ကာလက'ရွာ၌ ခုနစ်ရာသော အမျိုးတို့သည် နေထိုင်ကြကုန်၏၊ ညဉ့်အဘို့၌ နတ်တို့သည် လှည့်လည်ကုန်၍ “မဟာသောဏထေရ်သည် ရဟန်းငါးရာ ခြံရံလျက် မဏ္ဍလာရာမ အမည်ရှိသော ကျောင်းတိုက်ကြီးသို့ ရောက်ပြီ၊ တဦးတဦးသော ဒါယကာသည် ကိုးတောင်ရှည်သော ပုဆိုးနှင့် တကျပ်တန်ဆွမ်းကို ပေးလှူပါလော့”ဟု လူတို့ကို ပြောကြားကြကုန်၏၊ နောက်တနေ့ နံနက်၌ မထေရ်တို့သည် 'ကာလက' ရွာသို့ ဆွမ်းခံဝင်ကြကုန်၏၊ လူအပေါင်းတို့သည် ထိုင်စေ၍ ယာဂုကို ပေးလှူကြကုန်၏၊ ထိုပရိသတ်၌ 'မဏ္ဍလာရာမ' အမည်ရှိသော ကျောင်းတိုက်၌ သီတင်းသုံးသော တိဿဘူတိထေရ်သည် သံဃာ့လေထေရ်ဖြစ်၍ ထိုင်နေ၏။

## မဟာသောဏထေရ်အား

## ကိုးတောင်ရှည် ပုဆိုး (၇၀၀) တကျပ်တန်ဆွမ်း (၇၀၀) လှူ

တဦးသော ဒါယကာသည် ထိုတိဿဘူတိထေရ်ကို ရှိခိုး၍ "အရှင်ဘုရား.... မဟာသောဏထေရ်သည် အဘယ်မှာနည်း"ဟု မေးလျှောက်၏၊ ထိုအခါ မဟာသောဏထေရ်သည် သီတင်းငယ်ဖြစ်၍ ပရိသတ် အစွန်အဖျားဌ ထိုင်နေ၏၊ တိဿဘူတိထေရ်သည် လက်ကိုဆန့်တန်း၍ "ဒါယကာ....ဤအရှင်ကား မဟာသောဏထေရ်ပင်" ဟု ညွှန်ပြ၏၊ ဒါယကာသည် မဟာသောဏထေရ်ကို ရှိခိုး၍ သပိတ်ကို ယူ၏၊ မဟာသောဏထေရ်သည် သပိတ်ကို မပေးဘဲနေ၏၊ ထိုအခါ တိဿဘူတိထေရ်က "ငါ့ရှင် သောဏ....သင် မသိသလိုပင် ငါတို့လည်း မသိကြပါ၊ ဘုန်းရှိကုန်သော သူတို့အား နတ်တို့လုပ်ကျွေးပါကုန်၏၊ သပိတ်ကို ပေးလိုက်ပါ၊ သီတင်းသုံးဘော်တို့အား ချီးမြှောက်မှုကို ပြုပါ" ဟု ပြောကြား၏။

မဟာသောဏထေရ်သည် သပိတ်ကို ဒါယကာအား ပေးလိုက်၏၊ ဒါယကာသည် သပိတ်ကို ယူ၍ သွားပြီးလျှင် တကျပ်တန် ဆွမ်းဖြင့် ပြည့်စေ၍ ကိုးတောင်ရှိသော ပုဆိုးကို သပိတ်ခြေ(အောက်ခံ အခင်း အခု) ပြု၍ ဆောင်ယူပြီးလျှင် မဟာသောဏထေရ်၏လက်၌ ကပ်လှူ၏၊ အခြား တဦးသော ဒါယကာသည်လည်း ထို့အတူ ကိုးတောင်ရှိသော ပုဆိုးနှင့် တကျပ်တန် ဆွမ်းကို လှူ၏၊ ဤသို့လျှင် ခုနစ်ရာသော ဒါယကာတို့သည် ကိုးတောင်စီရှိသော ပုဆိုး ခုနစ်ရာနှင့် တကျပ်စီတန်သော ခုနစ်ရာသော ဆွမ်းတို့ကို မဟာသောဏထေရ်အား သာလျှင် ပေးလှူကြကုန်၏။

## မဟာသောဏထေရ်

## ပုဆိုး (၇၀၀) နှင့် တကျပ်တန် ဆွမ်းလုံး (၇၀၀)ကို သံဃာအား ဝေဖန်

မဟာသောဏထေရ်သည် ခုနစ်ရာသော ပုဆိုးနှင့် ခုနစ်ရာသော ဆွမ်းလုံးတို့ကို သံဃာတော်အားလုံးအား ခွဲခြမ်း ဝေဖန်၍ ပေး၏၊ ထို့နောက် ဒေသစာရီ

ဆက်လက်ကြွချီရာ မဟာဝိဟာရသို့ ရောက်၍ ခံတွင်းကို လုပ်ကျင်း ဆေးကြော ပြီး မဟာဗောဓိနှင့် မဟာစေတီကို ရှိခိုး၍ ထူပါရုံ၌ ရပ်ကည့်လျက် ဘက်နံးရှိ ပြီးလျှင် ရဟန်းအပေါင်း ခြံရံလျက် တောင်တံခါးဖြင့် မြို့တွင်းသို့ ဝင်ရာ တံခါးမှနေထိုင်တည်းခိုသောစရပ်တိုင်အောင်သော အတွင်း၌ ခြောက်ဆယ်ကျပ် တန် ဆွမ်းကို ရ၏၊ ထိုမှနောက်၌ ပူဇော်သက္ကာရ၏ ပမာဏသည် မရှိပြီ။

ဤသို့လျှင် အခါပျက် သူခိုး သူပုန်ထနေသော ကာလဝိပတ္တိ အချိန်အခါ၌ သစ်မည်စည်သီးအခွံ၊ ကြာရိုးဆွမ်းကိုပင် ရဘို့ရာ မလွယ်ကူချေ၊ ခေတ်ကောင်း အခါကောင်း တိုင်းပြည် ချမ်းသာယာ ဝပြောစည်ပင်သော ကာလသမ္ပတ္တိ အခါ၌ မွန်မြတ်တဲ့ ဆွမ်းအာဟာရ, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလာဘ် ပေါများရလွယ် ချမ်းသာဖွယ်တွေနှင့် ကြုံရလေသည်။

## ကာလဝိပတ္တိ အပြစ်ပြ

### ဝတ္တဗ္ဗကနိဂြောဓတ္ထေရဝတ္ထု

#### ထန်းသီးခိုင်ခုတ်

'ဝတ္တဗ္ဗကနိဂြောဓ' အမည်ရှိသော ထေရ်သည် သာမဏေအရွယ် ငယ်စဉ် အခါမှာပင် ဗြာဟ္မဏတိဿ ခိုးသူဘေးနှင့် ကြုံ၏၊ ထိုအခါပျက် ကာလဝိပတ္တိ အချိန်၌ ထိုသာမဏေသည် ဥပဇ္ဈာယ်ဆရာနှင့်အတူ ဇမ္ဗူဒိပ်သို့ မသွားဘဲ သစ်ရွက်ကို စားသော လူတို့ကိုမှီ၍ နေကြကုန်အံ့ဟု ရွာစွန်သို့ ရှေးရှုသွားကြ ကုန်၏၊ သာမဏေသည် ခုနစ်ရက်ပတ်လုံး အစာအာဟာရ မစားရ၍ ဆာလောင် လှသောကြောင့် တခုသော ရွာအရပ်ရှိ ထန်းပင်၌ ထန်းသီးမှည့်ကို မြင်၍ ဥပဇ္ဈာယ်ဆရာကို "အရှင်ဘုရား....အတန်ငယ် ဆိုင်းငံ့တော်မူပါ၊ တပည့်တော် ထန်းပင်မှ ထန်းသီးမှည့် ဆွတ်ခူးချွေချပါမည်"ဟု လျှောက်ထား၏၊ ဥပဇ္ဈာယ် ဆရာက "သာမဏေ....သင်သည် အားနည်းလှ၏၊ မတက်ပါလင့်"ဟု တားမြစ်၏၊ "အရှင်ဘုရား....မတားမြစ်ပါလင့်"ဟု လျှောက်ထားပြီး မားငယ်ကို ယူ၍

ထန်းပင်သို့ တက်ပြီးလျှင် ထန်းသီးခိုင်ကို ခုတ်ဖြတ်၏၊ ဓားသွားသည် အရိုးမှ ကျွတ်၍ မြေသို့ကျ၏။

## ထန်းသီးဖြင့် မျှတ

ဥပဇ္ဈာယ်ဆရာသည် "ဤသာမဏေသည် ပင်ပန်း နွမ်းနယ်သော ကိုယ်ဖြင့် ထန်းပင်သို့တက်၏၊ ယခု ဘယ်လိုလုပ်မလဲ"ဟု ကြံစည်၏၊ သာမဏေသည် ထန်းရွက်များကိုခွဲစိတ်၍ ဓားရိုးကို ချည်ဖွဲ့၍ ဆက်ခါ ဆက်ခါ မြေသို့ချပြီးလျှင် ဥပဇ္ဈာယ်ဆရာကို "အရှင်ဘုရား....ဓားသွားကို အရိုးသို့ သွင်းပေးတော်မူပါ ဘုရား"ဟု လျှောက်ထား၏၊ ဥပဇ္ဈာယ်ဆရာသည် "သာမဏေသည် အကြောင်း ဟုတ်သည်ကို သိသောဉာဏ်နှင့် ပြည့်စုံ၏"ဟု အောက်မေ့၍ ဓားသွားကို အရိုးသို့ သွင်းပေးလိုက်၏၊ သာမဏေသည် ထန်းရွက်ကြိုးဖြင့် ငင်ယူပြီးလျှင် ထန်းသီးခိုင်ကို ခုတ်ဖြတ်၍ ချ၏ ဥပဇ္ဈာယ်ဆရာသည် ဓားကို အောက်သို့ ချစေ၍ လိမ့်သွားသော ထန်းသီးကို ယူ၍ ဓားဖြင့်ခွဲပြီးလျှင် ထန်းပင်မှ ဆင်းလာသော သာမဏေကို "ဟဲ့-သာမဏေ သင်သည် ဆာလောင် အားနည်းနေ၏၊ ဤထန်းသီးကို စားဦးလော့"ဟု ဆို၏။

## စေတီယင်ပြင် ပေါင်း မြက်သုတ်သင်

ထိုအခါ သာမဏေသည် "အရှင်ဘုရား မစားခင် တပည့်တော် အဦး မစားပါ"ဟုဆို၍ ဓားကို ယူပြီးလျှင် ထန်းသီးမှည့်ကို ခွဲ၍ သပိတ်၌ ထန်းစေ့ ထန်းနှစ်တို့ကို ထည့်၍ ဥပဇ္ဈာယ်ဆရာအား ကပ်ပြီးလျှင် မိမိသည် စား၏၊ ထန်းသီးမကုန်မချင်း ထန်းပင်အနီး၌သာလျှင် နေကြ၍ ထန်းသီးကုန်သောအခါ ခရီးဆက်ကာ သစ်ရွက်ကို စားကုန်သော သူတို့၏နေရာ စွန့်ပစ်ထားတဲ့ ကျောင်း တကျောင်းသို့ ရောက်၍ သာမဏေသည် ဥပဇ္ဈာယ်ဆရာ၏ နေရာအရပ်ကို သုတ်သင်၍ ပေး၏၊ ဥပဇ္ဈာယ်ဆရာသည် သာမဏေအား 'ဩဝါဒ' ပေးပြီးလျှင် ကျောင်းတွင်းသို့ ဝင်၏၊ သာမဏေသည် "အရပ်မဟုတ်သည်၌ ပျက်စီးသော အတ္တဘောတို့၏ ပမာဏမည်သည် မရှိ၊ ဘုရားကို ဆည်းကပ်ခစားအံ့"ဟု ကြံပြီး စေတီယင်ပြင်သို့ သွား၍ ပေါင်းမြက်တို့ကို သုတ်သင်၏။

## ပျားရည်လှူပြီး နေရပ်ပင့်သွား

ခုနစ်ရက်ပတ်လုံး အစာမစားရသဖြင့် တုန်တုန်လှုပ်လှုပ်နှင့် အားပြတ်ကာ လဲ၏၊ ထ၍ မနုတ်နိုင်သောကြောင့် အိပ်လျက်မြက်နုတ်ပြန်၏၊ အချို့သော လူတို့သည် တောအရပ်၌ လှည့်လည်၍ ပျားရည်ကို ရ၍ ထင်းနှင့် ဟင်းရွက်တို့ကို ယူကာ မြက်လှုပ်သော အမှတ်သညာဖြင့် "ဤအရာကား သမင်လေလော"ဟု ယုံမှားမကင်း သာမဏေထံသို့ ချဉ်းကပ်၍ "ကိုရင်ဘာလုပ်နေသလဲ"ဟု မေးမြန်းကုန်၏၊ ထိုအခါ သာမဏေက "ဒါယကာတို့.... စေတီတော်ကြီး ယင်ပြင်မှာ ပေါင်းမြက်များကို သုတ်သင်ပါသည်"ဟု ဆိုလျှင် "ကိုရင်.... ဒီကျောင်းမှာ အခြားရဟန်းတော်များ ရှိပါသေးသလား၊ ဒါယကာတို့.... ဥပဇ္ဈာယ်ဆရာ ကျောင်းတွင်းမှာ ရှိပါသည်၊ အိုကိုရင်.... ဒီပျားရည်ကို ဥပဇ္ဈာယ်ဆရာအား ကပ်ပြီး စားပါ"ဟု ပြောကြား၍ သာမဏေအား ပျားရည်ကို ပေးလှူခဲ့ကာ မိမိတို့၏ နေရာအရပ်ကို ပြောကြားပြီးလျှင် တပည့်တော်တို့သည် သစ်ခက်ကို ချိုးသည်ကိုပြု၍ သွားပါကုန်အံ့၊ ထိုသစ်ခက်ချိုး အမှတ်ဖြင့် ဥပဇ္ဈာယ်ဆရာကို ခေါ်၍ တပည့်တော်တို့အထံသို့ ကြွလာခဲ့ပါဟု မှာထားပြီး ပြန်သွားကြကုန်၏။

## ဥပဇ္ဈာယ်ဆရာနှင့် သာမဏေ နေ့ချင်းကြွလိုက်

သာမဏေသည် ပျားရည်ကို ယူ၍ ဥပဇ္ဈာယ်ဆရာ၏ အထံသို့ သွားပြီးလျှင် ကျောင်းပြင်ဘက်၌ ရပ်လျက် "အရှင်ဘုရား.... ရှိခိုးပါ၏"ဟု လျှောက်ထား၏၊ ထိုအခါ ဥပဇ္ဈာယ်ဆရာက "သာမဏေသည် ဆာလောင်မွတ်သိပ်၍ လာသည် ဖြစ်လတ္တံ့"ဟု အောက်မေ့မှတ်ထင်ပြီး စကားမပြောဘဲ တုဏှိဘော နေ၏၊ သာမဏေသည် နောက်ထပ်တခါ "အရှင်ဘုရား.... ရှိခိုးပါ၏"ဟု လျှောက်ထား၏၊ ဥပဇ္ဈာယ်ဆရာက "ဟဲ့ သာမဏေ.... အစာမစားရလို့ ငတ်မွတ်အားနည်းနေတဲ့ ရဟန်းကို ဘာကြောင့် ချမ်းသာစွာ မအိပ်ရအောင် လုပ်နေတာလဲ"ဟု ပြောကြားလျှင် "အရှင်ဘုရား.... တံခါးဖွင့်ပေးတော်မူပါဘုရား"ဟု လျှောက်၏၊ ဥပဇ္ဈာယ်ဆရာလည်း ထ၍ တံခါးဖွင့်ပေးပြီး သာမဏေ....ဘာကို ရခဲ့သလဲ" ဟု မေး၏၊ အရှင်ဘုရား.... ဒါယကာတွေ ပျားရည်လှူသွားပါတယ်၊ ဘုဉ်းပေး

သုမင်္ဂလဝိလာသိနီ (က) ၁၀၄-၁၃

တော်မူပါ"ဟု လျှောက်လျှင်- "သာမဏေ.... ဒီအတိုင်း မစားလို အဖျော်ပြု၍ သောက်မည်"ဟု ဆိုလျှင် သာမဏေသည် အဖျော်ပြုလုပ်၍ ကပ်၏၊ ဥပဇ္ဈာယ် ဆရာလည်း အဖျော်ကို သောက်ပြီးလျှင် သာမဏေ.... လူတို့နေရာအရပ်ကို မမေးလိုက်ဘူးလား၊ အရှင်ဘုရား.... သူတို့ကိုယ်တိုင် ပြောကြားသွားပါတယ်၊ "သာမဏေ မနက်ဖြန်ခါမှ သွားလျှင် ပင်ပန်းနေမည်၊ ယနေ့ပင် သွားကြစို့"ဟု သပိတ် သက်န်းကို ယူစေ၍ သွားပြီးလျှင် လူတို့၏နေရာအရပ်နှင့် မနီးမဝေး နေရာ၌ အိပ်ကြကုန်၏။

## သစ်ဥ သစ်ဖု သစ်ရွက်သစ်သီးများကို ပေးလှူ

သာမဏေသည် ညဉ့်အဘို့၌ ကြံစည်သည်မှာ "ငါသည် ရှင်သာမဏေ ဖြစ်ရာအခါမှစ၍ ရွာအနီး၌ အိပ်စက်၍ အရုဏ်မတက်ဘူးဘူး၊ ဤသို့ကြံစည် ပြီး သပိတ်ကိုယူကာ အရုဏ်တက်သည်တိုင်အောင် တောအရပ်သို့ သွား၍ နေ၏၊ ဥပဇ္ဈာယ်ဆရာသည် သာမဏေကို အိပ်ရာအရပ်၌မမြင်လျှင် သာမဏေ ကို ဘီလူး သားရဲတွေ ဘမ်းယူစားသွားပြီဖြစ်မည်"ဟု ကြံစည်၏၊ သာမဏေ သည် တောအရပ်၌ အရုဏ်ကိုတက်စေပြီး သပိတ်ဖြင့် ရေကိုရှင်း၊ ဒန်ပူကိုရှင်း ယူ၍ ဥပဇ္ဈာယ်ဆရာ့အထံ လာ၏၊ ဥပဇ္ဈာယ်ဆရာက"သာမဏေ.... ဘယ်သွား နေသလဲ၊ သင်သည် ရဟန်းအိုများကို ယုံမှားမှုဖြစ်အောင် ပြုလုပ်ခဲ့၏၊ ဒဏ်အမှု ကို ပြုရမည်"ဟု ပြောကြား၏၊"အရှင်ဘုရား....ပြုပါအံ့"ဟု ဆို၏၊ ဥပဇ္ဈာယ် ဆရာသည် မျက်နှာသစ်ပြီး သက်န်းကို ရုံ၏၊ နှစ်ဦးသော ဆရာတပည့်တို့သည် လူဘို့၏နေရာအရပ်သို့ သွားကြကုန်၏၊ လူတို့သည် မိမိတို့စားသော သစ်ဥ သစ်ဖု သစ်ရွက် သစ်သီးတို့ကို ပေးလှူကြကုန်၏၊ ဆရာတပည့်နှစ်ဦးတို့သည် ပေးလှူ သော သစ်ဥ သစ်ဖု သစ်သီး သစ်ရွက်တို့ကို စားပြီး ကျောင်းသို့ ပြန်သွားကြ ကုန်၏။

## ပိဋကတ် သုံးပုံဆောင် ပုဂ္ဂိုလ်ဖြစ်လာ

သာမဏေသည် ရေကို ဆောင်ယူ၍"အရှင်ဘုရား.... ခြေဆေးပေးပါအံ့"ဟု ဆို၏၊ ထိုအခါ ဥပဇ္ဈာယ်ထေရ်က "သာမဏေ.... သင် ညက ဘယ်ကို သွား

သလဲ၊ ငါတို့အား ယုံမှားမှုကို ဖြစ်စေခဲ့၏”ဟု မေး၏၊ “အရှင်ဘုရား....တပည့်တော် သာမဏေဖြစ်ရာအခါမှစပြီး ရွာအနီးမှာ ညအိပ်ပြီး အရဟတ်မတက်ဘူးပါ၊ တောအရပ်သို့ အရဟတ်တက်စေရန် သွားပါသည်” “သာမဏေ... သင့်အား ဒဏ်အမှုသည် မလျောက်ပတ်၊ ငါတို့အားသာလျှင် အပြစ်ရှိ၏”ဟုဆို၍ ဥပဇ္ဈာယ်ထေရ်သည် ထိုအရပ်၌သာလျှင် နေ၏၊ သာမဏေအားလည်း “သာမဏေ.... ငါတို့ အသက်ကြီးပြီ၊ အိုမင်းကုန်ပြီ၊ ဤမည်သောအမှုသည် ဖြစ်လတ္တံ့ဟု သိခြင်းငှါ မစွမ်းနိုင်ပြီ၊ သင်သည် မိမိကိုယ်ကို စောင့်ရှောက်ပါလော့”ဟု အမှတ်သညာကို ပေး၏၊ ဥပဇ္ဈာယ်ထေရ်ကား အနာဂါမ်ပုဂ္ဂိုလ်တည်း၊ ထိုထေရ်ကို နောက်အခါ၌ ဘီလူးသားရဲတို့ ဘမ်းယူသတ်စားကုန်၏၊ သာမဏေသည် မိမိကိုယ်ကို စောင့်ရှောက်၍ ဗြာဟ္မဏတိဿ ခိုးသူဘေး ငြိမ်းအေးရာအခါ၌ ဥပဇ္ဈာယ်အသစ်ယူ၍ ပဉ္စင်းခံပြီးလျှင် ဘုရားစကားတော်ကို သင်ယူ၍ ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်ဖြစ်လေ၊ ကား ဝတ္တဗ္ဗကနိဂြောဓထေရ် ခေါ်တွင်သည်။

## ကာလသမ္ပတ္တိ အကျိုး ပြ

### အခါကောင်း၌လာဘ်များ

ဗြာဟ္မဏတိဿခိုးသူ သေဆုံး၍ အဖဖြစ်သောမင်းကြီးသည် မင်းပြု၏ဟု ကြားသိ၍ ဇမ္ဗူဒိပ်မှ လာကုန်သော ရဟန်းတို့သည် ဝတ္တဗ္ဗကနိဂြောဓထေရ်သည် ဘယ်မှာနည်းဟု မေးမြန်း၍ ထိုမထေရ်၏ အထံသို့ သွားကြကုန်၏၊ များစွာသော ရဟန်းတော်အပေါင်းသည် မထေရ်ကို ဝန်းရံကြကုန်၏၊ ဝတ္တဗ္ဗကနိဂြောဓထေရ်သည် ရဟန်းသံဃာ များစွာ ခြံရံလျက် အစဉ်အားဖြင့် ကြွတော်မူရာ မဟာဝိဟာရသို့ ရောက်၍ မဟာဗောဓိ မဟာစေတီ ထူပါရုံတို့ကို ရှိခိုး၍ မြို့တွင်းသို့ ဝင်၏၊ တောင်တံခါးတိုင်အောင် ကိုးဌာနတို့၌ တိစီဝရိက်သည် ဖြစ်၏၊ မြို့တွင်းသို့ဝင်ရာ အခါမှစ၍ များစွာသော ပူဇော်သက္ကာရသည် ဖြစ်၏။

ဤသို့လျှင် အခါပျက် ကာလဝိပတ္တိ၌ ထန်းသီး သစ်ဉ သစ်ဖု သစ်မြစ် ဟင်းရွက် အစာအာဟာရကိုပင် ရဘို့ရာ မလွယ်ကူလှချေ၊ ခေတ်အခါကောင်း

ကာလသမ္ပတ္တိ၌ ပစ္စည်းလာဘ်လာဘ ပေါများပြည့်စုံပြီး နှစ်မြို့ဖွယ်ရာ ချမ်းသာ သုခတွေနှင့် ကြုံရလေသည်။

## (၃) ကာလသမ္ပတ္တိ

### ကုသိုလ် အခွင့်သာ

"ကာလသမ္ပတ္တီတိ သုရာဇ သုမနုဿကာလသင်္ခါတော သမ္ပန္နကာလော"

ကာလ+အခါ၊ သမ္ပတ္တိ+ပြည့်စုံခြင်း။

"မင်းကောင်း မင်းမြတ် လူကောင်း သူကောင်းတို့၏ လက်ထက်ဟု ဆိုအပ်သော ထိုကာလသမ္ပတ္တိ အခါမျိုး၌ ကုသိုလ်တရားတို့ အခွင့်သာ၍ အကုသိုလ် တရားတို့ အခွင့်မသာပါလေ။

ထင်ရှားစေအံ့–အကြင်သူသည် ကောင်းမှုကံဖြင့် ကမ္ဘာဦး၌ ဖြစ်၏၊ ဘုရား ပွင့်ရာ သာသနာထွန်းလင်းရာ အချိန်အခါ၌ ဖြစ်၏၊ စကြာမင်း ထွန်းပေါ်ရာ အချိန်အခါ၌ ဖြစ်၏၊ ဤကဲ့သို့ မင်းကောင်း မင်းမြတ် လူကောင်း သူကောင်း တို့၏ လက်ထက်ဟု ဆိုအပ်သော ကာလသမ္ပတ္တိ၌ ဖြစ်၏၊ ထိုသူသည် ရှေးအတိတ်က အကုသိုလ်ကံတွေ ပြုခဲ့ဘူးသော်လည်း ကာလသမ္ပတ္တိဖြင့် တားမြစ်ထားသောကြောင့် အကျိုးပေးခွင့် မသာနိုင်လေ၊ ကုသိုလ်တရားတို့သာ ဆက်ကာဆက်ကာ အခွင့်သာလေသည်။

## (၄) ပယောဂဝိပတ္တိ

### အကုသိုလ် အခွင့်သာ

"ပယောဂဝိပတ္တီတိ မိစ္ဆာပယောဂေါ"

ပယောဂ+အားထုတ်လုံ့လ၊ ဝိပတ္တိ+ပျက်စီးခြင်း, မပြည့်စုံခြင်း။

လုံ့လဝီရိယ၏ မပြည့်စုံခြင်း၊ ချို့ယွင်း ဖောက်ပြန် မမှန်လုံ့လပြုခြင်းကို ပယောဂဝိပတ္တိဟု ဆိုသည်၊ ထိုပယောဂဝိပတ္တိ ဖြစ်ခိုက် အကုသိုလ်တရားတို့ အကျိုးပေးခွင့်သာ၍ ကုသိုလ်တရားတို့ အကျိုးပေးခွင့် မသာလေ။

### ဆင်းရဲအမျိုးမျိုး

ထင်းရှားစေအံ့–တဦးသော လူသည် ပယောဂဝိပတ္တိ၌ တည်လျက် သူ့အသက်သတ်ခြင်း, သူ့ဥစ္စာကို ခိုးယူခြင်း, သူ့မယားကို မှားယွင်း လွန်ကျူးခြင်း, လိမ်ညာခြင်း, အရက်သောက်ခြင်း အကုသိုလ်မှုတွေကို ပြု၏၊ ထိုလူကို အစိုးရမင်းတို့သည် ဖမ်းဆီး၍ ကြိမ်ဒဏ်, ထောင်ဒဏ်, သေဒဏ် ပေးကုန်၏၊ ထိုလူသည် ပယောဂဝိပတ္တိကြောင့် အကုသိုလ်အကျိုးပေးခွင့်သာကာ ပျက်စီးရရှာသည်၊ ဖဲရိုက်, ကြက်တိုက်, ဂျင်ဝိုင်း, လောင်းကစား, မုဆိုး တံငါ သားသတ် လူမိုက်များလည်း ပယောဂဝိပတ္တိ၌ တည်၏၊ ထိုသူတို့ကိုလည်း ဤသူကား ဖဲသမား, ကြက်သမား, ဂျင်သမား, ကစားသမား, မုဆိုးဘဲ, တံငါဘဲ, သားသတ်ဘဲဟု အမျိုးတူ သားသမီးတို့ လက်ထပ် ထိမ်းမြားမှုကိုပင် မပြုချင်ဘဲ ရှောင်ကြဉ်ကြကုန်၏၊ ဤသို့လျှင် ပယောဂဝိပတ္တိ၌ တည်သူတို့ကား ချမ်းသာခွင့် မမြင်နိုင်ပြီ။

## (၄) ပယောဂသမ္ပတ္တိ

### ကုသိုလ် အခွင့်သာ

"ပယောဂသမ္ပတ္တီတိ သမ္မာပယောဂေါ"

ပယောဂ+အားထုတ်လုံ့လ၊ သမ္ပတ္တိ+ပြည့်စုံခြင်း။

"လုံ့လဝီရိယ၏ ပြည့်စုံခြင်း–မှန်ကန်သော လုံ့လပြုခြင်းကို 'ပယောဂသမ္ပတ္တိ'ဟု ဆိုသည်၊ ထိုပယောဂသမ္ပတ္တိဖြစ်ခိုက် ကုသိုလ်တရားတို့ အကျိုးပေးခွင့် သာ၍ အကုသိုလ်တရားတို့ အခွင့် မသာနိုင်ပါလေ။"

### ချမ်းသာ အမျိုးမျိုး

ထင်ရှားစေဦးအံ့–တဦးသော လူသည် ပယောဂသမ္ပတ္တိ၌ တည်လျက် သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်၏၊ သူ့မယားကို သွားလာလွန်ကျူးခြင်းမှ ရှောင်ကြဉ်၏၊ လိမ်ညာခြင်းမှ ရှောင်

ကြဉ်၏၊ အရက်သောက် ဘိန်းစားခြင်းမှ ရှောင်ကြဉ်၏၊ ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်တို့ကို ပြည့်စုံစေ၏၊ ထိုပယောဂသမ္ပတ္တိနှင့် ပြည့်စုံသူအား အကုသိုလ်တရားတို့ အခွင့်မသာချေ၊ ကုသိုလ်တရားတို့သာ အခွင့်သာ၍ ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းမှစ၍ ချမ်းသာသုခ အမျိုးမျိုးနှင့်သာ ကြုံရလေသည်။

## သမ္ပာပယောဂဌ် တည်သူ ဘုန်းကြီး

သမ္ပာပယောဂဌ် တည်၍ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းခြင်း, ဆယ်ပါးသီလကို လုံခြုံအောင် စောင့်ထိန်းခြင်း, ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်တရားကို ပြည့်စုံစေသူအား မင်းတို့သည် သမီးကညာ ဥစ္စာရတနာ လက်ဆောင် ပဏ္ဏာတို့ကို ဤသူအား လျောက်ပတ်၏ဟု ပို့စေကုန်၏၊ ရဟန်းအဖြစ်သို့ ရောက်သော်လည်း အခြံအရံများ၍ ဘုန်းတံခိုးကြီး၏။

ဝတ္ထုသက်သေမှာ- ကူဋကဏ္ဏအမည်ရှိသော မင်းသည် ဂိရိရွာအနီး သီတင်းသုံးသော စူဠဓမ္မထေရ်ကို မြတ်နိုးကြည်ညို၏၊ ထိုကူဋကဏ္ဏမင်းသည် ကြာအတိ ပြည့်သော အိုင်ကို မှီဝဲ၍ နေသော မထေရ်ကို ပင့်ခေါ်စေ၏၊ မထေရ်သည် ကြွလာ၍ ပန်းအရံရှိသောကျောင်း၌ နေ၏၊ မင်းသည် မထေရ်၏ မယ်တော်ကို "မထေရ်သည် အဘယ်ကို နှစ်သက်ပါသနည်း"ဟု မေး၏၊ "အဥ အဖုကိုနှစ်သက်ပါသည်"ဟု ဖြေလျှင် မင်းသည် အဥအဖုကို ယူ၍ မထေရ်အား လှူ၏၊မထေရ်၏ မျက်နှာကိုမော်၍ မဖူးမျှော်ဝံ့ချေ၊ မင်းသည် ကျောင်းမှပြန်ထွက်၍ ပရိဝုဏ် ပြင်ဘက်အရောက်တွင် မိဖုယားကို"မထေရ်သည်အဘယ်သို့ ရုပ်သွင်ရှိသနည်း"ဟု မေး၏၊ထိုအခါ မိဖုယားက"မင်းမြတ်....သင်သည် ယောကျ်ားဖြစ်လျက် မျက်နှာတော်ကိုမျှ မော်၍ မဖူးမျှော်ဝံ့ချေ၊ ကျမအဘယ်မှာ မျက်နှာတော်ကို မော်၍ ကြည့်ဝံ့ပါ့မလဲ၊ ဘယ်လိုရုပ်သွင် ရှိသည်မသိပါ"ဟု ဖြေလျှင် မင်းသည် ငါ၏ တိုင်းပြည်၌ အခွန်ဆက်သူ၏ သားကို မျက်နှာကိုမျှ မော်၍မကြည့်ဝံ့၊ "အချင်းတို့....ဘုရားသာသနာမည်သည်ကား မြတ်ပေစွ"ဟု လက်ဖျစ်တီး၍ အံ့ချီး၏။

## မစင်ခံအိုးကို ဦးတိုက်

ထိုမင်းသည် တိပိဋကစူဠနာဂထေရ်ကိုလည်း မြတ်နိုးကြည်ညို၏၊ အခါတပါး ထိုမထေရ်၏ လက်ချောင်း၌ အိုင်းအမာသည် ပေါက်၏၊ မင်းသည် မထေရ်ကို ဖူးမြင်မည်ဟု ကျောင်းသို့ လာရာ မထေရ်၏ လက်ချောင်းတွင် အိုင်းအမာ ပေါက်သည်ကို မြင်၍ မထေရ်၌ ချစ်မြတ်နိုးခြင်းဖြင့် အိုင်းအမာရှိသော လက်ချောင်းကို ခံတွင်းဖြင့် စုတ်၏၊ ခံတွင်းအတွင်း၌သာလျှင် အိုင်းအမာသည် ပြည်ပေါက်၏၊ မထေရ်၌ ချစ်မြတ်နိုးခြင်းဖြင့် သွေးပြည်ကို မထွေးဘဲ မျိုချ၏၊ တိပိဋကစူဠနာဂမထေရ်သည်ပင် နောက်ကာလ၌ သေဘ္ဘိရာ ညောင်စောင်း၌ လျောင်းနေစဉ် မင်းသည် လာလတ်၍ မစင်ခံသောအိုးကို ဦးတိုက်ပြီးလျှင် "တရားလှည်းဝင်ရိုးကြီး ကျိုးပြီ"ဟု ငိုမြည်တမ်း၍ ပြန်သွား၏၊ တိုင်းပြည်ကို အစိုးရသောမင်း ဖြစ်ပါလျက် မစင်ခံသောအိုးကို ဦးတိုက်ခြင်းသည် ကောင်းစွာ လုံ့လပြုခြင်း "သမ္မာပယောဂ"၏ အကြောင်းပင် ဖြစ်သည်။

ယင်းသို့လျှင် ဝိပတ္တိတရားလေးပါး အခိုက်၌ အကုသိုလ်တရားတို့ အခွင့်သာ၍ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်း ဖြစ်ရသည်၊ သမ္ပတ္တိတရားလေးပါး အခိုက်၌ ကုသိုလ်တရားတို့ အခွင့်သာ၍ ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာ ခြင်း ဖြစ်ရလေသည်၊ ထို့ကြောင့်လျှင် ဝိပတ္တိတရားလေးပါးမှ ဘဝဆက်တိုင်း ကင်းလွတ်ရန် ဆုတောင်းကြသည်။

## ကျက်မှတ်ရန်

### ဝိပတ္တိ (၄) ပါး

(၁) အပါယ်ဘူမိ၊ ဒုဂ္ဂတိ၊ ဂတိဝိပတ္တိ။
(၂) ရုပ်ဆင်းချို့ဘိ၊ ဥပဓိ၊ မှတ်သိ ဝိပတ္တိ။
(၃) မင်းလူဆိုးလှ၊ အခါကျ၊ ကာလဝိပတ္တိ။
(၄) မှားယွင်းလုံ့လ၊ ပယောဂ၊ မှဘ်ကြဝိပတ္တိ။

## သမ္ပတ္တိ (၄) ပါး

(၁) လူနတ်ဘုမ်၊ သုဂတိ၊ ဂတိသမ္ပတ္တိ။
(၂) ရုပ်ဆင်းလှဘိ၊ ဥပဓိ၊ မှတ်သိ သဇ္ဇတ္တိ။
(၃) မင်းလူကောင်းလှ၊ အခါကျ၊ ကာလသမ္ပတ္တိ။
(၄) မှန်ကန်လုံ့လ၊ ပယောဂ၊ မှတ်ကြသမ္ပတ္တိ။

## ဗျသနတရား ငါးပါး၌ သိမှတ်ဖွယ်

ဗျသန+ပျက်စီးခြင်း။

ပျက်စီးခြင်းတရား ငါးပါးရှိသည် ဟူ၏။

၎င်း တရား ငါးပါးသည် စီးပွားချမ်းသာကို ဖျက်ဆီးတတ်သည်။

### (၁) ဉာတိဗျသန

"ဉာတီနံ ဗျသနံ ဉာတိဗျသနံ၊ စောရရောဂဘယာဒိဟိ
ဉာတိ ဝိနာသောတိ အတ္ထော။"

(သုတ်ပါထေယျ-သင်္ဂီတိသုတ်အဖွင့်)

သူခိုး သူပုန်ဘေး, အနာရောဂါဘေး စသည်တို့ဖြင့် ဆွေမျိုးတို့၏ ပျက်စီးခြင်းသည် 'ဉာတိဗျသန' မည်၏။

ဉာတိ+ဆွေမျိုး၊ ဗျသန+ပျက်စီးခြင်း။
* ဆွေမျိုးဉာတိ၊ ပျက်စီးဘိ၊ ဉာတိဗျသန။

### (၁) ဉာတိသမ္ပဒါ

"ဉာတိသမ္ပဒါတိ ဉာတီနံ သမ္ပဒါ ပါရိပူရိ ဗဟုဘာဝေါ"

သူခိုး သူပုန်ဘေး, အနာရောဂါဘေး စသည်တို့ဖြင့် ဆွေမျိုးတို့ ပျက်စီးခြင်း မရှိမူ၍ ဆွေမျိုးပေါများ ပြည့်စုံခြင်းသည် 'ဉာတိသမ္ပဒါ' မည်၏။

ဉာတိ+ဆွေမျိုး၊ သမ္ပဒါ+ပြည့်စုံခြင်း။
* ဆွေမျိုးဉာတိ၊ ပြည့်စုံဘိ၊ ဉာတိသမ္ပဒါ။

(၂) ဘောဂဗျသန

"ဘောဂါနံ ဗျသနံ ဘောဂဗျသနံ၊ ရာဇစောရာဒိဝသေန
ဘောဂဝိနာသောတိ အတ္ထော။"

ရန်သူမျိုးငါးပါး ဖျက်ဆီး၍ စည်းစိမ်ဥစ္စာ ပျက်စီးခြင်းသည် 'ဘောဂ ဗျသန' မည်၏။

ဘောဂ+စည်းစိမ်ဥစ္စာ၊ ဗျသန+ပျက်စီးခြင်း။

* ဥစ္စာဓန၊ ပျက်စီးက၊ ဘောဂဗျသန။

(၂) ဘောဂသမ္ပဒါ

"ဘောဂါနံ သမ္ပဒါ ဘောဂသမ္ပဒါ။"

ရန်သူမျိုး ငါးပါးတို့ မဖျက်ဆီးနိုင်၍ စည်းစိမ်ဥစ္စာ မပျက်စီးခြင်း ပေါများ ပြည့်စုံခြင်းသည် 'ဘောဂသမ္ပဒါ' မည်၏။

ဘောဂ+စည်းစိမ်ဥစ္စာ၊ သမ္ပဒါ+ပြည့်စုံခြင်း။

ဥစ္စာဓန၊ ပြည့်စုံက၊ ဘောဂသမ္ပဒါ။

(၃) ရောဂဗျသန

"ရောဂေါဝေ ဗျသနံ ရောဂဗျသနံ၊ ရောဂေါ ဟိ အာရောဂျံ ဗျသတိ ဝိနာသေတီတိ ဗျသနံ။"

အနာရောဂါသည် ကျန်းမာခြင်းကို ဖျက်ဆီးတတ်သောကြောင့် ဗျသန မည်သည်၊ 'ရောဂဗျသန' မည်၏။

ရောဂ+အနာရောဂါ၊ ဗျသန+ပျက်စီးခြင်း။

* ကျန်းမာခြင်းမျှ၊ ပျက်စီးက၊ ရောဂဗျသန။

(၃) အာရောဂျသမ္ပဒါ

"အာရောဂျဿ သမ္ပဒါ အာရောဂျသမ္ပဒါ။"

အနာကင်းခြင်း ကျန်းမာခြင်းနှင့် ပြည့်စုံခြင်းသည် 'အာရောဂျသမ္ပဒါ' မည်၏။

အာရောဂျ+ကျန်းမာသူ၏အဖြစ်၊ သမ္ပဒါ+ပြည့်စုံခြင်း။

* ကျန်းမာတုံက၊ အာရောဂျ၊ မှတ်ကြ သမ္ပဒါ။

(၄) သီလဗျသန

"သီလဿ ဗျသနံ သီလဗျသနံ၊ ဒုဿီလျဿေတံ နာမံ။"

မိမိ စောင့်ထိန်းထားတဲ့ သီလ၏ ပျက်စီးခြင်း, ဒုဿီလအဖြစ်၌ တည်ခြင်း, လုံးလုံး သီလမရှိခြင်းသည် 'သီလဗျသန' မည်၏။

သီလ+အကျင့်သီလ၊ ဗျသန+ပျက်စီးခြင်း။

* ကိုယ်ကျင့်သီလ၊ ပျက်စီးက၊ သီလဗျသန။

(၄) သီလသမ္ပဒါ

မိမိ ဆောက်တည် စောင့်ထိန်းထားတဲ့ သီလ၏ပြည့်စုံခြင်း သီလရှိခြင်းသည် 'သီလသမ္ပဒါ' မည်၏။

သီလ+ကိုယ်ကျင့်သီလ၊ သမ္ပဒါ+ပြည့်စုံခြင်း။

* ကိုယ်ကျင့်သီလ၊ ပြည့်စုံက၊ သီလသမ္ပဒါ။

(၅) ဒိဋ္ဌိဗျသန

"သမ္မာဒိဋ္ဌိ ဝိနာသယမာနာ ဉပ္ပန္နာ ဒိဋ္ဌိဧဝ ဗျသနံ ဒိဋ္ဌိဗျသနံ။"

မှန်ကန်သော အယူကို ဖျက်ဆီးလျက် ဖြစ်ပေါ်သော အယူ၏ ပျက်စီးခြင်းသည်၊ ဝါ-မှားသော မိစ္ဆာ အယူရှိခြင်းသည်၊ ဝါ- ဗုဒ္ဓဘာသာဝင် မဟုတ်သူသည် 'ဒိဋ္ဌိဗျသန' မည်၏။

ဒိဋ္ဌိ+အယူ၊ ဗျသန+ပျက်စီးခြင်း။
* သမ္မာဒိဋ္ဌိ၊ ပျက်စီးတိ၊ ဒိဋ္ဌိဗျသန။

(၅) ဒိဋ္ဌိသမ္ပဒါ

မှန်ကန်သောအယူရှိခြင်း ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်ဖြစ်ခြင်းသည်ပင် ဒိဋ္ဌိသမ္ပဒါ မည်၏။

ဒိဋ္ဌိ+အယူ၊ သမ္ပဒါ+ပြည့်စုံခြင်း။
* အယူမှန်ရှိ၊ ပြည့်စုံတိ၊ ဒိဋ္ဌိသမ္ပဒါ။

ဉာတိဗျသန, ဘောဂဗျသန, ရောဂဗျသန သုံးပါး၌ အကုသိုလ်မဖြစ်၊ သီလဗျသန, ဒိဋ္ဌိဗျသန နှစ်ပါး၌ အကုသိုလ်ဖြစ်၏၊ ဉာတိသမ္ပဒါ,ဘောဂသမ္ပဒါ, အာရောဂျသမ္ပဒါ သုံးပါး၌ ကုသိုလ်မဖြစ်၊ သီလသမ္ပဒါ, ဒိဋ္ဌိသမ္ပဒါ နှစ်ပါး၌ ကုသိုလ်ဖြစ်၏ဟု မှတ်ယူရာ၏။

## လေ့ကျင့်ခန်း မေးခွန်းများ

၁။ အဘယ်ဘုံများကို အဘယ့်ကြောင့် အပါယ်ဟု ခေါ်ဆိုပါသနည်း။

၂။ အဘယ်အကြောင်းကြောင့် ငရဲအမည် ရလေသနည်း။

၃။ ငရဲကြီးရှစ်ခုကို ရေတွက်ပြပြီး ၎င်းတို့၌ အရံဥဿဒငရဲငယ် ဘယ်နှစ်ခုစီ ရံ၍ ရှိသနည်း၊ ငရဲကြီး, ငရဲငယ် အပေါင်း အရေအတွက်ကိုလည်း ပြခဲ့ပါ။

၄။ သဉ္ဇီဝငရဲ အမည်ရခြင်း၏ အကြောင်းနှင့် ၎င်းငရဲ၌ကျသော ငရဲသတ္တဝါတို့၏ ဆင်းရဲဒုက္ခ ခံစားရပုံကို ဖော်ပြ ဖြေဆိုပါ။

၅။ ကာဠသုတ်ငရဲ အမည်ရခြင်း၏ အကြောင်းနှင့် ၎င်းငရဲ၌ကျသော ငရဲသတ္တဝါတို့အား ငရဲထိန်းတို့ ညှဉ်းပန်းနှိပ်စက်ပုံကို ဖြေပါ။

၆။ သံဃာတငရဲ အမည်ရခြင်း၏အကြောင်းနှင့် ၎င်းငရဲ၌ ငရဲသတ္တဝါတို့ အဘယ်သို့ ဆင်းရဲဒုက္ခကို ခံစားကြရကုန်သနည်း။

၇။ ဇာလရောရုဝ အမည်ရပုံနှင့် ၎င်းငရဲ၌ ငရဲသတ္တဝါတို့ ကျက်ရင့်ပုံကို ဖြေဆိုပါ။

၈။ ခူမရောရုဝငရဲ အမည်ရပုံနှင့် ၎င်း၌ ငရဲသတ္တဝါတို့၏ ဆင်းရဲဒုက္ခကို ဖော်ပြပါ။

၉။ တာပနငရဲ အမည်ရပုံနှင့် ၎င်းငရဲ၌ ငရဲသတ္တဝါတို့ ဆင်းရဲဒုက္ခ ခံနေရပုံကို ဖြေပါ။

၁၀။ ပတာပနငရဲ အမည်ရပုံနှင့် ၎င်းငရဲ၌ ကျသော ငရဲသတ္တဝါတို့ ကျက်ရပုံကို ဖြေဆိုပါ။

၁၁။ အဝီစိငရဲ အမည်ရခြင်း၏ အကြောင်းနှင့် ၎င်းငရဲကြီး၌ ကျသော ငရဲသတ္တဝါတို့ အဘယ်သို့ ကျက်ကြရကုန်သနည်း။

၁၂။ မစင်ဘင်ပုပ်ငရဲ တည်ရှိပုံနှင့် ၎င်းငရဲ၌ ကျသော ငရဲသတ္တဝါတို့ ဆင်းရဲဒုက္ခ ခံစားရပုံကို ဖြေပါ။

၁၃။ ပြာပူငရဲ တည်ရှိပုံ အကျယ်အဝန်း ၎င်းငရဲ၌ ကျက်ပုံတို့ကို ဖော်ပြ ဖြေဆိုပါ။

၁၄။ လက်ပံတောငရဲသည် ဘယ်သို့ ဘယ်ပုံ တည်ရှိသနည်း၊ ၎င်းငရဲ၌ ငရဲထိန်းတို့က ငရဲသတ္တဝါတွေကို ညှဉ်းပန်း နှိပ်စက်ပုံကို ဖြေဆိုပါ။

၁၅။ သံလျက်တောငရဲ တည်ရှိပုံနှင့် ၎င်းငရဲ၌ကျသော ငရဲသတ္တဝါတို့ ဆင်းရဲဒုက္ခ ခံစားပုံကို ဖြေပါ။

၁၆။ ကြေးနီမြစ်ငရဲ တည်ရှိပုံနှင့် ၎င်းငရဲ၌ကျသော ငရဲသတ္တဝါတို့ အဘယ်သို့ အဘယ်ပုံ ဆင်းရဲဒုက္ခကို ခံစားကြရကုန်သနည်း။

၁၇။ အဘယ်ကြောင့် တိရစ္ဆာန်ဟု ခေါ်သနည်း၊ တိရစ္ဆာန်ဘုံနှင့် တိရစ္ဆာန်များကို သိသာရုံမျှ ဖော်ပြ ဖြေဆိုပါ။

၁၈။ အဘယ် အကြောင်းကြောင့် ပြိတ္တာဟု ခေါ်ဆိုသနည်း၊ ပြိတ္တာဘုံကို လည်း ညွှန်ပြပါ။

၁၉။ အဘယ်ကြောင့် အသုရကာယ်ဟု ခေါ်ဆိုသနည်း၊ အသူရာနှစ်မျိုးနှင့် ဤ၌ လိုအပ်သော အသူရာကို ဖြေဆိုပါ။

၂၀။ ငရဲဘုံ၌ ငရဲသတ္တဝါတို့၏ ကိုယ်ပမာဏကို ဖြေဆိုပါ။

၂၁။ အဝီစိငရဲကြီး၌ ကျသော ဒေဝဒတ်၏ ကိုယ်ပမာဏနှင့် ကျက်ပုံကို ဖြေပါ။

၂၂။ တိရစ္ဆာန်တို့၏ ခန္ဓာကိုယ် ပမာဏ, ပြိတ္တာတို့၏ ခန္ဓာကိုယ် ပမာဏကို ဖေါ်ပြဖြေဆိုပါ။

၂၃။ ကာလကဉ္စိကအသုရာတို့၏ ခန္ဓာကိုယ်ပမာဏနှင့် ခံတွင်းမျက်စိ တည်နေပုံကို ဖြေပါ။

၂၄။ ငရဲ၌ အာဟာရ, တိရစ္ဆာန်၌ အာဟာရ, ပြိတ္တာ၌ အာဟာရ, အသုရကာယ်၌ အစာအာဟာရကို အသီးသီး ဖြေဆိုပါ။

၂၅။ ကပ်၏အဓိပ္ပါယ် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ပုံ-ဆိုက်ရာအခါနှင့် ဆိုက်ရခြင်း၏ အကြောင်းရင်းတို့ကို ဖြေဆိုပါ။

၂၆။ ရောဂန္တရကပ် ဆိုက်ပုံနှင့် ၎င်းကပ်ဆိုက်ရခြင်း၏ အကြောင်းရင်းတို့ကို ဖြေဆိုပါ။

၂၇။ သတ္ထန္တရကပ်ဆိုက်ပုံ အချိန်အခါ၊ ၎င်းကပ်ဆိုက်ရခြင်း၏ အကြောင်းရင်းတို့ကို ဖြေဆိုပါ။

၂၈။ ကပ်သုံးပါးဖြင့် သေကြေပျက်စီးသူတို့ လားရောက်နိုင်သည့် ဂတိကို လည်း ယေဘုယျနည်းဖြင့် ဖြေပါ။

၂၉။ ငရဲဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ, အသုရကာယ်ဘုံ, ပဋိသန္ဓေ, မိစ္ဆာဒိဋ္ဌိ, သုဂတိအဟိတ်, သာသနာပကာလတို့ကို အဘယ်ကြောင်း ကြောင့် အပြစ်ရှိသောအရပ်ဟု ခေါ်ဆိုသနည်း။

၃၀။ ရေနှင့်မီးကို အဘယ်ကြောင့် ရန်သူဟု ဆိုသနည်း၊ မိတ်ဆွေသဘောမျိုး ဖြစ်ပုံ ရန်သူသဘောမျိုး ဖြစ်ပုံကိုလည်း ဖြေဆိုပါ။

၃၁။ မင်း၏ ရန်သူဖြစ်ရပုံ မိတ်ဆွေဖြစ်ရပုံကို ရေးခဲ့ပါ။

၃၂။ ခိုးသူနှင့် မုန်းထားရန်ငြိုး အမွေခံဆိုးတို့ ရန်သူသက်သက် ဖြစ်ရပုံကို ရေးပါ။

၃၃။ အဘယ်သည် ဂတိဝိပတ္တိ မည်သနည်း၊ ဂတိဝိပတ္တိဖြစ်ခိုက် အကုသိုလ်တရားတို့ အခွင့်သာပုံကို ဖြေပါ။

၃၄။ အဘယ်သည် ဂတိသမ္ပတ္တိ မည်သနည်း၊ ၎င်းအခိုက်၌ အဘယ်တရားတို့ အခွင့်သာသနည်း။

၃၅။ အဘယ်ကို ဥပဓိဝိပတ္တိဟု ဆိုသနည်း၊ ဥပဓိဝိပတ္တိဖြစ်သူ ယောကျ်ား, မိန်းမတို့ အကုသိုလ်အကျိုးပေးခွင့် သာပုံကို ထင်ရှားအောင် ရေးပါ။

၃၆။ ဥပဓိဝိပတ္တိ အကျိုးပြ ဒီပရာဇ်မင်းဝတ္ထုကို ဖြေပြပါ။

၃၇။ အဘယ်ကို ဥပဓိသမ္ပတ္တိဟု ဆိုသနည်း၊ ဥပဓိသမ္ပတ္တိဖြစ်သူ ယောကျ်ား, မိန်းမတို့ ကုသိုလ်အကျိုးပေးခွင့် သာပုံကို ထင်ရှားအောင် ဖြေဆိုပါ။

၃၈။ အဘယ်ကို ကာလဝိပတ္တိဟု ဆိုသနည်း၊ ကာလဝိပတ္တိဖြစ်ခိုက် အကုသိုလ်တရားတို့ အခွင့်သာပုံကို ထင်ရှားအောင် ဖြေပါ။

၃၉။ ကာလဝိပတ္တိ အပြစ်ပြ မဟာသောဏထေရ်ဝတ္ထုကို ပြည့်စုံစွာဖြေခဲ့ပါ။

၄၀။ ကာလသမ္ပတ္တိအခိုက်၌ မဟာသောဏထေရ် ဘုန်းကြီးပုံကို ဖြေဆိုပါ။

၄၁။ ကာလဝိပတ္တိအပြစ်ပြ ဝတ္တဗ္ဗကနိဂြောဓထေရ်ဝတ္ထုကို ပြောပြပါ။

၄၂။ ကာလသမ္ပတ္တိအခါ၌ ဝတ္တဗ္ဗကနိဂြောဓထေရ် ဘုန်းကြီးပုံကို အပြည့်အစုံ ဖြေဆိုပါ။

၄၃။ အဘယ်ကို ကာလသမ္ပတ္တိ ဆိုသနည်း၊ ၎င်းအခါ၌ အဘယ်တရားတို့ အကျိုးပေးခွင့် သာသနည်း။

၄၄။ အဘယ်ကို ပယောဂဝိပတ္တိ ဆိုသနည်း၊ ၎င်း ပယောဂဝိပတ္တိအခါ၌ အကုသိုလ် တရားတို့ အကျိုးပေးခွင့် သာပုံကို ထင်ရှားအောင် ဖော်ပြပါ။

၄၅။ အဘယ်ကို ပယောဂသမ္ပတ္တိဟု ဆိုသနည်း၊ ၎င်းပယောဂသမ္ပတ္တိ အခါ၌ ကုသိုလ်တရားတို့ အကျိုးပေးခွင့် သာပုံကို ဝတ္ထုသက်သေနှင့် ဖြေပါ။

၄၆။ အဘယ်ငါးပါးကို ဗျသနဟု ဆိုသနည်း၊ ၎င်း၏ အဓိပ္ပါယ်ကိုလည်း ဖြေပါ။

၄၇။ အဘယ်သည် ဉာတိဗျသန မည်သနည်း။

၄၈။ အဘယ်သည် ဉာတိသမ္ပဒါ မည်သနည်း။

၄၉။ အဘယ်သည် ဘောဂဗျသန မည်သနည်း။

၅၀။ အဘယ်သည် ဘောဂသမ္ပဒါ မည်သနည်း။

၅၁။ အဘယ်သည် ရောဂဗျသန မည်သနည်း။

၅၂။ အဘယ်သည် အာရောဂျသမ္ပဒါ မည်သနည်း။

၅၃။ အဘယ်သည် သီလဗျသန မည်ပါသနည်း။

၅၄။ အဘယ်သည် သီလသမ္ပဒါ မည်ပါသနည်း။

၅၅။ အဘယ်သည် ဒိဋ္ဌိဗျသန မည်ပါသနည်း။

၅၆။ အဘယ်သည် ဒိဋ္ဌိသမ္ပဒါ မည်ပါသနည်း။

## သီလတောင်း အဖွင့်

"အဟံ ဘန္တေ (လ) မေ ဘန္တေ"ဖြင့် သီလတောင်းသည်။

လောက၌ မိမိလိုချင်သောအရာဝတ္ထုကို ပေးနိုင်သူအား တောင်းသော ထုံးစံရှိရကား သီလခံယူဆောက်တည်မည်ဖြစ်၍ သီလကို လိုချင်၍ သီလပေး နိုင်သော ရဟန်း, သာမဏေ (မနီးလျှင်) လူဥပါသကာ, ဥပါသိကာမတို့အထံ

သရဏဂုံနှင့်တကွသော ငါးပါး, ရှစ်ပါး, ဆယ်ပါးသီလများတွင် အလို၍ရာ သီလကို တောင်းသည်၊ ဂရုဖြစ်စေရန် သုံးကြိမ်တိုင်အောင် တောင်းသည်။

### ငါးပါးသီလတောင်း အနက်

ဘန္တေ၊ အို-အရှင်မြတ်။ အဟံ၊ တပည့်တော်သည်။ (အကျွန်ုပ်သည်) တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဥ္စသီလံ၊ ငါးပါးသီလဟု ဆိုအပ်သော။ ဓမ္မံ၊ သိက္ခာပုဒ်ခေါ် အကျင့်တော်ကို။ ယာစာမိ၊ တောင်းပါ၏။ ဘန္တေ၊ အို-အရှင်မြတ်။ (တုမှေ) သင်တို့သည်။ မေ၊ တပည့်တော်အား။ (အကျွန်ုပ်အား) အနုဂ္ဂဟံ၊ ချီးမြှင့်ခြင်းကို။ ကတွာ၊ ပြု၍။ သီလံ၊ ငါးပါး သီလကို။ ဒေထ၊ ပေးတော်မူကြပါကုန်။

* ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။

* တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။

### ရှစ်ပါးသီလတောင်း အနက်

အဋ္ဌင်္ဂသမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ ဥပေါသထသီလံ၊ ဥပုသ် သီလဟု ဆိုအပ်သော။ သီလံ၊ ရှစ်ပါးသီလကို။ (အကြွင်းတူ)

### ဆယ်ပါးသီလတောင်း အနက်

ဒသင်္ဂသမန္နာဂတံ၊ အင်္ဂါဆယ်ပါးနှင့် ပြည့်စုံသော။ ဂဟဋ္ဌသီလံ၊ လူတို့ စောင့်သုံးအပ်သော သီလဖြစ်သော။ သီလံ၊ ဆယ်ပါးသီလကို။ (အကြွင်းတူ)

## စကားပျိုး အဖွင့်

"ယမဟံ (လ) ဝဒေထ"ဖြင့် စကားပျိုးသည်။

လောက၌ မိမိထံ တောင်းလာသည့် အရာဝတ္ထုကို ပေးနိုင်က ပေးလိုက ပေးမြဲထုံးစံရှိရကား တောင်းလာသည့်သရဏဂုံနှင့် တကွသော သီလကို ပေးလို၍ ပေးရန် သီလပေးမည့်ပုဂ္ဂိုလ်က ငါဆိုသလို နှုတ်ဖြင့် လိုက်ဆိုရမည်ဟု သင်ပြ ပြောကြားသော စကားရပ် ဖြစ်သည်၊ ၎င်းကိုပင် စကားပျိုးသည်ဟု ဆိုသည်။

**အနက်** ယံ၊ အကြင်စကားကို။ အဟံ၊ ငါသည်။ ဝဒါမိ၊ ဆို၏။ တံ၊ ထို ငါ ဆိုသော စကားကို။ (တုမှေ) သင်တို့သည်။ ဝဒေထ၊ လိုက်၍ ဆိုကြပါကုန်။

(ယမဟံ၊ ယံ+အဟံ၊ ဝဒေထ၌ ဗဟုဝုစ် ကြိယာနှင့် နှစ်ယောက်မှစ၍ အများအတွက် ဖြစ်သည်၊ တယောက်တည်း ဖြစ်က ဝဒေဟိ-ဟု ကေဝုစ်ကြိယာဖြင့်ဆို၊ တွံ-ဟု ကေဝုစ် ကတ္တားထား။)

**အာမဘန္တေ အဖွင့်**

"အာမ ဘန္တေ" တို့ဖြင့် ဝန်ခံသည်-အာမခံသည်။

မိန့်ကြားတိုင်းပင် လိုက်နာပြုကျင့်ပါမည်ဟု ဝန်ခံလေသည်။

"အာမသဒ္ဒေါ သမ္ပဋိစ္ဆနတ္ထေ နိပါတော"

အာမသဒ္ဒါ-ဝန်ခံခြင်း အနက်ဟော နိပါတ်ပုဒ်၊ ဘန္တေ-ကား အာလုပ်ပုဒ်တည်း။

**အနက်** ဘန္တေ၊ အို-အရှင်မြတ်။ အာမ၊ ဩော်....ကောင်းပါ၏၊ ဟုတ်ပါ၏၊ မိန့်ကြားတိုင်းပင် လိုက်နာ ပြုကျင့်ပါမည် ဟူလို။

(အာမခံသည် ဆိုရာ၌ အာမ-ပါဠိနှင့် ၎င်း၏အနက် ဝန်ခံခြင်းမှ ခံ-မြန်မာကို တွဲဖက်၍ သုံးစွဲခြင်းပင်။)

**နမောတဿ အဖွင့်**

'နမော (လ) ဒ္ဓဿ' ဖြင့် ဘုရားကို ရှိခိုးသည်။

ဗုဒ္ဓဘာသာ သမ္မာလူမျိုးတို့ ထုံးစံအတိုင်း ကိစ္စတစုံတခု ပြုရာ၌၎င်း၊ ချေဆတ်ခြင်း ချော်ချွတ်လည်းခြင်း တိုက်မိ ခိုက်မိခြင်း စသည် တစုံတခုဖြစ်ရာ၌၎င်း၊ မိမိကိုးကွယ်သည့် မြတ်ဘုရားကို အားကိုး အားထားတဲ့ အနေအားဖြင့် 'နမော ဗုဒ္ဓဿ' ဟု၎င်း၊ ဘုရား, ဘုရားဟု၎င်း၊ ရှိခိုးတပ်တ အမှတ်ရမြဲဖြစ်ရကား သရဏဂုံနှင့်တကွသော ငါးပါး, ရှစ်ပါး, ဆယ်ပါး သီလများကို ခံယူသောက်တည်တော့မည်ဖြစ်၍ လက်ဦး ပထမ ဘုရားကို ရှိခိုးလိုက်သည်။

သုမင်္ဂလဝတီ (က) ၁၀၄-၁၅

ဤပါဠိကား–မနုဿာနီပုဏ္ဏေးမ, ဗြဟ္မာယု ပုဏ္ဏား စသူတို့ ဥဒါန်းကျူးရင့်သော ပါဠိတည်း၊ ဗြာဟ္မဏသံယုတ် အရဟန္တဝဂ် မနုဿာနီသုတ်, မဇ္ဈိမပဏ္ဏာသ ဗြာဟ္မဏဝဂ် သင်္ဂါရဝသုတ်, ဗြဟ္မာယုသုတ် စသည်တို့၌ လာသည်။

## မနုဿာနီ ပုဏ္ဏေးမ ဝတ္ထု၊

ထင်ရှားအောင် ချဲ့ဦးအံ့–

ဘုရားကိုယ်တော် မြတ်ကြီး ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် စဥ္စလိကပ္ပရွာ၌ ဘာရဒွါဇအနွယ်ရှိ ပုဏ္ဏားနှင့် မနုဿာနီ ပုဏ္ဏေးမ ဇနီးမောင်နှံတို့ နေကြသတတ်၊ လင်ပုဏ္ဏားက မိစ္ဆာဒိဋ္ဌိ၊ ဇနီးပုဏ္ဏေးမက သောတာပန် အယူမတူတဲ့ ဇနီးမောင်နှံတို့ စိတ်တူကိုယ်မျှ ဒါနပြုခွင့် မရသောကြောင့် အလှည့်ကျ ဒါနပြုရ၏၊ လင်ပုဏ္ဏား ဒါနပြုလှည့်၌ မိစ္ဆာပုဏ္ဏား ငါးရာတို့ကို ဖိတ်ကြားပြီး နို့ဃနာထမင်းဖြင့် လုပ်ကျွေးသတတ်၊ ဇနီးပုဏ္ဏေးမလည်း ဝန်တိုမှု မစ္ဆေရကို ပယ်ပြီးဖြစ်ရကား လင်သားအလိုသို့လိုက်ကာ ကိုယ်တိုင်ပင် ကျွေးမွေး၏၊ ဇနီးပုဏ္ဏေးမ ဒါနပြုလှည့်၌ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ပင့်ဖိတ်ပြီး မွန်မြတ်တဲ့ ဘောဇဉ်များဖြင့် ဆက်ကပ် လုပ်ကျွေးသတတ်၊ လင်ပုဏ္ဏားလည်း ထိုနေ့၌ နံနက်စောစော-ကပင် အိမ်မှ ထွက်ခွါပြီး တော်ရာလျှော်ရာ သွားပြီး နေသတဲ့။

အခါတပါး ပုဏ္ဏားလည်း ဇနီးပုဏ္ဏေးမကို မတိုင်ပင်ဘဲ မိစ္ဆာပုဏ္ဏား ငါးရာကို ဖိတ်ကြားခဲ့ပြီး ဇနီးပုဏ္ဏေးမကို ပြောကြားသည်မှာ–

**လင်ပုဏ္ဏား** ရှင်မ.... မနက်ဖြန် ငါတို့အိမ်သို့ ပုဏ္ဏားငါးရာ ထမင်းသုံးဆောင်ရန် လာလိမ့်မယ်၊ ငါ ဖိတ်ထားတယ်။

**ဇနီးပုဏ္ဏေးမ** ချစ်လင်.... ကျမ ဘာလုပ်ရမလဲ။

**လင်ပုဏ္ဏား** ရှင်မ.... သင်ဘာမှ လုပ်စရာ မလိုပါဘူး၊ ချက်ပြုတ်ကျွေးမွေးမှု တာဝန်စုကိုလဲ တပါးသူတွေဘဲ ပြုပါလိမ့်မယ်၊ တခုတော့ ရှင်မကို တားမြစ်ရလိမ့်မယ်၊ ရှင်မ,ဟာ ရပ်ခြင်း ထိုင်ခြင်း ချေဆတ်ခြင်း

ချောင်းဟန့်ခြင်း ပြုတဲ့အခါမှာ"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟု ရဟန်းဂေါတမကို ရှိခိုးလေ့ရှိတယ်၊ မနက်ဖြန် တနေ့တော့ ရဟန်းဂေါတမကို ရှိခိုးမှု မပြုပါနှင့်၊ ရဟန်းဂေါတမကို ရှိခိုးသံ ကြားရလျှင် ပုဏ္ဏားတွေ စိတ်မချမ်းမသာ ဖြစ်ကြပါတယ်၊ ငါကို ပုဏ္ဏားတွေနှင့် စိပ်ဝမ်းကွဲပြားအောင် မပြုပါနှင့်။

**ဇနီးပုဏ္ဏေးမ** အို-ချစ်လင်.... ပုဏ္ဏားတွေနှင့်ဘဲ ကွဲကွဲ၊ နတ်ပြဟ္မာတွေနှင့်ဘဲ ကွဲကွဲ၊ ကျမမြတ်ဘုရားကို အမှတ်ရလျှင် ရှိမခိုးဘဲ မနေနိုင်ပါ။

**လင်ပုဏ္ဏား** ရှင်မ....အမျိုးအိမ်ခြေ တရာရှိတဲ့ ရွာမှာ ကျယ်ဝန်းလှတဲ့ အပေါက်ဝ ကြီးကိုပင် ရွာတံခါးမဖြင့် လုံအောင် ပိတ်နိုင်ပါသေးတယ်၊ လက်နှစ် ချောင်းလောက်နှင့် ပိတ်ရမည့် ရှင်မ, ပါးစပ်ပေါက် အကျဉ်းကလေး ကို ပုဏ္ဏားတွေ ထမင်းသုံးဆောင်နေခိုက်ကလေးမျှ ပိတ်ပြီး မထားနိုင် ဘူးလား။

ဤကဲ့သို့ အဖန်တလဲလဲ ပြောကြားတားမြစ်ပါသော်လဲ သောတာပန် မယားမို့ ရအောင် မတားမြစ်နိုင်လေတော့ ခေါင်းရင်းမှာ ထားတဲ့ သန်လျက် ကို ဆွဲကိုင်ချိန်ရွယ်ပြီး ရှင်မ.... မနက်ဖြန် ပုဏ္ဏားတွေ ထမင်းသုံးဆောင် နေခိုက် မှာ "နမော (ယ) ဒ္ဓဿ"လို့ ရဟန်းဂေါတမကိုရှိခိုးခဲ့ပါလျှင် ဟောဒီသန်လျက် နှင့် ရှင်မရဲ့ကိုယ်ကို ခြေဖျားမှ ဆံဖျားတိုင်အောင် အပိုင်းအပိုင်း ခုတ်ဖြတ်မယ် လို့ ခြိမ်းချောက် တားမြစ်ပါသော်လဲ သောတာပန် အရိယာမမှာ အနည်းငယ်မျှ တုန်လှုပ်ဖောက်ပြန်မှုမရှိဘဲ လင်ပုဏ္ဏားအား

**ဇနီးပုဏ္ဏေးမ** အို-ချစ်လင်....ကျမရဲ့ အင်္ဂါ ကြီး ငယ်တွေကို ဖြတ်လိုကဖြတ်၊ သတ်လိုက သတ်ပါ၊ ကျမ မြတ်စွာဘုရားကို အမှတ်ရပါလျှင် ရှိမခိုးဘဲ မနေနိုင်ပါ။

(ဒီနေရာမှာ ဓနဉ္စာနီပုဏ္ဏေးမဟာ ဂါထာ ငါးရာဖြင့်ပင် ကြူးဝါး ပြောကြားတယ်လို့ လာတယ်။)

ပုဏ္ဏားကြီးလဲ သောတာပန် ဇနီးသည်ကို မထိပါး မပုတ်ခတ်ဝံ့ဘဲ "ရှင်မ.... သင် ဒါလောက်ဘဲ ရဟန်း ဂေါတမကို စွဲလမ်းနေပါလျှင် ကြိုက်သလိုလုပ်ပေါ့"လို့ ပြောကြ ားပြီး သန်လျက်ကို အိပ်ရာထက်မှာပင် ပစ်ချလိုက်တယ်။

နောက်တနေ့ နံနက်တွင် မိစ္ဆာပုဏ္ဏား ငါးရာ အိမ်သို့လာပြီး နို့သနာထမင်း သုံးဆောင်နေခိုက် ဓနဉ္စာနီ ပုဏ္ဏေးမလည်း ပုဏ္ဏားတွေကို ကျွေးမွေးနေရင်း ထမင်းခွက်ကို ယူအလာ မတော်မလျော် ထားတဲ့ သစ်ဘဏ္ဍာကို နင်းမိပြီး ချော်လဲရာမှ မြတ်ဘုရားကို အမှတ်ရပြီး—

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"လို့ ကျူးရင့် မြွက်ဆို ဘုရားကို ရှိခိုးလိုက်တယ်။

မိစ္ဆာဒိဋ္ဌိ ပုဏ္ဏား ငါးရာလဲ ဓနဉ္စာနီပုဏ္ဏေးမ၏ ဘုရားရှိခိုးသံကို ကြားရလျှင် ဒုတ်နှင့် ခေါင်းကို ရိုက်လိုက်တာလို နားထဲမှာ တံကျင် လျှိုလိုက်တာလို အလွန် စိတ်ဆင်းရဲမှု ဖြစ်ပွားသွားပြီး 'ဒီအယူ မတူတဲ့ လူကမျာ: ငါတို့ကို အိမ်ဖိတ်ခေါ် နေသေးတယ်လို့ စိတ်ဆိုးဆိုးနှင့် လက်ထဲက ထမင်းဆုပ်ကို လွှင့်ပစ် ပါးစပ်ထဲက ထမင်းကိုလဲ ထွေးပစ်ပြီး လေးကို မြင်လို့ ကျီးတွေ ပျံ့သွားကြတာလို ပုဏ္ဏားကြီး ကို အမျိုးမျိုး အဖုံဖုံ ဆဲရေးပြီး ပြန်သွားကြတယ်။

(အကြောင်း ဓနဉ္စာနီသုတ် ပါဠိအဋ္ဌကထာမှာ ရှုပါ။)

**မှတ်သားဘွယ်ရာ။** ။ဤဝတ္ထု၌ မှတ်သားစရာ အထူးမှာ–ဓနဉ္စာနီပုဏ္ဏေးမသည် ခုတ်မည့်အသွင် သန်လျက်ကို ကိုင်ရွယ်ကာ ဘုရားကို ရှိမခိုးရန် ခြိမ်းချောက်ပြောကြား ပါသော်လဲ သောတာပန် ဖြစ်၍ အနည်းငယ် မျှလည်း တုန်လှုပ် ဖောက်ပြန်မှု မရှိ၊ ဘုရား၌ ကြည်ညိုမှု မပျက်ပြား ရှိခိုးမြဲ ခိုးခြင်းသည် အရိယာ ပုဂ္ဂိုလ်တို့၏ ထုံးစံပင် ဖြစ်၏၊ အရိယာ ပုဂ္ဂိုလ်မှန်က ရတနာသုံးပါးကို အလွန် ကြည်ညိုသည်၊ ဤနေရာ၌ သောတာပန် ပုဂ္ဂိုလ်၏ အင်္ဂါလေးပါးနှင့် သောတာပတ္တိမဂ်ကို ရကြောင်း အင်္ဂါလေးပါးကို မှတ်သားထိုက်၏။

## သောတာပန် ပုဂ္ဂိုလ်၏ အင်္ဂါ (၄) ပါး

စတ္တာရိ ဝ်သောတာပန္နဿ အင်္ဂါနိ–

ဣဓာဝုသော အရိယသာဝကော,

၁။ ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ, "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ"။

၂။ ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ, "သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ"တိ။

၃။ သံဃေ အဝေစ္စပ္ပသာဒေန သမန္နာဂတော ဟောတိ, "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော အဉ္ဇလိကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ"တိ။

၄။ အရိယကန္တေဟိ သီလေဟိ သမန္နာဂတော ဟောတိ, "အခဏ္ဍေဟိ အစ္ဆိဒ္ဒေဟိ အသဗလေဟိ အကမ္မာသေဟိ ဘုဇိဿေဟိ ဝိညုပ္ပသတ္ထေဟိ အပရာမဋ္ဌေဟိ သမာဓိသံဝတ္တနိကေဟိ"။

(ပါထေယျ-သင်္ဂီတိသုတ်မှ)

၁။ ဘုရားကို အလွန်ကြည်ညိုခြင်း။ (ဘုရားဂုဏ်တော်များကို သိ၍ မတုန် မလှုပ် ယုံကြည်ကာ လက်နက်ချိန်ရွယ်ပြီး ဘုရားကို ဘုရား

မဟုတ်ဟု ငြင်းပယ်စေခိုင်းသော်လဲ ဖောက်ပြန်ပြောင်းလွဲမှုမရှိ ကြည်ညိုမှု မပျက်ပြားခြင်း။)

၂။ **တရားတော်ကို အလွန်ကြည်ညိုခြင်း။** (တရားဂုဏ်တော်များကို သိ၍ မတုန်မလှုပ် သက်ဝင်ယုံကြည်ကာ လက်နက်ချိန်ရွယ်ပြီး တရားကို တရားမဟုတ်ဟု ငြင်းပယ်စေခိုင်းသော်လဲ ဖောက်ပြန်ပြောင်းလဲမှု မရှိ ကြည်ညိုမှု မပျက်ပြားခြင်း။)

၃။ **သံဃာတော်ကို အလွန်ကြည်ညိုခြင်း။** (သံဃာ့ဂုဏ်တော်များကို သိ၍ မတုန်မလှုပ် သက်ဝင်ယုံကြည်ကာ လက်နက်ချိန်ရွယ်ပြီး သံဃာကို သံဃာမဟုတ်ဟု ငြင်းပယ်စေခိုင်းသော်လဲ ဖောက်ပြန် ပြောင်းလဲမှု မရှိ ကြည်ညိုမှု မပျက်ပြားခြင်း။)

၄။ **သီလမြဲခြင်း။** (မဂ်ဖိုလ်နှင့်ယှဉ်သော လူဖြစ်လျှင် ငါးပါးသီလမြဲခြင်း၊ ရှင်သာမဏေဖြစ်လျှင် ဆယ်ပါးသီလမြဲခြင်း၊ ရဟန်းဖြစ်လျှင် (၂၂၇) ပါးသော သီလမြဲခြင်း။)

**သောတာပတ္တိမဂ်ကို ရကြောင်းအင်္ဂါ (၄)ပါး**

စတ္တာရိ သောတာပတ္တိယင်္ဂါနိ—

၁။ သပ္ပုရိသသံသေဝေါ၊
၂။ သဒ္ဓမ္မဿဝနံ၊
၃။ ယောနိသောမနသိကာရော၊
၄။ ဓမ္မာနုဓမ္မပ္ပဋိပတ္တိ။
(သုတ်ပါထေယျ-သင်္ဂီတိသုတ်မှ)

၁။ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကအပေါင်း သူတော်ကောင်းတွေကို မှီဝဲဆည်းကပ်ခြင်း။

၂။ လျောက်ပတ်သော ပိဋကတ်သုံးပုံ တရားတော်များကို နာကြားခြင်း။

၃။ အနိစ္စ-မမြဲခြင်း စသည်ဖြင့် နှလုံးသွင်းခြင်း။
၄။ လောကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်ကို ကျင့်ခြင်း။

## ဖြုဟ္မာယုပုဏ္ဏား ဝတ္ထု

ဖြုဟ္မာယုပုဏ္ဏားကား ဝိဒေဟတိုင်း မိတ္ထိလာမြို့၌ နေ၏၊ အသက်အားဖြင့် (၁၂၀)မျှပင် ရှိလေပြီ၊ ဗေဒင်သုံးပုံ၊ ပဒကျမ်း၊ ဗျာကရဏ်းကျမ်း၊ လောကာယတကျမ်း၊ မဟာပုရိသလက္ခဏာကျမ်းတို့၌ တဖက်ကမ်းရောက် တတ်မြောက်သူပင် ဖြစ်၏၊ ဘုရားရှင် နောက်တော်ပါ ရဟန်းငါးရာနှင့် ဝိဒေဟတိုင်း၌ ဒေသစာရီ လှည့်လည်ရာ ဗြဟ္မာယုပုဏ္ဏား ကြားသိ၍ တပည့် ဥတ္တရလုလင်ကို စေလွှတ်ပြီး ဘုရားအစစ် အမှန် ဟုတ် မဟုတ်ကို စုံစမ်းစေသည်၊ ဥတ္တရလုလင်လည်း ဘုရားရှိရာသို့ သွားရောက်စုံစမ်းပြီး ဗြဟ္မာယုပုဏ္ဏားထံ ပြောကြားအစီရင်ခံရာ ဗြဟ္မာယုပုဏ္ဏားလည်း ဘုရားအစစ်အမှန် ဖြစ်ကြောင်း သိရ၍ နေရာမှထကာ ဘုရားရှိရာသို့ လက်အုပ်ချီပြီးလျှင်—

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု

သုံးကြိမ် ဥဒါန်းကျူးရင့်၍ ဘုရားကို ရှိခိုးလေသည်။

(မှတ်ရန်—ဤ၌ သိသာရုံမျှ ဗြဟ္မာယုသုတ်၌ ကျယ်ဝန်းစွာလာသည်။)

**အနက်**— အရဟတော၊ ဖြူဟ္မာနတ်လူ သုံးဘုံသူတို့ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာဥေယျ ဓမ္မဉာဏ် အလုံးစုံကို အကုန်အစင် သိမြင်တော်မူပြီးထသော။ တဿ ဘဂဝတော၊ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တမည် ဘုန်းခြောက်လီနှင့် စုံညီစေငြား မြတ်ဘုရားအား။ နမော၊ ကာယ, ဝစီ, မနောချီလျက် သုံးလီဒွါရ သုံးဝစေတနာ ရိုသေစွာနှင့် သဒ္ဓါရှင်ဖြိုး ရှိခိုးပါ၏။

(မေ၊ ဟပုဏ္ဏတော်၏။ နမော၊ ရှိခိုးခြင်းသည်။အတ္ထု၊ ဖြစ်ပါစေသတည်း။)

နမောသဒ္ဒါ 'ဝန္ဒနေ နမော' ဟု အဘိဓာန် အဗျယဝဂ်၌ လာ၍ နိပါတ်၊ တနည်း 'နမနံ နမော' ဘာဝသာဓန-ကိတ်နာမ်၊ ဤ၌ ပထမာသိဝိဘတ်မှတ်။

## လေ့ကျင့်ခန်း မေးခွန်းများ

၁။ သရဏဂုံနှင့် တကွ ငါးပါးသီလ တောင်းပုံ၊ ရှစ်ပါးသီလ တောင်းပုံ၊ ဆယ်ပါးသီလ တောင်းပုံ ပါဠိများကို ရေးခဲ့ပါ။ (နှုတ်ဖြင့် ပြောပြပါ)

၂။ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး သီလတောင်း ပါဠိအနက် များကို ရေးခဲ့ပါ။

၃။ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး သီလများကို အဘယ် ပုဂ္ဂိုလ်များထံ တောင်းနိုင်ပါသနည်း။

၄။ သီလတောင်းရာ၌ အဘယ့်ကြောင့် သုံးကြိမ် တောင်းရလေသနည်း။

၅။ "မယဟံ ဝဒါမိ တံ ဝဒေထ"ဖြင့် အဘယ်ကို ပြသနည်း၊ ၎င်း၏အနက် ကိုလည်း ရေးပါ။

၆။ "ယမဟံ ဝဒါမိ တံ ဝဒေဟိ"ဟု ဆိုလျှင် ဘယ်နှစ်ဦး သီလပေးရန်နည်း။

၇။ "အာမ ဘန္တေ"တို့ဖြင့် အဘယ်ကို ဆိုလိုသနည်း၊ "အာမ ဘန္တေ"တို့သည် အဘယ်ပုဒ်များ ဖြစ်သနည်း၊ ၎င်းတို့၏အနက်ကိုလည်း ရေးပါ။

၈။ "နမော (လ) ဒ္ဓဿ" ဖြင့် အဘယ်ကို ပြသနည်း၊ ဗုဒ္ဓဘာသာဝင်တို့ ထုံးစံကိုလည်း ဤ၌ ဖေါ်ပြသိသာစေခဲ့ပါ။

၉။ ဤ "နမော (လ) ဒ္ဓဿ" ပါဠိကို ဘုရားရှိစဉ်က အဘယ်သူတွေ အသုံး ပြုခဲ့ပါသနည်း။

၁၀။ ဘာရဒွါဇပုဏ္ဏား မိစ္ဆာလင်နှင့် ဓနဉ္စာနီပုဏ္ဏေးမ သောတာပန် မယား အယူ မတူတဲ့ ဇနီးမောင်နှံတို့ ဒါနပြုပုံကို ရေးပါ။

၁၁။ ဓနဉ္စာနီ ပုဏ္ဏေးမအား လင်ပုဏ္ဏားက ပုဏ္ဏားတွေ ထမင်းစားခိုက် ခြိမ်းခြောက်ပြောကြား တားမြစ်ပုံများကို ရေးပါ။

၁၂။ လင်ပုဏ္ဏားက သန်လျက်ရွယ်မိုး ခြိမ်းခြောက်ပြောကြားသော်လဲ ဓနဉ္စာနီ ပုဏ္ဏေးမမှာ တုန်လှုပ်ဖောက်ပြန်မှုမရှိဘဲ ပြန်ပြောပုံကို ရေးပါ။

၁၃။ သောတာပန်ပုဂ္ဂိုလ်၏ အင်္ဂါ (၄)ပါး၊ သောတာပတ္တိမဂ်ကို ရကြောင်း အင်္ဂါ (၄)ပါးကို ဖော်ပြပါ။

၁၄။ ဖြဟ္မာယုပုဏ္ဏား "နမော(လ)ဒ္ဓဿ"ဖြင့် ဥဒါန်းကျူးရင့်ပုံ စကားအစဉ်ကို အကျဉ်းရေးသားပါ။

၁၅။ နမော (လ) ဒ္ဓဿ—၏ အနက်ကို ရေးခဲ့ပါ။

၁။ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်၊

၂။ ဗုဒ္ဓဘာသာဝင် ဖြစ်ကြောင်း၊

၃။ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့၏ သီလ၊

၄။ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့၏ အသက်မွေးမှု၊

၅။ ပျက်စီးမှု၊

၆။ ပြည့်စုံမှု။

ဤ ခြောက်မျိုးကို အထူးနားလည် ထားရမည်။

## (၁) ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်

အခါတပါး မြတ်ဘုရားသည် သက္ကတိုင်း ကပိလဝတ္ထုပြည် နိဂြောဓာရုံကျောင်းတော်၌ သီတင်း သုံးတော်မူ၏၊ ထိုအခိုက် သာကီဝင်မင်း မဟာနာမ်သည် ဘုရားရှင်ထံ ချဉ်းကပ်ပြီး ရှိသေစွာ ရှိခိုး၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....အဘယ်မျှလောက်ပြု၍ ဗုဒ္ဓဘာသာဝင် ဥပါသကာ အဖြစ်ကို ရပါသလဲဘုရား"ဟု လျှောက်ထား မေးမြန်း၏၊ ဘုရားရှင်လည်း—

ယတော ခေါ မဟာနာမ ဗုဒ္ဓံ သရဏံ ဂတော ဟောတိ၊ ဓမ္မံ သရဏံ ဂတော ဟောတိ၊ သံဃံ သရဏံ ဂတော ဟောတိ၊ ဧတ္တာဝတာ ခေါ မဟာနာမ ဥပါသကော ဟောတိ။"

(မဟာဝဂ္ဂ-သောတာပတ္တိသံယုတ်-မဟာနာမသုတ်မှ)

သုမင်္ဂလဝတီ (က) ၁၀၄-၁၆

"မဟာနာမ်....အကြင်သူသည် ဘုရားကို ကိုးကွယ်ဆည်းကပ်၏၊ တရားတော်ကို ကိုးကွယ် ဆည်းကပ်၏၊ သံဃာတော်ကို ကိုးကွယ် ဆည်းကပ်၏၊ ထိုသူသည် ဗုဒ္ဓဘာသာဝင် ဥပါသကာအဖြစ်ကို ရ၏" ဟု ဟောတော်မူ၏။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ဖြစ်လိုသော ပုဂ္ဂိုလ်သည်—

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊

ဟု-ပါဠိသက်သက်ဖြင့် ဖြစ်စေ၊ ဘုရား, တရား, သံဃာ ရတနာ သုံးပါးကို ကိုးကွယ် ဆည်းကပ်ရမည်၊ ပါဠိကိုမျှ မဆိုတတ်မူ—

ဘုရားကို ကိုးကွယ် ဆည်းကပ်ပါ၏။
တရားကို ကိုးကွယ် ဆည်းကပ်ပါ၏။
သံဃာကို ကိုးကွယ် ဆည်းကပ်ပါ၏။

နှစ်ကြိမ်မြောက် ဘုရားကို ကိုးကွယ် ဆည်းကပ်ပါ၏။
နှစ်ကြိမ်မြောက် တရားကို ကိုးကွယ် ဆည်းကပ်ပါ၏။
နှစ်ကြိမ်မြောက် သံဃာကို ကိုးကွယ် ဆည်းကပ်ပါ၏။

သုံးကြိမ်မြောက် ဘုရားကို ကိုးကွယ် ဆည်းကပ်ပါ၏။
သုံးကြိမ်မြောက် တရားကို ကိုးကွယ် ဆည်းကပ်ပါ၏။
သုံးကြိမ်မြောက် သံဃာကို ကိုးကွယ် ဆည်းကပ်ပါ၏။

ဟု- မြန်မာသက်သက်ဖြင့် ဖြစ်စေ၊ ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ရမည်၊ ဤကဲ့သို့ ပါဠိလို ဖြစ်စေ၊ မြန်မာလို ဖြစ်စေ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်လျှင် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်သည်။

သရဏဂုံအဖွင့်တွင် ပါသော "ဧသာဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊ ဥပါသကံ မံ ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ"ဟု ပါဠိလို ဖြစ်စေ—

တပည့်တော်သည် ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ပါ၏၊ ယနေ့ကိုအစပြု၍ အသက်ဆုံးသည်တိုင်အောင် တပည့်တော်ကို တပည့်တော်မကို ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သော ဒါယကာဟူ၍ ဒါယိကာမဟူ၍ မှတ်တော်မူပါဘုရား ဟု မြန်မာလို ဖြစ်စေ လျှောက်ထား ပြောကြားလျှင်ငင်း၊ အခြား အတ္တသန္နိယျာတန-စသော လောကီသရဏဂုံ ဆောက်တည်နည်းများဖြင့် သော်ငင်း၊ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်သည်၊ "ဗုဒ္ဓ-ဘုရား၊ ဘာသာ - အယူစကား၊ ဝင်-သက်ဝင် ယုံကြည်ခြင်း၊ ဘုရားအယူစကားကို သက်ဝင်ယုံကြည်သူကို ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်ဟု ဆိုသည်။"

## (၂) ဗုဒ္ဓဘာသာဝင် ဖြစ်ကြောင်း

ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းဟူသော အကြောင်းကြောင့်ပင် ဗုဒ္ဓဘာသာဝင် ဥပါသကာ, ဥပါသိကာမ အမည်ရလေသည်။

ယင်းသို့ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခွင့်ရအောင် ဗုဒ္ဓဘာသာဝင် ဖြစ်အောင်လည်း စက်လေးပါးနှင့် ပြည့်စုံရပေလိမ့်မည်၊ ယနေ့ကမ္ဘာတွင်

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တိုင်းပင် စက်လေးပါးနှင့် ပြည့်စုံသူများ ဖြစ်ကြသည်၊ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်မဟုတ် သူများကိုကား စက်လေးပါးနှင့် မပြည့်စုံသူများဟု မှတ်ယူရမည်။

**စက်လေးပါး**

စတ္တာရိ စက္ကာနိ–

၁။ ပတိရူပဒေသဝါသော၊

၂။ သပ္ပုရိသူပနိဿယော၊

၃။ အတ္တသမ္မာပဏိဓိ၊

၄။ ပုဗ္ဗေ စ ကတပုညတာ၊

(ပါထေယျဒသုတ္တရသုတ်မှ)

**ပတိရူပဒေသဝါသစက်**

၁။ ပတိရူပဒေသဝါသောတိ ယတ္ထ စတဿော ပရိသာ သန္ဒိဿန္တိ၊ ဝေရူပေ အနုစ္ဆဝိကေ ဒေသေ ဝါသော။

(ဋင်း-ဠ)

အကြင်အရပ်၌ တိုင်ပြည်မြို့ရွာ၌–

၁။ ရဟန်း ယောကျ်ား၊

၂။ ရဟန်း မိန်းမ၊

၃။ ဥပါသကာ၊ (ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သော လူယောကျ်ား၊)

၄။ ဥပါသိကာမ၊ (ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သော လူမိန်းမ၊)

ဤပရိသတ်လေးပါးသည် ရှိ၏၊ ယင်း ပရိသတ်လေးပါး ရှိခြင်းကြောင့်ပင် သာသနာထွန်းလင်း၏၊ အလှူပေးမှု သီလဆောက်တည်မှု, ဘာဝနာကမ္မဋ္ဌာန်း

အားထုတ်မှုတို့ကို ပြုကြကုန်၏၊ ထိုအရပ် ထိုတိုင်းပြည် ထိုမြို့ရွာသည် သင့်တင့်လျောက်ပတ် ကောင်းမြတ်သော အရပ်၊ ဝါဗုဒ္ဓဘာဝသာဝင် ဖြစ်နိုင်သော တိုင်းပြည် မြို့ရွာ၊ထိုပတိရူပဒေသ, တိုင်းပြည် မြို့ရွာ၌ နေခြင်းဖြင့် ဗုဒ္ဓဘာသာဝင် ဖြစ်နိုင်သည်။

မျက်မြင် ပြောရလျှင်–မြန်မာနိုင်ငံသည် ရဟန်း, သာမဏေများ, ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သော လူဒါယကာ, ဒါယိကာမများ ရှိ၍ သာသနာ အလွန်ထွန်းလင်းသော နိုင်ငံ ဖြစ်သည်၊ ဒါနမှု, သီလမှု, ဘာဝနာမှု တွေကို အများကြီးပြုသော နိုင်ငံ ဖြစ်သည်၊ ထို့ကြောင့်လျှင် ဤမြန်မာနိုင်ငံသည် 'ပတိရူပဒေသ' စက်ရသော နိုင်ငံ ဖြစ်သည်၊ ဤမြန်မာနိုင်ငံ၌ နေထိုင်ခြင်းဖြင့် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ် ဖြစ်နိုင်သည်၊ ရတနာ သုံးပါးကို ကိုးကွယ် ဆည်းကပ်ခွင့်ကို ဤမြန်မာနိုင်ငံတွင် မွေးဖွားနေထိုင်သူတိုင်းပင် အလွယ်တကူ ရနိုင်သောကြောင့်ပင် ဖြစ်၏၊ အခြား ပရိသတ်လေးပါးမရှိ၊ သာသနာမထွန်းလင်းသော နိုင်ငံများ၌ မွေးဖွားနေထိုင်သူတို့ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ခွင့် မလွယ်ကူ၍ ပတိရူပဒေသဝါသ စက်နှင့် မပြည့်စုံဟု မှတ်။

**သပ္ပုရိသူပနိဿယစက်**

၂။ သပ္ပုရိသူပ နိဿယောတိ ဗုဒ္ဓါဒီနံ သပ္ပုရိသာနံ
အဝဿယနံ သေဝနံ ဘဇနံ။

(ဋီ-မူ)

ဘုရား, ပစ္စေကဗုဒ္ဓါ, ဘုရား၏ တပည့်ဖြစ်သော အရိယာပုဂ္ဂိုလ် ရဟန်း, သာမဏေ, သဒ္ဓါ, သီလ, သုတ, စာဂ, ပညာနှင့် ပြည့်စုံသော လူဥပါသကာ, ဥပါသိကာမ ဟူသော သူတော်ကောင်းတွေကို အမှီသဟဲ ပြုဆည်းကပ် ပေါင်းသင်း ဆက်ဆံရခြင်းသည် "သပ္ပုရိသူပနိဿယ" ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ် ဖြစ်နိုင်ရန် ကောင်းသောစက်ပင်ဖြစ်၏၊ ယိုသူတော်ကောင်းတွေနှင့် ပေါင်းသင်း ဆက်ဆံ၍ ကိုသူတော်ကောင်းတွေ အထံမှ ဘုရား, တရား, သံဃာ ကိုးကွယ် ဆည်းကပ်ခွင့်ကိုရကာ သရဏဂုံတည်၍ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ် ဖြစ်နိုင်လေသည်။

## သူတော်ကောင်းမိတ်ဆွေ အပိုဖြင့်

## ဗုဒ္ဓဘာသာဝင်ဖြစ်ရသော မိစ္ဆာဒိဋ္ဌိပုဏ္ဏား ဝတ္ထု

ဘုရားလက်ထက်တော် အခါက သံကိစ္စမည်သော ရဟန္တာသည် ရှိသတတ်၊ အခါတပါး အသျှင်သံကိစ္စသည် နောက်ပါ ရဟန်းငါးရာနှင့် ဗာရာဏသီပြည် အနီးရှိ ဣသိပတနမိဂဒါဝုန်တောတွင် သီတင်းသုံးတော်မူ၏၊ ဗာရာဏသီပြည်မှ လူအပေါင်းတို့သည် အသျှင်သံကိစ္စ၏ တရားတော်ကို နာရ၍ ကြည်ညိုသော စိတ်ထားဖြင့် အာဂန္တုကဒါနကို ပေးလှူကြကုန်၏၊ ထိုဗာရာဏသီပြည်မှ ရတနာ သုံးပါးကို ကိုးကွယ်သော နိဗ္ဗာန်ဆော် ဥပါသကာ တဦးသည် လူအပေါင်း တို့ကို နိစ္စဘတ်ဒါန ပေးလှူကြရန် ဆော်သြတိုက်တွန်း၏၊ ဗာရာဏသီ မြို့သူ မြို့သားတို့လည်း တတ်အားသမျှ နိစ္စဘတ်ဒါနကို ပေးလှူကြကုန်၏။

ထိုစဉ်အခါ ဗာရာဏသီပြည်၌ တဦးသော မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားလင်မယားအား သားနှစ်ယောက် သမီးတယောက် ထွန်းကားလျက် ရှိ၏၊ အကြီးသားမှာ နိဗ္ဗာန်ဆော်ပုဏ္ဏား၏ မိတ်ဆွေပင် ဖြစ်၏၊ နိဗ္ဗာန်ဆော် ဥပါသကာပုဏ္ဏားလည်း မိမိမိတ်ဆွေ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားကို ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ် ဖြစ်စေရန် အသျှင် သံကိစ္စထံ ခေါ်၍ သွား၏၊ အသျှင်သံကိစ္စလည်း ထိုမိစ္ဆာဒိဋ္ဌိ ပုဏ္ဏားအား တရားဟောကြား၏၊ မိစ္ဆာဒိဋ္ဌိပုဏ္ဏားလည်း တရားတော်ကို နာရ၍ စိတ်ထား ပြင်ကာ နူးညံ့လာ၏၊ ထိုအခါ နိဗ္ဗာန်ဆော်ပုဏ္ဏားသည် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ် များ ထုံးစံဘက်သို့ ဆွဲငင်ကာ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားအား "အို မိတ်ဆွေ....ရဟန်း တပါးလောက် ဆွမ်းမကျွေးနိုင်ပါလား"ဟု ပြောကြား၏၊ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏား လည်း"အို မိတ်ဆွေ....ကျွန်တော်တို့ မိစ္ဆာဒိဋ္ဌိပုဏ္ဏားမျိုးမှာ ရဟန်းတော်များကို ဆွမ်းလှူဒါန်း ကျွေးမွေးလေ့ ထုံးစံမရှိလို့ မကျွေးနိုင်ပါ၊" နိဗ္ဗာန်ဆော် ဥပါသကာပုဏ္ဏားလည်း တိုက်ရိုက် ပြောကြား ဆွဲဆောင်လို့ မရလျှင် သွယ် ဝိုက်သောနည်းဖြင့် တဖန် "အို မိတ်ဆွေ....ရဟန်းတပါးလောက်မှ တာဝန်ယူ ဆွမ်းမလှူ မကျွေးနိုင်ပါလျှင် ငါ့ကိုကော ထမင်း တနပ်လောက် မကျွေးနိုင် ဘူးလား၊ မိတ်ဆွေကိုတော့ ကျွေးနိုင်ပါတယ်၊ အေး-ငါ့ကို ကျွေးနိုင်လျှင် ငါ့ကျွေးမည့် ထမင်းကို ရဟန်းတပါး ပင့်ပြီး ကျွေးမွေး လှူဒါန်းလိုက်ပါ"ဟု

ပြောကြားပြီးလျှင် မိစ္ဆာပုဏ္ဏားလည်း "မိတ်ဆွေ နိဗ္ဗာန်ဆော် စကားအတိုင်း လိုက်နာပါမည်"ဟု ဝန်ခံ၍ နောက်တနေ့ နံနက်တွင် ကျောင်းသို့ သွား၍ ရဟန်းတပါးကို ပင့်ခဲ့ပြီး ဆွမ်းကျွေးမွေး၏၊ နောက်ကာလ၌ ညီငယ် နှစ်ပငယ်နှင့်တကွ မောင်နှမ သုံးဦးလုံးပင် မိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်များ အဖြစ်မှ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များ အဖြစ်သို့ ပြောင်းလဲပြီး ဘုရားသာသနာ ကြည်ညိုစွာဖြင့် ဒါနမှု, သီလမှု,ဘာဝနာမှုတွေကိုပြုကြသတတ်၊ (အကြွင်း-ဥရဂဝဂ် နာဂပေကဝတ္ထု၌ရှု)

(ဤဝတ္ထု၌-မိဘနှစ်ပါး မိစ္ဆာဒိဋ္ဌိ၊ သား သမီး သုံးယောက် ဗုဒ္ဓဘာသာဝင်)

ဤဝတ္ထု၌ သူတော်ကောင်း နိဗ္ဗာန်ဆော် ပုဏ္ဏားနှင့် ပေါင်းသင်းဆက်ဆံခြင်းကြောင့် မိစ္ဆာဒိဋ္ဌိ မောင်နှစ်မ သုံးဦးတို့ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ကြရလေသည်၊ ယခုခေတ် မြန်မာတိုင်းပြည်မှာလည်း ဆွမ်းကြီးလောင်း သပိတ်လုံးဘိတ်တဲ့ နိဗ္ဗာန်ဆော်တွေ၊ မဟာဒုက်ဆွမ်းကျွေး ဆွမ်းဘိတ်တဲ့ နိဗ္ဗာန်ဆော်တွေ၊ အခြား ရတနာသုံးပါးအတွက် ဆော်ဩတိုက်တွန်း ဘိတ်ကြားဆောင်ရွက်တဲ့ နိဗ္ဗာန်ဆော်တွေ၊ ဘုရားလက်ထက်က နိဗ္ဗာန်ဆော် ပုဏ္ဏားကို အတုယူပြီး သဒ္ဓါတရား မရှိသူများကို သဒ္ဓါတရား ရှိလာအောင် မိစ္ဆာပုဂ္ဂိုလ်များကို ဗုဒ္ဓဘာသာဝင် ဖြစ်လာအောင် နည်းမျိုးစုံဖြင့် ကြိုးစားကြရမည်။

**အတ္တသမ္မာပဏိဓိစက်**

၃။ အတ္တသမ္မာပဏိဓီတိ အတ္တနော သမ္မာ ဌပနံ၊ သစေ ပန ပုဗ္ဗေ အဿဒ္ဓါဒီဟိ သမန္နာဂတော ဟောတိ၊ တာနိ ပဟာယ သဒ္ဓါဒီသု ပတိဋ္ဌာပနံ။

(ဋီ-၁၁)

မိမိ ကိုယ်, နှုတ်, စိတ်တို့ကို ကောင်းမွန်စွာ ကုသိုလ်ဘက်၌ ထားခြင်း၊ ကိုယ်ဖြင့် ပြုကျင့်ရာ၌ရင်း၊ နှုတ်ဖြင့် ပြောဆိုရာ၌ရင်း၊ စိတ်ဖြင့် ကြံစည်ရာ၌ရင်း ကုသိုလ် ဖြစ်စေရမည်၊ သဒ္ဓါတရား မရှိသေးသော မိမိကိုယ်ကို သဒ္ဓါတရား ရှိလာအောင်, သီလ မရှိသော မိမိကိုယ်ကို သီလ ရှိလာအောင်, မပေးလှူလို

ဝန့်တို့သော မိမိ ကိုယ်ကို စွန့်ကြဲပေးကမ်း လှူဒါန်းမှု ရှိလာအောင် ပြုခြင်းသည် 'အတ္တသမ္မာပဏိဓိ' မည်၏၊ မိစ္ဆာဒိဋ္ဌိ ဖြစ်သော မိမိကိုယ်ကို ဗုဒ္ဓဘာသာဝင် ဖြစ်အောင် ပြုခြင်းသည်လည်း ၎င်စက်ပင် မှတ်ယူ။

**ပုဗ္ဗေ စ ကတပုညတာ စက်**

၄။ ပုဗ္ဗေ စ ကတပုညတာတိ ပုဗ္ဗေ ဥပစိတကုသလတာ။
(၎င်း-၄၈)

ရှေးဘဝတွေက ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာ သာဝက အပေါင်း သူတော်ကောင်းတို့အထံ၌ အားထုတ်ပြုလုပ် ဆည်းပူးခဲ့သော ဒါနမှု, သီလမှု, ဘာဝနာမှု ဟူသော ကုသိုလ်ကောင်းမှု ရှိသည်၏ အဖြစ်သည် 'ပုဗ္ဗေ စ ကတ-ပုညတာ' မည်၏၊ ဤစက်သည်သာလျှင် ဗုဒ္ဓဘာသာဝင် ဖြစ်နိုင်ရန် ပမာဏပင် ဖြစ်၏၊ ဤ ပုဗ္ဗေစ ကတပုညတာ စက်နှင့် ပြည့်စုံသူများသာလျှင် ပရိသတ် လေးပါးရှိသော သာသနာထွန်းလင်းရာ 'ပတိရူပဒေသ'၌ ဖြစ်ရ၏၊ သူတော် ကောင်းတွေကို မှီဝဲဆည်းကပ်ခွင့် ရ၏၊ မိမိကိုယ်ကို မိစ္ဆာဘက်၌ မယိမ်းမယိုင် သမ္မာဝါဒဘက်၌ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့ဖြင့် မြိုင်မြိုင် ဆိုင်ဆိုင် ခိုင်ခိုင်ကြီး ရပ်တည်နိုင်၏၊ ထို့ကြောင့်လျှင် အဋ္ဌကထာ၌—

"ဣဒမေဝေတ္ထ ပမာဏံ၊ ယေန ဟိ ဉာဏသမ္ပယုတ္တစိတ္တေန ကုသလံ ကတံ ဟောတိ၊ တဒေဝ ကုသလံ တံ ပုရိသံ ပတိရူပ ဒေသေ ဥပနေတိ၊ သပ္ပုရိသေ ဘဇာပေသိ၊ သော ဝေ စ ပုဂ္ဂလော သတ္တာနံ သမ္မာ ဌပေတိ"ဟု မိန့်ပြီ။

ဤ စက်လေးပါးကို—

(၁) ဒါရုစက်၊ (၂) ရတနစက်၊ (၃) ဓမ္မစက်၊ (၄) ဣရိယာပထစက်၊ (၅) သမ္ပတ္တိစက်အားဖြင့် စက်ငါးမျိုး ရှိသည်တွင် သမ္ပတ္တိစက်ဟု မှတ်၊ ဤ သမ္ပတ္တိ စက်လေးပါးနှင့် ကင်း၍ ဗုဒ္ဓဘာသာဝင် ဖြစ်ခွင့်, ကုသိုလ် ဖြစ်ခွင့်, ချမ်းသာသုခကို ရခွင့် မရှိနိုင်၊ ပကတိသော လှည်းရထားသည် ဘီးစက် နှစ်ခုဖြင့် သွားနိုင်သကဲ့သို့၊ ဤ ပတိရူပဒေသဝါသ စသော သမ္ပတ္တိလေးပါးဖြင့်

နက်ပြည်သို့ သွားနိုင်သောကြောင့်၊ ဝါ- နိဗ္ဗာန်တိုင် သွားနိုင်သောကြောင့် ပကတိသော ရထားလှည်းဘီးစက်နှင့် တူ၍ စက်အမည် ရလေသည်။

## (၃) ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့၏ သီလ

သာကီဝင်မင်းသား မဟာနာမ်သည် ဘုရားရှင်အား "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်တဲ့ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေ အဘယ် မျှလောက်သော သီလကို အမြဲစောင့်ထိန်းရပါသလဲ ဘုရား"လို့ လျှောက်ထားမေးမြန်းရာ၊ ဘုရားရှင်လည်း—

"ယတော ခေါ မဟာနာမ ဥပါသကော—

၁။ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ၊

၂။ အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ၊

၃။ ကာမေသုမိစ္ဆာစာရာ ပဋိဝိရတော ဟောတိ၊

၄။ မုသာဝါဒါ ပဋိဝိရတော ဟောတိ၊

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဟောတိ၊

တ္တာဝတာ ခေါ မဟာနာမ ဥပါသကော သီလသမ္ပန္နော ဟောတိ။"

(သောတာပတ္တိသံယုတ် မဟာနာမသုတ်မှ)

"မဟာနာမ်.... ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တဲ့ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်သည်—

၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ရမည်၊

၂။ သူ့ဥစ္စာ ခိုးခြင်းမှ ရှောင်ကြဉ်ရမည်၊

၃။ မေထုန်အကျင့်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ရမည်၊

၄။ လိမ်လည်လှည့်စား မုသားဆိုခြင်းမှ ရှောင်ကြဉ်ရမည်၊

သုစမ္မဝတီ (က) ၁၀၄-၁၇

၅။ အရက် ဘိန်း ယစ်မျိုးများကို သောက်စားခြင်းမှ ရှောင်ကြဉ်ရမည်”ဟု ဟောတော်မူ၏။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းရမည်၊ ဗုဒ္ဓဘာသာဝင်တို့ အသက်ထက်ဆုံး စောင့်ထိန်းရမည့် သီလကား ငါးပါးသီလပင် ဖြစ်၏။

## (၄) ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့၏ အသက်မွေးမှု

“ကော အာဇီဝေါတိ ပဉ္စ မိစ္ဆာ ဝဏိဇ္ဇာ ပဟာယ ဓမ္မေန သမေန ဇီဝိတကပ္ပနံ။”

(အင်-၄)

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့၏ အသက်မွေးမှုမှာ ငါးမျိုးသော မိစ္ဆာကုန်သွယ်မှုကို ပယ်၍ တရားနှင့်အညီ ကုန်သွယ်ခြင်း, တောင်သူလယ်လုပ်ခြင်း, ကျွဲနွားမွေးမြူခြင်း, ဈေးရောင်းခြင်း, စာရေး, ကျောင်းဆရာ, ဆရာမ, ဆရာဝန်လုပ်ငန်း အခြား အကုသိုလ် အပြစ်ကင်းသော အတတ် ပညာများဖြင့် အသက်မွေးခြင်းတည်း။

## ဗုဒ္ဓဘာသာဝင်တို့ ကုန်မသွယ်ရာသည့် ငါးမျိုး

ဘိက္ခဝေ၊ ရဟန်းတို့။ ဉပါသကေန၊ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်သည်။ ပဉ္စ၊ ငါးမျိုးကုန်သော။ ဣမာ ဝဏိဇ္ဇာ၊ ဤကုန်သွယ်ရောင်းဝယ်ခြင်း အမှုတို့ကို။ အကရဏီယာ၊ မပြုကျင့်ထိုက်ကုန်။ ကတမာ ပဉ္စ၊ အဘယ်ငါးမျိုးတို့နည်း ဟူမူကား။

၁။ သတ္တဝဏိဇ္ဇာ၊ သတ္တဝါများကို သတ်ရန် လက်နက်ပြုလုပ် ကုန်သွယ်ရောင်းဝယ်ခြင်းငှင်း။

၂။ သတ္တဝဏိဇ္ဇာ၊ လူသတ္တဝါကို ကုန်သွယ်ရောင်းဝယ်ခြင်းငှင်း။

၃။ မံသဝဏိဇ္ဇာ၊ ကြက်, ဝက်, ဘဲ မွေးမြူ၍ အသားကို ကုန်သွယ်ရောင်းဝယ်ခြင်းငှင်း။

၄။ မဇ္ဇဝဏိဇ္ဇာ၊ သေအရက်ဘိန်း ယစ်မျိုးကို ပြုလုပ် ကုန်သွယ် ရောင်းဝယ်ခြင်းငှင်း။

၅။ ဝိသဝဏိဇ္ဇာ၊ အဆိပ်ကို ပြုလုပ် ကုန်သွယ် ရောင်းဝယ်ခြင်းငှင်း။

ဘိက္ခဝေ၊ တို့။ ဥပါသကေန၊ သည်။ ပဉ္စ၊ ကုန်သော။ ဣမာ ဝဏိဇ္ဇာ၊တို့ကို။ အကရဏီယာ၊ ကုန်။

(အင်ပါ-ဝဏိဇ္ဇာသုတ်)

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် ဤငါးမျိုးသော ကုန်သွယ်ခြင်း အမှုတို့ကို ကိုယ်တိုင်ပြုခြင်း, သူတပါးကို ပြုလုပ်စေခြင်း အမှုတို့ကို ရှောင်ကြဉ်ရမည်။

## (၅) ပျက်စီးမှု

ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်သည် တံငါ, မုဆိုး, ဝက်ထိုး, သားသတ် လုပ်ငန်းများဖြင့် အသက်မွေးနေလျှင်၊ သို့မဟုတ် သူခိုး ဓားပြ လုပ်ငန်းများဖြင့် အသက်မွေးနေလျှင်၊ သို့မဟုတ် မိမိပိုင်မယား လင်သားမှတပါး သူတပါးမယား, လင်သား, သမီးပျို, သားပျိုများဖြင့် မေထုန်အမှုအားဖြင့် မှားယွင်းနေပါလျှင်၊ မဟုတ် မမှန် လိမ်လည်လှည့်ပတ်ခြင်း, ငှင်း မုသာဝါဒ လုပ်ငန်းများဖြင့် အသက် မွေးနေပါလျှင်၊ အရက်သောက်ခြင်း, ဘိန်းစားခြင်း, အရက်ချက်ခြင်း, ဘိန်းချက်ခြင်း, အရက် အရောင်းအဝယ်ပြုခြင်း, ဘိန်း အရောင်းအဝယ်ပြုခြင်း အမှုတွေနှင့် အသက်မွေးနေပါလျှင်၊ သို့မဟုတ် သတ္တဝါများကို သတ်တဲ့ အမြောက်, စိန်ပြောင်း, သေနတ်, ဗုံး, လှံ, ဓား, ခရင်း, ဒုတ်, လေး, ဘတ်ခွ စတဲ့ လက်နက်များ ကိုယ်တိုင်ပြုလုပ်ခြင်း, သူတပါးကို ပြုလုပ်စေခြင်း, ကိုယ်တိုင် ရောင်းဝယ်ခြင်း, သူတပါးကို ရောင်းဝယ်စေခြင်း, ကြက်, ဝက်, ဘဲ, ဆိတ်များ မွေးမြူ၍ သတ်ဖြတ် ရောင်း

ဝယ်ခြင်း, သတ္တဝါတွေ သတ်ရန် အဆိပ်ပိုးသတ်ဆေးများ ပေါ်စပ်ရောင်းဝယ်ခြင်း၊ ဆိုလိုရင်းမှာ ငါးပါးသီလ မလုံခြုံလျှင် အသက်မွေးမှု မစင်ကြယ်လျှင် ပျက်စီးသည်ဟု မှတ်။

ထို့ကြောင့်—"ကာ ဝိပတ္တီတိ ယာ တဿေဝ သီလဿ စ အာဇီဝဿ စ ဝိပတ္တိ၊ အယမဿ ဝိပတ္တိ"ဟု အင်-၄-၃ မိန့်သည်။

တနည်းအားဖြင့်—

"ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဥပါသကော ဥပါသကစဏ္ဍာလော စ ဟောတိ ဥပါသကမလဉ္စ ဥပါသကပတိကုဋ္ဌော စ၊ ကတမေဟိ ပဉ္စဟိ၊ အဿဒ္ဓေါ ဟောတိ၊ ဒုဿီလော ဟောတိ၊ ကောတူဟလ မင်္ဂလိကော ဟောတိ၊ မင်္ဂလံ ပစ္စေတိ နော ကမ္မံ၊ ဣတော စ ဗဟိဒ္ဓါ ဒက္ခိဏေယျံ ဂဝေသတိ၊ ထတ္ထ စ ပုဗ္ဗကာရံ ကရောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ဥပါသကော ဥပါသကစဏ္ဍာလော စ ဟောတိ ဥပါသကမလဉ္စ ဥပါသကပတိကုဋ္ဌော စ။"

(အင်ပါ-စဏ္ဍာလသုတ်မှ)

ဟု-ဟောတော်မူသောကြောင့် သဒ္ဓါတရားမရှိခြင်း,ငါးပါးသီလ မလုံခြုံခြင်း, အမြင် အကြား အတွေ့ ဟူသော လောကီမင်္ဂလာနှင့် ပြည့်စုံ၍ လောကီမင်္ဂလာကိုသာ ယုံကြည် ကုသိုလ်ကံ အကုသိုလ်ကံကို မယုံကြည်ခြင်း, ဘုရားသာသနာတော်မှ အပြင်ပ၌ အလှူခံပုဂ္ဂိုလ်များကို ရှာမှီးခြင်း, ဘုရားသာသနာတော်မှ ပြင်ပပုဂ္ဂိုလ်များ၌ ဒါနစသော ကုသိုလ်ကို ဦးစားပေး၍ ပြုခြင်း၊ ဤတရားငါးပါးနှင့် ပြည့်စုံသော ဒွန်းစဏ္ဍား ဒါယကာ, အညစ်အကြေးနှင့် ပြည့်စုံတဲ့ ဒါယကာ, ယုတ်မာတဲ့ ဒါယကာ—ဒါယိကာမတို့လည်း 'ဝိပတ္တိ' ပျက်စီးသည်ဟု မှတ်။

## (၆) ပြည့်စုံမှု

ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်သည် ပျက်စီးမှု 'ဝိပတ္တိ' အခဏ်းတွင် ပြခဲ့သော အသက်မွေးမှုများ, ကုန်သွယ်မှု ငါးမျိုး, သဒ္ဓါတရား မရှိခြင်းစသော တရားငါးမျိုးတို့ကို မပြုမလုပ်ဘဲ ရှောင်ကြဉ်၍ ငါးပါးသီလ လုံခြုံခြင်း၊ အသက်မွေးမှု စင်ကြယ်ခြင်းနှင့် ပြည့်စုံလျှင် 'သမ္ပတ္တိ' ဗုဒ္ဓဘာသာဝင် ဥပါသကာ, ဥပါသိကာမ အဖြစ်၌ ပြည့်စုံလုံလောက်သည်ဟု မှတ်။

ထို့ကြောင့်—"ကာ သမ္ပတ္တီတိ ယာ စဿ သီလသမ္ပဒါ စ အာဇီဝသမ္ပဒါ စ၊ သာ သမ္ပတ္တိ" ဟု အင် ၄–၃ မိန့်သည်၊ ဝိပတ္တိမှ ပြန်သောအားဖြင့် –

> "ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဥပါသကော ဥပါသကရတနဉ္စ ဟောတိ ဥပါသကပဒုမဉ္စ ဥပါသကပုဏ္ဍရီကဉ္စ၊ ကတမေဟိ ပဉ္စဟိ၊ သဒ္ဓေါ ဟောတိ၊ သီလဝါ ဟောတိ၊ အကောတူဟလ မင်္ဂလိကော ဟောတိ၊ ကမ္မံ ပစ္စေတိ နော မင်္ဂလံ၊ န ဣတော ဗဟိဒ္ဓါ ဒက္ခိဏေယျံ ဂဝေသတိ၊ ဣဓ စ ပုဗ္ဗကာရံ ကရောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သန္နာဂတော ဥပါသကော ဥပါသကရတနဉ္စ ဟောတိဥပါသကပဒုမဉ္စ ဥပါသကပုဏ္ဍရီကဉ္စ။"
>
> (အင် ပါ–စဏ္ဍာလသုတ်မှ)

ဟု–ဟောတော်မူသောကြောင့် သဒ္ဓါတရားရှိခြင်း, ငါးပါးသီလ လုံခြုံခြင်း, အမြင် အကြား အတွေ့ဟူသော လောကီမင်္ဂလာ မရှိ မယုံကံကို ယုံကြည်ခြင်း, ဘုရားသာသနာတော်မှ အပြင်ပ၌ အလှူခံပုဂ္ဂိုလ်များကို မရှာ မပင့် မဖိတ်ခြင်း, သာသနာဝင် ပုဂ္ဂိုလ်များ၌ ဒါနကုသိုလ် စသည်ကို ဦးစားပေး၍ ပြုခြင်း, ဤဘရားငါးပါးနှင့် ပြည့်စုံသော ရတနာဒါယကာ, ပဒုမ္မာဒါယကာ, ပုဏ္ဍရိက်ဒါယကာ, ဒါယိကာမတို့သည် 'သမ္ပတ္တိ'ဗုဒ္ဓဘာသာဝင်အဖြစ်၌ ပြည့်စုံသည်မှတ်။

## လေ့ကျင့်ခန်း မေးခွန်းများ

၁။ အဘယ်ပုဂ္ဂိုလ်မျိုးကို ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်ဟု ခေါ်ဆိုပါသနည်း။

၂။ ဗုဒ္ဓဘာသာဝင် မဟုတ်သူကို ဗုဒ္ဓဘာသာဝင် ဖြစ်အောင် အဘယ်သို့ ပြုမည်နည်း။

၃။ ဗုဒ္ဓဘာသာဝင် ဖြစ်လိုသော ပုဂ္ဂိုလ်တို့ ရတနာ သုံးပါးကို ကိုးကွယ် ဆည်းကပ်ပုံကို ပါဠိ, သို့မဟုတ် မြန်မာလို ရေးပြပါ, ပြောပြပါ။

၄။ အဘယ့်ကြောင့် ဗုဒ္ဓဘာသာဝင် ဥပါသကာ, ဥပါသိကာမ အမည်ရ လေသနည်း။

၅။ ဗုဒ္ဓဘာသာဝင် ဖြစ်ခွင့်ရနိုင်သော စက်လေးပါးကို ဖော်ပြပါ။

၆။ အဘယ်အရပ်ဒေသမျိုးကို "ပတိရူပဒေသ"ဟု ဆိုသနည်း။

၇။ ဤမြန်မာနိုင်ငံကို အဘယ့်ကြောင့် "ပတိရူပဒေသ"ဟု ဆိုသနည်း။

၈။ အဘယ်ပုဂ္ဂိုလ်မျိုးကို သပ္ပုရိသူပနိဿယစက်နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟု ဆိုသနည်း။

၉။ အမေ,အဖေ မိစ္ဆာဒိဋ္ဌိဖြစ်လို့ သားသမီးလည်း မိစ္ဆာဒိဋ္ဌိဘဲလို့ ကျိန်းသေ မှတ်သင့် မသင့် ဝတ္ထုသက်သေနှင့်တကွ ပြပါ။

၁၀။ ဘုရားလက်ထက်က ဗာရာဏသီပြည်သား နိဗ္ဗာန်ဆော်ပုဏ္ဏား မိမိ မိတ်ဆွေ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားအိမ် ရဟန်းတပါးအတွက် ဆွမ်းဖိတ်ပုံကို ရေးပါ။

၁၁။ နိဗ္ဗာန်ဆော်ပုဏ္ဏားသည် မိမိမိတ်ဆွေ မိစ္ဆာဒိဋ္ဌိပုဏ္ဏားအား ဗုဒ္ဓဘာသာ ဝင် ဖြစ်စေရန် အဘယ်ကဲ့သို့ ပြုကျင့်သနည်း။

၁၂။ မိမိကိုယ်ကို "အတ္တသမ္မာပဏိဓိ" စက်နှင့် ပြည့်စုံအောင် အသို့ ပြုမည်နည်း။

၁၃။ ပုဗ္ဗေ စ ကတပုညတာ-ဟူသည် အဘယ်နည်း၊ သမ္ပတ္တိစက် လေးပါးတွင် အဘယ်စက်သည် လိုရင်းပမာဏ ဖြစ်လေသနည်း။

၁၄။ ပုဗ္ဗေ စ ကတပုညတာစက်နှင့် ပြည့်စုံသူတို့ ရနိုင်သော အခွင့် အကျိုးစီးပွားကား အဘယ်နည်း။

၁၅။ စက်အပြား,ဤ၌ လိုအပ်သောစက်နှင့် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့၏ အမြဲရှိရမည့် သီလကို ပြပါ။

၁၆။ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့၏ အသက်မွေးမှု ကုန်မသွယ်သင့်ရာ ငါးမျိုးကို ဖော်ပြပါ။

၁၇။ ဗုဒ္ဓဘာသာဝင်အဖြစ်၌ ဝိပတ္တိ, သမ္ပတ္တိတို့ကို ဖော်ပြပါ။

၁၈။ အဘယ်တရားများနှင့် ပြည့်စုံလျှင် ဒွန်းစဏ္ဍားဒါယကာ, ရတနာဒါယကာ အမည်ရပါသနည်း။

## သရဏဂုံ အဖွင့်

ဝိနည်းမဟာဝါ၊ ခုဒ္ဒကပါဌ အဋ္ဌကထာ၊ သာမည ဖလသုတ် အဋ္ဌကထာ၊ မူလပဏ္ဏာသ ဘယဘေရဝသုတ် အဋ္ဌကထာ၊ ဒေဝတာသံယုတ်၊ မောဂ္ဂလာန သံယုတ်၊ ဓမ္မပဒ အပဒါန်တို့၌ လာသော သရဏဂမနကထာများမှ ရွေးချယ်ထုတ်နုတ် ရေးသားထားသည်။

### သရဏဂုံအစ ဣသိပတန

ဘုရားရှင် ဗာရာဏသီပြည်၏အနီးရှိ ဣသိပတန-အပည်ရတဲ့ မိဂဒါဝုန်တောဝယ် ရှင်ယသ အမှူးရှိတဲ့ ငါးကျိပ် ငါးယောက်သော သူငယ်ချင်း ရဟန်းတို့ အရဟတ္တဖိုလ်သို့ ရောက်ပြီး၍ ပဉ္စဝဂ္ဂီငါးဦး ဘုရားအမှူးရှိတဲ့ ခြောက်ကျိပ်တပါးသော ရဟန္တာကို နယ်လှည့် သာသနာပြုကြရာ ဤ သရဏဂုံ သုံးပါးဖြင့်ပင် ရှင်အဖြစ်, ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူလျက် ဟောကြားတော်မူခဲ့သည်။

### သရဏဂု ဝရိဖြင့် သာသနာသို့ဝင်

"ဣမိနာ ပဋ္ဋေန ဒေဝမနုဿာ ဉပါသကဘာဝေန ဝါ
ပဗ္ဗဇိတဘာဝေန ဝါ သာသနံ ဩတရန္တိ။"

ဤသရဏဂုံ သုံးပါးဟာ ဘုရားသာသနာတော် အတွင်းသို့ သက်ဆင်းဝင်ရောက်ရန် လမ်းမှန်လမ်းကောင်း လမ်းကြောင်းကြီးပင်ဖြစ်ပေ၏၊ဤသရဏဂုံ လမ်းခရီးဖြင့်ပင် လူနတ်ဗြဟ္မာ သတ္တဝါတို့ ဥပါသကာ, ဥပါသိကာမ အဖြစ်ဖြင့်၎င်း၊ရှင်ရဟန်း အဖြစ်ဖြင့်၎င်း ဘုရားသာသနာတော် အတွင်းသို့ သက်ဆင်းဝင်ရောက်ကြရတယ်။

## သရဏဂုံတည်သူ လက်ဦးလူ

### ယသ သတို့သား စည်းစိမ်ခံစား

လူယောကျ်ားတို့တွင် လက်ဦးပထမ 'တေဝါစိက' သရဏဂုံ တည်သူမှာ ရှင်ယသ၏ ဖခင် သူဌေးကြီးပင် ဖြစ်၏၊ လူမိန်းမတို့တွင် ရှင်ယသ၏ မိခင်နှင့် ဇနီးတို့ပင် ဖြစ်ကြ၏။

ထင်ရှားအောင် ချဲ့ဦးအံ့၊ ဘုရားလက်ထက်တော်အခါက ဗာရာဏသီပြည်၌ သူဌေးသား ယသသည် အမျိုးအားဖြင့် ထင်ရှားကျော်စောသူ ဖြစ်၏၊ ရုပ်ဆင်းအင်္ဂါအားဖြင့်လည်း နူးညံ့သိမ်မွေ့သူ ဖြစ်၏၊ နွေ မိုးသုံး ဆောင်း ပြာသာဒ်သုံးဆောင်တွင် လှည့်လည် ခံစား စံစား၍ နေ၏၊ ထို သူဌေးသား ယသသည် မိုးသုံးလအခါ မိုးသုံးလနေသော ပြာသာဒ်ထက်၌ မိန်းမချည်း သက်သက်တီးမှုတ်ဖျော်ဖြေသော တူရိယာတို့ဖြင့် မွေ့လျော် စံစားလျက် ပြာသာဒ်အောက်သို့ မဆင်းသက်။

### သုသာန်အသွင် စိတ်ဝယ်ထင်

ဤကဲ့သို့ ကာမဂုဏ်ငါးပါးကို သုံးဆောင် စံစားနေစဉ် တခုသောညတွင် ယသ သတို့သားမှာ ရှေးဦးအိပ်ပျော်သွားရာ ဖျော်ဖြေနေတဲ့ အလုပ်အကျွေး ပရိသတ်လည်း ယသ သတို့သားအိပ်လျှင် အိပ်ကြလေ၏၊ ယသ သတို့သားလည်း အိပ်ရာမှ စောစောနိုး၍ ညလုံးပေါက် ညှိထွန်းထားတဲ့ မီးတိုင်များဖြင့် မိမိအလုပ်အကျွေး ပရိသတ်ကို ကြည့်ရာ အချို့ မိန်းမတွေက ဆံပင်ဖရိုဖရဲ ဖြန့်ကြဲလျက်,အချို့ မိန်းမတွေက ခံတွင်းမှ တံတွေး ယိုစီးလျက်, အချို့ မိန်းမတွေက တခေါခေါနှင့် ဟောက်လျက် ယောင်ရမ်းလျက် မဖွယ်မရာ အိပ်ပျော်နေကြ

သည်ကို မြင်လျှင် သုသာန်သချိုင်း အသွင် ယသ, သတို့သား၏ စိတ်တွင် ထင်လာကာ ငြီးငွေ့မှု ဖြစ်ပေါ်လာပြီ။

## ဥဒါန်းကျူးရင့်

"ဥပဒ္ဒုတံ ဝတ ဘော၊ ဥပဿဋ္ဌံ ဝတ ဘော။"

လို့ သံဝေဂဉာဏ်ဖြင့် ဥဒါန်း ကျူးရင့်ကာ ရွှေခြေနင်းကို စီးပြီး နတ်တွေ ဖွင့်ထားတဲ့ တံခါးဖြင့် အိမ်မှ ထွက်ခွါပြီး ဘုရားရှိရာ မိဂဒါဝုန် တောသို့ သွားလေ၏၊ ဘုရားရှင်လည်း မိုးသောက်ထအခါ စောစောတ၍ စင်္ကြံကြွ နေရင်း အဝေးမှပင် လာနေသော ယသ,သတို့သားကို မြင်လျှင် စင်္ကြံမှဖဲကာ ခင်းထားတဲ့ နေရာမှာ ထိုင်တော်မူ၏၊ ယသ, သတို့သားလည်း ဘုရားအနီးသို့ ရောက်လျှင်—

"ဥပဒ္ဒုတံ ဝတ ဘော၊ ဥပဿဋ္ဌံ ဝတ ဘော။"

ဟူသော သံဝေဂ ဥဒါန်းကိုပင် ရွတ်ဆို ကျူးရင့်ပြန်၏၊ ထိုအခါ ဘုရားရှင်က ယသ,သတို့သားအား 'ယသ....နိဗ္ဗာန်မည်သည်ကား တဏှာစတဲ့ ကိလေသာတွေ မနှိပ်စက် မညှဉ်းဆဲနိုင်၊ ယသ....ဒီကိုလာပါ, ဒီမှာထိုင်ပါ, သင်အား ငါတရား ဟောမယ်'လို့ မိန့်တော်မူလျှင် 'ယသ, သတို့သားလည်း နိဗ္ဗာန်ဆိုတာ တဏှာ အစရှိတဲ့ ကိလေသာတွေ မနှိပ်စက် မညှဉ်းဆဲနိုင် ဆိုပါကလား'လို့ ရွှင်လန်း ဝမ်းမြောက်စွာဖြင့် ရွှေခြေနင်းကို ချွတ်ပြီး ဘုရားထံပါးသို့ သွားကာ ရိုသေစွာ ရှိခိုး၍ ထိုင်နေ၏။

## ယသ,သတို့သား သောတာပန်ဖြစ်

ထိုအခါ မြတ်စွာဘုရားက ယသ,သတို့သားအား ဒါနအကျိုး,သီလအကျိုး, နတ်ပြည်ချမ်းသာပုံ, ကာမဂုဏ်၏ အပြစ်, ယုတ်မာသောအဖြစ်, ညစ်နွမ်းပုံ, ကာမဂုဏ်မှ ထွက်မြောက်ခြင်း၊ ရဟန်းပြုခြင်း၌ အကျိုးအာနိသင်တို့ကို အစဉ် အတိုင်း ဟောကြားတော်မူ၏၊ ထို့နောက် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓ သစ္စာ, မဂ္ဂသစ္စာ အားဖြင့် သစ္စာလေးပါးကို ဟောကြား ပြသတော်မူ၏၊

သုမင်္ဂလဝိလာသိနီ (က) ၁၀၄-၁၀

ဒေသနာတော်၏ အဆုံးမှာ ယသ, သတို့သားလည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

**ယသ, သတို့သားကို လိုက်ရှာ**

ယသ,သတို့သား၏ မွေးမိခင်လည်း ပြာသာဒ်ထက်သို့ တက်ကြည့်ရာ ယသ, သတို့သားကို မမြင်သောကြောင့် သူဌေးကြီးထံ ခပ်မြန်မြန် သွားပြီး–'သူဌေးကြီး....သား ယသ ပြာသာဒ်တွင် မတွေ့မြင်ပါ၊ ဘယ်ကို သွားတယ် မသိကြပါ'လို့ ပြောကြားလျှင် သူဌေးကြီးလည်း စိုးရိမ်တကြီးနှင့် အရှေ့, အနောက်, တောင်, မြောက် အရပ်လေးမျက်နှာသို့ မြင်းသည်တမန်များကို စေလွှတ်ပြီး လိုက်လံရှာဖွေစေသည်၊ မိမိကိုယ်တိုင်လည်း မိဂဒါဝုန်တောသို့ လိုက်သွားလေလျှင် ရွှေခြေနင်းချရာကို မြင်၍ ထိုခြေနင်းရာ အစဉ်ဖြင့် လိုက်လေ၏။

**ယသ,သတို့သားကို တန်ခိုးဖြင့် ကွယ်ထား**

ဘုရားရှင်လည်း အဝေးမှပင် သူဌေးကြီးလာသည်ကို မြင်လျှင် ယသ,သတို့သားကို မမြင်အောင် တန်ခိုးဖြင့် ဖန်ဆင်းဖုံးကွယ်၍ ထား၏၊ သူဌေးကြီးလည်း ဘုရားထံ ချဉ်းကပ်၍ 'အရှင်ဘုရား.... ယသ, သတို့သားကို မမြင်ပါလား'ဟု မေးမြန်း၏၊ ဘုရားရှင်လည်း 'သူဌေးကြီး.... ယသ, သတို့သားကို မြင်လိုလျှင် ဒီနေရာမှာ ထိုင်ပါ၊ ယသ, သတို့သားကို တွေ့မြင်ရပါလိမ့်မည်' ဟု မိန့်ကြား၏၊ သူဌေးကြီးလည်း ဘုရားစကားကို ကြားလျှင် စိုးရိမ်မှု ပြေပျောက်ပြီး သား-ယသကို မြင်ရတော့မှာဘဲလို့ ဝမ်းမြောက်ဝမ်းသာနှင့် ဘုရားရှင်ကို ရိုသေစွာ ရှိခိုး၍ ထိုင်၏။

**သူဌေးကြီး သောတာပန်ဖြစ်**

ထိုအခါ မြတ်ဘုရားက သူဌေးကြီးအား ဒါနအကျိုး, သီလအကျိုး, နတ်ပြည်ချမ်းသာပုံ, ကာမဂုဏ်၏အပြစ်, ယုတ်မာသောအဖြစ်, ညစ်နွမ်းပုံ, ကာမဂုဏ်မှ ထွက်မြောက်ခြင်း၊ ရဟန်းပြုခြင်း၌ အကျိုးအာနိသင်တို့ကို အစဉ်အတိုင်း ဟောကြားတော်မူ၏၊ ထိုနောက် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓ

သစ္စာ, မဂ္ဂသစ္စာအားဖြင့် သစ္စာလေးပါးကို ဟောကြားပြသတော်မူ၏၊ဒေသနာတော်၏ အဆုံးမှာ သူဌေးကြီးလည်း သောတာပတ္တိဖိုလ်၌ တည်လေ၍ တရားတော်ကို ချီးမွမ်းထောမနာ သာဓု အနုမောဒနာပြုပြီး—

**ဥပါသကာအဖြစ်ကို လျှောက်ထား**

> "သောဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊ ဥပါသကံ မံ ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။"

"ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား.... တပည့်တော်သည်—

(၁) ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

(၂) တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

(၃) သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ယနေ့ကို အစပြု၍ အသက်ရှည်သရွေ့ တပည့်တော်ကို ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ဒါယကာဟူ၍ မှတ်တော်မူပါဘုရား"ဟု လျှောက်ထားလေ၏။

> "သောဝ လောကေ ပဌမံ ဥပါသကော အဟောသိ တေဝါစိကော"

ဟု-လာရှိသည်နှင့်အညီ လူဝတ်ကြောင်တို့တွင် ထိုသူဌေးကြီးသည်ပင် လက်ဦးပထမ တေဝါစိက (ဘုရား, တရား, သံဃာ အပြည့်အစုံ သုံးခွန်းဆောက်တည်ရခြင်းရှိသော) သရဏဂုံတည်သူပင် ဖြစ်၏။

တေဝါစိက သရဏဂုံ "တေ-ဘုရား, တရား,သံဃာအားဖြင့် သုံး၊ ဝါစိက-ရွတ်ဆို ဆောက်တည်ရခြင်းရှိသော၊ သရဏဂုံ-ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ်ခြင်း၊ (ဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏၊ တရားကို ကိုးကွယ်ဆည်းကပ်ပါ၏၊ သံဃာကို ကိုးကွယ်ဆည်းကပ်ပါ၏ဟု သုံးခွန်း ဆောက်တည်ရသော သရဏဂုံ။)

## ရဟန္တာဖြစ်

ယသ, သတို့သားလည်း ဖခင်အား တရားဟောကြားစဉ် သိမြင်တိုင်းသော သစ္စာတရားကို ဆင်ခြင်၍ လူဝတ်ကြောင်ဖြင့်ပင် အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်လေ၏၊ ဘုရားရှင်လည်း ယနေ့မူကား ယသ, သတို့သားသည် ရဟန္တာ ဖြစ်လေပြီ၊ လူဝတ်ကြောင်နှင့် ကာမဂုဏ်ကို သုံးဆောင်ခြင်းငှါ မထိုက်ပြီဟု ကြံတော်မူ၍ တန်ခိုးတော်ကို ရုပ်သိမ်းလိုက်တယ်၊ သူဌေးကြီးလည်း ယသ, သတို့သားကို မြင်ရ၍ ချစ်သား....သင့် မွေးမေမှာဖြင့် သင့်အတွက် စိုးရိမ် ပူဆွေးပြီး ငိုကြွေးနေတယ်၊ ချစ်သားကို မမြင်ရလျှင် သင့်မွေးမိခင် အသက် ဆုံးရမတတ်ပင်၊ ချစ်သား....သင့် မွေးမိခင်အား အသက်ပေးသနားပါအုံး'လို့ ပြောကြား၏။

## ဟေဝိဘိက္ခု ရဟန်း

ယသ, သတို့သားလည်း ဘုရား မျက်နှာတော်ကို မော်၍ ကြည့်ရှု၏၊ ထိုအခါ မြတ်ဘုရားက 'သူဌေးကြီး....ယသ,သတို့သားသည် လူဝတ်ကြောင်နှင့် ကာမဂုဏ်ကို သုံးဆောင်ခြင်းငှါ မထိုက်ပြီ၊ အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်လေပြီ'ဟု မိန့်တော်မူ၏၊ သူဌေးကြီးလည်း'မြတ်စွာဘုရား....ယသ,သတို့သား သည် လူ့အဖြစ်ကို အရတော်လှပါ၏၊ အာသဝေါကင်းတဲ့ သီလ, သမာဓိ, ပညာ ကျေးဇူးတို့ကို ကောင်းစွာ ရအပ်ပါပေ၏ဘုရား၊ မြတ်စွာဘုရား.... မနက်ဖြန် ယသ,သတို့သားနှင့်အတူ တပည့်တော်၏ နေအိမ်သို့ ဆွမ်းဘုဉ်းပေး ကြွတော်မူပါဘုရား'လို့ လျှောက်ထားရာ ဆိတ်ဆိတ်နေပြီး ဘုရားလက်ခံတော် မူခြင်းကို သိ၍ ဘုရားရှင်ကို ရိုသေစွာ ရှိခိုးပြီး အိမ်သို့ ပြန်သွား၏၊ ယသ, သတို့သားလည်း ဖခင်ပြန်သွားလျှင် ဘုရားရှင်ထံ ရဟန်းအဖြစ်ကို လျှောက် ထား၍ ဟေဝိဘိက္ခု ရဟန်း အဖြစ်ကို ရ၏။

ဟေဝိဘိက္ခုရဟန်း = ဘိက္ခု–ရဟန်း၊ ဟေဝိ–လာလော့၊ ဤကဲ့သို့ ဘုရား ခေါ်သော ခဏ၌ ရှေးဘုရားသာသနာတော်၌ သက်န်း သပိတ် ပရိက္ခရာ

လှူဒါန်းခဲ့ဘူးသော ကောင်းမှုဖြင့် လူ့အသွင် ကွယ်ပျောက်ပြီး သင်္ကန်း သပိတ် ပရိက္ခရာ အပြည့်အစုံဖြင့် ရဟန်းအသွင် ရောက်လာခြင်း၊ ဤဧဟိဘိက္ခု ရဟန်း အဖြစ်ကိုလည်း ရှေးဘုရား သာသနာတော်တွေ၌ သင်္ကန်း သပိတ် ပရိက္ခရာ လှူဒါန်းခဲ့ဘူးသော ယောကျ်ားများသာ ရသည်။

* ဟိ၊ ထိုစကား သင့်စွ–မှန်ကန်စွ။ ဣတ္ထိနံ၊ မိန်းမတို့အား ။ စီဝရဒါနံ၊ သင်္ကန်း ဟူသော အလှူသည်။ မဟာလတာ ပသာဓန ဘဏ္ဍေန၊ မဟာလတာ တန်းဆာကို ရခြင်းဖြင့်။မတ္ထကံ၊အပြီးအဆုံးသို့။ပပ္ပေါတိ၊ရောက်၏။ပုရိသာနမ္ပိ၊ ယောကျ်ားတို့အားလည်း။ ဣဒ္ဓိမယပတ္တစီဝရေန၊ တန်ခိုးဖြင့်ပြီးသော သပိတ် သင်္ကန်းကို ရခြင်းဖြင့်။ မတ္ထကံ၊ အပြီးအဆုံးသို့။ ပပ္ပေါတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

(ဓမ္မပဒ၊ ပုပ္ဖဝဂ်-ဝိသာခါဝတ္ထုမှ)

## ရှင်ယသ၏ မိခင်နှင့် ဇနီး သောတာပန်ဖြစ်

ထိုနေ့မိုးသောက် အလင်းရောက်လျှင် ဘုရားရှင်လည်း ရှင်ယသနှင့် အတူ သူဌေးကြီး နေအိမ်သို့ ကြွတော်မူ၏၊ ရှင်ယသ၏ မွေးမိခင်နှင့် ဇနီးဟိုလည်း ဘုရားရှင်ထံ ချဉ်းကပ်၍ ရိုသေစွာ ရှိခိုးပြီး ထိုင်နေကြ၏၊ ထိုအခါ မြတ်ဘုရား က ဒါနအကျိုး, သီလအကျိုး, နတ်ပြည်ချမ်းသာပုံ, ကာမဂုဏ်၏အပြစ်, ယုတ်မာသောအဖြစ်, ညစ်နွမ်းပုံ,ကာမဂုဏ်မှ ထွက်မြောက်ခြင်း၊ ရဟန်းပြုခြင်း၌ အကျိုးအာနိသင်တို့ကို အစဉ်အတိုင်း ဟောကြားတော်မူ၏၊ ထို့နောက် သစ္စာလေးပါးကို ဟောကြား ပြသတော်မူ၏၊ ဒေသနာတော်၏ အဆုံးမှာ ရှင်ယသ၏မိခင်နှင့် ဇနီး နှစ်ဦးလုံးပင် သောတာပတ္တိဖိုလ်၌ တည်ကြ၍ တရား တော်ကို ချီးမွမ်း ထောမနာ သာဓု အနုမောဒနာ ပြုပြီး—

"တော မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ၊ ဓမ္မဉ္စ ဘိက္ခု သံဃဉ္စ၊ ဥပါသိကာယော နော ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတာ သရဏံ ဂတာ။"

"ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား.... တပည့်တော်မတို့သည်–

(၁) ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏။

(၂) တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏။

(၃) သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏။

ယနေ့ကို အစပြု၍ အသက်ရှည်သရွေ့ တပည့်တော်မတို့ကို ဘုရား, တရား, သံဃာ ရတနာ သုံးပါးကို ကိုးကွယ် ဆည်းကပ်သော ဒါယိကာမတို့ ဟူ၍ မှတ်တော်မူပါဘုရား"ဟု လျှောက်ထားကြလေ၏။

"တာ စ လောကေ ပဌမံ ဥပါသိကာ အဟေသုံ တေဝါစိကာ"

ဟု-လာရှိသည်နှင့်အညီ လူမိန်းမတို့တွင် ရှင်ယသ၏ မယ်တော်နှင့် ဇနီးတို့သည် လက်ဦး ပထမ တေဝါစိက သရဏဂုံ တည်သူများ ဖြစ်ကြ၏။

**မှတ်ရန်။** ။ရှင်ယသ၏ ဘခမည်းတော်, မယ်တော်, ဇနီးတို့ သောတာပတ္တိမဂ်ခဏမှာပင် သရဏဂုံတည်ပြီး ဖြစ်၏၊ ယင်းသို့သော်လည်း သောတာပန်ပုဂ္ဂိုလ်၏အဖြစ် ရတနာသုံးပါးကို အလွန်ကြည်ညိုသည်၏ အဖြစ်ကို သိစေလျက် ထုံးစံအတိုင်း ရတနာသုံးပါးကို အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမအဖြစ်ကို နောင်လာ ဗုဒ္ဓဘာသာဝင်တို့ အတုယူဘွယ် လျှောက်ထားသတတ်။
(ဝိနည်း မဟာဝါ ပါဠိတော် အဋ္ဌကထာ)

ဒွေဝါစိက သရဏဂုံ

ဒွေဝါစိက သရဏဂုံကိုမူကား တပုဿ, ဘလ္လိက ကုန်သည် နောင်ညီတို့ လက်ဦး ပဌမတည်း၊ ထင်ရှားအောင် ချဲ့ဦးအံ့၊ ဘုရားရှင် ဗောဓိပင်မှ တောင်အရပ်တွင်ရှိ လင်းလွန်းပင်ရင်းတွင် တင်ပလ္လင်ခွေ ထိုင်နေလျက် ခုနစ်ရက်ပတ်လုံး အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူစဉ် တပုဿ, ဘလ္လိက ကုန်သည်

နောင်ညီတို့သည် ဥက္ကလ ဇနပုဒ်မှ မဇ္ဈိမဒေသသို့ ကုန်ကူးသွားရာ ငါးခုမြောက်ဘဝ၌ အမိဖြစ်ခဲ့ဘူးသော နတ်သည် ကုန်သည် နောင်ညီတို့ကို 'အမောင်တို့.... ယခု ဘုရားရှင် လင်းလွန်းပင်ရင်းတွင် သီတင်းသုံးတော်မူ၏၊ ဘုရားရှင်အား ကြွက်ကျစ်မုန့်, ပျားဆုပ်မုန့်တို့ကို သွားရောက် လှူဒါန်းကြကုန်လော့၊ ထိုဒါနဖြင့် သင်တို့အား ချမ်းသာစီးပွား အကြာကြီးများမည်'ဟု ပြောကြားလျှင် တပုဿ, ဘလ္လိက ကုန်သည် နောင်ညီတို့သည် ကြွက်ကျစ်မုန့် ပျားဆုပ်မုန့်တို့ကို ယူ၍ ဘုရားရှင်အား သွားရောက်လှူဒါန်း၏၊ ဘုရားရှင်လည်း နတ်မင်းကြီး လေးဦး လှူဒါန်းသော ကျောက်ညိုဖြင့် ပြီးသော သပိတ်တော်ဖြင့် ခံတော်မူပြီး ဘုဉ်းပေးတော်မူ၏၊ မုန့်ဆွမ်း ဘုဉ်းပေး ပြီးလျှင်ပင် ကုန်သည် နောင်ညီတို့သည် ဘုရားရှင်အား—

"ဧတေ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ ဓမ္မဉ္စ၊
ဥပါသကေ နော ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတေ
သရဏံ ဂတေ။"

"မြတ်စွာဘုရား....တပည့်တော်တို့သည်—

၁။ ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏။

၂။ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏။

ယနေ့ကို အစပြု၍ အသက်ရှည်သရွေ့ တပည့်တော်တို့ကို ဘုရား, တရား ရတနာနှစ်ပါးကို ကိုးကွယ်ဆည်းကပ်သော ဒါယကာတို့ဟူ၍ မှတ်တော်မူပါ ဘုရား"ဟု လျှောက်ထားကြသတတ်။

"တေ စ လောကေ ပဌမံ ဥပါသကာ အဟေသုံ ဒွေဝါစိကာ"

ဟု လာရှိသည်နှင့် အညီ တပုဿ, ဘလ္လိက ကုန်သည် ညီနောင်တို့သည် သာလျှင် သံသာ မပေါ်မီ လက်ဦး ပဌမ 'ဒွေဝါစိက' သရဏဂုံ တည်သူများ ဖြစ်ကုန်၏။

† ဒွေဝါစိက သရဏဂုံ – ဒွေ–ဘုရား, တရားအားဖြင့် နှစ်၊ ဝါစိက–ရွတ်ဆို ဆောက်တည်ရခြင်း ရှိသော၊ သရဏဂုံ–ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ်ခြင်း။

၁။ ဘုရားကို ကိုးကွယ် ဆည်းကပ်ပါ၏၊

၂။ တရားကို ကိုးကွယ် ဆည်းကပ်ပါ၏၊

ဟု နှစ်ခွန်း ဆောက်တည်ရသော သရဏဂုံဟု မှတ်။

**သရဏဂုံ ပါဠိ၏အနက်**

* ဗုဒ္ဓံ၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်းဆာဆင်အပ်သော ရူပကာယ တော်, အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ် စသော နာမကာယတော်, ဤ ရူပ ကာယ, နာမကာယ နှစ်ဝစုံလင် ဘုံသုံးခွင်တွင် တုမမြင်သည့် အမွန်ထွတ်ထား မြတ်ဘုရားကို။ သရဏံ သရဏံ ဣတိ၊ ကိုးကွယ် လည်းလျောင်း ပုန်းအောင်း မှီခိုရာ ဟူ၍။ ဝါ· ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက် ကယ်မတတ်၏ ဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ် အသိအမှတ်ပြုပါ၏။

* ဓမ္မံ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ပိုင်းဖြတ် ဆယ်ပါးသော တရား တော်မြတ်ကို။ သရဏံ သရဏံ ဣတိ၊ ကိုးကွယ် လည်းလျောင်း ပုန်းအောင်း မှီခိုရာ ဟူ၍။ ဝါ· ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက် ကယ်မတတ်၏ ဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ် အသိအမှတ်ပြုပါ၏။

* သံဃံ၊ မဂ်လေး ဖိုလ်လေး ရောထွေးပေါင်းလျှောက် ရှစ်ယောက်အရိယာ ပရမတ္ထ မြတ်သံဃာကို။ သရဏံ သရဏံ ဣတိ၊ ကိုးကွယ် လည်းလျောင်း ပုန်းအောင်း မှီခိုရာ ဟူ၍။ ဝါ· ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက် ကယ်မတတ်၏ ဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ် အသိအမှတ် ပြုပါ၏။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။

**သာသနာပြုသူများအတွက် မှတ်ချက်**

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်အဖြစ်သို့ ကူးပြောင်းလိုသော ဘာသာတပါး ပုဂ္ဂိုလ်တို့အား ရှေးဦးစွာ သရဏဂုံကို ပေးရမည်၊ မဂဓပါဠိကို မဆိုတတ်မူ မြန်မာလို ပေးရမည်၊ ပြီးမှ ငါးပါးသီလကို မြန်မာဘာသာဖြင့် ခပ်ရှင်းရှင်း ပေးရမည်၊ ပါဠိသက်သက်ဖြင့် ပေးမူ- အနက် အဓိပ္ပါယ်ကို ရှင်းလင်း ပြောပြရမည်၊ သာသနာပြု ပုဂ္ဂိုလ်ဟူသည် သရဏဂုံနှင့် ငါးပါးသီလကို ပါဠိ၊အနက်၊အဓိပ္ပါယ် တည်ပုံ ပျက်ပုံ အကျိုးအပြစ် တွေ့သက်သေနှင့်တကွ စုံလင်စွာ လေ့လာကြပြီး ဟောပြောပြသ သာသနာပြုကြရမည်၊ ထို့ထက်အလွန် စုပေါင်း ရှင်ပြုပွဲကြီးတွေ့, စုပေါင်း ဒုလ္လဘရဟန်းခံပွဲကြီးတွေ ကျင်းပ ပြုလုပ်ကြရမည်။

## လေ့ကျင့်ခန်း မေးခွန်းများ

၁။ တေဝါစိကသရဏဂုံကို အဘယ်အရပ်၌ ဟောကြားတော်မူခဲ့လေသနည်း။

၂။ လူနတ်ဗြဟ္မာတို့ သာသနာတွင်းသို့ သက်ဝင်ရာ လမ်းခရီးကား အဘယ်ပါနည်း။

၃။ တေဝါစိကသရဏဂုံ တည်သူ လက်ဦးလူတို့ကား အဘယ်သူတို့နည်း။

၄။ ယသ,သတို့သား ကျူးရင့်သော သံဝေဂဥဒါန်းကို ပါဠိလို ဖော်ပြပါ။

၅။ ယသ,သတို့သား၏ ဖခင်သူဌေးကြီး ဗုဒ္ဓဘာသာဝင် ဥပါသကာအဖြစ် ခံယူလျှောက်ထားပုံကို ပါဠိသက်သက် မြန်မာသက်သက် နှစ်မျိုးပြပါ။

၆။ တေဝါစိကသရဏဂုံ၏ အဓိပ္ပါယ်နှင့် ရှင်ယသသည် အဘယ်ရဟန်းအဖြစ်ကို ရသနည်း ပြပါ။

သုမင်္ဂလဝတီ (က) ၁၀၄-၁၉

၇။ ဟေ၀ိဘိက္ခု ရဟန်းဟူသည် အဘယ်နည်း၊ ၎င်းရဟန်းအဖြစ်ကို အဘယ် ဒါန၏ အကျိုးဖြင့် အဘယ်ပုဂ္ဂိုလ်များသာ ရသနည်း၊ မိန်းမများ သင်္ကန်းဒါနဖြင့် အဘယ်အရာကို အပြီးအဆုံး ရသနည်း။

၈။ ဒွေ၀ါစိက သရဏဂုံဟူသည် အဘယ်နည်း၊ ၎င်းသရဏဂုံကို အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်တို့ အဦး ဆောက်တည်ရသနည်း။

၉။ တပုဿ, ဘလ္လိက ကုန်သည်နောင်ညီတို့ ဗုဒ္ဓဘာသာ၀င် ဥပါသကာများ အဖြစ်ကို ခံယူလျှောက်ထားပုံ ပါဠိကို သို့မဟုတ် မြန်မာလို ရေးပါ။

၁၀။ တေ၀ါစိက သရဏဂုံ ပါဠိ၏ အနက်ကို ရေးခဲ့ပါ။

**သုံးပါးရတနာ ကိုးကွယ်ရာ**

"သတ္တာနံ ဘယံ ဟိံသတီတိ သရဏံ"

ယံ ရတနတ္တယံ၊ အကြင် ဘုရား, တရား, သံဃာအားဖြင့် ရတနာသုံးပါး အပေါင်းသည်။ သတ္တာနံ၊ ရတနာသုံးဖြာ ကိုးကွယ်ရာဟု စိတ်မှာသိမှတ် ဆည်းကပ်ကြရှာ သတ္တ၀ါတို့၏။ ဘယံ၊ ပစ္စုပ္ပန်မှာဖြစ်တဲ့ဘေး တမလွန်မှာ ဖြစ်တဲ့ဘေး အပါယ်ဘေး ၀ဋ်ဘေးတွေကို။ ဟိံသတိ၊ ညှဉ်းဆဲပယ်သတ် အမြစ် ပြတ်အောင် ဖျက်ဆီးတော် မူတတ်၏။ ဣတိ၊ ထို့ကြောင့်။ တံ ရတနတ္တယံ၊ ထို ဘုရား, တရား, သံဃာအားဖြင့် ရတနာသုံးပါး အပေါင်းသည်။ သရဏံ၊ 'သရဏ'တွင်သည် ကိုးကွယ်ရာ မည်ပါပေ၏။

(၁) ဘုရား၊
(၂) တရား၊
(၃) သံဃာ၊

ဟူ၍ ရတနာသုံးပါး ကိုးကွယ်ရာ သုံးပါးရှိ၏။

၁။ ဘုရား = သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော် ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ် တို့နှင့် ပြည့်စုံတဲ့ 'ရူပကာယ'တော်၊

အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ် စသော 'နာမကာယ'တော်၊ ဤရူပကာယ, နာမကာယ (ရုပ်နာမ် အပေါင်းအစု) နှစ်ခုနှင့်ပြည့်စုံတဲ့ လောကတခွင်တွင် အတူမရှိတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို ဘုရားလို့ ဆိုသည်၊ (ရူပ-ရုပ်၊ ကာယ-ကိုယ်အပေါင်းအစု၊ နာမ-နာမ်၊ ကာယ-ကိုယ်အပေါင်းအစု။)

(၂) တရား = (၁)သောတာပတ္တိမဂ်၊ (၂)သကဒါဂါမိမဂ်၊ (၃) အနာဂါမိမဂ်၊ (၄) အရဟတ္တမဂ်၊ (၅) သောတာပတ္တိဖိုလ်၊ (၆) သကဒါဂါမိဖိုလ်၊ (၇) အနာဂါမိဖိုလ်၊ (၈) အရဟတ္တဖိုလ်၊ (၉) နိဗ္ဗာန်၊ (၁၀) ပရိယတ္တိ၊ (ဝိနည်း, သုတ်, အဘိဓမ္မာ ပိဋကတ်သုံးပုံ ဘုရားစကားတော်) ဒီဆယ်ပါးကို တရားတော်လို့ ဆိုသည်။

(၃) သံဃာ = (၁) သောတာပတ္တိမဂ်ကို ရသောပုဂ္ဂိုလ်၊ (၂) သောတာပတ္တိဖိုလ်ကို ရသောပုဂ္ဂိုလ်၊ (၃)သကဒါဂါမိမဂ်ကို ရသောပုဂ္ဂိုလ်၊ (၄)သကဒါဂါမိဖိုလ်ကို ရသောပုဂ္ဂိုလ်၊ (၅) အနာဂါမိမဂ်ကို ရသောပုဂ္ဂိုလ်၊ (၆) အနာဂါမိဖိုလ်ကို ရသောပုဂ္ဂိုလ်၊ (၇) အရဟတ္တမဂ်ကို ရသောပုဂ္ဂိုလ်၊ (၈)အရဟတ္တဖိုလ်ကို ရသောပုဂ္ဂိုလ်၊ ဤအရိယာပုဂ္ဂိုလ် ရှစ်ယောက်ကို ပရမတ္ထသံဃာ ဆိုသည်၊ ဘုရားအဆက်အနွယ်တော်ဖြစ်တဲ့ ပုထုဇဉ် ရဟန်း သာမဏေတို့ကား သမ္မုတိသံဃာမည်သတည်း၊ဂုဏ်ထူးရစဉ်အားဖြင့် ပဉ္စဝဂ္ဂီငါးဦးတွင် အမှူးဖြစ်တဲ့ ရှင်ကောဏ္ဍညကို အစပြု၍ ယနေ့ထက်တိုင်အောင် ဆရာအဆက်ဆက် တပည့်အဆက်ဆက်ဖြင့် မပျက်တည်ရှိလာတဲ့ သာသနာတော် တခုလုံးမှာရှိတဲ့ အရိယာ, ပုထုဇဉ် နှစ်မျိုးလုံးပင် သံဃာမည်သည်။

**ရတနာမည်ပုံ**

"စိတ္တီကတံ မဟဂ္ဃဉ္စ၊ အတုလံ ဒုလ္လဘဒဿနံ။
အနောမသတ္တပရိဘောဂံ၊ ရတနံ တေန ဝုစ္စတိ။"

ယံ သရဏတ္တယံ၊ အကြင် ဘုရား, တရား, သံဃာအားဖြင့် အထွတ်အမြတ်ထား ကိုးကွယ်ရာ သုံးပါးအပေါင်းသည်။ စိတ္တီကတံ စ၊ သဒ္ဓါဂါပို ကြည်ညို

လေးမြတ် အထူးအားဖြင့်လည်း ပူဇော်အပ်၏။ မဟာဝံသ၌၊ နည်းများမဟူ ပူဇော်သူအား မဟာပဒုမ မဟာနိဿယ အကျိုးရလို့ နိုင်းဆမကိုက် အဘိုးများစွာ လည်းထိုက်၏။ အတုလ၌၊ ဖြဟ္မာလူနတ် ဘုံသုံးထပ်တွင် နှိုင်းကပ်မဲ့လျင်း အတုလည်းကင်း၏။ ဒုလ္လဘဒဿန၌၊ တရံတခါ ကပ်ကမ္ဘာ၌ ဖြစ်ကာပေါ်ထွန်း ရခဲလွန်းသော ဖူးမြင်ရခြင်းလည်း ရှိ၏။ အနောမသတ္တပရိဘောဂ ၈၊ ဖြဟ္မာ လူနတ် အမြတ်ဇာတ်တွင် မွန်မြတ်သော သမ္မာဒိဋ္ဌိဂုဏ်ထူး ရှိသူတို့၏ ဆည်းကပ် ပူဇော် အကျင့်တော်ပြောင် အသုံးအဆောင်လည်းဖြစ်၏။ တေန၊ထိုသို့ စိတ္တီကတ စသည်ငါးခု သကတ်စုကြောင့်။ တံ သရဏတ္တယံ၊ ထို ဘုရား, တရား, သံဃာ အားဖြင့် အထွတ်အမြတ်ထား ကိုးကွယ်ရာသုံးပါး အပေါင်းကို။ ရတနံ၊ ရတနာ မည်၏ ဟူ၍။ ဝုစ္စတိ၊ ဂုဏ်သကတ်အလိုက် သမိုက်ပညတ် ခေါ်ဆိုအပ်ပေ သတည်း။

**စိတ္တီကတ**

ဘုရား, တရား, သံဃာ သုံးပါးသည် လောက၌ အထူးအားဖြင့် အရို အသေ ပြုအပ် အလေးအမြတ်ပြုအပ် ပူဇော်အပ်သော အရာဝတ္ထုမည်၏၊ 'မှန်၏' ဘုရား, တရား, သံဃာ ထွန်းပေါ်လာသည်မှ အစပြု၍ လူ နတ် ဖြဟ္မာ တို့သည် ဘုရား, တရား, သံဃာမှ တပါးသူတို့၌ အရိုအသေပြုခြင်း အလေး အမြတ်ပြုခြင်း ပူဇော်ခြင်းတို့ကို မပြုမူဘဲ ဘုရား, တရား, သံဃာအားသာ ပြုသတည်း၊ သဟမ္ပတိဖြဟ္မာသည် မြင်းမိုရ်တောင်လောက်ရှိတဲ့ ရတနာပန်းကုံး ဖြင့် ဘုရားရှင်အား ပူဇော်၏၊ ဗိမ္ဗိသာရမင်း, ကောသလမင်း, အနာထပိဏ် သူဌေးနှင့် အခြားသော လူ နတ် ဖြဟ္မာတို့လည်း စွမ်းနိုင်သလောက် ဘုရား, တရား, သံဃာကို ပူဇော်ကြကုန်၏။

ဘုရားပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် (၂၁၈)နှစ် မြောက်တွင် အသောက မင်းသည် ကိုးဆယ့်ခြောက်ကုဋေသော အသပြာငွေဖြင့် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ဓမ္မက္ခန္ဓာတဆူကို ကျောင်းတဆောင်ဖြင့် ပူဇော်၍ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ကို ကျောင်းပေါင်း (၈၄၀၀၀)ဖြင့် ပူဇော်လေသည်၊ ယနေ့ထက်တိုင်လည်း သာသနာထွန်းလင်းရာ ထိုထိုမြို့ရွာနိဂုံးတို့၌ ဓာတ်တော် မွေတော်များထည့်သွင်း

ဌာပနာပြီး ရုပ်ပွား ဆင်းတုတော် စေတီတော် ပုထိုးတော်များ တည်ထား ကိုးကွယ်ခြင်း၊ ရွှေသင်္ကန်း လှူဒါန်းခြင်း၊ ကျောင်းတော် ဆောက်လုပ် လှူဒါန်း ခြင်း၊ မီးပူဇော်ခြင်း၊ နှစ်စဉ် နှစ်ဘိုင်း 'ဗုဒ္ဓပူမုခသံဃဒါန' ဆွမ်းသပိတ်လုံး လောင်းလှူခြင်း စသည်ဖြင့် အရိုအသေ အလေးအမြတ်ပြုကာ ပူဇော်ခဲ့ကြ လေသည်။

**မဟဂ္ဃ**

ဘုရား, တရား, သံဃာအား ပူဇော်တဲ့ အနည်း အပါး အာမိသပူဇာ ဓမ္မပူဇာသော်လည်း လယ်ယာမြေကောင်းမှာ စိုက်ပျိုးတဲ့ မျိုးစေ့များကဲ့သို့ ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးရသောကြောင့် ဘုရား, တရား, သံဃာသည် တန်ဘိုးမဖြတ် နိုင်သော အလွန်အကြူး အထူးပင် အဘိုးထိုက်တန်သည်။

**အတုလ**

လောကတွင် ဘုရား, တရား, သံဃာနှင့် သီလ, သမာဓိ, ပညာဂုဏ်အားဖြင့် နှိုင်းချိန်တုဘက်နိုင်သူဟူ၍ မရှိ၊ ဘုရား, တရား, သံဃာသည် ဂုဏ်တော်အနန္တ ဖြစ်သောကြောင့် ဘယ်၍ဘယ်မျှဟု ဂုဏ်တော်ကို ပိုင်းခြား နှိုင်းချိန်၍မပြနိုင်။

**ဒုလ္လဘဒဿန**

ဘုရား, တရား, သံဃာဆိုတာ ကမ္ဘာအသင်္ချေ လွန်လေကြာလည်း ကြုံရခဲ လှ၏၊ ဘုရားသံ, တရားသံ, သံဃာသံ ကလေးမျှပင် ကြားရဘို့ရာ မလွယ်ကူ လှပါ၊ ဘာ့ကြောင့်လဲ ကမ္ဘာအသင်္ချေယျ ဗုဒ္ဓသုည (ဘုရားမပွင့်) ဖြစ်တဲ့ အခါဖြစ်၏၊ ဘုရားမပွင့်လျှင် တရား, သံဃာလည်း မပေါ်လာနိုင်၊ ဒါကြောင့် ဘုရား, တရား, သံဃာဆိုတာ တရံတခါ ကပ်ကမ္ဘာမှာသာ ထွန်းပေါ်လာခြင်း ကြောင့် ဖူးမြင်ရခဲ၏။

**အနေ့ာမသတ္တပရိဘောဂ**

ဘုရား, တရား, သံဃာဆိုတာ မိစ္ဆာသမား သူယုတ်မာများတို့ လားလားမျှ မသုံးဆောင်ထိုက်၊ သမ္မာဒိဋ္ဌိ ဂုဏ်ထူးရှိတဲ့ သူမွန်သူမြတ်တို့သာ ဒဿနာနုတ္တရိယ

သဝနာနုတ္တရိယ ပါရိစရိယာနုတ္တရိယ စသည်တို့ကို ပြီးစီးပြည့်စုံစေပြီး သုံးဆောင်နိုင်ကြလေသည်။

* ဤ စိတ္တီကတ, မဟဂ္ဃ, အတုလ, ဒုလ္လဘဒဿန, အနောမသတ္တ ပရိဘောဂ ဟူသော အကြောင်း ငါးချက်ဖြင့်ပင် ဘုရား, တရား, သံဃာ သုံးပါးသည် ရတနာ အမည်ရလေသည်၊ ဘုရား ရတနာ, တရား ရတနာ, သံဃာ ရတနာဟု ခေါ်ဝေါ် ပြောဆိုရသည်။

(သုတ္တနိပါတ်–ရတနသုတ်အဖွင့်)

## ကိုးကွယ်ရာဖြစ်ပုံ

ဘုရား, တရား, သံဃာ ရတနာသုံးပါးသည် မိမိကို ကိုးကွယ် ဆည်းကပ် အသိအမှတ်ပြုတဲ့ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပစ္စုပ္ပန်မှာ ဖြစ်တဲ့ဘေး,တမလွန်မှာ ဖြစ်တဲ့ဘေး, အပါယ်ဘေး, ဝဋ္ဋဆင်းရဲဘေးတွေကို ညှဉ်းဆဲ ပယ်သတ် အမြစ် ပြတ်အောင် ဖျက်ဆီးတော်မူတတ်သောကြောင့် သရဏအမည် ရ၏၊ ကိုးကွယ်ရာ ဖြစ်၏။

'မှန်၏' ဘုရား ကိုယ်တော်မြတ်ကြီးက—

"သမ္ပန္န သီလာ ဘိက္ခဝေ ဝိဟရထ"

ချစ်သားတို့....ကိုယ်နှုတ်လုံခြုံ သီလဂုဏ်နှင့် ပြည့်စုံအောင် နေထိုင်ကြရမည် စသည်ဖြင့် အကျိုးစီးပွား ရှိသည့်အရာမှာ သတ္တဝါတို့အား စေခိုင်းတိုက်တွန်းတော်မူသည်။

"ပါဏာတိပါတဿ ခေါ ပါပကော ဝိပါကော ပါပကံ အဘိသမ္ပရာယံ"

သူ့အသက်ကို သတ်သောသူသည် မကောင်း စုတ်ချာ ယုတ်မာတဲ့အကျိုးကို ရတယ်၊ မကောင်း စုတ်ချာ ယုတ်မာတဲ့ တလွန်လောက ဘဝကို ရတယ်၊ စသည်

ဖြင့် အကုသိုလ်၏ အပြစ်ကို ပြလျက် အကျိုးစီးပွား မဲ့သည့်အရာမှာ သတ္တဝါတို့အား မြစ်တားတော်မူသည်။

ဤကဲ့သို့ သတ္တဝါတို့အား အကျိုးစီးပွား ရှိသည်၌ ဖြစ်စေပြီး အကျိုးစီးပွား မဲ့သည်၌ မြစ်တော်မူလျက် သတ္တဝါတို့၏ ပစ္စုပ္ပန်မှာ ဖြစ်တဲ့ဘေး, တမလွန်မှာ ဖြစ်တဲ့ဘေး, အပါယ်ဘေး, ဝဋ်ဆင်းရဲဘေးတွေကို ညှဉ်းဆဲ ပယ်ဖျောက်တော်မူသည်။

မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန် တရားတော်ကလည်း လူ နတ် ဗြဟ္မာ သတ္တဝါတွေကို ဘဝတည်းဟူသော ခရီးခဲမှ လွန်မြောက်စေပြီး သက်သာရာကို ရစေလျက် သတ္တဝါတို့၏ ပစ္စုပ္ပန်မှာ ဖြစ်တဲ့ဘေး, တမလွန်မှာ ဖြစ်တဲ့ဘေး, အပါယ်ဘေး, ဝဋ်ဆင်းရဲဘေးတွေကို ညှဉ်းဆဲပယ်ဖျောက်တော်မူသည်။

သံဃာတော်ကလည်း-အနုတ္တရပုညက္ခေတ္တဖြစ်ခြင်းကြောင့် မပြောလောက်ပ အနည်းငယ်မျှလည်း ဒါနပူဇာပြုလာသူတို့အား ကြီးကျယ်ပြန့်ပြောသော အကျိုးကို ရစေလျက် သတ္တဝါတို့၏ ပစ္စုပ္ပန်မှာဖြစ်တဲ့ဘေး တမလွန်မှာဖြစ်တဲ့ဘေး အပါယ်ဘေး ဝဋ်ဆင်းရဲဘေးတွေကို ညှဉ်းဆဲ ပယ်ဖျောက်တော်မူသည်။

ဒါကြောင့် ဘုရား, တရား, သံဃာ ရတနာသုံးပါးသည် သရဏမည်၏၊ ကိုးကွယ်ရာ ဖြစ်၏။

**သရဏဂုံနှင့် သရဏဂုံတည်သူ**

"တပ္ပသာဒတဂ္ဂရုတာဟိ ဝိဟတကိလေသော တပ္ပရာယန-
တာကာရပ္ပဝတ္တော စိတ္တုပ္ပါဒေါ သရဏဂမနံ"

တပ္ပသာဒတဂ္ဂရုတာဟိ၊ ထိုဘုရား, တရား, သံဃာအားဖြင့် သုံးပါးရတနာ၌ ကြည်ညိုသည်၏အဖြစ် ထိုသုံးပါးရတနာ၌သာလျှင် လေးမြတ်ခြင်းရှိသည်၏ အဖြစ်တို့ဖြင့်။ ဝိဟတကိလေသော၊ ပယ်ဖျောက်အပ်ပြီးသော ဝိစိကိစ္ဆာ, သမ္မောဟ, အသဒ္ဓိယ စသော ယုတ်မာသော တရားရှိသော။ တပ္ပရာယနတာ-

ကာရုပ္ပဝတ္တော၊ ထိုသုံးပါးရတနာလျှင် ကိုးကွယ်ရာ လည်းလျှောင်းရာ ရှိသည်၏ အဖြစ်ဟူသော အချင်းအရာအားဖြင့်ဖြစ်သော။ စိတ္တုပ္ပါဒေါ၊ ကုသိုလ်စိတ္တုပ္ပါဒ်သည်။ ဝါ၊ သဒ္ဓါ, ပညာစသော သမ္ပယုတ္တဓမ္မနှင့် တကွဖြစ်သော ကုသိုလ်စိတ်သည်။ သရဏဂမနံ၊ သရဏဂုံမည်၏။

"သရဏဂမန" – သရဏ-ဘုရား, တရား, သံဃာ ကိုးကွယ်ရာ၊ ဂမန-မှီဝဲဆည်းကပ်ခြင်း၊ 'ဂမန'ပုဒ်ကို ဂုံ-ဟု ပြန်ဆို၍ 'သရဏဂမန' သရဏဂုံ-ဘုရား, တရား, သံဃာ ကိုးကွယ်ရာ မှီဝဲဆည်းကပ်ခြင်း။

ဘုရား, တရား, သံဃာ ရတနာသုံးပါးသည် မိမိကို ကိုးကွယ်ဆည်းကပ်တဲ့ သတ္တဝါတို့အား ပစ္စုပ္ပန်မှာဖြစ်တဲ့ဘေး တမလွန်မှာဖြစ်တဲ့ဘေး အပါယ်ဘေး ဝဋ်ဆင်းရဲဘေး တွေကို ညှဉ်းဆဲပယ်ဖျောက်ပြီး ချမ်းသာသို့ ရောက်အောင် စောင့်ရှောက် ကယ်မတော်မူတတ်၏ဟု တကယ်ယုံကြည်တဲ့ စိတ်ထားမျိုးဖြင့် ကျောက်ထီးတန္တု အလေးအမြတ်ပြုကာ ဘုရားဟုတ်လေသလော မဟုတ်လေသလော၊ တရားဟုတ်လေသလော မဟုတ်လေသလော၊ သံဃာဟုတ်လေသလော မဟုတ်လေသလောဟု တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာ၊ ရတနာသုံးပါး ဂုဏ်တော်များ၌ တွေဝေခြင်း သမ္မောဟ၊ ရတနာသုံးပါး ဂုဏ်တော်များကို မယုံကြည်ခြင်း မကြည်ညိုခြင်း အသဒ္ဓိယ-စတဲ့ ယုတ်မာတဲ့ တရားများကို ဖယ်ရှားပြီး၊ ထိုရတနာသုံးပါးလျှင် ကိုးကွယ်ရာရှိသည်၏အဖြစ် လည်းလျှောင်းရာရှိသည်၏ အဖြစ် ပုန်းအောင်းရာ ရှိသည်၏ အဖြစ် မှီခိုရာ ရှိသည်၏ အဖြစ်ဟူသော အခြင်းအရာအားဖြင့်ဖြစ်သော သဒ္ဓါ, ပညာစသော သမ္ပယုတ္တဓမ္မနှင့် အတူဖြစ်တဲ့ ကုသိုလ်စိတ်ကို သရဏဂုံ-ဟု ခေါ်ဆိုသည်။

"တံသမင်္ဂီ သတ္တော သရဏံ ဂစ္ဆတိ"

ထိုကုသိုလ်စိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို သရဏဂုံတည်သူဟု ဆိုသည်၊ သရဏဂုံတည်တဲ့ ပုဂ္ဂိုလ်တိုင်းပင် ဗုဒ္ဓဘာသာဝင်၊ ပုညကြိယဝတ္ထုဆယ်ပါးတွင် ဒိဋ္ဌိဇုကမ္မဟု မှတ်ယူရမည်။

**သရဏဂုံအပြား**

အဲဒီ သရဏဂုံကလည်း—

၁။ လောကုတ္တရာသရဏဂုံ၊

၂။ **လောကီသရဏဂုံ**

ဟူ၍ နှစ်မျိုး ရှိ၏။

**လောကုတ္တရာသရဏဂုံ အပြားမရှိ**

ဤ သရဏဂုံနှစ်မျိုးတွင် လောကုတ္တရာ သရဏဂုံမှာ အရိယာ ပုဂ္ဂိုလ်တို့အား သောတာပတ္တိမဂ် ခဏမှာပင် ပြည့်စုံခြင်းကြောင့် အထူးတလီ ဆောက်တည် ဘွယ်မလို၍ အပြားမရှိ။

**လောကီသရဏဂုံ အပြား**

လောကီသရဏဂုံမှာ—

၁။ အတ္တသန္နိယျာတန သရဏဂုံ၊

၂။ တပ္ပရာယဏတာ သရဏဂုံ၊

၃။ သိဿဘာဝူပဂမန သရဏဂုံ၊

၄။ ပဏိပါတ သရဏဂုံ

ဆောက်တည်ပုံ အထူးအားဖြင့် လေးပါးပြား၏။

**(၁) အတ္တသန္နိယျာတန သရဏဂုံ ဆောက်တည်ပုံ**

"အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊ ဓမ္မဿ နိယျာတေမိ၊ သံဃဿ နိယျာတေမိ"ဟု ပါဠိသက်သက် ဖြင့် ဖြစ်စေ။

"အဇ္ဇ၊ ယနေ့ကို။ အာဒိံကတွာ၊ အစပြု၍။ အဟံ၊ ငါသည်။ အတ္တာနံ၊ ငါ၏ကိုယ်ကို။ ဗုဒ္ဓဿ၊ ဘုရားရှင်အား။ နိယျာတေမိ၊ အပ်နှင်းပါ၏။ ဓမ္မဿ၊

သုမင်္ဂလဝတီ (က) ၁၀၄–၂၀

တရားတော်အား။ နိယျာတေမိ၊ အပ်နှင်းပါ၏။ သံဃသ၊ သံဃာတော်အား။ နိယျာတေမိ၊ အပ်နှင်းပါ၏”ဟု ပါဠိမြန်မာဖြင့် ဖြစ်စေ။

“ယနေ့ကို အစပြု၍ ငါသည် ငါ၏ကိုယ်ကို ဘုရားအား အပ်နှင်းပါ၏၊ တရားအား အပ်နှင်းပါ၏၊ သံဃာအား အပ်နှင်းပါ၏”ဟု မြန်မာသက်သက်ဖြင့် ဖြစ်စေ။

မိမိကိုယ်ကို ရတနာ သုံးပါးအား အပ်နှင်းခြင်းသည် ‘အတ္တသန္နိယျာတန’ သရဏဂုံ ဆောက်တည်သည် မည်၏။

ဤ အတ္တသန္နိယျာတန သရဏဂုံ ကို

* “အဟံ ဗုဒ္ဓဿ အတ္တာနံ ပရိစ္စဇာမိ၊ ဓမ္မဿ အတ္တာနံ ပရိစ္စဇာမိ၊ သံဃဿ အတ္တာနံ ပရိစ္စဇာမိ။”
* “အဟံ ဗုဒ္ဓဿ ဇီဝိတံ ပရိစ္စဇာမိ၊ ဓမ္မဿ ဇီဝိတံ ပရိစ္စဇာမိ၊ သံဃဿ ဇီဝိတံ ပရိစ္စဇာမိ။”
* “ဗုဒ္ဓဿ ပရိစ္စတ္တောယေဝ မေ အတ္တာ၊ ဓမ္မဿ ပရိစ္စတ္တော-ယေဝ မေ အတ္တာ၊ သံဃဿ ပရိစ္စတ္တောယေဝ မေ အတ္တာ။”
* “ဗုဒ္ဓဿ ပရိစ္စတ္တံယေဝ မေ ဇီဝိတံ၊ ဓမ္မဿ ပရိစ္စတ္တံယေဝ မေ ဇီဝိတံ၊ သံဃဿ ပရိစ္စတ္တံယေဝ မေ ဇီဝိတံ။”
* “အဟံ ဇီဝိတပရိယန္တိကံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။”
* “ဗုဒ္ဓေါ မေ သရဏံ လေဏံ တာဏံ၊ ဓမ္မော မေ သရဏံ လေဏံ တာဏံ၊ သံဃော မေ သရဏံ လေဏံ တာဏံ။”

ဟု-အနက်တူ ပရိယာယ်သဒ္ဒါဖြင့်လည်း ဆောက်တည်နိုင်သည်။

အနက်

* အဟံ၊ ငါသည်။ ဗုဒ္ဓဿ၊ ဘုရားရှင်အား။ အတ္တာနံ၊ ကိုယ်ကို။ ပရိစ္စဇာမိ၊ စွန့်လွှတ်လှူဒါန်းပါ၏။ ဓမ္မဿ၊ တရားတော်အား။ အတ္တာနံ၊ ကိုယ်ကို။ ပရိစ္စဇာမိ၊ စွန့်လွှတ် လှူဒါန်းပါ၏။ သံဃဿ၊ သံဃာတော်အား။ အတ္တာနံ၊ ကိုယ်ကို။ ပရိစ္စဇာမိ၊ စွန့်လွှတ် လှူဒါန်းပါ၏။

* အဟံ၊ ငါသည်။ ဗုဒ္ဓဿ၊ ဘုရားရှင်အား။ ဇီဝိတံ၊ အသက်ကို။ ပရိစ္စဇာမိ၊ စွန့်လွှတ် လှူဒါန်းပါ၏။ ဓမ္မဿ၊ တရားတော်အား။ ဇီဝိတံ၊ အသက်ကို။ ပရိစ္စဇာမိ၊ စွန့်လွှတ် လှူဒါန်းပါ၏။ သံဃဿ၊ သံဃာတော်အား။ ဇီဝိတံ၊ အသက်ကို။ ပရိစ္စဇာမိ၊ စွန့်လွှတ် လှူဒါန်းပါ၏။

* မေ၊ ငါသည်။ (ငါ၏) အတ္တာ၊ ကိုယ်ကို။ ဗုဒ္ဓဿ၊ ဘုရားရှင်အား။ ပရိစ္စတ္တော ယေဝ၊ စွန့်လွှတ် လှူဒါန်းအပ် ပြီးသည် သာတည်း။ မေ၊ ငါသည်။ (ငါ၏) အတ္တာ၊ ကိုယ်ကို။ ဓမ္မဿ၊ တရားတော် အား။ ပရိစ္စတ္တော ယေဝ၊ စွန့်လွှတ် လှူဒါန်းအပ်ပြီးသည် သာတည်း။ မေ၊ ငါသည်။ (ငါ၏) အတ္တာ၊ ကိုယ်ကို။ သံဃဿ၊ သံဃာတော်အား။ ပရိစ္စတ္တောယေဝ၊ စွန့်လွှတ်လှူဒါန်းအပ် ပြီးသည်သာတည်း။

* မေ၊ ငါသည်။ (ငါ၏) ဇီဝိတံ၊ အသက်ကို။ ဗုဒ္ဓဿ၊ ဘုရားရှင်အား။ ပရိစ္စတ္တံ ယေဝ၊ စွန့်လွှတ် လှူဒါန်း အပ်ပြီးသည် သာတည်း။ မေ၊ ငါသည်။ (ငါ၏) ဇီဝိတံ၊ အသက်ကို။ ဓမ္မဿ၊ တရားတော်အား။ ပရိစ္စတ္တံယေဝ၊ စွန့်လွှတ် လှူဒါန်းအပ်ပြီးသည်သာတည်း။ မေ၊ ငါသည်။ (ငါ၏) ဇီဝိတံ၊ အသက်ကို။ သံဃဿ၊ သံဃာတော်အား။ ပရိစ္စတ္တံယေဝ၊ စွန့်လွှတ်လှူဒါန်း အပ်ပြီးသည် သာတည်း။

* အဟံ၊ ငါသည်။ ဇီဝိတ ပရိယန္တိကံ၊ အသက်ဆုံးသည်ကိုင်အောင်။ ဗုဒ္ဓံ၊ ဘုရားကို။ သရဏံ-သရဏံ ဣတိ၊ ကိုးကွယ်လည်းလျှောင်း ပုန်းအောင်းမှီခိုရာ ဟူ၍။ ဝါ၊ ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်ကယ်မ

တတ်၏ ဟူ၍။ ဂစ္ဆာမိ၊ မှိဝဲဆည်းကပ် အသိအမှတ်ပြုပါ၏။ ဓမ္မံ၊ တရားတော်ကို။ သရဏံ-သရဏံ ဣတိ၊ ဟူ၍။ ဝါ၊ ဟူ၍။ ဂစ္ဆာမိ၊ ၏။ သံဃံ၊ သံဃာတော်ကို။ သရဏံ-သရဏံ ဣတိ၊ ဟူ၍။ ဝါ၊ ဟူ၍။ ဂစ္ဆာမိ၊ ၏။

* ဗုဒ္ဓေါ၊ ဘုရားသည်။ မေ၊ ငါ၏။ သရဏံ၊ ကိုးကွယ်ရာပါတည်း။ လေဏံ၊ ပုန်းအောင်းရာပါတည်း။ တာဏံ၊ စောင့်ရှောက်ကယ်မတတ်သော ရတနာပါတည်း။ ဓမ္မော၊ တရားသည်။ မေ၊ ငါ၏။ သရဏံ၊ ကိုးကွယ်ရာပါတည်း။ လေဏံ၊ ပုန်းအောင်းရာပါတည်း။ တာဏံ၊ စောင့်ရှောက်ကယ်မတတ်သော ရတနာပါတည်း။ သံဃော၊ သံဃာသည်။ မေ၊ ငါ၏။ သရဏံ၊ ကိုးကွယ်ရာပါတည်း။ လေဏံ၊ ပုန်းအောင်းရာပါတည်း။ တာဏံ၊ စောင့်ရှောက်ကယ်မတတ်သော ရတနာပါတည်း။

## (၂) တပ္ပရာယဏတာ သရဏဂုံဆောက်တည်ပုံ

"အဇ္ဇာဒိံ ကတွာ အဟံ ဗုဒ္ဓပရာယဏော, ဓမ္မပရာယဏော, သံဃပရာယဏောတိ မံ ဓာရေထ" ဟု ပါဠိသက်သက်ဖြင့် ဖြစ်စေ။

"အဇ္ဇ၊ ယနေ့ကို။ အာဒိံကတွာ၊ အစပြု၍။ အဟံ၊ ငါသည်။ ဗုဒ္ဓပရာယဏော၊ ဘုရားလျှင် လည်းလျောင်းရာရှိပါ၏။ ဓမ္မပရာယဏော၊ တရားလျှင် လည်းလျောင်းရာ ရှိပါ၏။ သံဃပရာယဏော၊ သံဃာလျှင် လည်းလျောင်းရာရှိပါ၏။ ဣတိ၊ ဤသို့။ တုမှေ၊ သင်တို့သည်။ မံ၊ ငါ့ကို။ ဓာရေထ၊ အသိအမှတ် ပြုကြပါကုန်လော့" ဟု ပါဠိမြန်မာဖြင့် ဖြစ်စေ။

"ယနေ့ကို အစပြု၍ ငါသည် ဘုရားလျှင် လည်းလျောင်းရာရှိပါ၏၊ တရားလျှင် လည်းလျောင်းရာရှိပါ၏၊ သံဃာလျှင် လည်းလျောင်းရာရှိပါ၏၊ ဤကဲ့သို့ သင်တို့သည် ငါ့ကို အသိအမှတ်ပြုကြပါကုန်" ဟု မြန်မာသက်သက်ဖြင့်ဖြစ်စေ။

မိမိကိုယ်ကို ရတနာသုံးပါးလျှင် လည်းလျောင်းရာရှိသည်၏ အဖြစ်ကို ပြုခြင်းသည် တပ္ပရာယဏတာ သရဏဂုံ ဆောက်တည်သည်မည်၏။

ဤတပ္ပရာယဏတာ သရဏဂုံကို—

> သောအဟံ ဝိစရိဿာမိ၊ ဂါမာဂါမံ ပုရာပုရံ။
> နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ။"

ဟု-သုတ္တနိပါတ် ဥရဂဝဂ် ဟေမဝတသုတ်၊ အာဠဝကသုတ်တို့၌ လာသော ဟေမဝတဘီလူး, အာဠဝကဘီလူးကြီးတို့၏ သရဏဂုံကဲ့သို့လည်း ဆောက်တည် နိုင်သည်။

**အနက်**

သော အဟံ၊ ထို ငါအာဠဝကဘီလူးသည်။ဗုဒ္ဓဿ၊ ဘုရားရှင်၏။ သုဗုဒ္ဓတံ စ၊ 'သမ္မာသမ္ဗုဒ္ဓေါ ဝတ ဘဂဝါ' စသည်ဖြင့် ကောင်းသောဘုရား၏ အဖြစ် ကိုငှင်း။ ဓမ္မဿ၊ တရားတော်၏။ သုဓမ္မတံ စ၊ 'သွာက္ခာတော ဝတ ဘဂဝတာ ဓမ္မော' စသည်ဖြင့် ကောင်းသောတရား၏ အဖြစ်ကိုငှင်း။ သံဃဿ၊ သံဃာတော်၏။ သုပ္ပဋိပန္နတဥ္စ၊ 'သုပ္ပဋိပန္နော ဝတ ဘဂဝတော သာဝကသံဃော' စသည်ဖြင့် ကောင်းသော အကျင့်ရှိသည်၏ အဖြစ်ကိုငှင်း။ အဘိတ္ထဝိတွာ အဘိတ္ထဝိတွာ၊ ချီးမွမ်းထောမနာ၍ ချီးမွမ်းထောမနာ၍။ သမ္ဗုဒ္ဓံ၊ မြတ်စွာ ဘုရားကို။ နမဿမာနော၊ ရှိခိုးလျက်။ ဂါမာ၊ နတ်ရွာတရွာမှ။ ဂါမံ,နတ်ရွာ တရွာသို့။ ဝါ၊ ဂါမာဂါမံ၊ နတ်ရွာငယ်, နတ်ရွာကြီးသို့။ ပုရာ၊ နတ်ပြည် တပြည်မှ။ ပုရံ၊ နတ်ပြည်တပြည်သို့။ ဝါ၊ ပုရာပုရံ၊ နတ်ပြည်ငယ်, နတ်ပြည်ကြီး သို့။ (ဓမ္မဿောသကော၊ ဓမ္မဃောသက ပုဂ္ဂိုလ်သည်။ ဟုတွာ၊ ဖြစ်၍။) ဝိစရိဿာမိ၊ လှည့်လည်သွားလာရပေတော့အံ့သတည်း။

**မှတ်ရန်။** ။ဤ ဟေမဝတ, အာဠဝကဘီလူးတို့ကား သောတာပန်ပုဂ္ဂိုလ် များတည်း၊ သရဏဂုံမှာ မဂ်ဖြင့်သာလျှင် လာ၏၊ ယင်းသို့သော်လည်း သောတာပန်ပုဂ္ဂိုလ်၏ အဖြစ်ကို ပြလိုသောကြောင့်ငှင်း၊ ရတနာ သုံးပါး၌ ကြည်ညိုသည်၏အဖြစ်ကို ပြလိုသောကြောင့်ငှင်း နှုတ်မြွက် ရှိခိုးမှုကို ပြုသတည်း၊ ထို့ကြောင့် ဟေမဝတသုတ်အဖွင့်၌—

"သရဏံ ယန္တိတိ ကိဋ္ဌာပိ မဂ္ဂေနေဝ ဂတာ၊ တထာပိ သောတာ-ပန္နဘာဝ ပရိဒီပနတ္ထံ၊ ပသာဒဒဿနတ္ထဉ္စ ဝါစံ ဘိန္ဒတိ" ဟု မိန့်သည်။

(၃) သိဿဘာဝူပဂမန သရဏဂုံဆောက်တည်ပုံ

"အဇ္ဇာဒိံ ကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကော၊ ဓမ္မဿ အန္တေဝါသိကော၊ သံဃဿ အန္တေ ဝါသိကော-တိ မံ ဓာရေထ" ဟု ပါဠိသက်သက်ဖြင့် ဖြစ်စေ။

"အဇ္ဇ၊ ယနေ့ကို။ အာဒိံကတွာ၊ အစပြု၍။ အဟံ၊ ငါသည်။ ဗုဒ္ဓဿ၊ ဘုရား၏။ အန္တေဝါသိကော၊ အနီးနေ တပည့်ပါတည်း။ ဓမ္မဿ၊ တရား၏။ အန္တေဝါသိကော၊ အနီးနေတပည့်ပါတည်း။ သံဃဿ၊ သံဃာ၏။ အန္တေဝါသိကော၊ အနီးနေတပည့်တည်း။ ဣတိ၊ ဤသို့။ တုမှေ၊ သင်တို့သည်။ မံ၊ ငါ့ကို။ ဓာရေထ၊ အသိအမှတ် ပြုကြပါကုန်လော့" ဟု-ပါဠိမြန်မာဖြင့် ဖြစ်စေ။

"ယနေ့ကို အစပြု၍ ငါသည် ဘုရား၏ တပည့်တည်း၊ တရား၏ တပည့်တည်း၊ သံဃာ၏ တပည့်တည်း၊ ဤကဲ့သို့ သင်တို့သည် ငါ့ကို အသိအမှတ် ပြုကြပါ" ဟု မြန်မာသက်သက်ဖြင့် ဖြစ်စေ။

မိမိကိုယ်ကို ရတနာသုံးပါး၏ တပည့်အဖြစ်ကို ပြခြင်းသည် 'သိဿဘာဝူပဂမန သရဏဂုံ' ဆောက်တည်သည်မည်၏။

ဤ သိဿဘာဝူပ ဂမန သရဏဂုံကို ကဿပ သံယုတ်လာ ရှင်မဟာကဿပ၏ သရဏဂုံကဲ့သို့လည်း ဆောက်တည်နိုင်သည်၊ ထင်ရှားစေအံ့-ရှင်မဟာကဿပ ကြီးသည် မိမိကိုယ်တိုင်ပင် လူ့အသွင်ကို ပယ်ရှားပြီး ရဟန်းအသွင်ကို ယူကာ 'မဟာတိတ္ထိ' မည်တဲ့ ပုဏ္ဏားရွာမှ ထွက်ခဲ့ပြီး သွားလေရာ သုံးဂါဝုတ်လောက် ရှိတဲ့ ခရီးကို ခရီးဦးကြိုပြုပြီး ရာဇဂြိုဟ်မြို့နှင့် နာဠန္ဒမြို့အကြားရှိ ဗဟုပုတ္တက ပညောင်ပင်ရင်းမှာ ကိုယ်တော်တပါးတည်း သီတင်းသုံးတော်မူနှင့်သော ဘုရားရှင်ကို မြင်လျှင် ဤသူကား ဘုရားပင်ဟု မသိဘဲ—

"သတ္ထာရဉ္စ ဝတာဟံ ပသေယျံ၊ ဘဂဝန္တမေဝ ပသေယျံ။
သုဂတဉ္စ ဝတာဟံ ပသေယျံ၊ ဘဂဝန္တမေဝ ပသေယျံ။
သမ္မာသမ္ဗုဒ္ဓဉ္စ ဝတာဟံ ပသေယျံ၊ ဘဂဝန္တမေဝ ပသေယျံ။

အဟံ၊ ငါသည်။ သတ္ထာရံ၊ ဆရာဘုရားကို။ ပသေယျံ၊ ဖူးမြင်ငြားအံ့။ ဘဂဝန္တံဧဝ၊ ဤဘုရားရှင်ကိုသာလျှင်။ ပသေယျံ၊ ဖူးမြင်ရရာ၏။ အဟံ၊ ငါသည်။ သုဂတံ၊ သမ္မာပဋိပတ်ဖြင့် ကောင်းစွာ ကြွသွားတော်မူသော ဘုရားရှင်ကို။ ပသေယျံ၊ ဖူးမြင်ငြားအံ့။ ဘဂဝန္တံ ဧဝ၊ ဤဘုရားရှင်ကိုသာလျှင်။ ပသေယျံ၊ ဖူးမြင်ရရာ၏။ အဟံ၊ ငါသည်။ သမ္မာသမ္ဗုဒ္ဓံ၊ မဖောက်မပြန် မှန်ကန်လှစွာ ကိုယ်တိုင်သာလျှင် သစ္စာငြေ ယျ ဓမ္မဉာဏ် အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရားကို။ ပသေယျံ၊ ဖူးမြင်ငြားအံ့။ ဘဂဝန္တံဧဝ၊ ဤဘုရားရှင်ကိုသာလျှင်။ ပသေယျံ၊ ဖူးမြင်ရရာ၏။

စသဒ္ဒါ ဝတသဒ္ဒါတို့ကား ပဒပူရဏတည်း၊ 'စ' အကယ်၍ 'ဝတ' စင်စစ် အနက်လည်း သင့်၏။

သဗ္ဗတ္ထ စသဒ္ဒေါ ဝတသဒ္ဒေါစ ပဒပူရဏတ္ထံ၊ စေသဒ္ဒေနဝါ ဘဝိတဗ္ဗံ သစေတိ အဉ္ဇကထာယံ ဝုတ္တတ္တာ၊ ဝတသဒ္ဒေါ စ ပဿိတုကာမတာယ ဧကံသတ္ထံ ဒီပေတီတိပိ ယုဇ္ဇတိ။
(ဋီကာ)

ဤကဲ့သို့ အကြံအစည် ဖြစ်ပေါ်လာပြီး မြတ်စွာဘုရား၏ ခြေတော်၌ ဦးခိုက်ဝပ်လျှိုး၍ "သတ္ထာ မေ ဘန္တေ ဘဂဝါ၊ သာဝကောဟမသ္မိ၊ သတ္ထာ မေ ဘန္တေ ဘဂဝါ၊ သာဝကောဟမသ္မိ"

'ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား မြတ်ဘုရားသည် တပည့်တော်၏ ဆရာ ဖြစ်ပါ၏၊ တပည့်တော်သည် မြတ်ဘုရား၏ တပည့်ဖြစ်ပါ၏'ဟု လျှောက် ထားသတတ်။

(ကဿပသံယုတ် စီဝရသုတ်မှ)

(၄) ပဏိပါတသရဏဂုံ ဆောက်တည်ပုံ

"အဇ္ဇာဒိံ ကတွာ အဟံ အဘိဝါဒန,ပစ္စုဋ္ဌာန, အဉ္ဇလိကမ္မ, သာမိစိကမ္မံ ဗုဒ္ဓါဒီနံယေဝ တိဏ္ဏံ ဝတ္ထူနံ ကရောမီတိ မံ ဓာရေထ" ဟု ပါဠိသက်သက်ဖြင့် ဖြစ်စေ။

"အဇ္ဇ၊ ယနေ့ကို။ အာဒိံကတွာ၊ အစပြု၍။ အဟံ၊ ငါသည်။ အဘိဝါဒန ပစ္စုဋ္ဌာန အဉ္ဇလိကမ္မ သာမိစိကမ္မံ၊ ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီမှု, အရိုအသေပြုမှုကို။ ဗုဒ္ဓါဒီနံ၊ ဘုရား, တရား, သံဃာ ဟူကုန်သော။ တိဏ္ဏံ၊ သုံးပါးကုန်သော။ ဝတ္ထူနံ ယေဝ၊ ဝတ္ထုတို့အားသာလျှင်။ ကရောမိ၊ ပြုပါ၏။ ဣတိ၊ ဤသို့။ တုမှေ၊ သင်တို့သည်။ မံ၊ ငါ့ကို။ ဓာရေထ၊ အသိအမှတ် ပြုကြပါကုန်"ဟု-ပါဠိမြန်မာဖြင့် ဖြစ်စေ။

"ယနေ့ကို အစပြုပြီး ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရို အသေပြုခြင်း အမှုတို့ကို ရတနာသုံးပါးအားသာလျှင် ပြုပါ၏၊ ဤကဲ့သို့ သင်တို့သည် ငါ့ကို အသိအမှတ် ပြုကြပါကုန်" ဟု-မြန်မာသက်သက်ဖြင့် ဖြစ်စေ။

ရတနာသုံးပါးအား ဝပ်တွား ခ, ယ, မိမိကိုယ်ကို နှိမ့်ချ၍ အလွန် ရိုသေ သော အခြင်းအရာကို ပြုခြင်းသည် 'ပဏိပါတသရဏဂုံ' ဆောက်တည်သည် မည်၏။

ဤ ပဏိပါတ သရဏဂုံကို မဇ္ဈိမပဏ္ဏာသ- ဗြဟ္မာယုသုတ်လာ ဗြဟ္မာယု ပုဏ္ဏားကြီး၏ သရဏဂုံကဲ့သို့လည်း ဆောက်တည်နိုင်သည်။

ပေါ်လွင်စေအံ့-အသက် (၁၂၀) မျှ ရှိသော ဗြဟ္မာယု ပုဏ္ဏားကြီးသည် မြတ်ဘုရားအား ပြဿနာ ရှစ်ပါးကို မေးမြန်းရာ ဘုရားဖြေဆိုပြီးသော အခြား မဲ့၌သာလျှင် နေရာမှ ထပြီး အပေါ်ရုံ ပုဆိုးကို လက်ဝဲပခုံးထက်သို့ တင်၍ ဘုရားရှင်၏ ခြေတော်၌ ဦးတိုက်ဝပ်လျှိုး ခြေတော်ကို ခံတွင်းဖြင့်စုပ် လက်တို့ ဖြင့် ဆုပ်နယ်ကာ "အို ရှင်ဂေါတမ....တပည့်တော်သည်ကား ဗြဟ္မာယု အမည်

ရှိတဲ့ ပုဏ္ဏားပါဘုရား၊ အို-ရှင်ဂေါတမ.... တပည့်တော်သည်ကား ဗြဟ္မာယု အမည်ရှိတဲ့ ပုဏ္ဏားပါ ဘုရား” ဟု နာမည်ကိုလည်း လျှောက်ထားသတတ်၊ (ဗြဟ္မာယုသုတ်၌ ကျယ်စွာလာ၏။)

## ပဏိပါတသရဏဂုံ အပြား

ဤ သရဏဂုံ လေးမျိုးတွင် ပဏိပါတမှာ—

၁။ ဉာတိပဏိပါတ၊

၂။ ဘယပဏိပါတ၊

၃။ အာစရိယ ပဏိပါတ၊

၄။ ဒက္ခိဏေယျပဏိပါတ

ဟူ၍ လေးပါး ပြား၏။

## ဉာတိ, ဘယ, အာစရိယ ပဏိပါတတို့၌ သရဏဂုံ မတည်

၁။ အဆွေအမျိုး၏ အစွမ်းဖြင့် ရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း အမှုကို ပြုခြင်းသည် ‘ဉာတိပဏိပါတ’ မည်၏၊ ၎င်း ဉာတိပဏိပါတ၌ သရဏဂုံမတည်၊ ထို့ကြောင့် သာကီနွယ်ဝင် ကောလိယနွယ်ဝင် သူတို့သည် ဘုရားရှင်သည် ငါတို့၏ ဆွေမျိုးပေတည်းဟု အဆွေအမျိုး၏ အစွမ်းဖြင့် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း အမှုကို ပြုကြ၏၊ သရဏဂုံ မတည်ဟု မှတ်ရမည်။

၂။ ကြောက်သည်၏ အစွမ်းဖြင့် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း အမှုကို ပြုခြင်းသည် ‘ဘယပဏိပါတ’ မည်၏၊ ၎င်း ဘယပဏိပါတ၌လည်း သရဏဂုံမတည်၊ ထို့ကြောင့် ဤဂေါတမဘုရားရှင်သည် မင်းပေါင်းများစွာ ပူဇော်တဲ့ ပုဂ္ဂိုလ်ပင် ဖြစ်၏၊ တန်ခိုးလည်း ကြီးသည်၊ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း အမှုကို မပြုဘဲ နေပါလျှင် အကျိုးမဲ့သော်လည်း ပြုချေရာ၏ဟု ကြောက်သည်၏ အစွမ်းဖြင့်

ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း အမှုကို ပြု၍၊ သရဏဂုံ မတည်ဟု မှတ်ရမည်။

၃။ ဆရာ၏ အစွမ်းဖြင့် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း အမှုကို ပြုခြင်းသည် 'အာစရိယပဏိပါတ' မည်၏၊ ၎င်း အာစရိယ ပဏိပါတ၌လည်း သရဏဂုံ မတည်၊ ထို့ကြောင့် ဘုရားမဖြစ်မီ ရှေးလူ့ဘဝတုံးက တစုံတခုသော အတတ်ပညာကို သင်ယူဘူးသောကြောင့်၎င်း၊ ဘုရားဖြစ်ပြီးရာ အခါ၌လည်း—

"အိမ်ရာထောင်သူ လူပညာရှိသည် မိမိပစ္စည်းဥစ္စာကို လေးဘို့လေးပုံပြုပြီး (၁) တဘို့ကို မိမိလည်း စားရာ၏၊ အလှူခံပုဂ္ဂိုလ်တို့ အားလည်း ပေးလှူရာ၏၊ ဆင်းရဲနွမ်းပါး ဆွေမျိုးတို့အားလည်း ထောက်ပံ့ရာ၏၊ အလုပ်သမားတို့အား လည်း လုပ်ခပေးရာ၏၊ (၂+၃) နှစ်ဘို့ကို လယ်ထွန်ခြင်း ကုန်သွယ်ခြင်း အတိုးအပွား ပြုခြင်း အမှုတို့၌ အရင်းအနှီး ပြုရာ၏၊ (၄) ကျန်တဘို့ကိုမူ မင်းစသည်တို့ကြောင့် ဘေးရန် ကြုံရာအခါ၌ သုံးစွဲရန် သိုမှီးသိမ်းဆည်းပြီး ထားရာ၏။"

ဤကဲ့သို့ ပစ္စည်းဥစ္စာ ခွဲဝေသုံးစွဲနည်း အနုသာသနီကို သင်ယူရသောကြောင့် ၎င်း၊ ဤဂေါတမဘုရားရှင်သည် ငါတို့၏ ဆရာပေတည်းဟု ဆရာ၏အစွမ်းဖြင့် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း အမှုကို ပြု၍၊ သရဏဂုံ မတည်ဟု မှတ်ရမည်။

**မှတ်ရန်။** ။ဤ၌ ဒိဋ္ဌဓမ္မိက အနုသာသနီကို ရည်သည်၊ သမ္ပရာယိက နိယျာနိက အနုသာသနီမူကား–ဒက္ခိဏေယျပဏိပါတ, သာဟု ဋီကာဆို၏။

**ဒက္ခိဏေယျ ပဏိပါတ၌ သရဏဂုံ တည်သည်**

သီလ, သမာဓိ, ပညာဂုဏ် အမြတ်၏ အစွမ်းဖြင့် ရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း အမှုကို ပြုခြင်းသည် 'ဒက္ခိဏေယျပဏိပါတ' မည်၏၊ ၎င်း ဒက္ခိဏေယျပဏိပါတ၌ သရဏဂုံတည်သည်၊

ထို့ကြောင့် ဤဂေါတမဘုရားသည် လောက၌ သီလ, သမာဓိ, ပညာဂုဏ် အားဖြင့် အကြီးဆုံး အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်၏ဟု သီလ, သမာဓိ, ပညာဂုဏ် ကြီးမြတ်သည်၏ အစွမ်းဖြင့် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း အမှုကို ပြု၏၊ သရဏဂုံ တည်သည်ဟု မှတ်ရမည်။

"ဒက္ခိဏေယျပဏိပါတေန သရဏဂမနံ ဟောတိ၊ န ဣတရေဟိ"

## ဉာတိ, ဘယ, အာစရိယပဏိပါတတို့၌ သရဏဂုံ မပျက်

ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်တဲ့ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်သည် တိတ္ထိဂိုဏ်းသား အခြားမိစ္ဆာဝါဒီ ပုဂ္ဂိုလ်များကို ဤသူကား ငါတို့၏ဆွေမျိုးတည်းဟု ဆွေမျိုးအနေနှင့် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း အမှုကို ပြုရာ 'ဉာတိပဏိပါတ' ဖြစ်၍ သရဏဂုံ မပျက်ဟု မှတ်ရမည်။

အစိုးရ အရာရှိမင်းကို ဤသူကား ရာထူးဌာန ကြီးမြင့်သူတည်း၊ အာဏာ ပါဝါ ရှိသူတည်း၊ တိုင်းပြည်ကို အုပ်ချုပ်သူတည်းဟု ရှိခိုးခြင်း ခရီးဦးကြိုဆို ခြင်း လက်အုပ်ချီခြင်း အရိုအသေပေးခြင်းအမှုကို မပြုဘဲ နေပါလျှင် အကျိုး စီးပွားမဲ့သော်လည်း ပြုချေရာ၏ဟု ကြောက်သည်၏ အစွမ်းဖြင့် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပေးခြင်း အမှုကို ပြုရာ 'ဘယ ပဏိပါတ'ဖြစ်၍ သရဏဂုံ မပျက်ဟု မှတ်ရမည်။

အတတ်ပညာ သင်ပေးသည့် တိတ္ထိဂိုဏ်းသား မိစ္ဆာဝါဒီဆရာကို ဤသူကား ငါတို့၏ ဆရာတည်းဟု ဆရာ့အနေနှင့် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ် ခြင်း အရိုအသေပေးခြင်း အမှုကို ပြုရာ 'အာစရိယပဏိပါတ' ဖြစ်၍ သရဏဂုံ မပျက်ဟု မှတ်ရမည်။

## မိဘဆရာ သက်ကြီးပါ ရှိခိုးနိုင်သည်သာ

ဆောက်တည်ထားတဲ့ သရဏဂုံရှိတဲ့ ဗုဒ္ဓဘာသာဝင် အမျိုးသား အမျိုးသမီး ကျောင်းသူ ကျောင်းသားများသည် အမိ, အဖ, ဆရာ, ဆွေမျိုး သက်ကြီး

တို့အား ဤသူကား ငါတို့၏ အမိတည်း၊ ငါတို့၏ အဖတည်း၊ ငါတို့၏ ဆရာတည်း၊ ငါတို့၏ ဆွေမျိုး သက်ကြီးတည်းဟု ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပေခြင်း အမှုကို ပြုရာ 'ဉာတိပဏိပါတ, အာစရိယပဏိပါတ' ဖြစ်၍ ဆောက်တည်ထားတဲ့ သရဏဂုံ မပျက်ဟု မှတ်။

**ဒက္ခိဏေယျပဏိပါတ၌ သရဏဂုံ ပျက်သည်**

ဆောက်တည်ထားတဲ့ သရဏဂုံရှိတဲ့ ဗုဒ္ဓဘာသာဝင် အမျိုးသား အမျိုးသမီးများသည် ဘုရား, တရား, သံဃာ ရတနာ သုံးပါးမှ တပါးသူတို့၌ သီလ, သမာဓိ, ပညာဂုဏ် ကြီးမြတ်သည်၏ အစွမ်းဖြင့် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း အမှုကို ပြုရာ 'ဒက္ခိဏေယျပဏိပါတ'ဖြစ်၍ သရဏဂုံ ပျက်သည်ဟု မှတ်ရမည်။

"သေဋ္ဌဝသေန စ ဘိဇ္ဇတိ"

သရဏဂုံပျက်လျှင် ဗုဒ္ဓဘာသာဝင် အဖြစ်မှ ပျက်ပြယ်၍ ထပ်မံပြီး သရဏဂုံ ဆောက်တည်ရမည်။

**လောကီသရဏဂုံ တည်ပုံ ပျက်ပုံ**

ဘုရား, တရား, သံဃာ ရတနာ သုံးပါး၌ သီလ, သမာဓိ, ပညာဂုဏ် ကြီးမြတ်သည်၏ အစွမ်းဖြင့် အတ္တသန္နိယျာတန, တပ္ပရာယဏတာ, သိဿဘာဝူပဂမန, ပဏိပါတ ဤလေးမျိုးတွင် တမျိုးမျိုးကိုပြုမှု လောကီသရဏဂုံ တည်သည်၊ ရတနာ သုံးပါးမှ တပါးသော ပုဂ္ဂိုလ်တို့၌ သီလ, သမာဓိ, ပညာဂုဏ် ကြီးမြတ်သည်၏ အစွမ်းဖြင့် အတ္တသန္နိယျာတန, တပ္ပရာယဏတာ, သိဿဘာဝူပဂမန, ပဏိပါတ ဤ လေးမျိုးတို့တွင် တမျိုးမျိုးကို ပြုမှု ဆောက်တည်ထားတဲ့ လောကီသရဏဂုံ ပျက်စီးသည်။

**သရဏဂုံ တည်သူတို့ ရှောင်ကြဉ်ဖွယ်**

ထို့ကြောင့် ဆောက်တည်ထားတဲ့ သရဏဂုံရှိတဲ့ ဗုဒ္ဓဘာသာ အမျိုးသား အမျိုးသမီး အပေါင်း သူတော်ကောင်းတို့သည် ဘုရား, တရား, သံဃာ ရတနာ

သုံးပါးမှ တပါးသူတို့၌ သီလ,သမာဓိ,ပညာဂုဏ် အမြတ်၏အစွမ်းဖြင့် မိမိကိုယ်ကို အပ်နှင်းခြင်း ကိုးကွယ် လည်းလျှောင်းရာကို ပြုခြင်း တပည့် အဖြစ်သို့ ကပ်ရောက်ခြင်း ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေ ပေးခြင်း အမှုတို့ကို ရှောင်ကြဉ်ကြရမည်။

**လောကုတ္တရာသရဏဂုံ၏ အကျိုးရင်း အကျိုးဆက်**

လောကုတ္တရာ သရဏဂုံကား အရိယာမဂ် လေးပါးပင် ဖြစ်၏၊ ၎င်း၏ 'ဝိပါကဖလ' အကျိုးရင်းကား သာမညဖိုလ်လေးပါးပင် ဖြစ်၏၊ 'အာနိသံသဖလ' အကျိုးဆက်ကား နိဗ္ဗာန်ပင် ဖြစ်၏။

ဓမ္မပဒ အဂ္ဂိဒတ္တ ဗြာဟ္မဏဝတ္ထုမှာ လောကုတ္တရာ သရဏဂုံ၏ အကျိုးကို ဤကဲ့သို့ ဟောတော်မူခဲ့လေသည်။

(က) ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။

(ခ) ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။

(ဂ) ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏ မုတ္တမံ။
ဧတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

(က+ခ) ယော စ၊ အမှတ်မထင် အကြင်သူသည်ကား။ ဗုဒ္ဓဉ္စ၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ား မြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်းဆာဆင်အပ်သော ရူပကာယတော်, အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတဉာဏ် စသော နာမကာယတော်, ဤရူပကာယ, နာမကာယ နှစ်ဝစုံလင် ဘုံသုံးခွင်တွင် တုမမြင်သည့် အမွန်ထွတ်ထား မြတ်ဘုရားကိုငင်း။ ဓမ္မဉ္စ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ပိုင်းဖြတ် ဆယ်ပါးသော တရားတော်

မြွတ်ကိုရင်း။ သံဃဋ္ဌ၊ မင်လေး ဖိုလ်လေး ရောထွေး ပေါင်းလှော်ကာ ရှစ်ယောက် အရိယာ မြွတ်သံဃာကိုရင်း။ သရဏံ-သရဏံ ဣတိ၊ ကိုးကွယ်လည်းလျှောင်း ပုန်းအောင်း မှီခိုရာဟူ၍။ ဝါ၊ ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်ကယ်မ တတ်၏ဟူ၍။ ဂတော၊ မှီဝဲဆည်းကပ် အသိအမှတ်ပြု၏။ သော၊ ထိုရတနာသုံးရပ် အမြွတ်ဇာတ်ကို ဆည်းကပ် ကိုးကွယ်သော သူသည်။ ဒုက္ခံစ၊ စက်ဆုပ်ဖွယ်ချည်း အချည်းနှီးသာ ဒုက္ခသစ္စာကိုရင်း။ ဒုက္ခသမုပ္ပါဒံ စ၊ ဒုက္ခသစ္စာ ဖြစ်စေငှါဟု အဖန်ဖန်ပြု သမုဒယသစ္စာကိုရင်း။ ဒုက္ခဿ၊ စက်ဆုပ်ဖွယ်ချည်း အချည်းနှီးပ ဒုက္ခသစ္စာ၏။ အတိက္ကမံ စ၊ လွန်မြောက်အေးမြ နိရောဓသစ္စာကိုရင်း။ ဒုက္ခူပသမဂါမိနံ၊ ဒုက္ခချုပ်ရာ နိရောဓသစ္စာသို့ မှန်စွာ ရောက်ကြောင်း အကျင့်ကောင်း ဖြစ်သော။ အရိယံ၊ ဖြူစင်မြင့်မြတ် အညစ်အကြေး မကပ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ဖြာ ပြည့်စုံစွာသော။ မဂ္ဂံ စ၊ မဂ္ဂသစ္စာကိုရင်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ အမျိုးအစား အရေအတွက်အားဖြင့် လေးပါးကုန်သော။ အရိယသစ္စာနိ၊ အရိယာပုဂ္ဂိုလ် အဖြစ်ကိုပြုငြား သစ္စာတရားတို့ကို။ သမ္မ-သမ္မာ၊ မဖောက်မပြန် မှန်ကန်တိမတ်စွာ။ ပညာယ၊ ဓမ္မစက္ခုမင်ဉာဏ်စုဖြင့်။ ပဿတိ၊ ထိုးထွင်းထင်ထင် သိမြင်ရ၏။

(ဂ) တေံ အရိယသစ္စဒဿနံ ခေါ၊ ဤအရိယသစ္စာ ကောင်းစွာသိမြင် ကိုယ်တွင်ပြည့်စုံ လောကုတ္တရာ သရဏဂုံသည်သာလျှင်။ ခေမံ၊ ဇာတိစသားရန်များမပြု ဘေးမလူသော။ သရဏံ၊ အားထား မှီတွယ် ကိုးကွယ်ရာပေတည်း။ တေံ အရိယသစ္စ ဒဿနံ ခေါ၊ ဤအရိယသစ္စာ ကောင်းစွာသိမြင် ကိုယ်တွင် ပြည့်စုံ လောကုတ္တရာ သရဏဂုံသည်သာလျှင်။ ဥတ္တမံ၊ ပြိုင်ဘက်ကင်းပြတ် ဂုဏ်ပေါင်းထပ်၍ မြတ်လှစွာသော။ သရဏံ၊ အားထားမှီတွယ် ကိုးကွယ်ရာပေတည်း။ တေံ အရိယသစ္စ ဒဿနံ ခေါ၊ ဤအရိယသစ္စာ ကောင်းစွာသိမြင် ကိုယ်တွင်ပြည့်စုံ လောကုတ္တရာ သရဏဂုံကိုသာလျှင်။ သရဏံ၊ အားထားမှီတွယ် ကိုးကွယ်ခြင်းကို။ အာဂမ္မ၊ စွဲရောက်သမှု အကြောင်းပြု၍။ သဗ္ဗဒုက္ခာ၊ ဖြစ်ပျက်မစဲ အလုံးစုံသော ဝဋ်ဆင်းရဲမှ။ ပမုစ္စတိ၊ မုချမသွေ လွတ်မြောက်ရပေသတည်း။

ဝါစာသီလိငှတ္တခြေတ္တ သမ္မာသဒ္ဒသာ ရဿတ္တံ၊ တေန္တိ စတ္တာရိ (လ) ပဿတီတိ ဝေ ဝုတ္တံ လောကုတ္တရ သရဏ ဂမနသင်္ခါတံ အရိယသစ္စဒဿနံ၊ ခေါ သဒ္ဒေါ အဝဓာရဏတ္ထော ပဒတ္တယေပိ ယောဇေတဗ္ဗော။ (ဋီ)

**လောကီသရဏဂုံ၏ အကျိုးရင်း အကျိုးဆက်**

လောကီသရဏဂုံကား— ရတနာသုံးပါးကို ကြည်ညိုလေးမြတ် ကိုးကွယ် ဆည်းကပ်သော အခြင်းအရာအားဖြင့် ဖြစ်သော သဒ္ဓါ၊ ပညာစသော သမ္ပယုတ္တ ဓမ္မနှင့် တကွဖြစ်သော ကုသိုလ်စိတ်ပင် ဖြစ်၏၊ ၎င်း၏ 'ဝိပါကဖလ'အကျိုးရင်း ကား- လူ့ဘဝ နတ်ဘဝ၏ ပြည့်စုံခြင်းပင် ဖြစ်၏၊ 'အာနိသံသဖလ' အကျိုး ဆက်ကား- လူ၌ဖြစ်သော စည်းစိမ်ချမ်းသာ နတ်၌ဖြစ်သော စည်းစိမ် ချမ်းသာနှင့် ပြည့်စုံခြင်းပင် ဖြစ်၏။

**သရဏဂုံ နှစ်ပါး**

ဤ လောကီသရဏဂုံ၌—

၁။ ဉာဏဝိပ္ပယုတ် သရဏဂုံ၊

၂။ ဉာဏသမ္ပယုတ် သရဏဂုံ-

ဟူ၍ နှစ်ပါး ပြား၏။

**ဉာဏဝိပ္ပယုတ် သရဏဂုံ**

စေတီ ပုထိုး ရုပ်ပွား ဆင်းတုတော်များကို တွေ့မြင်ရာ မိခင်, ဖခင်တို့က သားသား, သမီး, ဘုရားကို ဦးချလိုက်လေ၊ ရဟန်းသံဃာကို တွေ့မြင်ရာ ဘုန်းဘုန်းကို ဦးချလိုက်လေဟု စေခိုင်း၍ သားငယ် သမီးငယ်တို့ လိုက်နာ ဦးချသောအခါ ကလေးသူငယ်များကို ကလေးတို့ ဘုရား, တရား, သံဃာကို ဗုဒ္ဓံ ပူဇေမိ, ဓမ္မံ ပူဇေမိ, သံဃံ ပူဇေမိ၊ နမော ဗုဒ္ဓဿ, နမော ဓမ္မဿ, နမော သံဃဿ-ဟု နှုတ်ကရွတ်ဆို ရှိခိုးရမည် စသည်ဖြင့် သင်ပြစေခိုင်း၍ ကလေး

သူငယ်တို့ လိုက်နာပြုကျင့်ရာ အခါတို့၌ ထိုကလေးသူငယ်တို့အား ဉာဏဝိပ္ပယုတ် သရဏဂုံသည် တည်၏။

**ဉာဏသမ္ပယုတ် သရဏဂုံ**

ဘုရား ဂုဏ်တော်များ, တရား ဂုဏ်တော်များ, သံဃာ့ ဂုဏ်တော်များကို မဖောက်မပြန် မှန်ကန်စွာ ပါဠိ အနက် အဓိပ္ပါယ် ထင်မြင်၊ ထိုဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းဖြင့် သုဂတိဘဝ အဆင့်ဆင့် ဖြင့် နိဗ္ဗာန်တိုင်အောင် ရနိုင်သည်ဟု ယုံကြည် သိမြင်ပြီး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူတို့အား ဉာဏသမ္ပယုတ် သရဏဂုံသည် တည်၏။

"လောကုတ္တရာ သရဏဂုံကား—ဉာဏသမ္ပယုတ်သာတည်း။"

**လောကီသရဏဂုံ အကျိုးပြ**

ဒေဝတာသံယုတ်မှာ လောကီသရဏဂုံ၏ အကျိုးကို ဤကဲ့သို့ ဟောတော်မူခဲ့သည်။

"ယေကေစိ "ဗုဒ္ဓံ" သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ ။"

**အနက်**

ယေကေစိ၊ သမ္မာအယူ သဒ္ဓါဖြူသည့် အလုံးစုံသော လူတို့သည်။ ဗုဒ္ဓံ၊ သစ္စာဉေယျ ဓမ္မဉာဏ်သုံ အလုံးစုံကို အကုန်သိငြား မြတ်ဘုရားကို။ သရဏံ သရဏံ ဣတိ၊ ကိုးကွယ်လည်းလျှောင်း ပုန်းအောင်းမှီခိုရာ ဟူ၍။ ဝါ· ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်ကယ်မတတ်၏ ဟူ၍။ ဂတာ၊ မှီဝဲဆည်းကပ် အသိအမှတ် ပြုကြကုန်၏။ တေ၊ ထို သစ္စာသိငြား မြတ်ဘုရားကို ကိုးကွယ်ဆည်းကပ်၍ ထားကြကုန်သော လူတို့သည်။ အပါယ- ဘူမိံ၊ ချမ်းသာကင်းပ ဒုက္ခရိပ်မြုံ အပါယ်ဘုံသို့။ န ဂမိဿန္တိ၊ မှားမှား

မှောက်မှောက် မလားမရောက်ရကုန်လတ္တံ့။ မာနုသံ၊ ကြောင်းကျိုးသိတတ် အမြတ်ဇာတ်ဟူ လူ၌ဖြစ်သော။ ဒေဟံ၊ ခန္ဓာငါး၀ ရုပ်နာမ်မျှကို အတ္တဆိုသည့် ကိုယ်ကို။ ပဟာယ၊ မရှုမငဲ့ စွန့်ပစ်ခဲ့၍၊ ဒေဝကာယံ၊ အာရုံငါးလီ ထွန်းတောက်စည်သည့် နတ်ပြည်ကြီးကို။ ပရိပူရေဿန္တိ၊ မချတ်ကုံလုံ ပြည့်စုံကုန်လတ္တံ့။

* ဗုဒ္ဓံ နေရာ၌ ဓမ္မံ, သံဃံ ပြောင်းလဲဆိုပါ။

ဓမ္မံ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သော တရားတော်မြတ်ကို။ တေ၊ ထိုဆယ်မျိုးအပြား မြတ်တရားကို ကိုးကွယ် ဆည်းကပ်၍ ထားကြကုန်သောလူတို့သည်။

သံဃံ၊ မဂ်လေးဖိုလ်လေး ရောထွေးပေါင်းလှော်က ရှစ်ယောက်အရိယာ မြတ်သံဃာကို။ တေ၊ ထိုရှစ်ယောက်အရိယာ မြတ်သံဃာကို ကိုးကွယ်ဆည်းကပ်၍ ထားကြကုန်သော လူတို့သည်။ (အကြွင်းတူ)

ဂတာသေတိ တွေ သေဏ္ဍတိ နိပါတမတ္တံ၊ ဒေဝကာယန္တိ
ဒေဝသံဃံ ဒေဝပုရံ ဝါ။ (ဋီ)

ဆိုလိုရင်းမှာ သရဏဂုံတည်တဲ့ ဗုဒ္ဓဘာသာဝင် လူမှန်သမျှ အပါယ်မကျနိုင်၊ စုတိစိတ်ကျ လူ့ဘဝကို စွန့်ရလျှင်ပင် နတ်ပြည်ကြီးမှာ သွားပြီး နတ်သား, နတ်သမီးများ ဖြစ်ကြရမည်။

သဠာယတနဝဂ် မောဂ္ဂလာနသံယုတ် ပါဠိတော်မှာလည်း လောက် သရဏဂုံ၏ အကျိုးကိုပင် ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်က သိကြားမင်းအား ဤကဲ့သို့ ဟောကြားတော်မူခဲ့လေသည်။

"သာဓု ခေါ ဒေဝါနမိန္ဒ ဗုဒ္ဓံ သရဏဂမနံ ဟောတိ၊
ဗုဒ္ဓံ သရဏဂမန ဟေတု ခေါ ဒေဝါနမိန္ဒ ဧဝမိဓေကစ္စေ
သတ္တာ ကာယဿ ဘေဒါပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ
ဉပပဇ္ဇန္တိ။"

သုံ့မ္မဝတီ (က) ၁၀၄–၂၂

"သာဓု ခေါ ဒေဝါနမိန္ဒ ဓမ္မံ သရဏာဂမနံ ဟောတိ၊ ဓမ္မံ သရဏာဂမနဟေတု ခေါ ဒေဝါနမိန္ဒ ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ"

"သာဓု ခေါ ဒေဝါနမိန္ဒ သံဃံ သရဏာဂမနံ ဟောတိ၊ သံဃံ သရဏာဂမနဟေတု ခေါ ဒေဝါနမိန္ဒ ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ"

* "တေ အညေ ဒေဝေ ဒသဟိ ဌာနေဟိ အဓိဂဏှန္တိ၊ ဒိဗ္ဗေန အာယုနာ, ဒိဗ္ဗေန ဝဏ္ဏေန, ဒိဗ္ဗေန သုခေန, ဒိဗ္ဗေန ယသေန, ဒိဗ္ဗေန အာဓိပတေယျေန, ဒိဗ္ဗေဟိ ရူပေဟိ, ဒိဗ္ဗေဟိ သဒ္ဒေဟိ, ဒိဗ္ဗေဟိ ဂန္ဓေဟိ, ဒိဗ္ဗေဟိ ရသေဟိ, ဒိဗ္ဗေဟိ ဖောဋ္ဌဗ္ဗေဟိ"တိ။

## အနက်

ဒေဝါနမိန္ဒ၊ နတ်ပြည်ပိုင်သ နတ်တို့ကို အစိုးရသော အို–သိကြားမင်း။ ဗုဒ္ဓံ၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်းဆာဆင်အပ်သော ရူပကာယတော်, အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်စသော နာမကာယတော်, ဤရူပကာယ, နာမကာယ နှစ်ခုစုံလင် ဘုံသုံးခွင်တွင် တုမမြင်သည် အမွန်ထွတ်ထား မြတ်ဘုရားကို။ သရဏာဂမနံ၊ ကိုးကွယ်လည်းလျောင်း ပုန်းအောင်း မှီခိုရာဟူ၍ မှီဝဲဆည်းကပ် အသိအမှတ် ပြုရခြင်းသည်။ သာဓု၊ ကောင်းမြတ်သည်။ ဟောတိ၊ ဖြစ်၏။ ဒေဝါနမိန္ဒ၊ သိကြားမင်း။ ဧဝံ၊ ဤသို့။ ဗုဒ္ဓံ၊ ဘုရားကို။ သရဏာဂမနဟေတု၊ ကိုးကွယ် လည်းလျောင်း ပုန်းအောင်း မှီခိုရာဟူ၍ မှီဝဲဆည်းကပ် အသိအမှတ် ပြုရခြင်းဟူသော အကြောင်းကြောင့်။ ဣဓ၊ ဤလောက၌။ ဧကစ္စေ၊ အချို့ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကာယဿ၊ ဥပါဒိန္နက ကိုယ်ခန္ဓာ၏။

ဘေဒါ၊ ပျက်စီးရာဖြစ်သော။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်ကာလ၌။ သုဂတိံ၊ ကောင်းသော သူတို့၏ လားရောက်ရာ ဖြစ်သော။ သဂ္ဂံ၊ ရူပ, သဒ္ဒ စသည်အာရုံ ကာမဂုဏ်တို့ဖြင့် ပြည့်စုံလွန်မြတ်သော။ လောကံ၊ နတ်ပြည် လောကသို့။ ဥပပဇ္ဇန္တိ၊ ဥပပတ် ပဋိသန္ဓေဖြင့် ကပ်ရောက်ကာ ဖြစ်ရလေကုန် သတည်း။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ ဓမ္မံ၊ မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သော တရားတော်မြတ်ကို။ သရဏဂမနံ၊ သည်။ သာဓု၊ သည်။ ဟောတိ၊ ၏။ ဒေဝါနမိန္ဒ၊ သိကြားမင်း။ ဝေ၊ ဤသို့။ ဓမ္မံ ကို။ သရဏဂမနဟေတု၊ ကြောင့်။ ဣဓ၊ ၌။ ကေစ္စေ၊ ကုန်သော။ သတ္တာ၊ တို့သည်။ ကာယဿ၊ ၏။ ဘေဒါ၊ သော။ မရဏာ၊ မှ။ ပရံ၊ ၌။ သုဂတိံ၊ သော။ သဂ္ဂံ၊ သော။ လောကံ၊ သို့။ ဥပပဇ္ဇန္တိ၊ ကုန်သတည်း။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ သံဃံ၊ မဂ်လေး ဖိုလ်လေး ရောထွေး ပေါင်း လျှောက် ရှစ်ယောက်အရိယာ မြတ်သံဃာကို။ သရဏဂမနံ၊ သည်။ သာဓု၊သည်။ ဟောတိ၊ ၏။ ဒေဝါနမိန္ဒ၊ သိကြားမင်း။ ဝေ၊ ဤသို့။ သံဃံ၊ ကို။ သရဏ ဂမနဟေတု၊ ကြောင့်။ ဣဓ၊ ၌။ ကေစ္စေ၊ ကုန်သော။ သတ္တာ၊ တို့သည်။ ကာယဿ၊ ၏။ ဘေဒါ၊ သော။ မရဏာ၊ မှ။ ပရံ၊ ၌။ သုဂတိံ၊ သော။ သဂ္ဂံ၊ သော။ လောကံ၊ သို့။ ဥပပဇ္ဇန္တိ၊ ကုန်သတည်း။

* တေ၊ ထိုသရဏဂုံတည်သော နတ်တို့သည်။ အညေ၊ တပါးကုန်သော။ ဒေဝေ၊ သရဏဂုံမတည်သော နတ်တို့ကို။ ဒိဗ္ဗေန၊ နတ်၌ဖြစ်သော။ အာယုနာ၊ အသက်ဖြင့်လည်းကောင်း။ ဒိဗ္ဗေန၊ သော။ ဝဏ္ဏေန၊ အဆင်းဖြင့်လည်းကောင်း။ ဒိဗ္ဗေန၊ သော။ သုခေန၊ ချမ်းသာဖြင့်လည်းကောင်း။ ဒိဗ္ဗေန၊ သော။ ယသေန၊ အခြံအရံဖြင့်လည်းကောင်း။ ဒိဗ္ဗေန၊ သော။ အာဓိပတေယျေန၊ အစိုးရခြင်းဖြင့် လည်းကောင်း။ ဒိဗ္ဗေဟိ၊ နတ်၌ဖြစ်ကုန်သော။ ရူပေဟိ၊ ရူပါရုံတို့ဖြင့် လည်း ကောင်း။ ဒိဗ္ဗေဟိ၊ ကုန်သော။ သဒ္ဒေဟိ၊ သဒ္ဒါရုံတို့ဖြင့်လည်းကောင်း။ ဒိဗ္ဗေဟိ၊ ကုန်သော။ ဂန္ဓေဟိ၊ ဂန္ဓာရုံတို့ဖြင့် လည်းကောင်း။ ဒိဗ္ဗေဟိ၊ ကုန်သော။

ရသေဟိ၊ ရသာရုံတို့ဖြင့် လည်းကောင်း။ ဒိဗ္ဗေဟိ၊ ကုန်သော။ ဖောဋ္ဌဗ္ဗေဟိ၊ ဖောဋ္ဌဗ္ဗာရုံတို့ဖြင့် လည်းကောင်း။ ဣတိ၊ ဤသို့။ ဒသဟိ၊ ဆယ်ပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ အဓိဂဏှန္တိ၊ လွှမ်းမိုး၍ ယူနိုင်ကုန်၏။

ဘုရား, တရား, သံဃာ ရတနာသုံးစုံ သရဏဂုံ ကိုယ်လုံးထုံပြီး ထားတဲ့ သူတော်စင်မှန်သမျှ စုတိစိတ်ကျ လူ့ဘဝကို စွန့်ရလျှင်ပင် နတ်ပြည်ကြီးမှာ သွားပြီး နတ်သား နတ်သမီးများ ဖြစ်ကြရမည်၊ အဲဒီ သရဏဂုံတည်တဲ့ နတ်တွေဟာ သရဏဂုံမတည်တဲ့ နတ်တွေထက်—

၁။ အသက်လည်း ပိုပြီး ရှည်သည်၊

၂။ အဆင်းလည်း ပိုပြီး လှသည်၊

၃။ ချမ်းသာမှုလည်း ပိုသည်၊

၄။ အခြံအရံလည်း ပိုသည်၊

၅။ အစိုးရခြင်းလည်း ပိုသည်၊

၆။ ရူပါရုံလည်း ပိုသည်၊

၇။ သဒ္ဒါရုံလည်း ပိုသည်၊

၈။ ဂန္ဓာရုံလည်း ပိုသည်၊

၉။ ရသာရုံလည်း ပိုသည်။

၁၀။ ဖောဋ္ဌဗ္ဗာရုံလည်း ပိုသည်။

ဤဆယ်ဌာနမှာ အပိုအသာ ရသည်ဟု မှတ်ရမည်၊ ဒါ့ကြောင့် ဒီသရဏဂုံ သီလကို မညစ်နွမ်း မပျက်စီးအောင် ကြိုးစားပြီး သောက်တည် စောင့်ထိန်း ကြရမည်။

ကျက်မှတ်ရန်။ ။အသက်ရှည်ခြင်း [၁]၊ အဆင်းလှစွာ [၂]၊ ချမ်းသာကြီး ပြန် [၃]၊ ခြံရံများလှ [၄]၊ အစိုးရ၍ [၅]၊ ရူပ [၆], သဒ္ဒ [၇]၊ ဂန္ဓ [၈], ရသ [၉]၊ ဖောဋ္ဌဗ္ဗဟု [၁၀]၊ ငါးခုအ ရုံ၊ ကာမဂုဏ်နှင့်၊ ပေါင်းတုံဆယ်ဖြာ၊ ကျမ်းဂန်လာသည်၊ မှတ်ပါ သရဏဂုံကျိုး လောကီတည်း။

**သရဏဂုံအကျိုးပြ (သုဘူတိဝဂ်-တိသရဏဂမနိယတ္ထေရအပဒါန်)**

အသျှင်တိသရဏဂမနိယထေရ်၏ အလောင်းသည် ရှေးဘုရားတို့အထံ၌ ပြုခဲ့ဘူးသော ပါရမီဆုတောင်း ကောင်းမှုထူးဖြင့် ဘဝထိုထို၌ ဝဋ်မှထွက်မြောက်ကြောင်း ပါရမီကောင်းမှုကို ဆည်းပူးအားထုတ်ပြုလုပ်လာရာ ဝိပဿီမြတ်စွာဘုရား လက်ထက်တော်အခါမှာ ဗန္ဓုမတီမြို့၌ ဖြစ်၍ မျက်မမြင် မိဖနှစ်ပါး လုပ်ကျွေးမွေးမြူသတတ်။

တနေ့သောအခါ တိသရဏဂမနိယထေရ်၏ အလောင်းသည် ဆိတ်ငြိမ်ရာအရပ်တွင် ကြံစည်ရှိသည်မှာ "ငါသည် မျက်မမြင် မိဖနှစ်ပါးကို လုပ်ကျွေးမွေးမြူနေရသဖြင့် ရဟန်းပြုခွင့် မရ၊ သတ္တဝါအားလုံးပင် အဝိဇ္ဇာမှောင်ကြီးဖြင့် ကာဆီးလျက် ရာဂမီး, ဒေါသမီး, မောဟမီး အလောင်ခံရကုန်၏၊ ဤကဲ့သို့သော ဘဝမျိုးမှာ ဖြစ်ခဲ့ရသော ငါ့အား ကယ်တင်မည့်သူ တစုံတယောက်မျှ မရှိ၊ ယခု လောကမှာ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူလျက်ရှိသည်၊ နေအသွင် လအသွင် သာသနာတော်ထွန်းလင်းဆဲ ဖြစ်၏၊ ပါရမီဆုတောင်း ကောင်းမှုကို အလိုရှိသူတို့ မိမိကိုယ်ကို ကယ်တင်ခြင်းငှါ စွမ်းနိုင်၏၊ ငါသည် သရဏဂုံသုံးပါးကို ပြည့်စုံစွာ ဆောက်တည်၍ ထိုကောင်းမှုဖြင့် ဒုဂ္ဂတိဘဝမှ လွတ်မြောက်ရပေတော့အံ့။"

ဤသို့ ကြံပြီးလျှင် ထိုတိသရဏဂမနိယထေရ်၏ အလောင်းသည် ဝိပဿီမြတ်စွာဘုရား၏ လက်ျာရံ အဂ္ဂသာဝက 'နိသဘ' ရဟန်းထံ ချဉ်းကပ်၍ သရဏဂုံ သုံးပါးကို ဆောက်တည်ခံယူခဲ့၏၊ ထိုအခါ အသက်တမ်းသည် အနှစ်တသိန်းတိုင်တိုင် ဖြစ်၏၊ ထိုအနှစ်တသိန်း ကာလပတ်လုံး သရဏဂုံသီလကို မညစ်နွမ်း မပျက်စီးအောင် ပြည့်စုံစွာ စောင့်ထိန်း၏၊ စုတိစိတ် ကျကာနီးလတ်သော် ထိုဆောက်တည်ထားတဲ့ သရဏဂုံကို အောက်မေ့ဆင်ခြင်၍ စုတိစိတ်ကျကာ သေပြီးလျှင် ထိုသရဏဂုံ ကုသိုလ်ကောင်းမှုဖြင့်ပင် တာဝတိံသာ နတ်ပြည်၌ ဖြစ်ရ၏။

ထိုသရဏဂုံကောင်းမှုကြောင့် အပူဇော်ခံရခြင်း, ထက်မြက်သော ပညာရှိခြင်း, ခပ်သိမ်းသောနတ်တို့ မိမိအလိုသို့ လိုက်ရခြင်း, မနှိုင်းယှဉ်နိုင်သော စည်းစိမ်ကို ရခြင်း, ရွှေအဆင်းနှင့်တူသော အဆင်းရှိခြင်း, အဆွေခင်ပွန်းတို့ မလှုပ်ရှားနိုင်ခြင်း, ကျေးဇူးသတင်း ကျော်စောခြင်း, အကြိမ်ရှစ်ဆယ် သိကြားမင်း ဖြစ်ရခြင်း, ခုနစ်ဆယ့်ငါးကြိမ် စကြဝတေးမင်း ဖြစ်ရခြင်း, မရေမတွက်နိုင်အောင် ပဒေသရာဇ်မင်း ဖြစ်ရခြင်း အကျိုးတို့ကို ရရှိခဲ့ပြီး ဂေါတမဘုရားရှင် ပွင့်တော်မူရာအခါ၌ သာဝတ္ထိပြည် အလွန်ကြွယ်ဝ ချမ်းသာသော အမျိုး၌ ဖြစ်၏။

ခုနစ်နှစ် အရွယ်မျှ ရှိသေးသော တိသရဏဂမနိယထေရ်၏ အလောင်း သူငယ်ကလေးသည် ကစားဘက် သူငယ်များ ခြံရံလျက် သာဝတ္ထိမြို့မှ ထွက်၍ သံဃာ့အရံသို့ သွား၏၊ ထိုသံဃာ့အရံ၌ ရဟန္တာတပါးသည် ထိုသူငယ်အား တရားဟောကြား၍ သရဏဂုံကို ပေး၏၊ တိသရဏဂမနိယထေရ်၏ အလောင်း သူငယ်ကလေးသည် သရဏဂုံကို ယူ၍ ရှေး၌ မိမိစောင့်ထိန်းဘူးသော သရဏဂုံကို အောက်မေ့ဆင်ခြင် ဝိပဿနာကို တွင်တွင်ကြီး ပွားစေပြီး တနေရာ တထိုင် တည်း၌ပင် အရဟတ္တဖိုလ်သို့ ရောက်၏၊ မွေးဖွားသည်မှ ခုနစ်နှစ်မြောက်၌ပင် အရဟတ္တဖိုလ်သို့ ရောက်၍ ဘုရားရှင်လည်း ရဟန်းပြု၍ ပေး၏၊ ထိုရဟန္တာ သခင်ကို တိသရဏဂမနိယထေရ်အသျှင်ဟု ခေါ်တွင်ကြလေသည်၊ (အကြွင်း ၎င်း အပဒါန်၌ရှု)

မှတ်ရန်။ ။ဘုရားလက်ထက်တော် အခါက–တိသရဏဂမနိယထေရ် အလောင်း ခုနစ်နှစ်အရွယ် သူငယ်ကလေးကို ရဟန္တာအရှင်မြတ် သရဏဂုံပေးခြင်း၊ ရဟန္တာဖြစ်ခြင်း၊ ဘုရား ရဟန်းပြုပေးခြင်းတို့ကို ထောက်ထားပြီး ယခုကာလ ခုနစ်နှစ်အရွယ်ရှိ ဗုဒ္ဓဘာသာဝင် သူငယ်တို့ကို သရဏဂုံ ပီပီသသ ရွတ်ဆိုနိုင်ပြီဖြစ်၍ ရှင်ပြုပေးနိုင်သည်၊ ထို့ထက်ငယ်မူ မသင့်-ဘုရားရှင်လည်း–

"အနုဇာနာမိ ဘိက္ခဝေ ဦနပန္နရသဝဿံ ဒါရကံ ကာကုဋ္ဌေ-
ပကံ ပဗ္ဗာဇေတုံ"

ကျီးလန့်အောင် ပုံ့အောင် ချောက်နိုင်သော အရွယ်ရှိ သူငယ်ကို ရှင်ပြုပေးနိုင်သည်ဟု ဝိနည်း မဟာဝါ မဟာခန္ဓကဥ္ ခွင့်ပြုတော်မူခဲ့သည်။

**သရဏဂုံ အကျိုးပြ (မဟာပရိဝါရဝင်-သရဏဂမနိယတ္ထေရအပဒါန်)**

အသျှင်သရဏဂမနိယထေရ်သည်ကား- ရှေးဘုရားရှင်တို့ အထံ၌ ပြုခဲ့ဘူးသော ပါရမီဆုတောင်း ကောင်းမှုထူးဖြင့် ဖြစ်ဘိုင်း ဖြစ်တိုင်းသော ဘဝတို့၌ ဝဋ်မှ ထွက်မြောက်ကြောင်း ပါရမီ ကုသိုလ်ကောင်းကို ဆည်းပူးအားထုတ် ပြုလုပ်လာရာ ကမ္ဘာတသိန်းထက်တွင် ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူရာ အခါ ဟိမဝန္တာ၌ နတ်မင်းဖြစ်၏၊ အခါတပါး နတ်မင်းတဦးနှင့် စစ်ထိုးဘို့ရန် ဖြစ်ပေါ်လာ၏၊ နှစ်ဦးသော နတ်မင်းတို့သည် နတ်စစ်သည်အပေါင်း များစွာ ခြံရံလျက် သည်းထန်သော ကြွေးကြော်သံဖြင့် ဟိမဝန္တာကို လွှမ်းမိုး၍ လက်နက်လက်စွဲကာ စစ်ထိုးရန် ရှေးရှုတည်လာကြကုန်၏။

ထိုအခါ ပဒုမုတ္တရ မြတ်စွာဘုရားသည် ထိုနတ်တို့၌ သနားခြင်း ပြင်းစွာ မဟာကရုဏာတော်ဖြင့် နတ်စစ်ခင်းရာ ဟိမဝန္တာသို့ ကြွလာတော်မူပြီး ကောင်းကင်၌ တည်လျက် အခြံအရံနှင့် တကွသော နှစ်ဦးသော နတ်မင်းတို့အား တရားဟောကြားတော်မူ၏၊ ထိုအခါ အလုံးစုံသော နတ်တို့သည် လက်နက်များကို စွန့်ပစ်ကြပြီးလျှင် ပဒုမုတ္တရဘုရားရှင်ကို ရိုသေစွာ ရှိခိုးပြီးလျှင် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြကုန်၏၊ သရဏဂမနိယထေရ်၏ အလောင်း နတ်မင်းသည် ပဒုမုတ္တရဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်သော ထိုနတ်စစ်သည် အပေါင်းတို့တွင် ဖြမ်းလက်ဦးတည်း။

သရဏဂမနိယထေရ်၏ အလောင်းသည် ထိုသရဏဂုံ ကောင်းမှုဖြင့်ပင် ကမ္ဘာတသိန်းပတ်လုံး အပါယ် လေးပါးသို့ မလား မရောက်ရဘဲ လူ့ပြည် နတ်ပြည်

စုံချည်ဆန်ချည် လှည့်လည်၍ဖြစ်ရ၏၊စကြဝတေးမင်းအဖြစ် တဆယ့်ခြောက်ကြိမ် တိုင်တိုင် ဖြစ်ခဲ့၍ ဤဂေါတမဘုရား လက်ထက်တော်၌ ကြွယ်ဝသော အမျိုး၌ ဖြစ်၍ ရဟန်းပြုကာ ရဟန္တာဖြစ်ပြီး သရဏဂမနိယထေရ် တွင်သည်။

**သရဏဂုံ အကျိုးပြ (ဓိတကပူဇကဝဂ်-သရဏဂမနိယတ္ထေရအပဒါန်)**

ဤဘဒ္ဒကမ္ဘာမှနောက်ပြန်ရေတွက်လျှင် ကိုးဆယ့်တကမ္ဘာထက်တွင် ဝိပဿီ ဘုရားရှင် ပွင့်တော်မူရာ အခါတွင် သရဏဂမနိယထေရ်၏ အလောင်းသည် ဟိမဝန္တာတောင်တွင် မုဆိုးဖြစ်၍ ဝိပဿီမြတ်စွာဘုရားကို ဆည်းကပ်ပြီးလျှင် 'ဝေယျာဝစ္စ' အမှုကြီးငယ်ကို ပြုစုခဲ့၏၊ ဝိပဿီမြတ်စွာဘုရားအား ကိုးကွယ်ရာကို ပြုခဲ့၏၊ ထိုသရဏဂုံ ကုသိုလ်ကောင်းမှုကြောင့် ကိုးဆယ့်တကမ္ဘာပတ်လုံးအပါယ် လေးပါးသို့ မလားမရောက်ရဘဲ လူ့ပြည် နတ်ပြည် စုံချည် ဆန်ချည် လှည့်လည်ကာ ဖြစ်ရပြီး ဂေါတမဘုရား လက်ထက်တော် အခါတွင် ရဟန္တာဖြစ်၍ သရဏဂမနိယထေရ် တွင်သည်။

**လောကုတ္တရာ သရဏဂုံ မညစ်နွမ်း မပျက်စီးနိုင်ပုံ**

လောကုတ္တရာ သရဏဂုံကတော့ – ညစ်နွမ်းခြင်း ပျက်စီးခြင်း မဖြစ်နိုင်၊ ဘာကြောင့်လဲ–အရိယာ ပုဂ္ဂိုလ်တို့အား ရတနာသုံးပါး ဂုဏ်တော်များကို မသိခြင်း အညာဏ၊ ဘုရားဟုတ်လေသလော၊ မဟုတ်လေသလော၊ တရားဟုတ် လေသလော၊ မဟုတ်လေသလော၊ သံဃာဟုတ်လေသလော၊ မဟုတ်လေ သလောဟု တွေးတောယုံမှားခြင်း သံသယ၊ ရတနာသုံးပါး ဂုဏ်တော်များကို ဂုဏ်မဟုတ်သည်၏ အဖြစ်ဖြင့် ကြံဆမှားယွင်း ဖောက်ဖောက် ပြန်ပြန် ယူခြင်း မိစ္ဆာဉာဏ်၊ ရတနာသုံးပါးကို မရိုသေ မလေးစားခြင်း အနာဒရ အဂါရဝတို့ မရှိခြင်းကြောင့် သရဏဂုံညစ်နွမ်းခြင်း မဖြစ်နိုင်၊ ဘဝတပါးမှာလည်း ရတနာ သုံးပါးမှတပါး ဆရာမထားခြင်းကြောင့် ဘဝအဆက်ဆက် နိဗ္ဗာန်တိုင်အောင် သရဏဂုံ မပျက်နိုင်ပြီ။

**လောကီသရဏဂုံ ညစ်နွမ်းပျက်စီးနိုင်ပုံ**

လောကီသရဏဂုံကတော့ ညစ်လည်း ညစ်နွမ်းနိုင်သည်၊ ပျက်လည်း ပျက်စီးနိုင်သည်၊ ရတနာသုံးပါး ဂုဏ်တော်များ၌ မသိခြင်း အညာဏ၊ ယုံမှားခြင်း သံသယ၊ ဖောက်ပြန်မှားယွင်း ကြံဆ၍ယူခြင်း မိစ္ဆာဉာဏ်၊ မရိုသေ မလေးစားခြင်း အနာဒရ, အဂါရဝတို့ ဖြစ်ခဲ့မူ ဆောက်တည်ထားတဲ့ သရဏဂုံ ညစ်နွမ်းလေသည်၊ သရဏဂုံ ညစ်နွမ်းလျှင် အကျိုးမကြီး ဖြစ်မည်၊ ဒါကြောင့် မညစ်နွမ်းအောင်လည်း စောင့်ထိန်းရမည်၊ သရဏဂုံသီလကို မညစ်နွမ်းရအောင် ဘုရားဂုဏ်တော် ကိုးပါး, တရားဂုဏ်တော် ခြောက်ပါး, သံဃာ့ဂုဏ်တော် ကိုးပါး ဤရတနာသုံးပါး ဂုဏ်တော်များကို ပါဠိအနက် အဓိပ္ပါယ် နှုတ်တက်လောလာ စိတ်မှာ ထင်ထင် သိမြင်အောင် ကြိုးစားပြီး နေ့တိုင်း ညတိုင်း နံနက်တိုင်း မပျက်မကွက် ကိုယ်ဖြင့် ရှိခိုးခြင်း၊ နှုတ်ဖြင့် ရွတ်ဘာသ် သရဇ္ဈာယ်ခြင်း ရှိခိုးခြင်း၊ စိတ်ဖြင့် ကြံစည်ပွားများ ရှိခိုးခြင်းများ ပြုရမည်၊ ဘုရားဟုတ်လေသလော၊ မဟုတ်လေသလော၊ တရားဟုတ်လေသလော၊ မဟုတ်လေသလော၊ သံဃာဟုတ်လေသလော၊ မဟုတ်လေသလောဟု တွေးတောယုံမှားခြင်း သံသယကို ပယ်ဖျောက်ရမည်၊ ရတနာသုံးပါး ဂုဏ်တော်များကို ဂုဏ်မဟုတ်သည်၏ အဖြစ်ဖြင့် ကြံဆမှားယွင်း ဖောက်ဖောက်ပြန်ပြန်ယူခြင်း မိစ္ဆာဉာဏ်ကိုလည်း ပယ်ရှားရမည်၊ ဘုရား၏ ကောင်းသော ဘုရား၏အဖြစ်၊ တရားတော်၏ ကောင်းသောတရား၏အဖြစ်၊ သံဃာတော်၏ ကောင်းသောအကျင့်ရှိသည်၏ အဖြစ်ကို မဖောက်မပြန် အမှန်သိမြင် ယူဆသည့် သမ္မာဒိဋ္ဌိ အရင်းခံထားရှိပြီး ရတနာသုံးပါးကို အလွန်ရိုသေလေးစား ဘုရား, တရား, သံဃာ ရတနာသုံးပါးမှတပါး ကိုးကွယ်ရာ လည်းလျှောင်းရာ ပုန်းအောင်းရာ မှီခိုရာ ဆရာယူ၍ မထားဘဲ၊ ကြိုးစားပြီး စောင့်ကိန်းရမည်။

**လောကီသရဏဂုံ ပျက်စီးပု(၂)မျိုး**

လောကီသရဏဂုံ ပျက်စီးခြင်းသည်—

(၁) အပြစ်ရှိသော ပျက်စီးခြင်း၊

(၂) အပြစ်မရှိသော ပျက်စီးခြင်း

သုမင်္ဂလ၊ ဋီ(၁)၁၀၄-၂၃

(၁) ရတနာသုံးပါးမှ တပါးသော ပုဂ္ဂိုလ်တို့၌ သီလ,သမာဓိ, ပညာ ဂုဏ်ကြီးမြတ်သည်၏ အစွမ်းဖြင့် မိမိကိုယ်ကို အပ်နှင်းခြင်း၊ ကိုးကွယ် လည်းလျောင်းရာကို ပြုခြင်း, တပည့်ခံခြင်း, ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေပေးခြင်း အမှု တခုခုကို ပြုလို့ သရဏဂုံ ပျက်စီးခြင်းကို တဏှာ, ဒိဋ္ဌိ စသည်တို့၏ အစွမ်းဖြင့် ပျက်စီးသောကြောင့် အပြစ်ရှိသော ပျက်စီးခြင်းဟု ဆိုသည်။

> ၃၇·မင်းနတ် အရှင်ကြီး အရှင်ကောင်းတွေကို ကိုးကွယ်မှု၊ ဗြဟ္မာ ဗိဿနိုး တန်ခိုးကြီးနတ်တွေကို ကိုးကွယ်မှု၊ ရဟန်း သာမဏေ မဟုတ်သူကို ဉာတိ, ဘယ, အာစရိယ စိတ်ထားမျိုးကို ကြဉ်၍ သီလ, သမာဓိ, ပညာဂုဏ်အမြတ်၏ အစွမ်းဖြင့် ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေပေးခြင်း, တပည့်ခံခြင်း, ကိုးကွယ်ရာပြုခြင်း, မိမိကိုယ်ကို အပ်နှင်းခြင်းတို့ကို အထူးရှောင်ကြဉ်ရမည်။)

(၂) ခန္ဓာပျက်သဉ်း သေဆုံးလို့ သရဏဂုံ ပျက်စီးခြင်းကို အပြစ်မရှိတဲ့ ပျက်စီးခြင်းဟု ဆိုသည်။

## လူသေ သရဏဂုံတင်

ယခု မျက်မြင်ခေတ်မှာပင် ဗုဒ္ဓဘာသာဝင်လူများ သေဆုံးလျှင် သရဏဂုံ ပျက်စီး၍ ထပ်မံပြီး သရဏဂုံတင်တဲ့ အထိမ်းအမှတ်ပြုကာ "သရဏဂုံတင်" ဟူသော စကားကို သုံးစွဲခေါ်ဝေါ် ပြောဆိုကြလေသည်၊ သေသူ၏ အလောင်းကောင်မှာကား ဥတုဇရုပ်မျှ ဝိညာဏ်ကင်းပ, ပြီးဖြစ်သောကြောင့် သရဏဂုံ မတည်နိုင်တော့ပါ၊ သို့ပေမဲ့ သေလွန်သူဟာ ရှေးအသက်ရှိစဉ်က သရဏဂုံတည်တဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်ဟုသာ ကျန်ရစ်သူ သားချင်းဆွေမျိုး စသူတို့က အထိမ်းအမှတ်ပြုပြီး အကယ်၍ ဂတိမှောက်မှားပြီး ပြိတ္တာဘဝသို့ လားခဲ့ပါမူ ဥဒ္ဒိဿ ပတ္တိဒါနဖြင့် ပြိတ္တာဘဝ၌ ချမ်းသာခွင့် ရရန်နှင့် မိမိတို့အဘို့လည်း

ထိုကုသိုလ်ဒါနဖြင့် ဘဝလွတ်မြောက်ခွင့် ရရန်သာ ရည်စူးပြီး သရဏဂုံတင် ဟူသော အမည်ဖြင့် ကုသိုလ်ဒါန ပြုကြလေသည်။

**မသေခင်က သရဏဂုံတင်**

အချို့ပုဂ္ဂိုလ်တွေ မသေခင်က ကြိုတင်ပြီး သရဏဂုံတင်ဟုဆိုကာ ကုသိုလ်ဒါန ပြုကြ၏၊ဗုဒ္ဓဘာသာဝင် မဟုတ်သူများ ဖြစ်ခဲ့ပါလျှင် အလွန်ပင် လမ်းမှန်ကျ၍ သရဏဂုံဆောက်တည်ပြီး ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်အဖြစ်ကိုပြုခြင်းသည် အဘိုးတန်လှ၏၊ သာသနာပြုပုဂ္ဂိုလ်တို့ အနေနှင့်သော်၎င်း၊ ကလျာဏမိတ္တ သပ္ပုရိသူပနိဿယတို့ အကူအညီကို ရယူ၍သော်၎င်း၊ တဦးတယောက်သာမဟုတ်၊ရာလိုက်ထောင်လိုက် ပေါင်းစုပြီး 'ဗုဒ္ဓဘာသာ' ခံယူပွဲကြီးတွေ ကျင်းပကာ သရဏဂုံ ဆောက်တည်ပြီး တင်သင့်ပေသည်၊ သရဏဂုံ ပျက်စီးတဲ့ ဗုဒ္ဓဘာသာဝင်များလည်း ထပ်မံဆောက်တည်ပြီး သရဏဂုံ တင်သင့်လေသည်။

**မရဏာသတိနှင့် ဒါန**

သရဏဂုံ မပျက်စီးတဲ့ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့ အနေနှင့် တဖန် ထပ်မံပြီး သရဏဂုံ တင်စရာ မလိုသော်လည်း သေခြင်းတရားကို အောက်မေ့ ဆင်ခြင်ပြီး မသေခင်က ကြိုတင်ကာ ကုသိုလ်ဒါနပြုခြင်းက မရဏာနုဿတိ ကမ္မဋ္ဌာန်းနှင့် ဒါနစခန်း ရောပြွမ်းပြီး ပြုခြင်းကြောင့် အဘိုးအလွန် ကိုက်တန်လှပါသည်၊ အသိဉာဏ် ရှိသူတိုင်းပင် ပြုထိုက်ပါသည်၊ မိမိချမ်းသာကို ရှာမှီးသည် မည်ပါသည်၊ သရဏဂုံတင်ဒါကတော့ တကြိမ်တင်ထားလျှင် မပျက်မစီးသမျှ သေဆုံးချိန်ကျအောင် တည်ပါသည်။

**ယနေ့ ကုသိုလ်ပြု**

နက်ဖြန် သန်ဘက် သေမည့်ရက်ကိုလည်း မသိနိုင်၊ လက်နက် ဒုဝ်မား ရောဂါများနှင့် ကောင်းစား ကျော်သားများက အလွန်ပင် များပြားလှပါ၏၊

ထိုသေဘာ့ရှိရာအကြောင်း စစ်သည်ပေါင်း မြောက်မြားစွာရှိတဲ့ သေမင်းကြီးနှင့် နှစ်ရက် သုံးရက် လဝက်မျှလည်းဆိုင်းငံ့ပါဦး၊ အလှူပေးပါဦးမည်၊ သီလဆောက် တည်ပါဦးမည်၊ ဘာဝနာအလုပ်ကို အားထုတ်ပါဦးမည်ဟု မိတ်ဆွေဖွဲ့လျက် အချိန်းအချက်လည်း မရှိ၊ ငွေတရာ ယူပါ၊ ငွေတထောင် ယူပါ၊ နှစ်ရက် သုံးရက် လဝက်မျှလည်း ဆိုင်းငံ့ပါဦးဟု လက်ဆောင်တံစိုး ပေးထိုးလို့လည်း မရ၊ လက်နက်ဗိုလ်ပါ အလုံးအရင်း များစွာဖြင့် သေမင်းကို ဘက်ပြိုင် စစ်ထိုးလို့လည်း မနိုင်နိုင်သောကြောင့် မနက်ဖြန်ခါကျမှ ဒါနပြုမည်၊ သန်ဘက်ခါကျမှ ဒါနပြု မည်၊ နောက်လထဲကျမှ ဒါနပြုမည်၊ နောက်နှစ်ခါကျမှ ဒါနပြုမည်၊ သီလ ဆောက်တည်မည်၊ ဘာဝနာအလုပ်ကို အားထုတ်မည်ဟု ဒီလို ရက်တွေ လတွေ နှစ်တွေကို အချိန်ဆွဲပြီး မထားသင့်ပါဘူး၊ ဒီကနေ့မှာပင် အလှူပေးမှု, သရဏဂုံ ဆောက်တည်မှု, ငါးပါးသီလ ဆောက်တည်မှု, သမထဘာဝနာ, ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်မှုဆိုတဲ့ မိမိမှီခိုအားထားရာ ကျွန်းကြီး ပမာဖြစ်တဲ့ ကုသိုလ်ကောင်းမှုတွေကို အများကြီး ပြုထားရမည်။

ဘုရားကိုယ်တော်မြတ်ကြီးကလည်း ဥပရိပဏ္ဏာသပါဠိတော် ဘဒ္ဒေကရတ္တ သုတ်မှာ အောက်ပါ ဒေသနာကို ဟောတော်မူခဲ့လေသည်။

အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊
ကော ဇညာ မရဏံ သုဝေ၊
န ဟိ နော သင်္ဂရန္တေန၊
မဟာသေနေန မစ္စုနာ။

အဇ္ဇေဝ၊ နက်ဖြန်သန်ဘက် ပြုရက်မရွေ့ ယနေ့ပင်လျှင်။ အာတပ္ပံ၊ ဒါန, သီလ, ဘာဝနာဟု သုံးဖြာအလုပ်ကို တကယ်တမ်း ကြိုးစား အားထုတ်ခြင်းကို။ ကိစ္စံ-ကာတဗ္ဗံ၊ ဆောလျှင်မသွေ ပြုထိုက်ပါပေ၏။ သုဝေ၊ ယနေ့လွန်မြောက် တမိုးသောက်ရာ နက်ဖြန်ခါ၌။ (ဇီဝိတံ ဝါ၊) သက်မြတ်မဝင် အသက်ရှင်ရမည် ကိုသော်၎င်း။ မရဏံ ဝါ၊ သက်မြတ်ပျက်ကြွေ အသက်သေရမည်ကိုသော်၎င်း။ ကော၊ ဘယ်လူ ဘယ်ဇာတ် ဘယ်နတ်ပြဟ္မာ ဘယ်သတ္တဝါသည်။ ဇညာ၊

ဟုတ်တိုင်းမှန်စွာ သိနိုင်ရာပါအံ့နည်း။ နေ၁၊ ငါတို့အား။ မဟာသေနေန၊ လက်နက်ဒုတ်ဓား ရောဂါအားဖြင့် များသော စစ်သည်ရှိသော။ တေန မစ္စုနာ၊ ထိုသုံးဘုံပိုင်နှင်း အာဏာပြင်းသည့် သေမင်းကြီးနှင့်။ သင်္ဂရံ၊ မိတ်ဆွေဖွဲ့လျက် လက်ဆောင်ဆက်၍ စစ်ဘက်ယှဉ်ပြိုင် အောင်နိုင်ရန်တွက် အချိန်းအချက်သည်။ န ဟိ အတ္ထိ၊ အမှန်ပင်တည့် မရှိသည်သာတည်း။

ဒါကြောင့် မသေခင်က ကြိုတင်ပြီး သေခြင်းတရားကို အောက်မေ့ဆင်ခြင်ကာ ကုသိုလ်ဒါန ပြုကြမှုဟာ အလွန်ပင် ကောင်းမြတ်တဲ့ ယုံးစံတရင်လို့ မှတ်ယူရမည်။

## လေ့ကျင့်ခန်း မေးခွန်းများ

၁။ ဗုဒ္ဓဘာသာဝင်လူမျိုးတို့၏ ကိုးကွယ်ရာ သုံးပါးကို ဖော်ပြပါ။

၂။ အဘယ်ကို ဘုရားဟု ခေါ်ဆိုသနည်း၊ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့ ကိုးကွယ်ရာ ဘုရားကို ဖော်ပြပါ။

၃။ အဘယ်ကို တရားဟု ခေါ်ဆိုသနည်း၊ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့ ကိုးကွယ်ရာ **တရား**ကို ဖော်ပြပါ။

၄။ အဘယ်ကို သံဃာဟု ခေါ်ဆိုသနည်း၊ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့ ကိုးကွယ်ရာ **သံဃာ**ကို ဖော်ပြပါ။

၅။ ဘုရား, တရား, သံဃာ သုံးပါး၏ ရတနာမည်ပုံကို ပြပါ။

၆။ ရတနာသုံးပါး၏ စိတ္တီကတ, မဟဂ္ဃ, အတုလ, ဒုလ္လဘဒဿန, အနောမ-သတ္တပရိဘောဂ ဖြစ်ပုံကို ဖော်ပြပါ။

၇။ ဘုရားရှင်သည် သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာဖြစ်ပုံကို ဖော်ပြပါ။

၈။ အဘယ့်ကြောင့် တရားတော်သည် သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်သနည်း။

၉။ အဘယ့်ကြောင့် သံဃာတော်သည် သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်သနည်း။

၁၀။ သရဏဂုံဟူသည် အဘယ်နည်း၊ သရဏဂုံတည်သူဟူသည် အဘယ်နည်း။

၁၁။ သရဏဂုံ အပြားနှင့် လောကုတ္တရာ သရဏဂုံ အပြား မရှိခြင်း၏ အကြောင်းကို ဖြေပါ။

၁၂။ လောကီသရဏဂုံ အပြားကို ရေတွက်ပြပါ။

၁၃။ အတ္တသန္နိယျာတနသရဏဂုံ ဆောက်တည်ပုံကို ဖြေပါ။

၁၄။ တပ္ပရာယဏတာသရဏဂုံ ဆောက်တည်ပုံကို ဖြေပါ။

၁၅။ သိဿဘာဝူပဂမန သရဏဂုံ ဆောက်တည်ပုံကို ဖြေပါ။

၁၆။ ဤ သိဿဘာဝူပဂမနသရဏဂုံကို ရှင်မဟာကဿပကြီး အဘယ်သို့လျှင် ဆောက်တည်သနည်း၊ ဝတ္ထုအကျဉ်းနှင့်တကွ ဖြေပါ။

၁၇။ ပဏိပါတသရဏဂုံ ဆောက်တည်ပုံကို ဖြေပါ။

၁၈။ ဗြဟ္မာယုပုဏ္ဏားသည် ဤပဏိပါတသရဏဂုံကို အဘယ်ပုံ ဆောက်တည် ပါသနည်း။

၁၉။ ပဏိပါတသရဏဂုံ အပြားကို ရေတွက်ပြပါ။

၂၀။ ဘုရားရှင်ကို ဆွေမျိုးအနေနှင့် ရှိခိုးပါလျှင် သရဏဂုံ တည်-မတည် အကြောင်းနှင့်တကွ ဖြေပါ။

၂၁။ ဘုရားရှင်ကို ကြောက်လို့ ရှိခိုးလျှင် သရဏဂုံ တည်-မတည် အကြောင်း ပြ၍ ဖြေပါ။

၂၂။ ဘုရားရှင်ကို ဒိဋ္ဌဓမ္မိက အနုသာသနီ ဆရာအနေနှင့် ရှိခိုးလျှင် သရဏဂုံ တည်-မတည် အကြောင်းပြ ဖြေပါ။

၂၃။ ပဏိပါတဟူသည် အဘယ်နည်း၊ အဘယ်သို့ ပြုခြင်းကို ဉာတိပဏိပါတ, ဘယပဏိပါတ, အာစရိယ ပဏိပါတဟု ဆိုပါသနည်း။

၂၄။ အဘယ်ကို ဒက္ခိဏေယျ ပဏ်ပါတဟု ဆိုပါသနည်း၊ ၎င်း၌ သရဏဂုံ တည်-မတည် အကြောင်းနှင့် ဖြေပါ။

၂၅။ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တဦးသည် ဆွေမျိုးတော်စပ်တဲ့ မိစ္ဆာဝါဒီပုဂ္ဂိုလ်ကို ငါတို့ ဆွေမျိုးဘဲဟု ရှိခိုးရာ ဆောက်တည်ထားတဲ့ သရဏဂုံ ပျက်-မပျက် အကြောင်းပြ ဖြေပါ။

၂၆။ ရာထူးကြီးမြင့်သူကို အရိုအသေပေးခြင်း စသည်ကို မပြုမူ အကျိုးစီးပွားမဲ့သော်လည်း ပြုရာ၏ဟု ကြောက်လို့ အရိုအသေ ပေးခြင်းစသည်ကို ပြုရာ သရဏဂုံ ပျက်-မပျက် အကြောင်းပြ ဖြေပါ။

၂၇။ ပညာသင်ပေးတဲ့ မိစ္ဆာဝါဒီဆရာကို တပည့် ဗုဒ္ဓဘာသာဝင်က ဆရာ့အနေနှင့် ရှိခိုးရာ သရဏဂုံ ပျက်-မပျက် အကြောင်းပြ ဖြေပါ။

၂၈။ အတတ် ပညာ သင်ပေးတဲ့ မိစ္ဆာဝါဒီဆရာကို ဂုဏ်အမြတ် အနေနှင့် ရှိခိုးရာ ဆောက်တည်ထားတဲ့ သရဏဂုံပျက်-မပျက် ဖြေပါ။

၂၉။ ဗုဒ္ဓဘာသာဝင် အမျိုးသား အမျိုးသမီးငယ်တို့သည် မိမိတို့၏ အမိအဖ ဆွေမျိုး သက်ကြီး ဆရာတို့အား ဆွေမျိုး ဆရာအနေနှင့် ရှိခိုးခြင်း စသည်ပြုရာ သရဏဂုံ ပျက်ပါသလား။

၃၀။ ရတနာသုံးပါးမှ တပါးသူတို့၌ သီလ, သမာဓိ, ပညာဂုဏ် ကြီးမြတ်သည်၏ အစွမ်းဖြင့် ရှိခိုးခြင်း စသည်ကိုပြုရာ သရဏဂုံ ပျက်ပါသလား။

၃၁။ မိဖ စသူတို့ ခိုင်းစေချက်အရ ရဟန်း သံဃာကို ရှိခိုးသော သူငယ်ကလေးအား သရဏဂုံ တည်-မတည် ဆုံးဖြတ်ပါ။

၃၂။ လောကီ သရဏဂုံ တည်ပုံ ပျက်ပုံကို ရေးပါ။

၃၃။ သရဏဂုံ မပျက်စေဘောင် ဗုဒ္ဓဘာသာဝင်တို့ ရှောင်ကြဉ်ဖွယ်ကို ညွှန်ပြပါ။

၃၄။ လောကုတ္တရာသရဏဂုံ၏ အကျိုးရင်း အကျိုးဆက်ကို ဖော်ပြပါ။

၃၅။ လောကီသရဏဂုံ၏ အကျိုးရင်း အကျိုးဆက်ကို ဖော်ပြပါ။

၃၆။ လောကုတ္တရာသရဏဂုံ လောကီသရဏဂုံတို့၏ တရားကိုယ်ကို ဖော်ပြပါ။

၃၇။ အဘယ် ဗုဒ္ဓဘာသာဝင်တို့အား ဉာဏဝိပ္ပယုတ် သရဏဂုံ တည်သနည်း။

၃၇။ အဘယ် ဗုဒ္ဓဘာသာဝင်တို့အား ဉာဏသမ္ပယုတ်သရဏဂုံ တည်သနည်း။

၃၈။ လောကီသရဏဂုံ၏ အကျိုးဆယ်ပါးကို ရေတွက်ပြပါ။

၄၀။ တိသရဏဂမနိယထေရ်အား သရဏဂုံ ဆောက်တည် ခဲ့ဘူးသော ကောင်းမှုကြောင့် ရရှိသောအကျိုးကို ဝတ္ထုအကျဉ်းနှင့်တကွ ပြပါ။

၄၁။ ယခုကာလ၌ အသက်ဘယ်နှစ်နှစ်ရှိလျှင် ရှင်ပြုပေးနိုင်သနည်း။

၄၂။ သရဏဂမနိယထေရ် အလောင်းသည် ပဒုမုတ္တရ မြတ်စွာဘုရားထံ သရဏဂုံ ဆောက်တည်ခဲ့ဘူးသော ကောင်းမှုကြောင့် ရရှိသောကျေးဇူး ကို ဝတ္ထုအကျဉ်းနှင့် ပူးတွဲဖော်ပြပါ။

၄၃။ သရဏဂမနိယထေရ်၏ အလောင်းသည် ဝိပဿီ မြတ်စွာဘုရားထံ သရဏဂုံ ဆောက်တည်ခဲ့ဘူးသော ကောင်းမှုကြောင့် ရရှိသောအကျိုး များကို ဝတ္ထု၌ အကျဉ်းနှင့်တကွ ပြပါ။

၄၄။ လောကုတ္တရာသရဏဂုံ မညစ်နွမ်း မပျက်စီးနိုင်ခြင်း၏ အကြောင်းကို ဖော်ပြ ဖြေဆိုပါ။

၄၅။ လောကီသရဏဂုံ ညစ်နွမ်းပျက်စီးနိုင်ပုံကို ဖြေပါ။

၄၆။ လောကီသရဏဂုံ ပျက်စီးခြင်း နှစ်မျိုးကို ဖြေပါ။

၄၇။ ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ဗုဒ္ဓဘာသာဝင် အဖြစ်မှ ပျက်ပြယ်နိုင်ခွင့်ရှိရာ အခါများကို ဖော်ပြ ဖြေဆိုပါ။

၄၈။ သရဏဂုံ ပျက်စီးရာ၌ အပြစ်ရှိသော ပျက်စီးခြင်း အပြစ်မရှိသော ပျက်စီးခြင်း နှစ်မျိုး ခွဲခြား ဖြေဆိုပါ။

၄၉။ ယခုကာလ သေသူကို သရဏဂုံတင် ပြောဆိုကြပုံကို ဖြေပါ။

၅၀။ သရဏဂုံတင်ခြင်းကြောင့် သေသူမှာ သရဏဂုံ တည်ပါသလား။

၅၁။ မသေခင်က သရဏဂုံတင်၌ ရည်ရွယ်ချက် အကြောင်းရင်းကို ဖြေဆိုပါ။

ပထမပိုင်း ပြီး၏။

# ဒုတိယပိုင်း

## သီလအနက်

"သီလနဋ္ဌေန သီလံ"

သီလနဋ္ဌေန၊ သီလရှိသောပုဂ္ဂိုလ်၏ အဖြစ်၏အစွမ်းဖြင့် ကာယကံ၊ ဝစီကံတို့ကို ဖရိုဖရဲ မကျဲစေမူဘဲ ကောင်းစွာ သိုမှီး သိမ်းဆည်း၍ ထားတတ်သော အနက်သဘောသတ္တိကြောင့်။ ဝါ၊ ကုသိုလ်တရားတို့၏ အကြောင်းရင်း မူလ တည်ရာဌာန၏ အဖြစ်ဖြင့် လွန်စွာ ဆောင်တတ်သော အနက်သဘောသတ္တိကြောင့်။ သီလံ၊ သီလမည်၏။

'သီလ' သဒ္ဒါ၏ အနက်မှာ အဋ္ဌကထာဆရာ အလိုအားဖြင့် 'သမာဓာန' 'ဥပဓာရဏ'ဟူ၍ နှစ်ပါးတည်း။

သမာဓာန = သံ + အာဓာန၊ သံ-ကောင်းစွာ၊ အာဓာန-ထားခြင်း၊ ကာယကံ,ဝစီကံ-တို့ကို ဖရိုဖရဲ မကျဲစေမူဘဲ ကောင်းစွာ သိုမှီး သိမ်းဆည်း၍ ထားခြင်းတည်း။

ထို့ကြောင့် "သမာဓာနံ သဏ္ဌပနံ"ဟု ဋီကာ ဖွင့်သည်။

ဥပဓာရဏ=ဥပ + ဓာရဏ၊ ဥပ-လွန်စွာ၊ ဓာရဏ-ဆောင်ခြင်း၊ ကုသိုလ်တရားတို့၏ အကြောင်းရင်း မူလ တည်ရာဌာန၏ အဖြစ်ဖြင့် လွန်စွာဆောင်ခြင်းတည်း။

'သီလ' ဟူသည် ကိုယ်, နှုတ်, စိတ် သုံးပါးတွင် ကိုယ်နှင့်နှုတ်ကို အကုသိုလ် မဖြစ်ပွားရအောင် စောင့်စည်းမှုတည်း၊ သီလအားလုံး၌ပင် ကာယကံ, ဝစီကံ ကိုယ်, နှုတ်နှစ်ပါးကိုသာ လုံခြုံအောင် စောင့်ထိန်းရလေသည်၊ မနောကံစိတ်ကို စောင့်ထိန်းမှုကား- ဘာဝနာအရာသာ ဖြစ်၏၊ ထိုကြောင့် စိတ်သက်သက်ဖြင့် ကျူးလွန်သော်လည်း သီလမပျက်ပေ။

တပါးသောဆရာတို့အလို-သိရ + သီတလ အနက်တို့ကို သီလအနက် ဆိုကုန်၏၊ သိရ-ဦးခေါင်း၊ သီတလ-အေးမြခြင်း၊ဦးခေါင်းကို ဖြတ်သည်ရှိသော် အလုံးစုံသောကိုယ်သည် ပျက်စီးသကဲ့သို့၊ ထို့အတူပင် ဦးခေါင်းနှင့်တူသော သီလ

သုမင်္ဂလဝိ (က) ၁၀၄–၂၅

ပျက်စီးသည့်ရှိသော် ကိုယ်နှင့်တူသော အလုံးစုံသောဂုဏ်သည် ပျက်စီးလေတော့၏၊ ထို့ကြောင့် သီလသည် ဦးခေါင်းနှင့်တူသောကြောင့် သီလသဒ္ဒါ၏ ဦးခေါင်းအနက်ကို ဆိုကုန်၏။

'သိရ'ဟု ဆိုလိုလျက် ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် ရ-ကို လ-ပြု၊ ဣ-ကို ဤ-ဒီဃပြု၍ 'သီလ' ဟု ဆိုသည်။

တနည်း 'သီသ'ဟု ဆိုလိုလျက် ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် သ-ကို လ-ပြု၍ 'သီလ'ဟု ဆိုသည်။

'သီလ' သည် ပယောဂပြည့်စုံသည့်ရှိသော် ကိလေသာ အပူမီး ငြိမ်းခြင်းကို ပြုတတ်သောကြောင့် သီလ-သဒ္ဒါ၏ အေးမြခြင်း အနက်ကို ဆိုကုန်၏၊ 'သီတလ' ဟု ဆိုလိုလျက် ဝဏ္ဏနာသ နိရုတ္တိနည်းဖြင့် 'တ'ကို ချေ၍ 'သီလ'ဟု ဆိုသည်၊ ဋီကာ၌ အာဒိသဒ္ဒါဖြင့် ယူ၍ 'သီလ'သဒ္ဒါ၏ 'သလ' အနက်၊ 'သုပ' အနက်၊ 'သာလာ' အနက် တို့ကိုလည်း ဆိုကုန်၏။

'သီလ'ရှိသည် ရှိသော် အကုသိုလ်တရားတို့ မဝင်နိုင်သောကြောင့် 'သီလ' သဒ္ဒါ၏ 'သလ' အနက်ကို ဆို၏၊ 'သီလ'ဖြင့် ပယ်သတ်အပ်ကုန် ပြီးသော အကုသိုလ် ဒုစရိုက်တရားတို့သည် အိပ်ကုန်သောကြောင့် 'သီလ' သဒ္ဒါ၏ 'သုပ' အနက်ကို ဆို၏၊ အလုံးစုံသော ကုသိုလ်တရားတို့ ဝင်နားခြင်းငှါ ထိုက်သောကြောင့် 'သီလ' သဒ္ဒါ၏ 'သာလာ' အနက်ကို ဆို၏။

ယင်း သီလသည် အမျိုးအစား အပြားအားဖြင့် များစွာပင် ရှိ၏၊ ဤ၌ ဂဟဋ္ဌသီလများကို ပြမည်။

## ငါးပါးသီလ

## ပါဏာတိပါတ သိက္ခာပုဒ် အဖွင့်

### ပါဏာတိပါတ အနက်

ပါဏာတိပါတ=ပါဏ + အတိ+ပါတ၊ ပါဏ-ပညတ်အားဖြင့် သတ္တဝါ၊ ပရမတ်အားဖြင့် ဇီဝိတိန္ဒြေကို မိမိအလိုအလျောက် ဖြေးနှေး အေးဆေးစွာ

ကျခွင့်မပေးဘဲ လက်နက် ဒုတ်ခဲ သေနတ်စသည် ပယောဂများဖြင့် လျင်မြန်စွာ၊ ဝါ-လွှမ်းမိုးနှိပ်စက်၍ကျစေခြင်းချခြင်းကို "ပါဏာတိပါတ"ဟု ဆိုသည်။

**ပါဏာတိပါတ တရားကိုယ်**

တရားကိုယ်အားဖြင့် ပါဏ, စသော အင်္ဂါငါးနှင့် ပြည့်စုံသော 'ဝဓက' စေတနာသည်ပင် 'ပါဏာတိပါတ' မည်၏။

**ပါဏာတိပါတ အင်္ဂါ ငါးပါး**

တဿ ပါဏာတိပါတဿ၊ ထို ပါဏာတိ ပါတ၏။ သမ္ဘာရာ၊ အကြောင်းအင်္ဂါ အဆောက်အဦးတို့သည်။

၁။ ပါဏော၊ သတ္တဝါရင်း။

၂။ ပါဏသညိတာ၊ သတ္တဝါဟူသော အမှတ်ရှိသည်၏ အဖြစ်ရင်း။

၃။ ဝဓကစိတ္တံ၊ သတ်လိုသော စိတ်ရင်း။

၄။ ဉပက္ကမော၊ လုံ့လပြုခြင်းရင်း။

၅။ တေန ဉပက္ကမေန၊ ထိုလုံ့လဖြင့်။ မရဏံ၊ သေခြင်းရင်း။

ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

* သဘ္ဘဝါဖြစ်၊ စင်စစ်မှန်စွာ၊
သဘ္ဘဝါမှတ်၊ သတ်တတ်စိတ်ပါ၊
ကိုယ်နှုတ်ဖြင့်ပ၊ လုံ့လပြုကာ၊
သေခြင်းပြု၊ သတ်မှု ငါးအင်္ဂါ။

**အင်္ဂါမစုံ ကံမထိုက်ပုံ**

အင်္ဂါငါးပါးလုံး ပြည့်စုံပါမှ ပါဏာတိပါတ ကံထိုက်သည်။

၁။ ပထမ အင်္ဂါရပ်ဖြင့် သတ္တဝါမဟုတ်တဲ့ သက်မဲ့အရုပ် ဥတုဇရုပ်တို့၌ သတ္တဝါဟု အမှတ်ပြုကာ သတ်လိုစိတ်ထားဖြင့် လုံ့လပြု၍ သတ်ပါ

သော်လည်း 'ပါဏာတိပါတကံ' မထိုက်ဟု ပြသည်၊ ဤ၌ (သတ္တဝါဖြစ်ခြင်း)ဆိုတဲ့ ပထမအင်္ဂါ ချို့သည်။

၂။ ဒုတိယ အင်္ဂါရပ်ဖြင့် သတ္တဝါ၌သော်လည်း သတ္တဝါဟု အမှတ်မပြုပုံသဏ္ဍာန်တူ ထုလုပ်ထားတဲ့ အရုပ်ဟု အထင်ပြုကာ သတ်လိုစိတ်ထားဖြင့် လုံ့လပြု၍ သတ္တဝါ သေသော်လည်း 'ပါဏာတိပါတကံ' မထိုက်ဟု ပြသည်၊ ဤ၌ (သတ္တဝါဟု အမှတ်ရှိခြင်း) ဒုတိယအင်္ဂါ ချို့သည်။

၃။ တတိယ အင်္ဂါရပ်ဖြင့် သတ်လိုစိတ် မရှိသူအား ခရီးသွားရာ ခြေဖြင့်နင်းမိ၍ သတ္တဝါငယ်များ သေဆုံးခြင်း၊ အခြားတစုံတခုသော အမှုကိုပြု၍ သတ္တဝါငယ်များ သေဆုံးခြင်း ရှိပါသော်လည်း 'ပါဏာတိပါတကံ' မထိုက်ဟု ပြသည်၊ ဤ၌ (သတ်လိုစိတ်ရှိခြင်း) တတိယ အင်္ဂါ ချို့သည်။

၄။ စတုတ္ထ အင်္ဂါရပ်ဖြင့် သတ္တဝါ၌ သတ္တဝါဟု အမှတ်ပြုကာ သတ်လိုသောစိတ် ရှိပါသော်လည်း ကိုယ်နှုတ်ဖြင့် လုံ့လမပြုက 'ပါဏာတိပါတကံ' မထိုက်ဟု ပြသည်၊ ဤ၌ (ကိုယ်နှုတ်ဖြင့် လုံ့လပြုခြင်း) စတုတ္ထအင်္ဂါ ချို့သည်။

၅။ ပဉ္စမ အင်္ဂါရပ်ဖြင့် သတ္တဝါ၌ သတ္တဝါဟု အမှတ်ပြုကာ သတ်လိုတဲ့စိတ်မျိုးဖြင့် လုံ့လပြုပါသော်လည်း သတ္တဝါ မသေက 'ပါဏာတိပါတကံ' မထိုက်ဟု ပြသည်၊ ဤ၌ (ထိုလုံ့လဖြင့် သတ္တဝါသေခြင်း) ပဉ္စမအင်္ဂါ ချို့သည်။

**သတ်ခြင်း လုံ့လ (၆) မျိုး**

ပယောဂ၊ သတ်ခြင်း လုံ့လတို့သည်—

၁။ သာဟတ္ထိကော၊ မိမိကိုယ်တိုင် လက်ဖြင့် သတ်ခြင်းရှင်း။

၂။ အာဏတ္တိကော၊ သူတပါးကို ခိုင်းစေ၍ သတ်ခြင်းရှင်း။

၃။ နိဿဂ္ဂိယော၊ မြှား,လှံ,သေနတ် စသည်ဖြင့် ပစ်ခတ်၍ သတ်ခြင်း ၎င်း။

၄။ ထာဝရော၊ တွင်း, ချောက် စသည်ဖြင့် အမြဲတည်သော ဝတ္ထုဖြင့် သတ်ခြင်း၎င်း။

၅။ ဝိဇ္ဇာမယော၊ အင်းအိုင် မန္တရား အတတ်ပညာများဖြင့် သတ်ခြင်း ၎င်း။

၆။ ဣဒ္ဓိမယော၊ ကံ၏အကျိုးဖြစ်သော တန်ခိုးဖြင့် သတ်ခြင်း၎င်း။

ဣတိ. ဤသို့။ ဆ၊ ခြောက်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**အပြစ်ငယ် အပြစ်ကြီး**

ဤ ပါဏာတိ ပါတအရာ၌ သီလ, သမာဓိ, ပညာဂုဏ် ကင်းသော တိရစ္ဆာန် သတ္တဝါတို့တွင် ခန္ဓာကိုယ် သေးငယ်သော သတ္တဝါငယ်ကို သတ်က သတ်ခြင်း လုံ့လ နည်းသောကြောင့်၎င်း၊ သတ်အပ်သော ခန္ဓာကိုယ်၏ သေးငယ်သော ကြောင့်၎င်း အပြစ်ငယ်၏၊ ခန္ဓာကိုယ် ကြီးသော သတ္တဝါကြီးကို သတ်က သတ်ခြင်း လုံ့လ များသောကြောင့်၎င်း၊ သတ်အပ်သော ခန္ဓာကိုယ်၏ ကြီးသောကြောင့်၎င်း အပြစ်ကြီး၏။

ခန္ဓာကိုယ် ငယ်သောကြောင့်ပင် သတ်ရာ၌ လုံ့လ နည်းသည်၊ ခန္ဓာကိုယ် ကြီးသောကြောင့်ပင် သတ်ရာ၌ လုံ့လ များသည်၊ ဥပမာ သန်း, ကြမ်းပိုး, ခြင်, ယင်, ပရွက်ဆိတ် တို့သည် ခန္ဓာကိုယ် သေးငယ်၏၊ လက်နှင့် တကြိမ် ဖိညှစ်ရုံနှင့် သေ၏၊ ထို့ကြောင့် သတ်ရာ၌ လုံ့လ နည်းသည်၊ ကျွဲ, နွား, မြင်း, ဆင်တို့ ခန္ဓာကိုယ်ကြီး၏၊ ဒုတ် ဓား စသည်တို့ဖြင့် အကြိမ်ကြိမ် ပုတ်ခတ်သတ်မှ သေ၏၊ ထို့ကြောင့် သတ်ရာ၌ လုံ့လ များရသည်၊ တိရစ္ဆာန်ချင်းပင် ဖြစ်သော် လည်း သန်း, ကြမ်းပိုး, ခြင်, ယင်, ပရွက်ဆိတ်ကို သတ်ခြင်းထက် ကျွဲ, နွား, မြင်း,ဆင်တို့ကို သတ်ခြင်းက ပို၍ အပြစ်ကြီးသည် မှတ်လေ။

ဂုဏ်ရှိသော လူ စသော သတ္တဝါတို့တွင် သီလ, သမာဓိ, ပညာဂုဏ် ငယ်သူကို သတ်က အပြစ်ငယ်၏၊ သီလ, သမာဓိ, ပညာဂုဏ် ကြီးသူကို သတ်က အပြစ်ကြီး၏၊ သီလ, သမာဓိ, ပညာဂုဏ်ရှိသော သတ္တဝါတိုင်း ဂုဏ်အကြီး အငယ် တူမျှခြင်း ရှိရာ၌ သတ်ကြောင်း စေတနာ သတ်ခြင်း လုံ့လတို့၏ နုံ့ခြင်းကြောင့် အပြစ်ငယ်၏၊ ၎င်းထက်ကြီးမူ အပြစ်ကြီး၏ဟု မှတ်ယူရမည်။

**ဤ သိက္ခာပုဒ် ပျက်မူ ထပ်မံ ဆောက်တည်ပါ**

မှက်, ခြင်, ယင်, သန်း, ကြမ်းပိုး, ပိုးရွ, ခြပုံးမှစ၍ သက်ရှိသတ္တဝါတို့တွင် တကောင် တလေမျှလည်း သတ်ခြင်း ခြောက်မျိုးတွင် တမျိုးမျိုးဖြင့် အင်္ဂါ ငါးလီ စုံညီစွာ သတ်က 'ပါဏာတိပါတကံ' ထိုက်၍ ပါဏာတိပါတ သိက္ခာပုဒ် ပျက်သည်၊ နိစ္စသီလတွင် ပါဝင်ရကား 'ဒုဿီလ'အဖြစ်၌ တည်၏၊ သိက္ခာပုဒ် အင်္ဂါများကို အသီးအသီး တခုစီ တခုစီ ဆောက်တည်ထား သူတို့အား ဤပါဏာတိပါတသိက္ခာပုဒ်ကို ထပ်မံပြီး ဆောက်တည်ရမည်၊ တပေါင်းတည်း ဆောက်တည်ထားသူတို့အား တပေါင်းတည်းပင် ပြန်လည် ဆောက်တည်ရမည်။

## အဒိန္နာဒါန သိက္ခာပုဒ်အဖွင့်

**အဒိန္နာဒါနအနက်**

အဒိန္နာဒါန=အဒိန္န + အာဒါန၊ အဒိန္န-ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို။ အာဒါန-နည်းအမျိုးမျိုးဖြင့် ယူခြင်း။

"သက်ဆိုင်ရာ ပစ္စည်းပိုင်ရှင်တို့က အကျွန်ုပ်ပစ္စည်းကို သင့်အား ပေးပါ၏ ယူပါ၊ အလိုရှိတိုင်း သုံးဆောင်ပါ ပြုပါဟု ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော ပစ္စည်းဥစ္စာများကို နည်းအမျိုးမျိုးဖြင့် ခိုးယူခြင်းကို အဒိန္နာဒါနဟု ဆိုသည်။"

**အဒိန္နာဒါန တရားကိုယ်**

တရားကိုယ်အားဖြင့် 'ပရပရိဂ္ဂဟိတ' စသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော 'အစ္ဆိန္နကစေတနာ, ထေယျစေတနာသည်ပင် အဒိန္နာဒါနမည်၏။

**အဒိန္နာဒါန အင်္ဂါငါးပါး**

တဿ အဒိန္နာဒါနဿ၊ ထိုအဒိန္နာဒါန၏။ သမ္ဘာရာ၊ အကြောင်းအင်္ဂါ အဆောက်အဦးတို့သည်။

၁။ ပရပရိဂ္ဂဟိတံ၊ သူတပါးသိမ်းဆည်းအပ်သော ဥစ္စာဝင်း။

၂။ ပရပရိဂ္ဂဟိတသညိတာ၊ သူတပါးသိမ်းဆည်းအပ်သော ဥစ္စာဟု အမှတ်ရှိသည်၏ အဖြစ်ဝင်း။

၃။ ထေယျစိတ္တံ၊ ခိုးလိုသောစိတ်ဝင်း။

၄။ ဥပက္ကမော၊ လုံ့လပြုခြင်းဝင်း။

၅။ တေန ဥပက္ကမေန၊ ထိုလုံ့လဖြင့်။ ဟရဏံ၊ ဆောင်ယူခြင်းဝင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

* အရှင်သိမ်းဆည်း၊ ပစ္စည်းမှန်စွာ၊
သူ့ဥစ္စာမှတ်၊ ခိုးတတ်စိတ်ပါ၊
ကိုယ်နှုတ်ဖြင့်ပ၊ လုံ့လပြုကာ၊
ဆောင်ယူပြ၊ ခိုးမှု ငါးအင်္ဂါ။

**အင်္ဂါမစုံ ကံမထိုက်ပုံ**

အင်္ဂါငါးပါးလုံး ပြည့်စုံပါမှ အဒိန္နာဒါနကံ ထိုက်သည်။

* ၁။ ပထမ အင်္ဂါရပ်ဖြင့် သူတပါး မသိမ်းဆည်းသော ပိုင်ရှင်မဲ့ ပစ္စည်းဥစ္စာများကို သူတပါးဥစ္စာဟု မှတ်သား ခိုးလိုသော စိတ်တားဖြင့် လုံ့လပြုခါ ယူပါသော်လည်း 'အဒိန္နာဒါနကံ' မထိုက်ဟု ပြသည်၊ ဤ၌ (သူတပါး သိမ်းဆည်းအပ်သော ဥစ္စာဖြစ်ခြင်း) ပထမ အင်္ဂါ ချို့သည်။

၂။ ဒုတိယ အင်္ဂါရပ်ဖြင့် သူတပါး သိမ်းဆည်းသော ပစ္စည်းဥစ္စာ၌ သော်လည်း သူတပါး သိမ်းဆည်းအပ်သော ပစ္စည်းဥစ္စာဟု အမှတ်မပြု

ပိုင်ရှင်မဲ့ ပစ္စည်းဥစ္စာဟု အထင်ပြုကာ ယူပါသော်လည်း 'အဒိန္နဒါနကံ' မထိုက်ဟု ပြသည်၊ ဤ၌ (သူသိမ်းဆည်းသော ဥစ္စာဟု အမှတ်ရှိခြင်း) ဒုတိယ အင်္ဂါချို့သည်။

၃။ တတိယ အင်္ဂါရပ်ဖြင့် ခိုးလိုသော စိတ်မရှိဘဲ အခိုက်အတန့် ငှါးရမ်းတဲ့ သဘောမျိုး အကြွမ်းဝင်၍ ကျီစယ်လို၍ ယူခြင်း စသည်တို့၌ 'အဒိန္နာဒါနကံ' မထိုက်ဟု ပြသည်၊ ဤ၌ (ခိုးလိုသော စိတ်ရှိခြင်း) တတိယ အင်္ဂါ ချို့သည်။

၄။ စတုတ္ထ အင်္ဂါရပ်ဖြင့် ခိုးလိုသောစိတ် ရှိပါသော်လည်း ခိုးယူမှု၌ ကိုယ်နှုတ်ဖြင့် လုံ့လမပြုက၊ ဝါ-စိတ် သက်သက်ဖြင့် ခိုးယူက 'အဒိန္နာဒါနကံ' မထိုက်ဟု ပြသည်၊ ဤ၌ (ကိုယ်နှုတ်ဖြင့် လုံ့လပြုခြင်း) စတုတ္ထအင်္ဂါ ချို့သည်။

၅။ ပဥ္စမ အင်္ဂါရပ်ဖြင့် သူတပါး ပစ္စည်း ဥစ္စာကို သူ့ဥစ္စာအမှတ် ခိုးလိုသော စိတ်စေတ်ဖြင့် လုံ့လပြုပါသော်လည်း ထိုကာယပယောဂ, ဝစီပယောဂ ဖြင့် ရယူခြင်း မဖြစ်က 'အဒိန္နာဒါနကံ' မထိုက်ဟု ပြသည်၊ ဤ၌ (ထိုလုံ့လဖြင့် ဆောင်ယူခြင်း) ပဥ္စမ အင်္ဂါ ချို့သည်။

**ခိုးခြင်း လုံ့လ (၆) မျိုး**

ပယောဂါ၊ ခိုးခြင်း လုံ့လတို့သည်။

၁။ သာဟတ္ထိကော၊ မိမိကိုယ်တိုင် လက်ဖြင့် ခိုးခြင်းငှင်း။

၂။ အာဏတ္တိကော၊ သူတပါးကို စေခိုင်း၍ ခိုးခြင်းငှင်း။

၃။ နိဿဂ္ဂိယော၊ ပစ်လွှတ်၍ ခိုးယူခြင်းငှင်း။

၄။ ထာဝရော၊ အမြဲတည်သော ဝတ္ထုဖြင့် ခိုးခြင်းငှင်း။

၅။ ဝိဇ္ဇာမယော၊ အင်းအိုင်မန္တရား အတတ်ပညာများဖြင့် ခိုးခြင်းငှင်း။

၆။ ဣဒ္ဓိမယော၊ ကံ၏ အကျိုးဖြစ်သော တန်ခိုးဖြင့် ခိုးခြင်းငှင်း။

ဣတိ၊ ဤသို့။ ဆ၊ ခြောက်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

### အပြစ်ငယ် အပြစ်ကြီး

ဤအဒိန္နာဒါနအရာ၌ အဘိုးမတန်သော ပစ္စည်း ဥစ္စာကို ခိုးယူက အပြစ်ငယ်၏၊ အဘိုးတန်သော ပစ္စည်း ဥစ္စာကို ခိုးယူက အပြစ်ကြီး၏၊ ခိုးယူအပ်သော ပစ္စည်းဥစ္စာချင်း တန်ဘိုးညီမျှခဲ့သော် သီလ, သမာဓိ, ပညာဂုဏ် ကြီးသူတို့၏ ပစ္စည်းဥစ္စာကို ခိုးယူက အပြစ်ကြီး၏၊ ဂုဏ်ငယ်သူတို့၏ ပစ္စည်းဥစ္စာကို ခိုးယူက အပြစ်ငယ်၏ဟု မှတ်ယူရမည်၊ ဆိုလိုရင်းမှာ– ငွေတကျပ်, တကျပ်တန်ပစ္စည်းကို ခိုးယူသည်ထက် ငွေနှစ်ကျပ်,နှစ်ကျပ်တန် ပစ္စည်းချင်း တူသော်လည်း မိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်တို့၏ ပစ္စည်းဥစ္စာကို ခိုးယူခြင်းထက် သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့၏ ပစ္စည်းဥစ္စာကို ခိုးယူခြင်းက ပိုမိုပြီး အပြစ်ကြီးလေ၏၊ ဝတ္ထုကန်ဘိုး အနည်းအများ ဂုဏ်ကြီးဂုဏ်ငယ်ကို လိုက်၍ အပြစ်ငယ် အပြစ်ကြီး ဆုံးဖြတ်ရာ၏။

### ဤသိက္ခာပုဒ်ပျက်မှု ထပ်မံဆောက်တည်ပါ

သစ်သီးတလုံး ဟင်းရွက်တဆုပ် မြက်ဝါးခြမ်းစိတ်မျှကို အစပြု၍ သက်ဆိုင်ရာ ပစ္စည်းပိုင်ရှင်တို့သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါးတို့၏ ပစ္စည်းဥစ္စာကို ပယောဂ ခြောက်မျိုးတွင် တမျိုးမျိုးဖြင့် အင်္ဂါငါးလီ စုံညီစွာခိုးယူက 'အဒိန္နာဒါနကံ' ထိုက်၍ အဒိန္နာဒါနသိက္ခာပုဒ် ပျက်သည်၊ နိစ္စသီလတွင် ပါဝင်ရကား ဒုဿီလအဖြစ်၌ တည်၏၊ တဖန် ရှေးနည်းတူပင် ထပ်မံဆောက်တည်ရမည်။

## ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် အဖွင့်

### ကာမေသုမိစ္ဆာစာရ အနက်

ကာမေသုမိစ္ဆာစာရ=ကာမေသု+ မိစ္ဆာစာရ၊ ကာမေသု - မေထုန်အကျင့်တို့၌၊ ဝါ မေထုန်ဝတ္ထုတို့၌၊ မိစ္ဆာစာရ - စင်စစ်ကဲ့ရဲ့အပ်သော ယုတ်မာသော အကျင့်။

ကာမေသူတိ-မေထုနသမာစာရေသု မေထုနဝတ္ထူသု ဝါ၊
မိစ္ဆာစာရောတိ ဧကန္တနိန္ဒိတော လာမကာစာရော။
သုမင်္ဂလဝိ (က) ၁၀၄-၂၅

"ယောကျ်ားတို့အား·မိမိမယားမှ တပါးသော (၂၀)နှစ်ဆယ်သော မိန်းမ၊ (၁၂) တဆယ့်နှစ်ယောက်သော မိန်းမတို့အား မိမိလင်သားမှ တပါးသော ယောကျ်ားဟု ဆိုအပ်သော အဂမနီယဝတ္ထုကာမတို့၌ မှားမှားယွင်းယွင်း ပြုကျင့်ခြင်းကို ကာမေသုမိစ္ဆာစာရဟု ဆိုသည်။"

**ယောကျ်ားတို့ မသွားလာအပ်သော မိန်းမ(၂၀)**

ယောကျ်ားတို့၏ 'အဂမနီယဝတ္ထုကာမ' မသွားလာကောင်းသော မိန်းမ (၂၀) နှစ်ဆယ်ကား—

၁။ မာတုရက္ခိတာ၊ အမိ စောင့်ရှောက် အုပ်ထိန်းသူရှိသော မိန်းမ၊

၂။ ပိတုရက္ခိတာ၊ အဖ စောင့်ရှောက် အုပ်ထိန်းသူရှိသော မိန်းမ၊

၃။ မာတာပိတုရက္ခိတာ၊ မိဖ နှစ်ပါးစုံ စောင့်ရှောက် အုပ်ထိန်းသူရှိသော မိန်းမ၊

၄။ ဘာတုရက္ခိတာ၊ မောင် စောင့်ရှောက် အုပ်ထိန်းသူရှိသော မိန်းမ၊

၅။ ဘဂိနိရက္ခိတာ၊ အမ, ညီမ စောင့်ရှောက် အုပ်ထိန်းသူရှိသော မိန်းမ၊

၆။ ဉာတိရက္ခိတာ၊ ဆွေမျိုး စောင့်ရှောက် အုပ်ထိန်းသူရှိသော မိန်းမ၊

၇။ ဂေါတ္တရက္ခိတာ၊ မျိုးနွယ်တူသူတို့ စောင့်ရှောက် အုပ်ထိန်းသူရှိသော မိန်းမ။

၈။ ဓမ္မရက္ခိတာ၊ သီတင်းသုံးဖေါ်တို့ စောင့်ရှောက် အုပ်ထိန်းသူ ရှိသော မိန်းမ၊

၉။ သာရက္ခာ၊ ဝမ်းတွင်းမှန်းသော မိန်းမ၊ (အစောင့်အရှောက် ထားသော မိန်းမ၊)

၁၀။ သပရိဒဏ္ဍာ၊ အစိုးရမင်းတို့ ဒဏ်ထားအပ်သော မိန်းမ၊

၁၁။ ဓနက္ကီတာ၊ ပစ္စည်းဥစ္စာဖြင့် ဝယ်ယူထားသော မယား။

၁၂။ ဆန္ဒဝါသိနီ၊ နှစ်ဦးသဘောတူ ပေါင်းသင်း၍ နေသော မယား။

၁၃။ ဘောဂဂေါသိနီ၊ စည်းစိမ်ဥစ္စာ ရသောကြောင့် နေသော မယား၊

၁၄။ ပဋ္ဌဂေါသိနီ၊ အဝတ်အထည် ရသောကြောင့် နေသော မယား၊

၁၅။ ဩဒပတ္တကိနီ၊ ရေတခွက်ထည်း၌ လက်နှစ်ဖက်ကို ချ၍ ဤရေသည် မကွဲမပြား တသားတည်း နေသကဲ့သို့၊ သင်တို့ နှစ်ယောက်လည်း မကွဲမပြားစေသတည်းဟု အမိ အဖတို့ ထိမ်းမြားသော မယား၊

၁၆။ ဩဘဋ္ဌစုမ္ဗဋ္ဌာ၊ ခေါင်းခုကို ချစေ၍ နေသော မယား၊

၁၇။ ဒါသီ စ ဘရိယာ စ၊ ကျွန်လည်းဖြစ် မယားလည်း ဖြစ်သော မယား၊

၁၈။ ကမ္မကာရီ စ ဘရိယာ စ၊ အမှုလုပ်လည်းဖြစ် မယားလည်း ဖြစ်သော မယား၊

၁၉။ ဓဇာဟဋ္ဌာ၊ သုံ့ရမယား၊ (စစ်မြေအရပ်မှ ဆောင်ယူ အပ်သော မယား၊)

၂၀။ မုဟုတ္တိကာ၊ တခဏမျှ ပေါင်းဖေါ်နေသော မယား၊ (ပြည့်တန်ဆာမ၊)

ဣတိ၊ ဤသို့။ ဝီသတိ ဣတ္ထိယော၊ နှစ်ကျိပ်သော မိန်းမတို့သည်။ ပုရိသာနံ၊ ယောကျ်ားတို့၏။ အဂမနီယဋ္ဌာနံ နာမ၊ မသွားလာအပ်သော ဌာန မည်၏။

**မိန်းမ (၁၂)ယောက်တို့ မသွားလာကောင်းသော ယောကျ်ားများ**

နံပါတ် (၉) သာရက္ခာ မိန်းမမှစ၍ နံပါတ်(၂၀)ထိ (၁၂)ယောက်သော မိန်းမတို့၏ 'အဂမနီယဝတ္ထုကာမ' မသွားလာအပ်သော ယောကျ်ားများကား မိမိလင်သားမှ တပါးသော ယောကျ်ားများတည်း။

"ဒွိန္နံ၊ နှစ်ဦးကုန်သော။ သာရက္ခသပရိဒဏ္ဍာနဥ္စ၊ သာရက္ခ,သပရိဒဏ္ဍ မိန်းမတို့၏လည်းကောင်း။ ဒသန္နံ၊ တကျိပ်ကုန်သော။ ဓနက္ကီတာနဥ္စ၊ ဓနက္ကီတာ စသော မယားတို့၏လည်းကောင်း။ဣတိ၊ ဤသို့။ ဒွါဒသန္နံ၊ တကျိပ်နှစ်ယောက်ကုန်သော။ ဣတ္ထီနံ၊ မိန်းမတို့၏။ အညေ၊ မိမိလင်သားမှ တပါးကုန်သော။ ပုရိသာ၊ ယောကျ်ားတို့သည်။ အဂမနီယဋ္ဌာနံ နာမ မသွားလာကောင်းသော ဌာနမည်၏။

**ကာမေသုမိစ္ဆာစာရမှ လွတ်သော မိန်းမ(၈)ယောက်**

နံပါတ်(၁) မာတုရက္ခိတာ မိန်းမမှစ၍ နံပါတ်(၈) ဓမ္မရက္ခိတာ မိန်းမတိုင်အောင် (၈)ယောက်သော လင်မရှိတဲ့မိန်းမ (အပျို, လင်သေမုဆိုးမ, လင်ကွာတခုလပ်)တို့၏ 'အဂမနီယဝတ္ထုကာမ' မည်သည်မရှိ၊ အမိအဖ စသူတို့ အုပ်ထိန်းစောင့်ရှောက်မှု ရှိသော်လည်း ဖောဠ္ဌဗ္ဗာရုံကို အစိုးမရကုန်၊ မိမိတို့သည်သာလျှင် အစိုးရသောကြောင့် ထိုမိန်းမ (၈) ရှစ်ယောက်တို့အား ကာမေသုမိစ္ဆာစာရ မည်သည် မရှိ။

"မာတုရက္ခိတာဒီနံ၊ အမိစောင့်ရှောက် အုပ်ထိန်းသော မိန်းမ အစရှိကုန်သော။ အဋ္ဌန္နံ၊ ရှစ်ယောက်ကုန်သော။ ဣတ္ထီနံ၊ မိန်းမတို့အား။အဂမနီယဝတ္ထုနာမ၊ မသွားလာအပ်သော ဝတ္ထုမည်သည်။ နတ္ထိယေဝ၊ မရှိသည်သာလျှင်တည်း။ ဟိ၊ ထိုစကားမှန်၏။ တာသံ၊ ထိုရှစ်ယောက်သော မိန်းမတို့၏။ ဖောဋ္ဌဗ္ဗာနံ၊ ဖောဋ္ဌဗ္ဗာရုံတို့ကို။ ဣဿရာ၊ အစိုးရသောသူတို့သည်။ နတ္ထိ၊ မရှိကုန်။ သယမေဝ၊ မိမိတို့သည်သာလျှင်။ ဣဿရာ၊ အစိုးရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တာသံ၊ ထိုရှစ်ယောက်သောမိန်းမတို့အား။ ကာမေသုမိစ္ဆာစာရော၊ ကာမေသုမိစ္ဆာစာရသည်။ နတ္ထိ၊ မရှိ။"

**ကာမေသုမိစ္ဆာစာရ တရားကိုယ်**

တရားကိုယ်အားဖြင့် အဂမနီယဝတ္ထု စသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော အဿာဒစေတနာ(အဂမနီယဋ္ဌာနဝီတိက္ကမစေတနာ) သည် ကာမေသုမိစ္ဆာစာရ မည်၏။

**ကာမေသုမိစ္ဆာစာရ အင်္ဂါလေးပါး**

တဿ မိစ္ဆာစာရဿ၊ ထိုကာမေသုမိစ္ဆာစာရ၏။ သမ္ဘာရာ၊ အကြောင်းအင်္ဂါ အဆောက်အဦးတို့သည်။

၁။ အဂမနီယဝတ္ထု၊ မသွားလာအပ်သော ဝတ္ထုရှင်း။

၂။ တသ္မိံ၊ ထိုမသွားလာအပ်သော ဝတ္ထု၌။ သေဝနစိတ္တံ၊ မှီဝဲလိုသော စိတ်ရှင်း။

၃။ သေဝနပ္ပယောဂေါ၊ မှိဝဲခြင်း၌ ကိုယ်ဖြင့် လုံ့လပြုခြင်းရင်း။

၄။ မဂ္ဂေန မဂ္ဂပ္ပဋိပတ္တိ အဓိဝါသနံ၊ မဂ်တခုဖြင့် မဂ်တခုသို့ သွတ်သွင်းခြင်းကို သာယာခြင်းရင်း။

ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

* မသွားသင့်စု၊ ဝတ္ထုမှန်စွာ၊
မှီဝဲလိုရိုး၊ စိတ်မျိုးရှိရာ၊
ကိုယ်ဖြင့်သာပ၊ လုံ့လပြုကာ၊
သာယာက၊ ကာမ လေး အင်္ဂါ။

**အင်္ဂါမစုံ ကံမထိုက်ပုံ**

အင်္ဂါလေးပါး ပြည့်စုံပါမှ ကာမေသုမိစ္ဆာစာရကံ ထိုက်သည်။

၁။ ပထမ အင်္ဂါရပ်ဖြင့် အဂမနီယဝတ္ထု မဟုတ်တဲ့ မိမိမယား မိမိလင်သား နံပါတ် (၁) မာတုရက္ခိတာမှ စ၍ နံပါတ်(၈) ဓမ္မရက္ခိတာ တိုင်အောင် သော မိန်းမ (၈) ရှစ်ယောက်တို့အား ယောကျ်ားများဖြင့် သွားလာ ငြားသော်လည်း 'ကာမေသုမိစ္ဆာစာရကံ' မထိုက်ဟု ပြသည်၊ ဤ၌ (မသွားလာသင့်သော ဝတ္ထုဖြစ်ခြင်း) ပထမ အင်္ဂါ ချို့သည်။

၂။ ဒုတိယ အင်္ဂါရပ်ဖြင့် တပါးသူတို့ အနိုင်အထက် ပြုမှု၍ အဂမနီယ ဝတ္ထု၌ ကျူးလွန်ရသော်လည်း မှီဝဲလိုစိတ် မရှိသူအား 'ကာမေသုမိစ္ဆာ စာရကံ' မထိုက်ဟု ပြသည်၊ ဤ၌ (မှီဝဲလိုစိတ် ရှိခြင်း) ဒုတိယ အင်္ဂါ ချို့သည်။

၃။ တတိယ အင်္ဂါရပ်ဖြင့် အဂမနီယ ဝတ္ထု၌ မှီဝဲလိုစိတ် ရှိသော်လည်း မှီဝဲမှု၌ ကိုယ်ဖြင့် လုံ့လ မပြုခဲ့မူ 'ကာမေသုမိစ္ဆာစာရကံ' မထိုက်ဟု ပြသည်၊ ဤ၌ (ကိုယ်ဖြင့် လုံ့လပြုခြင်း) တတိယအင်္ဂါ ချို့သည်။

၄။ စတုတ္ထ အင်္ဂါရပ်ဖြင့် အဂမနီယဝတ္ထု၌ မှီဝဲလိုစိတ်ဖြင့် မဂ်တခုဖြင့် မဂ်တခုသို့ သွတ်သွင်းမှု လုံ့လပြုပါသော်လည်း မသာယာက 'ကာမေသု

မိစ္ဆာစာရကံ မထိုက်ဟု ပြသည်၊ ဤ၌ (သာယာခြင်း) စတုတ္ထ အင်္ဂါ ချိုသည်။

**မှီဝဲခြင်း လုံ့လ (၁)မျိုး**

ပယောဂေါ၊ မှီဝဲခြင်း လုံ့လသည်။

(၁) သာဟတ္ထိကော၊ ကိုယ်တိုင် မှီဝဲခြင်းတည်း။

**အပြစ်ငယ် အပြစ်ကြီး**

ဤ ကာမေသုမိစ္ဆာစာရ၌ သီလ, သမာဓိ, ပညာဂုဏ်ကင်းသော အဂမနီယ ဝတ္ထု၌ အပြစ်ငယ်၏၊ သီလ, သမာဓိ, ပညာဂုဏ်ကြီးသော အဂမနီယဝတ္ထု၌ အပြစ်ကြီး၏၊ အနိုင်အထက် နှိပ်စက်လွန်ကျူးရာ၌ အပြစ်ကြီး၏၊ သဘောတူ လွန်ကျူးရာ၌ အပြစ်ငယ်၏ဟု တနည်း မှတ်ယူရာ၏။

**ဤ သိက္ခာပုဒ်ပျက်မှု ထပ်မံ ဆောက်တည်ပါ**

ယောကျ်ားတို့အား မိမိမယားမှ တပါး နှစ်ဆယ်သော မိန်းမ၊ တဆယ့် နှစ်ယောက်သော မိန်းမတို့အား မိမိလင်မှတပါးသော ယောကျ်ားဟု ဆိုအပ် ကုန်သော အဂမနီယဝတ္ထု၌ မှီဝဲလိုစိတ်ဖြင့် မဂ်တခုဖြင့် မဂ်တခုသို့ သွတ်သွင်း သာယာခြင်းပြုက ကာမေသုမိစ္ဆာစာရကံထိုက်၍ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ် ပျက်သည်၊ နိစ္စသီလတွင် ပါဝင်ရကား ဒုဿီလအဖြစ်၌ တည်၏၊ တဖန် ရှေးနည်းတူပင် ထပ်မံ ဆောက်တည်ရမည်။

## မုသာဝါဒ သိက္ခာပုဒ် အဖွင့်

**မုသာဝါဒ အနက်**

မုသာဝါဒ=မုသာ + ဝါဒ၊ မုသာ- မဟုတ်မမှန်သောဝတ္ထုကို၊ ဝါဒ-အဟုတ် အမှန်ပြု၍ ပြောကြားခြင်း။

"မဟုတ်မမှန်သောဝတ္ထုကို အဟုတ်အမှန်ပြု၍ ပြောကြားခြင်းကို မုသာဝါဒ ဟု ဆိုသည်။"

**မုသာဝါဒ တရားကိုယ်**

တရားကိုယ်အားဖြင့် အတထဝတ္ထုစသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော 'ဝိသံဝါဒနစေတနာ'သည်ပင် မုသာဝါဒ မည်၏။

**မုသာဝါဒ အင်္ဂါ လေးပါး**

တဿ မုသာဝါဒဿ၊ ထို မုသာဝါဒ၏။ သမ္ဘာရာ၊ အကြောင်းအင်္ဂါ အဆောက်အဦတို့သည်။

၁။ အတထံ၊ မဟုတ်မမှန်သော ဝတ္ထုရင်း။

၂။ ဝိသံဝါဒနစိတ္တံ၊ ချွတ်ယွင်းစေလိုသော စိတ်ရင်း။

၃။ တဇ္ဇော၊ ထိုချွတ်ယွင်းစေခြင်းအားလျော်သော။ ဝါယာမော၊ လုံ့လ ပြုခြင်းရင်း။

၄။ ပရဿ၊ သူတပါး၏။ တဒတ္ထဝိဇာနနံ၊ ထိုအနက်ကို သိခြင်းရင်း။

ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

* အမှန်အတု၊ ဝတ္ထုမှန်စွာ၊
ချွတ်ယွင်းလိုရိုး၊ စိတ်မျိုး ရှိကာ၊
ကိုယ်နှုတ်ဖြင့်ပ၊ လုံ့လပြုကာ၊
သူသိငြား၊ မုသား လေးအင်္ဂါ။

**အင်္ဂါမစုံ ကံမထိုက်ပုံ**

အင်္ဂါလေးပါးလုံး ပြည့်စုံပါမှ မုသာဝါဒကံ ထိုက်သည်။

၁။ ပထမ အင်္ဂါရပ်ဖြင့် ဟုတ်မှန်သောဝတ္ထုကို ပြောကြားရာ၌ မုသာဝါဒ ကံ မထိုက်ဟု ပြသည်၊ ဤ၌ (မဟုတ် မမှန်သော ဝတ္ထုဖြစ်ခြင်း) ပထမ အင်္ဂါ ချို့သည်။

၂။ ဒုတိယ အင်္ဂါရပ်ဖြင့် မဟုတ် မမှန်သော ဝတ္ထုကို အဟုတ် အမှန်ပြု၍ ပြောကြား သိကာမူလည်း ချွတ်ယွင်းစေလိုသော စိတ်မရှိသူအား

မုသာဝါဒကံ မထိုက်ဟု ပြသည်၊ ဤ၌ (ချွတ်ယွင်းစေလိုသော စိတ်ရှိခြင်း) ဒုတိယ အင်္ဂါ ချို့သည်။

၃။ တတိယ အင်္ဂါရပ်ဖြင့် မဟုတ် မမှန်သောဝတ္ထုကို အဟုတ် အမှန်ပြု၍ ချွတ်ယွင်းစေလိုသော စိတ်ရှိသော်လည်း ကိုယ်နှုတ်ဖြင့် လုံ့လမပြုက မုသာဝါဒကံ မထိုက်ဟု ပြသည်၊ ဤ၌ (ချွတ်ယွင်းစေမှု၌ ကိုယ်နှုတ်ဖြင့် လုံ့လပြုခြင်း) တတိယ အင်္ဂါ ချို့သည်။

၄။ စတုတ္ထ အင်္ဂါရပ်ဖြင့် မဟုတ် မမှန်သောဝတ္ထုကို အဟုတ် အမှန်ပြု၍ ချွတ်ယွင်းစေလိုသော စိတ်ဖြင့် လုံ့လပြုပါသော်လည်း တပါးသူတို့ ထိုအနက်အဓိပ္ပါယ်ကို မသိက မုသာဝါဒကံ မထိုက်ဟု ပြသည်၊ ဤ၌ (တပါးသူတို့ ထိုအနက်အဓိပ္ပါယ်ကို သိခြင်း)စတုတ္ထ အင်္ဂါ ချို့သည်။

**လိမ်ခြင်း လုံလ (၁) မျိုး**

ပယောဂေါ၊ လိမ်ခြင်း လုံ့လသည်။

၁။ သာဟတ္ထိကော၊ ကိုင်တိုင် လိမ်ခြင်းပင်တည်း။

(ဤမုသာဝါဒအရာ၌ ဒီလို လိမ်ပြော ရမည်ဟု စေခိုင်းခြင်း 'အာဏတ္တိက' စာရေး၍ ရှေ့၌ ပစ်ချထားခြင်း 'နိဿဂ္ဂိယ' တိုက်နံရံ စသည်တို့၌ လိမ်လည် ရေးသားထားခြင်း 'ထာဝရပယောဂ' တို့လည်း သင့်သေးသည် ဆို၏၊ ဤ အာဏတ္တိက, နိဿဂ္ဂိယ, ထာဝရပယောဂ သုံးမျိုးကို အဋ္ဌကထာတို့၌ မလာသောကြောင့် စူးစမ်းဆင်ခြင်၍ မှတ်ယူရမည် ဆို၏။)

**အပြစ်ငယ် အပြစ်ကြီး**

ဤ မုသာဝါဒ အရာ၌ အကျိုးစီးပွား ပျက်စီးမှု နည်းက အပြစ် ငယ်၏ အကျိုးစီးပွား ပျက်စီးမှုများက အပြစ်ကြီး၏၊ မိမိပစ္စည်းကို မပေးလို၍ ရှိလျက်နှင့် မရှိဘူးဟု လိမ်ပြောရာ၌ အပြစ်ငယ်၏၊ မတရား သက်သေလုပ်၍ အကျိုးစီးပွား ဖျက်ဆီးရာ၌ အပြစ်ကြီး၏၊ မြို့တွင်း ရွာတွင်းမှ အနည်းငယ်မျှသော ဆီကို ရခဲ့၍ 'ဒီကနေ့ မြို့ထဲ ရွာထဲမှာ ဆီတွေ ပေါလိုက်ထာ မြစ်ရေပမာ စီးနေ

တာဘဲ'ဟု ရယ်ဘွယ် ပြောကြားခြင်း အခြား ရယ်မြူးလို၍ စကားအပိုအလျှံ လုပ်ကြံပြောကြားရခြင်းတို့၌ အပြစ်ငယ်၏၊ ပသိမမြင် ကိုယ်တွင် မရှိသော တရားကို ငါသိ၏၊ ငါမြင်၏ ငါ၏ကိုယ်တွင် ရှိ၏ဟု လိမ်ဆိုရာ၌ အပြစ်ကြီး၏ဟု မှတ်ယူရာ၏။

**ဤသိက္ခာပုဒ်ပျက်မှု ထပ်မံဆောက်တည်ပါ**

ဟာသာဓိပ္ပါယကို အစပြု၍ ချွတ်ယွင်းစေလိုသော စိတ်ထားဖြင့် မဟုတ်မမှန်သော ဝတ္ထုကို အဟုတ်အမှန် ပြု၍ ပြောကြား၍ သူတပါး သိက မုသာဝါဒကံထိုက်၍ မုသာဝါဒသိက္ခာပုဒ်ပျက်သည်၊ နိစ္စသီလတွင် ပါဝင်ရကား ဒုဿီလအဖြစ်၌ တည်၏၊ တဖန် ရှေးနည်းတူ ထပ်မံ၍ ဆောက်တည်ရမည်။

## သုရာမေရယပါနသိက္ခာပုဒ်အဖွင့်

**သုရာမေရယမဇ္ဇပမာဒဋ္ဌာန အနက်**

သုရာမေရယမဇ္ဇပမာဒဋ္ဌာန = သုရာ + မေရယ +မဇ္ဇ + ပမာဒဋ္ဌာန၊ သုရာ-သေရည်၊ မေရယ-အရက်၊ မဇ္ဇ-မူးယစ်ခြင်း၊ ပမဒဋ္ဌာန-မေ့လျော့ခြင်း၏အကြောင်း။

"ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော မူးယစ်စေတတ်သော သေရည် သေရက် (ဘိန်း) တို့ကို သောက်စားခြင်းကို သုရာမေရယမဇ္ဇပမာဒဋ္ဌာန-ဟု ဆိုသည်။

**သေရည် ငါးမျိုး**

၁။ ပိဋ္ဌသုရာ၊ မုန့်ညက်ဖြင့် ပြုသော သေရည်။

၂။ ပူဝသုရာ၊ မုန့်ဖြင့် ပြုသော သေရည်။

၃။ ဩဒနသုရာ၊ ထမင်းဖြင့် ပြုလုပ်သော သေရည်။

၄။ ကိဏ္ဏပက္ခိတ္တာ၊ တဆေးထည့်၍ ပြုလုပ်သော သေရည်။

၅။ သမ္ဘာရသံယုတ္တာ၊ သဖန်းခါးစသော အဆောက်အဦးနှင့် ယှဉ်စပ် ပြုလုပ်ထားသော သေရည်။

သုမင်္ဂလဝိ(က) ၁၀၄-၂၆

**အရက် ငါးမျိုး**

၁။ ပုပ္ဖာသဝ၊ ပန်းပွင့်ရည်ဖြင့် ပြုလုပ်သော အရက်။

၂။ ဖလာသဝ၊ သစ်သီးရည်ဖြင့် ပြုလုပ်သော အရက်။

၃။ မဓွာသဝ၊ ပျားရည်ဖြင့် ပြုလုပ်သော အရက်။

၄။ ဂုဠာသဝ၊ ထန်းလျက်ရည် ကြံရည် စသည်ဖြင့် ပြုလုပ်သော အရက်။

၅။ သမ္ဘာရသံယုတ္တာ၊ တိဖလစသော အဆောက်အဦးနှင့် ယှဉ်စပ်ပြုလုပ်သော အရက်။

ဤသေရည်ငါးမျိုး, အရက်ငါးမျိုးသည်ပင် မူးယစ်ခြင်းကို ပြုတတ်သော ကြောင့် မဇ္ဇ,အမည် ရလေသည်၊ ဘိန်းကဇော်တို့လည်း ယစ်မျိုး အပါအဝင်။

**သုရာမေရယ မဇ္ဇပမာဒဋ္ဌာန တရားကိုယ်**

တရားကိုယ်အားဖြင့် မဇ္ဇ-စသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော ပိ'ဝန' စေတနာသည်ပင် သုရာမေရယမဇ္ဇပမာဒဋ္ဌာန မည်၏။

**အင်္ဂါလေးပါး**

တဿ သုရာမေရယပါနဿ၊ ထိုသေအရက် သောက်စားမူးယစ်ခြင်း၏။ သမ္ဘာရာ၊ အကြောင်းအင်္ဂါ အဆောက်အဦးတို့သည်။

၁။ မဇ္ဇံ၊ သေရည်ငါးမျိုး, အရက်ငါးမျိုး ယစ်မျိုးဖြစ်ခြင်းဋ္ဌင်း။

၂။ ပိဝနစိတ္တံ၊ သောက်လိုသောစိတ်ရှိခြင်းဋ္ဌင်း။

၃။ တဒနုရူပပယောဂေါ ထိုစိတ်အားလျော်စွာ ကိုယ်ဖြင့် လုံ့လပြုခြင်းဋ္ဌင်း။

၄။ တေန၊ ထိုလုံ့လဖြင့်။ ပိဝနံ၊ သောက်မျိုခြင်းဋ္ဌင်း။

ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

* သေအရက်ဆိုး၊ ယစ်မျိုးမှန်စွာ၊
သောက်စားလိုရိုး၊ စိတ်မျိုးရှိကာ၊
ကိုယ်နှုတ်ဖြင့်သာ၊ လုံ့လပြုရာ၊
သေဝင်ရိုး၊ ယစ်မျိုး လေးအင်္ဂါ၊

**အင်္ဂါမစုံ ကံမထိုက်ပုံ**

အင်္ဂါလေးပါးလုံး ပြည့်စုံပါမှ သုရာမေရယပါနကံ ကိုက်သည်။

၁။ ပထမ အင်္ဂါရပ်ဖြင့် ယစ်မျိုးမဟုတ်သော အဖျော်ယမကာ ဆေးရည်များကို ယစ်မျိုးအထင်နှင့် သောက်မျိုသော်လည်း သုရာမေရယပါနကံ မထိုက်ဟု ပြသည်၊ ဤ၌ (ယစ်မျိုးဖြစ်ခြင်း) ပထမအင်္ဂါ ချို့သည်။

၂။ ဒုတိယ အင်္ဂါရပ်ဖြင့် သေရည်, သေရက်, ဘိန်း-ယစ်မျိုးပင် ဖြစ်သော်လည်း သောက်မျိုလိုစိတ် မရှိသူအား တပါးသူတို့ အနိုင်အထက်မှု၍ သောက်မျိုရမှု သုရာမေရယပါနကံ မထိုက်ဟု ပြသည်၊ ဤ၌ (သောက်လိုစိတ်ရှိခြင်း) ဒုတိယအင်္ဂါ ချို့သည်။

၃။ တတိယ အင်္ဂါရပ်ဖြင့် ယစ်မျိုးများကို သောက်မျိုလိုစိတ် ရှိသော်လည်း ကိုယ်နှုတ်ဖြင့် လုံ့လမပြုက 'သုရာမေရယပါနကံ' မထိုက်ဟု ပြသည်။ ဤ၌ (ကိုယ်နှုတ်ဖြင့် လုံ့လပြုခြင်း တတိယအင်္ဂါ ချို့သည်။

၄။ စတုတ္ထ အင်္ဂါရပ်ဖြင့် ယစ်မျိုးများကို သောက်မျိုလိုသော စိတ်ဖြင့် လုံ့လပြုပါသော်လည်း သောက်မျိုဝင်ခြင်းမဖြစ်က သုရာမေရယပါနကံ မထိုက်ဟု ပြသည်၊ ဤ၌(သောက်မျိုဝင်ခြင်း) စတုတ္ထအင်္ဂါချို့သည်။

**သောက်မျိုခြင်း လုံ့လ (၁) မျိုး**

ပယောဂေါ၊ သောက်မျိုခြင်း လုံ့လသည်။

၁။ သာဟတ္ထိကော၊ ကိုယ်တိုင် သောက်မျိုခြင်းပင်တည်း။

**အပြစ်ငယ် အပြစ်ကြီး**

သောက်မျိုအပ်သော ယစ်မျိုး၏ မိုဝဲခြင်းများမှု အပြစ်ကြီး၏၊ မိုဝဲခြင်း နည်းမှု အပြစ်ငယ်၏ဟု မှတ်ယူရာ၏။

ဤသိက္ခာပုဒ်ပျက်မှု ထပ်မံဆောက်တည်ပုံ

"မူးယစ်ခြင်းကို ဖြစ်စေတတ်သော သေ, အရက်, ဘိန်း ယစ်မျိုးများကို သောက်မျိုလိုသော စိတ်ထားဖြင့် လုံ့လပြုကာ သောက်မျိုပါက သုရာမေရယ ပါနကံ ထိုက်၍ သုရာမေရယပါန သိက္ခာပုဒ် ပျက်သည်၊ နိစ္စသီလတွင် ပါဝင်ရကား ဒုဿီလ အဖြစ်၌ တည်၏၊ တဖန် ရှေးနည်းတူ ထပ်မံ ဆောက်တည်ရမည်။

## လေ့ကျင့်ခန်း မေးခွန်းများ

၁။ အဘယ့်ကြောင့် သီလမည်သနည်း၊ သီလသဒ္ဒါ၏ အနက်ကို အဋ္ဌကထာဆရာ၏ အလို, တပါးသောဆရာတို့ အလိုပြ၍ ရုပ်ပြီးပုံကိုလည်း ညွှန်ပြပါ။

၂။ အဘယ်ကို ပါဏာတိပါတ ဆိုသနည်း၊ ပါဏ, အတိ, ပါတပုဒ်တို့၏ အနက်ကို ပြခဲ့ပါ။

၃။ ပါဏာတိပါတတရားကိုယ် ပါဏာတိပါတ အင်္ဂါတို့ကို ဖော်ပြပါ။

၄။ ညအခါ သတ္တဝါတဦးကို အရုပ်သစ်တုံးအထင်နှင့် လက်နက်ဖြင့် ပစ်ခတ်ရာ သတ္တဝါ သေဆုံးလျှင် ပါဏာတိပါတကံ ထိုက်-မထိုက် အကြောင်းပြ ဖြေဆိုပါ။

၅။ ခရီးသွားရင်း မမြင်လို့ ဘိနပ်ဖြင့် နင်းမိရာ သတ္တဝါငယ်များ သေဆုံးလျှင် ပါဏာတိပါတကံ ထိုက်-မထိုက် အကြောင်းပြ ဖြေလိုက်ပါ။

၆။ သတ်ခြင်း လုံ့လ ခြောက်မျိုးကို ရေတွက်ပြ၍ ပါဏာတိပါတအရာ အပြစ်ငယ်ကြီးကို ပြပါ။

၇။ ကြမ်းပိုးကို သတ်ခြင်းနှင့် နွားကို သတ်ခြင်းသည် အဘယ်က ပို၍ အပြစ်ကြီးသနည်း။

၈။ အဘယ်ကို အဒိန္နာဒါန ဆိုသနည်း၊ အဒိန္န, အာဒါန ပုဒ်တို့၏ အနက်ကိုလည်း ပြခဲ့ပါ။

၉။ အဒိန္နာဒါနတရားကိုယ် အဒိန္နာဒါနအင်္ဂါတို့ကို ဖေါ်ထုတ်ရေတွက်ပြပါ။

၁၀။ ပိုင်ရှင်ရှိ ဥစ္စာကို ပိုင်ရှင်မဲ့ အထင်နှင့် ယူသူ၊ ပိုင်ရှင်မဲ့ ပစ္စည်းကို ပိုင်ရှင်ရှိအထင်နှင့် ခိုးသူ၊ အကြွမ်းဝင်စိတ်ဖြင့် ယူသူ၊ စိတ်သက်သက်ဖြင့် ခိုးသူတို့ ကံထိုက်-မထိုက် အကြောင်းပြ ဖြေပါ။

၁၁။ အဒိန္နာဒါန၌ လုံ့လ ခြောက်မျိုးနှင့် အပြစ်ကြီးပုံ ငယ်ပုံကို ဖြေဆိုပါ။

၁၂။ မိစ္ဆာဒိဋ္ဌိ, သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်နှစ်ဦးတို့၏ ပစ္စည်းကို ခိုးယူရာ အဘယ်က အပြစ်ကြီးသနည်း ရှင်းပြပါ။

၁၃။ ကာမေသု, မိစ္ဆာစာရ ပုဒ်တို့၏ အနက်နှင့် တရားကိုယ်ကို ပြ၍ အဘယ်ကို ကာမေသုမိစ္ဆာစာရ ဆိုသနည်း။

၁၄။ ယောကျ်ားတို့ မသွားလာကောင်းသော မိန်းမနှစ်ဆယ်၊ တဆယ့်နှစ်ယောက်သော မိန်းမတို့ မသွားလာကောင်းသော ယောကျ်ားများ၊ ကာမေသု မိစ္ဆာစာရမှ လွတ်သော မိန်းမ ရှစ်ယောက်တို့ကို အသီးသီး ရေတွက်ပြခဲ့ပါ။

၁၅။ မိဖ အုပ်ထိန်းသူရှိ အပျို လူပျိုချင်း မေထုန် အမှုကို ပြုရာ ကာမေသု မိစ္ဆာစာရကံ ထိုက်-မထိုက် အကြောင်းပြ၍ ဖြေဆိုလိုက်ပါ၊ ကာမေသု မိစ္ဆာစာရ အင်္ဂါကိုလည်း ဖြေပါ။

၁၆။ မိမိသို့းအပျို နှမအပျိုကို မေထုန် အမှုပြုရာ ကာမေသု မိစ္ဆာစာရကံ ထိုက်-မထိုက် အကြောင်းပြ ဖြေဆိုလိုက်ပါ၊ ကာမေသု မိစ္ဆာစာရ အရာ၌ အပြစ်ကြီးပုံ ငယ်ပုံကိုလည်း ဖြေပါ။

၁၇။ အဘယ်ကို မုသာဝါဒ ဆိုသနည်း၊ ၎င်း၏အနက် တရားကိုယ် အင်္ဂါတို့ကိုလည်း ဖြေဆိုပါ။

၁၈။ ရယ်ရွှင်ဘွယ် မဟုတ်မမှန် လုပ်ကြံပြောရာ မုသာဝါဒ သိက္ခာပုဒ် ပျက်, မပျက် ဖြေပါ။

၁၉။ အဘယ်ကို သုရာမေရယမဇ္ဇပမာဒဋ္ဌာန ဆိုသနည်း၊ ၎င်း၏ တရားကိုယ် အင်္ဂါကိုလည်း ပြေပါ။

၂၀။ သေငါးမျိုး, အရက်ငါးမျိုးကို ရေတွက်ပြ၍ အရက်ကို ဆေးရည် အမှတ်ဖြင့် သောက်ရာ ၎င်းသိက္ခာပုဒ် ပျက်-မပျက် ပြေပါ။

**ပါဏာတိပါတကံ၏ အကျိုး**

"ပါဏာတိပါတော ဘိက္ခဝေ အာသေဝိတော ဘာဝိတော ဗဟုလီကတော နိရယသံဝတ္တနိကော၊ တိရစ္ဆာနယောနိသံဝတ္တ-နိကော၊ ပေတ္တိဝိသယသံဝတ္တနိကော၊ ယော သဗ္ဗလဟုသော ပါဏာတိပါတဿ ဝိပါကော မနုဿဘူတဿ အပ္ပါယုက သံဝတ္တနိကော ဟောတိ။"

(အင်္ဂုတ္တရပါဠိ အင်္ဂုတ္တိုရ်-ဒါနဝဂ်-ဒုစ္စရိတဝိပါကသုတ်)

**အနက်**

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ အာသေဝိတော၊ အမြဲမပြတ် အဖန်ဖန်မှီဝဲ အပ်သော။ ဘာဝိတော၊ ပွားစေအပ်သော။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ ပြုအပ်သော။ ပါဏာတိပါတော၊ သူ၏အသက်ကို လျင်စွာချကြောင်းဖြစ် သော။ ဝါ၊ လွှမ်းမိုး နှိပ်စက်၍ ချကြောင်း ဖြစ်သော အကုသိုလ် စေတနာ သည်။နိရယသံဝတ္တနိကော၊ ချမ်းသာကင်းရာ ငရဲရွာ၌ ဖြစ်စေတတ်၏။တိရစ္ဆာန ယောနိသံဝတ္တနိကော၊ မဂ်ဖိုလ်ဖီလာ တိရစ္ဆာန်ရွာ၌ ဖြစ်စေတတ်၏။ ပေတ္တိဝိသယသံဝတ္တနိကော၊ ဒုက္ခမျိုးစုံ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ ပါဏာတိ ပါတဿ၊ သူ၏အသက်ကို လျင်စွာချကြောင်းဖြစ်သော။ ဝါ၊ လွှမ်းမိုးနှိပ်စက်၍ ချကြောင်းဖြစ်သော အကုသိုလ်စေတနာ၏။ ယော ဝိပါကော၊ အကြင်အကျိုး သည်။ သဗ္ဗလဟုသော၊ အလုံးစုံတို့အောက် ပေါ့၏။ သော ဝိပါကော၊ ထိုအလုံးစုံတို့အောက် ပေါ့သော ပါဏာတိပါတ စေတနာ၏ အကျိုးသည်။ မနုဿဘူတဿ၊ လူဖြစ်၍ ဖြစ်သောသူအား။အပ္ပါယုကသံဝတ္တနိကော၊ အသက် တိုခြင်းကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။

## "သဗ္ဗလဟုသောတိ သဗ္ဗလဟုကော"

(ငှင်း အဋ္ဌကထာ)

"ပါဏာတိပါတကံ၏အကျိုးကား သေသည်၏အခြားမဲ့၌အပါယ်လေးပါး၌ ဖြစ်ရခြင်း၊ အပါယ်မှလွတ်၍ တဖန် လူ့အဖြစ်ကို ရပါသော်လည်း အသက်တို ရခြင်းတို့ပင် ဖြစ်သည်။"

* သူသက်သတ်ငြား၊ ထိုသူအားက၊ သေလားပါယ်ရွာ၊ လူဖြစ်လားလည်း၊
သက်မှာတို၍၊ ပြင်းဆိုးလှ၏။

### သူ့အသက်သတ်သူအား ယခုဘဝတွင် ရနိုင်သောအပြစ်များ

၁။ မင်းပြစ်မင်းဒဏ် ခံရခြင်း။

၂။ ပစ္စည်းဥစ္စာ ဆုတ်ယုတ်ပျက်ပြားခြင်း။

၃။ ဘယ်သူဟာဖြင့် သူ့အသက်တွေ သတ်နေတာဘဲ၊ တံငါသည်ကြီးဘဲ။ နွားသတ်သယ်ကြီးဘဲ၊ မုဆိုးကြီးဘဲ၊ လူသတ်ကောင်ကြီးဘဲ စသည် ဖြင့် မကောင်းသတင်း ပျံ့နှံ့ခြင်း။

၄။ ပရိသတ်သို့ ချဉ်းကပ်ရာ၌ မိမိ၏အသက်သတ်မှုဖြင့် မရဲမဝံ့ကြောက် ရွံ့ခြင်း။

၅။ သူတပါး လုံ့လပယောဂဖြင့် အသက်သေရတတ်ခြင်း။

၆။ အသက်တိုခြင်း။

၇။ တွေတွေဝေဝေ သေရခြင်း စသည်တို့တည်း။

### သူ့အသက်သတ်သူအား တမလွန်တွင် ရနိုင်သောအပြစ်များ

၁။ သေသည်၏ အခြားမဲ့၌ အပါယ်သို့ ကျရောက်ခြင်း။
အပါယ်မှလွတ်၍ တဖန်လူအဖြစ်ကို ရပါသော်လည်း—

၂။ မျက်စိ,နား,နှာ,လက်,ခြေ အင်္ဂါကြီးငယ်တို့ ချို့တဲ့ခြင်း မပြည့်စုံခြင်း။

၃။ အလုံးအရပ်နှင့် မပြည့်စုံခြင်း ပုတိုက်တိုက် ပိန်ညှော်ညှော် ဖြစ်နေခြင်း။
၄။ လျှင်မြန် ဖြတ်လတ်ခြင်း မရှိခြင်း။
၅။ မညီမညွတ်တည်သော ခြေရှိခြင်း။
၆။ မတင့်တယ် မလှပခြင်း။
၇။ မနူးညံ့ မသိမ်မွေ့ခြင်း။
၈။ မစင်ကြယ် မသန့်ရှင်းခြင်း။
၉။ ကြောက်ရွံ့တတ်ခြင်း၊ မရဲရင့်ခြင်း။
၁၀။ ခွန်အား နည်းပါးခြင်း။
၁၁။ စကားပြောရာ၌ မရဲရင့်ခြင်း ကြောက်ရွံ့ခြင်း။
၁၂။ လူအများ မုန်းတီး ရန်လိုခြင်း။
၁၃။ စကားထစ်အ မပီသခြင်း။
၁၄။ ပြိုကွဲပျက်စီးသော ပရိသတ်ရှိခြင်း။
၁၅။ တုန်လှုပ်ခြင်း။
၁၆။ သူတပါးတို့ ဖျက်ဆီးသဖြင့် ပျက်စီးခြင်း။
၁၇။ သူတပါး လုံ့လပယောဂဖြင့် အသက်သေရတတ်ခြင်း။
၁၈။ ပရိသတ် အခြံအရံ နည်းပါးခြင်း။
၁၉။ မကောင်းသော အဆင်းရှိခြင်း။
၂၀။ မကောင်းသော သဏ္ဌာန်ရှိခြင်း။
၂၁။ အနာရောဂါ များခြင်း။
၂၂။ စိုးရိမ်သောက များခြင်း။
၂၃။ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်း။
၂၄။ အသက်တိုခြင်း—
စသည်တို့ပင် ဖြစ်သည်။

## ကျက်မှတ်ရန်

### ပစ္စုပ္ပန်ပြစ်

သူ့သက် သတ်ငြား၊ ထိုသူအားက၊ ဦးဖျား မင်းဒဏ်၊ ရှုံးပြန်ဥစ္စာ၊ ယုတ်မာ သတင်း၊ ကပ်ချဉ်း ရွံ့တတ်၊ အသတ် ခံရ၊ တိုစ္စ အသက်၊ သေလျှင် တွေ့ဝေ၊ အပြစ်တွေ့၊ ရလေ ပစ္စုပ္ပန်။

### တမလွန်ပြစ်

သူ့သက်သတ်ငြား၊ ထိုသူအားက၊ သေလား ပါယ်ရွာ၊ လူဖြစ်လာလည်း၊ အင်္ဂါချို့လတ်၊ လုံ့ရပ်မညီ၊ ကင်းသည်လျှင်မြန်၊ မဟန်ခြေဖြင့်၊ မတင့်တယ်လှ၊ ကင်းပန္နးညှံ့၊ မသန့်မစင်၊ ဘေးလျှင် ကြောက်တက်၊ နည်းလတ် ခွန်းအား၊ စကားမရဲ၊ လူလဲမုန် ကြ၊ ထစ်အ, မပီ၊ ပျက်သည် ခြွေခံ၊ ဖောက်ပြန် တုန်လှုပ်၊ သူလုပ်ပျက်စီး၊ သတ်လည်းခံရ၊ နည်းပေ့ခြွေရံ၊ ဖောက်ပြန် အဆင်း၊ ချွတ်ယွင်း ရုပ်သွင်၊ များလျှင်ရောဂါ၊ ပူဆာသောက၊ ကွဲရချစ်သူ၊ သက်မှုတိုလေ၊ အပြစ်တွေ့၊ ရလေ တမလွန်၊

**အဒိန္နာဒါနကံ၏ အကျိုး**

"အဒိန္နာဒါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကံ၊ တိရစ္ဆာနယောနိသံဝတ္တနိကံ၊ ပေတ္တိဝိသယသံဝတ္တနိကံ၊ ယော သဗ္ဗလဟုသော အဒိန္နာဒါနဿ ဝိပါကော မနုဿဘူတဿ ဘောဂဗျသန သံဝတ္တနိကော ဟောတိ။"

**အနက်**

ဘိက္ခဝေ၊ သံသရာဘေး မြှော်ရှုတွေးငြား အို–ချစ်သားတို့။ အာသေဝိတံ၊ အပြဲပြက် အဖန်ဖန် မှီဝဲအပ်သော။ ဘာဝိတံ၊ ပွားစေအပ်သော။ ဗဟုလီကတံ၊

ကြိမ်ဖန်များစွာ ပြုအပ်သော။ အဒိန္နာဒါနံ၊ ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါး၏ ပစ္စည်းဥစ္စာကို ခိုးယူကြောင်းဖြစ်သော အကုသိုလ်စေတနာသည်။ နိရယသံဝတ္တနိကံ၊ ချမ်းသာကင်းရာ ငရဲရွာ၌ ဖြစ်စေတတ်၏။ တိရစ္ဆာန ယောနိ သံဝတ္တနိကံ၊ မဂ်ဖိုလ်ဖီလာ တိရစ္ဆာန်ရွာ၌ ဖြစ်စေတတ်၏။ ပေတ္တိဝိသယသံဝတ္တနိကံ၊ ဒုက္ခမျိုးစုံ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ အဒိန္နာဒါနဿ၊ ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါး၏ ပစ္စည်းဥစ္စာကို ခိုးယူကြောင်းဖြစ်သော အကုသိုလ်စေတနာ၏။ ယော ဝိပါကော၊ အကြင်အကျိုးသည်။ သဗ္ဗလဟုသော၊ အလုံးစုံတို့အောက်ပေ့၏။ သော ဝိပါကော၊ ထို အလုံးစုံတို့အောက် ပေ့သော* အဒိန္နာဒါန စေတနာ၏ အကျိုးသည်။ မနုဿဘူတဿ၊ လူဖြစ်၍ ဖြစ်သော သူအား။ ဘောဂဗျသန သံဝတ္တနိကော၊ စည်းစိမ်ဥစ္စာ ပျက်စီ ခြင်းကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။

"အဒိန္နာဒါနကံ၏ အကျိုးကား သေသည်၏ အခြားမဲ့ အပါယ်လေးပါး၌ ဖြစ်ရခြင်း၊ အပါယ်မှလွတ်၍ တဖန် လူအဖြစ်ကို ရပါသော်လည်း စည်းစိမ်ဥစ္စာ ပျက်စီးခြင်း ဆင်းရဲ မွဲတေရခြင်းတို့ပင် ဖြစ်သည်။"

* ဥစ္စာခိုးငြား၊ ထိုသူအားကား၊ သေလားပယ်ရွာ၊ လူဖြစ်လာလည်း၊ ဥစ္စာပျက်ရ၊ ဆင်းရဲလှ၏။

### သူ့ဥစ္စာခိုးသူအား ယခုဘဝတွင် ရနိုင်သောအပြစ်များ

၁။ မင်းပြစ်မင်းဒဏ် ခံရခြင်း။

၂။ ပစ္စည်းဥစ္စာ ဆုတ်ယုတ်ပျက်စီးခြင်း။

၃။ ဘယ်သူဟာဖြင့် ခိုးတတ်တယ်၊ သူခိုးဘဲ့ခါးပြဘဲဟု မကောင်းသတင်း ပျံ့နှံ့ခြင်း။

၄။ ပရိသတ်သို့ ချဉ်းကပ်ရာ၌ ထိုခိုးမှုဖြင့် မရဲမဝံ့ ကြောက်ရွံ့ခြင်း။

၅။ တွေတွေဝေဝေ သေရခြင်း စသည်တို့တည်း။

## သူ့ဥစ္စာခိုးသူအား တမလွန်တွင် ရနိုင်သောအပြစ်များ

၁။ သေသည်၏ အခြားမဲ့၌ အပါယ်လေးပါး၌ ဖြစ်ရခြင်း။

အပါယ်မှ လွတ်၍ တဖန် လူ့အဖြစ်ကို ရပါသော်လည်း—

၂။ ဥစ္စာမဲ့မွဲ ဆင်းရဲခြင်း။

၃။ နည်းသော ဥစ္စာစပါး ရှိခြင်း။

၄။ နည်းသော အသုံးအဆောင် ရှိခြင်း။

၅။ ပစ္စည်းဥစ္စာ ဖြစ်ထွန်းမှု နည်းခြင်း။

၆။ ဖြစ်ပေါ်ရရှိပြီး ပစ္စည်းများ ကြာမြင့်စွာ မတည်ခြင်း။

၇။ လိုချင်သော စည်းစိမ်ဥစ္စာတို့ကို ရခဲခြင်း။

၈။ စည်းစိမ်ဥစ္စာတို့ကို ရန်သူမျိုးငါးပါးတို့ ဖျက်ဆီးခြင်း။

၉။ ရန်သူမျိုး ငါးပါးတို့နှင့် ဆက်ဆံသော ပစ္စည်း ဥစ္စာများကိုသာ ရရှိခြင်း။

၁၀။ ယုတ်နိမ့်သူ ဖြစ်ရခြင်း။

၁၁။ မရှိသည်ကိုသာ သိရခြင်း။

၁၂။ ဆင်းရဲစွာ နေရ အသက်မွေးရခြင်း စသည်တို့တည်း။

**ကျက်မှတ်ရန်**

### ပစ္စုပ္ပန်ပြစ်

* ဥစ္စာခိုး ပြား၊ ယိုသူအားက၊ ဦးဖျားမင်းဒဏ်၊ ရှုံ ပြန်ဥစ္စာ၊ ယုတ်မာ သဟင်း၊ ကပ်ချဉ့်အရ၊ သေလဲတွေဝေ၊ အပြစ်တွေ၊ ရလေ ပစ္စုပ္ပန်။

### တမလွန်ပြစ်

* ဥစ္စာ ခိုးပြား၊ တိုသူအားက၊ သေသွားပါယ်ရွာ၊ လူဖြစ်လားလည်း၊ ဥစ္စာမဲ့မွဲ၊ နည်းကျဲစပါး၊ မများဘောဂါ၊ ဥစ္စာဖြစ်နည်း၊ ပစ္စည်းမတည်၊ လိုသည်မရ၊ ဓနပျက်စီး၊ ရန်သည်းဆက်ဆံ၊ အမှန်နိမ့်ဘိ၊ မရှိသိပင်၊ ငြိုငြင်သက်မွေး၊ အပြစ်တေး၊ ရပေး တမလွန်။

**ကာမေသုမိစ္ဆာစာရကံ၏ အကျိုး**

"ကာမေသုမိစ္ဆာစာရော ဘိက္ခဝေ အာသေဝိတော ဘာဝိ- တော ဗဟုလီကတော နိရယသံဝတ္တနိကော၊ တိရစ္ဆာနယောနိ သံဝတ္တနိကော၊ ပေတ္တိဝိသယ သံဝတ္တနိကော၊ ယော သဗ္ဗလဟု- သော ကာမေသု မိစ္ဆာစာရဿ ဝိပါကော မနုဿဘူတဿ သပတ္တဝေရသံဝတ္တနိကော ဟောတိ။

**အနက်**

ဘိက္ခဝေ၊ သံသရာဘေး လာမည့်အရေးကို မြော်တွေးရှုငြား အိုချစ်သား တို့။ အာသေဝိတော၊ အမြဲမပြတ် အဖန်ဖန် မှီဝဲအပ်သော။ ဘာဝိတော၊ ပွားစေ အပ်သော။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ ပြုအပ်သော။ ကာမေသုမိစ္ဆာ- စာရော၊ အာဂမနီယ ဝတ္ထုကာမတို့၌ မှားမှား ယွင်းယွင်း ပြုကျင့်ကြောင်း ဖြစ်သော အကုသိုလ် စေတနာသည်။ နိရယသံဝတ္တနိကော၊ ချမ်းသာကင်းရာ ငရဲရွာ၌ ဖြစ်စေတတ်၏။ တိရစ္ဆာနယောနိ သံဝတ္တနိကော၊ မဂ်ဖိုလ်ဖီလာ တိရစ္ဆာန်ရွာ၌ ဖြစ်စေတတ်၏။ ပေတ္တိဝိသယသံဝတ္တနိကော၊ ဒုက္ခမျိုးစုံ ပြိတ္တာ ဘုံ၌ ဖြစ်စေတတ်၏။ ကာမေသု မိစ္ဆာစာရဿ၊ အာဂမနီယ ဝတ္ထုကာမတို့၌ မှားမှားယွင်းယွင်း ပြုကျင့်ကြောင်း ဖြစ်သော အကုသိုလ် စေတနာ၏။ ယော ဝိပါကော၊ အကြင် အကျိုးသည်။ သဗ္ဗလဟုသော၊ အလုံးစုံတို့အောက် ပေါ့၏။ သော ဝိပါကော၊ ထိုအလုံးစုံတို့အောက် ပေါ့သော ကာမေသု မိစ္ဆာစာရ စေတနာ၏အကျိုးသည်။ မနုဿဘူတဿ၊ လူဖြစ်၍ ဖြစ်သော သူအား။ သပတ္တ ဝေရသံဝတ္တနိကော၊ ရန်သူနှင့် ရန်ငြိုးဖွဲ့ခြင်းကို။ ဝါ-မလိုမုန်းထား ရန်ပွား ခြင်းကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။

"ကာမေသု မိစ္ဆာစာရကံ၏ အကျိုးကား-သေသည်၏ အခြားမဲ့၌ အပါယ် လေးပါး၌ ဖြစ်ရခြင်း. အပါယ်မှလွတ်၍ တဖန် လူအဖြစ်ကို ရပါသော်လည်း မလိုမုန်းထား ရန်ငြိုးများ၍ ရန်ပွားခြင်းတို့ပင် ဖြစ်သည်။"

* မိစ္ဆာကျူးငြား၊ ထိုသူအားက၊ သေလား ပါယ်ရွာ၊ လူဖြစ်လာ လည်း၊ ရန်သာ တိုးပွား၊ မုန်းသူများ၏။

## သူ့မယားကို ကျူးလွန်သူအား ယခုဘဝတွင် ရနိုင်သော အပြစ်များ

၁။ မင်းပြစ် မင်းဒဏ် ခံရခြင်း။

၂။ ပစ္စည်း ဥစ္စာ ဆုတ်ယုတ် ပျက်စီးခြင်း။

၃။ ဘယ်သူဟာဖြင့် သူများမယားကို မှားယွင်း လွန်ကျူးတယ်၊ မုဒိန်းကောင်ကြီးဘဲဟု မကောင်းသတင်း ပျံ့နှံ့ခြင်း။

၄။ ပရိသတ်သို့ ချဉ်းကပ်ရာ ထိုသူ့မယား မှားယွင်းမှု, မုဒိန်းမှုဖြင့် မရဲမဝံ့ ကြောက်ရွံ့ခြင်း။

၅။ ရိုက်နှက်ပုတ်ခတ် အနှိပ်စက် ခံရခြင်း။

၆။ လူမုန်းများခြင်း။

၇။ တွေတွေဝေဝေ သေရခြင်း-စသည် တို့တည်း။

## သူ့မယားကို ကျူးလွန်သူအား တမလွန်တွင် ရနိုင်သော အပြစ်များ

၁။ သေသည်၏အခြားမဲ့၌ အပါယ်လေးပါး၌ ဖြစ်ရခြင်း။
အပါယ်မှလွတ်၍ တဖန် လူ့အဖြစ်ကို ရပါသော်လည်း—

၂။ ရန်သူ များခြင်း။

၃။ လူမုန်း များခြင်း။

၄။ လာဘ်သပ်ပကာ ရှားပါးခြင်း။

၅။ ချမ်းသာစွာ မအိပ်ရခြင်း။

၆။ ချမ်းသာစွာ မနိုးရခြင်း။

၇။ ယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့ ပြောင်းလဲခြင်း။

၈။ ယောကျ်ားလည်းမဟုတ် မိန်းမလည်းမဟုတ် နပုံးပဏ္ဍုတ် ဖြစ်ရခြင်း။

၉။ အမျက်ထွက်တတ်ခြင်း။

၁၀။ ခေါင်းငိုက်စိုက်ကျ မျက်နှာမလှ အရှက်ရခြင်း။

၁၁။ မိမိအိမ်သား အိမ်သူ အချင်းချင်း ချစ်ခင်မှု မရှိခြင်း။

၁၂။ မပြည့်စုံ ချွတ်ယွင်းသော လက္ခဏာရှိခြင်း။

၁၃။ မပြည့်စုံ ချွတ်ယွင်းသော ဣန္ဒြေရှိခြင်း။

၁၄။ ယုံမှားသံသယ များခြင်း။

၁၅။ စိုးရိမ်ကြောင့်ကြမှု များခြင်း။

၁၆။ ဆင်းရဲစွာ နေရခြင်း။

၁၇။ ဘေးများခြင်း။

၁၈။ ချစ်သောသူနှင့် ကွေကွင်းရခြင်း-စသည်တို့တည်း။

**ကျက်မှတ်ရန်**

## ပစ္စုပ္ပန်ပြစ်

* မိစ္ဆာ ယွင်းမှား၊ ထိုသူအားက၊ ဦးဖျား မင်းဒဏ်၊ ရှုံ့ပြန် ဥစ္စာ၊ ယုတ်မာ သတင်း၊ ကပ်ချဉ်း မရဲ၊ ညှဉ်ဆဲ ခံရ၊ မုန်းကြ လူများ၊ သေငြားတွေဝေ၊ အပြစ်တွေ၊ ရလေ ပစ္စုပ္ပန်။

## တမလွန်ပြစ်

* မိစ္ဆာ ယွင်းမှား၊ ထိုသူအားက၊ သေလား ပါယ်ရွာ၊ လူဖြစ်လာလည်း၊ ရန်သာ ပေါက်ဖွား၊ လူမုန်း များ၍၊ ရှားပါး လာဘ၊ အိပ်ရဆင်းရဲ၊ နိုးလဲဒုက္ခ၊ မိန်းမဖြစ်အံ့၊ နပုံးရန်ခါ၊ ကြီးစွာဒေါသ၊ မလှမျက်နှာ၊ အိမ်မှာ ချစ်ပျက်၊ ယွင်းကွက်ဣန္ဒြေ၊ ယွင်းသွေလက္ခဏာ၊ များစွာယုံမှား၊ များပြားကြောင့်ကြ၊ နေရ ဆင်းရဲ၊ ဘေးလဲ များစွာ၊ ကွဲကွာ ချစ်သူ၊ အပြစ်ဟူ၊ ရမူ တမလွန်။

**မုသာဝါဒကံ၏ အကျိုး**

"မုသာဝါဒေါ ဘိက္ခဝေ အာသေဝိတော ဘာဝိတော ဗဟုလီကတော နိရယသံဝတ္တနိကော၊ တိရစ္ဆာနယောနိသံဝတ္တ-

နိကော၊ ပေတ္တိဝိသယသံဝတ္တနိကော၊ ယော သဗ္ဗလဟုသော မုသာဝါဒဿ ဝိပါကော မနုဿဘူတဿ အဘူတဗ္ဘက္ခာန- သံဝတ္တနိကော ဟောတိ။”

**အနက်**

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မြော်တွေးရှုငြား အို–ချစ်သားတို့။ အာသေဝိတော၊ အမြဲ–ပြုတ် အဖန်ဖန် မှီဝဲအပ်သော။ ဘာဝိတော၊ ပွားစေ အပ်သော။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ ပြုအပ်သော။ မုသာဝါဒေါ၊ မဟုတ်မမှန်သောဝတ္ထုကိုအဟုတ်အမှန်ပြု၍ပြောဆိုကြောင်းဖြစ်သောအကုသိုလ် စေတနာသည်။ နိရယသံဝတ္တနိကော၊ ချမ်းသာကင်းရာ ငရဲ၌ ဖြစ်စေတတ်၏။ တိရစ္ဆာနယောနိသံဝတ္တနိကော၊ မဂ်ဖိုလ်ဖီလာ တိရစ္ဆာန်ရွာ၌ ဖြစ်စေတတ်၏။ ပေတ္တိဝိသယသံဝတ္တနိကော၊ ဒုက္ခမျိုးစုံ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ မုသာဝါ- ဒဿ၊ မဟုတ်မမှန်သောဝတ္ထုကို အဟုတ်အမှန်ပြု၍ ပြောဆိုကြောင်းဖြစ်သော အကုသိုလ်စေတနာ၏။ ယော ဝိပါကော၊ အကြင်အကျိုးသည်။ သဗ္ဗလဟုသော၊ အလုံးစုံတို့အောက်ပေါ့၏။ သော ဝိပါကော၊ ထိုအလုံးစုံတို့အောက် ပေါ့သော မုသာဝါဒ စေတနာ၏အကျိုးသည်။ မနုဿဘူတဿ၊ လူဖြစ်၍ ဖြစ်သောသူ အား။ အဘူတဗ္ဘက္ခာနသံဝတ္တနိကော၊ မဟုတ်မတရား ပြောကြား စွပ်စွဲခံရ ခြင်းကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။

“မုသာဝါဒကံ၏ အကျိုးကား သေသည်၏ အခြားမဲ့၌ အပါယ်လေးပါး၌ ဖြစ်ရခြင်း၊ အပါယ်မှလွတ်၍ တဖန် လူအဖြစ်ကို ရပါသော်လည်း မဟုတ် မတရား သူတပါးတို့၏ အစွပ်အစွဲ ခံရခြင်းတို့ပင် ဖြစ်သည်။”

* မုသားဆိုငြား၊ ထိုသူအားက၊ သေလားပါယ်ရွာ၊ လူဖြစ်လာလည်း၊ လိမ်ညာမှားလွှဲ၊ သူစွပ်စွဲ၏။

### လိမ်လည်ပြောကြား မုသားဆိုသူအား ယခုဘဝတွင် ရနိုင်သော အပြစ်များ

၁။ မင်းပြစ်မင်းဒဏ် ခံရခြင်း။

၂။ ပစ္စည်းဥစ္စာ ဆုတ်ယုတ်ပျက်စီးခြင်း။

၃။ ဘယ်သူဟာဖြင့် လူလိမ် လူညာကြီးဘဲ၊ မုသားဆိုတယ်၊ စကားမတည်ဘူးဟု မကောင်းသတင်း ပျံ့နှံ့ခြင်း။

၄။ ပရိသတ်သို့ ချဉ်းကပ်ရာ၌ ထိုလိမ်ညာမှုဖြင့် မရဲမဝံ့ ကြောက်ရွံ့ခြင်း။

၅။ ပုတ်ခတ်ရိုက်နှက် သူတပါး အနှိပ်စက် ခံရခြင်း။

၆။ မိမိစကားကို လူအများက မယုံကြည်ခြင်း။

၇။ တွေတွေဝေဝေ သေရခြင်း စသည်တို့တည်း။

**လိမ်ညာပြောကြား မုသားဆိုသူအား တမလွန်တွင် ရနိုင်သော အပြစ်များ**

၁။ သေသည်အခြားမဲ့၌ အပါယ်လေးပါး၌ ဖြစ်ရခြင်း။

အပါယ်မှလွတ်၍ တဖန် လူ့အဖြစ်ကို ရပါသော်လည်း—

၂။ မကြည်လင်သော ဣန္ဒြေရှိခြင်း။

၃။ မသန့်ရှင်း မချိုမြိန် မပြီသသော စကားရှိခြင်း။

၄။ မညီမညွတ် ခေါသော ကျဲသော သွားရှိခြင်း။

၅။ ဝလွန်းခြင်း။

၆။ ပိန်လွန်းခြင်း။

၇။ ပုလွန်းခြင်း။

၈။ ရှည်လွန်းခြင်း။

၉။ ဆင်းရဲသော အတွေ့ရှိခြင်း။

၁၀။ ခံတွင်း ပုပ်ခြင်း။

၁၁။ အခြံအရံ အလုပ်အကျွေးများ မိမိစကားကို နားမထောင် အာဏာမရှိခြင်း။

၁၂။ နာယူဘွယ် စကားမရှိခြင်း။

၁၃။ နှုတ်လျှာ ကြမ်းတန်းခြင်း။

၁၄။ ပျံ့လွင့်သော စိတ်ရှိခြင်း။

၁၅။ လျှပ်ပေါ် လော်လည်ခြင်း စသည်တို့တည်း။

## ကျက်မှတ်ရန်

### ပစ္စုပ္ပန်ဖြစ်

* မှုသားဆိုကြွား၊ ထိုသူအားက၊ ဦးဖျားမင်ဒဏ်၊ ရှုံးပြန်ဥစ္စာ၊ ယုတ်မဒ သတင်း၊ ကပ်ချဉ်း မရဲ၊ ညှဉ်းဆဲမှုကြီ၊ မယုံ စကား၊ သေကြွား တွေဝေ၊ အပြစ်တွေ၊ ရလေ ပစ္စုပ္ပန်။

### တမလွန်ဖြစ်

* မုသား ဆိုကြွား၊ ထိုသူအားက၊ သေလား ပါယ်မြေ၊ လူဖြစ်လေ လည်း၊ ရုန္နြေမကြည်၊ မပီစကား၊ သွားမညီကျဲ၊ ဝလဲ လွန်စွာ၊ ဗိန်ခါ သည်းထန်၊ ပုပြန်လွန် ည်၊ ရပ်ရှည်လွန်ဘဲ၊ ဆင်းရဲအတွေ့၊ ပုပ်လှေ့ခံတွင်း၊ မွဲခြင်း အာဏာ၊ ညံ့စွာ အသံ၊ ကြမ်းတန်းနှုတ် လျှာ၊ စိပ် မှာမတည်၊ လော်လည်လှလေ၊ အပြစ်တွေ၊ ရလေ တမလွန်။

### သုရာမေရယပါနကံ၏ အကျိုး

"သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီ-ကတံ နိရယသံဝတ္တနိကံ၊ တိရစ္ဆာနယောနိ သံဝတ္တနိကံ၊ ပေတ္တိ-ဝိသယသံဝတ္တနိကံ၊ ယော သဗ္ဗလဟုသော သုရာမေရယပါနဿ ဝိပါကော မနုဿဘူတဿ ဥမ္မတ္တကသံဝတ္တနိကော ဟောတိ။"

### အနက်

ဘိက္ခဝေ၊ သံသရာဘေး လာမည့်အရေးကို မြော်တွေးရှုကြွား အို ချစ်သားတို့။ အာသေဝိတံ၊ အမြဲမပြတ် အဖန်ဖန် မှီဝဲအပ်သော။ ဘာဝိတံ၊ ပွားစေအပ်သော။ ဗဟုလီကတံ၊ ကြိမ်ဖန်များစွာ ပြုအပ်သော။ သုရာမေရယပါနံ၊ မူးယစ်မေ့လျော့ခြင်းကို ဖြစ်စေတတ်သော သေရည် သေရက်တို့ကို သောက်မျိုကြောင်းဖြစ်သော အကုသိုလ် စေတနာသည်။ နိရယသံဝတ္တနိကံ၊ ချမ်းသာ

သုမင်္ဂလဝတီ (က) ၁၀၄-၂၀

ကင်းရာ ငရဲ၌သာ ဖြစ်စေတတ်၏။ တိရစ္ဆာနယောနိ သံဝတ္တနိကံ၊ မဂ်ဖိုလ်ဖိလာ တိရစ္ဆာန်ရွာ၌ ဖြစ်စေတတ်၏။ ပေတ္တိဝိသယသံဝတ္တနိကံ၊ ဒုက္ခမျိုးစုံ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ သုရာမေရယပါနဿ၊ မူးယစ် မေ့လျော့ခြင်းကို ဖြစ်စေတတ်သော သေရည် သေရက်တို့ကို သောက်မျိုကြောင်း ဖြစ်သော အကုသိုလ်စေတနာ၏။ ယော ဝိပါကော၊ အကြင်အကျိုးသည်။ သဗ္ဗလဟုသော၊ အလုံးစုံတို့အောက် ပေါ့၏။ သော ဝိပါကော၊ ထိုအလုံးစုံတို့အောက်ပေါ့သော သုရာမေရယပါန စေတနာ၏ အကျိုးသည်။ မနုဿဘူတဿ၊ လူဖြစ်၍ ဖြစ်သော သူအား။ ဥမ္မတ္တကသံဝတ္တနိကော၊ ရူးနှမ်းခြင်းကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။

'သုရာမေရယပါနကံ၏ အကျိုးကား–သေသည်၏ အခြားမဲ့၌ အပါယ်လေးပါး၌ ဖြစ်ရခြင်း၊ အပါယ်မှလွတ်၍ တဖန် လူအဖြစ်ကို ရပါသော်လည်း အရူးအနှမ်း ဖြစ်ရခြင်းတို့ပင် ဖြစ်သည်။

* အရက်သောက်ခြင်း၊ ထိုသူအားက၊ သေလား ပါယ်ရွာ၊ လူဖြစ်လာလည်း၊ စိတ်မှာမေ့မူး၊ ပျံ့လွင့်ရူး၏။

## အရက်သောက် ဘိန်းစား သူအား ယခုဘဝတွင် ရနိုင်သော အပြစ်များ

၁။ မင်းပြစ်မင်းဒဏ် ခံရခြင်း၊

၂။ ပစ္စည်းဥစ္စာ ဆုတ်ယုတ် ပျက်စီးခြင်း။

၃။ ဘယ်သူဟာဖြင့် အရက်သမားကြီးဘဲ၊ ဘိန်းစားကြီးဘဲဟု မကောင်းသတင်း ပျံ့နှံ့ခြင်း။

၄။ ပရိသတ်သို့ ချဉ်းကပ်ရာ၌ အရက်ထန်းရည်ခါး ဘိန်းမှုတွေဖြင့် မရဲမဝံ့ ကြောက်ရွံ့ခြင်း။

၅။ သူတပါးတို့၏ ပုတ်ခတ်ရိုက်နှက် အနှိပ်စက်ခံရခြင်း။

၆။ တွေတွေဝေဝေ သေရခြင်း စသည်တို့တည်း။

(ဤကား- အခြား ပါဠိအဋ္ဌကထာ လာတည်း။)

"ပါထေယျ-သိင်္ဂါလသုတ် ပါဠိအဋ္ဌကထာ၌ကား အရက်၏ ပစ္စုပ္ပန်အပြစ် ခြောက်ပါးကို ဟောကြားဖွင့်ဆိုခဲ့သည်မှာ"—

၁။ ဓနဇာနိ၊ ပစ္စည်းဥစ္စာ ဆုတ်ယုတ်ခြင်း။

၂။ ကလဟပ္ပဝဍ္ဍနီ၊ ငြင်းခုံခိုက်ရန်ဖြစ်ပွား ရန်များခြင်း။

၃။ ရောဂါနံ အာယတနံ၊ အနာရောဂါ ဖြစ်ပွားခြင်း၌ အကြောင်း ဖြစ်ခြင်း။

၄။ အကိတ္တိသဉ္ဇနနီ၊ အရှိန်အစော်မဲ့ခြင်း။

၅။ ကောပီနနိဒံသနီ၊ အရှက်အကြောက် လွတ်ကင်းခြင်း။

၆။ ပညာယ ဒုဗ္ဗလီကရဏီ၊ ဉာဏ်ထိုင်းခြင်း။

* ဥစ္စာပျက်ပြား၊ ရန်ပွား ခါခါ၊
ရောဂါပွားများ၊ ကျော်ကြားမဲ့ကာ၊
ရှက်ကြောက်လွတ်ကင်း၊ နုံ့ဖျင်းပညာ၊
ပြစ်ခြောက်ပါး၊ သောက်စားသူ၌လာ။

အရက် သေစာ သောက်စားသူအား ယခုဘဝမှာပင် အပြစ်ခြောက်ပါး လက်ငင်းရလေသည်။

၁။ 'ဓနဇာနိ' အရက်မူးပြီး မေ့လျော့ကာ အလုပ်ကိစ္စတွေ မှန်ကန်စွာ မဆောင်ရွက်နိုင်ခြင်းကြောင့် ပစ္စည်းဥစ္စာ ဆုတ်ယုတ်လျော့ပါးလေသည်၊ မူးမူးရူးရူးနှင့် တွေ့ရာထိုးအိပ်ရာ ကိုယ်တွင်ပါသည့် ပစ္စည်းဥစ္စာကို လူခိုးခံရခြင်း၊ မေ့လျော့ကျကျန်ရစ်ခြင်းတို့ကြောင့်လည်း ပစ္စည်းဥစ္စာ ဆုတ်ယုတ်ပျက်ပြား လျော့ပါးရလေသည်၊ အရက်မူးပြီး ရာဇဝတ်ဖြစ်မှုပေါင်းတွေ့ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့မယားကို မှားယွင်းခြင်း၊ လိမ်ညာခြင်းအမှုတို့ကို ပြုခြင်းကြောင့်လည်း တရားစွဲ

ခံရ,ငွေဒဏ်အရိုက်ခံရ,မင်းပြစ်မင်းဒဏ်များ ကြုံရကာ ငွေကုန်ကြေးကျ များပြီး ပစ္စည်းဥစ္စာ ဆုတ်ယုတ်ပျက်ပြားပြီး လျော့ပါးရလေသည်။

၂။ 'ကလဟပ္ပဝဓနိ' အရက်သောက်ပြီး မူးယစ်ရမ်းကားကာ သူတပါးကို အမျိုးမျိုးအဖုံဖုံ ဆဲရေးခြင်း, ငြင်းခုံခိုက်ရန်ဖြစ်ခြင်း,လက်ဖြင့်ပုတ်ခတ်ခြင်း, ဒုတ်ဖြင့်ရိုက်ခြင်း, ဓားနှင့်ခုတ်ခြင်း, သေနတ်နှင့်ပစ်ခြင်း စသည်တို့ကြောင့် ခိုက်ရန်ဖြစ်ပွား ရန်များရလေသည်။

၃။ 'ရောဂါနံ အာယတနံ' အရက်သောက်သောသူအား အရက်၏ ပူပြင်းမူးခါး စွမ်းပကားကြောင့် မျက်စိရောဂါ အသဲနှလုံး အဆုတ်အစာအိမ် အူသိမ် အူမတို့ ဖောက်ပြန်ကာ ရောဂါပွားများပြီး အသက်တိုရခြင်း ဖြစ်ရလေသည်။

၄။ 'အကိတ္တိသဥ္စနနီ' အရက်သောက်ပြီး မူးမူး ရူးရူးနှင့် အမေကိုလည်း ပြန်ဆဲလိုဆဲ, ရိုက်လိုရိုက်၊ အဖေကိုလည်း ပြန်ဆဲလိုဆဲ, ရိုက်လိုရိုက်၊ သားသမီး ညီအကို ဆွေမျိုးသားချင်းတွေကိုလည်း ဆဲလိုဆဲ, ရိုက်လိုရိုက်၊ မပြောသင့်သော စကားကိုလည်း ပြောလိုပြော၊ မလုပ်သင့်သည်ကိုလည်း လုပ်လိုလုပ်၊ ဘုရားနှင့် တပည့်ရဟန်း သာမဏေများကိုလည်း ဆဲဆိုငေါက်ငန်း မဖွယ်မရာ ပြောကြားရိုက်ပုတ်ခြင်း စသောအားဖြင့် အမျိုးမျိုးအန္တရာယ် ပေးတတ်ခြင်းကြောင့် ဒီအရက်သမား အမေမှန်း မသိ၊ အဖေမှန်း မသိ၊ ညီအကို မောင်နှမ ဆွေမျိုးသားခြင်းမှန်း မသိ၊ မူးမူးရူးရူးနှင့် ထင်ရာလျှောက်ရမ်း တဇောက်ကန်း လုပ်တတ်တယ်၊ ဒီအရက်သမား စကားမမှန်ဘူး၊ အရက်သမား ဘယ်ကောင်းစားမလဲ၊ ဤသို့ စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ ကဲ့ရဲ့နည်းမျိုးစုံဖြင့် ကဲ့ရဲ့ခံရလေသည်။

အရက်မူးပြီး လူကို သတ်ခြင်း, သူတပါးပိုင် ကျွဲ, နွား, ကြက်, ဝက်, ကျေးငှက် တိရစ္ဆာန်များကို သတ်ခြင်း, သူတပါး ပစ္စည်းကို ခိုးယူခြင်း, သူတပါး မယား သမီးပျိုများကို သွားသာလွန်ကျူး

ခြင်း,မဟုတ်မမှန် လိမ်ညာပြောကြား မုသားဆိုခြင်းတို့ကြောင့်လည်း လက်သီးနှင့် အထိုးခံရ၊ ခြေထောက်နှင့် အကန်ခံရ၊ ဒုတ်နှင့် အရိုက်ခံရ၊ ဓားနှင့် အခုတ်ခံရ၊ အခြား တစုံတရာ လက်နက်များဖြင့် ပစ်ခတ် သတ်ပုတ် ညှဉ်းဆဲခံရ၊ တရားစွဲခံရ ငွေဒဏ်အရိုက်ခံရ၊ ကြိမ်ဒဏ်အရိုက် ခံရ၊ ထောင်ကျ သေဒဏ် အပေးခံရခြင်း တို့ဖြင့် မကောင်းသတင်း ကျော်စောခြင်း အရှိန်အစော်မဲ့ခြင်းတို့ ဖြစ်ရလေသည်။

၅။ 'ကောပိနနိဒံသနီ' အရက်သောက်သူမှာ အရက်မူးပြီး ပုဆိုးကိုယ်မှာ မကပ်၊ ကပ်သော်လည်း အင်္ဂါကြီးငယ် မလုံတလုံနှင့် မမြင်ဖွယ်ရာ ထင်စွာပြလျက် မမှန်ခြေလှမ်း ယိုင်ထိုးထိုးလှမ်းကာ ဘရမ်းဘတာ သွားလာလှည့်လည် တထွီထွီနှင့် မသဒ်ိစရာ အရှက်အကြောက် ကင်းကွာလေတော့သည်။

၆။ 'ပညာယဒုဗ္ဗလီကရဏီ' အရက်မူးနေသူအား ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိသည်၏အဖြစ်ကိုသာ သိသော ကမ္မဿကတာ ဉာဏ်သည် အားနည်း ခေါင်းပါးလေသည်၊ အရာရာကို မှန်စွာသိတတ် အမြတ်ဟူရာ လောကီ ပညာတို့သည် ဆုတ်ယုတ်ပျက်ပြား အားနည်း ခေါင်းပါးလေသည်၊ မူးနေခိုက်၌ အရာရာကို မှန်စွာသိတတ် ပစ္စုပ္ပန် တမလွန် အကျိုး စီးပွားကို ရယူတတ်တဲ့ လောကီပညာ ကိုယ်မှာဖြစ်ဘို့ရာ မဆိုထားနှင့် ခါးဝတ်လုံချည်မျှလည်း ကျွတ်လိုကျွတ်မှန်း မသိ၊ အရူးအနှမ်း အသွင် ဆောင်လျက် ရှိလေသည်၊ အရက်သည် ဉာဏ်ထိုင်းခြင်းကို ဖြစ်စေ တတ်သည်။

## အရက်သေစာ သောက်စားသူအား တမလွန်တွင် ရနိုင်သော အပြစ်များ

၁။ သေသည်၏အခြားမဲ့၌ အပါယ်လေးပါး၌ ဖြစ်ရခြင်း။
အပါယ်မှလွတ်၍ တဖန် လူအဖြစ်ကို ရပါသော်လည်း –

၂။ ကာလသုံးပါး၌ ပြုဘွယ်ကိစ္စများကို မသိခြင်း။

၃။ ပြုဘွယ်ကိစ္စ၌ သတိမေ့လျော့တတ်ခြင်း။

၄။ အရှုးအနှမ်း ဖြစ်ရခြင်း။

၅။ ဉာဏ်မရှိခြင်း။

၆။ ပျင်းရိခြင်း။

၇။ မိုက်မဲခြင်း။

၈။ အမြုပ်ထွက် အရည်ယိုခံတွင်းဖြင့် အအ,အထစ် ဖြစ်ရခြင်း။

၉။ သမာဓိ မရှိခြင်း။

၁၀။ ကုသိုလ်ဓမ္မ၌ မေ့လျော့တတ်ခြင်း။

၁၁။ တွေဝေတတ်ခြင်း။

၁၂။ တုန်လှုပ်တတ်ခြင်း။

၁၃။ ချုတ်ချယ်ခံရခြင်း။

၁၄။ ကြောက်လန့်တကြား ယုံမှားခြင်း။

၁၅။ စကားမမှန်ခြင်း၊ (မှန်သော သစ္စာစကား မရှိခြင်း)။

၁၆။ ဂုံးတိုက်ကြမ်းကြုတ် ကျိုးယုတ်စကား ပြောကြားတတ်ခြင်း။

၁၇။ နေ့ရောညဉ့်ပါ ပျင်းရိလှ၍ လျင်မြန်ပေါပါးမှု မရှိခြင်း။

၁၈။ သူ့ကျေးဇူးကို မသိတတ် မဆပ်တတ် ကျေးဇူးကန်း ကျေးဇူးကို ချေဖျက်တတ်ခြင်း။

၁၉။ ဝန်တိုတတ်ခြင်း။

၂၀။ စွန့်ကျဲပေးကမ်းလေ့ မရှိခြင်း။

၂၁။ သီလ မရှိခြင်း။

၂၂။ မဖြောင့်မတ် ကောက်ကျစ်စဉ်းလဲ တတ်ခြင်း။

၂၃။ အမျက်ထွက်တတ်ခြင်း။

၂၄။ အရှက်အကြောက် ကင်းခြင်း။

၂၅။ အယူမဖြောင့်ခြင်း။

၂၆။ ဉာဏ်ထိုင်း၍ ပညာမတတ်ခြင်း။

၂၇။ အကျိုးစီးပွား၌ မလိမ်မာခြင်း စသည်တို့တည်း။

**ကျက်မှတ်ရန်**

## ပစ္စုပ္ပန်ပြစ်

* အရက်သောက်ငြား၊ ထိုသူအားက၊ ဉီးချွားမင်းဒဏ်၊ ရှုံးပြန်ဥစ္စာ၊ ယုတ်မာ သတင်း၊ ကပ်ချဉ်းမရဲ၊ ညှုိးဆဲခံရ၊ သေကတွေ့ဝေ၊ အပြစ်တွေ့၊ ရလေ ပစ္စုပ္ပန်။

## တမလွန်ပြစ်

* အရက်သောက်စား၊ ထိုသူအားက၊ သေလားပါယ်ရွာ၊ လူ့ဘဝလာ လည်း၊ သုံးဖြာကာလ၊ ကိစ္စမသိ၊ သတိမေ့မူး၊ အရူးဖြစ်ရ၊ ထိုးလှည်းဘော်မှာ၊ လွန်စွာပျင်းရိ၊ မသိမိုက်မဲ၊ ယိုမြဲခံတွင်း၊ ကင်းသမာဓိ၊ မေ့ဘိကုသိုလ်၊ ပိုမိုတွေဝေ၊ စိတ်နေတုန်လှုပ်၊ အချုတ်ချယ်ခံ၊ ဖန်ဖန်ယုံမှား၊ စကားမမှန်၊ ပြောပြန် ကျိုးမဲ့၊ ကင်းတဲ့ဖြတ်လတ်၊ မဆပ်ကျေးဇူး၊ အထူးဝန်တို၊ မလို စာဂ၊ သီလ မရှိ၊ ကင်းဘိ ဖြောင့်မတ်၊ ထွက်တတ် အမျက်၊ အရှက် ကင်းပျောက်၊ အကြောက်ကင်းသူ၊ အယူ ကောက်လတ်၊ မတတ် ပညာ၊ မလိမ္မာလေ၊ ဤပြစ်တွေ့၊ ရလေ တမလွန်။

## ပါဏာတိပါတကံ၏ အကျိုးပြ
## နွားသတ် ယောကျ်ား ဝတ္ထု
(ဓမ္မပဒမလင်္ကမှ)

**အမဲမပါက ထမင်းမစား**

ဘုရားလက်ထက်တော် အခါက သာဝတ္ထိပြည်မှာ နွားသတ်ယောကျ်ား တယောက်သည် နွားတို့ကို သတ်၍ နွားသားအမဲကို ကိုယ်တိုင်လည်း ချက်ပြုတ် ဖုတ်ကင်၍ စား၏၊ တပါးသူတို့အားလည်း အဘိုးငွေဖြင့် ရောင်းလျက် အသက် မွေးမှုကို ပြုသတတ်၊ ထိုနွားသတ်ယောကျ်ားသည် ငါးဆယ့်ငါးနှစ်တို့ပတ်လုံး နွားသတ်လုပ်ငန်းဖြင့် အသက်မွေးမြူကာ မြတ်စွာဘုရား သိတင်းသုံးတော်မူရာ

ဇေတဝန်ကျောင်းတော်ကြီး၏ အနီးမှာ နေပါသော်လည်း တနေ့ တရက်မျှ လည်း မြတ်ဘုရားအား တဇွန်း တယောင်းမ မျှလောက်သော ယာဂုဆွမ်းကို မပေးလှူဘူးလေ၊ ထိုနွားသတ်ယောကျ်ားကား ထမင်းပွဲမှာ နွားသား အမဲ မပါလျှင် ထမင်းမစားနိုင် ဟူ၏။

**ဧည့်သည်လာလို့ အမဲသား အကြွေး ရောင်းပါ**

အခါတပါး နွားသတ်ယောကျ်ားသည် မိမိစားဘို့ရန် အမဲတတုံးမျှသာ ချန်၍ ကျန်သမျှ နွားသားအမဲကို အကုန်ရောင်းပြီး မိမိစားဘို့ နွားသားအမဲကို ချက်ပြုတ်ရန် မယားအား ပေးပြီး ရေချိုးရန် အိမ်မှထွက်သွားသတဲ့၊ ထိုအခိုက်တွင် နွားသတ်ယောကျ်ား၏ မိတ်ဆွေတယောက် အိမ်သို့ ရောက်လာပြီး 'အိမ်မှာ ဧည့်သည် ရောက်နေလို့ အမဲသား အကြွေးရောင်းပါရန် ဆိုလာ၏၊ ထိုအခါ နွားသတ် ယောကျ်ား၏ မယားက အိမ်မှာရောင်းဘို့ရန် အမဲသား မရှိတော့ပါ၊ ရှင့်သူငယ်ချင်း စားဘို့ အမဲကို ချန်၍ အမဲအားလုံးကို ရောင်းပြီး ရေချိုး ထွက်သွားပါတယ်ဟု ပြောကြား၏။

**မရောင်းလို့ အတင်းယူသွား**

သူငယ်ချင်းယောကျ်ားက 'အိမ်ရှင်မ....ငြင်းဆန်ပြီး မနေပါနှင့်၊ အိမ်မှာ ဧည့်သည်ရောက်နေလို့ ရှိတဲ့ အမဲကိုဘဲ ပေးလိုက်ပါ၊ အိမ်ရှင်မလည်း 'အိုရှင့်, မပေးနိုင်ပါ၊ ရှင့်သူငယ်ချင်းဘို့ ထားတဲ့ အမဲမှတပါး အိမ်မှာ အမဲမရှိတော့ပါ'ဟု ငြင်းဆို၏၊ သူငယ်ချင်းယောကျ်ားလည်း ငါ့သူငယ်ချင်းဘို့ထားတဲ့ အမဲမှ တပါး အခြားအမဲသား အိမ်မှာ မရှိတော့လျှင် ငါ့သူငယ်ချင်းလည်း ထမင်း ပွဲမှာ နွားသားအမဲမပါလျှင် ထမင်းမစားနိုင်သူ ဖြစ်၏၊ ဤအမဲသားကို ငါ့အား ပေးလိမ့်မည် မဟုတ်ဆို၍ အမဲသားကို ကိုယ်တိုင် ဆွဲယူ၍ သွား၏။

**အမဲဟင်းလျာ ဘယ်မှာလဲ**

နွားသတ်ယောကျ်ားလည်း ရေချိုးပြီး၍ အိမ်သို့ပြန်လာရာ မယားလည်း ထမင်းခူးပြီး ရှိတဲ့ ဟင်းရွက်ဟင်းနှင့် လင်ယောကျ်ားထံသို့ ပို့၏၊ ထိုအခါ

နွားသတ်ယောကျ်ားက "အမဲဟင်းလျာ မပါ, ပါလား၊ ဘယ်မှာလဲ၊ အရှင့်သား....မရှိပါ၊အိမ်ရှင်မ....သင့်ကို ချက်ဘို့အမဲတတုံး ငါပေးခဲ့တယ် မဟုတ်လား၊ အရှင့်သား....ဟုတ်ပါ၏၊ အဲဒီ အမဲသား ရှင့်သူငယ်ချင်းတယောက် လာပြီး အိမ်မှာ ဧည့်သည်ရောက်နေလို့ ရှိတဲ့အမဲ ရောင်းပါရန် ဆိုလာပါသည်၊ ကျမက ရှင့်သူငယ်ချင်း စားဘို့အမဲမှတပါး အခြားရောင်းရန် အမဲမရှိတော့ပါ၊ရှင့်သူငယ်ချင်းကလဲ ထမင်းပွဲမှာ နွားသား အမဲမပါလျှင် ထမင်းမစားနိုင်သူ ဖြစ်ပါတယ်ဟု ပြောကြားပါသော်လည်း အနိုင်အထက်မူ၍ ကိုယ်တိုင်ပင် ယူသွားပါတယ်။

## နွားသတ်ယောကျ်ား အဝီစိငရဲကျ

အိမ်ရှင်မ....ထမင်းပွဲမှာ နွားသားအမဲ မပါလျှင် ငါထမင်းမစားနိုင်ဘူး၊ အမဲသားကို ရအောင် ယူပေးရမယ်၊ အရှင်သား....မတတ်နိုင်တော့ပါ၊ အိမ်မှာရှိတဲ့ ဟင်းရွက်ဟင်းနှင့်ဘဲ စားပါ၊ အိမ်ရှင်မ....ထမင်းပွဲမှာ နွားသား အမဲမပါလျှင် ငါထမင်းမစားနိုင်ဘူး၊ ဒီထမင်းပွဲကို ပြန်ယူသွားဟု ပြောကြားပြီး ဓားကိုယူကာ အိမ်နောက်ဖေးမှာ ချီထားတဲ့ နွားရှိရာသို့ သွား၍ နွား၏ ခံတွင်းသို့ လက်ကို သွင်းပြီး လျှာကို ဆွဲထုတ်ကာ အရင်းမှ ဖြတ်ယူပြီး မီးကျီးထက်၌ ဖုတ်ကင်၍ ထမင်းထိပ်၌ထားကာ ထမင်းတလုပ်ကို စား၍ အမဲတတစ်ကို ခံတွင်း၌ ဝါး၏၊ ထိုခဏမှာပင် နွားသတ်ယောကျ်ား၏ လျှာသည် ပြတ်၍ ထမင်းခွက်၌ ကျ၏၊ ထိုနွားသတ်ယောကျ်ားအား မိမိပြုသော အကုသိုလ်ကံနှင့်တူသော မကောင်းကျိုးကို လက်ငင်းပင် ရ၏၊ နွားသတ်ယောကျ်ားလည်း ခံတွင်းမှ သွေးတွေယိုစီးထွက်ကျလာပြီး အိမ်တွင်းသို့ဝင်၍ လေးဘက်ထောက် လှည့်လည်ဝါ နွားကဲ့သို့ အော်မြည်လျက် သေလွန်ပြီးလျှင် အဝီစိငရဲကြီး၌ ကျလေ၏။

**မှတ်ရန်။** ။ဤ၌ ပါဏာတိပါတကံ၏ အကျိုးပြ နွားသတ် ယောကျ်ား၏ ဝတ္ထု သက်သက်မျှသာ၊ ၎င်း၏ သား မြေးတို့ တွဲဘက်ဝတ္ထု ဇာတ်လမ်း ကုသိုလ်ရေး စခန်းများကို ၎င်း၌ပင် ရှုပါလေ။

## ပါဏာတိပါတကံ၏ အကျိုးပြ

## ဆိတ်ကုလား(သိုး)သတ် ပုဏ္ဏား ဝတ္ထု

(ကေကနိပါတ် မတကဘတ္တဇာတ်မှ)

**သတ်ရန်ရာထား ဆိတ်ကုလား**

လွန်လေပြီးသော အတိတ်ခေတ်က ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုတော်မူစဉ် ဗေဒင်သုံးပုံတို့၌ ကမ်းတဘက်ရောက် တတ်မြောက်သော ဒိသာပါမောက္ခ ဆရာပုဏ္ဏားသည် ရှိသတတ်၊ ထိုပုဏ္ဏားသည် မတကဘတ်ကို ပေးလှူမည်ဟု ဆိတ်ကုလား (သိုး) တကောင်ကို ယူစေ၍ အနီးနေ တပည့်တို့ကို 'တပည့်တို့....ဤဆိတ်ကုလား (သိုး) ကို မြစ်ဆိတ်သို့ ယူဆောင်ပြီး ရေချိုးပေးရမည်၊ ရေချိုးပြီးလျှင် လည်ပင်းမှာ ပန်းကုံးစွပ်ကာ နံ့သာလက်ငါးချောင်းရာ ကိုယ်မှာပေး၍ တန်းဆာဆင်ပြီး ယူဆောင်ခဲ့ရမည်'ဟု ပြောကြား၏။

**ရယ်မော ငိုကြွေး သိုးကလေး**

တပည့်တို့လည်း ဆရာ့စကားကို နာခံ၍ ဆိတ်ကုလား (သိုး) ကို မြစ်သို့ ဆောင်ယူ၍ ရေချိုးပေးပြီးလျှင် လည်ပင်းမှာ ပန်းကုံးစွပ်ကာ မြစ်ကမ်းနား၌ ထား၏၊ ထိုအခါ ဆိတ်ကုလား (သိုး) သည် ဇာတိဿရဉာဏ်ဖြင့် ရှေး၌ မိမိ ပြုခဲ့ဘူးသည့် ပါဏာတိပါတအကုသိုလ်ကံကို သိမြင်၍ ဤကဲ့သို့သော ဦးခေါင်း ဖြတ်ကာ အသတ်ခံရတဲ့ ဆင်းရဲဒုက္ခမှ ဒီကနေ့ နောက်ဆုံးဖြစ်ပြီး လွတ်မြောက် ရပေတော့မည်ဟု နှလုံးပြု၍ ဝမ်းမြောက်မှု ဖြစ်ပေါ်လာပြီး အသံကျယ်စွာဖြင့် ရယ်၏၊ တဖန် ဤပုဏ္ဏားသည် ငါ့ကိုသတ်၍ ငါကဲ့သို့ပင် ဘဝငါးရာ လည်ပင်း ဖြတ်ပြီး အသတ်ခံရ လိမ့်ဦးမည်ဟု ပုဏ္ဏား၌ သနားခြင်းဖြင့် အသံကျယ်စွာဖြင့် ငို၏။

**ရယ်မော ငိုကြွေး အကြောင်းရင်း မေး**

ဤကဲ့သို့ ဆိတ်ကုလား (သိုး)၏ ရယ်မောမှု ငိုကြွေးမှု နှစ်ခုကို မြင်သော အခါ လုလင်တို့သည် ထို ဆိတ်ကုလား (သိုး)ကို 'အချင်းသိုး....အဘယ့်ကြောင့်

ရယ်မောသနည်း၊ အဘယ့်ကြောင့် ငိုကြွေးသနည်း’ ဟု မေးမြန်းကြကုန်၏၊ ဆိတ်ကုလား (သိုး)လည်း ‘ရယ်မောခြင်း ငိုကြွေးခြင်း၏ အကြောင်းများကို ဒီနေရာမှာ မမေးဘဲ သင်တို့ဆရာ ရှေ့မှောက်ရောက်မှ မေးမြန်းပါ’ဟု ပြန်ပြော၏၊ လုလင်တို့လည်း ထိုသိုးကို ဆရာပုဏ္ဏားထံ ယူဆောင်၍ ထိုအကြောင်းကို ဆရာပုဏ္ဏားအား ပြောကြားကြကုန်၏၊ ဆရာပုဏ္ဏားလည်း သိုးကို‘အချင်းသိုး.... သင်သည် အဘယ့်ကြောင့် ရယ်မောသနည်း၊ အဘယ့်ကြောင့် ငိုကြွေးသနည်း’ ဟု မေး၏။

## ရယ်မောရခြင်း အကြောင်းရင်းကို သိုးကဖြေ

သိုးလည်း မိမိပြုခဲ့ဘူးသော ပါဏာတိပါတ အကုသိုလ်ကံကို ဇာတိဿရ ဉာဏ်ဖြင့် ပြန်လှန်အောက်မေ့၍ ပုဏ္ဏားအား ပြောကြားသည်မှာ– ‘ဒိသာပါမောက် တတ်မြောက်လိမ္မာ အို ဆရာပုဏ္ဏား....ငါသည် ဟိုရှေးတုန်းက ဗေဒင်တတ် ပုဏ္ဏားဖြစ်၍ သိုးတကောင်ကို လည်ပင်းဖြတ်ကာ သတ်ပြီး မတကဘတ်ကို ပေးလှူခဲ့ဘူး၏၊ ငါသည် ထိုပါဏာတိပါတ အကုသိုလ်ကံကြောင့် (၄၉၉) လေးရာကိုးဆယ့်ကိုး ဘဝတိုင်အောင် လည်ပင်းဖြတ်ကာ အသတ်ခံခဲ့ရပါသည်၊ ယခုဘဝသည်ကား ဘဝငါးရာမြောက် နောက်ဆုံး ဘဝအနေနှင့် လည်ပင်းဖြတ်ခါ အသတ်ခံရပြီး ထိုပါဏာတိပါတ အကုသိုလ်ကံအကျိုး ဆင်းရဲ ဒုက္ခမျိုးမှ လွတ်မြောက်ရပေတော့မည်’ဟု နှလုံးပြုပြီး ဝမ်းမြောက်မှုဖြင့် ရယ်မောမိပါသည်။

## ငိုကြွေးရခြင်း အကြောင်းရင်းကို သိုးကဖြေ

ငါ့ကို လည်ပင်းဖြတ်ပြီး သတ်တဲ့ ဤပုဏ္ဏားသည်လည်း ငါကဲ့သို့ပင် ဘဝ (၅၀၀) ငါးရာပတ်လုံး လည်ပင်းဖြတ်ကာ အသတ်ခံရပေလိမ့်ဦးမည်ဟု နှလုံးပြုပြီး သင်၌ သနားမှုဖြင့် ငိုကြွေးမိပါ၏ဟု ပြောကြားလျှင် ပုဏ္ဏားလည်း ‘အချင်းသိုး....မကြောက်ပါနှင့်၊သင့်ကို ငါမသတ်ပါ’’၊ “အို ပုဏ္ဏား....အဘယ်သို့ ဆိုသနည်း၊ သင်သည် ငါ့ကို သတ်သည်ဖြစ်စေ၊ မသတ်သည်ဖြစ်စေ၊ ယနေ့ ငါသည် သေဘေးမှ မလွတ်နိုင်ပြီ’’၊ “အချင်းသိုး....မကြောက်ပါနှင့်၊ ငါသည် သင့်ကို စောင့်ရှောက်၍ သင်နှင့်အတူ သွားလာလှည့်လည်ပါအံ့’’၊ “အိုပုဏ္ဏား....

သင်၏ စောင့်ရှောက်မှုသည် မပြောပလောက် အနည်းငယ်မျှသာ၊ ငါပြုခဲ့တဲ့ ပါဏာတိပါတ အကုသိုလ်ကံသည်ကား အားရှိ ကြီးလေးလှပါ၏။

## ကျောက်လွှာခတ်၍ သိုးလည်ပင်းပြတ်

ပုဏ္ဏားလည်း သိုးကို လွှတ်၍ ဤသိုးကို ဘယ်သူမှ မသတ်ရဟု ပြောကြားပြီး အနီးနေတပည့်တို့ကို ခေါ်၍ သိုးနှင့်အတူ သွားလာလှည့်လည်၏၊ သိုးလည်း လွှတ်ခါမျှခဏပင် တခုသော ကျောက်ဖျာအပြင်ကို မှီ၍ ပေါက်သောချုံ၌ လည်ပင်းကို မော့၍ သစ်ရွက်တို့ကို စားရာ ထိုခဏမှာပင် ထိုကျောက်ဖျာအပြင်ကို မိုးကြိုးပစ်၍ တခုသော ကျောက်လွှာသည် ပြတ်ထွက်လာပြီး သိုး၏ လည်ပင်းကို ထိမှန်ကာ လည်ပင်းပြတ်၍ သေဆုံးရှာလေသည်။

## သူများကိုသတ်လျှင် ကိုယ့်ကိုလည်း သူများက သတ်မည်အမှန်

ဧဝဥ္စေ သတ္တာ ဇာနေယျုံ၊ ဒုက္ခာယံ ဇာတိသမ္ဘဝေါ။

န ပါဏော ပါဏိနံ ဟညေ၊ ပါဏဃာတီဟိ သောစတိ။

ပါဏဃာတီ၊ သတ္တဝါကို သတ်သောသူသည်။ သောစတိ၊ အပါယ်လေးပါးသို့ကျကာ ဆင်းရဲဒုက္ခကို ခံစားရ၍ ရှည်ကြာလေးမြင့် နေ့ညဉ့်တို့ပတ်လုံး စိုးရိမ်ပူပင်ရ၏။ အယံ ဇာတိ၊ ဤသို့သဘောရှိသော ဘဝသစ်၌ ပဋိသန္ဓေ နေရခြင်းသည်ငင်း။ အယံ သမ္ဘဝေါ၊ ဤသို့ သဘောရှိသော ပဋိသန္ဓေနေသောသူ၏ အစဉ်သဖြင့် ကြီးပြင်းရခြင်းသည်ငင်း။ ဒုက္ခော၊ သူ့အသက် သတ်သူသည် ပဋိသန္ဓေနေစဉ် ကြီးပြင်းစဉ်၌ အသတ်ခံရခြင်း, သူတပါးကို ညှဉ်းဆဲသူသည် ပဋိသန္ဓေနေစဉ် ကြီးပြင်းစဉ်၌ အညှဉ်းဆဲခံရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်း အစရှိသော ဒုက္ခ၏ တည်ရာ၏ အဖြစ်ကြောင့် ဆင်းရဲ၏။ ဧဝံ၊ ဤသို့။ သတ္တာ၊ သတ္တဝါတို့သည်။ စေ ဇာနေယျုံ၊ အကယ်၍ သိကုန်ငြားအံ့။ ပါဏော၊ တဦးသော သတ္တဝါသည်။ ပါဏိနံ၊ တဦးသောသတ္တဝါကို။ န ဟညေ၊ မညှဉ်းဆဲမနှိပ်စက် မသတ်ဖြတ်ဝံ့ရာ။

ပါကိုနံ-၌ အံ-ဝိဘတ်တည်း၊ ပါကနွံ ဇီဝန္တံ သတ္တာ တေနာတိ ပါဏော၊ ပပုဗ္ဗ အန-ဓာတ်-ဏ-ပစ္စည်း၊ ဒီဃပြု၊ န-ကို ဏ-ပြု၊ ပါဏော အဿ အတ္ထီတိ ပါဏီ၊ အံ-ဝိဘတ်သက်၍ နံ ဈတော ကတရဿာ-သုတ်-ဒုတ္တိနံ-ပြယုဂ်အတူစီရင်၊ သတ္တော သတ္တံ န ဟနေယျ-အဌကထာဖွင့်ကို ထောက်၍ ဗဟုဝုစ်ပေးသည်ကား မသင့်၊ ဟိကို ဟိ-ယသ္မာလည်းသင့် ဤ၌ အနက်မဲ့ ပြုထားသည်။

## အဒိန္နာဒါနကံ၏ အကျိုးပြ

## ဝတ်ပန်းဆိုး အဝတ် ခိုးသူ ဝတ္ထု

(ကေကနိပါတ် ပုပ္ဖရတ္တဇာတ်မှ)

### တန်ဆောင်မုန်းလ နက္ခတ်ပွဲသဘင်

လွန်လေပြီးသော အတိတ်ခေတ်က ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းပြုတော်မူစဉ် ထိုဗာရာဏသီပြည်၌ တန်ဆောင်မုန်းလ ညဉ့်အခါ လှည့်လည်သော ပွဲသဘင်သည် ဖြစ်၏၊ မြို့ကို နတ်မြို့ကဲ့သို့ တန်းဆာဆင်ကုန်၏၊ လူအပေါင်းတို့သည် ပွဲသဘင်ကစားခြင်းကိုမှီ၍ ပျော်ရွှင်ကြကုန်၏၊ ထိုစဉ်အခါ ဆင်းရဲသားယောကျ်ား တယောက်အား တခုသော တခဲနက်သော ပုဆိုးအစုံသည် ရှိ၏၊ ထိုယောကျ်ားသည် ထိုပုဆိုးအစုံကို ကောင်းမွန်စွာ လျှော်ဖွတ် ခေါက်စေ၍ အတွန့်တရာ အတွန့် တထောင်ကို ပြုစေ၍ ထား၏၊ ထိုအခါ ထိုယောကျ်ားကို မယားသည် "အရှင်.... ငါသည် တထည်သော ဝတ်ပန်းဆိုး အဝတ်ကို ဝတ်၍ တထည်သော ဝတ်ပန်းဆိုး အဝတ်ကို ရုံ၍ သင်၏လည်၌ ဘက်၍ တန်ဆောင်မုန်းလ,ညဉ့်အခါ၌ လှည့်လည် ပျော်ရွှင်လို၏" ဟု ဆို၏။

### မယားစကားဖြင့် ဝတ်ပန်းခိုး

အိမ်ရှင်မ ဆင်းရဲသူ ဆင်းရဲသား ငါတို့အား အဘယ်မှာလျှင် ဝတ်ပန်းဆိုး အဝတ်ကို ရနိုင်ပါမလဲ၊ ဖြူစင်သော အဝတ်ကို ဝတ်၍ လှည့်လည်ကစား ပျော်မွှင်လော့ဟု ဆို၏၊ ဝတ်ပန်းဆိုးအဝတ်ကို မရသည်ရှိသော် ပွဲသဘင်မကစား

နိုင်ပါ၊ အရှင်သည် တပါးသောမိန်းမကို ခေါ်၍ ကစားပျော်ရွှင်ပါဟု မယားက ဆိုလျှင်၊ ရှင်မ....အဘယ့်ကြောင့် နှိပ်စက်ဘိသနည်း၊ ဆင်းရဲသား ငါတို့အား အဘယ်မှာလျှင် ဝတ်ပန်းဆိုးအဝတ်ကို ရနိုင်ပါမလဲဟုဆို၏၊ အရှင်....ယောကျ်ားတို့အား အလိုရှိပါလျှင် အဘယ်မှာ မရရှိပါအံ့နည်း၊ မင်း၏ ဝတ်ပန်းခင်းမှာ ဝတ်ပန်းများစွာ ရှိသည်မဟုတ်ပါလား၊ အို အိမ်ရှင်မ.... ထိုဝတ်ပန်းခင်းသည် ရက္ခိုသ် သိမ်းဆည်းထားတဲ့ ရေကန်နှင့် တူ၏၊ အစောင့်အရှောက် များစွာရှိ၏၊ သွားရောက် ယူဆောင်ခြင်းငှါ မတတ်နိုင်၊ သင်သည် ထိုအမှုကို မနှစ်သက်ပါလင့်၊ ရရှိတိုင်းသော အဝတ်ဖြင့်ပင် ရောင့်ရဲတင်းတိမ်ပါဟု ဆို၏၊ အရှင်.... ညဥ့်အဘို့မှာ အမိုက်မှောင်သည် ရှိပါ၏၊ ယောကျ်ားတို့ မရောက်နိုင်တဲ့ အရပ်မည်သည် မရှိပါဟု ဆို၏၊ 'ပြောပါများ မယားစကား အောင်' ဆိုရိုးစကား အတိုင်းပင် မယား၏ စေခိုင်းတိုက်တွန်းချက်အရ ထိုယောကျ်ားသည် မယား စကားကို လိုက်နာ၍ ရှင်မ....ဟိုဟိုဒီဒီ ကြံစည်တွေးတောပြီး မနေပါနှင့်၊ ငါ သင့်အလိုဆန္ဒ ပြည့်ဝအောင် ကြိုးစားပါမယ်ဟု မယားကို နှစ်သိမ့်စေပြီး ညဥ့်အဘို့မှာ အသက်ကိုစွန့်၍ မြို့မှထွက်ခါ မင်း၏ဝတ်ပန်းခင်းသို့ သွားပြီးလျှင် စောင်းရန်းကို နင်း၍ ဝတ်ပန်းခင်းသို့ ဝင်၏။

## တံကျင်လျှိုခံရတာ မဆင်းရဲ မယားအတွက် စိတ်ဆင်းရဲ

ဝတ်ပန်းခင်းကို စောင့်ရှောက်နေသော လူတို့သည် စောင်းရန်းသံကို ကြား၍ သူခိုး သူခိုးဟု အော်ဟစ်ဝိုင်းဝန်း ဖမ်းဆီး၍ ရိုက်နှက်ပုတ်ခတ်ကာ ကြိုးဖြင့် ဖွဲ့ချည်ပြီး မိုးလင်းလျှင် မင်းအား ပြကုန်၏၊ မင်းသည် သူခိုးကို တံကျင် လျှိုရန် ပြောကြား၏၊ ထိုအခါ မင်းချင်းယောကျ်ားတို့သည် ထိုသူခိုးကို ကြိုးဖြင့် လက်ပြန် ဖွဲ့တုတ်ချည်နှောင်ပြီး ခိုးသူသတ် စည်ကြီးကို တီးလျက် မြို့ပြင်ထုတ်ပြီးလျှင် သံတံကျင်ဖြင့် လျှိုကုန်၏၊ ဝတ်ပန်းသူခိုးအား ပြင်းထန်စွာ သော ဝေဒနာတို့သည် ဖြစ်ကုန်၏၊ ကျီးတို့သည် ဦးခေါင်း၌ နားကုန်၍ သံတံကျင် နှင့်တူသော နှုတ်သီးတို့ဖြင့် မျက်စိတို့ကို ထိုးဖောက်ကုန်၏၊ ထိုယောကျ်ားသည် ထိုသို့ဆင်းရဲကို နှလုံးမသွင်းဘဲ မယားကိုသာလျှင် အောက်မေ့၍ တခဲနက်သော ဝတ်ပန်းဆိုး အဝတ်ကို ဝတ်လျက် လည်၌ဘက်ခြင်းငှါ အလိုရှိသော ငါ့မယား နှင့်အတူ တန်ဆောင်မုန်းလ ညဥ့်အခါ လှည့်လည်ခွင့် မရတော့ပါ။

**ဝတ်ပန်းခိုးမှုဖြင့် ငရဲကျ**

ငါသည် ဝတ်ပန်းခိုးမှုဖြင့် တံကျင်လျှိုခံရပြီး ကျီးကန်းတွေက ခေါင်းမှာ နားကာ မျက်စိများကို ထိုးဖောက်စားကြတယ်၊ ဒီဆင်းရဲဒုက္ခဟာ ဝတ်ပန်းဆိုး အဝတ်ကို ဝတ်ပြီး ငါ့မယားချောလေးနှင့် ရွှေလည်တွဲခါ တန်ဆောင်မုန်းလ ညဉ့်အခါ ပွဲသဘင်ကစားခွင့် မရတာလောက် မဆင်းရဲပါဟု မယား၌ စွဲလမ်း သေလွန်ပြီးလျှင် ငရဲ၌ ဖြစ်၏။

**ဥစ္စာခိုးခြင်းမှ ရှောင်ကြပါ**

သူတပါးတို့၏ ပစ္စည်းဥစ္စာများကိုခိုးယူမှု အဒိန္နာဒါနကံသည်ကားအလွန်ပင် ဝန်လေးစွ၊ ပစ္စုပ္ပန်ဘဝမှာပင် မင်းပြစ်မင်းဒဏ်ဖြင့် အသတ်ခံရပြီး သေသည်၏ အခြားမဲ့မှာလည်း ငရဲမှာကျက ဆင်းရဲဒုက္ခကို ခံစားရလေသည်၊ ဤ ဝတ္ထုကို ထောက်ဆဆင်ခြင်၍ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် အရှင်မပေး သော ပစ္စည်းဥစ္စာများကို ခိုးယူခြင်းမှ ဝေးစွာ ရှောင်ကြဉ်ကြကုန်ရာသတည်း။

## ကာမေသုမိစ္ဆာစာရကံ၏ အကျိုးပြ

## သူဌေးသားလေးယောက် ဝတ္ထု

(ဓမ္မပဒ ဗာလဝဂ်မှ)

**ဥစ္စာအစုဖြင့် ဒါနမပြု**

ကဿပဘုရား လက်ထက်တော်အခါက ဗာရာဏသီပြည်မှာ ကုဋေလေးဆယ် ဥစ္စာကြွယ်တဲ့ သူဌေးသား လေးယောက်တို့သည် အချင်းချင်း တိုင်ပင်ကြ သည်မှာ''အို–မိတ်ဆွေတို့...ငါတို့၏ အိမ်မှာ ပစ္စည်းဥစ္စာတွေ အလွန်ပေါများ လှပါ၏၊ ဒီပစ္စည်း ဥစ္စာတွေကို ဘယ်အရာမှာ အသုံးချပြီး ဘာလုပ်ကြမလဲ''တဲ့၊ ထိုသူဌေးသား လေးယောက်တို့တွင် တဦးတယောက်မျှလည်း ကဿပဘုရားနှင့် နှစ်သောင်းသော ရဟန္တာ အရှင်မြတ်တို့အား အလှူ ပေးကြပါကုန်အံ့၊ သီလ ဆောက်တည်ကြပါကုန်အံ့၊ ရတနာသုံးပါးကို ပူဇော်ကြပါကုန်အံ့ဟု မပြော ကြားဘဲ–

**ဥစ္စာအစုဖြင့် မိစ္ဆာစာရမှု**

တယောက်သော သူဌေးသားက "အရသာရှိတဲ့ အမဲကို စားပြီး အလွန်ကောင်းတဲ့ အရက်ကို သောက်ခါ အရက်သမားဘဝနှင့် ပျော်ပျော်ပါးပါး နေရလျှင် ငါတို့အသက်ရှည်ရကျိုး နပ်ပါပြီ"လို့ ပြောကြားသတဲ့၊ တယောက်သော သူဌေးသားကတော့ "သုံးနှစ်ရှိ သလေးထမင်းကို အရသာ အမျိုးမျိုးရှိတဲ့ ဟင်းလျာများဖြင့် နေ့တိုင်းစားကာ ပျော်ပျော်ပါးပါးနေဘို့"ပြောကြားသတဲ့၊ တယောက်သော သူဌေးသားကတော့ "အလွန် အရသာရှိတဲ့ မုံ့မျိုးစုံပြုလုပ် စားသောက်ပြီး ပျော်ပျော်ပါးပါး နေဘို့"ပြောကြားသတဲ့၊ တယောက်သော သူဌေးသားကတော့ "အို–မိတ်ဆွေတို့....သင်တို့ ဘာမှ လုပ်မနေကြနှင့်၊ ပစ္စည်းဥစ္စာ မမက်တဲ့ မိန်းမရယ်လို့ မရှိပါဘူး၊ ငါတို့ ပစ္စည်း ဥစ္စာ ပေးပြီး အချောအလှ ကလေးတွေနှင့် သဘောကျ ပျော်ပါးကာ နေကြပါစို့"ဟု ပြောကြားသတဲ့၊ သူဌေးသား၏ စကားကို အားလုံးသဘောတူ လိုက်ကြတယ်။

**မိစ္ဆာစာရအမှုဖြင့် ငရဲကျ**

ထိုအခါမှ စပြီး သူဌေးသား လေးယောက်တို့သည် အချောအလှ မိန်းမများကို ရွှေငွေရတနာ ပစ္စည်းဥစ္စာတွေ ပေးပြီး ပျော်ပါး၍သာ နေကြကုန်၏၊ ထိုသူဌေးသား လေးယောက်တို့သည် အနှစ် နှစ်သောင်း ကာလပတ်လုံး သူတပါး မယားတို့၌ လွန်ကျူးခြင်း 'ပရဒါရိက' ကာမေသုမိစ္ဆာစာရအမှုကို ပြုပြီး သေသည်၏ အခြားမဲ့မှာ လေးယောက်လုံးပင် အဝီစိငရဲကြီးမှာ ကျပြီး ကဿပဘုရားနှင့် ဂေါတမဘုရား နှစ်ဆူအကြား ကာလပတ်လုံး ကျက်ပြီးလျှင် တဖန် အဝီစိငရဲကြီးမှ လွတ်၍ ပရဒါရိက ကာမေသုမိစ္ဆာစာရ အကုသိုလ် အကျိုးကြွင်းဖြင့် ယူဇနာခြောက်ဆယ် ရှိသော လောဟကုမ္ဘီ ကြေးအိုးငရဲ၌ ဖြစ်ကြကုန်၏။

**ဒု- သ- န- သော တလုံးစီ ပြော**

အနှစ် သုံးသောင်းတို့ဖြင့် အောက်ဖြစ်သော ကြေးအိုးအပြင်သို့ ရောက်၍ တဖန် အနှစ် သုံးသောင်းတို့ဖြင့် အထက်ဖြစ်သော ကြေးအိုးနခမ်းဝသို့ပေါ်လာ၏၊ ထိုသူဌေးသား လေးယောက်တို့သည် ကြေးအိုးနခမ်းဝသို့ ပေါ်လာသော

ခဏ၌ တဂါထာစီ တဂါထာစီပြောဆိုလိုသော်လည်း တဂါထာလုံး ပြည့်စုံအောင် ပြောဆိုခွင့် မရသဖြင့် 'ဒု' 'သ' 'န' 'သော' ဟူသော အက္ခရာ တလုံးစီမျှ ပြောဆိုကြပြီး လောဟကုမ္ဘီ ကြေးအိုးငရဲသို့သာ ဦးခေါင်းစောက်ထိုး တဖန် နစ်မြုပ် သွားကြရပြန်၏။

ဘုရားရှင်လည်း ထိုသူဌေးသား လေးယောက်တို့၏ ပြောဆိုလိုသော စကားကို ပြည့်စုံစွာပြု၍ ဟောတော်မူခဲ့သည်မှာ —

'ဒု' အက္ခရာကို ဆို၍ နစ်မြုပ်သွားသော သူဌေးသား၏ ပြောဆိုလိုသော စကားကား—

**ပဌမ သူဌေးသား**

'ဒု'ဇ္ဇီဝိတ မဇီဝိမှ၊ ယေသံ နော န ဒဒမှသေ။
ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံ နာကမှ အတ္တနော။

"အို—သူငယ်ချင်းတို့....ငါတို့ လူဘဝတုန်းက လှူဘွယ် ပစ္စည်းတွေလည်း ရှိ၊ ကဿပဘုရားနှင့် နှစ်သောင်းသော ရဟန္တာသံဃာဆိုတဲ့ အလှူခံပုဂ္ဂိုလ်တွေလည်း ရှိပါလျက် မိမိ၏ မှီခိုရာ ကျွန်ကြီးပမာဖြစ်တဲ့ ကုသိုလ်ကောင်းမှုကို မပြုမိခဲ့ကြကုန်၊ မကောင်းတဲ့ ပရဒါရိက ကာမေသုမိစ္ဆာစာရ အမှုကို ပြုပြီး အသက်မွေး မှားခဲ့ကြပြီ။"

'သ'အက္ခရာကို ဆို၍ နစ်မြုပ်သွားသော သူဌေးသား၏ ပြောဆိုလိုသော စကားကား —

**ဒုတိယ သူဌေးသား**

'သ'ဋ္ဌိဝဿ သဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။

"အို—သူငယ်ချင်းတို့... ငါတို့ ဒီလောဟကုမ္ဘီ ကြေးအိုးငရဲမှာ ရောက်ရတာ အနှစ်ခြောက်သောင်းပင် ပြည့်ခဲ့ပါပြီ၊ ဘယ်သောအခါ ဒီငရဲမှ လွတ်ရပါမလဲ။"

သုမင်္ဂလဝိ(က) ၁၀၄-၃၀

'နှ' အက္ခရာကို ဆို၍ နစ်မြုပ်သွားသော သူဌေးသား၏ ပြောဆိုလိုသော စကားကား—

**တတိယ သူဌေးသား**

'နှ'တ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။
**တ**ဒါ ဟိ ပကတံ ပါပံ၊ မမ တုယှဉ္စ မာရိသာ။

"အို-သူငယ်ချင်းတို့.... ငရဲမှ လွတ်ဖို့ရန် နှစ်, လ, ရက် အပိုင်းအခြားသည် မထင်မြင်ခဲ့ပါ၊ ငါတို့ ဗာရာဏသီပြည် လူဖြစ်စဉ်အခါတုန်းက ယုတ်မာသော ပရဒါရိကကာမေသုမိစ္ဆာစာရအမှုကို ပြုမှားမိခဲ့ကြပြီ။"

"သော"အက္ခရာကို ဆို၍ နစ်မြုပ်သွားသော သူဌေးသား၏ ပြောဆိုလိုသော စကားကား–

**စတုတ္ထသူဌေးသား**

'သော'ဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။
ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။

"ငါသည် ဤငရဲမှ လွတ်ပြီး လူအဖြစ်ကို ရပါက သူတော်ကောင်းစကားကို နားထောင်ကာ အလှူခံစကားကို သိသူ ကိုယ်ကျင့်သီလနှင့် ပြည့်စုံသူဖြစ်၍ အများကြီး ကုသိုလ်ပြုမည်"တဲ့။

## မိစ္ဆာစာရ ကြဉ်ကုန်ကြ

သူတပါးမယား၌ လွန်ကျူးမှု ပရဒါရိက ကာမေသုမိစ္ဆာစာရကံသည်ကား အလွန်ပင် ဝန်လေးစွ၊ ဘုရားတဆူနှင့် တဆူအကြား အဝီစိငရဲကြီးမှာ ကျက်ပြီး အကျိုးကြွင်းမျှဖြင့် လောဟကုမ္ဘီ ကြေးအိုးငရဲမှာ အနှစ်ခြောက်သောင်း ကျက်၍လည်း ငရဲမှ မလွတ်ရသေး၊ အလွန်ပင် ကြောက်စရာ ကောင်းလှ၏ဟု စဉ်းစားဆင်ခြင် ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် သူတပါးမယားတို့၌ သွားလာလွန်ကျူးခြင်း ပရဒါရိက ကာမေသုမိစ္ဆာစာရအမှုမှ ဝေးစွာ ရှောင်ကြဉ်ကြကုန်ရာသတည်း။

## ကာမေသုမိစ္ဆာစာရကံ အကျိုးပြ
## မဟာပဒုမ ပစ္စေကဗုဒ္ဓါအလောင်း သူဌေးသား ဝတ္ထု

(သုတ္တနိပါတ် ခဂ္ဂဝိသာဏသုတ် အဋ္ဌကထာမှ)

### မိစ္ဆာစာရကံဖြင့် မိန်းမဖြစ်ရ

"မဟာပဒုမ ပစ္စေကဗုဒ္ဓါ အလောင်းသည် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်ပြီး ပွင့်လုနီး အရင့်အမာ ဤဘဒ္ဒကမ္ဘာ ကဿပဘုရား သာသနာတော်၌ ရဟန်းပြု၍ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ပြီး သေလွန်ရာ ဗာရာဏသီ ပြည်၌ သူဌေးသားဖြစ်၍ သူတပါးတို့၏ မယားကို လွန်ကျူးခြင်း ပရဒါရိက ကာမေသုမိစ္ဆာစာရအမှုကို ပြုပြီး သေသည်၏အခြားမဲ့၌ ငရဲ၌ ဖြစ်၏၊ ထိုငရဲ၌ ကာလမြင့်ရှည်စွာ ကျက်ပြီး၍ ငရဲမှလွတ်ကာ ပရဒါရိက ကာမေသုမိစ္ဆာစာရ အကျိုးကြွင်းဖြင့် ယောကျ်ားအဖြစ်မှ ပြောင်းလဲ၍ မိန်းမအဖြစ်ဖြင့် သူဌေး ကတော်ဝမ်းတွင် ပဋိသန္ဓေ ယူလာ၏။

### မုန်းသူများ

"နိရယတော အာဂတာနံ ဂတ္တာနိ ဥဏှာနိ ဟောန္တိ"

ငရဲမှလာကုန်သော သတ္တဝါတို့၏ ကိုယ်တို့သည် ပူရကား ထိုသတို့သမီး ပဋိသန္ဓေ ယူရာအခါမှ စ၍ သူဌေးကတော်လည်း ပူလောင်သော ဝမ်းဖြင့် ဆင်းရဲငြိုငြင်စွာ သတို့သမီးကို ဖွားမြင်ရ၏၊ ထိုသတို့သမီး ဖွားမြင်သောအခါမှ စ၍ အမိအဖ ဆွေမျိုး မိတ်ဆွေ အလုပ်အကျွေးမှစ၍ မချစ်လုံးလုံး မုန်းခြင်း သည် ဖြစ်၏၊ အရွယ်သို့ ရောက်လတ်သော် ထိုသူဌေးသမီးကို သူဌေးသားတဦး နှင့် ထိမ်းမြားမင်္ဂလာ ပြုရာ လင်ယောကျ်ား ယောကျ်ားမများမှ စ၍ မချစ်လုံးလုံး မုန်းခြင်းသည် ဖြစ်၏။

### ရှင်,မချစ်လျှင် ကျမမိဘအိမ် ပြန်မည်

အခါတပါး နက္ခတ်ပွဲသဘင်ကြုံရာ သူဌေးသားသည် ထိုသူဌေးသမီးနှင့် နက္ခတ် ပွဲသဘင် ကစားလိုမှု မရှိသဖြင့် ပြည့်တန်ဆာမတဦးနှင့် နက္ခတ်ပွဲသဘင် ကစား၏၊

သူဌေးသမီးလည်း ထိုအကြောင်းကို ကြားသိ၍ လင်သူဌေးသားကို အမျိုးမျိုး တောင်းပန် ပြောကြားသည်မှာ 'အရှင့်သား.... မိန်းမတို့ မည်သည်ကား မင်း တကျိပ် နှမပင် ဖြစ်စေ၊ လေးကျွန်း သေဌ်နင်း စကြဝတေးမင်း၏ သမီးပင် ဖြစ်စေ လင်ယောကျ်ား၏ အစေအပါးသာ ပြုရပါသည်၊ လင်ယောကျ်ား စကား မပြောဘဲ နေခဲ့ပါလျှင် တံကျင်တွင် တင်သကဲ့သို့ စိတ်ဆင်းရဲမှု ဖြစ်ရပါ သည်၊ ကျမကို ချီးမြှောက်သင့်သည်များကို ချီးမြှောက်ပါ၊ ရှင့်မချီးမြှောက် လိုလျှင်လည်း ကျမကို ခွင့်ပြုပါ၊ ကျမမိဘ အိမ်သို့ ပြန်ပါမည်။

## ဥယျာဉ်သို့ သွားမည် အပြု

ဤကဲ့သို့ ပြောကြားလျှင် သူဌေးသားလည်း 'ရှင်မ....မပူပင်ပါနှင့်၊ နက္ခတ် ပွဲသဘင် ကစားဘို့သာ ပြင်ဆင်ပါ၊ မနက်ဖြန်တွင် ငါတို့လင်မယား နက္ခတ် ပွဲသဘင် ကစားမယ်'ဟု ပြောကြားလျှင် သူဌေးသမီးလည်း မနက်ဖြန် နက္ခတ် ပွဲသဘင် ကစားမည်ဟု ခဲဘွယ် ဘောဇဉ်များကို စီရင်၍ ထား၏၊ တဖန် မိုးသောက် နှစ်ရက်မြောက်သောနေ့၌ သူဌေးသားလည်း ဇနီး သူဌေးသမီးကို မပြောကြားဘဲ နက္ခတ်သဘင် ကစားရာအရပ်သို့ သွား၏၊ သူဌေးသမီးလည်း လင်ယောကျ်ား သူဌေးသား အခေါ်ကို မြော်လင့်၍ လာလမ်းကို ကြည့်ကာ စောင့်နေ၏၊ နေမြင့်၍လည်း မပေါ်လာ၊ လူလွှတ်စုံစမ်းစေရာ သူဌေးသား သွားပြီဟု သိရ၍ သူဌေးသမီးလည်း စီရင်ထားသော ခဲဘွယ် ဘောဇဉ် များကို ယူ၍ ယာဉ်စီးကာ ဥယျာဉ်သို့ သွားရန်အားထုတ်၏။

## ရှင်ပစ္စေကဗုဒ္ဓါ ကြွလာ

ထိုအခိုက် နန္ဒမူလိုဏ်၌ နေသော ပစ္စေကဗုဒ္ဓါ အသျှင်မြတ်တပါးသည် ခုနစ် ရက်မြောက် နိရောဓသမာပတ်မှ ထ၍ အနော‌တတ်အိုင်၌ မျက်နှာသစ်ခြင်း, နာဂလတာမည်သော ဒန်ပူကို ဝါးခြင်းအမှုကို ပြုပြီး "ဒီကနေ့ အဘယ်အရပ်၌ ဆွမ်းခံလှည့်လည်ရမည်နည်း "ဟု ဆင်ခြင်လတ်သော် ထိုသူဌေးသမီးကို မြင်၍ ဤသူဌေးသမီးသည် ငါ၌ ပူဇော်သက္ကာရကို ပြု၍ ထိုပရဒါရိက ကာမေသုမိစ္ဆာ စာရကံသည် ကုန်ခြင်းသို့ ရောက်လတ္တံ့ဟု သိတော်မူ၍ လိုဏ်အနီး ယူဇနာ ခြောက်ဆယ်ရှိသော ကျောက်ဖျာအပြင်၌ ရပ်၍ သင်းပိုင်ကိုပြင်ဝတ် သပိတ်

သက်န်းကို ယူကာ အဘိညာပါဒက စတုတ္ထဈာန်ကို ဝင်စား၍ ကောင်းကင် ခရီးဖြင့်ကြွလာပြီးလျှင် ထိုသူဌေးသမီး၏ ခရီးရင်ဆိုင်၌ ဆင်းသက်၍ ဗာရာဏသီ ပြည်သို့ ရှေးရှုကြွ၏။

**ရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူ၍ ဆု(၅)မျိုး တောင်း**

ထိုပစ္စေကဗုဒ္ဓါကို ကျွန်မတို့မြင်၍ သူဌေးသမီးအား တဆင့်ပြောကြားကြကုန်၏၊ သူဌေးသမီးလည်း ယာဉ်ထက်မှ ဆင်းသက်၍ ပစ္စေကဗုဒ္ဓါကို ရှိသေစွာ ရှိခိုးပြီး လက်တော်မှ သပိတ်ကို ယူကာ အရသာရှိသော ခဲဘွယ်ဘောဇဉ်များ အပြည့်ထည့်ပြီး ပဒုမ္မာကြာပန်းဖြင့် ဖုံးအုပ်အောက်ခံပြုပြီး ပဒုမ္မာကြာပန်း စည်းကို ကိုင်ကာ ပစ္စေကဗုဒ္ဓါ၏ လက်သို့ သပိတ်ကို ကပ်လှူပြီး ရိုသေစွာ ရှိခိုးလျက်–

**ပဌမဆု**

"ဘန္တေ ယထာ ဣဒံ ပုပ္ဖံ၊ ဝေါဟံ ယတ္ထ ယတ္ထ ဥပ္ပဇ္ဇာမိ၊
တတ္ထ တတ္ထ မဟာဇနဿ ပိယာ ဘဝေယျံ မနာပါ"တိ။

"အသျှင်ဘုရား....ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝတို့၌ ဤပဒုမ္မာ ကြာပန်းကဲ့သို့ လူအပေါင်း ချစ်ခင်မြတ်နိုးသူ ဖြစ်ရပါလို၏" ဟု ရှေးဦး ဆုတောင်း၏။

**ဒုတိယဆု**

ထို့နောက် တဖန်–

"ဘန္တေ ဒုက္ခော ဂဗ္ဘဝါသော၊ တံ အနုပဂမ္မ ပဒုမပုပ္ဖေဧဝ
ပဋိသန္ဓိ ဘဝေယျာ"တိ။

"အသျှင်ဘုရား အမိဝမ်းတိုက်မှာ ပဋိသန္ဓေ နေရတာ ဆင်းရဲလှပါ၏၊ တပည့်တော်သည် အမိဝမ်းတိုက်မှာ ပဋိသန္ဓေမနေဘဲ ပဒုမ္မာကြာပန်း၌သာ ပဋိသန္ဓေ ဖြစ်ရပါလို၏"ဟု နှစ်ကြိမ်မြောက် ဆုတောင်း၏။

**တတိယဆု**

ထို့နောက် တဖန်–

"ဘန္တေ ဇိဂုစ္ဆနီယော မာတုဂါမော၊ စက္ကဝတ္တိဓိတာပိ ပရဝသံ ဂစ္ဆတိ၊ တသ္မာ အဟံ ဣတ္ထိဘာဝံ အနုပဂမ္မ ပုရိသော ဘဝေယျ"န္တိ။

"အသျှင်ဘုရား....မိန်းမအဖြစ်ဆိုတာ စက်ဆုပ်စရာပါဘုရား၊ လေးကျွန်းသေဌ်နင်း စကြဝတေးမင်း၏ သမီးပင်ဖြစ်လင့်ကစား လင်၏အလိုသို့သာ လိုက်ပါရပါ၏၊ထို့ကြောင့် တပည့်တော်သည် မိန်းမအဖြစ်မှ ပြောင်းလဲ၍ ယောကျ်ားစင်စစ် မချွတ်ဖြစ်ရပါလို၏"ဟု သုံးကြိမ်မြောက် ဆုတောင်း၏။

**စတုတ္ထဆု**

ထို့နောက် တဖန်–

"ဘန္တေ ဣမံ သံသာရဒုက္ခံ အတိက္ကမ္မ ပရိယောသာနေ တုမှေဟိ ပတ္တံ အမတံ ပါပုဏေယျ"န္တိ။

"အသျှင်ဘုရား.... တပည့်တော်သည် အဆုံးဘဝ၌ ဤသံသရာဝဋ်ဆင်းရဲကို လွန်မြောက်၍ အသျှင်ဘုရားတို့သည် ရအပ်ရောက်အပ်သော အမြိုက်နိဗ္ဗာန်သို့ ရောက်ရပါလို၏"ဟု လေးကြိမ်မြောက် ဆုတောင်း၏။

ဤဆုလေးပါးကို တောင်းပြီး ပဒုမ္မာကြာပန်းစည်းကို ပစ္စေကဗုဒ္ဓါအား လှူဒါန်းပူဇော်၍ တည်ခြင်းငါးမျိုးဖြင့် ရှိခိုးပြီးလျှင်–

**ပဉ္စမဆု**

"ပုပ္ဖသဒိသော ဝေ မေ ဂန္ဓော ဝေဝ ဝဏ္ဏော စ ဟောတူ"တိ။

"အသျှင်ဘုရား.... ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌ တပည့်တော်၏ကိုယ်အနံ့သည် ဤပဒုမ္မာကြာပန်း၏ အနံ့အဆင်းနှင့် တူသည်သာ ဖြစ်ပါစေသား" ဟု ငါးကြိမ်မြောက် ဆုတောင်း၏။

**ရှင်ပစ္စေကဗုဒ္ဓါ ဆုပေးခြင်း**

ပစ္စေကဗုဒ္ဓါ အသျှင်မြတ်လည်း သပိတ်နှင့် ကြာပန်းစည်းကို ယူကာ ကောင်းကင်၌ ရပ်လျက်—

"ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။"

ဤဂါထာဖြင့် အနုမောဒနာပြု၍ "သူဌေးသမီးသည် ငါသွားစဉ် မြင်စေသတည်း"ဟု အဓိဋ္ဌာန်တော်မူ၍ နန္ဒမူလိုဏ်သို့ ပြန်ကြွတော်မူ၏။

**မိစ္ဆာစာရကံကုန်၍ ချစ်သူများ**

သူဌေးသမီးလည်း ထိုအချင်းအရာကို မြင်၍ လွန်စွာ ပီတိ ဖြစ်ပွား၏၊ အတိတ်ဘဝက ပြုခဲ့သော ပရဒါရိက ကာမေသုမိစ္ဆာစာရကံလည်း အခွင့်မရှိခြင်းကြောင့် ကုန်လေသည်၊ မန်ကျည်းချဉ်ဖြင့် ပွတ်တိုက်ဆေးကြောသည့် ကြေးခွက်ကဲ့သို့ စင်ကြယ်လေ၏၊ ထိုခဏမှာပင် ထိုသူဌေးသမီးအား အလုံးစုံသော လူအပေါင်းတို့ ချစ်ခင်နှစ်သက်မှု ဖြစ်ပွား၍ 'ကိံကရောမ' ဤသို့ စသည်ဖြင့် ချစ်ဘွယ်စကားများကို ပြောကြား၍ လက်ဆောင်များ ပို့လာ၏။

**မဟာပဒုမ နတ်သားဖြစ်**

သူဌေးသားလည်း လူလွှတ်၍ သူဌေးသမီးကို မြန်မြန်ခေါ်ခိုင်း၏၊ ငါမေ့လျော့ပြီး ဥယျာဉ်သို့ ထွက်လာခဲ့တယ်ဟု ပြောကြား၏၊ ထိုအခါမှစ၍ သူဌေးသားလည်း သူဌေးသမီးအား အလွန်ချစ်မြတ်နိုးမှုသည် ဖြစ်၏၊ ထိုသူဌေးသမီးလည်း အသက်ထက်ဆုံး စည်းစိမ်ချမ်းသာကို ခံစား၍ သေလွန်ပြီးလျှင် မိန်းမအဖြစ်မှ ယောကျ်ားအဖြစ်သို့ ပြောင်းလဲကာ နတ်ပြည်၌ ပဒုမ္မာပန်းထက်တွင် နတ်သားဖြစ်၏၊ ထိုနတ်သားသည် သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်းကိုပြုရာ ဣရိယာပုထ် လေးပါး၌ ပဒုမ္မာကြာတိုက်၌သာလျှင် ပြု၏၊ မဟာပဒုမနတ်သားဟု မှည့်ခေါ်ကြကုန်၏၊ ထိုမဟာပဒုမ နတ်သားသည် ထိုကောင်းမှု တန်ခိုးဖြင့် နတ်ပြည်ခြောက်ထပ်တွင် အစုန်အဆန်ဖြစ်ကာ ခံစား စံစားရ၏။

## အမွေဆက်ခံ သားရရန် လျှောက်

ထိုစဉ်အခါ ဗာရာဏသီမင်းအား မောင်းမ နှစ်သောင်းရှိရာ တဦးတယောက်မျှလည်း သားယောကျ်ား မထွန်းကား၊အမတ်တို့လည်း မင်းကြီးအား မြတ်သော မင်းကြီး.... အမျိုးအနွယ်ကို ဆက်ခံမည့် သားယောကျ်ား ရခြင်းငှါ သင့်၏၊ ရင်မှာ ပေါက်ဖွားတဲ့ 'အတြဇ' သားကို မရခဲ့ပါလျှင် ခေတ်မှာ ပေါက်ဖွားတဲ့ 'ခေတြဇ'သားကို ရခြင်းငှါ သင့်၏ဟု လျှောက်ထားကြကုန်၏၊ ဗာရာဏသီမင်းလည်း အဂ္ဂမဟေသီ ဒေဝီ မိဖုယားကြီးကို ချန်ထား၍ ကြွင်းသော မောင်းမအားလုံးကို ခုနစ်ရက်ပတ်လုံး သားရရန် ပြင်ပသို့ လွှတ်ထား၏၊ သားကား မရ၊ အမတ်တို့လည်း မင်းကြီးအား မြတ်သောမင်းကြီး.... မိဖုယားကြီးဆိုတာ ကောင်းမှု အားဖြင့်ရှင်း၊ ပညာအားဖြင့်ရှင်း၊ အလုံးစုံသော မိန်းမတို့ထက် မြတ်ပါ၏၊ မိဖုယားကြီးဝမ်းတွင် သားရကောင်း ရပါလိမ့်မည်ဟု လျှောက်ထားကြကုန်၏။

## ပဏ္ဍုကမ္ဗလာ ကျောက်ဖျာပူခြင်း

ဗာရာဏသီမင်းလည်း မိဖုယားကြီးအား သားရရန် ပြောကြား၏၊ မိဖုယားကြီးလည်း 'မြတ်သော မင်းကြီး....အကြင် မိန်းမသည် သစ္စာရှိ၏ သီလရှိ၏၊ ထိုမိန်းမသည် သားကိုရရာ၏၊ အရှက်အကြောက်မရှိ ပြုသဖြင့် အဘယ်မှာလျှင် သားရနိုင်ပါ့မလဲ'ဟု ပြောကြားပြီး ပြာသာဒ်ထက်သို့ တက်ခါ ငါးပါးသီလကို ဆောက်တည်၍ ထိုငါးပါးသီလကိုပင် အဖန်တလဲလဲ သုံးသပ်ဆင်ခြင်၏၊ သီလရှိသော မိဖုယားကြီး၏ ငါးပါးသီလကို သုံးသပ်ဆင်ခြင် သားကိုလိုချင်သော စိတ်ဖြစ်ကာမျှ၌ သိကြားမင်း၏နေရာ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာသည် ပူသော အချင်းအရာကို ပြ၏။

## မဟာပဒုမနတ်သား သိကြား တောင်းပန်

သိကြားမင်းလည်း ကျောက်နေရာ ပူခြင်း၏ အကြောင်းကို ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိ၍ သီလရှိသော မိဖုယားကြီးအား သားဆုပေးခြင်းငှါ သင့်၏ဟု နှလုံးပြုကာ ကောင်းကင်ဖြင့် လာလတ်၍ မိဖုယားကြီး ရှေ့မှောက်၌ ရပ်ပြီးလျှင် 'မိဖုယားကြီး.... သင်သည် အဘယ်ကို တောင့်တ

လိုချင်သနည်း' ဟု မေး၏၊ မိဖုယားလည်း 'သားကို လိုချင်သည်'ဟု ဖြေကြား လျှင်၊ သိကြားမင်းလည်း 'အို မိဖုယား....သင့်အား သားဆုကို ငါပေးမည်၊ ထိုထို့ဤဤ မကြံစည်လင့်'ဟု ပြောကြားပြီး နတ်ပြည်သို့ ပြန်သွားကာ အသက် ကုန်ခါနီး နတ်သားများကို ကြည့်ရှု ဆင်ခြင်လျှင် မဟာပဒုမနတ်သားကို မြင်၍ ဤမဟာပဒုမနတ်သားသည် အထက်နတ်ပြည်၌ ဖြစ်ရန် စုတေလိမ့်မည်ဟု သိ၍ ထိုမဟာပဒုမနတ်သား၏ ဗိမာန်သို့သွားကာ မဟာပဒုမနတ်သားကို လူ့ပြည်၌ ဖြစ်ရန် တောင်းပန်၏။

## မဟာပဒုမနတ်သား သိကြားမင်းစကားကို လက်ခံ

မဟာပဒုမနတ်သားလည်း 'အသျှင်သိကြားမင်း.... အကျွန်ုပ်ကို လူ့ပြည်၌ ဖြစ်ရန် မပြောဆိုလာပါနှင့်၊ လူ့ပြည်ဆိုတာ စက်ဆုပ်ဖွယ်ရာ ရှိစရာပါ'ဟု ပြောကြားလျှင်၊ သိကြားမင်းလည်း 'အချင်းမဟာပဒုမ....သင်သည် လူ့ပြည်၌ ကောင်းမှုကိုပြု၍ ဤနတ်ပြည်၌ ဖြစ်၏၊ ထိုလူ့ပြည်၌သာလျှင် တည်၍ ပါရမီတို့ကို ပြည့်စေအပ်၏၊ သွားပါချေလော့'ဟု ပြောကြားလျှင်၊ အသျှင်သိကြား မင်း.... အမိဝမ်းတိုက်မှာ ပဋိသန္ဓေနေရတာ ဆင်းရဲလှပါ၏၊ ဒါကြောင့် အမိဝမ်းတိုက်မှာ ပဋိသန္ဓေ မနေချင်ပါ၊ 'အချင်း မဟာပဒုမ.... သင်သည် အမိဝမ်းတိုက်မှာ ပဋိသန္ဓေ မနေရရန် ရှေးကောင်းမှုကံကို ပြုခဲ့ပြီ၊ အမိဝမ်းတိုက်မှာ ပဋိသန္ဓေ မနေရပါ၊ ပဒုမ္မာကြာတိုက်မှာသာ ဖြစ်ပါလိမ့်မည်၊ လူ့ပြည်သို့ သွားပါချေ'ဟု အဖန်ဖန် ပြောကြားတောင်းပန်သဖြင့် သိကြားမင်းစကားကို လက်ခံလိုက်၏။

## ပဒုမ္မာကြာတိုက်မှ ဖွား

ထိုနောင် မဟာပဒုမနတ်သားသည် နတ်ပြည်မှ စုတေ၍ ဗာရာဏသီမင်း၏ ဥယျာဉ်၌ရှိသော ရေကန်၌ ပေါက်သော ပဒုမ္မာကြာတိုက်၌ ဖြစ်၏၊ ထိုညဉ့် မိုးသောက်ယံ၌ မိဖုယားကြီး အိပ်မက်မြင်မက်သည်မှာ မောင်းမနှစ်သောင်း [illegible]ရံလျက် ဥယျာဉ်သို့သွားကာ ရေကန်တော်၌ပေါက်သော ပဒုမ္မာကြာတိုက်၌ သားကို ရသည်ဟု မြင်မက်၏၊ မိဖုယားကြီးလည်း မိုးလင်းလျှင် [illegible]းပါးသီလကို ဆောက်တည်လျက် အိပ်မက်အရ ထိုရေကန်သို့ သွား၍ တခုသော ပဒုမ္မာ

[illegible] (က) ၁၀၄-

ကြာပန်းကို မြင်၏၊ ထိုပဒုမ္မာကြာပန်းသည်ကား ကမ်းနားလည်းမကျ၊ ရေနက်မှာလည်း မဟုတ်ဖြစ်၏၊ မိဖုယားကြီးလည်း မြင်လျှင်မြင်ချင်းပင် သားကဲ့သို့ ချစ်ခြင်းသည် ဖြစ်၏၊ ထိုပဒုမ္မာကြာပန်းကို ကိုယ်တိုင်သာလျှင် သွားရောက်ယူငင်၏၊ ပန်းကိုယူကာမျှ ခဏပင် ကြာဖူးသည် ပွင့်၏၊ ရွှေအဆင်းနှင့်တူသော သူငယ်ကို မြင်ရ၏၊ မြင်လျှင်မြင်ချင်း ငါ့အား သားရပြီဟု ပြောကြား၏၊ လူအပေါင်းတို့သည် ကောင်းချီးပေးကာ မင်းကြီးအား လျှောက်ထားကြကုန်၏။

### ခေတြဇသား

မင်းကြီး ကြားသိတော်မူလျှင် သားသူငယ်ကို အဘယ်အရပ်၌ ရသနည်းဟု မေးမြန်းရာ၊ ရရာအရပ်ကို လျှောက်ထားလျှင် ဤဥယျာဉ် ရေကန် ပဒုမ္မာကြာတို့သည် ငါတို့ပိုင်နက် ခေတ်ပင်တည်း၊ ငါတို့ခေတ်မှာ ဖြစ်သောသား ဖြစ်သောကြောင့် 'ခေတြဇ' သားပင်ဟု ပြောကြား ဆောင်ယူစေ၍ နှစ်သောင်းသော မောင်းမတို့အား နို့ထိန်းကိစ္စကိုပြုစေ၏၊ သတို့သား နှစ်သက်ရာကို သိ၍ တောင်းတိုင်းသောအစာကို ကျွေးသူအား တထောင်သော အသပြာကိုရ၏၊ ဗာရာဏသီပြည်အလုံး သိမ့်သိမ့်တုံ၏၊ လူအပေါင်းတို့သည် သတို့သားအား တထောင်သော လက်ဆောင်များ ပေးပို့ကြကုန်၏၊ သတို့သားလည်း 'ဣမံ ခါဒ' 'ဣမံ ဘုဥ္ဇ'ဟု ပြောကြား ဘောဇဉ်ဖြင့် နှောက်ယှက်မှုများ၌ ငြီးငွေ့ကာ တံခါးမုခ်သို့ သွားကာ ကစား၍ နေ၏။

### ဆု-သုံးပါး ပြည့်စုံ

ထိုစဉ်အခါ ပစ္စေကဗုဒ္ဓါ တပါးသည် ဗာရာဏသီပြည်ကို အမှီပြု၍ ဣသိပတန အမည်ရသော မိဂဒါဝုန်တောကျောင်း၌ နေ၏၊ ထိုပစ္စေကဗုဒ္ဓါသည် နံနက်စောစော ထ၍ သေနာသနဝတ် စသည်ကို ပြုပြီး ယနေ့ အဘယ်အရပ်၌ ဆွမ်းခံရမည်နည်းဟု ဆင်ခြင်လတ်သော် ထိုသတို့သားကို မြင်၍ ဤသတို့သားသည် ရှေးအတိတ်ဘဝက အဘယ်မည်သော ကောင်းမှုကံကို ပြုခဲ့ဘူးသနည်းဟု စူးစမ်းဆင်ခြင်လတ်သော် ငါကဲ့သို့သော ပစ္စေကဗုဒ္ဓါကို ဆွမ်းလှူဒါန်းပြီး ဆု-လေးပါးကို တောင်းခဲ့၏။

၁။ လူအပေါင်းတို့ ချစ်ခင်မြတ်နိုးခြင်း ဆု။

၂။ အမိဝမ်းမှာ ပဋိသန္ဓေမနေဘဲ ပဒုမာကြာတိုက်၌သာ ပဋိသန္ဓေ နေခြင်း ဆု။

၃။ မိန်းမအဖြစ်မှ ယောကျ်ားအဖြစ်သို့ ရောက်ခြင်း ဆု။

ဤဆု-သုံးပါးကား ပြည့်စုံခဲ့ပေပြီ၊ ပစ္စေကဗုဒ္ဓါအဖြစ်ဟူသော ဆုတပါးကား မပြည့်စုံသေး၊ ငါသည် သတို့သားအား ဥပါယ်ဖြင့် အာရုံကို ပြအံ့ဟု ဆွမ်းခံ လှည့်လည်သည်၏ အစွမ်းဖြင့် သတို့သားအထံသို့ သွား၏၊ သတို့သားလည်း "ရဟန်း....ဒီမလာပါနှင့်၊ သင့်ကိုလည်း ဤသူတို့သည် 'ဋ္ဌမံ ခါဒ' 'ဋ္ဌမံ ဘုဥ္စ'ဟု ပြောကြားလျှင်၊ ပစ္စေကဗုဒ္ဓါအရှင်လည်း တခွန်းတည်းသော စကားဖြင့်ပင် ပြန်လည်ဖဲခွါ မိမိနေရာကျောင်းသို့ ကြွတော်မူသွား၏။

**သားသမင်တို့ကို မြင်၍ မေးမြန်း**

သတို့သားလည်း မိမိအလုပ်အကျွေးများကို'ဤရဟန်းသည် ငါပြောဆိုကာ မျှဖြင့်ပင် ပြန်သွား၏၊ ငါ့ကို စိတ်ဆိုးများ သွားသလား'ဟု ပြောကြားလျှင် အလုပ်အကျွေးတို့လည်း 'အသျှင်မင်သား....ရဟန်းတို့မည်သည်ကား စိတ်မဆိုး တတ်ပါ၊ သူတပါးတို့ ကြည်ဖြူလှူဒါန်းသမျှဖြင့် မျှတရပါသည်'ဟု ပြောကြား ပါသော်လည်း ငါ့ကို စိတ်ဆိုးသွားတာ အမှန်ဘဲ၊ ရဟန်းကို ကန်တော့ တောင်းပန် သည်းခံစေဦးမည်ဟု အမိအဖတို့အား ပြောကြားပြီး ဆင်စီးကာ မိဂဒါဝုန်တောသို့ လိုက်သွားရာ၊ သားသမင်တို့အား 'ဋ္ဌမံ ခါဒ' 'ဋ္ဌမံ ဘုဥ္စ' 'ဋ္ဌမံ သာယထ'ဟုပြောကြားကျွေးမွေးသူ ရှိပါသလောဟု မေးမြန်းရာ၊ 'အသျှင် မင်းသား...မရှိပါ၊ ဤသားသမင်တို့သည် အစာရေ ရလွယ်ရာ၌ နေကြပါတယ်' ဟု ပြောကြားကြကုန်၏။

**ပစ္စေကဗုဒ္ဓါ ဝင်ခြေရာပြ အရပ်တပါးကြွ**

မင်းသားလည်း ဤ သားသမင်တို့သည် ကျွေးမွေးစောင့်ရှောက်သူ မရှိဘဲ အလိုရှိရာအရပ်၌ နေကြသကဲ့သို့၊ ငါလဲဘဲ ဘယ်အခါ ဤ သားသမင်တို့ကဲ့သို့

နေရပါမလဲဟု အာရုံကို ယူခဲ့၏၊ ပစ္စေကဗုဒ္ဓါလည်း မင်းသား၏ လာခြင်းကို သိ၍ ကျောင်းခရီးစကြ်ံတို့ကို တံမြက်လှည်း၍ ပြေပြစ်ချောမောအောင်ပြု၍ နှစ်ကြိမ် သုံးကြိမ် စင်္ကြံကြွ ခြေရာကို ပြပြီးလျှင် နေ့နေရာအရပ် သစ်ရွက်မိုး ကျောင်းတို့ကို တံမြက်လှည်း ပြေပြစ်အောင်ပြု၍ ကျောင်းတွင်းသို့ ဝင်သော ခြေရာကို ဗြ၍ ထွက်ခြေရာကို မပြဘဲ အရပ်တပါးသို့ ကြွသွား၏။

## ပစ္စေကဗုဒ္ဓါဆု ပြည့်စုံ

မင်းသားလည်း ထိုအရပ်သို့ ရောက်လျှင် တံမြက်လှည်း၍ အပြေအပြစ် ပြုထားသည်ကို မြင်၍ ထိုပစ္စေကဗုဒ္ဓါ ဤအရပ်မှာပင် နေမည်ထင်၏ဟု အလုပ် အကျွေးတို့ ပြောစကားကို ကြား၍ ‘ဒီရဟန်းဟာ မနက်စောစောကလဲ ငါ့ကို စိတ်ဆိုးသွားတယ်၊ အခုလဲဘဲ သူ့နေရာကို ဆင်မြင်းစသည်တို့ နင်းတာ ကို မြင်လျှင် ငါ့ကို အများကြီး စိတ်ဆိုးလိမ့်ဦးမယ်၊ သင်တို့ ဒီနေရာမှာသာ နေရစ်ကြ’ဟုပြောကြားပြီးဆင်ပေါ်မှ ဆင်းကာ တယောက်ထီးတည်း ကျောင်း တွင်းသို့ ဝင်၏၊ ဝတ်ကို အဦးမူသဖြင့် ကောင်းစွာ အပြေအပြစ်ပြုအပ်သော အရပ်၌ ခြေရာကိုမြင်လျှင် ဤရဟန်းသည် ဤအရပ်၌စင်္ကြံသွားလျက် ကုန်သွယ် ခြင်း စသောအမှုကို မကြံစည်၊ မချွတ်လျှင် မိမိအကျိုးစီးပွားကို ကြံစည်မည် ထင်၏ဟု ကြည်ညိုသောစိတ်ရှိသည် ဖြစ်၍ စင်္ကြံသို့တက်၍ အဝေးစွဲ အမှတ်ပြု အပ်သော ကြီးစွာသော အကြံအစည်ဖြင့် သွား၍ ကျောက်ဖျာအပြင်၌ထိုင်ကာ စိတ်ငြိမ်သက်တည်ကြည်မှုကို ရ၍ ကျောင်းတွင်းသို့ဝင်ကာ ဝိပဿနာ အလုပ်ကို အားထုတ်လျှင် ပစ္စေကဗောဓိဉာဏ်ကို ရ၍ ပစ္စေကဗုဒ္ဓါ ဖြစ်သတည်း။

## မိတ္တာစာရအမှုမှ ရှောင်ကြဉ်ပါ

သူတပါးမယားတို့၌ လွန်ကျူးခြင်း ပရဒါရိက ကာမေသုမိစ္ဆာစာရကံသည် ကား အလွန်လျှင် ဝန်လေးစွ၊ နှစ်သချ်ေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်ပြီး ပွင့်လုနီး အရင့်အမာ ပစ္စေကဗုဒ္ဓါ အလောင်းအလျာပင် ဖြစ်ပါသော်လည်း သူတပါးမယားတို့၌ လွန်ကျူးမှားယွင်းမှု ပရဒါရိက ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံကြောင့် သေသည်၏အခြားမဲ့၌ ငရဲ၌ကျပြီး တဖန် ငရဲမှလွတ်ပါ သော်လည်း ယောကျ်ားအဖြစ်မှ ပြောင်းလဲ၍ မိန်းမဖြစ်ရကာ လင်ယောကျ်ား

ယောက္ခမမှုစ၍ အများသူငါ မချစ်ခင် မကြင်နာ မုန်းထားရန်လိုမှုသာ ဖြစ်ရလေသည်၊ ဤဝတ္ထုကို ထောက်ထား၍ ဗုဒ္ဓဘာသာဝင် အပေါင်း သူတော်ကောင်းတို့သည် ပရဒါရိက ကာမေသုမိစ္ဆာစာရအမှုမှ ဝေးစွာ ရှောင်ကြဉ်ကြကုန်ရာသတည်း။

## မိန်းမ, မဖြစ်ဘူးသော ယောကျ်ား, ယောကျ်ား,မဖြစ်ဘူးသော မိန်းမမည်သည်မရှိ

ပုရိသာ၊ ယောကျ်ားတို့သည်။ ဣတ္ထိယော၊ မိန်းမတို့သည်။ အဘူတပုဗ္ဗာနာမ၊ မဖြစ်ဘူးသော မည်သည်။ နတ္ထိ၊ မရှိ။ ဣတ္ထိယော ဝါ၊ မိန်းမတို့သည်လည်း။ ပုရိသာ၊ ယောကျ်ားတို့သည်။ အဘူတပုဗ္ဗာနာမ၊ မဖြစ်ဘူးသော မည်သည်။ နတ္ထိ၊ မရှိ။ ဟိ၊ ထိုစကား ဆိုသင့်စွ။ ပုရိသာ၊ ယောကျ်ားတို့သည်။ ပရဿ၊ သူတပါး၏။ ဒါရေသု၊ မယားတို့၌။ အတိစရိတွာ၊ လွန်ကျူးဖြစ်မှား၍။ ကာလံ ကတွာ၊ သေခြင်းကိုပြု၍။ ဗဟူနိ ဝဿသတသဟဿာနိ၊ များစွာသော အနှစ်တသိန်းတို့ပတ်လုံး။ နိရယေ၊ ငရဲ၌။ ပစိတွာ၊ ကျက်ပြီး၍။ မနုဿဇာတိံ၊ လူ့အဖြစ်သို့။ အာဂစ္ဆန္တာ၊ ရောက်လာသည်ရှိသော်။ အတ္တဘာဝသတေ၊ တရာသော ကိုယ်၏ အဖြစ်၌။ ဣတ္ထိဘာဝံ၊ မိန်းမအဖြစ်သို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

ဟိ၊ ထိုစကား ဆိုသင့်စွ။ ကပ္ပသတသဟဿံ၊ ကမ္ဘာတသိန်းပတ်လုံး။ ပူရိတပါရမီ၊ ဖြည့်ကျင့်အပ်ပြီးသော ပါရမီရှိသော။ အရိယသာဝကော၊ မြတ်ဘုရား၏ အလုပ်အကျွေး တပည့်ဖြစ်သော။ အာနန္ဒထေရောပိ၊ အာနန္ဒာထေရ်သည်လျက်လည်း။ သံသာရေ၊ သံသရာ၌။ သံသရန္တော၊ ကျင်လည်သည်ရှိသော်။ ဧကသ္မိံ အတ္တဘာဝေ၊ တခုသောကိုယ်၏ အဖြစ်၌။ ကမ္မာရကုလေ၊ ပန်းထိမ်သည်အမျိုး၌။ နိဗ္ဗတ္တော၊ ဖြစ်သည်ရှိသော်။ ပရဒါရကမ္မံ၊ သူတပါးမယားတို့၌ ကျူးလွန်ခြင်းအမှုကို။ ကတွာ၊ ပြုမိ၍။ နိရယေ၊ ငရဲ၌။ ပစိတွာ၊ ကျက်ပြီး၍။ ပက္ကာဝသေသေန၊ အကျိုးကြွင်းအားဖြင့်။ စုဒ္ဒသသုအတ္တဘာဝေသု၊ တဆယ့်လေးခုသော အတ္တဘောတို့၌။ ပုရိသဿ၊ ယောကျ်ား၏။ ပါဒပရိစာရိကာ၊ ခြေရင်းအလုပ်အကျွေး ဖြစ်သော ဣတ္ထီ၊ မိန်းမသည်။ အဟောသိ၊

ဖြစ်ရလေ၏။ သတ္တသု အတ္တဘာဝေသု၊ ခုနစ်ကြိမ်သော ကိုယ်၏ အဖြစ်တို့၌။ ဗီဇုဒ္ဓရဏံ၊ ဝေးစေ့ထုတ်ခြင်းသို့။ ပါပုဏာိ၊ ရောက်၏။

**မိန်းမဘဝမှ ယောကျ်ားဖြစ်ရန် နည်းလမ်းမှန်**

ဣတ္ထိယော ပန၊ မိန်းမတို့သည်ကား။ ဒါနာဒီနိ၊ အလှူပေးခြင်း အစရှိကုန်သော။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကတွာ၊ ပြု၍။ ဣတ္ထိဘာဝေ၊ မိန်းမ၏ အဖြစ်၌။ ဆန္ဒံ၊ တပ်နှစ်သက်ခြင်းကို။ ဝိရာဇေတွာ၊ ပယ်စွန့်၍။ နေ၁၊ ငါတို့၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ ပုရိသတ္တဘာဝံ၊ ယောကျ်ားအဖြစ်ကို။ ပဋိလာဘာယ၊ ရခြင်းငှါ။ ပဝတ္တတု၊ ဖြစ်ပါစေသား။ ဣတိ၊ ဤသို့။ စိတ္တံ၊ စိတ်ကို။ အဓိဋ္ဌဟိတွာ၊ ဆောက်တည်၍။ ကာလံကတွာ၊ သေခြင်းကိုပြု၍။ ပုရိသတ္တဘာဝံ၊ ယောကျ်ား၏ အဖြစ်ကို။ ပဋိလဘန္တိ၊ ရကုန်၏။ ပဋိဒေဝတာ၊ အိမ်ဦးနတ်ကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ သာမိကေ၊ လင်၌။ သမ္မာပဋိပတ္တိဝသေနာပိ၊ ကောင်းမွန်ရှိသေစွာ ကျင့်ခြင်း၏ အစွမ်းဖြင့်လည်း။ ပုရိသတ္တဘာဝံ၊ ယောကျ်ား၏ အဖြစ်ကို။ ပဋိလဘန္တေဝ၊ ရကုန်သည်သာလျှင်တည်း။

(ဓမ္မပဒ စိတ္တဝဂ် သောရေယျဝတ္ထုမှ)

**ဆိုလိုရင်း အဓိပ္ပါယ် အကျဉ်း**

ဆိုလိုရင်းမှာ အစမထင်တဲ့ ဘယ်မင်းလက်ထက် ဘယ်ဘုရား လက်ထက်က အစပြုပြီး မိမိရဲ့ ရုပ် နာမ် ခန္ဓာကိုယ် ဖြစ်ပေါ်လာတယ်လို့ မသိမြင်နိုင်လောက်အောင် ရှည်လျားတဲ့ သံသရာကြီးထဲမှာ ဘဝအမျိုးမျိုးဖြင့် ကျင်လည်လာကြရာ မိန်းမ, မဖြစ်ဘူးသော ယောကျ်ား၊ ယောကျ်ား, မဖြစ်ဘူးသော မိန်းမဟူ၍မရှိ၊ 'မချွတ်ကေန် အမှန်ဘုရား ဖြစ်လတ္တံ့'ဟု နိယတဗျာဒိတ် ရပြီး သဗ္ဗညုဘုရားလောင်းတို့မှာကား ယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့ မပြောင်းလဲပြီ၊ ထိုမှကြွင်းသော ပစ္စေကဗုဒ္ဓါအလောင်း၊ အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက အလောင်းနှင့် သတ္တဝါအားလုံးပင် ပရဒါရိကကံဖြင့် မိန်းမအဖြစ် ပြောင်းလဲနိုင်သည်။

**ယောကျ်ားအဖြစ်မှ မိန်းမအဖြစ် ပြောင်းလဲကြောင်းကံ**

အကြင် လူပျို လူအို ကိုယ်ပိုင်မယား ရှိ-မရှိသော ယောကျ်ားသည် မိမိမယားမှတပါးသော သူတပါးပိုင် မယားတို့၌ သွားလာ လွန်ကျူးခြင်း မေထုန်အမှုဖြင့် ဆက်ဆံခြင်း ကာမေသုမိစ္ဆာစာရအမှုကို ပြုခဲ့မူ ထိုကံဖြင့် သေသည်၏အခြားမဲ့၌ ငရဲသို့ကျကာ ငရဲမှလွတ်၍ တဖန် လူအဖြစ်ကို ရပါသော်လည်း ယောကျ်ားအဖြစ်မှ ပြောင်းလဲ၍ မိန်းမဖြစ်ရသည်၊ ဘ၀တရာ မိန်းမဖြစ်ရမည်၊ နပုံးပဏ္ဍုက် ဖြစ်ရသည်၊ "မိန်းမ သို့မဟုတ် နပုံးပဏ္ဍုက်အဖြစ် ပြောင်းလဲကြောင်း ကံကား ကာမေသုမိစ္ဆာစာရကံပင် မှတ်" မိန်းမ, မဖြစ်လိုသော ယောကျ်ားတို့သည် သူ့မယားကို မှားယွင်းမှုမှ ရှောင်ကြဉ်ကြရမည်။

ကမ္ဘာတသိန်း ပါရမီဖြည့်ပြီး ဘုရား၏ညီတော် တေဒဂ် ငါးပါးရ အာနန္ဒာ ထေရ်သည်ပင် တခုသောဘ၀၌ ပန်းထိမ်သည် ဖြစ်၍ သူတပါးမယားတို့၌ လွန်ကျူးခြင်း ကာမေသုမိစ္ဆာစာရ ကံကြောင့် သေသည်၏အခြားမဲ့၌ ငရဲသို့ ကျကာ ငရဲမှလွတ်ပါသော်လည်း အကျိုးကြွင်းဖြင့် တဆယ့်လေးဘ၀ မိန်းမဖြစ်ရသည်၊ခုနစ်ဘ၀ ဝှေးစေ့ အထုတ်ခံရလေသည်၊ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ဖြည့်ပြီး မဟာပဒုမ ပစ္စေကဗုဒ္ဓါ အလောင်း ကာမေသုမိစ္ဆာစာရ ကံကြောင့် မိန်းမဖြစ်ရပုံကို ပြထားပြီ။

**မိန်းမအဖြစ်မှ ယောကျ်ားအဖြစ်ပြောင်းလဲကြောင်းကံ**

ယောကျ်ားဖြစ်လိုသော မိန်းမတို့သည် အလှူပေးမှု သီလဆောက်တည်မှုကို ပြု၍ မိန်းမအဖြစ်၌ နှစ်သက်ခြင်းကို ဖျောက်၍ ယောကျ်ားဖြစ်လိုသော ဆန္ဒဖြင့် 'ဤကောင်းမှုဖြင့် ယောကျ်ားကောင်းစင်စစ် မချွတ်ဖြစ်ရပါလို၏'ဟု ဆုတောင်းရမည်၊ ပြည့်စုံလျှင် နောက်ဘ၀များ၌ ယောကျ်ား ဖြစ်၏၊ လင်ကို အိမ်ဦးနတ်ကဲ့သို့ ကောင်းမွန်ရိုသေစွာ လုပ်ကျွေးသော မိန်းမတို့သည်လည်း မိန်းမအဖြစ်၌ နှစ်သက်ခြင်းကင်းမူ ယောကျ်ားဘ၀ကို ရနိုင်ကြသည်။

## မုသာဝါဒကံ၏ အကျိုးပြ
## မုသားဆို၍ မြေမြိုသော စေတီယမင်း ဝတ္ထု

(အဋ္ဌကနိပါတ် ကစ္စာနီဝဂ် စေတိယဇာတ်မှ)

### ငယ်စဉ်က ဝန်ခံကတိ

အတိတ်ကာလ ကမ္ဘာဦး၌ လူတို့အသက် အသင်္ချေယျတမ်းတွင် ဥပစရမည်သော မင်းသည် စေတိယတိုင်း သောတ္ထိယမြို့၌ မင်းပြု၏၊ ထိုမင်းကား—

(၁) ကောင်းကင်သို့ သွားနိုင်ခြင်း။

(၂) သန့်လျက်စွဲသော နတ်သားလေးယောက် အရပ်လေးမျက်နှာမှ စောင့်ရှောက်ခြင်း။

(၃) ကိုယ်မှ စန္ဒကူးနံ့ ထွက်ခြင်း။

(၄) ခံတွင်းမှ ကြာညိုနံ့ သင်းခြင်း။

ဟူသော ဤတန်ခိုးလေးမျိုးနှင့် ပြည့်စုံ၏၊ ထိုမင်းအား 'ကပိလ' မည်သော ပုရောဟိတ် ပုဏ္ဏားသည် ရှိ၏၊ ကပိလပုဏ္ဏား၏ ညီကား 'ကောရကလမ္ဗက' အမည် ရှိ၏၊ မင်းနှင့်အတူ တဦးတည်းသော ဆရာအိမ်၌ အတတ်ပညာသင်ဘက် ငယ်သူငယ်ချင်း ဖြစ်၏၊ ဥပစရမင်းသည် ' ကောရကလမ္ဗကအား အဆွေကောရကလမ္ဗက ငါမင်းအဖြစ်သို့ရောက်တဲ့အခါ သင်အား ပုရောဟိတ်ရာထူးကို ပေးမည်ဟု ငယ်ရွယ်စဉ် ကာလကပင် ဝန်ခံကတိ ပြုခဲ့၏။

### ကပိလပုဏ္ဏား ရဟန်းပြု

ဥပစရမင်းသည် မင်းအဖြစ်သို့ ရောက်၍ ဖခင်လက်ထက်မှ တည်ရှိခဲ့သော ကပိလပုရောဟိတ်ပုဏ္ဏားကို ပုရောဟိတ်ရာထူးမှ ချထားဖယ်ရှားခြင်းငှါ မစွမ်းနိုင်၊ ကပိလပုရောဟိတ်ပုဏ္ဏားသည် မိမိထံသို့ ဆည်းကပ်ခစားရန် လာသည့်ရှိသော် မင်းသည် ထိုပုဏ္ဏား၌ လေးစားသောအားဖြင့် အရိုအသေပေး၏၊ကပိလပုရောဟိတ်ပုဏ္ဏားသည် ထိုအခြင်းအရာကို မှတ်၍ မင်းမည်သည်ကား အရွယ်တူသူတို့နှင့် အတူချမ်းသာသုခကိုခံစားသုံးဆောင်ခြင်းသည် တင့်တယ်လျောက်ပတ်၏၊ ငါသည် မင်းကို ပန်ကြား၍ ရဟန်းပြုအံ့ဟု ကြံ၍ "မင်းမြတ်....အကျွန်ုပ်

သည်ကား အသက်အရွယ်ကြီးရင့်ပြီ ဖြစ်၏၊ အိမ်မှာ သားငယ် ရှိပါ၏၊ ထိုသားငယ်ကို ပုရောဟိတ်ရာထူးမှာ ထား၍ အကျွန်ုပ်သည် ရဟန်းပြုအံ့ဟု မင်းကို ခွင့်ပြုစေ၍ သားကို ပုရောဟိတ်ရာထူးမှာ ထား၍ မင်းဥယျာဉ်သို့ ဝင်ပြီးလျှင် ရသေ့ရဟန်းပြုကာ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေပြီး သားကို အမှီပြု၍ ထိုဥယျာဉ်၌ပင် နေ၏။

## သားအား ပုရောဟိတ်ရာထူးကို ပေးခဲ့သည်

ကောရကလမ္ဗကသည် အကိုဖြစ်သူ ကပိလပုဏ္ဏားရဟန်းပြုသွားသော်လည်း ငါ့အား ပုရောဟိတ်ရာထူးကို မပေးဟု အကို ကပိလပုဏ္ဏား၌ ရန်ငြိုးထား၏၊ အခါတပါး ချမ်းသာစွာ စကားပြောကြား ထိုင်နေရာ မင်းသည် ကောရကလမ္ဗကအား ကောရကလမ္ဗက သင်သည် အဘယ့်ကြောင့် ပုရောဟိတ်ရာထူးကို မယူသနည်းဟု မေး၏၊ မင်းမြတ်.... အကျွန်ုပ် ပုရောဟိတ်ရာထူးကို မယူပါ၊ အကျွန်ုပ်အကို ကပိလပုဏ္ဏားသည် ပုရောဟိတ်ရာထူးကို ယူပါသည်၊ ကောရကလမ္ဗက....သင်၏အကို ရဟန်းပြုသွားပြီမဟုတ်လား၊ မင်းမြတ်.... အကျွန်ုပ်အကို ကပိလပုဏ္ဏား ရဟန်းပြုသွားသည် မှန်ပါ၏၊ "ပုရောဟိတ်ရာထူးကို သားအား ပေးခဲ့ပါသည်။"

## ညီအား မုသားဆို၍ ပုရောဟိတ်ရာထူးကို ပေးမည်

ကောရကလမ္ဗက.... သင့်အကို ကပိလပုဏ္ဏား ရဟန်းပြုသွားလျှင် သင် ပုရောဟိတ်ရာထူးကို ယူပါလား၊ မင်းမြတ်.... ရှေးထုံးစံအတိုင်း အစဉ်ဆက်ခံလာသော ရာထူးဌာနကို အကျွန်ုပ်အကိုကို ပယ်ရှား၍ အကျွန်ုပ် ပုရောဟိတ်ရာထူးကို ယူခြင်းငှါ မတတ်ကောင်းပါ၊ ဒီလိုဆိုလျှင် ငါသည် သင့်ကို အကြီး, သင့်အကိုကို အငယ်ပြုပါအံ့၊ မင်းမြတ်.... အဘယ်သို့ ပြုမည်နည်း၊ ကောရကလမ္ဗက... ငါမုသားဆို၍ ပြုမည်၊ မင်းမြတ်....သင်မင်းကြီးတို့သည် မသိကုန်သလော၊ အကျွန်ုပ်၏အကိုသည် ဈာန်အဘိညာဉ်တန်ခိုးနှင့် ပြည့်စုံတဲ့ ဝိဇ္ဇာခိုရ်တယောက် ဖြစ်သည်၊ ထိုတန်ခိုးဖြင့် သင်တို့ကို လှည့်ပတ်လတ္တံ့၊ သန်လျက်လက်ပုံ အမြဲစောင့်ရှောက်နေသော နတ်သားလေးယောက်တို့ကို ကွယ်အောင်ပြုလတ္တံ့၊ ကိုယ်မှ စန္ဒကူးနံ့ ကွယ်အောင်, ခံတွင်းမှ ကြာညိုနံ့ ကွယ်အောင်,

မကောင်းသော အနံ့ထွက်အောင် ပြုလတ္တံ့၊ သင်မင်းမြတ်ကို မြေမျိုအောင် ပြုလတ္တံ့၊ ထိုအခါ သင်မင်းမြတ်၏ စကားသည် တည်တံ့ခြင်းငှါ မတတ်နိုင် လတ္တံ့ဟု ပြောကြား၏။

**မုသားဆိုတာ ဘယ်လိုဟာလဲ**

ကောရကလမ္ဗက....သင်သည် ဤကဲ့သို့ အမှတ်မပြုပါနှင့်၊ ငါသည် အငယ်ကို အကြီး, အကြီးကို အငယ်ဟု လိမ်လည်လှည့်စား မုသားဆို၍ ပြုခြင်းငှါ တတ်နိုင်ပါ၏၊ မင်းမြတ်.... အဘယ်အခါမှာ မုသားဆို၍ ပြုမည်နည်း၊ ကောရကလမ္ဗက....ယနေ့မှနောက် ခုနစ်ရက်မြောက်နေ့မှာ မုသားဆို၍ ပြုမည်ဟု ပြောကြား၏၊ ထိုစကားသည် တမြို့လုံးပြန့်နှံ့၍ သွား၏၊ မင်းသည် မုသားဆို၍ အကြီးကို အငယ်, အငယ်ကို အကြီးပြုလတ္တံ့၊ ပုရောဟိတ်ရာထူးကို အငယ်အား ပေးလတ္တံ့၊ 'မုသာဝါဒ'ဆိုတာ ဘယ်လိုဟာလဲ၊ ဖြူသလော,ဝါသလော၊ဘယ်လို အဆင်း ရှိသလဲဟု လူအပေါင်း တွေးတောကြံစည်မှု ဖြစ်ပေါ်လာ၏။

**ခုနစ်ရက်မြောက်နေ့၌ မုသားဆိုမည်**

ထိုစဉ်အခါ လောက၌ 'သစ္စဝါဒီ' မှန်သည်ကိုသာ ပြောဆိုနေတဲ့ အချိန် အခါ ဖြစ်၏၊ 'မုသာဝါဒ'ဆိုတာ ဘယ်လိုဟာဟု မသိကြကုန်၊ ကပိလပုဏ္ဏား၏ သားသည်လည်း ထိုစကားကို ကြား၍ ဖခင်ထံ သွားရောက်ပြောကြား၏၊ 'အို-ဖခင်.... မင်းသည် လိမ်လည်လှည့်စား မုသားဆို၍ သင်ဖခင်ကို အငယ်ပြု၍ ဖခင်မှ လာသော ပုရောဟိတ် ရာထူးကို ဘထွေးအား ပေးလိမ့်လတ္တံ့၊ အို-ချစ်သား....မင်းသည် မုသားဆို၍ ငါတို့ကို ရာထူးမှ ပယ်ရှားပါသော်လည်း ပယ်ရှားခြင်းငှါ မတတ်နိုင်လတ္တံ့၊ အဘယ်နေ့၌ ပြုလတ္တံ့နည်းဟု မေး၏၊ အို-ဖခင်....ယနေ့မှ ခုနစ်ရက်မြောက်နေ့၌ ပြုပါလတ္တံ့ဟု ဖြေကြား၏၊ ထိုသို့ ဖြစ်လျှင် ထိုအခါ ငါ့အား လာရောက်ပြောကြားပါလေဟု မှာထား၏။

**ခုနစ်ရက်မြောက်နေ့ မုသားဆိုပွဲ**

ခုနစ်ရက်မြောက်နေ့၌ လူအပေါင်းတို့သည် 'မုသာဝါဒ'ကို ကြည့်ရှု နားထောင်ကြကုန်အံ့ဟု မင်းယင်ပြင်၌ အညီအညွတ် စည်းဝေး၍ ညောင်စောင်း

အဆင့်ဆင့်ဖွဲ့ကာ တည်နေကြကုန်၏၊ ထိုအကြောင်းကို သားဖြစ်သူသည် ဖခင်ကပိလပုဏ္ဏားအား သွားရောက်ပြောကြား၏။မင်းလည်း ကိုယ်တွင် တန်ဆာဆင်ယင်ပြီး အိမ်မှ ထွက်ကာ ပရိသတ်အလယ် မင်းယင်ပြင် ကောင်းကင်၌ ရပ်တည်၏၊ ကပိလ ရသေ့လည်း ကောင်းကင်ခရီးဖြင့် ကြွလာ၍ မင်း၏ ရှေ့မျောက်ကောင်းကင်၌ နေကထိုင်ကို ဖြန့်ခင်း၍ ထက်ဝယ်ပလ္လင်ဖြင့် ထိုင်ပြီးလျှင် 'မင်းကြီး....သင်သည် မုသားဆို၍ အငယ်ကို အကြီးပြုကာ ပုရောဟိတ်ရာထူးကို ပေးမည်ဆိုတာ မှန်ပါသလား' ဟု မေး၏၊ မင်းလည်း ဆရာ....ဆရာကြားတိုင်းပင် အမှန်ပင် ဖြစ်ပါ၏၊ ဆရာကြားသလိုပင် အကျွန်ုပ် ပြောကြားမိပါ၏။

**တရားသတ်သူကို တရားက ပြန်သတ်**

ထိုအခါ ကပိလရသေ့သည် မင်းအား ဆုံးမလို၍ မြတ်သောမင်းကြီး 'မုသာဝါဒ' မည်သည်ကား အလွန်ပင် ဝန်လေးစွ၊ ဂုဏ်ကျေးဇူးကို ဖျက်ဆီးတတ်ပါ၏၊ အပါယ်လေးပါး၌ ဖြစ်စေတတ်ပါ၏၊ မင်းမည်သည် မုသားဆိုမှုကို ပြုသည်ရှိသော် တရားကို သတ်သည်မည်၏၊ တရားကို သတ်သောသူသည် မိမိကိုယ်ကို သတ်သည်မည်၏၊ တရားကို မသတ်သောသူအား ထိုတရားသည် တဖန်ပြန်၍ မသတ်၊ ထိုကြောင့်လျှင် မင်းကြီးသည်တရားကို မသတ်ပါနှင့်၊ တရားမည်သည်လည်း သင်မင်းကြီးကို တဖန်ပြန်၍ မသတ်ပါစေလင့်။

**မုသားဆိုလျှင် မြေမျိုမည်**

ကပိလရသေ့သည် ထိုထက်အလွန် မင်းကို ဆုံးမလို၍ 'မင်းကြီး....အကယ်၍ မုသားဆိုမှုကို ပြုလတ္တံ့၊သင်မင်းကြီးအား အမြဲစောင့်ရှောက်နေသော နတ်သားလေးယောက်တို့ ကွယ်ပျောက်ကုန်လိမ့်လတ္တံ့၊ ကိုယ်မှထွက်သော စန္ဒကူးနံ့သည်လည်း ပျောက်ကွယ်ပြီး အပုပ်နံ့ ထွက်လတ္တံ့၊ ခံတွင်းမှ ကြာညိုနံ့ သင်းခြင်းသည်လည်း ပျောက်ကွယ်ပြီး အပုပ်နံ့ ထွက်ပါလတ္တံ့၊ ကောင်းကင်မှ မြေသို့လျောကျပြီး မြေမျိုပါလတ္တံ့ဟု ပြောကြား ဆုံးမ၏။

**စေတိယမင်း ပဋ္ဌမအကြိမ် မုသားဆို၍ တန်ခိုးလေးပါးကွယ်**

ထိုစကားကို ကြား၍ စေတိယမင်းသည် ကြောက်ရွံ့သည်ဖြစ်၍ ကောရကလမ္ဗကကို ကြည့်ရှု၏၊ထိုအခါ ကောရကလမ္ဗကသည် စေတိယမင်းကိုမင်းကြီး

မကြောက်ပါနှင့်၊ အကျွန်ုပ်သည် ရှေးဦးကပင် သင်မင်းကြီးတို့အား ထိုအကြောင်းကို ပြောဆိုခဲ့သည် မဟုတ်ပါလားဟု ပြောကြား၏၊ စေတိယမင်းသည် ကပိလရသေ့၏ စကားကို မနာယူဘဲ ရှင်ရသေ့ သင်ကား အငယ်တည်း၊ ကောရကလမ္ဗကကား အကြီးတည်းဟု မုသားဆို၏၊ စေတိယမင်း မုသားဆိုသည်နှင့်တပြိုင်နက်သောခဏမှာပင် ထိုစေတိယမင်းကိုသန်လျက်လက်စွဲပြီးအမြဲစောင့်ရှောက်နေသော နတ်သား လေးယောက်တို့သည် ဤမုသာဝါဒီမင်းကို မစောင့်ရှောက်တော့ပြီဟု သန်လျက်တို့ကို ခြေရင်း၌ စွန့်ပစ်၍ ကွယ်ပျောက်ကြကုန်၏၊ ခံတွင်းမှ ကြက်ဥပုပ် ကဲ့သကဲ့သို့ အပုပ်နံ့သည် ထွက်လာ၏၊ ကိုယ်မှ ကျင်ကြီးနံ့ကဲ့သို့ အပုပ်နံ့သည် ထွက်ပေါ်လာ၏၊ ကောင်းကင်မှ လျောကျ၍ မြေ၌တည်၏၊ တန်ခိုးလေးမျိုးတို့ ကွယ်ပျောက်ကုန်၏။

## ဒုတိယအကြိမ် မုသားဆို၍ ခြေဖမျက်တိုင် မြေမျို

ထိုအခါ ကပိလရသေ့သည် စေတိယမင်းကို မင်းကြီး....မကြောက်ပါနှင့်၊ သင်မင်းကြီးသည် မှန်သော စကားကို အကယ်၍ ပြောဆိုခဲ့အံ့၊ ရှေးကကဲ့သို့ ပြကတေ့ပင် တန်ခိုးလေးပါးနှင့် ပြန်လည် ပြည့်စုံနိုင်ပါသေးသည်၊ ရှေးဦးစွာသော မုသာဝါဒဖြင့်ပင် တန်ခိုးလေးမျိုး ကွယ်ပျောက်ခဲ့ပါပြီ၊ အောက်မေ့မှတ်သားပါလေ့ဟု ပြောဆိုပါသော်လည်း သင်ရသေ့သည် ငါ့ကို လှည့်စားလို၍ ဤကဲ့သို့ ပြုသည်ဟု ကပိလရသေ့၏ စကားကို မနာယူဘဲ အို-ရှင်ရသေ့ သင်ကား အငယ်တည်း၊ ကောရကလမ္ဗကကား အကြီးတည်းဟု နှစ်ကြိမ်မြောက် မုသားစကားကိုဆိုပြန်၏၊ထိုအခါ စေတိယမင်းအား ခြေဖမျက်တိုင်အောင်မြေသို့ဝင်၏။

## တတိယအကြိမ် မုသားဆို၍ ဒူးဆစ်တိုင် မြေမျို

ကပိလရသေ့လည်း စေတိယမင်းကို မင်းကြီး....အောက်မေ့မှတ်သား သတိထားပါ၊ မုသားဆိုသော မင်း၏ တိုင်းပြည်မှာ မိုးလေမမှန် ဖောက်ပြန်လျက်ရွာသင့်ရာ အချိန်အခါမှာ မိုးမရွာ၊ မရွာသင့်ရာ အချိန်အခါ၌ မိုးရွာ၏၊ ယခုပင် မုသာဝါဒကံ၏ အကျိုးဖြင့် ခြေဖမျက်တိုင်အောင် မြေသို့ဝင်လျက်ရှိ၏၊ အကယ်၍ သင် မင်းကြီးသည် မှန်သော စကားကို ပြောဆိုခဲ့အံ့၊ ရှေးကကဲ့သို့ တန်ခိုးလေးပါးနှင့် ပြန်လည် ပြည့်စုံနိုင်ပါသေးသည်၊ ထပ်မံပြီး မုသား

ဆိုပြန်လျှင်လည်း မြေသို့ပင် တိုး၍ ဝင်ပါလိမ့်မည်ဟု ပြောကြားပါသော်လည်း ဆရာရသေ့စကားကို မနာယူဘဲ အို-ရှင်ရသေ့.... သင်ကား အငယ်တည်း၊ ကောရကလမ္ဗကကား အကြီးတည်းဟု သုံးကြိမ်မြောက် မုသား စကားကို ဆိုပြန်၏၊ ထိုအခါ စေတိယမင်းအား ဒူးဆစ်တိုင်အောင် မြေသို့ဝင်၏။

**စတုတ္ထအကြိမ် မုသားဆို၍ ခါးတိုင် မြေမျို**

ကပိလရသေ့လည်း စေတိယမင်းကို မင်းကြီး....အောက်မေ့မှတ်သား သတိထားပါ၊ အကယ်၍ သင်မင်းကြီးသည် မှန်သော စကားကို ပြောဆိုခဲ့အံ့ ရှေးကကဲ့သို့ပင် တန်ခိုးလေးပါးနှင့် ပြန်လည်ပြည့်စုံ နိုင်ပါသေးသည်၊ ထပ်မံပြီး မုသားဆိုပြန်လျှင်လည်း မြေသို့သာတိုး၍ ဝင်ပါလိမ့်မည်ဟု ပြောကြားပါသော်လည်း ဆရာရသေ့စကားကို မနာယူဘဲ စေတိယမင်းသည် ကပိလရသေ့ကို ရှင်ရသေ့....သင်ကား အငယ်တည်း၊ ကောရကလမ္ဗကကား အကြီးတည်းဟု လေးကြိမ်မြောက် မုသားဆို၏၊ ထိုအခါ စေတိယမင်းအား ခါးတိုင်အောင် မြေသို့ ဝင်၏။

**ပဉ္စမအကြိမ် မုသားဆို၍ ချက်တိုင်အောင် မြေမျို**

ကပိလရသေ့လည်း စေတိယမင်းကို မင်းကြီး .... အောက်မေ့ မှတ်သား သတိထားပါ၊ မုသားဆိုသောသူသည် ဖြစ်တိုင်းဖြစ်တိုင်းဘဝ၌ စကားမပီသ နှုတ်အသည်သာ ဖြစ်၏၊အကယ်၍သင်မင်းကြီးသည် မှန်သောစကားကို ပြောဆိုခဲ့အံ့ ရှေးကကဲ့သို့ပင် တန်ခိုးလေးပါးနှင့် ပြန်လည်ပြည့်စုံ နိုင်ပါသေးသည်၊ ထပ်မံပြီး မုသားဆိုပြန်လျှင်လည်း မြေသို့သာ တိုး၍ ဝင်ပါလိမ့်မည်ဟု ပြောကြားပါသော်လည်း ဆရာရသေ့စကားကို မနာယူဘဲ စေတိယမင်းသည် ကပိလရသေ့ကို ရှင်ရသေ့....သင်ကား အငယ်တည်း၊ ကောရကလမ္ဗကကား အကြီးတည်းဟု ငါးကြိမ်မြောက် မုသားဆို၏၊ ထိုအခါ စေတိယမင်းအား ချက်တိုင်အောင် မြေသို့ဝင်၏။

**ဆဋ္ဌမအကြိမ် မုသားဆို၍ သားမြတ်တိုင် မြေမျို**

ကပိလရှင်ရသေ့လည်း စေတိယမင်းကို မင်းကြီး.... အောက်မေ့မှတ်သား သတိထားပါလေ၊ မုသားဆိုသောသူ၏ အမျိုးမှာ မိန်းမများသာ ပေါက်ပွား

ပေါများ၍ ယောကျ်ားသားများ မထွန်းကားပါ၊ အကယ်၍ သင်မင်းကြီးသည် မှန်သောစကားကို ပြောဆိုခဲ့အံ့၊ ရှေးကကဲ့သို့ပင် တန်ခိုးလေးပါးနှင့် ပြန်လည် ပြည့်စုံနိုင်ပါသေးသည်၊ ထပ်မံပြီး မုသားဆိုပြန်လျှင်လည်း မြေသို့သာ တိုး၍ ဝင်ပါလိမ့်မည်ဟု ပြောကြားပါသော်လည်း ဆရာရသေ့စကားကို မနာယူဘဲ စေတိယမင်းသည် ကပိလရှင်ရသေ့ကို ရှင်ရသေ့....သင်ကား အငယ်တည်း၊ ကောရကလမ္ဗကကား အကြီးတည်းဟု ခြောက်ကြိမ်မြောက် မုသားဆို၏၊ ထိုအခါ စေတိယမင်းအား သားမြတ်တိုင်အောင် မြေသို့ဝင်၏။

## သတ္တမအကြိမ် မုသားဆို၍ အဝီစိကျ

ကပိလရှင်ရသေ့လည်း စေတိယမင်းကို မင်းကြီး.... အောက်မေ့မှတ်သား သတိထားပါလော့၊ မုသားဆိုသောသူအား သားယောကျ်ား မထွန်းကား၊ ထွန်း ကားသော်လည်း မိဖတို့အား ကျေးဇူးမများ အရပ်တပါး ရှောင်ရှားဖယ်ခွါ နေသူသာ ဖြစ်၏၊ အကယ်၍ သင်မင်းကြီးသည် မှန်သောစကားကို ပြောဆိုခဲ့အံ့ ရှေးကကဲ့သို့ပင် တန်ခိုးလေးပါးနှင့် ပြန်လည်ပြည့်စုံနိုင်ပါသေးသည်၊ ထပ်မံပြီး မုသားဆိုပြန်လျှင်လည်း မြေသို့သာ အပြီးဝင်ပါလိမ့်မည်ဟု ပြောကြားပါသော် လည်း ဆရာရသေ့....သင်ကား အငယ်တည်း၊ ကောရကလမ္ဗကကား အကြီး တည်းဟု ခုနစ်ကြိမ်မြောက် မုသားဆို၏၊ ထိုအခါ စေတိယမင်းအား မြေမျို၍ အဝီစိငရဲ၌ ကျ၏။

## မုသား မဆိုပါနှင့်

မုသာဝါဒကံသည်ကား အလွန်ပင် ဝန်လေးစွ၊ တန်ခိုးလေးပါးနှင့်ပြည့်စုံတဲ့ မင်းပင်ဖြစ်ပါသော်လည်း မုသားဆိုခြင်းကြောင့် တန်ခိုးလေးပါး ကွယ်ပျောက် ၍ မြေမျိုကာ အဝီစိငရဲသို့ ကျရ၏ဟု စဉ်းစားဆင်ခြင်၍ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် လိမ်လည်ပြောကြား မုသားဆိုခြင်းအမှုမှ ဝေးစွာ ရှောင်ကြဉ်ကြကုန်ရာသတည်း။

# သုရာမေရယပါနကံ၏ အကျိုးပြ

## သုရာပါနဇာတ်

(ကေကနိပါတ် အပါယိမွဝဂ်)

**အဆိပ်ထန်ပြင်း အမ္ဗတိတ္ထနဂါးမင်း**

အခါတပါး ဂေါတမဘုရားသည် သာဝတ္ထိပြည်၌ ဝါဆိုတော်မူပြီးလျှင် ဒေသစာရီကြွချီတော်မူ၍ ဘဒ္ဒဝတီ အမည်ရှိသော နိဂုံးသို့ ရောက်တော်မူလျှင် နွားကျောင်းသား တို့သည်၎င်း၊ ဆိတ်ကျောင်းသား တို့သည်၎င်း၊ လယ်ထွန်ယောကျ်ား တို့သည်၎င်း၊ ခရီးသွားသောသူ တို့သည်၎င်း မြတ်စွာဘုရားကို မြင်လျှင် ရှိခိုးကုန်၍ ဘုန်းတော်ကြီးသော မြတ်စွာဘုရား....အမ္ဗတိတ္ထသို့ကြွတော်မမူပါလင့်၊ အမ္ဗတိတ္ထရသေ့ကျောင်း၌ အမ္ဗတိတ္ထမည်သော ကြမ်းသော အဆိပ်ရှိသော နဂါးသည် နေ၏၊ ထိုနဂါးသည် အသျှင်ဘုရားကို ညှဉ်းဆဲရာ၏ဟု တားမြစ်ကုန်၏။

**နဂါးမင်းကို ဆုံးမ**

ဘုရားရှင်သည် နွားကျောင်းသား စသည်တို့၏ စကားကို မကြားသကဲ့သို့ ပြု၍ သွား၏၊ နွားကျောင်းသား စသည်တို့သည် သုံးကြိမ်တိုင်အောင် တားမြစ်သော်လည်း သွားမြဲသွားကာ ဘဒ္ဒဝတီ နိဂုံး၏ အနီးဖြစ်သော တခုသော တောအုပ်၌ နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်သော 'သာဂတ'မထေရ်သည် ပုထုဇဉ်တို့၏ တန်ခိုးနှင့် ပြည့်စုံ၏၊ ထိုသာဂတမထေရ်ကို နဂါးမင်းအား ဆုံးမစိမ့်သောငှါ ခွင့်ပြုတော်မူ၏၊သာဂတမထေရ်သည် ထိုရသေ့ကျောင်းသို့ ကပ်၍ ထိုနဂါးမင်း၏ နေရာအရပ်၌ မြက်အခင်းကို ခင်း၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ၏၊ နဂါးမင်းသည် ထိုသို့ နေခြင်းကို သည်းမခံနိုင်သည်ဖြစ်၍ အခိုးလွှတ်၏၊ သာဂတမထေရ်သည်လည်း အခိုးလွှတ်၏၊ နဂါးမင်းသည် အလျှံကို လွှတ်၏၊ သာဂတမထေရ်သည်လည်း အလျှံကို လွှတ်၏၊ နဂါးမင်း၏ တန်ခိုးသည် မထေရ်ကို မနှိပ်စက်နိုင်၊ မထေရ်၏ တန်ခိုးသည် နဂါးမင်းကို နှိပ်စက်၏၊ ဤသို့လျှင် သာဂတမထေရ်သည် တခဏခြင်းဖြင့် ထိုနဂါးမင်းကို

ဆုံးမ၍ သရဏဂုံ သီလတို့၌ တည်စေပြီးလျှင် မြတ်စွာဘုရားအထံတော်သို့ သွား၏၊ ဘုရားရှင်သည် ဘဒ္ဒဝတီ နိဂုံး၌ မွေ့လျော်သရွေ့ နေတော်မူပြီးလျှင် ကောသမ္ဗီပြည်သို့ ကြွတော်မူ၏။

**အရက်လှူရန် ပြောကြား**

သာဂတမထေရ်၏ နဂါးမင်းကို ဆုံးမသော အဖြစ်သည် အလုံးစုံသော ဇနပုဒ်တို့ကို ပြန့်နှံ၏၊ ကောသမ္ဗီ ပြည်သူပြည်သားတို့သည် မြတ်ဘုရားအား ခရီးဦးကြိုဆို၍ ဘုရားရှင်ကို ရှိသေစွာ ရှိခိုးပြီးလျှင် သာဂတမထေရ်၏ အထံသို့ သွားကာ ရှိသေစွာ ရှိခိုး၍ သင့်တင့်လျောက်ပတ်သော အရပ်၌ နေပြီးလျှင် 'အသျှင်ဘုရားတို့....အသျှင်ဘုရားတို့အား အကြင် အကြင်ဝတ္ထုကို ရခဲ၏၊ ထိုထို ဝတ္ထုကို ဆိုတော်မူကုန်လော့၊ ထိုထို ရခဲသော ဝတ္ထုကိုသာလျှင် တပည့်တော်တို့ လှူပါကုန်၏ဟု လျှောက်ထားကုန်၏၊ သာဂတမထေရ်သည် ဆိတ်ဆိတ်နေ၏၊ ဆဗ္ဗဂ္ဂီရဟန်းတို့သည်ကား 'ဒါယကာတို့.... ရဟန်းတို့အား ခိုခြေအဆင်းနှင့်တူသော သေရည်ကို ရခဲ၏၊ နှစ်လည်းနှစ်သက်၏၊ သင်ဒါယကာတို့သည် အသျှင် သာဂတမထေရ်အား ကြည်ညိုကြပါလျှင် ခိုခြေအဆင်းနှင့်တူသော သေရည်ကို လှူပါ'ဟု ဆိုကုန်၏။

**အရက်သောက်ပြီး မူး**

ကောသမ္ဗီ မြို့သူမြို့သားတို့သည် ကောင်းပြီဟု ဝန်ခံ၍ ဘုရားရှင်ကို နက်ဖြန် အလို့ငှါ ဆွမ်းဘိတ်ပြီးလျှင် မြို့သို့ဝင်၍ မိမိတို့အိမ်၌ မထေရ်အား လှူဒါန်းရန် ခိုခြေအဆင်းနှင့်တူသော ကြည်လင်သော သေရည်ကို စီရင်ပြီးလျှင် မထေရ်ကို ဘိတ်၍ အိမ်တိုင်း အိမ်တိုင်း ကြည်လင်သော သေရည်ကို လှူကုန်၏၊ သာဂတ မထေရ်လည်း သေရည်ကို သောက်၍ မူးယစ်၍ မြို့မှထွက်သည်ရှိသော် တံခါး အကြား၌ လည်းကာ ယောင်ယမ်းလျက် အိပ်၏၊ ဘုရားရှင်သည် ဆွမ်းစား ခြင်းကိစ္စပြီး၍ မြို့မှ ထွက်တော်မူသည်ရှိသော် တံခါးကြား၌ လည်းကာ ယောင်ယမ်း မြည်တမ်း၍ အိပ်နေသော သာဂတမထေရ်ကို မြင်တော်မူ၍ ရဟန်းတို့.... သာဂတမထေရ်ကို ယူခဲ့ကုန်လော့ဟု မိန့်ကြားယူဆောင်စေ၍ ကျောင်းသို့ပြန်ကြွတော်မူ၏၊ ရဟန်းတို့သည် သာဂတမထေရ်၏ ဦးခေါင်းကို

ဘုရား၏ ခြေရင်း၌ ထား၍ အိပ်စေကုန်၏၊ သာဂတမထေရ်သည် အရက်မူးမူးဖြင့် ဦးခေါင်း ခြေတို့ ပြန်လည်ကာ ဘုရားရှိရာသို့ ခြေထား၍ အိပ်၏။

**အရက်သောက်လျှင် ပါစိတ်**

ဘုရားရှင်သည် "ရဟန်းတို့....ရှေးအခါက သာဂတမထေရ်သည် ငါဘုရား၌ ရိုသေမှုသည် ရှိ၏၊ ထိုရိုသေမှုသည် ယခုအခါ ရှိပါသေးသလား"ဟု မေးတော်မူ၏၊ "အသျှင်ဘုရား....ရိုသေမှုမရှိပါ"ဟု လျှောက်ကုန်၏၊ "ရဟန်းတို့....အမ္ဗတိတ္ထနဂါးမင်းကို အဘယ်သူ ဆုံးမသနည်း၊ အသျှင်ဘုရား....သာဂတမထေရ် ဆုံးမပါ၏၊ ရဟန်းတို့.... ယခု သာဂတမထေရ်သည် ရေမြွေမျှကိုလည်း ဆုံးမခြင်းငှါ စွမ်းနိုင်ပါသေးသလား၊ အသျှင်ဘုရား မစွမ်းနိုင်ပါ၊ ရဟန်းတို့.... သေရည်ကို သောက်လျှင် သညာကင်းခြင်းသည် ဖြစ်၏၊ ထိုသေရည်ကို သောက်ခြင်းငှါ သင့်ပါမလား၊ အသျှင်ဘုရား.... မသင့်ပါ။"

ထိုအခါ ဘုရားသျှင်သည် သာဂတမထေရ်အား ကဲ့ရဲ့တော်မူပြီးလျှင် ရဟန်းတို့ကို ခေါ်တော်မူ၍ အရက်သောက်လျှင် ပါစိတ်အာပတ် သင့်စေဟု သိက္ခာပုဒ် ပညတ်တော်မူ၏။

## အရက်သောက်ပြစ် အတိတ်ဝတ္ထု

အရက်သောက်ခြင်း၌ အပြစ်ကြီးပုံ ရဟန်းတို့ ဝေဖန်ပြောကြားမှုကို အကြောင်းပြု၍ အတိတ်က ဖြစ်ထွေကို ထုတ်ဆောင် ဟောကြားတော်မူသည်မှာ—

လွန်လေပြီးသော အတိတ်က ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုလတ်သော် ဂေါတမဘုရားအလောင်းတော်သည် ကာသိတိုင်း ဥဒိစ္စပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် ရသေ့ ရဟန်းပြု၍ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေပြီး ဈာန်ကစားလျက် ဟိမဝန္တာတောအရပ်၌ ငါးရာသော တပည့်ရသေ့အပေါင်း ခြံရံလျက် နေ၏။

**ရသေ့ငါးရာ လူ့ရွာလာ**

ထိုအခါ မိုးကာလ ရောက်သည်ရှိသော် တပည့်တို့သည် ဘုရားလောင်း ရသေ့ကို ဆရာ.... အကျွန်ုပ်တို့သည် လူ့ပြည်လူ့ရွာသို့ သွား၍ ဆားချဉ်ကို

မှီဝဲပြီး ပြန်လာပါကုန်အံ့ဟု လျှောက်ကုန်၏၊ တပည့်တို့.... ငါသည် ဟိမဝန္တာ၌ နေရစ်အံ့၊ သင်တို့သည်ကား လူ့ပြည်သို့သွား၍ ကိုယ်ကို ရောင့်ရဲစေ၍ မိုဃ်းလ လွန်လျှင် ပြန်လာခဲ့ကြဟု ပြောကြား၏၊ တပည့်ရသေ့ငါးရာတို့သည် ဆရာ ကောင်းလှပါ၏ဟု ဆရာကို ရှိခိုး၍ ဗာရာဏသီပြည်သို့ သွားရောက်ကြပြီးလျှင် မင်း၏ဉယျာဉ်၌သာလျှင် နေကြကုန်၍ နက်ဖြန်နေ့၌ မြို့တံခါး၏ အပဖြစ်သော ရွာ၌သာလျှင် ဆွမ်းခံဝင်ကြ၍ နောက်တနေ့တွင် မြို့သို့ ဆွမ်းခံဝင်ကြကုန်၏။

## မိုဃ်းလပတ်လုံး မင်းဉယျာဉ်၌နေ

လူတို့သည် ချစ်မြတ်နိုးကုန်သည်ဖြစ်၍ ဆွမ်းကို လှူဒါန်းကြကုန်၏၊နှစ်ရက် သုံးရက် လွန်သဖြင့် မင်းအား အရှင်မင်းကြီး.... ဟိမဝန္တာမှ ပြင်းထန်သော အကျင့်ရှိကုန်သော သီလရှိကုန်သော ငါးရာသော ရသေ့တို့သည် လာကြကုန်၍ ဉယျာဉ်၌ နေကြကုန်၏ဟု လျှောက်ထားကြကုန်၏၊ မင်းသည် ထိုရသေ့တို့၏ ဂုဏ်ကျေးဇူးကို ကြား၍ ဉယျာဉ်သို့ သွားပြီးလျှင် ရှိခိုးလျက် နှုတ်ဆက်စကား ပြောကြားပြီးလျှင် မိုဃ်းလေးလပတ်လုံး ထိုဉယျာဉ်၌သာ နေခြင်းကို ပြုစေ၍ ဆွမ်းဖြင့် ပင့်ဘိတ်၏၊ ငါးရာသော ရသေ့တို့သည် ထိုအခါမှစ၍ မင်းအိမ်၌ သာလျှင် ဆွမ်းစား၍ ဉယျာဉ်၌ နေကြကုန်၏။

## အရက်သောက်ကာ အရူးပမာ

အခါတပါး မြို့၌ အရက်သောက်ပွဲသဘင်သည် ဖြစ်၏၊ မင်းသည် ရဟန်း တို့အား အရက်ကို ရခဲ၏ဟု များစွာသော အရက်ကို လှူစေ၏၊ ရသေ့တို့သည် လှူဒါန်းသော အရက်ကို သောက်ကြကုန်ပြီးလျှင် ဉယျာဉ်သို့သွား၍ အရက် မူးသဖြင့် အရူးပမာ အချို့ရသေ့တို့သည် ထ၍ က,ကုန်၏၊ အချို့ရသေ့တို သည် သီချင်းဆိုကုန်၏၊ အဆို,အက နှစ်မျိုးပြုကြပြီး ခဲဘွယ်စသည်တို့ကို ဖိ၍ အိပ်ကြကုန်၏၊ အရက်မူးပြေ၍ နိုးလတ်သော် မိမိတို့၏ ဖေါက်ပြန်သော ကိုယ် အမူအရာ နှုတ်အမူအရာတို့ကို မြင်သိ၍ ငါတို့သည် ရဟန်းတို့အား မလျော်က် ပတ်သည်ကို ပြုမှားမိကြပြီဟု ငိုကြကုန်၍ ဆရာနှင့် ကင်းသည်၏ အဖြစ် ကြောင့် ဤကဲ့သို့သော မကောင်းမှုကို ပြုမှားမိကုန်၏ဟု ထိုခဏမှာပင် မင်းဉယျာဉ်ကို စွန့်၍ ဟိမဝန္တာသို့ ပြန်ကြကာ ရသေ့တို့၏ ပရိက္ခရာများကို သိုမှီးသိမ်းဆည်းပြီးလျှင် ဆရာကို ရှိခိုး၍ နေကြကုန်၏။

**တပည့်တသင်း ဆရာနှင့်ကင်း၍ မှားယွင်း**

ထိုအခါ ဆရာရသေ့က.... တပည့်တို့ လူ့ပြည်မှာ ဆွမ်းဖြင့် မပင်မပန်း ချမ်းချမ်းသာသာ နေခဲ့ရပါကုန်၏လော၊ ညီညီညွတ်ညွတ် နေထိုင်ခဲ့ကြရပါကုန်၏လောဟု မေး၏၊ ထုပည့်ရသေ့တို့က ဆရာ....ဆွမ်း, ကွမ်း ပြည့်စုံ ညီညွတ်ကုန်လျက်နေထိုင်ခဲ့ကြရပါကုန်၏၊ သို့သော် မသောက်သင့် မသောက်ထိုက်သော အရက်ကို သောက်မိသောကြောင့် သညာကင်းကာ သတိမထားနိုင်ဘဲ ကခုန်သီဆို ငိုယိုမိခဲ့ကြပါကုန်ပြီဟု ပြောကြားကြလျှင် အလောင်းတော်ရသေ့လည်း ဆရာနှင့်ကင်းသော တပည့်တို့မည်သည်ကား ဤသို့မှားယွင်းတတ်၏ဟု ရသေ့တို့ကို ကဲ့ရဲ့၍ နောက်ထပ်တဖန် အရက်မသောက်မိရန် အဆုံးအမပေးတော်မူ၏။

## အရက်၏ အပြစ်

**အရက် မသောက်ပါနှင့်**

ဤဝတ္ထုကို ထောက်ဆဆင်ခြင်လျှင် လောကီစျာန်တန်ခိုးနှင့် ပြည့်စုံတဲ့ သာဂတမထေရ်ပင် အရက်တန်ခိုးကြောင့် လောကီစျာန် ကွယ်ပျောက်ပြီး အရှက်အကြောက် ကင်းမဲ့စွာ ယောင်ရမ်းမြည်တမ်း လူးလည်းကာ အမြတ်ဆုံး အဒ့ထွဋ်ဆုံး ဖြစ်တဲ့ ဘုရားဘက်သို့ပင် ခြေထား၍ မသင့်လျော်မှုတွေ ဖြစ်ရလေသည်။

ရသေ့ငါးရာတို့မှာလည်း အရက်တန်ခိုးဖြင့် အရူးပမာ က,သူက သီချင်းဆိုသူက,ဆိုနှင့် ကိုယ်အမူအရာ နှုတ်အမူအရာတွေ ဖေါက်ပြန်ပြောင်းလဲကာ ဘရမ်းဘတာ ပျက်စီးရရှာလေသည်၊ ဒါ့ကြောင့် ဗုဒ္ဓဘာသာဝင် အပေါင်းသူတော်ကောင်းတို့သည် အရက်သောက် ဘိန်းစားခြင်းမှ ဝေးစွာ ရှောင်ကြဉ်ကြကုန်ရာသတည်း။

**လူ့ဒုဿီလ ငရဲကျ**

၁။ ယော ပါဏမတိပါတေတိ, မုသာဝါဒဉ္စ ဘာသတိ။
လောကေ အဒိန္နံ အာဒိယတိ၊ ပရဒါရဉ္စ ဂစ္ဆတိ။
သုရာမေရယပါနဉ္စ၊ ယော နရော အနုယုဉ္ဇတိ။

၂။ အပ္ပဟာယ ပဥ္စ ဝေရာနိ၊ ဒုဿီလော ဣတိ ဝုစ္စတိ။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။
(ပဥ္စက-အင်-ဝေရသုတ်မှ)

၁။ ယော၊ အကြင် ပညာအန္ဓ လူ့ဗာလသည်။ ပါဏံ၊ သတ္တဝါကို။ ဝါ၊ ရုပ် နာမ် နှစ်ထွေ ဇီဝိတိန္ဒြေကို။ အတိပါတေတိ၊ သတ်၏။ ဝါ၊ လျင်စွာ ကျစေ၏။ ဝါ၊ ဓားလက်နက်တို့ဖြင့် လွှမ်းမိုးနှိပ်စက်၍ ကျစေ၏။ မုသာဝါဒဉ္စ၊ မဟုတ်မမှန် လုပ်ကြံစကားကိုလည်း။ ဘာသတိ၊ မပြောမီ ပြောဆဲခဏ၌ သိလျက်နှင့် ပြောကြား၏။ လောကေ၊ လူ့ပြည်ဌာန လူ့လောက၌။ အဒိန္နံ၊ ဥစ္စာရှင်ဒွေး ကိုယ်နှုတ်ရေးဖြင့် မပေးအပ်ပါ သူ့ဥစ္စာကို။ အာဒိယတိ၊ မဖြောင့် မရိုး နည်းအမျိုးမျိုးဖြင့် ခိုးယူ၏။ ပရဒါရဉ္စ၊ အဂမနီယများ သူ့မယားကို လည်း။ ဂစ္ဆတိ၊ မှောက်မှား ဖောက်ပြား ရောက်သွား ဆက်ကူး လွန်ကျူး၏။ ယော နရော အကြင် ပညာအန္ဓ လူ့ဗာလသည်။ သုရာမေရယပါနဉ္စ၊ သေရည် ငါးပါး ယစ်မျိုးများကို သောက်စားခြင်းကိုလည်း။ အနုယုဉ္ဇတိ၊ မိုက်မှား အားထုတ် ပြုလုပ်၏။

၂။ ဒုပ္ပညော၊ အသိအလိမ်မာ ပညာနည်းပါးသော။ သော ဗာလော၊ ထိုငါးပါးသီလ မလုံခြုံတဲ့ ငမိုက်သားကို။ ပဥ္စ၊ အရေအတွက်အားဖြင့် ငါးပါး ကုန်သော။ ဝေရာနိ၊ စေတနာဆိုးမှန် အတွင်းရန်တို့ကို။အပ္ပဟာယ၊ ကိုယ်တွင် မဖြစ်အောင် မပယ်စွန့်နိုင်ခြင်းကြောင့်။ဒုဿီလော ဣတိ၊ သီလကင်းပ လူဒုဿီလ ဟူ၍။ဝုစ္စတိ၊ သမုတ်ပညတ် ခေါ်ဆိုအပ်ပါ၏။ သော ဗာလော၊ ထိုသီလကင်းပ မိုက်ရိုင်းလှသည့် လူဒုဿီလသည်။ ကာယဿ၊ ဥပါဒိန္နက ခန္ဓာကိုယ်၏။ ဘေဒါ၊ ထွင်းဖောက်ပြိုန်းတီး ပျက်စီးခြင်းကြောင့်။ နိရယံ၊ ချမ်းသာကင်းပ ဒုက္ခရိပ်မြုံ ငရဲဘုံသို့။ ဥပပဇ္ဇတိ၊ စွဲကပ်သန္ဓေ ဖြစ်ရလေသတည်း။

ဒေသနာတော်လာ ဆိုလိုရင်း အဓိပ္ပါယ်အကျဉ်းကတော့—

၁။ သူ့အသက်ကို သတ်သောသူ၊
၂။ သူ့ဥစ္စာကို ခိုးသောသူ၊

၃။ သူ့မယားကို မှားယွင်းသောသူ၊
၄။ မုသား ပြောကြားသောသူ၊
၅။ အရက်သောက် ဘိန်းစားသောသူ။

ဒီလူတွေကို လူဒုဿီလတွေလို့ ဆိုသည်၊ ဒုဿီလ ဆိုတာ "ဒုဿီလောတိ ဒုဿီလော"ဟု လာရှိသည်နှင့် အညီ သီလမရှိသူလို့ ဆိုသည်၊ ဒီလူ ဒုဿီလ တွေဟာ သေသည်၏ အခြားမဲ့မှာ ငရဲကျမည်တဲ့။

## ကံငါးပါး အပြစ်ငယ် အပြစ်ကြီး

ခုဒ္ဒကပါဌ သုတ်သီလက္ခန် အဋ္ဌသာလိနီ အဋ္ဌကထာ လာသည်များ ကို သိက္ခာပုဒ်တခုချင်း ပြပြီးဖြစ်သော်လည်း ဤနေရာ၌ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာလာကို ထင်ရှားအောင်တပေါင်းတည်းပြဦးမည်။

**အသက်သတ်ရာ၌**

ငယ်သော ပိုး ရွ ခြပုန်းကို သတ်ခြင်းထက် ကြီးသော ပိုး ရွ ခြပုန်းကို သတ်ခြင်းက အပြစ်ကြီး၏၊ ကြီးသော ပိုး ရွ ခြပုန်းကို သတ်ခြင်းထက် ငှက်မကို သတ်ခြင်းက အပြစ်ကြီး၏၊ ငှက်မကို သတ်ခြင်းထက် ဖွတ်ကို သတ်ခြင်းက အပြစ်ကြီး၏၊ ဖွတ်ကို သတ်ခြင်းထက် ယုန်ကိုသတ်ခြင်းက အပြစ်ကြီး၏၊ ယုန်ကို သတ်ခြင်းထက် သမင်ကို သတ်ခြင်းက အပြစ်ကြီး၏၊ သမင်ကို သတ်ခြင်းထက် နွားနောက်ကို သတ်ခြင်းက အပြစ်ကြီး၏၊ နွားနောက်ကို သတ်ခြင်းထက် မြင်းကို သတ်ခြင်းက အပြစ်ကြီး၏၊ မြင်းကို သတ်ခြင်းထက် ဆင်ကိုသတ်ခြင်းက အပြစ်ကြီး၏၊ ဆင်ကို သတ်ခြင်းထက် သီလမရှိသော လူဒုဿီလကို သတ်ခြင်းက အပြစ်ကြီး၏၊ လူဒုဿီလကို သတ်ခြင်းထက် ဂေါသီလရှိသောလူကို သတ်ခြင်းက အပြစ်ကြီး၏၊ ဂေါသီလရှိသောလူကို သတ်ခြင်းထက် သရဏဂုံတည်သောလူကို သတ်ခြင်းက အပြစ်ကြီး၏၊ သရဏဂုံတည်သောလူကို သတ်ခြင်းထက် ငါးပါး သီလ လုံခြုံသောလူကို သတ်ခြင်းက အပြစ်ကြီး၏၊ ငါးပါးသီလ လုံခြုံသောလူ ကို သတ်ခြင်းထက် ရှင်သာမဏေကို သတ်ခြင်းကအပြစ်ကြီး၏၊ ရှင်သာမဏေကို သတ်ခြင်းထက် ပုထုဇဉ်ရဟန်းကို သတ်ခြင်းက အပြစ်ကြီး၏၊ ပုထုဇဉ်ရဟန်းကို

သတ်ခြင်းထက် သောတာပန်ပုဂ္ဂိုလ်ကို သတ်ခြင်းက အပြစ်ကြီး၏၊ သောတာပန်ပုဂ္ဂိုလ်ကို သတ်ခြင်းထက် သကဒါဂါမ်ပုဂ္ဂိုလ်ကို သတ်ခြင်းက အပြစ်ကြီး၏၊ သကဒါဂါမ်ပုဂ္ဂိုလ်ကို သတ်ခြင်းထက် အနာဂါမ်ပုဂ္ဂိုလ်ကို သတ်ခြင်းက အပြစ်ကြီး၏၊ အနာဂါမ်ပုဂ္ဂိုလ်ကို သတ်ခြင်းထက် ရဟန္တာပုဂ္ဂိုလ်ကို သတ်ခြင်းက အပြစ်ကြီး၏။

**ဥစ္စာခိုးရာ၌**

* သီလမရှိသူ၏ ဥစ္စာကို ခိုးယူခြင်းထက် ဂေါရူပသီလ ရှိသူ၏ ဥစ္စာကို ခိုးယူခြင်းက အပြစ်ကြီး၏၊ ဂေါရူပသီလ ရှိသူ၏ ဥစ္စာကို ခိုးယူခြင်းထက် သရဏဂုံတည်သူ၏ ဥစ္စာကို ခိုးယူခြင်းက အပြစ်ကြီး၏၊ သရဏဂုံတည်သူ၏ ဥစ္စာကို ခိုးယူခြင်းထက် ငါးပါးသီလတည်သူ၏ဥစ္စာကိုခိုးယူခြင်းက အပြစ်ကြီး၏၊ငါးပါးသီလရှိသူ၏ ဥစ္စာကို ခိုးယူခြင်းထက် ရှင်သာမဏေ၏ ဥစ္စာကို ခိုးယူခြင်းက အပြစ်ကြီး၏၊ ရှင်သာမဏေ၏ ဥစ္စာကို ခိုးယူခြင်းထက် ပုထုဇဉ်ရဟန်း၏ ဥစ္စာကို ခိုးယူခြင်းက အပြစ်ကြီး၏၊ ပုထုဇဉ် ရဟန်း၏ ဥစ္စာကို ခိုးယူခြင်းထက် သောတာပန် ပုဂ္ဂိုလ်၏ ဥစ္စာကို ခိုးယူခြင်းက အပြစ်ကြီး၏၊ သောတာပန်ပုဂ္ဂိုလ်၏ ဥစ္စာကို ခိုးယူခြင်းထက် သကဒါဂါမ်ပုဂ္ဂိုလ်၏ ဥစ္စာကို ခိုးယူခြင်းက အပြစ်ကြီး၏၊ သကဒါဂါမ်ပုဂ္ဂိုလ်၏ ဥစ္စာကို ခိုးယူခြင်းထက် အနာဂါမ်ပုဂ္ဂိုလ်၏ ဥစ္စာကို ခိုးယူခြင်းက အပြစ်ကြီး၏၊ အနာဂါမ်ပုဂ္ဂိုလ်၏ ဥစ္စာကို ခိုးယူခြင်းထက် ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာကို ခိုးယူခြင်းက အပြစ်ကြီး၏။

**မိစ္ဆာစာရအရာ၌**

*သီလမရှိသော မိန်းမကိုလွန်ကျူးခြင်းထက် ဂေါရူပသီလရှိသော မိန်းမကို လွန်ကျူးခြင်းက အပြစ်ကြီး၏၊ ဂေါရူပသီလရှိသော မိန်းမကို လွန်ကျူးခြင်းထက် သရဏဂုံတည်သော မိန်းမကို လွန်ကျူးခြင်းက အပြစ်ကြီး၏၊ သရဏဂုံတည်သော မိန်းမကို လွန်ကျူးခြင်းထက် ငါးပါးသီလ လုံခြုံမှုရှိသော မိန်းမကို လွန်းကျူးခြင်းက အပြစ်ကြီး၏၊ ငါးပါးသီလရှိသော မိန်းမကို လွန်ကျူးခြင်းထက် သာမဏေမကို လွန်ကျူးခြင်းက အပြစ်ကြီး၏၊ သာမဏေမကို လွန်ကျူးခြင်းထက် ပုထုဇဉ် ဘိက္ခုနီမကို လွန်ကျူးခြင်းက အပြစ်ကြီး၏၊ ပုထုဇဉ် ဘိက္ခုနီ

မကို လွန်ကျူးခြင်းထက် သောတာပန်မိန်းမကို လွန်ကျူးခြင်းက အပြစ်ကြီး၏၊ သောတာပန်မိန်းမကိုလွန်ကျူးခြင်းထက်သကဒါဂါမိမ်မိန်းမကို လွန်ကျူးခြင်းက အပြစ်ကြီး၏၊ သကဒါဂါမိ် မိန်းမကို လွန်ကျူးခြင်းထက် အနာဂါမ်မိန်းမကို လွန်ကျူးခြင်းက အပြစ်ကြီး၏၊ အနာဂါမ် မိန်းမကို လွန်ကျူးခြင်းထက် ရဟန္တာ ဘိက္ခုနီမကို လွန်ကျူးခြင်းက အပြစ်ကြီး၏။

**မုသားဆိုရာ၌**

*တခြင်ရွေးမျှသော ဥစ္စာ၏အကျိုးငှါ မုသားဆိုခြင်းထက် ပဲဝက်မျှသော ဥစ္စာ၏အကျိုးငှါ မုသားဆိုခြင်းက အပြစ်ကြီး၏၊ ပဲဝက်မျှသော ဥစ္စာ၏ အကျိုးငှါ မုသားဆိုခြင်းထက် တပဲသော ဥစ္စာ၏အကျိုးငှါ မုသားဆိုခြင်းက အပြစ်ကြီး၏၊ တပဲသော ဥစ္စာ၏အကျိုးငှါ မုသားဆိုခြင်းထက် ငါးပဲသော ဥစ္စာ၏အကျိုးငှါ မုသားဆိုခြင်းက အပြစ်ကြီး၏၊ ငါးပဲသော ဥစ္စာ၏အကျိုးငှါ မုသားဆိုခြင်းထက် တကျပ် ထက်ဝက်သော ဥစ္စာ၏အကျိုးငှါ မုသားဆိုခြင်းက အပြစ်ကြီး၏၊ တကျပ်ထက်ဝက်သော ဥစ္စာ၏အကျိုးငှါ မုသားဆိုခြင်းထက် တကျပ်သော ဥစ္စာအကျိုးငှါ မုသားဆိုခြင်းက အပြစ်ကြီး၏၊ တကျပ်သော ဥစ္စာ၏ အကျိုးငှါ မုသားဆိုခြင်းထက် များစွာအဘိုးထိုက်သော ဥစ္စာ၏အကျိုးငှါ မုသားဆိုခြင်းက အပြစ်ကြီး၏၊ ထိုထက် မုသားဆို၍ သံဃာသင်းခွဲသော ရဟန်းက အပြစ်ကြီး၏။

**အရက်သောက်ရာ၌**

*တလက်ဆွမ်းမျှ လောက်သော အရက်ကို သောက်ခြင်းထက် တလက်ခုပ်မျှ လောက်သော အရက်ကို သောက်ခြင်းက အပြစ်ကြီး၏၊ ပုလင်းဝက် တပိုင်း လောက် အရက်ကို သောက်ခြင်းထက် တပုလင်းလုံး သောက်ခြင်းက အပြစ်ကြီး၏၊ ထိုထက် အရက်ကို အလွန်အကျွန် သောက်ပြီး ရွာ နိဂုံးကို နှိပ်စက် ညှဉ်းဆဲ ဖျက်ဆီးသောသူက အပြစ်ကြီး၏။

### ကျက်မှတ်ရန်

* သတ်တဲ့အရာ၊ ရဟန္တာ၊ သတ်တာ, ပြစ်ကြီးဆုံး။
* ခိုးတဲ့အရာ၊ ရဟန္တာ၊ ဥစ္စာ, ပြစ်ကြီးဆုံး။

* မိစ္ဆာအရာ၊ ရဟန္တာ၊ မ, မှာ ပြစ်ကြီးဆုံး။
* လိမ်တဲ့အရာ၊ ခွဲသံဃာ၊ ကွဲတာ, ပြစ်ကြီးဆုံး။
* သောက်တဲ့အရာ၊ နိဂုံးရွာ၊ ဖျက်တာ, ပြစ်ကြီးဆုံး။
* ကံငါးပါးမှာ၊ ခွဲသံဃာ၊ လိမ်တာ, ပြစ်ကြီးဆုံး။
* သံဃဘေဒ၊ ငရဲကျ၊ ကျက်ရ,တကပ်လုံး။

သမ္မောဟဝိနောဒနီအဋ္ဌကထာ အလိုအားဖြင့် ကံငါးပါးတွင် မုသာဝါဒ အပြစ်ကြီးဆုံး ဆို၏၊ ခုဒ္ဒကပါဌအဋ္ဌကထာ အလိုအားဖြင့် သုရာမေရယပါန-ကံသည် အပြစ်အကြီးဆုံးဆို၏၊ အကြောင်းပြမှာ- မုသာဝါဆို၍ သံဃာကိုသင်းခွဲသောကြောင့် တကပ်လုံး ငရဲမှာ ခံရသောကြောင့်, အရက်သောက်ပြီး ငရဲကျကာ တဖန် လူဖြစ်ရသော်လည်း အရူးအနှမ်းဖြစ်ရ၍ ချာန်မဂ်ဖိုလ်တရား၏ အန္တရာယ်ကို ပြုတတ်သောကြောင့်ဟု ဆိုသည်။

## လေ့ကျင့်ခန်း မေးခွန်းများ

၁။ သူ့အသက်သတ်သူအား ရနိုင်သောအပြစ်များကို ပါဠိတော်လာတိုင်း ဖြေပါ။

၂။ သူ့အသက်သတ်သူအား ယခုဘဝတွင် ရနိုင်သော အပြစ်များကို ဖော်ပြပါ။

၃။ သူ့အသက်သတ်သူအား တမလွန်တွင် ရနိုင်သောအပြစ်များကို ဖြေပါ။

၄။ သူ့ဥစ္စာခိုးသူအား သေသည်၏အခြားမဲ့ အဘယ်ဘုံများ၌ ဖြစ်နိုင်သနည်း၊ တဖန်လူအဖြစ်ကို ရလာပြန်လျှင် အပေါ့ဆုံး အဒိန္နာဒါန်၏ အပြစ်ကို ဖြေပါ။

၅။ သူ့ဥစ္စာခိုးသူအား ယခုဘဝတွင် ရနိုင်သောအပြစ်များကို ဖြေပါ။

၆။ သူ့ဥစ္စာခိုးသူအား တမလွန်တွင် ရနိုင်သောအပြစ်များကို ဖြေပါ။

၇။ သူ့မယားကို ကျူးလွန်သူအား သေသည်၏အခြားမဲ့၌ ရနိုင်သော အပြစ်နှင့် တဖန် လူအဖြစ်ကို ရပြန်လျှင်လည်း အပေါ့ဆုံးအပြစ်ကို ပါဠိတော်နည်း ဖြေပါ။

၈။ သူ့မယားကို ကျူးလွန်သူအား ယခုဘဝတွင် ရနိုင်သောအပြစ်များကို ဖြေပါ။

၉။ သူ့မယားကို ကျူးလွန်သူအား တမလွန်တွင် ရနိုင်သောအပြစ်များကို ဖြေပါ။

၁၀။ မုသားဆိုသူအား သေသည်၏အခြားမဲ့၌ ရနိုင်သောအပြစ်နှင့် တဖန် လူအဖြစ်ကို ရလာပြန်လျှင်လည်း အပေါ့ဆုံးအပြစ်ကို ပါဠိတော်နည်း ဖြေပါ။

၁၁။ မုသားဆိုသူအား ယခုဘဝတွင် ရနိုင်သော အပြစ်များကို ဖြေပါ။

၁၂။ မုသားဆိုသူအား တမလွန်တွင် ရနိုင်သော အပြစ်များကို ဖြေပါ။

၁၃။ အရက်သောက်သူအား သေသည်၏ အခြားမဲ့၌ ရနိုင်သော အပြစ်နှင့် တဖန် လူအဖြစ်ကို ရလာပြန်လည်း အပေါ့ဆုံးအပြစ်ကို ပါဠိတော် လာအတိုင်း ဖြေပါ။

၁၄။ အရက်သောက်သူအား ယခုဘဝတွင် ရနိုင်သော အပြစ်များကိုဖြေပါ။

၁၅။ အရက်သောက်သူအား တမလွန်တွင် ရနိုင်သော အပြစ်များကိုဖြေပါ။

၁၆။ နွားသတ်ယောကျ်ားအား ပါဏာတိပါတကံ၏ အကျိုးကြောင့် မျက်မှောက်တမလွန် ဆင်းရဲဒုက္ခခံစားရပုံကို ဝတ္ထုသွားနှင့်တကွ ဖြေဆိုပါ။

၁၇။ သိုးသတ်ပုဏ္ဏား ဝတ္ထုတွင် သိုးသည် အဘယ်ကြောင့် ငိုကြွေးမှု, ရယ်မောမှုတို့ကို ပြုလေသနည်း။

၁၈။ လုလင်နှင့် သိုးတို့ အပြန်အလှန် မေးမြန်းဖြေဆိုပုံကို ဖြေပါ။

၁၉။ ဒိသာပါမောက္ခ ဆရာပုဏ္ဏားနှင့် သိုးတို့ အပြန်အလှန် မေးမြန်းဖြေဆိုပုံကို ဖြေပါ။

၂၀။ နောက်ဆုံး သိုး၏ ကံကြမ္မာဆိုးပုံကို ဖြေပါ။

၂၁။ ဝတ်ပန်းဆိုး အဝတ်ခိုးသူဝတ္ထုတွင် မယားက လင်အား ပူဆာပုံနှင့် လင်က မယားအား ပြန်ပြောပုံကို ဖြေဆိုပါ။

၂၂။ ဝတ်ပန်းဆိုး အဝတ်ခိုးသူ၏ ပစ္စုပ္ပန် တမလွန် အပြစ်ရပုံကို ဖြေပါ။

၂၃။ သူဌေးသား လေးဦးတို့ အချင်းချင်း တိုင်ပင်ကြပုံကို ဖြေပါ။

၂၄။ သူဌေးသား လေးဦးတို့ ကဿပဘုရား လက်ထက်တွင် အဘယ်အမှုကို ပြုနေကြသနည်း။

၂၅။ သူဌေးသား လေးဦးတို့ ရရှိခံစားရသော ငရဲဒုက္ခကို ဖော်ပြဖြေဆိုပါ။

၂၆။ 'ဒု'အက္ခရာကို ဆို၍ နစ်မြုပ်သွားသော သူဌေးသား၏ ပြောဆိုလိုရင်း စကားရပ်ကို ဖြေဆိုပါ။

၂၇။ 'သ'အက္ခရာကို ဆို၍ နစ်မြုပ်သွားသော သူဌေးသား၏ ပြောဆိုလိုရင်း စကားရပ်ကို ဖြေဆိုပါ။

၂၈။ 'န'အက္ခရာကို ဆို၍ နစ်မြုပ်သွားသော သူဌေးသား၏ ပြောဆိုလိုရင်း စကားရပ်ကို ဖြေဆိုပါ။

၂၉။ 'သော'အက္ခရာကို ဆို၍ နစ်မြုပ်သွားသော သူဌေးသား၏ ပြောဆိုလိုရင်း အဓိပ္ပါယ်စကားရပ်ကို ဖြေဆိုပါ။

၃၀။ မဟာပဒုမ ပစ္စေကဗုဒ္ဓါ အလောင်းသည် အဘယ့်ကြောင့် ယောကျ်ားဘဝမှ မိန်းမဘဝသို့ ရောက်သွားသနည်း။

၃၁။ ငရဲမှလာသော သတ္တဝါတို့ အမိဝမ်းတွင် ပဋိသန္ဓေယူရာ၌ ထူးခြားချက်ကို ဖော်ပြပါ။

၃၂။ မဟာပဒုမ ပစ္စေကဗုဒ္ဓါ အလောင်း မိန်းမဘဝတွင် ကာမေသုမိစ္ဆာစာရကံ၏ အကျိုးကြောင့် စိတ်ဆင်းရဲရပုံများကို ဖြေဆိုပါ။

၃၃။ မဟာပဒုမ ပစ္စေကဗုဒ္ဓါ အလောင်း ကာမေသုမိစ္ဆာစာရကံ ကုန်ပုံကို ဖြေဆိုပါ။

၃၄။ မဟာပဒုမ ပစ္စေကဗုဒ္ဓါအလောင်း ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံတွင် တောင်းသောဆု ငါးခုကို ဖြေဆိုပါ။

၃၅။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် မဟာပဒုမ ပစ္စေကဗုဒ္ဓါအလောင်း သူဌေး သမီးအား အဘယ်သို့ အနုမောဒနာ ပြုလေသနည်း။

၃၆။ ဗာရာဏသီမင်းသည် မောင်းမနှစ်သောင်းတို့အား သားရရန် အဘယ်သို့ စေခိုင်းသနည်း။

၃၇။ ဗာရာဏသီမင်း၏ မိဖုယားခေါင်ကြီးသည် သားရရန် အဘယ်သို့ ပြုကျင့်သနည်း။

၃၈။ မဟာပဒုမနတ်သားအား လူ့ပြည်သို့ ဖြစ်ရန် သိကြားမင်းတောင်းပန်ပုံကို ဖြေဆိုပါ။

၃၉။ မဟာပဒုမ နတ်သား လူ့ပြည်၌ ဖြစ်ပုံမှစ၍ ပစ္စေကဗုဒ္ဓါ ဖြစ်သည် တိုင်အောင် စကားအစဉ်ကို ဖြေဆိုပါ။

၄၀။ မိန်းမ, မဖြစ်ဘူးသော ယောကျ်ား၊ ယောကျ်ား; မဖြစ်ဘူးသော မိန်းမ မည်သည် ရှိပါသလား။

၄၁။ ယောကျ်ားတို့သည် ယခုဘဝမှာ သူတပါးမယားတို့၌ လွန်ကျူးမှုပြုပါလျှင် သေတဲ့အခါ အဘယ်မျှလောက် ငရဲမှာ ကျက်ရ၍ တဖန် ငရဲမှ လွတ်ပြီး လူဖြစ်ပြန်ရာ အဘယ်မျှလောက် မိန်းမဘဝ ဖြစ်ရပါသနည်း။

၄၂။ ရှင်အာနန္ဒာထေရ်သည် ကာမေသုမိစ္ဆာစာရ ကံကြောင့် ဘယ်နှစ်ဘဝ မိန်းမ ဖြစ်ရပါသနည်း။

၄၃။ သင်သည် မိန်းမ ဘဝမှ ယောကျ်ား ဘဝ ရအောင် အဘယ်သို့ ပြုမည်နည်း။

၄၄။ မိန်းမအဖြစ် မပြောင်းလဲနိုင်သော ပုဂ္ဂိုလ်များကို ဖေါ်ထုတ်ဖြေဆိုပါ။

၄၅။ မိန်းမအဖြစ် ပြောင်းလဲနိုင်သော ပုဂ္ဂိုလ်များနှင့် အကြောင်းကံကို ညွှန်ပြခဲ့ပါ။

၄၆။ ယောကျ်ားဘဝမှ မိန်းမ, နပုံပဏ္ဍုက် အဖြစ် ပြောင်းလဲကြောင်းကံကို ဖြေဆိုပါ။

၄၇။ မိန်းမအဖြစ်မှ ယောကျ်ားအဖြစ် ပြောင်းလဲကြောင်းကံကို ဖြေဆိုပါ။

၄၈။ စေတိယမင်း၏ တန်ခိုးလေးမျိုးနှင့် ပြည့်စုံပုံကို ဖြေဆိုပါ။

၄၉။ စေတိယမင်း၏ မုသားဆိုပုံကို ဖြေပါ။

၅၀။ ကပိလရသေ့က စေတိယမင်းအား ဆုံးမပြောကြားပုံကို ဖြေပါ။

၅၁။ စေတိယမင်းသည် ဘယ်နှစ်ကြိမ် မုသားဆိုသနည်း၊ ဆိုသောအကြိမ်အားလျော်စွာ အပြစ်ရပုံကို အစဉ်အတိုင်း ဖြေပါ။

၅၂။ 'အမ္ဗတိတ္ထ' နဂါးမင်းကို အဘယ်သူ ဆုံးမသနည်း၊ ဆုံးမပုံကိုလည်း ဖြေဆိုပါ။

၅၃။ အရက်တန်ခိုးကြောင့် ရှင်သာဂတထေရ် လက်ငင်း အပြစ်ရပုံကို ဖြေဆိုပါ။

၅၄။ အရက်သောက်မိ၍ ရသေ့ငါးရာတို့ လက်ငင်းရသော အပြစ်များကို ပြည့်စုံစွာ ဖြေပါ။

၅၅။ အဘယ်သို့သောလူကို ဒုဿီလဟုဆိုသနည်း၊ လူ ဒုဿီလသည် သေလျှင် အဘယ်သို့ ရောက်မည်နည်း။

၅၆။ ကြမ်းပိုးသတ်ခြင်းနှင့် ကျက်ကို သတ်ခြင်း၊ ကျက်ကို သတ်ခြင်းနှင့် ဝက်ကို သတ်ခြင်း၊ ဝက်ကို သတ်ခြင်းနှင့် နွားကို သတ်ခြင်းတို့သည် အဘယ်က အပြစ်ကြီးသနည်း အကြောင်းပြ ဖြေပါ။

၅၇။ သတ်တဲ့အရာ၌ အဘယ်ကို သတ်ခြင်းသည် အပြစ်အကြီးဆုံး ဖြစ်ပါသနည်း။

၅၈။ လူ့ပစ္စည်း ခိုးခြင်းနှင့် သာမဏေပစ္စည်း ခိုးခြင်း၊ သာမဏေပစ္စည်း ခိုးခြင်းနှင့် ရဟန်းပစ္စည်း ခိုးခြင်းတို့သည် အဘယ်က အပြစ်ကြီးသနည်း၊ အကြောင်းပြ ဖြေပါ။

၅၉။ ခိုးတဲ့အရာ၌ ဘယ်သူ၏ပစ္စည်းကို ခိုးခြင်းသည် အပြစ်အကြီးဆုံးနည်း။

၆၀။ မိစ္ဆာစာရအရာ၌ ဥပုသ်သည်မကို လွန်ကျူးခြင်းနှင့် ဥပုသ်သည်မ, မဟုတ်သူကို လွန်ကျူးခြင်းသည် အဘယ်က အပြစ်ကြီးသနည်း အကြောင်းပြဖြေပါ။

၆၁။ မိစ္ဆာစာရအရာ၌ အပြစ်အကြီးဆုံးကို ဖြေပါ။

၆၂။ ငွေ ၁-ကျပ်ကို လိမ်ယူခြင်းနှင့် ငွေ ၅-ကျပ်ကို လိမ်ယူခြင်းသည် အဘယ်က အပြစ်ပို၍ ကြီးသနည်း အကြောင်းပြပါ။

၆၃။ မုသာဝါဒအရာ၌ အပြစ်အကြီးဆုံးကို ဖြေပါ။

၆၄။ အရက် တပုလင်းသောက်ခြင်းနှင့် အရက်နှစ်ပုလင်း သောက်ခြင်းသည် အဘယ်က အပြစ်ကြီးသနည်း၊ အကြောင်းပြပါ။

၆၅။ အရက်သောက်ရာ၌ အပြစ်အကြီးဆုံးကို ဖြေဆိုပါ။

၆၆။ ကံငါးပါးတွင် အပြစ်အကြီးဆုံးကံကို အကြောင်းနှင့်တကွ ဖြေပါ။

## ဆက်ဆံသောပုဒ်အနက်များ

'ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။'

'ဝိရမဏိသိက္ခာပဒံ သမာဒိယာမိ။'

နှစ်မျိုးသင့်။

'ဝေရမဏိသိက္ခာပဒံ ဝိရမဏိသိက္ခာပဒန္တိ ဒွိဓာ သဇ္ဈာယံ ကရောန္တိ။'

(ခုဒ္ဒကပါဌ ဋ္ဌကထာ).

**ဝေရမဏီ ပုဒ်အနက်**

"ဝိရမဏံ ဝေရမဏီ" ဝိ+ရမု+ယု+ဤ (ဝိကာရဿ ဝေကာရံ ကတွာ)

ဝိရမဏ၊ ရှောင်ကြဉ်ခြင်း။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်း။

"ပါဏာတိပါတ စသော ဒုဿီလျစေတနာမှ ရှောင်ကြဉ်ခြင်း ကာမာဝစရ ကုသိုလ်စိတ်နှင့် ယှဉ်သော ဝိရတီသည် 'ဝေရမဏီ' မည်၏။"

"ဝိရမတိ ဧတာယာတိ ဝေရမဏီ" ဝိ+ရမု+ယု+ဤ—

ဧတာယ၊ ထို ကာမာဝစရ ကုသိုလ်စိတ်နှင့် ယှဉ်သော ဝိရတီဖြင့်။ ဝိရမတိ၊ ပါဏာတိပါတ စသော ဒုဿီလျ စေတနာမှ ရှောင်ကြဉ်တတ်၏။ ဣတိ၊ ထိုကြောင့်။ သာ၊ ထိုဝိရတီသည်။ ဝေရမဏီ၊ 'ဝေရမဏီ' မည်၏။

"ပါဏာတိပါတ စသော ဒုဿီလျစေတနာမှ ရှောင်ကြဉ်ကြောင်း ကာမာဝစရကုသိုလ်စိတ်နှင့် ယှဉ်သော ဝိရတီသည် 'ဝေရမဏီ' မည်၏။"

"ဝေရံ မဏာတိ ဝိနာသေတီတိ ဝေရမဏီ" ဝေရ+မဏ+ဤ—

ယာ ဝိရတီ၊ အကြင် ကာမာဝစရကုသိုလ်စိတ်နှင့် ယှဉ်သော ဝိရတီသည်။ ဝေရံ၊ ပါဏာတိပါတ စသော ဒုဿီလျစေတနာကို။ မဏာတိ ဝိနာသေတိ၊ ပယ်ဖျောက် ဖျက်ဆီးတတ်၏။ ဣတိ၊ ထို့ကြောင့်။ သာ ဝိရတီ၊ ထိုကာမာဝစရ ကုသိုလ်စိတ်နှင့်ယှဉ်သော ဝိရတီသည်။ ဝေရမဏီ၊ ဝေရမဏီ မည်၏။

"ပါဏာတိပါတ စသော ဒုဿီလျစေတနာကို ပယ်ဖျောက် ဖျက်ဆီးတတ်သော ကာမာဝစရကုသိုလ်စိတ်နှင့် ယှဉ်သော ဝိရတီသည် 'ဝေရမဏီ' မည်၏။"

ဝေရမဏီ-၌ လောကုတ္တရာ ဝိရတီလည်း ရှိ၏၊ သို့သော် ဤနေရာ၌ 'သမာဒိယာမိ'ဟု ဆိုခြင်းကြောင့် ဆောက်တည်သည်၏ အစွမ်းဖြင့် ဖြစ်ထိုက်သော ကာမာဝစရ ကုသိုလ်စိတ်နှင့် ယှဉ်သော လောကီ ဝိရတီကိုသာ လိုအပ်သည်။

> ကာမဉ္စေသာ ဝေရမဏီနာမ လောကုတ္တရာပိ အတ္ထိ၊ ဣဓ ပန သမာဒိယာမီတိ ဝုတ္တတ္တာ သမာဒါနဝသေန ပဝတ္တာရဟာ၊ တသ္မာ သာ န ဟောတီတိ ကာမာဝစရကုသလစိတ္တ သမ္ပယုတ္တာ ဝိရတီတိ ဝုတ္တာ။
>
> (ခုဒ္ဒကပါဌ ဋ္ဌကထာ)

ငါးပါးသီလ၏ ဝိရတီပြဋ္ဌာန်းခြင်းကြောင့် ဝိရတီငါးခုသည် ပါဏာတိပါတ စသော ဒုဿီလျစေတနာကို ပယ်ဖျောက်ဖျက်ဆီးတတ်သောကြောင့် ဝေရမဏီ မည်၏ ဟူလို။

ဝေရမဏိယောတိ ဧတ္ထ ဝေရံ ဝုစ္စတိ ပါဏာတိပါတာဒိ ဒုဿီလျ၊တဿ မဏနတော ဟနနတော. ဝိနာသနတော ဝေရမဏိယောနာမ ပဉ္စ ဝိရတိယော ဝိရတိ ပဋ္ဌာနတ္တာ တဿ သီလဿ။" (ဋီ)

**ဝိရတိ (၃) မျိုး**

"ပါဏာတိပါတာ ဝေရမဏီတိအာဒီသု ဝေရမဏီနာမ ဝိရတိ၊ သာ တိဝိဓာ ဟောတိ သမ္ပတ္တဝိရတိ, သမာဒါနဝိရတိ သေတုဃာတဝိရတီတိ"။

(ကင်္ခါဒနက္ခသုတ် အဋ္ဌကထာ)

၁။ သမ္ပတ္တ ဝိရတီ၊

၂။ သမာဒါန ဝိရတီ၊

၃။ သေတုဃာတ ဝိရတီ၊

ဟူ၍ ဝိရတီ သုံးမျိုးတည်း။

## သမ္ပတ္တဝိရတီနှင့် ဝတ္ထု

၁။ ရှေးအခါက သိက္ခာပုဒ်များကို ဆောက်တည်၍ မထားဘဲ ငါလို ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသား အမျိုးသမီး တဦးအနေနှင့် သူအသက်သတ်လို့ မတော်ပါကလား၊ ငါလို သက်ကြီး ရွယ်ကြီး တဦးအနေနှင့် သူဥစ္စာခိုးလို့ မတော်ပါကလား၊ ငါသည် မင်းမျိုးမင်းနွယ် သူဌေးသူကြွယ် ကုန်သည်ပွဲစား မျိုး ဖြစ်ပါလျက် သူ့မယားကို မှားယွင်းကျူးလွန်လို့ မတော်ပါကလား၊ ငါသည် ပညာတတ် လူရည်ချွန် အကြားအမြင်များသူ ဖြစ်ပါလျက် လိမ်လည် ပြောကြား မသားဆိုလို့ မတော်ပါကလား၊ ငါသည် ဂုဏ်သရေရှိ ပုဂ္ဂိုလ်တဦး ဖြစ်ပါလျက် အရက်သောက်လို့ မတော်ပါကလား၊ ဤသို့စသည်ဖြင့် မိမိ၏ ဇာတ်အရွယ် အမျိုးအနွယ် အကြားအမြင်များခြင်း စသည်တို့ကို ရှုငဲ့၍ ကျရောက်ရှိလာသော အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာ

ခိုးခြင်းမှ ရှောင်ကြဉ်ခြင်း၊ မှားယွင်းသော မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း- မုသားဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရက်သောက် ဘိန်းစားခြင်းမှ ရှောင်ကြဉ် ခြင်းသည် သမ္မတ္တဝိရတီမည်၏။

**ယုန်ငယ်ကိုဖမ်း**

ဤ သမ္မတ္တဝိရတီကို သီဟိုဠ်ကျွန်း "ဇဂ္ဂန" အမည်ရှိသော သီတင်းသည် ဒါယကာ၏ ဝိရတီကဲ့သို့ မှတ်ရမည်။

သီဟိုဠ်ကျွန်း၌ "ဇနဂ္ဂ" အမည် ရှိသော သီတင်းသည် ဒါယကာသည် မွေးမိခင်၏ရောဂါကို ကုစားရန် အကိုဖြစ်သူ၏ စေခိုင်းချက်အရ ယုန်သားအလို့ငှါ ယုန်ကို ရှာဖွေကြည့်ရှုလျက် တောအရပ်၌ လှည့်လည်သတတ်၊ ထိုအခိုက်တွင် ကောက်နုစားရန် လာသော ယုန်ငယ်တကောင်သည် 'ဇဂ္ဂန'သီတင်းသည် ဒါယကာကို မြင်၍ လျင်စွာပြေးလေလျှင် နွယ်ဖြင့် ဖွဲ့မိ၍ 'ကိရိ' 'ကိရိ'ဟူသော အသံကို ပြု၏၊ "ဇဂ္ဂန" သီတင်းသည်လည်း အသံကြားရာသို့ လိုက်သွား၍ ယုန်ငယ်ကို ဖမ်းယူပြီးလျှင် ဤယုန်သားဖြင့် မွေးမိခင်အား ဆေးကုအံ့ဟု ကြံစည်၏။

**ပြန်လွှတ်**

ထို့နောက် တဖန် ကြံစည်ပြန်သည်က "ငါသည် ဤယုန်ငယ်ကို သတ်၍ ယုန်သားဖြင့် မွေးမိခင်၏ ရောဂါကို ကုစားသဖြင့် မွေးမိခင်၏ ရောဂါမှာ ပျောက်ကင်းအံ့ မပျောက်ကင်းအံ့လည်း မသိ၊ စင်စစ်မှာတော့ ဤယုန်ငယ်သာ သေရပေအံ့၊ မွေးမိခင်၏ အသက်ဟူသော အကြောင်းကြောင့် ဤယုန်ငယ်၏ အသက်ကို သတ်ရခြင်းသည်လည်း မသင့်ပေ"ဟု ကြံစည်ပြီးလျှင် 'အသင် ယုန်ငယ်.... ချမ်းသာစွာ သွားလေတော့၊ တောခြေမြိုင်စပ် တောအရပ်ဝယ် ဇာတ်တူဖေါ်ချင်း ယုန်တသင်းတို့နှင့် ပျော်ခင်းသာထွေ မြက်နှင့်ရေကို စားပါလေတော့ သောက်ပါလေတော့'ဟု ဆို၍ လွှတ်လိုက်သတဲ့။

ဤကဲ့သို့ ရှေးအခါက ပါဏာတိပါတာ ဝေရမဏီ စသည်ဖြင့် သိက္ခာပုဒ်များကို ဆောက်တည်၍မထားဘဲ တွေ့ကြုံရောက်ရှိလာသော အသက်သတ်ခြင်း စသည်မှ ရှောင်ကြဉ်ခြင်းသည် သမ္မတ္တဝိရတီ မည်၏။

## သမာဒါနဝိရတိနှင့် ဝတ္ထု

(၂) ရှေးအခါက 'ပါဏာတိပါတာ ဝေရမဏီ' စသည်ဖြင့် သိက္ခာပုဒ်များကို ဆောက်တည်ထားပြီး အသက်ကိုပင် စွန့်ရသော်လည်း သိက္ခာပုဒ်ကို မကျူးလွန် မချိုးဖျက်ကုန်သောသူတို့၏ ဝိရတိသည် သမာဒါနဝိရတိ မည်၏။

ဤ သမာဒါနဝိရတိကို ဥတ္တရဝဍ္ဎမာနတောင်၌ နေသော သီတင်းသည် ဒါယကာ၏ ဝိရတိကဲ့သို့ မှတ်ရမည်။

### စပါးကြီးမြွေဖမ်း

ဥတ္တရဝဍ္ဎမာနတောင်၌ နေသော သီတင်းသည် ဒါယကာသည် အမ္ဗတိဿ အမည်ရှိသော ကျောင်းတိုက်၌နေသော ဆရာဖြစ်သော ပိင်္ဂလဗုဒ္ဓရက္ခိတ မထေရ်မြတ်၏အထံ၌ သိက္ခာပုဒ် သီလများကို ဆောက်တည်ထားပြီး လယ်တောသို့ သွား၍ လယ်ထွန်၏၊ ခေတ္တမျှထွန်ကိုဖြုတ်၍ နွားနေစဉ် နွားပျောက်သွားသဖြင့် လိုက်လံရှာဖွေရင်း ဥတ္တရဝဍ္ဎမာနတောင်သို့ တက်လေလျှင် ထိုတောင်၌ နေသော စပါးကြီးမြွေသည် ထိုသီတင်းသည် ဒါယကာကို အခွေတို့ဖြင့် ရစ်ပတ်ဖမ်းယူလေ၏။

### သီလအတွက် အသက်မငဲ့

ထိုအခါ သီတင်းသည် ဒါယကာသည် ဤထက်လှစွာသော ဓားဖြင့် မြွေ၏ ဦးခေါင်းကို ဖြတ်အံ့ဟု ကြံစည်လေ၏၊ ထိုနောက် တဖန် ကြံစည်ပြန်သည်ကား "ငါသည် ဆရာဖြစ်သော ပိင်္ဂလဗုဒ္ဓရက္ခိတမထေရ်မြတ်၏အထံ၌ သိက္ခာပုဒ်သီလများကို ဆောက်တည်ပြီး ထားပါလျက် အသက်ဟူသော အကြောင်းကြောင့် ဆောက်တည်ထားတဲ့ သိက္ခာပုဒ် သီလများကို ကျူးလွန် ချိုးဖျက်ခြင်းသည် မသင့်ပေ"ဟု သုံးကြိမ်တိုင်အောင် ကြံစည်ပြီးမှ ငါသည် အသက်ကို စွန့်တော့အံ့၊ သိက္ခာပုဒ်သီလကို မကျူးလွန် မချိုးဖျက်အံ့ဟု ဆုံးဖြတ်ပြီးလျှင် ပခုံး၌ လွယ်ထားသော ဓားကို တောသို့ ပစ်ချလိုက်သတဲ့၊ ထိုခဏမှာပင် စပါးကြီးမြွေလည်း ထိုသီတင်းသည် ဒါယကာကို လွှတ်၍ အခြားအရပ်သို့ ဖဲ့ခွါသွားသတတ်။

သုမင်္ဂလဝိလာသိနီ? (က) ၁၀၄-၁၅

ဤကဲ့သို့ ရှေးအခါက 'ပါဏာတိပါတာ ဝေရမဏီ' စသည်ဖြင့် သိက္ခာပုဒ် သီလများကို ထောက်ထားပြီး အသက်ကိုပင် စွန့်ရသော်လည်း သူ့အသက် သတ်ခြင်း စသည်ကို မပြု၊ ဆောက်တည်ထားတဲ့ သိက္ခာပုဒ်သီလကို မကျူးလွန် မချိုးဖျက်ဘဲ ရှောင်ကြဉ်ခြင်းသည် သမာဒါန ဝိရတီ မည်၏။

**သေတုဃာတဝိရတီ**

> 'သေတု ဝုစ္စတိ အရိယမဂ္ဂေါ၊ တပ္ပရိယာပန္နာ ဟုတွာ ပါပ-ဓမ္မာနံ သမုစ္ဆေဒ ဝသေန ဃာတနပ္ပဝတ္တာ ဝိရတိ သေတုဃာတ ဝိရတိ။' (ဋီ)

အရိယာမဂ်ကိုပင် 'သေတု'ဟု ဆိုသည်၊ ထိုအရိယာမဂ်၌ အကြုံးဝင်သည် ဖြစ်၍ အကုသိုလ်တရားတို့ကို အကြွင်းမဲ့ ဖြတ်ခြင်း၏ အစွမ်းဖြင့် သတ်တတ်သော ဝိရတီသည် 'သေတုဃာတဝိရတီ' မည်၏၊ သမ္မာဒိဋ္ဌိ စသော မဂ်နှင့်ယှဉ်သော ဝိရတီတည်း၊ ဤသေတုဃာတဝိရတီ ဖြစ်ရာအခါမှ စပြီး အရိယာပုဂ္ဂိုလ်တို့အား အသက်သတ်ခြင်း စသည်သည် စိတ်၌ပင် မဖြစ်ပြီ။

**ယောနိသိဒ္ဓ**

ကြိုးကြာငှက်တို့၏ ခံတွင်း၌ နို့ရည်နှင့်ရေ ရောနှော၍ သွင်းသော်လည်း နို့ချည်းသာ ဝင်၍ ရေမဝင်ပါလေ။

**ဓမ္မတာသိဒ္ဓ**

ထို့အတူပင် အရိယာပုဂ္ဂိုလ်တို့၏ ခံတွင်း၌ နို့ရည်နှင့် သေရည် ရောနှော၍ သွင်းပါသော်လည်း နို့ရည်သာ ဝင်၍ သေရည် မဝင်လေ၊ အရိယာပုဂ္ဂိုလ်တို့အား သေတုဃာတ ဝိရတီ ဖြစ်ရာအခါမှ စပြီး ဘဝတပါး၌ အသက်ဟူသော အကြောင်းကြောင့်သော်လည်း သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ သူ့မယားကို မှားယွင်းခြင်း၊ မုသား ပြောကြားခြင်း၊ အရက်သောက်ခြင်း၊ ဘိန်းစားခြင်း မည်သည် မရှိပြီ၊ ထို့ကြောင့် ဘဝအဆက်ဆက်ပင် ဝိရတီမပျက်၊ နိဗ္ဗာန်တိုင်အောင် သီလမြဲတော့၏။

**သိက္ခာပဒပုဒ်အနက်**

'သိက္ခိတဗ္ဗာတိ သိက္ခာ'

(ခုဒ္ဒကပါဠိ–၅)

သိက္ခိတဗ္ဗာ၊ ကျင့်အပ်၏။ ဣတိ၊ ထို့ကြောင့်။ သိက္ခာ၊ သိက္ခာမည်၏။

"ပါဏာတိပါတ စသော ဒုဿီလျစေတနာမှ ရှောင်ကြဉ်ခြင်း အကျင့်သည် ကျင့်အပ်သောကြောင့် 'သိက္ခာ' မည်၏။"

'ပဇ္ဇတေ အနေနာတိ ပဒံ'

အနေန၊ ဤအက္ခရာအပေါင်း သဒ္ဒါဖြင့်။ အတ္ထော၊ အနက်ကို။ ပဇ္ဇတေ၊ သိအပ်၏။ ဣတိ၊ ထို့ကြောင့်။ တံ၊ ထိုအက္ခရာအပေါင်း သဒ္ဒါသည်။ ပဒံ၊ ပုဒ်မည်၏။

"အက္ခရာအပေါင်း သဒ္ဒါသည် အနက်ကို သိကြောင်းဖြစ်သောကြောင့် 'ပုဒ်'မည်၏" (ပဒသဒ္ဒါ-သိကြောင်းဟော)

"သိက္ခာယ ပဒံ သိက္ခာပဒံ"

သိက္ခာယ၊ အကျင့်သိက္ခာ၏။ ပဒံ၊ အနက်ကို သိကြောင်းဖြစ်သော ပုဒ် သဒ္ဒါတည်း။ သိက္ခာပဒံ၊ အကျင့်သိက္ခာ၏ အနက်ကို သိကြောင်း ဖြစ်သော ပုဒ်သဒ္ဒါ။

"ပါဏာတိပါတ စသော ဒုဿီလျစေတနာမှ ရှောင်ကြဉ်ခြင်း အကျင့် သိက္ခာ၏ အနက်ကို သိကြောင်းဖြစ်သော အက္ခရာအပေါင်း ပုဒ်သဒ္ဒါများသည် 'သိက္ခာပုဒ်' မည်၏။" (သိက္ခာပဒဝိဘင်း အဋ္ဌကထာ၌ 'ပဒ' သဒ္ဒါ အဘို့ အစု ကုသိုလ်တရားတို့၏ တည်ရာ အနက်ဟောဟု လာသေး၏။)

**ဝေရမဏိသိက္ခာပဒ ပုဒ်အနက်**

"ဝေရမဏီ ဧဝ သိက္ခာပဒံ ဝေရမဏိသိက္ခာပဒံ"

ဝေရမဏီ ဧဝ၊ ပါဏာတိပါတ စသော ဒုဿီလျစေတနာမှ ရှောင်ကြဉ် ကြောင်းသည်သာလျှင် ဖြစ်သော။ သိက္ခာပဒံ၊ သိက္ခာပုဒ်တည်း။ ဝေရမဏိ

သိက္ခာပဒံ၊ ပါဏာတိပါတ စသော ဒုဿီလျစေတနာမှ ရှောင်ကြဉ်ကြောင်း သည်သာလျှင် ဖြစ်သော သိက္ခာပုဒ်။

"ပါဏာတိပါတ စသော ဒုဿီလျစေတနာမှ ရှောင်ကြဉ်ကြောင်းသာလျှင် ဖြစ်သော သိက္ခာပုဒ်သည် 'ဝေရမဏိသိက္ခာပဒ' မည်၏။"

**သမာဒိယာမိ ပုဒ်အနက်**

"သမ္မာ အာဒိယာမိ သမာဒိယာမိ၊ အစိတိက္ကမနာဓိပ္ပါယေန အခဏ္ဍကာရိတာယ အစ္ဆိဒ္ဒကာရိတာယ အသဗလကာရိတာယ စ အာဒိယာမီတိ ဝုတ္တံ ဟောတိ။"

(ခုဒ္ဒကပါဌ ဋ္ဌကထာ)

သမာဒိယာမိ=သံ+အာဒိယာမိ၊ သံ- ကောင်းစွာ၊ အာဒိယာမိ- ယူပါ၏၊ သမာဒိယာမိ- ကောင်းမွန်စွာ ယူပါ၏။

"ကောင်းမွန်စွာ သိက္ခာပုဒ်များကို မကျူးလွန်လိုသော အလိုဖြင့် မကျိုး, မပေါက်, မပျောက်, မကျား ရအောင် ပြုခြင်းငှါ ခံယူပါ၏ ဆောက်တည်ပါ၏ ဟူလို။"

**သိက္ခာပုဒ် အနက်များ**

၁။ ပါဏာတိပါတာ၊ သူ၏ အသက်ကို လျင်စွာ ချကြောင်းဖြစ်သော အကုသိုလ် စေတနာမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူပါ၏။

၂။ အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါး ဥစ္စာကို ခိုးယူကြောင်းဖြစ်သော အကုသိုလ်စေတနာမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ၊ အဂမနီယ ဝတ္ထုကာမတို့၌ မှားမှားယွင်းယွင်း ပြုကျင့်ကြောင်းဖြစ်သော အကုသိုလ်စေတနာမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။သမာဒိယာမိ၊ ကောင်းစွာ ခံယူပါ၏။

၄။ မုသာဝါဒါ၊ မဟုတ်မမှန်သော ဝတ္ထုကို အဟုတ်အမှန်ပြု၍ လိမ်လည် ပြောဆိုကြောင်းဖြစ်သော အကုသိုလ်စေတနာမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။သမာဒိယာမိ၊ ကောင်းစွာ ခံယူပါ၏။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ မူးယစ် မေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေရည်ငါးပါး, အရက်ငါးပါး ယစ်မျိုးများကို သောက် စားကြောင်းဖြစ်သော အကုသိုလ်စေတနာမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူပါ၏။

အပေါင်း၌—

* ပဉ္စင်္ဂသမန္နာဂတံ၊ အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော။ သီလံ၊ သီလကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူပါ၏။

**အနည်းနည်း အဖုံဖုံ ငါးပါးသီလ ဆောက်တည်ပုံ**

ပါဠိသက်သက် ဆောက်တည်ပုံ

၁။ ပါဏာတိပါတာ ဝေရမဏီ၊
၂။ အဒိန္နာဒါနာ ဝေရမဏီ၊
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ၊
၄။ မုသာဝါဒါ ဝေရမဏီ၊
၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ။

(ပုဂ္ဂလပညတ် ပါဠိတော်)

**တနည်း**

'အဋ္ဌတဂ္ဂေ ပါဏုပေတံ'

၁။ ပါဏံ န ဟနာမိ၊

၂။ အဒိန္နံ နာဒိယာမိ၊

၃။ မိစ္ဆာစာရံ န စရာမိ၊

၄။ မုသာ န ဘဏာမိ၊

၅။ မဇ္ဇံ န ပိဝါမိ။

**တနည်း**

'အဋ္ဌတဂ္ဂေ ပါဏုပေတံ'

၁။ ပါဏာတိပါတာ ဝိရမာမိ၊

၂။ အဒိန္နာဒါနာ ဝိရမာမိ၊

၃။ ကာမေသုမိစ္ဆာစာရာ ဝိရမာမိ၊

၄။ မုသာဝါဒါ ဝိရမာမိ၊

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝိရမာမိ၊

**တနည်း**

'အဋ္ဌတဂ္ဂေ ပါဏုပေတံ'

၁။ ပါဏာတိပါတာ ဝေရမဏိံ သမာဒိယာမိ၊

၂။ အဒိန္နာဒါနာ ဝေရမဏိံ သမာဒိယာမိ၊

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိံ သမာဒိယာမိ၊

၄။ မုသာဝါဒါ ဝေရမဏိံ သမာဒိယာမိ၊

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိံ သမာဒိယာမိ။

(ရှင်း အဋ္ဌကထာ)

တနည်း

၁။ ပါဏာတိပါတာ ဝေရမဏီ၊

၂။ အဒိန္နာဒါနာ ဝေရမဏီ၊

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ၊

၄။ မုသာဝါဒါ ဝေရမဏီ၊

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ။

(မဟာခန္ဓက ပါဠိတော်နည်း)

ဝေရမဏီ ဝေရမဏိ ဝေရမဏီ-ဟု ပါဌ်သုံးမျိုး ကွဲလျက်ရှိ၏။

တနည်း

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(ခုဒ္ဒကပါဠ)

**ပါဠိမြန်မာ ဆောက်တည်ပုံ**

၁။ ပါဏာတိပါတာ၊ သူ့အသက်ကိုသတ်ခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ပါ၏။

၂။ အဒိန္နာဒါနာ၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ၊ မေထုန်အကျင့်တို့၌ ယုတ်မာစွာ ကျင့်ခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ပါ၏။

၄။ မုသာဝါဒါ၊ လိမ်ညာပြောကြား မုသားဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ပါ၏။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မူးယစ် မေ့လျော့ ကြောင်း ဖြစ်သော သေအရက်တို့ကို သောက်ခြင်းမှ။ ဝေရမဏိ၊ ရှောင်ကြဉ်ပါ၏။

**တနည်း**

အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ အဟံ၊ ငါသည်။

၁။ ပါဏံ၊ သတ္တဝါကို။ န ဟနာမိ၊ မသတ်ပါ။

၂။ အဒိန္နံ၊ အရှင်မပေးသော ပစ္စည်းကို။ နာဒိယာမိ၊ မခိုးယူပါ။

၃။ မိစ္ဆာစာရံ၊ မေထုန်အကျင့်တို့၌ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာသောအကျင့်ကို။ န စရာမိ၊ မပြုကျင့်ပါ။

၄။ မုသာ၊ မုသားစကားကို။ န ဘဏာမိ၊ မဆိုပါ။

၅။ မဇ္ဇံ၊ ယစ်မျိုးကို။ န ပိဝါမိ၊ မသောက် မမျိုပါ။

**တနည်း**

အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ အဟံ၊ ငါသည်။

၁။ ပါဏာတိပါတာ၊သူ့အသက်ကိုသတ်ခြင်းမှ။ဝိရမာမိ၊ရှောင်ကြဉ်ပါ၏။

၂။ အဒိန္နာဒါနာ၊ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းမှ။ ဝိရမာမိ၊ ရှောင်ကြဉ်ပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ၊ အဂမနီယ ဝတ္ထုကာမတို့၌ မှားမှားယွင်းယွင်း ပြုကျင့်ခြင်းမှ။ ဝိရမာမိ၊ ရှောင်ကြဉ်ပါ၏။

၄။ မုသာဝါဒါ၊ လိမ်လည်ပြောကြား မုသားဆိုခြင်းမှ။ ဝိရမာမိ၊ ရှောင်ကြဉ်ပါ၏။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မူးယစ် မေ့လျော့ ကြောင်း ဖြစ်သော သေအရက် ဘိန်း ယစ်မျိုးများကို သောက်မျိုခြင်းမှ။ ဝိရမာမိ၊ ရှောင်ကြဉ်ပါ၏။

**တနည်း**

အဇ္ဈတ်ဂေ့၊ ယနေ့ကိုအစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ အပဟံ၊ ငါသည်။

၁။ ပါဏာတိပါတာ၊ သူ့အသက်ကိုသတ်ခြင်းမှ။ ဝေရမဏိံ၊ ရှောင်ကြဉ်တတ်, ရှောင်ကြဉ်ကြောင်း, ရှောင်ကြဉ်ခြင်း (ဝိရတီ) သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ၊ အရှင်မပေးသော ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏိံ၊ ရှောင်ကြဉ်တတ်, ရှောင်ကြဉ်ကြောင်း, ရှောင်ကြဉ်ခြင်း (ဝိရတီ) သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူ ဆောက်တည်ပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ၊ မေထုန် အကျင့်တို့၌ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာစွာ ပြုကျင့်ခြင်းမှ။ ဝေရမဏိံ၊ ရှောင်ကြဉ်တတ်, ရှောင်ကြဉ်ကြောင်း, ရှောင်ကြဉ်ခြင်း (ဝိရတီ) သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူ ဆောက်တည်ပါ၏။

၄။ မုသာဝါဒါ၊ လိင်လည် ပြောကြား မုသားဆိုခြင်းမှ။ ဝေရမဏိံ၊ ရှောင်ကြဉ်တတ်, ရှောင်ကြဉ်ကြောင်း, ရှောင်ကြဉ်ခြင်း (ဝိရတီ) သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူ ဆောက်တည်ပါ၏။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ မူးယစ် မေ့လျော့ကြောင်း ဖြစ်သော အရက် ဘိန်း ယစ်မျိုးများကို သောက်မျိုခြင်းမှ။ ဝေရမဏိံ၊ ရှောင်ကြဉ်တတ်, ရှောင်ကြဉ်ကြောင်း, ရှောင်ကြဉ်ခြင်း (ဝိရတီ) သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူ ဆောက်တည်ပါ၏။

**တနည်း**

၁။ ပါဏာတိပါတာ၊ သူ့အသက်ကို သက်ခြင်းမှ။ ဝေရမဏိ၊ ရှောင်ကြဉ်ပါ၏။

၂။ အဒိန္နာဒါနာ၊ မပေးသည်ကိုယူခြင်းမှ။ ဝေရမဏိ၊ ရှောင်ကြဉ်ပါ၏။

၃။ ကာမေသု မိစ္ဆာစာရာ၊ ယုတ်မာ မှားယွင်းသော မေထုန်အကျင့်မှ။ ဝေရမဏိ၊ ရှောင်ကြဉ်ပါ၏။

သုမင်္ဂလဝိ (က) ၁၀၇-၃

၄။ မုသာဝါဒါ၊ လိမ်လည်ပြောကြား မုသားဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ပါ၏။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မူးယစ် မေ့လျော့ကြောင်း ဖြစ်သော အရက် ဘိန်း ယစ်မျိုးများကို သောက်မျိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ပါ၏။

**မြန်မာသက်သက် ဆောက်တည်ပုံ**

ဘုရား, တရား, သံဃာ ရတနာသုံးပါးထံ ဆောက်တည်လျှင်—

တပည့်တော်သည်-တပည့်တော်မသည်။

အခြား- လူ, သီလရှင်များထံ ဆောက်တည်လျှင်—

ကျနော်သည်-ကျမသည်။

ယနေ့ ယခုအချိန်မှစ၍ သေသည်တိုင်အောင်—

၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ပါမည်။

၂။ သူ့ဥစ္စာ ခိုးခြင်းမှ ရှောင်ကြဉ်ပါမည်။

၃။ မိမိမယားမှ တပါးသော မိန်းမတို့၌ မေထုန်အမှုကို ပြုခြင်းမှ ရှောင်ကြဉ်ပါမည်။ (ယောကျ်ားများအတွက်)

* မိမိလင်ယောကျ်ားမှ တပါးသော ယောကျ်ားများနှင့် မေထုန်အမှုကို ပြုခြင်းမှ ရှောင်ကြဉ်ပါမည်။ (မိန်းမများအတွက်)

၄။ လိင်လည်ပြောကြား မုသားဆိုခြင်းမှ ရှောင်ကြဉ်ပါမည်။

၅။ အရက် ဘိန်း ယစ်မျိုးများကို သောက်စား ရှူ မျိုခြင်းမှ ရှောင်ကြဉ်ပါမည်။

**တနည်း**

တပည့်တော်သည်, တပည့်တော်မသည်၊ ကျနော်သည်, ကျမသည်၊ ယနေ့ ယခုအချိန်မှ စ၍ သေဆုံးချိန်ကျအောင်၊

၁။ သူ့အသက်ကို မသတ်ပါ။

၂။ သူ့ဥစ္စာကို မခိုးယူပါ။

၃။ မိမိမယားမှ တပါးသော မိန်းမတို့၌ မေထုန်အမှုကို မပြုပါ။ (ယောကျ်ား)

* မိမိလင်ယောကျ်ားမှ တပါးသော ယောကျ်ားများနှင့် မေထုန်အမှုကို မပြုပါ။ (မိန်းမ)

၄။ လိမ်လည်ပြောကြား မုသား မဆိုပါ။

၅။ အရက်, ဘိန်း ယစ်မျိုးများကို မသောက် မစားပါ။

**တနည်း**

တပည့်တော်သည်(ကျား) တပည့်တော်မသည်(မ) ကျနော်သည်(ကျား) ကျမသည်(မ) ယနေ့ ယခုအချိန်ကို အစပြုပြီး အသက်ထက်ဆုံး—

၁။ သတ္တဝါကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၂။ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။

၃။ မသွားသင့်သော မေထုန်အမှုမှ ရှောင်ကြဉ်ပါ၏။

၄။ မုသားဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

၅။ အရက်သောက်ခြင်း, ဘိန်းစားခြင်းမှ ရှောင်ကြဉ်ပါ၏။

**တနည်း**

တပည့်တော်သည်, တပည့်တော်မသည်၊ ကျနော်သည်, ကျမသည်၊ ယနေ့ ယခု အချိန်မှ အစပြု၍ ခန္ဓာပျက်သည်း သေဆုံးသည်တိုင်အောင်—

၁။ သတ္တဝါကို သတ်ခြင်းအမှုမှ ရှောင်ကြဉ်သောအကျင့်ကို ဆောက်တည် ကျင့်သုံးပါမည်။

၂။ မပေးသည်ကို ခိုးယူခြင်းအမှုမှ ရှောင်ကြဉ်သော အကျင့်ကို ဆောက်တည် ကျင့်သုံးပါမည်။

၃။ မသွားသင့်သော မေထုန်အမှုမှ ရှောင်ကြဉ်သောအကျင့်ကို ဆောက်တည် ကျင့်သုံးပါမည်။

၄။ လိမ်လည်ပြောကြားသောအမှုမှ ရှောင်ကြဉ်သောအကျင့်ကို ဆောက်တည် ကျင့်သုံးပါမည်။

၅။ အရက်သောက်ခြင်း, ဘိန်းစားခြင်းအမှုမှ ရှောင်ကျဉ်သောအကျင့်ကို ဆောက်တည် ကျင့်သုံးပါမည်။

## လေ့ကျင့်ခန်း မေးခွန်းများ

၁။ (က) ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊
(ခ) ဝိရမဏိသိက္ခာပဒံ သမာဒိယာမိ
နှစ်မျိုးရှိရာ အသင့်ယုတ္တိ ရွတ်ဆို မှန်ကန်မှု ရှိပုံကို ဖြေပါ။

၂။ ဝေရမဏီ-ပုဒ်အနက်ကို ဖြေဆိုခဲ့ပါ။

၃။ အဘယ်သည် ဝေရမဏီ မည်သနည်း၊ ၎င်း၌ လောကုတ္တရာဝိရတီ ပါဝင်ထိုက်-မထိုက်ကို အထောက်ပြ၍ ဖြေပါ။

၄။ ဝိရတီ (၃)မျိုးကို ရေတွက်ပြပါ။

၅။ သမ္ပတ္တဝိရတီဟူသည် အဘယ်နည်း၊ ဝတ္ထုသက်သေနှင့်တကွ ပြပါ။

၆။ သမာဒါနဝိရတီဟူသည် အဘယ်နည်း၊ ဝတ္ထုသက်သေနှင့်တကွ ပြပါ။

၇။ 'သေတုဃာတ' ဝိရတီဟူသည် အဘယ်နည်း။

၈။ ကြိုးကြာငှက်တို့၏ ခံတွင်း၌ နို့ရည်နှင့်ရေ ရော၍ သွင်းရာ နို့ရည်သာ ဝင်၍ ရေမဝင်ခြင်းသည် အဘယ့်ကြောင့်နည်း။

၉။ အရိယာပုဂ္ဂိုလ်တို့၏ ခံတွင်း၌ နို့ရည်နှင့်အရက် ရော၍ သွင်းရာ နို့ရည်သာ ဝင်၍ အရက်မဝင်ချင်းသည် အဘယ့်ကြောင့်နည်း။

၁၀။ အရိယာပုဂ္ဂိုလ်တို့အား ဘဝအဆက်ဆက် ဝိရတီမပျက်၊ နိဗ္ဗာန်တိုင်အောင် သီလမြဲရာ၌ အကြောင်းပြခဲ့ပါ။

၁၁။ သိက္ခာပဒ-ပုဒ်အနက်နှင့် အဘယ်ကို သိက္ခာပုဒ် ခေါ်သနည်း ဖြေပါ။

၁၂။ အဘယ်သည် 'ဝေရမဏီသိက္ခာပဒ' မည်သနည်း။

၁၃။ သမာဒိယာမိ ပုဒ်၏ အနက်အဓိပ္ပါယ်ကို ဖြေပါ။

၁၄။ ငါးပါးသီလ-သိက္ခာပုဒ် ပါဠိ၏အနက်များကို ဖြေပါ။

၁၅။ ငါးပါးသီလ ဆောက်တည်ပုံကို ပါဠိသက်သက် မြန်မာသက်သက် ပါဠိမြန်မာ ကြိုက်ရာဖြေပါ။

## ငါးပါးသီလ အကျိုးပြ

(ပဉ္စကနိပါတ် အင်္ဂုတ္တိုရ် ဥပါသကဝဂ် ဝေရသုတ်မှ)

**ပစ္စုပ္ပန်**

၁။ ယံ ဂဟပတိ, ပါဏာတိပါတီ ပါဏာတိပါတပစ္စယာ ဒိဋ္ဌဓမ္မိကမ္ပိ ဘယံ ဝေရံ ပသဝတိ၊ သမ္ပရာယိကမ္ပိ ဘယံ ဝေရံ ပသဝတိ၊ စေတသိကမ္ပိ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ၊ ပါဏာတိပါတာ ပဋိဝိရတော နေဝ ဒိဋ္ဌဓမ္မိကံ ဘယံ ဝေရံ ပသဝတိ၊ န သမ္ပရာယိကံ ဘယံ ဝေရံ ပသဝတိ၊ န စေတသိကံ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ၊ ပါဏာတိပါတာ ပဋိဝိရတဿ ဧဝံ တံ ဘယံ ဝေရံ ဝူပသန္တံ ဟောတိ။

၂။ ယံ ဂဟပတိ, အဒိန္နာဒါယီ အဒိန္နာဒါနပစ္စယာ ဒိဋ္ဌဓမ္မိကမ္ပိ ဘယံ ဝေရံ ပသဝတိ၊ သမ္ပရာယိကမ္ပိ ဘယံ ဝေရံ ပသဝတိ၊ စေတသိကမ္ပိ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ၊ အဒိန္နာဒါနာ ပဋိဝိရတော နေဝ ဒိဋ္ဌဓမ္မိကံ ဘယံ ဝေရံ ပသဝတိ၊ န သမ္ပရာယိကံ ဘယံ ဝေရံ ပသဝတိ၊ န စေတသိကံ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ၊ အဒိန္နာဒါနာ ပဋိဝိရတဿ ဧဝံ တံ ဘယံ ဝေရံ ဝူပသန္တံ ဟောတိ။

၃။ ယံ ဂဟပတိ, ကာမေသုမိစ္ဆာစာရီ ကာမေသုမိစ္ဆာစာရပစ္စယာ ဒိဋ္ဌဓမ္မိကမ္ပိ ဘယံ ဝေရံ ပသဝတိ၊ သမ္ပရာယိကမ္ပိ ဘယံ ဝေရံ ပသဝတိ၊ စေတသိကမ္ပိ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ၊ ကာမေသုမိစ္ဆာစာရာ ပဋိဝိရတော နေဝ ဒိဋ္ဌဓမ္မိကံ ဘယံ ဝေရံ ပသဝတိ၊ န သမ္ပရာယိကံ ဘယံ ဝေရံ ပသဝတိ၊ န စေတသိကံ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ၊ ကာမေသုမိစ္ဆာစာရာ ပဋိဝိရတဿ ဧဝံ တံ ဘယံ ဝေရံ ဝူပသန္တံ ဟောတိ။

၄။ ယံ ဂဟပတိ, မုသာဝါဒီ မုသာဝါဒပစ္စယာ ဒိဋ္ဌဓမ္မိကမ္ပိ ဘယံ ဝေရံ ပသဝတိ၊ သမ္ပရာယိကမ္ပိ ဘယံ ဝေရံ ပသဝတိ၊ စေတသိကမ္ပိ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ၊ မုသာဝါဒါ ပဋိဝိရတော နေဝ ဒိဋ္ဌဓမ္မိကံ ဘယံ ဝေရံ ပသဝတိ၊ န သမ္ပရာယိကံ ဘယံ ဝေရံ ပသဝတိ၊ န စေတသိကံ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ၊ မုသာဝါဒါ ပဋိဝိရတဿ ဧဝံ တံ ဘယံ ဝေရံ ဝူပသန္တံ ဟောတိ။

၅။ ယံ ဂဟပတိ, သုရာမေရယမဇ္ဇပမာဒဋ္ဌာယီ သုရာမေရယမဇ္ဇပမာဒဋ္ဌာနပစ္စယာ ဒိဋ္ဌဓမ္မိကမ္ပိ ဘယံ ဝေရံ ပသဝတိ၊ သမ္ပရာယိကမ္ပိ ဘယံ ဝေရံ ပသဝတိ၊ စေတသိကမ္ပိ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော နေဝ ဒိဋ္ဌဓမ္မိကံ ဘယံ ဝေရံ ပသဝတိ၊ န သမ္ပရာယိကံ ဘယံ ဝေရံ ပသဝတိ၊ န စေတသိကံ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတဿ ဧဝံ တံ ဘယံ ဝေရံ ဝူပသန္တံ ဟောတိ။

**အသက်သတ်လျှင် ရန်များ**

**အနက်**

၁။ ဂဟပတိ၊ ဒါယကာ သူဌေးကြီး။ ပါဏာတိပါတီ၊ သူ့အသက်ကို သတ်လေ့ရှိသူသည်။ ပါဏာတိပါတပစ္စယာ၊ သူ့အသက်ကိုသတ်ခြင်း

ဟူသော အကြောင်းကြောင့်။ ဒိဋ္ဌဓမ္မိကံ၊ မျက်မှောက် အတ္တဘော၌ ဖြစ်သော။ ယမ္ပိ ဘယံ၊ အကြင် ဘေးကိုရင်း။ ယမ္ပိ ဝေရံ၊ အကြင် ရန်ကိုရင်း။ ပသဝတိ၊ ပွားစေ၏။ သမ္ပရာယိကံ၊ တမလွန်၌ ဖြစ်သော။ ယမ္ပိ ဘယံ၊ အကြင် ဘေးကိုရင်း။ ယမ္ပိ ဝေရံ၊ အကြင် ရန်ကိုရင်း။ ပသဝတိ၊ ပွားစေ၏။ စေတသိကံ၊ စိတ်ကိုမှီ၍ ဖြစ်သော။ ဒုက္ခမ္ပိ၊ ကိုယ်၏ ဆင်းရဲခြင်းကိုရင်း။ ဒေါမနဿမ္ပိ၊ နှလုံးမသာယာခြင်းကိုရင်း။ ပဋိသံဝေဒေတိ၊ ခံစားရ၏။

## အသက် မသတ်လျှင် ရန်ငြိမ်း

ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သော ပုဂ္ဂိုလ်သည်။ ဒိဋ္ဌဓမ္မိကံ၊ မျက်မှောက် အတ္တဘော၌ ဖြစ်သော။ တံ ဘယံ၊ထိုဘေးကို။ တံ ဝေရံ၊ ထိုရန်ကို။ နေဝ ပသဝတိ၊ မပွားစေသည်သာ။ သမ္ပရာယိကံ၊ တမလွန်၌ ဖြစ်သော။ တံ ဘယံ၊ ထိုဘေးကို။ တံ ဝေရံ၊ ထိုရန်ကို။ န ပသဝတိ၊ မပွားစေ။ စေတသိကံ၊ စိတ်ကိုမှီ၍ဖြစ်သော။တံ ဒုက္ခံ၊ထိုကိုယ်၏ဆင်းရဲခြင်းကို။တံ ဒေါမနဿံ၊ ထိုနှလုံး မသာယာခြင်းကို။ န ပဋိသံဝေဒေတိ၊ မခံစားရ။ ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။ ပဋိဝိရတဿ၊ ရှောင်ကြဉ်သော ပုဂ္ဂိုလ်အား။ ဧဝံ၊ ဤသို့။ တံ ဘယံ၊ ထိုဘေးသည်။ တံ ဝေရံ၊ ထိုရန်သည်။ ဝူပသန္တံ၊ ငြိမ်းအေးသည်။ ဟောတိ၊ ဖြစ်၏။

## ဥစ္စာခိုးလျှင် ရန်ပွား

၂။ ဂဟပတိ၊ ဒါယကာသူဌေးကြီး။အဒိန္နာဒါယီ၊အရှင်မပေးသော ပစ္စည်း ဥစ္စာကို ခိုးယူလေ့ရှိသူသည်။ အဒိန္နာဒါနပစ္စယာ၊ အရှင်မပေးသော ပစ္စည်းဥစ္စာကို ခိုးယူခြင်းဟူသော အကြောင်းကြောင့်။ ဒိဋ္ဌဓမ္မိကံ၊ မျက်မှောက်အတ္တဘော၌ဖြစ်သော။ ယမ္ပိ ဘယံ၊ အကြင်ဘေးကိုရင်း။ ယမ္ပိ ဝေရံ၊ အကြင်ရန်ကိုရင်း။ ပသဝတိ၊ ပွားစေ၏။ သမ္ပရာယိကံ၊ တမလွန်၌ဖြစ်သော။ ယမ္ပိ ဘယံ၊ အကြင် ဘေးကိုရင်း။ ယမ္ပိ ဝေရံ၊ အကြင် ရန်ကိုရင်း။ ပသဝတိ၊ ပွားစေ၏။ စေတသိကံ၊ စိတ်ကိုမှီ၍

ဖြစ်သော။ ဒုက္ခမ္ပိ၊ ကိုယ်၏ ဆင်းရဲခြင်းကိုငင်း။ ဒေါမနဿမ္ပိ၊ နှလုံး မသာယာခြင်းကိုငင်း။ ပဋိသံဝေဒေတိ၊ ခံစားရ၏။

**ဥစ္စာ မခိုးလျှင် ရန်ငြိမ်း**

အဒိန္နာဒါနာ၊ အရှင်မပေးသော ဥစ္စာပစ္စည်းကို ခိုးယူခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သော ပုဂ္ဂိုလ်သည်။ ဒိဋ္ဌေဝမ္မိကံ၊ မျက်မှောက် အတ္တဘော၌ ဖြစ်သော။ တံ ဘယံ၊ ထိုဘေးကို။ တံ ဝေရံ၊ ထိုရန်ကို။ နေဝ ပသဝတိ၊ မပွားစေသည်သာ။ သမ္ပရာယိကံ၊ တမလွန်၌ဖြစ်သော။ တံ ဘယံ၊ ထိုဘေးကို။ တံ ဝေရံ၊ ထိုရန်ကို။ န ပသဝတိ၊ မပွားစေ။ စေတသိကံ၊ စိတ်ကိုမှီ၍ဖြစ်သော။ တံ ဒုက္ခံ၊ ထိုကိုယ်၏ဆင်းရဲခြင်းကို။ တံ ဒေါမနဿံ၊ ထိုနှလုံးမသာယာခြင်းကို။န ပဋိသံဝေဒေတိ၊ မခံစားရ။ အဒိန္နာဒါနာ၊ အရှင်မပေးသော ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ။ ပဋိဝိရတဿ၊ ရှောင်ကြဉ်သောပုဂ္ဂိုလ်အား။ ဧဝံ၊ ဤသို့။ တံ ဘယံ၊ ထိုဘေး သည်။တံ ဝေရံ၊ထိုရန်သည်။ဝူပသန္တံ၊ငြိမ်းအေးသည်။ဟောတိ၊ ဖြစ်၏။

**မိစ္ဆာမှားလျှင် ရန်ပွား**

၃။ ဂဟပတိ၊ ဒါယကာသူဌေးကြီး။ ကာမေသုမိစ္ဆာစာရီ၊ မေထုန်အကျင့် တို့၌ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာစွာကျင့်လေ့ရှိသူသည်။ ကာမေသုမိစ္ဆာစာရ ပစ္စယာ၊ မေထုန်အကျင့်တို့၌ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာစွာ ကျင့်ခြင်း ဟူသော အကြောင်းကြောင့်။ ဒိဋ္ဌေဝမ္မိကံ၊ မျက်မှောက် အတ္တဘော၌ ဖြစ်သော။ ယမ္ပိ ဘယံ၊ အကြင်ဘေးကိုငင်း။ ယမ္ပိ ဝေရံ၊ အကြင် ရန်ကိုငင်း။ ပသဝတိ၊ ပွားစေ၏။ သမ္ပရာယိကံ၊ တမလွန်၌ဖြစ်သော။ ယမ္ပိ ဘယံ၊ အကြင်ဘေးကိုငင်း။ ယမ္ပိ ဝေရံ၊ အကြင်ရန်ကိုငင်း။ ပသဝတိ၊ ပွားစေ၏။ စေတသိကံ၊ စိတ်ကိုမှီ၍ဖြစ်သော။ဒုက္ခမ္ပိ၊ကိုယ်၏ ဆင်းရဲခြင်းကိုငင်း။ ဒေါမနဿမ္ပိ၊ နှလုံးမသာယာခြင်းကိုငင်း။ ပဋိ-သံဝေဒေတိ၊ ခံစားရ၏။

**မိစ္ဆာ မမှားလျှင် ရန်ငြိမ်း**

ကာမေသုမိစ္ဆာစာရာ၊ မေထုန်အကျင့်တို့၌ ကဲ့ရဲ့ဘွယ်ရာယုတ်မာစွာ ကျင့်ခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သောပုဂ္ဂိုလ်သည်။ ဒိဋ္ဌေဝမ္မိကံ၊

မျက်မှောက်အတ္တဘော၌ဖြစ်သော။ တံ ဘယံ၊ ထို ဘေးကို။ တံ ဝေရံ၊ ထိုရန်ကို။ နေဝ ပသဝတိ၊ မပွားစေသည်သာ။သမ္ပရာယိကံ၊ တမလွန်၌ ဖြစ်သော။ တံ ဘယံ၊ ထိုဘေးကို။ တံ ဝေရံ၊ ထိုရန်ကို။ န ပသဝတိ၊ မပွားစေ။ စေတသိကံ၊ စိတ်ကိုမှီ၍ဖြစ်သော။ တံ ဒုက္ခံ၊ ထိုဆင်းရဲကို။ တံ ဒေါမနဿံ၊ ထိုနှလုံးမသာယာခြင်းကို။န ပဋိသံဝေဒေတိ၊ မခံစားရ။ ကာမေသုမိစ္ဆာစာရာ၊ မေထုန်အကျင့်တို့၌ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာစွာ ကျင့်ခြင်းမှ။ ပဋိဝိရတဿ၊ရှောင်ကြဉ်သော ပုဂ္ဂိုလ်အား။ ဧဝံ၊ ဤသို့။ တံ ဘယံ၊ ထိုဘေးသည်။ တံ ဝေရံ၊ ထိုရန်သည်။ ဝူပသန္တံ၊ ငြိမ်းအေး သည်။ ဟောတိ၊ ဖြစ်၏။

## မုသာ ဆိုလျှင် ရန်ပွား

၄။ ဂဟပတိ၊ ဒါယကာသူဌေးကြီး။ မုသာဝါဒီ၊ လိမ်လည်ပြောကြား မုသားဆိုလေ့ ရှိသူသည်။ မုသာဝါဒပစ္စယာ၊ လိမ်လည်ပြောကြား မုသားဆိုခြင်းဟူသော အကြောင်းကြောင့်။ ဒိဋ္ဌဓမ္မိကံ၊ မျက်မှောက် အတ္တဘော၌ဖြစ်သော။ ယမ္ပိ ဘယံ၊ အကြင်ဘေးကိုငှင်း။ ယမ္ပိ ဝေရံ၊ အကြင်ရန်ကိုငှင်း။ ပသဝတိ၊ ပွားစေ၏။ သမ္ပရာယိကံ၊ တမလွန်၌ ဖြစ်သော။ ယမ္ပိ ဘယံ၊ အကြင်ဘေးကိုငှင်း။ ယမ္ပိ ဝေရံ၊ အကြင်ရန် ကိုငှင်း။ ပသဝတိ၊ ပွားစေ၏။ စေတသိကံ၊ စိတ်ကိုမှီ၍ဖြစ်သော။ ဒုက္ခမ္ပိ၊ ကိုယ်၏ဆင်းရဲခြင်းကိုငှင်း။ ဒေါမနဿမ္ပိ၊ နှလုံးမသာယာခြင်း ကိုငှင်း။ ပဋိသံဝေဒေတိ၊ ခံစားရ၏။

## မုသား မဆိုလျှင် ရန်ငြိမ်း

မုသာဝါဒါ၊ လိမ်လည်ပြောကြား မုသားဆိုခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သော ပုဂ္ဂိုလ်သည်။ ဒိဋ္ဌဓမ္မိကံ၊ မျက်မှောက် အတ္တဘော၌ ဖြစ်သော။ တံ ဘယံ၊ ထိုဘေးကို။ တံ ဝေရံ၊ ထိုရန်ကို။ နေဝ ပသဝတိ၊ မပွားစေသည်သာ။ သမ္ပရာယိကံ၊ တမလွန်၌ဖြစ်သော။ တံ ဘယံ၊ ထိုဘေးကို။ တံ ဝေရံ၊ ထို ရန်ကို။ န ပသဝတိ၊ မပွားစေ။ စေတသိကံ၊ စိတ်ကိုမှီ၍ဖြစ်သော။ တံ ဒုက္ခံ၊ ထိုကိုယ်၏ ဆင်းရဲခြင်းကို။ တံ

ဒေါမနဿံ၊ ထို နှလုံး မသာယာခြင်းကို။ န ပဋိသံဝေဒေတိ၊ မခံစားရ။ မုသာဝါဒါ၊ လိမ်လည် ပြောကြား မုသားဆိုခြင်းမှ။ ပဋိဝိရတဿ၊ ရှောင်ကြဉ်သော ပုဂ္ဂိုလ်အား။ ဧဝံ၊ ဤသို့။ တံ ဘယံ၊ ထိုဘေးသည်။ တံ ဝေရံ၊ ထိုရန်သည်။ ဝူပသန္တံ၊ ငြိမ်းအေးသည်။ ဟောတိ၊ ဖြစ်၏။

အရက်သောက်လျှင် ရန်ပွား

၅။ ဂဟပတိ၊ ဒါယကာ သူဌေးကြီး။ သုရာမေရယမဇ္ဇပမာဒဋ္ဌာယီ၊ မူးယစ်မေ့လျော့ကြောင်း ဖြစ်သော သေရည် အရက်တို့ကို သောက်မျိုလေ့ရှိသူသည်။ သုရာမေရယ မဇ္ဇပမာ ဒဋ္ဌာနပစ္စယာ၊ မူးယစ်မေ့လျော့ကြောင်း ဖြစ်သော သေရည်အရက်တို့ကို သောက်မျိုခြင်း ဟူသော အကြောင်းကြောင့်။ ဒိဋ္ဌဓမ္မိကံ၊ မျက်မှောက် အတ္တဘော၌ဖြစ်သော။ ယမ္ပိ ဘယံ၊ အကြင် ဘေးကိုဂင်း။ ယမ္ပိ ဝေရံ၊ အကြင်ရန်ကိုဂင်း။ ပသဝတိ၊ ပွားစေ၏။ သမ္ပရာယိကံ၊ တမလွန်၌ ဖြစ်သော။ ယမ္ပိ ဘယံ၊ အကြင် ဘေးကိုဂင်း။ ယမ္ပိ ဝေရံ၊ အကြင် ရန်ကိုဂင်း။ ပသဝတိ၊ ပွားစေ၏။ စေသိတကံ၊ စိတ်ကိုမှီ၍ ဖြစ်သော။ ဒုက္ခမ္ပိ၊ ကိုယ်၏ဆင်းရဲခြင်းကိုဂင်း။ ဒေါမနဿမ္ပိ၊ နှလုံးမသာယာခြင်းကိုဂင်း။ ပဋိသံဝေဒေတိ၊ ခံစားရ၏။

အရက် မသောက်လျှင် ရန်ငြိမ်း

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မူးယစ်မေ့လျော့ကြောင်း ဖြစ်သော သေရည် အရက်တို့ကို သောက်မျိုခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သော ပုဂ္ဂိုလ်သည်။ ဒိဋ္ဌဓမ္မိကံ၊ မျက်မှောက် အတ္တဘော၌ ဖြစ်သော။ တံ ဘယံ၊ထိုဘေးကို။ တံ ဝေရံ၊ ထိုရန်ကို။ နေဝ ပသဝတိ၊ မပွားစေသည်သာ။ သမ္ပရာယိကံ၊တမလွန်၌ ဖြစ်သော။ တံ ဘယံ၊ ထိုဘေးကို။ တံ ဝေရံ၊ ထိုရန်ကို။ န ပသဝတိ၊ မပွားစေ။ စေတသိကံ၊ စိတ်ကိုမှီ၍ ဖြစ်သော။ တံ ဒုက္ခံ၊ ထိုကိုယ်၏ဆင်းရဲခြင်းကို။တံ ဒေါမနဿံ၊ ထိုနှလုံး မသာယာခြင်းကို။ န ပဋိသံဝေဒေတိ၊ မခံစားရ။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ မူးယစ်မေ့လျော့ကြောင်း ဖြစ်သော သေရည် အရက်တို့ကို

သောက်မျိုခြင်းမှ။ ပဋိဝိရတာ၊ ရှောင်ကြဉ်သော ပုဂ္ဂိုလ်အား။ ဝေ၊ ဤသို့။ တံ ဘယံ၊ ထိုဘေးသည်။ တံ ဝေရံ၊ ထိုရန်သည်။ ဝူပသန္တံ၊ ငြိမ်းအေးသည်။ ဟောတိ၊ ဖြစ်၏။

## ငါးပါးသီလ တန်ခိုး အကျိုးကြီးပုံ

(ဒေဝတာသံယုတ် အဋ္ဌကထာမှ)

**အရှင်ကြီး အရှင်ကောင်း ကယ်တော်မူပါ**

ဘုရားလက်ထက်တော် အခါတုန်းက ကုန်သည် ခုနစ်ရာတို့သည် သမုဒ္ဒရာ ခရီး သင်္ဘောစီးပြီး ကုန်ကူးသွားကြသတတ်၊ သင်္ဘောထွက်လို့ ခုနစ်ရက်ရှိလျှင် ပင် ရုတ်တရက် လေပြင်းမုန်တိုင်း ထ,ကာ သမုဒ္ဒရာလှိုင်းတံပိုးအဟုန် ပုတ်ခတ်ပြီး သင်္ဘောကြီးလည်း နစ်မြုပ်လေ၏၊ ထိုအခါ သင်္ဘောပေါ်မှာ ပါသည့် များစွာသော ကုန်သည်တို့သည် မိမိတို့ကိုးကွယ်နေကြဖြစ်သည့် နတ်တို့၏အမည် များကို ခေါ်ဝေါ်တမ်းတပြီး ကယ်မ,တော်မူပါရန် အဖန်ဖန် တောင်းပန် ငိုကြွေးကြကုန်၏။

**သီလ အားကိုးဖြင့် မကြောက်**

ထိုကုန်သည်တို့တွင် တဦးသော ကုန်သည် ပညာရှိယောကျ်ား သည်ကား ဒီလိုဘေးရန် ကြုံလာတဲ့အခါမှာ ဘယ်အရာကို မှီခိုအားထားရပါမလဲလို့ မှီခို အားထားရာကို စဉ်းစားဆင်ခြင်လျှင် သီလမှတပါး အခြားမမြင်၍ "ဩော်.... အမှတ်ရပြီ ငါသင်္ဘောမစီးမီ သံဃာတော် အသျှင်မြတ်တွေကို ပင့်ဘိတ် အလှူ ပေးပြီး သရဏဂုံ ပဉ္စသီဆောက်တည်ခဲ့ပါကလား"လို့ မိမိ၏စင်ကြယ်တဲ့ သီလ များကို ဆင်ခြင်စဉ်းစားပြီး ကမ္မဋ္ဌာန်းအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ကြီးလို ငြိမ်သက်တ္လန္ဒြေ တင်ပလ္လင်ခွေပြီး ထိုင်နေသတဲ့။

**သီလပေးရန် တောင်းပန်**

ဒီအခါမှာ အခြားသော ကုန်သည်များက—

**ကုန်သည်များ** အို-မိတ်ဆွေကြီး....သင်္ဘောပျက်ပြီလေ၊သေရမှာ မကြောက် ဘူးလား။

**ပညာရှိယောက်ျား** အိုမိတ်ဆွေတို့....ငါသည် သဘော်မစီးမီ သံဃာတော်အသျှင်သူမြတ်တွေကို ပင့်ဘိတ်ပြီး အလှူပေးကာ သရဏဂုံနှင့်တကွ ငါးပါးသီလကို ဆောက်တည်ခဲ့ပါသည်၊ဒါကြောင့် ငါသေရမှာ မကြောက်ပါ။

**ကုန်သည်များ** အို-မိတ်ဆွေ....အဲဒီသီလကို ငါတို့လဲဘဲ မဆောက်တည် ရဘူးလား။

**ပညာရှိယောက်ျား** မိတ်ဆွေတို့....ဆောက်တည်ရပါတယ်။

**ကုန်သည်များ** အို-မိတ်ဆွေ....ဆောက်တည်ရလျှင် ငါတို့ကိုလည်း သီလပေးပါ၊ငါတို့လည်း သီလ ဆောက်တည် ပါရစေဟု ပြောကြားတောင်းပန်ကြကုန်၏။

**ငါးပါးသီလ ခုနစ်ကြိမ် ပေးခြင်း**

ပညာရှိယောက်ျားသည် သဘော်ပေါ်မှာပါသည့် ကုန်သည်များကို တရာစီ ခုနစ်စုပြုပြီး ငါးပါးသီလကို ခုနစ်ကြိမ်ပေးလေ၏၊ ပထမအကြိမ် ကုန်သည်တရာမှာ ခြေမျက်စိလောက်ရှိတဲ့ ရေမှာတည်ပြီး ငါးပါးသီလကို ခံယူကြရကုန်၏၊ ဒုတိယအကြိမ် ကုန်သည်တရာမှာ ဒူးဆစ်လောက်ရှိတဲ့ ရေမှာတည်ပြီး ငါးပါးသီလကို ခံယူကြရကုန်၏၊ တတိယအကြိမ် ကုန်သည်တရာမှာ ခါးလောက်ရှိတဲ့ ရေမှာ တည်ပြီး ငါးပါးသီလကို ခံယူကြရကုန်၏၊စတုတ္ထအကြိမ် ကုန်သည်တရာမှာ ချက်လောက်ရှိတဲ့ ရေမှာတည်ပြီး ငါးပါးသီလကို ခံယူကြရကုန်၏၊ ပဉ္စမအကြိမ် ကုန်သည်တရာမှာ နို့လောက်ရှိတဲ့ ရေမှာတည်ပြီး ငါးပါးသီလကို ခံယူကြရကုန်၏၊ ဆဋ္ဌမအကြိမ် ကုန်သည်တရာမှာ လယ်ပင်းလောက်ရှိတဲ့ ရေမှာတည်ပြီး ငါးပါးသီလကို ခံယူကြရကု၏၊ သတ္တမအကြိမ် ကုန်သည်တရာမှာ ခံတွင်းထဲ၌ ဆားငန်ရေဝင်စဉ် ငါးပါးသီလကို ခံယူကြရကုန်၏။

**ငါးပါးသီလဖြင့် နတ်ဖြစ်ကြ**

ပညာရှိယောက်ျားလည်း သဘော်ပေါ်မှာ ပါလာသည့် ကုန်သည်ခုနစ်ရာကို ခုနစ်ကြိမ် ခုနစ်ခါ ငါးပါးသီလ ပေးပြီး၊ ''အို-မိတ်ဆွေတို့....သင်တို့အား

ငါးပါးသီလမှ တပါး အခြားအားထားရာ မရှိပြီ၊ သီလကိုသာ အောက်မေ့ဆင်ခြင်ပြီး နေကြပါလို့ အားပေး တိုက်တွန်း စကား ပြောကြားတယ်၊ သင်္ဘောပေါ်မှာ ပါတဲ့ ကုန်သည် ခုနစ်ရာတို့လည်း ဆောက်တည်ထားတဲ့ ငါးပါးသီလကို ဆင်ခြင်စဉ်းစားကာ မကြာမီပင် သေဆုံးကြပြီး သေခါနီး ကာလမှာ ခံယူဆောက်တည်ထားတဲ့ ငါးပါးသီလတန်ခိုးကြောင့် အားလုံးပင် တာဝတိံသာနတ်ပြည်မှာ သွားပြီး ဥပပတ်ပဋိသန္ဓေ နတ်တွေဖြစ်ကြလေကုန်၏။

## ငါးပါးသီလ ဆောက်တည်ပါ

ဒါကြောင့် လူ့ပြည်နတ်ရွာဆိုတဲ့ ဘဝသမ္ပတ္တိကို လိုလားတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် မသေမီ ရှေးကာလ၌လည်း ငါးပါးသီလကို လုံခြုံအောင် ဆောက်တည် စောင့်ထိန်းရမည်၊ သေခါနီး အခါမှာလည်း မမေ့မလျော့ပဲ အကယ်၍များ သီလ ကျိုးပျက် နေသော်ရှိ မသိနိုင်၊ တဖန် ထပ်မံပြီး မိမိကြည်ညိုရာ ပရိယတ္တိ ပဋိပတ္တိနှင့် ပြည့်စုံတဲ့ ရဟန်းတော်တပါးပါးကို ပင့်ပြီး ငါးပါးသီလ ဆောက်တည်ရမည်၊ ယင်းသို့ အခွင့်မရပါမူ ရုပ်ပွားဆင်းတုတော်များ ရှေ့မှောက်မှာ ဖြစ်စေ မိမိဘာသာ ဆောက်တည်ရမည်။

## လူ့သုသီလ လူ့နတ်ဗြဟ္မာ ပြည်မှာဖြစ်ရ

၁။ ယော ပါဏံ နာတိပါတေတိ၊ မုသာဝါဒံ န ဘာသတိ။
လောကေ အဒိန္နံ နာဒိယတိ၊ ပရဒါရံ န ဂစ္ဆတိ။
သုရာမေရယ ပါနဉ္စ၊ ယော နရော နာနုယုဉ္ဇတိ။

၂။ ပဟာယ ပဉ္စ ဝေရာနိ၊ သီလဝါ ဣတိ ဝုစ္စတိ။
ကာယဿ ဘေဒါ သပ္ပညော၊ သုဂတိံ သောပပဇ္ဇတိ။

(ပဉ္စက အင်္ဂုတ္တရ ... ဝေရသုတ်မှ)

၁။ ယော ပဏ္ဍိတော၊ အကြင် တတ်သိလိမ်မာ မှန်စွာမြင်သိ ပညာရှိသည်။ ပါဏံ၊ သတ္တဝါကို။ ဝါ-ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေကို။ နာတိပါတေတိ၊ မသတ်တတ်။ ဝါ-လျင်စွာ မကျစေတတ်။ ဝါ-ဓားလက်နက်တို့ဖြင့် လွှမ်းမိုးနှိပ်စက်၍ မကျစေတတ်။ မုသာဝါဒံ၊ မဟုတ်မမှန် လုပ်ကြံ

စကားကို။ န ဘာသတိ၊ တပါးသူကို ချွတ်စေလို၍ မပြောဆို။ လောကေ၊ လူ့ပြည်ဌာန လူ့လောက၌။အဒိန္နံ၊ ဥစ္စာရှင်ဌေး ကိုယ်နှုတ်ရေးဖြင့် မပေးအပ်ပါ သူ့ဥစ္စာကို။ နာဒိယတိ၊ စိတ်ထားမရိုး အလိုဆိုးဖြင့် မခိုးယူတတ်။ ပရဒါရံ၊ မသွားသင့်သား သူ့မယားကို။ န ဂစ္ဆတိ၊ ဖောက်ပြားမှားယွင်း အခင်းယုတ်မာ မသွားလာ။ ယော နရော၊ တတ်သိလိမ်မာ မှန်စွာသိသူ အကြင်လူသည်။ သုရာမေရယပါနဥ္စ၊ သေရည်ငါးပါး အရက်ငါးပါး ယစ်မျိုးများကို သောက်စားခြင်းကိုလည်း။ နာနုယုဥ္ဇတိ၊ ဗုဒ္ဓဘာသာ သမ္မာဝီပီ ကြည်ဖီစက်ဆုပ် မပြုမလုပ် အားမထုတ်။

၂။ သပ္ပညော၊ တတ်သိလိမ်မာ မှန်စွာမြင်သိ ပညာရှိသော။ သော နရော၊ ထိုဗုဒ္ဓဘာသာ သမ္မာအယူ ကြည်ဖြူနှစ်ထောင်း သူတော်ကောင်းကို။ ပဉ္စ၊ အရေအတွက်အားဖြင့် ငါးပါးကုန်သော။ ဝေရာနိ၊ စေတနာဆိုးမှန် အတွင်းရန်တို့ကို။ ပဟာယ၊ ကိုယ်တွင်မဖြစ်အောင် ပယ်စွန့်နိုင်ခြင်းကြောင့်။ သီလဝါ ဣတိ၊ သီလပြည့်ဝ သုသီလဟူ၍။ ဝုစ္စတိ၊ သမုတ်ပညတ် ခေါ်ဆိုအပ်ပါ၏။ သော နရော၊ ထိုငါးပါးသီလ လုံခြုံလှတောင်း ပညာရှိသူတော်ကောင်းသည်။ ကာယဿ၊ ဥပါဒိန္နကခန္ဓာကိုယ်၏။ ဘေဒါ၊ ယွင်းဖောက်ပြုန်းတီး ပျက်စီးခြင်းကြောင့်။ သုဂတိံ၊ ကောင်းသောသူတို့၏ လားရောက်ရာ ဖြစ်သော လူ့ပြည်နတ်ရွာ ဗြဟ္မာဟူဘိ သုဂတိသို့။ ဥပပဇ္ဇတိ၊ စွဲကပ်သန္ဓေ ဖြစ်ရလေသတည်း။

၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြည်သောသူ။

၂။ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြည်သောသူ။

၃။ သူ့မယားကို မှားယွင်းခြင်းမှ ရှောင်ကြည်သောသူ။

၄။ မုသားပြောကြားခြင်းမှ ရှောင်ကြဉ်သောသူ။

၅။ အရက်သောက်ခြင်း ဘိန်းစားခြင်းမှ ရှောင်ကြဉ်သောသူ။

ဒီလူတွေကို 'သုသီလ'သီလရှိသူတွေလို့ ဆိုသည်. ဒီငါးပါးသီလလုံခြုံသူတွေဟာ သေသည်၏ အခြားမဲ့မှာ လူ့ပြည်နတ်ရွာ ဖြဟ္မာဆိုတဲ့ သုဂတိဘဝသို့ လားရောက်ကြရတယ်။

## ကံငါးပါး ပစ္စုပ္ပန်အဖြစ်

### ပဉ္စကနိပါတ် အင်္ဂုတ္တိုရ် ရာဇာသုတ်

၁။ တံ ကိံ မညထ ဘိက္ခဝေ၊အပိနု တုမှေဟိ ဒိဋ္ဌံ ဝါ သုတံ ဝါ 'အယံ ပုရိသော ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော'တိ တမေနံ ရာဇာနော ဂဟေတွာ ပါဏာတိပါတာ ဝေရမဏိဟေတု ဟနန္တိဝါ ဗန္ဓန္တိဝါ ပဗ္ဗာဇေန္တိဝါ ယထာပစ္စယံ ဝါ ကရောန္တီတိ၊ နော ဟေတံ ဘန္တေ၊ သာဓု ဘိက္ခဝေ၊မယာပိ ခေါ ဧတံ ဘိက္ခဝေ နေဝ ဒိဋ္ဌံ န သုတံ 'အယံ ပုရိသော ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော'တိ တမေနံ ရာဇာနော ဂဟေတွာ ပါဏာတိပါတာ ဝေရမဏိ ဟေတု ဟနန္တိ ဝါ ဗန္ဓန္တိ ဝါ ပဗ္ဗာဇေန္တိ ဝါ ယထာပစ္စယံ ဝါ ကရောန္တိ"တိ။

"အပိ စ ခွါဿ တထေဝ ပါပကမ္မံ ပဝေဒေန္တိ 'အယံ ပုရိသော ဣတ္ထိံ ဝါ ပုရိသံ ဝါ ဇီဝိတာ ဝေါရောပေသီ'တိ၊ တမေနံ ရာဇာနော ဂဟေတွာ ပါဏာတိပါတဟေတု ဟနန္တိဝါ ဗန္ဓန္တိ ဝါ ပဗ္ဗာဇေန္တိ ဝါ ယထာပစ္စယံ ဝါ ကရောန္တိ၊ အပိ နု တုမှေဟိ ဝေရူပံ ဒိဋ္ဌံ ဝါ သုတံ ဝါတိ၊ ဒိဋ္ဌဉ္စ နော ဘန္တေ သုတဉ္စ သုယျိဿတိ စာ"တိ၊

၂။ "တံ ကိံ မညထ ဘိက္ခဝေ၊ အပိ နု တုမှေဟိ ဒိဋ္ဌံ ဝါ သုတံ ဝါ 'အယံ ပုရိသော အဒိန္နာဒါနံ ပဟာယ အဒိန္နာဒါနာ ပဋိဝိရတော'တိ တမေနံ ရာဇာနော ဂဟေတွာ အဒိန္နာဒါနာ ဝေရမဏိဟေတု ဟနန္တိ ဝါ ဗန္ဓန္တိ ဝါ ပဗ္ဗာဇေန္တိ ဝါ ယထာ ပစ္စယံ ဝါ ကရောန္တီတိ၊ နော ဟေတံ ဘန္တေ၊ သာဓု ဘိက္ခဝေ၊

မယာပိ ခေါ တေ ဘိက္ခဝေ နေဝ ဒိဋ္ဌံ န သုတံ 'အယံ ပုရိသော အဒိန္နာဒါနံ ပဟာယ အဒိန္နာဒါနာ ပဋိဝိရတော'တိ တမေနံ ရာဇာနော ဂဟေတွာ အဒိန္နာဒါနာ ဝေရမဏိဟေတု ဟနန္တိဝါ ဗန္ဓန္တိဝါ ပဗ္ဗာဇေန္တိ ဝါ ယထာပစ္စယံ ဝါ ကရောန္တိ"တိ။

"အပိစ ခွာယံ တထေဝ ပါပကမ္မံ ပဝေဒေန္တိ'အယံ ပုရိသော ဂါမာ ဝါ အရညာ ဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယီ'တိ၊ တမေနံ ရာဇာနော ဂဟေတွာ အဒိန္နာဒါနဟေတု ဟနန္တိ ဝါ ဗန္ဓန္တိဝါ ပဗ္ဗာဇေန္တိ ဝါ ယထာပစ္စယံ ဝါ ကရောန္တိ၊ အပိနု တုမှေဟိ ဧဝရူပံ ဒိဋ္ဌံ ဝါ သုတံ ဝါ'တိ၊ ဒိဋ္ဌံ စ နော ဘန္တေ သုတံ စ သုယျိဿတိ စာ"တိ။

၃။ "တံ ကိံ မညထ ဘိက္ခဝေ အပိ နု တုမှေဟိ ဒိဋ္ဌံ ဝါ သုတံ ဝါ 'အယံ ပုရိသော ကာမေသုမိစ္ဆာစာရံ ပဟာယ ကာမေသုမိစ္ဆာစာရာ ပဋိဝိရတော'တိ တမေနံ ရာဇာနော ဂဟေတွာ ကာမေသုမိစ္ဆာစာရာ ဝေရမဏိ ဟေတု ဟနန္တိ ဝါ ဗန္ဓန္တိ ဝါ ပဗ္ဗာဇေန္တိ ဝါ ယထာပစ္စယံ ဝါ ကရောန္တီ'တိ၊ နော ဟေတံ ဘန္တေ၊ သာဓု ဘိက္ခဝေ၊ မယာပိ ခေါ တေ ဘိက္ခဝေ နော ဒိဋ္ဌံ န သုတံ 'အယံ ပုရိသော ကာမေသု မိစ္ဆာစာရံ ပဟာယ ကာမေသုမိစ္ဆာစာရာ ပဋိဝိရတော'တိ တမေနံ ရာဇာနော ဂဟေတွာ ကာမေသုမိစ္ဆာစာရာ ဝေရမဏိ ဟေတု ဟနန္တိ ဝါ ဗန္ဓန္တိ ဝါ ပဗ္ဗာဇေန္တိ ဝါ ယထာပစ္စယံ ဝါ ကရောန္တိ"တိ။

"အပိစ ခွာယံ တထေဝ ပါပကမ္မံ ပဝေဒေန္တိ'အယံ ပုရိသော ပရိတ္ထီသု ပရကုမာရီသု စာရိတ္တံ အာပဇ္ဇီ'တိ၊ တမေနံ ရာဇာနော ဂဟေတွာ ကာမေသုမိစ္ဆာစာရဟေတု ဟနန္တိ ဝါ ဗန္ဓန္တိ ဝါ ပဗ္ဗာဇေန္တိ ဝါ ယထာပစ္စယံ ဝါ ကရောန္တိ၊ အပိ နု တုမှေဟိ ဧဝရူပံ ဒိဋ္ဌံ ဝါ သုတံဝါတိ၊ ဒိဋ္ဌံ စ နော ဘန္တေ သုတံ စ သုယျိ-ဿတိ စာ"တိ။

၄။ “တံ ကိံ မညထ ဘိက္ခဝေ၊ အနုပိ တုမှေဟိ ဒိဋ္ဌံ ဝါ သုတံ ဝါ ‘အယံ ပုရိသော မုသာဝါဒံ ပဟာယ မုသာဝါဒါ ပဋိဝိရတော’တိ တမေနံ ရာဇာနော ဂဟေတွာ မုသာဝါဒါ ဝေရမဏိဟေတု ဟနန္တိ ဝါ ဗန္ဓန္တိ ဝါ ပဗ္ဗာဇေန္တိ ဝါ ယထာပစ္စယံ ဝါ ကရောန္တီ”တိ၊ နော ဟေတံ ဘန္တေ၊ သာဓု ဘိက္ခဝေ၊ မယာပိ ခေါ ဧတံ ဘိက္ခဝေ နေဝ ဒိဋ္ဌံ န သုတံ ‘အယံ ပုရိသော မုသာဝါဒံ ပဟာယ မုသာဝါဒါ ပဋိဝိရတော’တိ၊ တမေနံ ရာဇာနော ဂဟေတွာ မုသာဝါဒါ ဝေရမဏိဟေတု ဟနန္တိဝါ ဗန္ဓန္တိ ဝါ ပဗ္ဗာဇေန္တိ ဝါ ယထာပစ္စယံ ဝါ ကရောန္တီ”တိ။

“အပိ စ ခွာဿ တထေဝ ပါပကမ္မံ ပဝေဒေန္တိ ‘အယံ ပုရိသော ဂဟပတိဿ ဝါ ဂဟပတိပုတ္တဿ ဝါ မုသာဝါဒေန အတ္ထံ ဘဉ္ဇီ’တိ၊ တမေနံ ရာဇာနော ဂဟေတွာ မုသာဝါဒ-ဟေတု ဟနန္တိ ဝါ ဗန္ဓန္တိ ဝါ ပဗ္ဗာဇေန္တိ ဝါ ယထာပစ္စယံ ဝါ ကရောန္တိ၊ အပိ နု တုမှေဟိ ဧဝရူပံ ဒိဋ္ဌံ ဝါ သုတံ ဝါတိ၊ ဒိဋ္ဌံ စ နော ဘန္တေ သုတံ စ သုယျိဿတိ စာ”တိ။

၅။ “တံ ကိံ မညထ ဘိက္ခဝေ၊ အပိ နု တုမှေဟိ ဒိဋ္ဌံ ဝါ သုတံ ဝါ ‘အယံ ပုရိသော သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ ပဟာယ သုရာ-မေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော’တိ တမေနံ ရာဇာနော ဂဟေတွာ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိဟေတု ဟနန္တိ ဝါ ဗန္ဓန္တိ ဝါ ပဗ္ဗာဇေန္တိ ဝါ ယထာပစ္စယံ ဝါ ကရောန္တီ”တိ၊ နော ဟေတံ ဘန္တေ၊ သာဓု ဘိက္ခဝေ၊ မယာပိ ခေါ ဧတံ ဘိက္ခဝေ နေဝ ဒိဋ္ဌံ န သုတံ ‘အယံ ပုရိသော သုရာ-မေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော’တိ တမေနံ ရာဇာနော ဂဟေတွာ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိဟေတု ဟနန္တိ ဝါ ဗန္ဓန္တိ ဝါ ပဗ္ဗာဇေန္တိ ဝါ ယထာပစ္စယံ ဝါ ကရောန္တီ”တိ။

“အပိ စ ခွဿ တထေဝ ပါပကမ္မံ ပဝေဒေန္တိ ‘အယံ ပုရိသော သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ အနုယုတ္တော ဣတ္ထိံ ဝါ ပုရိသံ ဝါ ဇီဝိတာ ဝေါရောပေသိ၊ အယံ ပုရိသော သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ အနုယုတ္တော ဂါမာ ဝါ အရညာ ဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယိ၊ အယံ ပုရိသော သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ အနုယုတ္တော ပရိတ္ထီသု ပရကုမာရီသု စာရိတ္တံ အာပဇ္ဇိ၊ အယံ ပုရိသော သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ အနုယုတ္တော ဂဟပတိဿ ဝါ ဂဟပတိပုတ္တဿ ဝါ မုသာဝါဒေန အတ္ထံ ဘဉ္ဇိ’တိ၊ တမေနံ ရာဇာနော ဂဟေတွာ သုရာမေရယမဇ္ဇပမာဒဋ္ဌာနဟေတု ဟနန္တိ ဝါ ဗန္ဓန္တိ ဝါ ပဗ္ဗာဇေန္တိ ဝါ ယထာပစ္စယံ ဝါ ကရောန္တိ၊ အပိနု တုမှေဟိ ဧဝရူပံ ဒိဋ္ဌံ ဝါ သုတံ ဝါ’တိ၊ ဒိဋ္ဌံ စ နော ဘန္တေ သုတံ စ သုယျိဿတိ စာ”တိ။

**အသက်မသတ်လျှင် မင်းဒဏ်လွတ်**

**အနက်**

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ မယာ၊ ငါဘုရားသည်။ ဝုတ္တမာနံ၊ မိန့်ဆိုလတ္တံ့သော။ယံ ဝစနံ၊ အကြင်စကားသည်။အတ္ထိ၊ ရှိ၏။တံ ဝစနံ၊ ထိုစကားကို။ တုမှေ၊ သင်ချစ်သားတို့သည်။ ကိံ မညထ၊ အဘယ်သို့ အောက်မေ့မှတ်ထင်ကြကုန်သနည်း။ အယံ ပုရိသော၊ ဤယောကျ်ားသည်။ ပါဏာတိပါတံ၊ သူ့အသက်သတ်ခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ ပါဏာတိပါတာ၊ သူ့အသက်ကိုသတ်ခြင်းမှ။ ပဋိဝိရတော၊ရှောင်ကြဉ်၏။ ဣတိ၊ ဤသို့ကြားသိ၍။ တမေနံ၊ ထိုယောကျ်ားကို။ ရာဇာနော၊ မင်းတို့သည်။ ဂဟေတွာ၊ ဖမ်းဆီး၍။ ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။ ဝေရမဏိ ဟေတု၊ ရှောင်ကြဉ်ခြင်း ဟူသော အကြောင်းကြောင့်။ ဟနန္တိ ဝါ၊ သတ်ကုန်၏ဟူ၍ငြင်း။ ဗန္ဓန္တိ ဝါ၊ နှောင်ဖွဲ့ကုန်၏ဟူ၍ငြင်း။ပဗ္ဗာဇေန္တိဝါ၊ တိုင်းပြည်မှ နှင်ထုတ်ကုန်၏ဟူ၍ငြင်း။ ယထာပစ္စယံ၊ အလိုရှိတိုင်း။ ကရောန္တိ ဝါ၊ပြုကုန်၏ဟူ၍ငြင်း။ ဣတိဧဝံ၊ ဤသို့။ တုမှေဟိ၊ သင်တို့သည်။ ဒိဋ္ဌံ ဝါ အပိနု၊ မြင်လည်း

မြင်ဘူးပါသလော။ သုတံ ဝါ အပိနု၊ ကြားလည်း ကြားဘူးပါသလော။ ဣတိ၊ ဤသို့။ ပုဋ္ဌော၊ မေးတော်မူ၏။

ဘန္တေ၊ မြတ်စွာဘုရား။ တေ၊ ထိုအရာကို။ နေဝဟိ၊ မမြင်ဘူး မကြားဘူးပါ။ ဣတိ၊ ဤသို့၊ အဝေါစုံ၊ လျှောက်ထားကြကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သာဓု၊ ကောင်းပေစွ။ ဘိက္ခဝေ၊ ရဟန်းတို့။ မယာပိ၊ ငါဘုရားသည်လည်း။ အယံ ပုရိသော၊ ဤယောကျ်ားသည်။ ပါဏာတိပါတံ၊ သူ့အသက်ကိုသတ်ခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ ပါဏာတိပါတာ၊ သူ့အသက်ကိုသတ်ခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ် ၏။ ဣတိ၊ ဤသို့ကြားသိ၍။ တမေနံ၊ ထိုယောကျ်ားကို။ ရာဇာနော၊ မင်းတို့သည်။ ဂဟေတွာ၊ ဖမ်းဆီး၍။ ပါဏာတိပါတာ၊ သူ့အသက် ကိုသတ်ခြင်းမှ။ ဝေရမဏိဟေတု၊ ရှောင်ကြဉ်ခြင်းဟူသောအကြောင်း ကြောင့်။ ဟနန္တိ ဝါ၊ ထောင်းထု ပုတ်ခတ် သတ်ကုန်၏ ဟူ၍ရင်း။ ဗန္ဓန္တိ ဝါ၊ လက်ထိပ်နှောင်ကြိုး ဖွဲ့တုပ်ချီနှောင်ကုန်၏ ဟူ၍ရင်း။ ပဗ္ဗာ- ဇေန္တိ ဝါ၊ တိုင်းပြည်မှမူလည်း နှင်ထုတ်ကုန်၏ဟူ၍ရင်း။ ဝါ၊ ပြည်နှင် ဒဏ်ပေးကုန်၏ ဟူ၍ရင်း။ ယထာပစ္စယံ၊ အလိုရှိတိုင်း။ ကရောန္တိ ဝါ၊ ပြုကုန်၏ဟူ၍ရင်း။ ဣတိ ဝေံ၊ ဤသို့။ တေ၊ ထိုအရာကို။ နေဝဒိဋ္ဌံ၊ မြင်လည်း မမြင်ဘူး။ နသုတံ၊ ကြားလည်း မကြားဘူး။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

**အသက်သတ်လျှင် မင်းဒဏ်ခံ**

အပိစ ခေါ၊ စင်စစ်သော်ကား။ အယံ ပုရိသော၊ ဤယောကျ်ား သည်။ ဣတ္ထိံ ဝါ၊ မိန်းမကိုရင်း။ ပုရိသံ ဝါ၊ ယောကျ်ားကိုရင်း။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပေတိ၊ ခွင်း၏။ ဝါ၊ ချ၏။ ဣတိ၊ ဤသို့ ကြားသိ၍။ အဿ၊ ထိုယောကျ်ား၏။ တထေဝ၊ ထိုပြုသောအချင်း အရာအားဖြင့် သာလျှင်။ ပါပကမ္မံ၊ မကောင်းမှုကံကို။ ပဝေဒေန္တိ၊ သိစေကုန်၏။ တမေနံ၊ ထိုယောကျ်ားကို။ ရာဇာနော၊ မင်းတို့သည်။ ဂဟေတွာ၊ ဖမ်းဆီး၍။ ပါဏာတိပါတ ဟေတု၊ သူ့အသက်ကို

သတ်ခြင်းဟူသော အကြောင်းကြောင့်။ ဟနန္တိ ဝါ၊ ထောင်းထု ပုတ်ခတ် သတ်ကုန်၏ဟူ၍ရင်း။ ဗန္ဓန္တိ ဝါ၊ လက်ထိပ်နှောင်ကြိုးတို့ဖြင့် ဖွဲ့တုပ်ချီနှောင်ကုန်၏ဟူ၍ရင်း။ ပဗ္ဗာဇေန္တိ ဝါ၊ တိုင်းပြည်မှမူလည်း နှင်ထုတ်ကုန်၏ ဟူ၍ရင်း။ ဝါ၊ ပြည်နှင်ဒဏ် ပေးကုန်၏ ဟူ၍ရင်း။ ယထာပစ္စယံ၊ အလိုရှိတိုင်း။ကရောန္တိ ဝါ၊ ပြုကုန်၏ဟူ၍ရင်း။ တုမှေဟိ၊ သင်ချစ်သားတို့သည်။ ဧဝရူပံ၊ ဤသို့သဘောရှိသော အခြင်းအရာကို။ ဒိဋ္ဌံဝါ အပိနု၊မြင်လည်းမြင်ဘူးပါသလော။သုတံဝါ အပိနု၊ကြားလည်း ကြားဘူးပါသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ဘန္တေ၊ မြတ်စွာဘုရား။ နော၊ တပည့်တော်တို့သည်။ ဒိဋ္ဌံ စ၊မြင်လည်း မြင်ဘူးပါ၏။ သုတံ စ၊ ကြားလည်း ကြားဘူးပါ၏။ သုယျိဿတိ စ၊ ကြားလည်း ကြားရပါလတ္တံ့။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ထားကြကုန်ပြီ။

**ဥစ္စာမခိုးလျှင် မင်းဒဏ်လွတ်**

၂။ ဘိက္ခဝေ၊ ရဟန်းတို့။ မယာ၊ ငါဘုရားသည်။ ဝုစ္စမာနံ၊ မိန့်ဆိုလတ္တံ့သော။ ယံ ဝစနံ၊ အကြင်စကားသည်။ အတ္ထိ၊ ရှိ၏။တံဝစနံ၊ ထိုစကားကို။ တုမှေ၊ သင်ချစ်သားတို့သည်။ ကိံမညထ၊ အဘယ်သို့အောက်မေ့မှတ်ထင်ကြ ကုန်သနည်း။ အယံ ပုရိသော၊ ဤယောကျ်ားသည်။ အဒိန္နာဒါနံ၊ အရှင်မပေးသောပစ္စည်းဥစ္စာကို ခိုးယူခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ အဒိန္နာဒါနာ၊ အရှင်မပေးသော ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်၏။ ဣတိ၊ ဤသို့ကြားသိ၍။ တမေနံ၊ ထိုယောကျ်ားကို။ ရာဇာနော၊ မင်းတို့သည်။ ဂဟေတွာ၊ ဖမ်းဆီး၍။ အဒိန္နာဒါနာ၊ အရှင်မပေးသောပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏိ ဟေတု၊ ရှောင်ကြဉ်ခြင်းဟူသော အကြောင်းကြောင့်။ ဟနန္တိ ဝါ၊ ရိုက်ပုတ်ခုတ်ဖြတ် သတ်ကုန်၏ဟူ၍ရင်း။ ဗန္ဓန္တိ ဝါ၊ လက်ထိပ်နှောင်ကြိုးတို့ဖြင့် ဖွဲ့တုပ်ချီနှောင်ကုန်၏ဟူ၍ရင်း။ ပဗ္ဗာဇေန္တိ ဝါ၊ တိုင်းပြည်မှ နှင်ထုတ်ကုန်၏ဟူ၍ရင်း။ ဝါ၊ ပြည်နှင်ဒဏ်ပေးကုန်၏ဟူ၍ရင်း။ယထာပစ္စယံ၊ အလိုရှိတိုင်း။ ကရောန္တိ ဝါ၊ ပြုကုန်၏ဟူ၍ရင်း။ ဣတိ ဧဝံ၊ ဤသို့။ တုမှေဟိ၊ သင်ချစ်သားတို့သည်။ ဒိဋ္ဌံဝါ အပိနု၊ မြင်လည်း

မြင်ဘူးပါသလော။သုတံဝါ အပိနု၊ ကြားလည်း ကြားဘူးပါသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။

ဘန္တေ၊ မြတ်စွာဘုရား။ တေံ၊ ထိုအရာကို။ နောဟိ၊ မမြင်ဘူး မကြားဘူးပါ။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ထားကြကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သာဓု၊ ကောင်းပေစွ။ ဘိက္ခဝေ၊ ရဟန်းတို့။ မယာပိ၊ငါဘုရားသည်လည်း။ အယံ ပုရိသော၊ ဤ ယောကျ်ားသည်။ အဒိန္နာဒါနံ၊ အရှင်မပေးသော ပစ္စည်းဥစ္စာကို ခိုးယူခြင်းကို။ပဟာယ၊ ပယ်စွန့်၍။ အဒိန္နာဒါနာ၊ အရှင်မပေးသော ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်၏။ ဣတိ၊ ဤသို့ကြားသိရ၍။ တမေနံ၊ ထိုယောကျ်ားကို။ ရာဇာနော၊ မင်းတို့သည်။ ဂဟေတွာ၊ ဖမ်းဆီး၍။ အဒိန္နာဒါနာ၊ အရှင်မပေးသော ပစ္စည်း ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏိဟေတု၊ ရှောင်ကြဉ်ခြင်း ဟူသော အကြောင်းကြောင့်။ဟနန္တိ ဝါ၊ ရိုက်ပုတ်ခုတ်ဖြတ် သတ်ကုန်၏ဟူ၍ရင်း။ ဗန္ဓန္တိ ဝါ၊ လက်ထိပ် နှောင်ကြိုးတို့ဖြင့် ဖွဲ့တုပ် ချီနှောင်ကုန်၏ ဟူ၍ရင်း။ ပဗ္ဗာဇေန္တိ ဝါ၊ တိုင်းပြည်မှ နှင်ထုတ်ကုန်၏ ဟူ၍ရင်း။ ဝါ၊ ပြည်နှင်ဒဏ် ပေးကုန်၏ ဟူ၍ရင်း။ ယထာပစ္စယံ၊ အလိုရှိတိုင်း။ကရောန္တိ ဝါ၊ပြုကုန်၏ ဟူ၍ရင်း။ဣတိ ဧဝံ၊ ဤသို့။ တေံ၊ ထိုအရာကို။ နေဝ ဒိဋ္ဌံ၊ မြင်လည်း မမြင်ဘူး။ န သုတံ၊ ကြားလည်း မကြားဘူး။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

**ဥစ္စာခိုးလျှင် မင်းဒဏ်ခံ**

အပိစ ခေါ၊ စင်စစ်သော်ကား။ အယံ ပုရိသော၊ ဤယောကျ်ားသည်။ ဂါမာဝါ၊ ရွာမှရင်း။ အရညာ ဝါ၊ တောမှရင်း။ အဒိန္နံ၊အရှင်မပေးသော ပစ္စည်းဥစ္စာကို။ ထေယျသင်္ခါတံ၊ ခိုးလိုသော စိတ်ဖြင့်။ အာဒိယိ၊ ခိုးယူ၏။ ဣတိ၊ ဤသို့ ကြားသိ၍။ အဿ၊ ထိုယောကျ်ား၏။ တထေဝ၊ ထိုပြုသော အချင်းအရာ အားဖြင့်သာလျှင်။ ပါပကမ္မံ၊ မကောင်းမှုကံကို။ ပဝေဒေန္တိ၊ သိစေကုန်၏။ တမေနံ၊ ထိုယောကျ်ားကို။ ရာဇာနော၊ မင်းတို့သည်။ ဂဟေတွာ၊ ဖမ်းဆီး၍။ အဒိန္နာဒါန

ဟေတု၊ အရှင်မပေးသော ပစ္စည်း ဥစ္စာကို ခိုးယူခြင်း ဟူသော အကြောင်းကြောင့်။ ဟနန္တိ ဝါ၊ ရိုက်နှက်ပုတ်ခတ် သတ်ကုန်၏ဟူ၍ ၎င်း။ ဗန္ဓန္တိ ဝါ၊ လက်ထိပ် နှောင်ကြိုးတို့ဖြင့် ဖွဲ့တုပ်ချီနှောင်ကုန်၏ ဟူ၍၎င်း။ ပဗ္ဗာဇေန္တိ ဝါ၊ တိုင်းပြည်မှ နှင်ထုတ်ကုန်၏ ဟူ၍၎င်း။ ဝါ၊ ပြည်နှင်ဒဏ် ပေးကုန်၏ဟူ၍၎င်း။ ယထာပစ္စယံ၊ အလိုရှိတိုင်း။ ကရော-န္တိ ဝါ၊ ပြုကုန်၏ ဟူ၍၎င်း။ တုမှေဟိ၊ သင်ချစ်သားတို့သည်။ ဧဝရူပံ၊ ဤသို့ သဘောရှိသော အခြင်းအရာကို။ ဒိဋ္ဌံ ဝါ အပိနု၊ မြင်လည်း မြင်ဘူးပါသလော။ သုတံ ဝါ အပိနု၊ ကြားလည်းကြားဘူးပါသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်မြတ်ဘုရား။ နော၊ တပည့်တော်တို့သည်။ ဒိဋ္ဌံ စ၊ မြင်လည်း မြင်ဘူးပါ၏။ သုတံ စ၊ ကြားလည်း ကြားဘူးပါ၏။ သုယျိဿတိ စ၊ ကြားလည်း ကြားရပါ လတ္တံ့။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ထားကြကုန်ပြီ။

**မိစ္ဆာစာမမှားလျှင် မင်းဒဏ်လွတ်**

၃။ ဘိက္ခဝေ၊ ရဟန်းတို့။ မယာ၊ ငါဘုရားသည်။ ဝုစ္စမာနံ၊ မိန့်ဆိုလတ္တံ့သော။ ယံ ဝစနံ၊ အကြင် စကားသည်။ အတ္ထိ၊ ရှိ၏။ တံ ဝစနံ၊ ထိုစကားကို။ တုမှေ၊ သင်ချစ်သားတို့သည်။ ကိံ မညထ၊ အဘယ်သို့ အဘယ်သို့ အောက်မေ့ မှတ်ထင်ကြကုန်သနည်း။ အယံ ပုရိသော၊ ဤ ယောကျ်ားသည်။ ကာမေသု မိစ္ဆာစာရံ၊ မေထုန်အကျင့်တို့၌ ကဲ့ရဲ့ ဘွယ်ရာ ယုတ်မာစွာ ကျင့်ခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ ကာမေသု မိစ္ဆာစာရာ၊ မေထုန်အကျင့်တို့၌ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာစွာ ကျင့်ခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်၏။ ဣတိ၊ ဤသို့ ကြားသိ၍။ တမေနံ၊ ထိုယောကျ်ားကို။ ရာဇာနော၊ မင်းတို့သည်။ ဂဟေတွာ၊ ဖမ်းဆီး၍။ ကာမေသုမိစ္ဆာစာရာ၊ မေထုန်အကျင့်တို့၌ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာစွာ ကျင့်ခြင်းမှ။ ဝေရမဏိ ဟေတု၊ ရှောင်ကြဉ်ခြင်း ဟူသော အကြောင်းကြောင့်။ ဟနန္တိ ဝါ၊ ထောင်းထုပုတ်ခတ် သတ်ဖြတ်ကုန်၏ဟူ၍၎င်း။ ဗန္ဓန္တိ ဝါ၊ လက်ထိပ်နှောင်ကြိုး စသည်တို့ဖြင့် ဖွဲ့တုပ် ချီနှောင်ကုန်၏ ဟူ၍၎င်း။ ပဗ္ဗာဇေန္တိ ဝါ၊ တိုင်းပြည်မှ နှင်ထုတ်ကုန်၏ ဟူ၍၎င်း။ ဝါ၊

ပြည်နှင်ဒဏ် ပေးကုန်၏ ဟူ၍ငင်း။ ယထာပစ္စယံ၊ အလိုရှိတိုင်း။ ကရောန္တိ ဝါ၊ ပြုကုန်၏ဟူ၍ငင်း။ ဉာတိ ဝေ၊ ဤသို့။ တုမှေဟိ၊ သင်ချစ်သားတို့သည်။ဒိဋ္ဌံ ဝါ အပိ နု၊ မြင်လည်း မြင်ဘူးပါသလော။ သုတံ ဝါ အပိ နု၊ ကြားလည်း ကြားဘူးပါသလော။ ဉာတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။

ဘန္တေ၊ မြတ်စွာဘုရား။ နော၊ ထိုအရာကို။ နေ၀ဟိ၊ မမြင်ဘူး မကြားဘူးပါ။ ဉာတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သာဓု၊ ကောင်းပေစွ။ ဘိက္ခဝေ၊ ရဟန်းတို့။ မယာပိ၊ ငါဘုရားသည်လည်း။ အယံ ပုရိသော၊ဤယောကျ်ားသည်။ ကာမေသု မိစ္ဆာစာရံ၊ မေထုန်အကျင့်တို့၌ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာစွာ ကျင့်ခြင်းကို။ ပဟာယ၊ပယ်စွန့်၍။ ကာမေသုမိစ္ဆာစာရာ၊ မေထုန်အကျင့်တို့၌ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာစွာကျင့်ခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်၏။ ဉာတိ၊ ဤသို့ကြားသိ၍။တမေနံ၊ ထိုယောကျ်ားကို။ရာဇာနော၊ မင်းတို့သည်။ ဂဟေတွာ၊ဖမ်းဆီး၍။ ကာမေသုမိစ္ဆာစာရာ၊ မေထုန်အကျင့်တို့၌ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာစွာ ကျင့်ခြင်းမှ။ ဝေရမဏိဟေတု၊ ရှောင်ကြဉ်ခြင်း ဟူသောအကြောင်းကြောင့်။ ဟနန္တိ ဝါ၊ထောင်းထုပုတ်ခတ် သတ်ကုန်ဟူ၍ငင်း။ ဗန္ဓန္တိ ဝါ၊လက်ထိပ်နှောင်ကြိုး စသည်တို့ဖြင့် ဖွဲ့တုပ်ချီနှောင်ကုန်၏ဟူ၍ငင်း။ ပဗ္ဗာဇေန္တိ ဝါ၊ တိုင်းပြည်မှမူလည်း နှင်ထုတ်ကုန်၍ငင်း။ ဝါ၊ ပြည်နှင်ဒဏ် ပေးကုန်၏ ဟူ၍ငင်း။ ယထာပစ္စယံ၊ အလိုရှိတိုင်း။ ကရောန္တိ ဝါ၊ ပြုကုန်၏ဟူ၍ငင်း။ ဉာတိ ဝေ၊ ဤသို့။ နော၊ ထိုအရာကို။ နေ၀ ဒိဋ္ဌံ၊ မြင်လည်းမမြင်ဘူး။ န သုတံ၊ ကြားလည်း မကြားဘူး။ ဉာတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

## မိစ္ဆာမှားလျှင် မင်းဒဏ်ခံ

အပိ စ ခေါ၊ စင်စစ်သော်ကား။ အယံ ပုရိသော၊ ဤယောကျ်ားသည်။ ပရိတ္ထီသု၊ သူတပါး မယားတို့၌။ ပရကုမာရီသု၊ သူတပါးတို့၏ သမီးပျိုတို့၌။စာရိတ္တံ၊ သွားလာလွန်ကျူးခြင်းသို့။ အာပဇ္ဇိ၊ရောက်၏။

ဣတိ၊ ဤသို့ကြားသိရ၍။အဿ၊ထိုယောကျ်ား၏။ တထေဝ၊ ထိုပြုသော အချင်းအရာအားဖြင့်သာလျှင်။ ပါပကမ္မံ၊ မကောင်းမှုကံကို။ ပဝေဒေန္တိ၊ သိစေကုန်၏။ တမေနံ ထိုယောကျ်ားကို။ ရာဇာနော၊ မင်းတို့သည်။ ဂဟေတွာ၊ ဖမ်းဆီး၍။ ကာမေသုမိစ္ဆာစာရဟေတု၊ မေထုန်အကျင့်တို့၌ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာစွာ ကျင့်ခြင်းဟူသော အကြောင်းကြောင့်။ ဟနန္တိ ဝါ၊ ထောင်းထုပုတ်ခတ် သတ်ဖြတ်ကုန်၏ ဟူ၍ရင်း။ ဗန္ဓန္တိ ဝါ၊လက်ထိပ်နှောင်ကြိုးတို့ဖြင့် ဖွဲ့တုပ်ချည်နှောင်ကုန်၏ ဟူ၍ရင်း။ ပဗ္ဗာဇေန္တိ ဝါ၊ တိုင်းပြည်မှ မူလည်း နှင်ထုတ်ကုန်၏ ဟူ၍ရင်း။ ဝါ၊ ပြည်နှင်ဒဏ် ပေးကုန်၏ ဟူ၍ရင်း။ ယထာပစ္စယံ၊ အလိုရှိတိုင်း။ ကရောန္တိ ဝါ၊ ပြုကုန်၏ ဟူ၍ရင်း။ တုမှေဟိ၊ သင်ချစ်သားတို့သည်။ ဝေရူပံ၊ဤသို့သဘောရှိသော အခြင်းအရာကို။ ဒိဋ္ဌံ ဝါ အနုပိ၊ မြင်လည်း မြင်ဘူးပါသလော။ သုတံ ဝါ အနုပိ၊ ကြားလည်းကြားဘူးပါသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ နော၊ တပည့်တော်တို့သည်။ ဒိဋ္ဌံ စ၊ မြင်လည်း မြင်ဘူးပါ၏။ သုတံ စ၊ ကြားလည်း ကြားဘူးပါ၏။ သုယျိဿတိ၊ ကြားလည်း ကြားရပါလတ္တံ့။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။

**မုသားမပြောလျှင် မင်းဒဏ်လွတ်**

၄။ ဘိက္ခဝေ၊ ရဟန်းတို့။ မယာ၊ ငါဘုရားသည်။ ဝုစ္စမာနံ၊ မိန့်ဆိုလတ္တံ့သော။ ယံ ဝစနံ၊ အကြင်စကားသည်။ အတ္ထိ၊ ရှိ၏။ တံ ဝစနံ၊ ထိုစကားကို။ တုမှေ၊ သင်ချစ်သားတို့သည်။ ကိံ မညထ၊ အဘယ်သို့ အောက်မေ့ မှတ်ထင်ကြကုန်သနည်း။ အယံ ပုရိသော၊ ဤယောကျ်ားသည်။ မုသာဝါဒံ၊ လိမ်လည် ပြောကြား မုသားဆိုခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ မုသာဝါဒါ၊ လိမ်လည်ပြောကြား မုသားဆိုခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်၏။ ဣတိ၊ ဤသို့ ကြားသိရ၍။ တမေနံ၊ ထိုယောကျ်ားကို။ ရာဇာနော၊ မင်းတို့သည်။ ဂဟေတွာ၊ ဖမ်းဆီး၍။ မုသာဝါဒါ၊ လိမ်လည်ပြောကြား မုသားဆိုခြင်းမှ။ ဝေရမဏိဟေတု၊ ရှောင်ကြဉ်ခြင်းဟူသော အကြောင်းကြောင့်။ ဟနန္တိ ဝါ၊ ထောင်းထု

ပုတ်ခတ် သတ်ဖြတ်ကုန်၏ ဟူ၍ငင်း။ ဗန္ဓန္တိ ဝါ၊ လက်ထိပ်နှောင်ကြိုး တို့ဖြင့် ဖွဲ့တုပ် ချည်နှောင်ကုန်၏ ဟူ၍ငင်း။ ပဗ္ဗာဇေန္တိ ဝါ၊ တိုင်းပြည်မှ နှင်ထုတ်ကုန်၏ ဟူ၍ငင်း။ ဝါ၊ ပြည်နှင်ဒဏ် ပေးကုန်၏ ဟူ၍ငင်း။ ယထာပစ္စယံ၊ အလိုရှိတိုင်း။ ကရောန္တိ ဝါ၊ ပြုကုန်၏ ဟူ၍ငင်း။ ဣတိ ဧဝံ၊ ဤသို့။ တုမှေဟိ၊ သင်ချစ်သားတို့သည်။ ဒိဋ္ဌံဝါ အပိနု၊ မြင်လည်း မြင်ဘူးပါသလော။ သုတံဝါ အပိနု၊ ကြားလည်း ကြားဘူး ပါသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။

ဘန္တေ၊ မြတ်စွာဘုရား။ ဧတံ၊ ထိုအရာကို။ နောဟိ၊ မမြင်ဘူး မကြားဘူးပါ။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သာဓု၊ ကောင်းပေစွ။ ဘိက္ခဝေ၊ ရဟန်းတို့။ မယာပိ၊ ငါဘုရားသည်လည်း။ အယံ ပုရိသော၊ ဤ ယောကျ်ားသည်။ မုသာဝါဒံ၊ လိမ်လည် ပြောကြား မုသား ဆိုခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ မုသာဝါဒါ၊ လိမ်လည် ပြောကြား မုသား ဆိုခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်၏။ ဣတိ၊ ဤသို့ ကြားသိရ၍။ တမေနံ၊ ထိုယောကျ်ားကို။ ရာဇာနော၊ မင်းတို့သည်။ ဂဟေတွာ၊ ဖမ်းဆီး၍။ မုသာဝါဒါ၊ လိမ်လည်ပြောကြား မုသားဆိုခြင်းမှ။ ဝေရမဏိဟေတု၊ ရှောင်ကြဉ်ခြင်းဟူသော အကြောင်းကြောင့်။ ဟနန္တိ ဝါ၊ ထောင်းထု ပုတ်ခတ် သတ်ဖြတ်ကုန်၏ ဟူ၍ငင်း။ ဗန္ဓန္တိ ဝါ၊ လက်ထိပ်နှောင်ကြိုး တို့ဖြင့် ဖွဲ့တုပ်ချီနှောင်ကုန်၏ ဟူ၍ငင်း။ ပဗ္ဗာဇေန္တိ ဝါ၊ တိုင်းပြည်မှ မူလည်း နှင်ထုတ်ကုန်၏ဟူ၍ငင်း။ ဝါ၊ ပြည်နှင်ဒဏ် ပေးကုန်၏ဟူ၍ ငင်း။ ယထာပစ္စယံ၊ အလိုရှိတိုင်း။ ကရောန္တိ ဝါ၊ ပြုကုန်၏ဟူ၍ငင်း။ ဣတိ ဧဝံ၊ ဤသို့။ ဧတံ၊ ထိုအရာကို။ နေဝ ဒိဋ္ဌံ၊ မြင်လည်း မမြင်ဘူး။ န သုတံ၊ ကြားလည်း မကြားဘူး။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

### မုသားပြောလျှင် မင်းဒဏ်ခံ

အပိစ ခေါ၊ စင်စစ်သော်ကား။ အယံ ပုရိသော၊ ဤယောကျ်ား သည်။ ဂဟပတိဿ ဝါ၊ သူကြွယ်၏ငင်း။ ဂဟပတိပုတ္တဿ ဝါ၊ သူကြွယ်

သား၏ရင်း။ အတ္ထံ၊ အကျိုးစည်းပွားကို။ မုသာဝါဒေန၊ လိမ်လည်ပြောကြား မုသားဆိုသဖြင့်။ ဘဏ္ဍိ၊ ဖျက်ဆီး၏။ ဣတိ၊ ဤသို့ကြားသိရ၍။ အဿ၊ ထိုယောကျ်ား၏။ တထေဝ၊ ထိုပြုသောအချင်းအရာအားဖြင့်သာလျှင်။ ပါပကမ္မံ၊ မကောင်းမှုကံကို။ ပဝေဒေန္တိ၊ သိစေကုန်၏။ တမေနံ၊ ထိုယောကျ်ားကို။ ရာဇာနော၊ မင်းတို့သည်။ ဂဟေတွာ၊ ဖမ်းဆီး၍။ မုသာဝါဒဟေတု၊ လိမ်လည် ပြောကြား မုသား ဆိုခြင်းဟူသောအကြောင်းကြောင့်။ ဟနန္တိ ဝါ၊ ထောင်းထုပုတ်ခတ် သတ်ဖြတ်ကုန်၏ဟူ၍ရင်း။ ဗန္ဓန္တိ ဝါ၊ လက်ထိပ်နှောင်ကြိုးတို့ဖြင့် ဖွဲ့တုပ်ချီနှောင်ကုန်၏ဟူ၍ရင်း။ ပဗ္ဗာဇေန္တိ ဝါ၊ တိုင်းပြည်မှမူလည်း နှင်ထုတ်ကုန်၏ဟူ၍ရင်း။ ဝါ၊ ပြည်နှင်ဒဏ် ပေးကုန်၏ဟူ၍ရင်း။ ယထာပစ္စယံ၊ အလိုရှိတိုင်း။ ကရောန္တိ ဝါ၊ ပြုကုန်၏ဟူ၍ရင်း။ တုမှေဟိ၊ သင်ချစ်သားတို့သည်။ ဧဝရူပံ၊ ဤသို့သဘောရှိသော အချင်းအရာကို။ ဒိဋ္ဌံ ဝါ အပိနု၊ မြင်လည်း မြင်ဘူးပါသလော။ သုတံ ဝါ အပိနု၊ ကြားလည်း ကြားဘူးပါသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ နော၊ တပည့်တော်တို့သည်။ ဒိဋ္ဌံ စ၊ မြင်လည်း မြင်ဘူး၏။ သုတံ စ၊ ကြားလည်း ကြားဘူးပါ၏။ သုယျိဿတိ စ၊ ကြားလည်း ကြားရပါလတ္တံ့။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။

**အရက်မသောက်လျှင် မင်းဒဏ်လွတ်**

၅။ ဘိက္ခဝေ၊ ရဟန်းတို့။ မယာ၊ ငါဘုရားသည်။ ဝုစ္စမာနံ၊ မိန့်ဆိုအပ်လတ္တံ့သော။ ယံ ဝစနံ၊ အကြင်စကားသည်။ အတ္ထိ၊ ရှိ၏။ တံ ဝစနံ၊ ထိုစကားကို။ တုမှေ၊ သင်ချစ်သားတို့သည်။ ကိံ မညထ၊ အဘယ်သို့ အောက်မေ့မှတ်ထင်ကြကုန်သနည်း။ ဣဓ၊ ဤယံ ပုရိသော၊ ဤယောကျ်ားသည်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ၊ မူးယစ်မေ့လျော့ခြင်း၏အကြောင်းဖြစ်သော သေရည်သေရက်တို့ကို သောက်မျိုခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ မူးယစ်မေ့လျော့ခြင်း၏အကြောင်းဖြစ်သော သေရည်သေရက်တို့ကို သောက်မျိုခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်၏။ ဣတိ၊ ဤသို့ ကြားသိရ၍။ တမေနံ၊ ထိုယောကျ်ားကို။

ရာဇာဒနေ၁၊ မင်းတို့သည်။ ဂဟေတွာ၊ ဖမ်းဆီး၍။ သုရာမေရယ-မဇ္ဇပမာဒဋ္ဌာနာ၊ မူးယစ်မေ့လျော့ခြင်း၏အကြောင်းဖြစ်သော သေရည်သေရက်တို့ကို သောက်မျိုခြင်းမှ။ ဝေရမဏိဟေတု၊ ရှောင်ကြဉ်ခြင်းဟူသောအကြောင်းကြောင့်။ ဟနန္တိ ဝါ၊ ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်ကုန်၏ဟူ၍ရင်း။ ဗန္ဓန္တိ ဝါ၊ လက်ထိပ်နှောင်ကြိုးတို့ဖြင့် ဖွဲ့တုပ်ချီနှောင်ကုန်၏ဟူ၍ရင်း။ ပဗ္ဗာဇေန္တိ ဝါ၊ တိုင်းပြည်မှမူလည်း နှင်ထုတ်ကုန်၏ဟူ၍ရင်း။ ဝါ၊ ပြည်နှင်ဒဏ်ပေးကုန်၏ဟူ၍ရင်း။ ယထာပစ္စယံ၊ အလိုရှိတိုင်း။ ကရောန္တိ ဝါ၊ ပြုကုန်၏ဟူ၍ရင်း။ ဣတိဝံ၊ ဤသို့။ တုမှေဟိ၊ သင်ချစ်သားတို့သည်။ ဒိဋ္ဌံဝါ အပိနု၊ မြင်လည်း မြင်ဘူးပါသလော။ သုတံဝါ အပိနု၊ ကြားလည်း ကြားဘူးပါသလော။ ဣတိ၊ ဤသို့။ ပုဋ္ဌာ၊ မေးတော်မူ၏။

ဘန္တေ၊ မြတ်စွာဘုရား။ တေ၊ ထိုအရာကို။ နေ၁ဟိ၊ မမြင်ဘူး မကြားဘူးပါ။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သာဓု၊ ကောင်းပေစွ။ ဘိက္ခဝေ၊ ရဟန်းတို့။ မယာပိ၊ ငါဘုရားသည်လည်း။ အယံ ပုရိသော၊ ဤ ယောကျ်ားသည်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ၊ မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်တို့ကို သောက်ခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ မူးယစ်မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်တို့ကို သောက်မျိုခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်၏။ ဣတိ၊ ဤသို့ကြားသိ၍။ တမေနံ၊ ထိုယောကျ်ားကို။ ရာဇာနေ၁၊ မင်းတို့သည်။ ဂဟေတွာ၊ ဖမ်းဆီး၍။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ မူးယစ်မေ့လျော့ခြင်း၏အကြောင်းဖြင်သော သေရည်သေရက်တို့ကို သောက်မျိုခြင်းမှ။ ဝေရမဏိဟေတု၊ ရှောင်ကြဉ်ခြင်းဟူသော အကြောင်းကြောင့်။ ဟနန္တိ ဝါ၊ ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်ကုန်၏ဟူ၍ရင်း။ ဗန္ဓန္တိ ဝါ၊ လက်ထိပ်နှောင်ကြိုးတို့ဖြင့် ဖွဲ့တုပ်ချီနှောင်ကုန်၏ဟူ၍ရင်း။ ပဗ္ဗာဇေန္တိ ဝါ၊ တိုင်းပြည်မှမူလည်း နှင်ထုတ်ကုန်၏ဟူ၍ရင်း။ ဝါ၊ ပြည်နှင်ဒဏ်ပေးကုန်၏ဟူ၍ရင်း။ ယထာပစ္စယံ၊ အလို

ရှိတိုင်း။ ကရောန္တိ ဝါ၊ ပြုကုန်၏ဟူ၍ရင်း။ ဣတိ ဇေ၊ ဤသို့။ တော၊ ထိုအရာကို။ နေဝ ဒိဋ္ဌံ၊ မြင်လည်း မမြင်ဘူး။ န သုတံ၊ ကြားလည်း မကြားဘူး။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

**အရက်သောက်လျှင် မင်းဒဏ်ခံ**

အပိ စ ဇေါ၊ စင်စစ်သော်ကား။ အယံ ပုရိသော၊ ဤယောကျ်ားသည်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ၊ မူးယစ်မေ့လျော့ခြင်း၏အကြောင်း ဖြစ်သော သေရည်သေရက်တို့ကို သောက်မျိုခြင်းကို။ အနုယုတ္တော၊ အားထုတ်သည်ဖြစ်၍။ဣတ္ထိ ဝါ၊ မိန်းမကိုရင်း။ပုရိသံ ဝါ၊ယောကျ်ား ကိုရင်း။ ဇီဝိတာ၊ အသက်မှ။ဝေါရောပေသိ၊ ခွင်းချ၏။အယံ ပုရိသော၊ ဤယောကျ်ားသည်။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနံ၊ မူးယစ် မေ့လျော့ ခြင်း၏အကြောင်းဖြစ်သော သေရည်သေရက်တို့ကိုသောက်မျိုခြင်းကို။ အနုယုတ္တော၊အားထုတ်သည်ဖြစ်၍။ဂါမာဝါ၊ ရွာမှရင်း။အရညာ ဝါ၊ တောမှရင်း။ အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော ဉစ္စာပစ္စည်းကို။ ထေယျသင်္ခါတံ၊ ခိုးလိုသော စိတ်ဖြင့်။ အာဒိယိ၊ ခိုးယူ၏။ အယံ ပုရိသော၊ ဤယောကျ်ားသည်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ၊ မူးယစ် မေ့လျော့ ခြင်း၏ အကြောင်းဖြစ်သော သေရည် သေရက်တို့ ကိုသောက်မျိုခြင်းကို။ အနုယုတ္တော၊ အားထုတ်သည်ဖြစ်၍။ ပရိတ္ထီသု၊ သူတပါးတို့၏ မယားတို့၌။ ပရကုမာရီသု၊ သူတပါးတို့၏ သမီးပျို တို့၌။ စာရိတ္တံ၊ သွားလာလွန်ကျူးခြင်းသို့။ အာပဇ္ဇိ၊ ရောက်၏။ အယံ ပုရိသော၊ ဤယောကျ်ားသည်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ၊ မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်တို့ကို သောက် မျိုခြင်းကို။ အနုယုတ္တော၊ အားထုတ်သည်ဖြစ်၍။ ဂဟပတိဿ ဝါ၊ သူကြွယ်၏လည်းကောင်း။ ဂဟပတိပုတ္တဿ ဝါ၊ သူကြွယ်သား၏ လည်းကောင်း။ အတ္ထံ၊ အကျိုးစည်းပွားကို။ မုသာဝါဒေန၊ လိမ်လည် ပြောကြား မှုသားဆိုသဖြင့်။ ဘဉ္ဇိ၊ ဖျက်ဆီး၏။ ဣတိ၊ဤသို့ကြားသိ ၍။ အဿ၊ ထိုယောကျ်ား၏။ တထေဝ၊ ထိုပြုသော အချင်အရာအား ဖြင့် သာလျှင်။ ပါပကမ္မံ၊မကောင်းမှုကံကို။ ပဝေဒေန္တိ၊ သိစေကုန်၏။

တမေနံ၊ ထိုယောကျ်ားကို။ ရာဇာနော၊ မင်းတို့သည်။ ဂဟေတွာ၊ ဖမ်းဆီး၍။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနဟေတု၊မူးယစ်မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည် သေရက်တို့ကို သောက်ခြင်းဟူသော အကြောင်းကြောင့်။ ဟနန္တိ ဝါ၊ ရိုက်နှက်ပုတ်ခတ် သတ်ကုန်၏ဟူ၍ ငင်း။ ဗန္ဓန္တိ ဝါ၊ လက်ထိပ်နှောင်ကြိုးတို့ဖြင့် ဖွဲ့တုပ်ချီနှောင်ကုန်၏ဟူ၍ ငင်း။ ပဗ္ဗာဇေန္တိ ဝါ၊ တိုင်းပြည်မှမူလည်း နှင်ထုတ်ကုန်၏ ဟူငင်း။ ဝါ၊ ပြည်နှင်ဒဏ် ပေးကုန်၏ဟူ၍ငင်း။ ယထာပစ္စယံ၊ အလိုရှိတိုင်း။ ကရောန္တိ ဝါ၊ ပြုကုန်၏ဟူ၍ငင်း။ တုမှေဟိ၊ သင်ချစ်သားတို့သည်။ ဧဝရူပံ၊ဤသို့သဘောရှိသောအခြင်းအရာကို။ ဒိဋ္ဌံဝါ အပိနု၊ မြင်လည်း မြင်ဘူးပါသလော။သုတံဝါ အပိနု၊ကြားလည်း ကြားဘူးပါသလော။ ဣတိ၊ ဤသို့။ ပုဋ္ဌာ၊ မေးတော်မူ၏။ ဘန္တေ၊မြတ်စွာဘုရား။နော၊တပည့်တော်တို့သည်။ ဒိဋ္ဌံ စ၊မြင်လည်း မြင်ဘူးပါ၏။ သုတံ စ၊ ကြားလည်း ကြားဘူးပါ၏။ သုယျိဿတိ စ၊ ကြားလည်း ကြားရပါလတ္တံ့။ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။

**ငါးပါးသီလ အကျိုးပြ တရားတော်**

"ကော ဥပါသကောတိ ယောကောစိ တိသရဏဂတော ဂဟဋ္ဌော။"

"ကိမဿ သီလန္တိ ပဥ္စဝေရမဏိယော။"

ကျမ်းလာအရ ဘုရား,တရား,သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တဲ့ သူတော်သူမြတ်ကို ဗုဒ္ဓဘာသာဝင် သမ္မာဒိဋ္ဌိပုဂ္ဂိုလ်လို့ဆိုသည်၊ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်မှန်လျှင် ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းရမည်၊ လက်ရှိအခြေအနေအရ မြန်မာပြည်ဟာ ဗုဒ္ဓဘာသာဝင် သမ္မာဒိဋ္ဌိ လူမျိုးတွေ နေထိုင်ရာဒေသ ဖြစ်တယ်၊ ကမ္ဘာတွင် ကံအသာဆုံး တိုင်းပြည်လို့ ဆိုရမှာဘဲ၊ ဒီမြန်မာပြည်မှာ နေထိုင်ကြတဲ့ ဗုဒ္ဓဘာသာဝင် သမ္မာဒိဋ္ဌိ ယောကျ်ား မိန်းမ ကလေးသူငယ်မှစပြီး ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းရမည်၊ ငါးပါးသီလ မလုံခြုံလျှင် ခုဘဝမှာရော နောင်ဘဝတွေမှာ အပြစ်အမျိုးမျိုး ဆင်းရဲဒုက္ခ

ဆိုးတွေ ရနိုင်တယ်၊ ငါးပါးသီလ လုံခြုံပြန်လျှင်လည်း ခုဘဝမှာရော နောင်ဘဝတွေမှာ အကျိုးအထွေထွေ ချမ်းသာသုခတွေ ရနိုင်တယ်။

## အသက်သတ်ခြင်းမှ ရှောင်ကြဉ်

ဒီငါးပါးသီလ မလုံခြုံမှု လုံခြုံမှုဖြင့် ခုရော နောင်ပါ အပြစ်အကျိုး အမျိုးမျိုးရပုံကို လက်တွေ့ပြရပါလျှင် ငါးပါးသီလမှာ ပထမသိက္ခာပုဒ်ဖြစ်တဲ့ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှုပြုသူအား ဒီပုဂ္ဂိုလ်ဟာ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်တယ်ဆိုပြီး သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှုဖြင့် အစိုးရမင်းတွေက ဖမ်းဆီးချုပ်နှောင်ပြီး ကြိမ်ဒဏ်ပေးတာ ငွေဒဏ်ပေးတာ ထောင်ဒဏ်ပေးတာ ကျွန်းဒဏ်ပေးတာ သေဒဏ်ပေးတာတွေများ မြင်လည်း မမြင်ဘူးဘူး၊ ကြားလည်း မကြားဘူးဘူး။

အမှန်စင်စစ်တော့ သူ့အသက်သတ်ခြင်းမှ မရှောင်ကြဉ်မှုဖြင့် လူကိုသတ်တယ်၊ အစိုးရမင်းများ တားမြစ်ထားတဲ့ ကျွဲနွားတိရစ္ဆာန်များကို သတ်တယ်၊ သူတပါးပိုင် ကျွဲနွားတိရစ္ဆာန်များကို သတ်တယ်၊ ဒီပုဂ္ဂိုလ်ကို အစိုးရမင်းတွေက ဖမ်းဆီးချုပ်နှောင်ပြီး ကြိမ်ဒဏ်ပေးတာ ငွေဒဏ်ပေးတာ ထောင်ဒဏ်ပေးတာ ကျွန်းဒဏ်ပေးတာ သေဒဏ်ပေးတာတွေကိုသာ မြင်လည်း မြင်ဘူးကြတယ်၊ ကြားလည်း ကြားဘူးကြတယ်၊ ဒီလို သူ့အသက် သတ်ခြင်းမှ မရှောင်ကြဉ်မှုဖြင့် မင်းပြစ် မင်းဒဏ် ခံရမှု အပြစ်ရခြင်း၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှုဖြင့် မင်းပြစ် မင်းဒဏ်မှ လွတ်မှုအကျိုးရခြင်းကြောင့် လူတိုင်း လူတိုင်းပင် သူ့အသက်သတ်ခြင်းမှ အခါခပ်သိမ်း ရှောင်ကြဉ်ကြရမည်။

## ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်

ငါးပါးသီလမှာ ဒုတိယသိက္ခာပုဒ်ဖြစ်တဲ့ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်သူအား ဒီပုဂ္ဂိုလ်ဟာ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်တယ်ဆိုပြီး သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်မှုဖြင့် အစိုးရမင်းတွေက ဖမ်းဆီးချုပ်နှောင်ပြီး ကြိမ်ဒဏ်ပေးတာ ငွေဒဏ်ပေးတာ ထောင်ဒဏ်ပေးတာ ကျွန်းဒဏ်ပေးတာ သေဒဏ်ပေးတာတွေများ မြင်လည်း မမြင်ဘူးဘူး၊ ကြားလည်း မကြားဘူးဘူး၊ အမှန်စင်စစ်တော့ သူ့ဥစ္စာခိုးခြင်းမှမရှောင်ကြဉ်မှုဖြင့် ပြည်သူပိုင်ပစ္စည်းတွေကို နည်းအမျိုးမျိုးနှင့်

ခိုးတယ်၊ သမဝါယမပိုင်ပစ္စည်းတွေကို နည်းအမျိုးမျိုးနှင့် ခိုးတယ်၊ အခြား အသင်းအဖွဲ့ပိုင် ပစ္စည်းတွေကို နည်းအမျိုးမျိုးနှင့် ခိုးတယ်၊ ပုဂ္ဂလိကပိုင် ပစ္စည်း တွေကို နည်းအမျိုးမျိုးနှင့် ခိုးတယ်၊ ဒီပုဂ္ဂိုလ်ကို အစိုးရမင်းတွေက ဖမ်းဆီး ချုပ်နှောင်ပြီး ကြိမ်ဒဏ်ပေးတာ ငွေဒဏ်ပေးတာ ထောင်ဒဏ်ပေးတာ ကျွန်း ဒဏ်ပေးတာ သေဒဏ်ပေးတာ တွေကိုသာ မြင်လည်း မြင်ဘူးကြတယ်၊ ကြားလည်း ကြားဘူးကြတယ်၊ ဒီလို သူ့ဥစ္စာ ခိုးခြင်းမှ မရှောင်ကြဉ် မှုဖြင့် မင်းပြစ်မင်းဒဏ် ခံရမှု ဖြစ်ရခြင်း၊ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်မှုဖြင့် မင်းပြစ်မင်းဒဏ်မှ လွတ်မှုအကျိုးရခြင်းကြောင့် လူတိုင်းလူတိုင်းပင် သူ့ဥစ္စာ ခိုးခြင်းမှ အခါခပ်သိမ်း ရှောင်ကြဉ်ကြရမည်။

**သူ့မယား မှားယွင်းခြင်းမှ ရှောင်ကြဉ်**

ငါးပါးသီလမှာ တတိယသိက္ခာပုဒ် ဖြစ်တဲ့ မေထုန်အကျင့်တို့၌ ပညာရှိ တို့ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာစွာ ပြုကျင့်ခြင်းမှ ရှောင်ကြဉ်သူအား ဒီပုဂ္ဂိုလ်ဟာ မေထုန်အကျင့်တို့၌ ပညာရှိသူတော်ကောင်းတွေ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာစွာ ပြုကျင့်ခြင်းမှ ရှောင်ကြဉ်မှုဖြင့် အစိုးရမင်းတွေက ဖမ်းဆီးချုပ်နှောင်ပြီး ကြိမ်ဒဏ်ပေးတာ ငွေဒဏ်ပေးတာ ထောင်ဒဏ်ပေးတာ ကျွန်းဒဏ်ပေးတာ သေဒဏ်ပေးတာတွေများ မြင်လည်း မမြင်ဘူးဘူး၊ ကြားလည်း မကြားဘူးဘူး။

အမှန်စင်စစ်တော့ မေထုန်အကျင့်တို့၌ ပညာရှိသူတော်ကောင်းတွေ ကဲ့ရဲ့ ဘွယ်ရာ ယုတ်မာစွာ ပြုကျင့်ခြင်းမှ မရှောင်ကြဉ်မှုဖြင့် သူတပါးပိုင် လင်ရှိမယား တို့၌ မေထုန်အမှုအားဖြင့် မှားယွင်းတယ်၊ သူတပါးတို့၏ သမီးပျိုများကို မေထုန်အမှုဖြင့် ဖျက်ဆီးမှားယွင်းတယ်၊ မုဒိန်းကျင့်တယ်၊ ဒီပုဂ္ဂိုလ်ကို အစိုးရ မင်းတွေက ဖမ်းဆီးချုပ်နှောင်ပြီး ကြိမ်ဒဏ်ပေးတာ ငွေဒဏ်ပေးတာ ထောင် ဒဏ်ပေးတာ ကျွန်းဒဏ်ပေးတာ သေဒဏ်ပေးတာ တွေကိုသာ မြင်လည်း မြင်ဘူး တယ်၊ ကြားလည်း ကြားဘူးတယ်၊ ဒီလို မေထုန်အကျင့်တို့၌ ပညာရှိသူတော် ကောင်းတွေ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာစွာ ကျင့်ခြင်းမှ မရှောင်ကြဉ်မှုဖြင့် မင်းပြစ် မင်းဒဏ် ခံရမှုအပြစ်ရခြင်း၊ မေထုန်အကျင့်တို့၌ ပညာရှိသူတော်ကောင်းတွေ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်မှုဖြင့် မင်းပြစ်မင်းဒဏ်မှ

လွတ်မှုအကျိုးရခြင်းကြောင့် လူတိုင်းလူတိုင်းပင် မေထုန်အကျင့်တို့၌ ပညာရှိသူတော်ကောင်းတွေ ကဲ့ရဲ့ဘွယ်ရာ ယုတ်မာစွာ ပြုကျင့်ခြင်းမှ အခါခါပ်သိမ်း ရှောင်ကြဉ်ကြရမည်။

**မုသားဆိုခြင်းမှ ရှောင်ကြဉ်**

ငါးပါးသီလမှာ စတုတ္ထသိက္ခာပုဒ်ဖြစ်တဲ့ လိမ်လည်ပြောကြား မုသားဆိုခြင်းမှ ရှောင်ကြဉ်သူအား ဒီပုဂ္ဂိုလ်ဟာ လိမ်လည်ပြောကြား မုသားဆိုခြင်းမှ ရှောင်ကြဉ်တယ်ဆိုပြီး လိမ်လည်ပြောကြား မုသားဆိုခြင်းမှ ရှောင်ကြဉ်မှုဖြင့် အစိုးရမင်းတွေက ဖမ်းဆီးချုပ်နှောင်ပြီး ကြိမ်ဒဏ်ပေးတာ ငွေဒဏ်ပေးတာ ထောင်ဒဏ်ပေးတာ ကျွန်းဒဏ်ပေးတာ သေဒဏ်ပေးတာတွေများ မြင်လည်း မမြင်ဘူးဘူး၊ ကြားလည်း မကြားဘူးဘူး။

အမှန်စင်စစ်တော့ လိမ်လည်ပြောကြား မုသားဆိုခြင်းမှ မရှောင်ကြဉ်မှုဖြင့် လိမ်ညာပြီးစာတယ်၊ မဟုတ်မတရား ပြောကြားစွပ်စွဲတယ်၊ မုသားဆိုပြီး သူတပါးတို့၏ အကျိုးစီးပွားကို ဖျက်ဆီးတယ်၊ ဒီပုဂ္ဂိုလ်ကို အစိုးရမင်းတွေက ဖမ်းဆီးချုပ်နှောင်ပြီး ကြိမ်ဒဏ်ပေးတာ ငွေဒဏ်ပေးတာ ထောင်ဒဏ်ပေးတာ ကျွန်းဒဏ်ပေးတာ သေဒဏ်ပေးတာတွေကိုသာ မြင်လည်း မြင်ဘူးကြတယ်၊ ကြားလည်း ကြားဘူးကြတယ်၊ဒီလိုမုသားဆိုခြင်းမှ မရှောင်ကြဉ်မှုဖြင့် မင်းပြစ်မင်းဒဏ် ခံရမှု အပြစ်ရခြင်း၊ မုသားဆိုခြင်းမှ ရှောင်ကြဉ်မှုဖြင့် မင်းပြစ်မင်းဒဏ်မှလွတ်မှု အကျိုးရခြင်းကြောင့် လူတိုင်းလူတိုင်းပင် လိမ်လည်ပြောကြား မုသားဆိုခြင်းမှ အခါခါပ်သိမ်း ရှောင်ကြဉ်ကြရမည်။

**အရက်သောက်ခြင်းမှ ရှောင်ကြဉ်**

ငါးပါးသီလမှာ ပဉ္စမသိက္ခာပုဒ်ဖြစ်တဲ့ အရက် ဘိန်း ယစ်မျိုးများကို သောက်စားမူးယစ်ခြင်းမှ ရှောင်ကြဉ်သူအား ဒီပုဂ္ဂိုလ်ဟာ အရက်မသောက်ဘူး၊ ဘိန်းမစားဘူးဆိုပြီး အရက်မသောက် ဘိန်းမစားမှုဖြင့် အစိုးရမင်းတွေက ဖမ်းဆီးချုပ်နှောင်ပြီး ကြိမ်ဒဏ်ပေးတာ ငွေဒဏ်ပေးတာ ထောင်ဒဏ်ပေးတာ ကျွန်းဒဏ်ပေးတာ သေဒဏ်ပေးတာတွေများ မြင်လည်း မမြင်ဘူးဘူး၊ ကြားလည်း မကြားဘူးဘူး။

အမှန်စင်စစ်တော့ အရက်သောက် ဘိန်းစားပြီး မူးယစ်ရမ်းကားကာ လူကို သတ်တယ်၊ အစိုးရမင်းများ တားမြစ်ထားတဲ့ ကျွဲ နွား တိရစ္ဆာန်များကို သတ်တယ်၊သူတပါးပိုင် ကျွဲ နွားတိရစ္ဆာန်များကို သတ်တယ်၊ပြည်သူပိုင် ပစ္စည်းတွေကို နည်းအမျိုးမျိုးနှင့် ခိုးတယ်၊ သမဝါယမပိုင် ပစ္စည်းတွေကို နည်းအမျိုးမျိုးနှင့် ခိုးတယ်၊ အခြားအသင်းအဖွဲ့ပိုင် ပစ္စည်းတွေကို နည်းအမျိုးမျိုးနှင့် ခိုးတယ်၊ ပုဂ္ဂလိကပိုင် ပစ္စည်းတွေကို နည်းအမျိုးမျိုးနှင့် ခိုးတယ်၊ သူတပါးပိုင် လင်ရှိမယားတို့၌ မေထုန်အမှုအားဖြင့် မှားယွင်းတယ်၊ သူတပါးတို့၏ သမီးပျိုများကို မေထုန်အမှုအားဖြင့် ဖျက်ဆီးတယ်၊ မုဒိန်းကျင့်တယ်၊ လိမ်ညာပြီး စားတယ်၊ မဟုတ်မတရား ပြောကြား စွပ်စွဲတယ်၊ မုသားဆိုပြီး သူတပါးတို့၏ အကျိုးစီးပွားကို ဖျက်ဆီးတယ်၊ ဒီပုဂ္ဂိုလ်ကို အစိုးရမင်းတွေက ဖမ်းဆီး ချုပ်နှောင်ပြီး ကြိမ်ဒဏ်ပေးတာ ငွေဒဏ်ပေးတာ ထောင်ဒဏ်ပေးတာ ကျွန်းဒဏ်ပေးတာ သေဒဏ်ပေးတာတွေကိုသာ မြင်လည်း မြင်ဘူးကြတယ်၊ ကြားလည်း ကြားဘူးကြတယ်၊ ဒီလို အရက်သောက် ဘိန်းစားခြင်းမှ မရှောင်ကြဉ်မှုဖြင့် မင်းပြစ်မင်းဒဏ်ခံရမှု အပြစ်ရခြင်း၊ အရက်သောက် ဘိန်းစားခြင်းမှ ရှောင်ကြဉ်မှုဖြင့် မင်းပြစ်မင်းဒဏ်မှ လွတ်မှုအကျိုးရခြင်းကြောင့်လူတိုင်းလူတိုင်း ပင် အရက်သောက်ခြင်း ဘိန်းစားခြင်းမှ အခါခပ်သိမ်း ရှောင်ကြဉ်ကြရမည်။

**ဆိုလိုရင်း**

ဆိုလိုရင်းကတော့ ငါးပါးသီလ မလုံခြုံလျှင် မင်းပြစ်မင်းဒဏ် ခံရမည်၊ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းနိုင်ပြန်လျှင်လည်း မင်းပြစ်မင်းဒဏ်မှ လွတ်မည်၊ ရာဇဝတ်မှုတွေ ပေါများတာလဲ ငါးပါးသီလ မလုံခြုံသူတွေ များလို့ဘဲ၊ ရာဇဝတ်မှုတွေ နည်းပါးတာလဲ ငါးပါးသီလ လုံခြုံသူတွေ များလို့ဘဲ၊ လူတိုင်း လူတိုင်း ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းနိုင်ပါလျှင် ရာဇဝတ်မှုဆိုတာ မရှိနိုင်ဘူး၊ အကျဉ်းထောင်လည်း ထားစရာမလိုတော့ဘူးပေါ့၊ ဒါ့ကြောင့် လူတိုင်း လူတိုင်း ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းကြရမည်၊ ငါးပါးသီလ လုံခြုံလျှင် မင်းပြစ်မင်းဒဏ်မှ လွတ်မည်၊ မင်းပြစ်မင်းဒဏ်မှ လွတ်ခြင်းကြောင့် ပစ္စည်းဥစ္စာများကို တရားနှင့်အညီ ရှာဖွေနိုင်ပြီး

**ငါးပါးသီလ၏ အကျိုး (၅)ပါး**

၁။ ပစ္စည်းဥစ္စာ တိုးတက်ချမ်းသာခြင်းဆိုတဲ့ သီလ၏ ပထမအကျိုးကို ရမည်။

၂။ ဘယ်သူဟာဖြင့် အသက်မသတ်ဘူး၊ သူ့ဥစ္စာ မခိုးဘူး၊ မိမိမယား, မိမိလင်သားမှ တပါးသူတွေနှင့် မေထုန်အမှုအားဖြင့် မှားယွင်းမှု မရှိဘူး၊ လိမ်လည်ပြောကြား မုသား မဆိုဘူး၊ မှန်သောစကား ရှိတယ်၊ အရက်မသောက်ဘူး၊ ဘိန်းမစားဘူး၊ အသောက်အစား အကစားကင်းတယ်၊ ကံငါးပါးကို စောင့်ထိန်းတယ်၊ သီလရှိတယ်၊ သမာဓိရှိတယ်၊ ပညာရှိတယ်လို့ ချီးမွမ်းအံ့သြ ကျော်စောခြင်းဆိုတဲ့ သီလ၏ ဒုတိယ အကျိုးကိုလည်း ရမည်။

၃။ ငါးပါးသီလ လုံခြုံခြင်းကြောင့် ရာဇဝတ်ပြစ်မှုမရှိ၊ သူတပါးတို့ ကဲ့ရဲ့ ဘွယ်ရာ အပြစ်အနာအဆာ မထင်၊ သီလဂုဏ်ဖြင့် ကြည်လင်ရကား- ကုန်သည် ပွဲစား သူဌေးသူကြွယ် ပရိသတ်၊ မင်းစိုးရာဇာ ပရိသတ်၊ ရဟန်းသံဃာ ပရိသတ်၊ လူဆင်းရဲ ပရိသတ်၊ ဘယ်ပရိသတ်သို့ ချဉ်းကပ် ချဉ်းကပ် ရဲရဲဝံ့ဝံ့ ချဉ်းကပ်ရခြင်းဆိုတဲ့ သီလ၏ တတိယအကျိုးကိုလည်း ရမည်။

၄။ 'အမရဏာသတ္တော နာမ နတ္ထိ' မသေတဲ့ သတ္တဝါရယ်လို့ လောကမှာ မရှိခြင်းကြောင့် သေချိန်ရောက်လို့ သေဘို့ရာ ညောင်စောင်း လျောင်းတဲ့ပြီး မျက်စိဖွင့်ကာ တမျိုး၊ မျက်စိမှိတ်ကာ တဖုံ၊ ပစ္စုပ္ပန်, တမလွန် နှစ်ပါးစုံကို ရော်ရမ်းမျှော်မှန်းပြီး ကြည့်လိုက်တဲ့အခါ ပစ္စုပ္ပန်ဘဝမှာ ပြုပြုသမျှ ကုသိုလ်အဝဝနှင့် နှစ်မြို့ဖွယ်ရာတွေကိုသာ ထင်မြင်၊ မကျိုး, မပေါက်, မကျား, မပြောက်တဲ့ မိမိ၏ ငါးပါးသီလကို ဆင်ခြင်၊ စိတ်စက်ကြည်လင် ရွှင်ပျ, လားရမည့် ဘဝမှလည်း နတ်ဘုံဗိမာန် ပဒေသာပင် နတ်ဥယျာဉ်တွေ မြင်ရပြီး မတွေမဝေ ကုသိုလ်တရားတွေကို အောက်မေ့ပြီး သေရခြင်းဆိုတဲ့ သီလ၏ စတုတ္ထအကျိုးကိုလည်း ရမည်။

၅။ သေပြီးနောက်အခါမှာလည်း သီလရှိသူတို့၏ ထုံးစံ ဓမ္မတာအတိုင်း နတ်ပြည်ခြောက်ရွာမှာ ဖြစ်ရပြီး နတ်စည်းစိမ်ချမ်းသာကို ရခြင်းဆိုတဲ့ သီလ၏ ပဉ္စမအကျိုးကိုလည်း ရမည်။

သီလမျိုး အကျိုးရယ်တဲ့ ငါးထွေ၊
စိန် ရွှေ ငွေ ထွေထွေပေါပါလို့၊
ဂုဏ်သိရ်တွေ လွန်ကျော်စောတယ်၊ အဟောအဆွ ရေ၊
ရဲရင့်ပေ လေးထွေ၏ အလယ်များ၊
သေခြားပြန် သီလကံ တဖန်လေ့ပါလို့၊
စိတ်တော်မွေ့ မတွေဝေ၊ နတ်ပြည်သို့လား ၅၊
ငါးပါးရယ်စုံအညီနှင့် ပဉ္စသီ ဤသီလကိုကွယ်....
စောင့်ကြ အများ။

ဒါကြောင့် ပစ္စုပ္ပန်၊တမလွန် အကျိုးစီးပွားကို လိုလားကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင် အမျိုးသား အမျိုးသမီးတိုင်းပင် ငါးပါးသီလကို မကျိုး၊မပေါက်၊ မကျား၊မပြောက်ရအောင် စောင့်ရှောက် ဆောက်တည်ကြကုန်ရာသတည်း။

## သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား ယခုဘဝတွင် ရနိုင်သော အကျိုးများ

၁။ မင်းပြစ်၊ မင်းဒဏ်မှ လွတ်ခြင်း၊

၂။ ပစ္စည်းဥစ္စာ တိုးတက်ချမ်းသာခြင်း၊

၃။ ဘယ်သူဟာဖြင့် သန်းဥ၊ကြမ်းပိုး၊ပိုးရွ၊ခြပုံးမှစပြီး သတ္တဝါမှန်သမျှကို မသတ်ဘူးဆိုတဲ့ ကောင်းသောသတင်း ကျော်စောခြင်း၊

၄။ အသက်သတ်ခြင်း ကင်းရကား ပရိသတ်သို့ချဉ်းကပ်ရာ၌ ရဲရဲတင်းတင်း ရှိခြင်း၊

၅။ သူတပါး ပယောဂဖြင့် အသက် မသေရခြင်း၊

၆။ အသက်ရှည်ခြင်း၊

၇။ မတွေ့မဝေ သေရခြင်း- စသည်တို့တည်း။

## သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား တမလွန်တွင် ရနိုင်သော အကျိုးများ

၁။ သေသည်၏ အခြားမဲ့၌ လူ့ပြည်, နတ်ရွာ, ဗြဟ္မာဟူဘိ သုဂတိသို့ လားရခြင်း။

၂။ မျက်စိ, နား, နှာ, လက်ခြေ အင်္ဂါကြီးငယ်တို့နှင့် ပြည့်စုံခြင်း။

၃။ အလုံးအရပ်နှင့် ပြည့်စုံခြင်း။

၄။ လျှင်မြန်ဖြတ်လတ်ခြင်း။

၅။ ညီညွတ်ပြေပြစ် ကောင်းစွာတည်သော ခြေရှိခြင်း။

၆။ တင့်တယ်လှပခြင်း။

၇။ နူးညံ့သိမ်မွေ့ခြင်း။

၈။ စင်ကြယ် သန့်ရှင်းခြင်း။

၉။ ရဲရင့်ခြင်း။

၁၀။ ခွန်အားဗလ ကြီးမားခြင်း။

၁၁။ ရဲရင့်သော စကားရှိခြင်း။

၁၂။ လူအများ ချစ်ခင်ခြင်း။

၁၃။ စကား မထစ်အ ပီသခြင်း။

၁၄။ မပြိုကွဲ မပျက်စီးသော ပရိသတ်ရှိခြင်း။

၁၅။ မတုန်လှုပ်ခြင်း။

၁၆။ သူတပါး ဖျက်ဆီး၍လည်း မပျက်စီးခြင်း။

၁၇။ သူတပါး ပယောဂဖြင့် အသက် မသေရခြင်း။

၁၈။ ပရိသတ်အခြံအရံ များခြင်း။

၁၉။ ကောင်းသော အဆင်းရှိခြင်း။

၂၀။ ကောင်းသော သဏ္ဌာန်ရှိခြင်း။

၂၁။ အနာရောဂါ ကင်းခြင်း။

၂၂။ စိုးရိမ်သောက ကင်းခြင်း။

၂၃။ ချစ်သောသူတို့နှင့် မကွေကွင်းရခြင်း။

၂၄။ အသက်ရှည်ခြင်း- စသည်တို့ပင် ဖြစ်သည်။

## ကျက်မှတ်ရန်

### ပစ္စုပ္ပန် အကျိုး

သက်သတ်ပယ်ရှား၊ ထိုသူအားက၊ လွတ်ငြားမင်းဒဏ်၊ တိုးပြန်ဥစ္စာ၊ ကောင်းစွာသတင်း၊ ကပ်ချင်းရဲလျက်၊ သူ့လက်မသေ၊ သက်ရှည်သည်မှန်၊ သေပြန်တထွေ၊ အကျိုးတွေ၊ ရလေ ပစ္စုပ္ပန်။

### တမလွန် အကျိုး

သက်သတ်ပယ်ရှား၊ ထိုသူအားက၊ သေလားနတ်ရွာ၊ လူဖြစ်လာလည်း၊ အင်္ဂါပြည့်လတ်၊ လုံးရပ်ညီညာ၊ သွားလာလျင်မြန်၊ မှန်ကန်ခြေရပ်၊ ကောင်းမြတ်တင့်တယ်၊ နုနယ်သိမ်မွေ့၊ သန့်ရှင်စင်စင်၊ ဘေးလျှင်မကြောက်၊ ကြီးမောက်ခွန်အား၊ စကားပြောရဲ၊ လူလဲချစ်ခင်၊ နှုတ်လျှင်ပီပြန်၊ ခြွေရံမယုတ်၊ တုန်လှုပ်ကင်းလျက်၊ သူဖျက်မဖျက်၊ သူ့လက်မသေ၊ များလေခြွေရံ၊ လှပြန်အဆင်း၊ ကောင်းခြင်းသဏ္ဌာန်၊ နည်းပြန်အနာ၊ ပူဆာကင်းစဲ၊ မကွဲချစ်သူ၊ သက်မူရှည်လေ၊ အကျိုးတွေ ရလေဘမလွန်။

### သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်သူအား ယခုဘဝတွင် ရနိုင်သော အကျိုးများ

၁။ မင်းပြစ်မင်းဒဏ်မှ လွတ်ခြင်း။

၂။ ပစ္စည်းဥစ္စာ ပိုးတက်ချမ်းသာခြင်း။

၃။ ဘယ်သူဟာဖြင့် မခိုးတတ်ဘူး၊ ရိုးသားတယ်ဟု ကောင်းသောသတင်း ကျော်စောခြင်း။

၄။ ခိုးဝှက်လုယက် ခေးပြတိုက်ခြင်း ကင်းရကား ပရိသတ်သို့ ချဉ်းကပ်ရာ၌ ရဲရဲတင်းတင်းရှိခြင်း။

၅။ မတွေ့မဝေ သေရခြင်း စသည်တို့တည်း။

## သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်သူအား တမလွန်တွင် ရနိုင်သော အကျိုးများ

၁။ သေသည်၏အခြားမဲ့၌ လူ့ပြည်နတ်ရွာ ဗြဟ္မာပြည်၌ ဖြစ်ရခြင်း။

၂။ မြေ၌မြှုပ်ထား များသော ဥစ္စာ ရှိခြင်း။

၃။ များသော ဥစ္စာစပါး ရှိခြင်း။

၄။ များသော စည်းစိမ်ဥစ္စာ အသုံးအဆောင် ရှိခြင်း။

၅။ မဖြစ်ပေါ် မရရှိသေးသော ပစ္စည်းဥစ္စာများ ဖြစ်ပေါ် ရရှိခြင်း။

၆။ ဖြစ်ပေါ်ရရှိပြီး ပစ္စည်းများ အရှည်တည်တံ့ခြင်း။

၇။ လိုချင်သော စည်းစိမ်ဥစ္စာများ လျင်မြန်စွာ ရရှိခြင်း။

၈။ ပစ္စည်းဥစ္စာများကို ရန်သူငါးပါးတို့ မဖျက်ဆီးနိုင်ခြင်း။

၉။ ရန်သူမျိုးငါးပါးတို့နှင့် မဆက်ဆံသော ပစ္စည်းဥစ္စာများကိုသာ ရရှိခြင်း။

၁၀။ မြင့်မြတ်ကြွယ်ဝသူ ဖြစ်ရခြင်း။

၁၁။ မရှိဟူသော စကားကို မကြားရ မသိရခြင်း။

၁၂။ ချမ်းသာစွာ နေရ အသက်မွေးရခြင်း စသည်တို့တည်း။

**ကျက်မှတ်ရန်**

### ပစ္စုပ္ပန် အကျိုး

ခိုးမှုပယ်ရှား၊ ထိုသူအားက၊ လွတ်ငြားမင်းဒဏ်၊ တိုးပြန်ဥစ္စာ၊ ကောင်းစွာသတင်း၊ ကပ်ချဉ်းရဲရဲ၊ သေလှဲမတွေ၊ အကျိုးတွေ၊ ရလေ ပစ္စုပ္ပန်။

## တမလွန်အကျိုး

ခိုးမှုပယ်ရှား၊ ထိုသူအားက၊ သေလားနတ်ရွာ၊ လူဖြစ်လာလည်း၊ ဥစ္စာပေါများ၊ စပါးပြည့်စုံ၊ ကုံလုံဘောဂါ၊ ဖြစ်စွာပစ္စည်း၊ ရပြီးနိုင်မြဲ၊ လိုလဲရရှိ၊ ရန်မျိုးမဖျက်၊ မဆက်ရန်သူ၊ မြင့်မူကြွယ်ဝ၊ ကင်းပနတ္တိ၊ လွယ်ဘိသက်မွေး၊ အကျိုးပေး၊ ရရေး တမလွန်။

## သူ့မယားကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်သူအား ယခုဘဝတွင် ရနိုင်သော အကျိုးများ

၁။ မင်းပြစ်မင်းဒဏ်မှ လွတ်ခြင်း။

၂။ ပစ္စည်းဥစ္စာ တိုးတက်ချမ်းသာခြင်း။

၃။ ဘယ်သူဟာဖြင့် သူ့မယားကို မော်လို့တောင် မကြည့်ဘူး မှားယွင်းလွန်ကျူးမှုမှ ကင်းတယ်ဟု ကောင်းသောသတင်း ကျော်စောခြင်း။

၄။ သူ့မယားကို မှားယွင်းခြင်း မုဒိန်းကျင့်ခြင်း ကင်းရကား ပရိသတ်သို့ ချဉ်းကပ်ရာ၌ ပရဒါရိကအမှုမျိုးဖြင့် ကြောက်ရွံ့ခြင်းကင်း ရဲတင်းခြင်း။

၅။ ရိုက်နှက်ပုတ်ခတ် သူတပါးအနှိပ်စက် မခံရခြင်း။

၆။ လူချစ်လူခင် များခြင်း။

၇။ မတွေ့မဝေ သေရခြင်း စသည့်တို့တည်း။

## သူ့မယားကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်သူအား တမလွန်တွင် ရနိုင်သော အကျိုးများ

၁။ သေသည်၏အခြားမဲ့၌ လူ့ပြည်နတ်ရွာ ဗြဟ္မာဟူဘိ သုဂတိဘဝ၌ ဖြစ်ရခြင်း။

၂။ ရန်သူကင်းခြင်း။

၃။ လူအပေါင်းတို့ ချစ်ခင်မြတ်နိုးခြင်း။

၄။ ပစ္စည်းလာဘ်သပ်ပကာ ပေါများခြင်း။

၅။ ချမ်းသာစွာ အိပ်ရခြင်း။
၆။ ချမ်းသာစွာ နိုးရခြင်း။
၇။ ယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့ မပြောင်းလဲခြင်း။
၈။ နပုံပဏ္ဍုက် မဖြစ်ရခြင်း။
၉။ အမျက် နည်းပါးခြင်း။
၁၀။ မြက်နှာအဆင်း ကြည်လင်ရွှင်ပျခြင်း။
၁၁။ မိမိအိမ်သား အိမ်သူ အချင်းချင်း ချစ်ခင်မှုရှိခြင်း။
၁၂။ ပြည့်စုံသော ဣန္ဒြေရှိခြင်း။
၁၃။ ပြည့်စုံသော လက္ခဏာရှိခြင်း။
၁၄။ ယုံမှားသံသယ ကင်းခြင်း။
၁၅။ စိုးရိမ်ကြောင့်ကြမှု ကင်းခြင်း။
၁၆။ ချမ်းသာစွာ နေရခြင်း။
၁၇။ ဘေးကင်းခြင်း။
၁၈။ ချစ်သောသူနှင့် ကွေကွင်းမှု မရှိခြင်း- စသည့်တို့တည်း။

## ကျက်မှတ်ရန်

### ပစ္စုပ္ပန် အကျိုး

မိစ္ဆာပယ်ရှား၊ ထိုသူအားက၊ လွတ်ငြားမင်းဒဏ်၊ တိုးပြန်ဥစ္စာ၊ ကောင်းစွာသတင်း၊ ကပ်ချဉ်းရဲရဲ၊ ညှဉ်းဆဲကင်းပ၊ ချစ်လှများလူ၊ သေမှုမတွေ၊ အကျိုးတွေ၊ ရလေ ပစ္စုပ္ပန်။

### တမလွန် အကျိုး

မိစ္ဆာပယ်ရှား၊ ထိုသူအားက၊ သေလားနတ်ရွာ၊ လူဖြစ်လာလည်း၊ ရန်ကွာဝေးခြား၊ လူများချစ်မြတ်၊ လာဘ်သပ်များဝင်၊ အိပ်စဉ်ချမ်းသာ၊ နိုးလာသုခ၊ မိန်းမ မဖြစ်၊ မဖြစ်နပုံး၊ နည်းဆုံးအမျက်၊ မျက်ခွက်ကြည်လင်၊ ချစ်ခင်အိမ်သူ၊ ပြည့်မူဣန္ဒြေ၊ ပြည့်ပေလက္ခဏာ၊ ကင်းကွာယုံမှား၊ ကင်းငြားကြောင့်ကြ၊ သုခဖြင့်နေ၊ ဘေးတွေမလူ၊ ချစ်သူမကွေ၊ အကျိုးတွေ၊ ရလေ တမလွန်။

## မုသားဆိုခြင်းမှ ရှောင်ကြဉ်သူအား ယခုဘဝတွင် ရစေနိုင်သော အကျိုးများ

၁။ မင်းပြစ်, မင်းဒဏ်မှ လွတ်ခြင်း။

၂။ ပစ္စည်းဥစ္စာ တိုးတက်ချမ်းသာခြင်း။

၃။ ဘယ်သူဟာဖြင့် လိမ်ညာ မပြောတတ်ဘူး၊ မုသားမသုံးဘူး မှန်သော သစ္စာစကား ရှိတယ်ဟု ကောင်းသောသတင်း ကျော်စောခြင်း။

၄။ ပရိသတ်သို့ ချဉ်းကပ်ရာ၌ လိမ်ညာမှုမျိုးဖြင့် ကြောက်ရွံ့ခြင်းကင်း ရဲတင်းခြင်း။

၅။ ပုတ်ခတ်ရိုက်နှက် သူတပါးတို့၏ အနှိပ်စက် မခံရခြင်း။

၆။ မိမိစကားကို လူအများ ယုံကြည်ခြင်း။

၇။ မတွေမဝေ သေရခြင်း စသည်တို့တည်း။

## မုသားဆိုခြင်းမှ ရှောင်ကြဉ်သူအား တမလွန်တွင် ရနိုင်သော အကျိုးများ

၁။ သေသည်၏ အခြားမဲ့၌ လူ့ပြည် နတ်ရွာပြဟ္မာဟူသော သုဂတိဘဝ၌ ဖြစ်ရခြင်း။

၂။ ကြည်လင်သော ဣန္ဒြေရှိခြင်း။

၃။ သန့်ရှင်း ချိုမြိန် ပီသသော စကားရှိခြင်း။

၄။ ပြေပြစ်ညီညွတ်သော သွားရှိခြင်း။

၅။ မဝလွန်းခြင်း။

၆။ မပိန်လွန်းခြင်း။

၇။ မပုလွန်းခြင်း။

၈။ မရှည်လွန်းခြင်း။

၉။ ချမ်းသာသော အတွေ့ရှိခြင်း။

သုမင်္ဂလဝိ(က) ၁၀၄-၅၁

၁၀။ ခံတွင်းမှ ကြာညိုနံ့ သင်းခြင်း၊ ခံတွင်းနံ့ ကောင်းခြင်း။

၁၁။ မိမိစကားကို နားထောင်သော အခြံအရံ အလုပ်အကျွေး ရှိခြင်း။

၁၂။ နာယူဘွယ် စကားရှိခြင်း။

၁၃။ ကြာနီပွင့်အလား နူးညံ့နီမြန်း ပါးသော လျှာရှိခြင်း။

၁၄။ မပြန့်လွင့်သော စိတ် ရှိခြင်း။

၁၅။ လျှပ်ပေါ်လော်လည်မှု ကင်းခြင်း စသည်တို့တည်း။

## ကျတ်မှတ်ရန်

### ပစ္စုပ္ပန် အကျိုး

မုသားပယ်ရှား၊ ထိုသူအားက၊ လွတ်ငြားမင်းဒဏ်၊ တိုးပြန်ဥစ္စာ၊ ကောင်းစွာသတင်း၊ ကပ်ချဉ်းရဲရဲ၊ ညှဉ်းဆဲကင်းသည်၊ ယုံကြည်စကား၊ သေငြားမတွေ၊ အကျိုးတွေ၊ ရလေ ပစ္စုပ္ပန်။

### တမလွန် အကျိုး

မုသားပယ်ရှား၊ ထိုသူအားက၊ သေလားနတ်ရွာ၊ လူဖြစ်လာလည်း၊ ကြည်စွာဇုန္ဓေ၊ ကီလေစကား၊ သွားများညီလှ၊ မဝလွန်းပါ၊ လွန်စွာပိန်ကင်း၊ ပုခြင်းမများ၊ ရှည်လျားကင်းကွာ၊ ချမ်းသာအတွေ၊ သင်းမွှေ့ခံတွင်း၊ ပြောခြင်းလိုက်နာ၊ သာယာစကား၊ နီပါးနူတ်လျှာ၊ စိတ်မှာတည်ကြည်၊ လော်လည်ကင်းလေ၊ အကျိုးတွေ၊ ရလေ တမလွန်။

### အရက်သောက် ဘိန်းစားစားခြင်းမှ ရှောင်ကြဉ်သူအား ယခုဘဝတွင် ရနိုင်သော အကျိုးများ

၁။ မင်းပြစ် မင်းဒဏ်မှ လွတ်ခြင်း။

၂။ ပစ္စည်းဥစ္စာ တိုးတက်ချမ်းသာခြင်း။

၃။ ဘယ်သူဟာဖြင့် အရက် ထန်းရေခါး မသောက်ဘူး၊ ဘိန်း မစားဘူး၊ အသောက်အစား ကင်းတယ်ဟု ကောင်းသောသတင်း ကျော်စောခြင်း။

၄။ ပရိသတ်သို့ ချဉ်းကပ်ရာ၌ အရက် ထန်းရေခါး ဘိန်းမှုမျိုးဖြင့် ကြောက်ရွံ့ခြင်းကင်း ရဲတင်းခြင်း။

၅။ သူတပါးတို့၏ ပုတ်ခတ်ရိုက်နှက် အနှိပ်စက် မခံရခြင်း။

၆။ မတွေမဝေ သေရခြင်း စသည်တို့တည်း (အခြား ပါဠိ အဋ္ဌကထာလာ တည်း)

ပါထေယျ ပါဠိအဋ္ဌကထာ အလိုအားဖြင့်—

၁။ ပစ္စည်းဥစ္စာ ဆုတ်ယုတ်လျော့ပါးမှု မရှိခြင်း။

၂။ ငြင်းခုံခိုက်ရန် ဖြစ်ပွားမှု မရှိခြင်း။

၃။ အရက် ဘိန်းကြောင့် ဖြစ်ပွားတတ်သော အနာရောဂါများမှကင်းခြင်း။

၄။ ကျေးဇူးသတင်း ကျော်စောခြင်း။

၅။ အရှက်အကြောက်ကို ဖျက်ဆီးမှု မရှိခြင်း။

၆။ ဉာဏ်ကောင်းခြင်း (ကမ္မဿ ကတာပညာ လောကီပညာတို့ အားရှိခြင်း။)

* ဥစ္စာပွားစည်း၊ ရန်လည်းပယ်ခွါ၊ ရောဂါလွတ်ကင်း၊ သတင်းကောင်းစွာ၊ ရှက်ကြောက်ဖျက်ကင်း၊ ကောင်းခြင်းပညာ၊ ကျိုးခြောက်ဖြာ၊ သောက်စားကင်းသူမှာ။

## အရက်သောက် ဘိန်းစားခြင်းမှ ရှောင်ကြဉ်သူအား တမလွန်တွင် ရနိုင်သော အကျိုးများ

၁။ သေသည်၏အခြားမဲ့၌ လူ့ပြည်နတ်ရွာ ဗြဟ္မာဟူဘိ သုဂတိဘဝ၌ ဖြစ်ရခြင်း။

၂။ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးတို့၌ အလုံးစုံသောကိစ္စများကို လျင်စွာသိခြင်း။

၃။ အခါခပ်သိမ်း ထင်သော သတိရှိခြင်း။

၄။ အရူးအနှမ်း မဖြစ်ရခြင်း။

၅။ ဉာဏ်ရှိခြင်း။

၆။ မပျင်းရိခြင်း။

၇။ မမိုက်မဲခြင်း။

၈။ ခံတွင်း အရည်မယို မထစ်, မအာ ခြင်း။

၉။ သမာဓိ ရှိခြင်း။

၁၀။ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်း။

၁၁။ မတွေဝေခြင်း။

၁၂။ မတုန်လှုပ်ခြင်း။

၁၃။ မချုတ်ချယ်ခြင်း။

၁၄။ ကြောက်လန့်တကြား ယုံမှားကင်းခြင်း။

၁၅။ မှန်ကန်သော သစ္စာစကား ရှိခြင်း။

၁၆။ ဂုံးတိုက်ကြမ်းကြုတ် ကျိုးယုတ်စကား ပြောကြားမှုတို့မှ ကင်းခြင်း။

၁၇။ ပေါ့ပါး လျင်မြန်ခြင်း။

၁၈။ သူ့ကျေးဇူးကို သိတတ် ကျေးဇူးဆပ်တတ်ခြင်း။

၁၉။ ဝန်မတိုတတ်ခြင်း။

၂၀။ စွန့်ကြဲပေးကမ်းတတ်ခြင်း။

၂၁။ သီလရှိခြင်း။

၂၂။ ရိုးသားဖြောင့်မတ်ခြင်း။

၂၃။ အမျက် မထွက်တတ်ခြင်း။

၂၄။ မကောင်းမှုပြုရမှာ ရှက်ခြင်း။

၂၅။ မကောင်းမှုပြုရမှာ ကြောက်ခြင်း။

၂၆။ ဖြောင့်မတ်သော အယူရှိခြင်း။

၂၇။ ပညာတတ်ခြင်း။

၂၈။ အကျိုးစီးပွား ရှိသည် မရှိသည်၌ လိမ်မာခြင်း စသည်တို့တည်း။

## ကျက်မှတ်ရန်

### ပစ္စုပ္ပန် အကျိုး

အရက်ပယ်ရှား၊ ထိုသူအားက၊ လွတ်ငြားမင်းဒဏ်၊ တိုးပြန့်ဥစ္စာ၊ ကောင်းစွာသတင်း၊ ကပ်ချဉ်းရဲရဲ၊ ညှဉ်းဆဲကင်းပ၊ သေရမတွေ၊ အကျိုးတွေ၊ ရလေ ပစ္စုပ္ပန်။

### တမလွန် အကျိုး

အရက်ပယ်ရှား၊ ထိုသူအားက၊ သေလားနတ်ရွာ၊ လူဖြစ်လာလည်း၊ သုံးဖြာကာလ၊ ကိစ္စသိမြင်၊ ထင်ထင်သတိ၊ ကင်းဘိရူးနှမ်း၊ ထက်စွမ်းပညာ၊ ကင်းကွာပျင်းရိ၊ မရှိမိုက်မဲ၊ နှုတ်လဲမအ၊ စိတ်ကတည်ကြည်၊ လိုသည်ကုသိုလ်၊ ကင်းပြိုတွေဝေ၊ ကင်းသွေတုန်လှုပ်၊ မချုတ်ချယ်ငြား၊ ယုံမှားကင်းပြန်၊ မှန်ကန်စကား၊ ပြောကြားကျိုးရှိ၊ လျင်ဘိအထူး၊ ကျေးဇူးသိတတ်၊ ကင်းပြတ်ဝန်တို၊ မောက်မိုစာဂ၊ သီလရှိငြား၊ ရိုးသားဖြောင့်လျက်၊ အမျက်မရှိ၊ ဟိရိပြည့်စုံ၊ ကုံလုံဩတ္တပ်၊ ဖြောင့်မတ်အယူ၊ တတ်မူပညာ၊ လိမ်မာလှလေ၊ အကျိုးတွေ၊ ရလေတမလွန်။

## လေ့ကျင့်ခန်း မေးခွန်းများ

၁။ ငါးပါးသီလ မလုံခြုံသူ အပြစ်နှင့် ငါးပါးသီလ လုံခြုံသူ အကျိုးကို ဝေရသုတ် ပါဠိတော်လာတိုင်း ဖြေပါ။

၂။ ဘုရားလက်ထက်က ကုန်သည်ခုနစ်ရာတို့ သင်္ဘောပျက်ရာ ငါးပါးသီလ ဆောက်တည်ကြပုံနှင့် အကျိုးရပုံကို ဖြေပါ။

၃။ အဘယ်ပုဂ္ဂိုလ်မျိုးကို သီလရှိသူ ဆိုပါသနည်း၊ ထိုပုဂ္ဂိုလ်မျိုးသည် သေသည်၏ အခြားမဲ့၌ အဘယ်သို့ လားနိုင်ပါသနည်း။

၄။ ငါးပါးသီလ မလုံခြုံသူတို့ ရနိုင်သော အပြစ်နှင့် ငါးပါးသီလ လုံခြုံသောသူတို့ ရနိုင်သောအကျိုးကို ရာဇာသုတ်ပါဠိတော်လာတိုင်းဖြေပါ။

၅။ ငါးပါးသီလ လုံခြုံအောင် စောင့်ထိန်းသူတို့ ရရှိသော အကျိုးငါးပါးကို ရေတွက်ဖြေဆိုပါ။

၆။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား ယခုဘဝတွင် ရရှိနိုင်သော အကျိုးများကို ပြည့်စုံစွာ ဖြေပါ။

၇။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား တမလွန်တွင် ရရှိနိုင်သော အကျိုးများကို ပြည့်စုံစွာ ရေတွက် ဖြေဆိုပါ။

၈။ သူ့ဥစ္စာ ခိုးခြင်းမှ ရှောင်ကြဉ်သူအား ယခုဘဝတွင် ရရှိနိုင်သော အကျိုးများကို ပြည့်စုံစွာ ရေတွက် ဖြေဆိုပါ။

၉။ သူ့ဥစ္စာ ခိုးခြင်းမှ ရှောင်ကြဉ်သူအား တမလွန်တွင် ရရှိနိုင်သော အကျိုးများကို ပြည့်စုံစွာ ရေတွက် ဖြေဆိုပါ။

၁၀။ သူ့မယားကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်သူအား ယခုဘဝတွင် ရရှိနိုင်သော အကျိုးများကို ပြည့်စုံစွာ ရေတွက် ဖြေဆိုပါ။

၁၁။ သူ့မယားကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်သူအား တမလွန်တွင် ရရှိနိုင်သော အကျိုးများကို ပြည့်စုံစွာ ရေတွက် ဖြေဆိုပါ။

၁၂။ မုသားဆိုခြင်းမှ ရှောင်ကြဉ်သူအား ယခုဘဝတွင် ရရှိနိုင်သော အကျိုးများကို ပြည့်စုံစွာ ရေတွက် ဖြေဆိုပါ။

၁၃။ မုသားဆိုခြင်းမှ ရှောင်ကြဉ်သူအား တမလွန်တွင် ရရှိနိုင်သော အကျိုးများကို ပြည့်စုံစွာ ရေတွက် ဖြေဆိုပါ။

၁၄။ အရက်သောက် ဘိန်းစားခြင်းမှ ရှောင်ကြဉ်သူအား ယခုဘဝတွင် ရနိုင်သော အကျိုးများကို ပြည့်စုံအောင် ဖြေပါ။

၁၅။ အရက်သောက် ဘိန်းစားခြင်းမှ ရှောင်ကြဉ်သူအား တမလွန်တွင် ရရှိနိုင်သော အကျိုးများကို ပြည့်စုံအောင် ဖြေပါ။

၁၆။ အဘယ့်ကြောင့် သင်သည် ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းသင့်သနည်း။

# တတိယပိုင်း

## ရှစ်ပါးသီလ

*ရှစ်ပါးသီလ၌ ပထမ, ဒုတိယ, စတုတ္ထ, ပဉ္စမ သိက္ခာပုဒ်တို့သည် ငါးပါး သီလနှင့် တူကုန်၏၊ တတိယ, ဆဋ္ဌမ, သတ္တမ, အဋ္ဌမ သိက္ခာပုဒ်တို့သည် ငါးပါး သီလမှ ထူးကုန်၏၊ အထူးမျှကိုသာ ပြဆိုပါအံ့။

### အဗြဟ္မစရိယသိက္ခာပုဒ်အဖွင့်

**အဗြဟ္မစရိယ အနက်**

အဗြဟ္မစရိယ=အဗြဟ္မ+စရိယ၊ (အဗြဟ္မစရိယန္တိ အသေဋ္ဌစရိယံ) အဗြဟ္မ-မမြတ်သော၊ စရိယ-အကျင့်။

"ချစ်သူအချင်းချင်း ဇနီးမောင်နှံချင်း မေထုန်အမှုဖြင့် ဆက်ဆံပျော်ပါး ခြင်းကို 'အဗြဟ္မစရိယ' မမြတ်သောအကျင့်ဟု ဆိုသည်။"

**အဗြဟ္မစရိယ တရားကိုယ်**

တရားကိုယ်အားဖြင့် အဇ္ဈာစရိယဝတ္ထု စသော အင်္ဂါလေးပါးနှင့် ပြည့်စုံ သော 'အဇ္ဈာဒစေတနာ' 'ဝီတိက္ကမစေတနာ' သည်ပင် 'အဗြဟ္မစရိယ' မည် သတည်း။

**အဗြဟ္မစရိယ အင်္ဂါလေးပါး**

တဿ အဗြဟ္မစရိယဿ၊ ထိုအဗြဟ္မစရိယ၏။ သမ္ဘာရာ၊ အကြောင်းအင်္ဂါ အဆောက်အဦးတို့သည်။

၁။ အဇ္ဈာစရိယဝတ္ထု၊ လွန်ကျူး၍ကျင့်အပ်သော ဝတ္ထုရင်း။

၂။ တတ္ထ၊ ထိုလွန်ကျူး၍ ကျင့်အပ်သောဝတ္ထု၌။ သေဝနစိတ္တံ၊ မှီဝဲလိုသော စိတ်ရှိခြင်းရင်း။

၃။ သေဝနပယောဂေါ၊ မှီဝဲခြင်း၌ လုံ့လပြုခြင်းရင်း။

၄။ မဂ္ဂေန မဂ္ဂပ္ပဋိပတ္တိအဓိဝါသနံ၊ မဂ်တခုဖြင့် မဂ်တခုသို့ သွတ်သွင်းခြင်းကို သာယာခြင်းငှင်း။

ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

* မဂ်သုံးခုဟု၊ ဝတ္ထုမှန်စွာ၊
မှီဝဲလိုရိုး၊ စိတ်မျိုးရှိရာ၊
မှီဝဲမှု၌၊ အားစိုက်၍သာ၊
သာယာက၊ အမြဲပဟွ လေးအင်္ဂါ။

**အင်္ဂါမစုံ သိက္ခာပုဒ် မပျက်ပုံ**

အင်္ဂါလေးပါးပြည့်စုံပါမှ အဗြဟ္မစရိယသိက္ခာပုဒ် ပျက်သည်။

၁။ ပထမ အင်္ဂါရပ်ဖြင့် အဇ္ဈာစရိယဝတ္ထု မဟုတ်တဲ့ ချိုင်း (လက်ကတီး) ကြား စသည်တို့၌ မှီဝဲလိုသောစိတ်ဖြင့် လုံ့လပြုကာ သာယာပါ သော်လည်း အဗြဟ္မစရိယသိက္ခာပုဒ် မပျက်ဟု ပြသည်၊ (ဤ၌ မုခမဂ်, ဝစ္စမဂ်, ပဿာဝမဂ် ဖြစ်ခြင်း) ပထမအင်္ဂါ ချို့သည်။

၂။ ဒုတိယ အင်္ဂါရပ်ဖြင့် အဇ္ဈာစရိယဝတ္ထု မဂ်သုံးခု၌ မှီဝဲလိုစိတ် မရှိသူအား တပါးသူတို့ အနိုင်အထက်မှု၍ ကျူးလွန်ရသော်လည်း အဗြဟ္မစရိယ သိက္ခာပုဒ် မပျက်ဟု ပြသည်၊ (ဤ၌ မှီဝဲလိုစိတ်ရှိခြင်း) ဒုတိယအင်္ဂါ ချို့သည်။

၃။ တတိယအင်္ဂါရပ်ဖြင့် အဇ္ဈာစရိယဝတ္ထု မဂ်သုံးခု၌ မှီဝဲလိုစိတ် ရှိပါသော် လည်း ကိုယ်ဖြင့် မှီဝဲမှု၌ လုံ့လမပြုက အဗြဟ္မစရိယသိက္ခာပုဒ် မပျက်ဟု ပြသည်၊ (ဤ၌ ကိုယ်ဖြင့် လုံ့လပြုကာ မှီဝဲခြင်း) တတိယအင်္ဂါ ချို့သည်။

၄။ စတုတ္ထ အင်္ဂါရပ်ဖြင့် အဇ္ဈာစရိယဝတ္ထု မဂ်သုံးခု၌ ကျူးလွန်သော် လည်း သာယာမှု မရှိမူ အဗြဟ္မစရိယသိက္ခာပုဒ် မပျက်ဟုပြသည်၊ (ဤ၌ သာယာခြင်း)စတုတ္ထ အင်္ဂါ ချို့သည်။

**မှိဝဲခြင်းလုံ့လ (၁) မျိုး**

ပယောဂေါ၊ မှိဝဲခြင်းလုံ့လသည်။

(၁) သာဟတ္ထိကော၊ ကိုယ်တိုင်မှိဝဲခြင်းပင်တည်း။

**ရှောင်ကြဉ်ဘွယ်ရာ**

ငါးပါးသီလ၌ကား- ဂမနီယ ဝတ္ထုကာမဖြစ်သော မိမိမယား မိမိလင်သား၊ ကာမေသုမိစ္ဆာစာရမှ လွတ်သော မိန်းမ ရှစ်ဦးတို့အား ယောကျ်ားတပါးနှင့် မေထုန်အမှုကို ပြုကျင့်ခွင့် ရ၏၊ အဂမနီယ ဝတ္ထုကာမဖြစ်သော မိမိမယားမှ တပါးသော မိန်းမ, မိမိလင်မှ တပါးသော ယောကျ်ားနှင့် မေထုန်အမှုကို ပြုကျင့်ခွင့် မရ။

ဤရှစ်ပါးသီလ၌ကား ထိုဂမနီယ, အဂမနီယ ဝတ္ထုကာမ နှစ်မျိုးလုံးနှင့်ပင် မေထုန်အမှုကို ပြုကျင့်ခွင့် မရ၊ ထို့ကြောင့် ရှစ်ပါးသီလ ဆောက်တည်ထားသော ဒါယကာသည် ဂမနီယ ဝတ္ထုကာမဖြစ်သော မိမိမယားနှင့်၊ ဒါယိကာမသည် မိမိလင်နှင့်၊ မိန်းမရှစ်ဦးတို့အား ယောကျ်ားတပါးနှင့် မေထုန်အမှုကို ပြုက အဗြဟ္မစရိယသိက္ခာပုဒ် ပျက်လေသည်၊ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ် မပျက်ပေ။

အယုတ်သဖြင့် တိရစ္ဆာန်မ, တိရစ္ဆာန်အထီးနှင့် သော်လည်း မေထုန်အမှုကို ပြုကျင့်က ဤအဗြဟ္မစရိယသိက္ခာပုဒ် ပျက်သည်၊ အပေါ်ရံ ဇနီးမောင်နှံချင်း ကိုယ်လက်နှီးနှောရုံမျှ ပြုလျှင် ဤအဗြဟ္မစရိယသိက္ခာပုဒ် ညှိုးနွမ်းသည်၊ ထို့ကြောင့် ရှစ်ပါးသီလ ဆောက်တည်ထားသော နေ့၌ ကုတင်တခုတည်း အိပ်ရာတခုတည်း၌ ဇနီးမောင်နှံတို့ အတူအိပ်မှုကို ရှောင်ကြဉ်ကြရမည်။

**ဆောက်တည်လိုမူ ရွေးနည်းကူ**

လူပုဂ္ဂိုလ်တို့အား ဤအဗြဟ္မစရိယသိက္ခာပုဒ်သည် နိစ္စသီလ မဟုတ်ရကား ဥပုသ်သီလအဖြစ်ကိုကား မရအပ်၊ ဤသိက္ခာပုဒ် ပျက်စီး၍ ထပ်မံဆောက်တည်လိုလျှင် ရွေးနည်းတူ ဆောက်တည်လေ။

## ဝိကာလဘောဇန သိက္ခာပုဒ် အဖွင့်

**ဝိကာလဘောဇန အနက်**

ဝိကာလဘောဇန = ဝိကာလ + ဘောဇန၊

ဝိကာလ- နေလွဲညအခါ၊ ဘောဇန- စားမျိုခြင်း၊ နေမွန်းတည့် (၁၂) တဆယ့်နှစ်နာရီ ထိုးပြီးသည်မှစ၍ အရုဏ်တက်သည်တိုင်အောင်သော အတွင်း၌ ထမင်း မုံ့ငါး အမဲသားနှင့် သွားရည်စာများဖြစ်သော ယာဝကာလိက ခဲဘွယ် ဘောဇဉ်များကို မျိုဝါးစားသောက်ခြင်းကို 'ဝိကာလဘောဇန' ဟု ဆိုသည်။

**ကာလနှင့် အာဟာရ**

အရုဏ်တက်သည်မှစ၍ နေမွန်းတည့် (၁၂) တဆယ့်နှစ်နာရီ ထိုးသည်တိုင်အောင်သော အတွင်းသည် 'ကာလ'တည်း၊ ထိုကာလအတွင်း၌ကား အစာ အာဟာရ မျိုးစုံပင် အကြိမ်အရေအတွက် မရှိ စားလိုသလောက် စားနိုင်သည်၊ 'ဌိတမဇ္ဈန္ဟိကောပိ ကာလသင်္ဂဟံ ဂစ္ဆတိ'ဟု ပါဠိတ်အဋ္ဌကထာ လာရကား မွန်းမတ်မတ်တည့်သောအခါကိုလည်း ကာလယူ။

"အရုဏုဂ္ဂမနတော ပဋ္ဌာယ ယာဝမဇ္ဈန္ဟိကာ အယံ ဗုဒ္ဓါနံ အရိယာနံ အာစိဏ္ဏသမာစိဏ္ဏော ဘောဇနဿ ကာလော နာမ။"

**ဝိကာလနှင့် သင့်ရာပြ**

နေမွန်းတည့် (၁၂) နာရီ ထိုးပြီးသည်မှ စ၍ အရုဏ်တက်သည်တိုင်အောင်သော အတွင်းသည် 'ဝိကာလ'တည်း၊ ထိုဝိကာလအတွင်း၌ကား ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိကများဖြစ်သော အဖျော်ယမကာ ဆေးဝါးပစ္စည်းများကို မွတ်သိပ်ဆာလောင်မှု ဟူသော အကြောင်း, အနာရောဂါ ဟူသော အကြောင်းများ ရှိပါလျှင် စားသောက်နိုင်သည်။

"ဝိကာလော နာမ မဇ္ဈန္ဟိကေ ဝီတိဝတ္တေ ယာဝအရုဏုဂ္ဂမနာ။"

## ဝိကာလ၌ မစားသင့်သော အာဟာရများ

**ယာဝကာလိက ခဲဘွယ်(၁၂)ပါး**

၁။ မူလခါဒနီယံ၊ အမြစ်ခဲဘွယ်။

၂။ ကန္ဒခါဒနီယံ၊ အဖုခဲဘွယ်။

၃။ မုဠာလခါဒနီယံ၊ အနွယ်ခဲဘွယ်။

၄။ မတ္ထကခါဒနီယံ၊ အညွှာက်ခဲဘွယ်။

၅။ ခန္ဓခါဒနီယံ၊ အပင်ခဲဘွယ်။

၆။ တစခါဒနီယံ၊ အခေါက်ခဲဘွယ်။

၇။ ပတ္တခါဒနီယံ၊ အရွက်ခဲဘွယ်။

၈။ ပုပ္ဖခါဒနီယံ၊ အပွင့်ခဲဘွယ်။

၉။ ဖလခါဒနီယံ၊ အသီးခဲဘွယ်။

၁၀။ အဋ္ဌိခါဒနီယံ၊ အစေ့ခဲဘွယ်။

၁၁။ ပိဋ္ဌခါဒနီယံ၊ အမှုန့်ခဲဘွယ်။

၁၂။ နိယျာသခါဒနီယံ၊ အစေးခဲဘွယ်။

**ဘောဇဉ် (၅) ပါး**

၁။ ဩဒန၊ ထမင်း။

၂။ ကုမ္မာသ၊ မယောမုံ့။

၃။ သတ္တု၊ မုံ့လုံး။

၄။ မစ္ဆ၊ ငါး။

၅။ မံသ၊ အမဲ။

ဤအာဟာရကိစ္စကို ပြီးစေနိုင်သော ခဲဘွယ်(၁၂)ပါး အစာအာဟာရများ ထမင်းမျိုးစုံ မုံ့မျိုးစုံ ကုန်းသတ္တဝါတို့၏အသား (အမဲ) ရေသတ္တဝါတို့၏ အသား (ငါး) ဘောဇဉ်ငါးပါး အစာအာဟာရများကို နေမွန်းတည့် (၁၂) တဆယ့်နှစ်နာရီ ထိုးပြီးသည်မှစ၍ အရုဏ်တက်သည်တိုင်အောင်သော အတွင်း၌ မျိုဝါးခဲစားမှုကို မပြုရ။

## ဝိကာလ၌ စားသောက်သင့်သည်များ

**ယာမကာလိက အဖျော် (၈) ပါး**

ဘိက္ခဝေ၊ ရဟန်းတို့....

၁။ အမ္ဗပါနံ၊ သရက်သီးဖျော်ရည်ဒွင်း။

၂။ ဇမ္ဗုပါနံ၊ သပြေသီး ဖျော်ရည်ဒွင်း။

၃။ စောစပါနံ၊ အစေ့ပါသော တောငှက်ပျောသီး ဖျော်ရည်ဒွင်း။

၄။ မောစပါနံ၊ အစေ့မပါသော အိမ်ငှက်ပျောသီး ဖျော်ရည်ဒွင်း။

၅။ မဓူကပါနံ၊ သစ်မည်စည်သီး ဖျော်ရည်ဒွင်း။

၆။ မုဒ္ဒိကပါနံ၊ မုဒရက် (သပြက်)သီး ဖျော်ရည်ဒွင်း။

၇။ သာလူကပါနံ၊ ကြာဥ ကြာဖူး ကြာစွယ် ဖျော်ရည်ဒွင်း။

၈။ ဖာရုသကပါနံ၊ ဖက်သက်သီး ဖျော်ရည်ဒွင်း။ ဝါ- တရော်သီး ဖျော်ရည်ဒွင်း။

ဣတိ၊ ဤသို့။ အဋ္ဌပါနာနိ၊ အဖျော်ရှစ်မျိုးတို့ကို။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုပါ၏။

**အနုလောမ အဖျော်များ**

"အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ဖလရသံ ဌပေတွာ ဓညဖလရသံ။"

"အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပတ္တရသံ ဌပေတွာ ဍာကရသံ။"

"အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပုပ္ဖရသံ ဌပေတွာ မဓုကပုပ္ဖရသံ။"

"အနုဇာနာမိ ဘိက္ခဝေ ဥစ္ဆုရသံ။"

(ဝိနည်းမဟာဝါ ဘေသဇ္ဇက္ခန္ဓက)

စပါးသီးရည်မှ တပါးသော အသီးရည်၊ ဟင်းရွက်ရည်မှ တပါးသော အရွက်ရည်၊ သစ်မည်စည်ပွင့်ရည်မှ တပါးသော အပွင့်ရည်၊ ကြံရည်တို့ကို အဖျော်ယာမကာအဖြစ် ခွင့်ပြုတော် မူသောကြောင့် မှတ်သိပ် ဆာလောင်မှု ဖြစ်ပေါ်လာပါက မူလအဖျော်ရှစ်မျိုး ဘိလပ်ရည်၊ ကြံရည်၊ ခေတ်ပေါ် အဖျော်ယာမကာအမျိုးမျိုး အနုလောမ အဖျော်တို့ကို သောက်နိုင်သည်။

**သတ္တာဟကာလိက**

၁။ သပ္ပိ၊ ထောပတ်။

၂။ နဝနီတံ၊ ဆိဦး။

၃။ တေလံ၊ ဆီ။

၄။ မဓု၊ ပျားရည်။

၅။ ဖာဏိတံ၊ တင်လဲ (သကြား, ထန်းလျက်, ကြံသကာ) အားဖြင့် ငါးမျိုး။

**ယာဝဇီဝိက**

အာဟာရကိစ္စကို မပြီးစေနိုင်သော ဆေးများ။

**အမြစ်**

ဘိက္ခဝေ၊ ရဟန်းတို့။ ဘေသဇ္ဇာနိ၊ ဆေးဖြစ်ကုန်သော။ ယာနိ မူလာနိ၊ အကြောင်အမြစ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဟလိဒ္ဒိ၊ နနွင်း။ သိင်္ဂိဝေရံ၊ ချင်း။ ဝစံ၊ လင်းလေ။ ဝစတ္တံ၊ ဆိတ်ဖူး။ အတိဝိသံ၊ မိဝုတ်။ ကဋုကရောဟိနီ၊ ကုလား ဆောင်းမေးပါး။ ဥသီရံ၊ ပန်းရင်း။ ဘဒ္ဒမုတ္တကံ၊ နွှားမြေရင်းကြီး။ အညာနိပိ၊ ထိုမှတပါးလည်း။ ဘေသဇ္ဇာနိ၊ ဆေးဖြစ်ကုန်သော။ ယာနိဝါ ပန မူလာနိ၊

အကြင်အမြစ်တို့သည်။ ခါဒနီယေ၊ ခဲဘွယ်၌။ ခါဒနီယတ္တံ၊ ခဲဘွယ်ကိစ္စကို။ နေဝ ဖရန္တိ၊ မပြီးစေကုန်။ တာနိ မူလာနိ၊ ထိုအမြစ်တို့ကို။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုပါ၏။

**အဉ**

ခီရကာကောလီ၊ မျောက်ငို။ ဇီဝက၊ သစ်ခွပန်းတံ။ ဉသဘက၊ ကြက်သွန်နီ။ လသုဏာဒိကန္ဒာပန၊ ကြက်သွန်ဖြူစသည်တို့၏အဉအဖုသည်ကား။ ယာဝဇီဝိကာ၊ ဆေးပစ္စည်းအဝင်အပါ ယာဝဇီဝိကတို့ ချည်းသာတည်း။

**အစွယ်**

ဟလိဒ္ဒိ၊ နနွင်း။ သိင်္ဂိဝေရ၊ ချင်း။ မကစိ၊ သင်ပန်း။ စတုရဿဝလ္လိ၊ ကြံဟင်း။ ကေတက၊ ဆပ်သွား။ တာလ၊ ထန်း။ ဟိန္တာလ၊ ဓနိုး။ ကုန္တာလ၊ မင်းဘော။ နာဠိကေရ၊ အုံး။ ပူဂရုက္ခာဒိမူဋ္ဌာလံပန၊ ကွမ်းသီးပင် စသည်တို့၏ အစွယ်သည်ကား။ ယာဝဇီဝိကံ၊ ဆေးပစ္စည်းအဝင်အပါ ယာဝဇီဝိကချည်း သာတည်း။

**အညွန့်အညှောင့်**

ဟလိဒ္ဒိ သိင်္ဂိဝေရ ဝစ မကစိ လသုဏာနံ၊ နနွင်း, ချင်း, လင်းလေ, သင်ပန်း, ကြက်သွန်ဖြူတို့၏။ ကဠီရာ၊ အညွန့်အညှောင့်တို့သည်။ ယာဝဇီဝိကာ၊ တည်း။

**ပင်စည်**

ဉပ္ပလဇာတီနံ၊ ကြာညို ကြာဖြူ ကြာနီမျိုးတို့၏။ပဏ္ဏဒဏ္ဍကော၊ အရွက်ရိုး။ ပဒုမဇာတီနံ၊ ပဒုမ္မာကြာမျိုးတို့၏။ သဗ္ဗောပိ ဒဏ္ဍကော၊ ခပ်သိမ်းသောအရိုး။ ကရဝိန္ဒက ဒဏ္ဍာဒယော စ၊ ယင်းရဲအရိုး စသည်တို့သည်ငှင်း။ အဝသေသ- သဗ္ဗခန္ဓာ၊ ထိုမှကြွင်းသော ခပ်သိမ်းသော ပင်စည်တို့သည်။ ယာဝဇီဝိကာ၊ တည်း။

**အခေါက်အခွံ**

သေသော၊ ကြံခွံမှကြွင်းသော။ သဗ္ဗော၊ အလုံးစုံသော။ တစော၊ အခေါက် အခွံဟူသမျှသည်။ ယာဝဇီဝိကော၊ တည်း။

**အရွက်**

နိမ္ဗပဏ္ဏံ၊ တမာရွက်။ ကုဋဇပဏ္ဏံ၊ လက်ထုပ်ရွက်။ ပဋောလပဏ္ဏံ၊ ဖြူးတားရွက်။ သုလသိပဏ္ဏံ၊ ရှုံးရွက်။ ကပ္ပါသိကပဏ္ဏံ၊ ဝါရွက်။ ဖဂ္ဂဝပဏ္ဏံ၊ ခွေးတောက်ရွက်။ အဇ္ဇုကပဏ္ဏံ၊ ဖောက်ကြံ့ရွက်။ ဖဏိဇ္ဇကပဏ္ဏံ၊ ကညွှိရွက်။ တမ္ဗုလပဏ္ဏံ၊ ကွမ်းရွက်။ ပဒုမိနိပဏ္ဏံ၊ ကြာရွက်။ ဣမာနိ ပဏ္ဏာနိ၊ ဤ အရွက်တို့သည်။ ယာဝဇီဝိကာနိ၊ ဆေးပစ္စည်းအဝင်အပါ ယာဝဇီဝိကတို့ ချည်းသာတည်း။

**အပွင့်**

အသောက၊ ပန်းသုံး (သော်ကပင်)။ ဗကုလ၊ ချရား။ ကုယျက၊ ဆူးရစ်။ ပုန္နာဂ၊ ပုန်းညက်။ စမ္ပက၊ စကား။ ဇာတိ၊ မုလေး-စပါယ်။ ကလဝီရ၊ ကုလားဇလပ်။ ကဏိကာရ၊ မဟာလှေကား။ ကုန္ဒ၊ သင်းခွေ။ နဝမာလိကာ၊ ဆိတ်ဖလူး။ မလ္လိကာဒီနံ၊ ကြက်ရုံးစသည်တို့၏။ပုပ္ဖံ၊ အပွင့်သည်။ယာဝဇီဝိကံ၊ ချည်းတည်း။

**အသီး**

ဗိဋင်္ဂ၊ အိပ်မွှေသီး။ ပိပ္ဖလိ၊ ပိတ်ချင်းသီး။ မရိစံ၊ ငြုတ်သီး။ ဟရီတကံ၊ ဖန်ခါးသီး။ (ကြဇုသီး။)ဝိဘီတကံ၊ သစ်ဆိမ့်သီး။ အာမလကံ၊ ရှစ်ရှားသီး။ ဂေါဋ္ဌဖလံ၊ သမင်စာသီး။ ဣမာနိ ဖလာနိ၊ ဤအသီးတို့သည်။ ယာဝဇီဝိကာနိ၊ တို့ချည်းတည်း။

**အစေ့**

မဓူကဋ္ဌိ၊ သစ်မည်စည်စေ့။ ပုန္နာဂဋ္ဌိ၊ ပုန်းညက်စေ့။ ဟရီတကာဒီနံ၊ သဖန်းခါး ကြဇုစသည်တို့၏။ အဋ္ဌီနိ၊ အစေ့တို့ရင်း။ သိဒ္ဓတ္ထကဋ္ဌိ၊ မုံညင်းနီစေ့။ ရာဇိကဋ္ဌိ၊ မုံညင်းဖြူစေ့။ဣတိဝေမာဒီနိ၊ ဤသို့ အစရှိကုန်သော။ အဋ္ဌီနိ၊ အစေ့တို့သည်။ ယာဝဇီဝိကာနိ၊ တို့ချည်းတည်း။

**အမှုန့်**

အခေါတကံ၊ မပြုတ်မဖျော်သေးသော။ တာလပိဋ္ဌံ၊ ထန်းမှုန့်။ ခိရဝလ္လိပိဋ္ဌံ၊ ဦးမှန်းမှုန့်။ အသာဂန္ဓာဒိပိဋ္ဌာနိ၊ တောင့်တဲစာ အမှုန့်စသည်တို့သည်။ ယာဝဇီဝိကာနိ၊ တို့ချည်းတည်း။

**အစေး**

သေသာ၊ ကြံ့စေးမှ တပါးကုန်သော။ နိယျာသာ၊ အစေးတို့သည်။ ယာဝဇီဝိကာ၊ တို့ချည်းတည်း။

သုတလိုလားသူတို့ အကျိုးငှါ ပါဠိအဋ္ဌကထာမှ ထုတ်နုတ်၍ အနည်းအပါး ပြလိုက်သည်၊ ဆေးတို့၏အမည်ကို ကုန်စင်အောင် ပြခြင်းငှါ မတတ်နိုင်၊ ထို့ကြောင့် ပြဆိုခဲ့ပြီးသော ဆေးတို့မှတပါး အာဟာရကိစ္စ ပြီး-မပြီး လက္ခဏာကိုသာ မှတ်သားပြီး အာဟာရကိစ္စကို မပြီးစေနိုင်သော အမြစ်, အဉ, အစွယ်, အညွန့်, ပင်စည်, အခေါက်, အခွံ, အရွက်, အပွင့်, အသီး, အစေ့, အမှုန့်, အစေး တို့သည် ဆေးပစ္စည်း ယာဝဇီဝိကချည်းပင်၊ အနာရောဂါဟူသော အကြောင်းရှိက ခေတ်ပေါ်စားဆေး ထိုးဆေး အဝင်အပါသတ္တဘာကာလိက, ယာဝဇီဝိက ဆေးပစ္စည်းများကို မှီဝဲသုံးဆောင်ပါသည်။

**အဖျော်ယမကာပြုနည်း**

"အမ္ဗပါနန္တိ အာမေဟိ ဝါ ပက္ကေဟိ ဝါ အမ္ဗေဟိ ကတပါနံ"

သရက်သီး ဖျော်ရည်ပြုလုပ်ရာ၌ သရက်သီး အစိမ်းဖြင့် ပြုလုပ်မူ ၎င်းသရက်သီး အစိမ်းကို ထောင်းထုချေမွ၍ ရေ၌ထည့်ပြီးလျှင် နေပူ၌ ချက်၍ အဝတ်ဖြင့် အဖတ်တို့ကို စစ်ထုတ်ပြီး အဖတ်မပါ အရည်သက်သက်ကို သကြား ထန်းလျက်,ကြံသကာ, ပျားရည်တို့ဖြင့် ရောစပ်၍ ပြုလုပ်ရမည်၊ သရက်သီးမှည့်ဖြင့် ပြုလုပ်လျှင် ၎င်းသရက်သီးမှည့် အခွံကို ဓားဖြင့် လှီးခွါပစ်ပြီး အနှစ်ကို လှီးယူပြီး ရေ၌ထည့်၍ လက်ဖြင့် ဆုပ်နယ်ချေမွပြီး အဝတ်ဖြင့် အဖတ်ကို စစ်ထုတ်၍ အရည်သက်သက်ကို သကြား, ထန်းလျက်, ကြံသကာ, ပျားရည်တို့ဖြင့် ရောစပ်၍ ပြုလုပ်ရမည်။

သပြေသီး ဖျော်ရည်, ငှက်ပျောသီးဖျော်ရည်, သစ်မည်စည်သီးဖျော်ရည်, သပြက်သီးဖျော်ရည်, ကြာဥ ကြာဖု ကြာစွယ်ဖျော်ရည်, ဖက်သက်တရော်သီး ဖျော်ရည်တို့၌လည်း သရက်သီး ဖျော်ရည်ကဲ့သို့ပင် ၎င်းအသီးတို့ကို ထောင်းထု ဆုပ်နယ်ချေမွပြီး ရေ၌ထည့်၍ အဝတ်ဖြင့် အဖတ်တို့ကို စစ်ထုတ်ပြီး သကြား ထန်းလျက်, ကြံသကာ,တင်လဲ, ပျားရည်တို့ဖြင့် ရောစပ်၍ ပြုလုပ်ရမည်၊ ရဟန်း

ကိုယ်တိုင်ပြုလုပ်မှု ကာလအကွင်း၌သာ အပ်၏၊ လူသာမဏေတို့ ပြုလုပ်မှု ကာလ, ဝိကာလနှစ်ပါးလုံးပင် အပ်၏။

"ဌမာနိ အဋ္ဌပါနာနိ သီတာနိပိ အာဒိစ္စပကာနိပိ ဝဋ္ဋန္တိ၊
အဂ္ဂိပါကာနိ န ဝဋ္ဋန္တိ။"

'(ဘေသဇ္ဇက္ခန္ဓက ဋ္ဌကထာ)

ဤ အဖျော်ရှစ်မျိုးတို့ကို အစိမ်းသက်သက်ငင်း၊ နေဖြင့် ချက်သော်ငင်း သောက်အပ်၏၊ မီးဖြင့်ချက်မှု မသောက်အပ်။

အသီးရည်၌ စပါးမျိုးခုနစ်ပါးတို့၏ အသီးရည်ကို အဖျော်ယမကာ မပြု အပ်၊ ထန်းသီး, အုန်းသီး, ပိန္နဲသီး, တောင်ပိန္နဲသီး, ဗူးသီး, ဖရုံသီး, သခွါး ဆစ်သီး, သခွါးပြေုတ်သီး, သခွါးကြောင်သီး, ဤ အသီးကြီး ကိုးမျိုးကို ငင်း ပဲအမျိုးမျိုးကိုငင်း၊ စပါးနှင့်အလားတူသောကြောင့် အဖျော်ယမကာ မပြုအပ်။

ထိုမှ ကြွင်းသော ကြိမ်သီး, မန်ကျည်းသီး, ရှောက်ချို ရှောက်ချဉ်သီး, သံပုရာသီး, လိမ္မော်သီး, နာနတ်သီး, သီးသီး,ကြို့သီး,ခံသီး အစရှိသော သစ်သီး အားလုံးတို့၏ အရည်ကို အဖျော်ယမကာ ပြုနိုင်သည်။

အရွက်ရည်၌ ယာဝကာလိကအဖြစ်ဖြင့် စားသောက်နေသော ဟင်းရွက်တို့ ၏ မီးဖြင့်ချက်ပြီး အကျက်ရည်သည် မအပ်၊ ကြွင်းသော အရွက်ရည်သည် အပ်၏။

အပွင့်ရည်၌ သစ်မည်စည်ပွင့်ရည်သည် မီးဖြင့် ချက်သည်ဖြစ်စေ-နေဖြင့် ချက်သည်ဖြစ်စေ မအပ်၊ ကြွင်းသော အပွင့်ရည်သည် အပ်၏။

"ဥစ္ဆုရသော နိကသဋ္ဌော ပစ္ဆာဘတ္တံ ဝဋ္ဋတိ။"

အဖတ်မပါသော ကြံရည်ကို အဖျော်ယမကာ အဖြစ်ဖြင့် သုံးဆောင်အပ် သော်လည်း ကြံကို ပါးစပ်နှင့် ကိုက်၍ မစုတ်ရ၊ စုတ်လျှင် ဝိကာလဘောဇန သိက္ခာပုဒ် ပျက်မည်။

သုမင်္ဂလဝတီ (က) ၁၀၄-၅၃

**ဝိကာလဘောဇန တရားကိုယ်**

တရားကိုယ်အားဖြင့် 'ဝိကာလ' စသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော 'အဇ္ဈောဟရဏစေတနာ' သည်ပင် 'ဝိကာလဘောဇန' မည်၏။

**ဝိကာလဘောဇန အင်္ဂါလေးပါး**

ဝိကာလဘောဇနဿ၊ ဝိကာလဘောဇန၏။ အင်္ဂါနိ၊ အကြောင်းအင်္ဂါတို့သည်—

၁။ ဝိကာလော၊ နေမွန်းတည့်ပြီးသည်မှ အရုဏ်တက်သည်တိုင်အောင်သော နေလွဲ ညဥ့်အခါ ၄င်း။

၂။ ယာဝကာလိကံ၊ ယာဝကာလိက ခဲဘွယ်ဘောဇဥ် ၄င်း။

၃။ အဇ္ဈောဟရဏံ၊ ဝါး မျို သုံးဆောင်ခြင်း ၄င်း။

၄။ အနုမ္မတ္တကတာ၊ မရူးမနှမ်းသည်၏ အဖြစ် ၄င်း။

ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

* နေလွဲညဥ့်ဝယ်၊ ခဲဘွယ်ဘောဇဥ်၊ ယှငင်မျိုစား၊ စိတ်ကားမဖောက်၊ ပြည့်မြောက်ပါက၊ ဝိကာလ၊ ဘောဇန လေးအင်္ဂါ။

**အင်္ဂါမစုံ သိက္ခာပုဒ် မပျက်ပုံ**

ဤ အင်္ဂါလေးပါးလုံး ပြည့်စုံပါမှ ဝိကာလဘောဇနသိက္ခာပုဒ်ပျက်သည်။

၁။ ပထမအင်္ဂါရပ်ဖြင့် ဝိကာလ-မဟုတ်တဲ့ အရုဏ်တက်သည်မှစ၍ နေမွန်းတည့်သည် တိုင်အောင်သော အတွင်း၌ ထမင်း,မုံ့, အမဲသား, ငါး, သွားရည်စာများ ဖြစ်သော ယာဝကာလိက ခဲဘွယ်ဘောဇဥ်များကို မျိုဝါး သုံးဆောင် ပါသော်လည်း ဝိကာလဘောဇနသိက္ခာပုဒ် မပျက်ဟု ပြသည်။ (ဤ၌ နေလွဲညဥ့်အခါဖြစ်ခြင်း) ပထမအင်္ဂါ ချိုသည်။

၂။ ဒုတိယ အင်္ဂါရပ်ဖြင့် နေလွဲညဥ့်အခါ 'ဝိကာလ' အတွင်း၌ မျိုဝါး သုံးဆောင်ပါသော်လည်း ယာဝကာလိက ခဲဘွယ်ဘောဇဥ်မဟုတ်မူ ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိက အဖျော်ယမကာ

ဆေးဝါးပစ္စည်းတို့ ဖြင့်ပါမူ ဝိကာလဘောဇနသိက္ခာပုဒ် မပျက်ဟု ပြသည်။ (ဤ၌ ယာဝကာလိက ခဲဘွယ်ဘောဇဉ်ဖြစ်ခြင်း) ဒုတိယအင်္ဂါ ချိုသည်။

၃။ တတိယ အင်္ဂါရပ်ဖြင့် နေလွဲညဥ့်အခါ 'ဝိကာလ' အတွင်း၌ 'ယာဝကာလိက' ခဲဘွယ်ဘောဇဉ်ကို မျိုဝါးသုံးဆောင်လိုစိတ် ရှိသော်လည်း မျိုဝါးသုံးဆောင်မှု မပြုမူ ဝိကာလဘောဇန သိက္ခာပုဒ် မပျက်ဟု ပြသည်။ (ဤ၌ မျိုဝါးသုံးဆောင်ခြင်း) တတိယအင်္ဂါ ချိုသည်။

၄။ စတုတ္ထအင်္ဂါရပ်ဖြင့် ဝိကာလ-နေ့လွဲညဥ့်အခါ၌ ယာဝကာလိက ခဲဘွယ်ဘောဇဉ်ကို မျိုဝါးသုံးဆောင်သော်လည်း စိတ်ဖေါက်ပြန် ရူးသွပ်သူအား ဝိကာလဘောဇနသိက္ခာပုဒ် မပျက်ဟု ပြသည်။ (ဤ၌ ရူးမသွပ်ခြင်း) စတုတ္ထအင်္ဂါ ချိုသည်။

**ဆောက်တည်လိုမူ ရှေးနည်းတူ**

လူပုဂ္ဂိုလ်တို့အား ဤဝိကာလဘောဇနသိက္ခာပုဒ်သည် နိစ္စသီလမဟုတ် ရကား ဒုသီလအဖြစ်ကိုကား မရအပ်၊ ဤသိက္ခာပုဒ်ပျက်စီး၍ ထပ်မံဆောက်တည်လိုလျှင် ရှေးနည်းတူ ဆောက်တည်လေ။

## ကွမ်းစား ဆေးဝါး ဆေးလိပ်သောက် အဆုံးအဖြတ်

ဤမြန်မာနိုင်ငံတော်သည် လက်ရှိအခြေအနေအရ ကမ္ဘာတွင် သာသနာ အထွန်းလင်းဆုံး နိုင်ငံပင် ဖြစ်၏၊ ဗုဒ္ဓ၏ အဆက်အနွယ်တော်များဖြစ်သော ရဟန်းသာမဏေများ, ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ဒါယကာ, ဒါယိကာမများ ပေါများ၍ ကိုယ်ကျင့် သီလ၌ အလေးအမြတ်ပြုသည် အားလျော်စွာ ကွမ်းစားခြင်း,ဆေးဝါးခြင်း, ဆေးလိပ် ဆေးတံ သောက်ခြင်း တို့၌ ဒွိဟမရောက် သံသယပျောက်စေရန် ဒေသနာအထွက် ဆုံးဖြတ်ချက်ကို ရေးသားပါအံ့။

ပါဠိ

(က) အနာပတ္တိ ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ သတိ ပစ္စယေ ပရိဘုဉ္ဇတိ။

(ပါစိတ်ပါဠိတော် ဝိကာလဘောဇနသိက္ခာပုဒ်မှ)

(ခ) သတိ ပစ္စယေတိ ယာမကာလိကံ ပိပါသာယ သတိ ပိပါသစ္ဆေဒနတ္ထံ၊ သတ္တာဟကာလိကံ ယာဝဇီဝိကဉ္စ တေန တေန ဥပသမေ တဗ္ဗကေ အာဗာဓေ သတိ တဿ ဥပသမနတ္ထံ ပရိဘုဉ္ဇတော အနာပတ္တိ။

(ပါစိတ် အဋ္ဌကထာ)

(ဂ) အနုဇာနာမိ ဘိက္ခဝေ 'မူလာနိ ဘေသဇ္ဇာနိ' 'ပဏ္ဏာနိ ဘေသဇ္ဇာနိ' 'ဖလာနိ ဘေသဇ္ဇာနိ' (လ) တာနိ ပဋိဂ္ဂဟေတွာ ယာဝဇီဝံ ပရိဟရိတုံ၊ သတိ ပစ္စယေ ပရိဘုဉ္ဇိတုံ၊ အသတိ ပစ္စယေ ပရိဘုဉ္ဇန္တဿ အာပတ္တိ ဒုက္ကဋဿ။

(ဘေသဇ္ဇက္ခန္ဓက)

အနက်

(က) ယာမကာလိကံ၊ ယာမကာလိကဖြစ်သော အဖျော်ယမကာများကို၎င်း။ သတ္တာဟကာလိကံ၊ သတ္တာဟကာလိကဖြစ်သော ထောပတ်ပျားဆီစသည်ကို၎င်း။ ယာဝဇီဝိကံ၊ ယာဝဇီဝိကဖြစ်သော အမြစ်အဥ စသည်ကို၎င်း။ ပစ္စယေ၊ မွတ်သိပ် ဆာလောင်ခြင်း ဟူသော အကြောင်းအနာရောဂါဟူသော အကြောင်းသည်။ သတိ၊ ရှိလတ်သော်။ ပရိဘုဉ္ဇတိ၊ သုံးဆောင်၏။ အနာပတ္တိ၊ အာပတ်မသင့်။

(ခ) သတိ ပစ္စယေတိ၊ သတိပစ္စယေဟူသည်ကား။ ယာမကာလိကံ၊ ယာမကာလိက ဖြစ်သော အဖျော် ယမကာကို။ ပိပါသာယ၊ မွတ်သိပ်ဆာလောင်ခြင်းသည်။ သတိ၊ ဖြစ်ပေါ်ခဲ့သည်ရှိသော်။ ပိပါသစ္ဆေဒနတ္ထံ၊မွတ်သိပ်ဆာလောင်ခြင်းကို ပယ်ဖြတ်ခြင်းအကျိုးငှါ။သတ္တာဟကာလိကဉ္စ၊ သတ္တာဟကာလိကဖြစ်သော ထောပတ်

ပျားဆီကိုရင်း။ ယာဝဇီဝိကဥ္စ၊ ယာဝဇီဝိကဖြစ်သော အမြစ် အဉ စသည်ကိုရင်း။ တေန တေန၊ ထိုထိုဆေးဖြင့်။ ဥပသမေတဗ္ဗကော၊ ငြိမ်းအေးစေအပ်သော။ အာဗာဓေ၊ အနာရောဂါသည်။ သတိ၊ ရှိခဲ့သော်။ တဿ၊ ထိုအနာရောဂါကို။ ဥပသမနတ္ထံ၊ ငြိမ်းအေးစေခြင်း အကျိုးငှါ။ ပရိဘုဉ္ဇတော၊ သုံးဆောင်သော ရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။

( ၈ ) ဘိက္ခဝေ၊ ရဟန်းတို့။ မူလာနိ၊ အမြစ်ဖြစ်ကုန်သော။ ဘေသဇ္ဇာနိ၊ ဆေးတို့ကိုရင်း။ ဖလာနိ၊ အသီးဖြစ်ကုန်သော။ ဘေသဇ္ဇာနိ၊ ဆေးတို့ကိုရင်း။ အနုဇာနာမိ၊ ခွင့်ပြုပါ၏။ (လ) တာနိ၊ ထိုဆေးတို့ကို။ ပဋိဂ္ဂဟေတွာ၊ အကပ်ခံ၍။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ပရိဟရိတုံ၊ ဆောင်ခြင်းငှါ။ ပစ္စယေ၊ အနာရောဂါဟူသော အကြောင်းသည်။ သတိ၊ ရှိခဲ့သော်။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ပစ္စယေ၊ အနာရောဂါဟူသော အကြောင်းသည်။ အသတိ၊ မရှိခဲ့သော်။ ပရိဘုဉ္ဇန္တဿ၊ သုံးဆောင်သောရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

## အဖျော် ဆာလျှင်သောက် မဆာလျှင် မသောက်ရ

နေလွဲညဥ့်အခါ ဝိကာလ၌ အဖျော်ယာမကာလများကို မွတ်သိပ်ဆာလောင်မှု ရှိမှ သောက်ကောင်းသည်၊ မွတ်သိပ်ဆာလောင်မှု မရှိဘဲ သောက်မှု ရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်၏၊ သာမဏေမှာ ဒဏ်ထိုက်၏ (၁၀) ဆယ်ပါးသီလ၊ ရှစ်ပါး သီလ စောင့်ထိန်းသူ လူသီလရှင်တို့မှာ သီလညစ်နွမ်းသည်။

## ဆေး, ရောဂါဖြစ်လျှင်စား မဖြစ်လျှင် မစားရ

အချိန်မရွေး ဆေးဝါးပစ္စည်းများကို အနာရောဂါ ဖြစ်ပေါ်လာလျှင် သုံးဆောင်ကောင်းသည်၊ အနာရောဂါ မရှိဘဲ သုံးဆောင်ခဲ့မူ ရဟန်းမှာ ဒုက္ကဋ် အာပတ်သင့်၏၊ သာမဏေမှာ ဒဏ်ထိုက်၏၊ (၁၀) ဆယ်ပါးသီလ (၈) ရှစ်ပါး သီလစောင့်ထိန်းသူ လူသီလရှင်တို့မှာ နေလွဲညဥ့်အခါ သီလညစ်နွမ်းသည်။

**ကွမ်း, အကြောင်းရှိ ဝါး မရှိ မဝါးရ**

ကွမ်းယာတွင်ပါသော ကွမ်းရွက် ကွမ်းသီး ထုံး ရှားစေးတို့မှာ အာဟာရကိစ္စကို မပြီးစီးစေနိုင်၊ ယာဝဇီဝိက အဝင်အပါ ဆေးပစ္စည်းများသာ ဖြစ်၍၊ ထိုကွမ်းယာဖြင့် ငြိမ်းအေးစေနိုင်သည့် အနာရောဂါရှိက (ကျန်းမာရေးကို အထောက်အကူပြုက) ဝါးနိုင် စားနိုင်သည်။

**ဆေးရွက်,အကြောင်းရှိငုံ မရှိ မငုံရ**

မြန်မာဆေးရွက်ကြီးမှာ သေမျိုးစေ့ ယစ်မျိုး အဆောက်အဦးလည်း မဟုတ်၊ အာဟာရကိစ္စကိုလည်း မပြီးစီးစေနိုင်၊ အကုသိုလ်ဖြစ်ပွားသော မူးယစ်ခြင်းလည်း မရှိ၊ ဆေးပစ္စည်း အဝင်အပါပင် ဖြစ်၍၊ ထိုဆေးရွက်ကြီးဖြင့် ငြိမ်းအေးစေနိုင်သည့် အနာရောဂါရှိက သွားကျန်းမာရေးအတွက် ဝါးငုံနိုင်ပါသည်။

**ဆေးလိပ်, အကြောင်းရှိသောက် မရှိ မသောက်ရ**

'အနုဇာနာမိ ဘိက္ခဝေ ဓူမံ ပါတုံ'
'အနုဇာနာမိ ဘိက္ခဝေ ဓူမနေတ္တံ'
(ဘေသဇ္ဇက္ခန္ဓက)

**အနက်**

ဘိက္ခဝေ၊ရဟန်းတို့။ဓူမံ၊ မီးခိုးကို။ပါတုံ၊ သောက်ရှူခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုပါ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဓူမနေတ္တံ၊မီးခိုးတံ (ဆေးတံ-ဆေးလိပ်) ကို။ အနုဇာနာမိ၊ခွင့်ပြုပါ၏။

ဤကဲ့သို့ ဆေးပစ္စည်းအဖြစ်ဖြင့် ဘုရားခွင့်ပြုတော်မူသောကြောင့် ဆေးရိုးဆေးရွက်ကြီးများ ထည့်သွင်းလိပ်ထားသည့် သနပ်ဖက်ဆေးလိပ်, ပြောင်းဖူးဖက်ဆေးလိပ်, ဗာဂျီးနီးယားဆေးရွက်ဖြင့် လိပ်သည့်စီးကရက်, အခြားသောဆေးပြင်းလိပ်, ဆေးတံသောက်ဆေးများသည် အာဟာရကိစ္စကို မပြီးစီးမပြည့်စုံစေနိုင်၊ ယာဝဇီဝိက အဝင်အပါ ဆေးပစ္စည်းများသာ ဖြစ်၍၊ထိုဆေးလိပ်ဆေးတံသောက်ဆေး မီးခိုးဖြင့် ငြိမ်းအေးစေနိုင်သည့် အနာရောဂါရှိက

(ကျန်းမာရေးကို အထောက်အကူပြုက) သောက်နိုင်သည်ပင် ဖြစ်၏၊ နနွင်း ဆေးလိပ်, နနွင်းမှုန့်ကိုဂုဏ်း၊ နနွင်းတက်ကိုဂုဏ်း၊ မီးကျီး၌ထည့်၍ မီးခိုးကို နှာခေါင်းဖြင့် ရှူခြင်း၊ အခြားသော ဆေးပစ္စည်းများကိုလည်း ကျန်းမာရေး အကျိုးငှါ ဆေးတံ၌ ထည့်၍ဂုဏ်း၊ ဖက်ဖြင့်လိပ်၍ဂုဏ်း၊ မီးကျီး၌ ထည့်၍ဂုဏ်း မီးခိုးကို နှာခေါင်းပါးစပ်တို့ဖြင့် သောက်ရှူနိုင်သည်။

ယင်းသို့ အနာရောဂါဟူသော အကြောင်းမရှိဘဲ ကွမ်းစားခြင်း, ဆေးဝါး ခြင်း, ဆေးလိပ်, ဆေးတံသောက်ခြင်း အမှုကိုပြုက ရဟန်းမှာ ဒုက္ကဋ် အာပတ်သင့်၏၊ သာမဏေမှာ ဒဏ်ထိုက်၏၊ (၁၀)ဆယ်ပါးသီလ ရှစ်ပါးသီလ စောင့်ထိန်းသူ လူဥပုသ်သည် သီလရှင်တို့မှာ နေလွဲညဥ့်အခါသီလညစ်နွမ်းသည်။

(မှတ်ရန်—အုံးသီးဆန်စတဲ့ ယာဝကာလိကများပါတဲ့ ကွမ်းယာ များ မသင့်၊ အရက်,ဘိန်း,ယစ်မျိုးများ ဆွတ်ဖျန်းထည့်သွင်း၍ ထား သော ဆေးလိပ်များ ဆေးတံသောက်ဆေးများ မသင့်။)

(ထန်းလျက်, မန်ကျည်းသီးမှည့်,ဆားတို့ကို အရည်ဖျော်၍ ဆေး, ဆေးရိုးတို့ကို ဆွတ်ဖျန်း၍ လိပ်ထားသော ဆေးလိပ် များကိုကား သောက်ရှူနိုင်သည်၊ ပို၍ပင် ကျန်းမာရေးအတွက် အထောက်အကူ ဖြစ်နိုင်စရာရှိသည်။)

**ဆေးလိပ်ဆေးတံ လူ့ကျိုး (၃)ပါး**

ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်ပါဠိတော်၌— အခိုးတံ ဆေးတံ ဆေးလိပ်အလှူ၏ အကျိုးသုံးပါးကို ဟောကြားတော်မူခဲ့သည်။

(က) ဓူမနေတ္တေ ဇိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
တိဏ္ဏာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

(၁) သတိ မေ ဥဇုကာ ဟောတိ၊ သုသမ္ဗန္ဓာ စ နှာရဝေါ။
လဘာမိ ဒိဗ္ဗနယနံ၊ တဿနိဿန္ဒတော အဟံ။

အနက်

(က) အဟံ၊ ငါသည်။ ဇိနေ၊ မြတ်စွာဘုရားအားရင်း။ ဂဏဝရုတ္တမေ၊ ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ သံဃာတော်အားရင်း။ ခုမနေတ္တေ၊ အခိုးတံ, ဆေတံ, ဆေးလိပ်တို့ကို။ ဒတွာ၊ ပေးလှူခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ကံအား လျောက်ပတ်ကုန်သော။ တီဏာနိသံသေ၊ သုံးပါးသော အကျိုးတို့ကို။ အနုဘောမိ၊ ရရှိသောအား ခံစားရပါ၏။

(ခ) အဟံ၊ ငါသည်။ တဿ၊ ထိုအခိုးတံ, ဆေးတံ, ဆေးလိပ်အလှူ၏။ နိဿန္ဒတော၊ အကျိုးဆက်ကြောင့်။ မေ၊ ငါ၏။ သတိ၊ သတိသည်။ ဥဇုကာ၊ ဖြောင့်မတ်သည်။ ဟောတိ၊ ဖြစ်၏။ နှာရဝေါ၊ အကြောတို့သည်။ သုသမ္ဗန္ဓာ၊ ကောင်းစွာ ဆက်စပ်လျက်ရှိကုန်၏။ ဒိဗ္ဗနယနံ၊ နတ်မျက်စိနှင့်တူသော မျက်စိကို။ လဘာမိ၊ ရပါ၏။

**ဆေးလိပ်အလှူ၏ အကျိုး (၃)ပါးကား—**

၁။ ဖြောင့်မတ်သော သတိရှိခြင်း။

၂။ ကောင်းစွာဆက်စပ်သော အကြောရှိခြင်း။

၃။ နတ်မျက်စိနှင့်တူသော မျက်စိကို ရခြင်း။

**ကျက်မှတ်ရန်**

> * သတိဖြောင့်မတ်၊ ဆက်စပ်အကြော၊ ရသောဒိဗ္ဗ၊ စက္ခုမျှ၊ သုံးဝဆေးလိပ် လှူကျိုးတည်း။

ဤ အခိုးတံ, ဆေးတံ, ဆေးလိပ်အလှူ၏ အကျိုးသုံးမျိုးပြ ပါဠိတော်ကို ထောက်ဆလျှင် ဆေးလိပ်ဒါနကိုပင် များစွာ ပြုထိုက်လှပေပြီ၊ ကောင်းကျိုး ရသော ဒါနတိုင်းပင် အလှူခံပုဂ္ဂိုလ်တို့ ဒါနကို သုံးဆောင်နိုင်သည်၊ မသုံး ဆောင်ထိုက်သော ဒါနကိုကား မပေးလှူရ၊ ပေးလှူပြန်လျှင်လည်း အကျိုးမရ၊ ပြဆိုခဲ့ပြီးသော ပါဠိအဋ္ဌကထာ အဆုံးအဖြတ်တို့ကို ထောက်ဆ၍ ကွမ်းစား ခြင်း, ဆေးဝါးခြင်း, ဆေးလိပ် ဆေးတံသောက်ခြင်းတို့၌ ဒွိဟမရောက် သံသယ ပျောက်လောက်ပေပြီ။

# နစ္စဂီတ သိက္ခာပုဒ် အဖွင့်

## နစ္စဂီတ စသည် အနက်

နစ္စ, ဂီတ, ဝါဒိတ, ဝိသုက, ဒဿန, မာလာ, ဂန္ဓ, ဝိလေပန, ဓာရဏ, မဏ္ဍန, ဝိဘူသန ဌာန။

နစ္စ—မိမိ က,ခြင်း သူတပါးတို့ကို က,စေခြင်း။

ဂီတ—မိမိ သီချင်းဆိုခြင်း၊ သူတပါးတို့ကို သီချင်းဆိုစေခြင်း။

ဝါဒိတ—မိမိ တီးမှုတ်ခြင်း၊ သူတပါးတို့ကို တီးမှုတ်စေခြင်း။

ဝိသုက—ကခြင်း, သီချင်းဆိုခြင်း, တီးမှုတ်ခြင်းတို့သည် သာသနာတော်၏ ဆူးငြောင့်တံကျင်သဖွယ် ဖြစ်၏။

ဒဿန -၎င်းတို့ကို ကြည့်ရှုခြင်း, နားထောင်ခြင်း။

မာလာ -ပန်း, ဂန္ဓ- နံ့သာ၊ ဝိလေပန- နံ့သာပျောင်း၊ ဓာရဏ- ဆောင်ခြင်း, ပန်ခြင်း၊ မဏ္ဍန- တန်းဆာဆင်ခြင်း၊ ဝိဘူသန- အတင့်အတယ် ပြုခြင်း၊ ဌာန- အကြောင်း။

မိမိကိုယ်တိုင် က,ခြင်း၊ သူတပါးတို့ကို က,စေခြင်း၊ မိမိကိုယ်တိုင် သီချင်းဆိုခြင်း၊ သူတပါးတို့ကို သီချင်းဆိုစေခြင်း၊မိမိကိုယ်တိုင် တီးမှုတ်ခြင်း၊ သူတပါးတို့ကို တီးမှုတ်စေခြင်း၊ သာသနာတော်၏ ဆူးငြောင့်သဖွယ်ဖြစ်သော ထိုက,ခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုခြင်း နားထောင်ခြင်း၊ ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, နံ့သာပျောင်းတို့ဖြင့် အတင့်အတယ် အပြေအပြစ်ပြုခြင်း ဟူသော ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်း၏ အကြောင်းများကို နစ္စ (လ) ဌာနဟု ဆိုသည်။

# နစ္စဂီတဝါဒိတ အဆုံး အဖြတ်

## နစ္စ အဆုံးအဖြတ်

နစ္စ-အရ-အခ,ကြေးငွေဖြင့် ဇာတ်သဘင်သူ-ဇာတ်သဘင်သားများ ကခြင်း၊ အခ,ကြေးငွေ မယူဘဲ အပျော်အပါး အရပ်သူ အရပ်သားများ ကခြင်း၊ အရက်သမားများပင် မူးရူး၍ ကခြင်း၊ အောက်ထစ်ပိုင်းခြား အယုတ် အားဖြင့်

သုဓ္မ၀တီ (က) ၁၀၄-၄၄

လူက,သည်ကိုမဆိုထားနှင့်တိရစ္ဆာန်များဖြစ်သောဥဒေါင်းကခြင်း,ကျေးကခြင်း, မျောက်ကခြင်း အစရှိတဲ့ ကခြင်းအားလုံးကို ယူပါ၊ ၎င်းက,ခြင်းအားလုံးကို မကြည့်ရှုရ၊ ဝိသုကဒဿန ဖြစ်သည်၊ ဤသိက္ခာပုဒ် ဆောက်တည်ထားသူတို့ ကြည့်ရှုပါက သိက္ခာပုဒ် ပျက်မည်။

"ယံကိဉ္စိ နစ္စန္တိ-နဋာဒယော ဝါ နစ္စန္တု သောဏ္ဍာ ဝါ၊
အန္တမသော မောရ သုဝမက္ကဋာဒယောပိ သဗ္ဗမ္ပေတံ နစ္စမေဝ။"

(ဘိက္ခုနီပါစိတ် နစ္စဂီတ သိက္ခာပုဒ် အဖွင့်)

**အနက်**

ယံကိဉ္စိ နစ္စန္တိ၊ ကခြင်း အားလုံးဟူသည်ကား။ နဋာဒယော ဝါ၊ ကချေသည် စသူတို့သည်လည်း။ နစ္စန္တု၊ က, စေကုန်။ သောဏ္ဍာ ဝါ၊ သေသောက်ကြူး အရက်သမားတို့သည်လည်း။ နစ္စန္တု၊ က, စေကုန်။ အန္တမသော၊ အောက်ထစ် ပိုင်းခြား အယုတ်အားဖြင့်။ မောရသုဝမက္ကဋာဒယောပိ၊ ဥဒေါင်း, ကျေးသား, မျောက် စသော တိရစ္ဆာန်တို့ သည်မူလည်း။ နစ္စန္တု၊ က,စေကုန်။ ဧတံ သဗ္ဗံ၊ ဤအလုံးစုံသည်။ နစ္စမေဝ၊ က,ခြင်းသာလျှင် မည်၏။

**ဂီတ အဆုံး အဖြတ်**

ဂီတ–အရ–သဘင်သည်တို့ သီဆိုသော သီချင်း၊ အရပ်သူ အရပ်သားတို့ သီဆိုသော သီချင်း၊ ဓာတ်ပြား ကြိုးခွေ အသံဖမ်း ကိရိယာ အသံချဲ့စက်တို့မှ လာသော သီချင်း၊ ရတနာသုံးပါး ဂုဏ်ကျေးဇူးနှင့် စပ်ယှဉ်သော သာဓုကီဠိတ သီချင်း၊ အယုတ်သဖြင့် နှုတ်မစောင့်စည်းသော ရဟန်းတို့၏ ပါဠိကျူးရင့်သော သီချင်း အားဖြင့် သီချင်း အားလုံးကို ယူ၊ ၎င်း သီချင်း အားလုံးကိုပင် နားမထောင်ရ ဝိသုကသဝန ဖြစ်သည်၊ ဤသိက္ခာပုဒ် ဆောက်တည်ထားသူတို့ နားထောင်ပါက သိက္ခာပုဒ် ပျက်မည်။

"ယံကိဉ္စိ ဂီတန္တိ ယံကိဉ္စိ နဋာဒီနံ ဝါ ဂီတံ ဟောတု
အရိယာနံ ပရိနိဗ္ဗာနကာလေ ရတနတ္တယ ဂုဏူပသံဟိတံ
သာဓုကီဠိတဂီတံ ဝါ အသံယတဘိက္ခူနံ ဓမ္မဘာဏကဂီတံ ဝါ
သဗ္ဗမ္ပေတံ ဂီတမေဝ။"

(ဘိက္ခုနီပါစိတ် နစ္စ ဂီတ သိက္ခာပုဒ်အဖွင့်)

**အနက်**

ယံကိဉ္စိ ဂီတန္တိ၊ သီချင်းအားလုံး ဟူသည်ကား။ ယံကိဉ္စိ၊ အလုံးစုံသော။ နဋ္ဌာဒီနံ၊ ကချေသည် စသူတို့၏။ ဂီတံ ဝါ၊ သီဆိုသော သီချင်းသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ အရိယာနံ၊ ရဟန္တာတို့၏။ ပရိနိဗ္ဗာနကာလေ၊ ပရိနိဗ္ဗာန်ပြုရာအခါ၌။ ရတနတ္တယဂုဏူပသံဟိတံ၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးနှင့် စပ်ယှဉ်သော။ သာဓုကီဠိတဂီတံဝါ၊ ကောင်းစွာပူဇော်သဖြင့် ကစားသော သီချင်းသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ အသံယတဘိက္ခူနံ၊ ကိုယ်နှုတ်နှလုံး မစောင့်သုံးသော ရဟန်းတို့၏။ ဓမ္မဘာဏကဂီတံ ဝါ၊ ပါဠိကျူးရင့်သော သီချင်းသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ တံ သဗ္ဗမ္ပိ၊ ဤအလုံးစုံသည်လည်း။ ဂီတမေဝ၊ သီချင်းသာလျှင်မည်၏။

ခုဒ္ဒကပါဠိ-အဋ္ဌကထာ၌ကား—

"ဓမ္မူပသံဟိတံ ဂီတံ န ဝဋ္ဋတိ ဂီတူပသံဟိတော ပန ဓမ္မော ဝဋ္ဋတိ"

ဟု လာသည်။

**အနက်**

ဓမ္မူပသံဟိတံ၊ တရားနှင့် စပ်ယှဉ်သော။ ဂီတံ၊ သီချင်းသည်။ န ဝဋ္ဋတိ၊ မအပ်။ ဂီတူပသံဟိတော၊ သီချင်းနှင့် စပ်ယှဉ်သော။ ဓမ္မော ပန၊ တရားသည်ကား။ ဝဋ္ဋတိ၊ အပ်၏။

(ကတ္ထစိ ပန နကာရဝိပရိယာယေန ပါဠော ဒိဿတိ။)

တရားနှင့် စပ်ယှဉ်သော်လည်း သီချင်းဖြစ်မူ နားထောင်ခြင်းငှါ မသင့်၊ သီချင်းနှင့် စပ်ယှဉ်သော်လည်း တရားဖြစ်မူကား နားထောင်ခြင်းငှါ သင့်၏ဟု ဆိုသည်။

တိကအင်္ဂုတ္တိုရ် ဥပေါသထသုတ်အဖွင့်ဋီကာ၌ကား

"အဝိသူကဘူတဿ ဂီတဿ သဝနံ ကဒါစိ ဝဋ္ဋတီတိ အာဟ ဝိသူကဘူတံ ဒဿနန္တိ" ဟု သာသနာတော်၏ ဆူးငြောင့်သဖွယ် မဟုတ်တဲ့ တရားသီချင်းများကို နားထောင်နိုင်သည်ဟု ဆိုသည်။

"ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ" သီချင်းမျိုး။

အောင်ခြင်းရှစ်ပါး၊ အနိစ္စ, ဒုက္ခ, အနတ္တ, သဗ်ါရမမှုနှင့် စပ်ယှဉ်သော တရားသီချင်းများကို ဆိုလိုသည်။

"ဂီတော စေ ဓမ္မာနုလောမတ္ထပဋိသညုတ္တောပိ န ဝဋ္ဋတိ၊
ဓမ္မော စေ ဂီတသဒ္ဒပဋိသညုတ္တောပိ ဝဋ္ဋတိ။"
((မြဟ္မဇာလသုတ် ဋီ)

သီချင်းဖြစ်ခဲ့မူ တရားတော်နှင့် လျော်ကန်လျောက်ပတ်ခြင်း, အကျိုးစီးပွားနှင့် စပ်ယှဉ်ခြင်းရှိသော်လည်း နားမထောင်အပ်၊ တရားဖြစ်ခဲ့ပါလျှင် သီချင်းသံနှင့် စပ်ယှဉ်သော်လည်း နားထောင်အပ်၏ဟု ခုဒ္ဒကပါဌအဋ္ဌကထာ အလိုကိုပင် ဋီကာဆိုသည်။

"န ဘိက္ခဝေ ဂီတဿရေန ဓမ္မော ဒေသေတဗ္ဗော၊ ယော ဒေသေယျ အာပတ္တိဒုက္ကဋဿ။"

ရဟန်းတို့အား သီချင်းသံဖြင့် တရားမဟောရ၊ ဟောလျှင် ဒုက္ကဋ်အာပတ် သင့်စေဟု ဝိနည်းပညတ်ရှိသော်လည်း ဟောကြားမှုကိုသာ ပယ်မြစ်၍ နာကြားမှုကိုကား မပယ်မြစ်၊ ဂီတသံဖြင့် ဟောသော်လည်း တရားသည်သီချင်း မဖြစ်နိုင်၊ ထိုကြောင့် တရားဖြစ်ခဲ့ပါလျှင် ဂီတသံဖြင့် စပ်ယှဉ်သော်လည်း နားထောင်နိုင်သည်၊ သီချင်းဖြစ်ခဲ့ပါမူ အကျိုးစီးပွားနှင့် စပ်ယှဉ်သည်ဖြစ်စေ၊ မစပ်ယှဉ်သည်ဖြစ်စေ ဤသိက္ခာပုဒ် ဆောက်တည်ထားသူတို့ နားမထောင်ရ၊ နားထောင်လျှင် သိက္ခာပုဒ်ပျက်စီးမည်ဟု မြဲမြဲမှတ်ယူရမည်။

**ဝါဒိတ အဆုံးအဖြတ်**

ဝါဒိတ-အရ စောင်းတီးခြင်း လင်းကွင်း ဝါးလက်ခုပ် အိုးစည် ဒိုးပတ် နှဲ ပလွေမှစ၍ တူရိယာအားလုံး တီးမှုတ်ခြင်း အားလုံးကိုယူ၊ အောက်ထစ်ပိုင်းခြား အယုတ်အားဖြင့် ရေ၌ အိုးမှောက်၍သော်လည်း မတီးရ၊ တီးသည်ကိုလည်း နားမထောင်ရ၊ ဝိသုကဒဿန ဖြစ်သည်၊ တီးပါက နားထောင်ပါက ဤသိက္ခာပုဒ် ပျက်စီးမည်။

"ယံ ကိဉ္စိ ဝါဒိတန္တိ, တန္တိဗဒ္ဓါဒိ ဝါဒနီယဘဏ္ဍဝါဒိတံ ဝါ ဟောတု ကုဋ္ဋဗေရိဝါဒိတံ ဝါ၊ အန္တမသော ဥဒကဘေရိ ဝါဒိတမ္ပိ၊ သဗ္ဗမ္ပေတံ ဝါဒိတမေဝ။"

**အနက်**

ယံကိဉ္စိ ဝါဒိတန္တိ၊ တီးမှုတ်ခြင်း အားလုံးဟူသည်ကား။ တန္တိဗဒ္ဓါဒိဝါဒနီယ ဘဏ္ဍဝါဒိတံ ဝါ၊ အညှိစသည် ဖွဲ့သဖြင့် တီးမှုတ်အပ်သော စည်ဘဏ္ဍာကို တီးမှုတ်သည်လည်း။ ဟောတု၊ ဖြစ်စေ။ အန္တမသော၊ အယုတ်အားဖြင့်။ ဥဒကဘေရိဝါဒိတမ္ပိ၊ ရေ၌ အိုးမှောက်၍ တီးသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဧတံ သဗ္ဗံ၊ ဤအလုံးစုံသည်။ ဝါဒိတမေဝ၊ တီးမှုတ်ခြင်းသာလျှင် မည်၏။

## ပါဠိတော်ပြ ဝိသုကဒဿန

ပါဠိတော်မှာလာသည့် ဝိသုကဒဿနများမှာ—

နစ္စ- ကခြင်း၊ ဂီတ- သီခြင်း၊ ဝါဒိတ- တီးမှုတ်ခြင်း၊ ပေက္ခ- ကပွဲသဘင်၊ အက္ခာန- စစ်ထိုးခြင်း၊ ပါဏိဿရ- ခွက်ခွင်းတီးခြင်း၊ ဝေတာဠ- မောင်းကြေးနင်းတီးခြင်း၊ ကုမ္ဘထုဏ- အိုးစည်းသံ၊ သောဘဏကရဏ- ကချေသည်တို့ကို တန်ဆာဆင်ခြင်း၊ စဏ္ဍာလ- သံထွေကစားခြင်း၊ ဝံသ- ဝါးထောင်တက်၍ ကစားခြင်း၊ ဓောဝန- အရိုးဆေးကစားခြင်း၊ ဟတ္ထိယုဒ္ဓ- ဆင်တိုက်ခြင်း၊ အဿယုဒ္ဓ- မြင်းတိုက်ခြင်း၊ မဟိံသယုဒ္ဓ- ကျွဲတိုက်ခြင်း၊ ဥသဘယုဒ္ဓ- နွားတိုက်ခြင်း၊ အဇယုဒ္ဓ- ဆိတ်တိုက်ခြင်း၊ မေဏ္ဍယုဒ္ဓ- သိုးတိုက်ခြင်း၊ ကုက္ကုဋယုဒ္ဓ- ကြက်တိုက်ခြင်း၊ ဝဋ္ဋကယုဒ္ဓ- ငုံးတိုက်ခြင်း၊ ဒဏ္ဍယုဒ္ဓ- ဒုတ်ရိုက်ခြင်း၊ မုဋ္ဌိယုဒ္ဓ- နပမ်းလုံးခြင်း၊ နိဗ္ဗုဒ္ဓ- လက်ဝှေ့တိုက်ခြင်း၊ ဥယျောဓိက- စစ်ထိုးခြင်း၊ ဗလဂ္ဂ- စစ်သည်တို့ကို ရေတွက်ရာအရပ်၊ သေနာဗျူဟ- စစ်သည်တို့ စုဝေးရာအရပ်၊ အနီကဒဿနံ- ဆင်တပ်, မြင်းတပ် စသည်ကို ကြည့်ရှုခြင်းတို့ပင် ဖြစ်သည်၊ ၎င်းအားလုံးကို ကြည့်ရှုနားထောင်ခြင်းကိုယူ။

"ဒဿနေန စေတ္ထ သဝနမ္ပိ သင်္ဂဟိတံ ဝိရူပေကသေသ နယေန။"

(ဥပေါသထသုတ်-ဋ္ဌ)

'ဒဿနသဝနာ'ဟု ဆိုလိုလျက် ဝိရူပေကသေသ နည်းဖြင့် 'ဒဿန' တခု ကြွင်းပြု၍ 'ဝိသုကဒဿန'ဟု ဆိုသည်၊ ကြည့်ရှုခြင်း, နားထောင်ခြင်း အနက် နှစ်ပါးလုံးကိုပင် 'ဒဿန' ကေသိသ်ပုဒ်ဖြင့် ဟောသည်မှတ်လေ။

## ရှောင်ကြဉ်ဘွယ်ရာ

ဤသိက္ခာပုဒ် ဆောက်တည်ထားသော ရဟန်းသာမဏေ ဥပုသ်သည် လူ, သီလရှင်, ယောဂီအားလုံးပင် ပြခဲ့ပြီးသော "ဝိသုကဒဿန" ဟူသမျှကို ကိုယ်တိုင်သော်၎င်း၊ သူတပါးကို ခိုင်းစေ၍သော်၎င်း၊ ပြုလုပ်ခြင်း, ပြုလုပ်စေခြင်း, ကြည့်ရှုခြင်း,နားထောင်ခြင်းတို့မှ ရှောင်ကြဉ်ကြရမည်။

## မာလာဂန္ဓ စသည်ပြ

"မာလာတိ ယံကိဉ္စိ ပုပ္ဖံ။"

မာလာ- အရ ကုံးသီပြီး မကုံးသီရသေးသော သယံဇာတပန်း (ပန်းပင် အမျိုးမျိုးမှ ပွင့်သောပန်း) ပြုလုပ်စီရင်ထားသော ပန်းချီပန်း၊စက္ကူပန်းစသော ပန်းအားလုံးကိုယူ၊ ၎င်းပန်းအားလုံးကို ပန်ခြင်း, ကိုင်ဆောင်ခြင်းကို "ဓာရဏ" ဟု ဆိုသည်။

"ဂန္ဓန္တိ ယံကိဉ္စိ ဂန္ဓဇာတံ။"

ဂန္ဓ-အရ အခိုး အထုံ နံ့သာမှုန့်၊ ခေတ်ပေါ် ရေမွှေး အမျိုးမျိုး၊ ပေါင်ဒါ အမျိုးမျိုး၊ မူလဂန္ဓ စသော နံ့သာအားလုံးကို ယူ၊၎င်းနံ့သာအားလုံးဖြင့် ထုံခြင်း ယုတ်သောနေရာကို ပြည့်စေခြင်းဖြင့် တန်းဆာဆင်ခြင်းကို"မဏ္ဍန"ဟု ဆိုသည်။

"ဝိလေပနန္တိ ဆဝိရာဂကရဏံ။"

ဝိလေပန- အရ လိမ်းကျံခြင်းအကျိုးငှါ ကြိတ်ချေ ပွတ်သွေး၍ စီရင်အပ်သော အရေအသားကို တပ်စွမ်းအောင် ပြုကြောင်းဖြစ်တဲ့ နံ့သာဖြူ, ကရမက်, သနပ်ခါး ခဲရည်စသည့် နံ့သာပျောင်း အားလုံးကိုယူ၊ ၎င်းနံ့သာပျောင်း အားလုံးဖြင့် အရေအသားကို တပ်ဆိုးသည်၏ အစွမ်းဖြင့် သာယာခြင်းကို ဝိဘူသနဟု ဆိုသည်။

ရှောင်ကြဉ်ဘွယ်ရာ

ဤသိက္ခာပုဒ်အရ ဥပုသ်စောင့်ရန် သွားသော ဒါယကာ,ဒါယိကာမအားလုံး ပင် မျက်နှာနှင့်အဝတ်တို့၌ ပေါင်ဒါသနပ်ခါး မိတ်ကပ် ရေမွှေးများ သုတ်လိမ်း ဆွတ်ဖျန်းသွားခြင်း၊ ပန်းကိုခေါင်း၌ဝှင်း၊ နားရွက်အိပ်ထောင်၌ဝှင်း၊ လက်တို့ ဖြင့်ဝှင်း ကိုင်ဆောင်ပန်ဆင်၍ သွားခြင်း၊ ပုဆိုး ထမီ အင်္ကျီ စသည်တို့၌ ဆေးရိုက် ပန်းချီပန်း ထင်ထင်ရှားရှား ပါသော အဝတ်တို့ကို ဝတ်ခြင်းတို့ကို အထူးရှောင် ကြဉ်ကြရမည်၊ ဗုဒ္ဓဒေသနာ ဘာသာရေး စာပေများကို ဖတ်ရှုမှတ်သား နာကြားလေ့လာမှုနည်းပါးသော အချို့သော အမျိုးသား အမျိုးသမီးတို့သည် ဗုဒ္ဓဘာသာဝင်တို့ ထုံးစံအတိုင်း ဥပုသ်နေ့များမှာ သူများဥပုသ်စောင့်ကြသည် ကို မြင်၍ ဒိဋ္ဌာနုဂတိဖြင့် ကိုယ်လည်းဥပုသ်စောင့်သည်။

သို့သော် မိမိစောင့်ထိန်းတဲ့ ဥပုသ်သီလကို မသိနားမလည်သဖြင့် မျက်နှာမှာ ပေါင်ဒါသနပ်ခါးတွေနှင့် ဥပုသ်သီလ ခံယူနေသူများကိုလည်း တွေ့မြင်ရလေ သည်၊ ခေါင်းမှာ ပန်းကုံးတွေနှင့် ဥပုသ်သီလ ခံယူနေသူများကိုလည်း တွေ့မြင် ရလေသည်၊ အချို့ဥပုသ်သီလ ခံယူပြီးမှ ရေဒီယို အသံချဲ့စက် တိတ်ခွေများဖွင့်၍ သီချင်း နားထောင်နေသူများကိုလည်း တွေ့မြင်ရလေသည်၊ အတီးအမှုတ် အက အခုန်တွေ နားထောင် ကြည့်ရှု နေသူများကိုလည်း တွေ့မြင်ရလေသည်၊ မိမိ ဆောက်တည် ခံယူထားတဲ့ ဥပုသ်သီလကျိုးလို့လည်း ကျိုးမှန်းမသိ၊ ဤကဲ့သို့ ဖြစ်ရခြင်းသည် အခြေခံဘာသာရေး စာအုပ်ကောင်းများကို ဖတ်ရှု လေ့လာမှု မပြုခြင်းကြောင့်ပင် ဖြစ်၏။

ဗုဒ္ဓစာပေများကို ဖတ်ရှုလေ့လာမှု နာကြားမှု နည်းပါးသူသည် အသိ အလိမ်မာ နည်း၏၊ အသိအလိမ်မာ နည်းပါးသူသည် အကျင့်နည်း၏၊ အကျင့် နည်းပါးသူသည် အကျိုးနည်းပါး လေသည်၊ ထို့ကြောင့် ဗုဒ္ဓစာပေများကို များများ လေ့လာဖတ်ရှု နာကြားမှု ပြုကြရမည်၊ ဥပုသ်နေ့များ၌ ဥပုသ်သည် အားလုံးပင် ရေဒီယို အသံချဲ့စက် တိတ်ခွေများမှ လာသော တရားတော်များ ကိုသာ နားထောင်နိုင်သည်၊ ဘုရား, တရား, သံဃာမှတပါး အခြား မကြည့်ရှုရ နားမထောင်ရ ရှောင်ကြဉ်ကြရမည်။

(**မှတ်ရန်** ရတနာသုံးပါး လှူဒါန်းရန် ပန်းနံ့သာများကို ယူဆောင်နိုင်သည်။)

## နစ္စဂီတ(လ)ဌာန တရားကိုယ်

နစ္စာဒိနံ အညတရတာ စသော အင်္ဂါ (၂) ပါးနှင့် ပြည့်စုံသော ဒုဿီလျ စေတနာသည်ပင် နစ္စ (လ) ဌာနမည်၏။

## နစ္စဂီတ(လ)ဌာန အင်္ဂါ (၂) ပါး

နစ္စဂီတဿ၊ နစ္စဂီတသိက္ခာပုဒ်၏။ အင်္ဂါ၊ အကြောင်း အင်္ဂါတို့သည်။

၁။ နစ္စာဒီနံ၊ က, ခြင်း စသည်တို့တွင်။ ဝါ၊ က,ခြင်း သီခြင်း တီးမှုတ်ခြင်း ပန်းနံ့သာ နံ့သာပျောင်းတို့တွင်။ အညတရတာ၊ တပါးပါး၏ အဖြစ် ၎င်း။

၂။ ဒဿနာဒီနံ၊ ကြည့်ရှုခြင်း စသည်တို့တွင်။ ဝါ၊ ကြည့်ရှုခြင်း,နားထောင်ခြင်း, ပန်ခြင်း, လိမ်းကျံခြင်း, အတင့်အတယ် အပြေအပြစ် ပြုခြင်း တို့တွင်။ အညတရတာ၊ တပါးပါး၏ အဖြစ်၎င်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## အင်္ဂါမစုံ သိက္ခာပုဒ် မပျက်

ပထမအင်္ဂါရပ်ဖြင့် ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, ပန်းနံ့သာ နံ့သာပျောင်း လည်းဖြစ်မှ သိက္ခာပုဒ်ပျက်သည်ဟု ပြသည်၊ ဒုတိယအင်္ဂါရပ်ဖြင့် ခွင့်ပြုတော်မူသောအကြောင်းကို ကြဉ်၍ ကြည့်ရှုနားထောင်ခြင်း, ပန်ခြင်း, လိမ်းကျံခြင်း, အတင့်အတယ်ပြုခြင်းလည်း ဖြစ်ပါမှ ပျက်သည်ဟု ပြသည်၊ ဤအင်္ဂါနှစ်ပါးစုံမှ သိက္ခာပုဒ် ပျက်သည်။

## ဆောက်တည်လိုမူ ရှေးနည်းတူ

လူပုဂ္ဂိုလ်တို့အား ဤနစ္စဂီတသိက္ခာပုဒ်သည် နိစ္စသီလမျိုး မဟုတ်ရကား 'ဒုဿီလ' အဲဖြစ်ကိုကား မရအပ်၊ ဤသိက္ခာပုဒ် ပျက်စီး၍ ထပ်မံဆောက်တည် လိုမူ ရှေးနည်းတူ ဆောက်တည်ပါလေ။

# ဥစ္စာသယန သိက္ခာပုဒ် အဖွင့်

**ဥစ္စာသယန ပဟာသယန အနက်**

"ဥစ္စာသယနံ ဝုစ္စတိ ပမာဏာတိက္ကန္တံ"

ဥစ္စာသယန = ဥစ္စာ-သယန။

ဥစ္စာ-ပမာဏထက်လွန်၍ မြင့်သော၊ သယန-ညောင်စောင်း ကုတင် ကုလားထိုင်စသည့် အိပ်ရာနေရာ။

(ဥစ္စာ၌ 'အာ' အက္ခရာ အစ္စုဂ္ဂတ ဝါစကတည်း။)

မဇ္ဈိမပုရိသ၏ လက်ဆုပ်တောင် ပမာဏ၊ မြတ်ဘုရား၏ လက်ရှစ်သစ်၊ ပကတိ ပုရိသတို့၏ တတောင့်ထွာ ပမာဏထက်လွန်၍ မြင့်သော အခြေရှိသော ညောင်စောင်း ကုတင် ကုလားထိုင် ထိုင်ခုံ စသည့် အိပ်ရာနေရာတို့ကို "ဥစ္စာသယန"ဟု ဆိုသည်။

(သေတိ ဧတ္ထာတိ သယနံ၊ ပဋ္ဌာဒိ)၌၊

"မဟာသယနန္တိ အကပ္ပိယ ပစ္စတ္ထရဏံ"

မဟာသယန = မဟာ + သယန၊

မဟာ -မြတ်သော၊ သယန- ဂေါနက စသော ကောဇောကြီးများ ခင်းထားတဲ့ အိပ်ရာနေရာ။

ရဟန်းတို့အား မလျောက်ပတ်သော၊ လူတို့သည် မြတ်သော အခင်းဟု သမုတ်အပ်သော ဂေါနက, စိတ္တက စသော အခင်းတို့ ခင်းထားတဲ့ အိပ်ရာနေရာကို "မဟာသယန"ဟု ဆိုသည်။

မဇ္ဈိမပုရိသ လက်ဆုပ်တောင် ပမာဏထက်လွန်၍ မြင့်သော အခြေရှိသော ညောင်စောင်း ကုတင် ကုလားထိုင် ထိုင်ခုံ စသည့် အိပ်ရာနေရာ၌၎င်း၊ အကပ္ပိယသော လူသမုတ်ဖြစ်သော ဂေါနက, စိတ္တက စသော အခင်းတို့ ခင်းထားတဲ့ အိပ်ရာနေရာ၌၎င်း၊ ထိုင်ခြင်း, အိပ်ခြင်းကို 'ဥစ္စာသယန မဟာသယန'ဟု ဆိုသည်။

(သယန ကေသိသ်ပုဒ်ဖြင့်ပင် အိပ်ရာနေရာ၊ ထိုင်၌ အိပ်ခြင်း, ထိုင်ခြင်း, နေခြင်းကို ညွှန်းပြသည်။)

**ဥစ္စာသယန အဆုံးအဖြတ်**

"မုဋ္ဌိဟတ္ထပါဒကေတိ ပါဒတလတော ယာဝအဋ္ဋနိယာ ဟေဋ္ဌိမန္တော၊ တာဝမုဋ္ဌိရတနပ္ပမာဏပါဒကော၊ တစ္ဆ ခေါ မဇ္ဈိမဿ ပုရိသဿ ဟတ္ထေန၊ ယဿိဒါနိ ဝဍ္ဍကီဟတ္ထောတိ သမညာ။"

(ဥပေါသထသုတ်-ဋီ)

ယခု လူတို လက်သမားတောင် ခေါ်တဲ့ မဇ္ဈိမပုရိသ၏ အတောင်မျိုးဖြင့် ညောင်စောင်း ကုတင်အပေါင်၏ အောက်အစွန်းမှစ၍ လက်ဆုပ်တောင် ပမာဏ အခြေရှိသော ညောင်စောင်း ကုတင်တို့သည် ဤ သိက္ခာပုဒ်အရ အပ်သော ညောင်စောင်း ကုတင်တို့ပင်ဖြစ်သည်။

လက်ဆုပ်တောင် ပမာဏထက် လွန်သော အခြေရှိသော ညောင်စောင်း ကုတင်တို့သည် ဥစ္စာသယနမည်၏၊ ၎င်း၌ ထိုင်ခြင်း, အိပ်ခြင်းကိုပြုက ဤသိက္ခာ ပုဒ် ပျက်သည်။

(ဝိနည်း၌ ရဟန်းတော်တို့အား မြတ်စွာဘုရား၏ လက်ရှစ်သစ်၊ ယခု လူတို့ ထထောင့်ထွာ ပမာဏ အခြေရှိသော ညောင်စောင်း ကုတင်တို့သည် အပ်၏. ထိုထက်လွန်မူ မအပ်၊ ဖြတ်မူလည်း ဖြတ်၊ ပိုသမျှမြေ၌ တွင်းတူး၍မူလည်း ချ၊ဟု ဆိုသည်။)

**ပါဠိတော်ပြ ဥစ္စာသယန မဟာသယန**

ဥစ္စာသယနမဟာသယနံ၊ ပမာဏထက်လွန်၍ မြင့်သောနေရာ မြတ်သော နေရာဟူသည်။ သေယျထာကတမံ၊ အဘယ်နည်းဟူမူကား—

၁။ အာသန္ဒိံ၊ ပမာဏထက်လွန်၍ မြင့်သော ညောင်စောင်း ကုတင်၎င်း။

၂။ ပလ္လင်္ကံ၊ အခြေ၌ သားရဲရုပ်ရှိသော ပလ္လင်၎င်း။

၃။ ဂေါနကံ၊ လက်လေးသစ်ထက် လွန်သော အမွေးရှိသော ကော်ဇော ကြီးရှင်း။

၄။ စိတ္တကံ၊ ခြင်္သေ့, သစ်, ကျား စသော အရုပ်တို့ဖြင့် ဆန်းကြယ်စွာ ပြုအပ်သော သားမွေးအခင်းရှင်း။

၅။ ပဋိကာ၊ သားမွေးဖြူဖြင့် ပြုအပ်သော ခင်းနှီးဖြူရှင်း။

၆။ ပဋလိကာ၊ တခဲနက်သော ပန်းပွင့်ရှိသော သားမွေးဖြင့် ပြုအပ်သော အခင်းရှင်း။

၇။ တူလိကာ၊ လဲအစာသွတ်သော အခင်းရှင်း။

၈။ ဝိကတိကာ၊ ခြင်္သေ့ရုပ်ကျားရုပ် အစရှိသော အထူးထူးသော အရုပ်ရှိသော သားမွေး အခင်းရှင်း။

၉။ ဥဒ္ဒလောမိ၊ နှစ်ဘက်အဆာရှိသော သားမွေး အခင်းရှင်း။

၁၀။ ဧကန္တလောမိ၊ တဘက်သာ အဆာရှိသော သားမွေး အခင်းရှင်း။

၁၁။ ကဋ္ဋိဿံ၊ ရတနာရွှေချည်တို့ဖြင့် ချုပ်သော ပိုးချည်တို့ဖြင့် ရက်လုပ်သော အခင်းရှင်း။

၁၂။ ကောသေယျံ၊ ရတနာရွှေချည်တို့၏ အကြားအကြား၌ ပိုးချည်သွင်း၍ ရက်သော အခင်းရှင်း။

၁၃။ ကုတ္တကံ၊ တကျိပ်ခြောက်ယောက်သော ကချေသည်မတို့ ရပ်၍က လောက်သော သားမွေး အခင်းကြီးရှင်း။

၁၄။ ဟတ္ထတ္ထရကံ၊ ဆင်ကုန်းနှီးရှင်း။

၁၅။ အဿတ္ထရကံ၊ မြင်းကုန်းနှီးရှင်း။

၁၆။ ရထတ္ထရကံ၊ ရထားဦးခင်းသော ခင်းနှီးရှင်း။

၁၇။ အဇိနပ္ပဝေဏိ၊ သားနက်ရေတို့ဖြင့် ညောင်စောင်းပမာဏ ချုပ်၍ပြုအပ်သော အခင်းရှင်း။

၁၈။ ကဒလိမိဂပဝရပစ္စတ္ထရဏံ၊ ဝံပိုင့်ရေဖြင့် ပြုအပ်သော မြတ်သောအခင်း ၎င်း။

၁၉။ သဥတ္တရစ္ဆဒံ၊ အပေါ်၌နီသော ဗိတာန်မျက်နှာကြက်နှင့် တကွသော။ ဥဘတောလောဟိတကူပဓာနံ၊ နှစ်ဘက်သော ခြေအုံး ခေါင်းအုံး ရှိသောနေရာ၎င်း၊ (ဠတိ ဠဒံ၊ ဤသည်လျှင်တည်း။)

**ရှောင်ကြဉ်ဘွယ်ရာ**

ဤသိက္ခာပုဒ် ဆောက်တည်ထားသူတို့သည် ပြဆိုခဲ့ပြီးသော ဥစ္စာသယန မဟာသယနတို့၌ ထိုင်ခြင်း အိပ်ခြင်း နေခြင်းတို့မှ ရှောင်ကြဉ်ကြရမည်။

**ဥစ္စာသယန မဟာသယန တရားကိုယ်**

တရားကိုယ် အားဖြင့်—

ဥစ္စာသယန မဟာသယနတာ စသော အင်္ဂါ (၂) ပါးနှင့် ပြည့်စုံသော ဝီတိက္ကမစေတနာသည်ပင် 'ဥစ္စာသယန မဟာသယန' မည်သတည်း။

**ဥစ္စာသယန မဟာသယန အင်္ဂါ (၂) ပါး**

ဥစ္စာသယနဿ၊ ဥစ္စာသယန သိက္ခာပုဒ်၏။ အင်္ဂါ၊ အကြောင်း အင်္ဂါတို့သည်။

၁။ ဥစ္စာသယန မဟာသယနတာ၊ ပမာဏထက် လွန်၍မြင့်သော ညောင်စောင်း ကုတင် စသည့် အိပ်ရာ နေရာ၊ ရဟန်းတို့အား မအပ် လူတို့သည် အမြတ်ဟု သမုတ်အပ်သော ဂေါနက စသော အခင်းတို့ ခင်းထားသည့် အိပ်ရာ နေရာ၏ အဖြစ်၎င်း။

၂။ တတ္ထ၊ ထိုအိပ်ရာ နေရာ၌။ နိသဇ္ဇနံ ဝါ၊ နေထိုင်ခြင်း၎င်း။ နိပဇ္ဇနံဝါ၊ အိပ်ခြင်း၎င်း။

**အင်္ဂါမစုံ သိက္ခာပုဒ် မပျက်**

ဤ၌လည်း မြင့်သောနေရာ မြတ်သောနေရာ ဖြစ်ခြင်း။

ထိုနေရာ၌ ထိုင်ခြင်း အိပ်ခြင်း နေခြင်း—ဤအင်္ဂါနှစ်ပါးစုံမှ သိက္ခာပုဒ်ပျက်သည် မစုံက မပျက်ဟုမှတ်။

**ဆောက်တည်လိုမူ ရှေးအတူ**

လူပုဂ္ဂိုလ်တို့အား ဤဥစ္စာသယနသိက္ခာပုဒ်သည် နိစ္စသီလမျိုး မဟုတ်ရကား ဒုဿီလအဖြစ်ကိုကား မရအပ်၊ ဤသိက္ခာပုဒ် ပျက်စီး၍ ထပ်မံဆောက်တည်လို လျှင် ရှေးအတူ ဆောက်တည်လေ။

## သိက္ခာပုဒ်အနက်များ

၃။ အဗြဟ္မစရိယာ၊ အလိုတူချင်း ချစ်သူ အချင်းချင်းတို့၏ အခင်းဖြစ်သော မမြတ်သော မေထုန်အကျင့်မှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူဆောက်တည်ပါ၏။

၆။ ဝိကာလဘောဇနာ၊ နေလွဲညစာစားခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူ ဆောက်တည်ပါ၏။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, သာသနာတော်၏ ဆူးငြောင့် သဖွယ်ဖြစ်သော ကခြင်း စသည်တို့ကို ကြည့်ရှုနားထောင်ခြင်း, ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, နံ့သာပျောင်းတို့ဖြင့် အတင့်အတယ် အပြေအပြစ် ပြုခြင်းတို့၏ အကြောင်းဖြစ်သော ဒုဿီလျစေတနာမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ် ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူဆောက်တည် ပါ၏။

၈။ ဉစ္စာသယနမဟာသယနာ၊ပမာဏထက်လွန်၍ မြင့်သောညောင်စောင်း ကုတင် စသည့် အိပ်ရာနေရာ ဂေါနက စသော ကော်ဇောကြီးများ ခင်းထား သည့် မြတ်သော အိပ်ရာနေရာတို့၌ ထိုင်ခြင်း, အိပ်ခြင်း, နေခြင်းမှ။ ဝေရမဏိ- သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူ ဆောက်တည်ပါ၏။

**အပေါင်း ဥပုသ်၌**

* အဋ္ဌင်္ဂသမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ ဥပေါသထသီလံ၊ဥပုသ်သီလကို။ သမာဒိယာမိ၊ ကောင်းစွာခံယူ ဆောက်တည်ပါ၏။

**အစိဋ္ဌာန် ဥပုသ်၌**

* ဗုဒ္ဓပညတ္တံ၊ ဘုရားဟောကြား ပညတ်ထားသော။ ဥပေါသထံ၊ ဥပုသ်သီလကို။ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်ပါ၏–ဆောက်တည်ပါ၏။

**အပ္ပမာဒပုဒ် အနက်**

တိသရဏေန၊ ကိုးကွယ်ရာအစုံ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ အဋ္ဌင်္ဂ-သမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ ဥပေါသထသီလံ၊ ဥပုသ်သီလဟု ဆိုအပ်သော။ ဓမ္မံ၊ ဘုရားပညတ် အကျင့်မြတ်ကို။ သာဓုကံ၊ ကောင်းမွန်ရှိသေစွာ။ ကတွာ၊ ပြု၍။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မဆ ထင်လှသော သတိတရားဖြင့်။ သမ္ပာဒေထ၊ မကျိုးမပေါက် မကျားမပြောက်အောင် စောင့်ရှောက်လုံခြုံ ပြည့်စုံကြပါကုန်လော့။

## လေ့ကျင့်ခန်း မေးခွန်းများ

၁။ အပြဟ္မစရိယ ပုဒ်၏အနက်ကို ခွဲခြား ရေးသား ဖော်ပြပါ။

၂။ အပြဟ္မစရိယ တရားကိုယ်ကို ဖြေဆိုပါ။

၃။ အပြဟ္မစရိယ အင်္ဂါလေးပါးကို ရေတွက်ပြပါ။

၄။ ကာမေသုမိစ္ဆာစာရနှင့် အပြဟ္မစရိယ သိက္ခာပုဒ် နှစ်ခု ခြားနားပုံဖြေပါ။

၅။ ကာလ, ဝိကာလ နှစ်မျိုး ပိုင်းခြားဝေဖန်၍ ပြခဲ့ပါ။

၆။ ကာလ အတွင်း၌ စားခွင့်ရှိသော အာဟာရများကို ဖြေပါ။

၇။ ဝိကာလ အတွင်း၌ သုံးဆောင်ခွင့် ရှိသည်များကို ဖြေဆိုပါ။

၈။ ဝိကာလ အတွင်း၌ စားခွင့်မရသော အာဟာရများကို စီစစ်ပြပါ။

၉။ အဖျော်ယမကာ ရှစ်ပါးကို ရေတွက်ပြပါ၊ အနုလောမ အဖျော်များကို ပြပါ။

၁၀။ အဖျော်ယမကာ ပြုနည်းကို ဖြေဆိုပါ။

၁၁။ ဝိကာလဘောဇန အင်္ဂါလေးပါးကို ရေတွက်ပြပါ။

၁၂။ ဥပုသ်သည်များ နေလွဲညစာအခါ၌ ကွမ်းစား, ဆေးဝါး, ဆေးလိပ် သောက်သင့်, မသင့် အကြောင်းပြ ဆုံးဖြတ်ခဲ့ပါ။

၁၃။ ဆေးလိပ်အလှူ၌ အကျိုးကို ရေတွက်ပြပါ။

၁၄။ နစ္စအရ က,ခြင်းများကို ပြည့်စုံစွာ ပြပါ။

၁၅။ ဂီတအရ သီဆိုခြင်းများကို ပြည့်စုံစွာ ပြပါ။

၁၆။ ဝါဒိတအရ တီးမှုတ်ခြင်းများကို ပြည့်စုံစွာ ပြပါ။

၁၇။ ပါဠိတော်ပြ ဝိသူကဒဿနများကို ပြည့်စုံအောင် ပြပါ။

၁၈။ မာလာ အရ, ဂန္ဓ အရ, ဝိလေပန အရ အသီးသီး ပြပါ။

၁၉။ ဥစ္စာသယန အရ, မဟာသယန အရ ရှင်းလင်းခွဲခြား ပြပါ။

၂၀။ ပါဠိတော်ပြ ဥစ္စာသယန-မဟာသယနများကို ပြည့်စုံအောင် ပြပါ။

၂၁။ ငါးပါးသီလမှ ထူးသော ရှစ်ပါးသီလသိက္ခာပုဒ် ပါဠိ အနက်များကို ဖြေဆိုပါ။

## အဋ္ဌင်္ဂသီလအကျိုးပြ

(တိကအင်္ဂုတ္တိုရ် မဟာဝဂ် ဥပေါသထသုတ်၊ အဋ္ဌကအင်္ဂုတ္တိုရ် ဥပေါသထဝဂ် ဝိတ္ထတူပေါသထသုတ် စသည်တို့၌ လာသည်၊ ဥပုသ်နေ့များ၌ ဟောရမည်။)

**အဋ္ဌင်္ဂိကဥပုသ်သီလ**

၁။ ပါဏံ န ဟညေ န စ ဒိန္နမာဒိယေ၊
ပုသာ န ဘာသေ န စ မဇ္ဇပေါသိယာ။

အဗြဟ္မစရိယာ ဝိရမေယျ မေထုနာ၊
ရတ္တိံ န ဘုဉ္ဇေယျ ဝိကာလဘောဇနံ။

၂။ မာလံ န ဓာရေ န စ ဂန္ဓမာစရေ၊
မဉ္စေ ဆမာယံ ဝသယေထ သန္ထတေ။
ဧတဉှိ အဋ္ဌင်္ဂိက မာဟုပေါသထံ၊
ဗုဒ္ဓေန ဒုက္ခန္တဂုနာ ပကာသိတံ။

အကျိုးကြီးပုံ

၃။ စန္ဒော စ သူရိယော စ ဥဘောသု ဒဿနာ၊
သြဘာသယံ အနုပရိယန္တိ ယာဝတာ။
တမောနုဒါ တေ ပန အန္တလိက္ခဂါ၊
နဘေ ပဘာသန္တိ ဒိသာ ဝိရောစနာ။

၄။ ဧတသ္မိံ ယံ ဝိဇ္ဇတိ အန္တရေ ဓနံ၊
မုတ္တာမဏိ ဝေဠုရိယဉ္စ ဘဒ္ဒကံ။
သိင်္ဂီသုဝဏ္ဏံ အထဝါပိ ကဉ္စနံ၊
ယံ ဇာတရူပံ ဟဋကန္တိ ဝုစ္စတိ။

၅။ အဋ္ဌင်္ဂုပေတဿ ဥပေါသထဿ၊
ကလမ္ပိ တေ နာနုဘဝန္တိ သောဠသိံ။
စန္ဒပ္ပဘာ တာရဂဏာဝ သဗ္ဗေ။

၆။ တသ္မာဟိ နာရီ စ နရော စ သီလဝါ၊
အဋ္ဌင်္ဂုပေတံ ဥပဝဿု ပေါသထံ။
ပုညာနိ ကတွာန သုခုဒြယာနိ၊
အနိန္ဒိတာ သဂ္ဂမုပေန္တိ ဌာနံ။

အနက်

၁။ ပါဏံ၊ ဇီဝိတိန္ဒြေ တည်နေထင်ရှား သတ္တဝါမျှားတို့။ န ဟညေ၊ သတ်ခြင်းခြောက်မျိုး စေတနာဆိုးဖြင့် မငြိုးမကွပ် မသတ်ရာ။ အဒိန္နံ၊ ဥစ္စာရှင်ဌေး ကိုယ်နှုတ်ရေးဖြင့် မပေးအပ်ပါ သူ့ဥစ္စာကို။ န စ

အာဒိယေ၊ အနိုင်အထက် ခိုးဝှက်ပြီးကာ မှယူရာ။ မေထုနာ၊ အလို တူချင်း ချစ်သူချင်းတို့၏ အခင်းဖြစ်သော။ အဗြဟ္မစရိယာ၊ ရွာသူ ထုံးစံ ကျင့်အကြံဟု ဒွယံဒွယာ သမာပတ္တော မမြတ်သောအကျင့်မှ။ ဝိရမေယျ၊ မကပ်မဝင် ရှောင်ကြဉ်ရာ၏။ မုသာ၊ ချွတ်ယွင်းဖေါက် ပြန်မမှန်သောစကားကို။ န ဘာသေ၊တပါးသူကို ချွတ်စေလို၍ မဆိုရာ။ မဇ္ဇပေ၊ သူရာငါး၀ မေရယငါး ယစ်မျိုးများကို သောက်စားခြင်း သည်။ န စ သိယာ၊ အမှန်စင်စစ် မဖြစ်ရာ။ ရတ္တိံ၊ နေဝင်မှနောက် အရုဏ်ရောက်ကျ ညဉ့်ကာလ၌။ န ဘုဉ္ဇေယျ၊ ယာဝကာလိက ဟူသမျှ ကို မစားမျိုရာ။ ဝိကာလဘောဇနံ၊ မွန်းတည့်မှနောက် နေဝင်ရောက် ကျ ဝိကာလ၌ ယာဝကာလိက ဟူသမျှကို စားမျိုခြင်းကို။ န ဘုဉ္ဇေ ယျ၊ မမျိုမဝါး မစားရာ။

၂။ မာလံ၊ ပွင့်အာင့်ဖူး ဆင်းထူးသွင်ဆန်း အမျိုးမျိုးသောပန်းကို။ န ဓာ- ရေ၊ ကိုယ်ဝယ်မတင် မပန်ဆင်ရာ။ ဂန္ဓံ၊ မွှေးကြိုင်သင်းပျံ့ ရန့်ကောင်း ရိုး နံ့သာမျိုးကို။ န အာစရေ၊ ကိုယ်ဝယ်မချယ် ရှားပယ်ကြဉ်ပြန် မလိမ်းကျံရာ။ မဉ္စေ၊ လက်ဆုပ်တောင်ပမာဏ အခြေရသည့် ကပ္ပိယ ညောင်စောင်း၌၎င်း။ ဆမာယံ၊ ပြေပြစ်အင်္ဂတေ သန့်ရှင်းလေသည့် ကပ္ပိယမြေ၌၎င်း။သန္ထတေ၊ မျက်ဝါးသစ်ရွက် ဖြန့်ကြက်စီခင်း သန့်ပြန့် သော အခင်း၌၎င်း။ ဝသယေထ၊ အကုသိုလ်ပိတ် ခြိုးခြံစိတ်ဖြင့် အိပ်ရာ နေရာ၏။ ဧဝံ၊ ဤသို့။ ဥပဝုတ္ထံ၊ ဆောက်တည်ရှင်ပြုံး ကျင့်သုံး အပ်သော။ဥပေါသထံ၊ ခုရောနောင်ပ အကျိုးရသည့် ဥပုသ်သီလကို။ အဋ္ဌင်္ဂိကံ၊ အကျင့်သိက္ခာ ရှစ်အင်္ဂါနှင့် ကောင်းစွာပြည့်ဝ အဋ္ဌင်္ဂိက ဥပုသ်သီလဟူ၍။ အာဟု၊ ကောင်းစွာ မိန့်ဟ ခေါ်ဝေါ်ပြောဆိုကြ ကုန်ပြီ။ ဟိ သစ္စံ၊ မလွဲမသွေ မှန်လှပေ၏။ တံ ဥပေါသထံ၊ ဤ ခုရောနောင်ပ အကျိုးရသည့် အဋ္ဌင်္ဂိက ဥပုသ်သီလကို။ ဒုက္ခန္တဂုနာ၊ ဒုက္ခကုန်သည်း အဆုံးနိဗ္ဗာန် ဘေးရန်မပူ ရောက်တော်မူသော။ ဗုဒ္ဓေန၊ သစ္စာလေးခိုင် ကိုယ်တိုင်သိမြင် ဘုရားရှင်သည်။ ပကာသိတံ၊ ဝေဖန် ပိုင်းခြား ဟောကြား ဂ,န,ပြတော်မူအပ်ပြီ။

၃။ သုဒဿနာ၊ မြင်အပ်အဖွဲ့ဖွံ့ ရူပါရုံကို အကုန်တပ်အပ် ကောင်းစွာပြတတ်ကုန်သော။ စန္ဒော စ၊ (၄၉) လေးဆယ့်ကိုး ယူဇနာ အဝန်းဖြာသည့် ညမှာထွန်းလင်း လ,မင်းသည်၎င်း။ သူရိယော စ၊ ယူဇနာ(၅၀) ငါးဆယ် အဝန်းကျယ်သည့် နေ့ဝယ်ထွန်းလင်း နေမင်းသည်၎င်း။ဣတိ၊ ဤသို့။ ဥဘော၊နေ့ညထွန်းလင်း နှစ်ပါးကုန်သော နေမင်း, လမင်းတို့သည်။ယာဝတာ၊လေးကျွန်းလှည့်ပတ်အကြင်မျှလောက်သောအရပ်သို့။ ဩဘာသယံ- ဩဘာသယန္တော၊ အမှောင်ပယ်ခွင်း ထွန်းလင်းတောက်ပကြကုန်လျက်။ အနုပရိယန္တိ၊ မရပ်မတည် အစဉ်လှည့်လည်ကြကုန်၏။ တမောနုဒါ၊အရောင်အလင်း ဖြန့်ခင်းထွန်းတောက် အမိုက်မှောင်ကို ပယ်ဖျောက် တတ်ကုန်သော။ အန္တလိက္ခဂါ၊ ဟင်းလင်း ဝေဟင် ကောင်းကင်ခရီးဖြင့် သွားကုန်သော။ တေ၊ ထို ကမ္ဘာ့ကြက်သရေ လနှင့် နေတို့သည်။ ဒိသာ၊ ဝန်းကျင်ပတ်ချာ အရပ်မျက်နှာတို့ကို။ ဝိရောစနာ၊ ရောင်ခြည် အလင်းဖြင့် တင့်တယ်စေကုန်သည် ဖြစ်၍။ နဘော၊ အဇဋာပြင် မိုးသောင်းကောင်းကင်၌။ပဘာသန္တိ၊ ကြက်သရေတမြမြ တန်ခိုးပြ၍ ထွန်းပကြကုန်၏။

၄။ ဧတသ္မိံ အန္တရေ၊ ထိုကမ္ဘာ့ကြက်သရေ လ,နှင့်နေတို့ ထွေထွေလှည့်ပတ် အရပ်၏ အတွင်း၌။ မုတ္တာ၊ ငွေရောင်ရွှန်ရွှန် ပုလဲသည်၎င်း။ မဏိ၊ အမျိုးမျိုး အစားစား ပတ္တမြားသည်၎င်း။ ဘဒ္ဒကံ၊ တင့်တယ် လျှောက်ပတ် ကောင်းမြတ်သော။ ဝေဠုရိယဉ္စ၊ ဇာတိမဏိ ခေါ်ဘိ တန် ကျောက်မျက်ရွဲသည်၎င်း။ သိင်္ဂီသုဝဏ္ဏံ၊ နွားချိုပုံချိတ် သိင်္ဂနိက် ရွှေသည်၎င်း။ အထဝါပိ၊ ဆိုခဲ့ပြီးသား ထိုမှတပါးလည်း။ ကဉ္စနံ၊ တောင်၌ ဖြစ်လေ ပကတိသော ရွှေသည်၎င်း။ ဣတိ၊ ဤသို့။ ယံမနံ၊ အကြင် အထွေထွေ အဖြာဖြာ ရတနာဥစ္စာသည်။ ဝိဇ္ဇတိ၊ ထင်ရှား စွာဘိ ရှိပါပေ၏။ ယံ၊ အကြင် အမျိုးမျိုး အထွေထွေသော ရွှေကို။ ဇာတရူပန္တိ၊ သုံးလူ့ဇိနော် အဆင်းတော်နှင့် ဝါရော်တူမျှ ဇာတရူပ ဟူ၍၎င်း။ ဟဋကန္တိ၊ ခြပုံးပိုးရွ ထုတ်ဆောင်ကြသည့် ‘ဟဋက’ဟူ၍ ၎င်း။ ဝုစ္စတိ၊ သမုတ်ပညတ် ခေါ်ဆိုအပ်ပေ၏။

၅။ တော၊ ထို ထွေထွေပြားပြား ပုလဲပတ္တမြား စသော ရတနာတို့သည်ရှင်း။ သဗ္ဗေ၊ ခပ်သိမ်းကြုံးခြုံ အလုံးစုံကုန်သော။ စန္ဒပ္ပဘာ စ၊ အေးမြ ထွန်းပြောင် လ,ရောင်တို့သည်ရှင်း။ တာရဂဏာ စ၊ သင်္ချာမြားမြောင် ကြယ်တာရာ အပေါင်း တို့သည်ရှင်း။ အင္ဂင်္ဂုပေတာ၊ အင်္ဂါရှစ်ဝ ပြည့်စုံလှသော။ ဥပေါသထဿ၊ ပိုင်းခြားကာလ စောင့်သုံးရသည့် ဥပုသ်သီလ၏။ သောဠသိံ၊ တဆယ့်ခြောက်စိတ် တစိတ်ဖြစ်သော။ ကလမ္ပိ၊ အစိတ်အချို အဘို့ကိုလည်း။ နာနုဘဝန္တိ၊ မရောက် မတည် မမှီနိုင်ကုန်။

၆။ တသ္မာ ဟိ·တသ္မာဧဝ၊ အကျိုးများတောင်း ထိုအကြောင်းကြောင့် သာလျှင်။ သီလဝါ၊ကိုယ်နှုတ်စောင့်စည်း သီလတည်းဟူသော အကျင့် ရှိသော။ နာရီ စ၊ ဣတ္ထိယဇာတ် မိန်းမမြတ်သည်ရှင်း။ နရော စ၊ ပုရိသဇာတ် ယောကျ်ားမြတ်သည်ရှင်း။ အင္ဂင်္ဂုပေတံ၊ အကျင့်သိက္ခာ ရှစ်အင်္ဂါနှင့် ပြည့်စုံသော။ ဥပေါသထံ၊ ပိုင်းခြားကာလ စောင့်သုံးရ သည့် ဥပုသ်သီလကို။ ဥပဝသော၊ ဆောက်တည်ရှင်ပြုံး ကျင့်သုံးရာ၏။ ဥပဝသိတွာ၊ ဆောက်တည်ရှင်ပြုံး ကျင့်သုံးပြီး၍။ သုခုဒြယာနိ၊ သုခခိုင်ဖြိုး ပွားစီးခြင်းရှိကုန်သော။ ပုညာနိ၊ ဖြူစင်မြင့်မြတ် အကျိုး ဇာတ်ကို ဖြစ်တတ်စေစု မြတ်ကောင်းမှုတို့ကို။ ကတွာန၊ အားရပါးရ သဘောကျပင် ပြုကြပြီး၍။ အနိန္ဒိတာ၊ ပြစ်တင်ရှုံ့ချ မကဲ့ရဲ့အပ်ကြ ကုန်သည် ဖြစ်၍။ သဂ္ဂံ၊ ရူပ, သဒ္ဒ စသည်အာရုံ ကာမဂုဏ်တို့ဖြင့် ပြည့်စုံ လွန်မြတ်သော။ ဌာနံ၊ ဇူဋ္ဌကန္တ နတ်ပြည်ဌာနသို့။ ဥပေန္တိ၊ မုချမသွေ ကပ်ရောက်ရလေကုန်သတည်း။

**ဒေသနာတော်လာ အစိပ္ပါယ်မှာကား**

၁။ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ ပစ္စည်းဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ မေထုန်မှုမှ ရှောင်ကြဉ်ခြင်း။

၄။ မိမ်လည်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၅။ အရက်သေ‌ာက်, ဘိန်းစားခြင်းမှ ရှောင်ကြဉ်ခြင်း။

၆။ မွန်းတည့်ပြီးသည်မှ အရုဏ်မတက်မီ အချိန်အတွင်း၌ ထမင်း, မုံ့, သား ငါး သွားရည်စာများဖြစ်သော ယာဝကာလိက ခဲဘွယ်ဘောဇဉ် ကို စားသောက်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၇။ သာသနာတော်၏ ဆူးငြောင့် သဘွယ်ဖြစ်သော ကိုယ်တိုင် ကခြင်း, သူတပါးကို က,စေခြင်း, ကိုယ်တိုင် သီချင်းဆိုခြင်း, သူတပါးကို သီချင်းဆိုစေခြင်း, ကိုယ်တိုင် တီးမှုတ်ခြင်း,သူတပါးကို တီးမှုတ်စေခြင်း, ထိုကခြင်း, သီဆိုခြင်း,တီးမှုတ်ခြင်းတို့ကို ကြည့်ရှုခြင်း, နားထောင်ခြင်း, ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, နံ့သာပျောင်းတို့ဖြင့် အတင့်အတယ် အပြေအပြစ် ပြုခြင်းတို့မှ ရှောင်ကြဉ်ခြင်း။

၈။ မဇ္ဈိမပုရိသ လက်ဆုပ်တောင် ပမာဏထက် လွန်၍ မြင့်သော အခြေ ရှိသော ညောင်စောင်း, ကုတင်, ကုလားထိုင်, တန်းလျား, ခုံ စသည့် အိပ်ရာနေရာ ရဟန်းတို့အား မအပ်၊ လူတို့သည် အမြတ်ဟု မမှတ်အပ် သော ဂေါနကစသော အခင်းများ ခင်းထားတဲ့ အိပ်ရာနေရာတို့၌ အိပ်ခြင်း ထိုင်ခြင်း နေခြင်းမှ ရှောင်ကြဉ်ခြင်း။

၉။ ဤကဲ့သို့ ဆောက်တည်ရှင်ပြုံး ကျင့်သုံးအပ်သော သီလကို 'အဋ္ဌင်္ဂိက' အင်္ဂါရှစ်ပါးနှင့် ပြည့်စုံတဲ့ 'ဥပေါသထ' ဥပုသ်သီလဟု ဆိုသည်။

**ဥပုသ်သီလ အကျိုးကြီးပုံ**

ဒီရှစ်ပါး ဥပုသ်သီလ၏ အကျိုးကြီးပုံကတော့— နေလနက္ခတ်တို့ လှည့်ပတ် ရာအရပ်၏ အတွင်းမှာ ရှိသမျှသော ပစ္စည်းဥစ္စာ ရတနာတွေဟာ အဋ္ဌင်္ဂဥပုသ် သီလ စောင့်သုံးရခြင်း၏ အကျိုးကို တဆယ့်ခြောက်စိတ် စိတ်ပြီး တစိတ်သော အဘိုးလောက် တန်ဘိုးမထိုက်ဟု ဆိုသည်။

အင်္ဂတိုင်း မဂဓတိုင်း စတဲ့ တိုင်းကြီး တဆယ့်ခြောက်တိုင်းကို အစိုးရတဲ့ မင်းစည်းစိမ်သည်ပင် တရက်မျှ အဋ္ဌင်္ဂဥပုသ်သီလ စောင့်သုံးရခြင်း၏ အကျိုးကို

တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်သော အဘို့ကိုမျှလည်း မမှီနိုင်ဟု ဟောတော်မူခဲ့လေသည်။

**ဘာကြောင့်လဲ**

နတ်ပြည်ချမ်းသာကို ထောက်ဆလျှင် လူမင်းစည်းစိမ်ဟာ အထီးကျန်မွဲသူဆင်းရဲလောက်သာ ရှိသည်။

**စတုမဟာရာဇ်နတ်သက်**

*လူ့ပြည်မှာ အနှစ် (၅၀) ငါးဆယ်သည် နတ်ပြည်ခြောက်ထပ်တွင် အောက်ဆုံးထပ်ဖြစ်တဲ့ စတုမဟာရာဇ်နတ်ပြည်မှာ တရက်မျှသာ ရှိတယ်၊ ၎င်းရက် (၃၀) သုံးဆယ် တလ၊ (၁၂) ဆယ့်နှစ်လ တနှစ်၊ ၎င်းနှစ်ပေါင်း (၅၀၀) ငါးရာသည် လူတို့၏ အရေအတွက်အားဖြင့် အနှစ် (၉၀၀၀၀၀၀) ကိုးသန်းသည် စတုမဟာရာဇ် နတ်တို့၏ အသက်တမ်းပင် ဖြစ်သည်။

**တာဝတိံသာနတ်သက်**

*လူ့ပြည်မှာ အနှစ် (၁၀၀) တရာသည် နတ်ပြည်ခြောက်ထပ်တွင် ဒုတိယအထပ်ဖြစ်တဲ့ တာဝတိံသာနတ်ပြည်မှာ တရက်မျှသာ ရှိသည်၊ ၎င်းရက် (၃၀) သုံးဆယ် တလ၊ (၁၂) ဆယ့်နှစ်လ တနှစ်၊ ၎င်းနှစ်ပေါင်း (၁၀၀၀) တထောင်သည် လူတို့၏ အရေအတွက်အားဖြင့် အနှစ် သုံးကုဋေ ခြောက်သန်းသည် တာဝတိံသာနတ်တို့၏ အသက်တမ်းပင် ဖြစ်သည်။

**ယာမာနတ်သက်**

*လူ့ပြည်မှာ အနှစ် (၂၀၀) နှစ်ရာသည် နတ်ပြည်ခြောက်ထပ်တွင် တတိယအထပ်ဖြစ်တဲ့ ယာမာနတ်ပြည်မှာ တရက်မျှသာ ရှိသည်၊ ၎င်းရက် (၃၀) သုံးဆယ် တလ၊ (၁၂) ဆယ့်နှစ်လ တနှစ်၊ ၎င်းနှစ်ပေါင်း (၂၀၀၀) နှစ်ထောင်သည်၊ လူတို့၏ အရေအတွက်အားဖြင့် တဆယ့်လေးကုဋေ လေးသန်းသည် ယာမာနတ်တို့၏ အသက်တမ်းပင် ဖြစ်သည်။

**တုသိတာနတ်သက်**

*လူ့ပြည်မှာ အနှစ် (၄၀၀)လေးရာသည် နတ်ပြည်ခြောက်ထပ်တွင် စတုတ္ထ အထပ်ဖြစ်တဲ့ တုသိတာနတ်ပြည်မှာ တရက်မျှသာ ရှိသည်၊ ၎င်းရက် (၃၀) သုံးဆယ် တလ၊ (၁၂)ဆယ့်နှစ်လ တနှစ်၊ ၎င်းနှစ်ပေါင်း (၄၀၀၀)လေးထောင် သည် လူတို့၏ အရေအတွက်အားဖြင့် အနှစ်ငါးဆယ့်ခုနစ်ကုဋေခြောက်သန်း သည် တုသိတာနတ်တို့၏ အသက်တမ်းပင် ဖြစ်သည်။

**နိမ္မာနရတိနတ်သက်**

*လူ့ပြည်မှာ အနှစ် (၈၀၀) ရှစ်ရာသည် နတ်ပြည်ခြောက်ထပ်တွင် ပဥ္စမ အထပ်ဖြစ်တဲ့ နိမ္မာနရတိနတ်ပြည်မှာ တရက်မျှသာ ရှိသည်၊ ၎င်းရက် (၃၀) သုံးဆယ် တလ (၁၂) ဆယ့်နှစ်လ တနှစ်၊ ၎င်းနှစ်ပေါင်း (၈၀၀၀)ရှစ်ထောင် သည် လူတို့၏ အရေအတွက်အားဖြင့် အနှစ်-နှစ်ရာ့သုံးဆယ်ကုဋေ လေးသန်း သည် နိမ္မာနရတိနတ်တို့၏ အသက်တမ်းပင် ဖြစ်သည်။

**ပရနိမ္မိတဝသဝတ္တီ နတ်သက်**

* လူ့ပြည်မှာ အနှစ်(၁၆၀၀)တထောင့် ခြောက်ရာသည် နတ်ပြည် ခြောက် ထပ်တွင် အထက်ဆုံးထပ်ဖြစ်တဲ့ ပရနိမ္မိတဝသဝတ္တီ နတ်ပြည်မှာ တရက်မျှသာ ရှိသည်၊ ၎င်းရက်(၃၀) သုံးဆယ်တလ၊ (၁၂) ဆယ့်နှစ်လတနှစ်၊ ၎င်းနှစ်ပေါင်း (၁၆၀၀၀) တသောင်း ခြောက်ထောင်သည် လူတို့၏ အရေအတွက်အားဖြင့် အနှစ်ကိုးရာ နှစ်ဆယ့်တစ်ကုဋေ ခြောက်သန်းသည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အသက်တမ်းပင် ဖြစ်သည်။

**ဥပုသ်သီလ အကျိုးကြီးပုံ**

တရက်မျှ ရှစ်ပါး ဥပုသ်သီလ ဆောက်တည်ရသော အကျိုးဖြင့်ပင် နတ်ပြည် ချမ်းသာကြီးကို ရနိုင်ခြင်းကြောင့် မင်းစည်းစိမ်သော်လည်း တနေ့တရက်မျှ ရှစ်ပါးဥပုသ်သီလ ဆောက်တည်ရခြင်း၏ အကျိုးကို တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်သော အကျိုးကိုမျှလည်း မမှီနိုင်ဟု ဟောတော်မူသည်။

ဤသို့လျှင် အဌင်္ဂသီလသည် အကျိုးကြီးလှသောကြောင့် လူ့ရပ် နတ်ထံ နိဗ္ဗာန်ဟူဘိချမ်းသာကို အလိုရှိကြကုန်သော သူတော်ကောင်း တို့သည်တတ်အား သမျှ အဌင်္ဂသီလကို ဆောက်တည်ကြကုန်ရာသတည်း။

## တရက်ထက်ဝက် ညဘက် ဥပုသ်သီလ အကျိုးကြီးပုံ

**ဥပုသ်စောင့်ကြရဲ့လား**

အခါတပါး ရှင်တော်ဘုရားသည် တရားသဘင်၌ တရားနာရန် အညီအညွတ် စုဝေး ထိုင်နေကြတဲ့ တကာ တကာမတွေကို –

"ဥပေါသတိကာတ္ထ ဥပါသကာ"

လို့ မေးမြန်းတော်မူလိုက်တယ်။

(တိံသနိပါတ်မှ)

ဥပါသကာ၊ ရတနာသုံးရပ် အမြတ်ဇာတ်ကို ကိုးကွယ် ဆည်းကပ်ကြတဲ့ အို·တကာ တကာမတို့။ တုမ္ဟေ၊ ဗုဒ္ဓဘာသာဝင် သမ္မာဒိဋ္ဌိသူတော်စင် သင်တို့ သည်။ ဥပေါသထိကာ၊ ငါဘုရားပညတ်တဲ့ ဥပုသ်သီလတော်မြတ်ကို ကျင့်သုံး စောင့်ရှောက် ဆောက်တည်ကြကုန်သည်။ အတ္ထ၊ အမှန်စင်စစ် ဖြစ်ကြပါကုန် ၏လော။ 'ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ကြတဲ့ အို·တကာ တကာမတို့ သင်တို့သည် ဥပုသ်စောင့်ကြပါရဲ့လား'လို့ မေးမြန်းတော်မူလျှင်–

"အာမ ဘန္တေ"

လို့ ပြန်ကြားလျှောက်ထားကြတယ်။

**အတိတ်ဝတ္ထု ပြန်ဟော**

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား။ အာမ၊ မှန်လှပါ ဥပုသ် စောင့်ကြပါကုန်၏ ဘုရားလို့ ပြန်ကြား လျှောက်ထားကြလျှင်--

မြတ်စွာဘုရားက"အို-တကာ,တကာမတို့ ...သင်တို့၏ ဥပုသ်စောင့်သုံးမှုသည် အလွန်ကောင်းစွ၊ ရှေးအခါက ပညာရှိတွေလည်း တရက်ထက်ဝက် ညဘက် လောက် ဥပုသ်စောင့်သုံးမှုဖြင့် ကြီးကျယ်ခမ်းနားတဲ့ စည်းစိမ်ချမ်းသာများကို

ရဘူးတယ်''လို့ မိန့်တော်မူပြီးလျှင်- ထိုဥပုသ်သည် တကာ့တကာမတို့လျှောက်ထားတောင်းပန်ချက် အရ အတိတ်ကဖြစ်ထွေကို ပြန်လည်ထုတ်ဖေါ်ပြီး ဟောတော်မူသည်။

**သဒ္ဒါပြည့်တင်း ဖြဟ္မဒတ်မင်း**

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းပြုတော်မူတယ်၊ အဲဒီ ဗြဟ္မဒတ်မင်းမြတ်ဟာ အလွန်မြင့်မြတ်တဲ့ ဥစ္စာနှစ်ပမာ ကံ ကံ၏အကျိုးကို ယုံကြည်မှု သဒ္ဒါတရားနှင့် ပြည့်ဝတော်မူတယ်၊ အလှူပေးခြင်း, ငါးပါးသီလဆောက်တည်ခြင်း,ဥပုသ်နေ့များမှာ ဥပုသ်စောင့်ခြင်း အမှုတို့ကို ကိုယ်တိုင်လည်းပြု၊ အိမ်သူ အိမ်သား မှုးမတ် ပုရောဟိတ် စတဲ့ သူတွေကိုလည်း ပြုစေတယ်။

အဲဒီ ဗြဟ္မဒတ်မင်းမြတ်၏ ပုရောဟိတ် ပုဏ္ဏားတယောက်ကတော့ တံစိုးလက်ဆောင် ယူပြီး ကောက်ကျစ်စဉ်းလဲစွာ တရားဆုံးဖြတ်လေ့ ရှိသတဲ့၊ တနေ့သော ဥပုသ်နေ့မှာ ဗြဟ္မဒတ်မင်းမြတ်ဟာ အမတ်တွေကို ခေါ်တော်မူပြီး အားလုံး ဥပုသ်စောင့်ကြရမည်ဟု ပြောကြားလိုက်တယ်။

**ညဘက် ဥပုသ်စောင့်**

ပုရောဟိတ်ပုဏ္ဏားလည်း ဥပုသ်မစောင့်ဘဲ တံစိုးစားကာ စဉ်းလဲစွာတရားဆုံးဖြတ်ပြီး မင်းထံအလာ ဗြဟ္မဒတ်မင်းမြတ်က''ဥပုသ်စောင့်ရဲ့လား''ဟုမေးမြန်းရာ လိမ်လည်ဖြေကြားပြီး ပြာသာဒ်မှ ဆင်းအသွား အခြားအမတ်တယောက်ကစောဒနာရာ ပုရောဟိတ်ဆရာက အို-မိတ်ဆွေ ငါ အိမ်ပြန်ရောက်ပါလျှင် ဥပုသ်ဆောက်တည်ပြီး ညစာ မစားဘဲ နေပါမည်၊ ညဘက်မှာ သီလ လုံခြုံအောင်စောင့်ပါမည်၊ ဒီကနေ့အတွက် ထက်ဝက်ဥပုသ်ဘဲ ရပါလိမ့်မည်ဟု ဖြေကြားလျှင် 'သာဓု အာစရိယ' ကောင်းပါတယ်ဆရာဟု စကား တုံ့ပြန်အကြားပုရောဟိတ်ပုဏ္ဏားလည်း အိမ်ပြန်သွားကာ ရောက်လျှင်ရောက်ခြင်း ဥပုသ်ဆောက်တည်ပြီး ညဘက်မှာ သီလလုံခြုံအောင် စောင့်ထိန်းတယ်။

**သရက်သီးမှည့် ဒါန**

တဖန် ဥပုသ်နေ့ တနေ့တွင် တရားဆုံးဖြတ်ရာ ဌာနဌ် သီလရှိတဲ့ မိန်းမတဦး တရားဆိုင်နေရာ အချိန်နီးကပ်နေလို့ အိမ်ပြန်ခွင့် မရ ဥပုသ်စောင့်သုံး

မှုကို မလွန်စေရဟု နှလုံးပြုပြီး ခံတွင်း လုပ်ကျင်းဘို့ရာ အမူအရာပြုတယ်၊ ထိုခဏမှာပင် ပုရောဟိတ်ပုဏ္ဏားအား သရက်သီးမှည့်ခိုင်ကြီး ပို့လာတယ်၊ ပုရောဟိတ်ပုဏ္ဏားလည်း သီလရှိတဲ့မိန်းမအား ဒီသရက်သီးမှည့်တွေကို စားပြီး ဥပုသ်စောင့်ပါလို့ ပြောကြားကာ သရက်သီးမှည့်တွေကို ပေးတယ်။

## ဝေမာနိကပြိတ္တာဖြစ်

အဲဒီပုရောဟိတ်ပုဏ္ဏားဟာ တနေ့ထက်ဝက် ညဘက်ဥပုသ်စောင့်သုံးမှုသီလနှင့် ဥပုသ်သည် မိန်းမတဦးအား သရက်သီးမှည့် ပေးကမ်းမှုဒါန ကောင်းမှုကုသိုလ် ဆိုလို့ ဒီနှစ်ခုဘဲပြုတယ်၊ နောက်ကာလမှာ ပုရောဟိတ် မင်းဆရာလည်း သေမင်း အာဏာကို မဖီဆန်သာရကား ခန္ဓာပျက်ပြုန်း သေဆုံးပြီး ဟိမဝန္တာတောအရပ် ကောသိကဂင်္ဂါမြစ်၏ ကမ်းနားမှာ သုံးယူဇနာလောက်ရှိတဲ့ သရက်ဥယျာဉ် ကြီးရှိတယ်၊ အဲဒီ သရက်ဥယျာဉ်ကြီးအတွင်းမှာရှိတဲ့ ရွှေဗိမာန်မှာ နတ်သမီး ပေါင်း တသောင်းခြောက်ထောင် ခြံရံလျက် အိပ်ပျော်ယောကျ်ားနိုးသော် အလားကဲ့သို့ ဝေမာနိကပြိတ္တာကြီးသွားဖြစ်တယ်၊ 'ဝေမာနိကပြိတ္တာ' ဆိုတာ 'နေ့ခံ ညစံ' သို့မဟုတ် 'နေ့စံ ညခံ' ကုသိုလ်ကံ အကုသိုလ်ကံ နှစ်တန်၏အကျိုးကို ရပြီး နတ်တလှည့် ပြိတ္တာတလှည့်ဖြစ်တဲ့ နတ်ပြိတ္တာလို့ မှတ်ရမည်။

## အကြောင်းကံနှင့်တူစွာ အကျိုးရ

အဲဒီ ဝေမာနိကပြိတ္တာကြီးဟာ ညဘက်မှာသာလျှင် နတ်သမီးပေါင်း တသောင်းခြောက်ထောင်ဖြင့် ပျော်ပျော်ပါးပါး နတ်စည်းစိမ်ကြီးကို ခံစား ရတယ်၊ အရုဏ်ကျင်းလို့ အလင်းရောက်သည်နှင့် တပြိုင်နက် သရက်ဥယျာဉ်သို့ ဝင်သောခဏမှာပင် နတ်၏ခန္ဓာကိုယ် ကွယ်ပျောက်ပြီး အတောင်ရှစ်ဆယ် ထန်းလုံးခန့်ပမာဏလောက်ရှိတဲ့ပြိတ္တာ ခန္ဓာကိုယ်ကြီး ရောက်လာတယ်၊ တကိုယ် လုံး ပူလောင်ပြီး ပေါက်ပွင့် ပွင့်သည့်ပမာ ခန္ဓာကိုယ်မှာလည်း လက်တဖက် တဖက်မှာ လက်ချောင်းတချောင်းစီသာပါပြီး အဲဒီ လက်ချောင်းထိပ်မှာ အလွန်ထက်တဲ့ ပေါက်တူးသွားကြီးပမာဏလောက်ရှိတဲ့ လက်သည်းကြီးတွေဖြင့် မိမိ၏ကျောက်ကုန်းသားကို ခွါစားပြီး အလွန်ပြင်းပြလှတဲ့ ဆင်းရဲဝေဒနာကို ခံစားရတယ်၊ တဖန် နေဝင်ပြန်လျှင် ပြိတ္တာခန္ဓာကိုယ်ကြီး ကွယ်ပျောက်ပြီး

နတ်ခန္ဓာကိုယ်ကြီး ရောက်လာတယ်၊ နတ်သမီးပေါင်း တသောင်းခြောက်ထောင် ခြံရံကာ နတ်ကချေသည်မတွေကလည်း တူရိယာအမျိုးမျိုးတွေနှင့် တီးမှုတ်ဖျော်ဖြေကြတယ်၊ ဝေမာနိကနတ်ပြိတ္တာကြီးလည်း သရက်ဥယျာဉ်အတွင်းမှာရှိတဲ့ နတ်ပြာသာဒ်သို့တက်ခါ နတ်တို့၏စည်းစိမ်ချမ်းသာကို ခံစားရတယ်။

**ကြောင်းကျိုးတူပုံ**

အဲဒါလို ညဘက်မှာ နတ်သားဖြစ်ပြီး နတ်စည်းစိမ်ကို ခံစား၊ နေ့ဘက်မှာ ပြိတ္တာဖြစ်ပြီး ဆင်းရဲဒုက္ခကို ခံစားနှင့် ကုသိုလ်ကံ အကုသိုလ်ကံ နှစ်တန်၏ အကျိုးကို နတ်ပြိတ္တာကြီး ခံစား စံစားရတယ်၊ ဒီနေရာမှာ ယေဘုယျသတ္တဝါတို့ ရမြဲဖြစ်တဲ့ 'ကမ္မသရိက္ခကဝိပါက' အကြောင်းကံနှင့်တူတဲ့ အကျိုးတရားကို နတ်ပြိတ္တာကြီးရရာမှာ ပုရောဟိတ် ပုဏ္ဏားဘဝက ဥပုသ်စောင့်တဲ့ မိန်းမတဦးအား သရက်သီးမှည့်ပေးလှူခဲ့တဲ့ ဒါန၏အကျိုးဆက်ကြောင့် သုံးယူဇနာလောက်ရှိတဲ့ သရက်ဥယျာဉ်ကြီးကိုရတယ်၊ ကောက်ကျစ်စဉ်းလဲစွာ တံစိုးစားပြီး တရားဆုံးဖြတ်စီရင်မှု အကုသိုလ်ကံကြောင့် မိမိကျောက်ကုန်းသားကို ခွါစားပြီး နေ့ဘက်မှာ ပြိတ္တာဖြစ်ရတယ်၊ ညဘက်မှာ ဥပုသ်ဆောက်တည်ခဲ့တဲ့ သီလ၏ အကျိုးဆက်ကြောင့် နတ်သမီးပေါင်း တသောင်း ခြောက်ထောင် ခြံရံလျက် ညဘက်မှာ နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားရတယ်ဟု ဟောကြားတော်မူတယ်။

ဒါကြောင့် လူ့ပြည်နတ်ရွာဆိုတဲ့ ဘဝသမ္ပတ္တိကို လိုလားတဲ့ အမျိုးသား အမျိုးသမီးတိုင်းပင် အဋ္ဌင်္ဂဥပုသ်သီလကို ကြိုးစား၍ ဆောက်တည် ကြကုန်ရာသတည်း။

(အကျယ်ကို ၎င်း၌ရှု)

## နေ့ထက်ဝက် အဋ္ဌင်္ဂ ဥပုသ်သီလ တန်ခိုးအကျိုးကြီးပုံ

**ကောင်းမှုကိုမေး**

ဘုရားသက်တော်ထင်ရှား ရှိတော်မူစဉ်အခါက ရသေ့ငါးရာတို့ ဟိမဝန္တာမှ ကောသမ္ဗီပြည်သို့လာကြရာ ခရီးအကြား ရေကလည်းတော် ပင်ပန်းနွမ်းနယ်မှု

လည်းရှိကြသဖြင့် ခရီးအပန်းဖြေရန် ညောင်ပင်ကြီး တပင်အောက်သို့ ဝင်ရောက်နားနေ အပန်းဖြေကြကုန်၏၊ ရသေ့တို့သည် ထိုညောင်ပင်၌ နေသော ရုက္ခစိုးနတ်မင်းထံမှလည်း ရေနှင့် အဖျော်ယမကာ စသည်တို့ကို လိုလားတောင့်တကြကုန်၏၊ ရုက္ခစိုးနတ်မင်းလည်း လက်ကိုဆန့်တန်း၍ ရသေ့ငါးရာတို့ကို ရေ အဖျော်ယမကာ စသည်တို့ဖြင့် လှူဒါန်းလုပ်ကျွေး၏၊ ရသေ့တို့သည် ကိုယ်စိတ်ပင်ပန်းခြင်း ပြေပျောက်၍ ရုက္ခစိုးနတ်မင်း၌ အံ့ဩခြင်းဖြင့် မေးမြန်းကြသည်မှာ အသင်နတ်မင်း အဘယ်မည်သော ကောင်းမှုကို ပြုခဲ့လို့ ဤစည်းစိမ်ချမ်းသာကို ရပါသလဲ။

## အလုပ်သမားတိုင်း ဥပုသ်စောင့်

ရှင်ရသေ့တို့ လောကမှာ ဘုရားပွင့်တော်မူလျက် ရှိပါတယ်၊ ယခု ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော် မူပါတယ်၊ ဘုရားရှင်ကို အနာထပိဏ်သူဌေးကြီးသည် ပစ္စည်းလေးပါးဖြင့် ဆည်းကပ်လုပ်ကျွေးပါတယ်၊ တပည့်တော် လူ့ဘဝတုန်းက အဲဒီ အနာထပိဏ်သူဌေးကြီးရဲ့ သူရင်းငှါး အမှုလုပ် ယောကျ်ားဖြစ်ပါတယ်၊ အနာထပိဏ် သူဌေးမင်းသည် မိမိ၏အလုပ်သမားများကို နေ့တိုင်း ပေးနေကျလုပ်အားခကိုပေးပြီး ဥပုသ်နေ့များမှာ ဥပုသ်စောင့်ခိုင်းပါသည်၊ ထိုစဉ်အခါ ဥပုသ်နေ့တနေ့မှာ နေမွန်းတည့်အချိန်အခါ၌ တပည့်တော်အလုပ်လုပ်ရာမှ နံနက်စာစားရန် ပြန်လာခဲ့ပါတယ်၊ အလုပ်သမား တယောက်တလေမျှ မမြင်ရ၍ ဒီကနေ့ အလုပ်သမားတွေ ဘာကြောင့် အလုပ်မဆင်းကြပါသလဲလို့ မေးမြန်းရာ ဒီကနေ့ ဥပုသ်နေ့ဖြစ်တယ်၊အလုပ်သမားအားလုံးပင် ဥပုသ်စောင့်ကြတယ်-ဟု ဖြေကြားကြပါသည်။

## နေ့ထက်ဝက် ဥပုသ်အကျိုး နတ်စည်းစိမ်ရ

ထိုအခါ တပည့်တော်သည် နေ့ထက်ဝက်ဥပုသ်လောက် စောင့်ဘို့အချိန်ရှိသေးတယ်၊ နေ့ထက်ဝက် ဥပုသ်စောင့်ကောင်းပါသလားဟု အနာထပိဏ်သူဌေးအား မေးမြန်းရာ စောင့်ကောင်းပါတယ်ဟု ဖြေကြားလျှင် တပည့်တော်နေ့ထက်ဝက်ဥပုသ် ဆောက်တည်ခဲ့ပါသည်၊ထိုနေ့မှာပင် တပည့်တော် သေဆုံးပြီး

ထိုနေ့ထက်ဝက် ဥပုသ်သီလ၏ အကျိုးကြောင့် ဤနတ်စည်းစိမ်ကို ရခဲ့ပါသည်ဟု ဖြေကြားသတဲ့။

ဤဝတ္ထုကို နှလုံးပြု၍ ဗုဒ္ဓဘာသာဝင် အမျိုးသား အမျိုးသမီးတို့သည် တရက်ထက်ဝက် နေ့ဘက်သော်၎င်း၊ ညဘက်သော်၎င်း၊ တရက်လုံး၎င်း၊ အထိုင်တနာရီ နှစ်နာရီ စသည်ကာလ ပိုင်းခြား၍၎င်း ၇-ရက် ၁၅-ရက် တလ တနှစ်စသည် အပိုင်းအခြားပြု၍၎င်း၊ ကာလပရိယန္တ အင်္ဂါဥပုသ်သီလကို ကြိုးစား၍ ဆောက်တည်ကြကုန်ရာသတည်း။

## ပါဠိအဋ္ဌကထာလာ ဥပုသ်နေ့များ

**ဥပုသ်ရက် သုံးမျိုး**

၁။ ပကတိ ဥပုသ်ရက်။
၂။ ပဋိဇာဂရ ဥပုသ်ရက်။
၃။ ပါဋိဟာရိယပက္ခ ဥပုသ်ရက်—

ဟူ၍ ဥပုသ်ရက် သုံးမျိုးတည်း။

**ပကတိ ဥပုသ်ရက်**

'ဥပေါသထံ ဥပဝသန္တိတိ မာသဿ အဋ္ဌဝါရေ ဥပေါသထင်္ဂါနိ အဓိဋ္ဌဟန္တိ။'
(အင်-ဋ္ဌ)

**အနက်**

ဥပေါသထံ ဥပဝသန္တိတိ၊ ဟူသည်ကား။ မာသဿ၊ တခုသောလ၏။ အဋ္ဌဝါရေ၊ ရှစ်ရက်နေ့၌။ ဥပေါသထင်္ဂါနိ၊ ဥပုသ်သီလ၏ အင်္ဂါတို့ကို။ အဓိဋ္ဌဟန္တိ၊ ဆောက်တည်ကြကုန်၏။

**တလ၌**

၁။ ပဌမိ (၂) ဥပုသ်၊
၂။ အဋ္ဌမိ (၂) ဥပုသ်၊
၃။ စာတုဒ္ဒသီ (၂) ဥပုသ်၊
၄။ ပန္နရသီ (၂) ဥပုသ် ဟူ၍ (၈) ဥပုသ်ရှိသည်။

**ထိုတွင်**

လဆန်း(၅)ငါးရက်၊ လဆုတ်(၅)ရက်(၂)နှစ်ဥပုသ်သည် ပဉ္စမီ ဥပုသ်မည်၏၊ လဆန်း (၈)ရှစ်ရက်၊ လဆုတ်(၈)ရှစ်ရက် (၂)နှစ်ဥပုသ်သည် အဋ္ဌမီဥပုသ်မည်၏၊ လဆန်း (၁၄)ဆယ့်လေးရက်၊ လဆုတ် (၁၄)ဆယ့်လေးရက် (၂)နှစ်ဥပုသ်သည် စာတုဒ္ဒသီ ဥပုသ်မည်၏၊ လဆန်း(၁၅) တဆယ့်ငါးရက် လဆုတ် (၁၅)ဆယ့်ငါးရက် (၂)ဥပုသ်သည် ပန္နရသီဥပုသ်မည်၏။

* ရက်မစုံသောလ၌ လဆုတ်ပန္နရသီဥပုသ် မရ၍ (၇) ခုနစ်ဥပုသ်သာရသည်။

စုံ (၆)ခြောက်လ၌- ၈ × ၆ = လီ (၄၈) ဥပုသ်။

မစုံ(၆)ခြောက်လ၌- ၇ × ၆ = လီ (၄၂) ဥပုသ်။

(၁၂)လ- တနှစ်၌ (၉၀)ကိုးဆယ် ပကတိ ဥပုသ်ရက်ပေါင်းတည်း။

မှတ်ရန် ပါဠိတော်၌ ပဉ္စမီဥပုသ်မလာ၊ သုတ္တနိပါတ်အဋ္ဌကထာ စူဠဝဂ်ဓမ္မိကသုတ်အဖွင့်၌လည်း ပဉ္စမီ-မလာ။

ယခုလူတို့ စောင့်ရိုး စောင့်စဉ်မှာ လဆန်း ၈-ရက်၊ လဆုတ် ၈-ရက်၊ လပြည့်၊ လကွယ်၊ တလ လေးဥပုသ်မျှသာရှိ၏။

**ပဋိဇာဂရ ဥပုသ်ရက်**

'ပဋိဇာဂရောန္တိ တိပဋိဇာဂရ ဥပေါသထ ကမ္မံ နာမ ကရောန္တိ၊ တံ ကရောန္တာ ကေသို့ အဒ္ဓမာသေ စတုန္နံ ဥပေါသထဒိဝသာနံ ပစ္စုဂ္ဂမနာနုဂ္ဂမနဝသေန ကရောန္တိ၊ ပဉ္စမီ ဥပေါသထံ ပစ္စုဂ္ဂစ္ဆန္တာ စတုတ္ထိယံ ဥပေါသတိကာ ဟောန္တိ၊ အနုဂ္ဂစ္ဆန္တာ

ဆဋ္ဌိယံ၊ အဋ္ဌမိ ဥပေါသထံ ပစ္စုဂ္ဂစ္ဆန္တသတ္တမိယံ အနုဂ္ဂစ္ဆန္တာ
နဝမိယံ၊စာတုဒ္ဒသိံ ပစ္စုဂ္ဂစ္ဆန္တာတေရသိယံ၊ပန္နရသိ ဥပေါသထ
အနုဂ္ဂစ္ဆန္တ ပါဋိပဒေ ဥပေါသထိကာ ဟောန္တိ။ (အင်-ဋ္ဌ)

**အနက်**

ပဋိဇာဂရဥပေါသထကမ္မံ နာမ၊ အဖန် တလဲလဲ ကုသိုလ်ပြုသောအားဖြင့် နိုးကြားသော ပဋိဇာဂရဥပုသ်စောင့်သုံးခြင်း အမှုမည်သည်ကို။ ဝါ၊ အကြိုအပို့ဥပုသ်စောင့်သုံးခြင်း အမှုမည်သည်ကို။ ကရောန္တိ၊ ပြုကြကုန်၏။ တံ၊ ထိုပဋိဇာဂရဥပုသ် စောင့်သုံးခြင်း အမှုကို။ ကရောန္တာ၊ ပြုကုန်သောသူတို့သည်။ကေသို့ ၊တခုသော။ အဒ္ဓမာသေ၊ လဝက် (၁၅)ရက်၌။ စတုန္နံ၊ လေးရက်ကုန်သော။ ဥပေါသထဒိဝသာနံ၊ ဥပုသ်ရက်တို့ကို။ ပစ္စုဂ္ဂမနာ နုဂ္ဂမန ဝသေန၊ ကြိုခြင်း ပို့ခြင်းတို့၏ အစွမ်းဖြင့်။ ကရောန္တိ၊ ပြုကုန်၏။ ပဥ္စမီဥပေါသထံ၊ ပဥ္စမီဥပုသ်ကို။ ပစ္စုဂ္ဂစ္ဆန္တာ၊ အကြိုပြုကုန်၍။ စတုတ္ထိယံ၊ လေးရက်မြောက်သော နေ့၌။ ဥပေါသထိကာ၊ ဥပုသ်စောင့်သုံးကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဥ္စမီဥပေါသထံ၊ ပဥ္စမီဥပုသ်ကို။ အနုဂ္ဂစ္ဆန္တာ၊ အပို့ပြုကုန်၍။ ဆဋ္ဌိယံ၊ ခြောက်ရက် မြောက်သော နေ့၌။ ဥပေါသထိကာ၊ ဥပုသ်စောင့်သုံးကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဋ္ဌမိ ဥပေါသထံ၊ အဋ္ဌမိ ဥပုသ်ကို။ ပစ္စုဂ္ဂစ္ဆန္တာ၊၍။ သတ္တမိယံ၊ ခုနစ်ရက်မြောက်သောနေ့၌။အနုဂ္ဂစ္ဆန္တာ၊၍။ နဝမိယံ၊ ကိုးရက်မြောက်သောနေ့၌။ ဥပေါသထိကာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ စာတုဒ္ဒသိံ၊ စာတုဒ္ဒသီဥပုသ်ကို။ ပစ္စုဂ္ဂစ္ဆန္တာ၊ အကြိုပြုကုန်၍။ တေရသိယံ၊ တဆယ့်သုံးရက်မြောက်သော နေ့၌။ ဥပေါသထိကာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ပန္နရသိ ဥပေါသထံ၊ ပန္နရသီဥပုသ်ကို။အနုဂ္ဂစ္ဆန္တာ၊ အပို့ပြုကြကုန်လျက်။ ပါဋိပဒေ၊ အထွက် တရက်နေ့၌။ ဥပေါသထိကာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။

ဤကဲ့သို့ အဋ္ဌကထာ၌ လာသောကြောင့် ပကတိ ဥပုသ်ရှစ်ရက်နေ့ကို အကြို အပို့ပြု၍ စောင့်သုံးရသော ဥပုသ်သည် အဖန်တလဲလဲ ကုသိုလ်ပြုသောအားဖြင့် နိုးကြားသောကြောင့် 'ပဋိဇာဂရ' ဥပုသ်မည်၏။

ၡင်း ပဋိဇာဂရဥပုသ်ရက်သည်–

| လဆန်း | လဆုတ် |
|---|---|
| ၁-ရက်၊ | ၁-ရက်၊ |
| ၄-ရက်၊ | ၄-ရက်၊ |
| ၆-ရက်၊ | ၆-ရက်၊ |
| ၇-ရက်၊ | ၇-ရက်၊ |
| ၉-ရက်၊ | ၉-ရက်၊ |
| ၁၃-ရက်၊ | ၁၃-ရက်– |

ဟူ၍ တလ၌ (၁၂) ရက် ရှိ၏။

၁၂-လ တနှစ်၌ ၁၂×၁၂ = လီ (၁၄၄) ရက်-ပဋိဇာဂရ ဥပုသ်ရက်ပေါင်း တည်း၊ မစုံလ၌ စာတုဒ္ဒသီ အပိုသာရသည်။

**ပါဋိဟာရိယပက္ခဥပုသ်ရက်**

"ပါဋိဟာရိယ ပက္ခန္တိတွေ ပါဋိဟာရိယ ပက္ခောနာမ အန္တောဝဿေ တေမာသံ နိဗဒ္ဓဥပေါသထော၊ တံ အသက္ကောန္တဿ ဒွိန္နံပဝါရဏာနံ အန္တရေ ဧကမာသံ နိဗဒ္ဓုပေါသထော၊ တမ္ပိ အသက္ကောန္တဿ-ပဌမပ္ပဝါရဏာတော ပဋ္ဌာယ ဧကော အဍ္ဎမာသော ပါဋိဟာရိယပက္ခော ယေဝနာမ။"

(အင်-၄)

ဝါတွင်းသုံးလ၊ ၎င်းကို မစွမ်းနိုင်ခဲ့မူ သီတင်းကျွတ်လပြည့်ကျော် တရက်မှ သည် တန်ဆောင်မုန်း လပြည့်တိုင် တလ၊ ၎င်းကို မစွမ်းနိုင်ခဲ့မူ၊ သီတင်းကျွတ် လပြည့်ကျော်တရက်မှ လကွယ်နေ့တိုင် လဝက်သည် ပါဋိဟာရိယ ပက္ခဥပုသ် ရက်တို့တည်း၊ ၎င်းရက်တို့၌ အမြဲမပြတ် စောင့်သုံးအပ်သော ဥပုသ်သည် အဖန်တလဲလဲ ဆောင်အပ် ဖြစ်စေအပ်သောကြောင့် ပါဋိဟာရိယပက္ခဥပုသ် မည်၏။

(သုတ္တနိပါတ် အဋ္ဌကထာ စူဠဝဂ် ဓမ္မိကသုတ် အဖွင့်၌ ပါဠိဟာရိယပက္ခ ဥပုသ်ကို အမျိုးမျိုး ကွဲပြား ခွဲခြားပြဆိုသည်။)

**ဥပုသ်အပြား**

"တယော ခေါ မေ ဝိသာခေ ဥပေါသထာ၊ ကတမေ တယော၊ ဂေါပါလကူပေါသထော နိဂဏ္ဌူပေါသထော အရိယူပေါသထော။"

ဟု ဟောတော်မူသောကြောင့်—

၁။ နွားကျောင်းသား ဥပုသ်၊

၂။ တိတ္ထိနိဂဏ္ဌ ဥပုသ်၊

၃။ အရိယာ ဥပုသ်-ဟူ၍ သုံးမျိုးတည်း။

**နွားကျောင်းသား ဥပုသ်**

နွားကျောင်းသားတို့သည် အဖိုးအခဖြင့် တနေ့ပတ်လုံး နွားများကို ကျောင်းပြီး ညနေချမ်းအခါ နွားရှင်များထံ နွားများကို အပ်နှံ၍ နေအိမ်သို့ ပြန်လာကာ ညစာထမင်း သုံးဆောင်ပြီး ကုတင်ညောင်စောင်း ထက်တွင် လျောင်းလျက် 'ဒီကနေ့ ဘယ်နေရာ ဘယ်ဒေသမှာ နွားတွေကို စားကျက်ပြုပြီး ဘယ်နေရာဘယ်ဒေသမှာ ရေတိုက်ခဲ့တယ်၊ မနက်ဖြန် ဘယ်နေရာ ဘယ်ဒေသမှာ စားကျက်ပြုပြီး ဘယ်နေရာဘယ်ဒေသမှာ ရေတိုက်ရလိမ့်မည်'ဟု ကြံစည်သကဲ့သို့ပင် ဤလူ့ပြည်မှာ အချို့သော ပုဂ္ဂိုလ်တို့သည် ဥပုသ်သီလ ဆောက်တည်ပြီး 'ဒီကနေ့ ငါတို့ ဝက်သားဟင်း ချက်စားတယ်၊ မနက်ဖြန် ကြက်သားဟင်း ချက်စားရမှာဘဲ' စသည်ဖြင့် တဏှာသမ္ပယုတ္တ စိတ်မျိုးဖြင့်သာ အချိန်ကို ကုန်လွန်စေတယ်။

ဤကဲ့သို့ ဥပုသ်သီလ ဆောက်တည်ပြီး ဟိုကြံ ဒီတွေးနှင့် ကုသိုလ်အာရုံသို့ မကပ်၊ အတွေးနယ်ချဲ့တဲ့ စိတ်ဓာတ်မျိုးဖြင့် ဆောက်တည်အပ်သော သီလမျိုးသည် သီလမပျက်သော်လည်း မစင်ကြယ်တဲ့ ဝိတက်ကြောင့် နွားကျောင်းသားနှင့် တူလေရကား နွားကျောင်းသား ဥပုသ်ဟု အမည်ရလေသည်။

**ခွေးဥပုသ် ဝက်ဥပုသ် ဆက်ရက်ဥပုသ်**

ရှင်တော်ဘုရား ဟောကြားတော်မူတဲ့ န္တားကျောင်းသား ဥပုသ်အမျိုးအစားများဖြစ်တဲ့ ခွေးဥပုသ် ဝက်ဥပုသ် ဆက်ရက်ဥပုသ်ခေါ်တဲ့ ခေတ်ပေါ်ဥပုသ်တွေလည်း များစွာပင်ရှိသည်။

**ခွေးဥပုသ် ဝက်ဥပုသ်ဆိုတာ**

ခွေးများ ဝက်များဟာ အစာကို ဗိုက်ကားအောင်စားပြီး အိပ်နေကြသကဲ့သို့ပင် အချို့သော ပုဂ္ဂိုလ်တို့သည် ဥပုသ်သီလခံယူဆောက်တည်ကာ ထမင်းကို ဗိုက်ကားအောင်စားပြီး တနေ့လုံး အိပ်နေမှုကို ခွေးများ ဝက်များနှင့်တူသောကြောင့် ခွေးဥပုသ် ဝက်ဥပုသ်ဟု ဆိုသည်။

**ဆက်ရက်ဥပုသ်ဆိုတာ**

ဆက်ရက်များဟာ ဆူညံဆူညံနှင့် အသံမဆိတ် မာဂဓဒ္ဒေသ အချင်းချင်း ပြောနေကြသကဲ့သို့ပင် အချို့သော ပုဂ္ဂိုလ်တို့သည် ဥပုသ်သီလခံယူ ဆောက်တည်ပြီး ကုသိုလ်နှင့်မစပ် ထွေရာလေးပါး စကားများပြော တသောသောနှင့် ရယ်မောပြီးနေမှုကို ဆက်ရက်များနှင့် တူသောကြောင့် ဆက်ရက်ဥပုသ်လို့ ဆိုသည်။

**ဒီသီလမျိုး အကျိုးမကြီး**

ရှင်တော်ဘုရားက ဒီသီလမျိုးတွေကို အကျိုးမကြီးဘူးတဲ့။

'ဧဝံ ဥပဝုတ္ထော ခေါ ဝိသာခေ ဂေါပါလကူပေါသထော
န မဟပ္ဖလော ဟောတိ၊ န မဟာနိသံသော န မဟာဇုတိကော
န မဟာဝိပ္ဖါရော'လို့ ဟောတော်မူခဲ့သည်။

**အနက်**

ဝိသာခေ၊ ကျောင်းအမကြီး ဝိသာခါ။ ဧဝံ၊ ဤသို့။ ဥပဝုတ္ထော၊ ဆောက်တည်ရှင်ပြုး ကျင့်သုံးအပ်သော။ ဂေါပါလကူပေါသထော၊ နွားကျောင်းသားဥပုသ်သည်။ ဝါ၊ ခွေးဥပုသ် ဝက်ဥပုသ် ဆက်ရက်ဥပုသ်သည်။ မဟပ္ဖလော၊

ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိသည်။ န ဟောတိ၊ မဖြစ်နိုင်။ မဟာနိ- သံသော၊ ကြီးကျယ်များပြားဖြင့် အကျိုးအာနိသင်ရှိသည်။ န ဟောတိ၊ မဖြစ်နိုင်။ မဟာဇုတိကော၊ ကြီးကျယ်ပြောမြောင် အကျိုးအရောင်အဝါရှိသည်။ နဟောတိ၊ မဖြစ်နိုင်။ မဟာဝိပ္ဖါရော၊ ကြီးကျယ် များဖြန့် ပြန့်နှံ့သော အကျိုးရှိသည်။ န ဟောတိ၊ မဖြစ်နိုင်။

**တိတ္ထိနိဂဏ္ဌဥပုသ်**

ရဟန်းအမည်ခံ တိတ္ထိနိဂဏ္ဌတွေဟာ မိမိတို့၏ တပည့်တပန်းတွေကို အကျင့်သိက္ခာများကို သင်ကြားပြသ ဆောက်တည်စေကြသည်မှာ 'တပည့်တို့ အရှေ့ အနောက် တောင် မြောက် ယူဇနာ တရာမှလွန်ပြီးတည်တဲ့ သတ္တဝါတို့၌ ဒုက်လက်နက်ဒဏ်ကို ပစ်ချပါလော့၊ ဤကဲ့သို့ ပစ်ချလျှင် နိက္ခိတ္တဒဏ္ဍဖြစ်သည်၊ တိတ္ထိနိဂဏ္ဌတို့သည် ထိုဥပုသ်နေ့၌ မိမိတို့၏ တပည့်တပန်းတွေကို ဆောက်တည် စေသည်မှာ- 'တပည့်တို့ သင်တို့သည် အလုံးစုံသော ရန်ကိုပယ်ချပြီး ဤကဲ့သို့ ဆိုရမည်။'

နာဟံကွ စ နိကဿစိ ကိဉ္စနတသ္မိံ၊
န စ မ မကွ စ နိ ကတ္ထစိ ကိဉ္စနတတ္ထိ။

ဆိုလိုရင်းကတော့ ပလိဗောဓ မရှိ၊ ငါသည်အလုံးစုံသော ပလိဗောဓကို ဖြတ်အပ်ပြီ၊ ပလိဗောဓပြတ်ပြီတဲ့။

ဤသို့ စသည်ဖြင့် တိတ္ထိနိဂဏ္ဌတွေဆောက်တည်တဲ့ ဥပုသ်မျိုးကို တိတ္ထိနိဂဏ္ဌ ဥပုသ်လို့ဆိုသည်။

**ဒီသီလမျိုး အကျိုး မရှိ**

ရှင်တော်ဘုရားက ဒီတိတ္ထိတက္ကဒ္ဒန်းတွေ ဆောက်တည်တဲ့ ဥပုသ်သီလမျိုးကို အကျိုးမရှိဘူးလို့ ဟောတော်မူသည်။

## အရိယာဥပုသ်

အရိယာဥပုသ်သည်—

၁။ ဗြဟ္မုပေါသထ၊ (ဘုရားဥပုသ်)
၂။ ဓမ္မုပေါသထ၊ (တရားဥပုသ်)
၃။ သံဃု ပေါသထ၊ (သံဃာဥပုသ်)
၄။ သီလု ပေါသထ၊ (သီလဥပုသ်)
၅။ ဒေဝတူပေါသထ၊ (နတ်ဥပုသ်)
၆။ အရဟန္တုပေါသထ၊ (ရဟန္တာဥပုသ်) ဟူ၍ ခြောက်ပါးပြား၏။

### ၁။ ဗြဟ္မုပေါသထ· ဘုရားဥပုသ် ဆိုတာ

ဥပုသ်သီလခံယူဆောက်တည်ပြီး 'ဣတိပိ သော ဘဂဝါ၊ အရဟံ'စသည်ဖြင့် ဘုရားရှင်၏ ဂုဏ်တော်များကို နှုတ်ဖြင့် ရွတ်ဖတ် သရဇ္ဈာယ်ပြီး နေတယ်၊ သို့မဟုတ် စိတ်ဖြင့် အောက်မေ့ ဆင်ခြင် ပွားများပြီး နေတယ်၊ ဤကဲ့သို့ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကိုစီးဖြန်းလျက် စိတ်ကိုဖြူစင်စေပြီး စောင့်သုံးအပ်သော ဥပုသ်ကို ဘုရားတည်းဟူသော ဗြဟ္မာမင်း၏ ဂုဏ်ကို ရွတ်ဖတ် အောက်မေ့ ဆင်ခြင်လျက် စောင့်သုံးအပ်သော ဥပုသ်ဖြစ်သောကြောင့်။ ဝါ၊ ဘုရားတည်းဟူသော ဗြဟ္မာမင်းနှင့် အတူတကွ နေထိုင်လျက် စောင့်သုံးအပ်သော ဥပုသ်ဖြစ်သောကြောင့်။ ဝါ၊ ဘုရားတည်းဟူသော ဗြဟ္မာမင်းကို အကြောင်းပြု၍ စိတ်ကြည်လင် ဝမ်းမြောက်မှုဖြင့် စောင့်သုံးအပ်သော ဥပုသ်ဖြစ်သောကြောင့်၊ 'ဗြဟ္မုပေါသထ' ဘုရား(ဗြဟ္မာ) ဥပုသ်လို့ ခေါ်သည်။

### ၂။ ဓမ္မုပေါသထ· တရားဥပုသ်ဆိုတာ

ဥပုသ်သီလ ခံယူဆောက်တည်ပြီး'သွာက္ခာတော ဘဂဝတော ဓမ္မော'စသည်ဖြင့် တရားတော်၏ ဂုဏ်တော်များကို နှုတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ပြီး နေတယ်၊ သို့မဟုတ် စိတ်ဖြင့် အောက်မေ့ဆင်ခြင် ပွားများပြီးနေတယ်၊ ဤကဲ့သို့ ဓမ္မာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလျက် စိတ်ကို ဖြူစင်စေပြီး စောင့်သုံးအပ်သော

ဥပုသ်ကို တရားတော်၏ ဂုဏ်တော်များကို ရွတ်ဖတ်အောက်မေ့ ဆင်ခြင်လျက် စောင့်သုံးအပ်သော ဥပုသ်ဖြစ်သောကြောင့်။ ဝါ၊ တရားတော်နှင့် အတူတကွ နေထိုင်လျက် စောင့်သုံးအပ်သော ဥပုသ်ဖြစ်သောကြောင့်၊ ဝါ- တရားတော်ကို အကြောင်းပြု၍ စိတ်ကြည်လင် ဝမ်းမြောက်မှုဖြင့် စောင့်သုံးအပ်သော ဥပုသ် ဖြစ်သောကြောင့် 'ဓမ္မုပေါသထ' တရား ဥပုသ်လို့ ဆိုသည်။

## ၃။ သံဃူပေါသထ- သံဃာ့ဥပုသ်ဆိုတာ

ဥပုသ်သီလခံယူ ဆောက်တည်ပြီး 'သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော'စသည်ဖြင့် သံဃာတော်၏ ဂုဏ်တော်များကို နှုတ်ဖြင့် ရွတ်ဖတ် သရဇ္ဈာယ်ပြီးနေတယ်၊ သို့မဟုတ် စိတ်ဖြင့် အောက်မေ့ဆင်ခြင် ပွားများပြီး နေတယ်၊ ဤကဲ့သို့ သံဃာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းလျက် စိတ်ကိုဖြူစင် စေပြီး စောင့်သုံးအပ်သော ဥပုသ်ကို သံဃာတော်၏ ဂုဏ်တော်များကို ရွတ်ဖတ် အောက်မေ့ ဆင်ခြင်လျက် စောင့်သုံးအပ်သော ဥပုသ်ဖြစ်သောကြောင့်။ ဝါ၊ သံဃာတော်နှင့် အတူတကွ နေထိုင်လျက် စောင့်သုံးအပ်သော ဥပုသ်ဖြစ်သော ကြောင့်၊ ဝါ- သံဃာတော်ကို အကြောင်းပြု၍ စိတ်ကြည်လင် ဝမ်းမြောက် မှုဖြင့် စောင့်သုံးအပ်သော ဥပုသ်ဖြစ်သောကြောင့် 'သံဃူပေါသထ' သံဃာ့ ဥပုသ်လို့ ဆိုသည်။

## ၄။ သီလူပေါသထ- သီလဥပုသ်ဆိုတာ

ဥပုသ်သီလခံယူဆောက်တည်ပြီး မကျိုးမပေါက် မကျား မပြောက်တဲ့ မိမိ၏ သီလများကို အောက်မေ့ဆင်ခြင်ပြီး နေတယ်၊ဤကဲ့သို့ သီလာနုဿတိကမ္မဋ္ဌာန်း ကို စီးဖြန်းလျက် စိတ်ကိုဖြူစင်စေပြီး စောင့်သုံးအပ်သော ဥပုသ်ကို ဖြူစင်သော သီလတော်မြတ်ကို အာရုံပြုလျက် စောင့်သုံးအပ်သော ဥပုသ်ဖြစ်သောကြောင့်၊ ဝါ-ဖြူစင်သော သီလတော်မြတ်နှင့် အတူတကွနေထိုင်လျက် စောင့်သုံးအပ်သော ဥပုသ်ဖြစ်သောကြောင့်။ ဝါ၊ ဖြူစင်သော သီလတော်မြတ်ကို အကြောင်းပြု၍ စိတ်ကြည်လင် ဝမ်းမြောက်မှုဖြင့် စောင့်သုံးအပ်သော ဥပုသ်ဖြစ်သောကြောင့် 'သီလူပေါသထ' သီလဥပုသ်လို့ ဆိုသည်။

## ၅။ ဒေဝတာနုပေါသထ-နတ် ဥပုသ်ဆိုတာ

ဥပုသ်သီလ ခံယူဆောက်တည်ပြီး 'သဒ္ဓါ သီလ သုတ စာဂ ပညာ'တို့နှင့် ပြည့်စုံသော သူတို့သည် ဤလူ့ဘဝမှ စုတေ သေလွန်ကြပြီး နတ်ပြဟ္မာ အဖြစ်ကို ရကြတယ်၊ ငါ့အားလည်း ထိုသဒ္ဓါ သီလ သုတ စာဂ ပညာတို့သည် ရှိကုန်၏ ဟု နတ် ပြဟ္မာတို့ကို သက်သေထား၍ မိမိ၌ ရှိသော သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်ပွားများပြီး နေတယ်၊ ဤကဲ့သို့ ဒေဝတာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းလျက် စိတ်ကို ဖြူစင်စေပြီး စောင့်သုံးအပ်သော ဥပုသ်ကို နတ် ပြဟ္မာတို့ကို သက်သေအရာ၌ ထား၍ မိမိ၌ ရှိသောသဒ္ဓါ သီလ သုတ စာဂ ပညာများကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင် လျက် စောင့်သုံးအပ်သော ဥပုသ်ဖြစ်သောကြောင့်။ ဝါ၊ နတ် ပြဟ္မာတို့နှင့်အတူ တကွ နေထိုင်လျက် စောင့်သုံးအပ်သော ဥပုသ်ဖြစ်သောကြောင့်။ဝါ၊ နတ်ပြဟ္မာ တို့၏ရင်း မိမိ၏ရင်း သဒ္ဓါ သီလ သုတ စာဂ ပညာများကို အဖန်တလဲလဲ အောက်မှဲခြင်းကို အကြောင်းပြု၍ စိတ်ကြည် ဝမ်းမြောက်မှုဖြင့် စောင့်သုံးအပ် သော ဥပုသ်ဖြစ်သောကြောင့် 'ဒေဝတာ ပေါသထ' နတ်ဥပုသ်လို့ ဆိုသည်။

## ၆။ အရဟန္တ ပေါသထ-ရဟန္တာ ဥပုသ်ဆိုတာ

ဥပုသ်သီလ ခံယူဆောက်တည်ပြီး အာသဝေါ ကင်းစင် ရဟန္တာအရှင်သည် အသက်ထက်ဆုံးလျှင်—

၁။ သူ့အသက် သတ်ခြင်းမှရှင်း၊

၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှရှင်း၊

၃။ မမြတ်သော မေထုန်အကျင့်မှရှင်း၊

၄။ လိမ်ညာပြောကြား မုသားဆိုခြင်းမှရှင်း၊

၅။ အရက်သောက်ခြင်း ဘိန်းစားခြင်းမှရှင်း၊

၆။ နေလွဲညစာ စားခြင်းမှရှင်း၊

၇။ သာသနာတော်၏ ဆူးငြောင့် သဖွယ်ဖြစ်သော ကိုယ်တိုင် က,ခြင်း သူတပါးကို က,စေခြင်း ကိုယ်တိုင် သီချင်းဆိုခြင်း သူတပါးကို သီချင်း

ဆိုစေခြင်း၊ကိုယ်တိုင် တီးမှုတ်ခြင်း သူတပါးကို တီးမှုတ်စေခြင်း၊ထိုကခြင်း သီဆိုခြင်း တီးမှုတ်ခြင်းတို့ကို ကြည့်ရှုခြင်း နားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာပျောင်းတို့ဖြင့် အတင့်အတယ် အပြေအပြစ် ပြုခြင်းတို့မှရှောင်း။

၈။ မဇ္ဈိမပုရိသ၏ လက်ဆုပ်တောင် ပမာဏထက်လွန်၍ မြင့်သော အခြေရှိသော ညောင်စောင်း ကုတင် ကုလားထိုင် တန်းလျား ထိုင်ခုံ၊ လူတို့သည် အမြတ်ဟု သမုတ်အပ်သော ဂေါနက စသော ကော်ဇောအခင်း ရွှေချည်ထိုးအခင်း စသည်တို့ခင်းထားသော အိပ်ရာနေရာ၌ ထိုင်ခြင်း အိပ်ခြင်း နေခြင်းမှရှောင်း၊ ရှောင်ကြဉ်တော်မူ၏။

ငါသည်လည်း ဤနေ့ ဤညဥ့် ဤရက်၌—

၁။ သူ့အသက် သတ်ခြင်းမှရှောင်း၊

၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှရှောင်း၊

၃။ မမြတ်သော မေထုန်အကျင့်မှရှောင်း၊

၄။ လိမ်ညာပြောကြား မုသား ဆိုခြင်းမှရှောင်း၊

၅။ အရက်သောက်ခြင်း ဘိန်းစားခြင်းမှရှောင်း၊

၆။ နေလွဲညစာစားခြင်းမှရှောင်း၊

၇။ သာသနာတော်၏ ဆူးငြောင့် သဖွယ်ဖြစ်သော ကိုယ်တိုင်က,ခြင်း၊ သူတပါးကို က,စေခြင်း၊ ကိုယ်တိုင်သီချင်းဆိုခြင်း၊ သူတပါးကိုသီချင်းဆိုစေခြင်း၊ ကိုယ်တိုင်တီးမှုတ်ခြင်း သူတပါးကိုတီးမှုတ်စေခြင်း၊ ထိုက, ခြင်း သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာပျောင်းတို့ဖြင့် အတင့်အတယ် အပြေအပြစ် ပြုခြင်းတို့မှရှောင်း။

၈။ မဇ္ဈိမပုရိသ လက်ဆုပ်တောင် ပမာဏထက် လွန်၍မြင့်သော အခြေရှိသော ညောင်စောင်း ကုတင် ကုလားထိုင် တန်းလျား ထိုင်ခုံ၊ လူတို့သည် အမြတ်ဟု သမုတ်အပ်သော ဂေါနကစသော ကော်ဇောအခင်း

ရွှေချည်ထိုးအခင်းစသည့်တို့ ခင်းထားသည့် အိပ်ရာ နေရာ၌ ထိုင်ခြင်း နေခြင်းမှုရှင်း၊ ရှောင်ကြဉ်သည်ဖြစ်၍ ဟရန္တာနှင့်မခြား အလားတူပါ၏၊ဤကဲ့သို့ အောက်မေ့ဆင်ခြင်လျက် စိတ်ကိုဖြူစင်စေပြီး စောင့်သုံးအပ်သော ဥပုသ်ကို ရဟန္တာကို အတုပြု၍ စောင့်သုံးအပ်သော ဥပုသ်ဖြစ်သောကြောင့်။ ဝါ၊ရဟန္တာနှင့် အတူတကွနေထိုင်လျက် စောင့်သုံးအပ်သော ဥပုသ်ဖြစ်သောကြောင့်။ ဝါ၊ ရဟန္တာကို အကြောင်းပြု၍ စိတ်ကြည်လင်ဝမ်းမြောက်မှုဖြင့်စောင့်သုံးအပ်သောဥပုသ်ဖြစ်သောကြောင့် 'အရဟန္တုပေါသထ' ရဟန္တာ ဥပုသ်လို့ဆိုသည်။

**မှတ်ရန်။** ။နံပါတ်(၆) ဥပုသ်ကို' အဋ္ဌင်္ဂိကူပေါသထ' ဥပုသ်ဟုလည်း အမည်ပေးကြသေး၏။

**ဒိသီလမျိုး အကျိုးကြီး၏**

ရှင်တော်ဘုရားက ခြောက်ပါးအပြားရှိတဲ့ အရိယာဥပုသ်သီလမျိုးကို အလွန်အကျိုးကြီးတယ်လို့ ဟောတော်မူသည်။

'ဧဝံ ဥပဝုတ္ထော ခေါ ဝိသာခေ အရိယူပေါသထော
မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိကော မဟာ
ဝိပ္ဖါရော။'

**အနက်**

ဝိသာခေ၊ ကျောင်းအမကြီး ဝိသာခါ။ ဧဝံ၊ ဤသို့။ ဥပဝုတ္ထော၊ ဆောက်တည်ရှင်ပြုံး ကျင့်သုံးအပ်သော။ အရိယူပေါသထော၊ ခြောက်ပါးအပြားရှိသော အရိယာဥပုသ်သည်။ မဟပ္ဖလော၊ ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိသည်။ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။မဟာနိသံသော၊ ကြီးကျယ်များဖြင့် အကျိုးအာနိသင်ရှိသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ မဟာဇုတိကော၊ ကြီးကျယ်မြားမြောင် အကျိုးအရောင်အဝါရှိသည်။ဟောတိ၊ ၏။မဟာဝိပ္ဖါရော၊ ကြီးကျယ်များဖြန့် ပြန့်နှံ့သော အကျိုးရှိသည်။ဟောတိ၊၏။

**ဥပုသ် ဥပုသ်စောင့် ဥပုသ်နေ့**

ဥပေါသထ၊ ဥပ+ဝသ+အထ။ (ဝ-ကို ဩ-ပြု)

ခံယူသည်၏ အစွမ်းဖြင့်၎င်း, အဓိဋ္ဌာန်ဆောက်တည်သည်၏ အစွမ်းဖြင့်၎င်း, သီလသို့ ကပ်ရောက်၍၊ ဝါ-သီလနှင့်ပြည့်စုံစေ၍ ဖြူစင်မြင့်မြတ်စွာ နေထိုင်ခြင်း စသည်အကျိုးငှါ သိုမှီးသိမ်းထားအပ်သောကြောင့် သီလသည် ဥပုသ်မည်၏။

ယင်းဥပုသ်ကိုပင် ပါဏာတိပါတာ ဝေရမဏီစသော အစိတ်အင်္ဂါရှစ်ပါး ရှိသောကြောင့် အဋ္ဌင်္ဂကဥပုသ်ခေါ်ဆိုသည်၊ ယင်းအဋ္ဌင်္ဂကဥပုသ်ကို မကျိုး မပေါက် မကျားမပြောက်အောင် စောင့်ရှောက်၍နေခြင်း ကျင့်သုံး၍နေခြင်း ကို ဥပုသ်စောင့်သည် ဥပုသ်သုံးသည်ဟု ဆိုသည်၊ ယင်း ဥပုသ်စောင့်ရာ ဥပုသ် သုံးရာဖြစ်သော နေ့ကိုလည်း ဥပုသ်နေ့ဟု ဆိုသည်။

**ဥပုသ်စောင့်ပုံအစီအစဉ်**

၎င်း အဋ္ဌင်္ဂကဥပုသ်ကိုစောင့်သုံးလိုသော ပုဂ္ဂိုလ်တို့သည် ဥပုသ်နေ့မရောက်မီ အကြိုနေ့ကပင် မနက်ဖြန် ဥပုသ်နေ့ဖြစ်သည် ငါတို့ ဥပုသ်စောင့်မည်၊ ဥပုသ် သုံးမည်ဟု နှလုံးပြု၍ ဥပုသ်နေ့အတွက် ပူဇော်ဖွယ်ကိစ္စများကို ပြီးစီး ပြည့်စုံ အောင် ပြုလုပ်စီရင် ထားရမည်၊ စားဖွယ် သောက်ဖွယ် (လှူဖွယ် တန်းဖွယ် ပေးကမ်းဖွယ်ရှိလျှင်) များကိုလည်း အပြီး စီရင်ထားရမည်၊ ဥပုသ်နေ့၌ နံနက် စောစောကပင် ဘုရားတန်ဆောင်း ကျောင်း ဥပုသ် စရပ်သို့ သွား၍ ဥပုသ် သီလကို ကောင်းစွာ နားလည်သောသိက္ခာလုံ့ခြုံသီလဂုဏ်နှင့်လည်း ပြည့်စုံသော ရဟန်းသာမဏေ (၎င်းတို့ အနီးမှာ မရှိလျှင်) ယောဂီ ယောကျ်ား ယောဂီမိန်းမ သီလရင် လူပုဂ္ဂိုလ် တဦးဦးအထံ၌၎င်း၊ ယင်းသို့ အခွင့်မရပါလျှင် စေတီပုထိုး ရုပ်ပွား ဆင်းတုတော်တို့၏ ရှေ့မှောက်၌၎င်း၊ မိမိနေအိမ် နေရာအရပ်၌၎င်း၊ သိက္ခာပုဒ်အင်္ဂါများကို နှုတ်မြွက် ဆောက်တည်ရမည်။

'ဝါစံ ဘိန္ဒိတွာ ဥပေါသထင်္ဂါနိ သမာဒါတဗ္ဗာနိ။' (အင-ဋ္ဌ)

သိက္ခာပုဒ်ပါဠိကိုမျှ မသိ၍ မဆောက်တည်တတ်မူ—

'ဗုဒ္ဓပညတ္တံ ဥပေါသထံ အဓိဋ္ဌာမိ။' (အင-ဋ္ဌ)

ဟု နှုတ်မြွက် အဓိဋ္ဌာန်ရမည်။

'ဘုရား ဟောကြား ပညတ်ထားတဲ့ ဥပုသ်သီလကို ဆောက်တည်ပါ၏'
ဟု-မြန်မာလိုလည်း (အဓိဋ္ဌာန်ဥပုသ်) ဆောက်တည်နိုင်သည်။

'သီလသမာဒါနတော ပဋ္ဌာယ အညံ့ ကိဉ္စိ အကတွာ
ဓမ္မဿဝနေန ဝါ ကမ္မဋ္ဌာန မနသိကာရေန ဝါ ဝီတိနာမေတဗ္ဗံ။'

ဟု ဥပေါသထသုတ် ဋီကာလာရှိသည်နှင့်အညီ ဥပုသ်သီလ ဆောက်တည်ပြီးလျှင် သတ္တဝါများကို နှိပ်စက်ချုတ်ချယ်ခြင်းနှင့် စပ်ယှဉ်သော အမှုလုပ်ငန်းဟူသမျှကို မပြုလုပ်ရ၊ အကုသိုလ်အမှုနှင့် မစပ်ယှဉ်သော အနည်းအပါးကိစ္စများကိုသာ ပြုလုပ်နိုင်သည်၊ ထမင်းစားချိန်၌ ထမင်း သုံးဆောင်ပြီးလျှင် ခံတွင်းနှင့် လက်တို့ကို စင်ကြယ်အောင် ဆေးကြောသုတ်သင်ပြီးလျှင် ကျောင်းကန် ဘုရား စရပ်တန်ဆောင်းများ ဆိပ်ငြိမ်ရာအရပ် သစ်ပင်ရင်းသို့ ကပ်၍ ကမ္မဋ္ဌာန်းအာရုံ တခုခုကို နှလုံးသွင်း၍ နေရမည်၊ တရားဟော ဓမ္မကထိကများ ရှိပါက တရားနာ၍လည်း နေနိုင်သည်၊ တရားစာအုပ်များကို ဖတ်၍ငင်း၊ သူတပါးကိုဖတ်စေပြီး နာကြား၍ငင်း နေနိုင်သည်၊ ပြခဲ့ပြီးသော အရိယာဥပုသ် ခြောက်မျိုးတွင် တမျိုးမျိုးဖြင့်လည်းနေနိုင်သည်။

## ဥပုသ်နှင့် မှတ်ချက်

ဥပုသ်နေ့များ၌ ကျောင်းပိုင် ဆရာတော်များက ဥပုသ်သည်များအား တရားဟောပြောမှု အလေ့အထကို များစွာပင် ပြုသင့်၏၊ မိမိမစွမ်းနိုင်ပါက လက်အောက်ခံ ရဟန်း သာမဏေများကို ဟောကြားစေသင့်၏၊ ဥပုသ်သည်များမှ ဟောပြောတတ်သူ လူပုဂ္ဂိုလ်တို့ကိုလည်း ဟောပြောစေသင့်၏၊ နှုတ်တက်မရက တရားစာအုပ်ကို ကြည့်ဖတ်ဟောပြောရမည်၊ တရားအတွင်း၌ သီချင်းများကို ကြားညှပ်မဟောရ၊ ဥပုသ်သည်တို့ သီလပျက်မည်၊ ကမ္မဋ္ဌာန်းအားထုတ်လိုသူတို့အတွက် ပုဂ္ဂိုလ်အလိုက် စရိုက်နှင့်လျော်စွာ စုံစမ်းဆင်ခြင်၍ ကမ္မဋ္ဌာန်းကို သင်ကြားပြသပေးရမည်၊သမာဓိပျက်ပြားလောက်အောင် ကုသိုလ်ရေးနှင့် မစပ်ယှဉ်တဲ့ ဆူညံကျယ်လောင်တဲ့ အသံဟူသမျှကို တားမြစ် ပိတ်ပင်ပေးရမည်၊ ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာကို ပွားစေလျက် အာဂါရိယ, အနာဂါရိယတို့ အညမညူပကာရ အဖြစ်ကို ထင်စွာ ပြုရမည်၊ သို့မှလည်း သာသနာတော် ခေတ်ကြီးနှင့် ကြုံရကျိုးနပ်ပေမည်။

သုဓမ္မဝတီ(က) ၁၀၄-၅၉

* ဤ အင္ဂုဂ် ဥပုသ်သီလသည် အချိန်, နာရီ, နေ့ဘက်, ညဘက်, တရက်, နှစ်ရက်, သုံးရက်, တလ, နှစ်လ, သုံးလ, တနှစ် စသည်ဖြင့် ကာလအပိုင်းအခြားဖြင့် စောင့်ခွင့် ရသောကြောင့် ပိုင်းခြားအပ်သော အချိန်ကာလ စေ့ရောက်လျှင် အလိုလိုပျက်ပြယ်၍ ငါးပါးသီလမျှ ကျန်၏၊ အထူးတလည် သိက္ခာချစရာမလို၊ ဆယ့်ငါးရက် တလ ဥပုသ်စောင့်သူမှာ တကြိမ် ဆောက်တည်ထားလျှင် မကျိုးမပျက်က တဆယ့်ငါးရက် တလပင် တည်၏၊ နေ့စဉ်ဆောက်တည်ဖွယ်မလို၊ ယခုကာလ၌ တရက် ဥပုသ်စောင့်ရိုး ထုံးစံပြု၍ နောက်တနေ့ အရုဏ်တက်သည်နှင့် တပြိုင်နက် ရှစ်ပါးသီလ ပျက်ပြယ်၍ ငါးပါးသီလမျှ ကျန်၏။

**ဘုရားလက်ထက်တော်အခါက ဥပုသ်သည်မငါးရာ**

ဥပုသ်သည်တွေကလည်း ဘုရားလက်ထက်တော်အခါက အမျိုးသမီးငါးရာ ဥပုသ်စောင့်သလိုလဲ မဖြစ်ကြစေနှင့်၊ ပြောရအုန်းမယ်၊ ဘုရားလက်ထက်တော် အခါက ဥပုသ်နေ့တနေ့မှာ အမျိုးသမီးငါးရာ ဥပုသ်စောင့်ကြသတဲ့၊ ကျောင်းအမကြီး ဝိသာခါက ဥပုသ်စောင့်တဲ့ အမျိုးသမီးငါးရာမှ အရွယ်ခပ်ကြီးကြီး အမျိုးသမီးများကို ရှင်မတို့....ဘာကိုလိုလား တောင့်တပြီး ဥပုသ်စောင့်ကြသလဲ လို့ မေးမြန်းတော့ အရွယ်ကြီးကြီးအမယ်အိုကြီးတွေက ရှင်မဝိသာခါ....ကျမတို့ နတ်စည်းစိမ်ကိုလိုလား တောင့်တပြီး ဥပုသ်စောင့်ကြပါသည်လို့ ဖြေကြားကြသတဲ့၊ တဖန် မကြီးမငယ် အရွယ် အလယ်အလတ်ပိုင်း အမျိုးသမီးများကို မေးမြန်းပြန်တော့ ကျမတို့လင်နှင့်မကွဲမကွာနေချင်လို့ ဥပုသ်စောင့်ကြပါသည်လို့ ဖြေကြားကြသတဲ့၊ တဖန် အရွယ်ခပ်ငယ်ငယ် အမျိုးသမီးများကို မေးမြန်းပြန်တော့လဲ ကျမတို့ ယောကျ်ားဦး ရအောင်လို့ ဥပုသ်စောင့်ကြပါသည်လို့ ဖြေကြားသတဲ့၊ တဖန် လင်မရသေးတဲ့ အမျိုးသမီးငယ်များကို မေးမြန်းပြန်တော့လဲ ကျမတို့ အရွယ်နုနယ် အပျိုငယ်ဘဝကပင် လင်ရအောင်လို့ ဥပုသ်စောင့်ကြပါတယ်လို့ ဖြေကြားကြသတဲ့။

**နိဗ္ဗာန်တောင့်တ ဥပုသ်စောင့်ကြ**

သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပြီး နိဗ္ဗာန်ချမ်းသာကြီးကို မျက်မှောက်ပြုနိုင်အောင် ဥပုသ်စောင့်ဘို့ရာ ဘာမဟုတ်တဲ့ ဝဋ်ချမ်းသာကို တွယ်တာငဲ့ကွက်မှု

ပြုနေကြလေသည်၊ ဒါ့ကြောင့် ယခုခေတ် ဗုဒ္ဓဘာသာဝင် အမျိုးသား အမျိုးသမီးတွေ ဘုရားလက်ထက်တော်အခါက အမျိုးသမီးငါးရာလို ဝဋ်ချမ်းသာကို တွယ်တာငဲ့ကွက်မှု မပြုဘဲ ငါတို့သည် ဤဥပုသ်သီလဖြင့် နိဗ္ဗာန်ချမ်းသာကြီးကို ရရပါလို၏ဟု ဝဋ်ကင်းရာကို လိုလားတောင့်တပြီး ဥပုသ်စောင့်ကြရမည်။

## ရှောင်ကြဉ်ဖွယ်

ဥပုသ်သီလခံယူဆောက်တည်ပြီး ထမင်း ဗိုက်ကားအောင်စား၍ အိပ်ပြီးလည်း မနေရ၊ ကုသိုလ်နှင့် မစပ်ယှဉ်တဲ့ ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက်တွေနှင့် ဟိုကြံဒီတွေးနှင့် အတွေးနယ်ချဲ့ပြီးလည်း မနေရ၊ ထွေရာလေးပါး စကားတွေပြောပြီး ရယ်မောရွှင်လည်း မနေရ။

## ဥပုသ်နေ့ အလုပ်ပိတ်

ပြဆိုခဲ့ပြီးဖြစ်တဲ့ ပါဠိတော် အဋ္ဌကထာ ဋီကာ အနုဋီကာသူဌေးစတဲ့ ဝတ္ထုသာဓကများကို ထောက်ဆလျှင် ဥပုသ်နေ့များ၌ ဈေးများ စက်ရုံ အလုပ်ရုံများ ကျောင်းများပိတ်ခြင်းသည် ဗုဒ္ဓဘာသာ ထုံးစံအရ အမှန်ပင် သဘာဝကျလှ၏၊ ဗုဒ္ဓဘာသာဝင် အမျိုးသား အမျိုးသမီးများ ဥပုသ်စောင့်ဘို့ရန် အခွင့် အခါပင် ဖြစ်၏။

## ဆယ်ပါးသီလ

အဋ္ဌင်္ဂဥပုသ်သီလ၌ သတ္တမမြောက် အင်္ဂါကို—

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ-ဟု သိက္ခာပုဒ် အင်္ဂါနှစ်ခုပြု၍ အဆုံး၌—

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ သိက္ခာပုဒ်ထည့်ကာ ဆောက်တည်က ဆယ်ပါးသီလ ဖြစ်၏။

'ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒါနိစေတာနိ သာမဏေရေန ဘိက္ခုသန္တိကေ သမာဒိန္နာနေဝ သမာဒိန္နာနိ ဟောန္တိ။'

ဟု လာရှိသည်နှင့်အညီ ရှင်သာမဏေတို့သည် သီလဝန္တရဟန်းတော်၏ အထံ၌သာလျှင် ဆယ်ပါးသီလကို ဆောက်တည်ရမည်။

ရွှေငွေကို မကိုင်ခံလိုသော လူယောဂီ သီလရှင်တို့ ဤဆယ်ပါးသီလကို ငါးပါး ရှစ်ပါးသီလများနည်းတူ ဆောက်တည်နိုင်သည်။

**ဇာတရူပသိက္ခာပုဒ်အဖွင့်**

*ဇာတရူပန္တိ-သုဝဏ္ဏံ။ (ရွှေ)

*ရဇတန္တိ-ကဟာပဏော။ (ငွေအသပြာ ပိုက်ဆံစက္ကူ)

*ပဋိဂ္ဂဟဏ-ကိုင်ခံသာယာခြင်း။

ဒန်သတ္တု ခဲ ကြေး သံ ဘော် စက္ကူမှစ၍ လူတို့ငွေပြုလုပ် သမုတ်ခေါ်ဝေါ် သုံးစွဲနေကြတဲ့ ပိုက်ဆံများ၊ အထည်ဝတ္ထု ပြုလုပ်ပြီး မပြုလုပ်ရသေးသော ရွှေများကို ကိုင်ခံ သာယာခြင်းကို 'ဇာတရူပ ရဇတ ပရိဂ္ဂဟဏ'ဟုဆိုသည်။

**ခံခြင်းသုံးမျိုး**

'တိဝိဓံ ပဋိဂ္ဂဟဏံ ကာယေန ဝါစာယ မနသာ'

ဟု ဗြဟ္မဇာလသုတ် ဋီကာလာသည်နှင့်အညီ—

၁။ ကိုယ်ဖြင့် ခံခြင်း။

၂။ နှုတ်ဖြင့် ခံခြင်း။

၃။ စိတ်ဖြင့် ခံခြင်း—

ဟူ၍ ခံခြင်းသုံးမျိုး ရှိ၏။

၁။ ကိုယ်ဖြင့် ခံခြင်းကို မိမိလက်ဖြင့် ကိုင်ခံသည် ဆိုသည်။

၂။ နှုတ်ဖြင့် ခံခြင်းကို-သူတပါးကို ကိုင်ခံစေသည် ဆိုသည်။

၃။ စိတ်ဖြင့်ခံခြင်းကို-သာယာသည် ဆိုသည်။

ရွှေငွေကို ကိုယ်တိုင် ကိုင်ခံခြင်း, သူတပါးကို ကိုင်ခံစေခြင်း, မိမိထံသို့လာရောက်၍ မျက်မှောက်မျက်ကွယ်ရှိ ရွှေငွေကို ပေးသည် လှူသည်ကို ကိုယ်နှုတ်ဖြင့် မပယ်မြစ်ဘဲ စိတ်ဖြင့်သာယာခြင်း ဤခံခြင်းသုံးပါးလုံးကိုပင် သာမညနိဒ္ဒေသနည်း ဧကသေသနည်းဖြင့် ယူ၍ 'ပဋိဂ္ဂဟဏာ'ဟု ဆိုသည်။

"တတ္ထ ကာယေန ပဋိဂ္ဂဟဏံ ဥဂ္ဂဟဏံ၊ဝါစာယ ပဋိဂ္ဂဟဏံ ဥဂ္ဂဟာပနံ၊ မနသာ ပဋိဂ္ဂဟဏံ သာဒိယနံ တိဝိဓမ္ပေတံ ပဋိဂ္ဂဟဏံ သာမညနိဒ္ဒေသေ နဧကသေသန ယေန ဝါ ဂဟေတွာ ပဋိဂ္ဂဟဏာတိ ဝုတ္တံ။"

(သီ-ဋီ-သစ်)

**ဇာတရူပရဇတပဋိဂ္ဂဟဏ တရားကိုယ်**

ဇာတရူပ ရဇတဘာဝ စသော အင်္ဂါ ၃-ပါးနှင့် ပြည့်စုံသော ဝီတိက္ကမစေတနာသည်ပင် ဇာတ (လ) ဟဏ မည်သည်။

**ဇာတရူပရဇတပဋိဂ္ဂဟဏ အင်္ဂါ (၃)ပါး**

ဇာတရူပဿ၊ ဇာတရူပသိက္ခာ ပုဒ်၏။ အင်္ဂါနိ၊ အကြောင်းအင်္ဂါတို့သည်–

၁။ ဇာတရူပရဇတဘာဝေါ၊ ရွှေငွေ၏ အဖြစ်ငှင်း။

၂။ အတ္တုဒ္ဒေသိကတာ၊ မိမိသို့ ညွှန်းအပ်သည်၏ အဖြစ်ငှင်း။

၃။ ဂဟဏာဒီသု၊ ခံခြင်းစသည်တို့တွင်။ ဝါ၊ ကိုယ်, နှုတ်, စိတ် သုံးမျိုးတို့တွင်။ အညတရဘာဝေါ၊ တပါးပါး၏ အဖြစ်ငှင်း။ ဣတိ၊ ဤသို့။ တီဏိ၊ သုံးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

* ဤ၌လည်း အင်္ဂါသုံးပါး ပြည့်စုံမှ သိက္ခာပုဒ်ပျက်သည်ဟု နားလည်ပါ။

**သိက္ခာပုဒ် အနက်များ**

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ၊ သာသနာတော်၏ ဆူးငြောင့်သဖွယ် ဖြစ်သော မိမိကိုယ်တိုင် က,ခြင်း သူတပါးကို က,စေခြင်း မိမိကိုယ်တိုင် သီချင်းဆိုခြင်း, သူတပါးကို သီချင်းဆိုစေခြင်း, မိမိ

ကိုယ်တိုင် တီးမှုတ်ခြင်း, သူတပါးကို တီးမှုတ်စေခြင်း, ထိုက,ခြင်း သီဆိုခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုခြင်း နားထောင်ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်စွာခံယူ ဆောက်တည်ပါ၏။

၉။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, နံ့သာပျောင်းတို့ဖြင့် အတင့် အတယ် အပြေ အပြစ် ပြုကြောင်း စေတနာမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူ ဆောက်တည်ပါ၏။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ၊ ရွှေငွေကို ကိုင်ခံသာယာခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူ ဆောက်တည်ပါ၏။

## အပေါင်း၌

* ဒသင်္ဂသမန္နာဂတံ၊ အင်္ဂါဆယ်ပါးနှင့် ပြည့်စုံသော။ ဂဟဋ္ဌသီလံ၊ လူတို့ကျင့်သုံးအပ်သော သီလကို။သမာဒိယာမိ၊ကောင်းစွာ ခံယူဆောက်တည်ပါ၏။

**အပ္ပမာဒပုဒ် အနက်**

တိသရဏေန၊ ကိုးကွယ်ရာအစုံ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ဒသင်္ဂ-သမန္နာဂတံ၊ အင်္ဂါဆယ်ပါးနှင့် ပြည့်စုံသော။ ဂဟဋ္ဌသီလံ၊ လူတို့ကျင့်သုံးအပ်သော သီလဟု ဆိုအပ်သော။ ဓမ္မံ၊ ဘုရား ပညတ် အကျင့်မြတ်ကို။ သာဓုကံ၊ ကောင်းမွန် ရှိသေစွာ။ ကတွာ၊ ပြု၍။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့ မဆ ထင်လှသော သတိတရားဖြင့်။ သမ္ပာဒေထ၊ မကျိုး မပေါက် မကျား မပြောက် အောင် စောင့်ရှောင့် လုံခြုံ ပြည့်စုံကြပါကုန်လော့။

## သံကိလေသ

ကျိုးခြင်း ပြတ်ခြင်း စသည်သည် သီလ ညစ်ညူး ကြောင်းတည်း၊ ပစ္စည်း လာဘ်လာဘ အခြံအရံ အကျော်အစော အဆွေအမျိုး မျက်စိ နား နှာ လက် ခြေ ကိုယ်အင်္ဂါ အသက်ဟူသော အကြောင်းတို့ဖြင့် သီလကျိုးခြင်း သီလပေါက်

ခြင်း သီလကျားခြင်း သီလပြောက်ခြင်း ဖြစ်သောကြောင့်၎င်း၊ခုနစ်ပါးအပြား ရှိသော မေထုန်ငယ်နှင့် ယှဉ်သောကြောင့်၎င်း၊ သီလ ညစ်ညူးခြင်းသည်ဖြစ်၏။

## ခဏ္ဍ

'ယဿ အာဒိမှိ ဝါ အန္တေ ဝါ သိက္ခာပဒံ ဘိန္နံ ဟောတိ၊
တဿ သီလံ ပရိယန္တေ ဆိန္နသာဋကောဝိယ ခဏ္ဍံနာမ ဟောတိ။'

လောက၌ အဖျား အနား ပျက်စီးသည်ကို အဖျားကျိုးသွားသည် အနား ပြတ်သွားသည်ဟု ပြောရိုးစဉ်လာရှိသကဲ့သို့ အဖျား အနား ဖြစ်တဲ့ အစသိက္ခာ ပုဒ် အဆုံးသိက္ခာပုဒ်တို့ကို ကျူးလွန် ချိုးဖျက်မှု သီလကျိုးသည် သီလပြတ်သည် ဟု ဆိုသည်၊ ငါးပါးသီလတွင် ပထမ, ပဉ္စမ၊ ရှစ်ပါးသီလတွင် ပထမ, အဋ္ဌမ၊ ဆယ်ပါးသီလတွင် ပထမ, ဒသမ သိက္ခာပုဒ်များ ကျူးလွန် ပျက်စီးလျှင် သီလကျိုးသည်ဟု ဆိုသည်။

## ဆိဒ္ဒ

'ယဿ ပန မဇ္ဈေ ဘိန္နံ၊ တဿ မဇ္ဈေ ဆိန္နသာဋကောဝိယ
ဆိဒ္ဒံ နာမ ဟောတိ။'

လောက၌ အလည် ပျက်စီး သည်ကို ပေါက်သည် ပုဆိုး ပေါက်သည် အိုးပေါက်သည် စသည်ဖြင့် ပြောရိုးစဉ်လာ ရှိသကဲ့သို့ အလည် သိက္ခာပုဒ်များ ကျူးလွန် ချိုးဖျက်မှု သီလပေါက်သည်ဟု ဆိုသည်။

ငါးပါးသီလတွင် ဒုတိယ တတိယ စတုတ္ထ၊ရှစ်ပါးသီလတွင် ဒုတိယမှ သတ္တမ အထိ၊ ဆယ်ပါးသီလတွင် ဒုတိယမှ နဝမအထိ သိက္ခာပုဒ်တို့တွင် တပါးပါးကို ကျူးလွန်ဖျက်စီးက သီလပေါက်သည်ဟု ဆိုသည်။

## သဗလ

'ယဿ ပဋိပါဋိယာ ဒွေ တီဏိဘိန္နာနိ၊ တဿ ပိဋ္ဌိယာ ဝါ
ကုစ္ဆိယာ ဝါ ဥဋ္ဌိတေန ဝိသဘာဂဝဏ္ဏေန ကာဠရတ္တာဒိနံ
အညတရသရီရဝဏ္ဏာ ဂါဝီဝိယ သဗလံနာမ ဟောတိ။'

လောက၌ ဝမ်းဗိုက် ကျောက်ကုန်းတို့၌ အဖြူ အနီ အမည်းစသည်ဖြင့် မတူသော အဆင်းရှိသည်ကို ကျားသည် 'ခွေးကျား' 'နွားကျား' 'မြင်းကျား' စသည်ဖြင့် ပြောကြားရိုးစဉ်လာ ရှိသကဲ့သို့ အစဉ်အတိုင်း သိက္ခာပုဒ် နှစ်ခု သုံးခု ချိုးဖျက်မှု သီလ ကျားသည်ဟု ဆိုသည်။

ငါးပါး, ရှစ်ပါး,ဆယ်ပါးသီလများတွင် ပထမ, ဒုတိယ သို့မဟုတ် ဒုတိယ, တတိယ, စတုတ္ထ စသည်ဖြင့် သိက္ခာပုဒ်များကို နှစ်ခု သုံးခု စဉ်တိုက်ချိုးဖျက်မှု သီလကျားသည်ဟု ဆိုသည်။

## ကမ္မာသ

'ယဿ အန္တရန္တရာ ဘိန္နာနိ၊ တဿ အန္တရန္တရာ ဝိသဘာဂ
ဝဏ္ဏဗိန္ဒု ဝိစိတြာ ဂါဝိဝိယ ကမ္မာသံနာမ ဟောတိ။'

လောက၌ အဆင်ကွဲပြား အကွက်ဆန်းများ အကြားအကြား၌ ရှိသည်ကို ပြောက်သည် 'နွားပြောက်မ' စသည်ဖြင့် ပြောရိုး စဉ်လာရှိသကဲ့သို့ တခုကျော် အကြား အကြား သိက္ခာပုဒ်များကို ကျူးလွန်ချိုးဖျက်မှု သီလပြောက်သည်ဟု ဆိုသည်။

ငါးပါး, ရှစ်ပါး, ဆယ်ပါးသီလများတွင် ပထမ, တတိယ, ပဥ္စမစသည်ဖြင့် သိက္ခာပုဒ်များကို ကျူးလွန်ချိုးဖျက်မှု သီလပြောက်သည် ဆိုသည်။

## မေထုန်ငယ် (၇) ပါး

၁။ မာတုဂါမ၏ နှံ့သာစသည်ဖြင့် ပွတ်သပ် လိမ်းကျံပေးမှု ဆုပ်နယ်ပေးမှု ရေချိုးပေးမှု သုံးသပ်ကိုင်တွယ်မှုတို့ကို သာယာခြင်း။

၂။ မာတုဂါမနှင့် အတူတကွ ရယ်မော ပြောကြား ကစား ကြည်ဆယ်ကာ သာယာခြင်း။

၃။ မာတုဂါမနှင့် အတူတကွ မျက်နှာချင်းဆိုင်လျက် စိမ်းစိမ်း ကြည့်ရှုကာ သာယာခြင်း။

၄။ မာတုဂါမ၏ ပြောသံ ဆိုသံ ရယ်မောသံ သီချင်းဆိုသံတို့ကို ကြား၍ သာယာခြင်း။

၅။ ဈေးအခါက မာတုဂါမနှင့် အတူတကွ ရယ်မြူး ပြောကြား ကစား ကြည်ဆယ်ဘူးသည်ကို အောက်မေ့သာယာခြင်း။

၆။ ကာမဂုဏ်ငါးပါး ခံစား သုံးဆောင်နေသူများကို မြင်၍ သာယာခြင်း။

၇။ ဤသီလဖြင့် နတ်တွင်ထင်ရှား မမှားစင်စစ် ငါဖြစ်ရတော့အံ့ဟု ဝင့်ချမ်းသာကို တောင့်တ သာယာခြင်း။

'ဣဓဗြဟ္မဏ ဧကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ သမ္မာ ဗြဟ္မစာရီ ပဋိဇာနမာနော ... ဉ္စဟ ဗြာဟ္မဏ အခဏ္ဍကာရီ ...'

(သတ္တကနိပါတ် အင်္ဂုတ္တိုရ် မေထုနသုတ်)

ဟု ဟောတော်မူသောကြောင့်—

မေထုန်ငယ် ခုနစ်ပါးနှင့်ယှဉ်သော သီလသည် ကျိုးပေါက် ကျားပြောက် သည်မည်း၍ မစင်ကြယ်သောကြောင့် ပဋိသန္ဓေနေရမှု, အိုရမှု, သေရမှု စသည် တို့မှ မလွတ်မြောက်နိုင်၊ ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်၊ ထိုကြောင့် ရှစ်ပါး ဆယ်ပါးသီလတို့ကို ဆောက်တည်ရာ၌ မေထုန်ငယ် ခုနစ်ပါးမှ လွတ်ပါစေ။

## ဝေါဒါန

မကျိုးခြင်း မပြတ်ခြင်း စသည်သည် သီလဖြူစင်ကြောင်းတည်း။

သိက္ခာပုဒ်များကို မကျူးလွန် မချိုးဖျက်သဖြင့်၎င်း၊ ပမာဒအားဖြင့် ပျက်သော်လည်း ပြန်လည်ဆောက်တည်သဖြင့်၎င်း၊ ခုနစ်ပါး အပြားရှိသော မေထုန်ငယ်နှင့် မယှဉ်သဖြင့်၎င်း။

၁။ ကောဓ၊ အမျက်ထွက်ခြင်း။

၂။ ဥပနာဟ၊ ရန်ငြိုးဖွဲ့ခြင်း။

၃။ မက္ခ၊ သူ့ကျေးဇူးကို ချေဖျက်ခြင်း။

၄။ ပဠာသ၊ အဖျင်းပြောခြင်း။

၅။ ဣဿာ၊ ငြူစူခြင်း။

၆။ မစ္ဆရိယ၊ ဝန်တိုခြင်း။

၇။ မာယာ၊ မိမိ၌ထင်ရှားရှိသောအပြစ်ကို ဖုံးလွှမ်းလှည့်ပတ်ခြင်း။

၈။ သာထေယျ၊ မိမိ၌ ထင်ရှားမရှိသော ဂုဏ်ကျေးဇူးကို ချီးမြှောက်ပလွှား ခြင်း၊ ဝါ-စဉ်းလဲခြင်း။

၉။ ထမ္ဘ၊ ခိုင်မာခြင်း။

၁၀။ သာရမ္ဘ၊ သူတပါးကို ဘိစီးချုတ်ချယ်ခြင်း။

၁၁။ မာန၊ ငါသာလျှင် မြတ်၏ဟု ထောင်လွှားမာန်မူခြင်း။

၁၂။ အတိမာန၊ အလွန်ထောင်လွှား မာန်မူခြင်း။

၁၃။ မဒ၊ မာန်ယစ်ခြင်း။

၁၄။ ပမာဒ၊ မေ့လျော့ခြင်း—
စသော ယုတ်မာသော တရားတို့ မဖြစ်သဖြင့်ရင်း။

အလိုနည်းခြင်း၊ ရောင့်ရဲခြင်း၊ ခေါင်းပါးခြင်း-စသော တရားတို့ဖြစ်သဖြင့် ရင်း၊ သီလဖြူစင်ခြင်းသည် ဖြစ်၏။

## ဝေါဒါနသီလ၏ အကျိုးပြ

"ဝေရုပါနိ သီလာနိ အခဏ္ဍာနိ အဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ ဘုဇိဿာနိ ဝိညူပသတ္ထာနိ အပရာမဋ္ဌာနိ သမာဓိ သံဝတ္တနိကာနိ အဝိပ္ပဋိသာရဝတ္ထုကာနိ ပါမုဇ္ဇဝတ္ထုကာနိ ပီတိဝတ္ထုကာနိ ပဿဒ္ဓိဝတ္ထုကာနိ သုခဝတ္ထုကာနိ သမာဓိ ဝတ္ထုကာနိ ယထာဘူတ ဉာဏဒဿန ဝတ္ထုကာနိ ဧကန္တ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။"

(ပရိသမ္ဘိဒါမဂ် မဟာဝဂ် ဉာဏကထာမှ)

လာဘ်ဟူသော အကြောင်းကြောင့်ငှင်း၊ အခြံအရံအကျော်အစောဟူသော အကြောင်းကြောင့်ငှင်း၊ အဆွေအမျိုးဟူသော အကြောင်းကြောင့်ငှင်း၊ ကိုယ်လက်အင်္ဂါဟူသော အကြောင်းကြောင့်ငှင်း၊ အသက်ဟူသော အကြောင်းကြောင့်ငှင်း၊ ဆောက်တည်ထားတဲ့ သီလကို မကျိုး မပေါက် မကျား မပြောက် စေခြင်း၊ မေထုန်ငယ် ခုနစ်ပါးနှင့် မယှဉ်ခြင်း၊ ကောဓ ဉပနာဟ စတဲ့ ပါပဓမ္မတို့မှ လွတ်ခြင်းကြောင့် ဖြူစင်သော သီလသာလျှင်—

၁။ ဘုဇိဿ၊ တဏှာအရှင် သို့ကျွန်အဖြစ်မှ တော်လှန်နိုင်၏။

၂။ ဝိညူပသတ္ထ၊ ပညာရှိတွေ ချီးမွမ်းကြ၏။

၃။ အပရာမဋ္ဌ၊ တဏှာဒိဋ္ဌိတို့သည် မှားသောအားဖြင့် မသုံးသပ်အပ်။

၄။ သမာဓိသံဝတ္တနိက၊ ဉပစာရ အပ္ပနာ မဂ္ဂ ဖလ သမာဓိကို ဖြစ်စေနိုင်၏။

၅။ အဝိပ္ပဋိသာရဝတ္ထုက၊ စိတ်နှလုံးသာကြည်မှု၏ တည်ရာဖြစ်၏။

၆။ ပါမုဇ္ဇဝတ္ထုက၊ အားနည်းသော ပီတိ ဝမ်းမြောက်ခြင်း၏ တည်ရာဖြစ်၏

၇။ ပီတိဝတ္ထုက၊ အားကြီးသော ပီတိ၏တည်ရာ ဖြစ်၏။

၈။ ပဿဒ္ဓိ ဝတ္ထုက၊ ကိုယ်၏ ငြိမ်းခြင်း၊စိတ်၏ငြိမ်းခြင်း၏တည်ရာဖြစ်၏။

၉။ သုခဝတ္ထုက၊ ကိုယ်၏ ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်း၏ တည်ရာဖြစ်၏။

၁၀။ သမာဓိဝတ္ထုက၊ စိတ် တည်ကြည်မှု၏ တည်ရာဖြစ်၏။

၁၁။ ယထာဘူတ ဉာဏဒဿန ဝတ္ထုက၊ တရုဏဝိပဿနာ ဉာဏ်အမြင်၏ တည်ရာဖြစ်၏။

၁၂။ ကေန္တနိဗ္ဗိဒါယ၊ စင်စစ် ဝဋ်ကိုပျင်းရိ ငြီးငွေ့ခြင်းငှါ ဖြစ်၏။

၁၃။ ဝိရာဂါယ၊ ဝဋ်၌ တပ်ခြင်း ကင်းခြင်းငှါ ဖြစ်၏။

၁၄။ နိရောဓာယ၊ ဝဋ်တရား ချုပ်ခြင်းငှါ ဖြစ်၏။

၁၅။ ဉပသမာယ၊ ဝဋ်တရား ငြိမ်းခြင်းငှါ ဖြစ်၏။

၁၆။ အဘိညာယ၊ ဝဋ်ကို ထိုးထွင်း၍ သိခြင်းငှါ ဖြစ်၏။

၁၇။ သမ္ဘောဓာယ၊ ဝဋ်မှ နိုးခြင်းငှါ ဖြစ်၏။

၁၈။ နိဗ္ဗာနာယ၊ နိဗ္ဗာန်သို့ ရောက်ခြင်းငှါ ဖြစ်၏။

'ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု'

**ဣဒံ မေ ပုညံ အနက်**

မေ၊ ရုပ် နာမ်နှစ်ထပ် ငါးရုပ် ခန္ဓာ စုကာနေမှု ဓာတုသဘော ဆိတ်သော ဇီဝ နိသတ္တဟု ပရမတ္ထတွင် ပညတ်တင်၍ ခေါ်တွင် ဝေါဟာ သစ္စာ သမုတိ သူ ငါ မှည့်သည့် (တပည့်တော်၏) (တပည့်တော်မ၏။) ဣဒံ ပုညံ၊ ပရိစ္စာဂ ဒါန စေတနာ (ငါးဖြာ သီလ) (ရှစ်ဖြာ သီလ) (ဆယ်ဖြာ သီလ) သမာဒါန စေတနာ ဝိရတီ ပွားသည် ဘာဝနာ စေတနာ သင်္ခါရ ဤပုညသည်။ အာသဝက္ခယံ၊ ကာမာသဝ စသည်လေးဖြာ ကုန်ရာအမှန် သုခံသန္တိ မရှိနာမ်ရုပ် ငြိမ်းချုပ်မြေ ဘုရား စသား သူမြတ်များတို့ ပျော်ပါးစံရာ မနာမအို မပျိုမသေ ဌာနေဓာတု နိဗ္ဗာန်ဟုခေါ် ရွှေပြည်တော်သို့။ အာဝဟံ၊ ကောင်းကင်ယံသွား လေယာဉ်လားသို့ လျင်လျား မြန်စွာ ပုညာယာန မြတ်လှယာဉ်ခေါ် မဂ္ဂင်တော်ဖြင့် ပြည်တော်အရောက် ပို့ဆောင် မြောက်သည်။ ဟောတု၊ လွဲသွေချော်သွား မရှိငြားဘဲ တောင်းထား ပတ္ထနာ လိုရာဆုမြတ် ရလတ် ဝိဝဋ္ဋ မုချမှန်စွာ ဖြစ်ပါစေသား အရှင်ဘုရား။

အာသဝက္ခယာဝဟံ - ကို- အာသဝက္ခယံ+အာဝဟံ၊ ပုဒ်ဖြတ်ပါ။

## လေ့ကျင့်ခန်း မေးခွန်းများ

၁။ ရှစ်ပါး ဥပုသ်သီလကို ရေတွက်ပြပါ။

၂။ ရှစ်ပါး ဥပုသ်သီလ၏ အကျိုးကို ဝိတ္ထတူ ပေါသထ သုတ်လာအတိုင်း ဖြေပါ။

၃။ ရှစ်ပါး ဥပုသ်သီလကို တရက်ထက်ဝက် နေ့ဘက် ညဘက် အချိန် အပိုင်းအခြားဖြင့် စောင့်သင့် မသင့် ဖြေဆိုပါ။

၄။ တရက်ထက်ဝက် ညဘက် ဥပုသ်စောင့်လို့ အကျိုး ရဘူးသော ဝတ္ထု သက်သေတခု ထုတ်ပြပါ။

၅။ ပုရောဟိတ်ပုဏ္ဏားကြီး ဝေမာနိကပြိတ္တာ ဖြစ်ပြီး ညဘက်မှာ နတ်စည်းစိမ်ကို ခံစားရ၊ နေ့ဘက်မှာ ဆင်းရဲဒုက္ခ ခံစားရရာ၌ အကြောင်းကံကို ဖော်ပြပါ။

၆။ ဝေမာနိကပြိတ္တာကြီး သရက်ဥယျာဉ်ကြီးကို ရရာ၌ အကြောင်းကံကို ပြပါ။

၇။ အနာထပိဏ်သူဌေးကြီးသည် ဥပုသ်နေ့များ၌ မိမိအလုပ်သမားများကို အဘယ်သို့ ပြုစီရင်သနည်း။

၈။ အနာထပိဏ်သူဌေးကြီး၏ အလုပ်သမားတယောက် နေ့ထက်ဝက် အဋ္ဌင်္ဂ ဥပုသ်သီလ အကျိုးရပုံကို ဖြေပါ။

၉။ ဥပုသ်ရက် သုံးမျိုးကို ရေတွက်ပြပါ။

၁၀။ တလ-၌ တနှစ်-၌ ပကတိ ဥပုသ်ရက်ပေါင်း ဘယ်နှစ်ရက် ရှိသနည်း။

၁၁။ အဘယ်ကြောင့် ပဋိဇာဂရ ဥပုသ် မည်သနည်း၊ တလ-၌ တနှစ်-၌ ပဋိဇာဂရ ဥပုသ်ရက်ပေါင်း မည်မျှရှိသနည်း။

၁၂။ တနှစ်၌ ပါဋိဟာရိယ ပက္ခ ဥပုသ် ရက်ပေါင်း မည်မျှရှိသနည်း။

၁၃။ ဥပုသ်အပြား သုံးပါးကို ရေတွက်ပြပါ။

၁၄။ အဘယ်သို့ စောင့်သုံးသော ဥပုသ်မျိုးကို နွားကျောင်းသား ဥပုသ်ဟု ဆိုပါသနည်း။

၁၅။ ခေတ်ပေါ် ခွေးဥပုသ်, ဝက်ဥပုသ်, ဆက်ရက်ဥပုသ်များကို ပြဆိုပါ။

၁၆။ နွားကျောင်းသား ဥပုသ်မျိုး ခွေးဥပုသ်, ဝက်ဥပုသ်, ဆက်ရက်ဥပုသ်မျိုး စောင့်သုံးလို့ အကျိုးကြီး မကြီး ဖြေပါ။

၁၇။ တိတ္ထိနိဂဏ္ဌ ဥပုသ်ဟူသည် အဘယ်နည်း၊ ၎င်းဥပုသ်မျိုး အကျိုး ရှိ မရှိ ဖြေပါ။

၁၈။ အရိယာဥပုသ်အပြားကို ရေတွက်ပြပါ။

၁၉။ အဘယ်သို့ စောင့်သုံးသော ဥပုသ်ကို ဘုရားဥပုသ်ဟု ဆိုပါသနည်း။

၂၀။ အဘယ်ပုံ စောင့်သုံးသော ဥပုသ်ကို တရားဥပုသ်, သံဃာဥပုသ်, သီလဥပုသ်, နတ်ဥပုသ်, ရဟန္တာ ဥပုသ်ဟု ဆိုပါသနည်း။

၂၁။ အကျိုးကြီးသော ဥပုသ်စောင့်ပုံ စောင့်နည်းကို ဖြေပါ။

၂၂။ ဥပုသ် ဥပုသ်နေ့ ဥပုသ်စောင့် သုံးမျိုးကို ခွဲခြား ဖြေဆိုပါ။

၂၃။ ဥပုသ်စောင့်ပုံ အစီအစဉ်ကို ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

၂၄။ တရက်ဥပုသ် စောင့်သုံးသူသည် နောက်တနေ့၌ သိက္ခာစွန့်ပယ်ဖွယ် ရှိပါသလား။

၂၅။ ဘုရားလက်ထက်က ဥပုသ်သည်မ ငါးရာမှ မိန်းမကြီး, မိန်းမလတ်, မိန်းမငယ် သုံးမျိုးတို့ ဝိသာခါ ကျောင်းအမ အမေးကို ဖြေဆိုပုံ အသီးသီး ပြပါ။

၂၆။ အဘယ်ကို လိုလားတောင့်တပြီး ဥပုသ်စောင့်ရမည်နည်း။

၂၇။ ဥပုသ်နေ့ အလုပ်ပိတ်သင့်ပုံနှင့် ရည်ရွယ်ချက်ကို ဖြေပါ။

၂၈။ ဆယ်ပါးသီလကို ရေတွက်ပြပါ။

၂၉။ ဆယ်ပါးသီလကို လူပုဂ္ဂိုလ်တို့ စောင့်ကောင်းပါသလား။

၃၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏ သုံးမျိုး၏ အသီးသီး အနက်ကို ဖြေပါ။

၃၁။ ပဋိဂ္ဂဟဏ အရ ခံခြင်းသုံးမျိုးကို ရေတွက်ပြပါ။

၃၂။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏ တရားကိုယ်နှင့် အင်္ဂါသုံးပါးကို ဖြေဆိုပါ။

၃၃။ ဆယ်ပါးသီလ၌ (၇) (၈) (၁၀)နံပါတ် သိက္ခာပုဒ် ပါဠိ၏ အနက်များကို ဖြေဆိုပါ။

၃၄။ သီလညစ်နွမ်းခြင်း, သီလကျိုးခြင်း, သီလပေါက်ခြင်း,သီလကျားခြင်း, သီလပြောက်ခြင်း အဓိပ္ပါယ်များကို နားလည်အောင် ဖြေပါ။

၃၅။ မေထုန်ငယ် ခုနစ်ပါးကို ဖြေဆိုပါ။

၃၆။ သီလဖြူစင်ကြောင်းနှင့် ဖြူစင်သောသီလ၏ အကျိုး ကျေးဇူးများကို ပြည့်စုံစွာ ပြပါ။

# စတုတ္ထပိုင်း

## ဒါနခန်း

### ဒါနတရားတော်များ

အဒန္တဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိ စ။

ဒါနံ၊ မိမိပစ္စည်း ဥစ္စာကို သူတပါးအား အကျိုးစီးပွားကို လိုလား ပူဇော်ချီးမြှောက်တဲ့ စိတ်ထားဖြင့် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဆိုတဲ့ ဒါနသည်။ အဒန္တဒမနံ၊ ကိုယ်နှုတ်စိတ်ထား ဆိုးဝါးညစ်ထေး မယဉ်ကျေးသူကို ယဉ်ကျေးအောင်ပ ဆုံးမတတ်၏။ ဒါနံ၊ မိမိပစ္စည်း ဥစ္စာကို သူတပါးအား အကျိုးစီးပွားကိုလိုလား ပူဇော် ချီးမြှောက်တဲ့ စိတ်ထားဖြင့် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဆိုတဲ့ ဒါနသည်။သဗ္ဗတ္ထသာဓကံ၊ လောကုတ်လောကီ နှစ်လီနှစ်စား အလုံးစုံသော အကျိုးစီးပွားကို ထင်ရှားမသေ့ ပြီးစေတတ်ပါပေ၏။ ဒါနေန၊ စွန့်ကြဲပေကမ်း လှူဒါန်းခြင်းဆိုဖဲ့ ဒါနကြောင့်ရင်း။ ပိယဝါစာယ၊ သာယာချောင်နှုတ်သံချိုပွား ချစ်ဖွယ်သော စကားကြောင့်ရင်း။ (ဒါယကာ၊) သဝန်တိုမစ္ဆေရကို အစင်လိုပစ်ပယ်ချပြီး သဒ္ဓါဗလဝဖြင့် စွန့်ကြဲပေးကမ်း လှူဒါန်းကြတဲ့ ပစ္စည်းမယင် အလှူရှင်တို့သည်။ ဥန္နမန္တိ၊ အရာရာတန်ခိုးမြင့်၍ မျက်နှာပွင့်လစန်းပမာလို ဂုဏ်ပါဝါတင့် ကြီးမြင့်ကြရကုန်၏။ (ပဋိဂ္ဂဟကာ စ၊) စွန့်ကြဲပေးကမ်းလှူဒါန်းသမျှ ရယူကြပြန် အလှူခံပုဂ္ဂိုလ်တို့သည်လည်း။နမန္တိ၊ မြက်ချိစားချင် တောသမင်သို့ ငဆာလျှင်မကြာ ညွတ်လာကြရကုန်သတည်း။

#### အနုဂ္ဂါမိက မြတ်ဒါန

ဒါနအမျိုးမျိုးရဲ့ အကျိုးတွေကို အကုန်အစင် သိမြင်တော်မူတဲ့ ဘုရားရှင်လည်း ဒါနကထာကို သေချာစွာ ဟောတော်မူခဲ့လေသည်၊ ကမ္ဘာသကတာ သမ္မာဒိဋ္ဌိ သူမှန်သူမြတ်တွေကလည်း ဒါနကထာကို နာကြားမှတ်သားပြီး ဟောတော်မူတိုင်း လှူဒါန်းပေးကမ်း ဒါနပြုကြသည်၊ 'အနုဂ္ဂါမိက ပုညရွှေအိုး

ဖြစ်လိုအဘိုးလည်း လွန်စွာထိုက်တန်သည်၊အရိပ်ပမာသွားလေရာရာအစဉ်တစိုက် နောက်ကလိုက်ပါပြီး အခွင့်သာတိုင်း အလှူရှင်အလိုကျအောင် ချမ်းသာသုခ အမျိုးမျိုးကို ပေးတတ်ပါသည်။

## ယဉ်ကျေးအောင်ဆုံးမ မြတ်ဒါန

ဒါနတန်ခိုးဖြင့် ပစ္စုပ္ပန် တမလွန်အကျိုး ရပုံကို ထင်ရှားအောင်ပြရလျှင် အလွန်ရိုင်းစိုင်းယုတ်မာပြီး သတ်ပုတ်ညှဉ်းဆဲရန်လာတဲ့ ရန်သူပုဂ္ဂိုလ်ပင်ဖြစ်ပါသော်လည်း အစာအာဟာရ ကျွေးမွေးခြင်း ဥစ္စာရွှေငွေပေးခြင်းဆိုတဲ့ ဒါနဖြင့် ယဉ်ကျေးလိမ္မာပြီး အလှူရှင်ကို ချစ်ခင်လာတယ်၊ ယုတ်စွအဆုံး လူသတ္တဝါကို မဆိုထားနှင့် အလွန်ကြမ်းတန်းတဲ့ ခွေးသတ္တဝါပင်ဖြစ်ပါသော်လည်း အစာ ကျွေးမွေးခြင်းဆိုတဲ့ ဒါနဖြင့် ယဉ်ကျေးလိမ္မာပြီး အမြီးကလေး လှုပ်ကာ လှုပ်ကာဖြင့် အလှူရှင်ကို ချစ်ခင်လာတယ်၊ ဒါ့ကြောင့် ဒါနဟာ မယဉ်ကျေး သေးသောသူကို ယဉ်ကျေးအောင် ဆုံးမတတ်တယ်လို့ ဟောတော်မူခဲ့သည်။

## ချမ်းသာအမျိုးမျိုးရ မြတ်ဒါန

အလှူပေးတဲ့ အလှူရှင်ကို အများသူငါပင် ချစ်ခင်မြတ်နိုးကြသည်၊ အလှူ့ရှင် ထံသို့ ဘုရားပစ္စေကဗုဒ္ဓါ သာဝကအပေါင်း အလှူခံ သူတော်ကောင်းတွေ ချဉ်းကပ်ကြသည်၊ ဘယ်သူဟာဖြင့် အလွန်သဒ္ဓါတရား များတာဘဲ၊ သာသနာ တော်ကို ကြည်ညိုတယ်၊ ရတနာသုံးပါးကို ဆည်းကပ်လုပ်ကျွေးတယ်၊ စွန့်ကြဲ ပေးကမ်းလှူဒါန်းမှု များတယ်၊ သီလရင် သူတောင်းစား ဆင်းရဲနွမ်းပါးကိုးကွယ် ရာမဲ့သူ တိရစ္ဆာန်သတ္တဝါတွေပါမကျန် ကျွေးမွေးပေးကမ်းတတ်တယ်လို့ နတ်လူ အံ့ချီး ကောင်းချီးပေးကြတယ်၊ အလှူရှင်ဟာ သွားလေရာရာ မျက်နှာပွင့်လန်း ရဲသွမ်းစိတ်ကြည်တယ်၊ ဒါနတန်ခိုးဖြင့် ပစ္စုပ္ပန်ဘဝမှာပင် အလှူရှင်အား အကျိုးအမျိုးမျိုး ပြီးစေတယ်၊ အလှူခံပုဂ္ဂိုလ်တွေမှာလည်း ဒါနကို သုံးဆောင် ရပြီး ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းမှအစ ချမ်းသာသုခအမျိုးမျိုး ကို ရကြသည်။

ဒုတိယဘဝ တမလွန်မှာလည်း ဒါနတန်ခိုးဖြင့် အလှူရှင်ဟာ နတ်ပြည်၌ ဖြစ်ရခြင်း ဘဝသမ္ပတ္တိ ဖြစ်တိုင်း ဖြစ်တိုင်းသော လူ့ဘဝ နတ်ဘဝတွေမှာလည်း

အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, အခြံအရံများခြင်း,အစိုးရခြင်း ဆိုတဲ့ အကျိုးငါးပါးဖြင့် ဒါန မပြုသူတို့ထက် သာလွန်ရခြင်း၊ ယုတ်စွ အဆုံး ခွေး နွား ကြက် ငှက်စတဲ့ တိရစ္ဆာန်ဘဝကို ရပါသော်လည်း အစာအာဟာရမှစပြီး ဒါန မပါတဲ့ တိရစ္ဆာန်တွေထက် အဆင်ပြေမှု ရမည်။

## ဒါနသီလဘာဝနာ သုံးဖြာစုံမှ နိဗ္ဗာန်ရ

ဒါန မပါလျှင် ဖြစ်လေရာဘဝမှာ ပစ္စည်းဥစ္စာ ဆင်းရဲမွဲတေပြီး မနက်စာ မနက်, ညစာည ဆိုသလို လုပ်ကိုင်စားသောက် နေရလို့ ဥပုသ်စောင့်နိုင်ဘို့တောင် မလွယ်ကူလှဘူး၊ ရက်ရှည် လရှည် ယောဂီလုပ်ပြီး ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်နိုင်မှု ဆိုတာ ဝေးတယ်ပေါ့၊ 'ဥစ္စာမရှိ ဂတိမတည်' ဆိုဒါမျိုးလိုပစ္စည်းဥစ္စာမွဲပြီဆိုမှဖြင့် ငါးပါးသီလကိုပင် လုံခြုံအောင် စောင့်ထိန်းနိုင်ဘို့ မလွယ်ကူဘူး၊ ဒါနပါမှ ဖြစ်လေရာဘဝမှာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာမည်၊ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာပါမှ စိတ်တိုင်းကျသီလကိုလုံခြုံအောင် စောင့်ထိန်းနိုင်မည်၊ သီလလုံခြုံပါမှ ဘာဝနာကမ္မဋ္ဌာန်းကိုလည်း ပြည့်စုံအောင် အားထုတ်နိုင်မည်၊ ဒါန, သီလ, ဘာဝနာ ပြည့်စုံပါမှ နိဗ္ဗာန်ချမ်းသာကြီးကို ရမည်။

## ခပ်သိမ်းကျိုး ပြီးလှ မြတ်ဒါန

ဒါ့ကြောင့် ဒါနဟာ မိမိအကျိုးစီးပွား၊ သူတပါးတို့၏ အကျိုးစီးပွား၊ ပစ္စုပ္ပန် အကျိုးစီးပွား၊ တမလွန် အကျိုးစီးပွား၊ လောကီ အကျိုးစီးပွား၊ လောကုတ္တရာ အကျိုးစီးပွား အားဖြင့် အလုံးစုံသော အကျိုးစီးပွားကို ပြီးစေတတ်သည်၊ ဒါန မပြုသူတို့ထက် အရာရာတန်ခိုးသာပြီး အများသူငါပင် အလှူရှင်သို့ ညွတ်လာရသည်ဟု ဟောတော်မူသည်။

## ဒါနနှစ်မျိုး

အဲဒီ ဒါနကလည်း-- ၁။ စေတနာဒါန၊

၂။ ဝတ္ထုဒါန လို့ နှစ်မျိုးနှစ်စား ရှိတယ်။

**စေတနာ ဒါန**

မလှူမီရှေးအဘို့မှာ အလှူပေးမည်လို့ ကြံစည်စိတ်ကူး အလှူ၏အဆောက်အဦ တွေကို ရှာဖွေဆည်းပူးရာ အခါမှစပြီး တဖွားဖွားဖြစ်ပေါ်လာတဲ့ ပုဗ္ဗစေတနာ တွေ၊ လှူတန်းလှူဆဲအခိုက် အတံ့မှာ တဖွားဖွား ဖြစ်ပေါ်လာတဲ့ မုဉ္စစေတနာ တွေ၊ ပေးလှူပြီး နောက်အခါမှာ မိမိဒါနကို အမှတ်ရ ဝမ်းမြောက်မိတိုင်း တဖွားဖွား ဖြစ်ပေါ်လာတဲ့ အပရစေတနာတွေ အဲဒီစေတနာတွေကို စေတနာ ဒါနလို့ ခေါ်သည်။

**ဝတ္ထုဒါန**

လှူဘွယ်ဝတ္ထုပစ္စည်းတွေကို ဝတ္ထုဒါနလို့ ခေါ်သည်၊ အဲဒီ ဝတ္ထုဒါနမှာလည်း စားဖွယ်, သောက်ဖွယ်, အဝတ်အထည်, ယာဉ်, ပန်း, နံ့သာ, နံ့သာပျောင်း, အိပ်ရာနေရာ, ခုတင်, ညောင်စောင်း, ကျောင်း,စရပ် အရိပ်အာဝါသ မီးအလင်း ရောင်အားဖြင့် သုတ္တန်လာ ဝတ္ထုဒါန (၁၀)ဆယ်မျိုး၊ ဆွမ်း, သင်္ကန်း,ကျောင်း, ဆေး အားဖြင့် ဝိနည်းလာ ဝတ္ထုဒါန (၄)လေးမျိုး၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ,ဓမ္မာရုံ အားဖြင့် အဘိဓမ္မာလာ ဝတ္ထုဒါန (၆)ခြောက်မျိုး အားလုံးပေါင်း ဝတ္ထုဒါန (၂၀) နှစ်ဆယ် ရှိသည်။

**ပြည့်စုံပါမှ အကျိုးလှ**

စေတနာ ဒါနမှာ စေတနာသုံးတန်လုံး ပြည့်စုံစေရမည်၊ ဤဒါနဖြင့် မချွတ်လျှင် ဘဝလွတ်မြောက်မှုကိုရပြီး နိဗ္ဗာန်ချမ်းသာကြီးကို မျက်မှောက်ပြုရ ရတော့မှာဘဲလို့ အောက်မေ့ဆင်ခြင်ကာ မလှူမီရှေးအဘို့မှာလည်း ဝမ်းမြောက် ဝမ်းသာ လှူတန်းလှူဆဲ အခိုက်အတံ့မှာလည်း ဝမ်းမြောက်ဝမ်းသာ ပေးလှူပြီး နောက် အခါမှာလည်း ဝမ်းမြောက် ဝမ်းသာ ဖြစ်စေရမည်၊ အလှူဒါနကို အကြောင်းပြုပြီး နှလုံးမသာယာမှု မဖြစ်ပွားစေရ။

ဝတ္ထုဒါနမှာ တရားနှင့် အညီ ရှာဖွေပြီး ရရှိထားတဲ့ ဝတ္ထုပစ္စည်းများ ဖြစ်စေရမည်၊ ဖောက်ကားရောင်းဝယ် ကုန်သည် ပွဲစား ဈေးသည်အမှု လုပ်ငန်း များဖြင့်ရင်း၊ ထွန်ယက် စိုက်ပျိုး တောင်သူ လယ်သမား အလုပ်မျိုးဖြင့်ရင်း၊ အခြားအကုသိုလ် အပြစ်ကင်းတဲ့ အမှုထမ်း အရာထမ်း ပညာရေးလုပ်ငန်းများ

ဖြင့်ရင်း၊ ရရှိထားတဲ့ ဝတ္ထုပစ္စည်း ဖြစ်စေရမည်၊ သတ္တဝါတွေကို ညှဉ်းဆဲ နှိပ်စက်သတ်ဖြတ်ပြီး ရယူထားတဲ့ ပစ္စည်းများ အနိုင်အထက် လုယက်ခိုးဝှက်ပြီး ရယူထားတဲ့ ပစ္စည်းများ လိမ်ညာပြီး ရယူထားတဲ့ ပစ္စည်းများ၊ အကုသိုလ် အပြစ်မကင်းဘဲ ရယူထားတဲ့ ပစ္စည်းများ မဖြစ်စေရ။

စေတနာ ဒါန ဝတ္ထုဒါန နှစ်မျိုးလုံးပြည့်စုံပါမှ အကျိုးပေးလှပမည်။

မှတ်ရန်။ ။အဒန္တဒမန-  ဂါထာမှစ၍ ဤအထိ ဒါနပွဲတိုင်း ထည့်သွင်း ဟောကြားနိုင်သည်။

* ပိလိန္ဒဝစ္ဆတ္ထေရ- အပဒါန်ပါဠိတော်လာ (၄၆–မျိုးသော ဒါနအကျိုး များ ပြောင်းလဲ ဟောကြားရန်။)

ဒါနတန်ခိုး အကျိုးများပုံ ဝတ္ထုသက်သေကတော့- ဤဘဒ္ဒကမ္ဘာမှ နောက် ပြန်ရေတွက်လျှင် ကမ္ဘာတသိန်းထက်တွင်ဟံသာဝတီ နေပြည်တော်ကြီးမှာ ပဒုမုတ္တရဘုရားရယ်လို့ လူတွင်ထင်ရှား ပွင့်တော်မူသွားခဲ့တယ်၊ထိုစဉ်အခါပိလိန္ဒဝစ္ဆ မထေရ်မြတ်ဟာ တံခါးမှူး ဖြစ်ပြီး ချမ်းသာအမျိုးမျိုးကို ဖြစ်စေနိုင်တဲ့ အလှူ ဒါနကို အားရပါးရ ပြုရတော့မှာဘဲလို့ ကြံစည်စိတ်ကူး ရည်ရွယ်ချက် အထူး ဖြင့် အလှူမဏ္ဍပ်ကြီးတွေ ဆောက်လုပ်ခြင်း လှူဘွယ်ဝတ္ထုတွေကို စီရင်ခြင်း အမှု တွေကို ပြည့်စုံစေပြီး အာနန္ဒာမင်းမြတ်ကို ပန်ကြားကာ ဘုရားအမှူးရှိတဲ့ သံဃာ တော် တသိန်းတို့အား ပင့်ဘိတ်၍ (ဒါန ၄၆-မျိုး ပြောင်းလဲရန် ဌာန) (ထီး) တသိန်းတို့ကိုပေးလှူခဲ့၏၊အဲဒီကောင်းမှုကံကြောင့် နိဗ္ဗာန်ရသည့် ဘဝတိုင်အောင်- (ထီး)အကျိုး (၈) မျိုးတို့ကို ရရှိသုံးဆောင်ရခဲ့သည်။

ပိလိန္ဒဝစ္ဆတ္ထေရအပဒါန် ပါဠိတော်မှာ ဟောတော်မူခဲ့သည်မှာ ဒီလိုတဲ့။

## ၁။ ထီးအလှူ၌ အကျိုး (၈) ပါး

က။ ဆတ္တေ စ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ သီတံ ဥဏှံ န ဇာနာမိ၊ ရဇောဇလ္လံ န လိမ္ပတိ။
အနုပဒ္ဒဝေါ အနီတိ စ၊ ဟောမိ အပစ္စိတော သဒါ။

ဂ။ သုခုမစ္ဆဝိကော ဟောမိ၊ ဝိသဒံ ဟောတိ မာနသံ။
ဆတ္တသတာသဟဿာနိ၊ ဘဝေ သံသရတော မမ။

ဃ။ သဗ္ဗာလင်္ကာရယုတ္တာနိ၊ တဿ ကမ္မဿ ဝါဟသာ။
ဣမံ ဇာတိံ ဌပေတွာန၊ မတ္ထကေ ဓာရယန္တိ မေ။

င။ ကသ္မာ ဣမာယ ဇာတိယာ၊ နတ္ထိ မေ ဆတ္တဓာရဏာ။
မမသဗ္ဗံ ကတံ ကမ္မံ၊ ဝိမုတ္တိဆတ္တပတ္တိယာ။

အနက်

က။ အဟံ၊ ငါသည်။ သုဂတေ စ၊ သုံးလူ့ထွတ်ဖျား ပဒုမုတ္တရမြတ်စွာဘုရားအားရင်း။ ဂဏာဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ စ၊ ဘုရားသားကျော် တသိန်းသော သံဃာတော်အားရင်း။ ဆတ္တေ၊ သင်္ချာတွက်ကိန်း ထီးတသိန်းတို့ကို။ ဒတွာ၊ သဒ္ဓါဖွေးဖြူ အလေးမူပြီး ပေးလှူခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကော၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့်လျော်ကန်လျောက်ပတ်ကုန်သော။ အဋ္ဌာနိသံသေ၊ ရှစ်မျိုးအပြား ထီးအလှူ၏အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ သီတံ၊ တေဇော သီတ ကိုယ်မှာခ၍ ချမ်းအေးလှခြင်းကိုရင်း။ ဥဏှံ၊ တေဇော ဥဏှ ကိုယ်မှာခ၍ ပူအိုက်လှခြင်းကိုရင်း။ န ဇာနာမိ၊ ကိုယ်မှာမထိလို့ ချမ်းမှန်း ပူမှန်း မသိရပါပေ။ မေ၊ ငါ့အား။ ရဇောဇလ္လံ၊ မစင်မကြယ် ရွှံ့ဘွယ်ညစ်ထေး မှုန့် အညစ်အကြေးသည်။ န လိမ္ပတိ၊ ကိုယ်မှာမတင်သန့်စင်စေရန် မလိမ်းကျံ။ အဟံ၊ ငါသည်။ အနုပဒ္ဒဝေါ စ၊ တွင်း ပနှစ်တန်ဘေးရန်မရှိသူသည်ရင်း။ အနီတိ စ၊ ကိုယ်စိတ်နှစ်တွဲ ဆင်းရဲမရှိသူသည်ရင်း။ သဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ အပစိတော စ၊ မြတ်နိုးကော်ရော် လူနတ်တို့၏ အပူဇော်ကို ခံရသူသည်ရင်း။ ဟောမိ၊ ကြောင်းကျိုးညီညာ ကောင်းစွာမသွေ ဖြစ်ရပေ၏။

ဂ-ဃ။ အဟံ၊ ငါသည်။ သုခုမစ္ဆဝိကော၊ လှပပြည့်တင်း သိမ်မွေ့နူးညံ့သော အရေအဆင်းရှိသူသည်။ ဟောမိ၊ ကြောင်းကျိုးညီညာ ကောင်းစွာမသွေဖြစ်ပါလေ၏။ မေ၊ ငါ၏။ မာနသံ၊ ရောင်ဝါဖိတ်ဖိတ် ပင်ကိုယ်စိတ်သည်။ ဝိသဒံ၊

ညစ်ကြေးမတင် သန့်ရှင်းကြည်လင်သည်။ဟောတိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။ ဘဝေ၊ ဖြစ်မှုပျက်ရ သံသရာဘဝ၌။ သံသရဓော၊ ဖြစ်ချည် ပျက်ချည် အတည်မကျပြေးသွား ကျင်လည်ရသော။မမ၊ ငါ့အား။သဗ္ဗာလင်္ကာရယုတ္တာနိ၊ တန်ဆာအသွယ်သွယ် ချယ်လယ်အလုံးစုံ ဆင်ယင်ကုန်သော။ ဆတ္တာသတ-သဟဿာနိ၊သင်္ချာတွက်ကိန်း ထီးတသိန်းတို့သည်။တဿ ကမ္မဿ၊ထိုထီးလှူခဲ့မှုန် ကောင်းမှုကံ၏။ ဝါဟသာ၊ အစွမ်းထက်ပုံ သတ္တိဟုန်ကြောင့်။ ဠမံ ဇာတိံ၊ ယခုကြုံရ ဤဘဝကို။ ဥပေတဿ၊ ပစ်ပယ်သောအား ကြဉ်ကာထား၍။ မေ၊ ငါ၏။ မတ္ထကေ၊ အထွဋ်အမြတ်ထား ဦးထိပ်ဖျား၌။ ဓာရယန္တိ၊ ဆင်းရဲမတိုး ချမ်းသာဖြိုးအောင် ဆောင်မိုးလျက် ဖြစ်ကုန်၏။

င။ ကဿ၊ အဘယ့်ကြောင့်။ ဠမာယ ဇာတိယာ၊ ယခုကြုံရ အဆုံးစွန် ဖြစ်သော ဤဘဝ၌။ ဆတ္တဓာရဏာ၊ တန်းဆာအသွယ်သွယ် ချယ်လှယ် ဆင်ယင် ခုံမင်ဘွယ်ကောင်း ထီးအပေါင်းတို့ ဆောင်းမိုးခြင်းသည်။ နတ္ထိ၊ အမှန်တိတိ မရှိကုန်သနည်း။ မမ၊ ငါ၏။ ကတံ၊ ရှေးခါ ဆည်းစုပြုခဲ့ဘူးသော။ သဗ္ဗံ၊ ခပ်သိမ်းကြုံးခြုံ အလုံးစုံသော။ ကမ္မံ၊ စေတနာစု ကောင်းမှုကံသည်။ ဝိမုတ္တိ ဆတ္တပတ္တိယာ၊ ကိလေသာဟူ အပူကာဆီး အရဟတ္တာဖိုလ် ထီးတော်ကြီးကိုရပြီးသောချာဆောင်းမိုးရခြင်းငှါ။ ဟောတိ၊ မုချမသွေ ဖြစ်ပါပေ၏။

၁။ အချမ်း အပူ ကင်းခြင်း။

၂။ မြူအညစ်အကြေး ကင်းခြင်း။

၃။ ဘေးရန်ကင်းခြင်း။

၄။ ဆင်းရဲကင်းခြင်း။

၅။ အပူဇော်ခံရခြင်း။

၆။ သိမ်မွေ့နူးညံ့သော အရေအဆင်းရှိခြင်း။

၇။ စိတ်ကြည်လင် သန့်ရှင်းခြင်း။

၈။ ထီးအမျိုးမျိုး ဆောင်းရခြင်း။

* ချမ်းပူကင်းဝေး၊ ညစ်ကြေးကင်းစင်၊ ရန်လျှင်ကင်းစွဲ၊ ဆင်းရဲကင်းပြတ်၊ လူနတ်ပူဇော်၊ ရေသော်နုနယ်၊ စိတ်ဝယ်သန့်ရှင်း၊ ဆောင်းခြင်းထီးမူ၊ ကျမ်းလာဟူ၊ ရှစ်ဆူ ထီးအကျိုး။

ဤကဲ့သို့ ဟောတော်မူသောကြောင့် စေတီတော် မြတ်ကြီးအား ရွှေထီး လှူဒါန်းကြတဲ့ ရုပ်ပွား ဆင်းတုတော်မြတ်အား ထီးဖြူတော် လှူဒါန်းကြတဲ့ သံဃာတော်ကောင်း အပေါင်းတို့အား (ထီးအလှူ၏ အကျိုးရှစ်မျိုး) တို့ကို ဘဝတိုင်း သုံးဆောင်ခံစားကြရပြီး အဆုံးဘဝ၌ အရဟတ္တဖိုလ်ထီးတော်ကြီး ကိုလည်း ဆောင်မိုးရမည်ဟု ယုံကြည်မှတ်သား ကုသိုလ်တရားကို ပွားများကြ ကုန်ရာသတည်း။

မှတ်ရန်—စွမ်းနိုင်သေးက သစ္စာလေးပါးတရားကို ဆက်ဟောပြီး အဆုံးသတ်ပါ၊ သစ္စာလေးပါးတရားကို မမှကထိကဂုဏ်ရည် မြင်းခြံတရားစာတွင်ရှုပါ။

## ၂။ အဝတ် သင်္ကန်း အလှူ၌ အကျိုး (၈)ပါး

က။ ဒုဿာနိ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ သုဝဏ္ဏဝဏ္ဏော ဝိရဇော၊ သပ္ပဘာသော ပတာပဝါ။
သိနိဒ္ဓံ ဟောတိ မေဂတ္တံ၊ ဘဝေ သံသရတော မမ။

ဂ။ ဒုဿသတသဟဿာနိ၊ သေတာပီတာ စ လောဟိတာ။
ဓာရေန္တိ မတ္ထကေ မယှံ၊ ဒုဿဒါနဿိဒံ ဖလံ။

ဃ။ ကောသေယျကမ္ဗလိယာနိ၊ ခေါမကပ္ပါသိကာနိ စ။
သဗ္ဗတ္ထ ပဋိလဘာမိ၊ တေသံ နိဿန္ဒတော အဟံ။

အနက်

က။ အဟံ၊ ငါသည်။ သုဂတေ၊ သုံးလူထွတ်ထား ပဒုမုတ္တရမြတ်စွာဘုရား အားရှင်း။ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရား သားကျော် တသိန်းသော သံဃာတော်အားရှင်း။ ဒုဿာနိ၊ သင်္ကန်းလျာမျိုး တသိန်းသော အဝတ်ပုဆိုးတို့ကို။ ဒတွာ၊ သဒ္ဓါဖွေးဖြူ အလေးမူပြီး ပေးလှူ ခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန်လျောက်ပတ်ကုန်သော။ အဋ္ဌာနိသံသေ၊ ရှစ်မျိုးအပြား အဝတ် သင်္ကန်းအလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင် ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ သုဝဏ္ဏဝဏ္ဏော၊ ရွှေအဆင်းသို့ ဝါဝင်းကြည်လင် လှပသော ရုပ်သွင်ရှိသည်။ ဝိရဇော၊ မစင် မကြွယ် ရှိဘွယ်ညစ်ထေး မြူ အညစ် အကြေးကင်းသည်။ သပ္ပဘာသော၊ ပြိုးပြိုးပြက်ပြက် အရောင်ထွက်သည်။ ပတာပဝါ၊ အာဏာဖြိုးဖြိုး တန်ခိုးကြီးမားသည်။ဟောမိ၊ ကြောင်းကျိုးညီညာ ကောင်းစွာမသွေ ဖြစ်ခဲ့ပါပေ၏။ မေ၊ ငါ၏။ ဂတ္တံ၊ အတ္တဘောခေါ်ဆို ခန္ဓာ ကိုယ်သည်။ သိနိဒ္ဓံ၊ ရှုချင်သဖွယ် နူနယ်ကျစ်လစ် ချောမော ပြေပြစ်သည်။ ဟောတိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။ဘဝေ၊ ဖြစ်မှုပျက်ရ သံသရာဘဝ ၌။ သံသရတော၊ ဖြစ်ချည် ပျက်ချည် အတည်မကျ ပြေးသွားကျင်လည်ရ သော။ မမ၊ ငါ့အား။

ဂ။ သေတာ၊ ညစ်ကြေးမတင် ဘော်အသွင်သို့ ဖြူစင်သော အဆင်းရှိကုန် သော။လောဟိတာ၊လှပတင့်ဆန်း လယ်ခေါင်ရမ်းသို့ နီမြန်းသောအဆင်းရှိကုန် သော။ ဒုဿသတသဟဿာနိ၊ သချ်ာတွက်ကိန်း အဝတ်ပုဆိုး ထသိန်းတို့သည်။ မယှံ၊ငါ၏။မတ္ထကေ၊ အထွဋ်အမြတ်ထား ဦးထိပ်ဖျား၌။ခေရေန္တိ၊ဆင်းရဲမတိုး ချမ်းသာဖြိုးအောင် ဆောင်းမိုးလျက်ဖြစ်ကုန်၏။ဣဒံ၊ ဤသို့နှစ်မြို့ဖွယ်ရာ ရှစ်ဖြာ ဣဋ္ဌ ဖြစ်ရခြင်းသည်။ဒုဿဒါနဿ၊ သက်န်းလျာမျိုး တသိန်းသော အဝတ်ပုဆိုး အလှူ၏။ဖလံ၊ မျက်ဝါးထင်ထင် ရအပ်သော အကျိုးအာနိသင်ပါတည်း။

ဃ။ အဟံ၊ ငါသည်။ သဗ္ဗတ္ထ၊ ကြွင်းမဲ့ချက်ကုန် အလုံးစုံသောဘဝတို့၌။ တေသံ၊ ထို ဘုရား သံဃာ ပေးလှူပါရ သချ်ာတွက်ကိန်း သက်န်းလျာ အဝတ် ပုဆိုး တသိန်းတို့၏။ နိဿန္ဒတော၊ မကင်းနိုင်ချက် အကျိုးဆက်ကြောင့်။ ကောသေယျကမ္ဗလိယာနိ စ၊ ချောမွေ့နူးညံ့ ဆင်းသန့်လှမျိုး ပိုးပုဆိုး သကလပ် ပုဆိုးတို့ကိုငှင်း။ ခေါမကပ္ပါသိကာနိ စ၊ ဆင်းရောင်ဖြိုးဖြိုး ခေါမ ချည်ပုဆိုး ဝါချည်ပုဆိုးတို့ကိုငှင်း။ ပဋိလဘာမိ၊ မုချမသွေ ရခဲ့ပါပေ၏။

၁။ ရွှေအဆင်းသို့ အဆင်းရှိခြင်း။

၂။ မြူ အညစ်အကြေး ကင်းခြင်း။

၃။ ပြိုးပြိုးပြက်ပြက် အရောင်ထွက်ခြင်း။

၄။ ပြေပြစ်သော ကိုယ်ရှိခြင်း။

၅။ တန်ခိုး ကြီးမားခြင်း။

၆။ အဖြူရောင် ပိုးသကလပ် ခေါမချည် ဝါချည် အဝတ်ပုဆိုးတို့ကိုရခြင်း။

၇။ အဝါရောင် ပိုးသကလပ် ခေါမချည် ဝါချည် အဝတ်ပုဆိုးတို့ကိုရခြင်း။

၈။ အနီရောင် ပိုးသကလပ် ခေါမချည် ဝါချည် အဝတ်ပုဆိုးတို့ကိုရခြင်း။

* ရွှေသို့အဆင်း၊ ညစ်ကြေးကင်းလျက်၊ ရောင်ထွက်ပြိုးပြိုး၊ တန်ခိုးကြီးလစ်၊ ပြေပြစ်ကိုယ်မှာ၊ ဖြူဝါနီမျိုး၊ ပုဆိုးရသည်၊ ကျမ်းအညီ၊ ရှစ်ပါးသီ အဝတ်သင်္ကန်း လှူကျိုးတည်း။

## ၃။ သပိတ်အလှူ၌ အကျိုး (၁၀) ပါး

က။ ပတ္တေ သုဂတေ ဒတွာန၊ သံဃေ ဂဏဝရုတ္တမေ။
ဒသာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ သုဝဏ္ဏထာလေ မဏိထာလေ၊ ရဇတေပိ စ ထာလကေ။
လောဟိတင်္ကမယေ ထာလေ၊ ပရိဘုဉ္ဇာမိ သဗ္ဗဒါ။

ဂ။ အနုပဒ္ဒဝေါ အနီတိ စ၊ ဟောမိ အပစိတော သဒါ။
လာဘီ အန္နဿ ပါနဿ၊ ဝတ္ထဿ သယနဿ စ။

ဃ။ န ဝိနဿန္တိ မေ ဘောဂါ၊ ဋ္ဌိတစိတ္တော ဘဝါမဟံ။
ဓမ္မကာမော သဒါ ဟောမိ၊ အပ္ပက္လေသော အနာသဝေါ။

င။ ဒေဝလောကေ မနုဿေ ဝါ၊ အနုဗန္ဓာ ဣမေ ဂုဏာ။
ဆာယာ ယထာပိ ရုက္ခဿ၊ သဗ္ဗတ္ထ န ဇဟန္တိ မံ။

### အနက်

က။ အဟံ၊ ငါသည်။ သုဂတေ၊ သုံးလူထွတ်ဖျား ပဒုမုတ္တရ မြတ်စွာဘုရားအားရင်း။ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော သံဃာတော်အားရင်း။ ပတ္တေ၊ သင်္ချာတွက်ကိန်း တသိန်းသော သပိတ်တော်တို့ကို။ ဒတွာန၊ သဒ္ဓါဖွေးဖြူ အလေးမူပြီး ပေးလှူခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်း

ကံနှင့် လျော်ကန် လျောက်ပတ်ကုန်သော။ ဒသာနိသံသေ၊ ဆယ်မျိုးအပြား သပိတ်အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင် ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ သုဝဏ္ဏထာလေ၊ ဆင်းဝါဖြိုးလက် အရောင်ထွက် သည့် ရွှေခွက်တို့ကိုရင်း။ မဏိထာလေ၊ အဖိုးမဟဂ္ဃ ထိုက်တန်လှငြား ပတ္တမြား ခွက်တို့ကိုရင်း။ ရဇတေ ထာလကေပိ စ၊ နှစ်သက်ဖွယ်ရာ ဖြူစွာရောင်ထွက် ငွေခွက်တို့ကိုရင်း။ လောဟိတင်္ကမယေ၊ ပတ္တမြားပြောက် ကျောက်နီဖြင့်ပြီးကုန် သော။ ထာလေ၊ လှပတင့်တယ် ခွက်ငယ် ခွက်ကြီးတို့ကိုရင်း။ သဗ္ဗဒါ၊ လုံးစုံ သဗ္ဗ အခါကာလ၌။ ပရိဘုဥ္ဇာမိ၊ လက်ဝယ်မိမိ ရရှိကာလေ သုံးဆောင် ရပါပေ၏။

ဂ။ အဟံ၊ ငါသည်။ အနုပဒ္ဒဝေါ စ၊ တွင်းပနှစ်တန် ဘေးရန်မရှိ သူသည် ရင်း။ အနီတိ စ၊ ကိုယ်စိတ်နှစ်တွဲ ဆင်းရဲမရှိသူသည်ရင်း။ သဒါ၊ နေ့ရောညဥ့်ပါ အခါခပ်သိမ်း။ အပစိတော စ၊ မြတ်နိုးကော်ရော် လူနတ်တို့၏ အပူဇော်ခံရ သူသည်ရင်း။ ဟောမိ၊ ကြောင်းကျိုးညီညာ ကောင်းစွာမသွေ ဖြစ်ရပါပေ၏။ အန္နဿ စ၊ နှစ်သက်ဖွယ်ရာ သြဇာပြည့်တင်း စားရန် အစာ ထမင်းကိုရင်း။ ပါနဿ စ၊ နှစ်မြို့ဖွယ်ရာ သောက်ရန် အဖျော် ယမကာကိုရင်း။ ဝတ္ထဿ စ၊ ပိုး ဖဲ ကမ္ဗလာ အဖြာဖြာ အမျိုးမျိုး အဝတ်ပုဆိုးကိုရင်း။ သယနဿ စ၊ နှစ်သက် ဖွယ်ရာ အိပ်ရာ နေရာကိုရင်း။ လာဘီ၊ အလိုပြည့်တင်း များစွာရခြင်းရှိသူသည်။ ဟောမိ၊ အကြောင်း လျော်စွာ ဖြစ်ခဲ့ပါ၏။

ဃ။ မေ၊ ငါ၏။ ဘောဂါ၊ ရွှေငွေ ရတနာ လယ်ယာဆင်မြင်း သင်းပင်း ခြွေရံ ကုံတံရိပ်ငြိမ် စည်းစိမ်ဥစ္စာတို့သည်။ န ဝိနဿန္တိ၊ ရန်မျိုး ငါးချက် မဖျက်မဆီး မပျက်စီးကုန်။ အဟံ၊ ငါသည်။ ဠိတစိတ္တော၊ မလိမ့်မတွန့် မလွင့် တည်တံ့သော စိတ်ရှိသူသည်။ ဘဝါမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။ သဒါ၊ နေ့ရောညဥ့်ပါ အခါခပ်သိမ်း။ဓမ္မကာမော၊ချမ်းသာပွားများ သူတော်ကောင်း တရားကို လိုလားသူသည်။ အပ္ပက္လေသော၊ ရာဂစသား ကိလေသာ နည်းပါး သူသည်။ အနာသဝေါ၊ ကာမာသဝ စသည်အပြား အာသဝေါတရား မရှိသူ သည်။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။

သုမင်္ဂလဝိ (က) ၁၀၄-၅။

င။ ဒေဝလောကေဝါ၊ အာရုံငါးလီ ထွန်းတောက်စည်သည့် နတ်ပြည်၌ ၎င်း။ မနုဿေ ဝါ၊ ကြောင်းကျိုးသိတတ် အမြတ်ဇာတ်မည် လူ့ပြည်၌၎င်း။ ဣမေ ဂုဏာ၊ ဤချမ်းသာပွားလူး ဂုဏ်ကျေးဇူးတို့သည်။ ရုက္ခဿ၊ ပေါက်ရောက်စည်ပင် သစ်ပင်၏။ ဆာယာယထာပိ၊ သဲသဲပိတ်ပိတ် ချမ်းအေးသော အရိပ်ကဲ့သို့။ မံ၊ ငါ့သို့။ အနုဗန္ဓာ၊ အစဉ်တစိုက် အမြဲလိုက်ကုန်၏။ သဗ္ဗတ္ထ၊ ကြွင်းမဲ့ချက်ကုန် အလုံးစုံသောဘဝတို့၌။မံ၊ ငါ့ကို။ န ဇဝန္တိ၊ ရှားပယ်ကြဉ်သား စွန့်ပစ်မသွားကြကုန်။

၁။ ရွှေငွေပတ္တမြား ကျောက်နီခွက်အမျိုးမျိုးတို့ကို သုံးဆောင်ရခြင်း။

၂။ ဘေးရန် မရှိခြင်း။

၃။ ဆင်းရဲ မရှိခြင်း။

၄။ လူနတ်တို့၏ အပူဇော်ကို ခံရခြင်း။

၅။ ထမင်း အဖျော် အဝတ် အိပ်ရာနေရာတို့ကို များစွာရခြင်း။

၆။ စည်းစိမ်ဥစ္စာ မပျက်စီးခြင်း။

၇။ တည်တံ့သော စိတ်ရှိခြင်း။

၈။ တရားကို လိုလားခြင်း။

၉။ ကိလေသာ နည်းပါးခြင်း။

၁၀။ အာသဝေါ ကင်းခြင်း။

*ရွှေငွေ ပတ္တမြား၊ ကျောက်နီအားဖြင့်၊ ခွက်များစွာရ၊ ဘေးပရန်စဲ၊ ဆင်းရဲကင်းပြတ်၊ လူနတ်ပူဇော်၊ အဖျော်ထမင်း၊ အိပ်ခင်းနေရာ၊ တန်းဆာအဝတ်၊ မချွတ် ရလျက်၊ မပျက်စည်းစိမ်၊ စိတ်ငြိမ်တည်ကြည်၊ လိုသည့်တရား၊ နည်းပါးကိလေ၊ ကင်းပေ အာသဝေါ၊ မိန့်ဟောလူ့ဆွေ၊ကျမ်းလာပေသည်၊ ဆယ်ထွေ သပိတ် လှူကျိုးတည်း။

## ၄။ ပဲခွပ်အရှူဒ္ဒ အကျိုး (၈) ပါး

က။ စိတ္တာဗန္ဓန သမ္ဗဒ္ဓါ၊ သုကတာ ဝါသိယော ဗဟူ။
ဒတွာန ဗုဒ္ဓသေဋ္ဌဿ၊ သံဃဿ စ တထေဝဟံ။

ခ။ အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သူရော ဟောမ ဝိသာရီ စ၊ ဝေသာရဇ္ဇေသု ပါရမီ။

ဂ။ ဓိတိ ဝီရိယဝါ ဟောမိ၊ ပဂ္ဂဟီတမနော သဒါ။
ကိလေသစ္ဆေဒနံ ဉာဏံ၊ သုခုမံ အတုလံ သုစိံ။
သဗ္ဗတ္ထ ပဋိလဘာမိ၊ တဿ နိဿန္ဒတော အဟံ။

**အနက်**

က။ အဟံ၊ ငါသည်။ သုကတာ၊ လှပသေသပ် ကောင်းစွာ ပြုလုပ်အပ်ကုန်သော။ စိတ္တာဗန္ဓနသမ္ဗဒ္ဓါ၊ အဆန်းတကြယ် သွယ်သွယ်ဖွဲ့လတ် အခွေးတပ်အပ်ကုန်သော။ ဗဟူ၊ အရေအတွက်အားဖြင့် များစွာကုန်သော။ ဝါသိယော၊ အသွားထက်လတ် ပဲခွပ်တို့ကို။ ဗုဒ္ဓသေဋ္ဌဿ စ၊ တုဘက်ကင်းလတ် ဘုရားမြတ်အားလည်းကောင်း။ တထေဝ၊ ထိုမှတပါးသာလျှင်။ သံဃဿ စ၊ ဘုရားသားကျော် သံဃာတော် အားလည်းကောင်း။ ဒတွာ၊ သဒ္ဓါဖွေးဖွေး အလေးမူပြီး ပေးလှူခဲ့ရပါသောကြောင့်။

ခ။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကော၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန်လျောက်ပတ်ကုန်သော။ အဋ္ဌာနိသံသေ၊ ရှစ်မျိုးအပြား ပဲခွပ်အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။ အဟံ၊ ငါသည်။ သူရော စ၊ ကြောက်ရွံခြင်းကင်း ရဲတင်းသည်လည်းကောင်း။ အဝိသာရီ စ၊ မတိုမတွန့် ရွံ့ရှားခြင်းကင်းသည်လည်းကောင်း။ ဝေသာရဇ္ဇေသု၊ ရဲရင့်ခြင်းမှန် ဝေသာရဇ္ဇ ဉာဏ်တို့၌။ ပါရမီ၊ ကမ်းတဖက်ပေါက် အပြီးအဆုံးသို့ရောက်သည်။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။

ဂ။ အဟံ၊ ငါသည်။ ဓိတိ၊ မြဲမြံခိုင်ခံ့ တည်တံ့သည်လည်းကောင်း။ ဝီရိယဝါ၊ အားထုတ်လုံ့လ ဝီရိယရှိသည်လည်းကောင်း။ သဒါ၊ အခါခပ်သိမ်း။ ပဂ္ဂဟီတမနော၊ တိုးတက်မြင့်မောက် ချီးမြှောက်အပ်သော စိတ်ရှိသည်လည်းကောင်း။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။ တဿ၊ ထိုဆန်းကြယ်သေသပ် အခွေးတပ်သော ပဲခွပ်အလှူ၏။ နိဿန္ဒတော၊ မကင်းနိုင်ချက် အကျိုးဆက်ကြောင့်။ ကိလေသစ္ဆေဒနံ၊ ညစ်ညူးတတ်စွာ ကိလေသာကို ပယ်ခွါစွန့်လတ် မလာမှကပ်အောင် ဖြတ်တောက်တတ်သော။ သုခုမံ၊ နူးညံ့သိမ်မွေ့သော။ ဉာဏံ၊ ထက်မြက်သန်မြန် မဂ်ဉာဏ်ကိုလည်း။ အတုလံ၊ ပြိုင်ဘက်ကင်းဘိ အတုမရှိသော။ သုစိံ၊ ညစ်ကြေးမတွယ် စင်ကြယ်

ခြင်းကိုရင်း။ သဗ္ဗတ္ထ၊ ကြွင်းမဲ့ချက်ကုန် အလုံးစုံသောဘဝတို့၌။ ပဋိလဘာမိ၊ မုချမသွေ ရခဲ့ပါပေ၏။

၁။ ရဲရင့်ခြင်း။

၂။ ရွှံ့ရှားခြင်း ကင်းခြင်း။

၃။ ဝေသာရဇ္ဇဉာဏ်ကို ရခြင်း။

၄။ တည်ကြည်ခြင်း။

၅။ လုံ့လရှိခြင်း။

၆။ ချီးမြှောက်အပ်သော စိတ်ရှိခြင်း။

၇။ ကိလေသာဖြတ် မဂ်ဉာဏ်မြတ်ကို ရခြင်း။

၈။ အတုမရှိ စင်ကြယ်ခြင်းကို ရခြင်း။

* ရဲရင့်ခြင်းများ၊ ရွံ့ရှားကင်းကွာ၊ ဝေသာရဇ်ဉာဏ်၊ ရပြန်တလီ၊ တည်ကြည်စိတ်ထား၊ ကြိုးမားလုံ့လ၊ တက်ကြွစိတ်မြတ်၊ ကိလေဖြတ် ဉာဏ်၊ စင်ကြယ်ပြန်သည်၊ ရှစ်တန် ပဲ့ခွပ် လျှကျိုးတည်း။

## ၅။ ဓားငယ် အလှူ၌ အကျိုး (၅) ပါး

က။ အကက္ကသေ အဖရုသေ၊ သုဓောတေ သတ္ထကေ ဗဟူ။
ပသန္နစိတ္တော ဒတွာန၊ ဗုဒ္ဓေ သံဃေ တထေဝ စ။

ခ။ ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
ကလျာဏမိတ္တံ ဝီရိယံ၊ ခန္တိံ စ မေတ္တာသတ္ထကံ။

ဂ။ တဏှာသလ္လဿ ဆိန္နတ္တာ၊ ပညာသတ္ထံ အနုတ္တရံ။
ဝဇီရေန သမံ ဉာဏံ၊ တေသံ နိဿန္ဒတော လဘေ။

**အနက်**

က။ အဟံ၊ ငါသည်။ အကက္ကသေ၊ မကြမ်းတန်းကုန်သော။ အဖရုသေ၊ မရှန့်ရင်းကုန်သော။ သုဓောတေ၊ ကောင်းစွာပွတ်သွေး ဆေးအပ်ကုန်သော။

ဗဟူ၊ အရေအတွက်အားဖြင့် မြားစွာကုန်သော။ သတ္တကေ၊ ရိတ်လှီးခုတ်ဖြတ်ရန် အသွယ်သွယ် ဓါးငယ်တို့ကို။ ပသန္နစိတ္တော၊ သဒ္ဓါမွမ်းသိပ် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။ ဗုဒ္ဓေ စ၊ သစ္စာဉေယျ ဓမ္မဥဿုံ အလုံးစုံကို အကုန်သိငြားပဒုမုတ္တရ ဘုရားအားရင်း။ တထေဝ၊ ထိုမှတပါးသာလျှင်။ သံဃေ စ၊ ဘုရားသားကျော် တသိန်းသော သံဃာတော်အားရင်း။ ဒတွာန၊ သဒ္ဓါချွန်မော်ပူဇော်ကြည်ဖြူ ပေးလှူခဲ့ရပါသောကြောင့်။

ခ။ မမ၊ ငါ၏။ ကမ္မာနုဘ္ဘဝိကော၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကာလျော်ကပ်ပတ်ကုန်သော။ ပဉ္စာနိသံသေ၊ ငါးမျိုးအပြား ဓါးငယ်အလှူ၏အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား ၊ သုံးဆောင်ခံစားရပါ၏။ အဟံ၊ ငါသည်။ ကလျာဏမိတ္တံ စ၊ နှလုံးစိတ်ကောင်း အကျိုးစီးပွားကို လိုလားတဲ့မိတ်ဆွေကောင်းကိုရင်း။ ဝီရိယံ စ၊ အားထုတ်လုံ့လဝီရိယကိုရင်း။ ခန္တိံ စ၊ ဣဋ္ဌာနိဋ္ဌ နှစ်ဝလောကဓံ သည်းခံနိုင်ခြင်းကိုရင်း။ မေတ္တာသတ္တကံ၊ သတ္တဝါမြင်ချစ်ခင်နှစ်သက် မေတ္တာလက်နက်ကိုရင်း။

ဂ။ တဏှာသလ္လဿ၊ ကြောက်လန့်ဖွယ်ရာ တဏှာဟူသော ငြောင့်ကို။ ဆိန္နတ္တာ၊ ရှင်းလင်းပယ်သတ် ခန္ဓာကိုယ်မှာ မလာမကပ်အောင် ဖြတ်တတ်သည့်၏ အဖြစ်ကြောင့်။ အနုတ္တရံ၊ ပြိုင်ဘက်ကင်းဘိ အတုမရှိသော။ ပညာသတ္ထံ၊ လွန်စွာထက်မြက် ပညာတည်းဟူသော လက်နက်ကိုရင်း။ ဝဇိရေန၊ ဝရဇိန်လက်နက် မိုဃ်းကြိုးစက်နှင့်။ သမံ၊တူမျှသော။ ဉာဏံ၊ မဂ်ဉာဏ်ကိုရင်း။ တေသံ၊ ထိုဘုရားသံဃာ ပေးလှူပါရ သချျာတွက်နှုန်း ဓါးငယ် တသိန်းတို့၏။ နိဿန္ဒတော၊ မကင်းနိုင်ချက် အကျိုးဆက်ကြောင့်။ လဘေ၊ မုချမသွေ ရခဲ့ပါပေ၏။

၁။ အဆွေခင်ပွန်းကောင်း. ရခြင်း။

၂။ လုံ့လရှိခြင်း။

၃။ သည်းခံနိုင်ခြင်း။

၄။ မေတ္တာလက်နက်ကို ရခြင်း။

၅။ တဏှာဖြတ် ဉာဏ်မြတ်ကို ရခြင်း။

ပေးလှူခဲ့ရပါသောကြောင့်။ မေ၊င ါ၏။ကမ္မာနုဿဝိကော၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန်လျောက်ပတ်ကုန်သော။ ပဍ္ဍာနိသံသော၊ င ါးမျိုးအပြားခွဲအလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ င ါသည်။ ဒါသိဒါသော၊ ကျွန်မိန်းမ,ကျွန်ယောကျာ်းတို့ကိုရင်း။ ဂဝဿေ စ၊ နွား,မြင်းတို့ကိုရင်း။ ဘတကော၊ သူခစား အလုပ်သမားတို့ကိုရင်း။ဗဟူမျှားစွာကုန်သော။နာဋကော၊ သဘင်ကချေသည်တို့ကိုရင်း။နှာပိတော၊ ဆတ္တာသည်တို့ကိုရင်း။ ဘတ္တကော၊ ထမင်းချက်သမား ဖြစ်ကုန်သော။ သူဒေ၊ စဖိုသည်တို့ကိုရင်း။ သဗ္ဗတ္ထဝ၊ အလုံးစုံသော ဘဝ၌ပင်လျှင်။ လဘာမိ၊ အကြောင်းလျော်စွာ ရရှိခဲ့ပါ၏။

၁။ ကျေးကျွန်များကို ရခြင်း။

၂။ ကျွဲ, နွား, ဆင်, မြင်းတို့ကို ရခြင်း။

၃။ အစေအပါး ကချေသည်များကို ရခြင်း။

၄။ ဆတ္တာသည်တို့ကို ရခြင်း။

၅။ စဖိုသည်တို့ကို ရခြင်း။

* ကျေးကျွန်နွားဆင်၊ သဘင်ဆတ္တာ၊ စဖိုပါထည့်၊ ရ၏င ါးဖြာ၊ ကျမ်းဂန်လာသည်၊ ခေါ်မှာ လက်သည်းလှီး လှူကျိုးတည်း။

## ဂ။ ယပ်အလှူ၌ အကျိုး (၈)ပါး

က။ ဝိဓူပနေ သုဂတေ ဒတွာ၊ တာလဝဏ္ဋေ စ သောဘဏေ။
အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ သီတံ ဥဏှံ န ဇာနာမိ၊ ပရိဠာဟော န ဝိဇ္ဇတိ။
ဒရထံ နာဘိဇာနာမိ၊ စိတ္တာသန္တာပနံ မမ။

ဂ။ ရာဂဂ္ဂိ ဒေါသမောဟဂ္ဂိ၊ မာနဂ္ဂိ ဒိဋ္ဌိအဂ္ဂိ စ။
သမ္ဗဂ္ဂိ နိဗ္ဗုတာ မယှံ၊ တဿ နိဿန္ဒတော မမ။

အနက်

က။ အဟံ၊ ငါသည်။ သုဂတေ၊ သုံးလူ့ထွတ်ဖျား ပဒုမုတ္တရမြတ်စွာဘုရား အားဥဌင်း။ (ဂဏုတ္တမေ၊ အဝိဇ္ဇာကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော ရဟန္တာသံဃာတော်အားဥဌင်း။) သောဘဏေ၊ တင့်တယ်လျှောက်ပတ် ကောင်းမြတ်ကုန်သော။ ဝိဓူပနေ၊ ပူဖိုက်ဖျောက်တတ် လေခပ်ယပ်ဖြစ်ကုန်သော။ တာလဝဏ္ဋေ၊ ထန်းရွက်ယပ်တောင်တို့ကို။ ဒတ္ဝာ၊ သဒ္ဓါဖွေးဖြူ အလေးမူပြီး ပေးလှူခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာ-နုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန် လျောက်ပတ်ကုန်သော။အဋ္ဌာနိသံသေ၊ ရှစ်မျိုးအပြား ယပ်တောင်အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ သီတံ၊ တဇောသီတ ကိုယ်မှာခ,၍ ချမ်းအေးလှ ခြင်းကိုဥဌင်း။ ဥဏှံ၊ တဇောဥဏှ ကိုယ်မှာခ,၍ ပူလှခြင်းကိုဥဌင်း။ န ဇာနာမိ၊ ကိုယ်မှာမထိ၍ မသိရပေ။ မေ၊ ငါ့အား။ ပရိဠာဟော၊ ပူအိုက်ခြင်းသည်။ န ဝိဇ္ဇတိ၊ မရှိပေ။ အဟံ၊ ငါသည်။ ဒရထံ၊ ကိုယ်၏ပူပန်ခြင်းကို။နာဘိဇာနာမိ၊ မသိရပါပေ။ မမ၊ ငါ့အား။ စိတ္တသန္တာပနံ၊ စိတ်၏ပူပန်ခြင်းသည်။ န ဝိဇ္ဇတိ၊ မရှိပေ။

ဂ။ မမ၊ ငါ၏။ တဿ၊ ထိုဘုရားသံဃာ ပေးလှူပါရ သင်္ချာတွက်ကိန်း တသိန်းသော ယပ်အလှူ၏။ နိဿန္ဒတော၊ ကမ္မနိယာမ သဘာဝထွက် အကျိုးဆက်ကြောင့်။ ရာဂဂ္ဂိ စ၊ တပ်ခြင်းအားကြီး ရာဂမီးသည်ဥဌင်း။ ဒေါသမောဟဂ္ဂိ စ၊ ကြမ်းတန်းတွေဝေ နှစ်ထွေအားကြီး ဒေါသမီး, မောဟမီးသည်ဥဌင်း။ မာနဂ္ဂိ စ၊ ငါတကားဟု ထောင်လွှားအားကြီး မာနမီးသည်ဥဌင်း။ ဒိဋ္ဌိအဂ္ဂိ စ၊ အယူမှားသည်း ဒိဋ္ဌိမီးသည်ဥဌင်း။ သဗ္ဗဂ္ဂိ၊ အပူအားကြီး အလုံးစုံသော မီးသည်။ ပဟီနံ၊ ငါ့အား။ နိဗ္ဗုတာ၊ ပူပန်မလိမ်း ငြိမ်းအေးပါ၏။

၁။ အချမ်း အပူ ကင်းခြင်း။

၂။ ကိုယ်ပူအိုက်ခြင်း ကင်းခြင်း။

၃။ စိတ်အေးမြခြင်း။

၄။ ရာဂမီး ငြိမ်းခြင်း။

၅။ ဒေါသမီး ငြိမ်းခြင်း။

၆။ မောဟမီး ငြိမ်းခြင်း။

၇။ မာနမီး ငြိမ်းခြင်း။

၈။ ဒိဋ္ဌိမီး ငြိမ်းခြင်း။

*မချမ်းမပူ၊ ကိုယ်မပူအိုက်၊ စိတ်၌အေးမြ၊ ရာဂ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိအပြား၊ မီးများငြိမ်းအေး၊ ပေါင်းရေးရှစ်ဖြာ၊ ကျမ်းဂန်လာသည်၊ မှတ်ပါ ယင်ကောင်လျှောကျိုးတည်း။

## ၉။ ဥဒေါင်းမြီးယပ် သားမြီးယပ် အရှုဋ္ဌ အကျိုး (၁)ပါး

က။ မောရဟတ္ထေ စာမရိယော၊ ဒတွာ သံဃေ ဂဏုတ္တမေ။
ဥပသန္တ ကိလေသောဟံ၊ ဝိဟရာမိ အနင်္ဂဏော။

**အနက်**

က။ အဟံ၊ ငါသည်။ (သုဂတော၊ သုံးလူ့ထွတ်ဖျား ပဒုမုတ္တရ မြတ်စွာဘုရားအားငင်း။) ဂဏုတ္တမေ၊ အဝိဇ္ဇာကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော ရဟန္တာ သံဃာတော်အားငင်း။ မောရဟတ္ထေ၊ ဥဒေါင်းမြီးယပ်တို့ကိုငင်း။ စာမရိယော၊ သားမြီးယပ်တို့ကိုငင်း။ ဒတွာ၊ သဒ္ဓါဖွေးဖြူ အလေးမူပြီး ပေးလှူခဲ့ရပါသောကြောင့်။ ဥပသန္တကိလေသော၊ ပူပန်ခပ်သိမ်း ကိလေသာငြိမ်းသည်။ အနင်္ဂဏော၊ ကိလေသာဟူသော အညစ်အကြေးမရှိသည်။ (ဟုတွာ၊ဖြစ်၍။) ဝိဟရာမိ၊ နေရပါ၏။

၁။ ကိလေသာ အပူငြိမ်းခြင်း။

## ၁၀။ ရေစစ် ဓမ္မကရိုဏ် အရှုဋ္ဌ အကျိုး (၅)ပါး

က။ ပရိဿာဝနေ သုဂတေ၊ ဒတွာ ဓမ္မကရုတ္တမေ။
ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ သဗ္ဗေသံ သမတိက္ကမ္မ၊ ဒိဗ္ဗံ အာယုံ လဘာ မဟံ။
အပ္ပသယ္ဟော သဒါ ဟောမိ၊ စောရပစ္စတ္ထိကေဟိ ဝါ။

ဂ။ သတ္တေန ဝါ ဝိသေန ဝါ၊ ဝိဟေသမ္ပိ န ကုဗ္ဗတေ။
အန္တရာမရဏံ နတ္ထိ၊ တေသံ နိဿန္ဒတော မမံ။

အနက်

က။ အဟံ၊ ငါသည်။ သုဂတော၊ သုံးလူ့ထွတ်ဖျား ပဒုမုတ္တရ မြတ်စွာဘုရား အားရင်း။ (ဂဏုတ္တမေ၊ သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော သံဃာတော်အားရင်း။) ပရိဿာဝနေ၊ လှပပြေပြစ် ရေစစ်တို့ကိုရင်း။ ဓမ္မက ရုတ္တမေ၊ ကောင်းမြတ်လှခိုင် ဓမ္မကရိုဏ်တို့ကိုရင်း။ ဒတွာ၊ သဒ္ဓါဖွေးဖြူ အလေး မူပြီး ပေးလှူခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကော၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကံ လျောက်ပတ် ကုန်သော။ ပဥ္စာနိသံသေ၊ ငါးမျိုး အပြား ရေစစ်ဓမ္မကရိုဏ် အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသော အား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ သဗ္ဗေသံ၊ ခပ်သိမ်းကျုံးခြုံ အလုံးစုံသော နတ်တို့ကို။ သမတိက္ကမ္မ၊ ကောင်းမွန်စွာပေ ကျော်လွန်လေ၍။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ အာယုံ၊ အသက်ကို။ လဘာမိ၊ ရရှိပါ၏။ စောရပစ္စတ္ထိကေဟိ၊ ခိုးသူရန်သူတို့ သည်။ သဒါ၊ အခါခပ်သိမ်း။ အပ္ပသယ္ဟော၊ အနိုင်အထက် မနှိပ်စက်နိုင်သူ သည်။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။

ဂ။ သတ္တေန ဝါ၊ ဓား လှံ လေးမြှား သေနတ်စသော လက်နက်များဖြင့် ရင်း။ ဝိသေန ဝါ၊ ဝန္ဓာဖျက်ချိုး အဆိပ် အမျိုးမျိုးဖြင့်ရင်း။ မေ၊ ငါ့အား။ ဝိဟေသမ္ပိ၊ ခန္ဓာဖျက်ဆဲ ညှဉ်းဆဲခြင်းကိုလည်း။ န ကုပ္ပတေ၊ အကြောင်းမဆိုင် မပြုနိုင်ပါ။ တေသံ၊ ထို ဘုရား သံဃာ ပေးလှူပါရ ရေစစ်ဓမ္မကရိုဏ်ဒါန၏။ နိဿန္ဒတော၊ ကမ္မနိယာမ သဘာဝတွက် အကျိုးဆက်ကြောင့်။ မမ၊ ငါ့အား။ အန္တရာမရဏံ၊ အာကာသကမ်း၏အတွင်း၌ သေခြင်းမည်သည်။ နတ္ထိ၊ အမှန် ပင်တည်း မရှိပါ။

၁။ အသက်ရှည်ခြင်း။

၂။ အဆင်းလှခြင်း။

၃။ လက်နက် မထိရှခြင်း။

၄။ အဆိပ် မသင့်ခြင်း။

၅။ အသက်တမ်းအတွင်း မသေခြင်း။

* အသက်ရှည်စွ၊ ရန်မျိုးပ၍၊ မရှလက်နက်၊ ဆိပ်မတပ်မှန်း၊ သက်တမ်းအတွင်း၊ မသေခြင်းပေ၊ ဤငါးထွေ၊ မှတ်လေ ရေစစ်-ဓမ္မကရိက် လှူကျိုးတည်း။

## ၁၁။ ဆီကျည်အလှူ၌ အကျိုး (၅) ပါး

ကျ။ တေလဓာရေ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တ မေ။
ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ သုစာရုရူပေါ သုဘဒ္ဒေါ၊ သုသမုဂ္ဂတ မာနသော။
အဝိက္ခိတ္တမနော ဟောမိ၊ သဗ္ဗာရက္ခောဟိ ရက္ခိတော။

**အနက်**

က။ အဟံ၊ ငါသည်။ သုဂတေ၊ သုံးလူ့ထွတ်ဖျား ပဒုမုတ္တရ မြတ်စွာဘုရားအားလည်း။ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော သံဃာတော်အားလည်း။ တေလဓာရေ၊ဆီကျည်တို့ကို။ဒတွာ၊ သဒ္ဓါဖွေးဖြူ အလေးမူပြီး ပေးလှူခဲ့ရပါသောကြောင့်။မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန် လျောက်ပတ်ကန်သော။ ပဉ္စာနိသံသေ၊ ငါးမျိုးအပြား ဆီကျည်အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ သုစာရုရူပေါ၊ အလွန် အဆင်းလှသူ သည်လည်း။ သုဘဒ္ဒေါ၊ အလွန် ကောင်းမြတ်သူသည်လည်း။ သုသမုဂ္ဂတ မာနသော၊ အလွန် တက်ကြွသော စိတ်ရှိသူသည်လည်း။ အဝိက္ခိတ္တမနော၊ မပြန့်လွင့်သော စိတ်ရှိသူ

သည်ရင်း။ သဗ္ဗာရကျွေဟိ၊ တွင်းပအကုန် အလုံးစုံသော အစောင့်အရှောက်တို့ဖြင့်။ ရက္ခိတော၊ စောင့်ရှောက်အပ်သူသည်ရင်း။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။

၁။ အဆင်းလှခြင်း။

၂။ လုံးရပ် ညီညာ အင်္ဂါကောင်းခြင်း။

၃။ တက်ကြွသော စိတ်ရှိခြင်း။

၄။ မပြန့်လွင့်သောစိတ် ရှိခြင်း။

၅။ စောင့်ရှောက် လုံခြုံခြင်း။

* အဆင်းကားကြွယ်၊ တင့်တယ်အင်္ဂါ၊ စိတ်မှာတက်ကြွ၊ တည်ကြည်လှ၍၊ စောင့်ထလုံခြုံ၊ ငါးပါးစုံ၊ မှတ်ကုန် ဆီကျည် လှူကျိုးတည်း။

## ၁၂။ အပ်ကျည်အလှူ၌ အကျိုး (၃)ပါး

ကဿ သူစိဿရေ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
တိဏာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခဿ စေတောသုခံ ကာယသုခံ၊ ဣရိယာပထဇံ သုခံ။
ဣမေ ဂုဏေ ပဋိလဘေ၊ တဿ နိဿန္ဒတော အဟံ။

**အနက်**

ကဿ အဟံ၊ ငါသည်။ သုဂတေ၊ သုံးလူ့ထွတ်ဖျား ပဒုမုတ္တရ မြတ်စွာဘုရားအားရင်း။ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ပုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော သံဃာတော်အားရင်း။ သုစိဿရေ၊ အပ်ကျည်တို့ကို။ ဒတွာ၊ သဒ္ဓါဖြေးနှုး အလေးမူမြိုး ပေး ခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဖူးမှုန် အကြောင်းကံနှင့် လျော်ကန့် လျောက်ပတ်လှုံ့သော။ တိဏာနိသံသေ၊ [illegible]ုံးမျိုးအပြား အပ်ကျည်အာ[illegible] [illegible]။

ခ။ အဟံ၊ ငါသည်။ တဿ၊ ထိုအပ်ကျည်အလှူ၏။ နိဿန္ဒတော၊ ကမ္မနိယာမ သဘာဝထွက် အကျိုးဆက်ကြောင့်။ စေတောသုခံ၊ စိတ်၏ ချမ်းသာခြင်းကို ၎င်း။ ကာယသုခံ၊ ကိုယ်၏ ချမ်းသာခြင်းကို၎င်း။ ဣရိယာပထံ၊ လျောင်း ထိုင်ရပ်သွား လေးပါး ဣရိယာပုထ်ကြောင့် ဖြစ်သော။ သုခံ၊ ချမ်းသာခြင်း ကို၎င်း။ ဣမေ ဂုဏေ၊ ဤအကျိုး ကျေးဇူးတို့ကို။ လဘေ၊ ရရှိပါ၏။

၁။ စိတ်ချမ်းသာခြင်း။

၂။ ကိုယ်ချမ်းသာခြင်း။

၃။ ဣရိယာပုထ်ချမ်းသာခြင်း။

* ကိုယ်,စိတ်,ဣရိယာ၊ ချမ်းမြေ့စွာ၊ သုံးဖြာ အပ်ကျည် လှူကျိုးတည်း။

## ၁၃။ အံသကိုဋ္ဌအလှူ၌ အကျိုး (၃)ပါး

က။ အံသပဒ္ဒေ ဇိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
တိဏ္ဏာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ သဒ္ဓမ္မေ ဂါမံ ဝိန္ဒာမိ၊ သရာမိ ဒုတိယံ ဘဝံ။
သဗ္ဗတ္ထ သုစ္ဆဝီ ဟောမိ၊ တဿ နိဿန္ဒတော အဟံ။

**အနက်**

က။ အဟံ၊ ငါသည်။ ဇိနေ၊ ငါးမာရ်အောင်မြင် ပဒုမုတ္တရ ဘုရားရှင်အား ၎င်း။ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရား သားကျော် တသိန်းသော သံဃာတော်အား၎င်း။ အံသဗဒ္ဓေ၊ အပူအအေး ခံရေးကိုယ်၌ အံသကိုဋ္ဌတို့ကို။ ဒတွာ၊ သဒ္ဓါဖွေးဖြူ အလေးမူပြီး ပေးလှူခဲ့ရပါ သောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန် လျောက်ပတ်ကုန်သော။ တိဏ္ဏာနိသံသေ၊ သုံးမျိုးအံပြား အံသကိုဋ္ဌ အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရ ပါ၏။

ခ။ အပရံ၊ ငါသည်။တဿ၊ ထိုအံသကိုဋ္ဌအလှူ၏။နိဿန္ဒတော၊ကမ္မနိယာမ သဘာဝထက် အကျိုးဆက်ကြောင့်။ သဒ္ဓမ္မေ၊ ဘုရား, ပစ္စေကဗုဒ္ဓါ သာဝက အပေါင်း သူတော်ကောင်းတို့၏ တရား၌။ ဂါဓံ၊ ထောက်တည်ရာကို။ ဝိန္ဒာမိ၊ ကေန်တိတိ ရရှိပါ၏။ ဒုတိယံ၊ နှစ်ခုမြောက်ဖြစ်သော။ ဘဝံ၊ ဘဝကို။ သရာမိ၊ အောက်မေ့နိုင်၏။ သဗ္ဗတ္ထ၊ ခပ်သိမ်းကျုံးခြုံ အလုံးစုံသောဘဝတို့၌။ သုစ္ဆဝီ၊ တင့်တယ်ကောင်းမြတ်သော အရေအဆင်းရှိသူသည်။ ဟောမိ၊ မုချမှန်စွာ ဖြစ်ခဲ့ပါ၏။

၁။ သူတော်တရား၌ ထောက်တည်ရာ ရခြင်း။

၂။ ဒုတိယဘဝကို အောက်မေ့နိုင်ခြင်း။

၃။ အရေအဆင်း လှပကောင်းမွန်ခြင်း။

*သူတော်ဓမ္မ၊ တည်ရာရ၏၊ ဘဝနှစ်ခု၊ အောက်မေ့ပြုနိုင်၊ ကြည်လှိုင် ဆင်ရေ၊ သုံးပါးပေ၊ မှတ်လေ အံ့သကိုဋ္ဌလှူကျိုးတည်း။

## ၁၄။ ဒါးပန်းကြိုးအလှူ၌ အကျိုး (၆) ပါး

က။ ကာယဗန္ဓေ ဇိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ဆာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ သမာဓိသု န ကမ္ပာမိ၊ ဝသီ ဟောမိ သမာဓိသု။
အဘေဇ္ဇပရိသော ဟောမိ၊ အာဒေယျဝစနော သဒါ။

ဂ။ ဥပဋ္ဌိတသတိ ဟောမိ၊ တာသော မယှံ န ဝိဇ္ဇတိ။
ဒေဝလောကေ မနုဿေ ဝါ၊ အနုဗန္ဓာ ဣမေ ဂုဏာ။

အနက်

က။ အပရံ၊ ငါသည်။ ဇိနေ၊ ငါးမာရ်အောင်မြင် ပဒုမုတ္တရဘုရားရှင်အား ငင်း။ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကောင်းပြတ် ပြိုင်ဘက်ကင်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရား သားကျော် တသိန်းသော သံဃာတော်အားငင်း။ကာယဗန္ဓေ၊ ဒါးဝတ်သင်းပိုင် ပြဲခိုင်စေလတ် ရက်ကြပ်ချုပ်ပိုး ဒါးပန်းကြိုးတို့ကို။ ဒတွာ၊ သုံးတန်စေတနာ ညီညွှာ

မကွက် ရက်ရောကြည်ဖြူ ပေးလှူခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုဿ ဝိကော၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကံလျောက်ပတ်ကုန်သော။ ဆာနိ သံသေ၊ ခြောက်မျိုးအပြား ခါးပန်းကြိုးအလျှ၏ အကျိုးတရားတို့ကို။ အနု ဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

၁။ အဟံ၊ ငါသည်။သမာခီသု၊ ပဌမစျာန်စသော သမာဓိတို့၌။ န ကမ္မာမိ၊ မတုန်လှုပ်ပါ။ သမာခီသု၊ ပဌမစျာန်စသော သမာဓိတို့၌။ ဝသီ၊ အလေ့အကျင့် ရှိသူသည်။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။ အဘေဇ္ဇ ပရိသော၊ မပြိုမကွဲသော ပရိသတ်ရှိသူသည်ဌင်း။ သဒါ၊ အခါခပ်သိမ်း။ အာဒေယျဝစ- နော၊ အများငါသူ နာယူထိုက်သော စကားရှိသူသည်ဌင်း။ဟောမိ၊အကြောင်း လျော်စွာ ဖြစ်ခဲ့ပါ၏။

၇။ အဟံ၊ ငါသည်။ ဥပဋ္ဌိတသတိ၊ ထင်သော သတိရှိသူသည်။ ဟောမိ၊ အကြောင်းလျော်စွာဖြစ်ခဲ့ပါ၏။မယှံ၊ ငါ့အား။တာသော၊ထိတ်လန့်ခြင်းသည်။ န ဝိဇ္ဇတိ၊ မရှိပါ။ ဒေဝလောကေ ဝါ၊ အာရုံငါးလီ ထွန်းတောက်စည်သည့် နတ်ပြည်၌ဌင်း။မနုဿေ ဝါ၊ ကြောင်းကျိုးသိတတ်အမြတ်ဇာတ်မည် လူ့ပြည်၌ ဌင်း။ ဣမေဂုဏာ၊ ဤအကျိုးတရား ကျေးဇူးများတို့သည်။ အနုဗန္ဓာ၊ အစဉ် တစိုက် လိုက်ကုန်၏။

၁။ ဈာန်သမာဓိတို့၌ မတုန်လှုပ်ခြင်း။

၂။ ဈာန်သမာဓိတို့၌ အလေ့အကျင့် ရှိခြင်း။

၃။ မပြိုမကွဲသော ပရိသတ်ရှိခြင်း။

၄။ နာယူထိုက်သော စကားရှိခြင်း။

၅။ ထင်သော သတိရှိခြင်း။

၆။ ထိတ်လန့်ခြင်း ကင်းခြင်း။

* ဈာန်သမာဓိ၊ ကင်းဘိတုန်လှုပ်၊ မယုတ်လေ့ကျက်၊ မပျက်ပရိသတ်၊ နာအပ်စကား၊ ထင်ငြားသတိ၊ ကင်းဘိလန့်ထိတ်၊ အစိတ်ခြောက်ဖြာ၊ ကျမ်းဂန်လာသည်၊ မှတ်ပါ ခါးပန်းလှူကျိုးတည်း။

## ၁၅။ သပိတ်ခြေအရှုံး၌ အကျိုး (၅) ပါး

က။ အာခရကေ ဇိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ပဉ္စဝဏ္ဏေဟိ ဒါယာဒေါ၊ အစလော ဟောမိ ကေနစိ။

ခ။ ယေကေစိ မေ သုတာ မမ္မာ၊ သတိ ဉာဏပ္ပဗောဓနာ။
ဓတာ မေ န ဝိနဿန္တိ၊ ဘဝန္တိ သုဝိနိစ္ဆိတာ။

**အနက်**

က။ အဟံ၊ ငါသည်။ ဇိနေ၊ ငါးမာရ် အောင်မြင် ပဒုမုတ္တရ ဘုရားရှင်အား၎င်း။ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော သံဃာတော်အား၎င်း။ အာခရကေ၊ သပိတ်အောက်နေ သပိတ်ခြေတို့ကို။ ဒတွာ၊ သုံးတန်စေတနာ ညီစွာမကွက် ရက်ရောကြည်ဖြူ ပေးလှူခဲ့ရသောကြောင့်။ ပဉ္စဝဏ္ဏေဟိ၊ ငါးမျိုးအပြား အကြောင်းတရားတို့ဖြင့်။ ဒါယာဒေါ၊ အမွေခံရသူသည်။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။ ကေနစိ၊ တစုံတခုသော အကြောင်းကြောင့်။ အစလော၊ မတုန်မလှုပ်သည်။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။

ခ။ မေ၊ ငါသည်။ သုတာ၊ နာကြားအပ်ကုန်သော။ ယေကေစိ၊ ခပ်သိမ်းကျုံးခြုံ အလုံးစုံကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သတိဉာဏပ္ပဗောဓနာ၊ သတိပညာ နှစ်ဖြာထင်းထင်း ပွင့်လင်းစေပါကုန်၏။ မေ၊ ငါ၏။ (မုခေ၊) ခံတွင်း၌။ ဓတာ၊ ဆောင်ထား အပ်ကုန်သည် ဖြစ်၍။ န ဝိနဿန္တိ၊ မပျောက်ပျက်ကုန်။ သုဝိနိစ္ဆိတာ၊ ကောင်းစွာဆုံးဖြတ်အပ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၁။ တရား တတ်လှခြင်း။
၂။ ထင်သော သတိဉာဏ်ရှိခြင်း။
၃။ အနက် အဓိပ္ပါယ်ကို ကောင်းစွာ ဆုံးဖြတ်နိုင်ခြင်း။
၄။ နှုတ်တက်ဆောင်ထား တရားများ မပျောက်ပျက်ခြင်း။
၅။ တစုံတခုဖြင့် တုန်လှုပ်မှု မရှိခြင်း။

* တရားတတ်ဘိ၊ သတိဉာဏ်လင်၊ နက်လှင် ဆုံးဖြတ်၊ နှုတ်မြဲ ဆောင်ထား ၊တရားမပျောက်၊ တုန်လှုပ်ချောက်ကင်း၊ ငါးပြင်း ငါးပလှူ၊ သပိတ်ခြေ၊ မှတ်လေလျှကျိုးတည်း။

သုမေဓဝတ္ထု(က) ၁၀၄-၅၄

## ၁၆။ အိုးအလှူ၌ အကျိုး (၃) ပါး

က။ ဘာဇနေ ပရိဘောဂေ စ၊ ဒတွာ ဗုဒ္ဓေ ဂဏုတ္တမေ။
တိဏ္ဏာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ သောဝဏ္ဏမယေ မဏိမယေ၊ အထောပိ ဖလိကာမယေ။
လောဟိတင်္ကမယေ စေဝ၊ လဘာမိ ဘာဇနေ အဟံ။

ဂ။ ဘရိယာ ဒါသဒါသီ စ၊ ဟတ္ထိဿ ရထပတ္တိကေ။
ဣတ္ထီ ပတိဗ္ဗတာ စေဝ၊ ပရိဘောဂါနိ သဗ္ဗဒါ။

ဃ။ ဝိဇ္ဇာ မန္တပဒေ စေဝ၊ ဝိဝိဓေ အာဂမေ ဗဟူ။
သဗ္ဗံ သိပ္ပံ နိသာမေမိ၊ ပရိဘောဂါနိ သဗ္ဗဒါ။

**အနက်**

က။ အဟံ၊ ငါသည်။ ဗုဒ္ဓေ၊ သစ္စာလေးခိုင် ကိုယ်တိုင်သိမြင် ပဒုမုတ္တရ ဘုရားရှင်အားငှင်း။ ဂဏုတ္တမေ၊ အဝိဇ္ဇာကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော သံဃာတော်အားငှင်း။ ဘာဇနေ စ၊ အိုးခွက် တို့ကိုငှင်း။ ပရိဘောဂေ စ၊ အသုံးအဆောင်ပစ္စည်းတို့ကိုငှင်း။ ဒတွာ၊ သုံးတန် စေတနာ ညီစွာမကွက် ရက်ရောကြည်ဖြူ ပေးလှူခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန်လျောက်ပတ် ကုန်သော။ တိဏ္ဏာနိသံသေ၊ သုံးမျိုးအပြား အိုးအသုံးအဆောင် အလှူ၏ အကျိုး တရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ သောဝဏ္ဏမယေ၊ ရွှေဖြင့် ပြုလုပ် ပြီးစီးကုန်သော။ ဘာဇနေ၊ အိုးတို့ကိုငှင်း။ မဏိမယေ၊ ပတ္တမြားဖြင့် ပြုလုပ် ပြီးစီးကုန်သော။ ဘာဇနေ၊ အိုးတို့ကိုငှင်း။ အထောပိ၊ ထိုမှ တပါးလည်း။ ဖလိကာမယေ၊ ဖလ်ဖြင့်ပြုလုပ် ပြီးစီးကုန်သော။ ဘာဇနေ၊ အိုးတို့ကိုငှင်း။ လောဟိတင်္ကမယေ၊ ပတ္တမြားပြောက် ကျောက်နီဖြင့် ပြုလုပ်ပြီးစီးကုန်သော။ ဘာဇနေစေဝ၊ အိုးတို့ ကိုငှင်း။ လဘာမိ၊ အလိုရှိသမျှ ရရှိပါ၏။

ဂ။ ဘရိယာ ၈၊ ကြင်ဘက်သက်ထား မယားတို့ကိုရင်း။ ဒါသ ဒါသီ ၈၊ အစေအပါး ကျွန်ယောကျ်ား, ကျွန်မိန်းမတို့ကိုရင်း။ ဟတ္ထိဿရထပတ္တိကေ ၈၊ ဆင်, မြင်း, ရထား ခြေသည်သူရဲတို့ကိုရင်း။ ပတိဗ္ဗတာ၊ လင်၏အလိုသို့လိုက်၍ လင်၏အကြိုက်ကို ပြုတတ်ကုန်သော။ ဣတ္ထိ စေဝ၊ မိန်းမတို့ကိုရင်း။ ပရိဘောဂါနိ စ. အသုံးအဆောင်ပစ္စည်းတို့ကိုရင်း။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ လဘာမိ၊ အကြောင်းလျော်စွာ ရရှိခဲ့ပါ၏။

ဃ။ ဝိဇ္ဇာ၊ အမျိုးမျိုးသော အတတ်ပညာတို့ကိုရင်း*။ မန္တပဒေ စေဝ၊ ဗေဒင်မန္တန်ပုဒ်တို့ကိုရင်း။ ဝိဝိဓေ၊ အထူးထူး အပြားပြား ဖြစ်ကုန်သော။ ဗဟူ၊ များစွာကုန်သော။ အာဂမေ၊ကျမ်းဂန်ပရိယတ်တို့ကိုရင်း။သဗ္ဗံ၊ အလုံးစုံသော။ သိပ္ပံ၊ အတတ်ပညာကိုရင်း။ နိသာမေမိ၊ ကြည့်ရှုနာကြား မှတ်သား သင်ယူနိုင်ပါ၏။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ပရိဘောဂါနိ၊အသုံးအဆောင်ပစ္စည်းတို့ကို။ လဘာမိ၊ အကြောင်းလျော်စွာ ရရှိခဲ့ပါ၏။

၁။ ရွှေ ပတ္တမြား ဖလ် ကျောက်နီအိုး အမျိုးမျိုးရခြင်း။

၂။ ဆင်, မြင်း, ရထား, ရဲမက်များ ကျွန်မယား အသုံးအဆောင် ပစ္စည်းများ ရခြင်း။

၃။ အတတ်အမျိုးမျိုး တတ်မြောက်ခြင်း။

* ရွှေဖလ်စသား၊ အိုးများ ရခြင်း၊ ဆင်မြင်းရထား၊ ခြေသည်များနှင့်၊ မယားကျွန်ကျေ၊ ရရေးကောင်းမြတ်၊ အတတ်များစွာ၊ တဘ်ရာအမှန်၊ ဤသုံးတန် မှတ်ရန်အံ့ မှူးပျိုး။

## ၁၇။ ခွက်အလှူ၌ အကျိုး (၃) ပါး

က။ တာလကေ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ပါကာသိုဘ်သော အနုဘောဂမိ၊ ကမ္မာနုစ္ဆိဝိကေ မမ။

ခ။ ဘော[illegible]မယော မ[illegible]ယေ၊ အဘောပိ ဖ[illegible]ကာမယေ။
[illegible] ဇေဝ၊ လ[illegible]ပိ [illegible] ဒသေ။

ဂ။ အသတ္တကေ ဖလမယေ၊ အထော ပေါက္ခရပတ္တကေ။
မဓုပါနက သခေ် စ၊ လဘာမိ ထာလကေ အဟံ။

ဃ။ ဝတ္တေ ဂုဏေ ပဋိပတ္တိ၊ အာစာရကိရိယာသု စ။
ဣမေ ဂုဏေ ပဋိလဘော၊ တဿ နိဿန္ဒတော အဟံ။

အနက်

က။ အဟံ၊ ငါသည်။ သုဂတေ၊ သုံးလူ့တွတ်ဖျား ပဒုမုတ္တရ မြတ်စွာဘုရား အားရင်း။ဂဏဝရုတ္တမေ၊ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ဘုရားသားကျော် တသိန်းသော သံဃာတော်အားရင်း။ ထာလကေ၊ စားသုံးရန်တွက် ခွက်တို့ကို။ ဒတွာ၊ သုံးတန်စေတနာ ညီစွာမကွက် ရက်ရောကြည်ဖြူ ပေးလှူရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကော၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန် လျောက်ပတ်ကုန်သော။ တိဏာနိသံသေ၊သုံးမျိုးအပြား စားသုံးခွက် အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ သောဏ္ဏမယေ၊ ရွှေဖြင့် ပြုလုပ်ပြီးစီး ကုန်သော။ ထာလကေ၊ ရှုချင်သဖွယ် တင့်တယ်သော ခွက်တို့ကိုရင်း။ မဏိမယေ၊ ပတ္တမြားဖြင့် ပြုလုပ်ပြီးစီးကုန်သော။ ထာလကေ၊ ရှုချင်သဖွယ် တင့်တယ်သော ခွက်တို့ကိုရင်း။ အထောပိ၊ ထိုမှတပါးလည်း။ ဖလိကာမယေ၊ ဖလ်ဖြင့်ပြုလုပ် ပြီးစီးကုန်သော။ ထာလကေ၊ ရှုချင်သဖွယ် တင့်တယ်သော ခွက်တို့ကိုရင်း။ လောဟိတင်္ဂမယေ၊ ပတ္တမြားပြောက် ကျောက်နီဖြင့် ပြီးကုန်သော။ ထာလကေ စေဝ၊ ရှုချင်သဖွယ် တင့်တယ်သော ခွက်တို့ကိုရင်း။ လဘာမိ၊ အကြောင်းလျော်စွာ ရရှိခဲ့ပါ၏။

ဂ။ အဟံ၊ ငါသည်။ အသတ္တကေ၊ ညောင်ဗုဒ္ဓဟေရွက်နှင့် တူကုန်သော။ ထာလကေ၊ သပ်ရပ်တင့်တယ် ရှုချင်ဖွယ်သော ခွက်တို့ကိုရင်း။ ဖလမယေ၊ အသီးဖြင့် ပြုလုပ်ပြီးစီးကုန်သော။ ထာလကေ၊ ခွက်တို့ကိုရင်း။ အထော၊ ထိုမှတပါး။ ပေါက္ခရပတ္တကေ၊ ကြာရွက်နှင့် တူကုန်သော။ ထာလကေ၊ ရှုချင်သဘွယ် တင့်တယ်သော ခွက်တို့ကိုရင်း။ မဓုပါနကသခေ် စ၊ ပျားရည် သောက်စရာ ခရုသင်းတို့ကိုရင်း။ လဘာမိ၊ အကြောင်းလျော်စွာ ရရှိခဲ့ပါ၏။

ဃ။ အဟံ၊ ငါသည်။ တဿ၊ ထို ဆွမ်းစားခွက်အလှူ၏။ နိဿန္ဒတော၊ ကမ္မနိယာမ သဘာဝထွက် အကျိုးဆက်ကြောင့်။ ဝဏ္ဏော၊ ဝတ်ကြီးဝတ်ငယ်၌။ ပဋိပတ္တိ၊ နိစ္စကြိုးကုတ် အားထုတ်ဖြည့်ကျင့်ခြင်းကိုရင်း။ ဂုဏော၊ သီလ,စသော ဂုဏ်ကျေးဇူး၌။ ပဋိပတ္တိ၊ နိစ္စကြိုးကုတ် အားထုတ် ဖြည့်ကျင့်ခြင်းကိုရင်း။ အာစာရဂေါစရိယာသု၊ အလေ့အကျင့် အမူအရာတို့၌။ ပဋိပတ္တိ၊ နိစ္စကြိုးကုတ် အားထုတ် ဖြည့်ကျင့်ခြင်းကိုရင်း။ ဣမေ ဂုဏော၊ ဤ အကျိုး ကျေးဇူးတို့ကို။ ပဋိလဘေ၊ အကြောင်းလျော်စွာ ရရှိပါ၏။

၁။ ခွက်အမျိုးမျိုး ရခြင်း။

၂။ ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံခြင်း။

၃။ အကျင့်သီလ အမူအရာတို့နှင့် ပြည့်စုံခြင်း။

* ခွက်မျိုးသွယ်သွယ်၊ ရမျိုးကြွယ်၏၊ ဝတ်ငယ်ဝတ်ကြီး၊ သီးသီးပြည့်စုံ၊ ကျင့်ဂုဏ်မူရာ၊ စုံလင်စွာသည်၊ သုံးဖြာ စားခွက် လှူကျိုးတည်း။

## ၁၀။ ဆေးအာရုဥ္ဓ အကျိုး(၁၀)ပါး

က။ ဘေသဇ္ဇံ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ဒသာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ အာယုဝါ ဗလဝါ ဓီရော၊ ဝဏ္ဏဝါ ယသဝါ သုခီ။
အနုပဒ္ဒဝေါ အနီတိ စ၊ ဟောမိ အပစိတော သဒါ။
န မေ ပိယဝိယောဂတ္ထိ၊ တဿ နိဿန္ဒတော မမ။

အနက်

က။ အဟံ၊ ငါသည်။ သုဂတေ၊ သုံးလူ့ထွတ်ဖျား ပဒုမုတ္တရမြတ်စွာဘုရားအားရင်း။ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော သံဃာတော်အားရင်း။ ဘေသဇ္ဇံ၊ ရောဂါပယ်ရှင်း အနာကင်းဆေးကို။ ဒတွာ၊ သုံးတန်စေတနာ ညီစွာမကွက် ရက်ရောကြည်ဖြူ ပေးလှူခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန်လျောက်ပတ်ကုန်သော။ ဒသာနိသံသေ၊ ဆယ်မျိုး

အပြား သေးအလှူ၏အကျိုးတရားတို့ကို။အနုဘောဓမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

၁။ မမ၊ ငါ၏။ တဿ၊ ထိုဆေးအလှူ၏။ နိဿန္ဒတော၊ ကမ္မနိယာမသဘာဝတွက် အကျိုးဆက်ကြောင့်။ အဟံ၊ ငါသည်။ အာယုဝါ၊ အသက်ရှည်သူသည်ဖြင့်။ ဗလဝါ၊ ကိုယ်စွမ်းခွန်အား ကြီးမားသူသည်ဖြင့်။ မေဓာဝီ၊ အရာရာမှာ မှန်စွာသိတတ် အမြော်အမြင်ရှိ ပညာရှိသူသည်ဖြင့်။ ဝဏ္ဏဝါ၊ ကိုယ်ရေအဆင်း ပြည့်တင်းလှပ သူသည်ဖြင့်။ ယသဝါ၊ အခြံအရံ များသူသည်ဖြင့်။ သုခီ၊ ကိုယ်ရောစိတ်ပါ နှစ်ဖြာ ချမ်းသာခြင်း ရှိသူသည်ဖြင့်။ အနုပဒ္ဒဝေါ၊ တွင်းပနှစ်တန် ဘေးရန်မရှိသူသည်ဖြင့်။ အနီတိ စ၊ ကိုယ်စိတ်နှစ်တွဲ ဆင်းရဲမရှိသူသည်ဖြင့်။ သဒါ၊ အခါခပ်သိမ်း။ အပစိတော၊ တပါးသူတို့ ကြည်ဖြူကော်ရော် ပူဇော်အပ်သူသည်ဖြင့်။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။ မေ၊ ငါအား။ ပိယဝိယောဂေါ၊ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်းမည်သည်။ န အတ္ထိ၊ တရံတခါမျှ မရှိပါ။

၁။ အသက်ရှည်ခြင်း။
၂။ အဆင်းလှခြင်း။
၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း။
၄။ ခွန်အားကြီးခြင်း။
၅။ ပညာကြီးခြင်း။
၆။ အခြံအရံများခြင်း။
၇။ ဘေးရန်မရှိခြင်း။
၈။ ဆင်းရဲမရှိခြင်း။
၉။ အပူဇော်ခံရခြင်း။
၁၀။ ချစ်သူတို့နှင့် ကွေကွင်းခြင်း မရှိခြင်း။

* သက်ရှည့်ဆင်းလှ၊ ချမ်းသာရ၍၊ ဗလပညာ၊ ကြီးမားပါလှ၊ များနှင့်ခြံရံ၊ ဘေးရန်ကင်းစဲ၊ ဆင်းရဲမရှိ၊ ရဘိပူဇော်၊ ချစ်သူပေါ်ကွေ၊ မရှိလေ သည်။ ငယ်ပေ ဆယ်ပါးမျိုး လူ့အကျိုးတည်။

## ၁၉။ ဘိနပ်အလှူ၌ အကျိုး (၃) ပါး

က။ ဥပါဟနေ ဇိနေ ဒတွာန၊ သံဃေ ဂဏဝရုတ္တမေ။
တိဏာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ ဟတ္ထိယာနံ အဿယာနံ၊ သိဝိကာ သန္ဒမာနိကာ။
သဗ္ဗေသတ သဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ။

ဂ။ မဏိမယာ တမ္ဗမယာ၊ သောဏ္ဏ ရဇတပါဒုကာ။
နိဗ္ဗတ္တန္တိ ပဒုဒ္ဓါရေ၊ ဘဝေ သံသရတော မမ။

ဃ။ နိယာမံ သတိ ဓာဝန္တိ၊ အာဂုအာစာရသောဓနံ။
ဠမေ ဂုဏေ ပဋိလဘော၊ တဿ နိဿန္ဒတော အဟံ။

**အနက်**

က။ အဟံ၊ ငါသည်။ ဇိနေ၊ ငါးမာရ်အောင်မြင် ပဒုမုတ္တရ ဘုရားရှင်အား - ၎င်း၊ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော သံဃာတော်အားၡင်း။ ဥပါဟနေ၊ ခိုင်ခံ့သေသပ်သင့်လျောက်ပတ်သည့် ဘိနပ်တို့ကို။ ဒတွာ၊ သုံးတန်စေတနာ ညီစွာမကွက်ရက်ရောကြည်ဖြူ ပေးလှူခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန်လျောက်ပတ်ကုန်သော။ တိဏာနိသံသေ၊ သုံးမျိုးအပြား ဘိနပ်အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအားသုံးဆောင်ခံစားရပါ၏။

ခ။ ဟတ္ထိယာနံ၊ ဆင်ယာဉ်သည်ၡင်း။ အဿယာနံ၊ မြင်းယာဉ်သည်ၡင်း။ သိဝိကာ၊ ထမ်းစင်သည်ၡင်း။ သန္ဒမာနိကာ၊ သံလျင်းသည်ၡင်း။ ဣတိ၊ ဤသို့။ သဗ္ဗေသတသဟဿာနိ၊ ခြောက်သန်းတို့သည်။ မံ၊ ငါ့ကို။ သဒါ၊ အခါခပ်သိမ်း။ ပရိဝါရေန္တိ၊ ခြံရံကုန်၏။

ဂ။ မဏိမယာ၊ ပတ္တမြားစီချယ် တင့်တယ်ပြီးစီးကုန်သော။ တမ္ဗမယာ၊ ကြေးနီဖြင့် ချုပ်လုပ်ပြီးစီးကုန်သော။ သောဏ္ဏရဇတပါဒုကာ၊ ရွှေခြေနင်း,

ငွေခြေနင်းတို့သည်။ ဘဝေ၊ ဖြစ်လျှင်ပျက်ရ သံသရာဘဝ၌။ သံသရေတော၊ ဖြစ်ချည်ပျက်ချည် အတည်မကျ ကျင်လည်ရသော။ မမ၊ ငါ့အား။ ပဒုဒ္ဓါရေ၊ ခြေလှမ်းတိုင်း၌။ နိဗ္ဗတ္တန္တိ၊ အကြောင်းလျော်စွာ ဖြစ်ပေါ်လာကြကုန်၏။

ဃ။ မေ၊ ငါ၏။ သတိ၊သတိတို့သည်။ အာဂုအာစာရသောခန်၊ မကောင်းသောအကျင့်တို့ကို သုတ်သင်တတ်သော။ နိယာမံ၊ မချွတ်မလွဲ အမြဲဖြစ်စွ နိယာမဟုဆိုအပ်သော အရိယာမဂ်သို့။ ဓာဝန္တိ၊ ပြေးသွားကြကုန်၏။ အဟံ၊ ငါသည်။ တဿ၊ ထိုဘိနပ်အလှူ၏။ နိဿန္ဒတော၊ ကမ္မနိယာမ သဘာဝတွက် အကျိုးဆက်ကြောင့်။ ဣမေဂုဏော၊ဤအကျိုးကျေးဇူးတို့ကို။ပဋိလဘေ၊ မချွတ်ပုံသေ ရရှိခဲ့ပါပေ၏။

၁။ ယာဉ်အမျိုးမျိုး ရခြင်း။

၂။ ရွှေခြေနင်း, ငွေခြေနင်း စီးရခြင်း။

၃။ အရိယာမဂ်ယှဉ် ဖြူစင်သော သတိရှိခြင်း။

* ယာဉ်မျိုးရခြင်း၊ ခြေနင်းစီးရ၊ မဂ္ဂသတိ၊ သုံးပါးရှိ၊ မှက်သိ ဘိနပ်လှူ။ ကျိုးတည်း။

## ၂၀။ ခြေနင်းအလှူ၌ အကျိုး(၁)ပါး

က။ ပါဒုကေ သုဂတေ ဒတွာ၊ သံဃေ ဂဏာဝရုတ္တမေ။
ဣဒ္ဓိပါဒုက မာရုယှ၊ ဝိဟရာမိ ယဒိစ္ဆကံ။

**အနက်**

က။ အဟံ၊ ငါသည်။ သုဂတေ၊ သုံးလူထွတ်ဖျား ပဒုမုတ္တရ မြတ်ဘုရားအားငှင်း။ ဂဏာဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော သံဃာတော်အားငှင်း။ ပါဒုကေ၊ ခြေနင်းတို့ကို။ ဒတွာ၊သုံးတန်စေတနာညီစွာမကွက် ရက်ရောကြည်ဖြူ ပေးလှူခဲ့ရပါသောကြောင့်။ ဣဒ္ဓိပါဒုကံ၊ တန်ခိုးတည်းဟူသော ခြေနင်းကို။ အာရုယှ၊ တက်စီး၍။ ယဒိစ္ဆကံ၊ အလိုရှိတိုင်း။ ဝိဟရာမိ၊ နေရပါ၏။

၁။ တန်ခိုး ခြေနင်း စီးရခြင်း။

## ၂၁။ တဘက်ရေသုတ်ဝတ်အလှူ၌ အကျိုး(၅)ပါး

က။ ဥဒကပုဉ္ဆနစောဠေ၊ ဒတွာ ဗုဒ္ဓေ ဂဏုတ္တမေ။
ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ သုဝဏ္ဏဝဏ္ဏော ဝိရဇော၊ သပ္ပဘာသော ပတာပဝါ။
သိနိဒ္ဓံ ဟောတိ မေ ဂတ္တံ၊ ရဇောဇလ္လံ န လိမ္ပတိ။
ဣမေ ဂုဏေ ပဋိလဘေ၊ တဿ နိဿန္ဒတော အဟံ။

### အနက်

က။ အဟံ၊ ငါသည်။ ဗုဒ္ဓေ၊ သုံးလူ့ထွတ်ဖျား ပဒုမုတ္တရ မြတ်ဘုရားအားငင်း။ ဂဏုတ္တမေ၊ အဝိဇ္ဇာကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော သံဃာတော်အားငင်း။ ဥဒကပုဉ္ဆနစောဠေ၊ ရေသုတ်တဘက်အဝတ်တို့ကို။ ဒတွာ၊ သုံးတန်စေတနာ ညီစွာမကွက် ရက်ရောကြည်ဖြူ ပေးလှူခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ပြုခဲ့ဘူးမှုန် အကြောင်းကံနှင့် လျော်ကန် လျောက်ပတ်ကုန်သော။ ပဉ္စာနိသံသေ၊ ငါးချိုးအပြား ရေသုတ်တဘက် အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ တဿ၊ ထိုရေသုတ်တဘက် အလှူ၏။ နိဿန္ဒတော၊ ကမ္မနိယာမ သဘာဝတွက် အကျိုးဆက်ကြောင့်။ သုဝဏ္ဏဝဏ္ဏော၊ ရွှေအဆင်းသို့ ဝါဝင်းကြည်လင် ရုပ်သွင်ရှိသည်။ ဝိရဇော၊ မစင်မကြယ် ရှုံ့ဖွယ်ညစ်ထေး မှုအညစ်အကြေး ကင်းသည်။ သပ္ပဘာသော၊ ပြိုးပြိုးပြက်ပြက် အရောင်လျှက်သည်။ ပတာပဝါ၊ အာဏာပြိုးပြိုး တန်ခိုးကြီးမားသည်။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။ မေ၊ ငါ၏။ ဂတ္တံ၊ အတ္တဘောခေါ်ဆို ခန္ဓာကိုယ်သည်။ သိနိဒ္ဓံ၊ မျှချင်သဖွယ် နှယ်ကျစ်လစ် ချောမော ပြေပြစ်သည်။ ဟောတိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။ ရဇောဇလ္လံ၊ ရှုံ့ဖွယ်ညစ်ထေး မှုအညစ်အကြေးသည်။ န လိမ္ပတိ၊ ကိုယ်မှာမတင် သန့်စင်စေရန် မလိမ်းကျံ။ ဣမေ ဂုဏေ၊ ဤအကျိုး ကျေးဇူးတို့ကို။ ပဋိလဘာ၊ ကောင်းပန်စွာပေ ရရှိပါပေ၏။

၁။ အသင်းလှခြင်း။

၂။ မှုအညစ်အကြေး ကင်းခြင်း။

၃။ ပြိုးပြိုးပြက် အရောင်ထွက်ခြင်း။

၄။ တန်ခိုးကြီးမားခြင်း။

၅။ ကိုယ်အင်္ဂါ ပြေပြစ်ခြင်း။

* အဆင်းကြည်လင်၊ ကင်းစင်ညစ်မှု၊ ထွက်ပြူရောင်မျိုး၊ တန်ခိုးကြီးစွာ၊ အင်္ဂါပြေပြစ်၊ ပေါင်းစစ်ငါးဖြာ၊ ကျမ်းဂန် လာသည်၊ မှတ်ပါ ရေသုတ် တဘာက် လှူကျိုးတည်း။

## ၂၂။ တောင်ဝှေး အလှူ၌ အကျိုး (၆) ပါး

က။ ကတ္တရဒဏ္ဍေ သုဂတေ၊ ဒတွာ သံဃေ ဂဏုတ္တမေ။
ဆာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ ပုတ္တာ မယှံ ဗဟူ ဟောန္တိ၊ တာသော မယှံ န ဝိဇ္ဇတိ။
အပ္ပသယှော သဒါ ဟောမိ၊ သဗ္ဗာရက္ခေဟိ ရက္ခိတော။
ခလိတမ္ပိ န ဇာနာမိ၊ အဘန္တံ မာနသံ မမ။

**အနက်**

က။ အဟံ၊ ငါသည်။ သုဂတေ၊ သုံးလူထွတ်ဖျား ပဒုမုတ္တရ မြတ်စွာဘုရားအားငင်း။ ဂဏုတ္တမေ၊ အဝိဇ္ဇာကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော သံဃာတော် အားငင်း။ ကတ္တရဒဏ္ဍေ၊ သူအိုကိုင် တောင်ဝှေးတို့ကို။ ဒတွာ၊ သုံးတန်စေတနာ ညီစွာမကွက် ရက်ရောကြည်ဖြူ ပေးလှူရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန်လျောက်ပတ် ကုန်သော။ ဆာနိသံသေ၊ ခြောက်မျိုးအပြား တောင်ဝှေးအလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင် ခံစားရပါ၏။

ခ။ မယှံ၊ ငါ့အား။ ပုတ္တာ၊ သားသမီးတို့သည်။ ဗဟူ၊ များကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မယှံ၊ ငါ့အား။ တာသော၊ ထိတ်လန့်ခြင်းသည်။ န ဝိဇ္ဇတိ၊

မရှိပါ။ သဒါ၊ အခါခါပ်သိမ်း။ သဗ္ဗာရက္ခေဟိ၊အလုံးစုံသော အစောင့်အရှောက်တို့ဖြင့်။ ရက္ခိတော၊ စောင့်ရှောက်အပ်သည်ဖြစ်၍။ အပ္ပသယှော၊ သူတပါးတို့ အနှိပ်စက် မခံရသူသည်။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။ ခလိတမ္ပိ၊ ချွတ်ချော်သည်ကိုလည်း။န ဇာနာမိ၊ မသိရပါ။မမၤငါ၏။မာနသံ၊ စိတ်သည်။ အဘန္တံ၊ မတုန်လှုပ်သည်။ ဟောတိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့၏။

၁။ သားသမီး များခြင်း။

၂။ ထိတ်လန့်မှု ကင်းခြင်း။

၃။ စောင့်ရှောက် လုံခြုံခြင်း။

၄။ ရန်သူအနှိပ်အစက် မခံရခြင်း။

၅။ ချွတ်ယွင်းမှု ကင်းခြင်း။

၆။ တုန်လှုပ်မှု ကင်းခြင်း။

* သားသမီးများ၊ ကင်းငြားထိတ်ကြောက်၊ စောင့်ရှောက်လုံခြုံ၊ ကင်းတုံနှိပ်စက်၊ ယွင်းချက်ကင်းယုတ်၊ တုန်လှုပ်မှုကွာ၊ ဤခြောက်ဖြာ၊ မှတ်ပါတောင်ဓွေး လျှကျိုးတည်း။

## ၂၃။ မျက်စဉ်းဆေး အရှုဒ္ဓ

## အကျိုး (၈) ပါး

က။ ဩသမံ အဉ္ဇနံ ဒတွာ၊ ပုဒ္ဓေ သံဃေ ဂဏုတ္တမေ။
အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ ဝိသာလနယနော ဟောမိ၊ သေတပီတော စ လောဟိတော။
အနာဝိလ ပသန္နက္ခော၊ သဗ္ဗရောဂ ဝိဝဇ္ဇိတော။

ဂ။ လဘာမိ ဒိဗ္ဗနယနံ၊ ပညာစက္ခုံ အနုတ္တရံ။
ဂုမ္ဗေ ဂုဏေ ပရိယောဒါ၊ တသာ နိသာန္တတော အဟံ။

အနက်

က။ အဟံ၊ ငါသည်။ ဗုဒ္ဓေ၊ သုံးလူ့ထွတ်ဖျား ပဒုမုတ္တရ မြတ်ဘုရားအား ၎င်း။ ဂဏုတ္တမေ၊ အဝိဇ္ဇာကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရား သားကျော် တသိန်းသော သံဃာတော်အားငှင်း။ အဥ္စနံ၊ မျက်စဉ်းဖြစ်သော။ သြသဓံ၊ ဆေးကို။ ဒတွာ၊ သုံးတန်စေတနာ ညီစွာမကွက် ရက်ရောကြည်ဖြူ ပေးလှူရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုဘ္ထဝိကော၊ ပြုခဲ့ဘူးမှန် အကြောင်း ကံနှင့် လျော်ကန် လျောက်ပတ်ကုန်သော။ အဋ္ဌာနိသံသေ၊ ရှစ်မျိုးအပြား မျက်စဉ်းအလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင် ခံစား ရပါ၏။

ခ။ အဟံ၊ ငါသည်။ ဝိသာလနယနော၊ လှပတင့်တယ် ကျယ်သောမျက်စိ ရှိသူသည်။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။ မေ၊ ငါ၏။ အက္ခိမှို၊ မျက်စိ၌။ သေတဝိတော၊ ဖြူသင့်ရာ၌ဖြူ၍ ဝါသင့်ရာ၌ ဝါ၏။ လောဟိတော၊ နီသင့်ရာ၌ နီ၏။ အဟံ၊ ငါသည်။ သဗ္ဗရောဂဝိဝဇ္ဇိတော၊ ရောဂါခပ်သိမ်း ကင်းငြိမ်းသည်ဖြစ်၍။ အနာဝိလပသန္နက္ခော၊ အလွန်တောက်ပ ကြည်လင်သော မျက်စိရှိသည်။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။

ဂ။ အဟံ၊ ငါသည်။ ဒိဗ္ဗနယန်နတ်မျက်စိနှင့် တူသော မျက်စိကို၎င်း။ အနုတ္တရံ၊ ပြိုင်ဘက်ကင်းဘိ အတုမရှိသော။ ပညာစက္ခုံ၊ ဟုတ်တိုင်း မြင်သိ ပညာမျက်စိကို၎င်း။ လဘာမိ၊ ရရှိပါ၏။ တဿ၊ ထိုမျက်စဉ်းအလှူ၏။ နိဿန္ဒ-တော၊ အကျိုးဆက်ကြောင့်။ ဣမေ ဂုဏေ၊ ဤအကျိုး ကျေးဇူးတို့ကို။ ပဋိလဘော၊ ရရှိပါ၏။

၁။ လှပတင့်တယ် ကျယ်သော မျက်စိရှိခြင်း။
၂။ မျက်စိ၌ ဖြူသင့်ရာ၌ ဖြူခြင်း။
၃။ မျက်စိ၌ ဝါသင့်ရာ၌ ဝါခြင်း။
၄။ မျက်စိ၌ နီသင့်ရာ၌ နီခြင်း။
၅။ ရောဂါ ကင်းခြင်း။

၆။ ကြည်လင်သော မျက်စိရှိခြင်း။

၇။ ဒိဗ္ဗစက္ခုကို ရခြင်း။

၈။ ပညာစက္ခုကို ရခြင်း။

* မျက်စိကျယ်ဘိ၊ မျက်စိဒွဲမှာ၊ ဖြူဝါနီခြင်း၊ ရောဂါကင်းစင်၊ ကြည်လင် မျက်စိ၊ ရဘိဒိဗ္ဗ၊ ဉာဏစက္ခု၊ ပေါင်းစုရှစ်ဖြာ၊ ကျမ်းဂန်လာသည်၊ မှန်စွာ မျက်စဉ်း လှူကျိုးတည်း

## ၂၄။ သံကောက်(သော့)အလှူ၌ အကျိုး (၁) ပါး

ကာ။ ကုဉ္စိကေ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ဓမ္မဒွါရ ဝိဝရဏံ၊ လဘာမိ ဉာဏကုဉ္စိကံ။

**အနက်**

ကာ။ အဟံ၊ ငါသည်။ သုဂတေ၊ သုံးလူ့ထွတ်ဖျား ပဒုမုတ္တရ မြတ်ဘုရား အားရင်း။ ဂဏဝရုတ္တမေ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော သံဃာတော်အားရင်း။ ကုဉ္စိကေ၊ သံကောက် 'သော့' တို့ကို။ ဒတွာ၊ သဒ္ဒါဖွေးဖြူ အလေးမူပြီး ပေးလှူခဲ့ရပါသောကြောင့်။ ဓမ္မဒွါရဝိဝရဏံ၊ နိဗ္ဗာန်တံခါးကို ဖွင့်နိုင် ပွင့်စေနိုင်သော။ ဉာဏကုဉ္စိကံ၊ ဉာဏ်တည်းဟူသော သံကောက် 'သော့' ကို။ လဘာမိ၊ အကြောင်းညီစွာ ရရှိခဲ့ ပါ၏။

၁။ နိဗ္ဗာန်တံခါးဖွင့် ဉာဏ်သော့ကို ရခြင်း။

## ၂၅။ သံကောက်အိမ် (သော့ခလောက်) အလှူ၌ အကျိုး (၂) ပါး

ကာ။ ကုဉ္စိကာနံ ယာရေ ဒတွာ၊ ဗုဒ္ဓေ သံဃေ ဂဏုတ္တမေ။
ဒွါနိ ဝါသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
အပ္ပဂေဟပေ အနာယာသော၊ ဒသဗျသ္မ ဘဝေ အဟံ။

**အနက်**

က။ အဟံ၊ ငါသည်။ ဗုဒ္ဓေ၊ သစ္စာလေးခိုင် ကိုယ်တိုင်သိမြင် ပဒုမုတ္တရဘုရားရှင်အားရင်း။ ဂဏုတ္တမေ၊ အဝိဇ္ဇာကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော သံဃာတော်အားရင်း။ ကုဋ္ဌိကာနံ၊ သံကောက်(သော့)တို့၏။ ဃရေ၊ အိမ်(သော့ခလောက်)တို့ကို။ ဒတွာ၊ သုံးတန်စေတနာညီစွာမကွက် ရက်ရောကြည်ဖြူ ပေးလှူရသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန် လျောက်ပတ်ကုန်သော။ ဒွါနိသံသေ၊ နှစ်မျိုးအပြား သော့ခလောက်အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။ အဟံ၊ ငါသည်။ ဘဝေ၊ ဖြစ်လျှင်ပျက်ရ သံသရာဘဝ၌။ သံသရန္တော၊ ဖြစ်ချည်ပျက်ချည် ပြေးသွားကျင်လည်ရသည်ရှိသော်။ အပ္ပကောဓော၊ အမျက်နည်းပါးသူသည်။ အနာယာသော၊ ပင်ပန်းခြင်းမရှိသူသည်။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။

၁။ အမျက် နည်းပါးခြင်း။

၂။ ပင်ပန်းခြင်း မရှိခြင်း။

* အမျက်နည်းပါး၊ပင်ပန်းရှားသည်၊နှစ်ပါးသော့ခလောက် လှူကျိုးတည်း။

## ၂၆။ အာယောဂပတ် အလှူ၌ အကျိုး (၅)ပါး

က။ အာယောဂေ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ သမာဓိသု န ကမ္ပာမိ၊ ဝသီ ဟောမိ သမာဓိသု။
အဘေဇ္ဇပရိသော ဟောမိ၊ အာဒေယျဝစနော သဒါ။
ဇာယတိ ဘောဂသမ္ပတ္တိ၊ ဘဝေ သံသရတော မမ။

**အနက်**

က။ အဟံ၊ ငါသည်။ သုဂတေ စ၊ သုံးလူ့ထွတ်ဖျား ပဒုမုတ္တရ မြတ်စွာဘုရားအားရင်း။ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။

သံဃေ စ၊ ဘုရားသားကျော် တသိန်းသော သံဃာတော်အားဇင်း။ အာယောဂေ၊ အာယောဂပတ်တို့ကို။ ဒတ္ဝာ၊ သုံးတန်စေတနာ ညီစွာမကွက် ရက်ရောကြည်ဖြူ ပေးလှူခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကော၊ ပြုခဲ့ဘူးမှုန်အကြောင်းကံနှင့် လျော်ကန် လျောက်ပတ်ကုန်သော။ ပဥ္စာနိသံသေ၊ ငါးမျိုးအပြား အာယောဂပတ် အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ သမာဓိသု၊ ပဌမစျာန်စသော သမာဓိတို့၌။ န ကမ္ပာမိ၊ မတုန်မလှုပ်ပါ။ သမာဓိသု၊ ပဌမစျာန်စသော သမာဓိတို့၌။ ဝသီ၊ အလေ့အကျင့်ရှိသူသည်။ ဟောမိ၊အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။ အဘေဇ္ဇပရိသော၊ မပြိုကွဲ မပျက်စီးသော ပရိသတ်ရှိသူသည်။ သဒါ၊ အခါခပ်သိမ်း။ အာဒေယျ-ဝစနော၊ နာယူထိုက်သော စကားရှိသူသည်။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။ ဘဝေ၊ ဖြစ်လျှင်ပျက်ရ သံသရာဘဝ၌။ သံသရတော၊ ဖြစ်ချည်ပျက်ချည် အတည်မကျ ပြေးသွားကျင်လည်ရသော။ မမ၊ ငါ့အား။ ဘောဂ-သမ္ပတ္တိ၊ စည်းစိမ်ဥစ္စာ၏ ပြည့်စုံခြင်းသည်။ ဇာယတိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။

၁။ ဈာန်သမာဓိတို့၌ မတုန်လှုပ်ခြင်း။
၂။ ဈာန်သမာဓိတို့၌ အလေ့အကျင့်ရှိခြင်း။
၃။ မပြိုကွဲသော ပရိသတ်ရှိခြင်း။
၄။ နာယူထိုက်သော စကားရှိခြင်း။
၅။ စည်းစိမ်ဥစ္စာ ပြည့်စုံခြင်း။

* ဈာန်သမာဓိ၊ မရှိတုန်လှုပ်၊ မ[illegible]ပျက်လေ ကျက်၊ မပျက်ပရိသတ်၊ နာဒ[illegible]
စကား၊ ဇိ[illegible]ပြည့်[illegible]ဂတ်[illegible]သ[illegible] ဂ[illegible]တ်[illegible] လှူကျိုး[illegible]

## ၂၇။ အနိုးတံ့ ဆေးတံ့ ဆေးလိပ် အလှူ၌ အကျိုး (၃) ပါး

က။ [illegible]မနေဝေ [illegible]နေ ဒ[illegible] [illegible] ဂဏဝရုဏ္ဏမေ
[illegible] [illegible]သော [illegible]ဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ သတိ မေ ဥဇုကာ ဟောတိ၊ သုသမ္ဗန္ဓာ စ န္ဒာရဝေါ၊
လဘာမိ ဒိဗ္ဗနယနံ၊ တဿ နိဿန္ဒတော အဟံ။

အနက်

က။ အဟံ၊ ငါသည်။ ဇိနေ၊ ငါးမာရ်အောင်မြင် ပဒုမုတ္တရ ဘုရားရှင်အား
၎င်း။ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရား
သားကျော် တသိန်းသော သံဃာတော်အား၎င်း။ ဓူမနေတ္တော၊ အခိုးတံ ဆေးတံ
ဆေးလိပ်တို့ကို။ ဒတွာ၊ သုံးတန်စေတနာ ညီစွာမကွက် ရက်ရောကြည်ဖြူ ပေးလှူ
ခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကော၊ ပြုခဲ့ဘူးမှန် အကြောင်းကံ
နှင့် လျော်ကန်လျောက်ပတ်ကုန်သော။တီဏာနိသံသေ၊ သုံးမျိုးအပြား အခိုးတံ
ဆေးတံ ဆေးလိပ်အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား
သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ တဿ၊ ထိုအခိုးတံ ဆေးတံ ဆေးလိပ်အလှူ၏။နိဿန္ဒ-
တော၊ ကမ္မနိယာမ သဘာဝတွက် အကျိုးဆက်ကြောင့်။ မေ၊ ငါ၏။ သတိ၊
သတိသည်။ ဥဇုကာ၊ ဖြောင့်မတ်သည်။ ဟောတိ၊ အကြောင်းလျော်စွာ
ဖြစ်ခဲ့ပါ၏။ န္ဒာရဝေါ၊ အကြောတို့သည်။ သုသမ္ဗန္ဓာ၊ ကောင်းစွာစပ်လျက်
ရှိကုန်၏။ အဟံ၊ ငါသည်။ ဒိဗ္ဗနယနံ၊ နတ်မျက်စိနှင့် တူသော မျက်စိကို။
လဘာမိ၊ အကြောင်းလျော်စွာ ရရှိခဲ့ပါ၏။

၁။ ဖြောင့်မတ်သော သတိ ရှိခြင်း။
၂။ ကောင်းစွာ ဆက်စပ်သော အကြောရှိခြင်း။
၃။ နတ်မျက်စိနှင့်တူသော မျက်စိကို ရခြင်း။

* သတိဖြောင့်မတ်၊ ဆက်စပ်အကြော၊ ရသောဒိဗ္ဗ၊ စက္ခုမျှ၊ သုံးဝဆေးတံ
ဆေးလိပ် လှူကျိုးတည်း။

## ၂၈။ ဆီမီးတိုင်အလှူ၌ အကျိုး (၃)ပါး

က။ ဒီပဓာရေ ဇိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
တီဏာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ ဇာတိမာ အင်္ဂသမ္ပန္နော၊ ပညဝါ ဗုဒ္ဓိသမ္မတော။
ဣမေ ဂုဏေ ပဋိလဘေ၊ တဿ နိဿန္ဒတော အဟံ။

အနက်

က။ အဟံ၊ ငါသည်။ ဇိနေ၊ ငါးမာရ်အောင်မြင် ပဒုမုတ္တရ ဘုရားရှင်အား ၎င်း။ဂဏဝရုတ္တမေ၊ပြိုင်ဘက် ကင်းပြတ်ဂိုဏ်းမြတ်ဖြစ်သော။သံဃေ၊ဘုရားသားကျော် တသိန်းသော သံဃာတော် အား၎င်း။ ဒီပဓာရေ၊ အမှောင်ပယ်ခွင်း အရောင်အလင်းပေးနိုင် ဆီမီးတိုင်တို့ကို။ ဒတ္ဝာ၊ သုံးတန်စေတနာ ညီစွာမကွက် ရက်ရောကြည်ဖြူ ပေးလှူခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန် လျောက်ပတ်ကုန်သော။ တီဏာနိ-သံသေ၊ သုံးမျိုးအပြား ဆီမီးတိုင်အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ ဇာတိမာ၊ ပဋိသန္ဓေဇာတ် အမျိုးမြတ်သူသည်။ အင်္ဂ-သမ္ပန္နော၊ လုံးရပ်ညီညာ လက်ခြေစသော ကိုယ်အင်္ဂါနှင့် ပြည့်စုံသူသည်။ ဗုဒ္ဓိသမ္ပတော၊ တတ်သိလိမ်မာသူဟု သမုတ်အပ်သော။ ပညဝါ၊ အရာရာမှာ မှန်စွာသိတိ ပညာရှိသူသည်။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။ တဿ၊ ထိုဆီမီးတိုင်အလှူ၏။ နိဿန္ဒတော၊ ကမ္မနိယာမ သဘာဝထွက် အကျိုးဆက်ကြောင့်။ ဣမေ ဂုဏော၊ ဤအကျိုးကျေးဇူးတို့ကို။ ပဋိလဘော၊ အကြောင်းလျော်စွာ ရရှိခဲ့ပါ၏။

၁။ အမျိုး မြတ်ခြင်း။

၂။ ကိုယ်အင်္ဂါ ပြည့်စုံခြင်း။

၃။ တတ်သိလိမ်မာ ပညာရှိခြင်း။

*မျိုးနွယ်မြတ်စွ၊ လှပအင်္ဂါ၊ ကိုယ်မှာပြည့်စုံ၊ ပညာဂုဏ်ရှိ၊ သုံးပါးပြည့်၊ မှတ်သိဆီမီး လှူကျိုးတည်း။

## ၂၉။ ဗူးနှင့် ကြွတ်အရှုံ့ အကျိုး(၁၀)ပါး

က။ တုမ္ဟေ စ ကရဇ္ဈေ စ၊ ဒတ္ဝာ ဗုဒ္ဓေ ဂဏုတ္တမေ။
ဒသာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ သုဂုတ္တော သုခသမင်္ဂါ၊ မဟာယသော တထာ ဂတိ။
ဝိပတ္တိ ဝိဂတော သုခုမာလော၊ သဗ္ဗတ္ထ ပရိဝဇ္ဇိတော။

ဂ။ ဝိပုလေ စ ဂုဏေ လာဘီ၊ သမာဝစလနာ မမ။
သုဝိဝဇ္ဇိတ ဥဗ္ဗေဂေါ၊ တုမ္ဗကေ စ ကရဏ္ဍကေ။

ဃ။ လာဘာမိ စတုရော ဝဏ္ဏော၊ ဟတ္ထိဿရတနာဒိ စ။
တာနိမေ န ဝိနဿန္တိ၊ တုမ္ဗဒါနေ ဣဒံ ဖလံ။

**အနက်**

က။ အဟံ၊ ငါသည်။ ဗုဒ္ဓေ၊ သုံးလူ့ထွတ်တင် ပဒုမုတ္တရ ဘုရားရှင် အားရှင်း။ ဂဏုတ္တမေ၊ အဝိဇ္ဇာကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရား သားကျော် တသိန်းသော သံဃာတော်အားရှင်း။ တုမ္ဗကေ စ၊ ဗူးတို့ကိုရှင်း။ ကရဏ္ဍေ စ၊ ကြုတ်တို့ကိုရှင်း။ ဒတွာ၊ သုံးတန်စေတနာ ညီစွာမကွက် ရက်ရော ကြည်ဖြူ ပေးလှူခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကော၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန်လျောက်ပတ်ကုန်သော။ ဒသာနိသံသေ၊ ဆယ်မျိုး အပြား ဗူးကြုတ်အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ သုဂုတ္တော၊ ကောင်းစွာ လုံခြုံသည်။ သုခသမင်္ဂီ၊ ချမ်းသာနှင့်ပြည့်စုံသည်။ မဟာယသော၊ များသော အခြံအရံရှိသည်။ တထာ၊ ထိုမှတပါး။ ဂတိ၊ လားရောက်ရာ ဖြစ်သော ဂတိသည်။ ဝိပတ္တိ ဝိဂတော၊ ဖောက်ပြန် ပျက်စီးခြင်းမှ ကင်းသည်။ သုခုမာလော၊ နူးညံ့သိမ်မွေ့သည်။ သဗ္ဗီတိပရိဝဇ္ဇိတော၊ ခပ်သိမ်းဆင်းရဲ ကြဉ်ဖဲကင်းဝေးသည်။ ဟောမိ၊အကြောင်း လျော်စွာ ဖြစ်ခဲ့ပါ၏။

ဂ-ဃ။ အဟံ၊ ငါသည်။ ဝိပုလေ၊ ကြီးကျယ်ပြန့်ပြောကုန်သော။ ဂုဏေ၊ ဂုဏ်ကျေးဇူးတို့ကို။ လာဘီ၊ ရလေ့ရှိသည်။ (အမှိ၊) ဖြစ်ပါ၏။ မမ၊ ငါ၏။ စလနာ၊ ခြေတို့သည်။ သမာဝ၊ ညီညွတ်ကုန်သည်သာ။ သုဝိဝဇ္ဇိတဥဗ္ဗေဂေါ၊ ကောင်းစွာကြဉ်အပ်သော ထိတ်လန့်ခြင်းရှိသည်။ဝါ၊ ထိတ်လန့်ခြင်းကင်းသည်။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။ စတုရော ဝဏ္ဏော၊ ရွှေ၊ ငွေ၊ မြ၊ ဖလ် လေးတန်အဆင်းရှိကုန်သော။တုမ္ဗကေ စ၊ဗူးတို့ကိုရှင်း။ကရဏ္ဍကေ စ၊ကြုတ်တို့ကို ရှင်း။ လာဘာမိ၊ အကြောင်းလျော်စွာ ရရှိခဲ့ပါ၏။ ဟတ္ထိဿရတနာဒိ စ၊

ဆင်ရတနာ, မြင်းရတနာတို့ကိုလည်း။ လဘာမိ၊ အကြောင်းလျော်စွာ ရရှိခဲ့ပ ၏။ မေ၊ ငါ၏။ တာနိ၊ ထိုစည်းစိမ်ဥစ္စာ ရတနာတို့သည်။ န ဝိနဿန္တိ၊ရန်မျိုး ငါးချက် မဖျက်မဆီး မပျက်စီးကုန်။ ဣဒံ၊ ဤသို့ ဆယ်ဖြာဣဋ္ဌဖြစ်ရခြင်းသည်။ တုမ္ဗဒါနေ၊ ကြုတ်ဗူးအလှူ၌။ ဖလံ၊ ရရှိခံစား အကျိုးတရားပါတည်း။

၁။ ချမ်းသာခြင်း။

၂။ အခြံအရံ များခြင်း။

၃။ သိမ်မွေ့နူးညံ့သော ကိုယ်အင်္ဂါ ရှိခြင်း။

၄။ ညီညွတ်သော လက်ခြေ ရှိခြင်း။

၅။ ဆင်းရဲ ကင်းခြင်း။

၆။ ဘိတ်လန့်ခြင်း ကင်းခြင်း။

၇။ များစွာသော ဂုဏ်ကျေးဇူးတို့ကို ရခြင်း။

၈။ ဖူးကြုတ် ဆင်,မြင်းတို့ကို ရခြင်း။

၉။ စည်းစိမ်ဥစ္စာ ရတနာတို့ကို ရန်သူမျိုး ငါးပါး မဖျက်ဆီး နိုင်ခြင်း။

၁၀။ ဂတိဝိပတ္တိမှ ကင်းခြင်း။

ပြည့်စုံချမ်းသာ၊ များစွာခြွေရံ၊ အင်္ဂနုနယ်၊ ခြေဝယ်ညီမျှ၊ ကင်းပဆင်းရဲ၊ ကင်းစဲထိတ်ကြောက်၊ ဂုဏ်ရောက်များထူး၊ ကြုတ်ဗူးဆင်မြင်း၊ ရခြင်းမပျက်၊ ဂတိဆက်ကောင်း၊ အပေါင်းဆယ်ဖြာ၊ကျွမ်းဝန်လာသည်၊ မှတ်ပါဗူးကြုတ် လှူကျိုးတည်း။

## ၃၀။ လက်သုတ်ပုဝါ အလှူ၌ အကျိုး(၅)ပါး

က။ မလဟာရဏိယော ဒတွာ၊ ဗုဒ္ဓေ သံဃေ ဂဏုတ္တမေ။
ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ သုဂန္ဓလက္ခဏသမ္ပန္နော၊ အာယုပညာ သမာဟိတော။
သဗ္ဗာယသာဘိဟိ[illegible]၊ ကာယော မေ ဟောတိ သဗ္ဗဒါ။

အနက်

က။ အဟံ၊ ငါသည်။ ပုဗ္ဗေ၊ သစ္စာလေးခိုင် ကိုယ်တိုင်သိမြင် ပဒုမုတ္တရ ဘုရားရှင်အားရင်း။ ဂဏုတ္တမေ၊ အဝိဇ္ဇာကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော ရဟန္တာ သံဃာတော်အားရင်း။ မလဟာရဏီယော၊ လက်သုတ်ပုဝါတို့ကို။ ဒတွာ၊ သုံးတန်စေတနာ ညီစွာမကွက် ရက်ရော ကြည်ဖြူ ပေးလှူခဲ့ရသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုဘာဝိကော၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန် လျောက်ပတ်ကုန်သော။ ပဉ္စာနိသံသေ၊ ငါးမျိုး အပြား လက်သုတ်ပုဝါအလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ သဗ္ဗလက္ခဏ သမ္ပန္နော၊ အလုံးစုံသော အင်္ဂါလက္ခဏာ နှင့် ပြည့်စုံသည်။ အာယုပညာသမာဟိတော၊ အသက်ရှည်ခြင်း ပညာတတ်ခြင်း၊ သမာဓိရှိခြင်းတို့နှင့် ပြည့်စုံသည်။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ခဲ့ပါ၏။ မေ၊ငါ၏။ ကာယော၊ ကိုယ်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သဗ္ဗာယာသဝိနိမုတ္တော၊ ပူပန်ခပ်သိမ်း ကင်းငြိမ်းလွတ်မြောက်သည်။ ဟောတိ၊ အကြောင်း လျော်စွာ ဖြစ်ခဲ့ပါ၏။

၁။ ကြန်အင်္ဂါလက္ခဏာနှင့် ပြည့်စုံခြင်း။

၂။ အသက်ရှည်ခြင်း။

၃။ ပညာတတ်ခြင်း။

၄။ သမာဓိရှိခြင်း။

၅။ ကိုယ်ပူပန်ခြင်း ကင်းခြင်း။

* ကြန်အင်ပြည့်လျက်၊ အသက်ရှည်စွာ၊ ပညာတတ်သ၊ သမာဓိရ၊ ကိုယ်ပူပကင်းွာ၊ ဤငါးဖြာ၊ ပုဝါလက်သုတ် လှူကျိုးတည်း။

## ၃၁။ သင်ရုန်းအလှူ၌ အကျိုး (၁) ပါး

က။ တဏှမာရေ သုနိသိတော၊ သံဃေ ဒတွာန ပိပ္ဖလေ။
ကိလေသကန္တနံ ဉာဏံ၊ လဘာမိ အတုလံ သုစိံ။

အနက်

က။ အဟံ၊ ငါသည်။ သုနိသိတေ၊ ကောင်းစွာပွတ်ဆေး သွေးအပ်ကုန်သော။ တဏ္ဍုမာရေ၊ ထက်သော အသွား ရှိကုန်သော။ ပိပ္ဖလေ၊ သင်ဓုန်းဓားတို့ကို။ သံဃေ၊ ပဒုမုတ္တရ ဘုရားရှင်အမှူးရှိသော တသိန်းသော ရဟန္တာ သံဃာတော်အား။ ဒတွာန၊ သုံးတန်စေတနာ ညီစွာမကွက် ရက်ရောကြည်ဖြူ ပေးလှူခဲ့ရပါသောကြောင့်။ သုစိံ၊ သန့်ရှင်းစင်ကြယ်သော။ ကိလေသကန္တနံ၊ ကိလေသာကို ပယ်ခွါဖြတ်တောက် တတ်သော။ အတုလံ၊ တုပြိုင်ဘက်ရှင်း အတုကင်းသော။ ဉာဏံ၊ အရဟတ္တမဂ်ဉာဏ်ကို။ လဘာမိ၊ အကြောင်းညီစွာ ရရှိခဲ့ပါ၏။

၁။ ကိလေသာဖြတ် အရဟတ္တမဂ်ဉာဏ်မြတ်ကို ရခြင်း။

## ၃၂။ မွေးညှပ်အလှူ၌ အကျိုး (၁)ပါး

က။ သဏ္ဍာသေ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ကိလေသဘဉ္ဇနံ ဉာဏံ၊ လဘာမိ အတုလံ သုစိံ။

အနက်

က။ အဟံ၊ ငါသည်။ သုဂတေ၊ သုံးလူ့ထွတ်ဖျား ပဒုမုတ္တရ မြတ်ဘုရားအားလည်း။ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော ရဟန္တာ သံဃာတော်အားလည်း။ သဏ္ဍာသေ၊ မွေးညှပ်တို့ကို။ ဒတွာ၊ သဒ္ဓါဖွေးဖြူ အလေးမူပြီး ပေးလှူခဲ့ရပါသောကြောင့်။ သုစိံ၊ သန့်ရှင်းစင်ကြယ်သော။ ကိလေသဘဉ္ဇနံ၊ အယုတ်တမာ ကိလေသာကို ပယ်ခွါချိုးဖျက်တတ်သော။ အတုလံ၊ အတုမရှိသော။ ဉာဏံ၊ အရဟတ္တမဂ် ဉာဏ်ကို။ လဘာမိ၊ အကြောင်းလျော်စွာ ရရှိခဲ့ပါ၏။

၁။ ကိလေသာဖျက် အရဟတ္တမဂ်ဉာဏ်ကို ရခြင်း။

## ၃၃။ နှာနှပ်တံအလှူ၌ အကျိုး (၈) ပါး

က။ နန္ဒကေ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
[illegible]

ခ။ သဒ္ဓံ သီလံ ဟိရိဩတ္တပ္ပိယံ အထ သြတ္တပ္ပိယံ ဂုဏံ။
သုတံ စာဂဉ္စ ခန္တိဉ္စ ပညံ မေ အဌမံ ဂုဏံ။

အနက်

က။ အဟံ၊ ငါသည်။ သုဂတေ၊ သုံးလူ့ထွတ်ဖျား ပဒုမုတ္တရ မြတ်ဘုရား အားငှင်း။ ဂဏာဝရုတ္တမေ၊ မြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော ရဟန္တာ သံဃာတော် အားငှင်း။ နတ္တုကေ၊ နှာနှပ်တံတို့ကို။ ဒတွာ၊ သဒ္ဓါဖွေးဖြူ အလေးမူပြီး ပေးလှူခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန်လျောက် ပတ်ကုန်သော။အဌာနိသံသေ၊ ရှစ်မျိုးအပြား နှာနှပ်တံအလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ သဒ္ဓံ၊ ယုံကြည်ခြင်း သဒ္ဓါဟုဆိုအပ်သော။ ဂုဏံ စ၊ ဂုဏ်ကျေးဇူးကိုငှင်း။ သီလံ၊ ကိုယ်အကျင့် နှုတ်အကျင့် သီလဟု ဆိုအပ်သော။ ဂုဏံ စ၊ ဂုဏ်ကျေးဇူးကိုငှင်း။ ဟိရိံ၊ မကောင်းမှုမှ ရှက်ခြင်း ဟိရိဟုဆိုအပ်သော။ဂုဏံ စ၊ ဂုဏ်ကျေးဇူးကိုငှင်း။အထ၊ ထိုမှတပါး။သြတ္တပ္ပိယံ၊ မကောင်းမှုမှ လန့်ခြင်း သြတ္တပ္ပဟု ဆိုအပ်သော။ ဂုဏံ စ၊ ဂုဏ်ကျေးဇူးကိုငှင်း။ သုတံ၊ အကြားအမြင် သုတဟုဆိုအပ်သော။ ဂုဏံ စ၊ ဂုဏ်ကျေးဇူးကိုငှင်း။ စာဂံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း စာဂဟု ဆိုအပ်သော။ ဂုဏံ စ၊ ဂုဏ်ကျေးဇူးကိုငှင်း။ ခန္တိံ၊ ဣဋ္ဌ အနိဋ္ဌ နှစ်ဝ လောကဓံကို သည်းခံခြင်း ခန္တိဟုဆိုအပ်သော။ ဂုဏံ စ၊ ဂုဏ်ကျေးဇူးကိုငှင်း။ အဌမံ၊ ရှစ်ခုမြောက်ဖြစ်သော။ ပညံ၊ တတ်သိလိမ်မာ ပညာဟု ဆိုအပ်သော။ ဂုဏံ စ၊ ဂုဏ်ကျေးဇူးကိုငှင်း။ ဣမေ ဂုဏေ၊ ဤအကျိုးကျေးဇူးတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

၁။ သဒ္ဓါနှင့် ပြည့်စုံခြင်း။
၂။ သီလနှင့် ပြည့်စုံခြင်း။
၃။ ဟိရိနှင့် ပြည့်စုံခြင်း။
၄။ သြတ္တပ္ပနှင့် ပြည့်စုံခြင်း။
၅။ သုတနှင့် ပြည့်စုံခြင်း။

၆။ စာဂနှင့် ပြည့်စုံခြင်း။

၇။ ခန္တီနှင့် ပြည့်စုံခြင်း။

၈။ ပညာနှင့် ပြည့်စုံခြင်း။

* သဒ္ဓါ,သီလ၊ သုတ,စာဂါ၊ ပညာ, ဟိရီ၊ ခန္တီ, ဩတ္တပ်၊ ပြည့်စုံ လတ်သည်၊ ရှစ်ရပ် နှာနှပ်တံ လျှကျိုးတည်း။

## ၃၄။ အင်းပျဉ် (ကုလားထိုင်) အလှူ၌ အကျိုး (၅)ပါး

က။ ပိဋ္ဌကေ သုဂတေ ဒတ္ဝာ၊ သံဃေ ဂဏဝရုတ္တမေ။
ပဥ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ ဥစ္စေ ကုလေ ပဇာယာမိ၊ မဟာဘောဂေါ ဘဝါမဟံ။
သဗ္ဗေ မံ အပစာယန္တိ၊ ကိတ္တိအဗ္ဘုဂ္ဂတာ မမ။

ဂ။ ကပ္ပသတသဟဿာနိ၊ ပလ္လင်္ကာ စတုရဿကာ။
ပရိဝါရေန္တိ မံ နိစ္စံ၊ သံဝိဘာဂရတော အဟံ။

အနက်

က။ အဟံ၊ ငါသည်။ သုဂတေ၊ သုံးလူ့ထွတ်ဖျား ပဒုမုတ္တရ မြတ်ဘုရား အားငှင်း။ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော ရဟန္တာ သံဃာတော်အားငှင်း။ ပိဋ္ဌကေ၊ သပ်ချာတွက်ကိန်း တသိန်းသော အင်းပျဉ်ကုလားထိုင် ထိုင်စရာပုံတို့ကို။ ဒတွာ၊ သုံးတန်စေတနာ ညီစွာမကွက် ရက်ရောကြည်ဖြူ ပေးလှူရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန်[illegible] ပတ်ကုန်သော။ ပဥ္စာနိသံသေ၊ ငါးမျိုးအပြား အင်းပျဉ်ကုလားထိုင် ထိုင်စရာ အလှူ၏အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ ဥစ္စေ၊ မြင့်မြတ်သော။ ကုလေ၊ သူကြွယ်မင်း[illegible] ပုဏ္ဏား[illegible]။ ပဇာယာမိ၊ ရှေးဝါပြုကြွေး ကံအား[illegible] [illegible]ပါ၏။

မဟာဘောဂေါ၊ သုံးဆောင်ခံစား စံစားဘွယ်ရာ ပစ္စည်းဥစ္စာ များစွာရှိသူသည်။ဘဝါမိ၊ ရှေးခါပြုငြား ကံအားလျော်စွာ ဖြစ်ရပါ၏။ မံ၊ ငါ့ကို။ သဗ္ဗေ၊ ခပ်သိမ်းကုံးခြုံ အလုံးစုံသောသူတို့သည်။ အပစာယန္တိ၊ မြတ်နိုးကော်ရော်ပူဇော်ကြကုန်၏။ မမ၊ ငါ၏။ ကိတ္တိ၊ ကျေးဇူးသတင်း ကျော်စောခြင်းသည်။ အဗ္ဘုဂ္ဂတာ၊ ဒီသာဆယ်ချက် ပြန့်နှံ့တက်၏။

ဂ။ ကပ္ပသတသဟဿာနိ၊ ကမ္ဘာတသိန်းတို့ပတ်လုံး။ စတုရဿကာ၊ လေးဘက်အထောင့်ရှိကုန်သော။ ပလ္လင်္ကာ၊ မှန်မြတ်အချောတင် ကောင်းသော ပလ္လင်တို့သည်။ မံ၊ ငါ့ကို။ နိစ္စံ၊ အမြဲ။ ပရိဝါရေန္တိ၊ ခြံရံလျက် ဖြစ်ကုန်၏။ အဟံ၊ ငါသည်။ သံဝိဘာဂရတော၊ ခွဲခြမ်းဝေဘန်မှု၌ မွေ့လျော်သူသည်။ဘဝါမိ၊ ရှေးခါပြုငြား ကံအားလျော်စွာ ဖြစ်ခဲ့ပါ၏။

၁။ အမျိုးမြတ်ခြင်း။

၂။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာခြင်း။

၃။ အပူဇော်ခံရခြင်း။

၄။ ကျော်စောခြင်း။

၅။ ပလ္လင်အမျိုးမျိုး ရခြင်း။

*မျိုးမြတ်ကြွယ်ဝ၊ ပူဇော်ရ၏၊ ကျော်စွာသတင်း၊ ရခြင်းပလ္လင်၊ ငါးပါး လှုင်၊ အင်းပျဉ် (ကုလားထိုင်-ထိုင်စရာခုံ) လှူကျိုးတည်း။

## ၃၅။ ဘုံလျှိုအရှုဒ္ဓ အကျိုး(၆)ပါး

က။ ဘိသိယော သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ဆာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ သမသုဂတ္တော ပစိတော၊ မုဒုကော စာရုဒဿနော။
လဘာမိ ဉာဏပရိဝါရံ၊ ဘိသိဒါနဿိဒံ ဖလံ။

ဂ။ တူလိကာ ဝိကတိ ကာယော၊ ကဋ္ဋိဿာ စိတ္တကာ ဗဟူ။
ဂရပေါတ္ထကေ ကမ္ဗလေ စ၊ လဘာမိ ဝိဝိဓေ အဟံ။

ဃ။ ပါဝါရိကေ စ မုဒုကေ၊ မုဒုကာ ဇိနဝေဏိယော။
လဘာမိ ဝိဝိဓတ္ထာရေ၊ ဘိသိဒါနဿိဒံ ဖလံ။

င။ ယတော သရာမိ အတ္တာနံ၊ ယတော ပတ္တောသ္မိ ဝိညုတံ။
အတုစ္ဆော ဈာနမဥ္စောမှိ၊ ဘိသိဒါနဿိဒံ ဖလံ။

**အနက်**

က။ အဟံ၊ ငါသည်။ သုဂတေ၊ သုံးလူ့ထွတ်ဖျား ပဒုမုတ္တရ မြတ်ဘုရားအားငှင်း။ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော ရဟန္တာ သံဃာတော်အားငှင်း။ ဘိသိယော၊ သင်္ဘျာတွက်ကိန်း တသိန်းသော ဘုံလျှိုတို့ကို။ ဒတွာ၊ သဒ္ဓါဖွေးဖြူ အလေးမူပြီး ပေးလှူခဲ့ရသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန်လျောက်ပတ်ကုန်သော။ ဆာနိသံသေ၊ ခြောက်မျိုးအပြား ဘုံလျှိုအလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ သမသုဂတ္တော၊ ချောမောပြေပြစ် ညီညွတ်သော ကိုယ်ရှိသူသည်။ အပစိတော၊ တပါးသူတို့ ကြည်ဖြူကော်ရော် အပူဇော်ခံရသူသည်။ မုဒုကော၊ ပြော့ပျောင်း နူးညံ့ သူသည်ငှင်း။ စာရုဒဿနော၊ ရှုချင်သဖွယ် တင့်တယ်လှပသူသည်။ ဟောမိ၊ ရှေးခါပြုခြား ကံအားလျော်စွာ ဖြစ်ရပါ၏။ ဉာဏပရိဝါရံ၊ အခြံအရံနှင့်တကွသော ဉာဏ်ကို။ လဘာမိ၊ ကောင်းမှုလျော်စွာ ရခဲ့ပါ၏။ ဤဒံ၊ ဤသို့ နှစ်မြို့ဘွယ်ရာ ချမ်းသာဂုဏ္ဌ ဖြစ်ရခြင်းသည်။ ဘိသိဒါနဿ၊ ဘုံလျှိုအလှူ၏။ ဖလံ၊ ရရှိခံစား အကျိုးတရားပါတည်း။

ဂ။ အဟံ၊ ငါသည်။ တူလိကာ၊ လဲစာသွတ်သော ဘုံလျှိုတို့ကိုငှင်း။ ဝိကတိကာယော၊ ခြသေ့ရုပ်,ကျားရုပ်တို့ဖြင့် အထူးပြုအပ်သော အခင်းတို့ကိုငှင်း။ ကဋ္ဋိဿာ၊ ရွှေချည်ထိုး အခင်းတို့ကိုငှင်း။ စိတ္တကာ၊အကွက်တို့ဖြင့် ဆန်းကြယ်စွာ ပြုလုပ်အပ်သော အခင်းတို့ကိုငှင်း။ ဗဟူ၊ များစွာကုန်သော။ ဝရပေါတ္ထကေ၊ နှစ်ပြုံ့ဘွယ်ကောင်း ကောင်းမြတ်သော အဝတ်တို့ကိုငှင်း။ ဂေါဏေ၊ အမျိုးမျိုး

အစားစားမျိုးပြားကုန်သော။ ကမ္ဗလေ၊ သကလပ်ထည်တို့ကိုရင်း။ လဘာမိ၊ ရွေးခါပြုပြား ကံအားလျော်စွာ ရခဲ့ပါ၏။

ဃ။ အဟံ၊ ငါသည်။ မုဒုကော၊ နူးညံ့ကုန်သော။ ပါဝါရိကော၊ အပေါ်ရုံခြုံထည်တို့ကိုရင်း။ မုဒုကာ၊ နူးညံ့ကုန်သော။ အဇိနပဝေဏိယော၊ သစ်နက်ရေတို့ကိုရင်း။ ဝိဝိဓတ္ထာရေ၊ အမျိုးမျိုးသော နေရာအခင်းတို့ကိုရင်း။ လဘာမိ၊ ရွေးခါပြုပြား ကံအားလျော်စွာ ရရှိခဲ့ပါ၏။ ဣဒံ၊ ဤသို့နှစ်မြို့ဘွယ်ရာ ချမ်းသာဣဋ္ဌဖြစ်ရခြင်းသည်။ ဘိသိဒါနဿ၊ ဘုံလျှိအလှူ၏။ ဖလံ၊ ရရှိခံစားအကျိုးတရားပါတည်း။

င။ အဟံ၊ ငါသည်။ ယတော၊ အကြင်အခါမှ။ ပဋ္ဌာယ၊ စ၍။ အတ္တာနံ၊ မိမိကိုယ်ကို။ သရာမိ၊ အောက်မေ့နိုင်၏။ ယတော၊ အကြင်အခါမှ။ ပဋ္ဌာယ၊ စ၍။ ဝိညုတံ၊ သိကြားလိမ္မာခြင်းသို့။ ပတ္တော၊ ရောက်သည်။ အသ္မိ၊ ဖြစ်ပါ၏။ တတော၊ ထိုအခါမှ။ ပဋ္ဌာယ၊ စ၍။ အတုစ္ဆော၊ အချည်းနှီးဖြစ်သူ မဟုတ်မူဘဲ။ ဈာနမဇ္ဈော၊ ဈာန်တည်းဟူသော ညောင်စောင်းရှိသူသည်။ အမ္ဟိ၊ ဖြစ်ပါ၏။ ဣဒံ၊ ဤသို့ဖြစ်ရခြင်းသည်။ ဘိသိဒါနဿ၊ ဘုံလျှိအလှူ၏။ ဖလံ၊ ရရှိခံစားအကျိုးတရားပါတည်း။

၁။ ပြေပြစ်သော ကိုယ်ရှိခြင်း။
၂။ နူးညံ့လှပခြင်း။
၃။ အပူဇော်ခံရခြင်း။
၄။ အခြံအရံနှင့် ဉာဏ်ကို ရခြင်း။
၅။ အခင်းအရံ အဝတ်အမျိုးမျိုးရခြင်း။
၆။ ဈာန်ညောင်စောင်း ရခြင်း။

* ပြေပြစ်ကိုယ်ဝယ်၊ နုနယ်လှပ၊ များစွာပူဇော၊ ပညာပြည့်စုံ၊ ခင်းရုံရရှိး၊ ဈာန်မျိုးညောင်စောင်း၊ ရကြောင်းခြောက်ဖြာ၊ ကျမ်းဂန်လာသည်၊ မှတ်ပါ ဘုံလျှိ လှူကျိုးတည်း။

## ၃၆။ ခေါင်းအုံး အလှူ၌ အကျိုး (၆) ပါး

က။ ဗိမ္ဗောဟနေ ဇိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ဆာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ ဥဏ္ဏိကေ ပဒုမကေ စ၊ အထော လောဟိတစန္ဒနေ။
ဗိမ္ဗောဟနေ ဥပါဒေမိ၊ ဥတ္တမင်္ဂံ သဒါ မမ။

ဂ။ အဋ္ဌင်္ဂိကေ မဂ္ဂဝရေ၊ သာမညေ စတုရော ဖလေ။
တေသု ဉာဏံ ဥပ္ပါဒေတွာ၊ ဝိဟရေမိ နိစ္စကာလိကံ။

ဃ။ ဒါနေ ဒမေ သံယမေ စ၊ အပ္ပမညာသု ရူပိသု။
တေသု ဉာဏံ ဥပ္ပါဒေတွာ၊ ဝိဟရေ သဗ္ဗကာလိကံ။

င။ ဝတ္တေ ဂုဏေ ပဋိပတ္တိ၊ အာစာရကိရိယာသု စ။
တေသု ဉာဏံ ဥပ္ပါဒေတွာ၊ ဝိဟရေ သဗ္ဗဒါ အဟံ။

စ။ စင်္ကမေ ဝါ ပဓာနေ ဝါ၊ ဝီရိယေ ဗောဓိပက္ခိယေ။
တေသု ဉာဏံ ဥပ္ပါဒေတွာ၊ ဝိဟရာမိ ယဒိစ္ဆကံ။

ဆ။ သီလံ သမာဓိ ပညာ စ၊ ဝိမုတ္တိ စ အနုတ္တရာ။
တေသု ဉာဏံ ဥပ္ပါဒေတွာ၊ ဝိဟရာမိ သုခံ အဟံ။

### အနက်

က။ အဟံ၊ ငါသည်။ ဇိနေ၊ ငါးမာရ်အောင်မြင် ပဒုမုတ္တရ ဘုရားရှင်အားရင်း။ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော ရဟန္တာ သံဃာတော်အားရင်း။ ဗိမ္ဗောဟနေ၊ ခေါင်းအုံးတို့ကို။ ဒတွာ၊ သုံးတန်စေတနာ ညီစွာမကွက် ရက်ရောကြည်ဖြူ ပေးလှူရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့်လျော်ကန် ခြောက်ပတ်ကုန်သော။ ဆာနိသံသေ၊ ခြောက်မျိုးအပြား ခေါင်းအုံးအလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ ဥဏ္ဏိကော၊ သားမွေး အဆာသွတ်သော။ ဗိမ္ဗောဟနေ၊ ခေါင်းအုံး၌ရှင်း။ ပဒုမကော၊ ပဒုမ္မာကြာဝတ်ဆံ အဆာသွတ်သော။ ဗိမ္ဗောဟနေ၊ ခေါင်းအုံး၌ရှင်း။ အထော၊ ထိုမှတပါး။ လောဟိတစန္ဒနေ၊ စန္ဒကူးနီ အဆာသွတ်သော။ ဗိမ္ဗောဟနေ၊ ခေါင်းအုံး၌ရှင်း။ မမ၊ ငါ၏။ ဥတ္တမင်္ဂေ၊ ဦးခေါင်းသည်။ သဒါ၊ အခါခပ်သိမ်း။ ဥပါဓေမိ၊ အုံးရပါ၏။

ဂ။ အင်္ဂြိကော၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂဝရေ၊ မြတ်သောမဂ်၌ရှင်း။ သာမညေ၊ ရဟန်းပြုခြင်းအကျင့် မဂ်၏အကျိုးဖြစ်သော။ စတုရောဖလေ၊ ဖိုလ်လေးပါး၌ရှင်း။ တေသု၊ ထိုမဂ်ဖိုလ်တို့၌။ ဉာဏံ၊ ဉာဏ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ နိစ္စကာလိကံ၊ အမြဲမပြတ် အခါပတ်လုံး။ ဝိဟရေ၊ နေရပါ၏။

ဃ။ အဟံ၊ ငါသည်။ ဒါနေ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၌ရှင်း။ ဒမေ၊ ဣန္ဒြေ တို့ကို ဆုံးမခြင်း၌ရှင်း။ သံယမေ၊ ကိုယ်နှုတ်နှလုံးကို စောင့်စည်းခြင်း၌ရှင်း။ အပ္ပမညာသု၊ အပ္ပမညာတရားတို့၌ရှင်း။ ရူပိသု၊ ရူပစျာန်တို့၌ရှင်း။ တေသု၊ ထိုတရားတို့၌။ ဉာဏံ၊ ဉာဏ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ သဗ္ဗကာလိကံ၊ အလုံးစုံသော အခါပတ်လုံး။ ဝိဟရေ၊ နေရပါ၏။

င။ အဟံ၊ ငါသည်။ ဝတ္တေ၊ ဝတ်အကျင့်၌ရှင်း။ ဂုဏေ၊ သီလ, စသော ဂုဏ်ကျေးဇူး၌ရှင်း။ ပဋိပတ္တိအာစာရကိရိယာသု စ၊ အကျင့်ပဋိပတ် အလေ့ အကျင့် အမူအရာတို့၌ရှင်း။ တေသု၊ ထိုတရားတို့၌။ ဉာဏံ၊ ဉာဏ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝိဟရေ၊ နေရပါ၏။

စ။ အဟံ၊ ငါသည်။ စင်္ကမေ ဝါ၊ စင်္ကြံသွားခြင်း၌ရှင်း။ ပဓာနေ ဝါ၊ ကမ္မဋ္ဌာန်းအားထုတ်ခြင်း၌ရှင်း။ ဝီရိယေ၊ လုံ့လဝီရိယ၌ရှင်း။ ဗောဓိပက္ခိယေ၊ ဗောဓိပက္ခိယတရား၌ရှင်း။ တေသု၊ ထိုတရားတို့၌။ ဉာဏံ၊ ဉာဏ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ ယဒိစ္ဆကံ၊ အလိုရှိတိုင်း။ ဝိဟရာမိ၊ နေရပါ၏။

ဆ။ သီလံ၊ သီလသည်ရှင်း။ သမာဓိ၊ သမာဓိသည်ရှင်း။ ပညာ၊ မှန်စွာ သိတတ် အမြတ်ဟူရာ ပညာသည်ရှင်း။ အနုတ္တရာ၊ အတုမရှိမြတ်သော။ ဝိမုတ္တိ၊ အရဟတ္တဖိုလ်သည်ရှင်း။ အတ္ထိ၊ ရှိ၏။ အဟံ၊ ငါသည်။ တေသု၊ ထိုတရားတို့၌။

ဉာဏ်၊ အသိဉာဏ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ သုခံ၊ ကိုယ်စိတ်မပန်း ချမ်းသာစွာ။ ဝိဟရာမိ၊ နေရပါ၏။

၁။ ခေါင်းအုံးအမျိုးမျိုး အုံးရခြင်း။

၂။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရခြင်း။

၃။ ဒါန, ဒမ, သံယမ, အပ္ပမညာ, ရူပစျာန်တို့၌ ဉာဏ်ကို ရခြင်း။

၄။ ဝတ်အကျင့် သီလအမူအရာတို့၌ ဉာဏ်ကို ရခြင်း။

၅။ စင်္ကြံ ကမ္မဋ္ဌာန်း လုံ့လ ဗောဓိပက္ခိယတရားတို့၌ ဉာဏ်ကိုရခြင်း။

၆။ သီလ, သမာဓိ, ပညာ, ဝိမုတ္တိတို့၌ ဉာဏ်ကို ရခြင်း။

* ခေါင်းအုံးမျိုးထွေ၊ အုံးရပေ၏၊ မဂ်တွေဖိုလ်ရ၊ ဒါန,ဒမ၊ သံယမနှင့်၊ အပ္ပမညာ၊ ဈာန်မှာရူပ၊ ဉာဏ်ကိုရ၏၊ သီလအကျင့်၊ ဝတ်နှင့်မူရာ၊ ပညာပြေန်၊ စင်္ကြံ ကမ္မဋ္ဌာန်း၊ ကြိုးပမ်းဗောဓိ၊ ပက္ခိယ၌၊ ရ၏ဉာဏ၊ သီလ, သမာ၊ ပညာ, ဝိမုတ်၊ ဉာဏ်ရထုံတ်ဟု၊ ပေါင်းချုပ် ခြောက်ဖြာ၊ ကျမ်းဂန်ပြောသည်၊ မှတ်ပါ ခေါင်းအုံး လူကျိုးတည်း။

## ၃၇။ ပျဉ်ချပ် အရှည် အကျိုး (၂) ပါး

က။ ဖလပီဌေ ဇိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ဒွါနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ သောဏ္ဏမယေ မဏိမယေ၊ ဒန္တသာရမယေ ဗဟူ။
ပလ္လင်္ကသေဋ္ဌေ ဝိန္ဒာမိ၊ ဖလပီဌဿိဒံ ဖလံ။

အနက်

က။ အဟံ၊ ငါသည်။ ဇိနေ၊ ငါးမာရ်အောင်မြင် ပဒုမုတ္တရ ဘုရားရှင်အားရင်း။ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော ရဟန္တာ သံဃာတော်အားရင်း။ ဖလပီဌေ၊ ပျဉ်ချပ်အင်းပျဉ်တို့ကို။ ဒတွာ၊ သဒ္ဒါပေါ်မှု အလေးမူပြီး ပေးလှူခဲ့ရပါသော [illegible]

လျောက်ပတ်ကုန်သော။ ဒွါနိသံသေ၊ နှစ်မျိုးအပြား ပျဉ်ချပ်အင်းပျဉ် အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ သောဏ္ဏမယေ၊ ရွှေဖြင့် ပြီးကုန်သော။ ပလ္လင်္ကေ၊ ပလ္လင်မြတ်တို့ကိုရင်း။ မဏိမယေ၊ ပတ္တမြားစီချယ်ပြုလုပ်ပြီးစီးကုန်သော။ ပလ္လင်္ကေ၊ ပလ္လင်မြတ်တို့ကိုရင်း။ ဗဟူ၊ များစွာကုန်သော။ ဒန္တသာရမယေ၊ ဆင်စွယ် စန္ဒကူးနှစ်ဖြင့် ပြုလုပ်ပြီးစီး ကုန်သော။ ပလ္လင်္ကေ၊ ပလ္လင်မြတ် တို့ကိုရင်း။ ဝိန္ဒာမိ၊ ရွေးခါပြုပြင်ြား ကံအားလျော်စွာ ရရှိပါ၏။ ဣဒံ၊ ဤသို့ နှစ်မျိုးဖွယ်ရာ နှစ်ဖြာဠက္ခဏ ဖြစ်ရခြင်းသည်။ ဖလပီဌဿ၊ ပျဉ်ချပ်အင်းပျဉ် အလှူ၏။ ဖလံ၊ ရရှိခံစား အကျိုးတရားပါတည်း။

၁။ ရွှေပလ္လင်, ပတ္တမြားပလ္လင်တို့ကို ရခြင်း။

၂။ ဆင်စွယ်ပလ္လင်, စန္ဒကူးနှစ်ပလ္လင်တို့ကို ရခြင်း။

ရွှေ ပတ္တမြား၊ ဆင်စွယ်အားဖြင့်၊ နှစ်သား စန္ဒကူး၊ ရထူးပလ္လင်၊ နှစ်ပါးပင်၊ ပျဉ်ချပ်အင်းပျဉ် လှူကျိုးတည်း။

## ၃၈။ ခြေဆေးအင်းပျဉ် အလှူဒ္ဒ

## အကျိုး (၂) ပါး

က။ ပါဒပီဌေ ဇိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ဒွါနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
လဘာမိ ဗဟုကေ ယာနေ၊ ပါဒပီဌဿိဒံ ဖလံ။

ခ။ ဒါသီ ဒါသာ စ ဘရိယာ၊ ယေစညေ အနုဇီဝိနော။
သမ္မာ ပရိစရန္တေ မံ၊ ပါဒပီဌဿိဒံ ဖလံ။

အနက်

က။ အဟံ၊ ငါသည်။ ဇိနေ၊ ငါးမာရ်အောင်မြင် ပဒုမုတ္တရ ဘုရားရှင်အားရင်း။ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော ရဟန္တာ သံဃာတော်အားရင်း။ ပါဒပီဌေ၊ ခြေဆေးအင်းပျဉ်တို့ကို။ ဒတွာ၊ သဒ္ဒါဖွေးပြုံ အလေးမူပြီး ပေးလှူခဲ့ရပါသောကြောင့်။

မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန်လျော်ကပ်ကုန်သော။ ဒွါနိသံသေ၊ နှစ်မျိုးအပြား ခြေဆေးအင်းပျဉ်အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။ အပရံ၊ ငါသည်။ ဗဟုကေ၊ ရေတွက်သချၤာ များစွာကုန်သော။ ယာနေ၊ ယာဉ်တို့ကို။ လဘာမိ၊ ရရှိပါ၏။ ဣဒံ၊ ဤသို့နှစ်မျိုးဖွယ်ရာ ချမ်းသာဣဋ္ဌ ဖြစ်ရခြင်းသည်။ ပါဒပီဌဿ၊ ခြေဆေးအင်းပျဉ် အလှူ၏။ ဖလံ၊ ရရှိခံစား အကျိုးတရားပါတည်း။

ခ။ ဒါသီဒါသာ စ၊ ကျွန်မိန်းမ,ကျွန်ယောကျ်ားတို့သည်၎င်း။ဘရိယာ စ၊ မယားတို့သည်၎င်း။အညေ၊ တပါးကုန်သော။ အနုဇီဝိနော၊ ငါ့ကိုမှီ၍ အသက်မွေးကုန်သော။ယေ စ၊ အကြင်သူတို့သည်၎င်း။မံ၊ ငါ့ကို။ သမ္မာ၊ ကောင်းစွာ။ ပရိစရန္တေ၊ လုပ်ကျွေးကြကုန်၏။ ဣဒံ၊ ဤသို့ နှစ်မျိုးဖွယ်ရာ ချမ်းသာဣဋ္ဌ ဖြစ်ရခြင်းသည်။ ပါဒပီဌဿ၊ ခြေဆေးအင်းပျဉ် အလှူ၏။ ဖလံ၊ ရရှိခံစား အကျိုးတရားပါတည်း။

၁။ ယာဉ်အမျိုးမျိုး ရခြင်း။

၂။ ကျွန်,မယား,အမှုလုပ်များ ကောင်းစွာ လုပ်ကျွေးခြင်း။

* ယာဉ်မျိုးရခြင်း၊ ကျွန်,မယားနှင့်၊ လုပ်သားများမှာ၊ ကောင်းစွာလုပ်ကျွေး၊ ပေါင်းရေးနှစ်ဖြာ၊ ကျမ်းဝန်လာသည်၊ မှတ်ပါ ခြေဆေးအင်းပျဉ် ပူကျိုးတည်း။

## ၃၉။ ခြေနယ်ဆီအလှူ၌ အကျိုး(၅)ပါး

က။ တေလအဗ္ဘဉ္ဇနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ အဗျာဓိတာ ရူပဝတာ၊ ခိပ္ပံ ဓမ္မနိသန္တိတာ။
လာဘိတာ အန္နပါနာနံ၊ အာယု ပဉ္စမကံ မမ။

အနက်

က။ အဟံ၊ငါသည်။ (ဇိနေ၊ ငါးမာရ်အောင်မြင် မဒ္ဒမုတ္တရ ဘုရားရှင်အား၎င်း။) ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော ရဟန္တာ သံဃာတော်အား၎င်း။ တေလအဋ္ဌနေ၊ ခြေနယ်ဆီတို့ကို။ ဒတွာ၊ သဒ္ဓါဖွေးဖြူ အလေးမူပြီး ပေးလှူခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုဘာဝိကော၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန်လျောက်ပတ်ကုန်သော။ ပဉ္စာနိသံသေ၊ ငါးမျိုးအပြား ခြေနယ်ဆီအလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဗျာဓိတာ၊ ကိုးဆယ့်ခြောက်ဖြာ အနာရောဂါ ကင်းသည်၏ အဖြစ်၎င်း။ ရူပဝတာ၊ ရုပ်ရေအဆင်းပြည့်တင်း လှပသည်၏ အဖြစ်၎င်း။ ခိပ္ပံ၊ လျင်မြန်စွာ။ ဓမ္မနိသန္တိတာ၊ တရားကို စူးစမ်းနိုင်သည်၏ အဖြစ်၎င်း။ အန္နပါနဿ၊ ထမင်း,အဖျော်ယမကာကို။ လာဘိတာ၊ ရလွယ်သည်၏အဖြစ်၎င်း။ ပဉ္စမကံ၊ ငါးခုမြောက်ဖြစ်သော။ မမ၊ ငါ၏။ အာယု၊ အသက်ရှည်ခြင်းသည်၎င်း။ (ဣတိ၊ ဤသို့။ ဣမေ ဂုဏော၊ ဤအကျိုးကျေးဇူးတို့ကို။ အဟံ၊ ငါသည်။ လဘာမိ၊ အကြောင်းလျော်စွာ ရခဲ့ပါ၏။)

၁။ အနာကင်းခြင်း။

၂။ အဆင်းလှခြင်း။

၃။ တရားကို လျင်စွာ စူးစမ်းနိုင်ခြင်း။

၄။ ထမင်း, အဖျော် ရလွယ်ခြင်း။

၅။ အသက်ရှည်ခြင်း။

* အသက်ရှည်စွာ၊ အနာမဲ့ကင်း၊ အဆင်းကြည်လင်၊ ဆင်ခြင်တရား၊ လျင်လျားလှခြင်း၊ ထမင်းအဖျော်၊ လွယ်သော်ရယူ၊ ဤငါးဆုသည်၊ ခြေနယ်ဆီ၊ မှတ်ရည် လှူကျိုးတည်း။

## ၄၀။ ထောပတ်ဆီ အလှူ၌ အကျိုး (၅)ပါး

က။ သပ္ပိတေလဉ္စ ဒတွာန၊ သံဃေ ဂဏဝရုတ္တမေ။

ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ ထာမဝါ ရူပသမ္ပန္နော၊ ပဟဋ္ဌတနုဇော သဒါ။
အဗျာဓိ ဝိသဒေါ ဟောမိ၊ သပ္ပိတေလဿိဒံ ဖလံ။

အနက်

က။ အဟံ၊ ငါသည်။ (ဇိနေ၊ငါးမာရ်အောင်မြင် ပဒုမုတ္တရ ဘုရားရှင်အား ၎င်း။) ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။သံဃေ၊ ဘုရား သားကျော် တသိန်းသော ရဟန္တာသံဃာတော်အား၎င်း။သပ္ပိတေလံ၊ထောပတ် ဆီကို။ ဒတွာန၊ သုံးတန်စေတနာ ညီစွာမကွက် ရက်ရောကြည်ဖြူ ပေးလှူခဲ့ရပါ သောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန်လျောက်ပတ်ကုန်သော။ပဉ္စာနိသံသေ၊ ငါးမျိုးအပြား ထောပတ်ဆီ အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရ ပါ၏။

ခ။ အဟံ၊ ငါသည်။ ထာမဝါ၊ အစွမ်းခွန်အား ကြီးမားသူသည်၎င်း။ ရူပသမ္ပန္နော၊ အဆင်းရူပကာယ ပြည့်စုံလှသူသည်၎င်း။ သဒါ၊ အခါခပ်သိမ်း။ ပဟဋ္ဌတနုဇော၊ ရွှင်သောအမွေးရှိသူသည်၎င်း။ အဗျာဓိ၊ အနာရောဂါကင်းသူ သည်၎င်း။ ဝိသဒေါ၊ သန့်ရှင်းသူသည်၎င်း။ ဟောမိ၊ အကြောင်းလျော်စွာ ဖြစ်ရပါ၏။ ဣဒံ၊ ဤသို့ ဖြစ်ရခြင်းသည်။ သပ္ပိတေလဿ၊ ထောပတ်ဆီအလှူ၏။ ဖလံ၊ ရရှိခံစား အကျိုးတရားပါတည်း။

၁။ ခွန်အားကြီးခြင်း။
၂။ အဆင်းလှခြင်း။
၃။ ရွှင်သောအမွေး ရှိခြင်း။
၄။ အနာကင်းခြင်း။
၅။ သန့်ရှင်းခြင်း။

* ခွန်အားလည်းကြီး၊ အဆင်းလည်းလှ၊ ရွှင်ပျံ့အမွေး၊ ကင်းဝေးအနာ၊ သန့်ရှင်းပါသည်၊ ငါးဖြာထောပတ်ဆီ လှူကျိုးတည်း။

သုမင်္ဂလဝတီ (က) ၁၀၄-၅၀

## ၄၁။ သွားတိုက်ဆေး အလှူ၌ အကျိုး (၅) ပါး

က။ မုခသောဓနကံ ဒတွာ၊ ဗုဒ္ဓေ သံဃေ ဂဏုတ္တမေ။
ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ ဝိသုဒ္ဓကဏ္ဌော မဓုရဿရော၊ ကာသသာသဝိဝဇ္ဇိတော။
ဥပ္ပလဂန္ဓော မုခတော၊ ဥပဝါယတိ မေ သဒါ။

**အနက်**

က။ အဟံ၊ ငါသည်။ ဗုဒ္ဓေ၊ သစ္စာလေးခိုင် ကိုယ်တိုင်သိမြင် ပဒုမုတ္တရ ဘုရားရှင်အားရင်း။ ဂဏုတ္တမေ၊ အဝိဇ္ဇာကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော ရဟန္တာ သံဃာတော်အားရင်း။ မုခသော-ဓနကံ၊ ခံတွင်းစင်မွှေး သွားတိုက်ဆေးကို။ ဒတွာ၊ သဒ္ဓါဖွေးဖြူ အလေးမူပြီး ပေးလှူခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန် လျော်ကပ်ပတ်ကုန်သော။ ပဉ္စာနိသံသေ၊ ငါးမျိုးအပြား သွားတိုက်ဆေး အလှူ၏ အကျိုးတရားတို့ကို အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ ဝိသုဒ္ဓကဏ္ဌော၊ စင်ကြယ် သန့်ရှင်းသော လည်ချောင်းရှိသူသည်။ မဓုရဿရော၊ နာပျော်ဖွယ်ရာ သာယာ ချိုမြိန်သော အသံရှိသူသည်။ ကာသသာသဝိဝဇ္ဇိတော၊ ချောင်းဆိုးနာ,ပန်းနာ ကင်းသူသည်။ ဟောမိ၊ ရှေးခါပြုငြား ကံအားလျော်စွာ ဖြစ်ခဲ့ပါ၏။ မေ၊ ငါ၏။ မုခတော၊ ခံတွင်းမှ။ ဥပ္ပလဂန္ဓော၊ ကြာညိုပန်းရနံ့သည်။ သဒါ၊ အခါခပ်သိမ်း။ ဥပဝါ-ယတိ၊ သင်းပျံ့ထွက်နိုင် ကြိုင်လှိုင်၏။

၁။ လည်ချောင်း သန့်ရှင်းခြင်း။

၂။ အသံ ကောင်းခြင်း။

၃။ ချောင်းဆိုးနာ ကင်းခြင်း။

၄။ ပန်းနာ ကင်းခြင်း။

၅။ ခံတွင်းနှံ့ (ကြာပန်းနှံ့ အတူ) ကောင်းခြင်း။

* လည်ချောင်း သန့်ရှင်း၊ ကောင်းခြင်း အသံ၊ ကင်းပြန် ချောင်းဆိုး၊ ကင်းရိုးပန်းနာ၊ မွှေးလာ ခံတွင်း၊ ပေါင်းခြင်း ငါးဖြာ၊ ကျမ်းဂန်လာသည်၊ မှတ်ပါ သွားတိုက်ဆေးလျှကျိုးတည်း။

## ၄၂။ နို့ဓမ်း အလှူ၌ အကျိုး (၂) ပါး

က။ ဒဓိံ ဒတွာန သမ္ပန္နံ၊ ဗုဒ္ဓေ သံဃေ ဂဏုတ္တမေ။
ဘုဥ္ဇာမိ အမတံ ဘတ္တံ၊ ဝရံ ကာယဂတာသတိံ။

အနက်

က။ အဟံ၊ ငါသည်။ ဗုဒ္ဓေ၊ သစ္စာလေးခိုင် ကိုယ်တိုင်သိမြင် ပဒုမုတ္တရဘုရားရှင်အားငှင်း။ ဂဏုတ္တမေ၊ အဝိဇ္ဇာကင်းပြတ်။ဂိုဏ်းမြတ်ဖြစ်သော။သံဃေ၊ ဘုရားသားကျော် တသိန်းသော ရဟန္တာ သံဃာတော်အားငှင်း။ သမ္ပန္နံ၊ အဆင်း, အနံ့, အရသာနှင့်ပြည့်စုံသော။ ဒဓိံ၊ နို့ဓမ်းကို။ ဒတွာန၊ သဒ္ဓါဖွေးဖွေး အလေးမူပြီး ပေးလှူခဲ့ရပါသောကြောင့်။ ဝရံ၊ တောင့်တအပ် မြတ်သော။ ကာယဂတာသတိံ၊ကာယဂတာသတိကိုငှင်း။ အမတံ၊ အမြိုက်ဩဇာဖြစ်သော။ ဘတ္တံ၊ ထမင်းကိုငှင်း။ ဘုဥ္ဇာမိ၊ ရွေးခါပြုပြင်ဘဲ ကံအားလျော်စွာ သုံးဆောင်ရပါ၏။

၁။ ကာယဂတာသတိကို သုံးဆောင်ရခြင်း။

၂။ အမြိုက်ထမင်းကို သုံးဆောင်ရခြင်း။

* ကာယဂတာ၊ မြိုက်ဩဇာသည်၊ နှစ်ဖြာသုံးစား၊ ကျိုးနှစ်ပါးသည်၊ မှတ်သား နို့ဓမ်း လှူကျိုးတည်း။

## ၄၃။ ပျားရည်အလှူ၌ အကျိုး (၁) ပါး

က။ ဝဏ္ဏဂန္ဓရသောပေတံ၊ မဓုံ ဒတွာ [illegible]ဓေ ဂဏေ။
အနုပမံ အဝ[illegible]ပံ၊ ပိဝ[illegible] [illegible] အပံ။

**အနက်**

က။ အဟံ၊ ငါသည်။ ဇိနေ၊ ငါးမာရ်အောင်မြင် ပဒုမုတ္တရ ဘုရားရှင်အား၎င်း။ဂဏေ၊တသိန်းသော ဂိုဏ်းသံဃာအား၎င်း။ဝဏ္ဏဂန္ဓရသောပေတံ၊ အဆင်း၊ အနံ့၊ အရသာနှင့်ပြည့်စုံသော။ မခုံ၊ ပျားရည်ကို။ ဒတွာ၊ သဒ္ဓါဖွေးဖြူ အလေးမူပြီး ပေးလှူခဲ့ရပါသောကြောင့်။ အနုပမံ၊ နှိုင်းယှဉ်စရာ ဥပမာမရှိသော။ အတုလိယံ၊ ဖြိုင်ဘက်ကင်းဘိအတုမရှိသော။ မုတ္တိရသံ၊ အရဟတ္တဖိုလ်အရည်ကို။ ပိဝေ၊ သောက်မျိုရပါ၏။

၁။ အရဟတ္တဖိုလ်အရည်ကို သောက်မျိုရခြင်း။

## ၄၄။ အရသာ အလှူဥ္

### အကျိုး (၁) ပါး

က။ ယထာဘူတံ ရသံ ဒတွာ၊ ဗုဒ္ဓေ သံဃေ ဂဏုတ္တမေ။
စတုရော ဖလေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

**အနက်**

က။ အဟံ၊ ငါသည်။ ဗုဒ္ဓေ၊ သစ္စာလေးခိုင် ကိုယ်တိုင်သိမြင် ပဒုမုတ္တရ ဘုရားရှင်အား၎င်း။ ဂဏုတ္တမေ၊ အဝိဇ္ဇာကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော ရဟန္တာ သံဃာတော်အား၎င်း။ ယထာဘူတံ၊ သဘောအားလျော်စွာဖြစ်သော။ ရသံ၊ အရသာကို။ ဒတွာ၊ သဒ္ဓါဖွေးဖြူ အလေးမူပြီး ပေးလှူခဲ့ရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကေ၊ ပြုခဲ့ဘူးမှန် အကြောင်းကံနှင့် လျော်ကန် လျောက်ပတ်ကုန်သော။ စတုရောဖလေ၊ ဖိုလ်လေးပါးတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။

၁။ ဖိုလ်လေးပါးကို ရခြင်း။

## ၄၅။ ထမင်းအဖျော် အလှူဥ္

### အကျိုး (၁၀)ပါး

က။ အန္နံ ပါနဥ္စ ဒတွာန၊ ဗုဒ္ဓေ သံဃေ ဂဏုတ္တမေ။
ဒသာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ အာယု ဝါ ဗလ ဝါ ဓိရော၊ ဝဏ္ဏ ဝါ ယသ ဝါ သခီ။
လာဘီ အန္နဿ ပါနဿ၊ သူရော ပညာဏဝါ သဒါ။
ဣမေ ဂုဏေ ပဋိလဘော၊ သံသရန္တော ဘဝေ အဟံ။

**အနက်**

က။ အဟံ၊ ငါသည်။ ဗုဒ္ဓေ၊ သစ္စာလေးခိုင် ကိုယ်တိုင်သိမြင် ပဒုမုတ္တရ ဘုရားရှင်အားရင်း။ ဂဏုတ္တမေ၊ အဝိဇ္ဇာကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော ရဟန္တာ သံဃာတော်အားရင်း။ အန္နံ စ၊ စားသုံးဘွယ်ရာ ထမင်းအစာကိုရင်း။ ပါနဥ္စ၊ သောက်သုံးဖွယ်ရာ အဖျော် ယမကာကိုရင်း။ ဒတ္ဝာန၊ သုံးတန်စေတနာ ညီစွာမပျက် ရက်ရောကြည်ဖြူ ပေးလှူရပါသောကြောင့်။ မမ၊ ငါ၏။ ကမ္မာနုစ္ဆဝိကော၊ ပြုခဲ့ဘူးမှန် အကြောင်း ကံနှင့် လျော်ကန်လျောက်ပတ်ကုန်သော။ ဒသာနိသံသေ၊ ဆယ်မျိုးအပြား ထမင်း, အဖျော်ယမကာ အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသော အား သုံးဆောင်ခံစားရပါ၏။

ခ။ အဟံ၊ ငါသည်။ အာယုဝါ၊ ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေတည် အသက် ရှည်သူသည်ရင်း။ ဗလဝါ၊ ကိုယ်စွမ်း ခွန်အား ကြီးမားသူသည်ရင်း။ ဓိရော၊ သမာဓိရှိသူ တည်ကြည်သူသည်ရင်း။ ဝဏ္ဏ ဝါ၊ ကိုယ်ရေအဆင်း ပြည့်တင်းလှပ သူသည်ရင်း။ ယသ ဝါ၊ တပည့် သားမြေး ကျွန်ကျေးမိတ်ဆွေ အခြွေအရံများ သူသည်ရင်း။ သုခီ၊ ကိုယ်ရော စိတ်ပါ ချမ်းသာသူသည်ရင်း။ အန္နဿ၊ စားသုံး ဖွယ်ရာ ထမင်းအစာကိုရင်း။ ပါနဿ၊ သောက်သုံးဖွယ်ရာ အဖျော်ယမကာကို ရင်း။ လာဘီ၊ လွယ်လင့်တကူ ရခြင်း ရှိသူသည်ရင်း။ သူရော၊ ရဲရင့်သူသည် ရင်း။ သဒါ၊ အခါခပ်သိမ်း။ ပညာဏ ဝါ၊ တတ်သိလိမ်မာ ပညာရှိသူသည် ရင်း။ဟောမိ၊ ရှေးခါ ပြုခြား ကံအားလျော်စွာ ဖြစ်ရပါ၏။ ဘဝေ၊ ဖြစ်မှုပျက်ရ သံသရာ ဘဝ၌။ သံသရန္တော၊ ဖြစ်ချည်ပျက်ချည် အတည်မကျ ပြေးသွား ကျင်လည်ရသော။ အဟံ၊ ငါသည်။ ဣမေ ဂုဏေ၊ ဤအကျိုး ကျေးဇူးတို့ကို။ ပဋိလဘော၊ ကောင်းမွန်စွာပေ ရရှိခဲ့ပါပေ၏။

၁။ အသက်ရှည်ခြင်း။

၂။ အဆင်းလှခြင်း။

၃။ ချမ်းသာကြီးခြင်း။

၄။ ခွန်အားကြီးခြင်း။

၅။ ပညာကြီးခြင်း။

၆။ တည်ကြည်ခြင်း။

၇။ ရဲရင့်ခြင်း။

၈။ အခြံအရံ များခြင်း။

၉။ ထမင်းရလွယ်ခြင်း။

၁၀။ အဖျော်ရလွယ်ခြင်း။

အသက်ရှည်ခြင်း၊ အဆင်းလှစွာ၊ ချမ်းသာကြီးမား၊ ခွန်အားကြီးစွာ၊ ပညာကြီးသည်၊ တည်ကြည်ရဲရင့်၊ များလင့်ခြံရံ၊ ရပြန်ထမင်း၊ ရခြင်းအဖျော်၊ ပေါင်းသော်ဆယ်ဖြာ၊ ကျမ်းဂန်လာသည်၊ မှတ်ပါ ထမင်းအဖျော် လှူကျိုးတည်း။

## ၄၆။ အမွေးတိုင်အလှူ၌ အကျိုး(၁၀) ပါး

က။ ရူပံ ဒတွာန သုဂတော၊ သံဃေ ဂဏဝရုတ္တမေ။
ဒသာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ခ။ သုဂန္ဓဒေဟော ယသဝါ၊ သီဃပညော စ ကိတ္တိမာ။
တိက္ခပညော ဘူရိပညော၊ ဟာသဂမ္ဘီရပညဝါ။

ဂ။ ဝေပုလ္လ ဇဝနပညော၊ သံသရန္တော ဘဝါဘဝေ။
တဿေဝ ဝါဟသာ ဒါနိ၊ ပတ္တော သန္တိသုခံ သိဝံ။

### အနက်

က။ အဟံ၊ ငါသည်။ သုဂတော၊ သုံးလူ့ထွတ်ဖျား ပဒုမုတ္တရ မြတ်ဘုရားအားရင်း။ ဂဏဝရုတ္တမေ၊ ပြိုင်ဘက်ကင်းပြတ် ဂိုဏ်းမြတ်ဖြစ်သော။ သံဃေ၊ ဘုရားသားကျော် တသိန်းသော ရဟန္တာ သံဃာတော်အားရင်း။ ဓူမံ၊ အခိုး

အထုံ၊ (အမွေးတိုင်)ကို။ ဒတွာန၊ သဒ္ဓါတရား ကြည်ညိုသောစိတ်ထားဖြင့် ပေးလှူခဲ့ရပါသောကြောင့်။ မမ၊င ါ၏။ ကမ္မာနုဘာဝိဂေ၊ ပြုခဲ့ဘူးမှန်အကြောင်း ကံနှင့် လျော်ကန် လျောက်ပတ်ကုန်သော။ ဒသာနိသံသေ၊ ဆယ်မျိုးအပြား အမွေးတိုင်အလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင် ခံစားရပါ၏။

ခ—ဂ။ အဟံ၊ င ါသည်။ ဘဝါဘဝေ၊ ဘဝငယ်ကြီး အသီးသီး၌။ သံသ- ရန္တော၊ဖြစ်ချည်ပျက်ချည် ပြေးသွားကျင်လည်ရသည် ရှိသော်။ သုဂန္ဓဒေဟော၊ မွှေးကြိုင်သင်းပျံ့ကောင်းသော ကိုယ်အနံ့ရှိသူသည်ငှင်း။ ယသဝါ၊ အခြံအရံ များသူသည်ငှင်း။ သီဃပညော၊ လျင်သော ပညာရှိသူသည်ငှင်း။ ကိတ္တိမာ၊ ကျေးဇူးသတင်း ကျော်စောခြင်းရှိသူသည်ငှင်း။ တိက္ခပညော၊ထက်သောပညာ ရှိသူသည်ငှင်း။ ဘူရိပညော၊ မြေကြီးအထုနှင့်တူသော ပညာရှိသူသည်ငှင်း။ ဟာသဂမ္ဘီရပညဝါ၊ ရွှင်သော ပညာရှိသူ, နက်နဲသော ပညာရှိသူသည်ငှင်း။ ဝေပုလ္လ ဇဝနပညော၊ ပြန့်ပြောသော ပညာရှိသူ, လျင်မြန်သော ပညာရှိသူသည် ငှင်း။ ဟောမိ၊ ရှေးခါပြုပြင်ခြား ကံအားလျော်စွာ ဖြစ်ခဲ့ပါ၏။တဿေဝ၊ ထိုအခိုး အထုံ အမွေးတိုင်အလှူ၏သာလျှင်။ ဝါဟသာ၊ အစွမ်းသတ္တိကြောင့်။ ဒါနိ၊ ယခုအခါ၌။ သိဝံ၊ ဘေးရန်မသန်း အလွန်အေးချမ်းသော။သန္တိသုခံ၊ ဝဋ်ဇာတ် တော်သိမ်းငြိမ်းရာအမှန် နိဗ္ဗာန်ချမ်းသာသို့။ ပတ္တော၊ သိမြင် ပေါက်မြောက် ရောက်ရသည်။ ဟောမိ၊ ကြောင်းကျိုးမသွေ ဖြစ်ရပါပေ၏။

၁။ ကိုယ်နံ့ ကောင်းခြင်း။

၂။ အခြံအရံ များခြင်း။

၃။ ကျော်စောခြင်း။

၄။ လျင်သော ပညာရှိခြင်း။

၅။ ရွှင်သော ပညာရှိခြင်း။

၆။ ပြန့်ပြောသော ပညာရှိခြင်း။

၇။ ထက်သော ပညာရှိခြင်း။

၈။ နက်နဲသော ပညာရှိခြင်း။

၉။ မြေကြီးအထုနှင့်တူသော ပညာရှိခြင်း။

၁၀။ သန္တိသုခကို ရခြင်း။

ကိုယ်နံ့ကောင်းသင်း၊ များခြင်းခြီရံ၊ ကျော်စောသံထင်၊ လျင်ရှင်ပျံ့ထက်၊ နဲနက်ဘူရိ၊ ရ၏ပညာ၊ သုခါသန္တိ၊ ဆယ်ထွေရှိသည်၊ မှတ်သိအမွေးတိုင် (အထုံနံ့သာ) လှူကျိုးတည်း။

(ဤတွင် ပိလိန္ဒဝစ္ဆတ္ထေရ အပဒါန် ပါဠိတော်လာ (၄၆) မျိုးသော ဒါန အကျိုးတို့ကား ပြီးသတည်း။)

## ၄၇။ ထမင်း(ဆွမ်း)မှုံမျိုးစုံ ကုန်းသတ္တဝါတို့၏အသား ရေသတ္တဝါတို့၏အသား, ဘောဇဉ်ငါးပါး အလှူ၌ အကျိုး (၅)ပါး

"ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယကော ပဋိဂ္ဂါဟကာနံ ပဉ္စဋ္ဌာနာနိ ဒေတိ၊ ကတမာနိ ပဉ္စ-အာယုံ ဒေတိ၊ ဝဏ္ဏံ ဒေတိ၊ သုခံ ဒေတိ၊ ဗလံ ဒေတိ၊ ပဋိဘာနံ ဒေတိ၊ အာယုံ ခေါ ပန ဒတွာ အာယုဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ၊ ဝဏ္ဏံ ဒတွာ ဝဏ္ဏဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ၊ သုခံ ဒတွာ သုခဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ၊ ဗလံ ဒတွာ ဗလဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ၊ ပဋိဘာနံ ဒတွာ ပဋိဘာနဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ. ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယကော ပဋိဂ္ဂါဟကာနံ ဣမာနိ ပဉ္စဋ္ဌာနာနိ ဒေတိ။"

(ပဉ္စကနိပါတ်အင်္ဂုတ္တိုရ် ဘောဇနသုတ်)

**အနက်**

ဘိက္ခဝေ၊ ရဟန်းတို့။ ဘောဇနံ၊ ဆွမ်းမုံ့သားငါး ဘောဇဉ်ငါးပါးကို။ ဒဒမာနော၊ ရက်ရောကြည်ဖြူ ပေးလှူသော။ ဒါယကော၊ ပေးလှူတတ်စွာ ဒါယကာသည်။ ပဋိဂ္ဂါဟကာနံ၊ အလှူခံပုဂ္ဂိုလ်တို့အား။ ပဉ္စဋ္ဌာနာနိ၊ ငါးပါး

သော အလှူတို့ကို။ ဒေတိ၊ ပေးလှူသည်မည်၏။ ကတမာနိ ပဉ္စ၊ အဘယ်အလှူ ငါးပါးတို့နည်းဟူမူကား။ အာယုံ၊ အသက်ရှည်ခြင်းအလှူကို။ ဒေတိ၊ ပေးလှူသည် မည်၏။ ဝဏ္ဏံ၊ အဆင်းလှခြင်းအလှူကို။ ဒေတိ၊ပေးလှူသည် မည်၏။သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အလှူကို။ဒေတိ၊ ပေးလှူသည် မည်၏။ ဗလံ၊ ခွန်အားကြီးခြင်း အလှူကို။ဒေတိ၊ ပေးလှူသည် မည်၏။ပဋိဘာနံ၊ဉာဏ်ပညာအလှူကို။ဒေတိ၊ ပေးလှူသည်မည်၏။ အာယုံ၊အသက်ရှည်ခြင်းအလှူကို။ဒတွာ၊ပေးလှူသည်မည်သောကြောင့်။ ဒိဗ္ဗဿ ဝါ၊ နတ်ဖြစ်သောသူအားရင်း။ မာနုသဿ ဝါ လူဖြစ်သောသူအားရင်း။ အာယုဿ၊ အသက်ရှည်ခြင်း၏။ ဘာဂီ၊ အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။ဝဏ္ဏံ၊ အဆင်းလှခြင်း အလှူကို။ ဒတွာ၊ ပေးလှူသည်မည်သောကြောင့်။ဒိဗ္ဗဿ ဝါ၊ နတ်ဖြစ်သော သူအားရင်း။ မာနုသဿ ဝါ၊ လူဖြစ်သော သူအားရင်း။ ဝဏ္ဏဿ၊ အဆင်းလှခြင်း၏။ ဘာဂီ၊ အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။ သုခံ၊ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအလှူကို။ဒတွာ၊ ပေးလှူသည် မည်သောကြောင့်။ဒိဗ္ဗဿ ဝါ၊နတ်ဖြစ်သောသူအားရင်း။မာနုသဿ ဝါ၊လူဖြစ်သောသူအားရင်း။ သုခဿ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း၏။ ဘာဂီ၊ အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဗလံ၊ ခွန်အားကြီးခြင်းအလှူကို။ ဒတွာ၊ ပေးလှူသည် မည်သောကြောင့်။ ဒိဗ္ဗဿ ဝါ၊ နတ်ဖြစ်သော သူအားရင်း။ မာနုသဿ ဝါ၊ လူဖြစ်သောသူအားရင်း။ ဗလဿ၊ ခွန်အားကြီးခြင်း၏။ ဘာဂီ၊ အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ပဋိဘာနံ၊ ပညာ အလှူကို။ ဒတွာ၊ ပေးလှူသည် မည်သောကြောင့်။ ဒိဗ္ဗဿ ဝါ၊ နတ်ဖြစ်သောသူအားရင်း။ မာနုသဿ ဝါ၊ လူဖြစ်သောသူအားရင်း။ ပဋိဘာနဿ၊ ပညာ တတ်ခြင်း၏။ ဘာဂီ၊ အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘောဇနံ၊ ဘောဇဉ် ငါးပါးကို။ ဒဒမာနော၊ ပေးလှူသော။ ဒါယကော၊ ဒါယကာသည်။ ပဋိဂ္ဂါဟကာနံ၊ အလှူခံ ပုဂ္ဂိုလ်တို့အား။ ဣမာနိ ပဉ္စ ဌာနာနိ၊ ဤငါးပါးသော အလှူတို့ကို။ ဒေတိ၊ ပေးလှူသည် မည်၏။

၁။ အသက်ရှည်ခြင်း။

၂။ အဆင်းလှခြင်း။

၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း။

၄။ ခွန်အားကြီးခြင်း။

၅။ ပညာတတ်ခြင်း။

အသက်ရှည် ဆင်းလှ၊ ချမ်းသာစွ၊ ဗလဉာဏ်ပညာ၊ ဆွမ်းမုံ ငါးသား၊ လှူကျိုးငါး၊ မှတ်သား ကျမ်းအလာ။

## ၄၇။ ယာဂုအာနိသင် အကျိုး (၅) ပါး

"ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ ယာဂုယာ၊ ကတမေပဉ္စ၊ ခုဒ္ဒံ ပဋိဟနတိ၊ ပိပါသံ ပဋိဝိနေတိ၊ ဝါတံ အနုလောမေတိ၊ ဝတ္ထိံ သောဓေတိ၊ အာမာဝသေသံ ပါစေတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စအာနိသံသာ ယာဂုယာ။"

(ပဉ္စကနိပါတ် အင်္ဂုတ္တိုရ် ယာဂုသုတ်)

**အနက်**

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဂုယာ၊ ရသာပြည့်လျှမ်း ယာဂုဆွမ်း၏။ အာနိသံသာ၊ မျက်ဝါးထင်ထင် သောက်စားသူ၌ ရအပ်သော အကျိုးအာနိသင်တို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့ပင်တည်း။ ကတမေ ပဉ္စ၊ အဘယ်ငါးပါးတို့နည်းဟူမူကား။ ခုဒ္ဒံ၊ ဆာလောင်ခြင်းကို။ ပဋိဟနတိ၊ ပယ်ဖျောက်၏။ ပိပါသံ၊ ရေငတ်ခြင်းကို။ ပဋိဝိနေတိ၊ ပယ်ဖျောက်၏။ ဝါတံ၊ လေကို။ အနုလောမေတိ၊ စုန်ဆင်းသက်စေ၏။ ဝတ္ထိံ၊ ဆီးအိမ်ကို။ သောဓေတိ၊ သုတ်သင်၏။ အာမာဝသေသံ၊ အစာသစ်အကြွင်းအကျန်ကို။ ပါစေတိ၊ ကြေညက်စေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ယာဂုယာ၊ ရသာပြည့်လျှမ်း ယာဂုဆွမ်း၏။ အာနိသံသာ၊ မျက်မှောက်ထင်ထင် သောက်စားသူ၌ ရအပ်သော အကျိုးအာနိသင်တို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့ပါတည်း။

၁။ ဆာလောင်မှု ပျောက်ကင်းခြင်း။

၂။ ရေငတ်မှု ပျောက်ကင်းခြင်း။

၃။ လေကို စုန်ဆင်းစေ၍ လေအနာကင်းခြင်း။

၄။ ဆီးအိမ် အစာဟောင်းအိမ်ကို သုတ်သင်ခြင်း။

၅။ အစာသစ် အကြွင်းအကျန်ကို ကြေညက်စေခြင်း။

ဆာမွတ်ပျောက်ကင်း၊ စုန်ဆင်းလေနှိမ်၊ ဆီးအိမ်သန့်ရှင်း၊ စားကြွင်း ညက်ကြေ၊ ဤငါးထွေ၊ မှတ်လေ ယာဂုအကျိုးတည်း။

**မှတ်ရန်။** ။ဤအကျိုးငါးပါးကား ဆန်ပြုတ်ယာဂု သောက်သူ ရသော မျက်မှောက်ကျိုးတည်း။ ထမနဲယာဂုအကျိုးကား – ဘောဇဉ် အကျိုး ငါးပါးပင်။

## ၄၉။ ယာဂု အရှည် အကျိုး (၅) ပါး

က။ ယာဂုံ သံဃဿ ဒတွာန၊ ပုညက္ခေတ္တေ အနုတ္တရေ။
ပဥ္စာနိသံသေ အနုဘောမိ၊ အဟော ယာဂု သုယိဋ္ဌတာ။

ခ။ အဗျာဓိတာ ရူပဝတာ၊ ခိပ္ပံ ဓမ္မနိသန္တိတာ။
လာဘိတာ အန္နပါနဿ၊ အာယု ပဥ္စမကံ မမ။

ဂ။ ယောကောစိ ဝေဒံ ဇနယံ၊ သံဃေ ယာဂုံ ဒဒေယျ သော။
ဣမာနိ ပဥ္စဋ္ဌာနာနိ၊ ပဋိဂ္ဂဏှေယျ ပဏ္ဍိတော။

**အနက်**

က။ အဟံ၊ ငါသည်။ ပုညက္ခေတ္တေ၊ ကောင်းမှုမျိုး၏ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းပမာ ဖြစ်တော်မူသော။ အနုတ္တရေ၊ ပြိုင်ဘက်ကင်းသဉ်း အမြတ်ဆုံးဖြစ်ရာ သုံးရတနာ၌။ သံဃဿ၊ ဘုရားသားကျော် သံဃာတော်အား။ ယာဂုံ၊ ရသာပြည့်လျှမ်း ဆန်ပြုတ်ယာဂုဆွမ်းကို။ ဒတွာန၊ သဒ္ဓါမြမြ ပေးလှူခဲ့ရပါသောကြောင့်။ ပဥ္စာနိသံသေ၊ ငါးမျိုးအပြား ယာဂုအလှူ၏ အကျိုးတရားတို့ကို။ အနုဘောမိ၊ ရရှိသောအား သုံးဆောင်ခံစားရပါ၏။ သုယိဋ္ဌတာ၊ ကောင်းစွာလေးမြတ် ပူဇော်အပ်သော။ ယာဂု၊ ရသာပြည့်လျှမ်း ယာဂုဆွမ်းသည်။ အဟော၊ ဩော်... အံ့ဖွယ်ရှိပါပေစွတကား။

ခ။ မမ၊ ငါ့အား။ အဗျာဓိတာ၊ ကိုးသယ်ခြောက်ဖြာ ရောဂါမ[illegible] အနာကင်းသည်၏ ကျန်းမာသည့်ဖြစ်ကြောင်း။ ရူပဝတာ၊ ရုပ်ကြည့်ကောင်း အဆင်း [illegible]သည်၏

အဖြစ်သည်ငှင်း။ ခိပ္ပံ၊ လျင်မြန်စွာ။ ဓမ္မနိသန္တိတာ၊ မြတ်တရားကို ပိုင်းခြား ထင်ထင် ဆင်ခြင်နိုင်သည်၏ အဖြစ်သည်ငှင်း။ အနုပါနသ၊ ထမင်းအဖျော် ယမကာကို။ လာဘိတာ၊ လိုကာခဏ ရလွယ်သည်၏ အဖြစ်သည်ငှင်း။ ပဋ္ဌမကံ၊ ငါးခုမြောက်ဖြစ်သော။အာယု၊ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေတည် အသက်ရှည်ခြင်းသည်ငှင်း။ ဟောတိ၊ မုချမသွေ ဖြစ်ရပါပေ၏။

၈။ ယောကောစိ၊ အမှတ်မထင် အကြင်သူသည်။ ဝေဒံ၊ ကြည်လင်စိတ်စက် နှစ်သက်ခြင်းကို။ ဇနယံ-ဇနယန္တော၊ ကောင်းမွန်စွာပေ ဖြစ်စေလျက်။ သံဃေ၊ ဘုရားသားကျော် သံဃာတော်အား။ ယာဂုံ၊ ရသာပြည့်လျှမ်း ယာဂုဆွမ်းကို။ ဒဒေယျ၊ အရေးတယူ အလေးမူပြီး ပေးလှူငြားအံ့။ သော ပဏ္ဍိတော၊ ထိုယာဂုလှူသည့် ပညာရှိသည်။ ဣမာနိ ပဉ္စဋ္ဌာနာနိ၊ ဤငါးမျိုးအပြား ယာဂုအလှူ၏ အကျိုးတရားတို့ကို။ ပဋိဂ္ဂဏှေယျ၊ မုချမှန်စွာ ခံယူရရှိရာ၏။

၁။ အနာကင်းခြင်း။

၂။ အဆင်းလှခြင်း။

၃။ တရားကို လျင်စွာ စူးစမ်းနိုင်ခြင်း။

၄။ ထမင်းအဖျော် ရလွယ်ခြင်း။

၅။ အသက်ရှည်ခြင်း။

အသက်ရှည်စွာ၊ အနာမဲ့ကင်း၊ အဆင်းကြည်လင်၊ ဆင်ခြင်တရား၊
လျင်လျားလှခြင်း၊ ထမင်းအဖျော်၊ လွယ်သော်ရယူ၊ ဤငါးဆူ၊ မှတ်ယူ
ယာဂု လှူကျိုးတည်း။

မှတ်ရန်။ ။ဤယာဂုအကျိုး ငါးပါးကား ဆန်ပြုတ်ယာဂု လှူသူ ရသော တမလွန်ကျိုးတည်း၊ မျက်မှောက် တမလွန် ပေါင်းလျှင် ယာဂုအကျိုး (၁၀)ပါးတည်း။

## ၅၀။ ဆန်ပြုတ်ယာဂု အလှူ၌ အကျိုး (၁၀) ပါး

"ဒသယိမေ ဗြာဟ္မဏ အာနိသံသာ ယာဂုယာ၊ ကတမေ
ဒသ-ယာဂုံ ဒေန္တော အာယုံ ဒေတိ၊ ဝဏ္ဏံ ဒေတိ၊ သုခံ ဒေတိ၊

ဗလံ ဒေတိ၊ ပဋိဘာနံ ဒေတိ၊ ယာဂု ပီတာ ခုဒ္ဒံ ပဋိဟနတိ၊
ပိပါသံ ဝိနေတိ၊ ဝါတံ အနုလောမေတိ၊ ဝတ္ထိံ သောဓေတိ၊
အာမာဝသေသံ ပါစေတိ၊ ဧလမေ ခေါ ဗြာဟ္မဏ ဒသာနိသံသာ
ယာဂုယာ။"

(ဘေသဇ္ဇက္ခန္ဓက)

အနက်

ဗြာဟ္မဏ၊ ပုဏ္ဏားး။ ဧလမေ ဒသ၊ ဤအကျိုးတရား ဆယ်ပါး တို့သည်ကား။ ယာဂုယာ၊ ဆန်ပြုတ်ယာဂု၏။ အာနိသံသာ၊ မျက်မှောက် တမလွန် ရအပ်သော အကျိုးအာနိသင်တို့ပါတည်း။ ဒသ၊ ယာဂုအကျိုး ဆယ်မျိုးတို့ ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ယာဂုံ၊ ဆန်ပြုတ်ယာဂုကို။ ဒေန္တော၊ ပေးလှူသောသူသည်။ အာယုံ၊ အသက်ရှည်ခြင်းအလှူကို။ ဒေတိ၊ ပေးလှူသည်မည်၏။ ဝဏ္ဏံ၊ အဆင်းလှခြင်း အလှူကို။ ဒေတိ၊ ပေးလှူသည်မည်၏။ ဗလံ၊ ခွန်အားကြီးခြင်းအလှူကို။ ဒေတိ၊ ပေးလှူသည်မည်၏။ ပဋိဘာနံ၊ ဉာဏ်ပညာအလှူကို။ ဒေတိ၊ ပေးလှူသည်မည်၏။ ပီတာ၊ သောက်အပ်သော။ ယာဂု၊ ယာဂုသည်။ ခုဒ္ဒံ၊ ဆာလောင်ခြင်းကို။ ပဋိဟနတိ၊ တားမြစ်ပယ်ဖျောက်၏။ ပိပါသံ၊ ရေငတ်ခြင်းကို။ ဝိနေတိ၊ ပယ်ဖျောက်၏။ ဝါတံ၊ လေကို။ အနုလောမေတိ၊ စုန်ဆင်းသက်စေ၏။ ဝတ္ထိံ၊ ဆီးအိမ် အစာဟောင်းကို။ သောဓေတိ၊ သုစ်သင် စင်ကြယ်စေ၏။ အာမာဝသေသံ၊ အစာသစ် အကြွင်းအကျန်ကို။ ပါစေတိ၊ ကြေညက်စေ၏။ ဗြာဟ္မဏ၊ ပုဏ္ဏားး။ ယာဂုယာ၊ ဆန်ပြုတ်ယာဂုဆွမ်း၏။ အာနိသံသာ၊ မျက်မှောက်တမလွန် ရအပ်သော အကျိုးအာနိသင်တို့သည်ကား။ ဧလမေ ဒသ၊ ဤဆယ်ပါးတို့ပါတည်း။

ယာဂု အနုမောဒနာ ဂါထာများ

၁။ ယော သညတာနံ ပရဒတ္တ ဘောဇိနံ၊
ကာလေန သက္ကစ္စ ဒဒါတိ ယာဂုံ။
ဒသဿ ဌာနာနိ အနုပ္ပဝေစ္ဆတိ၊
အာယုဉ္စ ဝဏ္ဏဉ္စ သုခံ ဗလဉ္စ။

၂။ ပဋိဘာန မယ ဥပဇာယတေ တတော၊
ခုဒ္ဒံ ပိပါသဥ္စ ဗျပနေတိ ဝါတံ။
သောဓေတိ ဝတ္ထိံ ပရိဏာမေတိ ဘတ္တံ၊
ဘေသဇ္ဇမေတံ သုဂတေန ဝဏ္ဏိတံ။

၃။ တသ္မာဟိ ယာဂုံ အလမေဝ ဒါတုံ၊
နိစ္စံ မနုဿေန သုခတ္ထိကေန။
ဒိဗ္ဗာနိ ဝါ ပတ္ထယတာ သုခါနိ၊
မနုဿ သောဘဂျတမိစ္ဆတာ ဝါ။

**အနက်**

၁—၂။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ယော နရော၊ အကြင် အမြတ်ဥစ္စာ သဒ္ဓါတရား ပွားများသူသည်။ သညတာနံ၊ ကိုယ်နှုတ်နှလုံး စောင့်သုံးကုန်ထသော။ ပရဒတ္တဘောဇိနံ၊ သဒ္ဓါကြည်ဖြူ တပါးသူတို့ပေးလှူဆက်ကပ် ပစ္စည်းလာဘ်ကို သုံးဆောင်တတ်သော ပုဂ္ဂိုလ်တို့အား။ ကာလေန၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်သော အချိန်အခါ၌။ ယာဂုံ၊ အရသာပြည့်လျှမ်း ဆန်ပြုတ်ယာဂု ဆွမ်းကို။ သက္ကစ္စံ၊ အလှူခံပုဂ္ဂိုလ် လှူဘွယ်ဝတ္ထုတို့၌ အရိုအသေပြု၍။ ဒဒါတိ၊ ရက်ရောကြည်ဖြူ ပေးလှူလေ၏။ သော နရော၊ ထိုအမြတ်ဥစ္စာ သဒ္ဓါတရား ပွားများသူသည်။ အဿ၊ ထိုတပါးသူတို့ ကြည်ဖြူဆက်ကပ် ပစ္စည်းလာဘ်ကို သုံးဆောင်တတ်သော အလှူခံပုဂ္ဂိုလ်အား။ ဒသဋ္ဌာနာနိ၊ ဆယ်ပါးသော အရာဌာနတို့ကို။ အနုပ္ပဝေစ္ဆတိ၊ ပေးလှူသည်မည်၏။ အဿ၊ ထိုဆန်ပြုတ်ယာဂုကို သုံးဆောင်သော အလှူခံပုဂ္ဂိုလ်၏။ အာယု စ၊ ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေတည် အသက်ရှည်ခြင်းသည်လည်းကောင်း။ ဝဏ္ဏဥ္စ၊ ရုပ်ရေအဆင်း ပြည့်တင်းလှပခြင်း သည်လည်းကောင်း။ သုခဉ္စ၊ ကိုယ်ရောစိတ်ပါ နှစ်ဖြာချမ်းသာခြင်းသည်လည်း ကောင်း။ ဗလဉ္စ၊ ကိုယ်စွမ်းခွန်အား ကြီးမားခြင်းသည်လည်းကောင်း။ ပဋိဘာနဉ္စ၊ တတ်သိလိမ္မာ ပညာကြီးခြင်းသည်လည်းကောင်း။ ဥပဇာယတေ၊ ဖြစ်၏။ တတော၊ ထိုမှတပါး။ ခုဒ္ဒံ၊ ဆာလောင်ခြင်းကိုလည်းကောင်း။ ပိပါသဉ္စ၊ ရေငတ်ခြင်းကိုလည်းကောင်း။ ဝါတဉ္စ၊ လေနာကိုလည်းကောင်း။ အပနေတိ၊

တားမြစ်ဖျောက်ပယ်တတ်၏။ ဝတ္ထုံ၊ ဆီးအိမ်အစာဟောင်းကိုလည်း။ သောဓေတိ၊ သုတ်သင်စင်ကြယ်စေတတ်၏။ ဘတ္တံ၊ အစာသစ်ကို။ ပရိဏာမေတိ၊ ကြေညက်စေတတ်၏။ တံ-ဘေသဇ္ဇံ၊ ဤဆန်ပြုတ်ယာဂုဟူသော ဆေးကို။ သုဂတေန၊ သုံးလူ့ထွတ်ဖျား ရှင်တော်မြတ်ဘုရားသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဝဏ္ဏိတံ၊ ချီးမွမ်းတော်မူအပ်၏။

၃။ တသ္မာ ဟိ၊ ထို့ကြောင့်သာလျှင်။ အနိစ္စံ၊ ကာလမစဲ အမြဲမပြတ်။ မနုဿေန၊ လူ၌ဖြစ်သော။ သုခတ္ထိကေန ဝါ၊ ချမ်းသာအမျိုးမျိုးကို အလိုရှိသူသည်ငှင်း။ ဒိဗ္ဗာနိ၊ နတ်၌ဖြစ်ကုန်သော။ သုခါနိ၊ သုံးဆောင်ခံစား ချမ်းသာများကို။ ပတ္ထယတာ ဝါ၊ လိုချင်တောင့်တသူသည်ငှင်း။ မနုဿသောဘဂ္ဂတံ၊ ဘုန်းကံကြီးမား လူသား၌ဝယ် တင့်တယ်သောအဖြစ်ကို။ ဣစ္ဆတာ ဝါ၊ အလိုရှိသောသူသည်ငှင်း။ ယာဂုံ၊ ဆန်ပြုတ်ယာဂုအလှူကို။ ဒါတုံ၊ လေးမြတ်ကြည်ဖြူ ပေးလှူခြင်းငှါ အလမေဝ၊ လျော်ကန် လျောက်ပတ် ကောင်းမြတ်တော့သည်သာတည်း။

၁။ အသက်ရှည်ခြင်း။
၂။ အဆင်းလှခြင်း။
၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း။
၄။ ခွန်အားကြီးခြင်း။
၅။ ပညာကြီးခြင်း။
၆။ ဆာလောင်မှု ကင်းခြင်း။
၇။ ရေငတ်မှု ကင်းခြင်း။
၈။ လေအနာ ကင်းခြင်း။
၉။ ဆီးအိမ် အစာဟောင်း စင်ကြယ်ခြင်း။
၁၀။ အစာသစ် အကြွင်း ကြေညက်ခြင်း။

* သက်ရှည်, ဆင်းလှ၊ ချမ်းသာစွ၊ ဗလ, ဉာဏ်ပညာ။
* မဆာ, မငတ်၊ လေစုန်တတ်၊ စင်လတ် ဟောင်းအစာ။
* စာသစ်ကြွင်းပေ၊ ကြေညက်စေ၊ ဆယ်ဖြေ ယာဂု အကျိုးလာ။

## ၅၁။ ဒန်ပူ အလှူ၌ အကျိုး (၅)ပါး

"ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ ဒန္တကဋ္ဌေ ခါဒနေ၊ ကတမေ ပဉ္စ၊ စက္ခုဿံ၊ မုခံ န ဒုဂ္ဂန္ဓိ ဟောတိ၊ ရသဟရဏိယော ဝိသုဇ္ဈန္တိ၊ ပိတ္တံ သေမှံ ဘတ္တံ န ပရိယောနန္ဓတိ၊ ဘတ္တမဿ ဆာဒေတိ၊ ဣမေ ခေါ ဘိက္ခဝေ ပဉ္စအာနိသံသာ ဒန္တကဋ္ဌေ ခါဒနေ။"

(ပဉ္စကနိပါတ် အင်္ဂုတ္တိုရ် ဒန္တကဋ္ဌသုတ်)

အနက်

ဘိက္ခဝေ၊ သံသရာဘေး မြော်ရှုတွေးငြား အို-ချစ်သားတို့။ ဒန္တကဋ္ဌေ၊ ဒန်ပူကို။ ခါဒနေ၊ စားခြင်း၌။ အာနိသံသာ၊ မျက်မှောက်ထင်ထင် ရအပ်သော အကျိုးအာနိသင်တို့သည်။ ဣမေ ပဉ္စ၊ ဤငါးမျိုးတို့ပါတည်း။ ကတမေ ပဉ္စ၊ အဘယ်ငါးပါးတို့နည်းဟူမူကား။ စက္ခုဿံ၊ မျက်စိ၏ အစီးအပွားသည်။ ဝါ၊ မျက်စိစင်ကြယ်သည်။ ဟောတိ၊ ဖြစ်၏။ မုခံ၊ ခံတွင်းသည်။ ဒုဂ္ဂန္ဓိ၊ မကောင်းသောအနံ့ရှိသည်။ န ဟောတိ၊ မဖြစ်။ ရသဟရဏိယော၊ အရသာကိုဆောင်တတ်သော အကြောတို့သည်။ ဝိသုဇ္ဈန္တိ၊ စင်ကြယ်ကုန်၏။ ပိတ္တံ၊ သည်းခြေသည်။ သေမှံ၊ သလိပ်သည်။ ဘတ္တံ၊ အစာကို။ န ပရိယောနန္ဓတိ၊ မမြေးယှက်။ အဿ၊ ထိုဒန်ပူကို စားသောသူအား။ ဘတ္တံ၊ ထမင်းသည်။ ဆာဒေတိ၊ ဆာမြိန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒန္တကဋ္ဌေ၊ ဒန်ပူကို။ ခါဒနေ၊ စားခြင်း၌။ အာနိသံသာ၊ မျက်မှောက်ထင်ထင် ရအပ်သော အကျိုး အာနိသင်တို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့တည်း။

၁။ မျက်စိ ကြည်လင်ခြင်း။

၂။ ခံတွင်း အနံ့ကောင်းခြင်း။

၃။ အရသာကို ဆောင်သော အကြောတို့ စင်ကြယ်ခြင်း။

၄။ သည်း ခြေသလိပ်တို့ အစာကို မမြေးယှက်ခြင်း။

၅။ ထမင်းဆာမြိန်ခြင်း။

* မျက်စိကြည်ခြင်း၊ ခံတွင်းနံ့ကောင်း၊ စင်တောင်းအကြော၊ မရောယှက်ပါ၊ အစာဥ္စပေ၊ သည်းခြေသလိပ်၊ မြိန်ပိမ့်ထမင်း၊ ပေါင်းခြင်းငါထွေ၊ ကျမ်းလာပေသည်၊ မှတ်လေ ဒန်ပူစားကျိုးတည်း။

(လှူသူဉ္စ အပြန်အကျိုး ငါးပါးပင် အတူမှတ်ယူရာ၏။)

## လေ့ကျင့်ခန်း မေးခွန်းများ

၁။ ရတနာသုံးပါးအား ထီးလှူသော ဒါယကာတို့ ရရှိနိုင်သော အကျိုးများကို ရေတွက်ပြခဲ့ပါ။

၂။ အဝတ်သင်္ကန်း ပေးလှူသော ဒါယကာတို့ ရရှိနိုင်သော အကျိုးများကို ရေပြပါ။

၃။ သပိတ်လှူသော ဒကာတို့ ရရှိနိုင်သော အကျိုးများကို ရေတွက်ပြပါ။

၄။ ပဲခွပ်လှူသော ဒကာတို့ ရရှိနိုင်သော အကျိုးများကို ရေတွက်ဖြေဆိုပါ။

၅။ ခါးငယ်လှူသော ဒကာတို့ ရရှိနိုင်သော အကျိုးများကို ရေတွက်ပြပါ။

၆။ အပ်လှူသော ဒါယကာတို့ ရရှိနိုင်သော အကျိုးများကို ရေတွက်ပြပါ။

၇။ လက်သည်းလှီးဓားလှူသော ဒကာတို့ ရရှိနိုင်သော အကျိုးကို ပြပါ။

၈။ ယပ်တောင်လှူသော ဒါယကာတို့ ရရှိနိုင်သော အကျိုးများကိုဖြေဆိုပါ။

၉။ ဥဒေါင်းမြီးယပ်, သားမြီးယပ်အလှူဉ္စ ရနိုင်သော အကျိုးကို ဖြေပါ။

၁၀။ ရေစစ်လှူသော ဒါယကာတို့ ရရှိသည့် အကျိုးများကို ရေတွက်ဖြေဆိုပါ။

၁၁။ ဆီကျည် (ဆီပုံး)လှူသော ဒကာတို့ ရရှိနိုင်တဲ့ အကျိုးများကို ရေတွက်ပြပါ။

၁၂။ အပ်ကျည် (အပ်ဗူး) လှူသော ဒကာတို့ ရရှိနိုင်တဲ့ အကျိုးများကို ရေတွက်ပြပါ။

၁၃။ [illegible]သကိုင်လှူသော ဒကာတို့ ရရှိနိုင်တဲ့ အကျိုးများကို ရေတွက်ပြပါ။

၁၄။ ဝါးပန်းကြိုး[illegible]သော ဒကာတို့ ရရှိနိုင်တဲ့ အကျိုးများကို ရေတွက်ပြပါ။

၁၅။ သပိတ်ခြေလှုံ့သူတို့ ရရှိနိုင်တဲ့ အကျိုးများကို ရေတွက်ပြပါ။

၁၆။ အိုးလှူသူတို့ ရရှိနိုင်တဲ့ အကျိုးများကို ရေတွက်ပြပါ။

၁၇။ ထမင်းစားခွက်, ခွက်အမျိုးမျိုး အလှူ၌ ရနိုင်တဲ့အကျိုးများကို ရေတွက်ပြပါ။

၁၈။ ဆေးအလှူ၌ ရရှိနိုင်တဲ့ အကျိုးများကို ရေတွက်ပြပါ။

၁၉။ ဘိနပ်လှူသူတို့ ရရှိနိုင်တဲ့ အကျိုးများကို ရေတွက်ဖြေဆိုပါ။

၂၀။ ခြေနင်းအလှူ၌ အကျိုးကို ရေတွက်ပြပါ။

၂၁။ တဘက်လှူသူတို့ ရရှိနိုင်တဲ့ အကျိုးများကို ရေတွက်ပြပါ။

၂၂။ တောင်ဝှေးလှူသော ဒကာတို့ ရရှိနိုင်တဲ့ အကျိုးကို ဖြေပါ။

၂၃။ မျက်စဉ်းလှူသူတို့ ရရှိနိုင်သော အကျိုးများကို ရေတွက်ပြပါ။

၂၄။ သော့အလှူ၌ အကျိုးကို ဖော်ပြပါ။

၂၅။ သော့ခလောက် အလှူ၌ အကျိုးကို ရေတွက်ပြပါ။

၂၆။ အာယောဂပတ် အလှူ၌ အကျိုးကို ရေတွက်ပြပါ။

၂၇။ ဆေးတံ- ဆေးလိပ်လှူသူတို့ ရရှိနိုင်တဲ့ အကျိုးကို ရေတွက်ပြပါ။

၂၈။ ဆီမီး-လျှပ်စစ်မီး လှူသော ဒကာတို့ ရနိုင်တဲ့ အကျိုးကို ဖြေပါ။

၂၉။ ဖူးကြူတ်အလှူ၌ အကျိုးကို ရေတွက်ပြပါ။

၃၀။ လက်သုတ်ပုဝါလှူသူတို့ ရရှိတဲ့ အကျိုးကို ရေတွက်ပြပါ။

၃၁။ သင်ခုန်းခေါအလှူ၌ အကျိုးကို ပြပါ။

၃၂။ မွေးညှပ်အလှူ၌ အကျိုးကို ပြပါ။

၃၃။ နှာနှပ်တံအလှူ၌ အကျိုးကို ရေပြပါ။

၃၄။ အင်းပျဉ်ကုလားထိုင် ထိုင်ခုံ တန်းလျားအလှူ၌အကျိုးကိုရေတွက်ပြပါ။

၃၅။ ဘုံလျှိအလှူ၌ အကျိုးရကို ပြပါ။

၃၆။ ခေါင်းအုံးအလှူ၌ အကျိုးရကို ပြပါ။

၃၇။ ပျဉ်ချပ်အလှူ၌ အကျိုးရကို ဖြေပါ။

၃၈။ ခြေဆေးအင်းပျဉ်အလှူ၌ အကျိုးရကို ပြပါ။

၃၉။ ခြေနယ်ဆီအလှူ၌ အကျိုးများကို ရေတွက်ပြပါ။

၄၀။ ထောပတ်ဆီအလှူ၌ အကျိုးများကို ရေတွက်ပြပါ။

၄၁။ သွားတိုက်ဆေး အလှူ၌ အကျိုးများကို ရေတွက်ပြပါ။

၄၂။ နို့ဓမ်းအလှူ၌ ရရှိနိုင်တဲ့ အကျိုးများကို ဖြေပါ။

၄၃။ ပျားရည်အလှူ၌ အကျိုးကို ပြပါ။

၄၄။ အရသာအလှူ၌ အကျိုးကို ပြပါ။

၄၅။ ထမင်းအဖျော်အလှူ၌ ရနိုင်တဲ့ အကျိုးများကို ဖြေပါ။

၄၆။ အမွှေးတိုင်အလှူ၌ ရနိုင်တဲ့ အကျိုးများကို ဖြေပါ။

၄၇။ ဆွမ်းကျွေး ဆွမ်းလှူသူတို့ ရရှိနိုင်တဲ့ အကျိုးများကို ရေတွက်ပြပါ။

၄၈။ မုံ့ဟင်းခါး ခေါက်ဆွဲ လှူသူတို့ ရရှိနိုင်တဲ့ အကျိုးများကိုရေတွက်ပြပါ။

၄၉။ ထမနဲ ယာဂု အလှူ၌ အကျိုးများကို ရေတွက်ပြပါ။

၅၀။ ဆန်ပြုတ် ယာဂုလှူသူတို့ ရရှိနိုင်တဲ့ အကျိုးများကို ရေတွက်ပြပါ။

၅၁။ ဒန်ပူအလှူ၌ အကျိုးကို ရေတွက်ဖြေပါ။

# ပဥ္စမပိုင်း

## သုတ်ပါထေယျ သိဂ်ါလသုတ်

### ဒေသ နှင့် ဒေသက

အခါတပါး ဂေါတမ ရှင်တော်ဘုရားသည် ရာဇဂြိုဟ်မြို့ကို ဆွမ်းခံ အမှီပြု၍ ရှဥ့်နက်တို့ကို အစာကျွေး၍ မွေးမြူရာဖြစ်သော ဝေဠုဝန် (ဝါးတောဥယျာဉ်) ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။

'ဝေဠုဝန်' ဝေဠုဝန်ဟူသည် ဥယျာဉ်၏ အမည်ပင်၊ ထိုဥယျာဉ်သည် ဝါးတို့ဖြင့် ခြံရံလျက် ရှိ၏၊ တဆယ့်ရှစ်တောင်ရှိသော တံတိုင်းဖြင့် ကာရံ၏၊ တန်ဆောင်း ပြာသာဒ် ပြအိုးတို့နှင့် ယှဉ်၏၊ စိမ်းညိုသော အရောင်ရှိ၏၊ မွေလျော်ဖွယ် ရှိ၏၊ ထို့ကြောင့် ဝေဠုဝန်ဟု ခေါ်ဆိုကြသည်။

'ကလန္ဒကနိဝါပ' ရှဥ့်နက်တို့ကို အစာကျွေး၍ မွေးမြူရာဌာန၊ ထင်ရှားအောင် ချဲ့ဦးအံ့။

ရှေးအခါက တဦးသော မင်းသည် ထိုဝေဠုဝန်ဥယျာဉ်၌ ကစားမြူးတူးရန် လာ၍ နေ့အခါ ဥယျာဉ်တွင် အရက်မူးမူးနှင့် အိပ်၏၊ အခြံအရံ ပရိသတ်လည်း မင်း အိပ်ပျော်သွားပြီဟု သိ၍ ဥယျာဉ်အတွင်း ပန်း သစ်သီး ခူးရန် ဖဲသွားကြကုန်၏၊ ထိုအခါ အရက်နံ့ဖြင့် တခုသော သစ်ပင် အခေါင်းမှ မြွေဟောက်သည် ထွက်ပြီး မင်းထံ လာ၏၊ ထိုမြွေဟောက်ကို မြင်၍ ရက္ခစိုးနတ်သည် မင်းအား အသက်ချမ်းသာမှုကို ပေးအံ့ဟု ကြံ၍ ရှဥ့်နက်အသွင်ဖြင့် လာ၍ မင်း၏ နားအနီး၌ အသံကျယ်စွာ မြည်၏၊ မင်းလည်း အိပ်ရာမှ နိုး၏၊ မြွေဟောက်လည်း ပြန်လှည့်၍ သွား၏၊ မင်းသည် မြွေဟောက်ကိုမြင်၍ ဤရှဥ့်နက်ကြောင့် ငါ၏ အသက်ချမ်းသာမှုကို ရ၏ဟု ထိုဥယျာဉ်၌ ရှဥ့်နက်တို့ကို ဘေးမဲ့ပေး၍ အမြဲလျှင် အစာကျွေးကာ မွေးမြူ၍ ထား၏၊ ထို့ကြောင့် 'ကလန္ဒကနိဝါပ'ရှဥ့်နက်တို့ကို အစာကျွေး၍ မွေးမြူရာဌာနဟု ဆိုသည်။

**သိင်္ဂါလက သတို့သားအား မိဘနှစ်ပါး ဆုံးမပုံ**

ထိုအခါ ရာဇဂြိုဟ်မြို့၌ ကုဋေလေးဆယ် ဥစ္စာကြွယ်သော သူဌေးမျိုးမှ ဖွားမြင်သော 'သိင်္ဂါလက' အမည်ရှိသော သတို့သားသည် ရှိ၏၊ ထိုသတို့သား၏ မိခင်ဖခင်တို့သည်ကား သောတာပန်ပုဂ္ဂိုလ်များဖြစ်ကြ၏၊သိင်္ဂါလက သတို့သား သည်ကား သဒ္ဓါတရား မရှိ၊ ရတနာသုံးပါးကို မကြည်ညို၊ မိခင်ဖခင်တို့က သိင်္ဂါလက သတို့သားကို–

"ချစ်သား.... ဘုရားထံသို့ ချဉ်းကပ်ပါ၊ တရားစစ်သူကြီး ရှင်သာရိပုတြာ ထံသို့ ချဉ်းကပ်ပါ၊ တန်ခိုးကြီးတဲ့ ရှင်မဟာမောဂ္ဂလာန်ထံသို့ ချဉ်းကပ်ပါ၊ ရှင်မဟာကဿပထံသို့ ချဉ်းကပ်ပါ၊ ရှစ်ကျိပ်သော မဟာသာဝကများထံသို့ ချဉ်းကပ်ပါ"ဟု မပြတ်မလပ်ပင် ဆုံးမဩဝါဒ ပေးကြကုန်၏။

**သိင်္ဂါလက သတို့သား မိဖစကားကို မနာယူ**

ထိုအခါ သိင်္ဂါလက သတို့သားက–

"အို မိခင်ဖခင်တို့–သင်တို့၏ ဆရာရဟန်းများထံသို့ ကျွန်တော်မသွားချင် ပါ၊ သူတို့ထံ သွားရလျှင် သူတို့ကို ရှိခိုးဦးချနေရပါလိမ့်မည်၊ ဦးညွတ်၍ ရှိခိုး ရလျှင် ကျောက်ကုန်းများလည်း နာကျင်မည်၊ ပုဆစ်ဒူးများလည်း ကြမ်းတမ်း မည်၊ မြေမှာလည်း ထိုင်ရဦးမည်၊ မြေမှာထိုင်ရသဖြင့် ပုဆိုးများလည်း ညစ်နွမ်း ပေ ရ ဆွေးမြေ့မည်၊ ရဟန်းတို့အနီးမှာ ထိုင်သောအခါမှစ၍ စကားပြော တရားဟောခြင်း ဖြစ်မည်၊ စကားပြော တရားဟောခြင်းကြောင့် အကျွမ်းဝင်မှု ဖြစ်မည်၊ အကျွမ်းဝင်ခြင်းကြောင့် ပင့်ဖိတ်၍ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးကို ပေးလှူရလိမ့်မည်၊ ထိုကြောင့် ပစ္စည်းဥစ္စာ ကုန်ဆုံးလျော့ နည်းခြင်း ဖြစ်လိမ့်မည်၊ ထို့ကြောင့် သင်တို့ဆရာ ရဟန်းများထံသို့ ကျွန်တော် မချဉ်းကပ်ချင်ပါ"ဟု ပြောကြား၏၊ ဤသို့လျှင် မိဖနှစ်ပါးသည် 'သိင်္ဂါလက' သတို့သားကို အသက်ထက်ဆုံး နှိုးဆော်ပါသော်လည်း သိင်္ဂါလက သတို့သားသည် မိဖတို့စကားကို မနာယူပဲ နေ၏။

**သေခါနီး ဖခင်၏ ဩဝါဒ**

သိင်္ဂါလကသတို့သား၏ ဖခင်ကြီးသေချိန်ရောက်၍ သေဘို့ရာ ညောင်စောင်း လျောင်းလျက်ရှိရာ သားသိင်္ဂါလကကို အဆုံးမပေးခြင်းငှါ သင့်၏ဟု ကြံစည်၏၊ ဆင့်ခါတဖန် ကြံစည်ပြန်သည်မှာ—

'ဒိသာတာတ နမဿာဟိ'

ဟု-ငါ့သား သိင်္ဂါလကအား အဆုံးမပေးအံ့၊ ငါ့သား သိင်္ဂါလကသည် ငါ၏ အဆုံးမစကားကို မသိနားမလည်၍ ပကတိသော အရပ်မျက်နှာတို့ကိုရှိခိုးလတ္တံ့၊ ထိုအခါ ငါ့သား သိင်္ဂါလကကို ဘုရားရှင်သည်ဒင်း၊ ဘုရား၏ တပည့်သာဝကတို့ သည်ဒင်း မြင်၍ 'သင်သည် အဘယ်အမှုကို ပြုသနည်း'ဟု မေးမြန်းကုန်လတ္တံ့၊ ထိုသို့ မေးမြန်းခြင်းကြောင့် သိင်္ဂါလက သတို့သားသည် တပည့်တော်၏ မွေးဖခင်သည်—

'ဒိသာ တာတ နမဿာဟိ'

ဟု သေခါနီးမှာ ဆုံးမသွားပါသည်ဘုရား၊ ထို့ကြောင့် အရပ်မျက်နှာတို့ကို ရှိခိုးပါ၏ဟု ဖြေဆိုလတ္တံ့၊ ထိုအခါ ငါ့သား သိင်္ဂါလကအား တွေ့မြင်တဲ့ ဘုရားရှင်နှင့် တပည့်သာဝကတို့သည် 'သင်၏ဖခင်သည် ဒီပကတိသော အရပ် မျက်နှာတို့ကို ရှိခိုးခိုင်းတာ မဟုတ်၊ ဘုရားသာသနာတော်မှာ ဤမည်သော အရပ်မျက်နှာတို့ကို ရှိခိုးခိုင်းတာ ဖြစ်သည်ဟု တရားဟောကြားကြလိမ့်မည်၊ ထိုငါ့သားသည် ဘုရားသာသနာတော်၌ ဂုဏ်ကျေးဇူးကို သိ၍ ကောင်းမှု ပြုလတ္တံ့၊ ဤသို့ ကြံပြီးလျှင် သိင်္ဂါလက သတို့သားကို ခေါ်၍—

'ချစ်သား နံနက်စောစောထ၍ အရပ်ခြောက်မျက်နှာတို့ကို ရှိခိုးပါလေ'ဟု အဆုံးမ ဩဝါဒ ပေး၏။

**သိင်္ဂါလက သတို့သား**

**အရပ်မျက်နှာတို့ကို ရှိခိုးခြင်း**

"မရဏမဉ္စေ နိပန္နော ကထာ နာမ ယာဝဇီဝံ အနု-
ဿရဏီယာ ဟောတိ။"

သေခါနီး မှာထား ပြောကြားခဲ့တဲ့ စကားမည်သည် အသက်ထက်ဆုံး အောက်မေ့ထိုက်သောကြောင့် သိင်္ဂါလက သတို့သားသည် ဖခင်စကားကို လေးစားပူဇော်သောအားဖြင့် နံနက်စောစော အိပ်ယာမှထ၍ ရာဇဂြိုဟ်မြို့မှ ထွက်ပြီးလျှင် စိုးသောအဝတ် စိုသောဆံပင်ဖြင့်—

၁။ အရှေ့ အရပ်မျက်နှာ၊
၂။ တောင် အရပ်မျက်နှာ၊
၃။ အနောက် အရပ်မျက်နှာ၊
၄။ မြောက် အရပ်မျက်နှာ၊
၅။ အောက် အရပ်မျက်နှာ၊
၆။ အထက် အရပ်မျက်နှာ—

အားဖြင့် ခြောက်ပါးသော အရပ်မျက်နှာတို့ကို ရှိခိုး၏။

**ဘုရားရှင် သိင်္ဂါလက သတို့သားကို မြင်တော်မူခြင်း**

ဘုရားရှင်သည် မိုးသောက်သောအခါ၌ အာသယာနုသယဉာဏ်,ဣန္ဒြိယပရောပရိယတ္တိဉာဏ်ဟူသော မျက်လုံးတော်အစုံဖြင့် သတ္တလောကကို ကြည့်ရှုတော်မူလျှင် အရပ်ခြောက်မျက်နှာတို့ကို ရှိခိုး၍နေသော သိင်္ဂါလက သတို့သားကိုမြင်၍ ‘ယနေ့ ငါသည် သိင်္ဂါလက သတို့သားအား လူတို့၏ ဝိနည်းဖြစ်သော သိင်္ဂါလသုတ္တန်ကို ဟောကြားပေအံ့၊ ထိုဒေသနာသည် လူအပေါင်းတို့အားလည်း အကျိုးရှိသည် ဖြစ်လတ္တံ့၊ ငါဘုရားသည် သိင်္ဂါလက သတို့သား ရှိရာအရပ်သို့ သွားခြင်းငှါ သင့်၏ဟု ကြံတော်မူ၍ နံနက်စောစောလျှင် သင်းပိုင်ကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူကာ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်ရန် ရှေးရှုကြွတော်မူရာ ခရီးအကြားမှာပင် အရပ်မျက်နှာတို့ကို ရှိခိုး၍နေသော သိင်္ဂါလက သတို့သားကို မြင်တော်မူ၏။

**သေခါနီး ဖခင်၏ ဩဝါဒ**

သိင်္ဂါလကသတို့သား၏ ဖခင်ကြီးသေချိန်ရောက်၍ သေဘို့ရာ ညောင်စောင်း လျောင်းလျက်ရှိရာ သားသိင်္ဂါလကကို အဆုံးမပေးခြင်ငှါ သင့်၏ဟု ကြံစည် ၏၊ ဆင့်ခါတဖန် ကြံစည်ပြန်သည်မှာ—

'ဒိသာတာတ နမဿာဟိ'

ဟု-ငါ့သား သိင်္ဂါလကအား အဆုံးမပေးအံ့၊ ငါ့သား သိင်္ဂါလကသည် ငါ၏ အဆုံးမစကားကို မသိနားမလည်၍ ပကတိသော အရပ်မျက်နှာတို့ကိုရှိခိုးလတ္တံ့၊ ထိုအခါ ငါ့သား သိင်္ဂါလကကို ဘုရားရှင်သည်၎င်း၊ ဘုရား၏ တပည့်သာဝကတို့ သည်၎င်း မြင်၍ 'သင်သည် အဘယ်အမှုကို ပြုသနည်း'ဟု မေးမြန်းကုန်လတ္တံ့၊ ထိုသို့ မေးမြန်းခြင်းကြောင့် သိင်္ဂါလက သတို့သားသည် တပည့်တော်၏ မွေးဖခင်သည်

'ဒိသာ တာတ နမဿာဟိ'

ဟု သေခါနီးမှာ ဆုံးမသွားပါသည်ဘုရား၊ ထို့ကြောင့် အရပ်မျက်နှာတို့ကို ရှိခိုးပါ၏ဟု ဖြေဆိုလတ္တံ့၊ ထိုအခါ ငါ့သား သိင်္ဂါလကအား တွေ့မြင်တဲ့ ဘုရားရှင်နှင့် တပည့်သာဝကတို့သည် 'သင်၏ဖခင်သည် ဒီပကတိသော အရပ် မျက်နှာတို့ကို ရှိခိုးခိုင်းတာ မဟုတ်၊ ဘုရားသာသနာတော်မှာ ဤမည်သော အရပ်မျက်နှာတို့ကို ရှိခိုးခိုင်းတာ ဖြစ်သည်ဟု တရားဟောကြားကြလိမ့်မည်၊ ထိုငါ့သားသည် ဘုရားသာသနာတော်၌ ဂုဏ်ကျေးဇူးကို သိ၍ ကောင်းမှု ပြုလတ္တံ့၊ ဤသို့ ကြံပြီးလျှင် သိင်္ဂါလက သတို့သားကို ခေါ်၍—

'ချစ်သား နံနက်စောစောထ၍ အရပ်ခြောက်မျက်နှာတို့ကို ရှိခိုးပါလော့'ဟု အဆုံးမ ဩဝါဒ ပေး၏။

**သိင်္ဂါလက သတို့သား**

**အရပ်မျက်နှာတို့ကို ရှိခိုးခြင်း**

"မဂဓာမဌေ နိပန္နဿ ကထာ နာမ ယာဝဇီဝံ အနု-
ဿရဏီယာ ဟောတိ။"

သေခါနီး မှာထား ပြောကြားခဲ့တဲ့ စကားမည်သည် အသက်ထက်ဆုံး အောက်မေ့ထိုက်သောကြောင့် သိင်္ဂါလက သတို့သားသည် ဖခင်စကားကို လေးစားပူဇော်သောအားဖြင့် နံနက်စောစော အိပ်ယာမှ ထ၍ ရာဇဂြိုဟ်မြို့မှ ထွက်ပြီးလျှင် စိုးသောအဝတ် စိုသောဆံပင်ဖြင့်—

၁။ အရှေ့ အရပ်မျက်နှာ၊

၂။ တောင် အရပ်မျက်နှာ၊

၃။ အနောက် အရပ်မျက်နှာ၊

၄။ မြောက် အရပ်မျက်နှာ၊

၅။ အောက် အရပ်မျက်နှာ၊

၆။ အထက် အရပ်မျက်နှာ—

အားဖြင့် ခြောက်ပါးသော အရပ်မျက်နှာတို့ကို ရှိခိုး၏။

**ဘုရားရှင် သိင်္ဂါလက သတို့သားကို မြင်တော်မူခြင်း**

ဘုရားရှင်သည် မိုးသောက်သောအခါ၌ အာသယာနုသယဉာဏ်,ဣန္ဒြိယပရော ပရိယတ္တိဉာဏ်ဟူသော မျက်လုံးတော်အစုံဖြင့် သတ္တလောကကို ကြည့်ရှုတော်မူလျှင် အရပ်ခြောက်မျက်နှာတို့ကို ရှိခိုး၍နေသော သိင်္ဂါလက သတို့သားကိုမြင်၍ 'ယနေ့ ငါသည် သိင်္ဂါလက သတို့သားအား လူတို့၏ ဝိနည်းဖြစ်သော သိင်္ဂါလ သုတ္တန်ကို ဟောကြားပေအံ့၊ ထိုဒေသနာသည် လူအပေါင်းတို့အားလည်း အကျိုးရှိသည် ဖြစ်လတ္တံ့၊ ငါဘုရားသည် သိင်္ဂါလက သတို့သား ရှိရာအရပ်သို့ သွားခြင်းငှါ သင့်၏ဟု ကြံတော်မူ၍ နံနက်စောစောလျှင် သင်းပိုင်ကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူကာ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်ရန် ရှေးရှုကြွတော်မူရာ ခရီး အကြားမှာပင် အရပ်မျက်နှာတို့ကို ရှိခိုး၍နေသော သိင်္ဂါလက သတို့သားကို မြင်တော်မူ၏။

**ဂိဟိဝိနယကို ဟောကြားရန် တောင်းပန်ခြင်း**

သိင်္ဂါလက သတို့သားသည်ကား မိမိအနီးအပါးသို့ ရောက်ရှိနေသော မြတ်ဘုရားကို မမြင်၊ အရပ်မျက်နှာတို့ကိုပင် ရှိခိုးမြဲ ရှိခိုး၍ နေ၏၊ ထိုအခါ ဘုရားရှင်က သိင်္ဂါလက သတို့သားကို—

"သူကြွယ်သား....သင်သည် အဘယ့်ကြောင့် စောစောစီးစီး ထ,က ရာဇဂြိုဟ်မြို့မှ ထွက်ပြီး စိုသောအဝတ် စိုသော ဆံပင်များဖြင့် အရပ်ခြောက် မျက်နှာတို့ကို ရှိခိုးကာ နေသနည်း"ဟု မေးတော်မူ၏။

သိင်္ဂါလက သတို့သားက "မြတ်စွာဘုရား....တပည့်တော်၏ မွေးဖခင်သည် သေခါနီးမှာ 'ဒိသာ တာတ နမဿာဟိ'ဟု မှာကြားဆုံးမ သွားပါသည်ဘုရား၊ မြတ်စွာဘုရား....တပည့်တော်သည် ဖခင်စကားကို လေးစားပူဇော်သောအားဖြင့် နံနက်စောစော ထ,က ရာဇဂြိုဟ်မြို့မှ ထွက်ပြီး စိုသောအဝတ် စိုသော ဆံပင် များဖြင့် အရပ်ခြောက်မျက်နှာတို့ကို ရှိခိုးပါ၏"ဟု လျှောက်၏။

ဘုရားရှင်က "သူကြွယ်သား....ငါဘုရား သာသနာတော်၌ ဒီ ပကတိသော အရပ်ခြောက်မျက်နှာတို့ကို ရှိမခိုးရပါ"ဟု မိန့်တော်မူသော စကားကို သိင်္ဂါ လက သတို့သား ကြားလျှင်ပင် 'ငါ၏ မွေးဖခင်သည် သေခါနီးမှာ အရပ် ခြောက်မျက်နှာတို့ကို ရှိခိုးရမည်'ဟု မှာကြား ဆုံးမ၍ သွား၏၊ ယခု ငါရှိခိုး သော အရပ်ခြောက်မျက်နှာတို့သည်ကား မွေးဖခင် မှာကြား ဆုံးမတဲ့ အရပ် ခြောက်မျက်နှာတို့မဟုတ်၊ ဘုရားတပည့်သားတို့ ရှိခိုးအပ်သော အခြားတပါး သော အရပ်ခြောက်မျက်နှာတို့သည် ရှိကုန်၏ဟု ဆို၏၊ ငါသည် ထိုအရပ်ခြောက် မျက်နှာတို့ကို မေး၍ ရှိခိုးအံ့'ဟု ကြံစည်ပြီးလျှင် "မြတ်စွာဘုရား.... ဒီပကတိ သော အရပ်ခြောက်မျက်နှာတို့ကို ရှိမခိုးရပါလျှင် မြတ်ဘုရားသာသနာတော်၌ အဘယ်မည်သော အရပ်ခြောက်မျက်နှာတို့ကို ရှိခိုးရပါသနည်း၊ မြတ်စွာဘုရား.... တောင်းပန်ပါ၏၊ မြတ်ဘုရား သာသနာတော်၌ ရှိခိုးရမည့် အရပ်ခြောက်ပါးကို တပည့်တော်အား ဟောကြားတော်မူပါဟု လျှောက်၏။

## ဂိဟိဝိနယကို ဟောကြားတော်မူခြင်း

ထိုအခါ ဘုရားရှင်သည် သိင်္ဂါလက သတို့သား၏ လျှောက်ထားတောင်းပန်ချက်အရ လူတို့၏ဝိနည်းဖြစ်သော 'ဂိဟိဝိနယ' ကို ဟောကြားတော်မူသည်မှာ သူကြွယ်သား....ငါဘုရား၏ တပည့်သည် သောတာပန်ဖြစ်သော အခါမှစ၍–

**မာတိကာ**

၁။ ကံကိလေသာ လေးပါးကို မပြု မပယ်။

၂။ အဂတိလေးပါးကို လိုက်စားခြင်းဟူသော အကြောင်းဖြင့် မကောင်းမှုကို မပြု။

၃။ စည်းစိမ်ပျက်ကြောင်း ခြောက်ပါးကို မပြုကျင့်ဘဲ ရှောင်လွှဲ၏။ ဤတဆယ့်လေးပါးသော အယုတ်တရားတို့ကို မပြုကျင့်။

၄။ ခြောက်ပါးသော အရပ်တို့ကို ဖုံးလွှမ်းသည်ဖြစ်၍ ပစ္စုပ္ပန်,တမလွန် လောကနှစ်ပါးကို အောင်နိုင်ရန် ကျင့်၏။

ထိုအရိယာပုဂ္ဂိုလ်သည် ယခုဘဝ ပစ္စုပ္ပန်လောက၌ ပါဏာတိပါတ စသော ကံငါးပါး၊ဝါ-အတွင်းရန် ငါးပါး မရှိခြင်းကြောင့် အားထုတ်အပ်, နှစ်သက်စေအပ်, ပြီးစေအပ်သော ပစ္စုပ္ပန်လောက ရှိ၏၊ နောက်ဖြစ်သော တမလွန်လောက၌လည်း ပါဏာတိပါတစသော ကံငါးပါး၊ဝါ- ရန်ငါးပါးတို့၏ အကျိုးတို့သည် မရှိခြင်းကြောင့် အားထုတ်အပ်, နှစ်သက်စေအပ်, ပြီးစေအပ်သော တမလွန်လောကရှိ၏၊ ထို့ကြောင့်ပင် ထိုအရိယာသောတာပန်ပုဂ္ဂိုလ်သည် သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ လားရောက်ရ၏။

**ကံကိလေသာ (၄) ပါး**

၁။ ပါဏာတိပါတ၊ (သူ့အသက် သတ်ခြင်း။)

၂။ အဒိန္နာဒါန၊ (သူ့ဥစ္စာ ခိုးခြင်း။)

၃။ ကာမေသုမိစ္ဆာစာရ၊ (ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း။)

၄။ မုသာဝါဒ၊ (မုသား ဆိုခြင်း။)

* သတ်, ခိုး, မိစ္ဆာ၊ လိမ်ညာကာ၊ လေးဖြာ ကံကိလေ။

**အဂတိ (၄)ပါး**

၁။ ဆန္ဒာဂတိ၊ (ချစ်ခြင်းကြောင့် မလားအပ်သည်သို့ လားခြင်း။)

၂။ ဒေါသာဂတိ၊ (မုန်းခြင်းကြောင့် မလားအပ်သည်သို့ လားခြင်း။)

၃။ မောဟာဂတိ၊ (တွေဝေခြင်းကြောင့် မလားအပ်သည်သို့ လားခြင်း။)

၄။ ဘယာဂတိ၊ (ကြောက်ခြင်းကြောင့် မလားအပ်သည်သို့ လားခြင်း။)

* ချစ်,မုန်း,တွေ,ကြောက်၊ လေးခုကောက်၊ မှတ်လောက် အဂတိ။

**အဂတိလေးပါး လိုက်စား၍**

**မကောင်းမှုပြု**

၁။ ဆန္ဒာဂတိလိုက်၍ မကောင်းမှုကို ပြု၏။

၂။ ဒေါသာဂတိလိုက်၍ မကောင်းမှုကို ပြု၏။

၃။ မောဟာဂတိလိုက်၍ မကောင်းမှုကို ပြု၏။

၄။ ဘယာဂတိလိုက်၍ မကောင်းမှုကို ပြု၏။

၁။ ဆန္ဒာဂတိလိုက်၍ မကောင်းမှုကို ပြုပုံမှာ—

အဆုံးအဖြတ် ပေးရာဌာနၞ ဤသူကား ငါ၏မိတ်ဆွေတည်း၊ ငါ၏ဆွေမျိုးတည်း၊ ငါ့အား တံစိုးလက်ဆောင်ကို ပေးသူတည်းဟု ချစ်ခြင်း၏အစွမ်းဖြင့် ပစ္စည်းရှင်မဟုတ်သူကို ပစ္စည်းရှင်ဖြစ်အောင် ပြု၏၊ ပစ္စည်းလာဘ် ဝေဘန်ရာ၌ ဤသူကား ငါနှင့် ခင်မင်ရင်းနှီးသူတည်းဟု ပိုလွန်စွာ ဝေဘန်၍ ပေး၏၊ ထိုသူသည် ဆန္ဒာဂတိလိုက်၍ မကောင်းမှုကို ပြုသည်မည်၏။

၂။ ဒေါသာဂတိလိုက်၍ မကောင်းမှုကို ပြုပုံမှာ—

အဆုံးအဖြတ် ပေးရာဌာနၞ ဤသူကား ငါ၏ရန်သူတည်းဟု ပကတိရန်သူ၏ အစွမ်းဖြင့်၎င်း၊ ထိုအဆုံးအဖြတ် ပေးဆဲခဏ၌ ဖြစ်ပေါ်လာသော အမျက်ဒေါသ၏ အစွမ်းဖြင့်၎င်း၊ ပစ္စည်းရှင်ဖြစ်သူကို ပစ္စည်းရှင်မဟုတ်အောင် ပြု၏၊ ပစ္စည်းလာဘ်ဝေဘန်ရာ၌ ဤသူကား ငါ၏ရန်သူတည်းဟု မုန်းခြင်းကြောင့်

ယုတ်နည်းစွာ ဝေဘန်၍ ပေး၏၊ ထိုသူသည် ဒေါသာဂတိလိုက်၍ မကောင်းမှုကို ပြုသည် မည်၏။

၃။ မောဟာဂတိလိုက်၍ မကောင်းမှုကို ပြုပုံမှာ—

အဆုံးအဖြတ် ပေးရာဌာန၌ မသိမလိမ်မာ ပညာနုံ့၍ တွေတွေဝေဝေနှင့် ဘယ်သို့ဘယ်ပုံ အဆုံးအဖြတ်ပေးရမှန်း မသိခြင်းကြောင့် ထင်ရာပြောကြား၍ ပစ္စည်းရှင်မဟုတ်သူကို ပစ္စည်းရှင်ဖြစ်အောင် ပြု၏၊ ပစ္စည်းလာဘ် ဝေဘန်ရာ၌ ပေးသင့် မပေးသင့်ကို မသိခြင်းကြောင့် အချို့ပုဂ္ဂိုလ်ကို ယုတ်လျော့ ဝေဘန်၍ ပေး၏၊ အချို့ပုဂ္ဂိုလ်ကို ပိုလွန်စွာ ဝေဘန်၍ ပေး၏၊ ထိုသူသည် မောဟာဂတိ လိုက်၍ မကောင်းမှုကို ပြုသည်မည်၏။

၄။ ဘယာဂတိလိုက်၍ မကောင်းမှုကို ပြုပုံမှာ—

အဆုံးအဖြတ် ပေးရာဌာန၌ ဤသူကား မင်းကျွမ်းဝင်သူတည်း၊ ဤသူကား ဓားပြသူခိုး လူဆိုးလူမိုက်တည်း၊ ငါ့အား အကျိုးစီးပွားမဲ့သော်လည်း ပြုချေရာ၏ဟု ကြောက်သဖြင့် ပစ္စည်းရှင်မဟုတ်ဘဲ ပစ္စည်းရှင်ဖြစ်အောင် ပြု၏၊ ပစ္စည်းလာဘ် ဝေဘန်ရာ၌ ဤပစ္စည်း ဤလာဘ်ကို ဤသူအားမပေးဘဲ မဝေဘန်ဘဲ နေပါလျှင် ငါ့အား အကျိုးစီးပွားမဲ့သော်လည်း ပြုချေရာ၏ဟု ကြောက်သဖြင့် ပိုလွန်စွာ ပေးဝေဘန်၏၊ ထိုသူသည် ဘယာဂတိလိုက်၍ မကောင်းမှုကို ပြုသည်မည်၏။

* ဆန္ဒ ဒေါသ၊ မောဟ ဘယာ၊ လေးဖြာ လိုက်ဘိ၊ အဂတိဖြင့်၊ ပြု၏ပါပ၊ ယုတ်မာလှ၏။

**အဂတိလေးပါး မလိုက်စား တိုးပွားစည်းစိမ် အခြံရံ**

သူကြွယ်သား...ငါဘုရား၏ တပည့်သည် သောတာပန် ပုဂ္ဂိုလ် အဖြစ်သို့ ရောက်သည့်အခါမှစ၍ အသက်ဟူသော အကြောင်းကြောင့်လည်း အဂတိ လေးပါး မလိုက်စား၊ အဂတိလေးပါး လိုက်စားခြင်း ဟူသော အကြောင်း

လေးပါးဖြင့် မကောင်းမှုကို မပြုလုပ်၊ အဂတိလေးပါး လိုက်စားသူ၏ စည်းစိမ် အခြံအရံသည် လဆန်းပက္ခ လမင်းကဲ့သို့ တနေ့တခြား တိုးပွား၏။

* အဂတိလေးပါး၊ မလိုက်စား၊ ပယ်ရှား သောတာပန်၊
* အဂတိမှု၊ အကြောင်းပြု၊ မိုက်မှုမပြုပြန်၊
* အဂတိလေးပါး၊ မလိုက်စား၊ တိုးပွား စည်းစိမ်ရံ။

**စည်းစိမ်ဥစ္စာ ပျက်စီးကြောင်း (၆)ပါး**

၁။ အရက်သောက် ဘိန်းစားခြင်း။

၂။ အချိန်မဲ့ အခါမဲ့၌ လည်ပတ်ခြင်း။

၃။ ပွဲလမ်းသဘင် ပျော်ရွှင်မြူးတူး အသွားကြူးခြင်း။

၄။ ဂျင်ကစား ဖဲကစား လောင်းတမ်းကစား ကြူးခြင်း။

၅။ ယုတ်မာသော မိတ်ဆွေနှင့် ပေါင်းသင်းခြင်း။

၆။ ပျင်းရိခြင်း။

* အရက် သောက်တတ်၊ လည်ပတ်ခါမဲ့၊ သွားခဲ့သဘင်၊ ဖဲဂျင်ကစား၊ မိတ်ကား ယုတ်မာ၊ လွန်စွာပျင်းရိ၊ ခြောက်ခုရှိ၊ မှတ်သိ စည်းစိမ် ပျက်ကြောင်းတည်း။

**၁။ အရက် သောက်သူ၌ အပြစ် (၆)ပါး**

၁။ ဓနဇာနိ ၊(ပစ္စည်းဥစ္စာ ဆုတ်ယုတ်ခြင်း။)

၂။ ကလဟပ္ပဝၶနီ၊ (ခိုက်ရန်ဖြစ်ပွား ရန်များခြင်း။)

၃။ ရောဂါနံ အာယတနံ၊ (အနာရောဂါများကြောင်း ဖြစ်ခြင်း။)

၄။ အကိတ္တိသဉ္ဇနနီ၊ (အကျော်အစောမဲ့ကို ဖြစ်စေခြင်း။)]

၅။ ကောပိနနိဒံသနီ၊ (အရှက်အကြောက်ကို ဖျက်ဆီးတတ်ခြင်း။)

၆။ ပညာယ ဒုဗ္ဗလိကရဏီ၊(လောကီပညာ အားနည်းခြင်းကိုပြုခြင်း)

၎င်းအကျယ်အမိပ္ပါယ်ကို သုရာမေရယပါနသိက္ခာပုဒ်အပိုင်တွင် ပြခဲ့ပြီ။

## ၂။ အချိန်မဲ့ အခါမဲ့ လည်ပတ်သူ၏ အပြစ်(၆)ပါး

၁။ အတ္တာပိဿ အဂုတ္တော အရက္ခိတော ဟောတိ၊ (မိမိကိုယ်ကို မစောင့်ရှောက် မလုံခြုံခြင်း။

၂။ ပုတ္တဒါရောပိဿ အဂုတ္တော အရက္ခိတော ဟောတိ၊ (သား မယားတို့ကို မစောင့်ရှောက် မလုံခြုံခြင်း။)

၃။ သာပတေယျမ္ပိဿ အဂုတ္တံ အရက္ခိတံ ဟောတိ၊ (ပစ္စည်း ဥစ္စာကို မစောင့်ရှောက် မလုံခြုံခြင်း။)

၄။ သင်္ကိယော စ ဟောတိ ပါပကေသု ဌာနေသု၊ (ယုတ်မာမှုတို့၌ ယုံမှားဖွယ်ရှိခြင်း။)

၅။ အဘူတဝစနံ စ တသ္မိံ ရူဟတိ၊ (မဟုတ်မမှန် အစွပ်စွဲ ခံရခြင်း။)

၆။ ဗဟူနဉ္စ ဒုက္ခဓမ္မာနံ ပုရက္ခတော ဟောတိ၊ (များစွာသော ဒုက္ခတရားတို့၏ ရှေ့သွားဖြစ်ခြင်း။)

### ၁။ မိမိကိုယ်ကို မစောင့်ရှောက် မလုံခြုံပုံ

အချိန်မဲ့ အခါမဲ့ မိုးချုပ် နေဝင် ညဉ့်နက် သန်းခေါင် သွားလာ လည်ပတ်သူအား သစ်ငုတ်ဆူးငြောင့် စသည်တို့ကို နင်းမိခြင်း၊ မြွေကိုက် ခံရတတ်ခြင်း၊ ခွေးကိုက် ခံရတတ်ခြင်း၊တစ္ဆေ မြေဘုတ် ဘီလူးတို့ ပူးဝင်ဖမ်းစား ခံရတတ်ခြင်း၊ အဘယ်အရပ်သို့ သွားလာလည်ပတ်လိမ့်မည်ဟု သိ၍ ရန်သူတို့သည် ထိုသူသွားမည့်လမ်းခရီးမှ စောင့်ဆိုင်း၍ ဖမ်းဆီးရိုက်ပုတ် ထိုးခုတ်သတ်ဖြတ်ခြင်း စသည်တို့ကြောင့် မိမိကိုယ်ကိုလည်း မစောင့်ရှောက် မလုံခြုံသည် ဖြစ်၏။

### ၂။ သား မယားတို့ကို မစောင့်ရှောက် မလုံခြုံပုံ

သား မယားတို့သည်လည်း ငါတို့၏ ဖခင် ငါတို့၏ လင်သည် အချိန်မဲ့ အခါမဲ့ မိုးချုပ် နေဝင် ညဉ့်နက်သန်းခေါင် သွားလာ လည်ပတ်၏၊ ငါတို့၏ ဖခင် ငါတို့၏ ချစ်လင် နည်းတူပင် အချိန်မဲ့ အခါမဲ့ မိုးချုပ် နေဝင် ညဉ့်နက် သန်းခေါင် သွားလာလည်ပတ်မည်ဟု စိတ်ထားပြု၍ သွားလာလည်ပတ်ကြခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ကြကုန်၏၊ ထို့ကြောင့် သားမယားတို့ကိုလည်း မစောင့်ရှောက် မလုံခြုံသည် ဖြစ်၏။

### ၃။ ပစ္စည်းဥစ္စာကို မစောင့်ရှောက် မလုံခြုံပုံ

အိမ်ရှင်ယောကျ်ားနှင့် သားမယားအလုပ်အကျွေးတို့ ညဉ့်အခါ၌ သွားလာလည်ပတ်ကြသည်၏ အဖြစ်ကို သိ၍ သူခိုး ဓားပြတို့သည် လူဆိပ်သောအိမ်သို့ဝင်၍ ပစ္စည်းဥစ္စာများကိုခိုးဝှက်တိုက်ခိုက် ယူဆောင်သွားကြကုန်၏၊ထို့ကြောင့် ပစ္စည်းဥစ္စာကိုလည်း မစောင့်ရှောက် မလုံခြုံသည် ဖြစ်၏။

### ၄။ ယုတ်မာမှုတို့၌ ယုံမှားဖွယ်ဖြစ်ပုံ

အချိန်မဲ့ အခါမဲ့ မိုးချုပ် နေဝင် ညဉ့်နက် သန်းခေါင် သွားလာလည်ပတ်သူအား သူတပါးတို့ ပြုအပ်သော မကောင်းမှုတို့၌လည်း ဤသူပင် ပြုသည့်ဖြစ်လတ္တံ့ဟု ယုံမှားဖွယ်သည် ဖြစ်ရ၏။

### ၅။ မဟုတ်မမှန် အစွပ်စွဲခံရပုံ

အချိန်မဲ့ အခါမဲ့ မိုးချုပ် နေဝင် ညဉ့်နက် သန်းခေါင်၌ အကြင်သူတို့၏အိမ်တံခါးဖြင့် သွား၏၊ ထိုအရပ်၌ သူတပါးတို့ ခိုးမှု အိမ်တက်မှု ပြုကြသည်ကို ဤသူပင် ပြုသည်ဖြစ်လတ္တံ့ဟု မဟုတ်မမှန် အစွပ်စွဲခံရ၏။

### ၆။ များစွာသော ဒုက္ခတရားတို့၏ ရှေ့သွားဖြစ်ပုံ

အချိန်မဲ့ အခါမဲ့ မိုးချုပ် နေဝင် ညဉ့်နက် သန်းခေါင်၌ သွားလာလည်ပတ်သူအား ဤမျှလောက်သော ဆင်းရဲဒုက္ခ, ဤမျှလောက်သော ဒေါမနဿဟု မပြောပြနိုင်၊ အခြားတပါး အချိန်မဲ့ အခါမဲ့၌ သွားလာလည်ပတ်သူ မရှိခဲ့ပါလျှင် အလုံးစုံသော ဆင်းရဲဒုက္ခသည် ထိုသူအပေါ်၌သာလျှင် ကျရောက်၏။

* မိမိနှင့် သား၊ မယားဥစ္စာ၊ မလုံပါတည်း၊ ယုတ်မာမှုများ၊ ယုံမှားဖြစ်ပြန်၊ မမှန်စွပ်စွဲ၊ ဆင်းရဲရှေ့သွား၊ ဖြစ်ခြောက်ပါးသည်၊ လမ်းသွားခါမဲ့ သူ၌သာ။

## ၃။ ပွဲလမ်းသဘင် ပျော်ရွှင်မြူးတူး အသွားကြူးသူ၌ အပြစ် (၆) ပါး

၁။ ကွ နစ္စံ၊ (ကပွဲသည် အဘယ်အရပ်မှာ ရှိသနည်းဟု မေး၍ သွားရခြင်း။)
၂။ ကွ ဂီတံ၊ (သီဆိုပွဲသည် အဘယ်အရပ်မှာ ရှိသနည်းဟု မေး၍ သွားရခြင်း။)

၃။ ကွ ဝါဒိတံ၊ (တီးမှုတ်ပွဲသည် အဘယ်အရပ်မှာ ရှိသနည်းဟု မေး၍ သွားရခြင်း။)

၄။ ကွ အက္ခာနံ၊ (စစ်ထိုးပြပွဲသည် အဘယ်အရပ်မှာ ရှိသနည်းဟု မေး၍ သွားရခြင်း။)

၅။ ကွ ပါဏိဿရံ၊ (စည်း, ဝါး, လက်ခုတ် တီးပွဲသည် အဘယ်အရပ်မှာ နည်းဟု မေး၍ သွားရခြင်း။)

၆။ ကွ ကုမ္ဘထူနံ၊ (အိုးစည် ဒိုးပတ်ဝိုင်းသည် အဘယ်အရပ်မှာ ရှိသနည်းဟု မေး၍ သွားရခြင်း။)

ပွဲလမ်းသဘင် ပျော်ရွှင်လိုက်စားသူမှာ—

ဘယ်မြို့,ဘယ်ရွာ, ဘယ်နေရာ,ဘယ်ရပ်ကွက်မှာ အက, အဆို, အတီး အမှုတ်, စစ်ထိုးပြပွဲ, စည်းဝါး, အိုးစည်ဝိုင်း, ဒိုးပတ်ဝိုင်း, ပွဲလမ်းသဘင်သည် ရှိသနည်းဟု မေးမြန်း၍ ရှိရာအရပ်သို့ သွား၏၊ မနက်ဖြန် ပွဲကြည့် ဆိုင်းနားထောင် သွားမည်ဟု ဒီကနေ့ကပင် အစားအဝတ် ပန်းနံ့သာ စသည်များကို စီရင် နေရလို့ တနေ့လုံး စီးပွားရေး အလုပ်များကို မလုပ်မကိုင်နိုင်ရှိ၏၊ ပွဲလမ်းသဘင် ကြည့်ရှုနားထောင်နေလို့ နှစ်ရက် သုံးရက် အလုပ်ပျက် အကိုင်ပျက် ဖြစ်၏၊ မိုးလေမှန်ကန်ပြည့်စုံမှု ရှိသော်လည်း စိုက်ပျိုးသင့်သော အချိန်အခါ၌ မစိုက်ပျိုးနိုင်ခြင်းကြောင့် အသီးအနှံများ မပြည့်စုံဘဲ ပစ္စည်းဥစ္စာ ဆုတ်ယုတ်လျော့ပါးရလေသည်၊ ပွဲလမ်းသဘင် ကြည့်ရှုနားထောင်ရန် သွားနေခိုက် အိမ်မှာ သူခိုးဝင်ခိုးလို့ ရှိပြီး ပစ္စည်း ဥစ္စာများလည်း ဆုတ်ယုတ်ပျက်ပြားရလေသည်။

က,ဆို,တီးမျိုး၊ စစ်ထိုးပြလား၊ စည်းဝါး, အိုးစည်၊ ဘယ်ဆီ ဘယ်ရပ်၊
မေးလတ်၍သွား၊ ခြောက်ပါး ပြစ်ချက်၊ စည်းစိမ်ပျက်ကြောင်း၊ မကောင်း
သည်ပင်၊ ပွဲသဘင်၊ ပျော်ရွှင်သူ၌လာ။

## ၄။ ဂျင် ဖဲ လောင်းတမ်း ကစားကြူးသူ၌ အပြစ် (၆) ပါး

၁။ ဇယံ ဝေရံ ပသဝတိ၊ (မိမိက နိုင်သောအခါ ခိုက်ရန်ဖြစ်ပွားတတ်ခြင်း။)

၂။ ဇိနော ဝိတ္တံ မနုသောစတိ၊ (မိမိက ရှုံးသောအခါ ဥစ္စာအတွက် စိတ်ဆင်းရဲရခြင်း။)

၃။ သန္ဒိဋ္ဌိကာ ဓနဇာနိ၊ (မျက်မှောက်၌ပင် ပစ္စည်းဥစ္စာ ယုတ်လျော့ခြင်း)

၄။ သဘာဂတဿ ဝစနံ န ရူဟတိ၊ (တရားရုံးမှာ သက်သေပြုရာ၌ ထိုသူ၏ စကားသည် မတည်။)

၅။ မိတ္တာမစ္စာနံ ပရိဘူတော ဟောတိ၊ (မိတ်ဆွေများ၏ နှိမ်ချ နှိပ်စက် ခံရခြင်း။)

၆။ အာဝါဟ ဝိဝါဟကာနံ အပတ္ထိတော ဟောတိ၊ 'အက္ခဓုတ္တော အယံ ပုရိသပုဂ္ဂလော'တိ၊ (ဒီ ကစားသမား မယားကို မမွေးမြူနိုင်ဟု ထိမ်းမြားမင်္ဂလာ၌ မလို ပယ်ခြင်း။)

## ၁။ နိုင်လျှင် ရန်ဖြစ်တတ်ပုံ

ကစားသမားသည် မိမိက နိုင်သောအခါ တဖက်လူ၏ ရွှေ ငွေ လက်စွပ် လက်ပတ်နာရီ အဝတ်အထည်မှစ၍ ပေါင်သမျှ လောင်းသမျှကို ရယူ၍ တဖက်လူကို မထီမဲ့မြင်ပြုခြင်းကြောင့် တဖက်မှ ဥစ္စာအတွက်နှင့် ရန်ပြုလာ၍ ခိုက်ရန် ဖြစ်ပွားတတ်သည်။

## ၂။ ရှုံးလျှင် ပူပန်ရပုံ

ကစားသမားသည် မိမိက နိုင်သောအခါ တဖက်လူ၏ ရွှေ ငွေ လက်စွပ် လက်ပတ်နာရီ အဝတ်အထည်များ ပေါင်လောင်းကုန်ဆုံး၍ နှလုံးမသာ ဥစ္စာ အတွက်နှင့် စိတ်စက်ပူပန် အဖန်ဖန် တွေးတော နှစ်မြောတသ စိုးရိမ်ရ၏။

## ၃။ စီးပွားဥစ္စာ ဆုတ်ယုတ်ပုံ

ကစားသမားသည် ကစားဝိုင်းရှိရာသို့ သွား၍ ကစားနေခြင်းကြောင့် အလုပ်ကိစ္စများကို အချိန်မှန်စွာ မစီရင်နိုင် မလုပ်ကိုင်နိုင်၍ ပစ္စည်းဥစ္စာ ဆုတ်ယုတ်လျော့ပါးရလေသည်၊ နိုင်သောအခါ၌လည်း ခိုက်ရန်ဖြစ်ပွား ရာဇဝတ်မှုအားဖြင့် ငွေကုန်များ၍ ပစ္စည်းဥစ္စာ ဆုတ်ယုတ်လျော့ပါးရလေသည်၊ ရှုံးသော အခါ၌လည်း ကိုယ်တွင်ပါလာသော ရွှေ ငွေ လက်စွပ် လက်ပတ်နာရီမှ စ၍ ပေါင်လောင်း ကုန်ဆုံး၍ ပစ္စည်းဥစ္စာ ဆုတ်ယုတ်လျော့ပါးရလေသည်၊ အစိုးရ

မင်းများက ကစားဝိုင်းများကို ဖမ်းဆီး၍ ငွေဒဏ် ထောင်ဒဏ် ပေးသဖြင့်လည်း ပစ္စည်းဥစ္စာ ဆုတ်ယုတ်လျော့ပါးရလေသည်။

## ၄။ တရားရုံးတွင် သက်သေအရာ မဝင်ပုံ

တရားရုံး အဆုံးအဖြတ် ပေးရာဌာနဌ်သက်သေပြုရာ ဒီ ကစားသမား စကား မမှန်ဟု ဆိုကာ ကစားသမား စကားကို အများပင် မယုံကြည်ကြ၊ အတည် မမှတ်ယူကြ၊ ကစားသမားကို သက်သေထားသော်လည်း တရားမဝင် အလကား ပင် ဖြစ်၏။

## ၅။ မိတ်ဆွေများက နှိမ့်ချ ပစ်ပယ်ပုံ

ကစားသမားကို မိတ်ဆွေများက—

"အို-မိတ်ဆွေ....သင်လို ဗုဒ္ဓဘာသာဝင် အမျိုးသားတဦးက ဖဲကစား, ဂျင် ကစား,ကြက်တိုက်,ဘောလောင်းနှင့် ဆယ့်နှစ်ပွဲလိုက်နေတာ-ရှက်စရာ၊ဒီလောင်း ကစားမှုဟာ သင်ရဲ့ဗုဒ္ဓဘာသာ မြန်မာမျိုးရိုး သူတော်ကောင်းအမျိုးနှင့် မသင့် တော် မလျောက်ပတ်ပါ၊ဒီကနေ့ကစပြီးဂျင်ထိုး,ဖဲရိုက်,ကြက်တိုက်,ဘောလောင်း မကောင်းကဲ့ကစားမှုကို *မပြုပါနှင့်"ဟု ဆုံးမပြောကြား ကြပါသော်လည်း မိတ်ဆွေများ၏ ဆုံးမစကားကို မလိုက်နာ ပြုမြဲတိုင်းသာ ပြုနေခြင်းကြောင့် ထို ကစားသမားကို မိတ်ဆွေအဖြစ်မှ ပယ်ကာ အတူသွား အတူလာ အတူနေ မပြု ကြဘဲ ကစားသမားဘက်သက်သေမျှလည်း မလိုက်ကြ၊ဤသို့လျှင် ကစားသမား ကို မိတ်ဆွေများက နှိမ်ချပစ်ပယ်ကြလေသည်။

## ၆။ ထိမ်းမြား မင်္ဂလာ၌ အပယ်ခံရပုံ

သမီးယူခြင်း အာဝါဟမင်္ဂလာ၊ သမီးပေးခြင်း ဝိဝါဟမင်္ဂလာတို့၌ ဒီကစား သမား၊ မယားကို ကြိုးကြိုးပမ်းပမ်း လုပ်ကိုင် ကျွေးမွေး နိုင်လိမ့်မည် မဟုတ်ဟု သမီးရှင်များက ကစားသမားနှင့် ထိမ်းမြားရန် အလိုမရှိကြ၊ ထိမ်းမြားမင်္ဂလာ မှု၌ အပယ်ခံရ၏။

* နိုင်လျှင်ခိုက်ရန်၊ ရှုံးပြန်စိုးရိမ်၊ စည်းစိမ်လျော့ပါး၊ စကားမတည်၊ နှိမ်သည် မိတ်ဆွေ၊ ကြဉ်လေကိမ် မြား၊ ပြစ်ခြောက်ပါး၊ ကစားသူ၌လာ။

## ၅။ ယုတ်မာသော မိတ်ဆွေနှင့် ပေါင်းခြင်း၌ အပြစ် (၆) ပါး

၁။ ယေ ဓုတ္တာ၊ (ကစားသမားနှင့် ပေါင်းသင်း မိတ်ဖွဲ့ခြင်း။)

၂။ ယေ သောဏ္ဍာ၊ (မိန်းမလိုက်စားကြူးသူနှင့် ပေါင်းသင်း မိတ်ဖွဲ့ခြင်း။)

၃။ ယေ ပိပါသာ၊ (အရက်သမားနှင့် ပေါင်းသင်း မိတ်ဖွဲ့ခြင်း။)

၄။ ယေ နေကတိကာ၊ (အတုအပပြု၍ လိမ်ညာလှည့်ပတ်သူနှင့် ပေါင်းသင်း မိတ်ဖွဲ့ခြင်း။)

၅။ ယေ ဝဉ္စနိကာ၊ (မျက်မှောက် ဥပါယ်ဖြင့် လိမ်ညာ လှည့်ပတ်သူနှင့် ပေါင်းသင်းမိတ်ဖွဲ့ခြင်း။)

၆။ ယေ သာဟသိကာ၊ (ဓားပြသူခိုး လူဆိုးနှင့် ပေါင်းသင်းမိတ်ဖွဲ့ခြင်း။)

တျဿ မိတ္တာ ဟောန္တိ တေ သဟာယာ။

ဤယုတ်မာသော မိတ်ဆွေများနှင့် ဆက်ဆံပေါင်းသင်း မိတ်ဖွဲ့ခြင်း ပြုသူအား ယခု ပစ္စုပ္ပန်ဘဝမှာလည်း အကျိုးစီးပွား စည်းစိမ်ဥစ္စာများ ဆုတ်ယုတ်ပျက်ပြားသည်၊ နောင်တမလွန် ဘဝမှာလည်း အကျိုးစီးပွား ဆုတ်ယုတ်ပျက်ပြားရလေသည်။

* ကစားသမား၊ လိုက်စားမိန်းမ၊ သောက်လှအရက်၊ တုလျက်လိမ်ညာ၊ လိမ်ညာဥပါယ်၊ အိမ်လယ်ခိုးတိုက်၊ လူမိုက်ခြောက်မျိုး၊ မိတ်ဆိုးယုတ်မာ၊ ပေါင်းကာကျိုးယုတ်၊ ပစ္စုပ်သံသရာ၊ ပျက်စီးရာသည်၊ ဝေးစွာမပေါင်း ရှောင်သင့်သော်။

## ၆။ ပျင်းရိသူ၌ အပြစ် (၆) ပါး

၁။ အတိသီတန္တိ ကမ္မံ န ကရောတိ၊ (အလွန်ချမ်းသေး၏ဟု အလုပ်မလုပ်။)

၂။ အတိဥဏှန္တိ ကမ္မံ န ကရောတိ၊ (အလွန်ပူသေး၏ဟု အလုပ်မလုပ်။)

၃။ အတိသာယန္တိ ကမ္မံ န ကရောတိ၊ (အလွန်မိုးချုပ်ပြီဟု အလုပ်မလုပ်။)

၄။ အတိပါတောတိ ကမ္မံ န ကရောတိ၊ (အလွန်စောသေး၏ဟု အလုပ်မလုပ်။)

၅။ အတိဆာတောသို့တိ ကမ္မံ န ကရောတိ၊ (အလွန်ဆာလောင်၏ဟုအလုပ်မလုပ်။)

၆။ အတိခါတောသို့တိ ကမ္မံ န ကရောတိ၊ (အလွန်ဝလွန်း ဗိုက်လေး၏ဟု အလုပ်မလုပ်။)

**၁။ ချမ်းလွန်းတယ်**

အလွန်ပျင်းရိသော မောင်ပျင်းသည် လုပ်ဖေါ်ကိုင်ဘက်များက လုပ်ငန်းခွင်သို့ အလုပ်လုပ်သွားရန် ခေါ်ရာ ချမ်းအေးသော အခါမှာ 'အို-မိတ်ဆွေတို့.... အလွန်ချမ်းလွန်းတယ်၊ ခုအချိန်သွားရလျှင် ခြေလက်တွေ ထုံကျင်ပြီး အရိုးကွဲမတက်ပင် မိတ်ဆွေတို့ သွားနှင့်ကြ၊ ငါနောက်မှ လိုက်ခဲ့မည်'ဟု ပြောကြားပြီး လုပ်ငန်းခွင်သို့ အတူမလိုက်မသွားဘဲ မီးလှုံလျက်နေ၏။

**၂။ ပူလွန်းတယ်**

မောင်ပျင်းသည် လုပ်ဖော်ကိုင်ဘက်များက လုပ်ငန်းခွင်သို့ အလုပ်ဆင်းရန် ခေါ်ရာ ပူတဲ့အချိန်အခါမှာ 'အိုမိတ်ဆွေတို့....အလွန်ပူလွန်းတယ်၊ ခုအချိန်သွားရလျှင် အထက်ကပူ အောက်ကပူနှင့် ငရဲခံရသလိုဘဲ- မိတ်ဆွေတို့ သွားနှင့်ကြ၊ ငါနောက်မှ လိုက်ခဲ့မည်'ဟု ပြောပြီး လုပ်ငန်းခွင်သို့ အတူလိုက်မသွားဘဲ နေ၏။

**၃။ မိုးချုပ်လွန်းတယ်**

မောင်ပျင်းသည် လုပ်ဖော်ကိုင်ဘက်များက လုပ်ငန်းခွင်သို့ အလုပ်ဆင်းဘို့ ခေါ်ရာ မိုးချုပ်တဲ့ အချိန်အခါမှာ 'အိုမိတ်ဆွေတို့....မိုးချုပ်လွန်းတယ်၊ သွားနှင့်ကြ၊လုပ်နှင့်ကြ ငါနောက်တနေ့မှဘဲ လုပ်မယ်'ဟု ပြောကြားပြီး အလုပ်မဆင်းဘဲ နေ၏။

**၄။ စောလွန်းတယ်**

မောင်းပျင်းသည် စောလွန်းတဲ့ အချိန်အခါမှာ အဖော်များက အလုပ်ခွင်သို့ ခေါ်ပါသော်လည်း စောလွန်းတယ် ဖြေးဖြေးပေါ့ဟု ပြောကြားကာ အလုပ်မဆင်းဘဲ နေ၏။

### ၅။ ဆာလွန်းတယ်

မောင်ပျင်းသည် ဆာတဲ့အချိန်အခါမှာ အဖော်များက အလုပ်ခွင်သို့ ခေါ်ပါသော်လည်း ဆာလွန်းတယ်၊ ဘာမှမစားရလျှင် အလုပ်မလုပ်နိုင်ဟု ပြောကြားကာ အဖော်များနှင့် အလုပ်အတူမဆင်း နောက်ချန်နေ၏။

### ၆။ ဝလွန်းတယ်

မောင်ပျင်းသည် စားသောက်ပြီးစ အချိန်အခါမှာ အဖော်များက အလုပ်ခွင်သို့ ခေါ်ပါသော်လည်း ဝလွန်းတယ် ခုနေတော့ ဗိုက်လေးလို့ အလုပ်မလုပ်နိုင်ဟု ပြောကြားပြီး လုပ်ငန်းခွင်သို့ အဖော်များနှင့်အတူ အချိန်မှီ မသွား မလုပ်နေ၏။

ဤကဲ့သို့ ပျင်းရိမှုကြောင့် လုပ်ငန်းယုတ်လျော့ပြီး စီးပွား ဥစ္စာ ဆုတ်ယုတ် ပျက်ပြားရလေသည်။

ချမ်းလွန်း ပူလွန်း၊ မိုးချုပ်လွန်းပြီ၊ စောလွန်းသည်ပ၊ ဆာလှပါသေး၊
ဗိုက်လေးနေတယ်၊ ပြစ်ခြောက်သွယ်၊ ဆိုဖွယ် ပျင်းရိသူ။

## မိတ်တု (၄) ယောက်

၁။ အညဒတ္ထုဟရ၊ (စင်စစ် ယူသာယူတတ်တဲ့ မိတ်ဆွေ။)

၂။ ဝစီပရမ၊ (နှုတ်ဖြင့်ဟန်ဆောင် ချီးမြှောက်တတ်တဲ့ မိတ်ဆွေ။)

၃။ အနုပ္ပိယဘာဏီ၊ (ချစ်ခင်ယောင် ဟန်ဆောင် ပြောကြားတတ်တဲ့ မိတ်ဆွေ။)

၄။ အပါယသဟာယ၊ (စည်းစိမ်ပျက်ကြောင်း၌ အပေါင်းအဖော်ဖြစ်တဲ့ မိတ်ဆွေ။)

အမိတ္တော မိတ္တပတိရူပကော ဝေဒိတဗ္ဗော။

* စင်စစ်ယူတတ်၊ ပါးစပ်ဖြင့်ပေး၊ ဆိုရေးချစ်ဖွယ်၊ သူငယ်ချင်းပျက်၊ ဥစ္စာ
ဖျက်ဟု၊ မိတ်ဖက်အတု၊ လေးယောက်စု၊ ပေါင်းမှု မပြုရာ။

**၁။ အညဒတ္ထုဟရ မိတ်ဆွေတု**

၁။ အညဒတ္ထုဟရော ဟောတိ၊

မိတ်ဆွေအိမ်သို့ လက်ချည်းလာ၍ မိတ်ဆွေဝတ်တဲ့ ပုဆိုးကလေးက အသားချော အဆင်လှတယ်၊ အင်္ကျီကလေးကလဲ အသားချော အဆင်လှတယ်၊ ငါတို့လည်း ဝတ်ချင်ပါဘိ စသည်ဖြင့် ပြောကြားလျှင် အခြား ပုဆိုးအင်္ကျီကိုလဲ ဝတ်ပြီး ထိုပုဆိုးအင်္ကျီကို ပေးလိုက်ရ၏။

၂။ အပ္ပေန ဗဟု မိစ္ဆတိ၊

ပေးပြန်ပါတော့လည်း မိမိက နည်းနည်းပါးပါး ပေးပြီး မိတ်ဆွေထံမှ အများကြီး ယူတတ်၏။

၃။ ဘယဿ ကိစ္စံ ကရောတိ၊

မိမိမှာ ဘေးရန်ကြုံလာခါမှ မိတ်ဆွေ၏ကိစ္စကို ကူညီသလို ဟန်ဆောင်ပြုလုပ်တတ်၏။

၄။ သေဝတိ အတ္ထကာရဏာ၊

မိမိအကျိုးစီးပွား ရလိုမှု တဘက်သတ်အကျိုးကိုသာ ကြည့်ပြီး ပေါင်းသင်းဆက်ဆံတတ်၏။

ဤအကြောင်းလေးခုဖြင့် အညဒတ္ထုဟရ မိတ်ဆွေတုကို သိအပ်၏။

* စင်စစ်ယူသည်၊ ပြန်လည်မပေး၊ ပေးပြန်ပါလည်း၊ နည်းနည်းပေးပြီး၊ အများကြီးယူ၊ ကိုယ်မှုဘယာ၊ ကြုံလာခါလေ၊ မိတ်ဆွေအမှု၊ ဟန်ဆောင်ပြု၏၊ ကြည့်ရှုကိုယ်ကျိုး၊ ရလိုရိုးတွက်၊ တဘက်သတ်ကြံ၊ ဆက်ဆံပေါင်းသင်း၊ ကြောင်းခြင်းလေးဝ၊ အညဒတ္ထု၊ မိတ်ဆွေတု၊ ပေါင်းမှုမပြုရာ။

**၂။ ဝစီပရမ မိတ်ဆွေတု**

၁။ အတီတေန ပဋိသန္ထရတိ၊

"လွန်လေပြီးသော စည်းစိမ်ဥစ္စာဖြင့် ချီးမြှောက်၏။"

သူငယ်ချင်း မိတ်ဆွေအိမ်သို့ လာရောက်တဲ့အခါ အရင်နှစ် အရင်လ အရင်ရက်တွေ ကျွေးစရာ မွေးစရာ ပေးစရာ ကမ်းစရာတွေ ရှိတုန်းကတော့ မလာဘူး၊ လာမယ်ယင်လို့ ကျွန်တော်တို့ ကျမတို့ စောင့်မျှော်နေမိတယ်၊

ခုတော့ ကျွေးစရာ မွေးစရာလည်း မရှိ၊ ပေးစရာ ကမ်းစရာလည်းမရှိ၊ အားလုံးဘဲ ကုန်နေပြီဟု လွန်လေပြီးသော စည်းစိမ် ဥစ္စာဖြင့် ချီးမြှောက်၏။

၂။ အနာဂတေန ပဋိသန္ထရတိ၊

"လာလတ္တံ့သော စည်းစိမ်ဥစ္စာဖြင့် ချီးမြှောက်၏၊"

သူငယ်ချင်း မိတ်ဆွေ အိမ်သို့ လာရောက်တဲ့အခါ ယခုနှစ်တော့ လုပ်ငန်းကိုင်ငန်းများ မကောင်း၊ လာမည့် နှောင်နှစ်ခါမှာတော့ လုပ်ငန်း ကိုင်ငန်းများကောင်းဘို့ရှိတယ်၊ နှောင်နှစ်ခါမှဘဲ မိတ်ဆွေကို ကျွေးမွေး ပေးကမ်း ချီးမြှောက်မှုကို ပြုရမှာဘဲဟု လာလတ္တံ့သော စည်းစိမ်ဥစ္စာဖြင့် ချီးမြှောက်၏။

၃။ နိရတ္ထကေန သင်္ဂဏှာတိ၊

"အကျိုးမရှိသော ပစ္စည်း ဥစ္စာဖြင့် ချီးမြှောက်၏၊"

ဆင် မြင်း စီးနေခိုက်တွင် မိတ်ဆွေကို မြင်လျှင် 'ဟေ့ သူငယ်ချင်း....ဆင်စီးပါအုန်းလား၊ မြင်းစီးပါအုန်းလား'ဟု ဟန်ဆောင်ပြောကြား၏၊ အဝတ် အထည်ကောင်းများကို ဝတ်ဆင်ခိုက် မိတ်ဆွေကို မြင်လျှင် 'ဟေ့ သူငယ်ချင်း....ဒီပုဆိုးကလေး မင်းနှင့် တော်တယ် လိုက်တယ် ဒီ အင်္ကျီကလေး မင်းနဲ့ သိပ်လိုက်တာဘဲမဝတ်ချင်ဘူးလား၊ ငါ့မှာလည်း ဒီပုဆိုး အင်္ကျီမှတပါး အခြား အပိုမရှိဘူး'ဟု အကျိုးမရှိတဲ့ ပစ္စည်း ဥစ္စာဖြင့် ချီးမြှောက်၏။

၄။ ပစ္စုပ္ပန္နေသု ကိစ္စေသု ဗျသနံ ဒဿေတိ၊

"ပစ္စုပ္ပန်ခဏ ငှါးရမ်းတဲ့ ကိစ္စတို့၌ ချို့ယွင်းချက်ကို ပြောပြ၏၊"

ဟေ့ သူငယ်ချင်း....ငါ့ကို လှည်းကလေး ခဏငှါးစမ်းပါဟု ဆိုလာလျှင်— လှည်းက ဝင်ရိုး နာနေတယ်၊ လှည်းဘီးဒေါက်တွေလည်း ချောင်နေတယ်၊ ထည့်ငင်းကွင်းက ပြတ်လုဆဲဆဲ၊ လှည်းရန်တိုင်တွေ နဲ့နေတယ် ဇသည်ဖြင့် ငှါးရမ်းတဲ့ ပစ္စည်း ဝတ္ထု၏ ချို့ယွင်း ပျက်စီးမှုကိုသာ ပြောကြား၍ မပေးငှါးဘဲ နေ၏၊ ဤပြခဲ့ပြီးသော အကြောင်းလေးပါးဖြင့် ဝစီပရမ မိတ်ဆွေတုကို သိအပ်၏။

* တိတ်နာကျိုးမဲ့၊ စည်းစိမ်နဲ့ဖြင့်၊ ပြောခဲ့ချီးမြှောက်၊ မျက်မှောက်တွင်ငှါး၊ ကိစ္စများတွင်၊ ပျက်ပျားချို့ယွင်း၊ ပြခြင်းလေးလီ၊ ဝစီပရမ၊ မိတ်တုပ၊ ရှောင်ကြ မပေါင်းရာ။

## ၃။ အနုပ္ပိယဘာဏီ မိတ်ဆွေတု

၁။ ပါပကံ ပိဿ အနုဇာနာတိ၊

"မိမိသူငယ်ချင်းအား မကောင်းပြုရန် ခွင့်ပြု၏၊"

သူငယ်ချင်းရေ....ငှက်ပစ်သွားရအောင်, တောလိုက် သွားရအောင်, ငါးဖမ်း သွားရအောင်, အခိုး သွားရအောင်, အရက်သောက် သွားရအောင် စသည်ဖြင့် မကောင်းမှုပြုရန် ပြောဆိုလာလျှင် သူငယ်ချင်း....ကောင်းတယ် ကောင်းတယ် သွားတာပေါ့-လုပ်တာပေါ့ဟု မကောင်းမှုပြုရန် လိုက်လျော ခွင့်ပြု၏၊ သဘောတူ၏၊ 'သူငယ်ချင်း....ငါတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးအနေနှင့် ကံငါးပါးကို ကျူးလွန်လို့ မတော်ပါ မသင့်ပါ မလုပ်ပါနှင့်ဟု မတားမြစ် မပိတ်ပင်။

၂။ ကလျာဏံပိဿ အနုဇာနာတိ။

'မိမိသူငယ်ချင်းအား ကောင်းမှုကိုလည်း ပြုလိုပြုဟု ခွင့်ပြု၏။'

မိမိသူငယ်ချင်းအား ကောင်းမှုကုသိုလ်ဘက်၌ အကျိုးစီးပွား ဖွံ့ထွားအောင် ပြုပုံပြုနည်းမှစ၍ အကျိုးစီးပွားကို မပြောကြား၊ ပြုချင်သလို အကျိုးစီးပွား ဖွံ့ထွားသည် ဖြစ်စေ၊ မဖွံ့ထွားသည် ဖြစ်စေ၊ ပြုလိုလျှင် ပြုပါဟု လိုက်လျော သဘောတူ ခွင့်ပြု၏။

၃။ သမ္မုခါဿ ဝဏ္ဏံ ဘာသတိ။

'သူငယ်ချင်း၏ မျက်မှောက်၌ ချီးမွမ်းစကား ပြောကြား၏။'

သူငယ်ချင်း၏ မျက်မှောက်၌ ငါ့သူငယ်ချင်းဟာ စာလည်း ကြိုးစားသည်၊ ပညာလည်း တော်သည်၊ ကျောင်းတက်လည်း မှန်သည်၊ဆရာကိုလည်း လေးစားရိုသေသည်၊ အပေါင်းအသင်း ဆန့်သည်၊ ရိုးသားဖြောင့်မတ်သည်၊ စိတ်ထားကောင်းသည်၊ အပျော်အပါး မလိုက်စား၊ အသောက်အစား အကစားကင်းသည်၊ ရတနာသုံးပါးကို ကြည်ညိုဆည်းကပ်သည်၊ မိဘကို လုပ်ကျွေးသည် စသည်ဖြင့် ဟန်ဆောင် ချီးမွမ်းစကား ပြောကြား၏။

၄။ ပရမ္မုခါသု အဝဏ္ဏံ ဘာသတိ။

'သူငယ်ချင်း၏ မျက်ကွယ်၌ ကဲ့ရဲ့စကား ပြောကြား၏။'

သူငယ်ချင်း၏ မျက်ကွယ်၌ ဒီကောင်ဟာ အပျင်းဘဲ, အဖျင်းဘဲ, ကောက်ကျစ်စဉ်းလဲတဲ့ သူဘဲ, အရက်သမားဘဲ, ဖဲသမားဘဲ, စကားမမှန်ဘူး, အကျင့်တန်တယ် စသည်ဖြင့် ကဲ့ရဲ့ရှုံ့ချ၏။

ဤပြဆိုခဲ့ပြီး အကြောင်းလေးပါးဖြင့် အနုပ္ပိယဘာဏီ မိတ်ဆွေတုကို သိအပ်၏။

* ကောင်းမကောင်းမှု၊ ခွင့်ပြုခဲ့ပေ၊ မိတ်ဆွေရှေ့လျှင်၊ တွင်တွင်ချီးပ၊ ရှုံ့ချမျက်ကွယ်၊ ကြောင်းဝယ်လေးခု၊ အနုပိယ၊ မိတ်တုပ၊ ရှောင်ကြဉ်မပေါင်းရာ။

## ၄။ အပါယသဟာယ မိတ်ဆွေတု

၁။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာနုယောဂေ သဟာယော ဟောတိ။

'အရက်သောက်ဘက် မိတ်ဆွေဖြစ်ခြင်း။'

သူငယ်ချင်းရေ.... ဘယ်ရပ်ကွက် ဘယ်နေရာမှာ အရက်ဖြူဆိုင် ရှိတယ်၊ လာလိုက်ခဲ့ အရက်သောက် သွားကြရအောင်ဟု ပြောဆိုလျှင်၊ အေး....ကောင်းတယ်၊ ဒို့လည်း လိုက်မယ်ဟု ပြောကြား၍ လိုက်သွား၏။

၂။ ဝိကာလဝိသိခါစရိယာနုယောဂေ သဟာယော ဟောတိ၊

'မိုးချုပ် နေဝင် ညဥ့်နက်သန်းခေါင် အချိန်အခါမဲ့ လည်ပတ်ရာ၌ မိတ်ဆွေဖြစ်ခြင်း။'

မိုးချုပ် နေဝင် ညဥ့်နက်သန်းခေါင် အချိန်မဲ့ အခါမဲ့၌ သူငယ်ချင်းရေ.... အလည် အပတ်သွားကြရအောင်ဟု ပြောကြားလျှင်၊ အေး.... ကောင်းတယ်၊ ဒို့လည်းလိုက်မယ်ဟု ပြောကြား၍ လိုက်သွား၏။

၃။ သမဇ္ဇာဘိစရဏေ သဟာယော ဟောတိ၊

'ပွဲလမ်းသဘင် သွားဘက် မိတ်ဆွေဖြစ်ခြင်း၊'

သူငယ်ချင်းရေ.... ဘယ်မြို့,ဘယ်ရွာ, ဘယ်ရပ်ကွက်,ဘယ်နေရာမှာ အငြိမ့်ပွဲ ရှိတယ်၊ ဇာတ်ပွဲ ရှိတယ်၊ ရုပ်ပွဲ ရှိတယ်၊ ဘောပွဲ ရှိတယ်၊ ရုပ်ရှင်ပြပွဲ ရှိတယ်၊

လာလိုက်ခဲ့ သွားကြရအောင်ဟု ပြောကြားလျှင် သူငယ်ချင်း လိုက်တာပေါ့ဟု ပြောကြား၍ လိုက်သွား၏။

၄။ ဇူတပ္ပမာဒဋ္ဌာနာနုယောဂေ သဟာယော ဟောတိ၊

'ဖဲ ဂျင်လောင်းကစားဘက် မိတ်ဆွေ ဖြစ်ခြင်း။'

သူငယ်ချင်းရေ.... ဘယ်မြို့ဘယ်ရွာ, ဘယ်ရပ်ကွက်၊ ဘယ်နေရာမှာ ဖဲဝိုင်း ရှိတယ်၊ ဂျင်ဝိုင်းရှိတယ်၊ ကစားဝိုင်းတွေ ရှိတယ်၊ လာလိုက်ခဲ့ ဖဲကစားသွားကြ ရအောင်, ဂျင်ကစား သွားကြရအောင်ဟု ပြောကြားလျှင်၊ သူငယ်ချင်း.... ကောင်းတယ်၊ ဒို့လည်းလိုက်မယ်ဟု ပြောကြား၍ လိုက်သွား၏။

ဤပြဆိုခဲ့ပြီး အကြောင်းလေးပါးဖြင့် အပါယသဟာယ မိတ်ဆွေတုကို **သိအပ်၏။**

* သောက်ဘက်လည်ဘက်၊ ပွဲကြည့်ဘက်နှင့်၊ ပေါင်းဘက်ကစား၊ စီးပွား ပျက်ကြောင်း၊ မကောင်းမှန်လှ၊ အပါယသဟာယ၊ မိတ်တုပ၊ ရှောင်ကြ မပေါင်းရာ။

ဤမိတ်ဆွေတု လေးယောက်တို့ကို ဘေးရန်ရှိသော လမ်းခရီးကို မသွားဘဲ ရှောင်ကြဉ်သကဲ့သို့ သိလျှင်သိခြင်း အပေါင်းအဖော် မပြုလုပ်ဘဲ ဝေးစွာရှောင် ကြဉ်ရာ၏။

## မိတ်ဆွေကောင်း မိတ်ဆွေစစ်(၄)ယောက်

၁။ ဥပကာရ၊ (ကျေးဇူးပြုတတ်တဲ့ မိတ်ဆွေ။)

၂။ သမာနသုခဒုက္ခ၊ (ချမ်းသာဆင်းရဲ အတူဖြစ်တဲ့ မိတ်ဆွေ။)

၃။ အတ္ထက္ခာယီ၊ အကျိုးစီးပွားကို ပြောကြားတတ်တဲ့ မိတ်ဆွေ။)

၄။ အနုကမ္ပက၊ (သနားစောင့်ရှောက်တတ်တဲ့ မိတ်ဆွေ။)
မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော၊

* ကျေးဇူးပြုလာ၊ ချမ်းသာဆင်းရဲ၊ မကွဲတူရှိ၊ အကျိုးစီးပွား၊ ပြောကြား တတ်ပင်၊ အစဉ်စောင့်ရှောက်၊ လေးယောက်မိတ်ဆွေ၊ မိတ်ကောင်းပေ၊ ပေါင်းလေသက်ဆုံးတိုင်။

**သုမင်္ဂလဝတီ (က) ၁၀၄-၆၃**

## ၁။ ဥပကာရ မိတ်ဆွေစစ်

၁။ ပမတ္တံ ရက္ခတိ၊

'မူးနေတဲ့ မိတ်ဆွေကို စောင့်ရှောက်၏၊'

အရက်သောက်ပြီး မူးမူးနှင့် ရွာအလယ် ရွာတံခါး လမ်းခရီးမမှာ အိပ်နေတဲ့ မိတ်ဆွေကို တွေ့မြင်လျှင် ငါ့မိတ်ဆွေ အရက်မူးပြီး အိပ်နေတယ်၊ ကိုယ်တွင် ပါသော ပစ္စည်းများကို တစုံတယောက် သူခိုးယူတန်ရာ၏၊ မလိုမုန်းထားသူတို့ ရိုက်နှက် ပုတ်ခတ် နှိပ်စက်ရာ၏ဟု နှလုံးပြု၍ အိပ်နေတဲ့ မိတ်ဆွေ၏ အနီး၌ ထိုင်ကာ စောင့်ရှောက်၍ နေ၏၊ နိုးရာကာလ၌ မိတ်ဆွေကို ခေါ်၍ အိမ်သို့ပို့၏။

၂။ ပမတ္တဿ သာပတေယျံ ရက္ခတိ၊

'မူးနေတဲ့ မိတ်ဆွေ၏ မေ့လျော့သော မိတ်ဆွေ၏ ပစ္စည်းကို စောင့်ရှောက်၏၊'

မိမိ မိတ်ဆွေ နေအိမ်မှ ပြင်ပအရပ်သို့ ခရီးသွားသည်ဖြစ်စေ၊ အရက်သောက်ပြီး မူးယစ်နေသည် ဖြစ်စေ၊ အိမ်သည် အစောင့်ရှောက် ကင်းမဲ့လျက် ရှိ၏၊ ထိုအခါမျိုး၌ ပစ္စည်း ဥစ္စာများကို သူခိုး ခိုးနိုင်သောကြောင့် အိမ်သို့ လာရောက်၍ စောင့်ရှောက်ပေး၏။

၃။ ဘီတဿ သရဏံ ဟောတိ၊

'ဘေးရောက်သော မိတ်ဆွေ၏ အားထား မှီခိုရာ ဖြစ်၏၊'

မိမိ မိတ်ဆွေ၌ တစုံတခု ဘေးရန်ကြုံလာပါလျှင် 'အို မိတ်ဆွေ....ငါရှိသား ဘဲ မကြောက်ပါနှင့်'ဟု ပြောကြား၍ ကြုံတွေ့လာတဲ့ ဘေးရန်ကို ပယ်ရှားပေးပြီး မိတ်ဆွေ၏ အားထား မှီခိုရာကို ပြု၏။

၄။ ဥပ္ပန္နေသု ကိစ္စကရဏီယေသု တဒ္ဒိဂုဏံ ဘောဂံ အနုပ္ပဒေတိ၊

'ပြုဘွယ်ကိစ္စ ရှိသောအခါ၌ ပြောသည်ထက် နှစ်ဆတက်သော ဥစ္စာကို ပေးတတ်၏၊'

တစုံတခု ပြဿနာကိစ္စရှိ၍ မိမိထံသို့ လာသော မိတ်ဆွေကို 'ဟေ့ မိတ်ဆွေ.... ကိစ္စရှိလို့ လာသလား'ဟု မေးမြန်းလျှင်၊ အေး....ကိစ္စကလေးရှိလို့ လာတယ်၊ ငွေ ၅၀ိ–လောက် ခဏလိုချင်တယ်ဟု ပြောလျှင်၊ ထိုပြောသည်ထက် နှစ်ဆ တက်၍ ၁၀၀ိ-ပင် ပေးလိုက်၏။

ဤပြဆိုခဲ့ပြီး အကြောင်းလေးပါးဖြင့် ဥပကာရမိတ်ဆွေစစ်ကို သိအပ်၏။

* ယစ်မူး မိတ်ဆွေ၊ စောင့်ရှောက်ပေ၏၊ မိတ်ဆွေဥစ္စာ၊ အိမ်လာ စောင့် ရှောက်၊ **ကြောက်**ခါ မှီရာ၊ ဖြစ်လာကိစ္စ၊ ပြောသမျှထက်၊ နှစ်ဆ တက်ပင်၊ ပေးချင်တတ်လှ၊ ဥပကာရ၊ မိတ်စစ်ပ၊ ပေါင်းကြ သက်ဆုံးတိုင်။

**၂။ သမာန သုခ ဒုက္ခ မိတ်ဆွေစစ်**

၁။ ဂုယှ မဿ အာစိက္ခတိ၊

'မိတ်ဆွေအား လျှို့ဝှက်အပ်သော အမှုကို ပြောကြား၏၊'

မိမိ၏လျှို့ဝှက်အပ်သော အမှုကိစ္စနှင့်ယှဉ်သော စကားရပ်ကို တပါးသူအား မပြောကြားဘဲ မိမိမိတ်ဆွေအားသာ ပြောကြားခြင်း။

၂။ ဂုယှ မဿ ပရိဂူဟတိ၊

'မိတ်ဆွေ၏ လျှို့ဝှက်အပ်သော အမှုကို လျှို့ဝှက်၍ ထား၏။'

မိမိမိတ်ဆွေ၏ လျှို့ဝှက်အပ်သော အမှုကိစ္စနှင့်ယှဉ်သော စကားရပ်ကို သူတပါးအား မပြောကြား မသိစေဘဲ ကောင်းမွန်လုံခြုံစွာ လျှို့ဝှက်စောင့် ရှောက်ထား၏။

၃။ အာပဒါသု န ဝိဇဟတိ၊

'ဘေးရန်ကြုံသော်လည်း မိတ်ဆွေကို မစွန့်ပစ်။'

မိမိမိတ်ဆွေအား ဘေးရန်ကြုံလာသော်လည်း မိတ်ဆွေကို စွန့်ပစ်ခွါ၍ မသွားတတ်။

၄။ ဇီဝိတမ္ပိဿ အတ္ထာယ ပရိစ္စတ္တံ ဟောတိ၊

'မိတ်ဆွေ၏ အကျိုးငှါ အသက်ကိုပင် စွန့်ရဲ၏။'

မိမိ၏ အသက်ကိုသော်လည်း မိတ်ဆွေ၏အကျိုးငှါ စွန့်ရဲ၏၊ မိမိ၏အသက်ကို ပဓာနမထား မရေတွက်မူ၍ မိတ်ဆွေ၏အကျိုးစီးပွားကို ကူညီလုပ်ဆောင်သည်၊ ဤပြဆိုခဲ့ပြီး အကြောင်းလေးပါးဖြင့် သမာန သုခဒုက္ခ မိတ်ဆွေစစ်ကို သိအပ်၏။

* လျှို့ဝှက်စကား၊ ပြောကြားမိတ်ဆွေ၊ မိတ်ဆွေစကား၊ ဝှက်ထားလုံခြုံ၊ ဘေးကြုံမစွန့်၊ ရဲဝံ့မိတ်ကျိုး၊သည်ပိုးဆောင်ထ၊ သမာန သုခဒုက္ခ၊ မိတ်ဧစ်ပ၊ ပေါင်းကြ သက်ဆုံးတိုင်။

**၃။ အတ္ထက္ခာယီ မိတ်ဆွေစစ်**

၁။ ပါပါ နိဝါရေတိ။

'မကောင်းမှု ပြုသည်ကို တားမြစ်၏။'

'အို မိတ်ဆွေ.... ငါတို့မျက်စိအောက်မှာ မကောင်းမှု မပြုပါနှင့်၊ သူ့အသက်မသတ်ပါနှင့်၊ သူ့ဥစ္စာ မခိုးပါနှင့်၊ သူ့မယားကို မမှားယွင်းပါနှင့်၊ မုသား မပြောပါနှင့်၊ အရက် မသောက်ပါနှင့်၊ ဒုစရိုက်မှုတွေ မပြုပါနှင့်'ဟု တားမြစ်ပိတ်ပင်၏။

၂။ ကလျာဏေ နိဝေသေတိ၊

'ကောင်းမှုကုသိုလ်ပြုရန် စေခိုင်း တိုက်တွန်းတတ်၏။'

'အိုမိတ်ဆွေ.... သရဏဂုံဆောက်တည်ပြီး ဗုဒ္ဓဘာသာဝင်ဖြစ်အောင် ပြုပါ၊ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့ အသက်ထက်ဆုံး ဆောက်တည်ရသည့် ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းပါ၊ ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို ဖြည့်ကျင့်ပါ၊ အလှူပေးပါ၊ တရားနာပါ'ဟု ကောင်းမှုကုသိုလ်ပြုရန် စေခိုင်းတိုက်တွန်းတတ်၏။

၃။ အဿုတံ သာဝေတိ၊

'မကြားဘူးသော တရားထူးကို ကြားနာစေ၏။'

မိမိ မိတ်ဆွေအား မကြားနာဘူးသေးသော သိမ်မွေ့သော ဝိပဿနာတရား, မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတော်များကို ကြားနာစေ၏။

၄။ သဂ္ဂဿ မဂ္ဂံ အာစိက္ခတိ၊

'နတ်ရွာခရီးကို ပြောကြားတတ်၏၊'

ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း, မိဘကို လုပ်ကျွေးခြင်း, အလှူပေးခြင်း,သီလဆောက်တည်ခြင်း,သမထဝိပဿနာ ဘာဝနာအလုပ်ကို အားထုတ်ခြင်း, အကျင့်ခရီးဖြင့် နတ်ပြည်သို့ သွားရောက်နိုင်သည်ဟု မိမိမိတ်ဆွေအား နတ်ရွာခရီးကို ညွှန်ပြပြောကြား၏။

ဤပြဆိုခဲ့ပြီးသော အကြောင်း လေးပါးဖြင့် အတ္ထက္ခာယီ မိတ်ဆွေစစ်ကို သိအပ်၏။

* မြစ်တားယုတ်မာ၊ ကောင်းရာယှဉ်စေ၊ ကြားစေအထူး၊ညွှန်ဦးနတ်ရွာ၊
အတ္ထက္ခာယီ၊ နာမည်တွင်ရ၊ မိတ်စစ်ပ၊ ပေါင်းကြသက်ဆုံးတိုင်။

၄။ အနုကမ္ပက မိတ်ဆွေစစ်

၁။ အဘဝေနဿ န နန္ဒတိ၊

'မိတ်ဆွေ အကျိုးစီးပွား မဲ့သည်ကို မနှစ်သက်၊'

မိမိမိတ်ဆွေ၏ သားပျက်စီးခြင်း, သမီးပျက်စီးခြင်း, မယားပျက်စီးခြင်း, အလုပ်အကျွေးများ ပျက်စီးခြင်း, ပစ္စည်းဥစ္စာများကို ရန်သူမျိုးငါးပါး ဖျက်ဆီး၍ ပျက်စီးခြင်း, စီးပွားမဲ့သည်ကို မြင်၍ငင်း ကြား၍ငင်း မနှစ်သက်တတ်။

၂။ ဘဝေနဿ နန္ဒတိ၊

'မိတ်ဆွေအကျိုးစီးပွားရှိသည်ကို နှစ်သက်၏၊'

မိမိ မိတ်ဆွေ ပစ္စည်းဥစ္စာ ကိုးတက်ခြင်း၊သား သမီး အခြံအရံများ တိုးတက်ခြင်း၊ ရာထူးဌာန ရရှိတိုးတက်ခြင်း အစရှိတဲ့ စီးပွားရှိသည်ကို မြင်၍ငင်း, ကြား၍ငင်း နှစ်သက်ဝမ်းမြောက်ခြင်းရှိ၏။

၃။ အဝဏ္ဏံ ဘဏာမာနံ နိဝါရေတိ၊

'မိတ်ဆွေ၏ ကျေးဇူးမဲ့ဆိုသူကို တားမြစ်၏။'

မိမိ မိတ်ဆွေအား အဆင်းမလှ ကြည်ညိုဘွယ် မရှိ၊ မကောင်းတဲ့ အမျိုးဇာတ် ရှိ၏၊ ကိုယ်ကျင့်သီလ မရှိ၊ ဒုဿီလဘဲ စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချ သူတပါးတို့ ပြောဆိုခဲ့ကြမူ ထိုကဲ့ရဲ့ပြောဆိုသူတို့အား ဤကဲ့သို့ မဟုတ်မတရား မပြောကြားကြပါနှင့် ကျွန်တော့မိတ်ဆွေဟာ လူချောလူလှပါ ကြည်ညိုဘွယ် ရှိပါတယ်၊ မျိုးရိုးဇာတိလည်း ကောင်းပါသည် သရဏဂုံ ပဥ္စသီ ကိုယ်မှာတည်တဲ့ ဗုဒ္ဓဘာသာဝင် သူတော်ကောင်း တဦးပါ- စသည်ဖြင့် တားမြစ်ပြောကြား၏။

၄။ ဝဏ္ဏံ ဘဏာမာနံ ပသံသတိ၊

'မိတ်ဆွေ၏ ဂုဏ်ကျေးဇူး ဆိုသူကို ချီးမွမ်း၏၊'

မိမိ မိတ်ဆွေအား ရုပ်ဆင်း လှပတယ်၊ ကြည်ညိုဘွယ် ရှိတယ်၊ မျိုးရိုးဇာတိ ကောင်းတယ်၊ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းတယ်၊ သီလရှိတယ်၊ သမာဓိ ရှိတယ်၊ ပညာ တတ်တယ်၊ ရတနာ သုံးပါးကို ကြည်ညိုတယ်၊ မိဘကို လုပ်ကျွေးတယ်ဟု ချီးမွမ်းစကား ပြောကြား သူတို့အား ဟုတ်ပါတယ်၊ ခင်ဗျားတို့ ပြောကြားတိုင်း မှန်ပါတယ်၊ ကျွန်တော့ မိတ်ဆွေဟာ ရုပ်ရေ အမျိုး ဇာတိသွေးမှစပြီး အားလုံးတော်ပါသည်၊ သရဏဂုံနှင့် ငါးပါးသီလ လုံခြုံတဲ့ ဗုဒ္ဓဘာသာဝင် သူတော်ကောင်း ပီပီ ရတနာသုံးပါးကို ကြည်ညိုတယ်၊ မိဘကို လုပ်ကျွေးတယ်၊ ခင်ဗျားတို့ဟာ လူတော် လူကောင်းများကို ချီးမွမ်း ထောမနာတတ်သူများ ဖြစ်ပါတယ်ဟု ချီးမွမ်းပြောကြား၏။

ဤပြဆိုခဲ့ပြီး အကြောင်းလေးပါးဖြင့် အနုကမ္ပက မိတ်ဆွေစစ်ကို သိအပ်၏။

* စီးပွားမဲ့ငြား၊ မိတ်ဆွေအားလျှင်၊ မြင်ကြားစိတ်စက်၊ မနှစ်သက်တည်း၊
မိတ်ဖက် စီးပွား၊ တိုးတက်ငြားမူ၊ စိတ်အား ရွှင်ပျ၊ နှစ်သက်လှ၏၊ ရှုတ်ချ
မိတ်ဆွေ၊ တားမြစ်ပေ၏၊ မိတ်ဆွေကျေးဇူး၊ ချီးကျူးသူအား၊ ပြောကြား
ချီးပ၊ အနုကမ္ပက၊ မိတ်စစ်ပ၊ ပေါင်းကြသက်ဆုံးတိုင်။

## မိတ်ဆွေကောင်းနှင့် ပေါင်းသင်းပါ

ပြဆိုခဲ့ပြီး မိတ်ဆွေကောင်း မိတ်ဆွေစစ် လေးဦးကို သိ၍ အမိသည် ရင်၌ ဖြစ်သော သားကို ဆည်းကပ်သကဲ့သို့ အရိုအသေ မှီဝဲဆည်းကပ် ပေါင်းသင်း

ဆက်ဆံခြင်း ပြုရာ၏၊ မိတ်ဆွေကောင်းနှင့် ပေါင်းသင်း ဆက်ဆံသော သီလနှင့် ပြည့်စုံသော ဗုဒ္ဓဘာသာဝင် သူတော်စင် ပညာရှိသည် ညဥ့်အခါ တောင်ထိပ်၌ ထွန်းညှိထားသော မီးကဲ့သို့ တင့်တယ် တောက်ပ၏။

**ပျားနှင့် ခြပမာ ဥစ္စာအစု ပြုရာ၏**

ပျားပိတုံးတို့သည် ပန်းတို့၏ အဆင်းကိုင်း၊ အနံ့ကိုင်း မဖျက်ဆီးမူ၍ ပန်းဝတ်ရည်ကို စုတ်ယူပြီး အစဉ်အားဖြင့် လှည်းဘီး ပမာဏရှိသော ပျား သလက်ကို ပြုသကဲ့သို့ငင်း၊ သေးငယ်သော ခြသည် ကြီးစွာသော တောင်ပို့ကို ပြုသကဲ့သို့ငင်း၊ မိတ်ဆွေကောင်း ရှိသော ပညာရှိသူတော်စင် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်သည် မိမိကိုင်း၊ သူတပါးကိုင်း မထိပါး မနှိပ်စက် မဖျက်ဆီးမူ၍ တရားနှင့်အညီ ပစ္စည်းဥစ္စာတို့ကို ရှာဖွေဆည်းပူးပြီး အစဉ်အားဖြင့် ကြီးစွာသော စည်းစိမ် ဥစ္စာအစုကို ပြုရာ၏။

**ပစ္စည်းဥစ္စာ ခွဲဝေ သုံးစွဲနည်း**

ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ် လုပ်ကျွေး ပြီး ငါးပါးသီလ လုံခြုံတဲ့ ဗုဒ္ဓဘာသာဝင် သမ္မာဒိဋ္ဌိ သူတော်စင် ပညာရှိသည် ပျားနှင့် ခြပမာ ပစ္စည်းဥစ္စာတို့ကို ရှာဖွေစုဆောင်းပြီး လေးဘို့ခွဲဝေရာ၏၊ ဤကဲ့ သို့ လေးဘို့ ခွဲဝေပြီး --

(၁) တစ်ဘို့ကို စားရမည်၊ (၎င်းစားတဲ့အဘို့မှ ဘုရား, တရား, သံဃာ ရတနာသုံးပါးအား လှူဒါန်း လုပ်ကျွေးခြင်း၊ အမိအဖ တို့အား ကျွေးမွေးထောက်ပံ့ခြင်း၊ဆင်းရဲနွမ်းပါး ဆွေမျိုး များကို ထောက်ပံ့ခြင်း၊ အလုပ်သမားတို့အား လုပ်အားခ ပေးခြင်း အမှုတို့ကို ပြုရာ၏။)

(၂-၃) နှစ်ဘို့ကို အရင်းအနှီး ပြုထားရမည်၊ (တောင်သူလယ်သမား ဖြစ်ပါမူ မျိုးစေ့ဘိုး ထွန်ခ ယက်ခ လယ်ယာကိုက်ပျိုးစရိတ် တို့တွင် အရင်းအနှီး ပြုထားရမည်၊ ကုန်သည် ပွဲစား ဈေးသည်များ ဖြစ်ပါလျှင် ကုန်သည်လုပ်ငန်း ဈေးသည်

လုပ်ငန်း၌ အရင်းအနှီး ပြုထားရမည်၊ အခြားလုပ်ငန်းများဖြင့် အသက်မွေးသူတို့အား မိမိတို့၏လုပ်ငန်း၌ အရင်းအနှီး ပြုထားရမည်၊ အခြားလုပ်ငန်းများဖြင့် အသက်မွေးသူတို့အား မိမိတို့၏လုပ်ငန်း၌ အရင်းအနှီး ပြုထားရမည်၊ ငွေချေးလုပ်ငန်း၌လည်း အရင်းအနှီး ပြုထားရမည်။)

(၄) ကျန်တစ်ဘို့ကို သိမ်းဆည်းထား၊ (လူတို့အား အခါခပ်သိမ်းပင်တူမျှသော သဘောမရှိ 'အသက်တရာ မနေရ အမှုတရာ ပေ့ရသည်' ဆိုသည့်အတိုင်း ရံဖန်ရံခါ ရာဇဝတ်ပြစ်မှုများလည်း မလွဲမရှောင်သာဆိုသလို ဖြစ်ပွားကြုံရသည်၊ ထိုအခါမျိုး၌ သိမ်းဆည်းထားတဲ့ စတုတ္ထအဘို့မှ ပစ္စည်းဥစ္စာကို သုံးစွဲရမည်။)

* တဘို့ကိုစား၊ နှစ်ဘို့ကားမူ၊ တိုးပွားရင်းနှီး၊ သိမ်းဆည်းတဘို့၊ ခွဲဝေလို့၊ သုံးဘို့ ရှိဥစ္စာ။

## ဆဒိသာပဋိစ္ဆာဒနကဏ္ဍ

အရပ်(၆)ပါး

ပါဠိ

၁။ ပုရတ္ထိမာ ဒိသာ မာတာပိတရော ဝေဒိတဗ္ဗာ၊

၂။ ဒက္ခိဏာ ဒိသာ အာစရိယာ ဝေဒိတဗ္ဗာ၊

၃။ ပစ္ဆိမာ ဒိသာ ပုတ္တဒါရာ ဝေဒိတဗ္ဗာ၊

၄။ ဥတ္တရာ ဒိသာ မိတ္တာမစ္စာ ဝေဒိတဗ္ဗာ၊

၅။ ဟေဋ္ဌိမာ ဒိသာ ဒါသကမ္မကရာ ဝေဒိတဗ္ဗာ၊

၆။ ဥပရိမာ ဒိသာ သမဏဗြာဟ္မဏာ ဝေဒိတဗ္ဗာ။

**မြန်မာ**

၁။ အရှေ့အရပ် 'မိဖ၊'

၂။ တောင်အရပ် 'ဆရာ၊'

၃။ အနောက်အရပ် 'သား-မယား၊'

၄။ မြောက်အရပ် 'မိတ်ဆွေ၊'

၅။ **အောက်**အရပ် 'ကျေး ကျွန်၊'

၆။ အထက်အရပ် 'ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန်း, သာမဏေ၊'

**အကျယ်အစိပ္ပါယ်**

၁။ ရှေးဦးကျေးဇူး ပြုတတ်သောကြောင့် အမိအဖတို့သည်'ပုရတ္ထိမ' အရှေ့အရပ်မည်၏။

၂။ အပူဇော်ခံထိုက်သောကြောင့် ဆရာတို့သည် 'ဒက္ခိဏ' တောင်အရပ်မည်၏။

၃။ နောက်မှ အစဉ်လိုက်တတ်သောကြောင့် သား မယားတို့သည် 'ပစ္ဆိမ' အနောက်အရပ် မည်၏။

၄။ မိတ်ဆွေတို့ကို အမှီပြု၍ ဆင်းရဲအထူးကို လွန်မြောက် တတ်သောကြောင့် မိတ်ဆွေတို့သည် 'ဥတ္တရ' မြောက်အရပ် မည်၏။

၅။ ခြေရင်း၌ ခစားလုပ်ကျွေး တည်နေခြင်း၏ အစွမ်းဖြင့် ကျွန်အမှုလုပ်တို့သည် 'ဟေဋ္ဌိမ' အောက်အရပ် မည်၏။

၆။ သီလ, သမာဓိ, ပညာကျေးဇူးတို့ဖြင့် အထက်၌ တည်နေသည်၏အဖြစ်ကြောင့် ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန်း, သာမဏေတို့သည် 'ဥပရိမ' အထက်အရပ် မည်၏။

* အရှေ့ မိဖ၊ တောင်က ဆရာ၊ နောက်မှာ မယား၊ မြောက်ကား မိတ်ဆွေ၊ **အောက်**နေ ကျေးကျွန်၊ ထက်မွန် ရဟန်း၊ ခြောက်ရပ်မှန်း၊ ကျင့်ခန်း သိသင့်စွာ။

သုမင်္ဂလဝိလာသိနီ(ဋ) ၁၀၄-၆၄

## သားသမီး ကျင့်ဝတ် (၅) ပါး

**ပါဠိ**

၁။ ဘတော နေ ဘရိဿာမိ၊

၂။ ကိစ္စံ နေသံ ကရိဿာမိ၊

၃။ ကုလဝံသံ ဌပေဿာမိ၊

၄။ ဒါယဇ္ဇံ ပဋိပဇ္ဇာမိ၊

၅။ ပေတာနံ ကာလင်္ကတာနံ ဒက္ခိဏံ အနုပ္ပဒဿာမိ။

**မြန်မာ**

၁။ ကျွေးမွေးတုံ့ ကျွေးမွေးခြင်း။

၂။ မိဘတို့၏ကိစ္စကို ကူညီ ဆောင်ရွက်ခြင်း။

၃။ အမျိုးအနွယ်ကို စောင့်ရှောက် တည်စေခြင်း။

၄။ အမွေခံထိုက်အောင် ကျင့်ခြင်း။

၅။ သေလွန်လေပြီးသော မိဘတို့အား ရည်စူး၍ ဒါနပြုပြီး အမျှ ပေးဝေခြင်း။

**အကျယ် အဓိပ္ပါယ်**

သား သမီး ဖြစ်သူတို့က မိဘတို့ အပေါ်၌ ပြုကျင့်ရမည့် ကျင့်ဝတ်တရား ငါးပါး ရှိလေသည်။

၁။ ငါ့ကို မိခင် ဖခင်တို့က ကလေးသူငယ် လူမမယ်ဘဝမှ ကြီးပြင်းလာအောင် မွေးကျွေး သုတ်သင်ပြီး လာခဲ့တယ်၊ ယခု မိခင် ဖခင်တို့ အသက်အရွယ်ကြီးပြီ၊ အိုမင်းကုန်းကွ ဖြစ်ကုန်ကြပြီ၊ အဘိုးအို အမယ်အိုတို့ကို လက်ခြေ ဆေးပေးခြင်း၊ ရေချိုးပေးခြင်း၊ ယာဂုထမင်း မုံ့ပဲသွားရည်စာတို့ကို ကျွေးခြင်း၊ ပုဆိုး ထမီ အင်္ကျီမှစ၍ အဝတ်အထည်တို့ကိုပေးခြင်း၊ ခြေဆုပ် လက်နယ် ပြုခြင်း၊ မကျန်းမာပြန်လျှင်လည်း ဆေးဝါးကုသပေးခြင်း စသည်တို့ဖြင့် ကျွေးမွေးတုံ့ ကျွေးမွေး ပြုစုကြရမည်။

၂။ မိမိ၏ လုပ်ငန်းဆောင်တာ များကိုပင် ခဏပယ်ထားပြီး လတ်တလော ဖြစ်ပေါ်လာတဲ့ အရေးကြီးသည့် အမိ အဖတို့၏ ကိစ္စများကို ကူညီ ဆောင်ရွက် လုပ်ကိုင်ကြရမည်။

၃။ အစဉ်အဆက်အားဖြင့် လာသော ဘိုးဘွား မိဖပိုင် ဥစ္စာဖြစ်သော လယ်ယာ ရွှေ ငွေ ဆင် မြင်း ကျွဲ နွား အိမ်ခြံ ဥယျာဉ်စတဲ့ သက်ရှိသက်မဲ့ ဝတ္ထုပစ္စည်းများကို မဖျက်ဆီးဘဲ စောင့်ရှောက်လျက် အမျိုးအနွယ်ကို တည်စေရမည်၊ 'မိစ္ဆာဒိဋ္ဌိ' အယူမှားရှိသော ဘိုးဘွားမိဘ အနွယ်ကို ပယ်ရှား၍ သမ္မာဒိဋ္ဌိ အယူမှန်ရှိသော ဗုဒ္ဓဘာသာဝင် အနွယ်၌ တည်စေ ခြင်း၊ ဗုဒ္ဓဘာသာဝင် သမ္မာဒိဋ္ဌိ သူတော်စင် ဘိုးဘွားမိဘအနွယ်မှ လာသော စာရေးတံဆွမ်း, လစဉ် နှစ်စဉ် ဆွမ်းအိုး သပိတ်လုံး စသည် တို့ကို မပြတ်စေမူ၍ ရှေးကအတိုင်းဖြစ်စေ တည်စေ ရခြင်းတို့သည် လည်း အမျိုးအနွယ်ကို စောင့်ရှောက်တည်စေသည် မည်၏။

၄။ အမိအဘတို့သည် မိမိတို့၏ အဆုံးမစကားကို မနာယူဘဲ ဖေါက်ဖေါက် ပြန်ပြန် ပြုကျင့်တဲ့ သားသမီးများကို သားသမီးအဖြစ်မှ စွန့်ပစ်၍ အမွေစား အမွေခံအဖြစ်မှ ပယ်ကာ အမွေပြတ် ကြော်ငြာကြကုန်၏၊ ထိုသားသမီးမိုက်တို့သည် မိဘအမွေကို မခံယူကြရကုန်၊ မိဘစကားကို နားထောင်သော သားလိမ်မာ သမီးလိမ်မာတို့သည်သာလျှင် မိဘ အမွေကို ခံယူကြရကုန်၏၊ ထို့ကြောင့် မိဘအမွေကို ခံယူထိုက်အောင် မိဘစကားကို နားထောင်တဲ့ သားလိမ်မာ သမီးလိမ်မာကလေးတွေ ဖြစ်စေကြရမည်။

၅။ သေလွန်လေပြီးသော အမိအဘတို့ကို ရည်စူး၍ သီလ, သမာဓိ, ပညာ ကျေးဇူးနှင့် ပြည့်စုံတဲ့ သံဃာတော် အရှင်သူမြတ်တွေကို ပင့်ဖိတ်ပြီး အလှူပေးကာ ကုသိုလ်၏ အဘို့ကို မိဘတို့အား အမျှပေးဝေကြရမည်။

ဒက္ခိဏံ အနုပ္ပဒဿာမီတိ တေသံ ပတ္တိဒါနံ ကတွာ တတိယ ဒိဝသတော ပဋ္ဌာယ ဒါနံ အနုပ္ပဒဿာမိ။ (၄)

တတိယဒိဝသတော ပဉ္စာယာတိ မတဒိဝသတော တတိယ
ဒိဝသတော ပဉ္စာယ။ (ငို)

ဤကဲ့သို့ လာသောကြောင့် သေလွန်၍ သုံးရက်မြောက်နေ့မှစ၍ ဒုါနပြုကာ အမျှပေးဝေရာ၏။

* ၁။ ကျွေးတုံ့ကျွေးရ၊
 ၂။ ကီစ္စကူညီ၊
 ၃။ စောင့်တည်မျိုးနွယ်၊
 ၄။ ထိုက်ဘွယ်မွေခံ၊
 ၅။ သေပြန်မျှဝေ၊
 ဝတ်ငါးထွေ၊ ကျင့်လေ သားသမီး။

## မိဘကျင့်ဝတ်(၅)ပါး

ပါဠိ

၁။ ပါပါ နိဝါရေန္တိ၊
၂။ ကလျာဏေ နိဝေသေန္တိ၊
၃။ သိပ္ပံ သိက္ခာပေန္တိ၊
၄။ ပတိရူပေန ဒါရေန သံယောဇေန္တိ၊
၅။ သမယေ ဒါယဇ္ဇံ နိယျာဒေန္တိ၊

မြန်မာ

၁။ မကောင်းမှုမှ တားမြစ်ခြင်း။
၂။ ကောင်းမှု၌ ယှဉ်စေခြင်း။
၃။ အတတ်ပညာ သင်စေခြင်း။
၄။ သင့်တော်သည့် မိန်းကလေးနှင့် ထိမ်းမြားပေးခြင်း။
၅။ အခါအားလျော်စွာ ပစ္စည်းဥစ္စာကို ပေးခြင်း။

**အကျယ်အစိပ္ပါယ်**

မိဘတို့က သားသမီးတို့အပေါ်၌ ပြုကျင့်ရမည့် ကျင့်ဝတ်တရား ငါးပါး ရှိလေသည်။

၁။ အမိအဘတို့သည် လေး, ဘတ်ခွ, လေသေနတ်များဖြင့် ငှက်ပစ်ခြင်း ငါးခုတ်တံ ထမ်းကာ ငါးမျှားခြင်း စသည်ဖြင့် အသက်သတ်ခြင်း, သူတပါး ပစ္စည်းဥစ္စာကို ခိုးယူခြင်း, သူတပါးမယား သမီးပျိုများကို လွန်ကျူး ဖျက်ဆီးခြင်း, မဟုတ်မမှန် ပြောဆိုလိမ်လည်ခြင်း, အရက် သောက် ဘိန်းရှူခြင်း,ဂျင်လောင်း ဖဲရိုက် ကြက်တိုက် စတဲ့ အကုသိုလ် မှုတွေကို ပြုနေတဲ့ သားသမီးမိုက်များကို ကံငါးပါးကို ကျူးလွန်မှု၏ ယခုဘဝ နောင်ဘဝတွေမှာ ရနိုင်တဲ့ အပြစ်များကို ပြောကြား၍ ချစ်သား ချစ်သမီးတို့ သူ့အသက် မသတ်ကြပါနှင့်၊ သူတပါး ပစ္စည်း ဥစ္စာကို မခိုးကြပါနှင့်၊ သူတပါးမယား သမီးပျိုများကို မလွန်ကျူး မဖျက်ဆီးကြပါနှင့်၊ မဟုတ်မမှန် မပြောဆိုကြပါနှင့်၊ အရက်မသောက် ကြပါနှင့်၊ ဘိန်းမရှူကြပါနှင့်၊ဂျင်မလောင်းကြပါနှင့်၊ဖဲမရိုက်ကြပါနှင့်၊ ကြက်မတိုက်ကြပါနှင့် စသည်ဖြင့် ပြောကြား တားမြစ်ကြရမည်၊ ပြုလုပ်ပြန်လျှင်လည်း ကွဲရှဲရှုတ်ချ ငေါက်ငန်းရိုက်နှက် ဆုံးမကြရမည်။

၂။ သားတို့ သမီးတို့ အမြဲတမ်း ငါးပါးသီလကို လုံခြုံအောင် ဆောက် တည် စောင့်ထိန်းကြရမည်၊ ဥပုသ်နေ့များမှာ ဥပုသ်စောင့်ကြရမည်၊ ရဟန်း သာမဏေတို့ အိမ်သို့ ဆွမ်းခံ ကြွလာပါလျှင် ရှိသေစွာ ဆွမ်းလောင်းလှူကြရမည်၊ စေတီ ပုထိုး ရုပ်ပွား ဆင်းတုတော်များကို ဆွမ်း, ရေချမ်း, ဆီမီး, ပန်းတို့ဖြင့် အမြဲတစေ လှူဒါန်းပူဇော်ကြရမည်၊ ညစဉ် ဘုရားဝတ်တက်ကြရမည် စသည်ဖြင့် ကောင်းမှုကုသိုလ်စု၌ စေခိုင်း ယှဉ်စေကြရမည်။

၃။ သားငယ် သမီးငယ်တို့ကို ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိအမျိုးမှ လာသော ဗုဒ္ဓဘာသာသင်္ခန်းစာ ဘာသာရေး အခြေခံပညာများကို သင်ကြား စေခြင်း၊မြန်မာစာပေကို ရေးတတ် ဘတ်တတ်အောင် ဂဏန်းသင်္ချာကို

တွက်တတ်အောင် အခြားအကုသိုလ် အပြစ်ကင်းသော အသက်မွေးဝမ်းကျောင်း စက်မှုလက်မှုပညာ အတန်းပညာများကို သင်ကြားစေကြရမည်။

၄။ အမိအဘတို့သည် 'သီးချိန်တန်သီး-ပွင့်ချိန်တန်ပွင့် ဆိုသလို'အိမ်ထောင်ပြုရန် အရွယ်ရောက်တဲ့ သားသမီးတို့ကို ဗုဒ္ဓဘာသာဝင် သမ္မာဒိဋ္ဌိ အမျိုးဇာတ်တူ သင့်တော်တဲ့ အမျိုးသား အမျိုးသမီးများနှင့် အိမ်ထောင်ချထိမ်းမြား လက်ထပ် ပေးကြရမည်။

၅။ အခါသမယသည် နိစ္စသမယ,ကာလသမယဟု နှစ်မျိုးရှိရာ နိစ္စသမယ၌ အလှူကြီးစားမှ ရနိုင်တဲ့ ဤပစ္စည်းဥစ္စာကို ယူလော့၊ ဤပစ္စည်းဥစ္စာဖြင့် အရင်းအနှီး ပြုလော့၊ ဤပစ္စည်းဥစ္စာကို စားနပ်ရိက္ခာ ပြုလော့၊ ဤ ပစ္စည်းဥစ္စာဖြင့် ကုသိုလ်ပြုလော့ဟု ပေးခြင်းတည်း၊ ကာလသမယ၌ သားငယ်, သမီးငယ်တို့ ထိမ်းမြား မင်္ဂလာ ပြုရာအခါ၌ ရွှေ, ငွေ, နေအိမ်, ဥယျာဉ်, ခြံမြေ,ယာဉ်စသောပစ္စည်းများ ပေးခြင်း၊သားသမီးသေခါနီး၌ သား,သား သမီး, သမီး ဒီ သင်္ကန်းသပိတ် ပရိက္ခရာကို ဘုရားအား လှူပါ၊ တရားအား လှူပါ၊ သံဃာအား လှူပါဟု ပေးခြင်းတည်း။

* ၁။ မကောင်း တားမြစ်၊
၂။ ကောင်းလှ ယှဉ်လေ၊
၃။ သင်စေ ပညာ၊
၄။ သင့်ရာထိမ်းမြား၊
၅။ ပေးပြားဥစ္စာ၊
ဝတ်ငါးဖြာ ကျင့်ပါ မိနှင့်ဖ။

## တပည့်ကျင့်ဝတ် (၅)ပါး

ပါဠိ

၁။ ဥဋ္ဌာနေန၊

၂။ ဥပဋ္ဌာနေန၊

၃။ သုဿုသာယ၊

၄။ ပါရိစရိယာယ၊

၅။ သက္ကစ္စံ သိပ္ပပဋိဂ္ဂဟဏေန။

**မြန်မာ**

၁။ ဆရာလာလျှင် နေရာမှ ထ,ကာ ကြိုဆိုခြင်း။

၂။ တနေ့ သုံးကြိမ် ဆရာ့ထံ ချဉ်းကပ်ခြင်း။

၃။ ဆရာ့စကားကို နားထောင်ခြင်း။

၄။ ဆရာအား လုပ်ကျွေးခြင်း။

၅။ အတတ်ပညာကို ရိုသေစွာ သင်ယူခြင်း။

**အကျယ် အဓိပ္ပါယ်**

တပည့်ဖြစ်သူတို့က ဆရာများအပေါ်၌ ပြုကျင့်ရမည့် ကျင့်ဝတ်တရား ငါးပါး ရှိလေသည်။

၁။ တပည့်ဖြစ်သူသည် အဝေးမှ ဆရာလာသည်ကိုမြင်လျှင် နေရာမှ ထ,ကာ ခရီးဦးကြိုဆိုမှုကို ပြု၍ ဆရာလက်မှာ ပါလာသော ပစ္စည်း ဝတ္ထုကို လှမ်းယူပြီး ခြေဆေးပေးခြင်း၊ နေရာပေး၍ ထိုင်စေပြီးလျှင် ယပ်လေ ခပ်ပေးခြင်း စသော အမှုကိစ္စတို့ကို ပြုရမည်။

၂။ တပည့်ဖြစ်သူသည် အတတ်ပညာ သင်ချိန်မဟုတ်ဘဲ နံနက်ခင်း တကြိမ်, မွန်းတည့် တကြိမ်, ညနေချမ်း တကြိမ်အားဖြင့် တနေ့ သုံးကြိမ် ဆရာ့ထံ ချဉ်းကပ်ရသည်၊ ပညာသင်ချိန်များ၌ကား အပိုင်းအခြားမရှိ မချွတ်လျှင် ဆရာ့ထံ ချဉ်းကပ်ရမည်။

၃။ တပည့်ဖြစ်သူသည် ဆရာ၌ရင်း၊ သင်အပ်သော အတတ်ပညာ၌ရင်း ယုံကြည်ခြင်း၊ ရိုသေခြင်းဖြင့် နားထောင် လိုက်နာရသည်၊ မယုံကြည် မလေးစားလျှင် ထူးထူးထွေထွေ မတတ်သိ။

၄။ တပည့်ဖြစ်သူသည် နံနက် စောစောထ၍ မျက်နှာသစ်ရေ ဒန်ပူပေးခြင်း၊ ထမင်း စားပြီးသောအခါ၌ သောက်ရေ ပေးခြင်း၊ ညစ်နွမ်းသော အဝတ်များကို ဖွပ်လျှော်ပေးခြင်း၊ ရေချိုးပေးခြင်း၊ ခြေဆုပ် လက်နယ် ပြုခြင်းတို့ဖြင့် ဆရာအားလုပ်ကျွေးရသည်၊ (ရဟန်း,သာမဏေဖြစ်မူ အန္တေဝါသိကဝတ်ကို ပြုရမည်။)

၅။ တပည့်ဖြစ်သူသည် အတတ်ပညာ သင်ရာအခါ၌ နည်းနည်းသင်၍ များများ ရွတ်အံ သရဇ္ဈာယ်လေ့လာမှုကို ပြုရသည်၊ အနည်းအပါးတခုတလေမျှလည်း မချွတ်မယွင်း ရှိသေစွာ သင်ယူခြင်း ပြုရသည်။

* ၁။ လာမှ ကြိုလတ်၊
၂။ ချဉ်းကပ် သုံးဝ၊
၃။ ဆုံးမ လိုက်ရေး၊
၄။ လုပ်ကျွေး နေ့စဉ်၊
၅။ တတ်သင် ရိုသေ၊
ဝတ်ငါးထွေ၊ ကျင့်လေတပည့်မှာ။

## ဆရာ့ ကျင့်ဝတ် (၅) ပါး

**ပါဠိ**

၁။ သုဝိနီတံ ဝိနေန္တိ၊
၂။ သုဂ္ဂဟိတံ ဂါဟာပေန္တိ၊
၃။ သဗ္ဗသိပ္ပဿုတံ သမက္ခာယိနော ဘဝန္တိ။
၄။ မိတ္တာမစ္စေသု ပဋိယာဒေန္တိ။
၅။ ဒိသာသု ပရိတ္တာဏံ ကရောန္တိ။

**မြန်မာ**

၁။ တပည့်အား လိမ်မာအောင် အကျင့်သင်ပြ ဆုံးမခြင်း။
၂။ ကောင်းမွန်စွာ အတတ်ပညာကို သင်ပေးခြင်း။

၃။ မိမိတတ်သမျှကို မချန်မချင်း အလုံးစုံသင်ပေးခြင်း။

၄။ မိမိမိတ်ဆွေများထံ အပ်နှံပေးခြင်း။

၅။ အရပ်မျက်နှာ အားလုံးတို့၌ အစောင့်အရှောက် ပေးခြင်း။

**အကျယ် အဓိပ္ပါယ်**

ဆရာက တပည့်၌ ပြုကျင့်ရမည့် ကျင့်ဝတ်တရား ငါးပါးရှိသည်။

၁။ ဒီလို ထိုင်ရမည်၊ ဒီလိုမတ်တတ်ရပ်ရမည်၊ ဒီလို စားရမည်၊ ဒီလိုသွားရမည်၊ ဒီလို ရှိခိုးရမည်၊ ဒီလို ဝတ်ရုံရမည်၊ ဒီလို ပြောဆိုရမည်၊ သင်သည်ကား ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပြီး ငါးပါးသီလလုံခြုံတဲ့ ဗုဒ္ဓဘာသာဝင်ဖြစ်တယ် ရဟန်း,သာမဏေများကို တွေ့မြင်လျှင် အရိုအသေပေးခြင်း ထိုင်လိုလျှင် နေရာခင်းပေးခြင်း၊ ရှိခိုး ဦးချခြင်းကို ပြုရမည်၊ ယုတ်မာသော မိတ်ဆွေများနှင့် မပေါင်းသင်းရ၊ မိတ်ဆွေကောင်းများနှင့်သာ ပေါင်းသင်းရမည် စသည်ဖြင့် တပည့်အား လိမ်မာယဥ်ကျေးအောင် အကျင့်ကို သင်ပြ ဆုံးမရသည်။

၂။ တပည့်အား ပုဒ်ပါဌ်အက္ခရာ သဒ္ဒါအနက် ယွင်းကွက်မရှိစေဘဲ နမူနာပုံစံပြကာ သင်ပေးခြင်း၊ အခြား အသက်မွေးဝမ်းကျောင်း ပညာရပ်တို့၌လည်း ကောင်းမွန်မှန်ကန်စွာ သင်ပြပေးခြင်းတို့ကို ပြုရသည်။

၃။ ဆရာဖြစ်သူသည် တပည့်ဖြစ်သူအား ပညာသင်ပေးရာ၌ မိမိတတ်သမျှမှ အချို့ကို ချွင်းချန်ထိန်ဝှက်၍ မထားဘဲ အပြည့်အစုံ တတ်သမျှအကုန် သင်ကြားပြသပေးရသည်။

၄။ ဤအမည်ရှိသောသူသည် ငါ၏ တပည့်တည်း၊ လိမ်မာသည်၊ အကြားအမြင်များသည်၊ ငါနှင့် ထပ်တူထပ်မျှ ပညာတတ်သည်ဟု အသိအမှတ်ပြုကြပါရန် တပည့်၏ ဂုဏ်ကျေးဇူးကို ပြောကြား၍ မိမိ မိတ်ဆွေများထံ အပ်နှံပေးရသည်၊ သင်ပေးသော ပညာနှင့် လျော်ကန်သော မိမိနှင့် ရင်းနှီး ခင်မင်သော အလုပ်ရှင်များထံ အလုပ်အပ်နှံပေးခြင်း

အစိုးရအလုပ် ဌာနများတွင် အလုပ်ရရန် ကူညီခြင်းများလည်း ပါဝင်သည်။

၅။ ဆရာသည် တပည့်အား အတတ်ပညာ သင်ပေးခြင်းဖြင့် အလုံးစုံသော အရပ်မျက်နှာတို့၌ အစောင့်အရှောက် ပေးမှုကိုပြု၏။

'မှန်၏' သင်ယူအပ်ပြီးသော အတတ်ပညာရှိသော တပည့်သည် ရောက်ရာရောက်ရာ ဒေသ၌ အတတ်ပညာကို ပြ၏၊ ထိုအရပ်၌ ထိုတပည့်အား လာဘ်ပူဇော်သက္ကာရသည် ဖြစ်၏၊ ထိုတပည့် ရသော လာဘ်ကို ဆရာသည် ပြုလုပ်ပေးသည်မည်၏၊ ဆရာ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောကြားသည်ရှိသော် ကြားရသူ အပေါင်းသည် မချွတ်လျှင် ဤတပည့်သည် ဆရာ့ခြေရင်း ဝပ်စင်း လုပ်ကျွေးသူတည်း၊ ထို့ကြောင့် ဤတပည့်သည် ရှေးဦးစွာ ဆရာ့ဂုဏ်ကျေးဇူးကို ပြောဆို၏၊ ဗြဟ္မာပြည်လောက် မြင့်မောက်အောင် လာဘ်တွေပေါများ ဖြစ်ပေါ်သော်လည်း ဆရာ၏ ဥစ္စာသာလျှင်ဖြစ်၏ဟု ဆိုကုန်၏။

**တနည်း**

အကြင် မန္တန်အတတ်ကို စုတ်၍ သွားသော တပည့်ကို တောအုပ်အတွင်း၌ ခိုးသူ, ဘီလူး, မြွေ စသည်တို့သည် မညှဉ်းဆဲနိုင်ကုန်၊ ထိုအတတ်ကို သင်ပေးသော ဆရာသည်လည်း အလုံးစုံသော အရပ်မျက်နှာတို့၌ တပည့်အား အရံအတား အစောင့်အရှောက်ကို ပေးပြုသည်မည်၏။

တပည့်ဖြစ်သူသည် အကြင်အရပ်သို့ သွား၏၊ ထိုအရပ်၌ အတတ်ပညာ၌ ယုံမှားသံသယဖြစ်၍ မိမိ(ဆရာ)ထံသို့ လာသော လူတို့ကို သင်တို့နေတဲ့ အရပ်၌ ငါတို့၏ တပည့်သည် နေ၏၊ ထို ငါ့တပည့်နှင့် ငါ ဤအတတ်ပညာ၌ အထူးမရှိပါ၊ သွားချေ ထို ငါ့တပည့်အားသာ မေးချေလော့ဟု ချီးမြှောက်သော ဆရာသည်လည်း တပည့်အား သွားရာအရပ်၌ လာဘ်ပူဇော်သက္ကာရ ဖြစ်ခြင်းဖြင့် အရံအတား အစောင့်အရှောက်ကို ပြုသည်မည်၏။

၁။ ကျင့်နည်းဆုံးမ၊

၂။ သင့်ပြပညာ၊

၃။ တတ်ရာမချန်၊

၄။ အပ်နှံမိတ်ဆွေ၊

၅။ ပေးလေစောင့်ရှာ၊

ဝတ်ငါးဖြာ၊ ကျင့်ပါ မြတ်ဆရာ။

## လင်ကျင့်ဝတ် (၅)ပါး

**ပါဠိ**

၁။ သမ္မာ နနာယ၊

၂။ အနဝမာနနာယ၊

၃။ အနတိစရိယာယ၊

၄။ ဣဿရိယဝေါဿဂ္ဂေန၊

၅။ အလင်္ကာရာနုပ္ပဒါနေန၊

**မြန်မာ**

၁။ မိမိမယားကို ချီးမွမ်းပြောကြားခြင်း။

၂။ ယုတ်မာသော စကားဖြင့် မရိုမသေ မထီလေးစား မပြောကြားခြင်း။

၃။ မိန်းတပါး မသွားလာခြင်း။

၄။ စည်းစိမ်ဥစ္စာ အပ်နှင်းခြင်း။

၅။ ဝတ်ဆင်စရာ တန်းဆာပေးခြင်း။

**အကျယ် အဝိပ္ပါယ်**

လင်ဖြစ်သူက မယားအပေါ်၌ ပြုကျင့်ရမည့် ကျင့်ဝတ်တရား ငါးပါး ရှိလေသည်။

၁။ ဒေဝ၏ အမိ, တိဿ၏ အမိ ငါ့မယား အလွန်လိမ်မာသည့် စသည်ဖြင့် ချီးမွမ်းစကား ပြောကြားမြှောက်စား မြတ်နိုးတနာ ပြုရသည်။

၂။ မိမိမယားကို ကျေးကျွန်များကို ထောင်းထုနှိပ်စက် အရှက်ရအောင် ပြုလုပ်ပြောဆိုသကဲ့သို့ မရိုမသေ မထီမဲ့မြင် မပြုလုပ်မူ၍ နူးညံ့သိမ်မွေ့ ချစ်ဖွယ်သော စကားများဖြင့် ပြောကြားဆုံးမ ကိစ္စအဝဝကို ပြုလုပ်စေရမည်။

၃။ မိမိမယားကို ကျော်လွန်၍ တပါးသောမိန်းမတို့နှင့် ပေါင်းဖော် သွားလာ ပျော်မြူးလွန်ကျူးခြင်းမှ ရှောင်ကြဉ်ရသည်။

၄။ မိန်းမတို့သည် မဟာလတာ တန်းဆာနှင့်တူသော မွန်မြတ်သော တန်းဆာကို ရပါသော်လည်း မီးဖိုချောင်၌ အစာအာဟာရ ချက်ပြုတ်စီရင် ချယ်လှယ်မှုကို မရပါလျှင် စိတ်ဆိုးတတ်ကုန်၏၊ လက်၌ ယောက်ချိုကို ကိုင်၍ သင်ကြိုက်သလို ချက်ပြုတ်စီရင်ပါဟု မီးဖိုချောင်ကို အပ်နှင်းလျှင် အလုံးစုံသော စည်းစိမ်ဥစ္စာကို အပ်နှင်းသည် မည်၏၊ ထို့ကြောင့် ချက်ပြုတ်စီရင်ခန်း မီးဖိုချောင်မှစ၍ အလုံးစုံသော စည်းစိမ်ဥစ္စာကို မယားအား အပ်နှင်းရသည်။

၅။ မိမိ၏ ပစ္စည်းအင်အားနှင့် ချင့်ချိန်၍ မယားအား နားဒွောင်း ဆွဲကြိုး လက်ကောက် အဝတ်ထမီအင်္ကျီမှစ၍ တန်းဆာများကို ဝယ်ယူဆင်ယင်ပေးကမ်း ချီးမြှောက်ရသည်။

၁။ မြတ်နိုးချစ်ကြည်၊

၂။ မထီမဲ့သွေ၊

၃။ ကင်းလေမိစ္ဆာ၊

၄။ ဥစ္စာအပ်နှင်း၊

၅။ ပေးခြင်းတန်းဆာ၊

ဝတ်ငါးဖြာ၊ ကျင့်ပါ လင်ယောက်ျား။

## မယားကျင့်ဝတ် ငါးပါး

### ပါဠိ

၁။ သုသံဝိဟိတ ကမ္မန္တာ စ ဟောတိ၊

၂။ သင်္ဂဟိတ ပရိဇနာ စ၊

၃။ အနတိစာရိနီ စ၊

၄။ သမ္ဘတံ စ အနုရက္ခတိ၊

၅။ ဒက္ခာ စ ဟောတိ အနလသာ သဗ္ဗကိစ္စေသု၊

### မြန်မာ

၁။ အိမ်တွင်းမှု ကိစ္စကြီးငယ်ကို ပြုစီရင်ခြင်း။

၂။ နှစ်ဘက်သော ဆွေမျိုးသားချင်းတို့ကို ချီးမြှင့်ခြင်း။

၃။ ယောကျ်ား တပါးနှင့် မသွားလာခြင်း။

၄။ လင်သား ရှာဖွေရရှိလာသော ဥစ္စာကို သိမ်းဆည်း စောင့်ရှောက်ခြင်း။

၅။ အိမ်သူ ပြုဘွယ်ကိစ္စတို့၌ လိမ်မာခြင်း မပျင်းရိခြင်း။

### အကျယ် အစိပ္ပါယ်

မယားဖြစ်သူက လင်ဖြစ်သူ အပေါ်၌ ပြုကျင့်ရမည့် ကျင့်ဝတ်တရား ငါးပါး ရှိလေသည်။

၁။ သောက်ရေ သုံးရေ တည်ထားခြင်း၊ တံမြက်လှည်းခြင်း၊ ထမင်းချက် ဟင်းချက်ခြင်း စသော ထိုထိုအိမ်ထောင်မှု ကိစ္စကို သူ့အချိန်နှင့်သူ ပြီးစီးအောင်စီရင်ခြင်း ပြုရသည်။

၂။ လင်ဘက် ဆွေမျိုးသားချင်း၊ မိမိဘက် ဆွေမျိုးသားချင်း အားဖြင့် နှစ်ဘက်သော ဆွေမျိုး သားချင်း များကို မြတ်နိုးတနာ ပြုခြင်း လက်ဆောင်ပစ္စည်း ပေးခြင်းစသည်ဖြင့် ချီးမြှောက်ခြင်း ပြုရသည်။

၃။ မိမိလင်မှ တပါးသော ယောကျ်ားတို့နှင့် ရောနှော ဆက်ဆံ မမှန်အကျင့်ဖြင့် ဖောက်ပြန် ကျူးလွန်မှုကို မပြု ရှောင်ကြဉ်ရသည်။

၄။ လင်ယောကျ်ား လယ်ထွန်ခြင်း, ကုန်သွယ်ခြင်း, အခြား အတတ်ပညာများဖြင့် ရှာဖွေ လုပ်ကိုင်၍ ရရှိလာသော ပစ္စည်း ဥစ္စာများကို မဖျက်မဆီး မဖြုန်းတီးဘဲ ကောင်းမွန်စွာ သိမ်းဆည်း စောင့်ရှောက်၍ ထားရသည်။

၅။ အချက်အပြုတ် အလုပ်အကိုင်တို့၌ လိမ္မာ ကျွမ်းကျင်ခြင်း၊ ပျင်းရိခြင်း မရှိမှု၍ အိမ်တွင်း ကိစ္စများကို ပြီးစီး ပြည့်စုံအောင် ပြုရသည်။

* ၁။ အိမ်တွင်း စီရင်၊
၂။ မျိုးလျှင် ချီးမြှင့်၊
၃။ ရှောင်လင့် မိစ္ဆာ၊
၄။ ဥစ္စာ စောင့်ခြင်း၊
၅။ မပျင်း လိမ္မာ၊
ဝတ်ငါးဖြာ၊ ကျင့်ပါ မယားပင်။

## အဆွေခင်ပွန်း ကျင့်ဝတ် (၅) ပါး

**ပါဠိ**

၁။ ဒါနေန၊

၂။ ပေယျဝဇ္ဇေန၊

၃။ အတ္ထစရိယာယ၊

၄။ သမာနတ္တတာယ၊

၅။ အဝိသံဝါဒနတာယ၊

**မြန်မာ**

၁။ ပေးကမ်း ချီးမြှင့်ခြင်း။

၂။ ချစ်ဖွယ်သော စကားကို ဆိုခြင်း။

၃။ အကျိုးစီးပွားကို ကျင့်ခြင်း။

၄။ မိမိနှင့် ထပ်တူထပ်မျှ ပြုခြင်း။

၅။ ပေးကမ်းရာ၌ မချွတ်မလွဲစေခြင်း။

**အကျယ် အဓိပ္ပါယ်**

အမျိုးကောင်းသား အဆွေခင်ပွန်း ဖြစ်သူက မိတ်ဆွေများ အပေါ်၌ ပြုကျင့်ရမည့် ကျင့်ဝတ်တရား ငါးပါးရှိလေသည်။

၁။ မိမိ၏ မိတ်ဆွေတို့အား တတ်နိုင်သော လူတို့၏ အသုံးအဆောင်ပစ္စည်း ဝတ္ထုများကို သင့်တော်သလို ပေးကမ်း ချီးမြှင့်ခြင်း ပြုရသည်။

၂။ မိမိ၏ မိတ်ဆွေတို့အား ချစ်ဖွယ်သော စကားများကို ပြောကြား ချီးမြှင့်ရသည်။

၃။ မိမိမိတ်ဆွေတို့အား အကျိုးစီးပွားရှိတဲ့ အမှုကို ပြုရမည်၊ အကျိုးစီးပွား မရှိတဲ့အမှုကို မပြုရဟုရင်း၊ မိတ်ဆွေယုတ် မိတ်ဆွေတု သူယုတ်မာကို မပေါင်းသင်းရ၊ မိတ်ဆွေကောင်း သူတော်ကောင်းကို ပေါင်းသင်း ရမည်ဟုရင်း အကျိုးစီးပွားကို ပြောကြားရမည်။

၄။ မိမိ မိတ်ဆွေများနှင့် တူသောနေရာ၌ ထိုင်ခြင်း၊ တူသောနေရာ၌ အိပ်ခြင်း၊ အတူတကွ သုံးဆောင် စားသောက်ခြင်းတို့ဖြင့် ချမ်းသာ, ဆင်းရဲ၌ မိမိနှင့် ထပ်တူထပ်မျှ ရှိစေရသည်။

၅။ မိမိအိမ်မှာရှိသော ပစ္စည်းဝတ္ထု၏ အမည်များကို မချွတ်မလွဲစေမူ၍ ဤမည် ဤမည်သော ပစ္စည်းဝတ္ထုများ ငါတို့အိမ်မှာ ရှိသည် အလို ရှိလျှင် ယူ၍ သွားပါဟု မချွတ်မလွဲစေမူ၍ ပေးကမ်းရသည်။

(ရှေးလေးပါးကား သင်္ဂဟဝတ္ထု လေးပါးတည်း။)

၁။ ပေးကမ်းချီးမြှင့်၊
၂။ ဆိုလင့်ချိုပွား၊
၃။ စီးပွားကိုကျင့်၊
၄။ ကိုယ်နှင့်ထပ်တူ၊
၅။ ပေးမှုမချွတ်၊
ငါးပါးဝတ်၊ ကျင့်အပ် ဆွေခင်ပွန်း။

## မိတ်ဆွေကျင့်ဝတ် (၅)ပါး

ပါဠိ

၁။ ပမတ္တံ ရက္ခန္တိ၊

၂။ ပမတ္တဿ သာပတေယျံ ရက္ခန္တိ၊

၃။ ဘီတဿ သရဏံ ဟောန္တိ၊

၄။ အာပဒါသု န ဝိဇဟန္တိ၊

၅။ အပရပဇာ စဿ ပဋိပူဇေန္တိ၊

မြန်မာ

၁။ အရက်မူးနေတဲ့ အဆွေခင်ပွန်းကို စောင့်ရှောက်ခြင်း။

၂။ မူးယစ်မေ့လျော့သော အဆွေခင်ပွန်း၏ ပစ္စည်းကို စောင့်ရှောက်ခြင်း။

၃။ ဘေးရောက်သော အဆွေခင်ပွန်း၏ အားထား မှီခိုရာဖြစ်ခြင်း။

၄။ ဘေးရန်ကြုံသောအခါ၌ အဆွေခင်ပွန်းကို စွန့်ပစ်၍ မသွားခြင်း။

၅။ အဆွေခင်ပွန်း၏ သား, မြေး, မြစ် အဆက်ဆက်တို့ကို မြတ်နိုးခြင်း ကောင်းစွာပြုခြင်း။

### အကျယ် အဓိပ္ပါယ်

မိတ်ဆွေဖြစ်သူက အမျိုးကောင်းသား အဆွေခင်ပွန်းအပေါ်၌ ပြုကျင့်ရမည့် ကျင့်ဝတ်တရား ငါးပါးရှိလေသည်။

(၁)(၂)(၃)မှာ ဥပကာရမိတ်ဆွေစစ် ၁-၂-၃ နှင့် တူ၏၊ (၄) မှာ သမာန သုခ ဒုက္ခ မိတ်ဆွေစစ် (၃)နှင့် တူ၏။

၅။ အဆွေခင်ပွန်း၏ သား, သမီး, မြေး, မြစ် အဆက်ဆက်တို့ကို မြတ်နိုးခြင်း ကောင်းစွာပြုခြင်းဖြင့် ပူဇော်ရသည်။

* ၁။ ယစ်မူးစေဝင့်ရှောက်၊
၂။ မပျောက်ဥစ္စာ၊
၃။ ကြောက်ခါမှိရာ၊
၄။ ဘေးလာမပစ်၊
၅။ ချစ်ရစ်သားစဉ်၊
ဝတ်ငါးပင်၊ ကျင့်လျှင် ချစ်မိတ်ဆွေ။

## အရှင် ကျင့်ဝတ် (၅) ပါး

**ပါဠိ**

၁။ ယထာဗလံ ကမ္မန္တ သံဝိဓာနေန၊
၂။ ဘတ္တဝေတနာ နုပ္ပဒါနေန၊
၃။ ဂိလာန ပဋ္ဌာနေန၊
၄။ အစ္ဆရိယာနံ ရသာနံ သံဝိဘာဂေန၊
၅။ သမယေ ဝေါဿဂ္ဂေန၊

**မြန်မာ**

၁။ လုပ်သားအလိုက် လုပ်ငန်းကို ခွဲခြမ်းဝေဘန် စီရင်ခြင်း။
၂။ စားနပ်ရိက္ခာ ပေးခြင်း။
၃။ မကျန်းမာသော အလုပ်သမားများကို ဆေးကု ပြုစုခြင်း။
၄။ ချိုမြိန်မွန်မြတ်တဲ့ အာဟာရကို ခွဲဝေ၍ ပေးခြင်း။
၅။ နေ့စဉ် အလုပ်သိမ်းချိန် ကျလျှင် ပြန်လွှတ်ခြင်း၊ ရံခါ ပွဲသဘင် ရှိလျှင် လွှတ်ခြင်း။

**အကျယ် အဓိပ္ပါယ်**

အလုပ်ပိုင်ရှင် သခင်တို့က ကျေးကျွန် အလုပ်သမားများ အပေါ်၌ ပြုကျင့်ရမည့် ကျင့်ဝတ်တရား ငါးပါး ရှိလေသည်။

* သုမင်္ဂလဝိ (က) ၁၀၄-၆၆

၁။ လူငယ်တွေ ပြုလုပ်ရမည့် လုပ်ငန်းကို လူကြီးတွေ ပြုလုပ်စေခြင်း၊ လူကြီးတွေ ပြုလုပ်ရမည့် အမှုလုပ်ငန်းကို လူငယ်တွေပြုလုပ်စေခြင်း၊ မိန်းမတွေ ပြုလုပ်ရမည့် အမှုလုပ်ငန်းကို ယောကျ်ားတွေ ပြုလုပ် စေခြင်း၊ ယောကျ်ားတွေ ပြုလုပ်ရမည့် အမှုလုပ်ငန်းကို မိန်းမတွေ ပြုလုပ်စေခြင်း စသည်ဖြင့် မသင့်မတော် မပြုစေဘဲ၊ လူငယ်တွေ ပြုလုပ်ရမည့် လုပ်ငန်းကို လူငယ်တွေကို ခိုင်းစေပြီး ပြုလုပ်စေခြင်း စသည်ဖြင့် ကျားနေရာ ကျား,မနေရာ မ,လုပ်ငန်းကို ခွဲခြမ်း ဝေဖန်စီရင်၍ ပေးရသည်။

၂။ ဤသူကား အလုပ်သမား ကျွန်ငယ်တည်း၊ ဤသူကား အတူနေ အလုပ်သမား ကျွန်ကြီးတည်း၊ ဤသူကား စက်မောင်းတည်း၊ ဤသူကား စာရေးတည်း စသည်ဖြင့် ထိုထိုလုပ်အားအလိုက် ကျွန်အလိုက် စားနပ်ရိက္ခာ လစာကို ပေးရသည်။

၃။ မိမိ၏ ကျေးကျွန် အလုပ်သမားတို့ အနာရောဂါ ဖြစ်ပွားပြီး မကျန်းမာသောအခါ၌ အမှုလုပ်ငန်းကို မပြုစေဘဲ ဆေးဝါးကုသစေ၍ ကျန်းမာအောင် ပြုစုရမည်။

၄။ ချိုမြိန်ကောင်းမြတ် အရသာရှိတဲ့ မွန်မွန်မြတ်မြတ် အစာအာဟာရကို ရ၍ မိမိချည်း မစားဘဲ ကျေးကျွန်အလုပ်သမားတို့ကိုလည်း ခွဲဝေ၍ ပေးရသည်။

၅။ နေ့စဉ် နေ့တိုင်း နံနက် (၇) နာရီမှာ အလုပ်သမားတွေကို အလုပ်ခွင်သို့ ဝင်စေပြီး နံနက် (၁၁)နာရီမှာ အလုပ်နား၍ ထမင်းစားပြန်လွှတ်ခြင်း၊ တဖန် နေ့(၁၂)နာရီမှာ အလုပ်ခွင်သို့ ဝင်စေပြီး ညနေ(၄)နာရီမှာ အလုပ်သိမ်း၍ ပြန်လွှတ်ခြင်း၊ လုပ်ငန်းအားလျော်စွာ သတ်မှတ်ထားသော အချိန်အတိုင်း မှန်မှန်ပြန်လွှတ်ခြင်း၊ ရံခါ ပွဲသဘင်ရှိရာ အခါ၌ အလုပ်ပိတ်ပေး၍ အစာအဝတ်ပေးခါ လွှတ်ခြင်းပြုရသည်။

၁။ အလုပ်ခွဲခြမ်း၊
၂။ ပေးကမ်းရိက္ခာ၊
၃။ မမာဆေးကု၊
၄။ ဝေမှုအစာ၊
၅။ လွှတ်ရာမှန်မှန်၊
ဝတ်ငါးတန်၊ ကျင့်ရန် အလုပ်ရှင်။

## ကျွန်ကျင့်ဝတ် (၅) ပါး

**ပါဠိ**

၁။ ပုဗ္ဗုဋ္ဌာယိနော စ ဟောန္တိ၊
၂။ ပစ္ဆာနိပါတိနော စ၊
၃။ ဒိန္နာဒါယိနော စ၊
၄။ သုကတ ကမ္မကရာ စ၊
၅။ ကိတ္တိဝဏ္ဏဟရာ စ၊

**မြန်မာ**

၁။ ရှေးဦး နေရာမှ ထခြင်း,အိပ်ရာမှ ထခြင်း။
၂။ နောက်မှ ထိုင်ခြင်း, အိပ်ခြင်း။
၃။ ပေးသည့်ကိုသာ ယူခြင်း။
၄။ အမှုလုပ်ငန်းကို ကောင်းစွာ ကြိုးပမ်းလုပ်ကိုင်ခြင်း။
၅။ အရှင်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုခြင်း။

**အကျယ် အဓိပ္ပါယ်**

ကျေးကျွန်အလုပ်သမားများက အလုပ်ပိုင်ရှင် သခင်အပေါ်၌ ပြုကျင့်ရမည့် ကျင့်ဝတ်တရား ငါးပါးရှိလေသည်။

၁-၂။ အလုပ်ပိုင်ရှင် ကြွလာသည်ကို မြင်လျှင် ဦးစွာ နေရာမှထ၍ အရိုအသေ ပေး နေရာပေးပြီး မိမိအရှင် ထိုင်လျှင် ယပ်ခပ်ပေးခြင်း၊ သောက်ရေပေး ခြင်း စသည်ကိုပြု၍ နောက်မှ ထိုင်ရသည်၊ အတူနေ ကျွန်တို့မှာမိမိအရှင် မအိပ်ခင် အိပ်ရာသို့ မဝင် မအိပ်သေးဘဲ အရှင်၌ ပြုဘွယ်ကိစ္စများကို ပြု၍ အရှင်အိပ်ပြီး နောက်မှ အိပ်ရသည်၊ အိပ်ရာမှ ထသောအခါ၌ လည်း အရှင်မထမီ ရှေးဦးစွာ ထ၍ အရှင်၌ ပြုဘွယ်ကိစ္စများကို ပြုရသည်။

၃။ မရိုးမသား ခိုးဝှက်သောအားဖြင့် အစုံတခုကိုမျှ မယူဘဲ မိမိအရှင် ပေးသမျှကိုသာ ယူရသည်။

၄။ သူ့အလုပ်ကို ဆောင်ရွက် လုပ်ကိုင်ပေးနေလို့ ငါတို့မှာ ဘာတခုမှ အကျိုးစီးပွား ရလိမ့်မည်မဟုတ်ဟု မကဲ့ရဲ့မူ၍နှစ်သက်ဝမ်းမြောက်သော စိတ်ထားဖြင့် အမှုလုပ်ငန်းများကို မချွတ်မယွင်း ကြိုးကြိုးစားစား ကောင်းမွန်ရှိသေစွာ လုပ်ကိုင် ဆောင်ရွက်ရသည်။

၅။ ပရိသတ်အလယ် စကားဆိုရာဝယ် ငါတို့၏ အရှင်နှင့်တူတဲ့ ပုဂ္ဂိုလ်မျိုး မရှိဘူး၊ သိပ်တော်တာဘဲ၊ ငါတို့၏ (မြင်းခြံမြို့ ၁၅-ရပ်ကွက်မှ မင်္ဂလာ သိရိဆေးရိုးစက်ပိုင်ရှင် ဦးဘမောင်ဟာ)နှစ်စဉ်နှစ်တိုင်း အလုပ်သမား တွေကို လုပ်အားခ အထူးဆုအနေနှင့် ပုဆိုး, ထမိ, အင်္ကျီ, စောင်တို့ကို ချီးမြှင့်ပေးကမ်းတယ်၊အလုပ်သမားတွေအပေါ်၌ မွန်မြတ်တဲ့ စိတ်ထား ရှိတယ် စသည်ဖြင့် မိမိအရှင်၏ ဂုဏ်ကျေးဇူးကို ချီးမြှောက်ပြောကြား ရသည်။

* ၁။ ရှေးဦးစွာ ထ၊

၂။ နောက်မှ အိပ်ထိုင်၊

၃။ ယူနိုင် ပေးရာ၊

၄။ ကောင်းစွာ ကြိုးပမ်း၊

၅။ ချီးမွမ်းပြောမှု၊

ဝတ်ငါးခု၊ ကျင့်မှု ကျေးကျွန်တာ။

# ဒါယကာကျင့်ဝတ် (၅)ပါး

**ပါဠိ**

၁။ မေတ္တေန ကာယကမ္မေန၊
၂။ မေတ္တေန ဝစီကမ္မေန၊
၃။ မေတ္တေန မနောကမ္မေန၊
၄။ အနာဝဋ ဒွါရတာယ၊
၅။ အာမိသာနုပ္ပဒါနေန၊

**မြန်မာ**

၁။ မေတ္တာရှေးရှု ရဟန်း, သာမဏေတို့၏ အမှုကို ကိုယ်ဖြင့် ဆောင်ရွက်ခြင်း။

၂။ မေတ္တာရှေးရှု ရဟန်း, သာမဏေတို့၏ အမှုကို နှုတ်ဖြင့် ဆောင်ရွက်ခြင်း။

၃။ ရဟန်း, သာမဏေတို့အား စိတ်အားဖြင့် မေတ္တာပွားခြင်း။

၄။ ရဟန်း သာမဏေတို့အား ပေးလှူရန် တံခါး ဖွင့်ထားခြင်း။

၅။ ယာဂုဆွမ်းစသော အာမိသကို ပေးလှူခြင်း။

**အကျယ် အစိပ္ပါယ်**

ဒါယကာတို့က ရဟန်း,သာမဏေတို့အပေါ်၌ ပြုကျင့်ရမည့် ကျင့်ဝတ်တရား ငါးပါး ရှိလေသည်။

၁။ မေတ္တာစိတ်အားဖြင့် ရဟန်း,သာမဏေတို့ကို ပင့်ဘိတ်ရန် ကျောင်းသို့ သွားခြင်း၊ ရေစစ်ကို ယူ၍ ရေကို စစ်ပေးခြင်း၊ ခြေဆုပ်လက်နယ် ပြုခြင်း စသောအမှုကို ဆောင်ရွက် လုပ်ကိုင်ပေးရသည်၊ မေတ္တာကာယကံတည်း။

၂။ ရဟန်း,သာမဏေတို့ မြို့တွင်း ရွာတွင်းသို့ ဆွမ်းခံကြွဝင်လာသည်ကို မြင်လျှင် ရိုသေစွာ ယာဂုဆွမ်းကို လောင်းလှူကြပါ စသည်ဖြင့် ပြောဆို

ခြင်း၊ သာဓုခေါ်သံ ပေး၍ တရားနာခြင်း၊ ရိုသေစွာ စကားအစေ့ အစပ်ပြုခြင်း စသည်ဖြင့် မေတ္တာရှေးရှု ရဟန်းသာမဏေတို့၏ အမှုကို နှုတ်ဖြင့် ဆောင်ရွက်ရသည်၊ မေတ္တာဝစီကံတည်း။

၃။ ငါတို့အိမ်သို့ ဆွမ်းခံကြွလာတဲ့ ရဟန်း,သာမဏေတို့သည် ဘေးကင်းပါစေ၊ ရန်ကင်းပါစေ၊ စိုးရိမ်ကြောင့်ကြ ဗျာပါဒ ကင်းပါစေ၊ ဆင်းရဲငြိုငြင်ခြင်း ကင်းပါစေ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် ပရိယတ် ပဋိပတ် ဓုရနှစ်ပါးကို ကြိုးစားအားထုတ်နိုင်ကြပါစေလို့ စိတ်ဖြင့် မေတ္တာပွားများရသည်၊ မေတ္တာမနောကံတည်း။

၄။ အိမ်တံခါး အားလုံးကို ဖွင့်ထားသော်လည်း သီလရှိသော ရဟန်း, သာမဏေတို့အား တစုံတခုသော အာမိသကို မပေးလှူသော ဒါယကာသည် အိမ်တံခါးအားလုံးကို ပိတ်ထားသည့်ပင် မည်၏၊ အိမ်တံခါး အားလုံးကို ပိတ်ထားသော်လည်း သီလရှိသော ရဟန်း,သာမဏေတို့အား တစုံတခု ဆွမ်းစသော အာမိသကို ပေးလှူသော ဒါယကာသည် အိမ်တံခါး အားလုံးကို ဖွင့်ထားသည့်ပင် မည်၏၊ ထို့ကြောင့် သီလရှိသောရဟန်း, သာမဏေတို့ အိမ်သို့ကြွလာသည်ရှိသော် လှူဘွယ်ဝတ္ထု ရှိပါလျက် မရှိပါ ကန်တော့ဆွမ်းပါဘုရားဟု လိမ်၍မပြောကြားဘဲ တတ်အားသမျှ ပေးလှူရသည်။

၅။ နံနက်ခင်း အချိန်အခါ၌ ဘုဉ်းပေးသုံးဆောင်ထိုက်သော ယာဂုဆွမ်း မုံ့စသော အာမိသကို နံနက်ခင်း အချိန်အခါ၌ ကြွလာသော သီလရှိသော ရဟန်း, သာမဏေတို့အား ပြည့်စုံလုံလောက်အောင် ပေးလှူရသည်။

* ၁။ ဆောင်ရွက်ချစ်ကြင်၊
၂။ ခင်မင်လျှောက်ထား၊
၃။ ပွားများမေတ္တာ၊
၄။ ဖွင့်ခါ တံခါး၊
၅။ တတ်အား လှူလေ၊
ဝတ်ငါးထွေ၊ ကျင့်လေ ဒါယကာ။

## ရဟန်း သာမဏေ ကျင့်ဝတ် (၆) ပါး

**ပါဠိ**

၁။ ပါပါ နိဝါရေန္တိ၊

၂။ ကလျာဏေ နိဝေသေန္တိ၊

၃။ ကလျာဏေန မနသာ အနုကမ္ပန္တိ၊

၄။ အဿုတံ သာဝေန္တိ၊

၅။ သုတံ ပရိယောဒါပေန္တိ၊

၆။ သဂ္ဂဿ မဂ္ဂံ အာစိက္ခန္တိ၊

**မြန်မာ**

၁။ မကောင်းမှုမှ တားမြစ်ခြင်း။

၂။ ကောင်းမှု၌ ယှဉ်စေခြင်း။

၃။ မေတ္တာတရား ပွားများ စောင့်ရှောက်ခြင်း။

၄။ မကြားဘူးသော တရားတော်များကို ဟောကြားခြင်း။

၅။ ကြားနာဘူးသော တရားကိုလည်း ယုံမှားကင်းအောင် ထပ်မံရှင်းလင်းခြင်း။

၆။ နတ်ရွာ ခရီးကို ညွှန်ပြဟောကြားခြင်း။

**အကျယ် အဓိပ္ပါယ်**

ရဟန်း သာမဏေတို့က ဒါယကာတို့အပေါ်၌ ပြုကျင့်ရမည့် ကျင့်ဝတ်တရား ခြောက်ပါးရှိလေသည်။

(၁) နှင့် (၂)တို့ မိဘကျင့်ဝတ် ၁-၂ နှင့် တူပြီး အဋ္ဌကထာယဉ် မိတ်သွေ စစ်၏ အင်္ဂါ (၁) (၂)နှင့်လည်း တူ၏၊ (၄)နှင့် (၆)မှာ အဋ္ဌကထာယဉ် ပိတ်ဆောစစ်၏ အင်္ဂါ ၃ - ၄ - နှင့် တူ၏။

၃။ ငါတို့အား ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးကို ပေးလှူနေကြတဲ့ ဒကာ ဒကာမတွေ ဘေးကင်းပါစေ၊ ရန်ကင်းပါစေ၊ စိုးရိမ်ကြောင့်ကြ ဗျာပါဒ ကင်းကြပါစေ၊ ဆင်းရဲငြိုငြင်ခြင်း ကင်းကြပါစေ၊ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ ချမ်းသာစွာဖြင့် ပစ္စုပ္ပန်အကျိုးစီးပွား တမလွန် အကျိုးစီးပွားကို ဆည်းပူးအားထုတ် နိုင်ကြပါစေဟု မေတ္တာတရား ပွားများ စောင့်ရှောက်ရသည်။

၅။ ဒါယကာတို့ ကြားနာဘူးသော တရားများကိုလည်း သဒ္ဒါအနက် ယွင်းကွက်မရှိစေဘဲ၊ယုံမှားသံသယ ကင်းပျောက်လောက်အောင် ထပ်မံ ရှင်းလင်း ဟောပြောပြသခြင်း ပြုရသည်။

၁။ မကောင်း မြစ်ခါ၊
၂။ ကောင်းရာ ယှဉ်စေ၊
၃။ ပွားလေ မေတ္တာ၊
၄။ ဟောပါ အထူး၊
၅။ နာဘူး ရှင်းလင်း၊
၆။ ညွှန်ခြင်း နတ်ရွာ၊
ဝတ်ခြောက်ဖြာ၊ ကျင့်ပါ ရှင်ရဟန်း။

**ရှိခိုးရမည့်အရပ် (၆)ပါး**

သူကြွယ်သား....အိမ်ရာထောင်သူ လူပညာရှိသည် အရှေ့အရပ်နှင့်တူသော အမိအဖ၊ တောင်အရပ်နှင့်တူသော ဆရာ၊ အနောက်အရပ်နှင့် တူသော သားမယား၊ မြောက်အရပ်နှင့်တူသော မိတ်ဆွေ၊ အောက်အရပ်နှင့်တူသော ကျွန်အမှုလုပ်၊ အထက်အရပ်နှင့်တူသော ရဟန်း,သာမဏေ ဤခြောက်ပါး၌ ကျင့်ထိုက်သော ကျင့်ဝတ်ဖြင့် ရှိခိုးရာ၏။

**စည်းစိမ်အခြံအရံ ရကြောင်းများ**

အကြင်သူသည် ပညာရှိ၏၊ သီလရှိ၏၊ နူးညံ့သိမ်မွေ့၏၊ ပြေပြစ်သောစကားရှိ၏၊ နှိမ့်ချပြောဆိုလေ့ရှိ၏၊ မာနမထောင်တတ်၊ ထိုသူသည် စည်းစိမ်အခြံအရံကို ရ၏။

အကြင်သူသည် ထကြွလုံ့လရှိ၏၊ မပျင်းရိတတ်၊ ဘေးရန်ကြောင့်လည်း မတုန်လှုပ် အမြဲအားထုတ်၏၊ မိုယ်းကြိုးစက်နှင့်တူသော ပညာရှိ၏၊ ထိုသူသည် စည်းစိမ်အခြံအရံကို ရ၏။

အကြင်သူသည် လေးပါးသော သင်္ဂဟဝတ္ထုဖြင့် ချီးမြှောက်တတ်၏၊ မိတ်ဆွေကောင်းနှင့် ပေါင်းတတ်၏၊ ကျေးဇူးသိတတ်၏၊ ဝန်မတိုတတ်၊ အကျိုးစီးပွားကို ဆောင်ရွက်တတ်, အထူးဆောင်ရွက်တတ်, အဖန်ဖန် ဆောင်ရွက်တတ်၏၊ ထိုသူသည် စည်းစိမ်အခြံအရံကို ရ၏။

## ပြုကျင့်သင့်စွ သင်္ဂဟ

ဒါန, ပေယျဝဇ္ဇ, အတ္ထစရိယာ, သမာနတ္တတာ ဟူသော သင်္ဂဟတရား လေးပါးသည် လှည်းရထား နပန်စွန်းနှင့် တူ၏၊ လှည်းရထားသည် နပန်စွန်း (နားစောင့်) ရှိမှသာလျှင် သွားနိုင်သကဲ့သို့ ဤသင်္ဂဟတရား လေးပါးရှိမှ သာလျှင် သတ္တလောကသည် ဖြစ်တည်နိုင်၏၊ အမိ အဘသည် သင်္ဂဟတရားကို သားအား မပြုငြားအံ့၊ သားကြောင့် မြတ်နိုး ပူဇော်မှုကို မရရာ၊ အကြင်ကြောင့် ပညာရှိတို့သည် သင်္ဂဟတရားကို အသင့်အားဖြင့် ပြုကုန်၏၊ ထို့ကြောင့် ပညာရှိတို့သည် ဂုဏ်အား ကြီးမြတ် ချီးမွမ်းအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။

## တရားဟောပြီး၍ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်

ဘုရားရှင်သည် သူကြွယ်သား....သင့် ဖခင်သည် ပကတိသော အရပ်ခြောက်ပါးတို့ကို ရှိခိုးခိုင်းတာ မဟုတ်၊ အမိ, အဖ, ဆရာ-စတဲ့ ခြောက်ပါးကို ရှိခိုးခိုင်းတာ ဖြစ်သည်၊ သင်သည် သင့် ဖခင် စကားကို လေးစား လိုက်နာသူ ဖြစ်အံ့၊ ဤ အမိ, အဖ စတဲ့ ခြောက်ပါး၌ ပြုကျင့်ထိုက်သော ကျင့်ဝတ်များကို ပြုကျင့်လေ ရှိခိုးလေဟု မိန့်ကြား၍ ဒေသနာတော်ကို အဆုံးသတ်တော်မူ၏၊ သိင်္ဂါလက သတို့သားလည်း သာဓုခေါ်၏၊ ဘုရားရှင်လည်း ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံ ကြွဝင်တော်မူ၏။

သုမ္မ ပါဠိ (က) ၁၀၄–၁၇

**သေခါ နတ်ပြည်**

သိင်္ဂါလက သတ္တိုသားလည်း သရဏဂုံတည်၍ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းပြီးလျှင် ကုဋေလေးဆယ်သော ဥစ္စာကို ဘုရားသာသနာတော်၌ ဒါနပြု၍ သေပြီးလျှင် နတ်ပြည်သို့ လား၏။

ဤတွင်-ဂိဟိဝိနယသုတ္တန်ခေါ်သော
သိင်္ဂါလသုတ် ပြီး၏။

# နိဂုံး

## နိဂုံး ရေးသားရခြင်း၏ အကြောင်း

သာသနာပြု မြင်းခြံစာပေ ခေါ် **အခြေခံ ဘာသာရေး ကျမ်းစာကြီး** ရေးသား စီရင်၍ ပြီးဆုံး အောင်မြင် ခဲ့ပေပြီ၊ နောင်လာ စာရှုသူတို့သည် ကျမ်းစာပြီးချိန် နှစ်, လ, ရက်, နေ့၊ ထိုအချိန်၌ သာသနာတော် အခြေအနေ၊ ကျမ်းရေးသူ၏ ဇာတ်ပဝတ္တိ မိဘမျိုးရိုး ဘဝဖြစ်စဉ်၊ ဆရာအနွယ်၊ စီရင်ရပုံနှင့် အချိန်ကာလ ဆုတောင်းမှစ၍ သိချင်ကြပေလိမ့်မည်၊ ထိုနောင်လာ သူတော်ကောင်း စာရှုပရိသတ်တို့အတွက် သိထိုက်သော အချက်အလက်များကို ဤကျမ်းပြီး နိဂုံးတွင် အထိုက်အလျောက် တင်ပြလိုက်သည်။

## ကျမ်းစာပြီးချိန်

ဇိနစက္ကေ ဒုကမ္မက္ခေ၊ သက္ကရာဇေ တဗဂ္ဂိဋ္ဌေ။
ဇေဋ္ဌမာသေ သုက္ကပက္ခေ၊ ဒသဝါရေ စ နိဋ္ဌိတော။

စ၊ ကျမ်းစာပြီးရာ အချိန်အခါကို ပြဦးအံ့။ (အယံဂန္ထော၊)ဤသာသနာပြု မြင်းခြံစာပေ အမည်တင့်ဆန်း အခြေခံ ဘာသာရေး ကျမ်းသည်။ ဇိနစက္ကေ၊ ဘုရားမြတ်စွာ သာသနာတော်သည်။ ဒုကမ္မက္ခေ၊ (၂၅၁၈) နှစ်ထောင့်ငါးရာ တဆယ့်ရှစ်ခုနှစ်သို့။ သက္ကရာဇေ၊ မြန်မာ့ဝေါဟာ ကောဇာ သက္ကရာဇ်သည်။ တဗဂ္ဂိဋ္ဌေ၊ (၁၃၃၆) တထောင့်သုံးရာ သုံးဆယ့်ခြောက်ခုနှစ်သို့။ (ပတ္တော၊)စင်စစ် မဖောက် ရောက်လတ်သော်။ ဇေဋ္ဌမာသေ၊ ဇေဋ္ဌနက္ခတ် လွှန်းလတ်ခါကြုံ လ,နယုန်၌။ သုက္ကပက္ခေ၊ ဖြူစင်ချမ်းမြ ဆန်းပက္ခ၌။ ဒသဝါရေ၊ ဆယ်ရက် မြောက်စေ့ ကြာသပတေးနေ့၌။ နိဋ္ဌိတော၊ ရောဂါမချဉ်း အန္တရာယ်ကင်း၍ ပြီးဆုံးအောင်မြင်ခြင်းသို့ ရောက်ပေပြီ။

ဤကျမ်းစာ ရေးသားပြီးဆုံးချိန်မှာ – သာသနာတော်သက္ကရာဇ် (၂၅၁၈) ခု နှစ်၊ မြန်မာ့ဝေါဟာ ကောဇာသက္ကရာဇ် (၁၃၃၆) ခုနှစ် နယုန်လဆန်း(၁၀)ရက် ကြာသပတေးနေ့ပင် ဖြစ်၏၊ နေ့ကောင်းရာ [illegible]

မှာ မိုးလည်း ဖြိုင်ဖြိုင်ကျပေပြီ၊ ကုန်းတောင်သူ လယ်သမားတို့လည်း ထွန်ရေး ငင်၍ ယာခင်းပြင်ကာ သီးနှံစိုက်ပျိုးကြလျက် အသက်မွေးဝမ်းကျောင်းအတွက် အားတက်လျက် ရှိနေချိန် ဖြစ်ပေ၏၊ မြင်းခြံမြို့နှင့် ပတ်ဝန်းကျင် အနီးတဝိုက်မှာလည်း မိုးရေအလျဉ်ဖြင့် သစ်ပင်မျိုးစုံတို့ စိမ်းလန်းဝေဆာ ရှုလိုက်တိုင်းပင် ကြည်နူးဘွယ်ရာ သာယာစိုပြေလျက် ရှိနေချိန်ပင် ဖြစ်၏၊ မိုးရွာချိန်များ နေသာချိန်နည်းပါး၍ မပူမချမ်း ဝမ်းသာစရာ ကောင်းမြတ်လှတဲ့ ရာသီဥတု အချိန်အခါလည်း ဖြစ်ပေ၏။

**သာသနာတော် အခြေအနေ**

ယနေ့ မြန်မာနိုင်ငံတွင် ဘုရားသာသနာတော်ကြီး ဘေးကင်းပြီး နေရောင် လရောင်အလား ထွန်းလင်းတောက်ပဆဲ ဖြစ်၏၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ ကလည်း ဘုရားစကားတော်ဖြစ်သော သုံးပုံပိဋကတ် ပရိယတ်ကို သင်ကြားပို့ချ ခြင်း၊ ပဋိပတ္တိခမ္မကို ကျင့်ကြံအားထုတ်တော်မူကြခြင်း၊ လူပုဂ္ဂိုလ်များ ဘက်မှ လည်း သာသနာတော်၌ သက်ဝင်ယုံကြည်မှုဖြင့် ရဟန်းခံရှင်ပြု ဒါနမှု သီလမှု ဘာဝနာမှု ရတနာသုံးပါးကို ပူဇော်မှုတွေကိုပြုပြီး သာသနာတော်ကို ချီးမြှောက် ထောက်ပံ့ကြသည်မှာလည်း အားရစရာပင်။

**ကျမ်းရေးသူ၏ ဇာတ်ပဝတ္တိ**
**မိဘမျိုးရိုး ဘဝဖြစ်စဉ်**

ဤကျမ်းစာရေးသားသူကား ရာမညတိုင်း မြောင်းမြခရိုင် မြောင်းမြမြို့ မြောက်ဘက် ယူဇနာဝက် ခရီးအကွာ အိမ်မဲမြို့နယ် အဝင်အပါ ကံချောင်ခေါ်တဲ့ ကရင်ရွာငယ်တွင် (၁၂၈၅)ခု၊ နယုန်လဆန်း (၅)ရက် တနင်္ဂနွေနေ့ ညဉ့်သန်း ခေါင်ကျော်(၁)နာရီအချိန်တွင် ခမည်းတော် ဦးကြည်-မယ်တော် ဒေါ်ပန်းရင် တို့မှ မီးရှူးသန့်စင် ဖွားမြင်ခဲ့သည်၊ သားသမီး (၁၀)ယောက်တွင် စတုတ္ထ မြောက် သားရတနာပင် ဖြစ်၏။

(ယနေ့ အကိုကြီး ဦးဘမောင်-မင်္ဂလာသိရီ ဆေးရိုးစက်ပိုင်ရှင်၊ ညီ မောင်ခင်မောင်, မောင်နု, နှမ မခင်စိန် ငါးယောက်မျှ ကျန်ရှိ၏၊

ကြွင်းငါးယောက်မှာ ဘုရားသော်မှ မလွှန်ဆန်နိုင်သည့် သေမင်းနိုင်ငံသို့ လိုက်ပါပြီး ဖြစ်၏။)

ထိုစဉ်အခါ ခမည်းတော်မှာ စက်ချုပ် ယာလုပ်၊ မယ်တော်က ဈေးရောင်း၍ အသက်မွေး ဝမ်းကျောင်းခဲ့ကြသည်။

ခမည်းတော်ကား မြင်းခြံမြို့ အနောက်ဖက် သုံးမိုင်ခန့် အကွာ တန်ဆောင်း ရွာ ဇာတိပင် ဖြစ်၏၊ မယ်တော်ကား မြင်းခြံမြို့ အနောက်ဖက် လေးမိုင်ခန့် အကွာ ရေစကြိုမြို့ အရှေ့တောင်လက်နယ် အဝင်အပေါ် ဆင်တဲရွာဇာတိပင် ဖြစ်၏၊ ကံချောင်ရွာ၌ (၆)နှစ်ခန့်မျှ နေထိုင်ကြစဉ် ကျမ်းရေးသူကို ဖွားမြင်ခဲ့သည်။

ထိုမှတဖန် ခမည်းတော် မယ်တော်တို့ ကျမ်းစာရှင် နို့စို့အရွယ်မှာပင် အထက် အညာသို့ ပြန်ခဲ့ကြပြီး ပခုက္ကူခရိုင် ရေစကြိုမြို့ အရှေ့တောင်လက်နယ်အဆုံး ချင်းတွင်းမြစ်၏ အရှေ့ဘက် ဧရာဝတီမြစ်၏ အနောက်ဘက် အလည်ကြား မြေနုကျွန်းပေါ် ဒေသ အေးချမ်းသာယာ ဝပြောစည်ပင်သည့် နတ်ညွန်းရွာတွင် မှီတင်းနေထိုင်ကြပြန်သည်၊ ၎င်းကျေးရွာ၌လည်း မယ်တော် ခမည်းတော်တို့ စက်ချုပ် ဈေးရောင်းအလုပ်နှင့်ပင် အသက်မွေးဝမ်းကျောင်းကြပြန်လေသည်။

ကျမ်းရေးသူကိုလည်း ထိုကျေးရွာရှိ အလယ်တန်း ကျောင်းတွင် ကျောင်း ထား၍ ငါးတန်းအထိပညာသင်ကြားခဲ့ပြီး ဒုတိယကမ္ဘာစစ် ဂျပန်ခေတ်တွင် ကျောင်းမှ ထွက်ခဲ့ရသည်၊ စစ်အတွင်း၌ မယ်တော် ခမည်းတော်တို့ ဈေးရောင်း လုပ်ငန်းကို ဖြတ်ပြီးလျှင်တောင်သူလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းကြပြန် လေသည်၊ကျမ်းရေးသူ ရှစ်နှစ် ကိုးနှစ် အရွယ်မှာပင် စစ်ဘေးစစ်ဒဏ်နှင့်ကြုံရလေ သည်၊ သို့သော် ကျမ်းရေးသူငယ်စဉ်ကနေရာ နတ်ညွန်းကျေးရွာမှာ ရေငံ ကျွန်းအရပ်ဖြစ်၍ မိုးလအခါ ရေများပျံ့တက်ပြီး မြေကွက်မထင် ရေပြင်အတိ ဖြစ်နေခြင်းကြောင့်၎င်း၊ ဆောင်းလနွေလတို့မှာလည်း ချင်းတွင်း ဧရာဝတီ မြစ် နှစ်သွယ်တို့ ပတ်ပတ်လည် ကာ[illegible]နေခြင်းကြောင့်၎င်း၊ စစ်လမ်းမ[illegible] တည်း[illegible]နေ ထိုင်မှုလည်း မရှိခြင်းကြောင့် ၎င်းကျေးရွာ၌ [illegible]ကျခြင်း [illegible] အပြောက်[illegible]

လေတပ်မှ ရေကြောင်းရိက္ခာတင် ရေယာဉ်များကိုပစ်ခတ်တဲ့ ညိုညိုမဲမဲလေယာဉ်ကြီးတွေ ရွာအနီးသို့ မကြာမကြာ ရောက်လာပါသော်လည်း ရွာသူရွာသားများကို ပစ်ခတ်ထိမှန်ခြင်း လုံးဝ မရှိပါ၊ အထက်အောက် ကုန်ဖလှယ်မှု ပြတ်နေသဖြင့် ကျေးရွာထွက် ပဲနီပြားကို ဆန်နှင့်လုံးချင်းခုခါ စားကြရသူတွေ များ၏၊ ကာလဝိပတ္တိခေတ်၏ အပြစ်ပင်။

စစ်ပြီးခေတ် (၁၃ဝ၇) ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့တွင် ကျမ်းရေးသူကို ထိုကျေးရွာရှိ ရွာဦးကျောင်းသစ်တွင် ရှင်သာမဏေအဖြစ်ဖြင့် သွတ်သွင်း၍ စာပေသင်ကြားခြင်း၊ သာမဏေတို့ဆိုင်ရာ ကျင့်ဝတ်နှင့် ဗုဒ္ဓါနုဿတိ သမထကမ္မဋ္ဌာန်း ရုပ်နာမ် အနိစ္စ, ဒုက္ခ, အနတ္တ ဝိပဿနာကမ္မဋ္ဌာန်းတို့ကို ဝတ်နိဗဒ်ထား၍ ဖြည့်ကျင့်ခဲ့သည်၊ သာမဏေ (၂) ဝါရ (၁၃၁၉)ခု ၁၄-နှစ် အရွယ်မှာပင် အများ ချမ်းသာ ပါရမီဆိုကို ရှေးဘဝများစွာက အထုံဝါသနာအားလျော်စွာ သူတပါးတို့ စေခိုင်းတိုက်တွန်းမှု မရှိဘဲ စတင် ဖြည့်ကျင့်ခဲ့သည်၊ (၁၃၁၂)ခုနှစ်တွင် မယ်တော် ခမည်းတော်တို့ နတ်ညွန့်ရွာမှ မြင်းခြံမြို့ (၁၉) လမ်း၊ နွားကူးတန်း အိမ်အမှတ် (၅၈)သို့ ပြောင်းရွှေ့ နေထိုင်ခဲ့ကြသည်၊ ကျမ်းရေးသူကိုလည်း (၁၃၁၃)ခုနှစ် နတ်တော်လပြည့်ကျော် တရက်နေ့တွင် မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက် ပခုက္ကူကျောင်းသစ်သို့ ပြောင်းရွှေ့အပ်နှံခဲ့သည်၊ ထိုကျောင်းတိုက်တွင် ပညာသင်ကြားရင်း သာမဏေ (၈) ဝါအရမွေးဖွားသည်မှ (၁၉)နှစ်နှင့် (၁၀)လတွင် မယ်တော် ခမည်းတော်တို့ကပင် သာသနာ့အမွေကို ခံယူကာ ရဟန်းအဖြစ်ကို ရပြီး ဆက်လက် ကြိုးစားခဲ့ရာ အထွေထွေ ပရိယတ္တိ စာမေးပွဲများကို အောင်မြင်ခဲ့ပြီး ကိုးဝါ အလွန်တွင် ဂဏဝါစကအဖြစ်ဖြင့် စာပို့ချရင်း အားလပ်ခွင့် အချိန်အခါဖြင့် အထွေထွေ ကျမ်းစာများကို ရေးသား ပြုစုခဲ့၏။

## ဆရာအနွယ်

ဘုရားလက်ထက်တော် အခါမှစ၍ ထေရဝါဒ ဆရာအဆက်ဆက် တပည့်အဆက်ဆက်ဖြင့် အစဉ်မပျက် ဆင်းသက်လာခဲ့ရာ သာသနာတွင်မှတ်တမ်းတင်၍ အမှတ်ထင်ထင် ထားရှိခဲ့သော မင်းအိုသာသနာပိုင်, သဲအင်း သာသနာပိုင်,

နတ်ရဲတောင် သာသနာ့ပိုင်, ပခုက္ကူမြို့ မဟာဝိသုတာရာမ အာဒိမာပက အရှင် ဂန္ထသာရမှစ၍ ဆရာတော် ဦးသောဘိတ (အဂ္ဂမဟာ ပဏ္ဍိတ)သို့တိုင် ပြန့်လှိုင် ထင်ရှား ကြီးကျယ်ခမ်းနားသော ဆရာအနွယ်တော်ပင် ရှိ၏။

ကျေးဇူးရှင် ဆရာတော်ကြီးတို့အား ကျမ်းစာရေးသားမှုဖြင့် ဂုဏ်ပြုပူဇော် ပါ၏။

## စီရင်ရပုံနှင့် အချိန်ကာလ

ဤအခြေခံ ဘာသာရေး ကျမ်းစာကြီးကို မရေးသားမီ မန္တလေးမြို့နေ မိတ်ဆွေ တဦးနှင့် ခရီးကြုံရာ မိတ်ဆွေက စာရေး နေတယ်လို့ ကြားရတယ်ဗျာ၊ အခြေခံဘာသာရေး တကျမ်းလောက်တော့ ရေးစမ်းပါအုံးဟုပင် စတင်ပြော ကြားလေသည်၊ စာရေးသူက နှုတ်မဆိတ်ပင် ဘာသာရေးကျမ်းတွေရှိသားဘဲဟု ဖြေလျှင် ခုခေတ်လူတွေနှင့် လျော်ကန်တဲ့ ခေတ်မှီမှီ အခြေခံဘာသာရေးကျမ်း စာမျိုးကို ပြောလိုပါတယ်ဟု ဆိုလာပြန်ပါလျှင် မိမိမှာ မိတ်ဆွေ၏ စကားကို လေးလေးနက်နက် စဉ်းစားဆင်ခြင်ပြီး ခရီးမှ ပြန်ရောက်လျှင်ပင် ဗုဒ္ဓဘာသာ သမ္မာတရားအလွန်ကိုင်းရှိုင်းမှုများတဲ့ မြန်မာတိုင်းပြည်မှာ ဗုဒ္ဓဘာသာဝင် အမျိုး သား အမျိုးသမီးတွေ ယဉ်ကျေးလိမ်မာပြီး ဘုရား, တရား, သံဃာ ရတနာ သုံးပါး၌ လေးစားကြည်ညို ကုသိုလ်ဖြစ်ပွား ပစ္စုပ္ပန်တမလွန် ချမ်းသာသုခ များစေရန် ဘဝလွတ်မြောက်မှု ရစေရန်ဟူသော အချက်အလက် များကို အဓိကထား၍ ခုခေတ်လူတွေနှင့် လျော်ကန်တဲ့ ခေတ်မှီမှီ အခြေခံဘာသာရေး ကျမ်းစာကို ရေးသားစီရင်ရန် အလွန်ပြင်းထန်သော ဆန္ဒဖြင့် ထက်မြက်သော လုံ့လဝီရိယကို အမှီပြု၍ ဉာဏ်မှီသမျှ ပိဋကတ်သုံးပုံ ပါဠိ အဋ္ဌကထာ ဋီကာ မျိုးစုံမှ အပိုင်းအခဏ်းအလိုက် ရွေးချယ်ထုတ်နုတ်၍ စတင်စီရင် ရေးသားရ ပါတော့သည်။

ယင်းသို့ ရေးသားရာ(၁၃၃၁)ခုနှစ်မှပင် အကြမ်း ရေးသားပြီးခဲ့သည်၊ တဖန် ထပ်မံပြီး ဖြည့်စွက်ပြင်ဆင်၍ အချောတကြိမ် ရေးသားခဲ့ရာ (၁၃၃၂)ခု တပို့တွဲလပြည့်ကျော် (၁၃)ရက် အင်္ဂါနေ့တွင် ပြီးစီးအောင်မြင် ခဲ့ပြန်သည်၊ ယင်းသို့ ပြီးစီးနေသော်လည်း ပုံနှိပ်ဖို့ မသေးပါ၊ အခြား ကျမ်းစာသာ

သာ စက်တင်ပုံနှိပ်နေခဲ့သည်၊ အခြား ကျမ်းစာများကို ရေးသားပြုပြင်နေရင်း (၁၃၃၄)ခုနှစ်သို့ပင် ရောက်လာခဲ့၍၊ ၎င်းနှစ် သီတင်းကျွတ်လ လောက်မှစ၍ ဤ **အခြေခံဘာသာရေးကျမ်း** စာကို တတိယအကြိမ် ဖြည့်စွက် ပြင်ဆင် မွမ်းမံ ရေးသားပြန်ရာ (၁၃၃၅)ခု ဝါဆိုလတွင် အဆုံး သတ်ပြန်ပါသည်၊ တဖန် ၎င်းနှစ် သီတင်းကျွတ်လမှ စ၍ စတုတ္ထအကြိမ် ဖြည့်စွက်ပြုပြင် မွမ်းမံရေးသား ပြန်ရာ (၁၃၃၆)ခု နယုန်လဆန်း (၁၀)ရက် နေ့တွင် ပြီးဆုံး အောင်မြင် ခဲ့လေသည်။

**ဤ ကျမ်းစာ မပြီးမီ**

၁။ ဓမ္မကထိကဂုဏ်ရည်ခေါ် မြင်းခြံဆုပေးကျမ်းစာ။

၂။ ဓမ္မကထိကဂုဏ်ရည်ခေါ် ရေစကြိုကျမ်းစာ။

၃။ ဓမ္မကထိကဂုဏ်ရည်ခေါ် မြင်းခြံတရားစာ။

ပထမတွဲ၊

ဒုတိယတွဲ၊

တတိယတွဲ

တို့ကို ရေးသားပုံနှိပ် ပြီးစီးအောင်မြင်ခဲ့သည်။

**ဆုတောင်း**

'ဣမိနာ ပုညကမ္မေန၊ အညေန ကုသလေန စ။
သတ္တာနံ သုခနိမိတ္တံ၊ လဘေယျံ ဗောဓိမုတ္တမံ။'

အဟံ၊ 'ဣန္ဒ**ကာဘိဝံသ**'ဟု သမ္မုတိသစ္စာ သညာတွဲချိ ငါသည်။ ဣမိနာ ပုညကမ္မေန စ၊ ဤကျမ်းစာကို ကြိုးပမ်းပြုစု မြတ်ကောင်းမှုကြောင့်၎င်း။ အညေန၊ ဤမှတပါးသော။ ကုသလေန စ၊ အနမတဂ် သံသာစက်မှ ယနေ့ကျအောင် ပြုရစုရ မြတ်ပုညကြောင့်၎င်း။ သတ္တာနံ၊ ဒုက္ခညွတ်ကွင်း ဝဋ်အတွင်း၌ ထန်ပြင်း ပူဆာ သတ္တဝါတို့၏။ သုခနိမိတ္တံ၊ ခံ့မင်စုံမက် နှစ်သက်လိုတောင်း ချမ်းသာ-

အပေါင်း၏ အကြောင်းဖြစ်သော။ ဗောဓိမုတ္တမံ၊ ထူးကဲမောက်ချွန် အမွန်ဟုမှတ် ဗောဓိဉာဏ်မြတ်ကို။ လဘေယျံ၊ မချွတ်မုချ ရရပါလို။

(မိမိ သာမဏေအရွယ် ငယ်စဉ်က ဖြည့်ကျင့်ခဲ့တဲ့ ပါရမီဆုကိုပင် ဤနေရာ၌ ထည့်သွင်း ဖော်ပြပါသည်။)

**အာသီသနှင့် မေတ္တာမင်္ဂလာ**

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ရဋ္ဌံ ပါလေတု ရာဇိမံ။
သဒ္ဓမ္မဋ္ဌိတိ ယာဝတ္ထိ၊ တာဝ ဌာတု အယမ္ပိ စ။

သဒ္ဓမ္မော၊ ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, အဓိဂမသဒ္ဓမ္မ အားဖြင့် သဒ္ဓမ္မ သုံးဖြာ သာသနာသည်။ စိရံ၊ မြင့်ရှည်မြားမြောင် ငါးထောင်ရှည်ကြာ။ တိဋ္ဌတု၊ မပျောက်မပျက် ဆက်လက်မသွေ တည်ပါစေသတည်း။ ရာဇာ၊ ယခု အုပ်စိုး တန်ခိုးကြီးမား မြန်မာအစိုးရ မင်းကောင်းမင်းမြတ်များကို အစထား ၍ နောင်လာမပျက် မင်းအဆက်ဆက်သည်။ ဣမံ ရဋ္ဌံ၊ ဤ ဗုဒ္ဓဘာသာ မြန်မာ ပြည်တိုင်းကို။ ပါလေတု၊ မင်းတို့ကျင့်ရာ ဆယ်သိက္ခာနှင့် လေးဖြာသင်္ဂဟ ညီစွာမသွေ စောင့်ပါစေသတည်း။ ယာဝ၊ အကြင်မျှလောက်။ သဒ္ဓမ္မဋ္ဌိတိ၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်၏ တည်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှ လောက်။ အယမ္ပိ ဂန္ထော၊ ဤသာသနာပြု မြင်းခြံစာပေ အမည်တင့်ဆန်း အခြေခံဘာသာရေးကျမ်းသည်လည်း။ ဌာတု၊ မပျောက်မပျက် သူတော်လက် တွင် ဆက်ဆက်မသွေ တည်နိုင်ပါစေသတည်း။

သီဃံ သိဇ္ဈန္တု သင်္ကပ္ပါ၊ ဝဍ္ဎန္တု သဗ္ဗမင်္ဂလာ။
သဗ္ဗေ သတ္တာ သုခါ ဟောန္တု၊ ပပ္ပေါန္တု အမတံ ပဒံ။

သင်္ကပ္ပါ၊ သတ္တဝါအမျိုးမျိုး ချမ်းသာတိုးဘို့ ကောင်းကျိုး အလီလီ ကောင်းသောအကြံအစည် ဟူသမျှတို့သည်။ သီဃံ၊မကြာမတင် ဆောလျင်လျင်

သိဗ္ဗန္တု၊ လိုအင်ပြည့်လောက် ချမ်းသာရောက်အောင် ပြီးမြောက်ပါစေကုန်သတည်း။ သဗ္ဗမင်္ဂလာ၊ လယ်ယာမိုးယံမြေ ဆန်ရေစပါး ကျွဲ နွား ဆင် မြင်း သင်းပင်းခြွေရံ ကုံတံရိပ်ငြိမ် စည်းစိမ်ဥစ္စာ ပုညာသမ္ဘာရ နိဗ္ဗာနတိုင် များဖြိုင် ချမ်းသာ အလုံးစုံသော လောကီမင်္ဂလာ လောကုတ္တရာမင်္ဂလာတို့သည်။ဝဍ္ဎန္တု၊ တနေ့တခြား အကျိုးများအောင် တိုးပွားကြစေကုန်သတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုံးခြုံ အလုံးစုံကုန်သော။ သတ္တာ၊ ရှိရှိသမျှ အနန္တစကြာဝဠာ တည်ရာဌာန သတ္တဝါမှန်သမျှတို့သည်။ သုခါ၊ ကိုယ်ရောစိတ်ပါ နှစ်ဖြာဘေးပ ချမ်းသာကြကုန်သည်။ ဟောန္တု၊ယခုချက်ခြင်း လက်ငင်းမသွေ ဖြစ်ကြပါစေကုန်သတည်း။ အမတံ၊ ဥပါဒ် ဋ္ဌီ ဘင် ဖြစ်ပျက်လျှင်ရှင်း သေခြင်းကင်းသော။ ပဒံ၊ အသခ်တဓာတ် မြတ်သောနိဗ္ဗာန်သို့။ ပပ္ပေါန္တု၊ ဘဝတိုကို ရက်တိုတိုနှင့် မငြိုမငြင် လျှင်လျှင်ထုတ်ချောက် ရောက်နိုင်ကြစေကုန်သတည်း။

ဤတွင် သာသနာပြု မြင်းခြံစာပေခေါ်

## အခြေခံဘာသာရေးကျမ်းစာကြီး

## အပြီးတည်း။

ပိဋကတ်တင်အေး-ပိဋကတ်စာပေ

မြင်းခြံမြို့

ကိုးဆောင်တိုက်၊ ပခုက္ကူကျောင်းသစ်

မှ

စာချ ဓမ္မာစရိယ

# အရှင်အာနန္ဒကာဘိဝံသ

ရေးသားစီရင်တော်မူအပ်သော

အမှတ်(၆)ကျမ်းစာ

# အနုတ္တာသင်ပုန်းကြီး

ဝိပဿနာဆိုင်ရာကျမ်းစာအုပ်

နှင့်

# မြင်းခြံတာရှူးစာ

ဓတုတ္ထ - ပဉ္စမ - ဆဋ္ဌမ ၃-ကျမ်းတွဲ

ထွက်ပေါ်လာပါတော့မည်။

သုဓမ္မဝတီစာပုံနှိပ်တိုက်
တိုက်နံပါတ် ၅၃ - စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။